# ဗုဒ္ဓ [illegible]

[illegible]

[illegible]
တပည့်သင်္ကာ[illegible]
ရွှေတောင်မြို့။
အမွှာရာမကျောင်းတိုက်ရှိ သီတင်းသုံး
[illegible]တော်မူသော၊

# အသျှင်ဦး[illegible]

မြင်းခြံမြို့။
သီစက်ပိုင်ရှင်သူဌေး
ဦးကြွက်၊
လျှောက်ထားတောင်းပန်ခြင်းကြောင့်။

# ဓမ္မစက္ကအမေးအဖြေကျမ်း။

ကို
ရေးသားစီရင် အပ်ပေးသတည်း။


၁၃၀၃-ခုနှစ်၊ ဓမ္မစေတီ
တပေါင်းလ[illegible] ပြီးမြောက်အောင်မြင်သည်။
ပဌမ[illegible] M.S., B.L.
[illegible] B.A. (Hons), B.Ed.
11.12.43
KINMUN CHONLAN PRESS SHWEDAUNG
[illegible]ကြည့်တိုက်


( မူပိုင်ရှင်၊ )
ဆေး ဆရာ—ဦးစံညွှန့်။
ရွှေတောင်မြို့၊ ဂါတ်အနီး၊ ကင်မွန်းချုံလမ်း။

# ( နိဒါန်း။ )

အလုံးစုံသော ဉေယျဓမ္မတို့ကို၊ အကြွင်းမရှိ ထိုးထွင်းသိမြင်တော်မူပြီးသော၊ မဟာ ဂရုဏာတော်နှင့် ယှဉ်တော်မူသော မြတ်စွာဘုရား၏၊ သာသနာတော်၌၊ ပြဟ္မာတဆဲ့ရှစ်ကုဋေနှင့်တကွ ကောဏ္ဍညမထေရ်တို့ကို သောတာပတ္တိမဂ်သို့ ရောက်စေတော်မူသော၊ ရှေးဦးအစ ဗာရာဏသီ မိဂဒါဝုန်တော၌ ဟောတော်မူအပ်သော၊ သစ္စာလေးပါးတရားတော်တို့ကို ထင်လင်းသိသာအောင်ဟောတော်မူအပ်သော၊ အလွန်နက်နဲသိမ်မွေ့သော {ဓမ္မစကြာ}တရားတော်သည်။ထင်ရှားရှိပါသော်လည်း မဂ်ဖိုလ်သို့ရောက်အောင် ကျင့်လမ်းနှင့်။ မဇ္ဈိမာပဋိပတ်တို့ကို မသိနိုင်ကြကုန်၍၊ အလွန်ဒုတ်နေသည်ကိုကြံ၍အသိမြင်သော။မြင်းခြံမြို့နေ၊ဆီစက်ပိုင်ရှင်၊သူဌေး-ဦးကြွက်သည်၊ ရင်းမြို့–မိတ္ထီလာလမ်းနေ၊ပွဲစားကြီး ဇရပ်ဒါယကာ၊ ဦးဘိုးစောနှင့် ရွှေတောင်မြို့၊ အမ္ဗာရာမတိုက်သို့ သမထ ဝိပဿနာ နည်းလမ်းနှင့်တကွ၊ သစ္စာလေးပါးတရားတို့ကို နှလုံးသွင်းပုံပါ။ထင်မြင်လိုသောအာသီသ,ဖြင့်၊ လာရောက်ပြီးလျှင်။ တရားဓမ္မကိုနာကြားရ၍ သစ္စာလေးပါးကိုသဘောကြသဖြင့်၊ သဒ္ဓါတရားအလွန်ထက်သန်ပြီးလျှင်၊ {ဓမ္မစကြာ} တရားတော်ကို အများသိလွယ်စေခြင်းငှာ။ အမေးအဖြေပြု၍ရေးသာပါဟု။ မြင်းခြံနယ်က ပါလာသော တရားဟောဆရာ, ဆရာဆန်းရွှေ၌လျှောက်ထားလေသည်၊

ထိုသို့လျှောက်ထားချက်အရ။{ **ဓမ္မစကြာအမေးအဖြေကျမ်း** }ကို။ပုံနှိပ်ထမြောက် အောင်မြင်လေသတည်း။ ။ဤကျမ်းသည် သာသနာတော်ကိုလည်း ထွန်းလင်းတောက်ပစေသတည်း။ ။

ဤကျမ်းကိုကြည့်ရှုသော ပညာရှင်တို့သည်။ ကျမ်းဂန်၌လာရှိသော အတိုင်းနှလုံးသွင်းကြ၍၊ မဂ်ဖိုလ်သို့လည်းရောက်ကြစေကုန်သတည်း၊ အပါယ်လေးပါး ဝဋ်ဒုက္ခမှလည်းလွတ်နိုင်ကြစေကုန်သတည်း။ ။

{ နိဒါန်း ပြီးပြီ၊ }

# ဓမ္မစက္က အမေးအဖြေကျမ်း
( မာတိကာ။ )

ရတနတ္တယ ပဏာမစသည်ကိုပြရာ ...... ၁။
ဓမ္မစက္က အမေးအဖြေ ...... ၄။
ဓမ္မစကြာကိုဟောတော်မူရာ မြို့၊ တော၊ ဒေသတို့အမေးအဖြေ ...... ၈။
ဗာရာဏသီ၊ မိဂဒါဝုန်၊ ဣသိပတန၊ ဣသိတို့ အမေးအဖြေ ...... ၈။
ပဉ္စပဂ္ဂီ၊ ပဉ္စဝဂ္ဂီဟု ခေါ်ကြောင်းအမေးအဖြေ ...... ၁၁။
ဓမ္မစကြာတရားကိုဟောသော အချိန်အမေးအဖြေ ...... ၁၂။
ဓမ္မစကြာတရားကို ဟောသောအခါ၌ လာရောက်ကြသောဗြဟ္မာ
အရေအတွက်အမေးအဖြေ ...... ၁၂။
ဓမ္မစက္ကပဝတ္တနသုတ်၌ မမှီဝဲအပ်၊ မှီဝဲအပ်တရား(၂ပါး)တို့တွင်
ရှေးဦးစွာဟောသောတရား အမေးအဖြေ ...... ၁၃။
မမှီဝဲအပ်သောတရား၏ အရေအတွက်နှင့်၊ အန္တသဒ္ဒါအမေးအဖြေ ၁၃။
ထို(၂ပါး)အတို့ရှိသောအကျင့်ကို မမှီဝဲအပ်သောသူတို့အမေးအဖြေ ၁၃။
ပဗ္ဗဇိတအမေးအဖြေ ...... ၁၄။
ပဉ္စဝဂ္ဂီကိုဣသိပဗ္ဗဇိတဖြစ်ပါလျက်။ဘိက္ခု ခေါ်ကြောင်းအမေးအဖြေ ၁၄။
ပဗ္ဗဇိတဖြစ်သောသူတို့ မမှီဝဲအပ်သောတရား အမေးအဖြေ ...... ၁၅။
ကာမေသုပါဌ်၌ ကာမအရနှင့်၊ ဝိဂြိုဟ်အမေးအဖြေ ...... ၁၆။
ဝတ္ထုကာမ အမေးအဖြေ၊ ၎င်း၌ကာမအကျယ်ကိုပြ ...... ၁၆။
ကာမသုခပါဌ်၌ ရထိုက်သောကာမနှင့် ကိလေသာကာမအကျယ်
အမေးအဖြေ ...... ၁၉။
ကိလေသာကာမ၏ ဝိဂြိုဟ်အမေးအဖြေ ...... ၂၁။
ကာမသုခပုဒ်တွင် သုခအမေးအဖြေ ...... ၂၁။
ကာမပုဒ်နှင့် သုခပုဒ်ဝိဂြိုဟ်အမေးအဖြေ ...... ၂၂။
အလ္လီကပုဒ်နှင့် အလ္လီကပုဒ်၏ ဝိဂြိုဟ်အမေးအဖြေ ...... ၂၃။
ကာမသုခပုဒ်နှင့် အလ္လီကပုဒ်တွဲစပ်ပုံ ဝိဂြိုဟ်အမေးအဖြေ ...... ၂၃။
အနုယောဂအနက်နှင့် ဝစနတ္ထအမေးအဖြေ ...... ၂၄။
ကာမသုခလ္လီကာနုယောဂအကျင့်၏ အယုတ်အမြတ်အမေးအဖြေ ၂၄။
ဟီနော၊ ဂမ္မော၊ ပေါထုဇ္ဇနိကော၊ အနရိယော၊ အနတ္ထသံဟိတော
ပုဒ်တို့ကိုဖွင့်ပြ ...... ၂၄။
ယုတ်သောအကျင့်သည် ဘယ်သူတို့၏ ဥစ္စာဖြစ်သည်အမေးအဖြေ ၂၅။
ကာမသုခလ္လီကအကျင့်ကို အဘယ်သူတို့များစွာလေ့ကျင့်ခြင်း
အမေးအဖြေ ...... ၂၆။
ကာမသုခလ္လီကအကျင့်ကို ပဗ္ဗဇိတတို့မမှီဝဲအပ်သည်အမေးအဖြေ ၂၈။

## ဓမ္မစက္ကာအမေးအဖြေကျမ်း
(မာတိကာ။)


ကာမသုခလ္လိကာအကျင့်ကို ဒုက္ခဟုမဟောသည့်အမေးအဖြေ — ၃၀။
အတ္တကိလမထ အမေးအဖြေ — — — ၃၁။
အတ္တကိလမထပုဒ်နှင့် အနုယောဂပုဒ်ဝိဂြိုဟ်အမေးအဖြေ — ၃၂။
အတ္တကိလမထာနုယောဂအကျင့်ကို ဘုရားဟောပုံအမေးအဖြေ — ၃၃။
အတ္တကိလမထာနုယောဂတရား၏ ပြုစင်-မပြုစင်အမေးအဖြေ — ၃၄။
အတ္တကိလမထာနုယောဂတရား၏အကျိုးအမေးအဖြေ — ၃၄။
အတ္တကိလမထာနုယောဂကိုဟောရာ၌ဟီနော၊ ဂမ္မော၊ ပေါထုဇ္ဇနိကော
ပုဒ်တို့မဟောသည့်အမေးအဖြေ — — ၃၅။
အတ္တကိလမထာနုယောဂကို ပဇ္ဇဖိတတို့မမှီဝဲအပ်သည်အမေးအဖြေ ၃၆။
အယုတ်တရားနှစ်ပါးကိုမမှီဝဲရသျှင်၊ မှီဝဲရမည့်တရားအမေးအဖြေ– ၃၇။
အရိယမဂ္ဂအကျင့်ကို မဇ္ဈိမာပဋိပဒါခေါ်ပုံအမေးအဖြေ — ၃၈။
မဇ္ဈိမာပဋိပဒါအကျင့်ကို မည်သူသိသနည်းအမေးအဖြေ — ၃၉။
သဗ္ဗညုတဘုရားရှင်ကို တထာဂတခေါ်ကြောင်းနှင့်၊ တထာဂတ
မည်ကြောင်းရှစ်ပါးအမေးအဖြေ — ၄၀။
ရှေးဘုရားရှင်တို့နည်းတူကြွလာပုံအကျယ်အမေးအဖြေ — ၄၂။
ရှေးဘုရားရှင်တို့နည်းတူ ကြွသွားပုံအကျယ် အမေးအဖြေ … ၄၆။
မှန်သောလက္ခဏာသို့ ဉာဏ်တော်ဖြင့်ရောက်သောကြောင့်၊
တထာဂတမည်ကြောင်း အမေးအဖြေ — — ၅၅။
ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိသောကြောင့်၊ တထာဂတမည်
ကြောင်းအမေးအဖြေ — — ၆၂။
မဖေါက်မပြန်မြင်တတ်သောကြောင့်၊ တထာဂတမည်
ကြောင်းအမေးအဖြေ — — ၆၅။
ဟုတ်မှန်တိုင်းကိုဆိုတတ်သောကြောင့်။ တထာဂတမည်ကြောင်း
အမေးအဖြေ — — — ၆၇။
နှုတ်မြွက်တိုင်း၊ ကိုယ်တော်ဖြင့်ပြုလေ့ရှိသောကြောင့်။ တထာဂတ
မည်ကြောင်းအမေးအဖြေ — — ၇၀။
လွှမ်းမိုးနှိပ်နင်းတော်မူခြင်းကြောင့်၊ တထာဂတမည်ကြောင်း
အမေးအဖြေ — — — ၇၂။
အဘိသမ္ဗုဒ္ဓအရနှင့် မဇ္ဈိမာပဋိပဒါ၏ဂုဏ်အမေးအဖြေ — ၇၅။
မဇ္ဈိမာပဋိပဒါကိုမှီဝဲသောသူအား၊ ဖြစ်စေတတ်သောအကျိုး
အမေးအဖြေ — — — ၇၅။

# ဓမ္မစက္က အမေးအဖြေကျမ်း
## ( မာတိကာ။ )


မဂ္ဂင်ရှစ်ပါးသရုပ်နှင့် သဘောအမေးအဖြေ ...... ...... ၈၁။
မဂ္ဂင်ရှစ်ပါးတို့၏ မဇ္ဈိမာပဋိပဒါ အစစ်ဖြစ်ကြောင်းနှင့်။ အသီးအသီး
လက္ခဏာတို့ အမေးဖြေ ...... ...... ၈၆။
မဂ္ဂင်ရှစ်ပါးကိုဝေဘန်ပုံနှင့် အစည်အားဖြင့်ဟောပုံအမေးအဖြေ ... ၈၈။
ရှေးဦးစွာဟောအပ်သောမဇ္ဈိမာပဋိပဒါ မဂ္ဂင်ရှစ်ပါးသည် ဝိပဿနာမဂ်
သို့မဟုတ်၊ လောကုတ္တရာမဂ်အမေးအဖြေ ...... ၉၇။
သစ်ါရကိုအာရုံပြုသောအခါ၌၊ ဝိရတီပါ၍ရှိပုံအမေးအဖြေ ...... ၉၈။
လောကီဝိပဿနာအခိုက်၌ ဝိရတီသုံးပါးတပေါင်းတည်းပါရှိကြောင်း
ကိုပါဠိတော်၌ဘုရားဟောမဟော။ အခြားကျမ်းဂန်
များ၌တွေ့မြင်ရခြင်းအမေးအဖြေ ...... ၉၈။
ဝိရတီစေတသိက်တို့၏ အသီးအသီးဖြစ်ခြင်းအမေးအဖြေ ...... ၁၀၆။
ဒုက္ခသစ္စာတရားကို ဘုရားမည်သို့ဟောသည်အမေးအဖြေ ...... ၁၀၈။
ဇာတိ၏သဘော၊ ဇာတိသည် ပရမတ် ပညတ်။ ဇာတိ၏လက္ခဏာ
စသည်အမေးအဖြေ ...... ...... ၁၁၉။
ဇာတိ၏ပရမတ်ဖြစ်ကြောင်းကို တဘန်ကျမ်းအကိုးအကား
အမေးအဖြေ ...... ...... ...... ၁၁၂။
ဇာတိတရားကိုအာရုံပြု၍ မဇ္ဈိမာပဋိပဒါကိုနှိုဲပုံအမေးအဖြေ ...... ၁၁၄။
ဇာတိသည် ဒုက္ခအမျိုးမျိုး၏ဖြစ်ကြောင်း၊ ဒုက္ခဖြစ်ကြောင်းကိုအာရုံ
ပြု၍ မဇ္ဈိမာပဋိပဒါကို နှိုဲပုံအမေးအဖြေ ...... ၁၂၇။
ဇရာ၏သဘော၊ ဇရာသည် ပရမတ်,ပညတ်။ ဇရာ၏လက္ခဏာ
စသည် အမေးအဖြေ ...... ...... ၁၃၄။
ဇရာ၏ပရမတ်ဖြစ်ကြောင်းကို၊ တဘန်ကျမ်းဂန်အကိုးအကား
အမေးအဖြေ ...... ...... ...... ၁၃၆။
ဇရာကိုအာရုံပြု၍ မဇ္ဈိမာပဋိပဒါနှိုဲပုံအမေးအဖြေ ...... ၁၃၈။
ဇရာသည် ဒုက္ခအမျိုးမျိုး၏ဖြစ်ကြောင်း၊ ဒုက္ခဖြစ်ကြောင်းကိုအာရုံပြု၍
မဇ္ဈိမာပဋိပဒါကိုနှိုဲပုံအမေးအဖြေ ...... ၁၄၇။
ဗျာဓိ၏သဘော၊ ဗျာဓိသည်ပရမတ် ပညတ်။ ဗျာဓိ၏လက္ခဏာ
စသည်အမေးအဖြေ ...... ၁၅၂။
ဗျာဓိကိုအာရုံပြု၍ မဇ္ဈိမာပဋိပဒါကိုနှိုဲပုံအမေးအဖြေ ...... ၁၅၄။
ဗျာဓိသည် ဒုက္ခအမျိုးမျိုး၏ဖြစ်ကြောင်း။ ဒုက္ခဖြစ်ကြောင်းကိုအာရုံပြု
၍ မဇ္ဈိမာပဋိပဒါကိုနှိုဲပုံအမေးအဖြေ ...... ၁၆၅။

## မဟ္မစက္က အမေးအဖြေကျမ်း
( မာတိကာ။ )


မရဏာ၏သဘော၊ မရဏာသည် ပရမတ် ပညတ်။ မရဏာ၏လက္ခဏာ
စသည်အမေးအဖြေ —— —— ၁၆၆။
မရဏာ၏ပရမတ်ဖြစ်ကြောင်းကို တဘန်ကျမ်းဂန်အကိုးအကား
အမေးအဖြေ —— …… —— ၁၆၈။
မရဏာကိုအာရုံပြု၍ မဇ္ဈိမာပဋိပဒါကိုမှီဝဲပုံအမေးအဖြေ …… ၁၇၀။
မရဏာသည် ဒုက္ခအမျိုးမျိုး၏ဖြစ်ကြောင်း၊ ဒုက္ခဖြစ်ကြောင်းကိုအာရုံ
ပြု၍ မဇ္ဈိမာပဋိပဒါကိုမှီဝဲပုံအမေးအဖြေ —— ၁၇၇။
ဇာတိ၊ဇရာ၊မရဏာသုံးပါးတို့ဒုက္ခကိုဖြစ်စေရာ၌ဥပမာအမေးအဖြေ ၁၇၉။
အပ္ပိယသတ္တဝါ၊ သင်္ခါရတို့နှင့်ပေါင်းဆုံမိသဖြင့်။ ဒုက္ခဖြစ်ပုံ ဒုက္ခဖြစ်
ကြောင်းကို အာရုံပြု၍မဇ္ဈိမာပဋိပဒါကိုမှီဝဲပုံအမေးအဖြေ—၁၈၃
ပိယသတ္တဝါ၊သင်္ခါရတို့နှင့် ကွေကွင်းရခြင်းကြောင့်။ ဒုက္ခဖြစ်ပုံ
ဒုက္ခဖြစ်ကြောင်းကိုအာရုံပြု၍မဇ္ဈိမာပဋိပဒါကိုမှီဝဲပုံ —— ၁၈၆။
တောင့်တတိုင်းမရခြင်းကြောင့်ဒုက္ခဖြစ်ပုံ။ ဒုက္ခဖြစ်ကြောင်းကိုအာရုံ
ပြု၍မဇ္ဈိမာပဋိပဒါကိုမှီဝဲပုံအမေးအဖြေ —— ၁၈၉။
ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံအရ။ ပါဠိ၌ရှိ မရှိနှင့် အဋ္ဌကထာမည်သို့ပြ
သည်အမေးအဖြေ —— —— —— ၁၉၁။
ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာဒုက္ခ။ ထိုဒုက္ခံကိုအာရုံပြု၍ မဇ္ဈိမာ
ပဋိပဒါကိုမှီဝဲပုံအမေးအဖြေ —— —— ၁၉၇။
ဒုက္ခကိုဖြစ်စေတတ်သောအကြောင်းတရားအမေးအဖြေ —— ၂၄၄။
တဏှာသဘော၊ တဏှာဝိဂြိုဟ်အမေးအဖြေ —— ၂၄၅။
တဏှာကို ပေါနောဗ္ဘဝိကာ၊ နန္ဒိရာဂဟုခေါ်ကြောင်းအမေးအဖြေ ၂၄၅။
နန္ဒီရာဂသဟဂတာဟူ၍ သဟဂတသဒ္ဒါကိုထည့်၍ဟောကြောင်း
အမေး အဖြေ …… …… —— ၂၄၇။
တတြတတြာဘိနန္ဒိနီဟု ထပ်မံ၍ဟောကြောင်းနှင့်တဏှာသုံးပါး ၂၅၀။
တဏှာသုံးပါးနှင့်တဏှာသုံးပါးကိုအာရုံပြု၍မဇ္ဈိမာပဋိပဒါ
ကိုမှီဝဲပုံ အမေးအဖြေ —— —— … ၂၅၁၊
တဏှာအကြောင်းခံ၍ ဒုက္ခဖြစ်ပုံအမေးအဖြေ —— ၂၆၀။
တဏှာကိုပယ်လိုသောသူသည် ဘယ်တရားကိုအာရုံပြု၍ဘယ်တရား
ဖြင့်အကြွင်းမရှိပယ်သတ်နိုင်သည်အမေးအဖြေ …… ၂၆၂။
အသင်္ခတဓာတ်နိရောဓသစ္စာ အမေးအဖြေ —— …… ၂၆၂။
အသင်္ခတဓာတ်ကိုနိရောဓဟုခေါ်ကြောင်းသာဓကနှင့်တကွ
အမေးအဖြေ …… …… …… ၂၆၅။

အသင်္ခတဓာတ်၊ နိရောဓသစ္စာ( ၂ပါး)တို့၏လက္ခဏာဇာသည်။ တူမတူကို
သာဓကနှင့်တကွ အမေးအဖြေ ...... ...... ၂၆၈။
နိရောဓသစ္စာနိဗ္ဗာန်သည်ထင်ရှားရှိသောတရားလော၊ ကိလေသာခန္ဓာ
တို့ချုပ်ငြိမ်း၍ ဘာမျှမရှိသောအဘာဝတရားလောအမေးအဖြေ ၂၆၉
ကိလေသာခန္ဓာတို့၏ချုပ်ငြိမ်းမှု။ ကိလေသာခန္ဓာတို့၏နောင်တဘန်ဖြစ်
မှုမရှိသောအဘာဝပညတ်သည် အသင်္ခတဓာတ်နိဗ္ဗာန်ဟုတ်မဟုတ် ၂၇၂
နိရောဓသစ္စာနိဗ္ဗာန်သည် ကိလေသာခန္ဓာတို့၏နောင်ဖြစ်မှုမရှိဘဲ။ ကွယ်
ပျောက်ရန်အကြောင်းခံတရားဟုတ်မဟုတ် အမေးအဖြေ ...... ၂၇၆။
ဓမ္မစကြာသုတ်၌ရင်း၊ အခြားပါဠိတော်အဋ္ဌကထာတို့၌ရင်း။ နိရောဓသစ္စာ
ကိုအကြောင်းခံပြု၍တဏှာသုံးပါးတို့ကင်းမှုမဖြစ်မှုကိုဟောမဟော ၂၇၈
နိရောဓသစ္စာနိဗ္ဗာန်ကိုဒုက္ခနိရောဓဟူ၍အဘယ်ကြောင့်ဟောပါသနည်း။
တဏှာနိရောဓဟုဟောအပ်သည့်မဟုတ်ပါလော အမေးအဖြေ ၂၈၃။
နောင်အဆက်ဆက်ဒုက္ခတို့ဖြစ်မှုမရှိရန် အကြောင်းခံဖြစ်ပါလျှင်။ ယော
တဿေဝဒုက္ခဿ အသေသဝိရာဂနိရောဓောစသည်ဖြင့် ဟောသင့်
သည်ဟူသော အမေးအဖြေ ...... ...... ၂၈၄။
နိရောဓသစ္စာနိဗ္ဗာန်ကို။ နောင်အဆက်ဆက်ဖြစ်လတ့ံသောတရား၏ဖြစ်မှု
မရှိခြင်း၏အကြောင်းဟူ၍အဘယ်ကြောင့်ဟောတော်မူသည့် ၂၈၇။
အသေသဝိရာဂနိရောဓ၊ စာဂစသောအမည်တို့ကို။ တဏှာကင်းခြင်း၊ ဖြစ်
မှုမရှိခြင်းကိုပြလို၍ဟောပါသလော။ တဏှာကင်းရန်ဖြစ်မှုမရှိရန်
အကြောင်းခံသော နိဗ္ဗာန်ကို ပြလို၍ဟောပါသလောအမေးအဖြေ ၂၉၀။
အသေသဝိရာဂနိရောဓ၊ စာဂစ သောအမည်တို့သည်။ မဂ်၏အာရုံဖြစ်သော
နိဗ္ဗာန်၏အမည်တို့ဟုသိရပါမည်လောအမေးအဖြေ ...... ၂၉၀
အသေသဝိရာဂ၊ နိရောဓ၊ စာဂ၊ ပဋိနိဿဂ္ဂ၊ မုတ္တိ၊ အနာလယ၊ အမည်တို့ကို
မှတ်၍ဟောကြောင်း အမေးအဖြေ ...... ...... ၂၉၂။
နိဗ္ဗာန်ကိုအကြောင်းပြု၍ကင်းကြ၊ ဖြစ်မှုမရှိကြသောတဏှာတို့သည်။ ဘယ်
ဝဋ်တို့၌ကင်းမှုဖြစ်ခြင်းမရှိမှုတို့သည်ထင်ရှားသနည်း ...... ၃၀၅။
အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်တပါးတည်းလော။
အများလော အမေးအဖြေ ...... ...... ၃၂၁။
ဘုရားရှင်သည်မဂ္ဂင်ရှစ်ပါးတရားကိုအထူးပြု၍ အဘယ်အကျင့်ဟု
ဟောသည့်အမေးအဖြေ ...... ...... ၃၂၈။
လောကုတ္တရာမဂ်ဖြစ်ခိုက်။ သမ္မာဒိဋ္ဌိမဂ်ဉာဏ်သည်။ သစ္စာလေးပါးတို့
ကိုတပြိုင်နက်သိမြင် မမြင်အမေးအဖြေ .... ၃၃၁။
လောကုတ္တရာမဂ်ဉာဏ်သည်။ အသင်္ခတသစ္စာနိဗ္ဗာန်ကိုသာအာရုံပြု၍သိ
ဆဲဖြစ်ပါသည်၊ ဒုက္ခ၊ သမုဒယ၊ မဂ္ဂသစ္စာတို့ကို အာရုံပြု၍မသိပါဘဲလျက်၊

အဘယ်ကြောင့်သင်္ခတသစ္စာတို့ကိုပါ။ တပြိုင်နက်သိသနည်း — ၃၃၃
လောကုတ္တရာမဂ်ဉာဏ်သည်။ သစ္စာလေးပါးကိုတပြိုင်နက်သိရာ၌ ကျမ်းဂန်ယုတ္တိ အမေးအဖြေ ...... ၃၃၅။
လောကုတ္တရာမဂ်ဉာဏ်သည်။ သစ္စာလေးပါးစလုံးကိုအာရုံပြု၍သိမသိကိုသာဓကနှင့်တကွ အမေးအဖြေ .... ၃၃၆။
သစ္စာလေးပါးတို့တွင် တပါးပါးကိုမြင်က၊ကျန်သုံးပါးတို့ကိုတပြိုင်နက်သိမြင်မမြင်သာဓကနှင့်တကွအမေးအဖြေ ...... ၃၃၈
လောကုတ္တရာမဂ်ဖြစ်ခိုက်။ မဂ္ဂင်ရှစ်ပါးသာမက၊ ဗောဇ္ဈင်၊ ဗိုလ်၊ ဈာန်များလည်းဖြစ်ကြောင်း အမေးဖြေ ...... ...... ၃၅၅။
နိရောဓသစ္စာနိဗ္ဗာန်ကိုထိုးထွင်း၍သိခိုက်၊ ဗောဇ္ဈင်စသောတရားတို့အဘူပါပါလျက်။ ဤဓမ္မစကြာဒေသနာ၌မဂ္ဂင်ရှစ်ပါးကိုသာဟောကြောင်း ၃၅၅
မဂ္ဂင်ရှစ်ပါးသည် ကိလေသာတို့ကိုသတ်ရာ၌။ အယုံးစုံသောကိလေသာတို့ကိုတပြိုင်နက်သတ်သည်ကိုသာဓကနှင့်တကွအမေးအဖြေ ၃၅၉။
မဂ္ဂင်ရှစ်ပါးနှင့်ပြည့်စုံလျှင် ခန္ဓာသုံးပါး၊ သိက္ခာသုံးပါးနှင့်ပြည့်စုံပုံကို သာဓကနှင့်တကွ အမေးအဖြေ ၃၆၆။
မဂ္ဂင်ရှစ်ပါးသည်နိဗ္ဗာန်ရောက်ကြောင်းသင်္ခတတရားဟူသမျှတို့ထက်အမြတ်ဆုံးဆိုရာ၌ သာဓကနှင့်တကွအမေးအဖြေ ... ၃၆၇
အရိယမဂ်ဖြင့်ဘုရားရှင်နှင့်တပည့်သားတို့သည်။ မရောက်ဘူးသေးသောနိဗ္ဗာန်သို့ရောက်ကြောင်းသာဓကနှင့်တကွအမေးအဖြေ ၃၆၈။
နိဗ္ဗာန်ကိုရှေးဦးစွာ သိမြင်ခြင်းသို့ရောက်သော လောကုတ္တရာမဂ်ကို။ အဘယ်မဂ်ခေါ်သည်။ အဘယ်ကိလေသာတို့ကိုပယ်သည်ကိုသာဓက ၃၇၀
သောတာပတ္တိမဂ်နောင်ဖြစ်သောတရားတို့ အမေးအဖြေ ၃၇၁။
သောတာပန်ပုဂ္ဂိုလ်သည်။ သကဒါဂါမိမဂ်သို့ရောက်ပုံကိလေသာကိုပယ်ပုံသာဓကနှင့်တကွ အမေးအဖြေ ...... ၃၇၂။
သကဒါဂါမိမဂ်နောင်ဖြစ်သောတရားတို့အမေးအဖြေ ....... ၃၇၄။
သကဒါဂါမိပုဂ္ဂိုလ်သည်။ အနာဂါမိမဂ်သို့ရောက်ပုံ ကိလေသာကိုပယ်ပုံသာဓကနှင့်တကွအမေးအဖြေ .... — ၃၇၅။
အနာဂါမိမဂ်နောင်ဖြစ်သောတရားတို့အမေးအဖြေ ... ၃၇၆။
အနာဂါမိပုဂ္ဂိုလ်သည်အရဟတ္တမဂ်သို့ရောက်ပုံ။ ကိလေသာကိုပယ်ပုံသာဓကနှင့်တကွအမေးအဖြေ ...... — ၃၇၇။
အရဟတ္တမဂ်နောင်ဖြစ်သောတရားတို့အမေးအဖြေ ...... ၃၇၈
မဂ်လေးတန်သို့ရောက်၍ကိလေသာငြိမ်းမှုသည်၊ မဇ္ဈိမာပဋိပဒါကိုမှီခြင်းကြောင့်ဟုတ်မဟုတ် အမေးအဖြေ — ၃၇၉။

သစ္စာလေးပါးတရားတို့ကိုသိရခြင်းအကျိုးအမေးအဖြေ ······ ၃၈၀။
မဂ္ဂသစ္စာကိုဟောတော်မူပြီးနောက်၊မဉ္စသည်တရားကိုဟောကြောင်း၃၈၄
ဒုက္ခသစ္စာ၊သစ္စဉာဏ်ခဏ်း၌၊ ရုဒ်ဒုက္ခံအရိယသစ္စံဟူသောပုဒ်တို့ဖြင့်၊
ဘုရားရှင်ပြအပ်သော အဓိပ္ပါယ်အမေးအဖြေ ······ ၃၉၂။
ဇာတိ၊မေ၊တိက္ခဝေ၊ပုဗ္ဗေ၊အနနုသုတေသု ဓမ္မေသုပုဒ်တို့ဖြင့်။ဘုရားရှင်ပြ
အပ်သော အဓိပ္ပါယ်အမေးအဖြေ ···· ၃၉၂။
စက္ခုံဉဒပါဒိ၊ဉာဏံဉဒပါဒိ။ပညာဉဒပါဒိ၊ဝိဇ္ဇာဉဒပါဒိ။အာလောကော
ဉဒပါဒိပုဒ်တို့ဖြင့်၊ ပ၊ အဖြေ ······ ၃၉၃။
ကိစ္စဉာဏ်ခဏ်း၌၊တံခေါပနိဒံဒုက္ခံအရိယသစ္စံပုဒ်တို့ဖြင့်။ပ။အဖြေ ၃၉၅
ပရိညေယျံ၊ဇာတိ၊မေ။တိက္ခဝေ။ပုဗ္ဗေ။အနနုသုတေသုဓမ္မေသုပုဒ်တို့ ၃၉၅
စက္ခုံဉဒပါဒိ၊ပ၊အာလောကောဉဒပါဒိပုဒ်တို့ဖြင့်၊ ပ၊အဖြေ ၃၉၆။
ကတဉာဏ်ခဏ်း၌ တံခေါပနိဒံဒုက္ခံအရိယသစ္စံပုဒ်တို့ဖြင့်။ပ၊အဖြေ ၃၉၈
ပရိညာတံ။ဇာတိ။မေ။ပုဗ္ဗေ။အနနုသုတေသုဓမ္မေသုပုဒ်တို့ဖြင့်။ ပ။ ၃၉၈။
စက္ခုံဉဒပါဒိ။ ပ။ အာလောကောဉဒပါဒိပုဒ်တို့ဖြင့်။ ပ။အဖြေ ၃၉၉။
သမုဒယသစ္စာ၊သစ္စဉာဏ်ခဏ်း၌ ရုဒံဒုက္ခသမုဒယံအရိယသစ္စံပုဒ် ၄၀၀။
ဇာတိ။ပုဗ္ဗေအနနုသုတေသုဓမ္မေသုပုဒ်တို့ဖြင့်။ ပ။ အဖြေ ၄၀၁။
စက္ခုံဉဒပါဒိ။ ပ။ အာလောကောဉဒပါဒိပုဒ်တို့ဖြင့်။ ပ။ အဖြေ ၄၀၁။
ကိစ္စဉာဏ်ခဏ်း၌ တံခေါပနိဒံဒုက္ခသမုဒယံအရိယသစ္စံပုဒ်တို့ဖြင့် ၄၀၂။
ပဟာတဗ္ဗံ၊ဇာတိ။ပုဗ္ဗေ။အနနုသုတေသုဓမ္မေသုပုဒ်တို့ဖြင့်။ လ။ ၄၀၃။
စက္ခုံဉဒပါဒိ။ ပ။ အာလောကောဉဒပါဒိပုဒ်တို့ဖြင့်၊ ပ။ အဖြေ ၄၀၃။
ကတဉာဏ်ခဏ်း၌တံခေါပနိဒံ။ ပ၊အရိယသစ္စံပုဒ်တို့ဖြင့်။ပ။အဖြေ ၄၀၄။
ဇာတိ။ပုဗ္ဗေ။ အနနုသုတေသုဓမ္မေသုပုဒ်တို့ဖြင့်၊ ပ၊ အဖြေ ၄၀၄။
စက္ခုံဉဒပါဒိ၊ ပ၊ အာလောကောဉဒပါဒိပုဒ်တို့ဖြင့်။ ပ၊ အဖြေ ― ၄၀၇။
နိရောဓသစ္စာသစ္စဉာဏ်ခဏ်း၌ရုဒံဒုက္ခနိရောဓံအရိယသစ္စံပုဒ်တို့ ၄၀၇။
ဇာတိ။ပုဗ္ဗေ။အနနုသုတေသုဓမ္မေသုပုဒ်တို့ဖြင့်။ ပ။ အဖြေ ― ၄၀၈။
စက္ခုံဉဒပါဒိ။ ပ။ အာလောကောဉဒပါဒိပုဒ်တို့ဖြင့်၊ ပ၊ အဖြေ ― ၄၀၈။
ကိစ္စဉာဏ်ခဏ်း၌တံခေါပနိဒံဒုက္ခနိရောဓံအရိယသစ္စံပုဒ်တို့ဖြင့် ― ၄၀၉။
ဇာတိ၊ပုဗ္ဗေအနနုသုတေသုဓမ္မေသုပုဒ်တို့ဖြင့်။ ပ။ အဖြေ ― ၄၀၉၊
စက္ခုံဉဒပါဒိ။ ပ။ အာလောကောဉဒပါဒိပုဒ်တို့ဖြင့်၊ ပ၊ အဖြေ ― ၄၀၉၊
ကတဉာဏ်ခဏ်း၌ တံခေါပနိဒံ။ပ၊ အရိယသစ္စံပုဒ်တို့ဖြင့်။ ပ။အဖြေ ၄၀၉
ဇာတိ။ပုဗ္ဗေအနနုသုတေသုဓမ္မေသုပုဒ်တို့ဖြင့်။ ပ။အဖြေ ― ၄၁၀၊
စက္ခုံဉဒပါဒိ။ ပ၊ အာလောကောဉဒပါဒိပုဒ်တို့ဖြင့်။ ပ။ အဖြေ ····· ၄၁၀။
မဂ္ဂသစ္စာသစ္စဉာဏ်ခဏ်း၌ရုဒံဒုက္ခနိရောဓ။ပ၊ အရိယသစ္စံပုဒ်တို့ဖြင့်၄၁၃။

ဉာတိ၊ ပုဗ္ဗေအနုဿုတေသုဓမ္မေသုပုဒ်တို့ဖြင့်၊ ပ၊ အဖြေ ...... ၄၁၄။
စက္ခုံဥဒပါဒိ။ ပ၊ အာလောကောဥဒပါဒိပုဒ်တို့ဖြင့်။ ပ၊ အဖြေ ...... ၄၁၆။
ကိစ္စဉာဏ်ခဏ်း၌တံခေါ်ပနိဒံ၊ ပ။ အရိယသစ္စံပုဒ်တို့ဖြင့်။ ပ။ အဖြေ ...... ၄၁၇။
ဉာတိ။ ပုဗ္ဗေအနုဿုတေသုပုဒ်တို့ဖြင့်၊ ပ။ အဖြေ ...... ၄၁၇။
စက္ခုံဥဒပါဒိ။ ပ။ အာလောကောဥဒပါဒိပုဒ်တို့ဖြင့်၊ ပ။ အဖြေ ...... ၄၁၉။
ကတဉာဏ်ခဏ်း၌ တံခေါ်ပနိဒံ၊ ပ။ သစ္စံပုဒ်တို့ဖြင့်၊ ပ။ အဖြေ ...... ၄၁၇။
ဉာတိ။ ပုဗ္ဗေအနုဿုတေသုဓမ္မေသုပုဒ်တို့ဖြင့်၊ ပ။ အဖြေ ...... ၄၁၇။
စက္ခုံဥဒပါဒိ။ ပ။ အာလောကောဥဒပါဒိပုဒ်တို့ဖြင့်၊ ပ။ အဖြေ ...... ၄၁၉။
ဒုက္ခသစ္စာ၌ ဉာဏ်တော်ငါးချက်ဖြစ်ရာ၌။ ပရိဝဋ္ဋံဒါဖြင့်ဝေဘန်သော်
ဘယ်မျှသော ပရိဝဋ္ဋံဒါတို့ဖြစ်သည်အမေးအဖြေ ...... ၄၂၀။
သမုဒယသစ္စာ၌ သစ္စ၊ ကိစ္စ၊ ကတတို့၏အစွမ်းဖြင့်၊ ပရိဝဋ္ဋံဒါဘယ်မျှ
ဖြစ်သည်အမေးအဖြေ ...... ၄၂၇။
နိရောဓသစ္စာ၌ သစ္စ၊ ကိစ္စ၊ ကတတို့၏အစွမ်းဖြင့်။ ပရိဝဋ္ဋံဒါဘယ်မျှဖြစ်
သည်အမေးအဖြေ ...... ၄၂၉။
မဂ္ဂသစ္စာ၌ သစ္စ၊ ကိစ္စ၊ ကတတို့၏အစွမ်းဖြင့်။ ပရိဝဋ္ဋံဒါဘယ်မျှဖြစ်
သည်အမေးအဖြေ ...... ၄၃၁။
ပြဆိုအပ်ပြီးသောပရိဝဋ္ဋံဒါဉာဏ်တို့ဖြစ်ရာ၌။ ပါဠိသာဓကအမေး ၄၃၄။
သစ္စာ(၄)ပါးတို့တွင်၊ တပါးပါး၌သစ္စ၊ ကိစ္စ၊ ကတ၏အစွမ်းဖြင့်၊ ဉာဏ်တော်
ငါးပါးစီကိုဟောပြီးသည့်အဆုံး၌ဆက်သွယ်၍ဟောအပ်သောတရား ၄၃၆။
ဘုရားရှင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်တို့၏မိမိခန္ဓာ
၌ဖြစ်ပြီးသည့်ကိုထိုးထွင်း၍သိပြီးဟု ဝန်ခံတော်မူပြီးနေ၍ဟောအပ်
သောတရားအမေးအဖြေ ...... ၄၃၉။
အဘယ်တရားကိုဆင်ခြင်၍ ပစ္စဝေက္ခဏာဉာဏ်တို့ဖြစ်သနည်း ၄၃၉။
ဓမ္မစက္ကပဝတ္တနသုတ်ကိုဟောသောအခါ။ ပဉ္စဝဂ္ဂီတို့သဘောဖြစ်ပုံ ၄၄၁။
ဓမ္မစက္ကပဝတ္တနသုတ်ကိုဟောသောအခါ။ ပဉ္စဝဂ္ဂီငါးပါးတို့တွင်အဘယ်
ရဟန်းသည် သောတာပတ္တိမဂ်သို့ရောက်သည်ကိုသာဓကနှင့် ၄၄၁။
သောတာပတ္တိမဂ်ဉာဏ်ကို ဓမ္မစက္ခုခေါ်ပုံသာဓကနှင့်တကွ ၄၄၁။
သောတာပတ္တိမဂ်ဉာဏ်သည်။ အသင်္ခတတရားနိဗ္ဗာန်ကိုသိမြင်ခိုက်။
သင်္ခတတရားကိုဘယ်လိုမြင်ပုံသာဓကနှင့်တကွ ...... ၄၄၂။
ဓမ္မစကြာသုတ်ကိုဟောသောအခါ၊ သောတာပတ္တိဖိုလ်၌တည်သော
နတ်၊ လူတို့အရေအတွက်ကိုသာဓကနှင့်တကွအမေးအဖြေ ...... ၄၄၄။

{ ဤတွင်-မာတိကာ }
ပြီး·ပြီ၊

# ဓမ္မစက္ကအမေးအဖြေကျမ်း။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

---

{ ရတနတ္တယပဏာမ စသည်ကိုပြဆိုခဏ်း။ }

(၁) အသဒိသ ဒယာစိတ္တံ၊ သတ္တလောကာနုကမ္ပိံ။
အတိသုခုမ ဂမ္ဘီရံ၊ မောက္ခဓမ္မံသုဒေသိယံ။
ဝိမလပဝရသုဒ္ဓံ၊ ဓမ္မစက္ကံပဝတ္တံ။
အပမိတဂုဏဓာရံ၊ ဗုဒ္ဓသေဋ္ဌံနမိတွာ။
— နနမယယ၊ ငါးဂိုဏ်းရှိ မာလိနီဝုတ္တိ။

(၂) ဝရနရမရလောကံ၊ အတ္တသေဝိံ ပမောက္ခံ၊
သုရနခုဝရသမ္ဗုဒ္ဓေဟိ၊ သံသေဝိတဉ္စ။
တသိဏမလဝိသုဒ္ဓံ၊ မဂ္ဂနိဗ္ဗာန ဓမ္မံ။
ဇိနဝစပရိယတ္တိံ၊ မဂ္ဂမုတ္တံဖလဉ္စ။
— ရင်း မာလိနီဝုတ္တိ။

(၃) သဗ္ဗညုဗုဒ္ဓမုနိနော၊ ဩရသာဘူတမရိယံ ဂဏဝရဉ္စ။
နိစ္စံပဓာနဝန္တံ၊ အပမာဒမှိဝိရတိသုစာရိံ။
— အရိယာဝုတ္တိ

(၄) မမဝန္ဒပိမောက္ခကုံ၊ မုနိန္ဒသာသနဝရမှိပက္ခိပိယ။
ပဗ္ဗဇ္ဇုဒေဒဗျတ္တေ၊ ဝရပဏ္ဍုယောစ ဟိရိမန္တေ။
— ရင်း။

(၅) ဇိနသာသနဆေကတ္တံ၊ ဥတ္တမင်္ဂေန ဝန္ဒိသာ။
သဗ္ဗေအာစေရပါမောက္ခေ၊ ပညာဝန္တေကရေမမ။
— ပတျာဝတ္တ ဂါထာ။

(၆) သဒ္ဓေနဓနဝန္တေန၊ မြင်းခြံနဂရဝါသိနာ။
ဦးကြွက်နာမပသိဒ္ဓေန၊ ယထာဘူတဂုဏေသိနာ။
— ရင်း။

(၇) ယာစိတော ဓမ္မစက္ကဿ ပုဗ္ဗာဗျာကရဏံအဟံ။
တေနာဒရေန ကာရေတုံ၊ သာသနဿ သုဝုဍ္ဎိယာ။ ၎င်း။
(၈) ဝရဿဓမ္မစက္ကဿ ပုဗ္ဗာဗျာကရဏံကရံ။
သာသနဿစ ဇောတေတုံ၊ ဗာလာနံ ဗုဒ္ဓိဝုဍ္ဎိယာ။ ၎င်း။
(၉) ကရိဿံဒယာစိတ္တေန၊ သဒါပသေန္တု၊ သဇ္ဇနာ။
တံပဿန္တာစ သန္တာယေ၊ တေဝိမောက္ခန္တု၊ ဒုက္ခတော။ ၎င်း။

(၁) အဟံ။ငါဟုသမုတ်နာမ်ရုပ်အစုသည်။အာသဒိသဒယာစိတ္တံ၊တစုံတယောက်သောသူနှင့်မတူသော။ မေတ္တာတော်နှင့်ယှဉ်သော စိတ်တော်လည်းရှိထသော။ သတ္တလောကာနုကမ္ပံ ၊ သတ္တဝါဟုသမုတ်အပ်သော၊ လောကကို အစဉ်စောင့်ရှောက် တော်မူထသော။ အတိသုခုမဂမ္ဘီရံ၊ အလွန်သိမ်မွေ့နက်နဲသော သဘောရှိသော။ မောက္ခဓမ္မံ၊ ဝဋ်ဒုက္ခမှလွတ်စေတတ်သော၊မဂ်။ဝါ၊ ဝဋ်ဒုက္ခမှလွတ်ကြောင်းဖြစ်သော။နိဗ္ဗာန်တရားတော်မြတ်ကို။သုဒေသယံ၊ကောင်းစွာပေးတော်မူတတ်ထသော။ ဝိမလပဝရသုဒ္ဓိံ၊ ကိလေသာတည်းဟူသောအညစ်အကြေးတို့မှကင်း၍။မြတ်သောစင်ကြယ်ခြင်းလည်း ရှိတော်မူတတ်ထသော၊ ဓမ္မစက္ကံ။ ဓမ္မစကြာတရားတော်ကို။ ပဝတ္တံ၊ ဖြစ်စေတော်မူထသော။အပမိတဂုဏာဓာရံ၊မနှိုင်းယှဉ်အပ်သောဂုဏ်တော် ဟူသမျှကိုလည်း ဆောင်တော် မူထသော။ ဗုဒ္ဓသေဋ္ဌံ၊ သစ္စာလေးပါး တရားတော်တို့ကို အကြွင်းမရှိ။ သဗ္ဗညုတဉာဏ်တော်ဖြင့် ထိုးထွင်း၍ သိတော်မူပြီးသောကြောင့်။ အထူးသဖြင့် ချီးမွမ်းအပ်တော် မူထသော ဘုရားရှင်ကို။ ဝါ။ ဘုရားဟုသမုတ်အပ်သော။ပရမတ္ထခန္ဓာတော်ငါးပါးအပေါင်းကို။ နမိတွာ နမာမိ။ ရှိသေ မြတ်နိုးရှိခိုးပါ၏။ ။နမိတွာ။ ရှိသေမြတ်နိုး ရှိခိုးပြီး၍။ ။

(၂) အဋ္ဌသေဝိံ ၊ မိမိကို မှီဝဲကုန်သော။ ဝရမရနရလောကံ · မြတ်သော နတ်လူတည်းဟူသော သတ္တလောကကို။ပမောက္ခံ၊ အပြားအားဖြင့် ဝဋ်ဒုက္ခမှလွတ်စေတတ်ထသော။သုရနရဝရသမ္ဘူဒွေဟိ၊ နတ်လူတို့ထက် မြတ်တော်မူသော ဘုရားရှင် တို့သည်။ သံ။ ကောင်း စွာ။ သေဝိတဥ္စ၊ မှီဝဲ အပ်သည်လည်းဖြစ်ထသော။တသိဏာမလဝိသုဒ္ဓိံ၊တဏှာတည်းဟူသော အညစ်အကြေးမှ အထူးသဖြင့် စင်ကြယ်တော်မူထသော။မဂ္ဂနိဗ္ဗာနဓမ္မံ၊ မဂ်နိဗ္ဗာန်ဟုဆိုအပ်သော တရားတော်မြတ်ကိုလည်းကောင်း။ ဇိနဝစပရိယတ္တိံစ မြတ်စွာဘုရားရှင်၏စကားတော်တည်းဟူသော။ပရိယတ္တိတရားတော်ကိုလည်းကောင်း။ ဝါ။ ဘုရားရှင်သည်ဟောတော်မူအပ်သော။ ပရိ

ယသ္မိံတရား တော်ကိုလည်းကောင်း။ မဂ္ဂမုတ္တံ၊ မဂ်ကြောင့် ကိလေသာမှ လွတ်ပြီးသော။ ဖလဉ္စ၊ ဖိုလ်တရားတော်ကိုလည်းကောင်း။ နမိတွာ နမာမိ ရိုသေမြတ်နိုးရှိခိုးပါ၏။ ။နမိတွာ၊ ရိုသေမြတ်နိုးရှိခိုးပြီး၍။ ။

(၃) သဗ္ဗညုံ၊ အလုံးစုံသောတရားတို့ကို။အကြွင်းမရှိထိုးထွင်း၍သိတော်မူပြီးသော။ဗုဒ္ဓမုနိနော၊သစ္စာလေးပါးတရားတို့ကို။သူတပါးတို့အားသိစေတော်မူတတ်ထသော ဘုရားရှင်၏။ ဩရသဘူတံ၊ သားတော်အစစ်ဖြစ်၍ဖြစ်ထသော။ အရိယံ၊ ကိလေသာမှဖြူစင်တော်မူထသော။ နိစ္စံ၊ အမြဲ။ ပဓာနဝန္တံ၊ အားထုတ်ခြင်းလည်းရှိတော်မူထသော။ အပမာဒမ္ပိ၊ မေ့လျော့ခြင်းမရှိသော တရား၌။ ဝိရတိ၊ ဝိရတိံ။ အထူးသဖြင့် မွေ့လျော်ပျော်ပိုက်ခြင်းလည်းရှိထသော။ သုစာရိံ၊ ကောင်းသော အကျင့်တရားလည်း ရှိထသော။ ဂဏဝရဉ္စ၊ မဂ္ဂဋ္ဌာန် လေးယောက်။ ဖလဋ္ဌာန် လေးယောက်ဟုဆိုအပ်သော။ ရှစ်ယောက်သော အရိယာသံဃာတော်အပေါင်းကိုလည်း။ နမိတွာ နမာမိ။ရိုသေမြတ်နိုးရှိခိုးပါ၏။ နမိတွာ၊ရိုသေမြတ်နိုးရှိခိုးပြီး၍။ ။

(၄) မမ၊ ငါဟုသမုတ် နာမ်ရုပ်အစု၏။ ဝဋ္ဋပိမောက္ခတ္ထံ၊ မပြတ် မလတ်ဆက်ခါဆက်ခါ ဖြစ်နေသော၊ဝဋ်ဆင်းရဲတရားမှ အထူးသဖြင့်လွတ်မြောက်ခြင်းအကျိုးငှာ။ မုနိန္ဒသာသနဝရမှိ၊ မုနိ ငါးပါးကို အစိုးရတော်မူသော ဘုရားရှင်၏။အဆုံးအမ သာသနာတော်မြတ်၌။ပက္ခိပိယ၊သွတ်သွင်းပြီး၍။ပဗ္ဗဇ္ဇာဒယေ၊ရှင်သာမဏေအဖြစ်ကိုပြုလုပ်၍ပေးတော်မူကြကုန်သောဗျတ္တေ၊ထက်မြက်ကုန်ထသော။ဟိရိမန္တေ၊မကောင်းမှုကိုစက်ဆုတ်တတ်သော။ ဟိရိတရားလည်းရှိတော်မူကုန်ထသော။ ဝရေ၊ သီလအစရှိသောဂုဏ်တို့ကြောင့်မြတ်ကုန်သော။ဥပဇ္ဈာယေ၊ ဥပဇ္ဈာယ်ဆရာနှစ်ပါးတို့ကိုလည်း။ ဥတ္တမ မင်္ဂေန၊ မြတ်သော ဥကျွောင်းဖြင့်။ ဝန္ဒိယ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိယ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ။

(၅) မမ၊ငါဟုသမုတ်နာမ်ရုပ်အစု၏။ဇိနသာသနဒေသကတ္တံ၊ဘုရားရှင်၏သာသနာတော်၌။ လိမ္မာသည်၏ အဖြစ်ကို။ ကရေ၊ ပြုတော်မူကုန်သော။ ပညာဝန္တေ၊ ပညာရှိကုန်သော။သဗ္ဗေ၊ အလုံးစုံကုန်သော။ အာစေရ ပါမောက္ခေ၊ ဆရာမြတ်ဟူ သမျှတို့ကိုလည်း။ ဥတ္တ မင်္ဂေန၊ မြတ်သော ဥကျွောင်းဖြင့်။ ဝန္ဒိယ ဝန္ဒာမိ၊ ရှိခိုးပါ၏။ဝန္ဒိယ ဝန္ဒိတွာ၊ရှိခိုးပြီး၍။ ။

(၆။၇) မြင်းခြံ နဂရဝါသိနာ၊မြင်းခြံမြို့၌အမြဲနေလေ့ရှိသော။ သဒ္ဓေန၊ သဒ္ဓါတရားလည်းရှိထသော။ဓနဝန္တေန။များစွာသောဥစ္စာရတနာလည်းရှိထသော။ဦးကြွက်နာမ ပသိဒ္ဓေန။ ဦးကြွက်အမည်ဖြင့်ထင်ပေါ်ထသော။ ယထာဘူတ တဂ္ဂဝေသိနာ။ ဟုတ်မှန်သောတရားကို ရှာမှီးလေ့ ရှိထသော။

ဥပါသကာသည်။ သာသနသာ။ သာသနာ တော်၏။ သုဝဍ္ဍိယာ။ ကောင်းစွာကြီးပွားစေခြင်းငှာ။ ဝါ။ အလွန်ကြီးပွားစေခြင်းငှာ။ ဓမ္မစက္ကသာ။ဓမ္မစကြာတရားတော်၏။ ပုစ္ဆာဗျာကရဏံ။ အမေးအဖြေ ရှိသောကျမ်းကို။ ကာရေတုံ။ ရေးသာပြုလုပ်စေခြင်းငှာ။ အဟံ။ငါ့ကို။ဝါ။ငါဟုသမုတ်နာမ်ရုပ်အစုကို။ အာဒရေန အာဒရံ ကတွာ။အရိုအသေကိုပြု၍။ ယာစိတော။ တောင်းပန်အပ်ပြီ။ တေန။ ထိုသို့တောင်းပန်ခြင်းကြောင့်။ ။

(၈) သာသနသာ။ သာသနာတော်ကို၊ ဇောတေတုံစ။ ထွန်းလင်းတောက်ပစေခြင်းငှာလည်းကောင်း။ ဗာလာနံ။ မသိမလိမ္မာကုန်သောလူတို့၏။ ပုဍ္ဍိဝုဍ္ဍိယာစ။ အသိဉာဏ်ကို ကြီးပွားစေခြင်းငှာလည်းကောင်း၊ ဝရသာ။ မြတ်သော၊ ဓမ္မစက္ကသာ။ ဓမ္မစကြာတရားတော်၏။ ပုစ္ဆာဗျာကရဏံ။အမေးအဖြေကို။ကရံ။ပြုလုပ်ကြောင်းဖြစ်သောကျမ်းကို။ဒယစိတ္တေန။ ကရုဏာစိတ်ဖြင့်။ ကရိသံ။ စီရင်ပြုလုပ်ရေးသားပေအံ့။ ။

(၉) တံ။ထိုကျမ်းကို။သဒါ။အခါခပ်သိမ်း။သဇ္ဇနာ။သူတော်ကောင်းတို့သည်။ ပဿန္တု။ ရှုတော်မူကြစေကုန်သတည်း။ ပဿန္တာစ။ ရှုကြကုန်သည်လည်းဖြစ်ကုန်သော။ ယေသန္တာ၊ အကြင် သူတော်ကောင်းတို့သည်။ သန္တိ။ ရှိကြကုန်၏။ ။တေသန္တာ။ ထိုသူတော်ကောင်းတို့သည်။ ဒုက္ခတော။ ဆင်းရဲဟူသမျှမှ။ ဝိ။အသူးသဖြင့်။ မောစေန္တု။ လွတ်ကြစေကုန်သတည်း။ ။

**ဤသို့ ဓမ္မစက္ကတရားတော်၏ အမေးအဖြေကို၊ ရေးသားပြုလုပ်ပေအံ့ဟု ဝန်ခံအပ်သည်နှင့် အညီ။ ဓမ္မစကြာတရားတော်၏ အမေးအဖြေကို ပြုလုပ်ပေအံ့။ ။**

(၁) {မေး} အဘယ်ကြောင့်။ ဓမ္မစက္ကဟုခေါ်ဆိုအပ်သနည်း။

{ဖြေ} မဇ္ဈိမပဋိပဒါ။တည်းဟူသောကျင့်ဝတ်တရားကိုဖြစ်စေတတ်သော မြတ်စွာဘုရားရှင်၏။ ဒေသနာဉာဏ်တော်သည် ဓမ္မစက္ကမည်၏။ ။တနည်း။ ။ဒုက္ခ,သမုဒယ’နိရောဓ မဂ္ဂတည်းဟူသော။ သစ္စာဝါအသက်မဟုတ်သော။ မချွတ်မယွင်းဟုတ်မှန်သော သဘောလက္ခဏာရှိသော။ သစ္စာလေးပါးတရားတော်ကို ဖြစ်စေတတ်သော။ မြတ်စွာဘုရားရှင်၏ဒေသနာဉာဏ်တော်သည်ဓမ္မစက္ကမည်၏။ တနည်း။သစ္စာလေးပါးတရားတို့တွင်။ တပါးတပါးသောသစ္စာတရား၌။ သစ္စာဉာဏ်။ကိစ္စဉာဏ်ကတဉာဏ်ဟူ၍ သုံးပါးစီရှိသည်၏အဖြစ်ကြောင့်။ သစ္စာလေးပါးတရား၌{၁၂}ပါးသော ဉာဏ် ဓမ္မသည်ဖြစ်၏။ ထိုဉာဏ်ဓမ္မကို ဖြစ်စေတော်မူတတ်သော။ဘုရားရှင်၏ဒေသနာဉာဏ်တော်သည် ဓမ္မစက္ကမည်၏။ထိုသို့

မည်ကြောင်းကို။ဓမ္မံပဝတ္တေတီတိဓမ္မစက္ကံဟူ၍။ပဋိသမ္ဘိဒါမဂ်ပါဠိတော် ဓမ္မစက္ကကထာ၌။ ဟောတော်မူအပ်သည်ကိုထောက်၍ သိအပ်၏။ ။အနက်သိကြောင်း မြန်မာပြန်ကား။ ။ယံဉာဏံ၊ အကြင်ဘုရားရှင်၏ဒေသနာဉာဏ်တော်သည်။ ဓမ္မံ၊ မဂ္ဂိမပဋိပဒါဟု ဆိုအပ်သော။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟုဆိုအပ်သော ကျင့်ဝတ်တရားကို။ ပဝတ္တေတိ၊ ဖြစ်စေတတ်၏။ဣတိတသ္မာ၊ ထိုသို့မဂ္ဂိမာပဋိပဒါကျင့်ဝတ်တရားကို ဖြစ်စေတတ်သောကြောင့်။ တံဉာဏံ၊ ထိုဘုရားရှင်၏ ဒေသနာဉာဏ်တော်သည် ဓမ္မစက္ကံ၊ဓမ္မစက္ကမည်၏။ဝါ။ တနည်းကား။ ။ယံဉာဏံ၊ အကြင်ဘုရားရှင်၏ဒေသနာဉာဏ်တော်သည်။ဓမ္မံ၊ဒုက္ခသစ္စာ သမုဒယသစ္စာ၊ နိရောဓသစ္စာ မဂ္ဂသစ္စာ တည်းဟူသော။ လေးပါးသော သစ္စာတရားတို့ကို။ ပဝတ္တေတိ၊ ဖြစ်စေတော်မူ၏။ဣတိတသ္မာ၊ထိုသို့လေးပါးသော သစ္စာတရားတို့ကိုဖြစ်စေတတ်သည်၏အဖြစ်ကြောင့်၊ တံဉာဏံ၊ ထိုဘုရားရှင်၏ဒေသနာဉာဏ်တော်သည်။ ဓမ္မစက္ကံ၊ ဓမ္မစက္ကမည်၏။ ဝါ။ တနည်းကား။ ။ယံဉာဏံ၊ အကြင်ဘုရားရှင်၏ ဒေသနာဉာဏ်တော်သည်။ ဓမ္မံ၊ သစ္စာလေးပါး တရားတော်၌၊ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တည်းဟူသော။ သုံးပါးသောအပြန်၊ တဆဲ့နှစ်ပါးသောအခြင်းအရာရှိသော ဉာဏ်တော်ဓမ္မကို။ ပဝတ္တေတိ၊ ဖြစ်စေတော်မူ၏။ ဣတိတသ္မာ၊ ထိုသို့တဆဲ့နှစ်ပါးသော အခြင်းအရာရှိသော ဓမ္မကိုဖြစ်စေတော်မူတတ်သောကြောင့်။ တံဉာဏံ၊ ထိုဘုရားရှင်၏ဉာဏ်တော်သည်။ ဓမ္မစက္ကံ၊ ဓမ္မစက္ကမည်၏။ — ဤဟောတော်မူအပ်သောပါဠိတော်၌။ ဓမ္မံ၊ ပဝတ္တေတိ ဟူ၍သာ ဆိုအပ်သည်။ စက္ကသဒ္ဒါကိုအဘယ်ကြောင့်မဆိုအပ်လေသနည်းဟူမူ။ စက္ကသဒ္ဒါသည်၊ ပဝတ္တနအနက်ကိုဟော၏။ ထို့ကြောင့်၊ပဝတ္တေတိဆိုလျှင်။စက္ကသဒ္ဒါကိုမဆိုသော်လည်း ဆိုဘိသကဲ့သို့ပင် ဖြစ်လေတော့၏။ ထို့ကြောင့်၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကိုဖွင့်သော။ ရင်းအဋ္ဌကထာ ဆယ်ကြောင်းပေ။ ဖေချပ်ရှစ်ကြောင်းထက်၌၊ ပဝတ္တနဋ္ဌေန စက္ကန္တိ ဝုတ္တံဟောတိ ဟူ၍ဖွင့်ဆိုအပ်လေသည်။ ။မြန်မာပြန်ကား။ ။ပန၊ အထူးကိုဆိုဦးအံ့။ ပဝတ္တနဋ္ဌေန၊ ဖြစ်ခြင်းဟူသော အနက် သဘောဖြင့်။ စက္ကန္တိ၊ အယံ သဒ္ဒေါ၊ စက္ကံဟူသော။ ဤသဒ္ဒါကို ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဤသို့ ဖွင့်ပြအပ်သော အဋ္ဌကထာစကားတော်ကိုထောက်၍။ စက္ကသဒ္ဒါကိုမဆိုမူ၍။ ပဝတ္တေတိဟူ၍ဆိုသော်လည်း။ စက္ကသဒ္ဒါကို ဆိုဘိသကဲ့သို့ပင်။ ဇာနဲဖြစ်သည်၏အဖြစ်ကို ထင်

ရှုသိကြလေ။ ။(ဤကားစကားချပ်။) ဓမ္မစက္ကံ ဟူသောပါဌ်တို့တွင်။
ဓမ္မဟူသော သဒ္ဒါသည်။ မဇ္ဈိမပဋိပဒါဟုဆိုအပ်သော ကျင့်ဝတ်တရား။
နက္ခ၊သမုဒယ၊ နိရောဓ မဂ္ဂတည်းဟူသော သစ္စာလေးပါးတရား။ တပါး
တပါးသော သစ္စာ တရား၌။ သစ္စဉာဏ် ကိစ္စဉာဏ်၊ ကတဉာဏ်ဟူ၍သုံး
ပါးစီရှိသောကြောင့်။ သစ္စာလေးပါးတရား၌{၁၂}ပါးသော။ အခြင်းအရာ
ရှိသော ဉာဏ်ဓမ္မတရားတို့ကိုပြဆိုအပ်၏။ စက္ကံ ဟူသောသဒ္ဒါသည်။ ထို
ပြဆိုအပ်ပြီးသောတရားတော်ဟူသမျှကို။ဖြစ်စေတတ်သော ဘုရားရှင်၏
ဒေသနာ ဉာဏ်တော်ကိုပြဆိုအပ်၏။ ထိုသို့ပြဆိုခြင်းကြောင့်၊ ဓမ္မစက္ကဟု
ဆိုလျှင်။လောက၌တစုံတယောက်သောသူသည်။မဖြစ်စေနိုင်သောဟုတ်
မှန်သော မဇ္ဈိမပဋိပဒါ တည်းဟူသော ကျင့်ဝတ် တရား။ ဟုတ်မှန်သော
သစ္စာလေးပါးတရား။{၁၂}ပါးသောအခြင်းအရာရှိသော။ဉာဏ်ဓမ္မတို့ကို
ဖြစ်စေတတ်သောဘုရားရှင်၏ဒေသနာဉာဏ်တော်ကိုသာ။စင်စစ်၊သိအပ်
၏ဟုမှတ်ကြလေ။ (ဤကားအဓိပ္ပါယ်။) ။

အဖြေတနည်း။ ။သတ္တဝါအသက်မဟုတ်သော။ မိမိမိမိဟူသော မှတ်
ကြောင်းလက္ခဏာရှိသော ပရမတ္ထသဘောတရားဖြင့်။ဘုရားရှင်သည်ဒေ
သနာ ဉာဏ်တော်တည်းဟူသော။ အာဏာစက်ကို ဖြစ်စေတော်မူ၏။ထို
သို့ဘုရားရှင် ဖြစ်စေတော်မူသော ဒေသနာဉာဏ် တော်တည်းဟူသော။
အာဏာစက်သည်ဓမ္မစက္ကမည်၏။ထိုသို့မည်ကြောင်းကိုလည်း ပဋိသမ္ဘိ
ဒါမဂ်ပါဠိတော် ဓမ္မစက္ကကထာ၌။ ။ဓမ္မေနပဝတ္တေတီတိ ဓမ္မစက္ကံဟူ၍
ဟောတော်မူအပ်လေသည်။ ။မြန်မာပြန်ကား။ ။ယံဉာဏံ၊ အကြင်ဒေ
သနာဉာဏ်တော်တည်းဟူသောအာဏာစက်ကို။ဘဂဝါ၊ မြတ်စွာဘုရား
ရှင်သည်။ ဓမ္မေန၊ မိမိမိမိဟူသော မှတ်ကြောင်းလက္ခဏာရှိသော။ ပရမတ္ထ
သဘော တရားဖြင့်။ ပဝတ္တေတိ၊ ဖြစ်စေတော် မူ၏။ ဣတိ တသ္မာ၊ ထိုသို့
ဘုရားရှင်သည်ဖြစ်စေတော်မူသည်၏အဖြစ်ကြောင့်။တံဉာဏံ၊ ထိုဘုရား
ရှင်၏။ ပရမတ္ထ သဘော တရားဖြင့် ဖြစ်စေ တတ်သော။ ဒေသနာ ဉာဏ်
တော်တည်းဟူသော အာဏာစက်သည်၊ ဓမ္မစက္ကံ၊ ဓမ္မစက္က မည်၏။ ။ဤ
သို့ဟောတော်မူအပ်သောပါဠိတော်စကားကိုထောက်၍သည်း။ဓမ္မစက္က
မည်ကြောင်းကို သိကြလေ။ ။ဤပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်
သေး။ ၎င်းပါဠိတော်ကိုဖွင့်ပြအပ်သော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဆယ်
ကြောင်းပေ ဖေချပ်အတွင်းဘက်၌။ ဓမ္မေန ပဝတ္တေတီတိ ယထာသဘာ
ဝတ္တာ။ ဓမ္မေနပဝတ္တံစက္ကံ ဓမ္မစက္ကန္တိ ဝုတ္တံဟောတိ ဟူ၍ဖွင့်ဆိုအပ်သည်
ကိုထောက်၍လည်းသိသေဦး။ ။မြန်မာပြန်ကား။ ။ဓမ္မေနပဝတ္တေတီတိ

ဓမ္မနုပဝတ္တေတိဟူသည်ကား။ယထာသဘာဝတ္တာ၊ အကြင်အကြင်၊မိမိမိမိဟူသောမှတ်ကြောင်းလက္ခဏာရှိသော။ ပရမတ္ထ သဘောတရား၏အဖြစ်ကြောင့်။ဓမ္မနု၊မိမိမိမိဟူသောမှတ်ကြောင်းလက္ခဏာရှိသော။ပရမတ္ထသဘောတရားဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ စက္ကံ၊ ဒေသနာဉာဏ်တော်တည်းဟူသောအာဏာစက်တည်း။ ဓမ္မစက္ကံ၊ မိမိမိမိဟူသောမှတ်ကြောင်းလက္ခဏာရှိသော။ ပရမတ္ထ သဘောတရားဖြင့်ဖြစ်သော ဒေသနာဉာဏ်တော်တည်းဟူသောအာဏာစက်။ဤသို့အဋ္ဌကထာဖွင့်ဆိုအပ်သည်ကိုထောက်၍လည်း။ ဓမ္မစက္က မည်ကြောင်းကို ထင်ရှား သိကြလေ။ ။ထိုဒေသနာဉာဏ်တော်တည်းဟူသော အာဏာစက်သည်။ ဓမ္မစက္ကမည်သည်၏အဖြစ်ကို။ရင်းပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဆယ်ကြောင်းပေ၊ ဖေချပ်အတွင်းဘက်၌။ ဓမ္မနုပဝတ္တေတိတိ ဓမ္မစက္ကန္တိ အာဒိနိ။ ဒေသနာ ဓမ္မစက္ကမေဝ သန္တာယ ဝုတ္တာနီတိ ဝေဒိတဗ္ဗာနိဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍သိကြလေ။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဓမ္မနုပဝတ္တေတီတိဓမ္မစက္ကန္တိ အာဒိနိ။ ဓမ္မနုပဝတ္တေတိတိ ဓမ္မစက္ကံ။ ။ဤသို့အစရှိသောစကားတော်တို့ကို။ ဒေသနာဓမ္မစက္ကမေဝ၊ ဒေသနာဓမ္မစက်ကိုသာလျှင်။ သန္တာယ၊ ရည်၍။ဝုတ္တာနိ၊ ဆိုအပ်ကုန်၏။ဣတိ၊ ဤသို့။ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏၊ ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏စကားတော်ကိုထောက်၍လည်း ဒေသနာ ဉာဏ်တော်တည်းဟူသော အာဏာစက်သည်သာလျှင်။ဓမ္မစက္ကမည်ကြောင်းကိုထင်ရှားသိကြလေကုန်။ ။

ဤနည်းကိုအမှီပြု၍၊ ရှေးဦးကစ၍ဖြေဆိုအပ်ပြီးသော။ဒေသနာဉာဏ်တော်သည်သာလျှင်။ ဓမ္မစက္ကမည်သည်၏ အဖြစ်ကိုလည်း။ စင်စစ်၊ သိအပ်သည်သာလျှင်တည်း။ ။ဤအဋ္ဌကထာဖြင့်သာသိအပ်သည်မဟုတ်သေး။ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ၊ ဓမ္မစက္ကပဝတ္တနဝဂ်။ ရင်းသုတ်အဖွင့်ကျမ်းနံပါတ်{၃၁၇}မျက်နှာ၌။ ။ဣသိပတနေ၊ နိသိန္နဿ၊ ဒွါဒသာကာရာယ။ သစ္စဒေသနာယ ပဝတ္တံ။ ဒေသနာဉာဏမ္ပိ ဓမ္မစက္ကံနာမ ဟူ၍ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်းသိကြလေဦး။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဣသိပတနေ၊ သီလအစရှိသော ဂုဏ်တော်တို့ကိုရှာမှီးလေ့ရှိကုန်သော။ သမ္မာသမ္ဗုဒ္ဓဘုရား။ ပစ္စေကဗုဒ္ဓ ဘုရားရှင်တို့၏။ ကျရောက်ရာအရပ်ဖြစ်သော ဣသိပတန၌။နိသိန္နဿ၊ နေတော်မူသောဂေါတမဘုရားရှင်၏။ ဒွါဒသာကာရာယ၊ တဆဲ့နှစ်ပါးသော အခြင်းအရာရှိသော။ သစ္စဒေသနာယ၊ သစ္စဒေသနာတော်ကို။ ပဝတ္တံ၊ ဖြစ်စေတတ်သော။ ဒေသနာဉာဏမ္ပိ။ ဒေသနာဉာဏ်တော်သည်လည်း။ ဓမ္မစက္ကံနာမ၊ ဓမ္မစက္ကမည်၏။ ။

(ပိသဒ္ဒါဖြင့်။) (ပဋိဝေဓ ဓမ္မစက္ကံကိုဆည်း၍။) ။ဤသို့ဖွင့်ဆိုအပ်သော အဋ္ဌကထာရှင်၏စကားတော်ကိုထောက်၍လည်း။ ဘုရားရှင်၏ဒေသနာ ဉာဏ်တော်သည်။ ဓမ္မစက္ကမည်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

{မေး} ထိုဓမ္မစက္က ဒေသနာတော်ကို။ အဘယ်မြို့ အဘယ်တော။ အဘယ်ဒေသအရပ်၌ဟောတော်မူအပ်လေသနည်း။ ။

{ဖြေ} ဗာရဏသီပြည်။ မိဂဒါဝုန်တော ဣသိပတန အရပ်၌ ဟောတော်မူအပ်လေသည်။ ။

{မေး} ထိုသို့ ဟောတော် မူအပ်သည်၏ အဖြစ်ကို။ ဘယ် ပါဠိ ကို ထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ဘဂဝါ ဗာရာဏသိယံ ဝိဟာရတိ။ ဣသိပတနေ မိဂဒါယေ ဟူ၍လာရှိသော ပါဠိကိုထောက်၍သိအပ်၏။ ။

{မေး} အဘယ်ကြောင့် ဗာရာဏသီဟုခေါ်ဆိုအပ်သနည်း။ ။

{ဖြေ} ဗာရာဏာသာမည်သော မြစ်သည်ရှိ၏၊ ထိုမြစ်၏အနီး၌ရှင်းမြို့သည်ဖြစ်၏။ ထိုသို့ဗာရာဏာသာမြစ်၏အနီး၌ဖြစ်သည်၏အဖြစ်ကြောင့် ရှင်းမြို့ကို။ ဗာရာဏာသီဟုခေါ်ဆိုအပ်လေသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ဗာရာဏာသိယန္တိ ဗာရာဏာသာနာမနဒီ။ ဗာရာဏာသာယအဝိဒူရေ။ ဘဝါ ဗာရာဏာသီ ဟူ၍။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဆယ်ကြောင်းပေ ဗိချပ်ပြင်ဘက်။ ပဋိသမ္ဘိဒါကထာအဖွင့်၌။ပြဆိုအပ်သည်ကိုထောက်၍သိကြလေ။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဗာရာဏာသိယန္တိ။ ဗာရာဏာသိယံ ဟူသည်ကား။ဗာရာဏာသာနာမ။ ဗာရာဏာသာမည်သော။ နဒီ။ မြစ်သည်။ အတ္ထိ။ ရှိ၏။ ဗာရာဏာသာယ။ ဗာရာဏာသာ မြစ်၏။ အဝိဒူရေ၊ အနီး၌။ ဘဝါ။ ဖြစ်သောမြို့တည်း။ ဗာရာဏာသီ။ ဗာရာဏာသာ မြစ်၏ အနီး၌ဖြစ်သောမြို့။ ဤသို့ဖွင့်ပြအပ်သောအဋ္ဌကထာစကားကိုထောက်၍ ဗာရာဏာသီမည်သည်၏အဖြစ်ကိုသိကြလေ။ ။

{မေး} အဘယ်ကြောင့် ရှင်းတောကို။ မိဂဒါဝုန်တောဟု ခေါ်ဆို အပ်လေသနည်း။ ။

{ဖြေ} သမင်စသောသားအပေါင်းတို့အား။ ဘေးမဲ့ပေးရာတောဖြစ်သောကြောင့်။ မိဂဒါဝုန်တောဟုခေါ်ဆိုအပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} မိဂါနံ အဘယဒါန ဒိန္နဋ္ဌာနတ္တာ။ မိဂဒါယသင်္ခါတေ။အာရာမေဟူ၍။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဆယ်ကြောင်းပေ။ဗိချပ်ကြောဘက်၌

မိန့်ဆိုအပ်သည်ကို ထောက်၍သိအပ်၏။ ။မြန်မာပြန်ကား။ ။မိဂါနံ၊ သမင်စသော သားတို့အား။ အဘယဒါနံ၊ ဘေးမဲ့ ပေးခြင်းကို။ ဒိန္နဋ္ဌာနတ္တာ၊ ပေးရာဌာနဖြစ်ကြောင့်။ မိဂဒါယသင်္ခါတေ၊ မိဂဒါဝုန်တောဟုခေါ်ဆိုအပ်သော။ အာရာမေ၊ မွေ့လျော်ရာဖြစ်သော အာရာမ၌။ (ဤကားမြန်မာပြန်တည်း။) ။

{မေး} အဘယ်ကြောင့်၊ ၎င်းမိဂဒါဝုန်တောကို။ ဣသိပတနဟုခေါ်အပ်သနည်း။ ။

{ဖြေ} ၎င်းတောအရပ်၌ရှေးရှေးဖြစ်ကုန်ပြီးသော။ သဗ္ဗညုဣသိဖြစ်ဆဲဖြစ်သော၊ သဗ္ဗညုဣသိတို့သည်။ ဓမ္မစက္ကတရားတော်ကို ဟောပြောခြင်းအလို့ငှာ။ ကျရောက်နေသုံင်ရာဖြစ်သောကြောင့်လည်း။ ဣသိပတနဟုခေါ်ဆိုအပ်လေသည်။ ။

{မေး} အဘယ်ပါဠိကို ထောက်၍သိအပ်သနည်း။ ။

{ဖြေ} တတ္ထဟိ ဥပ္ပန္နုပ္ပန္နာ။ သဗ္ဗညုဣသယော ပတန္တိ။ ဓမ္မစက္ကပဝတ္တနတ္ထံ နိသိန္နန္တိ အတ္ထော။ ။မြန်မာပြန်ကား။ ။ဟိ။ ထိုစကားမှန်၏။ တတ္ထ၊ ထိုသမင်သားစသည်တို့အား ဘေးမဲ့ပေးရာတောဌာန၌၊ ဥပ္ပန္နုပ္ပန္နာ၊ ဖြစ်ပြီးဖြစ်ဆဲဖြစ်ကုန်သော။ သဗ္ဗညုဣသယော အလုံးစုံသော သင်္ခတ အသင်္ခတ ပညတ်တရားဟူသမျှကို။ သဗ္ဗညုတဉာဏ်တော်ဖြင့် အကြွင်းမရှိ။ သိကုန်ပြီးသောဣသိတို့သည်။ ပတန္တိ၊ ကျရောက်ကုန်၏။ ဓမ္မစက္ကပဝတ္တနတ္ထံ၊ ဓမ္မစကြာတရားတော်ကို ဖြစ်စေခြင်းအလို့ငှာ။ နိသိန္နန္တိ၊ နေထိုင်တော်မူကြကုန်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ။ဤသို့ပြဆိုအပ်သော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဆယ်ကြောင်းပေ၊ ဗိချပ်ကြောဘက်၌ မိန့်ဆိုအပ်သည်ကိုထောက်၍လည်း၊ ဣသိပတနမည်ကြောင်းကိုသိအပ်၏။ ။( ဝိဂြိုဟ်လုပ်လိုသော်။ ) ။သဗ္ဗညုဣသယော ပတန္တိ။ ဧတ္ထာတိ။ ဣသိပတနံဟု အဓိကရဏ သာဓနဝိဂြိုဟ်။ ဣသိသဒ္ဒူပပဒပတဓာတု ယုပစ္စယော။ ။မြန်မာပြန်ကား။ ဧတ္ထ၊ ဤမိဂဒါဝုန်တော၌။ သဗ္ဗညုဣသယော၊ အလုံးစုံကုန်သော သင်္ခတ အသင်္ခတ ပညတ် တရားတို့ကို အကြွင်းမရှိ။ သဗ္ဗညုတဉာဏ်တော်ဖြင့် ထိုးထွင်းသိတော်မူပြီးသော။ သဗ္ဗညုဗုဒ္ဓရသေ့တို့သည်။ ပတန္တိ၊ ကျရောက်နေထိုင်တော်မူကုန်၏။ ဣတိတသ္မာ၊ ထိုသို့ သဗ္ဗညုဗုဒ္ဓရသေ့တို့၏ ကျရောက်နေထိုင်ရာဖြစ်သောကြောင့်။ တံ။ ထိုမိဂဒါဝုန်တောသည်။ ဣသိပတနံ၊ ဣသိပတနမည်၏။ ဤကား၊ ဝိဂြိုဟ်တည်း။

တည်း။ {ဖြေ} ပစ္စေက ဗုဒ္ဓဣသိတို့ သက်ဆင်း ကျရောက်ရာဖြစ်

သောကြောင့်လည်း။ ထိုမိဂဒါဝုန်တောကို ဣသိပတနဟုခေါ်ဆိုအပ်သည်။

{မေး} အဘယ်ပါဠိကိုထောက်၍ သိအပ်သနည်း။ ။

{ဖြေ} အာကာသေနအာဂန္တွာ၊ ပစ္စေကဗုဒ္ဓဣသယောပေတ္ထ။ သမော သရဏဝသေန ပတန္တိ ဟူ၍။ ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာဆယ်ကြောင်းပေ၊ ဖိချပ်ကြောဘက်၌ရှိ၍ ဆိုအပ်သည်ကိုထောက်၍သိအပ်၏။ ။မြန်မာပြန်ကား။ ။ပစ္စေကဗုဒ္ဓ ဣသယော ပိ၊ ပစ္စေကဗုဒ္ဓဣသိတို့သည်လည်း။ ဝါ။ ပစ္စေက ဗုဒ္ဓ ရသေ့ တို့သည်လည်း။ အာကာသေန၊ ကောင်းကင်ဖြင့်။ အာဂန္တွာ၊ လာတော်မူကုန်၍။ ဧတ္ထ။ ဤမိဂဒါဝုန်တော၌။ ဩသရဏဝသေန၊ သက်ဆင်း တော်မူသည်၏ အစွမ်းအားဖြင့်။ ပတန္တိ ကျရောက်နေထိုင်တော်မူကုန်၏။ ။ဤကားမြန်မာပြန်တည်း။ ။(ဝိဂြိုဟ်ပြုလုပ်လိုသော်။) ပစ္စေကဗုဒ္ဓဣသယောပတန္တိ ဧတ္ထာတိ ဣသိပတနံဟူ၍၊အဓိကရဏသာဓနဝိဂြိုဟ်ပြုအပ်၏။ ။မြန်မာပြန်ကား။ ။ဧတ္ထ၊ဤမိဂဒါဝုန်တော၌၊ပစ္စေကဗုဒ္ဓ ဣသယော။ ပစ္စေကဗုဒ္ဓ ဣသိတို့သည်။ ဝါ။ ပစ္စေက ဗုဒ္ဓရသေ့တို့သည်။ ပတန္တိ၊ ကျရောက်နေထိုင်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ပစ္စေကဗုဒ္ဓ ရသေ့တို့ ကျ ရောက် နေထိုင်ရာ ဖြစ် သောကြောင့်။ တံ။ ထို မိဂဒါဝုန်တောသည်။ ဣသိပတနံ၊ ဣသိတပနမည်၏။ ။ဤကား ဝိဂြိုဟ်ပြုလုပ်မှုတည်း။ ။

{မေး} အဘယ်ကြောင့်၊ သဗ္ဗညုဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓတို့ကို။ ဣသိဟုခေါ်ဆိုအပ်သနည်း။ ။

{ဖြေ} သီလသမာဓိ ပညာဝိမုတ္တိ၊ ဝိမုတ္တိဉာဏ ဒဿန ဂုဏ်ကျေးဇူးတရားတို့ကိုရှာမှီးကုန်သောကြောင့်။ သဗ္ဗညုဗုဒ္ဓပစ္စေကဗုဒ္ဓဘုရားတို့ကို။ ဣသိဟုခေါ်ဆိုအပ်ကုန်သည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} သီလက္ခန္ဓာဒီနံဧသကေဟိဗုဒ္ဓါဒိဟိဣသိဟိဟူ၍။ဓမ္မပဒအဋ္ဌကထာ မဂ္ဂဝဂ် သူကရပေတဝတ္ထု၌။ ဖွင့်ဆိုအပ်သည်ကို ထောက်၍သိအပ်၏။ ။မြန်မာပြန်ကား။ ။သီလက္ခန္ဓာဒီနံ၊ သီလက္ခန္ဓစသည်တို့ကို။ ဧသကေဟိ၊ ရှာမှီးကုန်သော။ ဗုဒ္ဓါဒိဟိ၊ ဗုဒ္ဓ အစရှိကုန်သော။ ဣသိဟိ၊ဣသိတို့သည်။ ဝါ။ ရသေ့တို့သည်။ ဤကားမြန်မာပြန်တည်း။ ။(ဝိဂြိုဟ်ပြုလုပ်လိုသော်။) သီလက္ခန္ဓာဒိကေ၊ ဧသန္တိ ဂဝေသန္တီတိ ဣသယောဟူ၍၊ ကတ္တုသာဓနကိတ်ဝိဂြိုဟ်ပြုရာ၏။ ။ဣသဓာတ်ဂဝေသနအနက်ဟော။ ဣပစ္စည်း။ ။မြန်မာပြန်ကား။ ။ယေဗုဒ္ဓါ၊ အကြင်၊ သမ္မာသမ္ဗုဒ္ဓ။ ပစ္စေကဗုဒ္ဓတို့သည်။ သီလက္ခန္ဓာဒိကေ၊ သီလအစရှိကုန်သော ဂုဏ်ထူးတရားတို့ကို။ ဧသန္တိ၊

ဂဝေသန္တိ၊ ရှာမှီးတတ်ကုန်၏။ ဉာတိတဿာ၊ ထိုသို့သီလအစရှိကုန်သော ဂုဏ်ထူးတရားတို့ကို ရှာမှီးတတ်ကုန်သော သတ္တိကြောင့်။ တေဗုဒ္ဓါ၊ ထို သမ္မာသမ္ဗုဒ္ဓ ပစ္စေကဗုဒ္ဓါဘုရားတို့သည်။ ဉာသယော၊ ဉာသိမည်ကုန်၏။ ဤကား ဝိဂြိုဟ်မြန်မာပြန်တည်း။ ။ဤသို့ဝိဂြိုဟ် ဝစနတ္ထတို့ကိုထောက်၍လည်း။သမ္မာသမ္ဗုဒ္ဓ ပစ္စေကဗုဒ္ဓဟူသမျှတို့ကို။ဉာသိဟုခေါ်ဝေါ်အပ်သည်၏အဖြစ်ကိုသိကြလေ။ ။

{မေး} ဤဓမ္မစကြာတရားတော်ကို ဗာရာဏသီပြည်။ မိဂဒါဝုန်တော ဣသိပတန၌။ အဘယ်သူတို့အား ဟောပြောအပ်လေသနည်း။

{ဖြေ} ပဉ္စဝဂ္ဂီရဟန်း၊ ရသေ့တို့အားဟောတော်မူအင်လေသည်။

{မေး} ပဉ္စဝဂ္ဂီရသေ့ ရဟန်းတို့ဟူသည်။ အဘယ်သူတို့နည်း။ ။

{ဖြေ} ကောဏ္ဍည၊ဘဒ္ဒိယ၊ဝပ္ပ၊ မဟာနာမ်၊အဿဇိတို့ပေတည်း။

{မေး} ရှင်ကောဏ္ဍည၊ ဘဒ္ဒိယ၊ ဝပ္ပ၊ မဟာနာမ်၊ အဿဇိတို့ကို။ အဘယ်ကြောင့်၊ ပဉ္စဝဂ္ဂီဟုခေါ်ဆိုအပ်လေသနည်း။ ။

{ဖြေ} ရှင်ကောဏ္ဍည၊ ဘဒ္ဒိယ၊ ဝပ္ပ၊ မဟာနာမ်၊ အဿဇိ ရသေ့တို့သည်။ ငါးယောက်ရပေါင်း၍နေသောကြောင့်၊ ပဉ္စဝဂ္ဂီဟုခေါ်ဆိုအင်လေသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍ သိအပ်သနည်း။ ။

{ဖြေ} ကောဏ္ဍညော၊ ဘဒ္ဒိယော၊ ဝပ္ပေါ၊ မဟာနာမောစ အဿဇိ။ ဧတေ ပဉ္စမဟာထေရာ၊ ပဉ္စဝဂ္ဂါတိ ဝုစ္စရေဟူ၍။ ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ ဆယ်ကြောင်းပေကြောဘက်၌၊မိန့်ဆိုအပ်သည်ကိုထောက်၍သိအပ်၏။ ။ မြန်မာပြန်ကား။ ။ကောဏ္ဍညောစ၊ ကောဏ္ဍည မထေရ်လည်းကောင်း။ ဘဒ္ဒိယောစ ဘဒ္ဒိယမထေရ်လည်းကောင်း။ဝပ္ပေါစ ဝပ္ပမထေရ်လည်းကောင်း။ မဟာနာမောစ၊ မဟာနာမ မထေရ်လည်းကောင်း။ အဿဇိစ၊ အဿဇိမထေရ်လည်းကောင်း။ ဧတေ၊ ဤဆိုအပ်ကုန်ပြီးသော၊ ပဉ္စ၊ ငါးပါးကုန်သော။ မဟာထေရာ၊ မဟာထေရ်တို့ကို။ ပဉ္စဝဂ္ဂါတိ ပဉ္စဝဂ္ဂီဟူ၍။ ဝုစ္စရေ၊ဆိုအင်ကုန်၏။ · ။ဤကားမြန်မာပြန်တည်း။ ။(ဝိဂြိုဟ်ပြုလုပ်သော်။) ။ပဉ္စန္နံဝဂ္ဂေါ၊ပဉ္စဝဂ္ဂေါ။ပဉ္စဝဂ္ဂေါ ဧတေသံအတ္ထီတိ၊ပဉ္စဝဂ္ဂီဟူ၍ ဝိဂြိုဟ်ပြုလုပ်ရာ၏။ ။မြန်မာပြန်ကား။ ။ပဉ္စန္နံ၊ ငါးယောက်ကုန်သော ရသေ့ ရဟန်းတို့၏။ ဝဂ္ဂေါ၊အစုအပေါင်းတည်း။ ပဉ္စဝဂ္ဂေါ၊ ငါးယောက်ကုန်သော ရသေ့ရဟန်းတို့၏။ အစု အပေါင်းတည်း။ ဧတေသံ၊ ထိုရသေ့ရဟန်း တို့အား။ ပဉ္စဝဂ္ဂေါ၊ ငါးယောက်တို့၏ အစုအပေါင်းသည်။ အတ္ထိ။ ရှိ၏။ ဉာတိတဿာ၊ ထိုသို့ငါးယောက်တို့၏ အစု အပေါင်းရှိသည်၏အဖြစ်

ကြောင့်။ တေ။ထိုရသေ့ရဟန်းတို့သည်။ပဥ္စဝဂ္ဂီ။ပဥ္စဝဂ္ဂီမည်ကုန်၏။ ။

{မေး} ဘုရားရှင်သည်။ ဓမ္မစက္ကတရားတော်ကို။ပဥ္စဝဂ္ဂီတို့အား ဘယ်ကာလ။ဘယ်အချိန်၌ဟောတော်မူအပ်လေသနည်း။ ။

{ဖြေ} ဝါဆိုလပြည့်နေ့ နေလည်းဝင်' လလည်းထွက်။ထိုကာလထိုအချိန်၌ဟောတော်မူအပ်လေသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်သနည်း။ ။

{ဖြေ} ပစ္ဆိမဒိသာယ။ သူရိယေ အတ္ထင်္ဂမေတိ။ပုရတ္ထိမဒိသာယဥတ္တရာသာဠ္ဌနက္ခတ္တေနယုတ္တော၊ ပုဏ္ဏစန္ဒော ဥဂ္ဂစ္ဆတိ တသ္မိံသမယေ ဘဂဝါ ဓမ္မစက္ကပဝတ္တနသုတ္တံအာရဘ ဒေ္ဝမေဘိက္ခဝေအန္တာတိအာဒိမာဟ ဟူ၍။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဆယ်ကြောင်းပေ၊ ဗိချပ်ဝမ်းဘက်၌လာရှိသောပါဠိကိုထောက်၍သိအပ်လေသည်။မြန်မာပြန်ကား။ပစ္ဆိမဒိသာယ။ အနောက်ရပ်၌။ သူရိယော။ နေသည်၊ အတ္ထင်္ဂမေတိ။ဝင်၏။ ပုရတ္ထိမဒိသာယ။အရှေ့အရပ်၌။ဥတ္တရာသာဠ္ဌနက္ခတ္တေန။ဥတ္တရာသဠ္ဌနက္ခတ်နှင့်။ယုတ္တောယှဉ်သော။ ပုဏ္ဏစန္ဒော။ ပြည့်သော (လ)သည်။ ဝါ။ လပြည့်ဝန်းသည်။ ဥဂ္ဂစ္ဆတိ။ တက်၏။ တသ္မိံသမယေ။ ထိုအခါ ကာလ၌။ ဘဂဝါ။မြတ်စွာဘုရားသည်။ ဓမ္မစက္က ပဝတ္တနသုတ္တံ။ ဓမ္မစက္က ပဝတ္တန သုတ်ကို။ အာရဗ္ဘ။ အားထုတ်တော်မူလိုသည်ဖြစ်၍၊ ဝါ။ အားထုတ်၍ ဟောတော်မူလိုသောကြောင့်။ဒွေမေဘိက္ခဝေ။အန္တာတိအာဒိ'။ဒွေမေဘိက္ခဝေအန္တာ ဤသို့အစရှိသော စကားတော်ကို။ အာဟ။ ဟောဆိုတော်မူပြီ။ ။

{မေး} ထိုကာလ၌။ အဘယ်မျှ လောက်သော ဗြဟ္မာတို့သည်။ စည်းဝေးရောက်လာကုန်သနည်း။ ။

{ဖြေ} ထိုဓမ္မစက္ကပဝတ္တနသုတ်ကို ဟောတော်မူရာ၌။ တဆဲ့ ရှစ်ကုဋေသော။ ဗြဟ္မာတို့သည် စည်းဝေးရောက်လာကုန်သည်။ ။

{မေး} ရောက် လာသည်၏ အဖြစ်ကို။ အဘယ်ပါဠိကို ထောက်၍သိအပ်သနည်း။ ။

{ဖြေ} တသ္မိံယေဝသမယေ။ အဋ္ဌာရသကောဋိသံခါ ဗြဟ္မာနော။ သမာဂစ္ဆိံသု ဟူ၍။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဆယ်ကြောင်းပေ။ ဗိချပ်အတွင်းဘက်၌ လာရှိသော။ ပါဠိကိုထောက်၍ သိအပ်သည်။ ။မြန်မာပြန်ကား။ ။တသ္မိံယေဝသမယေ၊ ထိုဓမ္မစက္ကပဝတ္တနသုတ်ကိုဟောရာကာလ၌။ အဋ္ဌာရသကောဋိသံခါ'။ တဆဲ့ရှစ် ကုဋေအရေအတွက်ရှိကုန်သော။ ဗြဟ္မာနော။ ဗြဟ္မာတို့သည်၊သမာဂစ္ဆိံသု။ ကောင်းစွာစည်းဝေးရောက်လာကြကုန်၏။ ။ဤကားမြန်မာပြန်တည်း။ ။

{မေး} ထိုဓမ္မစက္ကပဝတ္တနသုတ်၌။ မမှီဝဲအပ်သော နသေဝိ တဗ္ဗဓမ္မ။ မှီဝဲအပ်သော သေဝိတဗ္ဗဓမ္မ။ တရား(၂)ပါးတို့တွင်၊ အဘယ်တရားကိုရှေးဦးစွာဟောအပ်ပါသနည်း။ ။

{ဖြေ} မမှီဝဲအပ်သော တရားကို၊ ရှေးဦးစွာဟောအပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ ဟူ၍ ဘုရားရှင်ဟောတော်မူအပ်သော ပါဠိတို့တွင်။ နသေဝိ တဗ္ဗာဟူသော ပါဠိကိုထောက်၍ သိအပ်ပါသည်။ ။

{မေး} ထိုမမှီဝဲအပ်သောတရားသည်။ဘယ်မျှအရေအတွက်ရှိပါသနည်း။

{ဖြေ} နှစ်ပါးအရေအတွက်ရှိပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ဒွေမေ ဘိက္ခဝေ အန္တာ ဟူ၍၊ ဘုရားရှင်ဟောအပ်သော ဓမ္မစက္ကပဝတ္တနသုတ်ပါဠိကိုထောက်၍ သိအပ်ပါသည်။ ။

{မေး} ဒွေမေ ဘိက္ခဝေ အန္တာ၌။ အန္တသဒ္ဒါသည်၊ အဘယ် အနက်ကိုဟောအပ်ပါသနည်း။ ။

{ဖြေ} အဘို့ဟူသောအနက်ကိုဟောအပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ဒွေမေ ဘိက္ခဝေ အန္တာတိ၊ ဒွေဣမေ ဘိက္ခဝေ ကောဋ္ဌာသာ။ ဒွေ ဘာဂါတိ အတ္ထော။ ဘာဂဝ စနော ဟေတ္ထ အန္တ သဒ္ဒေါ ဟူ၍ ဖွင့်ဆိုအပ်သော တေရသကဏ္ဍဋီကာ မဟာခန္ဓကအဖွင့်၌လာရှိသော ပါဠိကိုထောက်၍သိအပ်၏။ ။မြန်မာပြန်ကား။ ။ဒွေမေ ဘိက္ခဝေ အန္တာတိ၊ ဒွေဣမေ ဘိက္ခဝေအန္တာ ဟူသည်ကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ကောဋ္ဌာသာ အဘို့တို့သည်။ ဣမေဒွေ၊ ဤနှစ်ပါးတို့တည်း။ ဟိ။ ထိုစကားမှန်၏။ ဧတ္ထ၊ ဤဒွေမေ ဘိက္ခဝေ အန္တာ ဟူသောပုဒ်၌။ သမာဘိနိ ဝိဋ္ဌော၊ ကောင်းစွာ အကျုံးဝင် သော။ အန္တ သဒ္ဒေါ၊ အန္တ သဒ္ဒါသည်။ ဘာဂဝ စနော၊ အဘို့ဟူသော အနက်ကို။ ဟော၏။ ဤကားမြန်မာပြန်တည်း။ ။

{မေး} ထို(၂)ပါးသော အဘို့ရှိသော အကျင့်ကို၊ အဘယ်သူ တို့သည် မမှီဝဲအပ်ပါသနည်း။ ။

(ဖြေ) ပဗ္ဗဇိတဖြစ်သော သူတို့သည် မမှီဝဲအပ်ပါ။ ။

(မေး) အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

(ဖြေ) ပဗ္ဗဇိတေန နသေဝိတဗ္ဗာ ဟူ၍ ဘုရားဟောတော် မူအပ်သော။

ဓမ္မစက္ကပဝတ္တနသုတ်ပါဠိကို ထောက်၍ပင်သိအပ်ပါသည်။ ။

(မေး) ပဗ္ဗဇိတဖြစ်သောသူဆိုအပ်သည်မှာအဘယ်သူကိုဆိုအပ်သနည်း။

(ဖြေ) လယ်လုပ် ကုန်သည် ရောင်းဝယ် ခြင်းစသော။ လူတို့၏အစီးအပွားမှုကိုမပြုမူ၍။ဆံမုတ်ဆိတ်ကိုပယ်လျက်။ ဖန်ရည်စွန်းသောအဝတ်ကိုဝတ်ပြီးလျှင်။မိမိ၏စိတ်အစဉ်၌ဖြစ်လတ္တံ့သော။ ကိလေသာအညစ်အကြေးတို့ကို ပယ်ဖျောက်တတ်။ စွန့်ပယ်တတ်သော သူဟူသမျှကို။ ပဗ္ဗဇိတဟုခေါ်ဆိုအပ်ပါသည်။ ။

(မေး) အဘယ်ပါဠိကိုထောက်၍ သိအပ်ပါသနည်း။ ။

(ဖြေ) ပဗ္ဗာဇယမတ္တနောမလံ၊တသ္မာပဗ္ဗဇိတောတိဝုစ္စတိဟူ၍။ဓမ္မပဒပါဠိတော် ဗြာဟ္မဏဝဂ်ခြောက်ရခြောက် ဝတ္ထု၌။ ဟောတော်မူအပ်သည်ကိုထောက်၍သိအပ်၏။ ။အနက်သိကြောင်းမြန်မာပြန်ကား။ အတ္တနော၊ မိမိ၏။ မလံ၊ ရာဂစသောအညစ်အကြေးကို။ ပဗ္ဗာဇယံ၊ ပဗ္ဗာဇယန္တော။ ပယ်ဖျောက်တတ်သည်၏အဖြစ်ကြောင့်။ (ပဗ္ဗာဇယံ၊ ပဗ္ဗာဇယန္တော ပိနော ဒန္တောဟုအဋ္ဌကထာဖွင့်ချက်နှင့်အညီတည်း။)ဝါ။ပြစ်ပယ်တတ်၏။တသ္မာ ထိုသို့ပယ်ဖျောက်တတ်။ပြစ်ပယ်တတ်သောသဘောကြောင့်။ပဗ္ဗဇိတော တိ၊ ပဗ္ဗဇိတဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤကားမြန်မာပြန်တည်း။ ။

(မေး) ဒွေမေဘိက္ခဝေအန္တာပဗ္ဗဇိတေနနသေဝိတဗ္ဗာဟူ၍ဟောတော်မူရာ၌။အဘယ်ကြောင့် ပဉ္စဝဂ္ဂီတို့ကို။ ဋ္ဌာသိပဗ္ဗဇိတဖြစ်ပါလျက်။ဘိက္ခဝေဟူ၍။ ဘိက္ခုအမည်ဖြင့် ဘုရားခေါ်ဝေါ်အပ်လေသနည်း။ ။

(ဖြေ) ၎င်းပဉ္စဝဂ္ဂီ ရသေ့တို့သည်။ အိမ်စဉ်ရှောက်၍ ဆွမ်းစသည် တို့ကိုရှာ၍။ တောင်းခံတတ်ကုန်၏။ ထို့ကြောင့်။ ထိုရသေ့ တို့ကို တောင်းခံတတ်သောဂုဏ်သတ္တိကိုရွဲ၍။ ဘိက္ခုဟုခေါ်ဆိုအပ်ကုန်သည်။ ။

(မေး) အဘယ်ပါဠိကို ထောက်၍သိအပ်ပါသနည်း။ ။

(ဖြေ) ဘိက္ခတီတိဘိက္ခုဟူ၍ဟောတော်မူအပ်သော။ဗျာနဝိဘင်းပါဠိတော်။ ဘိက္ခတီတိယာစတိ ယောဟိကောစိ။ ဘိက္ခံဧသတိ ဂဝေသတိ။ သောတံလဘတုဝါ။ မာဝါ အလဒေါ။ ဘိက္ခတီတိဘိက္ခုဟူ၍ ဖွင့်ပြအပ်သော။ဗျာနဝိဘင်းအဖွင့်အဋ္ဌကထာပါဠိကိုထောက်၍လည်းကောင်းသိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဘိက္ခတိ။တောင်းတတ်၏။ ဣတိတသ္မာ။ ထိုသို့တောင်းတတ်သောသတ္တိကြောင့်။ ဘိက္ခု။ဘိက္ခုမည်၏။ ။ဤကားပါဠိတော်၏မြန်မာပြန်တည်း။ ။ဘိက္ခတီတိ။ ဘိက္ခတိဟူသည်ကား။ ယာစတိ၊ တောင်းတတ်၏။ ဟိ။ ထိုစကားသည် မှန်၏။ ယောကောစိ။ တစုံတယောက်အမှတ်မရှိသောသူသည်။ ဘိက္ခံ။ ဆွမ်းကို

ယေတိ ဂဝေသတိ။ ရှာမှီးတတ်၏။ သော။ ထိုရှာမှီးတတ်သော သူသည်။ တံ။ ထိုဆွမ်းကို။လဘတုဝါ ရသည်လည်းဖြစ်စေ။မာဝါ။မရသည်လည်း ဖြစ်စေ။အထခေါ။စင်စစ်မူကား။ ဘိက္ခတိ။တောင်းတတ်၏။ ဣတိတသ္မာ ထိုသို့တောင်းတတ်သည်၏ အဖြစ်ကြောင့်။ ဘိက္ခု ဘိက္ခုမည်၏။ ။ဤ ကား အဋ္ဌကထာပါဠိ၏မြန်မာပြန်တည်း။ ။

တနည်း (ဖြေ) ဆွမ်းခံခြင်းသို့ကပ်တတ်သည်၏အဖြစ်ကြောင့်လည်း ဘိက္ခုမည်သည်ဟုသိအပ်၏။ ။

(မေး) အဘယ်ပါဠိကိုထောက်၍သိအပ်သနည်း။ ။

(ဖြေ) ဘိက္ခာစရိယံ အဇ္ဈုပဂတောတိ ဘိက္ခု ဟူ၍။ ဗျာနဝိဘင်းပါဠိတော်ပါဠိကိုထောက်၍သိအပ်ပါသည်။ ။မြန်မာပြန်ကား။ ။ယောအကြင်ရသေ့ရဟန်းသည်။ဘိက္ခာစရိယံ။ဆွမ်းခံအကျင့်သို့။အဇ္ဈုပဂတော ကပ်တတ်၏။ ဣတိ တသ္မာ။ ထိုသို့ဆွမ်းခံခြင်းအကျင့်သို့ကပ်တတ်သော သတ္တိကြောင့်။ သော။ထိုရသေ့ရဟန်းသည်။ဘိက္ခု ဘိက္ခုမည်၏။ဤကား မြန်မာပြန်တည်း။ ။

တနည်း။ (ဖြေ) အဆင်းစသည် ပျက်ပြီးသော။ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ရုံဆောင်တတ်သောကြောင့်လည်း။ ဘိက္ခု မည်သည်၏အဖြစ်ကိုသိအပ်၏။ ။

{မေး} အဘယ်ပါဠိကို ထောက်၍သိအပ်သနည်း။ ။

{ဖြေ} ဘိန္နပဋဓရောတိ ဘိက္ခုဟူ၍။ဟောတော်မူအပ်သောပါဠိတော်ကိုထောက်၍လည်း သိအပ်လေသည်။ ။အနက်သိကြောင်း မြန်မာပြန်ကား။ ။ယော၊အကြင် ရသေ့ရဟန်းသည်။ ဘိန္နပဋဓရော၊ မူလအဆင်းစသည်ပျက်ပြီးသော ဖန်ရည်စွန်းသောအဝတ်ကို။ ဓရော၊ဆောင်တတ်၏။ ဣတိတသ္မာ၊ထိုသို့ပျက်ပြီးသောဖန်ရည်စွန်းသောအဝတ်ကိုဆောင်တတ်သောသတ္တိကြောင့်။သော၊ ထိုရသေ့ရဟန်းသည်။ ဘိက္ခု၊ဘိက္ခုမည်၏။ ဤသို့ပြဆိုအပ်ပြီးသောစကားရပ်တို့ကိုထောက်၍။ပဥ္စဝဂ္ဂီတို့ဘိက္ခုမည်သည်၏အဖြစ်ကိုလည်းသိကြလေ။ ။ထိုသို့သိအပ်သောကြောင့်၊ ဘုရားရှင်သည်၊ ပဥ္စဝဂ္ဂီ ရသေ့တို့ကို ဘိက္ခဝေဟူ၍၊ ဘိက္ခု အမည်ဖြင့် ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။ ။

{မေး} ပဗ္ဗဇိတဖြစ်သောသူတို့သည်မမှီဝဲအပ်သောတရားနှစ်ပါးသည် အဘယ်တရားနည်း။ ။

{ဖြေ} ကာမေသုကာမ သုခလ္လိကာနုယောဂတရားတပါး။ အတ္တကိလမထာနုယောဂတရားတပါး။ ဤသို့လျှင်(၂)ပါးဖြစ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်သနည်း။ ။
{ဖြေ} ယောစာယံကာမေသုကာမသုခလ္လိကာနုယောဂေါ။ ယောစာယံ အတ္တကိလမထာနုယောဂေါ ဟူ၍ဘုရားရှင်ဟောတော်မူအပ်သော။ ဓမ္မစက္ကပဝတ္တနသုတ်၌လာရှိသော ပါဠိကိုထောက်၍သိအပ်ပါသည်။
{မေး} ကာမေသုကာမ သုခလ္လိကာနုယောဂေါ ဟူ၍လာရှိသောပါဠိတို့တွင်။ကာမေသုဟူသောပါဠိအရ။အဘယ်တရားကိုသိအပ်ပါသနည်း။
{ဖြေ} ကာမတဏှာသည် အလိုရှိအပ်၊ တောင်းတအပ်သော၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံစသော ကာမဝတ္ထု။ခန္ဓာအာယတနဓာတ်စသော၊ ကာမဝတ္ထုတို့ကိုရအပ်ပါသည်။ ။
{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။
{ဖြေ} ဝတ္ထုကာမေသုဟူ၍။မဟာဝဂ္ဂသံယုတ်အဋ္ဌကထာဓမ္မစက္ကပဝတ္တနသုတ်အဖွင့်၌။ လာရှိသည်ကိုထောက်၍သည်းကောင်း။ ထိုနည်းအတူပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဆယ်ကြောင်းပေ။ ဗိချုပ်အတွင်းဘက်၌လာရှိသည်ကိုလည်းကောင်း ထောက်၍သိအပ်ပါသည်။ ။
{မေး} ထိုကာမေသုဟူသောပုဒ်ကို။(ဝိဂြိုဟ်ပြု သုပ်လိုသော်။ )အဘယ်လိုပြုအပ်ပါမည်နည်း။ ။
(ဖြေ) ကာမိယန္တိတိကာမာဟူ၍ကမ္မသာဓနကိတ်ဝိဂြိုဟ်ပြုလုပ်ရာ၏။ မြန်မာပြန်ကား။ ။ယေဓမ္မာ၊ အကြင်။ရူပါရုံစသောတရားတို့ကို။တဏှာယ၊ တဏှာသည်။ ကာမိယန္တိ၊ အလိုရှိ အပ်ကုန်၏၊ ဣတိ တသ္မာ၊ ထိုသို့ တဏှာသည်။ အလိုရှိအပ် ကုန်သောကြောင့်။ တေဓမ္မာ ထိုရူပါရုံစသော တရားတို့သည်။ ကာမာ၊ ကာမမည်ကုန်၏။ ။(ကမုဓာတ်၊ဏပစ္စည်း။) ကတ္တုကြိယာ၏အရကား။ လိုချင်တောင်းတ တတ်သော တဏှာသည် မချရ၏။ ကမ္မတ္ထုကြိယာ၏ အရကား။ ထိုအကျိုး ဖြစ်သော တဏှာ၏ အကြောင်းအာရုံဖြစ်သော။ရူပါရုံစသော ဝတ္ထုသည်။ ဖလူပစာရအားဖြင့်ခ၏။( ဏပစ္စည်း၏အရကား။ )ထိုခ္ချဥပစာဖြင့် မှတ်အပ်သော ဝတ္ထုကာမကိုသာရ၏။ ။
(မေး) ဝတ္ထုကာမဆိုအပ်သည်မှာ၊ အဘယ်တရားကိုဆိုအပ်သနည်း။
(ဖြေ) ရူပါရုံစသော အလုံးစုံသော။ တဏှာအလိုရှိအပ်သော ဝတ္ထုဟူသမျှကိုဆိုအပ်ပါသည်။ ။
(မေး) အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။
(ဖြေ) ကတမေဝတ္ထုကာမာ။ မနာပိကာရူပါ၊ မနာပိကာသဒ္ဒါ။ မနာပိကာဂန္ဓာ၊ မနာပိကာရသာ၊ မနာပိကာ ဖေါဋ္ဌဗ္ဗာ၊ အတ္ထုရဏာ၊ ပါဝုရဏာ

ဒါသီ၊ဒါသာ အဇေဠကာ။ကုက္ကုဋ၊သူကရော၊ဟတ္ထိ၊ဂဝဿ။ဝဠဝါ၊ခေတ္တံ ဝတ္ထုဟိရည့်။သုဝဏ္ဏံ၊ဂါမ။နိဂမ၊ရာဇဓာနိယော၊ရဋ္ဌဥ္စ၊ဇနပဒေါစ။ကောသော၊ ကောဋ္ဌာဂါရဉ္စ၊ ယံကိဉ္စိရဇနိယံ။ဝတ္ထု၊ ဝတ္ထုကာမာ။အပိစ။အတီတာကာမာ၊ အနာဂတာကာမာ။ ပစ္စုပ္ပန္နာကာမာ၊ အဇ္ဈတ္တာ ကာမာ။ ဗဟိဒ္ဓါကာမာ၊ အဇ္ဈတ္တ ဗဟိဒ္ဓါကာမာ။ ဟီနာကာမာ၊ မဇ္ဈိမာကာမာ။ ပဏီတာကာမာ၊အပါယိကာကာမာ။မနုဿကာကာမာ၊ဒိဗ္ဗာကာမာ။ပစ္စုပဋ္ဌိတာကာမာ၊နိမ္မိတာကာမာ။ ပရနိမ္မိတာကာမာ၊ ပရိဂ္ဂဟိတာကာမာ၊ အပရိဂ္ဂဟိတာကာမာ။မမာယိတာကာမာ၊အမမာယိတာကာမာ။သဗ္ဗေပိ ကာမာဝစရာဓမ္မာ။သဗ္ဗေပိ ရူပါဝစရာဓမ္မာ။ သဗ္ဗေပိ အရူပါဝစရာဓမ္မာ တဏှာဝတ္ထုကာ၊ တဏှာရမ္မဏာ ကာမနိယဋ္ဌေန၊ရဇနိယဋ္ဌေန၊ မဒနိယဋ္ဌေန၊ ကာမာ။ ဣမေဝုစ္စန္တိ၊ ဝတ္ထုကာမာဟူ၍။ မဟာနိဒ္ဒေသ ပါဠိတော်၌ လာရှိသောပါဠ်တို့ကိုထောက်၍သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာ(မြန်)ကား။ ။ဝတ္ထုကာမာ၊ဝတ္ထုကာမတို့သည်၊ကတမေ၊ အဘယ်သဉ်တို့နည်း။မနာပိကာ၊စိတ်နှလုံးကိုဖြစ်ပွားစေတတ်ကုန်သော။ရူပါစ၊ အဆင်းသဘောရူပါရုံ တို့သည်လည်းကောင်း။ မနာပိကာ၊ စိတ်နှလုံးကို ဖြစ်ပွားစေတတ်ကုန်သော။ သဒ္ဒါစ၊အသံသဘောသဒ္ဒါရုံတို့သည်လည်းကောင်း။ မနာပိကာ၊ စိတ်နှလုံးကိုဖြစ်ပွားစေတတ်ကုန်သော။ ဂန္ဓာစ၊အနံ့သဘော ဂန္ဓာရုံတို့သည်လည်းကောင်း။ မနာပိကာ၊ စိတ်နှလုံးကို ဖြစ်ပွားစေတတ်ကုန်သော။ရသာစ၊အရသာသဘော ရသာရုံတို့သည်လည်းကောင်း။မနာပိကာ။ စိတ်နှလုံးကိုဖြစ်ပွားစေတတ်ကုန်သော။ ဖေါဋ္ဌဗ္ဗာစ။ တွေ့ထိအပ်သောသဘော ဖေါဋ္ဌဗ္ဗာရုံတို့သည်လည်းကောင်း။ အတ္ထရဏာစ။ နေရာအခင်းတို့သည်လည်းကောင်း။ ပါဝုရဏာစ။ကိုယ်ကိုဖုံးလွှမ်းအပ်သော အရုံတို့သည်လည်းကောင်း။ ဒါသီစ။ ကျွန်မိန်းမတို့သည်လည်းကောင်း။ ဒါသာစ။ ကျွန်ယောကျ်ားတို့သည်လည်းကောင်း။ အဇေဠကာစ။ဆိတ်သိုးတို့သည်လည်းကောင်း။ ကုက္ကုဋသူကရာစ။ ကြက် ဝက် တို့သည်လည်းကောင်း။ ဟတ္ထိ၊ ဂဝဿ၊ ဝဠဝါစ။ ဆင်း, နွား' မြင်း, မြည်း တို့သည်လည်းကောင်း။ ခေတ္တံစ။လယ်မြေသည်လည်းကောင်း။ ဝတ္ထုံစ။ ပဲ စသည်တို့၏ စိုက်ပျိုးရာဌာနဟုဆိုအပ်သောယာခင်းသည်လည်းကောင်း။ဟိရညံစ။ငွေသည်လည်းကောင်း။ သုဝဏ္ဏံစ။ရွှေသည်လည်းကောင်း။ ဂါမနိဂမ ရာဇဓာနိယောစ။ ရွာ'နိဂုံး'မင်းနေပြည်သည်လည်းကောင်း။ ရဋ္ဌဉ္စ။ တိုင်းနိုင်ငံသည်သည်းကောင်း။ဇနပဒေါစ။ဇနပုဒ်သည်လည်းကောင်း။ ကောသောစ၊

ဆင် မြင်း ရထားစသည်တို့၏နေရာကျသည်လည်းကောင်း။ ကောဋ္ဌာဂါရဉ္စ။ ဥစ္စာစပါး ပုဆိုးစသည်တို့ထားရာကျီသည်လည်းကောင်း။ ယံကိဉ္စိ။ အကြွင်းမရှိ အလုံးစုံသော။ ရဇနီယံ။ တပ်မက်မောခြင်းငှာ ထိုက်သော။ ဝတ္ထုံစ။ ဝတ္ထုဟူသမျှသည်လည်းကောင်း။ ဝတ္ထုကာမ၊ ဝတ္ထုကာမမည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အပိစ အပရေနယော၊ နည်းတပါးကို။ မယော၊ ငါသည်။ ဝုတ္တော၊ ဆိုဦးအံ့။ ။အတီတာ၊ ဖြစ်ပေါ်ခြင်းသို့ရောက်၍ ကွယ်လွန် ကုန်ပြီးသော။ ကာမာ၊ အလိုရှိအပ်သော။ ရူပါရုံစသော ကာမတရားတို့သည်လည်းကောင်း။ အနာဂတာ၊ ဖြစ်ပေါ်မှုလက္ခဏာသို့မရောသေးကုန်သော။ ကာမာ၊ အလိုရှိအင်ကုန်သော၊ ရူပါရုံစသောကာမတရားတို့သည်လည်းကောင်း။ ပစ္စုပ္ပန္နာ၊ အကြောင်းကိုစွဲ၍ဖြစ်ပေါ်ဆဲဖြစ်ကုန်သော ကာမာ၊ အလိုရှိအပ်ကုန်သော။ ရူပါရုံစသော ကာမတရားတို့သည်လည်းကောင်း။ အဇ္ဈတ္တာ၊ မိမိသန္တာန်၌ဖြစ်ကုန်သော။ အလိုရှိအပ်ကုန်သော ရူပါရုံအစရှိကုန်သော ကာမတရားတို့သည် လည်းကောင်း။ ဗဟိဒ္ဓါ၊ အပသန္တာန်၌ဖြစ်ကုန်သော။ ကာမာ၊ အလိုရှိအပ်ကုန်သောရူပါရုံစသောကာမတရားတို့သည်လည်းကောင်း။ ဟီနာ ယုတ်ကုန်သော၊ ကာမာအလိုရှိအပ်ကုန်သော။ ရူပါရုံစသောကာမတရားတို့သည်လည်းကောင်း။ မဇ္ဈိမာ၊ အလယ်အလတ်ဖြစ်ကုန်သော၊ ကာမာစ၊ အလိုရှိအင်ကုန်သော။ ရူပါရုံစသော ကာမတရားတို့သည်လည်းကောင်း။ ပဏီတာ၊ မွန်မြတ်ကုန်သော။ ကာမာစ၊ အလိုရှိအပ်ကုန်သော။ ရူပါရုံစသော ကာမတရားတို့သည်လည်းကောင်း။ အာပါယိကာ၊ အပါယ်လေးပါး၌ဖြစ်ကုန်သော၊ ကာမာစ၊ အလိုရှိအပ်ကုန်သော။ ရူပါရုံစသော၊ ကာမတရားတို့ သည်လည်းကောင်း။ မနုဿကာ၊ လူတို့၌ဖြစ်ကုန်သော။ ကာမာစ၊ အလိုရှိအပ်ကုန်သော ရူပါရုံစသောကာမတရားတို့ သည်လည်းကောင်း။ ဒိဗ္ဗာ၊ နတ်တို့၌ဖြစ်ကုန်သော။ ကာမာစ၊ အလိုရှိအင်ကုန်သော ရူပါရုံစသော၊ ကာမတရားတို့သည်လည်းကောင်း။ ပစ္စုပဋ္ဌိတာ၊ မျက်မှောက်ထင်ရှားဖြစ်၍တည်ကုန်သော။ ကာမာစ၊ အလိုရှိအပ်ကုန်သော။ ရူပါရုံစသော ကာမတရားတို့သည် လည်းကောင်း။ နိမ္မိတာ၊ အလိုရှိအပ်သော အာရုံကိုဖန်ဆင်း၍ မွေ့လျော်တတ်ကုန်သော။ နိမ္မာနရတိ၌ဖြစ်ကုန်သော။ ကာမာစ။ အလိုရှိအင်ကုန်သော ရူပါရုံအစရှိကုန်သော ကာမတရားတို့သည်လည်းကောင်း။ ပရနိမ္မိတာ။ မိမိသန္တာန်ကိုသိ၍သူတပါးတို့သည် ဖန်ဆင်းအပ်သောအာရုံ၌။ မွေ့လျော်ပျော်ပိုက် တတ်ကုန်သော။ ပရနိမ္မိတ၌ဖြစ်ကုန်သော။ ကာမာစ။ အလိုရှိအင်ကုန်သော ရူပါရုံစသော ကာမတရားတို့သည်လည်းကောင်း။ ပရိဂ္ဂဟိတာ။ ငါ၏ဥစ္စာဟုသိမ်းဆည်း

အပ်ကုန်သော။ကာမာဝစ။အလိုရှိအပ်ကုန်သောရူပါရုံစသောကာမတရားတို့သည်လည်းကောင်း။ အပရိဂ္ဂဟိတာ။ ငါ၏ဥစ္စာဟူ၍မသိမ်းဆည်းအပ်ကုန်သော။ကာမာဝစ။အလိုရှိအပ်သောရူပါရုံစသော။ကာမတရားတို့သည်လည်းကောင်း။မမာယိတာ။ငါ၏ဥစ္စာဟုမြတ်နိုးအပ်ကုန်သော။ ကာမာဝစ အလိုရှိအပ်သော ရူပါရုံစသော။ ကာမတရားတို့သည်လည်းကောင်း။ အမမာယိတာ။ငါ၏ဥစ္စာဟုမြတ်နိုးခြင်းမရှိကုန်သော။ကာမာဝစ။အလိုရှိအပ်သော ရူပါရုံစသော ကာမတရားတို့သည်လည်းကောင်း။ သဗ္ဗေပိ။အလုံးစုံလည်းဖြစ်ကုန်သော။ ကာမာဝစရာ။ ကာမဘုံ၌ ဖြစ်တတ်ကုန်သော။ ဓမ္မာစ။ သတ္တဝါအသက်မဟုတ်ကုန်သော။ မိမိလက္ခဏာကိုဆောင်တတ်ကုန်သောသဘောတရားတို့သည်လည်းကောင်း။ သဗ္ဗေပိ။အလုံးစုံလည်းဖြစ်ကုန်သော။ ရူပါဝစရာ ရူပဘုံ၌ဖြစ်တတ်ကုန်သော။ ဓမ္မာစ။ သတ္တဝါအသက် မဟုတ်ကုန်သော။ မိမိလက္ခဏာကို ဆောင်တတ်ကုန်သောသဘောတရားတို့သည်လည်းကောင်း။သဗ္ဗေပိ။အလုံးစုံလည်းဖြစ်ကုန်သော အရူပါဝစရာ။အရူပဘုံ၌ဖြစ်ကုန်သော။ဓမ္မာ။သတ္တဝါအသက်မဟုတ်ကုန်သော။ မိမိမိမိလက္ခဏာကိုဆောင်တတ်ကုန်သောသဘောတရားတို့သည်လည်းကောင်း၊ တဏှာဝတ္ထုကာ။တဏှာ၏အာရုံပြုသောအားဖြင့်တည်ရာဖြစ်ကုန်သောတရားတို့သည်လည်းကောင်း။ တဏှာရမ္မဏာ၊ တဏှာ၏အာရုံဖြစ်ကုန်သော တရားတို့သည်လည်းကောင်း။ကာမနိယဋ္ဌေန၊အလိုရှိအပ်သောအနက်ကြောင့်။ ရဇနိယဋ္ဌေန၊ တပ်ခြင်း၌ထိုက်သော အနက်ကြောင့်။ဝါ။တပ်နှစ်သက်အပ်သောအနက်ကြောင့်။ မဒနိယဋ္ဌေန၊ တဏှာဖြင့်ယစ်ခြင်း၌ထိုက်သောအနက်ကြောင့်။ ဝါ။ တဏှာဖြင့်ယစ်အပ်သောအနက်ကြောင့်။ကာမာ ကာမတို့မည်ကုန်၏။ ။ဣမေ၊ ဤဆိုအပ်ပြီးကုန်သော ရူပါရုံအစရှိသောတရားတို့ကို။ ဝတ္ထုကာမာတိ၊ ဝတ္ထုကာမတို့ဟူ၍။ ဝုစ္စန္တိ။ ဆိုအပ်ကုန်၏။ ။ဤကားမြန်မာပြန်တည်း။ ။ဤသို့ပြဆိုအပ်သည်ကိုထောက်၍။ ဝတ္ထုကာမတရားကိုသိကြလေကုန်။ ။

{မေး} ကာမသုခဟူသောပါဠိဘို့တွင်။ကာမဟူသောပါဠိ၏အရသည်အဘယ်တရားကိုရအပ်ပါသနည်း။ ။

{ဖြေ} ပြဆိုအပ်ပြီးသောကာမဝတ္ထုတို့ကိုအလိုရှိတတ်သော။တဏှာလောဘဘည်းဟူသော ကိလေသာကာမတရားကိုရအပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ကိလေသကာမသုခသဟူ၍၊ဖွင့်ပြအပ်သောမဟာဝဂ္ဂသံယုတ်

အဋ္ဌကထာ ဓမ္မစက္က ပဝတ္တနသုတ်အဖွင့်၌ ပြဆိုအပ်သော၊ ကိလေသကာမ
ဟူသောပါဌ်ကိုဘောက်၍ လည်းကောင်း။ ထိုနည်းအတူ ပဋိသမ္ဘိဒါမဂ်
အဋ္ဌကထာဆယ်ကြောင်းပေဗိချပ်အတွင်းဘက်၌။ ကိလေသကာမသုခဿ
ယူ၍ဖွင့်ပြအပ်သောပါဌ်တို့တွင်။ ကိလေသကာမဟူသောပါဌ်ကိုထောက်
၍သိအပ်ပါသည်။ ။

{မေး} ကိလေသကာမကိုအကျယ်အားဖြင့်ဘယ်လိုသိအပ်ပါသနည်း။

{ဖြေ} ကတမေ ကိလေသကာမာ၊ ဆန္ဒောကာမော။ ရာဂေါကာမော
ဆန္ဒရာဂေါကာမော။ သင်္ကပ္ပေါကာမော။ ရာဂေါကာမော။ သင်္ကပ္ပရာဂေါ
ကာမော။ ယောကာမေသု။ ကာမဆန္ဒော။ ကာမရာဂေါ ကာမနန္ဒီ။ ကာမ
တဏှာ။ ကာမသ္နေဟော။ ကာမ ပရိဠာဟော။ ကာမမုစ္ဆာ။ ကာမဇ္ဈော
သာနံ။ ကာမောဃော ကာမယောဂေါ။ ကာမုပါဒါနံ ကာမစ္ဆန္ဒနီဝရဏံ။
အဒ္ဒသံကာမတေမူလံ၊ သံကပ္ပါကာမဇာယတိ။ နတံသင်္ကပ္ပယိဿာမိ။ ဧဝံ
ကာမနဟောသိတိ။ ။ဣမေဝုစ္စန္တိ ကိလေသကာမာ ဟူ၍လာရှိသော
မဟာနိဒ္ဒေသပါဠိတော်ကိုထောက်၍သိအပ်၏။ ။အနက်သိကြောင်းမြန်
မာပြန်ကား။ ။ကတမေ၊ အဘယ်မည်သော တရားတို့သည်။ ကိလေသ
ကာမာ။ ကိလေသကာမမည်ကုန်သနည်း။ ။ဝါ။ဘား။ ကိလေသကာမာ
ကိလေသကာမ တို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ။ဆန္ဒော။
အနည်းငယ်အလိုရှိတတ်သော။ ကာမော၊ ကာမသည်လည်းကောင်း။ ရာ
ဂေါ၊ တပ်တတ်သော ကာမော။ ကာမသည်လည်းကောင်း။ ဆန္ဒရာဂေါ။
အာရုံကိုပြင်းစွာ လိုခြင်တပ် တတ်သော၊ ကာမော၊ ကာမ သည်လည်း
ကောင်း။ သင်္ကပ္ပေါ၊ မက်မောသောအားဖြင့်။ အနည်းငယ် ကြံဆတတ်
သော။ ကာမော။ ကာမ မည်သောလောဘသည်လည်းကောင်း။ ရာဂေါ။
ပြင်းစွာတပ်တတ်သော။ ကာမော။ ကာမ မည်သောလောဘသည်လည်း
ကောင်း။ သင်္ကပ္ပရာဂေါ။ မက်မောသည်၏အစွမ်းဖြင့်။ အားကြီးစွာကြံဆ
တတ်။ ပြင်းစွာတပ်တတ်သော။ ကာမော။ ကာမမည်သောလောဘသည်
လည်းကောင်း။ ကာမေသု။ အလိုရှိအပ်သောရူပါရုံစသော ကာမဝတ္ထုတို့
၌။ ယောကာမဆန္ဒော။ အကြင် လိုခြင်းတောင်းတတတ်သော။ ကာမစ္ဆန္ဒ
မည်သောလောဘသည်လည်းကောင်း။ ကာမရာဂေါ။ လိုခြင်တတ် တပ်
တတ်သော။ ကာမရာဂမည်သောလောဘသည်လည်းကောင်း။ ကာမနန္ဒီ
အာရုံကိုအလိုရှိတတ်နှစ်သက်တတ်သော။ ကာမနန္ဒီမည်သောလောဘ
သည်သည်းကောင်း။ ကာမတဏှာ။ အာရုံကို အလိုရှိတတ်မွတ်သိပ်တတ်
သော။ ကာမတဏှာမည်သောလောဘသည်လည်းကောင်း။ ကာမသ္နေဟော

အာရုံကိုအလိုရှိတတ်၊ ချစ်ခင်တတ်သော။ ကာမသွေဟမည်သော လောဘသည်လည်းကောင်း။ ကာမပရိဠာဟော' အာရုံကိုလိုခြင်မက်မော၍ပူလောင်နေသော။ လောဘတရားသည်လည်းကောင်း။ ကာမမုစ္ဆာ၊ အာရုံကိုလိုခြင်တောင်းတသဖြင့်။မိန်းမောတွေဝေတတ်သောကာမမုစ္ဆာမည်သောလောဘသည်လည်းကောင်း။ကာမဇ္ဈောသာနံ၊အာရုံကိုလိုခြင်တိုင်းမျိုသိပ်၍ ပြီးဆုံးစေတတ်သော။ကာမဇ္ဈောသာနမည်သောလောဘသည်လည်းကောင်း။ ကာမောဃော၊ အာရုံကိုလိုခြင်မက်မောသော အားဖြင့်။ ဝဋ်ဆင်းရဲ၌နစ်မြုတ်စေတတ်သော။ကာမောဃမည်သောလောဘသည်လည်းကောင်း။ ကာမယောဂေါ၊ အာရုံကိုလိုခြင်မက်မောသောအားဖြင့်။ ဝဋ်ဆင်းရဲ၌မပြတ်ယှဉ်စေတတ်သော။ကာမယောဂမည်သော လောဘတရားသည်လည်းကောင်း။ကာမုပါဒါနံ၊အာရုံကိုလိုခြင်တပ်ပြင်းစွာစွဲလမ်းတတ်သော။ ကာမုပါဒါနမည်သော လောဘ သည်လည်းကောင်း။ ကာမဆန္ဒနိဝရဏံ၊ ကာမစ္ဆန္ဒတည်းဟူသော ပိတ်၍။ ကုသိုလ်တရားမဝင်နိုင်အောင် ပိတ်ပင်တတ်သော။ ကာမစ္ဆန္ဒနိဝရဏဟုဆိုအပ်သော လောဘတရားသည်လည်းကောင်း။ ။ကာမ၊ ဟော့ကာမ။တေ။သင်၏။မူလံ၊ တည်ရာကို။ ဝါ။ အခြေအမြစ်ကို။ အဒ္ဒသံ၊ မြင်ပြီ။ သင်္ကပ္ပါ၊ လှပတင့်တယ်သည်ဟူ၍ ကြံဆခြင်းကြောင့်။ ကာမကာမော၊ ကာမတဏှာသည်။ ဇာယတိ၊ ဖြစ်၏။ တံ။ ထိုလှပတင့်တယ်သည်ဟူ၍ကြံဆခြင်းကို။ အဟံ၊ ငါသည်။ နသင်္ကပ္ပယိဿာမိ၊ မကြံဆတော့အံ့။ ။ဧဝံ၊ ဤသို့မကြံဆသည်ရှိသော်။ ကာမ၊ ကာမော။ လိုခြင်တတ်သော ကာမတဏှာသည်။ နဟောသိ၊ ဖြစ်မှုမရှိလတ္တံ့သတည်း။ ။အုတ္တိဂ္ဂ ရမေ၊ ဤပြဆိုအပ်ပြီးသော လောဘတရားဟူသမျှတို့ကို။ကိလေသကာမာတိ ကိလေသကာမတရားတို့ဟူ၍၊ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ။ဤကား။မြန်မာပြန်တည်း။ ဤသို့ပြဆိုအပ်သည်ကိုထောက်၍။ ကိလေသကာမမည်သော တရားကိုသိကြလေ။ ။

{မေး} ကိလေသကာမကို၊ အဘယ်သို့ဝိဂြိုဟ်ပြုအပ်ပါသနည်း။ ။

{ဖြေ} ကာမေတီတိ ကာမောဟု၊ ကတ္တုသာဓနကိတ်ဝိဂြိုဟ်ပြုရာ၏။ ယောလောဘော၊ အကြင်လောဘသည်။ ကာမေတိ၊ အလိုရှိတတ်၏။ ဣတိတသ္မာ။ ထိုသို့အလိုရှိတတ်သောသတ္တိကြောင့်။ သောလောဘော၊ ထိုလောဘသည်။ ကာမော၊ ကာမမည်၏။ (ကမုဓာတ်။ ဏပစ္စည်း။)

{မေး} ကာမသုခဟူသောပုဒ်၌လာရှိသော၊ ကာမအရကိုသိရပါပြီ။ သုခဟူသောပုဒ်၏အရကို။ ဘယ်လိုသိအပ်ပါသနည်း။ ။

{ဖြေ} ကာမသုခဋ္ဌလာရှိသောသုခဟူသောပုဒ်၏အရကို။ကာမဝတ္ထုကို အလိုရှိတတ်သော။ ကိလေသကာမဟုဆိုအပ်သော လောဘနှင့်။ အညီအညွတ်အပြားအားဖြင့်ယှဉ်၍ဖြစ်သော။ချမ်းသာစွာခံစားတတ်သော သောမနဿဝေဒနာသဘောကိုပင်။ သုခဟုသိအပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍ သိအပ်ပါသနည်း။ ။

{ဖြေ} ကတမံ တသ္မိံ သမယေ သုခံ ဟောတိ။ ယံ တသ္မိံ သမယေ။ စေတသိကံ သာတံ စေတသိကံ သုခံ။ စေတောသမ္ဖဿဇံ။ သာတံ သုခံ ဝေဒယိတံ။ စေတောသမ္ဖဿဇာ။ သာတာ သုခါ။ ဝေဒနာ။ ဣဒံ တသ္မိံ သမယေ သုခံ ဟောတိဟူ၍ ဟောတော်မူအပ်သော။ မြွေသင်္ဂဏီပါဠိတော်ပါဠိကိုထောက်၍ သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။တသ္မိံ သမယေ၊ ထို သောမနဿသောဘာမူစိတ်ဖြစ်သောအခါ၌။ ကတမံ အဘယ်မည်သောတရားသည်။ သုခံ၊ သုခ မည်သည်၊ ဟောတိ၊ ဖြစ်သနည်း။ ။တသ္မိံ သမယေ၊ ထိုသောမနဿ သဟဂုတ်လောဘမူ စိတ်ဖြစ်သောအခါ၌။ စေတသိကံ၊ သိမှုစိတ်ကိုမှီ၍ဖြစ်သော။ဝါ။သိမှုစိတ်နှင့်ယှဉ်သော။ ယံ သာတံ၊ အကြင်သမ္ပယုတ်တရားတို့ကို။ သာယာစေတတ်သော သောမနဿဝေဒနာသည်။ ဟောတိ။၏။ စေတသိကံ သိမှုစိတ်ကိုမှီ၍ဖြစ်သော။ဝါ။သိမှုစိတ်နှင့်ယှဉ်သော။ ယံ သုခံ၊ အကြင် သမ္ပယုတ်တရားတို့ကို၊ ချမ်းသာ စေတတ်သော။သောမနဿဝေဒနာသည်။စေတော၊သိမှုစိတ်၏။သမ္ဖဿဇံ၊အတွေ့ဖဿကြောင့်ဖြစ်သော။ သာတံ၊သမ္ပယုတ်တရားတို့ကို။ သာယာစေတတ်သော။ သုခံ၊ သမ္ပယုတ်တရားတို့ကို။ ချမ်းသာစေတတ်သော။ ယံ ဝေဒယိတံ၊ အကြင် ခံစားခြင်းသည်။ စေတော၊ သိမှုစိတ်၏။ သမ္ဖဿဇာ။အတွေ့ဖဿ ကြောင့်ဖြစ်သော။ သာတာ။ သမ္ပယုတ်တရားတို့ကို။ သာယာ စေတတ်သော။ သုခါ။ ချမ်းသာစေတတ်သော။ ယာ ဝေဒနာ။ အကြင်ခံစားတတ်သော။ သောမနဿ ဝေဒနာသည်။ ဟောတိ။ ဖြစ်၏။ ။တသ္မိံ သမယေ။ ထိုစိတ်ဖြစ်သောအခါ၌။ ဣဒံ။ဆိုအပ်ပြီးသော သောမနဿဝေဒနာသည်။ သုခံ။သုခမည်သည်။ ဟောတိ။ ဖြစ်၏။ ။ဤသို့ပြဆို အပ်သည်ကို ထောက်၍။သုခအရသောမနဿဝေဒနာဖြစ်သည်၏အဖြစ်ကိုသိကြလေ။ ။

{မေး} ကာမပုဒ်နှင့် သုခပုဒ်ကို။ ဘယ်ဝိဂြိုဟ်ပြုလုပ်အပ်ပါမည်နည်း။

{ဖြေ} ကာမေန သမ္ပယုတ္တံ သုခံ။ ကာမသုခံဟူ၍။ မဇ္ဈေလောပတပ္ပုရိသ သမာသ်ပြုလုပ်အပ်ပါသနည်း။ ။မြန်မာပြန်ကား။ ။ကာမေန။ ကိလေသကာမနှင့်။ သမ္ပယုတ္တံ အညီအညွတ်အပြားအားဖြင့်ယှဉ်သော။ သုခံ။ သု

ခတည်း။ ကာမသုခံ။ ကိလေသကာမနှင့်။ အညီအညွတ် အပြားအားဖြင့် ယှဉ်သော သုခ။ သောမနဿဝေဒနာကိုရ၏။ ။

{မေး} ကာမသုခလ္လိကာနုယောဂ ဟူသော ပါဠိတို့တွင်၊ အလ္လိကဟူသောပါဠ်အရကိုဘယ်လိုသိအပ်ပါမည်နည်း။ ။

{ဖြေ} ကာမသုခ၌၊ စိတ်ကိုနှောင်ဖွဲ့တတ်သော။ ဝါ။ ကာမသုခ၌ ကပ်ငြိတတ်သော တဏှာတရားကို။ အလ္လိကဟုသိအပ်ပါသည်။ ။

{မေး} အဘယ်သို့သောဝိဂြိုဟ်ဝစနတ္ထကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} အလတိဗန္ဓတီတိ။ အလ္လာ။ အလတိလဂ္ဂတီတိဝါ။ အလ္လာ။ အလ။ ဗန္ဓနေ၊ အလ။ လဂ္ဂနေဝါတိ ဓာတု။ လပစ္စယော။တဏှာ။အလ္လာ ယောဝ။ အလ္လိကာ။ သွာတ္ထတဒ္ဓိတ။ ဏိကပစ္စယော။ ။ဤပြဆိုအပ်သောဝိဂြိုဟ်ဝစနတ္ထအားလျော်စွာ သိအပ်ပါသည်။ ။မြန်မာပြန်ကား။ ယာတဏှာ အကြင်တဏှာသည်။အလတိဗန္ဓတိ၊ဖွဲ့တတ်၏။ဣတိတသ္မာ၊ ထိုသို့နှောင်ဖွဲ့တတ်သောသတ္တိကြောင့်၊ သာတဏှာ၊ ထိုတဏှာသည်။ အလ္လာ၊ အလ္လာမည်၏။ ဝါ။တနည်းကား။ ။ယာတဏှာ၊ အကြင်တဏှာသည်။ အလတိ လဂ္ဂတိ။ ကပ်ငြိတတ်၏။ ။ဣတိဘသ္မာ ထိုသို့ကပ်ငြိတတ်သောသတ္တိကြောင့်။ သာတဏှာ၊ ထိုတဏှာသည်။ အလ္လာ၊ အလ္လာမည်၏။ အလ အလဓာတ်သည်၊ဗန္ဓနေ၊ဖွဲ့ခြင်းအနက်၌။ ဝတ္တတိ။ ဖြစ်၏၊ ။ဝါတနည်းကား။ ။ အလ၊ အလဓာတ်သည်။ လဂ္ဂနေ၊ ကပ်ငြိခြင်းအနက်၌။ ဝတ္တတိ။ ဖြစ်၏။ ။ ဣတိဓာတု၊ ဤသို့အနက်သဘောရှိသော ဓာတ်တည်း။ ။လပစ္စယော၊ လပစ္စည်းသည်။ဟောတိ။ ဖြစ်၏။ ။တဏှာ၊တဏှာကို။ လဘ္ဘတိ၊ ရအပ်၏။ အလ္လာယေဝ၊ ဖွဲ့တတ်သော တဏှာ။ ကပ်ငြိတတ်သော တဏှာသည် သာလျှင်။အလ္လိကာ၊အလ္လိကမည်၏။သွတ္ထတဒ္ဓိတေ၊သွတ္ထတဒ္ဓိတ်၌။ဏိကပစ္စယော၊ဏိကပစ္စည်းသက်သည်။ဟောတိ။ဖြစ်၏။ဤကားမြန်မာပြန်တည်း။

{မေး} ကာမသုခဟူသောပုဒ်နှင့်။ အလ္လိကဟူသောပုဒ်ကို။ ဘယ်ကဲ့သို့ စပ်၍ ဝိဂြိုဟ်ပြုအပ်ပါသနည်း။ ။

{ဖြေ} ကာမသုခေအလ္လိကာ ကာမသုခလ္လိကာဟု။ သတ္တမီ တပ္ပုရိသ မာသ်။ ဝိဂြိုဟ်ပြုအပ်ပါသည်။ ။မြန်မာပြန်ကား။ ။ကာမသုခေ၊ ကာမ သုခ၌။အလ္လိကာ၊ဖွဲ့တတ်သော။ဝါ။ကပ်ငြိတတ်သောတဏှာတည်း။ကာမသုခလ္လိကာ၊ ကာမသုခ၌ဖွဲ့တတ်ကပ်ငြိတတ်သော တဏှာ၊ အဓိပ္ပါယ်ကား။ ။ကာမသုခ၌ ဖွဲ့တတ်ကပ်ငြိတတ်သော တဏှာကိုသာလျှင်။ ကာမသုခလ္လိကဟုခေါ်ဆိုအပ်သည်ဟုလို။ ။

{မေး} ကာမသုခလ္လိကာဟူသော ပုဒ်၏အရကိုသိရပါပြီ။ အနုယောဂ ဟူသော ပုဒ်၏အနက်ကို ဘယ်လိုသိအပ်ပါသနည်း။ ။

{ဖြေ} အဘန်တလဲလဲ ယှဉ်မှုဟူသော အနက်ကိုသိအပ်ပါသည်။ ။

{မေး} ဘယ်ဝိဂြိုဟ်ဝစနတ္ထကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ယုဇ္ဇတိတိယောဂေါ။ ယုဇဓာတ်ယောဂေဝတိဓာတု။ ဏပစ္စယော၊အနုပုနပ္ပုနံယောဂေါ၊ အနုယောဂေါ ဟူ၍ ပြုလုပ်အပ်သော။ ( ဝိဂြိုဟ်ဝစနတ္ထ)ကိုထောက်၍သိအပ်ပါသည်။ ။မြန်မာပြန်ကား။ ။ယောအနက္ခာ အကြင်စက်ဆုတ်အပ်သောအစုတရားသည်၊ဝါ။အဘို့တရားသည်။ယုဇ္ဇတိ ယှဉ်တတ်၏။ဇာတိတသ္မာ ထိုသို့ယှဉ်တတ်သောတရား၏အဖြစ်ကြောင့် သောအနက္ခာ ထိုစက်ဆုတ်အပ်သော အစုအဘို့တရားသည်။ယောဂေါ၊ ယောဂမည်၏။ ယုဇ၊ ယုဇဓာတ်သည်။ ယောဂေယှဉ်ခြင်းအနက်၌ ဝတ္တတိ။ ဖြစ်၏။ ဇာတိဓာတု။ ၎င်းသို့အနက်သဘောရှိသော ဓာတ်တည်း။ ဏပစ္စယော၊ ဏပစ္စည်းသည်။ ဟောတိ။ဖြစ်၏။ ။အနုပုနပ္ပုနံ၊ အဘန်တလဲလဲ ယောဂေါ၊ ယှဉ်သောအနက္ခတရားတည်း။ ။အနုယောဂေါ၊ အဘန်တလဲ လဲယှဉ်သော အနက္ခတရား၊ ။ဤကားမြန်မာပြန်တည်း။ ။၎င်းသို့ပြဆိုအပ် သော ဝိဂြိုဟ်ဝစနတ္ထကိုထောက်၍။ အနုယောဂအရကိုသိလေ။ ။

{မေး} ကာမသုခလ္လိကနှင့်၊ အနုယောဂပုဒ်ကိုဘယ်လို(ဝိဂြိုဟ်)တွဲစပ် အပ်ပါမည်နည်း။ ။

{ဖြေ} ကာမသုခလ္လိကာယ အနုယောဂေါ။ ကာမသုခလ္လိကာနုယော ဂေါဟူ၍။ တတိယာ တပ္ပုရိသမာသ် တွဲစပ်အပ်ပါသည်။ ။မြန်မာပြန် ကား။ ။ကာမသုခလ္လိကာယ၊ ကာမသုခ၌ဖွဲ့တတ်ကပ်ငြိတတ်သော။ တ ဏှာနှင့်။အနုယောဂေါ၊အဘန်တလဲလဲယှဉ်သော အနက္ခတရားသည်။ကာ မသုခလ္လိကာ နုယောဂေါ။ ကာမသုခ၌ အဘန်တလဲလဲ၊ ဖွဲ့တတ်ကပ်ငြိ တတ်သော တဏှာနှင့်။ အဘန်တလဲလဲယှဉ်သောအနက္ခတရား။ ။၎င်းသို့ပြ ဆိုအပ်သော(ဝိဂြိုဟ်)ကိုထောက်၍၊ ကာမသုခလ္လိကပုဒ်နှင့်၊ အနုယောဂ ပုဒ်ကို (ဝိဂြိုဟ်)တွဲစပ်ပုံကိုသိလေ။ ။

{မေး} ၎င်းကာမသုခလ္လိကာနုယောဂဟု ဆိုအပ်သော အနက္ခအကျင့် သည်။ မြတ်သောအကျင့်လော။ သို့မဟုတ် ယုတ်သောအကျင့်လော။

{ဖြေ} ယုတ်သောအကျင့်ဖြစ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍ သိအပ်ပါသနည်း။ ။

{ဖြေ} ဟီနောဟူသောဓမ္မစကြာပါဠိတော်ပါဠိကိုထောက်၍လည်းကောင်း ဟီနောတိ၊ လာမကောဟူ၍ ဖွင့်ပြအပ်သော။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ။

ဆယ်ကြောင်းပေ၊ ဗိချပ်အတွင်းဘက်၌။ မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း။ (ဟိနောတိလာမကော)ဟူသော။ တေရသကဏ္ဍိကာပါဠ်ကိုထောက်၍လည်းကောင်း သိအပ်ပါသည်။ ။မြန်မာပြန်ကား။ ။ ဟိနော၊ယုတ်သော။ ဓမ္မစက္ကပဝတ္တနသုတ်ပါဠ်၏။ ။မြန်မာပြန်တည်း။ဟိနောတိ၊ဟိနောဟူသည်ကား။လာမကော၊ယုတ်သော။ ။ဤကားအဋ္ဌကထာပါဠ်၏မြန်မာပြန်တည်း။ ။ဋီကာပါဠ်၏မြန်မာပြန်လည်း။ ၎င်းနည်းတူသာတည်း။ (ဝိဂြိုဟ်ပြုလုပ်လိုသော်။) ။လာမကဘာဝံဟိနောတိ။ဂစ္ဆတိတိ ဟိနော ဟိခေတ်။ ဂတိအနက်ဟော ဇ္ဇပစ္စည်း။ ယောကာမသုခလ္လိကာ နုယောဂေါ အကြင် ကာမသုခလ္လိကာနုယောဂတရားသည်။ လာမကဘာဝံ ယုတ်သည်၏အဖြစ်သို့။ဟိနောတိ၊ဂစ္ဆတိ။ရောက်တတ်၏။ဇ္ဇတိတသ္မာ၊ ထိုသို့ယုတ်သည်၏အဖြစ်သို့ ရောက်တတ်သောသတ္တိကြောင့်။ သောကာမသုခလ္လိကာနုယောဂေါ၊ ထိုကာမသုခလ္လိကာနုယောဂတရားသည်။ဟိနော၊ ဟိနမည်၏။ ။ဤကားမြန်မာပြန်တည်း။ ။

{မေး} ၎င်းကာမသုခလ္လိကာနုယောဂတည်းဟူသော။ ယုတ်သောအကျင့်သည်။ အဘယ်သူတို့၏အကျင့် ဥစ္စာဖြစ်ပါသနည်း။ ။

{ဖြေ} ရွာ၌နေသော သူတို့၏အကျင့် ဥစ္စာသာလျှင်ဖြစ်ပါသည်။ ။

{မေး} အဘယ်ပါဠ်ကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ဂမ္မောဟူသော၊ ဓမ္မစက္ကပဝတ္တနသုတ် ပါဠ်ကိုထောက်၍လည်းကောင်း။ ဂမ္မော တိ၊ ဂါမဝါသိနံ သန္တကော ဟူ၍ဖွင့်အပ်သောပဋိသမ္ဘိဒါမဂ်၏အဋ္ဌကထာပါဠ်ကိုထောက်၍လည်းကောင်း။ ဂါမဝါသီနံသန္တကော ဟူ၍ ဖွင့်ဆိုအပ်သော။ မဟာဝဂ္ဂသံယုတ် အဋ္ဌကထာပါဠ်ကို ထောက်၍လည်းကောင်း။ ဂမ္မောတိ၊ ဂါမ ဝါသိနံ သန္တကော။ တေဟိသေဝိ တဗ္ဗတာယ ဟူ၍ ဖွင့်ဆိုအပ်သော တေရသကဏ္ဍိကာ ပါဠ်ကိုထောက်၍လည်းကောင်း သိအပ်ပါသည်။ ။မြန်မာပြန်ကို၊ အစဉ်အတိုင်းပြဆိုဦး။ ။ဂမ္မော၊ ရွာ၌နေသော သူတို့၏ ဥစ္စာဖြစ်သော၊ ဤကား ဓမ္မစက္ကပဝတ္တနသုတ်ပါဠ်၏မြန်မာပြန်တည်း။ ။ဂမ္မောတိ၊ ဂမ္မောဟူသည်ကား။ ဂါမဝါသီနံ၊ ရွာ၌နေသောသူတို့၏။ သန္တကော၊ ဥစ္စာဖြစ်သော။ ။ဤကား ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။ ။ဂါမဝါသိနံ၊ရွာ၌နေသောသူတို့၏။ သန္တကော၊ဥစ္စာ ဖြစ်သော။ ။ဤကားမဟာဝဂ္ဂသံယုတ်အဋ္ဌကထာပါဠ်၏ မြန်မာပြန်တည်း။ ။ဂမ္မောတိ၊ ဂမ္မောဟူသည်ကား။ ။ဂါမဝါသိနံ၊ ရွာ၌နေသောသူတို့၏။သန္တကော၊ဥစ္စာဖြစ်သောအကျင့်တရားတည်း။ကသ္မာ၊

အဘယ်ကြောင့်၊ ရှာဠ်နေသော သူတို့၏ အကျင့်တရားဟု ဆိုအပ်လေသ
နည်း။ တေဟိ၊ ထိုရှာဠ်သောသူတို့သည်။ သေဝိတဗ္ဗတ္တာ၊ မှီဝဲအပ်သည်၏
အဖြစ်ကြောင့်တည်း။ ဤကား တေရသကဏ်ပါဠိ၏မြန်မာပြန်တည်း။
ဤသို့ပြဆိုအပ်သည်ကိုထောက်၍။ ရှာဠ်နေသောသူတို့၏အကျင့် ဥစ္စာဖြစ်
သည့်၏အဖြစ်ကိုထင်ရှားသိကြလေ။ ။ရင်းဂမ္မကို(ဝိဂြိုဟ်ပြုလုပ်လိုသော်)
ဂါမေဝသန္တိတိဂါမာ။ ဂါမာနံသန္တကောတိ ဂမ္မောဟူ၍(ဝိဂြိုဟ်)ပြုလုပ်
ရာ၏။ ယေမနုဿ၊ အကြင်လူတို့သည်။ ဂါမေ၊ ရှာဠ်၌။ ဝသန္တိ၊ နေတတ်ကုန်
၏။ ဣတိတသ္မာ။ ထိုသို့ရှာဠ်နေတတ်ကုန်သည်၏ သတ္တိကြောင့်။ တေမ
နုဿာ၊ ထိုလူတို့သည်။ ဂါမာ၊ ဂါမမည်ကုန်၏။ ရှာဠ်နေသောလူတို့ကိုရ၏။
ဂါမာနံ၊ ရှာဠ်နေသောလူတို့၏။ သန္တကော၊ ဥစ္စာတည်း။ ဂမ္မော၊ ရှာဠ်နေ
သော လူတို့၏ ဥစ္စာ။ ။ဤဘား(ဝိဂြိုဟ်)၏ မြန်မာပြန်တည်း။ ။
{မေး} ရင်းကာမသုခလ္လိကာနုယောဂ အကျင့်တရားကို။ ရှာဠ်နေသော
လူတို့၏အကျင့်တရားဟူ၍သိအပ်ပါပြီ။ ထိုအကျင့်တရားကိုရှာဠ်နေသော
လူတို့တွင်။ အဘယ် လူတို့သည် များစွာအလေ့အကျင့်ကို ပြုလုပ်အပ်ပါ
သနည်း။ ။
{ဖြေ} ခန္ဓာအာယတနဓာတ်သစ္စာတို့ကို မသိကုန်သောအန္ဓပုထုဇ္ဇာန်
တို့သည်။ များစွာလေ့ကျက်အပ်ပါသည်။ ။
{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။
{ဖြေ} ပေါထုဇ္ဇနိကော ဟူသော ဓမ္မစက္ကပဝတ္တနသုတ်ပါဠိတော်ပါဠိ
ကိုထောက်၍လည်းကောင်း။ ပေါထုဇ္ဇနိကောတိ၊ ပုထုဇ္ဇနေန၊ အန္ဓဗာလ
ဇနေန အာစိဏ္ဏော ဟူ၍ဖွင့်အပ်သော။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊ ဆယ်
ကြောင်းပေ။ ဖီချပ်အတွင်းဘက်၌၊ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း
ကောင်း၊ ။ပေါထုဇ္ဇနိကောတိ၊ ပုထုဇ္ဇနန္ဓဗာလ ဇနေနအာစိဏ္ဏော ဟူ
၍ဖွင့်ဆိုအပ်သော။ မဟာဝဂ္ဂသံယုတ် အဋ္ဌကထာပါဠိကို ထောက်၍လည်း
ကောင်း။ ပေါထုဇ္ဇနိကောတိ၊ ပုထုဇ္ဇနေနအန္ဓဗာလဇနေနအာစိဏ္ဏော ဟူ
၍ဖွင့်ဆိုအပ်သော၊ တေရသကဏ်ဋီကာပါဠိကိုထောက်၍လည်းကောင်း
သိအပ်ပါသည်။ ။မြန်မာပြန်ကို အစဉ်အတိုင်းပြဆိုဦးအံ့။ ။ပေါထုဇ္ဇနိ
ကော၊ များစွာသောကိလေသာတို့ကိုဖြစ်စေတတ်သော။ အန္ဓဗာလပုထု
ဇ္ဇာန်တို့သည် များစွာလေ့ကျက်အပ်သော။ ။ဤကားပါဠိတော် ပါဠိ၏
မြန်မာပြန်တည်း။ ။ပေါထုဇ္ဇနိကောတိ၊ ပေါထုဇ္ဇနိကောဟူသည်ကား။
ပုထုဇ္ဇနေန၊ များစွာသောကိလေသာတို့ကိုဖြစ်စေတတ်သော။ အန္ဓဗာလ
ဇနေန၊ ခန္ဓာအာယတနဓာတ်စသည်တို့ကို မသိမမြင်တတ်သော။ မောဟ

အဝိဇ္ဇာဖြင့် ကန်းသော။ ဗာလပုထုဇ္ဇာနိဖြစ်သောသူသည်။ အာစိဏ္ဏော၊ များစွာလေ့ကျက်အပ်သော။ ။ဤကားပဋိသမ္ဘိဒါမဂ် အဋ္ဌကထာပါဠိ၏မြန်မာပြန်တည်း။ ကျန်သောအဋ္ဌကထာဋီကာပါဠိတို့၏မြန်မာပြန်လည်း၊ ရှေးနည်းအတူ သာလျှင်တည်း။ ။ဤသို့ပြဆိုအပ်သော ပါဠိတော် အဋ္ဌကထာဋီကာပါဠိတို့ကိုထောက်၍လည်း။ ဧင်းကာမသုခလ္လိကာ နုယောဂ အယုတ်တရားကို။များစွာသော ကိလေသာတို့ကိုဖြစ်စေတတ်သော။ခန္ဓာ အာယတနဓာတ်စသည်တို့ကို မသိမမြင်တတ်သော။ မောဟအဝိဇ္ဇာဖြင့် ကန်းသောဗာလပုထုဇ္ဇာနိတို့သည်။ များစွာလေ့ကျက်အပ်သောတရား၏ အဖြစ်ကိုသိကြလေ။ ။(ဝိဂြိုဟ်ပြုလုပ်လိုသော်။)ပုထုကိလေသေ၊ ဇနေ န္တီတိပုထုဇ္ဇနာ။ပုထုဇ္ဇနေဟိအာစိဏ္ဏော။ပေါထုဇ္ဇနိကောဟူ၍ဝိဂြိုဟ်ပြုအပ်၏။ ။မြန်မာပြန်ကား။ ။ယေအန္ဓဗာလာ၊အကြင်အဝိဇ္ဇာဖြင့်ကန်းသောမိုက်သောသူတို့သည်။ ပုထုကိလေသေ။ များစွာကုန်သော ကိလေသာတို့ကို။ ဇနေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့များစွာကုန်သော ကိလေသာတို့ကို။ဖြစ်စေတတ်ကုန်သည်၏အဖြစ်ကြောင့်။ တေအန္ဓဗာလာ၊ထိုအဝိဇ္ဇာဖြင့်ကန်းကုန်သော သူမိုက်တို့သည်။ ပုထုဇ္ဇနာ'ပုထုဇ္ဇနမည်ကုန်၏။ ပုထုသဒ္ဒါ၏အနီးရှိသော ဇနဓာတ်။ အပစ္စည်း။ ယော ကာမသုခလ္လိကာနုယောဂေါ။အကြင်ကာမသုခလ္လိကာနုယောဂတည်းဟူသော အနတ္ထတရားကို။ပုထုဇ္ဇနေဟိ၊အန္ဓဗာလပုထုဇ္ဇာနိတို့သည်။အာစိဏ္ဏော၊လေ့ကျက်အပ်၏။ဣတိတသ္မာ၊ထိုသို့အန္ဓဗာလပုထုဇ္ဇာနိတို့သည်။ လေ့ကျက်အပ်သောတရား၏အဖြစ်ကြောင့်။ သောကာမသုခလ္လိကာနုယောဂေါ။ထိုကာမသုခလ္လိကာနုယောဂတည်းဟူသော အနတ္ထတရားသည်။ ပေါထုဇ္ဇနိကော၊ ပေါထုဇ္ဇနိကောမည်၏။ ပေါထုဇ္ဇနိကော အန္ဓဗာလ ပုထုဇ္ဇာနိတို့သည် လေ့ကျက်အပ်သော အနတ္ထတရား။ ။

{မေး} ထိုကာမသုခလ္လိကာ နုယောဂ တည်းဟူသော အကျင့်တရားသည်။ကိလေသာမှဖြူစင်မြင့်မြတ်သောတရားပါလော။သို့မဟုတ်မဖြူစင်မမြင့်မြတ်သောတရားပါလော။ဘယ်လိုခွဲခြမ်းဝေဘန်၍ သိအပ်ပါမည်နည်း။

{ဖြေ} ထိုကာမသုခလ္လိကာနုယောဂ တရားသည်။ လောဘဒိဋ္ဌိစသော ကိလေသာအညစ်အကြေးတို့နှင့်။ ပွမ်းတီးသောအကျင့်တရားဖြစ်သော ကြောင့်။ ဖြူစင်သန့်ရှင်းမြင့်မြတ်သောတရားမဟုတ်ဟုသိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။ ၄

{ဖြေ} အနရိယောတိဟူ၍ဟောတော်မူအပ်သော၊ ဓမ္မစက္ကပဝတ္တနသုတ် ပါဠိကိုထောက်၍လည်းကောင်း။ အနရိယောတိ၊ နအရိယော၊ နဝိသုဒ္ဓေါ။

နဥတ္တမောဟူ၍ဖွင့်အပ်သော မဟာဝဂ္ဂသံယုတ်အဋ္ဌကထာပါဠိကိုထောက်
၍လည်းကောင်း။ ထိုနည်းအတူ တေရသကဏ်ဋီကာ၌။ ဖွင့်အပ်သည်ကို
ထောက်၍လည်းကောင်း သိအပ်ပါသည်။ ။အစဉ်အတိုင်း၊မြန်မာပြန်ကို
ပြဆိုဦးအံ့။ ။အနရိယော၊ကိလေသာတို့မှဖြူစင် မြင့်မြတ်သောတရားမ
ဟုတ်သော။ ။ဤကား ပါဠိတော်ပါဠိ၏ မြန်မာပြန်တည်း။ ။အနရိယော
တိ၊ အနရိယော ဟူသည်ကား။ နအာရိယော၊ နပိသုဒ္ဓေါ၊ ကိလေသာတို့မှ
ဖြူစင်သန့်ရှင်းသောတရားမဟုတ်သော။ နဥတ္တမော၊ မြင့်မြတ်သောတရား
မဟုတ်သော။ ဤကားသံယုတ်အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ ။ဤ
သို့ပြဆိုအပ်သော ပါဠိတော်အဋ္ဌကထာ ဋီကာဂရုဏ်တို့၏။စကားတော်ကို
ထောက်၍။ ထိုကာမသုခလ္လိကာနုယောဂတရားသည်။ စင်စစ်၊မဖြူစင်မ
သန့်ရှင်း။ မမြင့်မြတ်သောတရားသာလျှင် ဖြစ်သည့်၏အဖြစ်ကိုသိကြလေ။
{မေး} ၎င်းကာမသုခလ္လိကာနုယောဂတည်းဟူသော အန္တတရားသည်
မိမိကိုမှီ၍ လေ့လာသောသူတို့၏ ပစ္စုပ္ပန်ဘဝ၌။ လောကီကုသိုလ် လော
ကုတ္တရာကုသိုလ်တည်းဟူသော အကျိုးစီးပွားနှင့်စပ်မစပ်။ ထိုလောကီ
ကုသိုလ် လောကုတ္တရာ ကုသိုလ်တည်းဟူသော အကျိုးစီးပွားကိုဖြစ်စေ
တတ်သော။ အကြောင်းကို ရှိမရှိကို ဘယ်လိုခွဲ ခြမ်းဝေဘန်၍ သိအပ်ပါ
မည်နည်း။ ။
{ဖြေ} ၎င်း ကာမသုခလ္လိကာ နုယောဂ တည်းဟူသော အန္တ တရား
သည်။မိမိကိုမှီ၍လေ့လာသောသူတို့၏။ လောကီကုသိုလ် လောကုတ္တရာ
ကုသိုလ်တည်းဟူသော။ အကျိုးစီးပွားနှင့်လည်းမစပ်။ ထိုလောကီလော
ကုတ္တရာကုသိုလ်တည်းဟူသော။ အကျိုးစီးပွားကို ဖြစ်စေတတ်သောအ
ကြောင်းကိုလည်း။မရှိသောတရားသာလျှင်ဖြစ်သည်ဟူ၍သိအပ်ပါသည်။
{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။
{ဖြေ} အနတ္ထသံဟိတောဟူ၍ဟောတော်မူအပ်သော။ဓမ္မစက္ကပဝတ္တန
သုတ်ကိုထော၍လည်းကောင်း။ အနတ္ထသံဟိတောတိ၊ နအတ္ထသံဟိတော
ဟိတသုခါဝဟကာရဏံ။ အနိဿိတောတိ အဋ္ဌော ဟူ၍ဖွင့်အပ်သော။မ
ဟာဝဂ္ဂသံယုတ်အဋ္ဌကထာဓမ္မစက္ကသုတ် အဖွင့်ပါဠိကိုထောက်၍လည်း
ကောင်း။ ထိုနည်းအတူ တေရသကဏ်ဋီကာ။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ
တို့၌ဖွင့် ဆိုအပ်သည်ကိုလည်းကောင်း ထောက်၍သိအပ်ပါသည်။ ။မြန်
မာပြန်ကို အစဉ်အတိုင်း ပြဆိုဦးအံ့။ ။အနတ္ထသံဟိတော၊ လောကီ ကု
သိုလ်လောကုတ္တရာကုသိုလ်တည်းဟူသော။ အကျိုးစီးပွားနှင့်မစပ်သော
ဤကားပါဠိတော်ပါဠိ၏မြန်မာပြန်တည်း။ ။အနတ္ထသံဟိတောတိ၊အနတ္ထ

သံဟိတော ဟူသည့်ကား။ ။နအတ္တသံဟိတော၊ လောကီလောကုတ္တရာကု သိုလ်တရားတည်းဟူသော။ အကျိုးစီးပွားနှင့်မစပ်သော။ ။ဟိတ သုခါဝ ဟကာရဏံ၊ စီးပွါးချမ်းသာကိုဆောင်သောအကြောင်းကို။အနိသိတော မရှိသော၊ ဣတိအယံ၊ ဤသည့်ကား။ အတ္ထော အနက်တည်း။ ဤသို့ပြဆိုအပ် သော ပါဠိတော်အဋ္ဌကထာဋီကာဂုရုဝတို့၏ စကားတော်ကိုထောက်၍။ ၎င်း ကာမသုခလ္လိကာနုယောဂအကျင့်တရားသည်။မိမိကိုလေ့လာမှိဲသောသူ တို့၏။ လောကီကုသိုလ် လောကုတ္တရာကုသိုလ်တည်းဟူသော။ အကျိုးစီး ပွားကိုမဖြစ်စေတတ်သောတရား၏အဖြစ်ကိုသိကြလေ။ (ဝိဂ္ဂြဟ်ပြုလုပ် လိုသော်။) ။ကာရဏေန အရိယာတိ၊ ပဝတ္တိယာတိတိ အတ္ထော၊ အရဂတိယံ နိ့ခါတုထပစ္စယော။ ပယောဇနော။ အတ္ထေနသံဟိတော။ အတ္တသံဟိတော နအတ္တသံဟိတော။ အနတ္တသံဟိတောဟုဝိဂ္ဂြဟ်ပြုရာ၏။ မြန်မာပြန်ကား။ ယောပယောဇနော၊ အကြင်အကျိုးသည်၊ ကာရဏေန၊ အကြောင်းတရား ကြောင့်။အရိယာတိပဝတ္တိယာတိ၊ ဖြစ်အပ်၏။ဣတိတသ္မာ၊ ထိုသို့အကြောင်း တရားကြောင့် ဖြစ်အပ်သည့်၏အဖြစ်ကြောင့်၊ သောပယောဇနော၊ ထိုအ ကျိုးသည်။ အတ္ထော၊ အတ္ထမည့်၏။ အရ အရဓာတ်သည်၊ ဂတိယံ၊ ဖြစ်ခြင်းအ နက်၌။ဝတ္တတိ၊ ဖြစ်၏။ဣတိခါတု၊ ဤသို့သဘောရှိသောဓာတ်တည်း။ထပစ္စ ယော ထပစ္စည်းသည်။ ဟောတိ။ ၏။ ။ပယောဇနော၊ အကျိုးတရားကို။ လဘတိ။ ရအပ်၏။အတ္ထေန၊ အကျိုးစီးပွားနှင့်။ သံဟိတော၊ စပ်သည့်တည်း။ အတ္တသံဟိတော၊ အကျိုးစီးပွားနှင့် စပ်သည်။ အတ္တသံဟိတော၊ အကျိုးစီး ပွားနှင့်စပ်သောတရားသည် နဟောတ်။ အနတ္တသံဟိတော၊ အကျိုးစီးပွားနှင့် စပ်သောတရားမဟုတ်။ ။ဤကားဝိဂ္ဂြဟ်ပါဌ်တို့၏မြန်မာပြန်တည်း။ ။

{မေး} ထိုကာမသုခလ္လိကာနုယောဂအကျင့်ကို။ ပဥ္စဇိတဖြစ်သော ရ သေ့ရဟန်းတို့သည်။ အဘယ်ကြောင့်မမှိဲအပ်ပါသနည်း။ ။

{ဖြေ} ထိုကာမသုခလ္လိကာနုယောဂအကျင့်တရားသည်။မိမိကိုမှိဲသော သူတို့၏။ဖြစ်ဆဲဖြစ်သော ခန္ဓာအစဉ်၌။ လောဘဒိဗ္ဗစသောကိလေသာအ ညစ်အကြေးတို့ကိုလည်းဖြစ်စေတတ်၏။နောင်အခါ၌လည်း၊ဒုက္ခဖြစ်သော ဝိပါက်အကျိုးကိုလည်းဖြစ်စေတတ်၏။ ထို့ကြောင့်၊ ထိုကာမသုခလ္လိကာ နုယောဂတည်းဟူသော အယုတ်အနတရားသည်၊ကိလေသာကိုနှင်ထုတ် တတ်သောအကျင့်ရှိသော။ ပဥ္စဇိတတို့နှင့်မစပ်ဆိုင်၊ ထို့ကြောင့်၊ပဥ္စဇိတ တို့သည် မမှိဲအပ်ဟုသိအပ်ပါသည်။ ။

{မေး} အဘယ်ပါဌ်ကိုထောက်၍ သိအပ်ပါသနည်း။ ။

{ဖြေ} ကာမသုခလ္လိကာနုယောဂေါ။ ပစ္စုပ္ပန္နေ၊ တဏှာဒိဋ္ဌိသံကိလိဋ္ဌသုခတ္တာ။ အာယတိဥ္စ၊ ဒုက္ခဝိပါကတ္တာ။ တဒနုယုတ္တာနံ၊ တဏှာဒိဋ္ဌိဗန္ဓနဗန္ဓတ္တာစ။ နသေဝိတဗ္ဗောဟူ၍။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဆယ်ကြောင်းပေ ဗိချပ်အတွင်းဘက်၌မိန့်ဆိုအပ်သောပါဌ်ကိုထောက်၍သိအပ်ပါသည်။ မြန်မာပြန်ကား။ ကာမသုခလ္လိကာနုယောဂေါ။ကာမသုခလ္လိကာနုယောဂတည်းဟူသောအကျင့်တရားသည်။ ပစ္စုပ္ပန္နေစ ပစ္စုပ္ပန်ဘဝ၌။တဏှာဒိဋ္ဌိသံကိလိဋ္ဌသုခတ္တာ၊တဏှာဒိဋ္ဌိတို့သည်နှိပ်စက်အပ်ပူပင်စေအပ်သောချမ်းသာသည်၏ အဖြစ်ကြောင့်လည်းကောင်း။ အာယတိဥ္စ၊ နောင်အခါ၌လည်း။ ဒုက္ခ ဝိပါကတ္တာ၊ ဆင်းရဲသော အကျိုးကို။ ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ တဒနုယုတ္တာနံ၊ ထိုကာမသုခလ္လိကာနုယောဂ အကျင့်တရားနှင့် ယှဉ်ကုန်သောသူတို့အား။ တဏှာဒိဋ္ဌိ ဗန္ဓနဗန္ဓတ္တာစ၊ တဏှာဒိဋ္ဌိအနှောင်အဖွဲ့ဖြင့်နှောင်ဖွဲ့အပ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ နသေဝိတဗ္ဗော၊ မမှီဝဲအင်။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားတော်ကိုထောက်၍။ ၎င်း ကာမသုခလ္လိကာနုယောဂ၊ အယုတ်တရားကို။ ပဗ္ဗဇိတတို့ မမှီဝဲအပ်သည်၏အဖြစ်ကို။ ရှေး၌ ပြဆိုအင်ပြီးသော နည်းအတိုင်းသိကြလေ။ ။

{မေး} ကာမသုခလ္လိကာနုယောဂ အကျင့်တရားကိုအဘယ်ကြောင့်။ ဒုက္ခဟူ၍ဟောတော်မမူအပ်လေသနည်း။ ။

{ဖြေ} ပဗ္ဗဇိတဟုပဋိညာဉ်ခံကုန်သောအချို့သော။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒအယူရှိကုန်သော။ရသေ့ရဟန်းတို့သည်ကာမဂုဏ်ငါးပါးနှင့် ပြည့်စုံ၍ချမ်းသာစွာ မွေ့လျော်စမ့်သနေသောသူတို့ကို။ မျက်မှောက်သော ကိုယ်၏အဖြစ်၌။နိဗ္ဗာန်သို့ရောက်သောသူဟူ၍ယူအပ်ကုန်၏။ထိုသို့ယူအပ်ကုန်သောသူတို့၏စိတ်ကိုစောင့်ရှောက်ခြင်းငှာလည်းကောင်း။ မန္ဓာတုစသောမင်းတို့၏၊ပစ္စုပ္ပန်ဘဝ၌ချမ်းသာသည်၏အဖြစ်ကြောင့်လည်းကောင်း၊ထိုကာမသုခနှင့်ပေါင်းမိသောအကျင့်တရားကို၊ဒုက္ခဟူ၍ဟောတော်မမူဟုသိအပ်ပါသည်။ ။

{မေး} အဘယ်ပါဌ်ကိုထောက်၍သိအင်ပါသနည်း။ ။

{ဖြေ} ကေဟိစိ ပဗ္ဗဇိတပဋိညေဟိ။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒေဟိ။ ယတော ခေါ ဘော အယံအတ္တာ။ ပဉ္စဟိကာမဂုဏေဟိ၊ သမပ္ပိတော။ သမင်္ဂီဘူတော။ ပရိစာရေတိ။ ဧတ္တာဝတာ ခေါ ဘော၊ အယံအတ္တာ။ ဒိဋ္ဌဓမ္မနိဗ္ဗာနံ ပတ္တော ဟောတီတိ။ ဂဟိတတ္တာ တေသံစိတ္တာနုရက္ခ ဏတ္တံစ။ ပစ္စုပ္ပန္နေ သုခတ္တာစ တဿဓမ္မဿမန္ဓာတုမဟာသမ္မတာဒိနံ ရဇ္ဇုံဟူ၍ဖွင့်ပြအပ်သော

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဠိကိုထောက်၍သိအပ်ပါသည်။ ။မြန်မာပြန်ကား။ ။ကေဟိစိ၊အချို့ကုန်သောပဗ္ဗဇိတပဋိညေဟိ။ပဗ္ဗဇိတဟုဝံခံကုန်သော။ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒေဟိ။မျက်မှောက်၌ဖြစ်သော ဤကိုယ်အဖြစ်၌နိဗ္ဗာန်သို့ရောက်၏ဟူ၍အယူရှိကုန်သောရသေ့ရဟန်းတို့သည်။ဘော၊အိုအရှင်ယတော၊အကြင်ကြောင့်၊အယံအတ္တာ၊ ဤသတ္တဝါအတ္တသည်။ ပဉ္စဟိ၊ငါးပါးကုန်သော။ကာမဂုဏေဟိ၊ ကာမတဏှာဖြင့်ဖွဲ့အပ်ကုန်သော။ ရူပါရုံစသော။ကာမဂုဏ်တရားတို့ဖြင့်။သမပ္ပိတော အလွန်မက်မောကပ်ငြိသည်ဖြစ်၍။ သမင်္ဂီဘူတော၊ ပြည့်စုံသည်ဖြစ်၍။ပရိစာရေတိ။ စမွယ်၏။ ဝါ၊ မြူးထူး၏။ဝါ။ မွေ့လျော်၏။ ဘော။ အိုအရှင်။ဧတ္တာဝတာ၊ ဤသို့ငါးပါးသောကာမဂုဏ်တို့ဖြင့်။ မြူးထူးမွေ့လျော်ခံစားရခြင်းတည်းဟူသော အတိုင်းအရှည်ဖြင့်။အယံအတ္တာ၊ဤသတ္တဝါအတ္တသည်။ဒိဋ္ဌဓမ္မနိဗ္ဗာနံ ဤမျက်မှောက်သောကိုယ်၏အဖြစ်၌၊ ဒုက္ခငြိမ်းခြင်းတည်းဟူသော နိဗ္ဗာန်သို့။ ပတ္တော၊ရောက်သည်မည်သည်။ ဟောတိ။ဖြစ်၏။ ။ဣတိ၊ ဤသို့။ ဂဟိတတ္တာ။ ယူအပ်သည်၏အဖြစ်ကြောင့်။တေသံ။ထိုဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒအယူရှိကုန်သောမိစ္ဆာဒိဋ္ဌိတို့၏။ စိတ္တာနုရက္ခဏတ္ထဉ္စ။ စိတ်ကိုအစဉ့်စောင့်ရှောက်ခြင်းငှါလည်းကောင်း။ ပစ္စုပ္ပန္နေ။ ပစ္စုပ္ပန်ဘဝ၌။သုခတ္တာ စ။ချမ်းသာသည်၏အဖြစ်ကြောင့်လည်းကောင်း။တဿမေ့ဿမောခနဿ။ထိုကာမသုခတရားနှင့်ပေါင်းဆုံမိသော။ကာမသုခလ္လိကာနုယောဂအကျင့်တရားကို။ဒုက္ခောတိ။ ဒုက္ခဟူ၍၊ ဘဂဝတာ။ မြတ်စွာဘုရားရှင်သည်။ နဝုတ္တံ။ ဟောတော်မမူအပ်။ဤသို့ပြဆိုအပ်သောအဋ္ဌကထာရှင်၏စကားတော်ကိုထောက်၍ကာမသုခလ္လိကာနုယောဂတရားကိုဟောရာ၌၊ဒုက္ခဟူ၍မဟောအပ်သည်၏အဖြစ်ကိုသိကြလေ။ ။

{မေး} အတ္တကိလမထာနုယောဂဟူသောပါဠိတို့တွင်။ အတ္တကိလမထဟူသောပါဠိအရ၊ အဘယ်တရားကိုသိအပ်သနည်း။ ။

{ဖြေ} ရုပ်နာမ် ခန္ဓာအပေါင်းဟုဆိုအပ်သောကိုယ်ကာယကို၊ပင်ပမ်းနွမ်းနယ်စေတတ်သော ဒေါသတရား။ သို့မဟုတ်ဥစ္ဆေဒအယူဟုဆိုအပ်သော ဝိဘဝဒိဋ္ဌိတရားကိုသိအပ်ပါသည်။ ။

{မေး} အဘယ်ကဲ့သောဝိဂြိုဟ်ဝစနတ္ထကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} အတ္တာနံကိလမတိ။ တေနာတိ။ အတ္တကိလမထော၊ ကိလမုခေဒေတိခါတု။ အပစ္စယော။ ။ဒေါသော။အထဝါ။အတ္တာကိလမတိ။တောယာတိ။ အတ္တကိလမထော။ ။ကိလမု။ခေဒေတိခါတု တပစ္စယော။ဥစ္ဆေဒ သဉ္ဇါတာဝိဘဝဒိဋ္ဌိ။ဤသို့ပြုလုပ်အပ်သော ဝိဂြိုဟ်ဝစနတ္ထအရကိုထော

၍သိအပ်ပါသည်။ မြန်မာပြန်ကား။ ။ဧတေန။ထိုဒေါသကြောင့်။အတ္တာ ရုပ်နာမ်ခန္ဓာအပေါင်းဟုဆိုအပ်သော ကိုယ်ကာယသည်။ ကိလမတိ။ပင် ပမ်းနွမ်းနယ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ရုပ်နာမ်ခန္ဓာအပေါင်းဟုဆိုအပ် သောကိုယ်ကာယ၏၊ပင်ပမ်းနွမ်းနယ်ခြင်း၏အကြောင်းဖြစ်သောကြောင့် သောဒေါသော၊ထိုဒေါသသည်၊ အတ္တကိလမထော၊အတ္တကိလမထမည် ၏။ ။ကိလမု၊ ကိလမုဓာတ်သည်။ ခေဒေ၊ ပင်ပမ်းနွမ်းနယ်ခြင်း၌ ဖြစ်၏။ ဣတိဓာတု၊ ဤသို့အနက်သဘောရှိသောဓါတ်တည်း။ထပစ္စယော၊ထပစ္စည်း သက်သည်။ ဟောတိ။ဖြစ်၏။ ဒေါသော၊ဒေါသတရားကို၊ လဗ္ဘတိ၊ရအပ် ၏။ ။ကာမသုခလ္လိကာနုယောဂေါတိ။ လောဘော အတ္တကိလမထာနု ယောဂေါတိ၊ ဒေါသောဟူ၍ဖွင့်ပြအပ်သည်ကိုထောက်လေ။ ။အထဝါ။ တနည်းကား။ ။ဧတာယ၊ထိုဥစ္ဆေဒဟုဆိုအပ်သော ဝိဘဝဒိဋ္ဌိကြောင့်။ အတ္တာ၊ရုပ်နာမ်ခန္ဓာအပေါင်းဟုဆိုအပ်သော ကိုယ်ကာယသည်၊ ကိလမ တိ၊ ပင်ပမ်းနွမ်းနယ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ရုပ်နာမ်ခန္ဓာအပေါင်းဟု ဆိုအပ်သောကိုယ်ကာယ၏။ပင်ပမ်းနွမ်းနယ်ခြင်း၏အကြောင်းဖြစ်သော ကြောင့်။သာဝိဘဝဒိဋ္ဌိ၊ ထိုဥစ္ဆေဒဟုဆိုအပ်သောဝိဘဝဒိဋ္ဌိသည်။အတ္တ ကိလမထာ၊ အတ္တကိလ မထမည်၏။ ။ကိလမု၊ ကိလမုဓာတ်သည်။ ခေ ဒေ၊ပင်ပမ်းနွမ်းနယ်ခြင်း၌ဖြစ်၏။ဣတိဓာတု၊ဤသို့အနက်သဘောရှိသော ဓာတ်တည်း။ ထပစ္စယော၊ ထပစ္စည်းသက်သည်။ဟောတိ။ဖြစ်၏။ ဥစ္ဆေ ဒသင်္ခါတာ၊ဥစ္ဆေဒဟုဆိုအပ်သော၊ဝိဘဝဒိဋ္ဌိ၊ ဝိဘဝဒိဋ္ဌိကို။လဗ္ဘတိ။ရ အပ်၏။ အတ္တကိလမထာ နုယောဂေါတိ။ ဝိဘဝဒိဋ္ဌိ ဟူ၍ ဖွင့်ပြအပ်သည် ကိုထောက်လေ။ ။

{မေး} အတ္တကိလမထာနုယောဂ ဟူသောပါဌ်တို့တွင်။ အတ္တကိလမ ထဟူသော ပါဌ်၏အရကိုသိရပါပြီ။ အနုယောဂဟူသောပါဌ်၏ အရကို။ ဘယ်လိုသိအပ်ပါသနည်း။ ။

{ဖြေ} ကာမသုခလ္လိကာနုယောဂ၌ပြဆိုအပ်ပြီးသောနည်းအတိုင်းပင် သိအပ်ပါသည်။ ။

{မေး} အတ္တကိလမထပုဒ်နှင့်အနုယောဂပုဒ်ကိုဘယ်လိုသမာသ်ဝိဂြိုဟ် ပြုအပ်ပါမည်နည်း။ ။

{ဖြေ} အတ္တကိလမထေနအနုယောဂေါ။အတ္တကိလမထာနုယောဂေါ ဟူ၍ တတိယာ တပ္ပုရိသမာသ်ဝိဂြိုဟ်ပြုအပ်ပါသည်။ ။မြန်မာပြန်ကား။ အတ္တကိလမထေန၊ရုပ်နာမ်ခန္ဓာအပေါင်းဟုဆိုအပ်သောကိုယ်ကာယ၏ ပင်ပမ်းနွမ်းနယ်ကြောင်းဖြစ်သောဒေါသနှင့်။ဝါ။ ဥစ္ဆေဒဟုဆိုအပ်သော

ဝိဘာဝနီဗြဲနှင့်။ အနုယောဂေါ၊ အဘာန်တလဲလဲ ယှဉ်သော အယုတ်အနှံ့တရားတည်း။အတ္တကိလမထာနုယောဂေါ။ရုပ်နာမ်ခန္ဓာအပေါင်းဟုဆိုအပ်သောကိုယ်ကာယ၏။ပင်ပမ်းနွမ်းနယ်ကြောင်းဖြစ်သော ဒေါသ။ဝါ။ဥဒ္ဒေဓဟုဆိုအပ်သောဝိဘာဝနီဗြဲနှင့်။အဘာန်တလဲလဲယှဉ်သောယုတ်သောအနှံ့တရား။ ဤသို့ပြဆိုအပ်သည်ကိုထောက်၍ သမာသ်တွဲစပ် ဝိဂြိုဟ်ပြုပုံကိုသိကြလေ။ ။

{မေး} ၎င်းအတ္တကိလ မထာနုယောဂအကျင့်ကို။ဘုရားရှင်သည်ဘယ်လိုအကျင့်မျိုးဟုဟောတော်မူအပ်ပါသနည်း။ ။

{ဖြေ} ရုပ်နာမ်ခန္ဓာအပေါင်းဟုဆိုအပ်သော ကိုယ်ကာယ၏။ ပင်ပမ်းနွမ်းနယ်ဆင်းရဲခြင်းကိုဆောင်တတ်သောအကျင့်ဟူ၍ဟောအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ဒုက္ခောဟူ၍ဓမ္မစက္ကပဝတ္တနသုတ်၌။ဘုရားရှင်ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ဒုက္ခောတိ၊ ကာယကာပသသယသေယျာဒီဟိ။ အတ္တမရဏေဟိ။ဒုက္ခာဝဟောဟူ၍။ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ။ဓမ္မစက္ကပဝတ္တနသုတ်အဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ။ ဒုက္ခောတိ၊ ကာယကာပသသယ သေယျာဒီဟိ။ အတ္တ မရဏေဟိ။ ဒုက္ခာဝဟောဟူ၍ ဖွင့်ပြအပ်သော။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။ဗိချပ်အတွင်းဘက်၌မိန့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ဒုက္ခောတိ၊ကာယကာပသသယ သေယျာဒီဟိ။ အတ္တဗာဓနေဟိ။ ဒုက္ခာဝဟော ဟူ၍ ဖွင့်အပ်သော။ တေရသကဏ်ဋီကာပါဠိကိုထောက်၍ လည်းကောင်းသိအပ်ပါသည်။ အစဉ်အတိုင်း မြန်မာပြန်ကိုပြဆိုဦးအံ့။ ။ဒုက္ခော၊ ဒုက္ခာဝဟော။ဆင်းရဲခြင်းကိုဆောင်တတ်သော အကျင့်တရား။ ။ဤကားပါဠိတော်ပါဌ်၏ မြန်မာပြန်တည်း။ ။ဒုက္ခောတိ ဒုက္ခောဟူသည့်ကား။ ကာယကာပသသယ သေယျာဒီဟိ။ ဆူးကိုခင်း၍အိပ်ခြင်းအစရှိကုန်သော။ အတ္တမရဏေဟိ၊ ရုပ်နာမ်ခန္ဓာအပေါင်းဟုဆိုအပ်သော ကိုယ်ကာယကို ညှဉ်းဆဲခြင်းတို့ဖြင့်။ ဒုက္ခာဝဟော၊ ဆင်းရဲကိုဆောင်တတ်သောအကျင့်တရား၊ ။ဤကား မဟာဝဂ္ဂသံယုတ်အဋ္ဌကထာပါဌ်၏မြန်မာပြန်တည်း။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဌ်၏မြန်မာပြန်လည်း။ ထိုနည်းအတူသာလျှင်တည်း။ ။ဒုက္ခောတိ၊ဒုက္ခောဟူသည့်ကား။ကာယကာပသသသေယျာဒီဟိ။ဆူးကိုခင်း၍အိပ်ခြင်းအစရှိကုံသော(အာဒိသဖြင့်မှုန်းတည့်အခါ၌၊အရှေ့အနောက်တောင်မြောက်တို့၌။မီးလေးပုံကိုထည့်၍၊ မီးတို့၏အလယ်၌နေပြီးသျှင် ကိုယ်ကာယကိုအလွန်

ပူလောင်စေခြင်းစသော အမျိုးမျိုးသော ဒုက္ခဖြစ်ကြောင်းအကျင့်ကိုကျင့်ခြင်းစသည့်တို့ကိုယူလေ။) အတ္တဗာဓနေဟိ၊ရုပ်နာမ်ခန္ဓာငါးပါးအပေါင်းဟုဆိုအပ်သော။ကိုယ်ကာယကိုမပြတ်နှိပ်စက်ခြင်းတို့ဖြင့်။ဒုက္ခာဝဟော ဆင်းရဲကိုဆောင်တတ်သောအကျင့်တရား။ ဤကားတေရသကဏ်ဋီကာပါဌ်၏မြန်မာပြန်တည်း။ ။ဤသို့ပြဆိုအပ်သော ပါဠိတော်အဋ္ဌကထာဋီကာပါဌ်တို့ကိုထောက်၍။ရုပ်နာမ်ခန္ဓာအပေါင်းဟုဆိုအပ်သောကိုယ်ကာယ၏ပင်ပမ်းနွမ်းနယ် ဆင်းရဲခြင်းကိုဆောင်တတ်သော အကျင့်တရား၏အဖြစ်ကိုသိကြလေ။ ။

{မေး}ငင်းအတ္တကိလမထာနုယောဂတည်းဟူသောအန္တတရားသည်ဖြူစင်သောတရားမြင့်မြတ်သောတရားပါလော၊သို့မဟုတ်မဖြူစင်မည်းညစ်သောတရား။မမြင့်မြတ်သောတရားပါလော ဘယ်လိုခွဲခြမ်း၍သိအပ်ပါမည်နည်း။

{ဖြေ} ငင်းအတ္တကိလမထာနုယောဂတည်းဟူသော အန္တတရားသည်စင်စစ်၊ မဖြူစင်မည်းညစ်သော။ မမြတ်သောတရားဟူ၍သိအပ်ပါသည်။

{မေး} အဘယ်ပါဌ်ကိုထောက်၍သိအပ်ပါမည်နည်း။ ။

{ဖြေ} အနရိယော ဟူ၍ဘုရားရှင် ဟောတော်မူအပ်သော။ ဓမ္မစက္ကပဝတ္တနသုတ်ပါဌ်ကိုထောက်၍လည်းကောင်း။ အနရိယောတိ၊နအရိယော၊နဝိသုဒ္ဓေါ၊ နဉတ္တမောဟူ၍ဖွင့်ဆိုအပ်သော မဟာဝဂ္ဂသံယုတ်အဋ္ဌကထာဓမ္မစက္ကသုတ်အဖွင့်ပါဌ်ကိုထောက်၍လည်းကောင်း။ အနရိယောတိ နအရိယော နဝိသုဒ္ဓေါ၊ နဉတ္တမောဟူ၍ ဖွင့်အပ်သော။ တေရသကဏ် ဋီကာပါဌ်ကိုထောက်၍လည်းကောင်းသိအပ်ပါသည်။ မြန်မာပြန်ကိုရှေးကာမသုခလ္လိကာနုယောဂ၌ပြဆိုအပ်သည့်အတိုင်းသိကြလေ။ ။

{မေး} ငင်းအတ္တကိလ မထာနုယောဂ တည်းဟူသော။ အန္တအကျင့်သည်။ ထိုအကျင့်ကိုကျင့်နေသော သူတို့၏ မျက်မှောက်၌ဖြစ်သော။လောကီကုသိုလ်လောကုတ္တရာကုသိုလ်တည်းဟူသောအကျိုးစီးပွား။တမလွန်၌ဖြစ်သော သုဂတိဘဝသို့ ရောက်ရခြင်း အကျိုးတို့နှင့်စပ်ပါ သလော။သို့မဟုတ်မစပ်ပါသလော။ ဘယ်လိုခွဲခြမ်း၍သိအပ်ပါမည်နည်း။ ။

{ဖြေ} ငင်းအတ္တကိလမထာနုယောဂအကျင့်သည်။ ပစ္စုပ္ပန်မျက်မှောက်ဘဝ၌လည်း။လောကီလောကုတ္တရာကုသိုလ်တရားတည်းဟူသော အကျိုးစီးပွားဖြစ်ခြင်းနှင့်လည်းမစပ်ပါ။တဘဝအလွန်၌ ငရဲစသောဒုဂ္ဂတိသို့သာလားကြောင်းဖြစ်၍။ သုဂတိသို့ရောက်ကြောင်းမဟုတ်သောကြောင့်။တမလွန်ဘဝသုဂတိဘုံသို့ရောက်ရခြင်းတည်းဟူသော။အကျိုးစီးပွါးနှင့်လည်းမစပ်ပါဟုသိအပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} အနုတ္တရံ ဟိတောတဟူ၍၊ ဘုရားရှင် ဟောတော်မူအပ်သော ဓမ္မစက္ကပဝတ္တနသုတ်ပါဠိကိုထောက်၍လည်းကောင်း။ အနုတ္တရံဟိတောတိနအတ္တသံဟိတော၊ဟိတသုခါဝဟကာရဏံ။အနိသိတောတိအဖွေ့ာဟူ၍ဖွင့်ပြအပ်သောမဟာဝဂ္ဂသံယုတ်အဋ္ဌကထာဓမ္မစက္ကပဝတ္တနသုတ်အဖွင့်ပါဠိကိုထောက်၍လည်းကောင်း။ထိုနည်းအတူပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ထိုနည်းအတူတောရသကဏ်ဋီကာပြဆိုအပ်သောပါဠိကိုထောက်၍လည်းကောင်းသိကြလေ။ ။မြန်မာပြန်ကိုဧ့းကာမသုခလ္လိကာနုယောဂ၌ ပြဆိုအပ်သည့်အတိုင်းသိကြလေ။ ။ဤသို့ပြဆိုအပ်သောပါဠိတော်အဋ္ဌကထာဋီကာပါဠိတို့ကိုထောက်၍အကျိုးစီးပွားနှင့်မစပ်သောအနတ္တတရား၏အဖြစ်ကိုထင်ရှားသိကြလေ။ ။

{မေး} ထိုအတ္တကိလမထာနုယောဂအကျင့်ကို၊ကာမသုခလ္လိကာနုယောဂအကျင့်ကိုဟောတော်မူရာ၌ကဲ့သို့။ ဟိနောပုဒ်ကိုအဘယ်ကြောင့်ထည့်၍မဟောအပ်ပါသနည်း။ ။

{ဖြေ} အချို့သောရသေ့တို့သည်၊ထိုဆူးကိုခင်း၍အိပ်ခြင်း။ငါးပါးသောအပူဟု ဆို အပ် သော။ ပဉ္စတပကို ကျင့် ခြင်း စ သော အကျင့်မျိုးကိုမြတ်သော အကျင့်ဟုယူကြကုန်၏။ ထိုသို့ ယူကုန်သော ရ သေ့ တို့၏စိတ်ကိုစောင့်ရှောက်ခြင်းအကျိုးငှာ။ ဤအတ္တကိလမထာနုယောဂကိုဟောရာ၌ဟိနောဟူ၍ဟောတော်မမူဟုသိအပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍ သိအပ်ပါသနည်း။ ။

{ဖြေ} တေဟိတပဿိဟိ၊ဥတ္တမံတပေါတိဂဟိတတ္တာ။တေသံစိတ္တာနုရက္ခဏတ္ထံ။ ဣဓ ဟိနောတိ နဝုတ္တံ ဟူ၍ ဖွင့်ဆိုအပ်သော။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဆယ်ကြောင်းပေ၊ မိချပ်အတွင်းဘက်၌ဒိနဲ့ဆိုအပ်သည်ကိုထောက်၍သိအပ်ပါသည်။ ။မြန်မာပြန်ကား။ ။တေဟိ တပဿိဟိ၊ ထိုဆူးကိုခင်း၍အိပ်ခြင်းအကျင့်။ ပဉ္စတပအကျင့်အစရှိသော အကျင့်တို့ ကျင့်ကုန်သော ရသေ့တို့သည်။ ဥတ္တမံ၊ မြတ်သော။ တပေါတိ အကျင့်ဟူ၍။ ဂဟိတတ္တာ၊ ယူအပ်သည်၏ အဖြစ်ကြောင့်။ တေသံ၊ ထိုရသေ့တို့၏။ စိတ္တာနုရက္ခဏတ္ထံ။ စိတ်ကိုအစဉ်စောင့်ရှောက်ခြင်းငှာ။ ဣဓ၊ ဤအတ္တကိလမထာနုယောဂကိုဟောရာ၌၊ဟိနောတိ၊ဟိနောဟူ၍။နဝုတ္တံ၊ဟောတော်မမူအပ်ဤသို့ပြဆိုအပ်သော အဋ္ဌကထာပါဠိတို့ကိုထောက်၍။ ဟိနောဟူ၍မဟောမဆိုအပ်ကြောင်းကိုထင်ရှားသိကြလေ။ ။

{မေး} အဘယ်ကြောင့်၊အဓိကကိလမထာနုယောဂအရာ၌။ဂမ္ဘောဟူ၍ဟောတော်မမူအပ်ပါသနည်း။ ။

{ဖြေ} ပဗ္ဗဇိတဖြစ်သော ရ ဟန် ရဟန်းတို့၏ အကျင့်တရားဖြစ်သောကြောင့်။ ဂမ္ဘောဟူ၍ဟောတော်မမူအပ်ဟုသိအပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ပဗ္ဗဇိတာနံ ဓမ္မတ္တာဂမ္ဘောတိစဟူ၍ပြဆိုအပ်သော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဠိကိုထောက်၍သိအပ်ပါသည်။ ။မြန်မာပြန်ကား။ ပဗ္ဗဇိတာနံ၊ ပဗ္ဗဇိတဖြစ်သော ရသေ့ ရဟန်းတို့၏။ ဓမ္မတ္တာ၊ အကျင့်တရား၏အဖြစ်ကြောင့်။ ဂမ္ဘောတိစ၊ ဂမ္ဘဟူ၍လည်း။ ။ဣဓ။ဤအဓိကကိလမထာနုယောဂအရာ၌။နဝုတ္တံ၊ဟောတော်မမူအပ်။ ။ဤသို့ပြဆိုအပ်သောအဋ္ဌကထာရှင်၏စကားတော်ကိုထောက်၍သိကြလေ။ ။

{မေး} ဤအဓိကကိလမထာနုယောဂအရာ၌။ကာမသုခလ္လိကာနုယောဂအရာ၌ကဲ့သို့။ ပေါထုဇ္ဇနိကောဟူ၍ဟောတော်မမူအပ်ပါသနည်း။

{ဖြေ} ၎င်းအဓိကကိလ မထာနုယောဂအကျင့်သည်။ လူတို့နှင့်မဆက်ဆံ။ လူတို့ကျင့်အပ်သောတရားမဟုတ်။ထို့ကြောင့်၊ပေါထုဇ္ဇနိကောဟူ၍ဟောတော်မမူအပ်ပါ။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ဂိဟိဟိအသာဓာရဏတ္တာ။ပေါထုဇ္ဇနိကောတိစနဝုတ္တံဟူ၍ဖွင့်ဆိုအပ်သော။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဠိကိုထောက်၍သိအပ်ပါသည်။ မြန်မာပြန်ကား။ ။ဂိဟိဟိ၊ လူတို့နှင့်။ အသာဓာရဏတ္တာ၊ မဆက်ဆံသည်၏အဖြစ်ကြောင့်။ပေါထုဇ္ဇနိကောတိစ၊ပေါထုဇ္ဇနိကောဟူ၍လည်း။နဝုတ္တံ၊ဟောတော်မမူအပ်။ ။ဤသို့ပြဆိုအပ်သောအဋ္ဌကထာစကားကိုထောက်၍၊ အဓိကကိလမထာနုယောဂအရာ၌။ ပေါထုဇ္ဇနိကောဟူ၍ မဟောအပ်သည်၏အဖြစ်ကိုသိကြလေ။ ။

{မေး} ၎င်းအဓိကကိလ မထာနုယောဂအကျင့်တရားကို။ ကိလေသာကိုနှင်ထုတ်တတ်သောပဗ္ဗဇိတဖြစ်သော ရသေ့ရဟန်းတို့သည်။အဘယ်ကြောင့် မမှီဝဲအပ်ပါသနည်း။ ။

{ဖြေ} ၎င်းအဓိကကိလ မထာနုယောဂအကျင့်သည်။ မိမိကိုမှီဝဲသောသူတို့၏။ ဖြစ်ဆဲဖြစ်သောခန္ဓာအစဉ်၌။ ဒိဋ္ဌိစသောကိလေသာ အညစ် အကြေးတို့ကိုလည်းဖြစ်စေတတ်၏။နောင်အခါကာလ၌လည်း။ ဒုက္ခဖြစ်သောဝိပါက်အကျိုးကိုလည်းဖြစ်စေတတ်၏။ ထို့ကြောင့်၊ ထိုအဓိကကိလမထာနုယောဂတည်းဟူသော ယုတ်သောအကျင့်တရားသည်၊ ကိလေသာကိုနှင်

ထုတ်တတ်သော။ အကျင့်ကိုကျင့်ကြံသော။ ပဗ္ဗဇိတတို့နှင့်မစပ်ဆိုင်။ ထို့ကြောင့် ပဗ္ဗဇိတတို့သည်။ ထိုတရားကိုမမှီဝဲအပ်ဟုသိအပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} အတ္တကိလမထာနုယောဂေါ၊ ပစ္စုပ္ပန္နေ၊ ဒိဋ္ဌိဓမ္မိကတ္တိလိ၊ ဒုက္ခတ္တာ အာယတိဉ္စ။ ဒုက္ခဝိပါကတ္တာ၊ တဒနုယုတ္တာနံ ဒိဋ္ဌေဗ္ဗနုဗန္ဓတ္တာစနသေဝိတဗ္ဗော ဟူ၍မိန့်ဆိုအပ်သော။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ ဓမ္မစက္ကပဝတ္တနသုတ်အဖွင့်ဆယ်ကြောင်းပေး၍ဖြေချပ်ကြောဘက်၌မိန့်ဆိုအပ်သည်ကိုထောက်၍ သိအပ်ပါသည်။ ။မြန်မာပြန်ကား။ ။အတ္တကိလမထာနုယောဂေါ။ အတ္တကိလမထာနုယောဂတည်းဟူသောအကျင့်တရားသည်။ ပစ္စုပ္ပန္နေ၊ ပစ္စုပ္ပန်ဘဝ၌လည်း။ ဒိဋ္ဌိဓမ္မိကတ္တိလိဒုက္ခတ္တာ ဥဒ္ဒေသ ဒိဋ္ဌိဖြင့်။ နှိပ်စက်အပ်၊ ပူပင်စေအပ်သော။ ဒုက္ခတ္တာ၊ ဆင်းရဲ၏အဖြစ်ကြောင့်လည်းကောင်း၊ အာယတိဉ္စ၊ နောင်အခါ၌လည်း။ ဒုက္ခဝိပါကတ္တာ၊ ဆင်းရဲသောအကျိုးကိုဖြစ်စေတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ တဒနုယုတ္တာနံ၊ ထိုအတ္တကိလမထာနုယောဂ အကျင့်နှင့်ယှဉ်ကုန်သောသူတို့အား။ ဒိဋ္ဌေဗ္ဗနုဗန္ဓတ္တာစ၊ ဥဒ္ဒေသ ဒိဋ္ဌိအနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့အပ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ နသေဝိတဗ္ဗော၊ မမှီဝဲအပ်။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာချင်၏စကားတော်ကိုထောက်၍။ ၎င်းအတ္တကိလမထာနုယောဂအယုတ်တရားကို။ ပဗ္ဗဇိတတို့မမှီဝဲအပ်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။ ။

{မေး} ကာမသုခလ္လိကာနုယောဂ အတ္တကိလမထာနုယောဂတည်းဟူသောအယုတ်အစွန်တရားနှစ်ပါးကို။ ကိလေသာကိုနှင်ထုတ်တတ်သော၊ ပဗ္ဗဇိတတို့သည် မမှီဝဲအပ်ပါလျှင်။ ထိုတရားနှစ်ပါးမှလွတ်သောဘယ်လိုအကျင့်တရားကိုမှီဝဲကျင့်အပ်ပါသနည်း။ ။

{ဖြေ} ထိုအယုတ်အစွန်တရားနှစ်ပါးမှလွတ်သောကိလေသာတို့မှဖြူစင်နေသော အရိယာမဂ္ဂတည်းဟူသော။ မဇ္ဈိမ ပဋိပဒါအကျင့်ကိုသာ ဝဋ္ဋဒုက္ခမှလွတ်လိုသော။ ပဗ္ဗဇိတအမျိုးရှိသောသူတို့သည် မှီဝဲကျင့်အပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ဧတေခေါ ဘိက္ခဝေ ဥဘောအန္တေ အနုပဂမ္မ။ မဇ္ဈိမာပဋိပဒါဟူ၍ဟောတော်မူအပ်သော ဓမ္မစက္ကပဝတ္တနသုတ်ပါဠိကိုမှီ၍သိအပ်ပါသည်။ မြန်မာပြန်ကား။ ။ဘိက္ခဝေ၊ ပဉ္စဝဂ္ဂီရဟန်းတို့။ ဥဘော၊ နှစ်ပါးကုန်သော ဧတေအန္တေ၊ ထိုကာမသုခလ္လိကာနုယောဂ အတ္တကိလမထာနုယောဂတည်းဟူသောအယုတ်အစွန်တရားစုတို့သို့။ အနုပဂမ္မ၊ မကပ်မရောက်မူ၍

မဇ္ဈိမာပဋိပဒါ၊ ထိုတရားနှစ်ပါးမှလွတ်နေသော။ ဝါ။ ထိုတရားနှစ်ပါးတို့၏ အလယ်အလတ်ဖြစ်သော။ ကိလေသာတို့မှ ဖြူစင်မြင့်မြတ်သော။ ဝဋ်ဒုက္ခမှလွတ်လိုသော သူတို့ကျင့်အပ်သော။ အရိယမဂ္ဂတည်းဟူသော။ မဇ္ဈိမာပဋိပဒါအကျင့်ကို။ ပဗ္ဗဇိတေန၊ ကိလေသာတို့ကိုနှင်ထုတ်သော၊ ရသေ့ရဟန်းသည်။ သေဝိတဗ္ဗာ၊ မှီဝဲအပ်၏။ ( ပဗ္ဗဇိတေန သေဝိတဗ္ဗာ ဟူသော ၂ ပုဒ်ကိုထည့်၍ယောဇနာခြင်းသည်။ ဧွေးပဗ္ဗဇိတေန နသေဝိတဗ္ဗာဟူသော ပုဒ်တို့ကိုထော်၍၊ ဘုရားရှင်၏အလိုတော် အဓိပ္ပါယ်ပေါ်အောင်ထည့်စပ်လိုက်သည်။ ) ဤသို့ဟောတော်မူအပ်သည့်ကိုထောက်၍။ မဇ္ဈိမာပဋိပဒါ အကျင့်ကိုသာ။ ပဗ္ဗဇိတအမျိုးရှိသောဝဋ်ဒုက္ခမှလွတ်လိုသောသူတို့မှီဝဲအပ်သည်၏အဖြစ်ကိုသိကြလေ။ ။

{မေး} ထိုကာမသုခလ္လိကာနုယောဂ။ အတ္တကိလမထာနုယောဂ အကျင့်နှစ်ပါးမှလွတ်နေသော။ အရိယမဂ္ဂအကျင့်ကိုအဘယ်ကြောင့်။ မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်ပါသနည်း။ ။

{ဖြေ} ကာမသုခလ္လိကာနုယောဂ။ အတ္တကိလမထာနုယောဂတည်းဟူသော အကျင့်သို့ မကပ်မရောက်မူ၍။ ၎င်းနှစ်ပါးမှ လွတ်နေခြင်းကြောင့်လည်း။ မဇ္ဈိမာပဋိပဒါဟုဆိုအပ်သည်။ ။ တနည်း။ ထိုကာမသုခလ္လိကာနုယောဂ။ အတ္တကိလမထာနုယောဂတည်းဟူသော အကျင့်နှစ်ပါးတို့၏။ အလယ်၌ဖြစ်တတ်သောကြောင့်လည်းကောင်း။ ဝဋ်မှလွတ်မြောက်လိုသော သူတို့အကျင့်တရား၏အဖြစ်ကြောင့်သည်းကောင်း။ မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုသည်၏အဖြစ်ကိုသိအပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍ သိအပ်ပါသနည်း။ ။

{ဖြေ} မဇ္ဈိမာပဋိပဒါတိ၊ အရိယမဂ္ဂံသန္ဓာယဝုတ္တံ။ မဂ္ဂေါဟိ။ ကာမသုခလ္လိကာနုယောဂေါ၊ ဧကောအန္တော။ အတ္တကိလ မထာနုယောဂေါ၊ ဧကောအန္တော။ ဧတေဒွေအန္တေနုဥပေတိ။ နုဥပဂစ္ဆတိ၊ ဝိမုတ္တောဧတေဟိ၊ အန္တေဟိ။ တသ္မာ မဇ္ဈိမာပဋိပဒါတိဝုစ္စတိ။ ဧတေသံမဇ္ဈေဘဝတ္တာ။ မဇ္ဈိမာ၊ ဝဋ္ဋဒုက္ခနိဿရဏတ္ထိကေဟိ။ ပဋိပဇ္ဇိတဗ္ဗတောစ။ ပဋိပဒါတိ ဟူ၍ ဖွင့်ပြအပ်သော။ တေရသကဏ်ဋီကာပါဠိကိုထောက်၍လည်းကောင်းသိအပ်ပါသည်။ မြန်မာပြန်ကား။ ။ မဇ္ဈိမာပဋိပဒါတိ၊ မဇ္ဈိမာပဋိပဒါဟူသည်ကား။ အရိယမဂ္ဂံ၊ အရိယမဂ်ကို။ ဝါ။ ဖြူစင်မြင့်မြတ်သောမဂ်ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဟိ။ ထိုစကားသည်မှန်၏။ မဂ္ဂေါ၊ မဂ်သည်။ ကာမသုခလ္လိကာနုယောဂေါ၊ ကာမသုခလ္လိကာနုယောဂသည်။ ဧကော၊ တခုသော။ အန္တော၊ မမြင့်ခြင်းသောအစွန်တရားသည်။ ဟောတိ၊ ဖြစ်၏။ အတ္တ

ကိသမထာနုယောဂေါ။ အတ္တကိလမထာနုယောဂသည်၊ ဧကော၊ တခုသော။ အန္တော၊ မပြစ်သောအစုတရားသည်။ ဟောတိ။ ဖြစ်၏။ ဧွ။ နှစ်ပါးကုန်သော။ ဧတေအန္တေ၊ ထိုတရားအစုတို့သို့။ နုဥပေတိ၊ မရောက်။ နုဥပဂန္တတိ၊ မကပ်။ ဧတေဟိ၊ ထိုဆိုအပ်ပြီးသော။ အန္တေဟိ၊ မပြစ်သော တရားအစုတို့မှ။ ယသ္မာ၊ အကြင်ကြောင့်။ ဝိမုတ္တော၊ လွတ်သည်။ ဟောတိ ဖြစ်၏။ တသ္မာ၊ ထိုသို့မပြစ်သောတရားနှစ်ရပ်တို့မှလွတ်သည်၏အဖြစ်ကြောင့်သောအရိယမဂ္ဂေါ၊ ထိုအရိယမဂ်ကို(ထဋ္ဌ)မဇ္ဈိမာပဋိပဒါတိ။ မဇ္ဈိမာပဋိပဒါဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။အဋ္ဌင်္ဂိကာဆရာ။ ဆရာသည်၊ မပြစ်သောအန္တတရားတို့မှလွတ်နေသော။ အရိယမဂ္ဂတရားကိုအဘယ်ကြောင့်။ မဇ္ဈိမာပဋိပဒါဟု ဆိုတော်မူအပ်လေသနည်း။ ဆိုအပ်ကြောင်းကို မပြပြီလောဟု သူမေးဘွယ်ရှိ၍။ ဧတေသံ၊ မဇ္ဈေဘဝတ္တာစသော စကားတော်ကိုဆိုပြန်သတည်း။ ယောအရိယမဂ္ဂေါ၊ အကြင် အရိယမဂ်သည်။ ဧတေသံ၊ ထိုနှစ်ပါးစုံ သောမပြစ်သောအန္တတရားစုတို့၏။ မဇ္ဈေ၊ အလယ်၌။ ဘဝတ္တာ ဖြစ်သည်၏အဖြစ်ကြောင့်။ မဇ္ဈိမာစ၊ မဇ္ဈိမာလည်းမည်၏။ ဝဋ္ဋဒုက္ခနိဿရဏတ္ထိကေဟိ။ ဝဋ်ဒုက္ခမှထွက်မြောက်ခြင်းကိုအလိုရှိကုန်သော။ ဘုရားအစရှိသောသူတော်ကောင်းတို့သည်။ ပဋိပဇ္ဇိတဗ္ဗတော၊ ကျင့်အပ်သည်၏အဖြစ်ကြောင့်။ ပဋိပဒါစ၊ ပဋိပဒါလည်းမည်၏။ ဣတိတသ္မာ၊ ထိုနှစ်ပါးသောသတ္တိကြောင့်။ သောအရိယမဂ္ဂေါ၊ ထိုအရိယမဂ်သည်။ မဇ္ဈိမာပဋိပဒါ မဇ္ဈိမာပဋိပဒါမည်သည်။ ဟောတိ၊ ဖြစ်၏။ ဤသို့တေရသကဏ္ဍိကာပြဆိုအပ်သည်ကိုထောက်၍။ မဇ္ဈိမာပဋိပဒါမည်သည်၏အဖြစ်ကိုသိကြလေ။

{မေး} ၎င်းမဇ္ဈိမာပဋိပဒါအကျင့်တရားကို။ အဘယ်သူသည် ထိုးထွင်း၍သိအပ်ပါသနည်း။ ။

{ဖြေ} ၎င်းမဇ္ဈိမာပဋိပဒါအကျင့်ကို။ တထာဂတ၊ အမည်ရတော်မူသောသဗ္ဗညုမြတ်စွာဘုရားရှင်သည်သာလျှင်။ ထိုးထွင်း၍သိအပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍ သိအပ်ပါသနည်း ။ ။

{ဖြေ} တထာဂတေန အဘိသမ္ဗုဒ္ဓါဟူ၍ဟောတော်မူအပ်သော။ ဓမ္မစက္ကပဝတ္တနသုတ်ပါဠိကိုထောက်၍သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။တထာဂတေန၊ တထာဂတအမည်ကိုရတော်မူသောသဗ္ဗညုဘုရားရှင်သည်၊ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍သိတော်မူအပ်သော(မဇ္ဈိမာပဋိပဒါ)မှာစပ်လေ။ ဤသို့ဟောတော်မူအပ်သည်ကိုထောက်၍။ ၎င်းမဇ္ဈိမာပဋိပဒါအကျင့်တရားကို။ တထာဂတမည်သော သဗ္ဗညုဘုရားသည်သာလျှင်။ ထိုးထွင်း၍သိအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ။

{မေး} အဘယ်ကြောင့်၊ သဗ္ဗညုဘုရားရှင်ကို။ တထာဂတ ဟုခေါ်ဆိုအပ်ပါသနည်း။ ။

{ဖြေ} ရှစ်ပါးသောအကြောင်းတို့ကြောင့် သဗ္ဗညုဘုရားရှင်ကို။တထာဂတဟုခေါ်ဆိုအပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} တထာဂတောတိ အဋ္ဌဟိကာရဏေဟိဘဂဝါ။တထာဂတော ဟုဤပြဆိုအပ်သောအဂ်ုတ္တရအဋ္ဌကထာ၊ ဧကနိပါတ်ပုဂ္ဂလအဖွင့်၌ဖိန့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ထိုနည်းအတူ ဥဒါန်းအဋ္ဌကထာပဉ္စလိဒ္ဓ ဝဂ်အဋ္ဌမသုတ် အဖွင့်၌လည်းကောင်း။ ထိုနည်းအတူ ဣတိဝုတ်အဋ္ဌကထာ။ ဒုကနိပါတ် ဒုတိယဝဂ်အဖွင့်၌လည်းကောင်း မိန့်ဆိုအပ်သည်ကိုထောက်၍သည်းကောင်းသိအပ်ပါသည်။ ။မြန်မာပြန်ဘား။ ။ဘထာဂတောတိ ဧ္တတထာဂတောဟူသောပါဠိ၌။အဋ္ဌဟိရှစ်ပါးကုန်သော။ကာရဏေဟိ အကြောင်းတို့ကြောင့်။ ဘဂဝါ၊ ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုဘုရားရှင်သည်၊တထာဂတော၊ တထာဂတမည်တော်မူ၏။ဤသို့ အဋ္ဌကထာရှင်တို့ ပြဆိုအပ်သည်ကိုထောက်၍။ ရှစ်ပါးသောအကြောင်းတို့ကြောင့်။ တထာဂမည်သည့်၏အဖြစ်ကိုသိကြသေ။ ။

{မေး} တထာဂတမည်ခြင်း၏အကြောင်းရှစ်ပါးသည် အဘယ်ပါနည်း။

{ဖြေ} ၀ိပဿီအစရှိကုန်သော။ ရှေးရှေးဘုရားရှင်တို့နှင့်တူသည်ဖြစ်၍သာလျှင်။ လာတော်မူတတ်သောကြောင့်သည်း။သဗ္ဗညုဘုရားရှင်သည်။ တထာဂတမည်တော်မူ၏။(၂) ၀ိပဿီအစရှိကုန်သော။ရှေးရှေးဘုရားရှင်တို့နှင့်တူသည်ဖြစ်၍သာလျှင်။ကြွသွားတော်မူတတ်သောကြောင့်လည်း သဗ္ဗညုဘုရားရှင်သည်။တထာဂတမည်တော်မူ၏။(၃) အလုံးစုံသောပရမတ္ထသဘောတရားတို့၏ ဟုတ်မှန်သော လက္ခဏာသို့။ ဉာဏ်တော်တည်းဟူသောရောက်ခြင်းဖြင့်ရောက်တော်မူသောကြောင့်လည်း။သဗ္ဗညုဘုရားရှင်သည်။ တထာဂတမည်တော်မူ၏။ (၄) ဟုတ်မှန်သောသဘောတရားတို့ကို။ မဖောက်မပြန်သောအားဖြင့်။ ထိုးထွင်း၍ သိတော်မူတတ်သောကြောင့်လည်း။ သဗ္ဗညုဘုရားရှင်သည်။ တထာဂတမည်တော်မူ၏။ (၅) မချွတ်မယွင်းဟုတ်တိုင်းမှန်စွာ မြင်တော်မူတတ်သောကြောင့်လည်း။သဗ္ဗညုဘုရားရှင်သည်။တထာဂတမည်တော်မူ၏။ (၆) မချွတ်မယွင်းဟုတ်တိုင်းမှန်စွာ ဆိုတော်မူတတ်သည်၏အဖြစ်ကြောင့်သည်း။ သဗ္ဗညုဘုရားရှင်သည်။ တထာဂတမည်တော်မူ၏။ (၇) နှုတ်တော်ဖြင့် ဆိုတော်မူတိုင်း ကိုယ်တော်ဖြင့်ပြုလေ့ရှိတော်မူသည့်၏အဖြစ်ကြောင့်လည်း။သဗ္ဗညုဘုရား

ရှင်သည့် တထာဂတမည့်တော်မူ၏။(၈)လွှမ်းမိုးနှိမ်နင်းတော်မူတတ်သော
သဘောကြောင့်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်သည့်၊ တထာဂတမည်တော်မူ၏။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} တထာအာဂတောတိ၊တထာဂတော။တထာဂတောတိ၊တထာဂတော။တထလက္ခဏံအာဂတောတိ။တထာဂတော၊တထဓမ္မေယထာဝတော အဘိသမ္ဗုဒ္ဓေါတိ။တထာဂတော၊ တထဒဿိတာယ။ တထာဂတော၊ တထဝါဒိတာယ၊ တထာဂတော။တထာကာရိတာယ တထာဂတော၊ အဘိဘဝနဋ္ဌေန တထာဂတောတိဟူ၍၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ။ ကေနိပါတ်။ ကေပုဂ္ဂလအဖွင့် ဥဒါန်းအဋ္ဌကထာ။ မုစ္စလိန္ဒဝဂ် အဋ္ဌမသုတ်အဖွင့်။ ဣတိဝုတ်အဋ္ဌကထာ ဒုကနိပါတ် ဗုတိယသုတ်အဖွင့်တို့၌ ပြဆိုအပ်သည်ကို ထောက်၍သိအပ်ပါသည်။ အနက်သိကြောင်းမြန်မာပြန်ကား။ ။တထာ၊ ထိုဝိပဿိ အစရှိသော။ ရှေးဘုရားတို့ အတူသာလျှင်။ အာဂတော၊ လာတော်မူတတ်၏။ဣတိတသ္မာ၊ထိုရှေးဘုရားရှင်တို့အတူသာလျှင်လာတော်မူတတ်သည့်၏အဖြစ်ကြောင့်။တထာဂတော၊တထာဂတမည်တော်မူ၏။ တထာ၊ ထိုဝိပဿိအစရှိသော ဘုရားရှင်တို့အတူသာလျှင်။ ဂတော၊ကြွသွားတော်မူတတ်၏။ ဣတိတသ္မာ ထိုသို့ရှေးဘုရားရှင်တို့အတူသာလျှင်ကြွသွားတော်မူတတ်သည်၏အဖြစ်ကြောင့်။တထာဂတော၊တထာဂတမည့်တော်မူ၏။တထလက္ခဏံ၊မချွတ်မယွင်းဟုတ်မှန်သောသဘောလက္ခဏာသို့။အာဂတော၊ဉာဏ်တော်ဖြင့်ရောက်၏။ ဣတိတသ္မာ၊ထိုသို့မချွတ်မယွင်းဟုတ်မှန်သောသဘောလက္ခဏာသို့။ ဉာဏ်တော်ဖြင့်ရောက်တော်မူတတ်သည်၏အဖြစ်ကြောင့်။တထာဂတော၊တထာဂတမည့်တော်မူ၏။ တထဓမ္မေ၊ ဟုတ်မှန်သောသဘောတရားတို့ကို။ ယထာဝတော၊ မဖောက်မပြန်သောအားဖြင့်။ ဝါ။ ဟုတ်မှန်သောအတိုင်းအားဖြင့်။ အဘိသမ္ဗုဒ္ဓေါ၊ ထိုးထွင်း၍သိတော်မူတတ်၏။ ဣတိတသ္မာ ထိုသို့မှန်သောတရားတို့ကို၊ ထိုထွင်း၍သိတော်မူတတ်သောကြောင့်။တထာဂတော၊ တထာဂတမည့်တော်မူ၏။တထဒဿိတာယ၊ဟုတ်မှန်သောတရားကို။ဟုတ်တိုင်းမှန်စွာမြင်တော်မူတတ်သည်၏အဖြစ်ကြောင့်၊ တထာဂတော၊တထာဂတမည်တော်မူ၏။တထဝါဒိတာယ၊ ဟုတ်တိုင်းမှန်စွာဆိုတော်မူတတ်သည့်၏အဖြစ်ကြောင့်။တထာဂတော၊တထာဂတမည့်တော်မူ၏။တထာကာရိတာယ နှုတ်တော်ဖြင့်ပြောဆိုတိုင်းသာကိုယ်တော်ဖြင့်ပြုတော်မူလေ့ရှိသည့်၏အဖြစ်ကြောင့်။တထာဂတော၊တထာဂတမည့်တော်မူ၏။အဘိဘဝနဋ္ဌေန

ဆွမ်းမိုးနှိမ်နင်းတော်မူတတ်သောကြောင့်။ တထာဂတော၊ တထာဂတ
မည်တော်မူ၏။ ။ဤသို့ပြဆိုအပ်သောအဋ္ဌကထာရှင်တို့၏စကားတော်တို့ကို
ထောက်၍။ ရှစ်ပါးသောအကြောင်းတို့ကြောင့်။ တထာဂတ မည်သည်၏အ
ဖြစ်ကိုသိကြလေ။ ။

{မေး} ထိုရှစ်ပါးသော အကြောင်းတရားတို့တွင်။ ဂေါတမဘုရားရှင်
သည်ရှေးဝိပဿီအစရှိသောရှေးဘုရားတို့အတူလာတော်မူသောကြောင့်
တထာဂတမည်ကြောင်းကိုသိရပါပြီ။ အဘယ်သို့ရှေးဘုရားတို့အတူလာ
တော်မူအပ်သည်ကို အကျယ်အားဖြင့်သိအပ်ပါမည်နည်း။ ။

{ဖြေ} အလုံးစုံသောသတ္တလောက၏ အစီးအပွားအလို့ငှါ။ ရှေးဘုရား
တို့သည် လုဥ္ဘဲပြုခြင်းသို့ ရောက်ကုန်ပြီးလျှင် လာတော်မူကုန်၏။ ထိုအတူ
ငါတို့ဂေါတမဘုရားသည်လည်းလာတော်မူ၏။ ဝိပဿီဘုရား။ သိခီဘုရား
ဝေဿဘူဘုရား။ ကကုသန်ဘုရား။ ကောနာဂုံဘုရား။ ကဿပဘုရားရှင်
တို့သည်။ အလုံးစုံသောသတ္တလောက၏ အစီးအပွားအလို့ငှါ။ ကြောင်း
ကြံဖိုက်ခြင်းသို့။ ဝါ။ လုဥ္ဘဲဖိုက်ထုတ်ခြင်းသို့ရောက်ကုန်၍ လာတော်မူကြ
ကုန်သကဲ့သို့။ ထိုအတူ ငါတို့ဂေါတမဘုရားရှင်သည်လည်းလာတော်မူ၏။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ယထာ သဗ္ဗလောက ဟိတာယ။ ဥဿုက္ကမာပန္နာ။ ပုရိမကာ။
သမ္မာသမ္ဗုဒ္ဓါ။ အာဂတာ ယထာ။ ဝိပဿီဘဂဝါ။ ယထာသိခီဘဂဝါ။
ယထာဝေဿဘူဘဂဝါ။ ယထာကကုသန္ဓောဘဂဝါ။ ယထာ ကော
ဏာဂမနောဘဂဝါ။ယထာကဿပေါဘဂဝါ။ အာဂတောတိ ဟူ၍။ ။
အင်္ဂုတ္တရ အဋ္ဌကထာ။ ဧကနိပါတ် ဧကပုဂ္ဂလအဖွင့်၌ လည်းကောင်း။ ဥဒါန်း
အဋ္ဌကထာ၊မုစ္စလိန္ဒဝဂ်ရှစ်ခုမြောက်ဝဂ်၌လည်းကောင်း။ဆုတိဝဂ်အဋ္ဌကထာ
ဒုကနိပါတ်နှစ်ခုမြောက်သုတ်၌လည်းကောင်း။ပြဆိုအပ်သည်ကိုထောက်
၍သိအပ်ပါသည်။ ။မြန်မာပြန်ကား။ ။သဗ္ဗလောကဟိတဏ္ဍာယ။အလုံးစုံ
သော သတ္တလောက၏ အစီးအပွားအလို့ငှါ။ ဥဿုက္ကံ။ကြောင်းကြံဖိုက်
ခြင်းသို့။ ဝါ။ လုဥ္ဘဲပြုခြင်းသို့။ အာပန္နာ၊ ရောက်ကုန်သော။ ပုရိမကာ၊ ရှေး
၌ဖြစ်ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ သစ္စာလေးပါးတရားတော်တို့ကို။ မဘောံ
မပြန်။ ကိုယ်တော်တိုင်သာလျှင် အကြွင်းမရှိ။ သဗ္ဗညုတဉာဏ်တော်ဖြင့်။
ထိုးထွင်း၍သိတော်မူပြီးသော ဘုရားရှင်တို့သည်။ အာဂတာယထာ။ လာ
တော်မူကုန်သကဲ့သို့။အာဂတော၊လာတော်မူ၏။ဝိပဿီ၊ဝိပဿီအမည်
ရှိတော်မူသော၊ဘဂဝါ၊ဘုရားရှင်သည်။အာဂတောယထာ။လာတော်မူသ
ကဲ့သို့။အာဂတော။လာတော်မူ၏။သိခီ၊သိခီအမည်တော်ရှိသော။ဘဂဝါ

ဘုရားရှင်သည်။ အာဂတော ယထာ။ လာတော်မူသကဲ့သို့။ အာဂတော။ လာတော်မူ၏။ဝေဿဘူ။ဝေဿဘူအမည်ရှိတော်မူသော။ဘဂဝါ၊ဘုရားရှင်သည်။အာဂတောယထာ။လာတော်မူသကဲ့သို့။အာဂတော၊လာတော်မူ၏။ ကက္ကုသန္ဓော၊ကက္ကုသန်အမည်တော်ရှိသော။ ဘဂဝါ၊ဘုရားရှင်သည်။ အာဂတောယထာ၊ လာတော်မူသကဲ့သို့။ အာဂတော၊ လာတော်မူ၏။ကောဏာဂမနော၊ကောဏာဂုန်အမည်တော်ရှိသော။ဘဂဝါ၊ဘုရားရှင်သည်။အာဂတေယထာ၊ လာတော်မူသကဲ့သို့။ အာဂတော၊ လာတော်မူ၏။ ကဿပေါ၊ ကဿပအမည်တော်ရှိသော။ဘဂဝါ၊ ဘုရားရှင်သည်။ အာဂတောယထာ၊ လာတော်မူသကဲ့သို့။ အာဂတော။လာတော်မူ၏။ ဣတိ။ဤသို့။ဝေဒိတဗ္ဗော၊သိအပ်၏။ ။ဤသို့ပြဲဆိုအပ်သောအဋ္ဌကထာရှင်တို့၏စကားတော်ကိုထောက်၍။သတ္တလောက၏အစီးအပွါးအလို့ငှာ။ရှေးဘုရားရှင်တို့ကြောင်းကြစိုက်၍။ဝါ။လူ့လူ့စိုက်ခြင်းသို့ ရောက်၍လာကုန်သကဲ့သို့။ ဂေါတမဘုရားရှင်လည်းလာတော်မူ၏။ ထို့ကြောင့်၊တထာဂတမည်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ။

{မေး} သတ္တလောက၏အစီးအပွားအလို့ငှာ၊ကြောင်းကြစိုက်ခြင်းလုံလပြုခြင်းသို့ရောက်၍။ ရှေးဘုရားတို့ လာသကဲ့သို့။ ငါတို့ဂေါတမဘုရားလာတော်မူ၏ဟု ဆိုတော်မူပြီး။ ဘယ်လိုကြောင့်၊ ကြောင်းကြစိုက်ခြင်း။ ဘယ်လိုလုံ့လပြုခြင်းသို့ရောက်၍လာပုံကို အကျယ်တဝင့်ဘယ်လိုသိအပ်ပါမည်နည်း။ ။

{ဖြေ} အကြင်ရှေးဘုရားရှင်တို့သည်။ ဘုရားဆုကို တောင်း၍လာကုန်သကဲ့သို့၊ ငါတို့ဘုရားရှင်သည်လည်း။ ထိုဘုရားဆုကိုတောင်း၍သာလျှင်လာတော်မူ၏။ ။တနည်း။ ဝိပဿီဘုရား။ သိခီဘုရား။ဝေဿဘူဘုရား ကကုသန်ဘုရား။ ဂေါဏာဂုန်ဘုရား။ ကဿပဘုရားတို့သည်။ ပါရမီဆယ်ပါးအပြားသုံးဆယ်တို့ကို ဖြည့်ကျင့်၍ လာတော်မူသကဲ့သို့။ ငါတို့ဂေါတမဘုရားရှင်သည်လည်း။ ပါရမီဆယ်ပါးအပြားသုံးဆယ်တို့ကိုဖြည့်ကျင့်၍လာတော်မူ၏။ ဝိပဿီအစရှိကုန်သော။ ရှေးဘုရားရှင်တို့သည် စွန့်ခြင်းကြီးငါးပါးတို့ကိုစွန့်ခြင်း။ ဂတဝတ် ပစ္စာဂတဝတ်တို့ကိုဖြည့်ကျင့်ခြင်း။အဘိညာဏ်သမာပတ်တို့ကိုပြီးစေခြင်းစသော။ပုဗ္ဗပဒယောဂ၊ဒါနအစရှိသည်တို့၌လွန်ကဲစွာပြုကျင့်ခြင်းကိုပြီးစေခြင်းဟုဆိုအပ်သော။ပုဗ္ဗစရိယာဗောဓိသုံးပါး၌ တည်စေခြင်း။ရင့်စေခြင်း၏အစွမ်းအားဖြင့်ဖြစ်သောတရားစကားတော်ကိုဟောတော်မူခြင်းအစရှိသည်တို့ကိုဖြည့်တော်မူ၍၊ ဘုရားဖြစ်ခြင်း၏အထွဋ်အထိပ်သို့ရောက်၍လာတော်မူသကဲ့သို့။ ငါတို့၏ဂေါတမ

ဘုရားရှင်သည် လည်းလာတော်မူ၏။ တနည်း။ ဝိပဿီအစရှိသောရှေးဘုရားရှင်တို့သည်။ သတိပဋ္ဌာန်း ၄ ပါး။ သမ္မပ္ပဓါန် ၄ ပါး။ ဣဒ္ဓိပါဒ် ၄ ပါး။ ဈာန် ၄ ပါး။ ဣန္ဒြေ ၅ ပါး။ ဗိုလ် ၅ ပါး။ ဗောဇ္ဈင်ခုနစ်ပါး။ မဂ္ဂင်ရှစ်ပါး တရားတို့ကိုပွါးများစေပြီးလျှင် လာတော်မူကုံသကဲ့သို့။ ငါတို့ဂေါတမဘုရားရှင်လည်း။ ထိုတရားတို့ကိုပွါးစေပြီး၍သာလျှင်လာတော်မူ၏။ ထို့ကြောင့်၊ ငါတို့ဂေါတမ ဘုရားရှင်ကို တထာဂတဟုဆိုတော်မူအပ်သည်ဟု အကျယ်တဝင့်သိအပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ယေနအဘိနီဟာရေန။ ဧတေဘဂဝန္တော။ အာဂတာ။ တေနေဝအမှာကမ္ပိဘဂဝါ အာဂတော။ အထဝါ။ ယထာ ဝိပဿီ ဘဂဝါ။ ပ။ ယထာကဿပေါဘဂဝါ ဒါနပါရမီပူရေတွာ၊ သီလ၊ နိက္ခမ္မ၊ ပညာဝီရိယခန္တိ သစ္စာ မိဋ္ဌာန်။ မေတ္တာ။ ဥပေက္ခာ ပါရမီပူရေတွာ။ ဣမာ ဒသ ပါရမီယော။ ဒသဥပပါရမီယော။ ဒသပရမတ္ထ ပါရမီယောတိ။ သမတိံသပါရမီယောပူရေတွာ။ အင်္ဂပရိစ္စာဂံနယနံ။ ဓနံ။ ရဇ္ဇံ။ ပုတ္တဒါရပရိစ္စာဂန္တိ။ ဣမေ ပဉ္စမဟာပရိစ္စာဂေ။ ပရိစ္စဇိတွာ။ ပုဗ္ဗယောဂပုဗ္ဗစရိယ။ ဓမ္မက္ခာန်။ ဉာတတ္ထစရိယာဒယော။ ပူရေတွာ။ ဗုဒ္ဓစရိယာယ။ ကောဋိံ ပတွာ။ အာဂတော။ တထာအမှာကမ္ပိ။ ဘဂဝါအာဂတော။ ယထာစဝိပဿီဘဂဝါ။ ပ။ ကဿပေါဘဂဝါ။ စတ္တာရောသတိပဋ္ဌာနေ။ စတ္တာရောသမ္မပ္ပဓာနေ။ စတ္တာရော ဣဒ္ဓိပါဒေ။ ပဉ္စိန္ဒြိယာနိ။ ပဉ္စဗလာနိ။ သတ္တဗောဇ္ဈင်္ဂေ။ အရိယံ။ အဋ္ဌင်္ဂိကံမဂ္ဂံ ဘာဝေတွာ။ ဗြူဟေတွာ။ အာဂတော။ တထာအမှာကံ ဘဂဝါပိ အာဂတောတိ တထာဂတော။ ။ယထေဝလောကမှိ ဝိပဿိအာဒယော။ ။ သဗ္ဗညုဘာဝံမုနယောဣဓာဂတာ။ တထာအယံသကျမုနီပိ အာဂတော။ တထာဂတော ဝုစ္စတိ တေနစက္ခုမာတိ။ ဧဝံတထာ အာဂတောတိ။ တထာဂတော ဟူ၍။ သုတ်သီလက္ခံအဋ္ဌကထာ ဗြဟ္မဇာလသုတ် အဖွင့်၌လည်းကောင်း။ အင်္ဂုတ္တရအဋ္ဌကထာရှင်သည်။ ဧကနိပါတ်ဧကပုဂ္ဂလအဖွင့်။ ဥဒါန်းအဋ္ဌကထာ။ မုစ္စလိန္ဒဝဂ်ရှစ်ချမြောက် ဝဏ္ဏအဖွင့်၌လည်းကောင်း။ ဇာတ်ဝတ်အဋ္ဌကထာ။ ဒုကနိပါတ်နှစ်ချမြောက်ဝဏ္ဏအဖွင့်၌လည်းကောင်း။ လာရှိသည်တို့ကိုထောက်၍သိအပ်ပါသည်။ (အသုံးမှာ ပဉ္စပရိစ္စာဂအရာ၌။ သုတ်သီလက္ခံ၌။ အင်္ဂပရိစ္စာနောင်။ ဇီဝိတပရိစ္စာဂလာသည်။ အင်္ဂုတ္တိုရ်၌နယနပရိစ္စာဂဟုလာသည်ဇာတ်ဝတ်အဋ္ဌကထာ၌။ အတ္တပရိစ္စာဂဟုလာသည်။ ။ဤကား အသုံး။)အနက်သိကြောင်းမြန်မာပြန်ကား။ ။ယေနနီဟာရေန၊ အကြင်ဆုတောင်းခြင်းဖြင့်ဧတေဘဂဝန္တော။ ထိုမြတ်စွာဘုရားရှင်တို့သည်။ အာဂတာ၊ လာတော်မူကုန်၏။ တေနေဝအဘိနီဟာရေန၊ ထိုဆုတောင်းခြင်းဖြင့်

သာလျှင်။ အမှာကံ၊ ငါတို့၏။ ဘဂဝါပိ၊ မြတ်စွာဘုရားသည်လည်း။ အာဂ
တော၊ လာတော်မူ၏။ ဣတိ၊ ဤသို့။ ဝုတ္တံဝုတ္တော။ ဆိုလိုသည်။ ဟောတိ၊
ဖြစ်၏။အထဝါ၊ တနည်းကား။ ။ဝိပဿီ၊ ဝိပဿီအမည်ရှိတော်မူသော
ဘဂဝါ၊ဘုရားရှင်သည်။ဒါနပါရမီ၊ ဒါနပါရမီကို။ ပူရေတွာ၊ ဖြည့်တော်မူ
၍။ သီလ၊နိက္ခမ္မ၊ပညာ၊ဝိရိယ၊ခန္တိ၊သစ္စ၊ဓိဋ္ဌာန။မေတ္တာ၊ ဥပေက္ခာပါရမီ
သီလပါရမီ။ နိက္ခမ္မပါရမီ။ပညာပါရမီ။ဝိရိယပါရမီ။ ခန္တိပါရမီ။သစ္စာပါ
ရမီ။အဓိဋ္ဌာနပါရမီ။မေတ္တာပါရမီ။ဥပေက္ခာပါရမီ တော်တို့ကို။ပူရေတွာ။
ဖြည့်တော်မူပြီး၍။ဣမာဒသပါရမီယော။ဤဆယ်ပါးသောပါရမီတော်တို့
ကိုလည်းကောင်း။ဣမာဒသဥပပါရမီယော၊ဤဆယ်ပါးသော ဒသဥပပါရ
မီတို့ကိုလည်းကောင်း၊ဣမာဒသပရမတ္ထပါရမီယော။ ဤဆယ်ပါးသောပရ
မတ္ထပါရမီတို့ကိုလည်းကောင်း။ ဣတိ။ဤသို့။ သမာတိံသပါရမီယော။အ
မျှသုံးဆယ်သော ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍၊ အာဂတော
ယထာ၊ လာတော်မူသကဲ့သို့။ အာဂတော၊လာတော်မူ၏။ အင်္ဂပရိစ္စာဂံ။
အင်္ဂါကြီးငယ်ကိုစွန့်ခြင်းလည်းကောင်း။ဇီဝိတပရိစ္စာဂံ။အသက်ကိုစွန့်ခြင်း
လည်းကောင်း။ဓနပရိစ္စာဂံ၊ ဥစ္စာကိုစွန့်ခြင်းလည်းကောင်း။ ရဇ္ဇပရိစ္စာဂံ။
ပြည်ကိုစွန့်ခြင်းလည်းကောင်း။ ပုတ္တဒါရပရိစ္စာဂံ။ သားမယားကိုစွန့်ခြင်း
လည်းကောင်း။ဣတိ၊ ဤသို့။ဣမေပဉ္စမဟာပရိစ္စာဂေ၊ဤငါးပါးကုန်သော
စွန့်ခြင်းကြီးတို့ကို။ပရိစ္စဇိတွာ၊စွန့်သွတ်တော်မူ၍။ပုဗ္ဗယောဂံ၊ဂတဝတ်
ပစ္စာဂတဝတ်ကို။ ဖြည့်ကျင့်ခဲ့ခြင်းအစရှိသော။ ရှေးအဘို့၌ဖြစ်သောပြင်း
စွာသောဝီရိယကိုလည်းကောင်း။ပုဗ္ဗစရိယံ၊ တယောက်အထည်းထည်း
ရသော့ ရဟန်းပြု၍။ ရှေးအဘို့၌ကျင့်ခြင်းကိုလည်းကောင်း။ ဓမ္မက္ခာနံ၊ ဝဋ်
ဆင်းရဲမှထွက်မြောက်စိမ့်သောငှာ။တရားဟောခြင်းကိုလည်းကောင်း။ဉာ
တတ္ထစရိယာဒယော။ အဆွေအမျိုး၏အကျိုးငှာ ကျင့်ခြင်းအစရှိသည်တို့
ကိုလည်းကောင်း။ပူရေတွာ။ပြည့်စုံစေ၍။(အာဒိသဒ္ဒါဖြင့်လောကတ္ထစရိယ
ဗုဒ္ဓတ္ထစရိယကိုယူလေ။) ဗုဒ္ဓစရိယာယ၊ ဘုရားဖြစ်ခြင်းငှာကျင့်ခြင်း၏။
ကောဋိံ၊အဆုံးသို့။ပတွာ၊ ရောက်၍။အာဂတောယထာ၊ လာတော်မူကုန်
သကဲ့သို့။ တထာ၊ ထိုအတူ။အမှာကံ၊ ငါတို့၏။ ဘဂဝါပိ၊ ဘုရားရှင်သည်
လည်း။ အာဂတော၊လာတော်မူ၏။ အထဝါ၊ တနည်းကား။ ။ဝိပဿီ၊ဝိ
ပဿီမည်သော။ ဘဂဝါ၊ဘုရားရှင်သည်။ ပ။ ကဿပေါ၊ ကဿပမည်
သော။ ဘဂဝါ၊ဘုရားရှင်သည်၊ စတ္တာရော၊လေးပါးကုန်သော။ သတိပဋ္ဌာ
နေ၊သတိပဋ္ဌာန်တို့ကိုလည်းကောင်း။ စတ္တာရော၊ လေးပါးကုန်သော။သမ္မ

ပဓာနေ၊ သမ္မာပဓါန်တို့ကိုလည်းကောင်း။ စတ္တာရော၊ လေးပါးကုန်သော။ ဣဒ္ဓိပါဒေ၊ ဣဒ္ဓိပါဒ်တို့ကိုလည်းကောင်း။ ပဉ္စ၊ ငါးပါးကုန်သော။ ဣန္ဒြိယာနိ ဣန္ဒြေတို့ကိုလည်းကောင်း။ ပဉ္စ ငါးပါးကုန်သော။ ဗလာနိ၊ ဗိုလ်တို့ကိုလည်းကောင်း။ သတ္တ၊ ခုနစ်ပါးကုန်သော၊ ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်တို့ကိုလည်းကောင်း။ အရိယံ၊ ဖြူစင်သော။ ဝါ။ မြင့်မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂံ၊ မဂ်ကိုလည်းကောင်း။ ဘာဝေတွာ၊ ဖြစ်စေ၍။ ဗြူဟေတွာ၊ ပွားစေ၍။ အာဂတာ ယထာ၊ လာကုန်သကဲ့သို့။ တထာ၊ ထိုအတူ။ အမှာကံ၊ ငါတို့၏။ ဘဂဝါပိ၊ ဘုရားရှင်သည်လည်း။ အာဂတော၊ လာတော်မူ၏။ ဣတိတသ္မာ ထို့ကြောင့် တထာဂတော။ တထာဂတမည်တော်မူ၏။ လောကမှိ။ လူ့ပြည်၌။ ဝိပဿိ အာဒယော။ ဝိပဿီအစရှိကုန်သော။ မုနယော။ ဘုရားတို့သည်။ ဣဓ။ ဤလူ့ပြည်၌။ သဗ္ဗညုဘာဝံ၊ သဗ္ဗညုအဖြစ်သို့။ အာဂတာ ယထာ၊ ရောက်ကုန်သကဲ့သို့။ တထာ၊ ထိုအတူ။ အယံ သကျမုနိပိ၊ ဤငါတို့မြတ်စွာဘုရားသည်လည်း။ သဗ္ဗညုဘာဝံ၊ သဗ္ဗညုအဖြစ်သို့။ အာဂတော၊ ရောက်တော်မူ၏။ တေန ထို့ကြောင့်။ စက္ခုမာ၊ စက္ခုငါးပါးရှိတော်မူသော။ ငါတို့မြတ်စွာဘုရားကို။ တထာဂတောတိ၊ တထာဂတဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဧဝံ၊ ဤသို့။ တထာ၊ ထိုရှေးဘုရားတို့အတူ။ အာဂတော၊ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တထာဂတော၊ တထာဂတမည်တော်မူ၏။ ဤသို့အဋ္ဌကထာရှင်တို့ ပြဆိုအပ်သည်ကို ထောက်၍၊ အကျယ်တဝင့်ကို သိကြလေ။ ။

{မေး} ရှေးဘုရားတို့အတူ လာတော်မူ ခြင်းကြောင့်။ ဘုရားရှင်ကို၊ တထာဂတဟုခေါ်ဆိုအပ်သည်၏ အဖြစ်ကိုသိအပ်ပါပြီ။ ။ ရှေးဘုရားရှင်တို့ အတူကြွသွားတော်မူခြင်းကြောင့်။ တထာဂတမည်သည်၏ အဖြစ်ကိုဘယ်လိုသိအပ်ပါမည်နည်း။ ။

{ဖြေ} ဝိပဿီအစရှိသော ဘုရားရှင်တို့သည်။ အမိဝမ်းမှဖွားစကလျှင်၊ ညီညွတ်သောခြေတော်တို့ဖြင့် မြေ၌တည်၍။ မြောက်အရပ်သို့ ခြေလှမ်းခုနစ်ဘဝါးကြွတော်မူသကဲ့သို့။ ဂေါတမဘုရားရှင်လည်း ကြွတော်မူ၏။ ထိုသို့ ကြွတော်မူခြင်းကြောင့်လည်း။ တထာဂတမည်တော်မူ၏။ ။ ဘာနည်း။ ရှေးဝိပဿီစသောဘုရားရှင်တို့သည်။ နေက္ခမဖြစ်သောကုသိုလ်တရားတို့ဖြင့် ကာမစ္ဆန္ဒအကုသိုလ်တရားကိုပါယ်စွန့်၍ ကြွသွားတော်မူကုန်သကဲ့သို့။ ဂေါတမဘုရားသည်လည်း။ ကာမစ္ဆန္ဒတရားကို ပါယ်စွန့်၍ကြွသွားတော်မူ၏။ ရှေးဝိပဿီအစရှိသောဘုရားရှင်တို့သည်။ အဗျာပါဒတည်းဟူသောကုသိုလ်တရားဖြင့်။ ဗျာပါဒ ဟုဆိုအပ်သော အကုသိုလ်တရားကိုပါယ်စွန့်၍

ကြွသွားတော်မူကုန်သကဲ့သို့။ ဒါတို့ဂေါတမဘုရားရှင်လည်းကြွသွားတော်မူ၏။ ဝိပဿိအစရှိသောရှေးဘုရားရှင်တို့သည်။ အာလောကသညာဖြင့်။ ထိနမိဒ္ဓကိုမပျံ့မလွင့်သောသမာဓိဖြင့်။ ဥဒ္ဓစ္စကုက္ကုစ္စကို။ တရားတော်ကိုမှတ်သားခြင်းတည်းဟူသော။ ဓမ္မဝဝတ္ထာနကုသိုလ်ဖြင့်။ ယုံမှားခြင်း၊ ဝိစိကိစ္ဆာတရားကို။ လောကီဉာဏ်ဖြင့်။ မသိတတ်သောအဝိဇ္ဇာတရားကို။ ဝမ်းမြောက်ခြင်း။ ပါမောဇ္ဇ တရားဖြင့်၊ ဆိပ်ငြိမ်ရာ၌ လည်းကောင်း။ ကုသိုလ်တရား၌ လည်းကောင်း။ မမွေ့လျော်တတ်သော အရတိတရားကို။ ပယ်စွန့်၍သွားကုန်သကဲ့သို့။ ဂေါတမဘုရားရှင်လည်း။ ပယ်စွန့်၍ ကြွသွားတော်မူ၏။ ပဌမဈာန်ဖြင့်။ နီဝရဏတရားငါးပါးကို။ ဒုတိယဈာန်ဖြင့်။ ဝိတက်ဝိစာရတရားကို။ တတိယဈာန်ဖြင့်။ ပီတိကို၊ စတုတ္ထဈာန်ဖြင့်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာကို။ အာ ကာ သာ နဉ္စာ ယ တ နဈာန် သမာပတ်ဖြင့်။ ကသိုဏ်းရုပ်၌ဖြစ်သော သညာ၊ အထူးထူးသော၊ အာရုံဝတ္ထုထိ ခပ်ခြင်းကြောင့် ဖြစ်သော။ သညာ၊ အထူးထူးသော။ သဘောရှိသော ကာမာဝစရ ကုသိုလ်စသော သညာတို့ကို။ ဝိညာဏဉ္စာယတနဈာန်ဖြင့်။ အာကာသာနဉ္စာယတနဈာန်သညာကို။ အာကိဉ္စညာယတန ဈာန်သမာပတ်ဖြင့်။ ဝိညာဏဉ္စာယတနဈာန်၌ဖြစ်သော သညာ ကို။ နေဝသညာနာသညာယတနဈာန်သမာပတ်ဖြင့်၊ အာကိဉ္စညာယတနဈာန်၌ဖြစ်သော သညာကိုပယ်စွန့်၍။ အနိစ္စာနုပဿနာဖြင့် နိစ္စသညာကို။ ဒုက္ခာနုပဿနာဖြင့်၊ သုခသညာကို။ အနတ္တာနုပဿနာဖြင့်၊ အတ္တသညာကို။ နိဗ္ဗိန္ဒာနုပဿနာဖြင့်။ သင်္ခါရတရားတို့၌နှစ်သက်ခြင်းကို။ ဝိရာဂါနုပဿနာဖြင့်၊ သင်္ခါရတရားတို့၌တပ်ခြင်းကို။ နိရောဓာနုပဿနာဖြင့်။ သင်္ခါရတရားတို့၏ဖြစ်ခြင်းကို။ ဥပသမာနုပဿနာဖြင့်။ သင်္ခါရတရားတို့၌စွဲလန်းယူခြင်းကို။ ခယာနုပဿနာဖြင့်။ သင်္ခါရတရားတို့၏တခဲနက်သညာကို။ ဝယာနုပဿနာဖြင့်၊ သင်္ခါရတရားတို့ဖြစ် အောင်အားထုတ်ခြင်းကို ပါယ်ငွေန့်၍။ ဖောက်ပြန်ခြင်းကိုရှုတတ်သော ဝိပရိဏာမ ဝိပဿနာဖြင့်၊ သင်္ခါရတရားတို့မြဲ၏ဟူသောအမှတ်ကိုပါယ်စွန့်၍။ သင်္ခါရတရားတို့၏ နိစ္စနိမိတ်စသည်မရှိခြင်းကို၊ အဘန်တလဲလဲရှုတတ်သော။ အနိမိတ္တာနုပဿနာဖြင့်။ သင်္ခါရတို့၏။ နိစ္စနိမိတ်စသည့်ရှိ၏ ဟူသောအမှတ်ကို ပါယ်စွန့်၍။ ရာဂစသောတရားတို့၏ တောင်းတခြင်းမရှိခြင်းတည်းဟူသော အပဏိဟိတာနုပဿနာဖြင့်။ ရာဂစ သောတရားတို့၏တောင်းတခြင်းကို။ သတ္တဝါအတ္တမှဆိပ်သည့်ကို။ အဖန်တလဲလဲရှုတတ်သော။ သုညတာနုပဿနာဖြင့်။ အတ္တရှိ၏ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်းကို။ သင်္ခါရတရားတို့ကို။ အနိစ္စစသောအထူးထူးသောအခြင်းအရာဖြင့်ရှုတတ်သော။ သွန်ကဲ

သော ဝိပဿနာပညာတည်းဟူသော။ အဓိပညာ ဓမ္မဝိပဿနာဖြင့်။ နိစ္စ အနှစ်စသည်မရှိသော သင်္ခါရတရားတို့၌။ နိစ္စစသောအနှစ်ရှိ၏ဟူ၍၊မှား သောအားဖြင့် နှလုံးသွင်းခြင်းကိုပယ်စွန့်၍။ဟုတ်မှန်သောသဘောတရား ကိုမြင်တတ်သော။ယထာဘူတဉာဏဒဿနဖြင့်တွေ့ဝေသောအားဖြင့်။ မ ဟုတ်မမှန်နှလုံးသွင်းခြင်းကို။သင်္ခါရတရားတို့၏အဖြစ်ကို။အဘန်တလဲလဲ ရှုတတ်သော။အာဒီနဝါနုပဿနာဉာဏ်ဖြင့်။သင်္ခါရတို့၌ကပ်ငြိသောအား ဖြင့် နှလုံးသွင်းခြင်းကို၊ သင်္ခါရတရားတို့၏ နိစ္စသုခအတ္တမရှိသည်၏အဖြစ် ကို။ အဘန်တလဲလဲဆင်ခြင်သုံးသပ်တတ်သော။ ပဋိသင်္ခါနုပဿနာဖြင့်။ သင်္ခါရတရားတို့ကို မဆင်မခြင်။ မေ့မေ့လျော့လျော့နေခြင်းကို။ သံသရာ ဝဋ်မှကင်းလွတ်ခြင်းကို။အဘန်တလဲလဲရှုတတ်သော။ဝိဝဋ္ဋနုပဿနာဖြင့် ဝဋ်၌အဘန်တလဲလဲယှဉ်သောအားဖြင့်။နှလုံးသွင်းခြင်းကိုပယ်စွန့်၍သွား သကဲ့သို့။ ငါတို့ဂေါတမဘုရားရှင်သည်လည်းပယ်စွန့်၍ကြွသွားတော်မူ ၏။ ။သောတာပတ္တိမဂ်ဖြင့်။ဒိဋ္ဌိနှင့်တကွပယ်ထိုက်သောကိလေသာတို့ ကို။အကြွင်းမရှိဖြတ်တော်ပယ်စွန့်တော်မူ၍။သကဒါဂါမိမဂ်ဖြင့်ရုန်းရင်း သော။ကာမရာဂစသောကိလေသာတို့ကို။အကြွင်းမရှိဖြတ်တောက်ပယ် စွန့်တော်မူ၍။ အနာဂါမိမဂ်ဖြင့် သိမ်မွေ့သော။ ကာမရာဂစသောကိလေ သာတို့ကိုအကြွင်းမရှိဖြတ်တောက်ပယ်စွန့်တော်မူ၍။အရဟတ္တမဂ်ဖြင့်။အ လုံးစုံသော ကိလေသာတို့ကို။ အကြွင်းမရှိဖြတ်တောက် ပယ်စွန့်တော်မူ ၍။ ကြွသွားတော်မူသကဲ့သို့။ ငါတို့၏ဂေါတမ ဘုရားရှင်သည်လည်း ကြွ သွားတော်မူ၏။ ထိုသို့ရှေးဘုရားအဘူကြွသွားတော်မူသောကြောင့်လည်း ငါတို့ဂေါတမ ဘုရားရှင်ကို။ တထာဂတဟုခေါ်ဆိုအပ်လေသည်ဟု သိ အပ်ပါသည်။ ။

{မေး} အဘယ်ပါဌ်ကိုထောက်၍ သိအပ်ပါသနည်း။ ။

{ဖြေ} ကထံ၊ တထာဂတောတိ တထာဂတော။ ယထာ သမ္မတိဗောတော ဝိပဿီ ဘဂဝါ။ ပ။ ကဿပေါ ဘဂဝါ၊ ဂတော၊ တထာ စဒါ မှာကာံပိ၊ ဘ ဂဝါ ဂတောတိ။ တထာဂတော။ သောဟိ သမ္မတိဗောတော။ သမေဟိပါဒေ ဟိ။ ပထဝိယံ ပတိဋ္ဌာယ။ ဥတ္တရာဘိမုခေါ။ သတ္တပဒဝီတိဟာရေန ဂတော ယထာဟ၊ သမ္မတိဗောတော အာနန္ဒ။ ဗောဓိသတ္တော။ သမေဟိပါဒေဟိ၊ ပ ထဝိယံ ပတိဋ္ဌဟိတွာ။ ဥတ္တရာဘိမုခေါ သတ္တပဒဝီတိဟာရေန။ ဂစ္ဆတိ။ သေတမှိ ဆတ္တေ၊ အနုဓာရိယမာနေ။ သဗ္ဗာပိဒိသာ အနုဝိလောကေတိ။ အာ သဘိဉ္စ ဝါစံ ဘာသတိ။ အဂ္ဂေါဟမသ္မိလောကဿ။ ဇေဋ္ဌောဟမသ္မိလော ကဿ။ သေဋ္ဌော ဟမသ္မိလောကဿ။ အယမန္တိမာ ဇာတိ။ နတ္ထိဒါနိ ပုန ဘ

ဝေါတိ၊ တဉ္စ ဂမနံ တထံဟောတိ အဝိတထံ။ အနေကေသံ ဝိသေသာဓိဂ
မာနံ။ ပုဗ္ဗနိမိတ္တဘာဝေန၊ ယဉ္စသော သမ္မတိဓာတောဝ။ သမေဟိပါဒေဟိ
ပတိဋ္ဌဟိ၊ ဣဒမဿ၊ စတုရိဒ္ဓိပါဒပဋိလာဘဿ။ ပုဗ္ဗနိမိတ္တံ၊ ဥတ္တရာဘိမုခ
ဘာဝေါပန။ သဗ္ဗလောကုတ္တရ ပဋိလာဘဿ၊ ပုဗ္ဗနိမိတ္တံ။ သတ္တပဒဝီတိ
ဟာရော။ သတ္တဗောဇ္ဈင်္ဂရတနပဋိလာဘဿ။ သုဝဏ္ဏဒဏ္ဍာ ဝီတိပတန္တိ။
စာမရာတိ ဧတ္ထ၊ စာမရုက္ခေပေါ၊ ပန သဗ္ဗတိတ္ထိယ နိမ္မဒ္ဒနဿ။ ပုဗ္ဗနိမိတ္တံ။
သေတစ္ဆတ္တဓာရဏံ အရဟတ္တဖလ ဝိမုတ္တိဝရဝိမလ။ သေတစ္ဆတ္တဿ။
ပဋိလာဘဿပုဗ္ဗနိမိတ္တံ။ သဗ္ဗဒိသာနုဝိလောကနံ။ သဗ္ဗညုတဉာဏာနာဝရ
ဏဉာဏပဋိလာဘဿ ပုဗ္ဗနိမိတ္တံ။ အာသဘိဝါစာဘာသနံ။ အပ္ပဋိဝတ္တိ
ယဝရဓမ္မစက္ကပ္ပဝတ္တနဿ။ ပုဗ္ဗနိမိတ္တံ။ တထာအယံဘဂဝါပိ။ ဂတော။
တဉ္စဿဂမနံတထံဟောတိ။အဝိတထံ၊အနေကေသံ။ဝိသေသာဓိဂမာနံ၊
ပုဗ္ဗနိမိတ္တဘာဝေန။တေနာဟပေါရာဏာ။ မုဟုတ္တဇာတောဝ ဂဝမ္ပတီယ
ထာ။သမေဟိပါဒေဟိ ဖုသီဝသုန္ဓရံ။သောဝိက္ကမီသတ္တပဒါနိဂေါတမော။
သေတဉ္စဆတ္တံအနုဓာရယုံမရူ။ ။ဂန္တွာနသော သတ္တပဒါနိဂေါတမော။
ဒိသာဝိလောကေသိ။ သမာသမန္တတော။ အဋ္ဌင်္ဂုပေတံ ဂိရမဗ္ဘုဒီရယိ။ ။
သီဟောယထာ ပဗ္ဗတမုဒ္ဓနိဋ္ဌိတောတိ။ ဧဝံ တထာဂတောတိ။ တထာဂ
တော။အထဝါ၊ယထာပိပဿီဘဂဝါ။ပ။ ယထာကဿပေါဘဂဝါ။အ
ယံပိဘဂဝါ။ တထေဝ နီဝရဏေ။ကာမစ္ဆန္ဒံ ပဟာယ ဂတော။ အဗျာပါ
ဒေန ဗျာပါဒံ ပဟာယ။ အာလောကသညာယထိန မိဒ္ဓံ။အဝိက္ခေပေန ဥဒ္ဓစ္စ
ကုက္ကုစ္စံပဟာယ။ ဓမ္မဝဝတ္ထာနေန ဝိစိကိစ္ဆံ ပဟာယ ဂတော။ ဉာဏေန
အဝိဇ္ဇံပဒါလေတွာ ဂတော။ ပါမောဇ္ဇေန အရတိံ ဝိနောဒေတွာ။ ပဌမဇ္ဈာ
နေန နီဝရဏကဝါဋံ ဥဂ္ဃာဋေတွာ။ဒုတိယဇ္ဈာနေန ဝိတက္ကဝိစာရံ ဝူပ
သမေတွာ။တတိယဇ္ဈာနေန ပီတိံ ဝိရာဇေတွာ။ စတုတ္ထဇ္ဈာနေန သုခဒုက္ခံပ
ဟာယ။ အာကာသာနဉ္စာယတနသမာပတ္တိယာ။ ရူပသညာပဋိဃသညာ
နာနတ္တသညာယော သမတိက္ကမိတွာ။ ဝိညာဏဉ္စာယတနသမာပတ္တိယာ
အာကာသာနဉ္စာယတနသညံ။ အာကိဉ္စညာယတနသမာပတ္တိယာ။ ဝိညာ
ဏဉ္စာယတနသညံ။ နေဝသညာနာသညာယတနသမာပတ္တိယာ အာကိဉ္စ
ညာယတနသညံ သမတိက္ကမိတွာ ဂတော။ အနိစ္စာနုပဿနာယ နိစ္စသညံ
ပဟာယ။ ဒုက္ခာနုပဿနာယ သုခသညံ။ အနတ္တာနုပဿနာယ အတ္တသညံ
နိဗ္ဗိဒါ နုပဿနာယ နန္ဒိံ။ ဝိရာဂါနုပဿနာယ ရာဂံ။ နိရောဓာ နုပဿနာယ
သမုဒယံ။ ဥပသမာနုပဿနာယ အာဒါနံ။ ခယာနုပဿနာယ ဃနသညံ။

ဝယာနုပဿနာယအာယူဟာနံ။ ဝိပရိဏာမာနုပဿနာယဓုဝသညံ။ အနိ
မိတ္တာနုပဿနာယ နိမိတ္တသညံ။ အပ္ပဏိဟိတာ နုပဿနာယပဏိဓိံ။ သု
ညတာနုပဿနာယ အဘိနိဝေသံ။အဓိပညာဓမ္မဝိပဿနာယ၊သာရာဒါ
နာဘိနိဝေသံ။ယထာဘူတဉာဏဒဿနေန သံမောဟာဘိနိဝေသံ။အာဒီ
နဝါနုပဿနာယ။အာလယာဘိနိဝေသံ။ပဋိသင်္ခါနုပဿနာယအပ္ပဋိသင်္ခံ
ဝိဝဋ္ဋာနုပဿနာယသံယောဂါဘိနိဝေသံ။ သောတာပတ္တိမဂ္ဂေနဒိဋ္ဌေ က
ဋ္ဌေကိလေသေ။ သကဒါဂါမိမဂ္ဂေနဩဠာရိကေ ကိလေသေပဟာယ၊အ
နာဂါမိမဂ္ဂေနအနုသဟဂတေကိလေသေသမုဂ္ဃာတေတွာ။အရဟတ္တမဂ္ဂေ
န သဗ္ဗကိလေသေသမုစ္ဆိန္ဒိတွာဂတော။ ဧဝံပိတထာဂတောတိတထာဂ
တော ဟူ၍ပြဆိုအပ်သော။ သုတ်သီလက္ခံ အဋ္ဌကထာ၊ ဗြဟ္မဇာလသုတ်အ
ဖွင့်။ အင်္ဂုတ္တရအဋ္ဌကထာ ဧကနိပါတ်၊ ဧကပုဂ္ဂလအဖွင့်။ ဥဒါန်းအဋ္ဌကထာ မုစ
လိန္ဒဝဂ်ခုနစ်ခုမြောက်အဖွင့်။ဣတိဝုတ်အဋ္ဌကထာဒုကနိပါတ်ဒုတိယသုတ်
အဖွင့်တို့ကိုထောက်၍ သိအပ်ပါသည်။ ။မြန်မာပြန်ကား။ ။ကထံ၊အဘယ်
သို့။ တထာ၊ထိုအတူ။ ဂတော၊ ကြွသွားတော်မူတတ်၏။ ဣတိတသ္မာ၊ထို့
ကြောင့်။တထာဂတော၊ တထာဂတမည်တော်မူသနည်း။သမ္ပတိဇာတော၊
ယခုဖွားစဖြစ်သော။ဝိပဿီ၊ ဝိပဿီအမည်တော်ရှိသော။ဘဂဝါ၊မြတ်
စွာဘုရားသည်။ (ပ)ကဿပေါ၊ ကဿပအမည်တော်ရှိသော။ ဘဂဝါ၊
မြတ်စွာဘုရားသည်။ ဂတောယထာ၊ ကြွသွားတော်မူသကဲ့သို့။ တထာစ၊
ထိုအတူလည်း။ အမှာကမ္ပိ၊ ငါတို့၏လည်း။ ဘဂဝါ၊ မြတ်စွာဘုရားသည်။
ဂတော၊ကြွသွားတော်မူတတ်၏။ဣတိတသ္မာ၊ထို့ကြောင့်။တထာဂတော
တထာဂတမည်တော်မူ၏။ ဟိဝိတ္ထာရေမိ၊ ထိုစကားကိုချဲ၍ဦးအံ့။ သမ္ပတိ
ဇာတော၊ ယခုဖွားသစ်စဖြစ်သော။သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။
သမေဟိ၊ညီညွတ်ကုန်သော။ ပါဒေဟိ၊ ခြေတော်တို့ဖြင့်။ ပထဝိယံ၊မြေ၌
ပတိဋ္ဌာယ၊ တည်၍။ ဥတ္တရာဘိမုခေါ၊ မြောက်အရပ်သို့ရှေ့ရှု။ သတ္တပဒဝီ
တိဟာရေန၊ခုနစ်ဖဝါးကြွတော်မူသဖြင့်။ဂတော၊ကြွတော်မူ၏။ ယထာ
ဟကိံ အာဟ၊ ဘုရားဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူကား။ သမ္ပတိ
ဇာတောအာနန္ဒ၊(ပ) ဒါနိပုနဗ္ဘဝေါတိ။ သမ္ပတိဇာတောအာနန္ဒ(ပ) ဒါနိပု
နဗ္ဘဝေါဟူ၍၊ အာဟ၊ဟောတော်မူ၏။ အာနန္ဒ၊အာနန္ဒာ။သမ္ပတိဇာတော
ယခုဖွားသစ်စဖြစ်သော။ဗောဓိသတ္တော၊ဘုရားလောင်းသည်။ သမေဟိ၊
ညီညွတ်ကုန်သော။ ပါဒေဟိ၊ ခြေတော်တို့ဖြင့်။ ပထဝိယံ၊ မြေ၌။ပတိဋ္ဌဟိ
တွာ၊ တည်၍။ ဥတ္တရာဘိမုခေါ၊မြောက်အရပ်သို့ရှေ့ရှု။ သတ္တပဒ ဝီတိဟာ
ရေန၊ခုနစ်ဖဝါးလှမ်းသဖြင့်။ဂစ္ဆတိ သွား၏။ သေတမှိဆတ္တေ။နတ်တို့၏

ထင်းဖြူကို။ အနုဓာရိယမာနေ၊ ဆောင်းအပ်သည့်ရှိသော်။ သဗ္ဗာပိ၊ခပ်သိမ်း
ကုန်သော။ ဒိသာ၊ အရပ်မျက်နှာတို့ကို။ အနုဝိလောကေတိ၊ စောင်းလှည့်
၍ကြည့်တော်မူ၏။အဟံ၊ငါသည်။လောကဿ၊ သူ့အပေါင်းထက်။ အဂ္ဂေါ၊
မြတ်သည်။ အသ္မိ၊ ဖြစ်၏။ အဟံ၊ငါသည်။ လောကဿ၊ လူ့အပေါင်းထက်။
ဇေဋ္ဌော၊ကြီးသည်။အသ္မိ၊ ဖြစ်၏။အဟံ၊ ငါသည်။ လောကဿ၊ လူ့အပေါင်း
ထက်။ သေဋ္ဌော၊ အထူးသဖြင့်မြတ်သည်။အသ္မိ၊ဖြစ်၏။အယံ၊ ဤပဋိသန္ဓေ
သည်။ အန္တိမာ၊ အဆုံးဖြစ်သော။ ဇာတိ၊ ပဋိသန္ဓေတည်း။ ဒါနိဣဒါနိ၊ယ
ခုအခါ၌။ ပုနဗ္ဘဝေါ၊တဘန်ဘဝသစ်၌။ ဖြစ်ခြင်းသည်။ နတ္ထိ၊မရှိ။ ဣတိ၊ဤ
သို့။ အာသဘိံ၊မြတ်သော။ ဝါစံ၊ စကားကိုလည်း။ ဘာသတိ၊ဆိုတော်
မူ၏။ ။အဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ တဒ္ဓဂမနံ၊ ထိုသွား
တော်မူခြင်းသည်လည်း။အနေကေသံ၊ များစွာကုန်သော။ ဝိသေသာဓိဂ
မာနံ၊ တရားအထူးကို ရခြင်းတို့၏။ ပုဗ္ဗနိမိတ္တ ဘာဝေန၊ ရှေးဖြစ်သော အ
ကြောင်းနိမိတ်၏အဖြစ်ဖြင့်။ တထံ၊ မှန်သည်။ အဝိတထံ၊မချွတ်ယွင်းသည်
ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ မှန်၏။ သမ္ပတိဇာတောဝ၊ ယနေ့ ဖွားသစ်စဖြစ်
တော်မူသော။ သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ သမေဟိ၊ ညီညွတ်
ကုန်သော။ ပါဒေဟိ၊ ခြေတော်တို့ဖြင့်။ ပထဝိယံ၊ မြေ၌။ ယံပတိဋ္ဌဟိ၊ အ
ကြင်တည်၏။ ဣဒံ၊ ဤသို့ညီညွတ်သောခြေတို့ဖြင့် မြေ၌တည်ခြင်းသည်၊
အဿဘဂဝတော၊ထိုမြတ်စွာဘုရား၏။ စတုရိဒ္ဓိပါဒပဋိလာဘဿ၊(၄)
ပါးသော ဣဒ္ဓိပါဒ်ကိုရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။ ဥတ္တရာဘိမုခ
ဘာဝေါပန၊ မြောက်အရပ်သို့ရှေ့ရှုမျက်နှာပြုသောအဖြစ်သည်ကား။သဗ္ဗ
လောကုတ္တရပဋိလာဘဿ၊ အလုံးစုံသောလောကုတ္တရာ တရားကိုရခြင်း
၏။ပုဗ္ဗနိမိတ္တံ၊ပုဗ္ဗနိမိတ်တည်း။သတ္တပဒဝီတိဟာရော၊ ခုနစ်ဘဝါးလှမ်းခြင်း
သည်။သတ္တဗောဇ္ဈင်္ဂရတန ပဋိလာဘဿ၊ခုနစ်ပါးသော ဗောဇ္ဈင်ရတနာ
ကိုရခြင်း၏။ပုဗ္ဗနိမိတ္တံ၊ပုဗ္ဗနိမိတ်တည်း။သုဝဏ္ဏဒဏ္ဍဝီတိပတန္တိ စာမရော
တိဧတ္တ၊ သုဝဏ္ဏဒဏ္ဍာ ဝီတိပတန္တိ စာမရာ ဟူသော ဤပုဒ်၌။ စာမရုက္ခေ
ပေါပန၊ စာမရီ သားမြီးယပ်ကိုချီးကြွခြင်းသည်ကား။ သဗ္ဗတိတ္ထိယနိမ္မဒ္ဒ
နဿ အလုံးစုံသောတိတ္ထိတို့ကို။ နှိမ်နင်းတော်မူခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိ
မိတ်တည်း။ သေတစ္ဆတ္တဓာရဏံ၊ နတ်တို့၏ထီးဖြူကိုဆောင်းခြင်းသည်။
အရဟတ္တဖလ ဝိမုတ္တိဝရဝိမလ သေတစ္ဆတ္တဿ။ ကိလေသာတို့မှလွတ်
သော အရဟတ္တဖိုလ်ဟုဆိုအပ်သော။ မြတ်သော အညစ် အကြေးကင်း
သောထီးဖြူကို။ ပဋိလာဘဿ၊ ရခြင်း၏၊ပုဗ္ဗနိမိတ္တံ၊ပုဗ္ဗနိမိတ်တည်း။သဗ္ဗ
ဒိသာနု ဝိလောကနံ အလုံးစုံသော အရပ် မျက်နှာတို့ကို။ စောင်းလှည့်၍

ကြည့်တော်မူခြင်းသည်။ သဗ္ဗညုတညာဏာနာဝရဏဉာဏပဋိလာဘာသ
သဗ္ဗညုတဉာဏ် အနာဝရဏဉာဏ်ကိုရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်
တည်း။ အာသဘိ၊ မြတ်သော။ ဝါစာဘာသနံ၊ စကားကိုဆိုခြင်းသည်။ အပ္ပ
တိဝတ္တိယဝရဓမ္မစက္ကပဝတ္တနဿ။ သူတပါး တို့သည် မဟောကြားအပ်
သော ဓမ္မစကြာတရားကိုဟောတော်မူခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။
တထာ၊ ထိုအတူ။ အယံဘဂဝါဗိ ဤသာကီဝင်မင်း၏သားဖြစ်သော။ ငါတို့
မြတ်စွာဘုရားသည်လည်း။ ဂတော၊ ကြွသွားတော်မူတတ်၏။ အဿ၊ ထို
မြတ်စွာဘုရား၏။ တဒ္ဓုဂမနံ၊ ထိုသို့ကြွသွားတော်မူခြင်းသည်လည်း။ အနေ
ကေသံ၊ များစွာကုန်သော။ ဝိသေသာဓိဂမနံ၊ တရားအထူးကိုရခြင်းတို့၏
ပုဗ္ဗနိမိတ္တ ဘာဝေန၊ ပုဗ္ဗနိမိတ်၏အဖြစ်ဖြင့်။ တထံ၊ မှန်၏။ အဝိတထံ၊ မ
ချွတ်မယွင်းသည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ ပေါရာဏာ၊ ရှေးဆရာ
တို့သည်။ မဟာပဋ္ဌာနတော(ပ)ပဗ္ဗတမုဒ္ဓနိမ္ဘိတောတိ။ မဟာပဋ္ဌာနတော(ပ)
ပဗ္ဗတမုဒ္ဓနိမ္ဘိတောဟူ၍။ အာဟု၊ ဆိုကုန်ပြီ။ မဟာပဋ္ဌာနတော၊ ထိုခါအခွ
ဖွားစဖြစ်သော။ ဂဝမ္ပတိ၊ သတ္တဝါတို့၏အကြီးအမှူးဖြစ်သော။ ရှေးဘုရား
လောင်းသည်။ သမေဟိ၊ ညီညွတ်ကုန်သော။ ပါဒေဟိ။ ခြေတို့ဖြင့်။ ဝသုန္ဓရံ။
မြေကို။ ဖုသိယထာ။ ထိစေသကဲ့သို့။ ဂေါတမော။ ဂေါတမအနွယ်ဖြစ်သော
သော။ ထိုငါတို့ဘုရားလောင်းသည်။ သတ္တပဒါနိ ခုနစ်ဘဝါးတို့တိုင်တိုင်။
ဝိက္ကမိ။ နှင်းကြွတော်မူ၏။ မရူ။ နတ်တို့သည်။ သေတစ္ဆတ္တံ။ နတ်တို့၏ထီး
ဖြူကိုလည်း။ အနုဓာရယုံ။ ဆောင်းကုန်၏။ ဂေါတမော။ ဂေါတမအနွယ်ဖြစ်
သော။ သော။ ငါတို့ဘုရားလောင်းသည်၊ သတ္တပဒါနိ။ ခုနစ်ဘဝါး တို့တိုင်
တိုင်။ ဂန္တွာန။ နင်းသွားတော်မူပြီး၍။ သမန္တာ တော။ ထက်ဝန်းကျင်မှ။ သမာ။
ကြည့်ရှုအပ်သည်၏ အဖြစ်ဖြင့်တူကုန်သော။ ဒိသာ၊ အရပ်မျက်နှာတို့ကို။ ဝိ
လောကေသိ။ တစောင်းလှည့်၍ကြည့်တော်မူ၏။ ပဗ္ဗတမုဒ္ဓနိတောင်ထိပ်၌
မှိတော။ တည်သော။ သီဟော၊ ခြင်္သေ့သည်။ အဋ္ဌင်္ဂုပေတံ၊ ရှစ်ပါးသောအင်္ဂါ
နှင့်ပြည့်စုံသော။ ဂိရံ။ အသံကို အဘ္ဘုဒိရယိယထာ၊ ဟောက်သကဲ့သို့။ အဋ္ဌ
င်္ဂုပေတံ။ ရှစ်ပါးသောအင်္ဂါနှင့်ပြည့်စုံသော။ ဂိရံ။ အသံတော်ကို။ အဘ္ဘုဒိ
ရယိ။ မြွက်ဆိုတော်မူ၏။ ဧဝံ။ ဤသို့။ ထတာ။ ထိုအတူ။ ဂတော။ ကြွသွား
တော်မူတတ်၏။ ဣတိတသ္မာ။ ထို့ကြောင့်။ တထာဂတော။ တထာဂတမည်
တော်မူ၏။ အထဝါ။ တနည်းကား။ ။ဝိပဿိ။ ဝိပဿိအမည်တော်ရှိ
သော။ ဘဂဝါ။ မြတ်စွာဘုရားသည်။ ဂတောယထာ။ ကြွသွားတော်မူသကဲ့
သို့။ (ပ) ကဿပေါ။ ကဿပအမည်တော်ရှိသော။ ဘဂဝါ။ မြတ်စွာဘုရား
သည်။ ဂတောယထာ။ ကြွသွားတော်မူသကဲ့။ အယမ္ပိဘဂဝါ ဤသာကီဝင်

မင်းသားဖြစ်သော။ငါတို့မြတ်စွာဘုရားသည့်လည်း။တထေဝ၊ထိုအတူသာလျှင်။ နေက္ခမ္မေန၊ အကုသိုလ်တရားတို့မှ။ ထွက်မြောက်ကြောင်းဖြစ်သော ကုသိုလ်တရားဖြင့်။ကာမစ္ဆန္ဒံ၊ကာမစ္ဆန္ဒကို။ပဟာယ၊ ပယ်၍။ ဂတော၊ ကြွသွားတော်မူ၏။ အဗျာပါဒေန၊ အဒေါသဖြင့်။ ဗျာပါဒံ၊ဒေါသကို။ပဟာယ၊ပယ်၍။ အာလောကသညာယ၊အာလောကသညာဖြင့်။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓကို။ ပဟာယ၊ပယ်၍။ အဝိက္ခေပေန။ မပြန့်လွင့်ခြင်းဖြင့်။ ဥဒ္ဓစ္စကုက္ကုစ္စံ၊ ဥဒ္ဓစ္စကုက္ကုစ္စကို။ ပဟာယ၊ပယ်၍။ဓမ္မဝဝတ္ထာနေန၊ကုသိုလ်စသောတရားကိုပိုင်းခြားခြင်းဖြင့်။ဝိစိကိစ္ဆံ၊ဝိစိကိစ္ဆာကို။ပဟာယ၊ပယ်၍။ဂတော၊ကြွသွားတော်မူ၏။ဉာဏေန၊ဉာဏ်ဖြင့်။အဝိဇ္ဇံ၊အဝိဇ္ဇာကို။ပဒါလေတွာ၊ဖောက်ခွဲ၍။ဂတော၊ကြွသွားတော်မူ၏။ပါမောဇ္ဇေန၊ဝမ်းမြောက်ခြင်းဖြင့်။ အရတိံ၊ ဆိပ်ငြိမ်သောအရပ် လွန်ကဲသောကုသိုလ်တရားတို့၌။မမွေ့လျော်ခြင်းကို ဝိနောဒေတွာ၊ပယ်ဖျောက်၍။ပဌမဈာနေန၊ပဌမဈာန်ဖြင့်။နီဝရဏကဝါဋံ၊ နီဝရဏတည်းဟူသောတံခါးရွက်ကို။ဥဂ္ဃာဋေတွာ၊ဖွင့်လှစ်တော်မူ၍။ဒုတိယဈာနေန၊ ဒုတိယဈာန်ဖြင့်။ ဝိတက္ကဝိစာရဓူမံ၊ ဝိတက်ဝိစာရတည်းဟူသောအခိုးကို။ ဝူပသမေတွာ၊ငြိမ်းစေ၍။ တတိယဈာနေန၊ တတိယဈာန်ဖြင့်။ပီတိံ၊ပီတိကို။ဝိရာဇေတွာ၊ကင်းစေ၍။စတုတ္ထဈာနေန၊စတုတ္ထဈာန်ဖြင့်။ သုခဒုက္ခံ၊သုခဝေဒနာ၊ဒုက္ခဝေဒနာကို။ပဟာယ၊ပယ်၍။အာကာသာနဉ္စာယတန သမာပတ္တိယာ။အာကာသာနဉ္စာယတနသမာပတ်ဖြင့်။ရူပသညာ ပဋိဃသညာနာနတ္တသညာယော။ ကသိုဏ်းရုပ်၌ဖြစ်သော သညာ။ ဝတ္ထု၊ အာရုံတို့၏အချင်းချင်းထိပါးခြင်းကြောင့်ဖြစ်သောသညာ။ အထူးထူးသော သဘောရှိသော။ ကာမာဝစရကုသိုလ်စသောသညာတို့ကို။ သမတိက္ကမိတွာ၊လွန်မြောက်၍။ ဝိညာဏဉ္စာယတနသမာပတ္တိယာ၊ ဝိညာဏဉ္စာယတနသမာပတ်ဖြင့်။အာကာသာနဉ္စာ ယတနသညံ။အာကာသာနဉ္စာယတနဈာန်နှင့် ယှဉ်သောသညာကို။ အာကိဉ္စညာယတနသမာပတ္တိယာ၊ အာကိဉ္စညာယတန သမာပတ်ဖြင့်။ ဝိညာဏဉ္စာယတနသညံ၊ ဝိညာဏဉ္စာယတနဈာန်နှင့်ယှဉ်သောသညာကို။နေဝသညာနာသညာယတနသမာပတ္တိယာ၊ နေဝသညာနာသညာယတနသမာပတ်ဖြင့်။ အာကိဉ္စညာယတနသညံ။ အာကိဉ္စညာယတနဈာန်နှင့် ယှဉ်သောသညာကို။ သမတိက္ကမိတွာ၊ လွန်မြောက်၍။ ဂတော၊ကြွသွားတော်မူ၏။ အနိစ္စာနုပဿနာယ၊မမြဲသည်ကိုအဘန်တလဲလဲရှုခြင်းဖြင့်။နိစ္စသညံ၊မြဲ၏ဟုဖြစ်သောအမှတ်ကို။ ပဟာယ၊ပယ်၍။ဒုက္ခာနုပဿနာယ၊ဆင်းရဲသည်ကိုအဘန်တလဲလဲရှုခြင်းဖြင့်။

သုခသညာံ၊ ချမ်းသာ၏ဟုဖြစ်သောအမှတ်ကို။ အနတ္တနုပဿနာယ၊အနတ္တ
ကိုအဘန်တလဲလဲရှုခြင်းဖြင့်။ အတ္တသညာံ၊ သတ္တဝါအတ္တဟူ၍ဖြစ်သောအ
မှတ်ကို။ နိဗ္ဗိဒါနုပဿနာယ၊ သင်္ခါရတရားတို့၌ ငြီးငွေ့သောအားဖြင့်။ အ
ဘန်တလဲလဲရှုခြင်းဖြင့်။ နန္ဒိံ၊သင်္ခါရတရားတို့၌နှစ်သက်ခြင်းကို။ ဝိရာဂါနု
ပဿနာယ၊ သင်္ခါရတရားတို့၌တပ်ခြင်းကင်းသော အားဖြင့်။အဘန်တလဲ
လဲရှုခြင်းဖြင့်။ ရာဂံ၊သင်္ခါရတရားတို့၌တပ်ခြင်းကို။နိရောဓာနုပဿနာယ
သင်္ခါရတရားတို့၏တဖန်ဖြစ်မှုမရှိခြင်းကို။အဘန်တလဲလဲရှုခြင်းဖြင့်။သမု
ဒယံ၊ သင်္ခါရတရားတို့၏ဖြင်ခြင်းကို။ဥပသမာနုပဿနာယ၊ သင်္ခါရတရား
တို့၏ငြိမ်းခြင်းကို အဘန်တလဲလဲရှုခြင်းဖြင့်။ အာဒါနံ၊သင်္ခါရတရားတို့၏
ဖြစ်ပေါ်မှုကို တောင်းတစွဲလန်းသော အားဖြင့်ယူခြင်းကို။ ခယာနုပဿနာ
ယ၊ သင်္ခါရတရားတို့၏ကုန်ခြင်းကို အဘန်တလဲလဲရှုခြင်းဖြင့်။ ဃနသညာံ၊
တခဲနက်ဟူသောအမှတ်ကို။ ဝယာနုပဿနာယ၊ သင်္ခါရတရားတို့၏ပျက်
ခြင်းကို အဘန်တလဲလဲ ရှုခြင်းဖြင့်။ အာယူဟနံ၊ သင်္ခါရတရားတို့၌တပ်
သောအားဖြင့်အားထုတ်ခြင်းကို။ဝိပရိဏာမာနုပဿနာယ၊သင်္ခါရတရား
တို့၏ဖောက်ပြန်ခြင်းကို အဘန်တလဲလဲ ရှုခြင်းဖြင့်။ ဓုဝသညာံ၊ သင်္ခါရတ
ရားတို့ မြဲ၏ဟူသော အမှတ်ကို။ အနိမိတ္တာနုပဿနာယ၊ သင်္ခါရတရားတို့
၏။ နိစ္စနိမိတ်စသည်၏မရှိခြင်း ကိုအဘန်တလဲလဲရှုခြင်းဖြင့်။နိမိတ္တသညာံ၊
သင်္ခါရတရားတို့၏နိစ္စနိမိတ်စသည်ရှိ၏ဟူသောအမှတ်ကို။ အပ္ပဏိဟိတာ
နုပဿနာယ၊ရာဂစသောတောင်းတခြင်း၏မရှိခြင်းကို အဘန်တလဲလဲရှု
ခြင်းဖြင့်။ပဏိဓိံ၊ရာဂစသောတောင်းတခြင်းကို။သုညတာနုပဿနာယ၊
အတ္တမှဆိပ်ခြင်းကို အဘန်တလဲလဲ ရှုခြင်းဖြင့်။အဘိနိဝေသံ၊အတ္တစသော
အားဖြင့် မှားသောနှလုံးသွင်းခြင်းကို။အဓိပညာဓမ္မဝိပဿနာယ၊ သင်္ခါရ
တရားတို့၌ အနိစ္စအစရှိသောအထူးထူးသောအခြင်းအရာဖြင့်ရှုခြင်းဟုဆို
အပ်သော။လွန်ကဲသောဝိပဿနာပညာဖြင့်။သာရာဒါနာဘိနိဝေသံ၊အသာ
ရ၌၊သာရဟုယူခြင်းဟုဆိုအပ်သောမှားသောနှလုံးသွင်းခြင်းကို။ ယထာ
ဘူတဉာဏဒဿနေန၊မဖောက်မပြန်ဟုတ်မှန်စွာသိတတ်သောဉာဏ်အမြင်
ဖြင့်။သံမောဟာဘိနိဝေသံ၊တွေဝေသောအားဖြင့် နှလုံးသွင်းခြင်းကို။အာ
ဒီနဝါနုပဿနာယ၊သင်္ခါရတရားတို့၌အပြစ်ကို။အဘန်တလဲလဲ ရှုခြင်းဖြင့်
အာလယာ ဘိနိဝေသံ၊ သင်္ခါရ တရားတို့၏ အပြစ်ကိုမမြင်မူ၍။ ညှိတွယ်
သောအားဖြင့်နှလုံးသွင်းခြင်းကို။ ပဋိသင်္ခါနုပဿနာယ၊ သင်္ခါရတရားတို့
ကိုအနိစ္စစသည်။အဘန်ဘန်ဆင်ခြင်သောအားဖြင့်။အပဋိသင်္ခံ၊အနိစ္စစသည်
ဖြင့် မဆင်မခြင်ခြင်းကို။ ဝိဝဋ္ဋာနုပဿနာယ၊ သံသာရဝဋ်၏ ကင်းခြင်းကို

အဘန်တလဲလဲရှုခြင်းဖြင့်။ သံယောဂါဘိနိဝေသံ၊ ဝဋ်ဆင်းရဲတရားတို့၌၊ ယှဉ်သောအားဖြင့်နှလုံးသွင်းခြင်းကို။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်ဖြင့်။ ဒိဋ္ဌေကဋ္ဌေ၊ ဒိဋ္ဌိနှင့်သဟာဇေကဋ္ဌပဟာနေကဋ္ဌအားဖြင့်တူသောတည်ရာရှိကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ သကာဒါဂါမိမဂ္ဂေန၊ သကာဒါဂါမိမဂ်ဖြင့်။ ဩဠာရိကေ၊ ရုန့်ရင်းကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ ပဟာယ၊ ပယ်၍။ အနာဂါမိမဂ္ဂေန၊ အနာဂါမိမဂ်ဖြင့်။ အနုသဟဂတေ၊ သိမ်မွေ့ကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ သမုဂ္ဃာနေ့တွာ၊ အကြွင်းမရှိခွါ၍။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ သဗ္ဗကိလေသေ၊ အလုံးစုံသောကိလေသာတို့ကို။ သမုစ္ဆိန္ဒိတွာ၊ အကြွင်းမဲ့ဖြတ်၍။ ဂတော၊ ကြွသွားတော်မူ၏။ ဧဝမ္ပိ၊ ဤသို့လည်း။ တထာ၊ ထိုအတူ။ ဂတော၊ ကြွသွားတော်မူ၏။ ဣတိတသ္မာ၊ ထို့ကြောင့်၊ တထာဂတော။ တထာဂတမည်တော်မူ၏။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်၏စကားတော်တို့ကိုထောက်၍ ရှေးဘုရားရှင်တို့အတူ။ ကြွသွားတော်မူသောကြောင့်။ တထာဂတ မည်သည့်၏အဖြစ်ကို ထင်ရှားသိကြလေ။ (ဝိဂြိုဟ်ပြုလုပ်လိုသော်။)တထေဝဂတောတိ။ တထာဂတောဟုသမာသ်ဝိဂြိုဟ်ပြုလေ။ ။တထေဝ၊ ထိုရှေးဘုရားအတူသာလျှင်။ ဂတော၊ ကြွသွားတော်မူ၏။ ဣတိတသ္မာ၊ ထို့ကြောင့် တထာဂတော၊ တထာဂတမည့်၏။ ဤကားဝိဂြိုဟ်၏မြန်မာပြန်တည်း။ ။

{မေး} ရှေးဘုရားအတူ။ ကြွတော်မူခြင်းကြောင့်။ တထာဂတမည်သည့်၏အဖြစ်ကိုသိရပါပြီ။ မှန်သောသဘောလက္ခဏာသို့ ဉာဏ်တော်ဖြင့်ရောက်သောကြောင့်။ တထာဂတမည်သည့်၏အဖြစ်ကို။ အကျယ်ဘယ်လို သိအပ်ပါမည်နည်း။ ။

{ဖြေ} ပထဝီဓာတ်၏ကက္ခဠလက္ခဏာသည်မှန်သည့် မချွတ်ယွင်းစသည့်ဖြင့်။ အလုံးစုံသော ပရမတ္ထ သဘောတရား တို့၏။ မှန်သော လက္ခဏာသို့ ဉာဏ်ဖြင့်ရောက်သောကြောင့်၊ ဂေါတမ ဘုရားရှင်ကို တထာဂတဟုခေါ်ဆိုအပ်သည်ဟုသိအပ်ပါသည်။ ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။ ။

{ဖြေ} ကထံတထလက္ခဏံ အာဂတောတိ တထာဂတော။ ပထဝီဓာတုယာ ကက္ခဠတ္တလက္ခဏံ။ တထံအဝိတထံ။ အာပေါဓာတုယာ ပဂ္ဃရဏလက္ခဏံ။ တေဇောဓာတုယာ ဥဏှတ္တလက္ခဏံ။ ဝါယောဓာတုယာ ဝိတ္ထမ္ဘနလက္ခဏံ။ အာကာသဓာတုယာအသံဖုဋ္ဌလက္ခဏံ။ ဝိညာဏဓာတုယာ ဝိဇာနနလက္ခဏံ။ ရူပဿရုပ္ပနလက္ခဏံ။ ဝေဒနာယ ဝေဒယိတလက္ခဏံ။ သညာယသဉ္ဇာနနလက္ခဏံ။ သင်္ခါရာနံအဘိသင်္ခရဏလက္ခဏံ။ ဝိညာဏဿ

ဝိဇာနနလက္ခဏံ။ ဝိတက္ကဿ အဘိနိရောပနလက္ခဏံ။ ဝိစာရဿ အနုမဇ္ဇ
နလက္ခဏံ။ ပီတိယာ ပီဏနလက္ခဏံ။ ဖရဏလက္ခဏံ။ သုခဿ သာတလ
က္ခဏံ။ စိတ္တေကဂ္ဂတာယ အဝိက္ခေပလက္ခဏံ။ ဖဿဿ ဖုသနလက္ခဏံ။
သဒ္ဓိန္ဒြိယဿ အဓိမောက္ခလက္ခဏံ။ ဝီရိယိန္ဒြိယဿ ပဂ္ဂဟလက္ခဏံ။ သ
တိန္ဒြိယဿ ဥပဋ္ဌာနလက္ခဏံ။ သမာဓိန္ဒြိယဿ အဝိက္ခေပလက္ခဏံ။ ပညိ
န္ဒြိယဿ ပဇာနနလက္ခဏံ။ သဒ္ဓါဗလဿ အဿဒ္ဓိယေ အကမ္ပိယလက္ခဏံ။
ဝီရိယဗလဿ ကောသဇ္ဇေ။ သတိဗလဿ သမုဋ္ဌဿစ္စေ။ သမာဓိဗလဿ
ဥဒ္ဓစ္စေ။ ပညာဗလဿ အဝိဇ္ဇာယ အကမ္ပိယလက္ခဏံ။ သတိသမ္ဗောဇ္ဈင်္ဂဿ
ဥပဋ္ဌာနလက္ခဏံ။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ ပဝိစယလက္ခဏံ။ ဝီရိယသ
မ္ဗောဇ္ဈင်္ဂဿ ပဂ္ဂဟလက္ခဏံ။ ပီတိသမ္ဗောဇ္ဈင်္ဂဿ ပီဏနလက္ခဏံ။ ပဿ
ဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ ဥပသမလက္ခဏံ။ သမာဓိသမ္ဗောဇ္ဈင်္ဂဿ အဝိက္ခေပလ
က္ခဏံ။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ ပဋိသင်္ခါနလက္ခဏံ။ သမ္မာဒိဋ္ဌိယာ ဒဿ
နလက္ခဏံ။ သမ္မာသင်္ကပ္ပဿ အဘိနိရောပန လက္ခဏံ။ သမ္မာဝါစာယ ပ
ရိဂ္ဂဟလက္ခဏံ။ သမ္မာကမ္မန္တဿ သမုဋ္ဌာနလက္ခဏံ။ သမ္မာအာဇီဝဿ
ဝေါဒါနလက္ခဏံ။ သမ္မာဝါယာမဿ ပဂ္ဂဟလက္ခဏံ။ သမ္မာသတိယာ ဥ
ပဋ္ဌာနလက္ခဏံ။ သမ္မာသမာဓိဿ အဝိက္ခေပလက္ခဏံ။ အဝိဇ္ဇာယ အညာ
ဏလက္ခဏံ။ သင်္ခါရာနံ စေတနာလက္ခဏံ။ ဝိညာဏဿ ဝိဇာနနလက္ခဏံ။
နာမဿ နမနလက္ခဏံ။ ရူပဿ ရုပ္ပနလက္ခဏံ။ သဠာယတန ဿ အာယတ
နလက္ခဏံ။ ဖဿဿ ဖုသနလက္ခဏံ။ ဝေဒနာယ ဝေဒယိတလက္ခဏံ။ တ
ဏှာယ ဟေတုလက္ခဏံ။ ဥပါဒါနဿ ဂဟဏလက္ခဏံ။ ဘဝဿ အာယူ
ဟနလက္ခဏံ။ ဇာတိယာ နိဗ္ဗတ္တိလက္ခဏံ။ ဇရာယ ဇီရဏလက္ခဏံ။ မရဏ
ဿ စုတိလက္ခဏံ။ ဓာတူနံ သုညတာလက္ခဏံ။ အာယတနာနံ အာယတန
လက္ခဏံ။ သတိပဋ္ဌာနာနံ ဥပဋ္ဌာနလက္ခဏံ။ သမ္မပ္ပဓာနာနံ ပဂ္ဂဟလက္ခဏံ။
ဣဒ္ဓိပါဒါနံ ဣဇ္ဈနလက္ခဏံ။ ဣန္ဒြိယာနံ အဓိပတိလက္ခဏံ။ ဗလာနံ အကမ္ပိယ
လက္ခဏံ။ ဗောဇ္ဈင်္ဂါနံ နိယျာနလက္ခဏံ။ မဂ္ဂဿ ဟေတုလက္ခဏံ။ သစ္စာနံ
တထလက္ခဏံ။ သမထဿ အဝိက္ခေပလက္ခဏံ။ ဝိပဿနာယ အနုပဿနာ
လက္ခဏံ။ သမထဝိပဿနာနံ ဧကရသလက္ခဏံ။ ယုဂနန္ဒာနံ အနတိဝတ္တန
လက္ခဏံ။ သီလဝိသုဒ္ဓိယာ သံဝရလက္ခဏံ။ စိတ္တဝိသုဒ္ဓိယာ အဝိက္ခေပလ
က္ခဏံ။ ဒိဋ္ဌိဝိသုဒ္ဓိယာ ဒဿန လက္ခဏံ။ ခယေ ဉာဏဿ သမုစ္ဆေဒလက္ခ
ဏံ။ အနုပ္ပါဒေ ဉာဏဿ ပဿဒ္ဓိလက္ခဏံ။ ဆန္ဒဿ မူလ လက္ခဏံ။ မနသိ
ကာရဿ သမုဋ္ဌာနလက္ခဏံ။ ဖဿ ဿ သမောဓာနလက္ခဏံ။ ဝေဒနာယ
သမောသရဏလက္ခဏံ။ သမာဓိဿ ပမုခလက္ခဏံ။ သတိယာ အဓိပတေ

ယျလက္ခဏံ။ပညာယတတုတ္တရိလက္ခဏံ။ ဝိမုတ္တိယာ သာရလက္ခဏံ။အ
မတောဂဓသနိဗ္ဗာနသာ။ပရိယောသာနလက္ခဏံ။ တထံအဝိတထံ၊ဧတံ
တထ လက္ခဏံ။ ဥဘာဂတိယာ အာဂတော အဝိရုဒ္ဓတ္တာ ပတ္တော အနုပ
တ္တော တိတထာဂတော။ဧဝံတထလက္ခဏံ။အာဂတောတိတထာဂတော
ဟူ၍။ပြဆိုအပ်သော သုတ်သီလက္ခံအဋ္ဌကထာ ပြဟ္မဇာလသုတ်အဖွင့်။အင်္ဂု
တ္တရအဋ္ဌကထာ။ ဧကနိပါတ်၊ ဧကပုဂ္ဂလအဖွင့်၌ လာရှိသည့်တို့ကိုလည်း
ကောင်း။ ထိုနည်းအတူ ဥဒါန်းအဋ္ဌကထာ။ မုစ္ဆလိန္ဒဝဂ်ရှစ်ခုမြောက်သုတ်အ
ဖွင့်၌လာရှိသည့်ကိုထော၍လည်းကောင်း။ ဣတိဝုတ်အဋ္ဌကထာ၊ ဒုကနိပါတ်
ဒုတိယသုတ်အဖွင့်၌လာရှိသည့်ကိုလည်းကောင်းထောက်၍သိအပ်ပါသည်။
အနက်သိကြောင်းမြန်မာပြန်ကား။ ။ကထံ၊အဘယ်သို့။တထလက္ခဏံ။မ
ဘော်မပြန်ဟုတ်မှန်သောလက္ခဏာသို့။ အာဂတော၊ရောက်တော်မူတတ်
၏။ ဣတိတသ္မာ၊ထိုကြောင့်။တထာဂတော၊တထာဂတမည်သနည်း။ပထ
ဝီဓာတုယာ၊ ပထဝီဓာတ်၏။ ကက္ခဠတ္တလက္ခဏံ။ ခက်မာသည့်၏အဖြစ်ဟု
ဆိုအပ်သော လက္ခဏာသည်။ တထံ၊မှန်၏။ အဝိတထံ၊မချွတ်မယွင်း။ အာ
ပေါဓာတုယာ၊အာပေါဓာတ်၏။ ပဂ္ဃရဏလက္ခဏံ၊ယိုစီးခြင်းလက္ခဏာ
သည်။တထံ၊မှန်၏။အဝိတထံ၊မချွတ်မယွင်း။တေဇောဓာတုယာ၊တေဇော
ဓာတ်၏။ ဥဏှတ္တလက္ခဏံ၊ ပူနွေးသည့်၏ အဖြစ်တည်းဟူသော။ လက္ခဏာ
သည်။တထံ၊မှန်၏။အဝိတထံ၊ မချွတ်မယွင်း။ ဝါယောဓာတုယာ၊ဝါယော
ဓာတ်၏။ ဝိတ္ထမ္ဘနလက္ခဏံ။ တွန်းတတ်ကန်တတ်သောသဘောလက္ခဏာ
သည်။ တထံ၊မှန်၏။ အဝိတထံ၊ မချွတ်မယွင်း။ အာကာသဓာတုယာ၊ အာ
ကာသဓာတ်၏။ အသမ္ဖုဋ္ဌလက္ခဏံ၊လေးပါးသောမဟာဘုတ်တို့နှင့်မထိ
ခြင်းလက္ခဏာသည်။ တထံ၊မှန်၏။ အဝိတထံ၊ မချွတ်မယွင်း။ ဝိညာဏဓာ
တုယာ၊ ဝိညာဏဓာတ်၏။ဝိဇာနနလက္ခဏံ၊ အာရုံကိုအထူးသဖြင့်သိခြင်း
လက္ခဏာသည်။တထံ၊မှန်၏။အဝိတထံ၊မချွတ်မယွင်း။ရူပဿရုပ်၏။ရုပ္ပန
လက္ခဏံ၊ဖောက်ပြန်ခြင်းလက္ခဏာသည်။တထံ၊မှန်၏။အဝိတထံ၊မချွတ်
မယွင်း။ ဝေဒနာယ၊ဝေဒနာ၏။ ဝေဒယိတလက္ခဏံ၊ အာရုံ၏အရသာကို
ခံစားသော အခြင်းအရာဖြင့်၊ ဖြစ်ခြင်းလက္ခဏာသည်။ တထံ၊မှန်၏။ အဝိ
တထံ၊ မချွတ်မယွင်း။သညာယ၊သညာ၏။ သဉ္ဇာနနလက္ခဏံ၊အာရုံကိုအ
မှတ်ပြု၍သိခြင်းလက္ခဏာသည်။ တထံ၊ မှန်၏။ အဝိတထံ၊ မချွတ်မယွင်း။
သင်္ခါရာနံသင်္ခါရတို့၏။အဘိသင်္ခရဏလက္ခဏံ၊ပြုပြင်စီရင်ခြင်းလက္ခဏာ
သည်။တထံ၊မှန်၏။အဝိတထံ၊မချွတ်မယွင်း။ဝိညာဏဿ၊ဝိညာဉ်၏။ဝိဇာ

နနလက္ခဏာ၊ အာရုံကိုအထူးသဖြင့်သိခြင်းလက္ခဏာသည်။တထံ၊မှန်၏။အပိတထံ၊မချွတ်မယွင်း။ ဝိတက္ကသသ၊ ဝိတက်၏။ အဘိနိရောပနလက္ခဏာ၊ သမ္ပယုတ်တရားတို့ကို အာရုံသို့ရှေ့ရှုတင်ခြင်းလက္ခဏာသည်။ တထံ၊ မှန်၏။အပိတထံ၊မချွတ်မယွင်း။ဝိစာရသသ၊ ဝိစာရ၏။အနုမဇ္ဇနလက္ခဏာ၊အာရုံကိုအဘန်တလဲလဲသုံးသပ်ခြင်းလက္ခဏာသည်။တထံ၊ မှန်၏။အပိတထံ၊မချွတ်မယွင်း။ပီတိယာ၊ပီတိ၏။ဖရဏလက္ခဏာ၊အာရုံ၌နှစ်နှုံခြင်းလက္ခဏာသည်။ပီဏနလက္ခဏာ၊ အာရုံကိုနှစ်သက်ခြင်းလက္ခဏာသည်။တထံ၊ မှန်၏။အပိတထံ၊မချွတ်ယွင်း။သုခသသ၊သုခ၏။သာတလက္ခဏာ၊သမ္ပယုတ်တရားတို့ကို၊ သာယာချမ်းမြေ့စေခြင်းလက္ခဏာသည်။တထံ၊မှန်၏။ အပိတထံ၊မချွတ်မယွင်း။စိတ္တေကဂ္ဂတာယ၊ စိတ္တေကဂ္ဂတာ၏။ အဝိက္ခေပလက္ခဏာ၊ အာရုံ၌မပျံ့လွင့်ခြင်းလက္ခဏာသည်။တထံ၊ မှန်၏။အပိတထံ၊မချွတ်ယွင်း။ ဖဿဿသ၊ ဖဿ၏။ဖုသနလက္ခဏာ၊အာရုံကိုတွေ့ခြင်းလက္ခဏာသည်။တထံ။မှန်၏။အပိတထံ။မချွတ်မယွင်း။သဒ္ဒိန္ဒြိယဿ၊ သဒ္ဒိန္ဒြေ၏။အဓိမောက္ခလက္ခဏာ။ အာရုံကိုဆုံးဖြတ်ခြင်းလက္ခဏာသည်။ တထံ။မှန်၏။ အပိတထံ။မချွတ်မယွင်း ဝီရိယိန္ဒြိယဿ။ ဝီရိယိန္ဒြေ၏။ ပဂ္ဂဟလက္ခဏာ။ သမ္ပယုတ်တရားတို့ကိုချီးမြှောက်ခြင်းလက္ခဏာသည်။တထံ။မှန်၏။ အပိတထံ။ မချွတ်မယွင်း။ သတိန္ဒြိယဿ၊ သတိန္ဒြေ၏။ဥပဋ္ဌာနလက္ခဏာ။ အာရုံ၌ကပ်၍တည်ခြင်းလက္ခဏာသည်။ တထံ။မှန်၏။ အပိတထံ။မချွတ်မယွင်း။သမာဓိန္ဒြိယဿ။ သမာဓိန္ဒြေ၏။ အဝိက္ခေပလက္ခဏာ။ အာရုံ၌မပြန့်လွင့်ခြင်းလက္ခဏာသည်။ တထံ။မှန်၏။ အပိတထံ။မချွတ်မယွင်း။ပညိန္ဒြိယဿ၊ပညိန္ဒြေ၏။ပဇာနနလက္ခဏာ။အာရုံကိုအပြားအားဖြင့်သိခြင်းလက္ခဏာသည်။ တထံ။မှန်၏။အပိတထံ။မချွတ်မယွင်း။သဒ္ဓါဗလဿ၊သဒ္ဓါဗိုလ်၏၊အသဒ္ဓိယေ။မယုံကြည်သောသူ၏အဖြစ်တည်းဟူသောအကုသိုလ်ကြောင့်၊အကမ္ပိယလက္ခဏာ။မတုန်လှုပ်ခြင်းလက္ခဏာသည်။ တထံ။မှန်၏။ အပိတထံ။မချွတ်မယွင်း။ ဝီရိယဗလဿ။ဝီရိယဗိုလ်၏။ ကောသဇ္ဇေ။ ပျင်းရိသောသူ၏အဖြစ်တည်းဟူသောအကုသိုလ်ကြောင့်။အကမ္ပိယလက္ခဏာ။မတုန်လှုပ်ခြင်းလက္ခဏာသည်။ တထံ။မှန်၏။ အပိတထံ။မချွတ်မယွင်း။ သတိဗလဿ။သတိဗိုလ်၏။ မုဋ္ဌသစ္စေ။လွတ်သောသတိရှိသောသူ၏။အဖြစ်တည်းဟူသောအကုသိုလ်ကြောင့်။အကမ္ပိယလက္ခဏာ။မတုန်လှုပ်ခြင်းလက္ခဏာသည်။ တထံ။မှန်၏။ အပိတထံ။မချွတ်မယွင်း။သမာဓိဗလဿ။သမာဓိဗိုလ်၏။ ဥဒ္ဓစ္စေ။ပျံ့လွင့်သောသူ၏အဖြစ်တည်းဟူသော အကုသိုလ်ကြောင့်။ အကမ္ပိယလက္ခဏာ။ မတုန်လှုပ်ခြင်း လက္ခဏာသည်။ တထံ။ မှန်၏။ အပိတထံ။ မချွတ်မယွင်း။

ပညာဗလသာ၊ပညာဗိုလ်၏။အဝိဇ္ဇာယ၊အဝိဇ္ဇာကြောင့်။အကမ္ပိယလက္ခ
ဏာံ။ မတုန်သှုပ်ခြင်းလက္ခဏာသည်။တထံ၊မှန်၏။ အဝိတထံ၊မချွတ်မယွင်း။
သတိသမ္ဗောဇ္ဈင်္ဂဿ၊ သတိသမ္ဗောဇ္ဈင်၏။ဥပဋ္ဌာနလက္ခဏာံ အာရုံ၌ကပ်၍
တည်ခြင်းလက္ခဏာသည်။တထံ၊မှန်၏။အဝိတထံ။မချွတ်မယွင်း။ဓမ္မဝိစယ
သမ္ဗောဇ္ဈင်္ဂဿ။ဓမ္မဝိစယသမ္ဗောဇ္ဈင်၏။ပဝိစယလက္ခဏာံ၊သစ္စာလေးပါး
တရားတို့ကိုအပြားအားဖြင့်သိခြင်းလက္ခဏာသည်။တထံ၊မှန်၏။အဝိတထံ
မချွတ်မယွင်း။ဝီရိယသမ္ဗောဇ္ဈင်္ဂဿ။ဝီရိယသမ္ဗောဇ္ဈင်၏။ပဂ္ဂဟလက္ခဏာံ။
သမ္ပယုတ်တရားတို့ကို ချီးမြှောက်ခြင်းလက္ခဏာသည်။တထံ။မှန်၏။ အဝိတ
ထံ။မချွတ်မယွင်း။ပီတိသမ္ဗောဇ္ဈင်္ဂဿ။ပီတိသမ္ဗောဇ္ဈင်၏။ပီဏနလက္ခဏာံ
အာရုံကိုနှစ်သက်ခြင်းလက္ခဏာသည်။တထံ။မှန်၏။အဝိတထံ။ မချွတ်မ
ယွင်း။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ၊ ပဿဒ္ဓိသ မ္ဗောဇ္ဈင်၏၊ ဥပသမလက္ခဏာံ။
ကိုယ်စိတ်တို့၏ပူပန်ခြင်းမှ ငြိမ်းခြင်းလက္ခဏာသည်။တထံ။မှန်၏၊ အဝိတ
ထံ။မချွတ်မယွင်း။သမာဓိသမ္ဗောဇ္ဈင်္ဂဿ။သမာဓိသမ္ဗောဇ္ဈင်၏။အဝိက္ခေ
ပလက္ခဏာံအာရုံ၌မပျံ့လွင့်ခြင်းလက္ခဏာသည်။တထံ။မှန်၏။အဝိတထံ။မ
ချွတ်မယွင်း။ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ။ ဥပေက္ခာသမ္ဗောဇ္ဈင်၏၊ ပဋိသင်္ခါန
လက္ခဏာံ။အလယ်အလတ်ပြု၍။လျစ်လျူရှုခြင်းလက္ခဏာသည်။တထံ။မှန်
၏။အဝိတထံ။မချွတ်မယွင်း။သမ္မာဒိဋ္ဌိယာ။သမ္မာဒိဋ္ဌိ၏။ဒဿနလက္ခဏာံ
ဟုတ်မှန်သောတရားကိုမြင်ခြင်းလက္ခဏာသည်။တထံ။မှန်၏။အဝိတထံ
မချွတ်မယွင်း၊သမ္မာသင်္ကပ္ပဿ။သမ္မာသင်္ကပ္ပ၏။အဘိနိရောပနလက္ခဏာံ၊
သမ္ပယုတ်တရားတို့ကိုအာရုံသို့ ရှေးရှုတင်ခြင်းလက္ခဏာသည်။ တထံ။မှန်
၏။အဝိတထံ။မချွတ်မယွင်း၊သမ္မာဝါစာယ၊သမ္မာဝါစာ၏။ပရိဂ္ဂဟလက္ခ
ဏာံ၊ နှုပ်ကိုသိမ်းဆည်းခြင်းလက္ခဏာသည်၊ တထံ။မှန်၏။ အဝိတထံ။ မ
ချွတ်မယွင်း။သမ္မာကမ္မန္တဿ၊သမ္မာကမ္မန္တ၏။ သမုဋ္ဌာပနလက္ခဏာံ၊ကိုယ်
ကိုကောင်းစွာထားခြင်းလက္ခဏာသည်။တထံ။မှန်၏၊ အဝိတထံ။မချွတ်
မယွင်း။သမ္မာအာဇီဝဿ၊သမ္မာအာဇီဝ၏။ဝေါဒါနလက္ခဏာံ၊အသက်မွေး
ကြောင်းနှင့်စပ်၍ဖြစ်သော။ဒုစ္စရိုက်ညစ်ပါးတို့မှ ဖြူစင်ခြင်းလက္ခဏာသည်။
တထံ။မှန်၏။အဝိတထံ။မချွတ်မယွင်း။သမ္မာဝါယာမဿ၊သမ္မာဝါယာမ
၏။ပဂ္ဂဟလက္ခဏာံ။သမ္ပယုတ်တရားတို့ကိုချီးမြှောက်ခြင်းလက္ခဏာသည်။တ
ထံ။မှန်၏။အဝိတထံ။မချွတ်မယွင်း။သမ္မာသတိယာ၊သမ္မာသတိ၏။ဥပဋ္ဌာန
လက္ခဏာံ။အာရုံ၌ကပ်၍တည်ခြင်းလက္ခဏာသည်။တထံ။မှန်၏။အဝိတထံ။
မချွတ်မယွင်း။သမ္မာသမာဓိဿ၊သမ္မာသမာဓိ၏။အဝိက္ခေပလက္ခဏာံ။အာ
ရုံ၌မပြန့်လွင့်ခြင်းလက္ခဏာသည်။တထံ။မှန်၏။အဝိတထံ။မချွတ်မယွင်း။

အဝိဇ္ဇာသည်၊ အဝိဇ္ဇာ၏။ အညာဏလက္ခဏာ။ မသိခြင်းလက္ခဏာသည်။ တထံ။ မှန်၏။ အဝိတထံ၊ မချွတ်မယွင်း။ သင်္ခါရာနံ၊ သင်္ခါရတရားတို့၏။ စေတနာလက္ခဏာ။ စေ့ဆော်ခြင်းလက္ခဏာသည်။ တထံ၊ မှန်၏။ အဝိတထံ။ မချွတ်မယွင်း။ ဝိညာဏဿ၊ ဝိညာဉ်၏။ ဝိဇာနနလက္ခဏာ၊ အာရုံကိုအထူးသဖြင့်သိခြင်းလက္ခဏာသည်။ တထံ။ မှန်၏။ အဝိတထံ။ မချွတ်မယွင်း။ နာမဿ၊ နာမ်တရား၏။ နမနလက္ခဏာ၊ အာရုံသို့ညွတ်ခြင်းလက္ခဏာသည်။ တထံ။ မှန်၏။ အဝိတထံ။ မချွတ်မယွင်း။ ရူပဿ၊ ရုပ်၏။ ရုပ္ပနလက္ခဏာ။ ဖောက်ပြန်ခြင်းလက္ခဏာသည်။ တထံ၊ မှန်၏။ အဝိတထံ၊ မချွတ်မယွင်း။ သဠာယတနဿ၊ သဠာယတန၏။ အာယတနလက္ခဏာ၊ တည်ရာအကြောင်း ပေါင်းရုံခြင်းလက္ခဏာသည်။ တထံ၊ မှန်၏။ အဝိတထံ၊ မချွတ်မယွင်း။ ဖဿဿ၊ ဖဿ၏။ ဖုသနလက္ခဏာ၊ အာရုံကိုတွေ့ခြင်းလက္ခဏာသည်၊ တထံ၊ မှန်၏။ အဝိတထံ၊ မချွတ်မယွင်း။ ဝေဒနာယ၊ ဝေဒနာ၏။ ဝေဒယိတ လက္ခဏာ၊ အာရုံကိုခံစားခြင်းလက္ခဏာသည်။ တထံ၊ မှန်၏။ အဝိတထံ၊ မချွတ်မယွင်း။ တဏှာယ၊ တဏှာ၏။ ဟေတုလက္ခဏာ၊ ဝဋ်၏အကြောင်း လက္ခဏာသည်။ တထံ၊ မှန်၏။ အဝိတထံ၊ မချွတ်မယွင်း။ ဥပါဒါနဿ၊ ဥပါဒါန်၏။ ဂဟဏလက္ခဏာ၊ အာရုံကိုစွဲလမ်းခြင်းလက္ခဏာသည်။ တထံ၊ မှန်၏။ အဝိတထံ၊ မချွတ်မယွင်း။ ဘဝဿ၊ ဘဝ၏။ အာယူဟန လက္ခဏာ အားထုတ်ခြင်း လက္ခဏာသည်။ တထံ၊ မှန်၏။ အဝိတထံ။ မချွတ်မယွင်း။ ဇာတိယာ၊ ဇာတိ၏။ နိဗ္ဗတ္တိလက္ခဏာ ဖြစ်ခြင်းလက္ခဏာသည်။ တထံ မှန်၏။ အဝိတထံ၊ မချွတ်မယွင်း။ ဇရာယ၊ ဇရာ၏။ ဇီရဏလက္ခဏာ၊ ရင့်ခြင်းလက္ခဏာသည်။ တထံ။ မှန်၏။ အဝိတထံ။ မချွတ်မယွင်း။ မရဏဿ၊ မရဏ၏။ စုတိလက္ခဏာ။ ရွေ့လျောခြင်းလက္ခဏာသည်။ တထံ၊ မှန်၏။ အဝိတထံ။ မချွတ်မယွင်း။ ဓာတူနံ၊ ဓာတ်တို့၏။ သုညတာလက္ခဏာ။ သတ္တဝါအတ္တတို့မှဆိတ်သည်၏အဖြစ်တည်းဟူသော လက္ခဏာသည်။ တထံ။ မှန်၏။ အဝိတထံ။ မချွတ်မယွင်း။ အာယတနာနံ။ အာယတနတို့၏။ အာယတနလက္ခဏာ၊ ဖြစ်ရာဖြစ်ကြောင်း လက္ခဏာသည်။ တထံ။ မှန်၏။ အဝိတထံ။ မချွတ်မယွင်း။ သတိပဋ္ဌာနာနံ။ သတိပဋ္ဌာန်တို့၏။ ဥပဋ္ဌာနလက္ခဏာ။ အာရုံသို့ကပ်၍ တည်ခြင်းလက္ခဏာသည်။ တထံ။ မှန်၏။ အဝိတထံ။ မချွတ်မယွင်း။ သမ္မပ္ပဓာနာနံ။ သမ္မပ္ပဓာန်တို့၏။ ပဂ္ဂဟလက္ခဏာ။ သမ္ပယုတ်တရားတို့ကို။ ချီးမြှောက်ခြင်းလက္ခဏာသည်။ တထံ။ မှန်၏။ အဝိတထံ။ မချွတ်မယွင်း။ ဣဒ္ဓိပါဒါနံ၊ ဣဒ္ဓိပါဒ်တို့၏။ ဣဇ္ဈနလက္ခဏာ။ ပြည့်စုံခြင်း လက္ခဏာသည်။ တထံ မှန်၏။ အဝိတထံ။ မချွတ်မယွင်း။ ဣန္ဒြိယာနံ ဣန္ဒြေတို့၏။ အဓိပတိ လက္ခဏာ၊ အစိုးရ

ခြင်းလက္ခဏာသည်။တထံ။မှန်၏။အဝိတထံ။မချွတ်မယွင်း။ဗလါနိ။ဗိုလ်တို့၏။အကမ္ပိယလက္ခဏံ။ မတုန်မလှုပ်ခြင်းလက္ခဏာသည်။တထံ။မှန်၏။အဝိတထံ။မချွတ်မယွင်း။ဗောဇ္ဈင်္ဂါနိ။ဗောဇ္ဈင်တို့၏။နိယျာနလက္ခဏံ။ဝဋ်ဆင်းရဲမှ။ထွက်မြောက်ခြင်းလက္ခဏာသည်။တထံ။မှန်၏။အဝိတထံ။မချွတ်မယွင်း မဂ္ဂဿ၊မဂ်၏။ ဟေတုလက္ခဏံ။ နိဗ္ဗာန်သို့ရောက်ခြင်း၏။ အကြောင်းလက္ခဏာသည်။တထံ။မှန်၏။အဝိတထံ။မချွတ်မယွင်း။ သစ္စာနံ၊ သစ္စာတို့၏။ တထလက္ခဏံ။ဟုတ်မှန်ခြင်းလက္ခဏာသည်။တထံ။မှန်၏။အဝိတထံ။ မချွတ်မယွင်းသမထဿသမထ၏။ အဝိက္ခေပလက္ခဏံ။ မပျံ့လွင့်ခြင်း လက္ခဏာသည်တထံ။မှန်၏။အဝိတထံ။မချွတ်မယွင်း။ဝိပဿနာယ။ဝိပဿနာ၏။ အနုပဿနာလက္ခဏံ။အဘန်တလဲလဲရှုခြင်းလက္ခဏာသည်၊တထံမှန်၏၊ အဝိတထံ။မချွတ်မယွင်း။သမထဝိပဿနာနံ၊ သမထဝိပဿနာတို့၏။ ဧကရသလက္ခဏံ။ အချင်းချင်း မလွန်ခြင်းဟုဆိုအပ်သော။ တပါးတည်းသော ကိစ္စရှိခြင်းလက္ခဏာသည်။တထံ။မှန်၏။ အဝိတထံ။ မချွတ်မယွင်း။ ယုဂနဒ္ဓါနံ။အစုံ့ဖွဲ့အပ်သော သမထဝိပဿနာတို့၏။အနတိဝတ္တနလက္ခဏံ။အချင်းချင်းမလွန်ခြင်းလက္ခဏာသည်။တထံ။မှန်၏။အဝိတထံ။ မချွတ်မယွင်း သီလဝိသုဒ္ဓိယာ။သီလဝိသုဒ္ဓိ၏၊သံဝရလက္ခဏံ။စောင့်ရှောက်ခြင်း လက္ခဏာသည်။တထံ။မှန်၏။အဝိတထံ၊မချွတ်မယွင်း။စိတ္တဝိသုဒ္ဓိယာ။ စိတ္တဝိသုဒ္ဓိ၏။အဝိက္ခေပလက္ခဏံ။မပျံ့လွင့်ခြင်းလက္ခဏာသည်။တထံ။ မှန်၏။ အဝိတထံ။ မချွတ်မယွင်း။ ဒိဋ္ဌိဝိသုဒ္ဓိယာ။ဒိဋ္ဌိဝိသုဒ္ဓိ၏။ ဒဿနလက္ခဏံ။ ရုပ်နာမ်တို့ကို၊ဟုတ်တိုင်းမှန်စွာမြင်ခြင်းလက္ခဏာသည်။တထံ။ မှန်၏။အဝိတထံ။မချွတ်မယွင်း။ ခယေဉာဏဿ။ ကိလေသာတို့ကို။ ကုန်စေခြင်း၌ဖြစ်သော။အရဟတ္တမဂ်ဉာဏ်၏။သမုစ္ဆေဒလက္ခဏံ၊ကိလေသာကို၊အကြွင်းမဲ့ဖြတ်ခြင်းလက္ခဏာသည်။တထံ မှန်၏။အဝိတထံ။မချွတ်ယွင်း။အနုပ္ပါဒေဉာဏဿ။ ကိလေသာတို့၏။ ဖြစ်ခြင်းမရှိရာ၌။ ဖြစ်သော အရဟတ္တဖိုလ်ဉာဏ်၏။ပဿဒ္ဓိလက္ခဏံ။ ကိလေသာတို့ကို ငြိမ်းစေခြင်းလက္ခဏာသည် တထံ၊ မှန်၏။ အဝိတထံ။မချွတ်မယွင်း။ ဆန္ဒဿ။ ဆန္ဒ၏။မူလ လက္ခဏံ။ တည်ရာလက္ခဏာသည်။ဝါအကြောင်းရင်းလက္ခဏာသည်။တထံ၊မှန်၏။အဝိတထံ၊ မချွတ်မယွင်း။ မနသိကာရဿ၊ မနသိကာရ၏။သမုဋ္ဌာနလက္ခဏံ သမ္ပယုတ်တရားတို့၏ဖြစ်ကြောင်းလက္ခဏာသည်။တထံ မှန်၏။အဝိတထံ။ မချွတ်မယွင်း။ဖဿဿ။ဖဿ၏၊သမောဓာနလက္ခဏံ။ပေါင်းမိခြင်းလက္ခဏာ ည် တထံ၊မှန်၏။အဝိတထံ။မချွတ်မယွင်း။ဝေဒနာယ။ ဝေဒနာ၏။

သမောသရဏာလက္ခဏာံ၊သမ္ပယုတ်တရားတို့၏။စုဝေးရာလက္ခဏာသည်။တထံ၊မှန်၏။အဝိတထံ၊မချွတ်မယွင်း။သမာဓိဿ၊သမာဓိ၏။ ပမုခလက္ခဏာံ။သမ္ပယုတ်တရားတို့၏၊အကြီးအမှူးဖြစ်ခြင်းလက္ခဏာသည်၊တထံ၊မှန်၏။အဝိတထံ။မချွတ်မယွင်း။သတိယာ၊သတိ၏။အာဓိပတေယျလက္ခဏာံ အောက်မေ့ခြင်း၌အကြီးအမှူးဖြစ်ခြင်းလက္ခဏာသည်၊တထံ၊မှန်၏။ အဝိတထံ၊မချွတ်မယွင်း၊ပညာယ၊ပညာ၏၊တဒုတ္တရိလက္ခဏာံ။ ထိုသမ္ပယုတ်တရားတို့ထက်၊ပြဋ္ဌာန်းခြင်းလက္ခဏာသည်၊တထံ၊မှန်၏။အဝိတထံ၊မချွတ်မယွင်း။ ဝိမုတ္တိယာ။ အရဟတ္တဖိုလ်၏၊ သာရလက္ခဏာံ၊သီလအစရှိသောဂုဏ်တို့၏အနှစ်ဖြင့်၊မြတ်ခြင်းလက္ခဏာသည်။တထံ၊မှန်၏။အဝိတထံ၊ မချွတ်မယွင်း။အမတောဂဓဿ ပျက်စီးခြင်းမရှိသော တရား၌။အကျုံးဝင်သော။နိဗ္ဗာနဿ၊နိဗ္ဗာန်၏။ပရိယောသာနလက္ခဏာံ၊မဂ်ဉာဏ် ဖိုလ်ဉာဏ်၏၊အာရုံတရား၌။ ပြီးဆုံးခြင်းလက္ခဏာသည်။ တထံ။ မှန်၏။ အဝိတထံ။ မချွတ်မယွင်း။ဧတံတထလက္ခဏာံ။ဤမှန်ခြင်းလက္ခဏာသို့။ ဉာဏဂတိယာ၊ဉာဏ်တည်းဟူသော ရောက်ခြင်းဖြင့်။ အာဂတော၊ လာတော်မူ၏။ အဝိရဇ္ဈိတွာ။မချွတ်မယွင်းမူ၍၊ပတ္တော အနုပတ္တော၊ရောက်တော်မူ၏။ဇာတိတဿာ၊ထို့ကြောင့်၊တထာဂတော။တထာဂတမည်တော်မူ၏။ဧဝံ။ဤသို့။တထလက္ခဏံ မှန်သောလက္ခဏာသို့။ အာဂတော။ရောက်တော်မူ၏။ ဇာတိတဿာ။ထို့ကြောင့်။တထာဂတော။တထဂတမည်တော်မူ၏။ ။ ဤသို့ဖွင့်ပြတော်မူအပ်သောအဋ္ဌကထာရှင်တို့၏စကားတော်ကိုထောက်၍။ ဟုတ်မှန်သောလက္ခဏာသို့။ဉာဏ်တော်တည်းဟူသော ရောက်ခြင်းဖြင့် ရောက်သောကြောင့်။တထာဂတမည်တော်မူသည်၏အဖြစ်ကိုသိကြလေ။ ။ ဝိဂြိုဟ်ပြုလုပ်လိုသော်။တထံ ဉာဏဂတိယာအာဂတောတိ။တထာဂတောဟုသမာသ်ဝိဂြိုဟ်ပြုလေ။ယောဘဂဝါ။အကြင်မြတ်စွာဘုရားသည်။တထံ၊မှန်သောလက္ခဏာသို့။ဉာဏဂတိယာ။ဉာဏ်တော်တည်းဟူသော။ရောက်ခြင်းဖြင့်။အာဂတော။ရောက်တော်မူ၏။ဇာတိတဿာ။ထိုသို့မှန်သောလက္ခဏာသို့။ဉာဏ်တော်တည်းဟူသောရောက်ခြင်းဖြင့်။ရောက်တော်မူသောကြောင့်။သော ဘဂဝါ။ ထိုမြတ်စွာဘုရားသည်။ တထာဂတော။ တထာဂတမည်တော်မူ၏။ ဤကား ဝိဂြိုဟ်တည်း။

{မေး} မှန်သောလက္ခဏာသို့ရောက်သောကြောင့်။တထာဂတမည်တော်မူသည်၏အဖြစ်ကို သိရပါပြီ။ ဟုတ်မှန်သော သဘောတရားတို့ကို။ဟုတ်တိုင်းမှန်စွာထိုးထွင်း၍သိခြင်းကြောင့်။တထာဂတမည်သည်၏အဖြစ်ကို အကျယ်ဘယ်လိုသိအပ်ပါသနည်း။

{ဖြေ} ကထံတထဓမ္မေ ယထာဝတော၊ အဘိသမ္ဗုဒ္ဓေါတိ၊ တထာဂတော။ တထဓမ္မာနာမ စတ္တာရိ အရိယသစ္စာနိ၊ ယထာဟ၊ စတ္တာရိမာနိ ဘိက္ခဝေ၊တထာနိ အဝိတထာနိ၊အနညထာနိ၊ကတမာနိစတ္တာရိ။ ဣဒံ၊ဒုက္ခန္တိ ဘိက္ခဝေတထမေတံ၊အဝိတထမေတံ၊အနညထမေတန္တိဝိတ္ထာရော တာနိစဘဂဝါအဘိသမ္ဗုဒ္ဓေါ။ တသ္မာတထာနံအဘိသမ္ဗုဒ္ဓတ္တာတထာဂတောတိဝုစ္စတိ။အဘိသမ္ဗောဓတ္ထောဟိဧတ္ထဂတသဒ္ဒေါ။အပိစ၊ ဇရာမရဏဿဇာတိ၊ပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော။တထော အဝိတထော အနညထော။ပ။ သင်္ခါရာနံအဝိဇ္ဇာပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော တထော အဝိတထော၊အနညထော။တထာအဝိဇ္ဇာယသင်္ခါရာနံ၊ပစ္စယဋ္ဌော၊သင်္ခါရာနံဝိညာဏဿပစ္စယဋ္ဌော။ပ။ဇာတိယာဇရာမရဏဿပစ္စယဋ္ဌော။တထော အဝိတထော၊အနညထော။တံသဗ္ဗံဘဂဝါအဘိသမ္ဗုဒ္ဓေါ။တသ္မာပိတထာနံ အဘိသမ္ဗုဒ္ဓတ္တာတထာဂတောတိဝုစ္စတိ။ဧဝံတထဓမ္မေယထာဝတော အဘိသမ္ဗုဒ္ဓေါတိ တထာဂတော။ဟူ၍ပြဆိုအပ်သော၊အင်္ဂုတ္တရအဋ္ဌကထာ ဧကနိပါတ်၊ဧကပုဂ္ဂလဝဂ်အဖွင့်၌ လာရှိသောပါဠိတို့ကို ထောက်၍လည်းကောင်း၊ဥဒါန်းအဋ္ဌကထာ၊ရှစ်ခုမြောက်သုတ်အဖွင့်၌လာရှိသောရင်းပါဠိတို့ကိုထောက်၍လည်းကောင်း။ထိုနည်းအတူ၊ဣတိဝုတ်အဋ္ဌကထာ။ဒုကဝဂ်၊ ဒုကအဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း၊ သုတ်သီလက္ခံ အဋ္ဌကထာဗြဟ္မဇာလဝဂ်၌ လာရှိသည်ကို ထောက်၍လည်းကောင်း သိအပ်ပါသည်။ ။မြန်မာပြန်ကား။ကထံ အဘယ်သို့၊တထဓမ္မေ၊မဖောက်မပြန် မှန်သောတရားတို့ကို၊ယထာဝတော၊မဖောက်မပြန်ဟုတ်မှန်သောအားဖြင့် အဘိသမ္ဗုဒ္ဓေါ။ထိုးထွင်း၍သိတော်မူတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တထာဂတော၊ တထာဂတမည်တော်မူသနည်း။ တထဓမ္မာနာမ၊ မဖောက်မပြန် မှန်သောတရားမည်သည်ကား။ စတ္တာရိ၊ လေးပါးကုန်သော၊ အရိယသစ္စာနိ။ အရိယသစ္စာတို့တည်း။ယထာဟာကိံ အာဟ၊ဘုရားအဘယ်ကဲ့သို့ဟောတော်မူသနည်းဟူမူကား။စတ္တာရိမာနိဘိက္ခဝေတထာနိ(ပ)အနညထမေတန္တိ။ စတ္တာရိမာနိဘိက္ခဝေတထာနိ(ပ)အနညထမေတံဟူ၍ အာဟ၊ဟောတော်မူ၏။ဣတိအာဒိ ဤသို့အစရှိသော။ဝိတ္ထာရော၊အကျယ်ကို ဝေဒိတဗ္ဗော၊ သိအပ်၏။ဘိက္ခဝေ၊ရဟန်းတို့။ တထာနိ၊မှန်ကုန်သော အဝိတထာနိ၊ မချွတ်မယွင်းကုန်သော။ အနညထာနိ၊ တပါးသောအခြင်းအရာဖြင့်။ ဖြစ်မှုမရှိကုန်သောတရားတို့သည်။ဣမာနိစတ္တာရိ၊ဤလေးပါးတို့တည်း။ ကတမာနိစတ္တာရိ၊ အဘယ်လေးပါးတို့နည်းဟူမူကား။ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤသဘောတရားသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာမည်၏။ ဣ

တိ၊ ဤသို့။ ဝုစ္စတိ။ ဆိုအပ်၏။ ဧတံ၊ ဤဒုက္ခသစ္စာဟုဆိုအပ်သောတရားသည်
တထံ။ မှန်၏။ ဧတံ။ ဤဒုက္ခသစ္စာဟုဆိုအပ်သောတရားသည်။ အဝိတထံ၊ မ
ချွတ်မယွင်း။ ဧတံ၊ ဤဒုက္ခသစ္စာဟုဆိုအပ်သောတရားသည်၊ အနညထံ၊ တ
ပါးသောအခြင်းအရာဖြင့်၊ ဖြစ်မှုမရှိ။ တာနိစ။ ထိုမဘောက်မပြန် မှန်သော
သစ္စာလေးပါးတရားတို့ကိုလည်း၊ ဘဂဝါ။ မြတ်စွာဘုရားသည်၊ အဘိသမ္ဗု
ဒ္ဓေါ။ ထိုးထွင်း၍သိတော်မူ၏။ တထာနံ၊ မှန်သေါတရားတို့၏၊ တသ္မာအဘိ
သမ္ဗုဒ္ဓတ္တာ။ ထိုသို့ထိုးထွင်း၍သိအပ်သည့်၏အဖြစ်ကြောင့်၊ တထာဂတော
တိ။ တထာဂတဟူ၍၊ ဝုစ္စတိ။ ဆိုအပ်၏။ ဟိသစ္စံ။ မှန်၏။ ဧတ္ထ။ ဤတထာဂ
တေါဟူသောပုဒ်၌၊ ဂတဒ္ဒေါ။ ဂတသဒ္ဒါသည်၊ အဘိသမ္ဗောဓတ္ထော၊ ထိုးထွင်း
၍သိခြင်းဟူသောအနက်ရှိ၏။ အပိစအပရော၊ တပါးသော၊ နယော၊ နည်းကို။
မယာ။ ငါသည်။ ဝုစ္စတေ။ မိန့်ဦးအံ့။ ဇရာမရဏဿ၊ ဇရာမရဏ၏၊ ဇာတိပစ္စ
ယသမ္ဘူတသမုဒါဂတဋ္ဌော။ ဇာတိဟူသော။ အကြောင်းကြောင့်ဖြစ်ခြင်း
မိမိ၏အကြောင်းအားလျော်စွာ၊ အဘန်တလဲလဲ၊ ဖြစ်ခြင်းသဘောသည်။ တ
ထော။ မှန်၏။ အဝိတထော၊ မချွတ်မယွင်း။ အနညထော။ တပါးသောအခြင်း
အရာအားဖြင့်၊ ဖြစ်မှုမရှိ၊ သင်္ခါရာနံ။ သင်္ခါရတို့၏၊ အဝိဇ္ဇာပစ္စယ သမ္ဘူတ
သ မုဒါဂတဋ္ဌော။ အဝိဇ္ဇာဟူသောအကြောင်းကြောင့်ဖြစ်ခြင်း၊ မိမိ၏ အ
ကြောင်းအားလျော်စွာ၊ အဘန်တလဲလဲဖြစ်ခြင်းသဘောသည်၊ တထော။
မှန်၏။ အဝိတထော၊ မချွတ်မယွင်း၊ အနညထော၊ တပါးသော အခြင်းအရာ
အားဖြင့်၊ ဖြစ်မှုမရှိ။ တထာ၊ ထိုအတူ၊ အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏၊ သင်္ခါရာနံ၊
သင်္ခါရတို့အား။ ပစ္စယဋ္ဌော၊ ကျေးဇူးပြုခြင်းသဘောသည်၊ တထော။ မှန်၏။
အဝိတထော။ မချွတ်မယွင်း။ အနညထော။ တပါးသော အခြင်းအရာအား
ဖြင့်။ ဖြစ်မှုမရှိ။ သင်္ခါရာနံ။ သင်္ခါရတို့၏။ ဝိညာဏဿ။ ဝိညာဉ်အား။ ပစ္စယ
ဋ္ဌော။ ကျေးဇူးပြုခြင်းသဘောသည်။ တထော။ မှန်၏။ အဝိတထော။ မချွတ်
မယွင်း။ အနညထော။ တပါးသောအခြင်းအရာအားဖြင့်။ ဖြစ်မှုမရှိ။ ဇာတိ
ယာ။ ဇာတိ၏။ ဇရာမရဏဿ။ ဇရာမရဏအား။ ပစ္စယဋ္ဌော။ ကျေးဇူးပြု
ခြင်းသဘောသည်။ တထော။ မှန်၏။ အဝိတထော။ မချွတ်မယွင်း။ အနညထော
တပါးသော အခြင်းအရာအားဖြင့်။ ဖြစ်မှုမရှိ။ တံသဗ္ဗံ။ ထိုအလုံးစုံသော အ
ဝိဇ္ဇာသင်္ခါရစသောအကြောင်းအကျိုးသဘောကို။ ဘဂဝါ။ မြတ်စွာဘုရား
သည်။ အဘိသမ္ဗုဒ္ဓေါ။ ထိုးထွင်း၍သိတော်မူ၏။ တထာနံ။ မှန်သောအဝိဇ္ဇာ
သင်္ခါရအစရှိသော အကြောင်းအကျိုးသဘောတို့၏။ တသ္မာပိအဘိသမ္ဗု
ဒ္ဓတ္တာ။ ထိုသို့ထိုထွင်း၍သိအပ်သည့်၏အဖြစ်ကြောင့်လည်း။ တထာဂတော
တိ။ တထာဂတဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ဧဝံ။ ဤသို့။ တထဓမ္မေ။ မှန်သော

တရားတို့ကို။ ယထာဝတော မဘောက်မပြန် မှန်သောအားဖြင့်။ အဘိသမ္ဗုဒ္ဓေါ။ထိုးထွင်း၍သိတော်မူတတ်၏။ဣတိတသ္မာ။ထို့ကြောင့်။တထာဂတော။တထာဂတမည်တော်မူ၏။ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားတို့ကိုထောက်၍ဟုတ်မှန်သောသဘောတရားတို့ကို၊ထိုးထွင်း၍သိတော်မူတတ်သောကြောင့် တထာဂတမည်သည့်၏အဖြစ်ကိုသိကြလေ။

ဝိဂြိုဟ်ပြုလုပ်လိုသော်။တထဓမ္မေ။အာဂတောတိ။တထာဂတောဟူ၍သမာသ်ဝိဂြိုဟ်ပြုရာ၏။ယောဘဂဝါ။အကြင်မြတ်စွာဘုရားသည်။ တထဓမ္မေ။မချွတ်မယွင်းဟုတ်မှန်သောတရားတို့ကို။အာဂတော။ ထိုးထွင်း၍သိတော်မူ၏။ ဣတိတသ္မာ။ ထိုသို့မချွတ်မယွင်း ဟုတ်မှန်သောတရားတို့ကို။ ထိုးထွင်း၍သိတော်မူသည့်၏အဖြစ်ကြောင့်။တထာဂတော။ တထာဂတမည်၏။ ဤကား ဝိဂြိုဟ်၏ ဖြန့်ခြာပြန်တည်း။

{မေး} မချွတ်မယွင်း ဟုတ်မှန်သောတရားတို့ကို။ ထိုးထွင်း၍သိတော်မူသောကြောင့်။တထာဂတမည်သည့်၏အဖြစ်ကိုသိရပါပြီ။ မဘောက်မပြန်။မြင်တတ်သောကြောင့် တထာဂတမည်သည့်၏အဖြစ်ကို။ အကျယ်အားဖြင့်ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ကထံ တထာဒဿိတာယ တထာဂတော။ ဘဂဝါယံသဒေဝကေလောကေ။ပ။ သဒေဝမနုဿာယ။အပရိမာဏာသု လောကဓာတူသု အပရိမာဏာနံ သတ္တာနံစက္ခုဒွါရေ။အာပါထံ အာဂစ္ဆန္တံ ရူပါရမ္မဏံနာမ အတ္ထိ။တံသဗ္ဗာကာရတော ဇာနာတိပဿတိ။ဧဝံဇာနတာပဿတာစ တေနတံ ဣဋ္ဌာနိဋ္ဌာဒိဝသေနဝါ ဒိဋ္ဌသုတမုတ ဝိညာတေသုစ လဗ္ဘမာနကပဒဝသေနဝါကတမံ တံရူပံ ရူပါယတနံ။ ယံရူပံစတုန္နံ မဟာဘူတာနံ ဥပါဒါယဝဏ္ဏနိဘာသနိဒဿနံ။ သပ္ပဋိဃံ နီလံပီတကန္တိ အာဒိနာနယေန အနေကေဟိနာမေဟိတေရသဟိဝါရေဟိ။ ဒွိပညာသာယနယေဟိ ဝိဘဇ္ဇမာနံတထမေဝ ဟောတိ။ဝိတထံနတ္ထိ။ဧသနယောသောတဒွါရာဒိသုပိအာပါထမာဂစ္ဆန္တေသုသဒ္ဒါဒိသု။ ဝုတ္တဉ္စေတံဘဂဝတာယံဘိက္ခဝေ သဒေဝကဿလောကဿ။ပ။ သဒေဝမနုဿာယ ဒိဋ္ဌံသုတံ မုတံဝိညာတံပတ္တံပရိယေသိတံအနုဝိစရိတံမနသာ၊တမဟံဇာနာမိ။ တမဟံအဗ္ဘညာသိံ။ တံတထာဂတဿ ဝိဒိတံ။ တံတထာဂတဿဥပဋ္ဌာသီတိ။ ဧဝံ တထဒဿိတာယတထာဂတော။တတ္ထတထဒဿီအတ္ထေ တထာဂတောတိပဒသမ္ဘဝေါဝေဒိတဗ္ဗော။ဟူ၍ဖွင့်ဆိုအပ်သော အင်္ဂုတ္တရအဋ္ဌကထာ။ ဧကနိပါတ်။ ဧကပုဂ္ဂလအဖွင့်၌။လာရှိသောပါဌ်ကိုထောက်၍လည်းကောင်း။ ထိုနည်းတူ

ဥဒါန်းအဋ္ဌကထာ။မုဥ္စလိန္ဒဝဂ်ရှစ်ခုမြောက်သုတ်အဖွင့်၌လာရှိသည်ကိုထောက်
၍လည်းကောင်း။ထိုနည်းအတူ။ဇာတိဝုတ်အဋ္ဌကထာ။ ဒုကနိပါတ်။ ဒုတိယ
သုတ်အဖွင့်၌လာရှိသည်ကိုထောက်၍လည်းကောင်း။ ထိုနည်းအတူသုတ်
သီလက္ခံပါဠိတော် ပြဟ္မဇာလသုတ်၌၊ လာရှိသည်ကို ထောက်၍သည်း
ကောင်း။သိအပ်ပါသည်။မြန်မာပြန်ကား။ကထံ၊ အဘယ်သို့။ တထာဒဿိ
တာယ၊မဘောက်မပြန်မြင်တတ်သည်၏အဖြစ်ကြောင့်။ တထာဂတော။
တထာဂတမည်တော်မူသနည်း။ဘဂဝါ၊မြတ်စွာဘုရားသည်။သဒေဝကေ
နတ်ပြည်ခြောက်ထပ်နှင့်တကွသော။လောကေ၊ဩကာသ လောက၌။သ
ဒေဝမနုဿာယ။ သမ္မုတိနတ်တည်းဟူသောမင်း ကြွင်းသောလူနှင့်တကွ
သော။ပဇာယ၊သတ္တလောက၌၊ အပရိမာဏာသု၊ အတိုင်းအရှည်မရှိကုန်
သော။ လောကဓာတူသု၊ လောကဓာတ်တို့၌၊အပရိမာနာဏံ။ အတိုင်းအ
ရှည်မရှိကုန်သော၊သတ္တာနံ၊သတ္တဝါတို့၏၊ စက္ခုဒွါရေ စက္ခုဒွါရ၌၊ အာပါ
ထံ၊ထင်ခြင်းသို့၊အာဂစ္ဆန္တံ။ ရောက်သော။ ယံရူပါရမ္မဏံနာမ၊ အကြင်ရူ
ပါရုံမည်သည်။အတ္ထိ၊ရှိ၏။တံ။ထိုရူပါရုံကို၊သဗ္ဗါကာရတော၊ခပ်သိမ်းသော
အခြင်းအရာအားဖြင့်၊ဇာနာတိ။သိတော်မူ၏။ပဿတိ၊မြင်တော်မူ၏။ဧဝံ၊
ဤသို့။ ဇာနတာစ၊ သိတော်မူသည်လည်းဖြစ်သော။ပဿတာစ၊မြင်တော်
မူသည်လည်းဖြစ်သော။ တေနဘဂဝတာ။ ထိုမြတ်စွာဘုရားသည်။ဇာနိတ္ဗာ
နိဋ္ဌာဒိဝသေနဝါ။ ဣဋ္ဌအနိဋ္ဌအစရှိသည်၏အစွမ်းဖြင့်လည်းကောင်း။ ဒိဋ္ဌ
သုတမုတဝိညာတေသု။ ဒိဋ္ဌဟူသောပုဒ်။သုတဟူသောပုဒ်။မုတဟူသော
ပုဒ်၊ ဝိညာတဟူသောပုဒ်တို့တွင်။လဗ္ဘမာနကပဒဝသေနဝါ။ရအပ်သော
ပုဒ်၏အစွမ်းဖြင့်လည်းကောင်း။ ကတမံ တံရူပံရူပါယတနံယံရူပံစတုန္နံ မ
ဟာဘူတာနံဥပါဒါယဝဏ္ဏနိဘာသနိဒဿနံသပ္ပဋိဃံနီလံပီတကန္တိ အာ
ဒိနာ။ ကတမံတံရူပံရူပါယတနံယံရူပံစတုန္နံမဟာဘူတာနံဥပါဒါယဝဏ္ဏ
နိဘာသနိဒဿနံသပ္ပဋိဃံနီလံပီတံ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့်။
အနေကေဟိ၊ များစွာကုန်သော၊ နာမေဟိ၊ အမည်တို့ဖြင့်။တေရသဟိ၊တ
ဆဲ့သုံးပါးကုန်သော။ ဝါရေဟိ၊ ဝါရတို့ဖြင့်။ ဒွိပညာသာယ၊ငါးဆဲ့နှစ်ပါး
ကုန်သော။ နယေဟိ၊ နည်းတို့ဖြင့်။ ဝိဘဇမာနံ၊ ဝေဘန်တော်မူအပ်သော။
တံရူပါရမ္မဏံ၊ ထိုရူပါရုံသည်။ တထမေဝ၊ဝေဘန်တော်မူတိုင်းသာလျှင်
ဟောတိ ဖြစ်၏။ ဝိတထံ၊ ချွတ်ယွင်းသည်။ နတ္ထိ၊မရှိ။ သောတဒွါရာဒီသုပိ၊
သောတဒွါရအစရှိသည်တို့၌လည်း။အာပါထံ၊ထင်ခြင်းသို့။ အာဂစ္ဆန္တေ
သု၊ရောက်ကုန်သော။သဒ္ဒါဒီသု။သဒ္ဒါရုံအစရှိသည်တို့၌။သေသသောနယော
ဤရူပါရုံ၌ဆိုအပ်သောနည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဟိသစ္စံ၊မှန်၏။ဘဂ

ဝတာ။မြတ်စွာဘုရားသည်၊ ယံဘိက္ခဝေသဒေဝကဿ လောကဿ ။ပ။ ဥပဗ္ဗာသိတိ။ယံဘိက္ခဝေသဒေဝကဿလောကဿ။ပ။ဥပဗ္ဗာသိဟူသော ဖော်ဝစနံ။ ဤစကားကို၊ ဂုတ္တံ။ ဟောတော်မူအပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ သဒေဝကဿ။ နတ်ပြည်ခြောက်ထပ်နှင့် တကွသော၊ လောကဿ၊ သြကာသလောက၏၊ သဒေဝမနုဿာယ၊ သမ္မုတိနတ်ဟုဆိုအပ်သောမင်း ကြွင်းသောလူနှင့်တကွသော။ ပဇာယ။ သတ္တသောကသဥ္။ ယံ။ အကြင်ရူပါရုံကို၊ ဒိဋ္ဌံ။ စက္ခု ဝိညာဉ်ဖြင့်မြင်အပ်၏။ သုတံ၊ သောတဝိညာဉ်ဖြင့်ကြားအပ်၏။ မုတံ။ သုံးပါးသော ဝိညာဉ်ဖြင့် သိအပ်၏။ ဝိညာတံ။ မနောဝိညာဉ်ဖြင့်သိအပ်၏။ ပတ္တံ။ ရောက်အပ်၏။ ပရိယေသိတံ၊ ရှာမှီးအပ်၏။ မနသာ။ စိတ်ဖြင့်။ အနုဝိစရိတံ၊ ဆင်ခြင်စဉ်းစားအပ်၏။ တံ။ ထိုရူပါရုံကို။ အဟံ။ ငါဘုရားသည်။ ဇာနာမိ၊ သိတော်မူ၏ ။ တံ၊ ထိုရူပါရုံကို။ အဘိညာသိံ။ ထူးသောဉာဏ်ဖြင့်သိတော်မူ၏။ တံ။ ထိုရူပါရုံကို။ တထာဂတဿ။ ငါဘုရားသည်။ ဝိဒိတံ။ သိအပ်၏။ တံ။ ထိုရူပါရုံသည်။ တထာဂတဿ၊ ငါဘုရားအား၊ ဥပဗ္ဗာသိ၊ ထင်၏၊ ဖော်။ ဤသို့။ တထဒဿိတာယ၊ မဘောက်မပြန် မြင်တော်မူအပ်သည်၏အဖြစ်ကြောင့်။ တထာဂတော၊ တထာဂတမည်တော်မူ၏။ တတ္ထ။ ထိုစကားရပ်၌။ တထဒဿိတဋ္ဌော။ မဘောက်မပြန် မြင်ခြင်းဟူသောအနက်၌။ တထာဂတောတိပဒသမ္ဘဝေါ။ တထာဂတောဟူသောပုဒ်၏ဖြစ်သင့်ခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဤသို့ပြဆိုအပ်သောအဋ္ဌကထာစကားတို့ကိုထောက်၍၊ မဘောက်မပြန်မြင်တတ်သောကြောင့်။ တထာဂတမည်သည်၏အဖြစ်ကို သိကြလေ။

{မေး} မဘောက်မပြန် မြင်တော်မူတတ်သောကြောင့်၊ တထာဂတမည်သည်၏အဖြစ်ကို၊အကျယ်သိရပါပြီ။ မချွတ်မယွင်း၊ ဟုတ်မှန်သောစကားကို ဆိုတော်မူတတ်သည်၏အဖြစ်ကြောင့်။တထာဂတမည်သည်၏ အဖြစ်ကို။အဘယ်သို့အကျယ်အားဖြင့်သိအပ်ပါမည်နည်း။

{ဖြေ} 卐 ကထံ တထာဝါဒိတာယ တထာဂတော၊ ယံရတ္တိံ ဘဂဝါ။ ဗောဓိမဏ္ဍေ၊ အပရာဇိတပလ္လင်္ကေ၊ နိသိန္နော၊ တိဏ္ဏံ မာရာနံ။ မတ္ထကံမဒ္ဒိတွာ အနုတ္တရံသမ္မာသမ္ဗောဓိံ။ အဘိသမ္ဗုဒ္ဓေါ၊ ယဉ္စရတ္တိံ ယမကသာလာနံ။ အန္တရေ။ အနုပါဒိသေသာယ၊ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိ။ ဧတ္ထန္တရေ။ ပဉ္စတာလီသဝဿပရိမာဏေ ကာလေ ပဌမဗောဓိယာပိ။ မဇ္ဈိမဗောဓိယာပိ။ ပစ္ဆိမဗောဓိယာပိ။ ယံဘဂဝတာဘာသိတံ။ သုတ္တံ ဂေယျံ ။ပ။ ဝေဒလ္လံ သဗ္ဗန္တံ အတ္ထတော စ။ဗျဉ္ဇနတော စ။အနုပဝဇ္ဇံ။အနူနံ အနဓိကံ။သဗ္ဗာကာရပရိပုဏ္ဏံ ရာဂမဒနိမ္မဒနံ။ ဒေါသမောဟမဒနိမ္မဒနံ။ နတ္ထိတတ္ထဝါလဂ္ဂမတ္တမ္ပိ။ပက္ခလိ

တံ၊သဗ္ဗညုတံ။ ကေမုန္တိကာယလဒ္ဓီ တံပိယ။ ကေနာဂ္ဂိကာယ။ မိတံပိယ။ ကေတုလာယတုလိတံပိယစ။ တထမေဝဟောတိ။ အဝိတထံ။ တေနာဟ။ ယဉ္စရတ္တိံ တထာဂတော။ အနုတ္တရံ။ သမ္မာသမ္ဗောဓိံ၊ အဘိသမ္ဗုဇ္ဈတိ၊ ယဉ္စရတ္တိံ၊ အနုပါဒိသေသာယ၊ နိဗ္ဗာနဓာတုယာ။ ပရိနိဗ္ဗာယတိ။ ယံ ဧတသ္မိံ အန္တရေ။ ဘာသတိ လပတိ၊ နိဒ္ဒိသတိ၊ သဗ္ဗံ တံ၊ တထေဝ ဟောတိ အနညထာ၊ တသ္မာ တထာဂတောတိ ဝုစ္စတိ၊ ဝဒတ္ထော ဟိ ဧတ္ထ ဂတသဒ္ဒော။ ဧဝံ တထဝါဒိတာယ။ တထာဂတော၊ အပိစ။ အာဂဒနံ အာဂဒေါ၊ ဝစနန္တိ အတ္ထော။ တထော၊ အဝိပရီတော၊ အာဂဒေါ အဿာတိ။ ဒကာရဿ တကာရံ ကတွာ၊ တထာဂတောတိ ဧဝံပေတသ္မိံ အတ္ထေ ပဒသိဒ္ဓိ ဝေဒိတဗ္ဗာ ဟူ၍၊ အင်္ဂုတ္တရအဋ္ဌကထာ၊ ဧကနိပါတ်၊ ဧကပုဂ္ဂလအဖွင့်၌။ ပြဆိုအပ်သည်ကို ထောက်၍လည်းကောင်း။ ထိုနည်းအတူ ဥဒါန်းအဋ္ဌကထာ မုစလိန္ဒဝဂ်၊ ရှစ်ခုမြောက်ဝတ္ထုအဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ထိုနည်းအတူ၊ ဣတိဝုတ်အဋ္ဌကထာ၊ ဒုကနိပါတ် ဒုတိယသုတ်အဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ထိုနည်းအတူ သုတ်သီလက္ခံ အဋ္ဌကထာ ဗြဟ္မဇာလသုတ်၌ ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်းသိအပ်ပါသည်။

မြန်မာပြန်ဘား။ ကထံ၊အဘယ်သို့။ ကထာဝါဒိတာယ၊ မဖောက်မပြန်ဟုတ်မှန်တိုင်းကိုဆိုတော်မူတတ်သည်၏အဖြစ်ကြောင့်။ တထာဂတော၊ တထာဂတမည်တော်မူသနည်း။ ယံ ရတ္တိံ၊အကြင်ညဉ့်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဗောဓိမဏ္ဍေ၊သဗ္ဗညုတဉာဏ်တော်၏ကြည်လင်ရာဖြစ်သော။အပရာဇိတပလ္လင်္ကေ၊မာရ်ငါးပါးကိုအောင်မြင်ရာဖြစ်သော ပလ္လင်၌ နိသိန္နော ထိုင်နေတော်မူလျက်။ တိဏ္ဏံ၊ သုံးပါးကုန်သော။ မာရာနံ၊ မာရ်နတ်တို့၏။ မတ္ထကံ၊ အထွဋ်အထိပ်ကို။ မဒ္ဒိတွာ၊ နှိပ်နှင်းတော်မူ၍။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်။ သဗ္ဗညုတဉာဏ်တော်ကို။အဘိသမ္ဗုဇ္ဈိ၊ထိုးထွင်း၍သိတော်မူ၏။ယဉ္စ ရတ္တိံ၊အကြင်ညဉ့်၌လည်း၊ ယမကသာလာနံ၊အစုံသောအင်ကြင်းပင်တို့၏။အန္တရေ၊အကြား၌။ အနုပါဒိသေသာယ၊ ဥပါဒိန္နကက္ခန္ဓာ ကဋတ္တာရုပ်အကြွင်းမရှိသော။ နိဗ္ဗာနဓာတုယာ၊ ငြိမ်းခြင်းတည်းဟူသောနိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗာယိ၊ ထက်ဝန်းကျင်မီးငြိမ်းတော်မူသေ၏။ ဧတ္ထန္တရေ၊ ဤအတွင်း၌။ ပဉ္စတာလီသပရိမာဏကာလေ၊ လေးဆယ့်ငါးဝါ အတိုင်းအရှည်ရှိသောကာလ၌။ ပဌမဗောဓိယာပိ၊ ပဌမဗောဓိ၌လည်းကောင်း။ မဇ္ဈိမဗောဓိယာပိ၊ မဇ္ဈိမဗောဓိ၌လည်းကောင်း။ ပစ္ဆိမဗောဓိယာပိ၊ပစ္ဆိမဗောဓိ၌လည်းကောင်း။ ဘဂဝတာ၊မြတ်စွာဘုရားရှင်သည်။ ယံ သုတ္တံ။အကြင်သုတ်ကို။ သံဂေယျံ

အကြွင်ဂါထာ နှင့် တကွ ဖြစ်သော ဂေယျကို။ ပ၊ ယံဝေဒလ္လံ။ အကြွင်
ဝေဒလ္လကို၊ ဘာသိတံ၊ ဟောတော်မူအပ်၏။ သဗ္ဗံ အလုံးစုံသော။ တံ၊ ထို သု
တ္တဂေယျအစရှိသည့်သဉ်၊ အတ္ထတော စ၊ အနက်အားဖြင့်လည်းကောင်း။ ဗျဉ္ဇန
တော စ။ သဒ္ဒါအားဖြင့် လည်းကောင်း။ အနူပဝဇ္ဇံ၊ မကဲ့ရဲ့အပ်။ အနူနံ၊ မ
ယုတ်၊ အနဓိကံ။ မလွန်။ သဗ္ဗာကာရပရိပုဏ္ဏံ။ အလုံးစုံသော အခြင်းအရာ
ဖြင့်ပြည့်၏။ ရာဂမဒနိမ္မဒနံ။ ရာဂဖြင့်ယစ်ခြင်းကိုနှိပ်နင်းတတ်၏။ ဒေါသမဒ
နိမ္မဒနံ။ ဒေါသဖြင့်ယစ်ခြင်းကို နှိပ်နင်းတတ်၏။ မောဟမဒနိမ္မဒနံ။ မောဟ
ဖြင့်ယစ်ခြင်းကို နှိပ်နင်းတတ်၏။ တတ္ထ။ ထိုသုတ္တဂေယျအစရှိသည်၌။ ဝါ
လဂ္ဂမတ္တမ္ပိ၊ သားမြီးဖျားမျှလည်း။ ပက္ခလိတံ။ ချွတ်ချော်ခြင်းသည်၊ နတ္ထိ။
မရှိ။ သဗ္ဗံ အလုံးစုံသော။ တံ၊ ထိုသုတ္တဂေယျအစရှိသည့်သဉ် ဧကမုဒ္ဒိကာယ
တရသော တံဆိပ်ဖြင့်၊ လဉ္ဆိတံဝိယ။ ခပ်ဘိသကဲ့သို့လည်းကောင်း၊ ဧက
နာဠိကာယ၊ တရသောပြည်တောင်းဖြင့်။ ဝါ၊ ကွမ်းဝါးဖြင့်၊ မိတံဝိယ။ ခြင်
ဘိသကဲ့သို့လည်းကောင်း။ ဧကတုလာယ။ တရသောချိန်ဖြင့်။ တုလိတံဝိ
ယစ။ ချိန်ဘိသကဲ့သို့လည်းကောင်း။ တထမေဝ။ မှန်သည်သာလျှင်။ အဝိ
တထံ ဧဝ။ မချွတ်မယွင်းသည်သာလျှင်။ ဟောတိ။ ဖြစ်၏။ တေန။ ထိုကြောင့်
ယဉ္စ ရတ္တိံ။ ပ။ တထာဂတောတိ ဝုစ္စတီတိ။ ယဉ္စ ရတ္တိံ။ ပ။ တထာဂ
တောတိ ဝုစ္စတိဟူ၍ အာဟ၊ ဟောတော်မူ၏။ ဧတ္ထ။ ဧတ္ထ။ တထာဂတော။
ငါဘုရားသည်။ ယဉ္စ ရတ္တိံ။ အကြွင်ညဉ့်၌လည်း။ အနုတ္တရံ၊ အတုမရှိသော
သမ္မာသမ္ဗောဓိံ။ အရဟတ္တမဂ်ဉာဏ်။ သဗ္ဗညုတဉာဏ်တော်ကို။ အဘိ
သမ္ဗုဒ္ဓေါ။ ထိုးထွင်း၍သိတော်မူ၏။ ယဉ္စ ရတ္တိံ။ အကြွင်ညဉ့်၌လည်း။ အနုပါ
ဒိသေသာယ ဝိပါက်ကမ္မဇရုပ်အကြွင်းမရှိသော။ နိဗ္ဗာနဓါတုယာ။ ငြိမ်း
ခြင်းတည်းဟူသော နိဗ္ဗာနဓါတ်ဖြင့်၊ ပရိနိဗ္ဗာယတိ။ ထက်ဝန်းကျင် မီးငြိမ်း
၏။ ဧတသ္မိံ အန္တရေ။ ၎င်းအတွင်း၌။ ယံ သုတ္တဂေယျာဒိကံ။ အကြွင်သုတ္တဂေ
ယျစသည်တို့ကို။ ဘာသတိ။ ဟောတော်မူ၏။ လပတိ၊ ပြောဆိုတော်မူ၏။
နိဒ္ဒိသတိ၊ ညွှန်ပြတော်မူ၏။ သဗ္ဗံ။ အလုံးစုံသော။ တံ။ ထိုသုတ္တဂေယျအစ
ရှိသည်သည်။ တထမေဝ။ ထုံပြောဆိုတော်မူတိုင်း မှန်သည်သာလျှင်။
ဟောတိဖြစ်၏။ အနညထာ။ တပါးသောအခြင်းအရာဖြင့် ဖြစ်မှုမရှိသည်။
ဟောတိဖြစ်၏။ တသ္မာ။ ထိုကြောင့်။ တထာဂတောတိ။ တထာဂတဟူ၍။
ဝုစ္စတိ၊ ဆိုအပ်၏၊ ဟိသစ္စံ။ မှန်၏။ ဧတ္ထ။ ဤတထာဂတောဟူသောပုဒ်၌၊ ဂတ
သဒ္ဒေါ။ ဂတသဒ္ဒါသည်။ ဂဒတ္ထော။ ဆိုခြင်းဟူသောအနက်ရှိ၏။ ဧဝံ။ ဤသို့
တထာဝါဒိတာယ။ မချွတ်မယွင်း ဆိုတော်မူတတ်သည်၏အဖြစ်ကြောင့်

တထာဂတော။တထာဂတမည်တော်မူ၏။အပိစ၊အပရေနယော၊ နည်း တပါးကို။မယာ၊ငါသည်။ဝုတ္တတေဆိုဦးအံ့။အာဂဒနံ။ ဆိုခြင်း။ အာဂမေါ။ ဆိုခြင်း။ ဝစနံဆိုခြင်း။ ဣတိအယံ။ ဤသည်ကား။ အတ္ထောအနက်တည်း။ အဿဘဂဝတော။ ထိုမြတ်စွာဘုရားအား။ တထော။ အဝိပရိတော။ မချွတ်မယွင်းသော။အာဂဒေါ။ဆိုတော်မူခြင်းသည်။အတ္ထိ၊ရှိ၏။ဣတိတသ္မာ ထိုသို့ဆိုတော်မူခြင်းရှိသည့်၏အဖြစ်ကြောင့်။ဒကာရဿ။ဒအက္ခရာကို။တ ကာရံ။တအက္ခရာကို။ကတွာ။ ပြု၍။ တထာဂတောတိ။ တထာဂတဟူ၍ ဝုစ္စတိ၊ဆိုအပ်၏။ဧဝမ္ပိ၊ဤသို့လည်း။ ဧတဿ အတ္ထေ၊ ထိုတထော။ အဝိပရိ တော၊ အာဂဒေါအဿဟူသောဗဟုဗ္ဗိဟိသမာသ်၊ အနက်၌။ ပဒသိဒ္ဓိ။ ပုဒ် ပြီးခြင်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။ဤကား။မြန်မာပြန်တည်း။ ။ဝိဂ္ဂြိုဟ်ပြု လုပ်လိုသော်။ ။တထံဂဒတီတိ။တထာဂတောဟူ၍။ကတ္တုသာဓနကိတ် ဝိဂ္ဂြိုဟ်ပြုရာ၏။ ယောဘဂဝါ။အကြင်မြတ်စွာဘုရားသည်။တထံ။မှန်သော စကားတော်ကို။ ဂဒတိ။ ဆိုတော်မူတတ်၏။ ဣတိတသ္မာ၊ထိုသို့မှန်သောစ ကားတော်ကို ဆိုတော်မူတတ်သည့်၏ အဖြစ်ကြောင့်။ သောဘဂဝါ။ထို မြတ်စွာဘုရားသည်။ တထာဂတော။တထာဂတမည်တော်မူ၏။တထသ ဒ္ဒူပဒ၊ဂဒဓါတ်၊အပစ္စည်းဒကို။ တပြုသည်။တနည်း။ အာဂဒနံ။ အာဂဒေါ။ ဘာဝသာဓနကိတ်ဝိဂ္ဂြိုဟ်ပြု။ အာဂဒနံ၊ ဆိုခြင်း။ အာဂဒေါသိုခြင်း။ အာ ရှေးရှိသောဂဒဓာတ်။ကထနအနက်ဟော။ဏပစ္စည်း။ တထော။အာဂဒေါ အဿာတိ။ တထာဂဒေါ ဟုဗဟုဗ္ဗိဟိသမာသ်ဝိဂ္ဂြိုဟ်ပြု။အဿ၊ထိုမြတ် စွာဘုရားအား။တထော၊မချွတ်မယွင်းဟုတ်မှန်သော။အာဂဒေါ၊ဆိုတော် မူခြင်းသည်။အတ္ထိ။ရှိ၏။ဣတိဘသ္မာ။ ထိုသို့မချွတ်မယွင်း၊ ဟုတ်မှန်သော ဆိုခြင်းရှိတော်မူသည့်၏အဖြစ်ကြောင့်။တထာဂတော၊တထာဂတ၊မည် တော်မူ၏။ ဒအက္ခရာကိုတပြုသည်။ ။ဤကား ဝိဂ္ဂြိုဟ်နှင့်ဝိဂ္ဂြိုဟ်၏မြန်မာ ပြန်တည်း။ ဤသို့ အဋ္ဌကထာရှင်တို့ ပြဆိုအပ်သည် တို့ကိုတောက်၍ မချွတ်မယွင်း ဟုတ်မှန်သော စကားတော်တို့ကို ဆိုတော်မူတတ်သော ကြောင့်။တထာဂတမည်သည့်၏အဖြစ်ကိုသိကြလေ။

{မေး} မချွတ်မယွင်းဟုတ်တိုင်းမှန်စွာ ဆိုတော်မူတတ်သောကြောင့်။ တထာဂတမည်တော်မူသည့်၏အဖြစ်ကိုအကျယ်အားဖြင့်သိရပါပြီ။နှုတ် မြွက်၍ဆိုတော်မူတိုင်း ကိုယ်တော်ဖြင့်ပြုတော်မူသောကြောင့်။တထာဂ တမည်သည့်၏အဖြစ်ကို၊အဘယ်သို့ အကျယ်သိအပ်ပါမည်နည်း။

{ဖြေ} ဣထံတထာကာရိတာယတထာဂတော (ဘဂဝါဟိယံ ဝါစံ ဘာသတိ တထေဝကာ ယေနကရောတိ) ဘဂဝတော ဟိဝါစာ' ကာ

ယောအနုလောမေတိ။ကာယသာပိဝါစာ။ တသ္မာယထာဝါဒီ တထာ
ကာရီ။ ယထာကာရီ တထာဝါဒီဟောတိ။ဧဝံဘူတဿစဿ ယထာဝါ
စာ။ကာယောပိတထာဂတောပဝတ္တောတိ၊အတ္ထော၊ယထာစကာယော
ဝါစာပိ။တထာဂတောတိတထာဂတော။တေနေဝါဟ၊ယထာဝါဒီတိက္ခ
ဝေ။ တထာဂတော၊ တထာကာရီ၊ ယထာကာရီ တထာဝါဒီ၊ တိ။ဣတိ
ယထာဝါဒိ၊ တထာကာရီ၊ ယထာကာရီ၊ တထာဝါဒိ၊ တသ္မာတထာ
ဂတောတိဝုစ္စတိတိ။ဧဝံ၊တထာကာရိတာယ၊ တထာဂတောဟူ၍ဖွင့်ဆို
အပ်သော အင်္ဂုတ္တရအဋ္ဌကထာ၊ ဧကနိပါတ်ဧကပုဂ္ဂလအဖွင့်၌ပြဆိုအပ်သည်
ကိုထောက်၍လည်းကောင်း။ ထိုနည်းအတူ။ ဥဒါန်းအဋ္ဌကထာ မုစလိန္ဒဝဂ်
ရှစ်ခုမြောက်သုတ်အဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ထို
နည်းအတူ၊ ဣတိဝုတ်အဋ္ဌကထာ။ ဒုကနိပါတ် နှစ်ခုမြောက်အဖွင့်၌ပြဆိုအပ်
သည်ကိုထောက်၍လည်းကောင်း။ ထိုနည်းအတူ၊ သုတ်သီလက္ခံအဋ္ဌကထာ
ဗြဟ္မဇာလသုတ်၌ပြဆိုအပ်သည်ကိုထောက်၍သည်းကောင်း။ အကျယ်
သိအပ်ပါသည်။ ။မြန်မာပြန်ကား။ကထံ၊အဘယ်သို့။တထာကာရိတာ
ယ နှုတ်တော်မြွက်တိုင်းသာလျှင်၊ ကိုယ်တော်ဖြင့်ပြုတော်မူသည့်၏ အဖြစ်
ကြောင့်။ တထာဂတော၊ တထာဂတမည်သနည်း။ ဟိဝိတ္ထာရမေဟိ၊ထိုစ
ကားကိုချဲ၍ဦးအံ့။ဘဂဝါ၊မြတ်စွာဘုရားသည်။ယံဝါစံ၊အကြင်စကားတော်
ကို။ဘာသတိ၊ ဆိုတော်မူ၏။ တထေဝ ထိုဆိုတော်မူတိုင်းသာလျှင်။ ကာ
ယေန ကိုယ်တော်ဖြင့်။ကရောတိ၊ ပြုတော်မူ၏။ ဟိသဒ္ဒေါ၊ ထိုစကားသည်
မှန်၏။ဘဂဝတော မြတ်စွာဘုရား၏။ဝါစာ၊ ဝါစာယ။စကားတော်အား။
ကာယော၊ ကိုယ်တော်သည်။ အနုလောမေတိ၊ လျော်၏။ ကာယဿာပိ။
ကိုယ်တော်အားလည်း။ဝါစာ၊ စကားတော်သည်။အနုလောမေတိ၊လျော်
၏။တသ္မာ၊ထိုကြောင့်၊ယထာ၊အကြင်သို့သောအခြင်းအရာအားဖြင့်။ ဝါ
ဒီ၊ဆိုတော်မူလေ့ရှိ၏။တထာ၊ထိုသို့သောအခြင်းအရာအားဖြင့်။ကာရီ၊ပြု
လေ့ရှိတော်မူသည်လည်း။ဟောတိဖြစ်၏။ယထာ၊အကြင်ဆိုသောအခြင်း
အရာဖြင့်။ကာရီ ပြုလေ့ရှိတော်မူ၏။တထာ။ထိုသို့သောအခြင်းအရာအား
ဖြင့်။ဝါဒီစ။ ဆိုလေ့ရှိတော်မူသည်လည်း။ ဟောတိဖြစ်၏။ ဧဝံ။ ဤသို့။ ဘူ
တဿစ၊ဟုတ်မှန်သည်လည်းဖြစ်သော။အဿဘဂဝတော၊ ထိုမြတ်စွာ
ဘုရားအား။ယထာ၊အကြင်ဆိုသောအခြင်းအရာအားဖြင့်။ဝါစာပိ၊ စကား
တော်သည်လည်းကောင်း။ကာယောပိ၊ကိုယ်တော်သည်သည်းကောင်း
ဂတောပဝတ္တော။ဖြစ်တော်မူ၏။တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်
ဝါစာပိ၊နှုတ်တော်သည်လည်းကောင်း။ကာယောပိကိုယ်တော်သည်လည်း

ကောင်း။ ဂတော ပဝတ္တော၊ ဖြစ်တော်မူ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္တော၊ အနက်တည်း။ ယထာစ၊ အကြင် အခြင်းအရာဖြင့်လည်း။ ကာယေ၊ ပီ။ ကိုယ်တော်သည်လည်းကောင်း။ ဝါစာပိ၊ စကားတော်သည်လည်းကောင်း။ ဂတော ပဝတ္တော၊ ဖြစ်တော်မူ၏။ တထာ၊ ထိုထိုသောအခြင်းအရာဖြင့်။ ကာယောပိ၊ ကိုယ်တော်သည်လည်းကောင်း၊ ဝါစာပိ၊ စကားတော်သည်လည်ကောင်း။ ဂတော ပဝတ္တော၊ ဖြစ်တော်မူ၏။ ဣတိတသ္မာ။ ထိုကြောင့်။ တထာဂတော တထာဂတ မည်တော်မူ၏။ တေနေဝ၊ ထိုကြောင့်သာလျှင်။ ယထာဝါဒီ(ပ)တထာဂတောတိ ဝုစ္စတီတိ၊ (ယထာဝါဒီ ။ပ။ တထာဂတောတိဝုစ္စတိဟူ၍။ အာဟ၊ ဟောတော်မူပြီ။ ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတော။ ငါဘုရားသည်။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်၊ ဝါဒီ။ ဆိုတော်မူလေ့ရှိ၏။ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ ကာရီ ပြုလေ့ရှိတော်မူ၏။ ယထာ၊ အကြင်သို့သောအခြင်အရာအားဖြင့်။ ကာရီ၊ ပြုလေ့ရှိတော်မူ၏။ တထာ၊ ထို အခြင်းအရာအားဖြင့်။ ဝါဒီ၊ ဆိုလေ့ရှိတော်မူ၏။ ဣတိ၊ ဤသို့၊ ယထာ၊ အကြင်သို့သောအခြင်းအရာအားဖြင့်။ ဝါဒီ၊ ဆိုတော်မူလေ့ရှိ၏။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ကာရီ၊ ပြုတော်မူလေ့ရှိ၏။ ယထာ၊ အကြင်သို့သောအခြင်းအရာအားဖြင့်။ ကာရီ၊ ပြုတော်မူလေ့ရှိ၏။ တထာ။ ထိုအခြင်းအရာ အားဖြင့်။ ဝါဒီ၊ ဆိုတော်မူလေ့ရှိ၏။ တသ္မာ၊ ထိုကြောင့်၊ တထာဂတောတိ၊ တထာဂတဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဧဝံ။ ဤသို့၊ တထာကာရိတာယ၊ နှုတ်မြွက်၍ဆိုတော်မူတိုင်းသာလျှင်။ ကိုယ်တော်ဖြင့် ပြုတော်မူလေ့ရှိသည်၏ အဖြစ်ကြောင့်။ တထာဂတော၊ တထာဂတမည်တော်မူ၏။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာဆရာတို့၏ စကားတော်ကိုထောက်၍။ နှုတ်မြွက်၍ ဆိုတော်မူတိုင်း ကိုယ်တော်ဖြင့်ပြုလေ့ရှိတော်မူသောကြောင့်၊ တထာဂတ မည်သည်၏ အဖြစ်ကိုသိကြလေ။ ။ပိဋကတ်ပြုလုပ်လိုသော်။ တထာဂတ မသာတိ တထာဂတောဟူ၍ဗဟုဗ္ဗိဟိ သမာသ်ပိဋကတ်ပြုရာ၏။ အဿ၊ ထိုမြတ်စွာဘုရားအား။ တထာ၊ ထိုနှုတ်မြွက်၍ ပြောဆိုသောအခြင်းအရာဖြင့်။ ဂတံ။ ကိုယ်တော်၏။ အပြုအမူဖြစ်တော်မူခြင်းသည်။ အတ္ထိ။ ရှိ၏။ ဣတိတသ္မာ၊ ထိုသို့နှုတ်မြွက်၍ ပြောဆိုသော အခြင်းအရာဖြင့်။ ကိုယ်တော်၏ အပြုအမူဖြစ်တော်မူခြင်းရှိသည်၏အဖြစ်ကြောင့်။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည် တထါဂတော၊ တထါဂတမည်တော်မူ၏။ ဤကား ပိဋကတ်၏မြန်မာပြန်တည်း။

{မေး} နှုတ်တော်မြွက်၍ ဆိုတော်မူအပ်သော စကားတော်အတိုင်း၊ ကိုယ်တော်ဖြင့် ပြုလေ့ရှိသောကြောင့်။ တထာဂတမည်တော်မူသည်၏

အဖြစ်ကိုအကျယ်အားဖြင့်သိအပ်ပါပြီ။ လွှမ်းမိုးနှိပ်နင်းတော်မူသည်၏အဖြစ်ကြောင့်၊တထာဂတမည်သည့်၏အဖြစ်ကိုအကျယ်အားဖြင့်အဘယ်သို့သိအပ်ပါမည်နည်း။

{ဖြေ} ကထံအဘိဘဝနဋ္ဌေန၊ တထာဂတော၊ဥပရိဘဝဂ္ဂံ။ ဟေဋ္ဌာအဝီစိံ။ ပရိယန္တံကံကတွာ။ တိရိယံ၊အပရိမာဏာသု၊ လောကဓါတူသု။ သဗ္ဗသတ္တေ ၊အဘိဘဝတိ၊ သီလေနပိ၊ သမာဓိနာပိ၊ ပညာယာပိ၊ ဝိမုတ္တိယာပိ၊ နတဿတုလော ဝါ။ ပမာဏံ ဝါ၊ အတ္ထိ။အတုလော။အပ္ပမေယျော။အနုတ္တရော။ရာဇရာဇာ၊ဒေဝဒေဝေါ။သက္ကာနံအတိသက္ကော၊ဗြဟ္မာနံ အတိဗြဟ္မာ။ တေနာဟ၊ သဒေဝကေ။ လောကေ။ဘိက္ခဝေ။ပ။ သဒေဝမနုဿာယ။တထာဂတော။အဘိဘူ။အနဘိဘူတော။အညဒတ္ထု။ဒသော။ ဝသဝတ္တိ။တသ္မာတထာဂတောတိဝုစ္စတီတိ။တကြောင်ပဒသိဒ္ဓိ ဝေဒိတဗ္ဗာ အဂဒေါဝိယ' အာဂဒေါ။ ကောပနေသ။ ဒေသနာဝိလာသောစေဝ။ ပုညဿယောစ။တေနဟေသ။မဟာနုဘာဝေါ။ဘိသက္ကောဒိဗ္ဗာ ဂဒေန။သပ္ပေဝိယ။ သဗ္ဗပရပ္ပဝါဒိနော။ သဒေဝကဉ္စလောကံအဘိဘဝတိ။ ဣတိသဗ္ဗလောကာဘိဘဝနေ။ တထော။အဝိပရီတော။ဒေသနာ။ဝိလာသောစေဝပုညဿယောစအာဂဒေါအဿာတိ၊ ဒကာရဿတကာရံ ဒေသံကတွာ။တထာဂတောတိ ဝေဒိတဗ္ဗော။ ဧဝံအဘိဘဝနဋ္ဌေနတထာဂတောဟူ၍ဖွင့်ဆိုအပ်သော။ အင်္ဂုတ္တရအဋ္ဌကထာ ဧကနိပါတ်၊ ဧကပုဂ္ဂလ အဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ထိုနည်းအတူ။ဥဒါန်းအဋ္ဌကထာ၊ မုစ္စလိန္ဒဝဂ်၊ ရှစ်ခုမြောက် ဝဂ္ဂအဖွင့်၌ ပြဆိုအပ်သည်ကို ထောက်၍လည်းကောင်း။ ဣတိဝုတ်အဋ္ဌကထာ၊ ဒုကနိပါတ်၊ နှစ်ခုမြောက်သုတ်အဖွင့်။ သုတ်သီလက္ခံအဋ္ဌကထာဗြဟ္မဇာလသုတ်အဖွင့်၌၊ ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။လွှမ်းမိုးနှိပ်နင်းတော်မူသောကြောင့်၊တထာဂတမည်သည့်၏အဖြစ်ကိုအကျယ်သိအပ်ပါသည်။ မြန်မာပြန်ကား။ ကထံ၊အဘယ်သို့။ အဘိဘဝနဋ္ဌေန၊ လွှမ်းမိုးနှိပ်နင်းတော်မူတတ်သောအနက်ကြောင့်။တထာဂတော၊တထာဂတမည်သနည်း။ ဥပရိ၊ အထက်၌။ဘဝဂ္ဂံ၊ဘဝဂ်ကို။ဟေဋ္ဌာ၊အောက်၌။အဝီစိံ။အဝီစိငရဲကို။ပရိယန္တံ။အပိုင်းအခြားရှိသည်ကို။ကတွာ၊ပြု၍။တိရိယံ။ဖီလာ၊အပရိမာဏာသု၊ အတိုင်းအရှည်မရှိကုန်သော။ လောကဓါတူသု၊ လောကဓါတ်တို့၌။ သဗ္ဗသတ္တေ၊ အလုံးစုံကုန်သောသတ္တဝါတို့ကို။သီလေနပိ၊သီလဖြင့်လည်းကောင်း။ သမာဓိနာပိသမာဓိတော်ဖြင့်လည်းကောင်း။ပညာယပိ၊ပညာတော်ဖြင့်လည်းကောင်း

ဝိမုတ္တိယာပိ၊ ကိလေသာတို့မှအကြွင်းမရှိ၊ လွတ်တော်မူသော အရဟတ္တ ဖိုလ်တော်ဖြင့်လည်းကောင်း။အဘိဘဝတိ၊ လွှမ်းမိုးနှိပ်နှင်းတော်မူ၏။တ သာဘဂဝတော ထိုမြတ်စွာဘုရားရှင်အား။ တုလော ဝါ၊တူသောသူသည် လည်းကောင်း။ပဋိဘာဂေါ၊ နှိုင်းယှဉ်ဘက်ဖြစ်သောသူသည်လည်းကောင်း နအတ္ထိ၊မရှိ။အတုလော၊တူသောသူမရှိ။အပ္ပမေယျော၊နှိုင်းယှဉ်အပ်သော သူမရှိ။ အနုတ္တရော၊ မိမိထက်လွန်မြတ်သောသူမရှိ။ ရာဇရာဇော၊ မင်းတ ကာတို့ထက် မင်းဖြစ်တော်မူ၏။ ဒေဝဒေဝေါ၊ နတ်တကာတို့ထက် နတ် ဖြစ်တော်မူ၏။သက္ကာနံ၊သိကြားတို့ထက်၊အတိသက္ကော၊လွန်သောသိကြား ဖြစ်တော်မူ၏။ဗြဟ္မာနံ၊ဗြဟ္မာတို့ထက်၊ အတိဗြဟ္မာ၊ လွန်သောဗြဟ္မာဖြစ် တော်မူ၏။တေန၊ထိုကြောင့်။သဒေဝကေ၊လောကေ ဘိက္ခဝေ။ပ။တထာ ဂတောဝုစ္စတီတိ၊ သဒေဝကေလောကေ၊ဘိက္ခဝေ။ပ။ဝုစ္စတိဟူ၍။အာဟ ဟောတော်မူပြီ။ ဘိက္ခဝေ၊ ရဟန်းတို့၊ သဒေဝကေ၊ နတ်နှင့်တကွသော။ လောကေ၊၌သတ္တလောက၌။သဒေဝမနုဿာယ၊သမ္မုတိနတ်ဟုဆိုအပ် သောမင်း။ ကြွင်းသောလူနှင့်တကွသော။ ပဇာယ၊ သတ္တဝါအပေါင်း၌။ တထာဂတော၊ ငါဘုရားသည်၊ အဘိဘူ၊ သူတပါးကို လွှမ်းမိုးနှိပ်နှင်း၍ ဖြစ်တော်မူ၏။ အနဘိဘူ၊သူတပါးတို့ ငါဘုရားကိုမလွှမ်းမိုးမနှိပ်နှင်းနိုင်။ အညဒတ္ထု၊ စင်စစ်။ ဒသော၊ ခပ်သိမ်းသောတရားကို မြင်တော်မူ၏။ ဝသ ဝတ္တိ၊ ငါဘုရား၏အလိုတော်သို့ လိုက်စေတော်မူနိုင်၏။ တသ္မာ၊ ထို ကြောင့်။တထာဂတောတိ၊တထာဂတဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။တတြ၊ ထို တထာဂတောဟူသောပုဒ်၌၊ဧဝံ၊ဤသို့။ ပဒသိဒ္ဓိ၊ တထာဂတောဟူသော ပုဒ်တို့၏ပြီးခြင်းကို။ဝေဒိတဗ္ဗာ၊သိအပ်၏။အဂဒေါဝိယ၊ဆေးကဲ့သို့။ဟော တိ ဖြစ်၏။ဇာတိတသ္မာ၊ထိုကြောင့်။အဂဒေါ။အဂဒမည်တော်မူ၏။ ဧသဧ သော။ဤဆေးနှင့်တူသည်ဟူသည်။ကောပန။အဘယ်နည်း။ ဒေသနာဝိလာ သောစေဝ။ဒေသနာတော်၏တင့်တယ်စမ့်ါယ်ခြင်းသည်လည်းကောင်း။ပု ညသဿယောစ။ဘုန်းတော်၏ ပွါးနိုးခြင်းသည်လည်းကောင်း။ အဂဒေါ။အဂ ဒမည်၏။ဧသဧသောဘဂဝါ။ဤမြတ်စွာဘုရားသည်။တေန။ ထိုဆေးကဲ့ သို့ဖြစ်သော။ ဒေသနာဝိလာသ။ ပုညဿယဖြင့်။ မဟာနုဘာဝေါ။ ကြီး သောအာနုဘော်ရှိသော။ဘိသက္ကော။ဆေးသမားသည်။ ဒိဗ္ဗာဂဒေန။ နတ် ဆေးဖြင့်။သပ္ပေ၊မြွေတို့ကို၊အဘိဘဝတိဝိယ။လွှမ်းမိုးနှိပ်နင်းနိုင်သကဲ့သို့။ သဗ္ဗပရဝါဒိနော အလုံးစုံသော၊ တပါးသောအယူရှိသောသူတို့ကိုလည်း ကောင်း။သဒေဝကံ၊နတ်နှင့်တကွသော။လောကဉ္စ၊ လူအပေါင်းကိုလည်း ကောင်း။အဘိဘဝတိ၊လွှမ်းမိုးနှိပ်နင်းတော်မူနိုင်၏။ဇာတိ၊ဤသို့၊အဿဘ

ဂဝတော၊ ထိုဘုရားရှင်အား။ သဗ္ဗလောကာဘိဘဝနေ၊ အလုံးစုံသောလော
ကကို နှိပ်နင်းခြင်း၌။ အဂဒေါ၊ ဆေးနှင့်တူသော။ တထော၊ အဝိပရိတော။
မချွတ်မယွင်းဟုတ်မှန်သော။ ဒေသနာဝိလာသောစေဝ၊ ဒေသနာတော်၏။
တင့်တယ်စမ့်ါယ်ခြင်းသည်လည်းကောင်း။ ပုညုဿယောစ၊ ဘုန်းတော်
၏ပွါးနိုးခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိတော်မူ၏။ ဣတိသ္မာထိုကြောင့်၊
ဒကာရဿ၊ ဒအက္ခရာ၏။ တကာရာဒေသံ၊ တအက္ခရာအပြုကို။ ကတွာ။ ပြု၍
တထာဂတောတိ။ တထာဂတောဟူ၍။ ဝေဒိတဗ္ဗောသိအပ်၏။ ဧဝံ။ ဤသို့
အဘိဘဝနစွေန။ လွှမ်းမိုးနှိပ်နင်းတော်မူတတ်သော အနက်ကြောင့်။ တ
ထာဂတော၊ တာထဂမည်တော်မူ၏။ ဤသို့ပြဆိုအပ်သောအဋ္ဌကထာရှင်တို့
၏စကားတော်တို့ကိုထောက်၍လည်း၊ လွှမ်းမိုးနှိပ်နှင်းတော်မူသောအနက်
ကြောင့်။ တထာဂတမည်သည်၏အဖြစ်ကို အကျယ်သိကြလေ။ ။ဝိဂြိုဟ်
ပြုလုပ်လိုသော်။ တထော။ အဂဒေါအဿာတိ။ တထာဂတောဟူ၍ ဗဟုဗ္ဗိ
ဟိသမာသ်ဝိဂြိုဟ်ပြုရာ၏။ အဿ။ ထိုဘုရားရှင်အား။ တထော။ မချွတ်မ
ယွင်းဟုတ်မှန်သော။ အဂဒေါ၊ ဆေးနှင့်တူသော။ ဒေသနာတော်၏။ တင့်
တယ်စမ့်ါယ်ခြင်း။ ဘုန်းတော်၏ပွါးနိုး၍ဖြစ်ခြင်းသည်။ အတ္ထိရှိ၏။ ဣတိတ
သ္မာ၊ ထိုကြောင့်။ တထာဂတော၊ တထာဂတမည်၏။ ဒ အက္ခရာကိုတပြု
သည်။ ဤကား ဝိဂြိုဟ်နှင့်ဝိဂြိုဟ်အနက်ကိုပြချက်တည်း။

{မေး} တထာဂတေနအဘိသမ္ဗုဒ္ဓါဟူသောပါဌ်တို့တွင်၊ တထာဂတ
အရကို အကျယ်အားဖြင့်သိအပ်ပါပြီ။ အဘိသမ္ဗုဒ္ဓါအရကို ဝိဂြိုဟ်ဝစ
နတ်အားဖြင့် ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} အဘိသမ္ဗုဇ္ဈိတဗ္ဗာတိ၊ အဘိသမ္ဗုဒ္ဓါဟုကမ္မသာဓနကိတ်ဝိဂြိုဟ်
ပြုလုပ်အပ်ပါသည်။ ယာမဇ္ဈိမာပဋိပဒါ၊ အကြင်မဇ္ဈိမာပဋိပဒါကို။ အဘိ
သမ္ဗုဇ္ဈိတဗ္ဗာ၊ ထိုးထွင်း၍သိအပ်၏။ ဣတိတသ္မာ၊ ထိုသို့ထိုးထွင်း၍သိအပ်
သောကြောင့်။ သာမဇ္ဈိမာပဋိပဒါ၊ ထိုမဇ္ဈိမာပဋိပဒါသည်။ အဘိသမ္ဗုဒ္ဓါ၊ အ
ဘိသမ္ဗုဒ္ဓါမည်၏။ အဘိသဒ္ဒုပုဒ။ သံရှေးရှိသော။ ဗုဓဓါတ် တပစ္စည်း။ က
တ္တုကြိယာ၏အရကား။ မဇ္ဈိမာပဋိပဒါကိုအာရုံပြု၍သိတတ်သောသဗ္ဗ
ညုတဉာဏ်ဟုဆိုအပ်သော ဒေသနာဉာဏ်တော်သည် မှူးချုရ၏။ ကမ္မတ္တု
ကြိယာ၏အရကား။ ထိုဉာဏ်တော်အား၊ မဇ္ဈိမာပဋိပဒါ အကျင့်တရား၏
အာရုံမြွက်သတ္တိသည်။ ဖလူပစာရအားဖြင့်ရ၏။ တပစ္စည်း၏အရကား။ ထို
မှူးချုပစာရအားဖြင့်မှတ်အပ်သော မဇ္ဈိမာပဋိပဒါတရားရ၏။ ဤသို့ပြဆို
အပ်သောနည်းကိုထောက်၍။ ဝိဂြိုဟ်ဝစနတ္ထကိုသိကြလေ။

{မေး} ထိုမဇ္ဈိမါပဋိပဒါအကျင့်တရားသည်အဘယ်သို့သောဂုဏ်သူးရှိ

ပါသနည်း။

{ဖြေ} ထိုမဇ္ဈိမာပဋိပဒါအကျင့်သည်။ဟုတ်မှန်သော တရားတို့ကို မြင်မှု။ ကိုပြုတတ်သောဂုဏ်၊ အသိဉာဏ်ကိုပြုတတ်သောဂုဏ်သုံးရှိပါသည်

{မေး} ထိုသို့ဂုဏ်သုံးရှိကြောင်းကို အဘယ်ပါဠိကိုထောက်၍သိအပ် ပါသနည်း။

{ဖြေ} စက္ခုကရဏီ ဉာဏကရဏီဟူ၍ဟောတော်မူအပ်သော ဓမ္မစက္ကပဝတ္တနသုတ်ပါဠိကိုမှီ၍သိအပ်ပါသည်။ မြန်မာပြန်ကား။စက္ခုကရဏီ၊ဟုတ်မှန်သောတရားကိုမြင်တတ်သော ပညာစက္ခုကိုပြုတတ်သော။ ဉာဏကရဏီ၊ ဟုတ်မှန်သော တရားကို၊ သိတတ်သော ဉာဏ်ကိုပြုတတ်သော။(မဇ္ဈိမာပဋိပဒါ၌စပ်)၏ကားမြန်မာပြန်တည်း။ ဝိဂြုဟ်ပြုလုပ်လိုသော်၊စက္ခုံကရောတီတိစက္ခုကရဏီ။ဉာဏံကရောတီတိ၊ဉာဏကရဏီဟူ၍ကတ္တုသာဓနကိတ်ဝိဂြုဟ်ပြုရာ၏။မြန်မာပြန်ကားယာမဇ္ဈိမာပဋိပဒါ၊ အကြင်မဇ္ဈိမာပဋိပဒါသည်။စက္ခုံ၊ ပညာစက္ခုကို။ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ ထိုသို့။ ပညာစက္ခုကိုပြုတတ်သောသတ္တိကြောင့်။ သါမဇ္ဈိမာပဋိပဒါ။သုံမဇ္ဈိမာပဋိပဒါသည်။စက္ခုကရဏီ၊စက္ခုကရဏီမည်၏။ယာမဇ္ဈိမာပဋိပဒါ။အကြင်မဇ္ဈိမာပဋိပဒါသည်။ဉာဏံ၊အသိဉာဏ်ကို။ကရောတိ။ပြုတတ်၏။ ဣတိတသ္မာထိုသို့အသိဉာဏ်ကိုပြုတတ်သော သတ္တိကြောင့်။သာမဇ္ဈိမာပဋိပဒါ။ထိုမဇ္ဈိမာပဋိပဒါသည်၊ဉာဏကရဏီ၊ဉာဏကရဏီမည်၏။စက္ခုသဒ္ဒါပုဒ်၊ဉာဏသဒ္ဒါပုဒ်၊ ကရဓါတ်။ယုပစ္စည်း။

{မေး} တပါးသောကျမ်းဆရာတို့သည်၊ ထိုကဲ့သို့သဘောရှိသော ဝိ ဂြုဟ်ကိုပြုလုပ်ကြပါ၏လော။

{ဖြေ} ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၍သည်။ဓမ္မစက္ကအဖွင့်၌၊ ပညာစက္ခုံက ရောတီတိ စက္ခုကရဏီ။ ဉာဏကရဏီတိ။ တသောဝဝေဝစနံ။ ဟူ၍ လည်းကောင်း။မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ။ဓမ္မစက္ကပဝတ္တနသုတ်အဖွင့်၌။ ပညာစက္ခုံကရောတီတိ စက္ခုကရဏီ။ ဉာဏကရဏီတိတသောဝဝေဝစနံ။ဟူ၍လည်းကောင်း ပြဆိုအပ်သည်ကိုထောက်၍။ အဋ္ဌကထာဆရာတို့ သည်။ထိုကဲ့သို့ကတ္တုသာဓနကိတ်ဝိဂြုဟ်ကိုပြုလုပ်သည်၏အဖြစ်ကိုထင် ရှားသိကြလေ။

{မေး} ထိုကဲ့သို့ ဂုဏ်သုံးရှိသော မဇ္ဈိမာပဋိပဒါကို မှီဝဲကျင့်ကြံသော သူတို့အား။ ၎င်း မဇ္ဈိမာပဋိပဒါအကျင့်သည်။ အဘယ်သို့သောအကျိုးကို ဖြစ်စေတတ်ပါသနည်း။

{ဖြေ} ထိုမဇ္ဈိမာပဋိပဒါကိုမှီဝဲကျင့်ကြံသောသူတို့အား။၎င်းမဇ္ဈိမာပဋိပ

ဒါသည်။ကိလေသါညှိမ်းခြင်းတည်းဟူသော ဥပသမအကျိုး။သစ္စာလေးပါးတရားတော်တို့ကို။လောကီဝိပဿနာဉာဏ်ဖြင့်။အစဉ်လျှောက်၍သိခြင်းတည်းဟူသောအဘိညာဏ်အကျိုး။လောကုတ္တရာမဂ်ဖြင့်။ သစ္စာလေးပါးတရားတော်တို့ကို။တပြိုင်နက်ထိုးထွင်း၍သိခြင်းတည်းဟူသော။ သမ္ဗောဓအကျိုး။ အပစ္စယအသင်္ခတဓါတ်နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းအကျိုး။ ထိုဆိုအပ်ပြီးသောအကျိုးတို့ကိုဖြစ်စေတတ်သည့်၏ အဖြစ်ကိုသိအပ်ပါသည်၊

{မေး} ထိုဆိုအပ်ပြီးသော အကျိုးတရားတို့ကို ဖြစ်စေတတ်သည့်၏အဖြစ်ကို အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} ဥပသမါယအဘိညာယ၊သမ္ဗောဓါယ၊နိဗ္ဗာနာယသံဝတ္တတိဟူ၍ဘုရားရှင်ဟောတော်မူအပ်သောဓမ္မစက္ကပဝတ္တနသုတ်ပါဠိကိုမှီ၍ သိအပ်ပါသည်။မြန်မာပြန်ကား။ခရိုမာပဋိပဒါ၊မဇ္ဈိမာပဋိပဒါသည်။ဥပသမာယ။ကိလေသာညှိမ်းခြင်းငှာ။ဝါ၊ကိလေသာညှိမ်းခြင်းအကျိုးငှာ။သံဝတ္တတိဖြစ်၏။ အဘိညာယ ကမ္မသကနဉာဏ်တို့ ဘက်။ ထူးသော ဝိပဿနာဉာဏ်ဖြင့်။သစ္စာလေးပါးတရားတော်တို့ကိုသိခြင်းငှာ။ဝါ၊ သိခြင်းအကျိုးငှာ။သံဝတ္တတိ၊ဖြစ်၏။သမ္ဗောဓါယ၊ လောကုတ္တရာမဂ်ဖြင့်။ သစ္စာလေးပါးတရားတော်ကို ထိုးထွင်း၍သိခြင်းငှာ။ဝါ၊ သိခြင်းအကျိုးငှာ၊ သံဝတ္တတိ။ဖြစ်၏။ နိဗ္ဗာနာယ။ အပစ္စယ အသင်္ခတနိဗ္ဗာန်ကို။ မျက်မှောက်ပြုခြင်းငှာ၊ သံဝတ္တတိ၊ဖြစ်၏။ ဤကား မြန်မာပြန်တည်း။

{မေး} ဥပသမာယ။အဘိညာယ။သမ္ဗောဓါယ။ နိဗ္ဗာနာယပုဒ်တို့ကိုအဋ္ဌကထာဋီကာတို့ ဘယ်လိုဖွင့်ပြအပ်ပါသနည်း။

{ဖြေ} ဥပသမာယာတိ။ကိလေသူပသမာယ။အဘိညာယာတိ။စတုန္နံ သစ္စာနံ အဘိဇာနနတ္ထာယ။ သမ္ဗောဓါယာတိ၊ တေသံယေဝ သမ္ဗုဇ္ဈနတ္ထာယ။နိဗ္ဗာနာယာတိ။နိဗ္ဗာနံ သစ္ဆိကိရိယတ္ထာယဟူ၍၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆယ်ကြောင်း ပေ ဗိချင်ကြေဘာက်၌ဖွင့်အပ်သည့်ကိုလည်းကောင်း။ ဥပသမာယာတိ။ကိလေသူပသမာယ၊အဘိညာယာတိ။ စတုန္နံ သစ္စာနံအဘိဇာနနတ္ထာယ။သမ္ဗောဓါယာတိ။တေသံယေဝ။သမ္ဗုဇ္ဈနတ္ထာယ။နိဗ္ဗာနာယာတိ။ နိဗ္ဗာနံ သစ္ဆိကိရိယာယ ဟူ၍ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ။ ဓမ္မစက္ကပဝတ္တနသုတ်အဖွင့်၌မိန့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ဥပသမာယာတိ။ကိလေသူပသမတ္ထာယ။အဘိညာယာတိ။ စတုန္နံသစ္စာနံအဘိဇာနနတ္ထာယ။သမ္ဗောဓါယာတိ။တေသံယေဝ သမ္ဗုဇ္ဈနတ္ထာယ နိဗ္ဗာနာယာတိ။နိဗ္ဗာနံသစ္ဆိကြိယာယဟူ၍။ဋီကာကျော်ဋီကာပါဠိ၌ ဖွင့်ဆို

အပ်သည်ကိုထောက်၍လည်းကောင်း သိအပ်ပါသည်။အနက်သိကြောင်း မြန်မာပြန်ကား။ဥပသမာယာတိ၊ ဥပသမာယဟူသည်ကား။ ကိလေသူပသမာယ။ကိလေသာတို့ညိမ်းခြင်းငှာ။ အဘိညာယာတိ။အဘိညာယဟူသည်ကား။စတုန္နံ။လေးပါးကုန်သော။သစ္စာနံ။မှန်သောတရားတို့ကို၊အဘိဓါနနတ္ထာယ။ထူးသောဉါဏ်ဖြင့်သိခြင်းအကျိုးငှါ။သမ္ဗောဓါယာတိ။သမ္ဗောဓါယဟူသည်ကား။တေသံယေဝ။ထိုသစ္စာလေးပါးတရားတို့ကိုသာလျှင်။သမ္ဗုဇ္ဈနတ္ထာယ။ထိုးထွင်း၍သိခြင်းအကျိုးငှါ။နိဗ္ဗာနာယာတိ။နိဗ္ဗာနာယဟူသည်ကား။နိဗ္ဗာနံ။အသင်္ခတနိဗ္ဗာန်ကို။သစ္ဆိကိရိယတ္ထာယ။ မျက်မှောက်ပြုခြင်းအကျိုးငှါ။ ဤကား။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဠိ၏မြန်မာပြန်တည်း။သံယုတ်အဋ္ဌကထာပါဠိ၏မြန်မာပြန်လည်းအတူတူပင်တည်း။အထူးမှာ။နိဗ္ဗာနာယာတိ။နိဗ္ဗာနာယဟူသည်ကား။နိဗ္ဗာနံ၊အသင်္ခတဓါတ်နိဗ္ဗာန်ကိုသစ္ဆိကြိယာယ၊မျက်မှောက်ပြုခြင်းငှာ၊ ဤမျှသာထူးသည်။ တေရသကဏ်၊ ဒီကာပါဠိ၏မြန်မာပြန်သည်။သံယုတ်အဋ္ဌကထာပါဠိ၏ မြန်မာပြန်နှင့်တူသည်။ ဤသို့အဋ္ဌကထာဋီကာတို့ဖွင့်ဆိုအပ်သည့်ကိုသိလေ၊ဝိဂြိုဟ်ပြုလုပ်လိုသော်။ဥပသမနံ။ ဥပသမော။ ဘာဝသာဓနကိတ်ဝိဂြိုဟ်။ ဥပသမနံ။ ညိမ်းခြင်း။ ဥပသမော၊ညိမ်းခြင်း။ဥပရှေးရှိသောသမုဓါတ်ဥပသမေ။ညိမ်းခြင်းအနက်၌ဖြစ်၏။ဥပသမါယညိမ်းခြင်းငှာ။ဝါ၊ညိမ်းခြင်းအကျိုးငှါ။ဉာယတေ။ဉာ၊ဘါဝသါဓနကိတ်ဝိဂြိုဟ်။ဉါယတေ။သိခြင်း။ဉါ။သိခြင်း။အဘိဝိသေသဉာဏေနဉာ။ အဘိညာ။ တတိယတပ္ပုရိသသမာသ်။ အဘိဝိသေသဉာဏေန။ ထူးသောဉာဏ်ဖြင့်။ဉာ။သိခြင်း။အဘိညာ၊ထူးသောဉာဏ်ဖြင့်သိခြင်း။အဘိညာယ၊ထူးသောဉာဏ်ဖြင့်သိခြင်းငှာ။ဝါ၊ထူးသောဉာဏ်ဖြင့်သိခြင်းအကျိုးငှာ။သမ္ဗုဇ္ဈနံ၊သံဗောဓော၊ဘာဝသာဓနကိတ်ဝိဂြိုဟ်။သမ္ဗုဇ္ဈနံ၊ ထိုးထွင်း၍သိခြင်း။သံဗောဓော၊ ထိုးထွင်း၍သိခြင်း။သံရှေးရှိသောဗုဓါတ်။အဝဗောဓနေ၊ထိုးထွင်း၍သိခြင်း၌ဖြစ်၏။သမ္ဗောဓါယ။ ထိုးထွင်း၍သိခြင်းငှါဝါ။ ထိုးထွင်း၍ သိခြင်းအကျိုးငှာ။ နိဗ္ဗာတိရာဂဂ္ဂိအာဒိကော ဧတေနာတိနိဗ္ဗာနံ။ ဟေတုသာဓနကိတ်ဝိဂြိုဟ်၊ နိရှေးရှိသော ဝါဓါတ်အဒဿနေ ကွယ်ခြင်းအနက်၌ဖြစ်၏။ ယုပစ္စည်း။ ဧတေန၊ ထိုအသင်္ခတဓါတ် နိဗ္ဗာန်ကြောင့်။ရာဂဂ္ဂိအာဒိကော။ရာဂမီးအစရှိသည့်သည်။နိဗ္ဗာတိ၊ညိမ်း၏၊ ဝါ။ ကွယ်၏။ဣတိတသ္မာ၊ဤသို့ ရာဂမီးစသည်တို့၏ ညိမ်းကြောင်း၊ ကွယ်ကြောင်းဖြစ်သောကြောင့်။တံနိဗ္ဗာနံ၊ထိုအသင်္ခတဓါတ်နိဗ္ဗာန်သည်၊နိဗ္ဗာနံ နိဗ္ဗာန်မည်၏။ နိဗ္ဗာနဿ သစ္ဆိကရဏံ။ နိဗ္ဗာနံ။ဥတ္တရလောပ။ တပ္ပုရိသမာသ်။ ရူပသဘာဝေါ၊ ရူပံဟူသောသမာသ်ပုဒ်ကဲ့သို့မှတ်ကြ။ နိဗ္ဗာနာ

ယ၊ အသခ်တဓာတ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၌၊ ဤတွင်ဝိဂြိုဟ်ပြုလုပ်ပုံကိုပြဆိုချက်ပြီး၏။

{မေး} ထိုပြဆိုအပ်သော အကျိုးကို ဖြစ်စေတတ်သော ဂုဏ်ထူးနှင့်ပြည့်စုံသော။မဇ္ဈိမာပဋိပဒါဟုဆိုအပ်သောအကျင့်တရားကို ဘယ်လိုတရားဟုသိအပ်ပါသနည်း။

{ဖြေ} အင်္ဂါ၈ပါးရှိသော ကိလေသာတို့မှ ဖြူစင်မြင့်မြတ်သော မဂ်တရားဟုသိအပ်ပါသည်၊

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} ကတမာစသာဘိက္ခဝေ။ မဇ္ဈိမာပဋိပဒါ တထာဂတေနအဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ၊ ဉာဏကရဏီ၊ဥပသမာယ၊ အဘိညာယ။သမ္ဗောဓါယ။နိဗ္ဗာနာယသံဝတ္တတိ။အယမေဝအရိယော။အဋ္ဌင်္ဂိကောမဂ္ဂေါဟူ၍ဓမ္မစက္ကပဝတ္တနသုတ်၌ ဟောတော်မူအပ်သည့်ကိုထောက်၍သိအပ်ပါသည်။ မြန်မာပြန်ကား။ ဘိက္ခဝေ။ ပဉ္စဝဂ္ဂီရဟန်းတို့၊ တထာဂတေန' တထာဂတအမည်တော်ကိုရသောငါဘုရားသည်၊အဘိသမ္ဗုဒ္ဓါ၊ သဗ္ဗညုတဉာဏ်တော်ဖြင့်ထိုးထွင်း၍သိအပ်သော၊စက္ခုကရဏီ၊ ပညာမျက်စိကိုပြုတတ်သော၊ဉာဏကရဏီ။အသိဉာဏ်ကိုပြုတတ်သော။မဇ္ဈိမာ၊ ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတဉ်းဟူသော အယုတ်အန္တတရားနှစ်ပါးတို့၏အလယ်၌ဖြစ်သော။ပဋိပဒါ၊ဝဋ်မှထွက်မြောက်လိုသောသူတို့သည်။ကျင့်အပ်ကြောင်းဖြစ်သောအကျင့်သည်။ဥပသမာယ။ ကိလေသာတို့ညိမ်းခြင်း၌၊ ဝါ။ ကိလေသာတို့ ညိမ်းခြင်း အကျိုး၌၊ အဘိညာယ၊ကမ္မသကဋ ဉာဏ်တို့ထက်၊ ထူးသော လောကီဝိပဿနာဉာဏ်ဖြင့်သိခြင်း၌။ ဝါ၊ သိခြင်းအကျိုး၌၊ သမ္ဗောဓာယ။ လောကုတ္တရာမဂ်ဉာဏ်ဖြင့်၊ ထိုးထွင်း၍ သိခြင်း၌။ ဝါ၊ ထိုးထွင်း၍ သိခြင်း အကျိုး၌။ နိဗ္ဗာနာယ၊ အသခ်တ ဓာတ်နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း၌။ သံဝတ္တတိ ဖြစ်၏။ သာမဇ္ဈိမာ ပဋိပဒါ။ ထိုမဇ္ဈိမာ ပဋိပဒါသည်။ ကတမာစ၊ အဘယ်နည်း။ အရိယော။ ဖြူစင်သော။ဝါ၊ မြတ်သော အဋ္ဌင်္ဂိကော။ အင်္ဂါ၈ပါးရှိသော၊ အယမေဝမဂ္ဂေါ။ဤမဂ်သာလျှင်တည်း။ ဝါ၊ဤမဂ္ဂင်အကျင့်တရားသာလျှင်တည်း။ ဤကားမြန်မာပြန်တည်း။ ဝိဂြိုဟ်ပြုလုပ်လိုသော်၊ ပရိသုဒ္ဓဘာဝံ အရတိဂစ္ဆတိတိ အရိယော ဟူ၍။ ကတ္တုသာဓနကိတ်ဝိဂြိုဟ်ပြုရာ၏။ သောမဂ္ဂေါ၊အကြင်မဂ်သည်။ ပရိသုဒ္ဓဘာဝံ။ ဖြူစင်သန့်ရှင်းသည့်၏အဖြစ်သို့။အရတိဂစ္ဆတိ။ရောက်တတ်၏။ဣတိတသ္မာ။ထိုသို့ဖြူစင်သန့်ရှင်းသည့်၏အဖြစ်သို့ရောက်တတ်သောသတ္တိကြောင့်၊သောမဂ္ဂေါ၊ထို

မဂ်သည်။အရိယော၊။အရိယမဂ္ဂ၏။အရဓါတ်၊ ဂတိအနက်ဟော၊။ဏျပစ္စည်း
တနည်း။ဥတ္တမဘာဝံ၊အနုရတိဂစ္ဆတိတိအရိယော။ယောမဂ္ဂေါ၊ အကြင်
မဂ်သည်။ဥတ္တမဘာဝံ။မြတ်သည့်၏အဖြစ်သို့။အရတိဂစ္ဆတိ။ရောက်တတ်
၏။ ဣတိတသ္မာ၊ ထိုသို့ မြတ်သည့်၏ အဖြစ်သို့ ရောက်တတ်သောသတ္တိ
ကြောင့်။သောမဂ္ဂေါ၊ထိုမဂ်သည်၊အရိယော အရိယမည်၏။ အရဓါတ်။ဂ
တိအနက်ဟော။ ဏျပစ္စည်း။ မဂ်ကိုရသည်။ အဋ္ဌင်္ဂါနိအဿသန္တိအ
ဋ္ဌင်္ဂိကော၊အဿသတ္တိတဋ္ဌိတ်ဝိဂြိုဟ်။အဿ။ထိုမဂ်အား၊အဋ္ဌင်္ဂါနိ၊အင်္ဂါရှစ်
ပါးတို့သည်။အတ္ထိသန္တိ။ရှိကုန်၏။ဣတိတသ္မာ၊ထိုကြောင့်။သောမဂ္ဂေါ။ထို
မဂ်သည်။ အဋ္ဌင်္ဂိကော။အဋ္ဌင်္ဂိကမည်၏။ မဂ်ကိုရ၏။ သန္တေဟိမဂ္ဂိယတိ ဂ
ဝေသိယတိတိမဂ္ဂေါ၊ကမ္မသာဓနကိတ်ဝိဂြိုဟ်။ယောဓမ္မော၊ အကြင်တရား
ကို။ သန္တေဟိ၊ကိလေသာတို့ကို။ ညှိမ်းစေတတ်ကုန်သော၊ ဘုရားအစရှိ
ကုန်သော သူတော်ကောင်းတို့သည်။မဂ္ဂိယတိ၊ဂဝေသိယတိ။ရှာမှီးအပ်
၏။ဣတိတသ္မာ၊ထိုသို့ ဘုရားအစရှိကုန်သော သူတော်ကောင်းတို့ ရှာမှီး
အပ်သည့်၏အဖြစ်ကြောင့်။သောဓမ္မော၊ထိုတရားသည်။မဂ္ဂေါ၊ မဂ္ဂမည်၏။
မဂ္ဂဓါတ်၊ဂဝေသနအနက်ဟော၊ဏပစ္စည်း၊တနည်း၊ ယထာဘူတံမဂ္ဂတိ ဂ
ဝေသတိတိမဂ္ဂေါ။ကတ္တုသာဓနကိတ်ဝိဂြိုဟ်။ယောဓမ္မော၊ အကြင်တရား
တရားသည်။ ယထာဘူတံ၊ ဟုတ်မှန်သောတရားကို။ မဂ္ဂတိဂဝေသတိ၊
ရှာမှီးတတ်၏။ဣတိတသ္မာ၊ထိုသို့ဟုတ်မှန်သောတရားကိုရှာမှီးတတ်သော
သတ္တိကြောင့်။ သောဓမ္မော။ ထိုတရားသည်။ မဂ္ဂေါ၊မဂ္ဂမည်၏။ မဂ္ဂဂဝေသ
န အနက်ဟော။ ဏပစ္စည်း၊ တနည်း၊ ကိလေသေမာရေတိတိမာ။ ယထာ
ဘူတံဂစ္ဆတိတိဂေါ၊မာရေစသော ဂေါစာတိမဂ္ဂေါ၊ယောဓမ္မော၊အကြင်တ
ရားသည်။ ကိလေသေ၊ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့
ကို။ မာရေတိ၊ သတ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ကိလေသာတို့ကို သတ်
တတ်သောသတ္တိကြောင့်။ မော၊မ မည်၏။ ကတ္တုသာဓနကိတ်ဝိဂြိုဟ် မရ
ဓါတ်။ ဃာတနအနက်၊ ကွိပစ္စည်း။ ဓါတွတ္ထသင်္ဂြိုဟ်အဘိဓါန်တို့၌ကား။ ပါ
ဏစာဂေဟူသော အနက်၌ဖြစ်မှုကိုဆို၏။ ဤနေရာ၌။ ဓမ္မအရာဖြစ်သော
ကြောင့်။ မသင့်၍ ပါဏစာဂေဟူ၍မပြလိုက်သည်။ ဓါတ်တို့သည်၊အနေက
အနက် ဖြစ်သောကြောင့်။ ဃာတနအနက် ကိုပြဆိုလိုက်သည်။ ယောဓ
မ္မော၊ အကြင်တရားသည်။ ယထာဘူတံ၊ ဟုတ်မှန်သောတရားအာရုံသို့။
ဂစ္ဆတိ၊ အာရုံပြုသောအားဖြင့်ရောက်တတ်၏။ဣတိတသ္မာ၊ ထိုသို့ရောက်
တတ်သောသတ္တိကြောင့်။ သောမဂ္ဂေါ၊ ထိုမဂ်သည်။ဂေါ၊ ဂမည်၏။ကတ္တု
သာဓနကိတ်ဝိဂြိုဟ်၊ ဂမုဓါတ် ဂတိအနက်ဟော၊ ကွိပစ္စည်း။ မောစ၊ ကိ

လေသာတို့ကိုသတ်တတ်သောတရားသည်လည်းဟုတ်၏။ သော၊ ထိုတရားသည်။ ဝေါစ၊ ဟုတ်မှန်သောအာရုံကို။ အာရုံပြု၍ ရောက်တတ်သည်လည်းဟုတ်၏။ ဣတိတသ္မာ၊ ထိုရှစ်ပါးသောသတ္တိကြောင့်။ မဂ္ဂေါ၊ မဂ္ဂမည်၏။ ကမ္မဝါစာယ်သမာသ်ဝိဂြိုဟ်။ ဝိဂြိုဟ်ပြုလုပ်မှု ပြီးချက်ပြီး၏။

{မေး} ထိုမဂ်သည် အင်္ဂါရှစ်ပါးရှိသည်၏အဖြစ်ကို၊ဘုရားရှင်ဟောအပ်သောကြောင့် သိရပါပြီ။ ထိုရှစ်ပါးသောအင်္ဂါကို။အစိတ် အစိတ် အားဖြင့် ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} သမ္မာဒိဋ္ဌိသည်အင်္ဂါတပါး။သမ္မာသင်္ကပ္ပသည် အင်္ဂါတပါး။ သမ္မာဝါစာသည်အင်္ဂါတပါး။သမ္မာကမ္မန္တသည် အင်္ဂါတပါး။သမ္မာအာဇီဝသည် အင်္ဂါတပါး။သမ္မာဝါယာမသည်အင်္ဂါတပါး။သမ္မာသတိသည်အင်္ဂါတပါး။ သမ္မာသမာဓိသည်အင်္ဂါတပါး။ဤသို့လျှင်၊ အင်္ဂါရှစ်ပါးဖြစ်ကြောင်းကိုသိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} သေယျထိဒံ၊ သမ္မာဒိဋ္ဌိ။ သမ္မာသင်္ကပ္ပေါ။ သမ္မာဝါစာ။ သမ္မာကမ္မန္တော။သမ္မာအာဇီဝေါ။သမ္မာဝါယာမော။သမ္မာသတိ။သမ္မာသမာဓိ ဟူ၍၊ဘုရားရှင်သည် ဓမ္မစကြာပဝတ္တနသုတ်၌ ဟောတော်မူအပ်သော ပါဠိကို ထောက်၍သိအပ်ပါသည်။ မြန်မာပြန်ကား။ ဣဒံ၊ အယံမဂ္ဂေါ၊ ဤမဂ်သည် သေယျထာတာမော၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိလည်းကောင်း။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပလည်းကောင်း။သမ္မာဝါစါ၊ သမ္မာဝါစါလည်းကောင်း။သမ္မာကမ္မန္တော၊သမ္မာကမ္မန္တလည်းကောင်း။သမ္မာအာဇီဝေါ၊သမ္မာအာဇီဝလည်းကောင်း။ သမ္မာဝါယာမော၊ သမ္မာဝါယာမလည်းကောင်း သမ္မာသတိ၊ သမ္မာသတိလည်းကောင်း။ သမ္မာသမာဓိ၊ သမ္မာသမာဓိလည်းကောင်း။ ဣတိအယံ၊ ဤသည်သာလျှင်တည်း။ ဤသို့ဟောတော်မူအပ်သည်ကိုထောက်၍အင်္ဂါရှစ်ပါးကိုသိအပ်ပါသည်။

{မေး} မဂ္ဂင်ရှစ်ပါးတို့ကို၊ အစိတ် အစိတ်အားဖြင့်၊ ခွဲတွက်၍ပြသောကြောင့် သိရပါပြီ။ထိုရှစ်ပါးတို့တွင်၊သမ္မာဒိဋ္ဌိကို ဘယ်လိုသဘောဟုသိအပ်ပါမည်နည်း။

{ဖြေ} ကောင်းစွာမြင်တတ်သောကြောင့်လည်း သမ္မာဒိဋ္ဌိဟုဆိုအပ်ပါသည်။ တနည်း၊ အသူးသဖြင့် ချီးမွမ်းခြင်းငှာ ထိုက်သောအမြင်ဖြစ်သောကြောင့်လည်း။ သမ္မာဒိဋ္ဌိဟုဆိုအပ်ပါသည်။ အဘယ်ကြောင့် ၎င်းနှစ်ပါးသောအခြင်းအရာဖြင့်ဆိုအပ်လေသနည်းဟူမူ။ သမ္မာဒိဋ္ဌိ၌၊ သမ္မာသဒ္ဒါသည်

ကောင်းသောသုန္ဒရအနက်၊ ချီးမွမ်းထိုက်သော ပသဋ္ဌအနက်ကိုဟောပါ
သည်။ ဒိဋ္ဌိသဒ္ဒါသည်၊ မြင်တတ်သောအနက်ကိုဟောပါသည်။ထိုကြောင့်။
ထိုဆိုအပ်ပြီးသော နှစ်ပါးသောအခြင်းအရာအားဖြင့် ဆိုအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} ပသဋ္ဌာ။သုန္ဒရာဝါဒိဋ္ဌိ၊သမ္မာဒိဋ္ဌိ၊ ဟူ၍ပြဆိုအပ်သော အဋ္ဌသာ
လိနီ အဋ္ဌကထာစိတ္တုပ္ပါဒကဏ္ဍ၊ ကာမာဝစရ ကုသလ ဘာဇနီအဖွင့်။ စာ
မျက်နှာနံပါတ်(၁၄၈)မျက်နှာ၌ ပြဆိုအပ်သည်ကိုထောက်၍ သိအပ်ပါသည်။
မြန်မာပြန်ကား။သမ္မာပသဋ္ဌာ။အထူးသဖြင့်ချီးမွမ်းခြင်းငှါထိုက်သော။ဒိဋ္ဌိ၊
မြင်တတ်သောတရား။သမ္မာဒိဋ္ဌိ။အထူးသဖြင့်ချီးမွမ်းခြင်းငှာ ထိုက်သော။
မြင်တတ်သောတရား။ဝါ။တနည်းကား။သမ္မာသုန္ဒရာ။ကောင်းစွာ။ ဒိဋ္ဌိ။မြင်
တတ်သောတရား။သမ္မာဒိဋ္ဌိ။ကောင်းစွာမြင်တတ်သောတရား။ ဤသို့ပြဆို
အပ်သောအဋ္ဌကထာပါဠိကိုထောက်၍။နှစ်ပါးသောအခြင်းအရာဖြင့် ဆိုအပ်
သည်၏အဖြစ်ကိုသိကြလေ။

{မေး} သမ္မာဒိဋ္ဌိကိုပြဆိုအပ်သောနည်းအတိုင်းသိရပါပြီ။သမ္မာသင်္ကပ္ပ
ကို။ဘယ်လိုသဘောဟူ၍သိအပ်ပါမည်နည်း။

{ဖြေ} ကောင်းစွာကြံဆတတ်သော တရားကိုပင်။ သမ္မာသင်္ကပ္ပဟုသိ
အပ်ပါသည်။တနည်း။အထူးသဖြင့် ချီးမွမ်းခြင်းငှာထိုက်သော။ ကြံဆတတ်
သောတရားကိုပင်။သမ္မာသင်္ကပ္ပဟုသိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍ သိအပ်ပါမည်နည်း။

{ဖြေ} ဗုမိနယေန တေသံဝစနတ္ထော ဝေဒိတဗ္ဗောဟူ၍ပြဆိုအပ်သော
နည်းအတိုင်းပသဋ္ဌော။သင်္ကပ္ပေါ။ သမ္မာသင်္ကပ္ပေါ။ သုန္ဒရော။ သင်္ကပ္ပေါ။
သမ္မာသင်္ကပ္ပေါ ဟူ၍ပြဆိုအပ်သော အဋ္ဌသာလိနီ။ အဋ္ဌကထာ၏ အလိုအား
ဖြင့်သိအပ်ပါသည်။ ပသဋ္ဌော။ အထူးသဖြင့်ချီးမွမ်းခြင်းငှာ ထိုက်သော။
သင်္ကပ္ပေါ။ကြံဆတတ်သောတရား။သမ္မာသင်္ကပ္ပေါ။အထူးသဖြင့် ချီးမွမ်း
ခြင်းငှါထိုက်သော ကြံဆတတ်သောတရား။ဝါ။ကား။သုန္ဒရော။ကောင်းစွာ။
သင်္ကပ္ပေါ။ ကြံဆတတ်သောတရား။ သမ္မာသင်္ကပ္ပေါ။ ကောင်းစွာ ကြံဆ
တတ်သောတရား။ဤသို့ပြဆိုအပ်သောအဋ္ဌကထာစကားကိုထောက်၍၊ သ
မ္မာသင်္ကပ္ပသဘောကိုသိကြလေ။

{မေး} သမ္မာသင်္ကပ္ပ ကိုပြဆိုအပ်သော နည်းအတိုင်းသိရပါပြီ။ သမ္မာ
ဝါစာကို အဘယ်သို့ သိအပ်ပါမည်နည်း။

{ဖြေ} ကောင်းစွာနှုတ်ကိုသိမ်းဆည်းတတ်သောတရားကိုပင်။ သမ္မာဝါ
စာဟုသိအပ်ပါသည်။ တနည်း၊ အထူးသဖြင့်ချီးမွမ်းခြင်းငှါ ထိုက်သောနှုတ်

ကိုသိမ်းဆည်းသောတရားကိုပင်။ သမ္မာဝါစာဟုသိအပ်ပါသည်။
{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။
{ဖြေ} သုန္ဒရာ၊ပသဋ္ဌာဝါ၊ ဝါစာ၊ သမ္မာဝါစာဟူ၍။ အဋ္ဌသာလိနီအဋ္ဌကထာစိတ္တုပ္ပါဒကဏ္ဍလောကုတ္တရဘာဇနီအဖွင့်။ နံပါတ် (၂၃၃) မျက်နှာ၌ မိန့်ဆိုအပ်သောပါဠိကိုထောက်၍ သိအပ်ပါသည်။ မြန်မာပြန်ကား။ သုန္ဒရာ၊ ကောင်းစွာ။ ဝါစာ၊ နှုတ်ကိုသိမ်းဆည်းခြင်းတရား။ သမ္မာဝါစာ၊ ကောင်းစွာနှုတ်ကိုသိမ်းဆည်းခြင်းတရား။ ဝါ။ တနည်းကား။ ပသဋ္ဌာ၊ အထူးသဖြင့်ချီးမွမ်းခြင်းငှာထိုက်သော။ ဝါစာ၊ နှုတ်ကိုသိမ်းဆည်းခြင်းတရား။ သမ္မာဝါစာ၊ အထူးသဖြင့်ချီးမွမ်းခြင်းငှါထိုက်သော၊ နှုတ်ကိုသိမ်းဆည်းခြင်းတရား။ ဤကားမြန်မာပြန်တည်း။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားကိုထောက်၍။ သမ္မာဝါစာကိုသိကြလေ။
{မေး} သမ္မာဝါစာကို ပြဆိုအပ်သော နည်းအတိုင်းသိရပါပြီ။ သမ္မာကမ္မန္တကိုအဘယ်လိုသိအပ်ပါမည်နည်း။
{ဖြေ} ။ ကောင်းစွာထားတတ်သော ကာယကံကိုဖြစ်စေတတ်သောတရားကိုပင်။ သမ္မာကမ္မန္တဟုသိအပ်ပါသည်။ တနည်း၊ အထူးသဖြင့်ချီးမွမ်းခြင်းငှါထိုက်သော ကာယကံကို ကောင်းစွာဖြစ်စေတတ်သော တရားကိုပင်။ သမ္မာကမ္မန္တဟုသိအပ်ပါသည်။
{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။
{ဖြေ} သုန္ဒရော၊ပသဋ္ဌော ဝါ၊ကမ္မန္တော၊သမ္မာကမ္မန္တောဟူ၍။အဋ္ဌသာလိနီအဋ္ဌကထာ၊စိတ္တုပ္ပါဒကဏ္ဍ လောကုတ္တရ ဘာဇနီအဖွင့်၌ပြဆိုအပ်သောပါဠိကိုထောက်၍သိအပ်ပါသည်။ မြန်မာပြန်ကား။ သုန္ဒရော၊ကောင်းစွာ ကမ္မန္တော၊ ကာယကံကို ဖြစ်စေ တတ်သော တရား။ သမ္မာကမ္မန္တော၊ ကောင်းစွာကာယကံကိုဖြစ်စေတတ်သောတရား။ ဝါ။တနည်းကား၊ပသဋ္ဌော၊ အထူးသဖြင့်ချီးမွမ်းခြင်းငှါ ထိုက်သော။ ကမ္မန္တော ကာယကံကို ဖြစ်စေတတ်သောတရား။ သမ္မာကမ္မန္တော၊ အထူးသဖြင့် ချီးမွမ်းခြင်းငှါ ထိုက်သောကာယကံကိုဖြစ်စေတတ်သောတရား။ဤကားမြန်မာပြန်တည်း ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားကို ထောက်၍။ သမ္မာကမ္မန္တကိုသိကြလေ။
{မေး} ပြဆိုအပ်သောနည်းအတိုင်း သမ္မာကမ္မန္တကို သိရပါပြီ။ သမ္မာအာဇီဝကိုဘယ်လိုသိအပ်ပါမည်နည်း။
{ဖြေ} ကောင်းစွာ အသက်မွေးမှုနှင့် စပ်၍ဖြစ်သော ဒုစ္စရိုက်တို့မှ သမ္မယုတ်တရားတို့ကို ဖြူစင်စေတတ်သော တရားကို သမ္မာအာဇီဝဟုသိ

အပ်သည်။ တနည်း။ အထူးသဖြင့်ချီးမွမ်းခြင်း၌ထိုက်သော အသက်မွေးမှုနှင့်စပ်၍ ဖြစ်သောဒုစ္စရိုက်ခုနစ်ပါးတို့မှ။ သမ္မယုတ်တရားတို့ကို။ ဖြူစင်စေတတ်သောတရားကိုပင်၊သမ္မာအာဇီဝဟုခေါ်ဆိုအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} သုန္ဒရော၊ပသဋ္ဌော၀ါ၊အာဇီဝေါ၊သမ္မါအာဇီဝေါဟူ၍ဖွင့်ဆိုအပ်သော အဋ္ဌသာလိနီအဋ္ဌကထာ၊ စိတ္တုပ္ပါဒကဏ္ဍ၊ လောကုတ္တရာဘာဇနီအဖွင့်၌ ပြဆိုအပ်သောပါဠိကိုမှီ၍သိအပ်ပါသည်။မြန်မာပြန်ကား။ သုန္ဒရော။ ကောင်းစွာ။အာဇီဝေါ၊ အသက်မွေးမှုနှင့် စပ်၍ဖြစ်သော ဒုစ္စရိုက်ခုနစ်ပါးတို့မှ။သမ္မယုတ်တရားတို့ကို၊ဖြူစင်စေတတ်သောတရား။ သမ္မာအာဇီဝေါ ကောင်းစွာ အသက်မွေးမှုနှင့်စပ်၍၊ ဒုစ္စရိုက်ခုနစ်ပါးတို့မှ။ သမ္မယုတ်တရားတို့ကိုဖြူစင်စေတတ်သော တရား။ဝါ။ တနည်းကား။ ပသဋ္ဌော။ အထူးသဖြင့် ချီးမွမ်းခြင်း၌ထိုက်သော၊ အာဇီဝေါ၊ အသက်မွေးမှုနှင့်စပ်၍ဖြစ်သော။ ဒုစ္စရိုက်ခုနစ်ပါးတို့မှ။ သမ္မယုတ်တရားတို့ကို။ ဖြူစင်စေတတ်သောတရား။ သမ္မာအာဇီဝေါ၊ အထူးသဖြင့်ချီးမွမ်းခြင်း၌ထိုက်သော။ အသက်မွေးမှုနှင့်စပ်၍ဒုစ္စရိုက်ခုနစ်ပါးတို့မှ၊သမ္မယုတ်တရားတို့ကို၊ ဖြူစင်စေတတ်သောတရား။ ဤကားမြန်မာပြန်တည်း။ ဤပြဆိုအပ်သောအဋ္ဌကထာစကားတို့ကိုထောက်၍။ သမ္မာအာဇီဝကိုသိကြလေ။

{မေး} သမ္မာအာဇီဝကို ပြဆိုအပ်ပြီးသောနည်း အ တိုင်း သိ ရ ပါပြီ။ သမ္မာဝါယာမကိုအဘယ်သို့သိရပါမည်နည်း။

{ဖြေ} ကောင်းစွာအားထုတ်တတ်သောဝီရိယတရားကို။သမ္မာဝါယာမဟုသိအပ်ပါသည်။တနည်း။အထူးသဖြင့်ချီးမွမ်းခြင်း၌ထိုက်သော။ အားထုတ်တတ်သော ဝီရိယတရားကို။သမ္မာဝါယာမဟုသိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍ သိအပ်ပါသနည်း။

{ဖြေ} ပသဋ္ဌသု န္ဒရဝါဒိဋ္ဌိ။ သမ္မာဒိဋ္ဌိ။ ဣမိနာပိ နယေန၊ တေသံဝစနတ္ထော၊ ဝေဒိတဗ္ဗောဟူ၍ပြဆိုအပ်သော အဋ္ဌသာလိနီ အဋ္ဌကထာစိတ္တုပ္ပါဒကဏ္ဍ ကာမာဝစရ ကုသလအဖွင့်၊ ကျမ်းနံပါတ်(၁၄၉)မျက်နှာ၌ မိန့်ဆိုအပ်သောနည်းကိုမှီ၍။ပသဋ္ဌော၊သုန္ဒရောဝါ၊ဝါယာမော၊သမ္မာဝါယာမော ဟူသောပါဠိဖြင့်သိအပ်ပါသည် မြန်မာပြန်ကား။ ပသဋ္ဌော၊ အထူးသဖြင့် ချီးမွမ်းခြင်း၌ ထိုက်သော။ ဝါယာမော။ အားထုတ်တတ် သော တ ရား။ သမ္မာဝါယာမော၊ အထူးသဖြင့် ချီးမွမ်းခြင်း၌ ထိုက်သော။ အားထုတ်တတ်သောတရား။ဝါ။ တနည်းကား။ သုန္ဒရော၊ ကောင်းစွာ။ ဝါယာမော။ အားထုတ်တတ်သောတရား။ သမ္မာဝါယာမော။ ကောင်းစွာ အားထုတ်

တတ်သောတရား။ ဤသို့ ပြဆိုအပ်သော အဋ္ဌင်္ဂစကားကိုထောက်၍ သိကြလေ။

{မေး} သမ္မာဝါယာမကိုပြဆိုအပ်ပြီးသောနည်းအတိုင်းသိရပါပြီ။သမ္မာသတိကိုအဘယ်သို့သိအပ်ပါမည်နည်း။

{ဖြေ} ကောင်းစွာ အောက်မေ့တတ်သော သတိတရားကိုပင်။ သမ္မာသတိဟုသိအပ်ပါသည်။ တနည်း။ အထူးသဖြင့် ချီးမွမ်းခြင်းငှာ ထိုက်သော။ အောက်မေ့တတ်သောသတိတရားကိုပင်၊ သမ္မာသတိဟုဆိုအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} ပသဋ္ဌာ၊ သုန္ဒရာဝါသတိ၊ သမ္မာသတိဟူ၍၊ အဋ္ဌသာလိနီ၊ အဋ္ဌကထာ၌။ဓမ္မဒိန္နာပါ နယေန တေသံဝဏ္ဏနာ၊ဝေဒိတဗ္ဗာဟူ၍ပြဆိုအပ်သောပါဠိအရသိအပ်ပါသည်။မြန်မာပြန်ကား။ ပသဋ္ဌာ၊အထူးသဖြင့်ချီးမွမ်းခြင်းငှာထိုက်သော။သတိ၊အောက်မေ့တတ်သောတရား။သမ္မာသတိ။အထူးသဖြင့်ချီးမွမ်းခြင်းငှာထိုက်သော။အောက်မေ့တတ်သောတရား။ ဝါ။တနည်းကား။သုန္ဒရာ၊ကောင်းစွာ။သတိ၊အောက်မေ့တတ်သောတရား။သမ္မာသတိ ကောင်းစွာအောက်မေ့တတ်သောတရား။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားကိုထောက်၍သိကြသေ။

{မေး} သမ္မာသတိတရားကိုပြဆိုအပ်သောနည်းအတိုင်းသိရပါပြီ။သမ္မာသမာဓိကိုအဘယ်သို့သိအပ်ပါမည်နည်း။

{ဖြေ} ကောင်းစွာမပျံ့မလွင့်တည်စေတတ်သော၊ ဧကဂ္ဂတာဟုဆိုအပ်သော သမာဓိတရားကိုပင်၊ သမ္မာသမာဓိဟု သိအပ်ပါသည်။ တနည်း။အထူးသဖြင့် ချီးမွမ်းခြင်းငှာထိုက်သော။ မပျံ့မလွင့်၊ တည်စေတတ်သော။ ဧကဂ္ဂတာဟု ဆိုအပ်သော သမာဓိ တရားကိုပင်၊ သမ္မာသမာဓိ ဟု သိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} ပသဋ္ဌော။ သုန္ဒရောဝါသမာဓိ။သမ္မာသမာဓိဟူ၍၊ အဋ္ဌသာလိနီ အဋ္ဌကထာ၌။ဓမ္မဒိန္နာပါ နယေန တေသံဝဏ္ဏနာ။ဝေဒိတဗ္ဗာဟူ၍ပြဆိုအပ်သောပါဠိအရသိအပ်ပါသည်။မြန်မာပြန်ကား။ပသဋ္ဌော။ အထူးသဖြင့်ချီးမွမ်းခြင်းငှာထိုက်သော။သမာဓိ၊သမ္ပယုတ်တရားတို့ကို။မပျံ့မလွင့်၊ တည်စေတတ်သော သမာဓိတရား။ သမ္မာသမာဓိ။အထူးသဖြင့် ချီးမွမ်းခြင်းငှာထိုက်လော။သမ္ပယုတ်တရားတို့ကို၊မပျံ့မလွင့်၊တည်စေတတ်သော။သမာဓိတရား၊ ဝါတနည်းကား၊သုန္ဒရော။ကောင်းစွာ။ သမာဓိ၊ သမ္ပယုတ်တရား

တို့ကို။ မပျံ့မလွင့် တည်စေတတ်သော၊ သမာဓိတရား။ သမ္မာသမာဓိ၊ ကောင်းစွာ၊သမ္မယုတ်တရားတို့ကို။မပျံ့မလွင့်၊တည်စေတတ်သော သမာဓိတရား။ဤသို့ပြဆိုအပ်သော အဋ္ဌင်္ဂါရှင်၏စကားတော်ကိုထောက်၍သိကြလေ။ ဝိဂြိုဟ်လုပ်ရန်မလိုတော့ပြီ။အဋ္ဌင်္ဂါရှင်ပင်၊ ဝိဂြိုဟ်လုပ်၍ပြအပ်ပြီးဖြစ်လေပြီ။

{မေး} ဤပြဆိုအပ်ပြီးသောမဂ္ဂင်ရှစ်ပါးတရားတို့ကိုသာလျှင်။တထာဂတအမည်ကိုရတော်မူသောဘုရားရှင်သည်။ထိုးထွင်း၍သိအပ်သော။စက္ခုကရဏီဖြစ်သောဂုဏ်။ဉပသမာယဖြစ်သောအကျိုးကိုဖြစ်စေတတ်သော မဇ္ဈိမာပဋိပဒါတရားစစ်ဟူ၍သိအပ်ပါသလော။

{ဖြေ} ဤပြဆိုအပ်ပြီးသော၊သမ္မာဒိဋ္ဌိ။သမ္မာသင်္ကပ္ပ။သမ္မာဝါစါ။သမ္မာကမ္မန္တ။ သမ္မာအာဇီဝ။ သမ္မာဝါယာမ။ သမ္မာသတိ။ သမ္မာသမာဓိဟူဆိုအပ်သော။ရှစ်ပါးသောအစိတ်အစိတ်အင်္ဂါရှိသော။မဂ္ဂင်တရားကိုပင်။ တထာဂတအမည်ကိုရတော်မူသောဘုရားရှင်သည်၊ထိုးထွင်း၍သိအပ်သော စက္ခုကရဏီဖြစ်သော ဂုဏ်ထူး။ ဉပသမာယဖြစ်သော အကျိုးထူးတို့ကိုဖြစ်စေတတ်သော မဇ္ဈိမာပဋိပဒါတရားအစစ်ဟူ၍သိအပ်ပါသည်။

{မေး} အဘယ်ပါဌ်ကိုထောက်၍၊ မဇ္ဈိမာပဋိပဒါ ဖြစ်ကြောင်းကို သိအပ်ပါမည်နည်း။

{ဖြေ} အယံခေါသာဘိက္ခဝေ။မဇ္ဈိမာပဋိပဒါ။တထာဂတေန အဘိသမ္ဗုဒ္ဓါ။စက္ခုကရဏီ။ဉာဏကရဏီ။ ဉပသမာယ၊ အဘိညာယ။ သမ္ဗောဓါယ။နိဗ္ဗာနာယသံဝတ္တတိဟူ၍ ဘုရားရှင်ဟောအပ်သော။ ဓမ္မစက္ကပဝတ္တနသုတ်ပါဌ်ကိုမှီ၍သိအပ်ပါသည်။မြန်မာပြန်ကား။ဘိက္ခဝေ၊ပဉ္စဝဂ္ဂီရဟန်းတို့။ တထာဂတေန၊ တထာဂတအမည်ကိုရသော ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ။ ထိုးထွင်း၍သိအပ်သော။ စက္ခုကရဏီ၊ ပညာစက္ခုကို ပြုတတ်သော။ဉာဏကရဏီ။ အသိဉာဏ်ကိုပြုတတ်သော။ ယာမဇ္ဈိမာပဋိပဒါ။ အကြင်မဇ္ဈိမာပဋိပဒါအကျင့်မြတ်သည်။ဉပသမာယ။ ကိလေသာတို့ငြိမ်းခြင်းငှာ။ဝါ။ငြိမ်းခြင်းအကျိုးငှာ။သံဝတ္တတိ၊ဖြစ်၏။အဘိညာယ၊ကမ္မဿကတာဉာဏ်တို့ထက်ထူးသော။လောကုတ္တရာဉာဏ်ဖြင့်။သစ္စာတရားတို့ကိုသိခြင်းငှာ။ဝါ။သိခြင်းအကျိုးငှာ။ သံဝတ္တတိ၊ဖြစ်၏၊ သမ္ဗောဓါယ။ လောကုတ္တရာမဂ်ဖြင့်။ သစ္စာတရားတို့ကို၊ ထိုးထွင်း၍သိခြင်းငှာ။ ဝါ။ သိခြင်းအကျိုးငှာ။ သံဝတ္တတိ၊ ဖြစ်၏။ နိဗ္ဗာနာယ။ အသင်္ခတဓါတ်နိဗ္ဗာန်ကို။ မျက်မှောက်ပြုခြင်းငှာ။သံဝတ္တတိ၊ဖြစ်၏။သာမဇ္ဈိမာပဋိပဒါ၊ ထိုမဇ္ဈိမာပဋိပဒါသည်။ဝါ။မဇ္ဈိမာပဋိပဒါအကျင့်မြတ်သည်။ အယံခေါ။ အသံဝေ၊ဤ

သမ္မာဒိဋ္ဌိအမှူးရှိသော၊အင်္ဂါရှစ်ပါးရှိသောမဂ္ဂင်တရားသာလျှင်တည်း။ဤသို့ဟောတော်မူအပ်သော၊ ဓမ္မစက္ကပဝတ္တနသုတ်ပါဠိကိုမှီ၍၊ မဇ္ဈိမာပဋိပဒါတရားအစစ်ဖြစ်ကြောင်းကိုသိကြလေ။

{မေး} ထိုမဇ္ဈိမာပဋိပဒါဟုဆိုအပ်သော၊ အဋ္ဌင်္ဂိကမဂ်တို့၏ အသီးအသီး လက္ခဏာတို့ကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} သမ္မာဒိဋ္ဌိသည်၊ ကောင်းစွာ ရှုမြင်တတ်သောသဘောဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိပါသည်။ သမ္မာသင်္ကပ္ပသည်။ ကောင်းစွာ သမ္ပယုတ္တရားတို့ကို။ ဟုတ်မှန်သောအာရုံသို့ ရောက်အောင် တင်ဆောင်တတ်သော သဘောဟူ၍ မှတ်ကြောင်းလက္ခဏာရှိပါသည်။ သမ္မာဝါစာသည်၊ ကောင်းစွာနှုပ်ကိုသိမ်းဆည်းခြင်းကိုပြုတတ်သောသဘောဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိပါသည်။သမ္မာကမ္မန္တသည်။ ကောင်းစွာ ကာယကံတို့ကိုဖြစ်စေတတ်သောသဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိပါသည်။သမ္မာအာဇီဝသည်၊ကောင်းစွာအသက်မွေးမှုနှင့်စပ်၍ဖြစ်သောဒုစရိုက်ခုနှစ်ပါးတို့မှ။သမ္ပယုတ်တရားတို့ကို။ဝါ။ ကာယကံ၊ ဝစီကံတို့ကို။ဖြူစင်စေတတ်သောသဘောဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိပါသည်။ သမ္မာဝါယာမသည်၊ကောင်းစွာ၊သမ္ပယုတ်တရားတို့ကို။ ချီးမြှောက်တတ်သောသဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိပါသည်။သမ္မာသတိသည်၊ ကောင်းစွာဟုတ်မှန်သောအာရုံကို။သမ္ပယုတ်စိတ်၌သင်စေတတ်သောသဘောဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိပါသည်။သမ္မာသမာဓိသည်၊ ကောင်းစွာ သမ္ပယုတ်တရားတို့ကို။ မပျံ့မလွင့် တည်စေတတ်သောသဘောဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} တတ္ထသမ္မာ ဒဿနလက္ခဏော။ သမ္မာဒိဋ္ဌိ။ သမ္မာအဘိနိရောပနလက္ခဏော။သမ္မာသင်္ကပ္ပေါ၊သမ္မာပရိဂ္ဂဟလက္ခဏာ။ သမ္မာဝါစာ။ သမ္မာသမုဋ္ဌာပနလက္ခဏော။ သမ္မာကမ္မန္တော။ သမ္မာဝေါဒါပနလက္ခဏော။သမ္မာအာဇီဝေါ။သမ္မာပဂ္ဂဟလက္ခဏော။ သမ္မာဝါယာမော။ သမ္မာဉပဋ္ဌာနလက္ခဏော။ သမ္မာသတိ။.သမ္မာသမာဓါနလက္ခဏော၊သမ္မာသမာဓိဟူ၍။ သမ္မောဟဝိနောဒနီအဋ္ဌကထာ မဂ္ဂသစ္စာအဖွင့်၊နံပါတ်(၉၈)၌ပြဆိုအပ်သည်ကိုထောက်၍သိအပ်ပါသည်။ အနက်သိကြောင်းမြန်မာပြန်ကား။တတ္ထ။ထိုမဂ္ဂင်ရှစ်ပါးတရားတို့တွင်။ သမ္မာဒိဋ္ဌိ။ သမ္မာဒိဋ္ဌိသည်။ သမ္မာဒဿနလက္ခဏော။ကောင်းစွာ:ရှုမြင်တတ်သောသဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပသည် အဘိနိရောပန လက္ခ

ဏော။သမ္မာယုတ်တရားတို့ကို၊ ဟုတ်မှန်သောအာရုံသို့ ရောက်အောင်တင်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိပေ၏။ သမ္မာဝါစာ။သမ္မာဝါစာသည်။ပရိဂ္ဂဟလက္ခဏာ။ကောင်းစွာ နှုပ်ကိုသိမ်းဆည်းခြင်းကိုပြုတတ်သောသဘောဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိပေ၏။ သမ္မာကမ္မန္တော။ သမ္မာကမ္မန္တသည်၊ သမုဋ္ဌာပနလက္ခဏော။ ကောင်းစွာ။ ကာယကံကိုဖြစ်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝသည်။ ဝေါဒါပနလက္ခဏော။ ကောင်းစွာ အသက်မွေးမှုနှင့်စပ်၍။ ကာယဒုစ္စရိုက် သုံးပါး၊ ဝစီဒုစ္စရိုက်လေးပါး။ ပေါင်း ခုနစ်ပါးသောဒုစ္စရိုက်တို့မှ။ သမ္ပယုတ်တရားတို့ကို ဖြူစင်စေတတ်သောသဘောဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိ၏။ သမ္မာဝါယာမော၊သမ္မာဝါယာမသည်။သမ္မာပဂ္ဂဟလက္ခဏော။ကောင်းစွာ။ သမ္ပယုတ်တရားတို့ကိုချီးမြှောက်ခြင်းကိုပြုတတ်သောသဘောတရားဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိပေ၏။သမ္မာသတိ၊သမ္မာသတိသည်။ဥပဋ္ဌာနလက္ခဏော။ဟုတ်မှန်သောအာရုံကို။သမ္ပယုတ်စိတ်၌ ထင်စေတတ်သောသဘောဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိ၏။ သမ္မာသမာဓိ၊သမ္မာသမာဓိသည်၊သမာဓါနလက္ခဏော၊ကောင်းစွာသမ္ပယုတ်တရားတို့ကို တည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ ဤသို့ပြဆိုအပ်သောအဋ္ဌကထာရှင်၏စကားတော်ကိုထောက်၍။မဂ္ဂင်တရားတို့၏လက္ခဏာတို့ကိုသိကြလေ။

{မေး} ထိုအရိယမဂ္ဂင်ရှစ်ပါးတို့ကို အဋ္ဌကထာရှင်တို့သည် ဘယ်လိုဝေဘန်၍ပြအပ်ပါသနည်း။

{ဖြေ} သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ တရားနှစ်ပါးကိုဝိဇ္ဇာတရားဖြင့်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊သမ္မာအာဇီဝ၊သမ္မာဝါယာမ၊သမ္မာသတိ၊ သမ္မာသမာဓိ၊ ဤတရားခြောက်ပါးကို။စရဏတရားဖြင့် ရေတွက်အပ်ပါသည်။ တနည်း၎င်းသမ္မာဒိဋ္ဌိ၊သမ္မါသင်္ကပ္ပတရားနှစ်ပါးကို။ဝိပဿနာယာဉ်ဖြင့်။ကြွင်းသောခြောက်ပါး တရားတို့ကို။ သမထယာဉ်ဖြင့်ရေတွက်အပ်ပါသည်။ တနည်း၊ ၎င်းသမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပတရားနှစ်ပါးကို။ပညာက္ခန္ဓဖြင့် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဤတရားသုံးပါးကို သီလက္ခန္ဓဖြင့်။သမ္မာဝါယာမ၊ သမ္မာသတိ၊သမ္မာသမာဓိ၊ဤတရားသုံးပါးကို၊သမာဓိက္ခန္ဓဖြင့် ရေတွက်အပ်ပါသည်။တနည်း၊သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတရားနှစ်ပါးကို။အဓိပညာသိက္ခာဖြင့်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဤတရားသုံးပါးကို။ အဓိသီလသိက္ခာဖြင့်၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာ

ဝိ၊ ဤသုံးပါးကို၊ အဓိစိတ္တသိက္ခာဖြင့် ရေတွက်အပ်ပါသည်။
{မေး} ထိုသို့ရေတွက်အပ်သည့်၏ အဖြစ်ကို အဘယ်ပါဠိကိုထောက်
၍သိအပ်ပါသနည်း။
{ဖြေ} သောခေါပနေသမဂ္ဂေါ။သမ္မာဒိဋ္ဌိသင်္ကပ္ပါနံ။ဝိဇ္ဇာယ။သေသမဗ္ဗာ
နံစရဏောနသင်္ဂဟိတတ္တာ။ဝိဇ္ဇာစေဝ၊ စရဏဉ္စ။တထာ။ တေသံဒွိန္နံဝိပဿ
နာယာနေန။ဣတရေသံသမထယာနေန။ သင်္ဂဟိတတ္တာ။ သမထောစေဝ။
ဝိပဿနာစ၊တေသံဝါဒွိန္နံ၊ ပညာက္ခန္ဓေန၊တဒနန္တရဒွိန္နံတိဏ္ဏံ။သီလက္ခန္ဓေ
န။အဝသေသါနံသမါဓိက္ခန္ဓေန၊အဓိပညာ၊အဓိသီလ။အဓိစိတ္တသိက္ခာဟိစ။
သင်္ဂဟိတတ္တာ၊ ခန္ဓတ္တယဉ္စေဝ။ သိက္ခတ္တယဉ္စ ဟောတိဟူ၍၊ သမ္မောဟဝိ
နောဒနီအဋ္ဌကထာ၊ သစ္စဝိဘင်းအဖွင့်၊ နံပါတ်(၁၀၄) မျက်နှာ၌ ပြဆိုအပ်
သည်ကိုထောက်၍သိအပ်ပါသည်။အနက်သိကြောင်းမြန်မာပြန်ကား။သော
ခေါပနေသမဂ္ဂေါ။သောခေါပနသောမဂ္ဂေါ။ထိုမဂ်သည်၊ သမ္မာဒိဋ္ဌိသမ္မာ
သင်္ကပ္ပါနံ။သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပတို့ကို။ဝါ။တို့၏။ ဝိဇ္ဇာယ၊ ဝိဇ္ဇာဖြင့်။သေ
သမဗ္ဗာနံ။ကြွင်းသောမဂ္ဂင်တရားတို့ကို။ဝါ။တရားတို့၏။စရဏေန။ စရဏ
တရားဖြင့်။သင်္ဂဟိတတ္တာ၊ ရေတွက်အပ်သည့်၏အဖြစ်ကြောင့်။ ဝိဇ္ဇာစေဝ။
ဝိဇ္ဇာလည်းမည်၏။ စရဏဉ္စ။ စရဏတရားလည်းမည်၏။ တထာ၊ထိုအတူ။
တေသံဒွိန္နံ။ထိုသမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပတို့ကို။ဝါ။တို့၏။ ဝိပဿနာယာနေန၊
ဝိပဿနာဟူသောယာဉ်ဖြင့်။ဣတရေသံ ဤမှတပါးကုန်သောမဂ္ဂင်တို့ကို။
ဝါ။မဂ္ဂင်တို့၏။ သမထယာနေန၊သမထဟူသောယာဉ်ဖြင့်။သင်္ဂဟိတတ္တာ၊
ရေတွက်အပ်သည့်၏အဖြစ်ကြောင့်။သမထောစေဝ၊သမထလည်းမည်၏။
ဝိပဿနာစ၊ဝိပဿနာလည်းမည်၏။ဝါ။တနည်းကား။တေသံဒွိန္နံ၊ထိုသမ္မာ
ဒိဋ္ဌိ၊သမ္မာသင်္ကပ္ပနှစ်ပါးတို့ကို။ဝါ။တို့၏။ပညာက္ခန္ဓေန။ပညာက္ခန္ဓဖြင့်။ဝါ။
ပညာဂုဏ်ဖြင့်။တဒနန္တရံ၊ထိုနှစ်ပါးတို့၏အခြားမဲ့၌ဖြစ်ကုန်သော၊ တိဏ္ဏံ။
သုံးပါးကုန်သော။သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟုဆိုအပ်ကုန်
သောမဂ္ဂင်တို့ကို။ ဝါ။တို့၏။သီလက္ခန္ဓေန၊သီလက္ခန္ဓဖြင့်။ဝါ။သီလဂုဏ်ဖြင့်
အဝသေသာနံ။ကြွင်းကုန်သောသမ္မာဝါယာမ၊သမ္မာသတိ၊ သမ္မာသမာဓိ
ဟုဆိုအပ်ကုန်သောမဂ္ဂင်တို့ကို။ဝါ။တို့၏။သမာဓိက္ခန္ဓေန။သမ္မာဓိက္ခန္ဓဖြင့်
ဝါ။သမ္မာဓိဂုဏ်ဖြင့်။သင်္ဂဟိတတ္တာစ၊ ရေတွက်အပ်သည့်၏အဖြစ်ကြောင့်
လည်းကောင်း။ အဓိပညာ၊ အဓိသီလ၊အဓိစိတ္တသိက္ခာဟိ၊ အဓိပညာ၊ အဓိ
သီလ၊အဓိစိတ္တ သိက္ခာတို့ဖြင့်၊ သင်္ဂဟိတတ္တာစ။ ရေတွက်အပ်သည့်၏အ
ဖြစ်ကြောင့်လည်းကောင်း။ခန္ဓတ္တယဉ္စ။ခန္ဓာသုံးပါးတို့၏အပေါင်းသည်

လည်းကောင်း။ သိက္ခတ္တယဉ္စ၊ သိက္ခာသုံးပါးတို့၏ အပေါင်းသည် လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားတော်ကို ထောက်၍။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတရားနှစ်ပါးကို။ ဝိဇ္ဇာဖြင့်၊ ကျန်သော တရားခြောက်ပါးကို။ စရဏဖြင့်၊ ရေတွက်အပ်သည်၏ အဖြစ်ကိုလည်း ကောင်း။ ၎င်းသမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပမဂ္ဂင်တို့ကို။ ဝိပဿနာယာဉ်ဖြင့်။ ကျန် ခြောက်ပါးကို၊ သမထယာဉ်ဖြင့် ရေတွက်အပ်သည်၏ အဖြစ်ကိုလည်း ကောင်း။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတို့ကို။ ပညာက္ခန္ဓ။ အဓိပညာသိက္ခာတို့ ဖြင့်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝမဂ္ဂင်တရား။ သုံးပါးတို့ကို သီလက္ခန္ဓ။ အဓိသီလသိက္ခာတို့ဖြင့်၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ။ ဤသုံးပါးသောမဂ္ဂင်တရားတို့ကို။ သမ္မာဓိက္ခန္ဓ။ အဓိစိတ္တသိက္ခာတို့ ဖြင့် ရေတွက်အပ်သည်၏အဖြစ်ကိုသိကြလေကုန်။

{မေး} ထိုရှစ်ပါးသောမဂ္ဂင်တရားတို့တွင်။ သမ္မာဒိဋ္ဌိမဂ္ဂင်ကို အဘယ်ကြောင့် ရှေဦးစွာဟောတော်မူအပ်ပါသနည်း။

{ဖြေ} သံသရာဝဋ်ဆင်းရဲ၌ကျင်လည်ကြရကုန်သည်မှာ။ စင်စစ်ဟုတ်မှန်သော ကျင့်လမ်းဟုတ်မှန်သောတရားကိုမသိတတ်သော၊ အဝိဇ္ဇာမောဟတရားကြောင့်သာ၊ ဧကန်ကျင်လည်ကြကုန်၏။ ထိုကြောင့်။ အဝိဇ္ဇာမောဟတရားကို။ ဝဋ်၏ဥက္ခောင်းသဘွယ်ဖြစ်သောကြောင့်။ မုဒ္ဓဟုခေါ်ဆိုအပ်သည်။ ထိုကြောင့်၊ စူဠနိဒ္ဒေသ ပါဠိတော် ပါရာယနဝဂ်၌။ အဇိတ လျှောက်ထားအပ်သောအရာ၌။ ဘုရားရှင်သည်။ အဝိဇ္ဇာမုဒ္ဓါတိဇာနာဟိ ဟူ၍ဖြေဆိုတော်မူ၏။ ထိုနောက် ၎င်း အဝိဇ္ဇာတည်းဟူသော ဦးခေါင်းကို ပြတ်ကျစေတတ်သောတရားသည်။ ဝိဇ္ဇာတရားပင်တည်းဟူ၍သိစေတော်မူလိုသောကြောင့်။ ဝိဇ္ဇာမုဒ္ဓါဓိပါတိနီဟူ၍ဟောဘော်မူအပ်လေသည်။ ထိုသို့ဟောတော်မူအပ်သည်ကိုထောက်၍၊ ဝဋ်မှလွတ်လိုသောသူတို့သည်။ စင်စစ်၊ အဝိဇ္ဇာမောဟကိုဖျက်ဆီးတတ်သော ဝိဇ္ဇာဉာဏ်ဟိုသာ မပြတ်မှီဝဲထိုက်ကုန်၏။ ထိုသို့မှီဝဲထိုက်သောဝိဇ္ဇာဉာဏ်ကို၊ မပြတ်မှီဝဲလျှင်၊ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ၊ အယုတ်တရား နှစ်ပါးမှ ကင်းလွတ်၍၊ မှန်သောလမ်းကြောင်းသို့ရောက်၍၊ သစ္စာတရားကိုသိပြီးလျှင် ဧကန်ဝဋ်မှထွက်မြောက်နိုင်ခြင်းကို။ သဗ္ဗညုတဉာဏ်တော်ဖြင့်မြင်တော်မူ၍။ ဝဋ်မှထွက်မြောက်လိုသော။ ကောဏ္ဍညအမှူးရှိသောရသေ့ရဟန်းတို့ကို ပဓါနပြု၍။ အလုံးစုံသောဝဋ်မှထွက်မြောက်လိုသော သူတို့၏အကျင့်တရားကိုပြတော်မူရာ၌။ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ကို ရှေဦးစွာ ဟောတော်မူအပ်ပါသည်။

{မေး} ပြဆိုအပ်သောနည်းအတိုင်း။သမ္မဒိဋ္ဌိတရားကို၊ ဝဋ်မှလွတ်မြောက်လိုသောသူတို့သည်၊ မပြတ်မှီဝဲထိုက်သောတရားဖြစ်သောကြောင့်။ ရှေးဦးစွာ ဟောတော်မူအပ်သည်၏အဖြစ်ကို သိရပါပြီ။ သမ္မာသင်္ကပ္ပကို အဘယ်ကြောင့်သမ္မာဒိဋ္ဌိ၏အခြားမဲ့၌ဟောတော်မူအင်ပါသနည်း။

{ဖြေ} ၎င်းသမ္မာဒိဋ္ဌိတရားသည်။ ဘယ်လိုပင်မှန်သောအာရုံကိုမြင်ခြင်းငှါစွမ်းနိုင်သော်လည်း။ အာရုံသို့ရောက်အောင် တင်ပေးမည့်တရားမရှိပါက၊ ထိုအာရုံကိုမြင်ခြင်းငှါမစွမ်းနိုင်ရာ။ထိုအာရုံသို့ရောက်အောင်တင်ပေးမှသာလျှင်။မြင်ခြင်းငှါစွမ်းနိုင်ပါသည်။ ထိုကြောင့်သမ္မာသင်္ကပ္ပသည်။အာရုံသို့ရောက်အောင်တင်ပေးသောတရားဖြစ်၍။သမ္မာဒိဋ္ဌိအားများစွာကျေးဇူးရှိသောကြောင့် သမ္မာဒိဋ္ဌိ၏ အခြားမဲ့၌။ သမ္မာသင်္ကပ္ပကို ဟောတော်မူအပ်ပါသည်။

{မေး} သမ္မာသင်္ကပ္ပကိုပြဆိုအပ်သော နည်းအတိုင်း၊ သမ္မာဒိဋ္ဌိအား ကျေးဇူးပြုတတ်သောကြောင့်။၎င်း၏အခြားမဲ့၌ ဟောတော်မူအပ်သည်ကို သိရပါပြီ။အဘယ်ကြောင့်သမ္မာဝါစာကို၊သမ္မာသင်္ကပ္ပ၏အခြားမဲ့၌၊ဟောတော်မူအင်ပါသနည်း။

{ဖြေ} သမ္မာဒိဋ္ဌိကြောင့် မိစ္ဆာဒိဋ္ဌိသည်ကင်း၏။ သမ္မာသင်္ကပ္ပကြောင့် ကာမဝိတက်ဟုဆိုအပ်သောအဘိဇ္ဈာ။ဗျာပါဒဝိတက်ဟုဆိုအပ်သောဗျာပါဒ၊ဝိဟိံသာတရားတို့သည်၊ကောင်းကြကုန်၏။ ထိုသို့ကင်းခြင်းကြောင့်။ မနောကံသည်စင်ကြယ်၏။ထိုသို့မနောကံစင်ကြယ်လျှင်၊ဝစီကံသည်လည်း စင်ကြယ်လေတော့သည်ဟုသိစေခြင်းငှါ။ သမ္မာသင်္ကပ္ပ၏အခြားမဲ့၌။ သမ္မာဝါစာကိုဟောတော်မူအပ်၏ဟုသိအပ်ပါသည်။

{မေး} သမ္မာဝါစာကိုပြဆိုအပ်သောနည်းအတိုင်း။ သမ္မာသင်္ကပ္ပ၏အခြားမဲ့၌ ဟောတော်မူအပ်သည်ကိုသိရပါပြီ။ သမ္မာကမ္မန္တကို အဘယ်ကြောင့်၊သမ္မာဝါစာ အခြားမဲ့၌ ဟောတော်မူအပ်ပါသနည်း။

{ဖြေ} သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပကြောင့်၊မနောကံစင်ကြယ်သည်၊ သမ္မာဝါစာကြောင့်ဝစီကံစင်ကြယ်သည်။ ထိုသို့ မနောကံ၊ ဝစီကံစင်ကြယ်နေသည်အခိုက်၌။အဘယ်မှာ ကာယကံမစင်ကြယ်ဘဲရှိပါတော့အံ့နည်း။ စင်စစ် ကာယကံသည်စင်ကြယ်လေတော့သည်သာတည်းဟုသိစေခြင်းငှါ သမ္မာဝါစာ၏အခြားမဲ့၌။ သမ္မာကမ္မန္တကို ဟောတော်မူအပ်သည်ဟု သိအပ်ပါသည်။

{မေး} သမ္မာဝါစာ၏အခြားမဲ့၌။ သမ္မာကမ္မန္တကိုပြဆိုအပ်သော နည်းအတိုင်း ဟောတော်မူအင်သည်၏အဖြစ်ကိုသိအင်ပါပြီ။ အဘယ်ကြောင့်

သမ္မာကမ္မန္တ၏အခြားမဲ့၌၊ သမ္မာအာဇီဝကိုဟောတော်မူအပ်ပါသနည်း။

{ဖြေ} အသက်မမွေးမှုနှင့်စပ်၍။ ဝစီကံ၊ ကာယကံ၊ စင်ကြယ်နေခဲ့လျှင်။ ထိုစင်ကြယ်နေခိုက်။ အသက်မွေးမှုနှင့်စပ်၍၊ ဝစီဒုစ္စရိုက် လေးပါး ကာယဒုစ္စရိုက်သုံးပါး။ပေါင်း ဒုစ္စရိုက်ခုနစ်ပါးတို့ကို အဘယ်မှာပြုလုပ်ပါအံ့နည်း။ စင်စစ်ပြုလုပ်မှုမရှိလေတော့ပြီ။ ထိုသို့ ပြုလုပ်မှုမရှိခြင်းကြောင့်။ အသက်မွေးမှုနှင့်စပ်၍လည်းဖြူစင်လေတော့သည်သာလျှင်တည်း။ထိုကြောင့် ဘုရားရှင်သည်၊ သမ္မာကမ္မန္တ၏အခြားမဲ့၌။ သမ္မာအာဇီဝကို ဟောတော်မူအပ်ပါသည်။

{မေး} သမ္မာကမ္မန္တ၏အခြားမဲ့၌။ သမ္မာအာဇီဝကိုဟောတော်မူအပ်သည်၏အဖြစ်ကိုပြဆိုအပ်ပြီးသောနည်းအတိုင်းသိရပါပြီ။ သမ္မာအာဇီဝ၏အခြားမဲ့၌။ သမ္မာဝါယာမကို အဘယ်ကြောင့်ဟောတော်မူအပ်ပါသနည်း။

{ဖြေ} သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတို့ကြောင့်။ စိတ်၏စင်ကြယ်ခြင်း။ သမ္မာဝါစာကြောင့်နှုတ်၏စင်ကြယ်ခြင်း။ သမ္မာကမ္မန္တကြောင့်ကိုယ်၏စင်ကြယ်ခြင်း။ သမ္မာအာဇီဝကြောင့် အသက်မွေးမှုနှင့်စပ်၍ ကိုယ်နှုတ်နှစ်ပါးမှ စင်ကြယ်ခြင်းသည်။ စင်စစ်ပျင်းရိနေသောသူတို့အား မဖြစ်နိုင်၊ ဟုတ်မှန်သောတရားကိုအာရုံပြု၍အားထုတ်နေသော။ ဝီရိယရှိသောသူတို့အားသာလျှင် ကောန်စင်စစ်ဖြစ်နိုင်သည်၏အဖြစ်ကိုသိစေလိုတော်မူသောကြောင့်။ သမ္မာအာဇီဝ၏အခြားမဲ့၌။ သမ္မာဝါယာမကိုဟောတော်မူအပ်သည်ဟု သိအပ်ပါသည်။

{မေး} သမ္မာအာဇီဝ၏ အခြာမဲ့၌။ သမ္မာဝါယာမကို ဟောတော်မူအပ်သည်၏အဖြစ်ကို၊ ပြဆိုအပ်ပြီးသောနည်းအတိုင်းသိအပ်ပါပြီ။ သမာဝါယာမ၏အခြားမဲ့၌။ သမ္မာသတိကိုအဘယ်ကြောင့်ဟောအပ်ပါသနည်း။

{ဖြေ} သမ္မာဒိဋ္ဌိစသော မဂ္ဂင်တရားတို့သည် ဘယ်လိုပင်ဖြစ်ခြင်းငှါထိုက်သော်လည်း။ မေ့လျော့၍ သတိကင်းလွတ်နေပါလျှင်။ စင်စစ်ထိုသမ္မာဒိဋ္ဌိ ကစ၍။ သမ္မာဝါသာမ တိုင်အောင်သော တရားတို့သည် ဖြစ်မှုမရှိနိုင်ပါ။ ဟုတ်မှန်သောတရားတို့ကို တွေးတောအောက်မေ့၍ နေမှသာလျှင်။ ထိုသမ္မာဒိဋ္ဌိအမျိုးရှိသော တရားတို့သည် ကောန်ဖြစ်နိုင်သည်၏ အဖြစ်ကို သိစေတော်မူလိုသောကြောင့်။ သမ္မာဝါယာမ၏အခြားမဲ့၌၊ သမ္မာသတိကိုဟောတော်မူအပ်ပါသည်။

{မေး} သမ္မာဝါယာမ၏ အခြားမဲ့၌၊ သမ္မာသတိကို ဟောတော်မူအပ်သည်၏အဖြစ်ကို ပြဆိုအပ်ပြီးသော နည်းအတိုင်းသိအပ်ပါပြီ။ သမ္မာသတိ၏အခြားမဲ့၌။ သမ္မာသမာဓိကို အဘယ်ကြောင့်ဟောအပ်ပါသနည်း။

{ဖြေ} ဟုဝင်မှန်သောတရားကိုသမ္မာသတိတရားသည်တွေးတောအောက်မေ့နေလျှင်။ ၎င်းသတိနှင့်ယှဉ်သော သမ္မယုတ်စိတ်သည်။ တခြားအာရုံကိုမရောက်ဘဲ၎င်းအာရုံ၌ပင်တည်နေလေတော့သည်။ ထိုသို့တည်နေသည်၏အဖြစ်ကိုထင်ရှားသိစေတော်မူလိုသောကြောင့်။ သမ္မာသတိ၏အခြားမဲ့၌ သမ္မာသမာဓိကိုဟောအပ်ပါသည်။ ဤပြဆိုအပ်သောအစဉ်သည်။ ငါဟုသမုတ်အပ်သော နာမ်ရုပ်အစု ခန္ဓာငါးပါးတရား၌၊ ဖြစ်ပေါ်သောအကြိတရားပေတည်း။ အဋ္ဌကထာ၌မူကား။ ဣမေသုအဋ္ဌသု၊ ဓမ္မေသု၊ ဘဂဝတာ၊ နိဗ္ဗာနဂါမိဂမာယ၊ ပဋိပဒါယ၊ ယောဂိနော၊ ဗဟူပကာရတ္တာ ပဌမံသမ္မာဒိဋ္ဌိ၊ ဒေသိတာ။အယံဟိပညာပဇ္ဇောတော။ ပညာသတ္ထန္တိစဝုတ္တာ။ တသ္မာ။ ဧတာယပုဗ္ဗဘာဂေ။ဝိပဿနာဉာဏသင်္ခါတာယ။ သမ္မာဒိဋ္ဌိယာ။ အဝိဇ္ဇန္ဓကာရံ။ ဝိဒ္ဓံသေတွာ၊ ကိလေသစောရေဃာတေန္တော။ ခေမေနယောဂါဝစရော။ နိဗ္ဗာနံပါပုဏာတိ။တေနဝုတ္တံ၊နိဗ္ဗာနဂါမိနာယပဋိပဒါယ၊ယောဂိနော။ ဗဟူပကာရတ္တာ။ပဌမံသမ္မာဒိဋ္ဌိဒေသိတာတိ။သမ္မာသင်္ကပ္ပေါပန၊ တဿဗဟူပကာရော။တသ္မာတဒနန္တရံဝုတ္တော။ယထာဟိဟေရညိကော၊ဟတ္ထေန။ပရိဝတ္တေတွာ၊စက္ခုနာ၊ကဟာပဏံ၊ဩလောကေန္တော။အယံကူဋောအယံဆေကောတိ။ဇာနာတိ။ဧဝံယောဂါဝစရော။ ပုဗ္ဗဘာဂေ၊ ဝိတက္ကေနဝိတက္ကေတွာ။ဝိတက္ကေတွာ။ဝိပဿနာပညာယ။ဩလောကယမာနော။ဣမေဓမ္မာကာမာဝစရာ။ဣမေဓမ္မာရူပါဝစရာဒယောတိ။ဇာနာတိ။ယထာဝါပနပုရိသေန။ ကောဋိယံဂဟေတွာ။ ပရိဝတ္တေတွာ။ ပရိဝတ္တေတွာ။ ဒိန္နံမဟာရုက္ခံ။တစ္ဆကော။ဝါသိယာ၊ တစ္ဆေတွာ။ ကမ္မေဥပနေတိ။ ဧဝံ။ ဝိတက္ကေနဝိတက္ကေတွာဝိတက္ကေတွာ၊ဒိန္နဓမ္မေ။ယောဂါဝစရော ပညာယ။ဣမေဓမ္မာ၊ကာမာဝစရာ၊ဣမေဓမ္မာရူပါဝစရာတိ။အာဒိနာနယေန။ ပရိစ္ဆိန္ဒိတွာ။ ကမ္မေဥပနေတိ။တေနဝုတ္တံ။ သမ္မာသင်္ကပ္ပေါပန။ တဿဗဟူပကာရော။ တသ္မာ၊ တဒနန္တရံဝုတ္တောတိ။ သွာယံယထာသမ္မာဒိဋ္ဌိယာ။ ဧဝံ၊သမ္မာဝါစာယပိ။ ဥပကာရကော။ ယထာဟ၊ ပုဗ္ဗေခေါ၊ ဂဟပတိ၊ ဝိတက္ကေတွာ။ဝိစာရေတွာ။ ဝါစံဘိန္ဒတီတိ၊ တသ္မာတဒနန္တရံ။ သမ္မာဝါစာဝုတ္တာ။ ယသ္မာပန၊ဣဒဉ္စိဒဉ္စကရိဿာမာတိ။ပဌမံဝါစာယ။သံဝိဒဟိတွာ။လောကေကမ္မန္တေ။ ပယောဇေန္တိ။ တသ္မာ ဝါစာ။ ကာယကမ္မဿ၊ ဥပကာရိကာတိ။ သမ္မာဝါစာယ၊ အနန္တရံ။ သမ္မာကမ္မန္တောဝုတ္တော၊ စတုဗ္ဗိဓံပနဝစီဒုစ္စရိတံ။ တိဝိဓံကာယဒုစ္စရိတံ၊ပဟာယ၊ဥဘယံ။သုစရိတံပူရေန္တဿေဝယသ္မာအာဇီဝဋ္ဌမကသီလံ။ပူရတိ၊နဣတရဿ၊တသ္မာ၊ တဒုဘယာနန္တရံ။

သမ္ပဇာနာအာဝဇ်ဝေါ။ ဝုတ္တော။ ဇေဝံ၊ သုဒ္ဓါဇိဝေန။ ပရိသုဒ္ဓေါမေ အာဇိဝေါတိ။ ဝုတ္တာဝတာပရိတောသံအကတွာ။သုတ္တပမတ္တေန၊ ပိဟာရိတုံ။နယုတ္တံ။ အ ထခေါ။သဗ္ဗတ္ထရိယပတေသု။ဝိရိယမာရဘိတဗ္ဗန္တိ။ ဒဿေတုံ။ တဒနန္တရံ၊ သမ္မာဝါယာမော၊ ဝုတ္တော။တတော။ အာရဒ္ဓဝိရိယေနာပိ။ ကာယာဒိသုစ တူသု။ဝတ္ထူသု။သတိ၊သူပဋ္ဌိတာ၊ကာတဗ္ဗာတိ။ ဒဿနတ္တံ။ တဒနန္တရံ။ သမ္မာသတိဒေသိတာယသ္မာပန။သုပဋ္ဌိတာသတိ။ သမာဓိဿဥပကာရာနု ပကာရာနံဓမ္မာနံဂတိယော။သမန္နေသိတွာ၊ ပဟောတိ။ဧကတ္တာရမ္မဏေ။ စိတ္တံ၊သမာဓါတုံတသ္မာသမ္မာသတိ အနန္တရံသမ္မာသမာဓိ။ဒေသိတောတိ။ ဝေဒိတဗ္ဗောဟူ၍ မိန့်ဆိုအပ်လေသည်။ အနက်သိကြောင်းမြန်မာပြန်ကား၊ အဇ္ဈသု၊ ရှစ်ပါးကုန်သော။ ဣမေသု။ဤဆိုအပ်ကုန်သော။ ဓမ္မေသု၊ မဂ္ဂင်တ ရားတို့တွင်။ဘဂဝတာ၊မြတ်စွာဘုရားသည်၊။နိဗ္ဗာနဂါမိဂမာဂယ။နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့်။ ထိုးထွင်း၍ သိခြင်း အလို့ငှာ။ ပဋိပန္နဿ။ ကျင့်သော၊ယောဂိနော။ယောဂိပုဂ္ဂိုလ်အား။ ဗဟူပကာရတ္တာ။ များသော ကျေးဇူးရှိသည်၏အဖြစ်ကြောင့်။ပဌမံ၊ရှေးဦးစွာ၊ သမ္မာဒိဋ္ဌိ။ သမ္မာဒိဋ္ဌိကို။ ဒေသိတာ။ ဟောတော်မူအပ်၏။ အယံသမ္မာဒိဋ္ဌိ။ ဤသမ္မာဒိဋ္ဌိကို၊ ပညာ ပဇ္ဇောတော၊ပညာသတ္ထန္တိစ။ပညာပဇ္ဇောတော။ ပညာသတ္ထံဟူ၍လည်း ဟိသသ္မာ။အကြင်ကြောင့်။ဝုတ္တံ၊ဟောတော်မူအပ်၏။တသ္မာ။ထိုသို့ဟော တော်မူအပ်သောကြောင့်။ပုဗ္ဗဘာဂေ။မဂ်၏ရှေ့အဘို့၌။ ဝိပဿနာဉာဏ သင်္ခါတာယ။ ဝိပဿနာဉာဏ်ဟုဆိုအပ်သော။ တာယသမ္မာဒိဋ္ဌိယာ၊ ထို သမ္မာဒိဋ္ဌိဖြင့်၊ အဝိဇ္ဇန္ဓကာရံ။ အဝိဇ္ဇာတည်းဟူသောအမိုက်ကို။ ဝိဓမေတွာ ဖျောက်၍၊ ကိလေသစောရေ၊ကိလေသာတည်းဟူသောခိုးသူတို့ကို။ ဃာ တေန္တော သတ်လျက်၊ ခေမေန၊ ကိလေသာတည်းဟူသော။ဘေးမရှိသဖြင့် ယောဂါဝစရော၊ယောဂါဝစရပုဂ္ဂိုလ်သည်။ နိဗ္ဗာနံ၊မီးတဆဲ့တပါးတို့၏ ညှိမ်းကြောင်းဖြစ်သော အသင်္ခတဓါတ်နိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်၏။ တေန၊ထိုကြောင့်။နိဗ္ဗာနဂါမိဂမာယာ။ပ။ဒေသိတာတိ နိဗ္ဗာနဂါမိဂမာယာ။ပ။ ဒေသိတာဟူ၍။ဝုတ္တံ။ဆိုအပ်ပြီ။သမ္မာသင်္ကပ္ပေါပန၊သမ္မာသင်္ကပ္ပသည်ကား တဿာ၊ထိုသမ္မာဒိဋ္ဌိအား။ ယသ္မာအကြင်ကြောင့်။ ဗဟူပကာရော၊ များ စွာကျေးဇူးရှိ၏။တသ္မာ၊ထိုကြောင့်။တဒနန္တရံ၊ထိုသမ္မာဒိဋ္ဌိ၏အခြားမဲ့၌။ သမ္မာသင်္ကပ္ပေါ၊သမ္မာသင်္ကပ္ပကို၊ဝုတ္တော၊ဟောတော်မူအပ်၏။ ဟိ၊ ထိုစ ကားကိုချဲ့ဦးအံ့။ဟေရညိကော။ရွှေပန်းထိမ်သမားသည်။ဟတ္ထေန။ လက် ဖြင့်။ပရိဝတ္တေတွာ၊ပရိဝတ္တေတွာ၊ပြန်လှန်၍၊ပြန်လှန်၍၊ စက္ခုနာ။ မျက်စိ ဖြင့်။ကဟာပဏံ၊အသပြာကို။ဩလောကေန္တော။ကြည့်သည်ရှိသော်။အ

ယံ၊ ဤအသပြာသည်။ ကုဋ္ဌော၊ လိမ်ကောက်သော သပြာဖြစ်၏။ အယံ၊ ဤအသပြာသည်။ ဆေကော၊ မလိမ်မကောက်သောသပြာတည်း။ ဣတိ၊ ဤသို့။ ဇာနာတိယထာ၊ သိသကဲ့သို့။ ဧဝံတထာ၊ ဤအတူ။ ယောဂါဝစရောပိ၊ ယောဂါဝစရပုဂ္ဂိုလ်သည်လည်း။ ပုဗ္ဗဘာဂေ၊ မဂ်မရမှီရှေးအဘို့၌။ ဝိတက္ကေန၊ ဝိတက်ဖြင့်။ ဝိတက္ကေတွာ၊ ဝိတက္ကေတွာ၊ ကြံဆကြံဆ၍။ ဝိပဿနာပညာယ၊ ဝိပဿနာပညာဖြင့်။ ဩလောကယမာနော၊ ရှုသည်ရှိသော်။ ဣမေဓမ္မာ ဤတရားတို့သည်။ ကာမာဝစရာ၊ ကာမာဝစရတရားတို့တည်း၊ ဣမေဓမ္မာ ဤတရားတို့သည်။ ရူပါဝစရာဒယော၊ ရူပါဝစရအစရှိသည့်တို့တည်း။ ဣတိ၊ ဤသို့။ ဇာနာတိ၊ သိ၏။ ပုရိသေန၊ ယောကျ်ားသည်၊ ကောဋိယံ၊ အစွန်၌။ ဂဟေတွာ၊ ကိုင်၍။ ပရိဝတ္တေတွာ၊ ပရိဝတ္တေတွာ၊ ပြန်လှန်ပြန်လှန်၍။ ဒိန္နံ၊ ပေးအပ်သော။ မဟာရုက္ခံ၊ ကြီးစွာသောသစ်ကို။ တစ္ဆကော၊ သစ်ရွေသမားသည်။ ဝါသိယာ ပဲခွက်ဖြင့်။ တစ္ဆေတွာ၊ ရွေ၍။ ကမ္မေ၊ လိုအပ်သောအမှု၌။ ဥပနေတိယထာ၊ ဆောင်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ဝိတက္ကေန၊ ဝိတက်သည်။ ဝိတက္ကေတွာ၊ ဝိတက္ကေတွာ၊ ကြံဆကြံဆ၍။ ဒိန္နဓမ္မေ၊ ပေးအပ်ကုန်သောတရားတို့ကို။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ ကာမာဝစရာ၊ ကာမာဝစရတရားတို့တည်း။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ ရူပါဝစရာ၊ ရူပါဝစရတို့တည်း။ ဣတိအာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့်။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ ကမ္မေ၊ ဝိပဿနာစီးဖြန်းခြင်းအမှု၌။ ဥပနေတိ၊ ဆောင်၏။ တေန၊ ထိုကြောင့်။ သမ္မာသင်္ကပ္ပေါပန၊ ပ။ တဒနန္တရံ ဝုတ္တောတိ၊ သမ္မာသင်္ကပ္ပေါပန၊ ပ။ တဒနန္တရံ ဝုတ္တောဟူ၍။ ဝုတ္တံ ဆိုအပ်ပြီ။ သွာယံ၊ သောအယံသမ္မာသင်္ကပ္ပေါ ထိုသမ္မာသင်္ကပ္ပသည်။ သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိအား။ ဥပကာရကောယထာ၊ ကျေးဇူးပြုတတ်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ၊ သမ္မာဝါစာယပိ၊ သမ္မာဝါစာအားလည်း။ ဥပကာရကော ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ မယာ၊ ငါသည်။ ဝုတ္တဝစနဿ၊ ဆိုအပ်သောစကား၏။ သာဓကံ၊ သက်သေဖြစ်သော။ ယထာဟ ကိံ ဝစနံ၊ အဘယ်သို့သောစကားတော်ကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဆိုတော်မူလေသနည်း၊ ပုဗ္ဗေခေါ ဂဟပတိ၊ ပ။ ဝါစံ ဘိန္ဒတီတိ။ ပုဗ္ဗေခေါ ဂဟပတိ၊ ပ။ ဝါစံ ဘိန္ဒတီတိဟူ၍။ အာဟ၊ ဟောတော်မူပြီ။ တသ္မာ၊ ထိုကြောင့်။ တဒနန္တရံ ထိုသမ္မာသင်္ကပ္ပ၏အခြားမဲ့၌။ သမ္မာဝါစာ၊ သမ္မာဝါစာကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ ဣဒဉ္စဣဒဉ္စ၊ ဤမည်သော ဤမည်သောအမှုကို။ ကရိဿာမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့။ ပဌမံ၊ ရှေ့ဦးစွာ။ ဝါစာယ၊ နှုတ်ဖြင့်။ သံဝိဒဟိတွာ၊ စီရင်၍။ လောကေ၊ လောက၌။ ကမ္မန္တေ၊ အမှုတို့ကို။ ယသ္မာ အကြင်ကြောင့်

ပယောဂေနေ၊ ယှဉ်ကုန်၍။ တည္မ၊ထိုကြောင့်။ သမ္မာဝါစာ။သမ္မာဝါစာ
သည်၊ ကာယကမ္မဿ၊ကာယကံအား။ ဥပကာရိကာ၊ကျေးဇူးပြုတတ်၏
ဣတိတည္မ၊ထိုကြောင့်၊ သမ္မာဝါစာယ၊သမ္မာဝါစာ၏။ အနန္တရံ၊အခြား
မဲ့၌။ သမ္မာကမ္မန္တော၊သမ္မာကမ္မန္တကို၊ ဝုတ္တော၊ ဟောတော်မူအပ်၏။ စ
တုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ဝစီဒုစ္စရိတံ၊ ဝစီဒုစ္စရိုက်ကို။ တိဝိဓံ၊ သုံး
ပါးအပြားရှိသော။ ကာယဒုစ္စရိတံ၊ ကာယဒုစ္စရိုက်ကို၊ ပဟာယ၊ ပယ်
၍။ ဥဘယံ၊နှစ်ပါးသော။ သုစရိတံ၊သုစရိုက်ကို။ပူရေန္တဿဝ၊ပြည့်စေ
သောသူအားသာလျှင်။ အာဇီဝဌမကံ။ အာဇီဝသာလျှင် ရှစ်ခုတို့၏ ပြည့်
ကြောင်းဖြစ်သောသီလသည်။ ယသမာ။ အကြင်ကြောင့်။ပူရေတိ၊ပြည့်စုံ
၏။ဣတရဿ၊ဤမှတပါးသော။သုစရိုက်တရားမပြည့်စုံသောသူအား။ နပူ
ရေတိ၊ မပြည့်စုံ။ တည္မ၊ထိုကြောင့်။တဒုဘယနန္တရံ၊ထိုသမ္မာဝါစာ၊သမ္မာ
ကမ္မန္တတို့၏အခြားမဲ့၌။ သမ္မာအာဇီဝေါ၊သမ္မာအာဇီဝကို။ ဝုတ္တော၊ ဟော
တော်မူအပ်၏။ ဧဝံယထာဝုတ္တနယေန၊အကြင်အကြင်ဆိုအပ်ပြီးသောနည်း
ဖြင့်။ ပရိသုဒ္ဓါဇီဝေန၊စင်ကြယ်ပြီးသော အာဇီဝရှိသောရဟန်းသည်။မေ။
ဝါ၏။ အာဇီဝေါ၊အာဇီဝသည်။ပရိသုဒ္ဓေါ၊စင်ကြယ်ပြီ။ဣသိမနသိကတွာ
ဤသို့နှလုံးသွင်းခြင်းကိုပြု၍။ဧတ္တာဝတာ၊ဤသို့အာဇီဝစင်ကြယ်ကာမျှဖြင့်
ပရိတောသံ၊ ရောင့်ရဲခြင်းကို။ အကတွာ၊မပြု၍။သုတ္တမတ္တေန၊အိပ်ကာမျှ
ဖြင့်သာလျှင်။ဝိဟာရိတုံ၊နေခြင်းငှာ။နယုတ္တံ၊မသင့်။အထခေါ၊ စင်စစ်သော်
ကား။သဗ္ဗဣရိယာ ပထေသု၊ အလုံးစုံသောဣရိယာပုထ်တို့၌။ ဣဒံဝိရိယံ၊
ဤဝိရိယကို။ အာရဘိတဗ္ဗံ၊ အားထုတ်အပ်၏။ ဣတိ၊ဤသို့၊ ဒဿေတုံ၊ပြ
ခြင်းငှာ။တဒနန္တရံ၊ထိုသမ္မာအာဇီဝ၏အခြားမဲ့၌။သမ္မာဝါယာမော၊ သ
မ္မာဝါယာမကို။ဝုတ္တော၊ဟောတော်မူအပ်၏။ တတော၊ ထိုမှ။ အာရဒ္ဓဝိရိ
ယေနာပိ၊အားထုတ်အပ်သောဝိရိယရှိသောရဟန်းသည်လည်း၊ ကာယာ
ဒိသု၊ရုပကာယအစရှိကုန်သော။စတူသု၊လေးပါးကုန်သော။ ဝတ္ထူသု၊ ဝ
တ္ထုတို့၌။ သတိ၊ သတိတရားကို။ သုပ္ပတိဋ္ဌိတာ၊ ကောင်းစွာတင်သည်ကို။
ကာတဗ္ဗာ၊ပြုအပ်၏။ဣတိ။ဤသို့။ဒဿနတ္ထံ၊ပြခြင်းငှာ။တဒနန္တရံ၊ထိုသမ္မာ
ဝါယာမ၏အခြားမဲ့၌။ သမ္မာသတိ၊ သမ္မာသတိကို။ ဒေသိတာ၊ ဟော
တော်မူအပ်၏။ဧဝံ၊ဤသို့၊သုပ္ပတိဋ္ဌိတသတိ၊ကောင်းစွာထင်သော သတိရှိ
သော၊ပုဂ္ဂိုလ်သည်၊သမာဓိဿ၊သမာဓိအား။ဥပကာရာနုပကာရာနံ၊ကျေး
ဇူးရှိသည်၊ကျေးဇူးမရှိသည်ဖြစ်ကုန်သော၊ဓမ္မာနံ၊တရားတို့၏။ဂတိယော၊
ဖြစ်ခြင်းတို့ကို။သမန္နေသိတွာ။ ကောင်းစွာအစဉ်တစိုက်ရှာမှီး၍။ဧကဂ္ဂတာ
ရမ္မဏော၊တခုတည်းသောအာရုံ၌။စိတ္တံ၊စိတ်ကို။ သမာဓါတုံ၊ ထားခြင်းငှာ။

ယသ္မာ၊အကြင်ကြောင့်။ပဟောတိ။စွမ်းနိုင်၏။တသ္မာ။ထိုကြောင့်။သမ်ါသ တိအနန္တ ရံ။သမ္မာသတိ၏အံခြားမဲ့ ၌။သမ္မာသမာဓိ။ သမ္မာသမာဓိကို။ ဒေ သိတာ။ဟောတော်မူအပ်၏။ဣတိ။ဤသို့။ဝေဒိတဗ္ဗော။သိအပ်၏။ ဤသို့ပြ ဆိုအပ်သောအဋ္ဌကထာနည်းအတိုင်းလည်း။သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင်တရား တို့ကို အစဉ်အတိုင်းထား၍ ဟောပြောအပ်သည်ကို မှတ်ယူကြလေ။

{မေး} ဤယခုရှေးဦးစွာဟောတော်မူအပ်သောမဇ္ဈိမာပဋိပဒါတည်း ဟူသော။အရိယအဋ္ဌင်္ဂိကမဂ်သည်။လောကုတ္တရာမဂ်ကိုမရမီ ရှေးအဘို့၌ ကျင့်အပ်သော ဝိပဿနာမဂ်ကိုပြလို၍ ဟောအပ်ပါသလော။ သို့မဟုတ် လောကုတ္တရာမဂ်ကိုရည်၍သာ ဟောအပ်ပါသလော။ ဤမဂ်နှစ်ပါးကို ဘယ် လိုခွဲခြား၍သိအပ်ပါမည်နည်း။

{ဖြေ} လောကီဝိပဿနာတည်းဟူသော ပုဗ္ဗဘာဂမဂ်ကိုရည်၍သာလျှင် ဟောတော်မူအပ်သည်ဟု သိအပ်ပါသည်။

{မေး} အဘယ်ကြောင့်လောကီဝိပဿနာမဂ်ကိုရည်၍ ဟောအပ်သည် ဟုဆိုအပ်ပါသနည်း။

{ဖြေ} ထိုသမ္မာဒိဋ္ဌိအမှူးရှိသောအရိယမဂ်၏အာရုံကိုပြလိုသော အဘ ဘုရားရှင်သည်။ဋ္ဌာနံခေါပနဘိက္ခဝေ။ဒုက္ခံအရိယသစ္စံ။ဇာတိပိဒုက္ခာ။ပေ။ သံ ခိတ္တေနပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာဟူ၍ ဟောတော်မူအပ်သောစကားတော် တို့ကိုမြင်၍။လောကီဝိပဿနာမဂ်ဟုသိအပ်ပါသည်။ အဓိပ္ပါယ်အကျဉ်း ဖြေနည်းမှာ။လောကုတ္တရာမဂ်သည်။နိရောဓသစ္စာနိဗ္ဗာန်တခုတည်းကိုသာ အာရုံပြု၍ဖြစ်၏။သင်္ခါရတရားတို့ကိုအာရုံမပြု။လောကီဝိပဿနာမဂ်သာ လျှင်သင်္ခါရတရားတို့ကိုအာရုံပြုသည်။ ထိုကြောင့်။ ဇာတိပိဒုက္ခာစသော အာရုံတရားသည်။ သင်္ခါရတရား သာလျှင် ဖြစ်သောကြောင့်။ ထိုဇာတိစ သောသင်္ခါရတရားတို့ကိုအာရုံပြု၍ဖြစ်သော။သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ၊ သ မ္မာဝါစာ၊သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊သမ္မာဝါယာမ၊သမ္မာသတိ၊သမ္မာသ မာဓိတည်းဟူသော အရိယမဂ်သည်။ စင်စစ် လောကီ ဝိပဿနာမဂ် သာ လျှင်ဖြစ်သည်ဟုသိအပ်ပါသည်။ဤကားအကျဉ်းအဓိပ္ပါယ်ဖြေနည်းတည်း။

{မေး} လောကုတ္တရာမဂ်ကိုအဘယ်အခါ၌ဘုရားဟောအပ်ပါသနည်း။

{ဖြေ} ဋ္ဌာနံခေါပနဘိက္ခဝေ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ အ ယမေဝအရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ၊ သေယျထိဒံ၊သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ ပ္ပေါ။လ။သမ္မာသမာဓိဟူ၍ဟောတော်မူအပ်သည်ကိုထောက်၍၊ နိရောဓ သစ္စာနိဗ္ဗာန်ကိုအာရုံပြု၍ ရောက်သောမဂ်ကို။ လောကုတ္တရာမဂ်ဟုသိအပ်

ပါသည်။ထိုသို့သိအပ်သောကြောင့်၊ထိုအခါ၌၊လောကုတ္တရာမဂ်ကို ဟော အပ်သည်ဟုသိအပ်ပါသည်။ အဓိပ္ပါယ်အကျဉ်းသိရန်မှာ။ ဘုရားရှင်သည်၊ ဓမ္မစက္ကပဝတ္တနသုတ်၌၊သစ္စါရအာရုံကိုပြပြီး၍၊နောက်အဘို့၌၊နိရောဓသစ္စာနိဗ္ဗာန်ကိုပြတော်မူ၏။ ထိုနောက်၊ ထိုနိရောဓသစ္စာ နိဗ္ဗာန်ကိုအာရုံပြု၍ ရောက်သောအကျင့်သည်၊စင်စစ် လောကုတ္တရာမဂ်၏အဖြစ်ကိုသိစေလိုသောကြောင့်။ဣဒံ ခေါပနဘိက္ခဝေ၊ဒုက္ခနိရောဓဂါမိနီ၊ပဋိပဒါ၊အရိယသစ္စံ။လ။သမ္မာသမာဓိဟူ၍ဟောတော်မူအပ်သည်။ထိုကြောင့်၊နိရောဓသစ္စာနိဗ္ဗာန်အာရုံရှိသောမဂ်ကို၊ လောကုတ္တရာမဂ်ဟု သိအပ်သည်ဟူသော အဓိပ္ပါယ်ကိုအကျဉ်းမှတ်ယူကြလေ။

{မေး} သစ္စါရအာရုံကို အာရုံပြု၍ဖြစ်သော လောကီဝိပဿနာမဂ်ဖြစ်ခိုက်၊ဝိရတီသုံးပါးသည်၊ တပြိုင်နက် တချက်တည်း အဘယ်ကြောင့်ပါပါသနည်း။

{ဖြေ}နိဗ္ဗာန်အာရုံကိုအာရုံပြု၍၊လောကုတ္တရာမဂ်ဖြစ်သောအခါ။အာရုံမပြားဘဲဝိရတီသုံးချက်သည်။ဝိရမိတဗ္ဗဖြစ်သောဒုစရိုက်စေတနာနှင့်တကွသောဆန့်ကျင်ဘက်ကိလေသာတို့ကိုဖျက်ဆီး၍၊ဝိရတီအင်္ဂါပြည့်သလို၊ထိုဝိပဿနာအခိုက်၌လည်း။အာရုံမပြားဘဲ။သစ္စါရအာရုံကို အာရုံပြု၍၊ ဒုစရိုက်စေတနာနှင့်တကွ။ ဆန့်ကျင်ဘက်ကိလေသာတို့ကို ဖျက်ဆီး၍ပါကြသည်သာတည်း။ထိုသို့ပါခြင်းကြောင့်။ဘုရားရှင်သည်။ သစ္စါရအာရုံရှိသောမဂ်ကိုလည်း။အာရိယောအဋ္ဌင်္ဂိကောမဂ္ဂေါဟူ၍ဟောတော်မူအပ်လေသည်။ထိုသို့ဟောတော်မူအပ်သည်ကိုထောက်၍။ ပုဗ္ဗဘာဂမဂ်ဖြစ်သော ဝိပဿနာအခိုက်၌။ ဝိရတီသုံးပါးသည်၊ တပေါင်းတည်းဖြစ်ပါသည်၏အဖြစ်ကိုသိအပ်ပါသည်။

{မေး} လောကီဝိပဿနာအခိုက်၌။ဝိရတီသုံးပါးတပေါင်းတည်းပါသည်၏အဖြစ်ကို။ဤဓမ္မစကြာပါဠိမှာဘပါး၊တခြားပါဠိတော်၌ဟောအပ်ပါသေးသလော။သို့မဟုတ်၊မဟောအပ်ပါသလော၊ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဘုရားရှင်သည်၊ ဤဓမ္မစကြာပါဠိတော်၌သာဟောအပ်သည်မဟုတ်သေး။ဥပရိပဏ္ဏာသပါဠိတော်၊မဟာသဠာယတနသုတ်၌လည်း။ ပုဗ္ဗေဝခေါပနဿ ကာယကမ္မံ။ဝစီကမ္မံ။ အာဇီဝေါသုပရိသုဒ္ဓေါ ဟောတိဟူ၍ဟောတော်မူအပ်သေးသည်ဟုသိအပ်ပါသည်၊မြန်မာပြန်ကား။အသသ၊ထိုယောဂါဝစရပုဂ္ဂိုလ်အား။ ပုဗ္ဗေဝ၊ မဂ်မရရှိ ရှေးဝိပဿနာ အခိုက်၌သာလျှင်။ကာယကမ္မံ၊ကာယကံသုံးပါးသည်။ပရိသုဒ္ဓေါ၊စင်ကြယ်သည်။ဟောတိ၊ဖြစ်၏။ဝစီကမ္မံ၊ ဝစီကံလေးပါးသည်၊ပရိသုဒ္ဓေါ၊စင်ကြယ်သည်။ဟောတိ။

ဖြစ်၏။ အာဇီဝေါ၊အာဇီဝသည်၊သုပရိသုဒ္ဓေါ၊ ကောင်းစွာစင်ကြယ်သည်၊ ဟောတိ ဖြစ်၏။ဤဟောအပ်သောပါဠိတော်စကားရပ်တို့တွင်။ ပုဗ္ဗေဝဟူသောပါဌ်ဖြင့်။လောကုတ္တရာမဂ်၏ ရှေ့အဘို့ကာလဟူသမျှကိုသိစေတော်မူအပ်၏။ကါယကမ္မံ၊ဝစီကမ္မံအာဇီဝေါသုပရိသုဒ္ဓေါဟောတိ ဟူသောပါဌ်တို့ဖြင့်။လောကုတ္တရာမဂ်မရမီ၊ ဝိပဿနာသုံးသပ်ဆင်ခြင်တိုင်းဆင်ခြင်တိုင်းသောကာလ၌။ကာယကံသုံးပါး၊ဝစီကံလေးပါး၊အာဇီဝ၌ရှစ်ပါးသောတရားတို့သည်။စင်ကြယ်၍၊ အာဇီဝဋ္ဌမကသီလ ပါသည်၏အဖြစ်ကို သိစေတော်မူအပ်၏။ထို့ကြောင့်။ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်၊ ငါးပါးကြောင့်ဖြစ်သည်၏အဖြစ်ကိုသိကြလေ။

{မေး} ထိုပြဆိုအပ်သော ပါဠိတော်တို့မှတပါး။ တခြားပါဠိတော်အဋ္ဌကထာများ၌။ဝိပဿနာ ရှုခိုက်။ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်သည်ကိုပြဆိုအပ်သော ကျမ်းဂန်များရှိသေးသည်ကို တွေ့မြင်အပ်ပါသေးသလော။

{ဖြေ} အနိစ္စာနုပဿနာ အဿာသပဿာသာနံ၊ သံဝရဋ္ဌေန သီလဝိသုဒ္ဓိ အဝိက္ခေပဋ္ဌေန စိတ္တဝိသုဒ္ဓိ၊ ဒဿနဋ္ဌေန ဒိဋ္ဌိဝိသုဒ္ဓိ။ ယောတတ္ထ သံဝရဋ္ဌော။ အယံအဓိသီလသိက္ခာ၊ယောတတ္ထ အဝိက္ခေပဋ္ဌော။ အယံအဓိစိတ္တသိက္ခာ။ ယောတတ္ထ ဒဿနဋ္ဌော။ အယံအဓိပညာသိက္ခာ။ ဣမာတိဿော သိက္ခာ ယော၊အာဝဇ္ဇန္တော သိက္ခတိဟူ၍၊ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ဟောတော်မူအပ်သည်ကိုလည်းကောင်း။ နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ၊ မဟာဝဂ်ပဥ္စမသုတ်အဖွင့် နံပါတ်(၁၀၀)မျက်နှာ၌။ ဝေဝေဝခေါတိဧတ္တ၊ ဣမံဩဝါဒသံသန္ဒန်။ အရညေပဝနေ၊စရမာနပုရိသောဝိယဟိ၊ ဒိပက်ရပါဒမူလတော၊ ပဋ္ဌာယ၊ပါရမီသောပူရိယမာနော၊ မဟာပုရိသောဒဋ္ဌဗ္ဗော၊တဿပုရိသဿ။ ပုဗ္ဗဘာဂေဟိ၊မနုဿေဟိ၊ အနုယာတမဂ္ဂဒဿနံဝိယ၊ မဟာသတ္တဿ အနုပုဗ္ဗေန၊ဗောဓိပလ္လင်္ကေ၊နိသိန္နဿ၊ ပုဗ္ဗဘာဂေ၊ အဋ္ဌင်္ဂိကဿဝိပဿနာမဂ္ဂဿ၊ဒဿနံ၊ ပုရိသဿ၊ တံဧကပဒိကမဂ္ဂံ၊ အနုဂစ္ဆန္တော အပရဘာဂေ၊ မဟာမဂ္ဂဒဿနံဝိယ၊ မဟာသတ္တဿ၊ ဥပရိဝိပဿနာယ၊ စိဏ္ဏန္တေ၊ လောကုတ္တရမဂ္ဂဿဒဿနံ၊ ဟူ၍ပြဆိုအပ်သော နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ၊ မဟာဝဂ်ပဥ္စမသုတ်အဖွင့်၌ ပြဆိုအပ်သည်ကိုလည်းကောင်း။တွေ့ဘူးပါသည်။မြန်မာပြန်ကိုအစဉ်အတိုင်းပြအံ့ဦးအံ့။

အဿာသပဿာသာနံ၊ ထွက်သက်ဝင်သက်တို့ကို။အနိစ္စာနုပဿနာ၊အမြဲမရှိဟူ၍။ ရှုနေသော ပုဂ္ဂိုလ်သည်။ သံဝရဋ္ဌေန ၊ကာယ ကံ စ သည် တို့ ကို စောင့်စည်းခြင်းဟူသောသဘောကြောင့်၊သီလဝိသုဒ္ဓိ၊သီလဝိသုဒ္ဓိမည်၏။ အဝိက္ခေပဋ္ဌေန၊ ပျံ့လွင့်ခြင်းမရှိသော သဘောကြောင့်။ စိတ္တဝိသုဒ္ဓိ၊ စိတ္တဝိ

သုဒ္ဓိမည်၏။ ဒဿနဋ္ဌေန၊ ဟုတ်မှန်သော မမြဲသောသဘောကို။ မြင်ခြင်းသဘောသောကြောင့်။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ယော သံဝရဋ္ဌော၊ အကြင်ကာယကံစသည်တို့ကို စောင့်စည်းခြင်းသဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဝိပဿနာရှုခိုက်၊ ကာယကံစသည်တို့ကို။ စောင့်စည်းခြင်းသဘောသည်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာမည်၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ယော အဝိက္ခေပဋ္ဌော၊ အကြင်ပျံ့လွင့်ခြင်းမရှိသောသဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤပျံ့လွင့်ခြင်းမရှိသောသဘောသည်။ အဓိစိတ္တသိက္ခာ၊ အဓိစိတ္တသိက္ခာမည်၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်၊ ယော ဒဿနဋ္ဌော၊ အကြင်မမြဲသည်ကို ဟုတ်တိုင်းမှန်စွာမြင်တတ်သောသဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဟုတ်တိုင်းမှန်စွာမြင်တတ်သောသဘောသည်။ အဓိပညာသိက္ခာ၊ အဓိပညာသိက္ခာမည်၏။ ဣမာ၊ ဤဆိုအပ်ကုန်ပြီးသော။ တိဿော၊ သုံးပါးကုန်သော။ သိက္ခာယော သိက္ခာတို့ကို။ အာဝဇ္ဇန္တော၊ ဆင်ခြင်လျက်။ သိက္ခတိ၊ ကျင့်၏။ ဤကား ပဋိသမ္ဘိဒါမဂ်ပါဠိတော်၏ မြန်မာပြန်တည်း။ အဓိပ္ပါယ်အကျဉ်းကား။ ထွက်သက်ဝင်သက်ကို အနိစ္စဟု ဝိပဿနာဉာဏ်ဖြင့်ရှုနေသောပုဂ္ဂိုလ်သည်။ ထိုဝိပဿနာဉာဏ်ဖြစ်ခိုက်၊ ကာယကံ၊ ဝစီကံတို့ကို စောင့်စည်းခြင်းသည်ဖြစ်၏။ ထိုအခိုက်၊ ၎င်းစောင့်စည်းခြင်းကိုဖြစ်စေတတ်သော။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ။ သမ္မာအာဇီဝတရားတို့သည်။ သီလဝိသုဒ္ဓိလည်းမည်၏။ ဝိပဿနာနှင့်ယှဉ်သော သီလအကျင့်ဖြစ်သောကြောင့်။ ပကတိ သီလအကျင့်တို့ထက် လွန်ကဲသော အကျင့်ဖြစ်၏။ ထိုကြောင့်။ အဓိသီလသိက္ခာလည်းမည်၏။ ထိုထွက်သက်ဝင်သက်ကို။ အနိစ္စရှုနေသောပုဂ္ဂိုလ်သည်။ ထိုဝိပဿနာအခိုက်။ တခြားအာရုံသို့ ပျံ့လွင့်ခြင်းမရှိဘဲ၊ ၎င်းအာရုံ၌ပင်တည်နေ၏။ ထိုအာရုံ၌ မပျံ့မလွင့် တည်နေသော သမာဓိသည်။ စိတ်ကို ကိလေသာမှစင်ကြယ်စေတတ်သောကြောင့်၊ စိတ္တဝိသုဒ္ဓိလည်းမည်၏၊ ဝိပဿနာဉာဏ်နှင့် ယှဉ်သော သမာဓိအကျင့်ဖြစ်သောကြောင့်။ ပကတိသမာဓိအကျင့်တို့ထက် လွန်ကဲသောအကျင့်ဖြစ်၏။ ထိုကြောင့်၊ ၎င်းသမာဓိအကျင့်သည်၊ အဓိစိတ္တသိက္ခာမည်၏။ ထိုထွက်သက်ဝင်သက်ကို။ အနိစ္စဟုရှုမြင်နေသောပုဂ္ဂိုလ်သည်။ ထိုအခိုက်။ ဟုတ်တိုင်းမှန်စွာပညာဖြင့်မြင်ခြင်းသည်ဖြစ်၏။ ထိုရှုမြင်တတ်သောပညာသည်။ မမြဲသည်ကို မြဲသည်ဟူ၍ ဖောက်ပြန်၍ရှုတတ်သောမိစ္ဆာဒိဋ္ဌိတို့မှ။ စင်ကြယ်သောကြောင့်။ ဒိဋ္ဌိဝိသုဒ္ဓိသည်းမည်၏။ ထိုဒိဋ္ဌိဝိသုဒ္ဓိသည်ပင်လျှင်။ လွန်ကဲသော အကျင့်ဖြစ်သောကြောင့်။ အဓိပညာသိက္ခာလည်းမည်၏။ ထိုသို့ အနိစ္စကိုရှုခိုက်။ အဓိသီလသိက္ခာ။ အဓိစိတ္တသိက္ခာ။ အဓိပညာသိက္ခာတည်းဟူသော

သိက္ခာသုံးပါးအကျင့်နှင့်ပြည့်စုံသည့်ကို နှလုံးသွင်းလျက်၊ နှလုံးသွင်းလျက်။ ထိုသိက္ခာသုံးပါးအကျင့်ကိုကျင့်ကြလေသည်ဟူသောအဓိပ္ပါယ်ကိုသိစေသည်။ထိုကြောင့်၊သိက္ခာသုံးပါးပြည့်စုံလျှင်လည်း။ထိုဝိပဿနာအခိုက် မဂ္ဂင်ရှစ်ပါးပြည့်စုံသည်၏အဖြစ်ကို သိအပ်ကြသည်သာလျှင်တည်း။ ဤကား။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၏အဓိပ္ပါယ်တည်း။

ဧဝမေဝခေါတိဧတ္ထ။ဧဝမေဝခေါဟူသောပါဌ်၌။ဣဒံ၊ဩပမ္မသံသန္ဒနံ။ဤဥပမာ၏နှိုင်းနှောခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ဝါ။ကာတဗ္ဗံ၊ ပြုအပ်၏။ ဟိ။ ထိုစကားကိုထင်စွာပြဦးအံ့။အရညေ၊ကြီးစွာသောတောအုပ်ဖြစ်သော။ပဝနေ တော၌။ စရမာနပုရိသောဝိယ၊ခရီးသွားယောကျ်ားကဲ့သို့။ ဒီပင်္ကရပါဒမူလတော၊ဒီပင်္ကရာဘုရားခြေတော်ရင်းမှ။ပဋ္ဌာယစ၍။ပါရမိယော၊ပါရမီတော်တို့ကို။ ပူရိယမာနော၊ ဖြည့်ကျင့်တော်မူပြီးသော။ မဟာပုရိသော၊ မြတ်သောယောကျ်ားကို။ဒဋ္ဌဗ္ဗော။ရှုအပ်၏။ဝါ။ မှတ်အပ်၏။ တဿပုရိသဿ၊ ထိုတော၌သွားသောယောကျ်ား၏။ ပုဗ္ဗကေဟိ၊ ရှေး၌ဖြစ်ကုန်သော။ မနုဿေဟိ၊ လူတို့သည်။ အနုယာတမဂ္ဂဒဿနံဝိယ၊ အစဉ်တစိုက်သွားအပ်သောလမ်းခရီးကိုမြင်သကဲ့သို့။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ဗောဓိပလ္လင်္ကေ၊ ဗောဓိပလ္လင်၌။ နိသိန္နဿ၊ နေတော်မူသော။ မဟာသတ္တဿ၊ ဘုရားလောင်း၏။ ပုဗ္ဗဘာဂေ၊ လောကုတ္တရာမဂ်မရမီရှေးအဘို့၌။ အဋ္ဌင်္ဂိကဿ။ အင်္ဂါရှစ်ပါးရှိသော။ ဝိပဿနာမဂ္ဂဿ၊ ဝိပဿနာမဂ်ကို။ ဒဿနံ၊ မြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ပုရိသဿ၊ တော၌ခရီးသွားသောယောကျ်ား၏။ တံဧကပဒိကမဂ္ဂံ၊ ထိုခြေကြောင်းခရီလမ်းကို။ အနုဂစ္ဆန္တော၊ အစဉ်တစိုက်သွားသည်ရှိသော်။ အပရဘာဂေ၊ နောက်အဘို့၌။ မဟာမဂ္ဂဒဿနံဝိယ၊ လမ်းမကြီးကို။ဝါ။ကြီးကျယ်သောလမ်းမကို။ ဒဿနံဝိယ၊ မြင်သကဲ့သို့။ မဟာသတ္တဿ၊ဘုရားလောင်း၏၊ ဥပရိ၊အထက်၌။ ဝိပဿနာယ၊ ဝိပဿနာကို။ ဝါ။ ဝိပဿနာဉာဏ်ရှေ့သွားရှိသော အဋ္ဌင်္ဂိကမဂ်ကို။ စိဏ္ဏတ္တာ၊ ပွားများလေ့လာသည်ရှိသော်။ လောကုတ္တရမဂ္ဂဿ၊ လောကုတ္တရာမဂ်ကို။ ဒဿနံ၊ ဒိဋ္ဌတွေ့မြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာပါဠ်၏မြန်မာပြန်တည်း။အဓိပ္ပါယ်အကျဉ်းမှတ်ရန်မှာ။ တော၌ ခရီးသွားယောကျ်ားသည်။ ရှေးလူတို့၏ အစဉ်သွားရာ ခြေကြောင်း လမ်းငယ်ကိုမြင်၍။ထိုလမ်းကိုအစဉ်လျှောက်သွားလျှင်၊ လမ်းမကြီးကိုမြင်ခြင်းသို့ရောက်လေသကဲ့သို့။ထိုအတူ၊ ဘုရားလောင်းသည်လည်း။ ဗောဓိပင်ရင်း၌နေတော်မူသောအခါ။ရှေးဘုရားတို့သွားရာလမ်းဖြစ်သော။ဝိပဿနာ အ

ဌင်္ဂိကမဂ်ကို၊ လေ့လာပွားများဘန်များလျှင်။ လမ်းမကြီးနှင့်တူသော၊ လောကုတ္တရာလမ်းကို။ ဒိဋ္ဌတွေ့မြင်တော့သည်ဟူသောအဓိပ္ပါယ်ကိုသိစေတော်မူလေသည်။ ထိုကြောင့်။ ဝိပဿနာအဋ္ဌင်္ဂိကမဂ်၏ ပုဗ္ဗဘာဂမဂ်ဖြစ်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။ ထိုသို့သိကြလျှင်လည်း၊ ဤ ဓမ္မစက္ကပဝတ္တနသုတ်၌ ရှေဦးစွာဟောတော်မူအပ်သော။ အရိယောအဋ္ဌင်္ဂိကမဂ်ကို။ ရှေးအဘို့၌ဖြစ်သော ဝိပဿနာမဂ်ဟူ၍သိထိုက်ကြသည်သာလျှင်တည်း။ တနည်း။ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်ပုံကို ထင်ရှားသိသာရန်ပြဦးအံ့။ ဒေသကဖြစ်တော်မူသော ဂေါတမဘုရားရှင်သည်၊ ပဉ္စဝဂ္ဂီရဟန်းငါးဦးနှင့်။ တဆဲ့ရှစ်ကုဋေ့သောဗြဟ္မာ။ မရေမတွက်နိုင်သောနတ်တို့အား။ ဓမ္မစက္ကပဝတ္တနသုတ်ကို။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံအရိယသစ္စံ။ ဇာတိပိဒုက္ခာစသည်ဖြင့်။ ဟောတော်မူသောအခါ၊ တရားနာကြကုန်သော။ ကောဏ္ဍညအမှူးရှိသောပဉ္စဝဂ္ဂီ ငါးယောက်နှင့်တကွ အလုံးစုံသော နတ်ဗြဟ္မာတို့၏ ခန္ဓာ၌။ ထိုဇာတိဒုက္ခစသောတရားတို့ကို၊ နာတိုင်းနာတိုင်း။ အသိဉာဏ်သည်၊ ဖြစ်မဖြစ်ကိုဆင်ခြင်စဉ်းစားကြလေ။ ထိုသို့ဆင်ခြင်စဉ်းစားကြလျှင် ဧကန်အသိဉာဏ်၏ဖြစ်သည့်၏အဖြစ်ကို ထင်ရှားသိကြလိမ့်မည်။ ထိုသို့ သိသောဉာဏ်သည်၊ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဟုတ် မဟုတ်ကို ဆင်ခြင်ကြည့်ကြလေ။ ထိုအခါ သမ္မာဒိဋ္ဌိဉာဏ် ဟုတ်သည့်၏အဖြစ်ကို သိကြလိမ့်မည်။ ထိုသမ္မာဒိဋ္ဌိဉာဏ်ဖြစ်ခိုက်။ သမ္မာသင်္ကပ္ပတရား ပါ မပါကို ဆင်ခြင်ကြည့်ကြလေ။ ထိုအခါ ဧကန် ပါမှန်းကိုသိကြလိမ့်မည်။ ထိုတရားနာသောပဉ္စဝဂ္ဂီအမှူးရှိသောနတ်ဗြဟ္မာတို့ခန္ဓာ၌။ ၎င်းသမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတရားဖြစ်လျှင် ၎င်းတရားနာသောသူတို့၏စိတ်၌။ အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ စသောကိလေသာတို့ကင်းလွတ်၍စင်ကြယ်သည့်ကိုဆင်ခြင်ကြည့်လျှင်သိကြလိမ့်မည်။ ထိုသို့ စိတ်စင်ကြယ်လျှင်၊ ဝစီကံ စင်ကြယ်၊ မစင်ကြယ်။ ကာယကံ စင်ကြယ် မစင်ကြယ်ကို ဆင်ခြင်၍ကြည့်ကြလေ။ ထိုသို့ ဆင်ခြင်၍ကြည့်လျှင် ဝိပဿနာအခိုက်၌။ ဝစီကံစင်ကြယ်မှု၊ ကာယကံစင်ကြယ်မှု၊ အသက်မွေးမှုနှင့်စပ်၍။ ကာယကံ ဝစီကံနှစ်ပါး စင်ကြယ်မှုရှိသည်ကို သိကြလိမ့်မည်၊ ထိုသို့စင်ကြယ်မှုသည် အဘာသ်တရားအတွက်စင်ကြယ်သနည်းဟု ဆင်ခြင်လျှင်။ ထိုဝိပဿနာအခိုက်။ သမ္မာဝါစာသည်၊ နှုပ်ကိုသိမ်းဆည်းခြင်းကိုပြုလုပ်မှု။ သမ္မာကမ္မန္တသည်၊ ကာယကံကိုကောင်းစွာဖြစ်စေမှု။ သမ္မာအာဇီဝသည်၊ အသက်မွေးမှုနှင့်စပ်၍။ ကာယကံ ဝစီကံကို စင်ကြယ်စေမှုကို ထင်ရှားသိကြလိမ့်မည်။ ထိုသို့သိကြလျှင်၊ ထိုအခါ။ ဝိရတီသုံးပါးသည်။ တပေါင်းတည်းဖြစ်မှန်းကိုသိကြလိမ့်မည်။ ထိုအခိုက်။ သမ္မာဝါယာမ၊ သမ္မာသတိ။

သမ္မာသမာဓိတရားတို့ ပါမပါကိုဆင်ခြင်၍ကြည့်ကြလေ။ ထိုအခါ၊ ၎င်းတရားကိုလည်း ဧကန်ပါမှန်းကိုသိကြလိမ့်မည်။ ထိုသို့သိကြလျှင်၊ ဘုရားရှင်ဟောတော်မူအပ်သော ဝိပဿနာအရိယမဂ် မဇ္ဈိမာပဋိပဒါအကျင့်ကို မှီဝဲရာရောက်သည်ကိုမုချသိနိုင်ကြလိမ့်မည်။ ထိုသို့သိကြလျှင်၊ တရားနာသောကောဏ္ဍညအမျိုးရှိသောနတ်ဗြဟ္မာအား၊ တရားနာတိုင်းနာတိုင်း။ ဓာတိစသော သင်္ခါရဒုက္ခတို့ကို အာရုံပြု၍၊ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်သည်၏အဖြစ်ကို၊ မုချသိကြလိမ့်မည်။ ထိုကဲ့သို့အစဉ်အတိုင်း တရားနာကြ၍၊ နိရောဓသစ္စာ နိဗ္ဗာန်ကိုပြသဟောတော်မူသောအခါ၌၊ မဂ်ဖြစ်ထိုက်သောတရားနာသောသူတို့သည်။ နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြု၍၊ ထိုးထွင်းသိမြင်ကြလိမ့်မည်။ ထိုသို့ထိုးထွင်း၍သိမြင်သောအခါ၌လည်း။ နိရောဓသစ္စာကိုအာရုံပြု၍ရောက်သော၊ သမ္မာဒိဋ္ဌိအမျိုးရှိသော အရိယအဋ္ဌင်္ဂိကမဂ်သည် ဧကန်ဖြစ်မှန်းကိုသိကြလိမ့်မည်။ ထိုတရားနာသောသူတို့၌ဖြစ်သော၊ နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော အဋ္ဌင်္ဂိကမဂ်ကို။ လောကုတ္တရာမဂ်ဟုသိနိုင်ကြသည် သာတည်း။ ထို့ကြောင့်၊ ရှေ့အဘို့၌ ဟောတော်မူအပ်သော မဇ္ဈိမာပဋိပဒါအကျင့်ဖြစ်သော၊ အရိယအဋ္ဌင်္ဂိကမဂ်သည်။ စင်စစ်သင်္ခါရအာရုံရှိသော လောကီမဂ်ဖြစ်သည်၏အဖြစ်ကိုလည်းကောင်း၊ ၎င်းလောကီမဂ်၌။ ဝိရတီသုံးပါးသည်။ အာရုံမပြားဘဲ။ ဝိရမိတဗ္ဗဖြစ်သော၊ ဒုဿီလစေတနာနှင့်တကွ ကိလေသာတို့ကိုဖျက်ဆီး၍ တပေါင်းတည်းဖြစ်၍ပါရှိသည်ကိုလည်းကောင်း။ ဤကပြဆိုသောနည်းအတိုင်းသိကြသော်၊ ရှေ့ဦးအစကောဏ္ဍညအမျိုးရှိသော ပဉ္စဝဂ္ဂီအမျိုးရှိသောနတ်ဗြဟ္မာတို့၌သာ တရားနာဆဲအခါ ဟုတ်မှန်သောသဘောတရားတို့ကိုသိတိုင်း သိတိုင်း၊ သမ္မာဒိဋ္ဌိအမျိုးရှိသောဝိပဿနာမဂ်အခိုက်၊ လောကုတ္တရာမဂ်အခိုက်၌၊ သမ္မာဒိဋ္ဌိဖြစ်လျှင်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟု ဆိုအပ်သော သီလသည် တပေါင်းတည်းဖြစ်၍ပါသည်ကို သိအပ်သည် မဟုတ်လော။ ဘုရားရှင်လက်ထက်က ပန်းဘိုးရှစ်သပြာအနက်၊ နေ့စဉ် ပန်းဘိုးလေးသပြာစီ ခိုးယူနေသော ခုဇ္ဇုတ္တရာသည်။ တနေ့သ၌ ပန်းသည်အိမ်၌ တရားနာသောအခါ။ ဘုရားရှင်၏တရားတော်ကိုနာရ၍၊ သောတာပန်တည်လေ၏။ ထိုခုဇ္ဇုတ္တရာသူခိုးမသည်၊ တရားနာရခင်က သီလမရှိပါဘဲလျက်၊ တရားနာရသောအခါ ၎င်းခုဇ္ဇုတ္တရာ၌၊ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြစ်သည်ကစ၍။ လောကုတ္တရာမဂ်ဖြစ်သည်တိုင်အောင် အရိယအဋ္ဌင်္ဂိကမဂ်ဖြစ်၍၊ ဝိရတီသီလပါသေသည်သာတည်း။ ထိုပြင်သာဝတ္ထိပြည်၌၊ ဘုရားရှင်သည်တရားဟောရာ၌ အထုပ်ဖြေသူခိုးဟု ဆိုအပ်သော၊ ယခုအခါ ခါးပိုက်နှိုက်ဟုခေါ်ဆိုအပ်သော

သူခိုးနှစ်ယောက်တို့တွင်၊ တယောက်သောသူခိုးသည်၊ ထိုပရိသတ်ထဲ၌။ ခိုးမှုကိုမပြုဘဲ၊တရားနားသောကြောင့်သောတာပန်တည်လေ၏။တယောက်ကား ခိုးမှုကိုပြု၍၊ပိုက်ဆံငါးပဲရလေ၏။ထိုသောတာပန်တည်သောသူခိုးခန္ဓာ၌၊ တရားမနာရမှီ ရှေးအဘို့က၊သီလမရှိပါဘဲလျက်။ တရားနာ၍ ဝိပဿနာမဂ်ဖြစ်တိုင်းဖြစ်တိုင်း၌၊ အရိယအဋ္ဌင်္ဂိကမဂ်ဖြစ်လျက်၊လောကုတ္တရာမဂ်တိုင်အောင် ဖြစ်ရှိလေသည်သာတည်း။ ထိုမှတပါး သန္တတိအမတ်ကြီးသည်။ ရှင်ဘုရင်ထံမှ ခုနှစ်ရက်မင်းပြုခွင့်ကိုရ၍။ကချေသည်မတယောက်ကို ကစေ၍။ ပျော်မွေ့နေရာ၊ ၎င်းကချေသည်မ သေဆုံးခြင်းကြောင့်။သောကမီးလောင်၍၊ဘုရားထံသို့သွားရောက်တရားနာလေလျှင်။ ဟုတ်မှန်သောတရားကို အသိဉာဏ်ဖြစ်လေ၏။ ထိုသို့ဟုတ်မှန်သော တရားကိုသိသောဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြစ်သည်ကစ၍။ လောကုတ္တရာမဂ် ဖြစ်သည့်တိုင်အောင်၊ ရှေးကသီလမရှိဘဲလျက် သမ္မာဒိဋ္ဌိပညာကြောင့်ပင်၊ ဝိရတီသီလတို့ တပေါင်းတည်းဖြစ်၍ပါပြီးလျှင် ရဟန္တာဖြစ်လေ၏။ ထိုသို့ဖြစ်ပါသည်ကို၊ သဗ္ဗညုတဉာဏ်တော်ဖြင့် မြင်တော်မူ၍။ သုတ်သီလက္ခန် ပါဠိတော်သောဏဒဏ္ဍသုတ်၌ပညာပရိဓောတံသီလံဟူသောစကားတော်ကိုလည်းကောင်း။ယတ္ထပညာ၊တတ္ထသီလံဟူသောစကားတော်ကိုလည်းကောင်း။ပညာဝဓောတသီလံဟူသောစကားတော်ကိုလည်းကောင်းဟောတော်မူအပ်လေသည်။မြန်မာပြန်ကား သီလံ၊ သီလကို။ပညာပရိဓောတံ၊ဝိပဿနာပညာမဂ်ပညာသည် ဆေးကြောသုတ်သင်အပ်၏။ယတ္ထ၊ယသ္မိံ ပုဂ္ဂလေ၊အကြင်ပုဂ္ဂိုလ်၌။ ပညာ၊ဝိပဿနာပညာ၊လောကုတ္တရာမဂ်ပညာသည်။အတ္ထိ၊ရှိ၏။ တတ္ထ၊တသ္မိံ ပုဂ္ဂလေ၊ ထိုဝိပဿနာပညာ မဂ်ပညာရှိသောပုဂ္ဂိုလ်၌။သီလံ ကိုယ်နှုတ်နှစ်ပါးစင်ကြယ်သောသီလသည်လည်း။အတ္ထိ ရှိ၏။ပညာဝဓောတ ဝိပဿနာပညာ လောကုတ္တရာမဂ်ပညာရှိသော သူအား။ သီလံ၊ ကိုယ်နှုတ်နှစ်ပါးစင်ကြယ်သော သီလသည်။ အတ္ထိ၊ရှိ၏။ ဤကားမြန်မာပြန်တည်း။ ဤသို့ဟောတော်မူအပ်သည်ကိုထောက်၍၊သန္တတိအမတ်စသော သီလမရှိသော သူတို့၌။ တရားနာသောအခါ၌၊ ဝိပဿနာပညာ ဖြစ်သည်ကစ၍ လောကုတ္တရာမဂ်တိုင်အောင်၊သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝသီလသည်။ ဝိပဿနာပညာ မဂ်ပညာတို့ကြောင့်၊ တပြိုင်နက်ပါရှိသည်၏အဖြစ်ကိုသိကြလေ။ ထိုသို့သိစေတော်မူလိုသောကြောင့်၊ ၎င်းသုတ်ကိုဖွင့်အပ်သောအဋ္ဌကထာ၌ရှင်သည်။ကျမ်းနံပါတ်(၂၃၀)မျက်နှာ၌။သသပနအဘ္ဘန္တရေသီလသံဝရောနတ္ထိ။ ဥဿန္နိတညုတာယ။ ပန၊ စတုပ္ပဒိကဂါထာပရိယောသာနေ ပညာယသီလံ ဓောဝိတွာ။ သဟပဋိသမ္ဘိဒါဟိ အရဟတ္တံ

ပါပုဏာတိ၊ အယံပညာယသီလံ ခေါဝတိနာမ။ သေယျထာပိ သန္တတိမ ဟာမတ္တော။ လ။ ဝိပဿနာပညာယပဋ္ဌာယ။ ပညာနိယျာတိတာတိ၊ ဟူ၍ ပြဆိုတော်မူအပ်လေသည်။ အနက်သိကြောင်းမြန်မာပြန်ကား။ ယသ္မာပန။ အကြင်သူ၏ကား။ အဇ္ဈတ္တ ရေ၊ အတွင်း၌။ သီလသံဝရော၊ သီလကိုစောင့် စည်းခြင်းသည်။ နတ္ထိ၊ မရှိ။ ပနတထာပိ၊ ထိုသို့ပင် သီလကိုစောင့်စည်းခြင်းမ ရှိသော်လည်း။ ဥဿုခ္ခိတညုတာယ။ ဥဿုခ္ခိတညုဖြစ်သည့်၏အဖြစ်ကြောင့်။ စတုပ္ပဒိကဂါထါပရိယောသါနေ၊ လေးပါဒရှိသောဂါထါ၏အဆုံး၌။ ပညါ ယပညါဖြင့်။ သီလံ၊ သီလကို။ ဓေါဝိတွါ၊ ဆေးကြော၍ ပဋိသမ္ဘိဒါဟိ၊ ပဋိသ မ္ဘိဒါတို့နှင့်။ သဟ၊ တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိ၊ ရောက်၏ အယံ၊ ဤပုဂ္ဂိုလ်သည်။ ပညာယ၊ ပညာဖြင့်၊ သီလံ၊ သီလကို။ ဓေါဝတိနာမ ဆေးကြောသေါသူမည်၏။ သေယျထာပိ၊ အဘယ်သူကဲ့သို့နည်းဟူမူကား။ သ န္တတိမဟာမတ္တေါယထာ၊ သန္တတိအမတ်ကြီးကဲ့သို့တည်း။ ပ။ ဝိပဿနာပ ညာတော၊ ဝိပဿနာပညာမှ။ ပဋ္ဌာယ၊ စ၍။ ပညာ။ သီလကိုသုတ်သင်တတ် သောပညာကို။ နိယျာတိတာ၊ ထုတ်ဆောင်တော်မူအပ်၏။ ဇာတိ၊ ဤသို့။ ဝေ ဒိတဗ္ဗာ၊ သိအပ်၏။ ဤသို့ပြဆိုအပ်သောအဋ္ဌကထာပါဠ်တို့တွင်။ ယသ္မာပနအ ဇ္ဈတ္တ ရေ၊ သီလသံဝရောနတ္ထိဟူသောပါဠ်တို့ဖြင့်။ သီလ စောင့်စည်းခြင်း မ ရှိသော။ ချစ်ခြွေရေး၊ အထုတ်ဖြေသူခိုး။ငါးမျှားနေသောအရိယမည်သောသူ ယစ်မူးနေသောသန္တတိအမတ်စသော သီလမစောင့်စည်းသော သူဟူသ မျှကို သိစေတော်မူအပ်၏။ ဥဿုခ္ခိတညု တာယပန၊ စတုပ္ပဒိကဂါထာ ပရိယောသာနေ၊ ပညာယသီလံ ဓောဝိတွာ၊ ပဋိသမ္ဘိဒါဟိအရဟတ္တံပါပု ဏာတိဟူသောပါဠ်တို့ဖြင့်။ ဥဿုခ္ခိတညုပုဂ္ဂိုလ်ဖြစ်၍၊ ဂါထာအဆုံး၌၊ ပဋိ သမ္ဘိဒါလေးပါးနှင့် ပြည့်စုံသော ရဟန်းတာဖြစ်သော။ သန္တတိအမတ်ကို ထုတ်ဆောင်မှုသည်။ ပဓါနနည်းဖြင့်သာပြဆိုမှုဖြစ်သည်၊ ချစ်ခြွေရာသည့် ရဟန္တာမဟုတ်။ သောတာပန်အရိယ ငါးမျှားသမား အထုတ်ဖြေသူခိုးတို့ သည်၊ သောတာပန်ဖြစ်ကြသည်။ ထိုသူတို့လည်း၊ ပညာဖြင့် သီလကိုဆေး ကြော၍။ တရားနာတိုင်းနာတိုင်း၊ ဝိပဿနာအခိုက်တိုင်းအခိုက်တိုင်း၌။ သ မ္မာဒိဋ္ဌိသမ္မာသင်္ကပ္ပဖြစ်လျှင်၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝသီလ တို့သည် ပါလေသည်သာတည်း။ ခါးပိုက်နှိုက် အထုတ်ဖြေသူခိုးနှင့်၊ အရိ ယာမည်သော ငါးမျှားသားသည်။ ပဋိသမ္ဘိဒါနှင့်မပြည့်စုံသော သောတာ ပန်တို့သာလျှင်တည်း။ ထို့ကြောင့်၊ အဋ္ဌကထာ၌ပြဆိုမှုသည်၊ ပဓါနနည်းဖြင့်သာ ပြဆိုလေသည်၊ စင်စစ်မှာ၊ ဥဿုခ္ခိတညုပုဂ္ဂိုလ်ဖြစ်စေ။ ဥဿုခ္ခိတညုပုဂ္ဂိုလ် မဟုတ်သောသူဖြစ်စေ။ ရဟန္တာဖြစ်သောသူဖြစ်စေ။ ရဟန္တာ ဖြစ် မှုရှိ

သောသူဖြစ်စေ။ဝိပဿနာဉာဏ်ဖြစ်ခိုက်တိုင်း၌။ သိလပါရှိမှုကိုသာ ရည်၍ ဘုရားဟောတော်မူလေသည်ဟုမှတ်ယူကြလေ။ သိလကိုသုဓ်သင်သော ပညာကို၊ ဘုရားရှင်သည်။ ဝိပဿနာပညာကာစ၍၊ လောကုတ္တရာမဂ်ပညာ တိုင်အောင်။ ထုဘ်ဆောင်မှုကို၊ အဓ္ဓတ္တာရှင်သိစေတော်မူလေသည်။ အကျယ်ကိုလိုလျှင်။ သောဏဒဏ္ဍသုတ်၌ ကြည့်ယူကြလေ။ ဤသို့ ဟောတော်မူအပ်သည်ကိုထောက်လျှင်။ကောဏ္ဍညအမျှုးရှိသော ပဉ္စဝဂ္ဂိတို့နှင့် တဆဲ့ခုနစ်ကုဋေသော ဖြဟ္မာ။ မရေတွက်နိုင်သော၊ တရားနာသောနတ်တို့၌ ဓာတိဒုက္ခစသော တရားတော်ကို နာတိုင်းနာတိုင်း။ အရိယအဋ္ဌင်္ဂိကဝိပ သာနာမဂ်ဖြစ်သည်ကို ဘင်ရှားသိကြလေကုန်။ဤမျှဖြင့် မဇ္ဈိမာပဋိပဒါသမ္မာ ဒိဋ္ဌိအမျှုးရှိသော။ ဝိပဿနာအရိယမဂ္ဂင်တို့သည်။ ဝိပဿနာရှုရာ၌၊ အာရုံ မပြားခြင်းကြောင့်။ တပေါင်းတည်းဖြစ်ပုံကိုဘော်ပြချက်ပြီး၏။

{မေး} ထိုဝိရတိစေတသိက်တို့သည်။ဝိပဿနာအခိုက်၊လောကုတ္တရာ မဂ်အခိုက်၌၊အာရုံမပြားခြင်းကြောင့်၊တပေါင်းတည်းဖြစ်ပါပုံကိုသိရပါပြီ အဘယ်အခါ၌ကား ၎င်းဝိရတိစေတသိက်တို့သည်။ တပေါင်းတည်းမဖြစ် ဘဲ။အသီးအသီးဖြစ်ပါသည်ကိုသိအပ်ပါမည်နည်း။

{ဖြေ} သိလကိုခံယူဆောက်တည်သောအခါတို့၌လည်းကောင်း။ လွန် ကျူးထိုက်သော ဝိတက္ကမဝတ္ထုတို့နှင့် တွေ့ကြုံသောအခါ။ မလွန်ကျူးဘဲ ရှောင်ကြည်သောအခါတို့၌လည်းကောင်း။ ထို ဝိရတိစေတသိက်တို့သည်။ တပေါင်းတည်းဖြစ်မှုမရှိဘဲ။အသီးအခြားတပါးစီသာဖြစ်ကြပါသည်ဟု သိ အပ်ပါသည်၊ထိုအဖြေကိုထင်ရှားသိအောင်ပြဆိုဦးအံ့။အကြင်အခါ၊ခြင်စ သောသတ္တဝါစသည်တို့ကို၊အသက်မွေးမှုနှင့်မစပ်ဘဲ သတ်ခဲ့အံ့။ထိုအခါ မိစ္ဆာကမ္မန္တသမ်္မလဖြစ်၏၊ ထိုကဲ့သို့ ခြင် စသော သတ်မှုနှင့် တွေ့ကြုံသော အခါ၊ သတ်မှုကိုမပြုလုပ်ဘဲရှောင်ကြဉ်ခဲ့သည်ဖြစ်အံ့၊ ၎င်းအခါ၊ သမ္မတ္တသ မ္မာကမ္မန္တ ဝိရတိတပါးသာဖြစ်၏။ အကြင်အခါ၊ ထိုကဲ့သို့ အသက်မွေးမှုမ ဟုတ်သော။ ခြင်စသောသတ္တဝါတို့ကို သတ်ခြင်းမှ၊ အခါခပ်သိမ်းရှောင် ကြဉ်ပါ၏ဟုသိလဆောက်တည်ခဲ့အံ့။ထိုအခါ၊သမာဒါန။ သမ္မာကမ္မန္တ ဝိ ရတိတပါးသာလျှင်ဖြစ်၏။အကြင်အခါ၊ငါးစသည်တို့ကိုစားလို၍။အသက် မွေးမှုနှင့်စပ်၍သတ်ခဲ့အံ့။ထိုအခါ မိစ္ဆာအာဇီဝဒုသမ်္မလဖြစ်၏။ ထိုကဲ့သို့ အသက်မွေးမှုနှင့်စပ်၍တွေ့ကြုံသောအခါမသတ်ဘဲရှောင်ကြဉ်ခဲ့သည်ဖြစ်အံ့ ထိုအခါသမ္ပတ္တသမ္မာအာဇီဝဝိရတိတပါးသာဖြစ်၏။ကျန်သောဝိရတိတို့ဖြစ် မှုမရှိ။အကြင်အခါ ထိုကဲ့သို့အသက်မွေးမှုနှင့်စပ်၍ဖြစ်သော။သတ်မှုတို့ကို မပြုမလုပ်ပါပြီဟုသိလကိုခံယူဆောက်တည်ခဲ့အံ့။ထိုအခါ။ သမာဒါန သ

မ္မာအာဇီဝဝိရတီတပါးသာဖြစ်၏။ ကျန်ဝိရတီတို့ဖြစ်မှုမရှိ။ အကြင်အခါ အသက်မွေးမှုနှင့်မစပ်ဘဲ သူ၏ဥစ္စာကို ခိုးယူမှုကိုပြုခဲ့အံ့။ ထိုအခါ၊ မိစ္ဆာကမ္မန္တ ဒုဿီလအမှုသည် ဖြစ်၏။ ထိုကဲ့သို့သော မိစ္ဆာကမ္မန္တဒုဿီလမှုကိုမပြုမကျင့်၊ ရှောင်ကြဉ်ခဲ့အံ့။ ထိုအခါ၊ သမ္ပတ္တသမ္မာကမ္မန္တ ဝိရတီတပါးသာဖြစ်၏။ ထိုကဲ့သို့ သူတပါး၏ဥစ္စာကို အသက်မမွေးမှုနှင့် စပ်၍ ခိုးခြင်းကိုမပြုပါပြီဟု သီလကို ခံယူဆောက်တည်ခဲ့သည်ဖြစ်အံ့။ ထိုအခါ၊ သမာဒါန၊ သမ္မာအာဇီဝဝိရတီတပါးသာဖြစ်၏။ ကျန်ဝိရတီတို့ဖြစ်မှုမရှိ။ အဗြဟ္မစရိယ၌လည်းထိုနည်းအတူသိကြလေ။ အကြင်အခါအသက်မွေးမှုနှင့်မစပ်ဘဲ မုသာဝါဒကိုပြောဆိုခဲ့အံ့။ ထိုအခါ၊ မိစ္ဆာဝါစာဒုဿီလမှုသည်ဖြစ်၏။ ထိုကဲ့သို့ မုသာဝါဒကိုပြောဆိုရန်တွေ့ကြုံသောအခါ၊ မပြောမဆိုရှောင်ကြဉ်ခဲ့အံ့။ ထိုအခါ၊ သမ္ပတ္တသမ္မာဝါစာဝိရတီတပါးသာဖြစ်၏။ ထိုကဲ့သို့အသက်မမွေးမှုနှင့်စပ်၍၊ မုသာဝါဒကိုမပြောပြီဟုသီလကိုခံယူဆောက်တည်ခဲ့အံ့ ထိုအခါသမာဒါန သမ္မာဝါစာ ဝိရတီတပါးသာဖြစ်၏။ အကြင်အခါ။ အသက်မွေးမှုနှင့်စပ်၍။ မုသာဝါဒကိုပြောခဲ့အံ့။ ထိုအခါ၊ မိစ္ဆာအာဇီဝဒုဿီလမှုဖြစ်၏။ ထိုပြောဆိုမှုမှရှောင်ကြဉ်ခဲ့အံ့။ ထိုအခါ၊ သမ္ပတ္တသမ္မာအာဇီဝ ဝိရတီတပါးသာလျှင်ဖြစ်၏။ အကြင်အခါအသက်မွေးမှုနှင့်စပ်၍ မုသာဝါဒကိုပြောဆိုခဲ့အံ့။ ထိုအခါ၊ မိစ္ဆာအာဇီဝဒုဿီလမှုသည်ဖြစ်၏။ ထိုကဲ့သို့ ဒုဿီလမှုနှင့်စပ်၍ ပြောဆိုထိုက်သောအခါ။ မပြောဘူးဟု ရှောင်ကြဉ်ခဲ့သည်ဖြစ်အံ့။ ထိုအခါ၊ သမ္ပတ္တသမ္မာအာဇီဝဝိရတီတပါးသာဖြစ်၏။ အကြင်အခါ၊ ထိုကဲ့သို့အသက်မွေးမှုနှင့်စပ်၍။ မုသာဝါဒကိုမပြောမဆိုပြီဟု၊ သီလကိုခံယူဆောက်တည်ခဲ့သည်ဖြစ်အံ့၊ ထိုအခါ၊ သမာဒါန သမ္မာအာဇီဝဝိရတီတပါးသာလျှင်ဖြစ်၏။ ကျန်ဝိရတီတို့ဖြစ်မှုမရှိ။ အကြင်အခါအသက်မွေးမှုနှင့်မစပ်ဘဲ အချင်းချင်းသင့်တင့်ကြသည်ကိုမနှစ်လိုသဖြင့်၊ အချင်းချင်းကွဲပြားအောင်ဂုံးတိုက်ခဲ့အံ့။ ထိုအခါမိစ္ဆာဝါစာ ဒုဿီလမှုသည်ဖြစ်၏။ ထိုကဲ့သို့ပြုလုပ်ထိုက်သော မုသာဝါ မှရှောင်ကြဉ်လိုက်သည်ဖြစ်အံ့။ ထိုအခါ သမ္ပတ္တ သမ္မာဝါစာဝိရတီ တပါးသာဖြစ်၏။ အကြင်အခါထိုကဲ့သို့ ဂုံးတိုက်မှုကိုမပြုမလုပ်ပါပြီဟုသီလခံယူဆောက်တည်ခဲ့အံ့။ ထိုအခါသမာဒါနသမ္မာဝါစာဝိရတီသီသဖြစ်၏၊ အကြင်အခါ၌သူတို့ကွဲပြားလျှင်။ ငါသည်အသက်မွေးမှုရလတံ့ဟု အသက်မွေးမှုနှင့်စပ်၍။ ကွဲပြားအောင်ဂုံးတိုက်ခဲ့အံ့၊ ထိုအခါမိစ္ဆာအာဇီဝဒုဿီလမှုသည်ဖြစ်၏။ ထိုသို့ပြောဆိုမည်ဟုကြံပြီးနောက်၊ မပြောမဆိုဘဲရှောင်ကြဉ်ခဲ့လျှင်။ သမ္ပတ္တသမ္မာအာဇီဝဝိရတီသီလတပါးသာဖြစ်၏။ အကြင်အခါအသက်မွေးမှုနှင့်စပ်၍၊ ဖြစ်သော

ထိုကဲ့သို့သဘောရှိသောဂုဏ်းတိုက်မှုကိုမပြုမလုပ်ပါတော့ပြီဟု၊ သီလကို ခံယူဆောက်တည်ခဲ့အံ့။ ထိုအခါသမာဒါနသမ္မာအာဇီဝဝိရတီသီလတပါး သာဖြစ်၏၊ ကျန်ဝိရတီတို့ဖြစ်မှုမရှိ။ ဤနည်းကိုအမှီပြု၍ဖရုသဝါစာ၊သမ္ဖပ္ပ လာပတို့အရာ၌လည်း။ သမ္မုတ္တသမ္မာဝါစါ၊ သမာဒါနသမ္မာဝါစာ၊ သမ္မုတ္တ သမ္မာအာဇီဝ၊ သမာဒါနအာဇီဝဝိရတီတို့တပါးပါးစီသာဖြစ်ကြသည်၏အ ဖြစ်ကိုသိကြလေ။ ဤမျှအစဉ်ဖြင့် ဝိရတီစေတသိက်သုံးပါးတို့၏ အသီးအ သီးဖြစ်ကြပုံကို အကျဉ်းသိရန်ပြဆိုချက်အဖြေတည်း။

{မေး} ထိုမဇ္ဈိမာပဋိပဒါဖြစ်သော လောကီဝိပဿနာအဋ္ဌင်္ဂိကအရိယ မဂ်ကိုအဘယ်တရားကိုအာရုံပြု၍။ လောကုတ္တရာမဂ်သို့ရောက်အောင်မှီ ဝဲကျင့်ကြံအပ်ပါမည်နည်း။

{ဖြေ} သဗ္ဗညုတဘုရားရှင် ဟောတော်မူအပ်သော နည်းအတိုင်း။ ဒုက္ခ သစ္စာတည်းဟူသော သင်္ခါရတရားကိုအာရုံပြု၍။မှီဝဲကျင့်ကြံအပ်ပါသည်။

{မေး} ထိုမဇ္ဈိမာပဋိပဒါဖြစ်သောလောကီဝိပဿနာအဋ္ဌင်္ဂိကအရိယ မဂ်၏ အာရုံဖြစ်သော ဒုက္ခသစ္စာတရားကို၊ ဘုရားရှင်သည်ဘယ်လိုဟော တော်မူအပ်လေသနည်း။

{ဖြေ} ဓမ္မစက္ကပ္ပဝတ္တနသုတ်၌ ဒုက္ခံအရိယသစ္စံ၊ဇာတိပိဒုက္ခါ၊ဇရာပိဒုက္ခါ ဗျာဓိပိဒုက္ခော၊ မရဏမ္ပိဒုက္ခံ၊ အပ္ပိယေဟိသမ္ပယောဂေါဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါဒုက္ခော၊ယံပိစ္ဆံနလဘတိ၊ တံပိဒုက္ခံ ။ သံခိတ္တေနပဉ္စုပါဒါ နက္ခန္ဓာပိဒုက္ခာဟူ၍ဟောတော်မူအပ်ပါသည်။အနက်သိကြောင်းမြန်မာပြန် ကား။ ဘိက္ခဝေ၊ အိုပဉ္စဝဂ္ဂီရဟန်းတို့။ ဇာတိပိ၊အတိတ်ဘဝနှင့်ပစ္စုပ္ပန်ဘ ဝကို ဆက်စပ်သောအားဖြင့်။ထိုထိုဘုံတို့၌၊ခန္ဓာငါးပါးရုပ်နာမ်တရားတို့ ၏။ ရှေးဦးအစဖြစ်ခြင်းသဘောတည်းဟူသော၊ ဇာတိတရားသည်လည်း။ ဒုက္ခာ၊မိမိလည်းဆင်းရဲ။မိမိနှင့်စပ်၍ဖြစ်ကုန်သောခန္ဓာတရားတို့၌ကျရောက် လတ္တံ့သော ဆင်းရဲအမျိုးမျိုးတို့၏ အကြောင်းတရားလည်းဧကန်အမှန်ဖြစ် ပေ၏။ ဇရာပိ၊ ဇာတိနှင့်စပ်၍ဖြစ်ပေါ်လာကုန်သော ခန္ဓာတရားတို့၏၊ရင့် ရော်ဆွေးမြေ့ဒုဗ္ဗလအဖြစ်ကို ပြုတတ်သော ဇရာတရားသည်လည်း။ဒုက္ခာ မိမိလည်းဆင်းရဲ၊ မိမိနှင့်စပ်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏၊ ဆင်းရဲ ခြင်း၏အကြောင်းတရားလည်းဧကန်အမှန်ဖြစ်ပေ၏။ဗျာဓိပိ၊ဓါတ်တို့၏ချော် ချားခြင်းကြောင့်ဖြစ်သော။ ကိုယ်ဟုသမုတ်အပ်သော ရုပ်အပေါင်းအစု၌။ ကာယပသာဒကိုမှီ၍ ဖြစ်ပေါ်လာသော ကာယိကဒုက္ခဝေဒနာဟုဆိုအပ် သော။ ဗျာဓိတရားသည်လည်း။ ဒုက္ခော၊ မိမိလည်းဆင်းရဲ၊ မိမိနှင့်စပ်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏၊ ဆင်းရဲခြင်း၏အကြောင်းတရားလည်း။အ

မှန်ဖြစ်ပေ၏။ မရဏာဗွိ၊ဇာတိနှင့်စပ်၍ ဖြစ်ပေါ်လာကုန်သော ခန္ဓာတရားတို့၏။ ကုန်ခြင်း ပျက်ခြင်းဟုဆိုအပ်သော။မရဏာတရားသည်လည်း။ ဒုက္ခံ။ မိမိလည်းဆင်းရဲ။မိမိနှင့်စပ်သောခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏၊ဆင်းရဲခြင်း၏အကြောင်းတရားလည်းအမှန်ဖြစ်ပေ၏။အပိယေဟိ၊မချစ်မနှစ်သက်အလိုမရှိအပ်ကုန်သောရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖေါဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံဟုဆိုအပ်သော အာရုံခြောက်ပါး။မချစ်မနှစ်သက်သော ခန္ဓာတရား။တို့နှင့်သမ္ပယောဂေါ၊မြင်ခြင်းအစရှိသည့်တို့၏အစွမ်းအားဖြင့်။ပေါင်းစပ်ဆုံစည်းယောယှက်ရခြင်းသည်လည်း။ဒုက္ခော၊ ကိုယ်စိတ်နှစ်ဖြာမချမ်းသာခြင်း၏အကြောင်းတရားအမှန်ဖြစ်ပေ၏။ ပိယေဟိ၊ ချစ်ခင်စုံမက်အလိုရှိအပ်ကုန်သော။ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ၊မဓမ္မာရုံဟုဆိုအပ်သော အာရုံခြောက်ပါး။ မိဘ ဆွေမျိုး ချစ်ကျွမ်းဝင်သူ စသည်သမုတ်အပ်သော ခန္ဓာတရားတို့နှင့်။ ဝိပ္ပယောဂေါ၊ မတွေ့မမြင်ရခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့်။ကွေကွင်းရခြင်းသည်။ဒုက္ခော၊ ကိုယ်စိတ်နှစ်ဖြာ မချမ်းသာခြင်း၏အကြောင်းတရားအမှန်ဖြစ်ပေ၏။ယံ။ အကြင်ဇာတိဇရာ မရဏာတို့၏ မလာမရောက်မှုကို။ ဣစ္ဆံ၊ ဣစ္ဆန္တော၊ အလိုရှိ၍ တောင်း တ သောသူသည်။ နလဘတိ မရ။ တံပိ၊ထိုသို့အလိုရှိ၍ တောင်းတတိုင်းမရခြင်းသည်လည်း။ဒုက္ခံ၊ဆင်းရဲ၏။ဝါ၊ဆင်းရဲခြင်း၏အကြောင်းတရားလည်းအမှန်ဖြစ်၏။ သံခိတ္တေန၊အကျဉ်းရုံးသောအားဖြင့်။ပဉ္စ။ငါးပါးကုန်သော၊ဥပါဒါနက္ခန္ဓာပိ။ ဥပါဒါန်တရားတို့၏။ကျက်စားရာအာရုံဖြစ်ကုန်သော။ ဝါ။ ဥပါဒါန်တရားတို့၏။အစိုးအပ္ပါးဖြစ်ကုန်သော။ရူပက္ခန္ဓာ။ဝေဒနာက္ခန္ဓာ။သညာက္ခန္ဓာ။သင်္ခါရက္ခန္ဓာ။ဝိညာဏက္ခန္ဓာတရားတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲစင်စစ်အမှန်ဖြစ်ကုန်၏။ ဣဒံခေါပန၊ ဤဇာတိအစ။ဥပါဒါနက္ခန္ဓာအဆုံးရှိသောတရားဟူသမျှသည်ဒုက္ခံ၊ ဆင်းရဲကေန်အမှန်ဖြစ်သော၊ အရိယသစ္စံ။ အရိယအဖြစ်ကိုပြုတတ်သော ဝါ။အရိယာဖြစ်လိုသောသူတို့သည်။ထိုးထွင်း၍သိအပ်သော။ဝါ အရိယာဖြစ်ပြီးသော ဘုရားရှင်၏။ မချွတ်မယွင်း၊ဟုတ်မှန်သော သစ္စာတရားပေတည်း။ ဤကားမြန်မာပြန်တည်း။

{မေး} ထိုမဇ္ဈိမာပဋိပဒါဟုဆိုအပ်သောဝိပဿနာအဋ္ဌင်္ဂိကအရိယမဂ်၏ အာရုံတရားကို ဟောရာပါဠိတို့တွင်။ ဇာတိပိဒုက္ခာဟူ၍ ဟောတော်မူအပ်သောပါဠိ၌အကျုံးဝင်သောဇာတိတရားကိုအဘယ်သို့သိအပ်ပါမည်နည်း။

{ဖြေ} ထိုထိုဘုံတို့၌။ ခန္ဓာငါးပါး။ခန္ဓာလေးပါး။ ခန္ဓာတပါးတို့၏ရှေ့ဦးအစဖြစ်ပေါ်သောသဘောလက္ခဏာသည်။ ဘိုက်ရိုက်ပရမတ္ထအားဖြင့်ဇာ

တိမည်၏ဟုသိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်သနည်း။

{ဖြေ} ဇာတိတိဇနနံ။ တတ္ထတတ္ထနိဗ္ဗတ္တမာနာနံသတ္တာနံ၊ ယေယေခန္ဓာ ပါတုဘဝန္တိ တေသံတေသံပဌမံပါတုဘာဝေါ။ ဟူ၍ဖွင့်ဆိုအပ်သောပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ ဆယ်ကြောင်းပေယျာချပ်ကြောဘက်အောက်ဆုံးကြောင်းကဿာချပ်အတွင်းဘက်ပဌမကြောင်း၌မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း။ တတ္ထတတ္ထဘဝေ၊ နိဗ္ဗတ္တမာနာနံသတ္တာနံ၊ သဗ္ဗပဌမံရူပါရူပဓမ္မပဝတ္တိ၊ ဣဓဇာတိနာမဟူ၍ ဝိမတိဝိနောဒနီအဋ္ဌကထာ ကျမ်းနံပါတ်(၆၅)၌မိန့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ခန္ဓာနံပါတုဘာဝေါဟူ၍၊ ထိုထိုသို့သော သုတ်အဘိဓမ္မာ ပါဠိတော်၌၊ ဘုရားဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ခန္ဓာနံပါတုဘာဝေါတိ။အယံပနပရမတ္ထကထာ။ဧကဝေါကာရဘဝါဒိသု။ဧကစတုပဉ္စဘေဒါနံခန္ဓာနံယေဝ။ပါတုဘာဝေါ။နပုဂ္ဂလဿတသ္မိံပနသတိ။ပုဂ္ဂလော၊ပါတုဘူတောတိ။ဝေါဟာရမတ္တံဟောတိဟူ၍ ဖွင့်ပြအပ်သော သုတ်မဟာဝါအဋ္ဌကထာ၊ သတိပဋ္ဌာနသုတ်၊သစ္စာအဖွင့်၊ကျမ်းနံပါတ်(၃၄၆)မျက်နှာ၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။နိပ္ပရိယာယတောပန။တတ္ထ တတ္ထနိဗ္ဗတ္တမာနာနံ သတ္တာနံ ယေယေခန္ဓာ။ပါတုဘဝန္တိ၊တေသံတေသံပဌမပါတုဘာဝေါ။ဇာတိနာမဟူ၍၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယအုပ်၊ သစ္စာနိဒ္ဒေသအဖွင့်၊ ကျမ်းနံပါတ်(၁၁၃)မျက်နှာ၌ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း၊သိအပ်ပါသည်။

။မြန်မာပြန်ကား။ဇာတိတိ။ ဇာတိဟူသည်ကား။ ဇနနံဖြစ်ခြင်းသဘောတည်း။ တတ္ထတတ္ထ၊ထိုထိုသို့သောဘုံ၌။ နိဗ္ဗတ္တမာနာနံ၊ ဖြစ်ကုန်သော။သတ္တာနံ၊သတ္တဝါတို့၏။ယေယေခန္ဓာ၊အကြင်အကြင်ခန္ဓာတို့သည်။ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ တေသံတေသံ၊ ထိုထိုခန္ဓာတရားတို့၏၊ ပါတုဘာဝေါ၊ထင်ရှားဖြစ်ခြင်းသဘောသည်။ဇာတိနာမ၊ဇာတိမည်၏။ (ထည့်စပ်သည်) ဤကား ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဠိ၏မြန်မာပြန်တည်း။တတ္ထတတ္ထဘဝေ။ထိုထိုသို့သောဘဝ၌။နိဗ္ဗတ္တမာနာနံ၊ဖြစ်ကုန်သော။သတ္တာနံ သတ္တဝါတို့၏၊သဗ္ဗပဌမံ၊အလုံးစုံတို့၏ရှေးဦးစွာ။ ရူပါရူပဓမ္မပဝတ္တိ။ရုပ်နာမ်တရားတို့၏ဖြစ်ခြင်းသဘောသည်။ဣဓ၊ ဤဇာတိပိဒုက္ခာဟူ၍ဲ့ဟောရာ၌။ ဇာတိနာမ၊ ဇာတိမည်၏။ဤကား။ဝိမတိဝိနောဒနီဋီကာပါဠိ၏မြန်မာပြန်တည်း။ ခန္ဓာနံ၊ ခန္ဓာတရားတို့၏။ပါတုဘာဝေါ၊ ထင်ရှားဖြစ်ခြင်းသဘောကို။ ဇာတိတိ၊ ဇာတိဟူ၍၊ဝုစ္စတိ၊ဆိုအပ်၏။ ဤကား ဘုရားဟောပါဠိတော်၏မြန်မာပြန်တည်း။ ခန္ဓာနံပါတုဘာဝေါတိ၊ခန္ဓာနံပါတုဘာဝေါဟူသော၊အယံပနကထာ။ ဤ

စကားတော်သည်ကား။ ပရမတ္ထကထာ၊ ပရမတ္ထ၏အစွမ်းအားဖြင့် ဟောတော်မူအပ်သောစကားပေတည်း။ကေဝေါကာရဘဝါဒီသု၊ကေဝေါကာရဘုံစသည်တို့၌။ကေစတုပဉ္စဘောဒါနံ။တပါး လေးပါး။ငါးပါး အပြားရှိကုန်သော။ခန္ဓာနံယေဝ၊ခန္ဓာတရားတို့၏၊သာလျှင်။ပါတုဘာဝေါ။ထင်ရှားဖြစ်ခြင်းသဘောသည်၊ဟောတိ၊ဖြစ်၏။ပုဂ္ဂလဿ၊ပုဂ္ဂိုလ်သတ္တဝါ၏။ ပါတုဘာဝေါ။ ထင်ရှားဖြစ်ခြင်းသည်။ န။ မဟုတ်။ပန။ထိုသို့ပင်မဟုတ်သော်လည်း။ တသ္မိံ။ ထိုခန္ဓာတရားသည်။ သတိ၊ထင်ရှားဖြစ်ခဲ့သည်ရှိသော်။ ပုဂ္ဂလော။ ပုဂ္ဂိုလ်သတ္တဝါသည်။ပါတုဘာဝေါတိ၊ထင်ရှားဖြစ်၏ဟူ၍၊ဝေါဟာရမတ္တံ ခေါ်ဝေါ်အပ်ကာမျှသည်သာလျှင်၊ ဟောတိ၊ဖြစ်၏။ဤကားသုတ်မဟာဝါ အဋ္ဌကထာပါဠိ၏မြန်မာပြန်တည်း။ ပန၊ပရိယာယ်ဖြင့်ဆိုအပ်သည်မှတပါး။မုချတိုက်ရိုက်ဖြင့်ဆိုအပ်သည်ကို ဆိုဦးအံ့။နိပ္ပရိယာယတော၊မုချတိုက်ရိုက်အားဖြင့်။ တတ္ထတတ္ထ၊ထိုထိုသို့သောဘုံ၌။ နိဗ္ဗတ္တမာနာနံ၊ဖြစ်ကုန်သော။သတ္တာနံ၊သတ္တဝါတို့၏။ယေယေခန္ဓာ၊အကြင်အကြင်ခန္ဓာတို့သည်။ပါတုဘဝန္တိ၊ထင်ရှားဖြစ်ကုန်၏။ တေသံတေသံ၊ထိုထိုသို့သောခန္ဓာတို့၏။ပဌမပါတုဘာဝေါ၊ ရှေးဦးစွာထင်ရှားဖြစ်ခြင်းသဘောသည်။ ဇာတိနာမ၊ဇာတိမည်၏။ ဤကားဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ၏မြန်မာပြန်တည်း။ ဤသို့ပြဆိုအပ်သောပါဠိတော်အဋ္ဌကထာဋီကာပါဠိတို့ကို ထောက်၍။ ထိုထိုဘုံတို့၌ရှေးဦးစွာခန္ဓာတို့၏ဖြစ်ပေါ်ခြင်းသဘော၏၊ ဇာတိမည်သည့်၏အဖြစ်ကိုထင်ရှားသိကြလေကုန်။

{မေး} ထိုထိုဘုံ၌ခန္ဓာတို့၏ ဖြစ်ပေါ်ခြင်းသဘောဇာတိတရားသည်။ ပရမတ်တရားဘဲဖြစ်ပါလေသလော။ ပညတ်တရားဘဲဖြစ်ပါလေသလော၊ ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ထိုထိုဘုံ၌ ခန္ဓာတို့၏ ဖြစ်ပေါ်ခြင်းသဘောသည် စင်စစ် မှတ်ကြောင်းလက္ခဏာစသည်ဖြင့် ရအပ်သိအပ်သောကြောင့်။ ပရမတ်တရားပင်ဖြစ်ပေ၏ဟုသိအပ်ပါသည်။

{မေး} လက္ခဏာစသည်ဖြင့်ဘယ်လိုရအပ်သည် ဟုသိအပ်ပါမည်နည်း။

{ဖြေ} သာပနေသာ၊တတ္ထတတ္ထဘဝေ၊ပဌမာဘိနိဗ္ဗတ္တိလက္ခဏာ၊နိယျာတနရသာ။အတီတဘဝတော၊ဣဓဥမ္မုဇ္ဇနပစ္စုပဋ္ဌာနာ၊ဒုက္ခဝိစိတ္တတာပစ္စုပဋ္ဌာနာဝါတိဟူ၍ဝိသုဒ္ဓိမဂ်အဋ္ဌကထာသစ္စါနိဒ္ဒေသအဖွင့်(၁၁၃)မျက်နှာ၌မိန့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ၎င်းနည်းတူသမ္မောဟဝိနောဒနီအဋ္ဌကထာသစ္စဝိဘင်းအဖွင့်စာမျက်နှာနံပါတ် (၈၃) မျက်နှာ၌လည်းကောင်း။ မိန့်ဆိုဦးသည်ကိုထောက်၍လည်းကောင်း ရအပ်ပါသည်။

အနက်သိကြောင်းမြန်မာပြန်ကား။ပနှ၊ သရုပ်အထူးမှတပါး၊ လက္ခဏာစသည်ကိုဆိုဦးအံ့။သာဝေသာ၊ထိုခန္ဓာတို့၏ရှေ့ဦးစွာဖြစ်ပေါ်ခြင်းသဘောဓာတ်သည်။ တထူတထူဘဝေ၊ ထိုထိုသို့သော ဇာကဝေါကာရဘဝ။ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝ၌။ပဉ္စမာဘိနိဗ္ဗတ္တိလက္ခဏာ၊ ရှေ့ဦးစွာဖြစ်ခြင်းလက္ခဏာရှိ၏။ နိယျာတနရသာ၊ ခန္ဓာတရားတို့ကိုအပ်နှင်းခြင်းကိစ္စရှိပေ၏။ အတီတဘဝတော၊ အတိတ်ဘဝမှ။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ ဥမ္မုဇ္ဇနပစ္စုပဋ္ဌာန၊ ဆက်သွယ်၍ခန္ဓာတို့၏ ပေါ်လာခြင်းမျက်ိုသာလျှင်။ ကြည့်ရှုသောသူတို့၏ဉာဏ်အား။ ရှေ့ရှုထင်စေတတ်၏။ ဝါ။ဝါ။တနည်းကား၊ ဒုက္ခဝိစိတ္တတာပစ္စုပဋ္ဌာန၊ဒုက္ခတရားတို့၏ဆန်းကြယ်သည်၏အဖြစ်သာလျှင်အကျိုးရှိပေ၏။ ဤသို့ပြဆိုအပ်သောအဋ္ဌကထာတို့ကိုထောက်၍၊ ဇာတိ၏လက္ခဏာစသည်တို့ကိုသိအပ်သည်၏အဖြစ်ကိုသိကြလေ။

{မေး} ထိုဇာတိကို လက္ခဏာစသည်ဖြင့်ရအပ်သောကြောင့် ပရမတ္ထတရားဟူ၍သိအပ်ပါပြီ၊ တဖန်ထိုဇာတိတရားကို ပရမတ္ထသဘောတရားဖြစ်ကြောင်းကိုနည်းတပါးဖြင့်ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ထိုဇာတိတရားသည် စင်စစ် ပရမတ္ထသဘောတရားဖြစ်၍သာလျှင်။ ပရမတ္ထသဘောတရားတို့ကို ဝေဘန်၍ ဟောချဖြစ်သော ဓာတုကထာကျမ်း၌။ ဇာတိဒ္ဓိဟိခန္ဓေဟိသင်္ဂဟိတာ၊ ဟူ၍ဘုရားရှင်ဟောတော်မူအပ်လေသည့်ကိုထောက်၍သဉ်းဇာတိတရားကိုပရမတ္ထတရားဟူ၍သိအပ်ပါသည်။မြန်မာပြန်ကား။ဇာတိ၊ဖြစ်ခြင်းလက္ခဏာရှိသောဇာတိတရားကိုဒွိဟိ၊နှစ်ပါးကုန်သောခန္ဓေဟိ၊ရူပက္ခန္ဓာသင်္ခါရက္ခန္ဓာတို့ဖြင့်၊သင်္ဂဟိတာရေတွက်အပ်၏။ အဓိပ္ပါယ်ကား။ ရုပ်တို့၏ဖြစ်ခြင်းလက္ခဏာရှိသော၊ရုပ်ဇာတိကိုရူပက္ခန္ဓာ၌ရေတွက်အပ်၏။ နာမက္ခန္ဓာတရားတို့၏ဖြစ်ခြင်းလက္ခဏာရှိသောဇာတိတရားကိုသင်္ခါရက္ခန္ဓာ၌သင်္ဂြိုဟ်အပ်၏။အဘယ်ကြောင့်သင်္ခါရက္ခန္ဓာ၌သင်္ဂြိုဟ်အပ်သနည်းဟူမူ။ ၎င်းဇာတိတရားသည်။နာမက္ခန္ဓာတရားတို့၏အသီးအသီးသူတို့၏ကိစ္စကိုပြုလုပ်နိုင်အောင်အကြောင်းခံပေ၏။ ထိုသို့အကြောင်းခံသောအားဖြင့်ပြုလုပ်သောကြောင့် ၎င်းဇာတိကို သင်္ခါရက္ခန္ဓာ၌ရေတွက်အပ်လေသည်။ထိုကြောင့် ဇာတိတရားကို ခန္ဓာနှစ်ပါးဖြင့်ရေတွက်အပ်လေသည်။ ဤကားအဓိပ္ပါယ်။ ထိုသို့ရေတွက်အပ်သောကြောင့် ဇာတိတရားကို ပရမတ္ထသဘောတရားဟု မချသိအပ်သည်၏ အဖြစ်ကိုသေချာစွာမှတ်သားကြလေ။

{မေး} ထိုဇာတိတရားကို။ဓာတုကထာကျမ်း၌ဝေဘန်၍ဟောတော်မူသောကြောင့်၊ပရမတ္ထသဘောတရားမှန်းကိုသိအပ်ပါပြီ။ တနည်း၎င်းဇာတိ

တရားကို ပရမတ္ထသဘောတရားဘဲဟု ယုံကြည် လောက် အောင်၊ ဘယ်ကျမ်းဖြင့်တဘန်သိအပ်ပါမည်နည်း။

{ဖြေ} ဘဝပစ္စယာဇာတိဟူ၍ ပဋိစ္စအမုပ္ပါဒ ဝိဘင်း သုတ္တန္တ ဘာဇနီ၌ ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ကတမာဘဝပစ္စယာဇာတိ၊ ယာတေသံ တေသံ ဓမ္မာနံ။ ဇာတိ၊ သဉ္ဇာတိ၊ နိဗ္ဗတ္တိ၊ အဘိနိဗ္ဗတ္တိ။ ပါတုဘာဝေါ၊ အယံဝုစ္စတိ ဇာတိဟူ၍။ ပဋိစ္စသမုပ္ပါဒ ဝိဘင်းအဘိဓမ္မဘာဇနီ၌ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ဇာတိဘိက္ခဝေအနိစ္စာ၊ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ။ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊နိရောဓမ္မာဟူ၍ နိဒါနဝဂ္ဂသံယုတ် ပါဠိတော် အာဟာရဝဂ်၌ ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ ဇာတိသင်္ခါရတိ အဘိညေယျာဟူ၍။ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌၊ ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ ဇာတိတရားသည်။ ပရမတ္ထသဘောတရားမှန်းကို သိအပ်ပါသည်။

မြန်မာပြန်ကား။ ဘဝပစ္စယာ၊ ကမ္မဘဝဟူသောအကြောင်းကြောင့်။ ဇာတိ၊ ထိုထိုဘုံ၌။ ဥပပတ္တိဘဝဟု ဆိုအပ်သော ခန္ဓာတရားတို့၏ဖြစ်ခြင်းသဘောဇာတိတရားသည်။သမ္ဘဝတိဖြစ်၏။ဤပါဠိတော်၌၊ကမ္မဘဝကြောင့် ဇာတိတည်းဟူသောအကျိုးတရားဖြစ်မှုကိုဟောလျှင်။ ပရမတ္ထသဘောတရားဖြစ်မှသာလျှင် အကြောင်းကိုစွဲ၍ဖြစ်နိုင်သည်။ ထိုကြောင့်၊ ပရမတ္ထတရားဟုသိအပ်ပါသည်။

ကတမာ၊ အဘယ်တရားသည်။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်။ဇာတိ၊ဇာတိမည်သနည်း။တေသံတေသံဓမ္မာနံ၊ထိုထိုသို့သောပရမတ္ထတရားတို့၏။ယာဇာတိ၊အကြင်ဖြစ်ခြင်းသည်။ယာသဉ္ဇာတိ၊ အကြင်ကောင်းစွာဖြစ်ခြင်းသည်။ယာနိဗ္ဗတ္တိ၊အကြင်ဖြစ်ခြင်းသည်။ ယာအဘိနိဗ္ဗတ္တိ၊အကြင်ဖြစ်ခြင်းသည်။ယောပါတုဘာဝေါ၊အကြင်ထင်ရှားဖြစ်ခြင်းသည် အတ္ထိ၊ ရှိ၏။ အယံ၊ ဤပရမတ္ထသဘောတရားတို့၏ဖြစ်ခြင်းသဘောကို။ဘဝပစ္စယာဇာတိတိ၊ဘဝပစ္စယာဇာတိဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ဤပါဠိတော်၌၊ဇာတိပုဒ်ကို၊ဇာတိသဉ္ဇာတိ၊နိဗ္ဗတ္တိ၊အဘိနိဗ္ဗတ္တိ၊ပါတုဘာဝေါဟူ၍၊အမည်တပ်၍ များစွာဟောမှုသည်။ နေတ္တိပါဠိတော်၌လာသော၊ ဝေဝစနာဟာရနည်းမျိုးဖြင့်ဟောတော်မူအပ်သည့်ဟု မှတ်ကြလေ။ ထိုမှတပါးလည်း။ ဘုရားရှင်သည်။ ပဋိစ္စသမုပ္ပါဒ်သုတ္တန္တဘာဇနီ၌။ဘဝပစ္စယာဇာတိဟု၊ကမ္မဘဝကို အကြောင်း။ဇာတိကို အကျိုးတရားအဖြစ်ဖြင့်၊ ဖြစ်မှုကို ဟောတော်မူခြင်း။အဘိဓမ္မဘာဇနီ၌လည်း။ဘဝကိုအကြောင်း။ဇာတိကို အကျိုးထား၍ဟောတော်မူခြင်းတို့သည်။ ပညတ်မဟုတ်။ ပရမတ္ထသဘောတ

ရားဖြစ်၍သာ၊ အကြောင်းကိုစွဲ၍ဖြစ်သော အကျိုးတရားဟူ၍ ဟောတော်မူအပ်လေသည်။ ထို့ကြောင့်၊ ဇာတိတရားကို ပရမတ္ထတရားဟူ၍ပင် သိအပ်ကြနိုင်သည်။ ( ဤကား အမှာစကားတည်း။ )

ဘိက္ခုဝေ၊ ရဟန်းတို့၊ ဇာတိ၊ ခန္ဓာတို့၏ဖြစ်ခြင်းသဘောဇာတိသည်။ အနိစ္စာ အမြဲမရှိသောတရားမည်၏။ သင်္ခတာ၊ သင်္ခတတရားမည်၏။ ပဋိစ္စသမုပ္ပန္နာ အကြောင်းကိုစွဲ၍ဖြစ်သော တရားမည်၏။ ခယဓမ္မာ၊ ကုန်တတ် သောသဘောရှိ၏။ ဝယဓမ္မာ၊ ပျက်တတ်သောသဘောရှိ၏။ ဝိရာဂဓမ္မာ၊ ကင်းတတ်သော သဘောရှိ၏။ နိရောဓဓမ္မာ၊ ချုပ်ကွယ်တတ်သော သဘောရှိ၏။ ဤကား။ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်ပါဌ်၏ မြန်မာပြန်တည်း။ ဤပါဠိတော်ပါဌ်ကိုထောက်၍သည်း။ ဇာတိတရားကို ပရမတ်တရားဟုသိအပ်၏။ အဘယ်ကြောင့်သိအပ်သနည်းဟူမူ။ ဘုရားရှင်သည် ဇာတိတရားကို၊ အနိစ္စဟူ၍ဟောတော်မူခြင်းကြောင့်လည်းကောင်း။ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ နိရောဓဓမ္မာဟူ၍ ဟောတော်မူခြင်းကြောင့် လည်းကောင်း။ ဇာတိသဘောသည် ပရမတ္ထသဘောဖြစ်၍သာလျှင်။ အနိစ္စတရား သင်္ခတရား၊ ပဋိစ္စသမုပ္ပန္နတရား ဖြစ်နိုင်သည်၊ ပညတ်တရားသည်။ အနိစ္စတရားလည်းမဟုတ်၊ သင်္ခတဓမ္မလည်းမဟုတ်။ အကြောင်းကိုစွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပန္နတရားလည်းမဟုတ်။ ထို့ကြောင့်ဇာတိတရားကိုပရမတ္ထသဘောတရားဟုမချသိအပ်သိထိုက်သည်သာတည်း။ ဇာတိ၊ ဇာတိတရားကို။ သင်္ခါရောတိ၊ သင်္ခါရတရားဟူ၍။ အဘိညေယျာ၊ သိအပ်၏။ ဤသို့ပဋိသမ္ဘိဒါမဂ်၌။ ဇာတိကိုသင်္ခါရဟူ၍ သိအပ်၏ဟုဟောတော်မူခြင်းကြောင့်။ သင်္ခါရတရားသည်။ စင်စစ်ပရမတ္ထတရားသာဖြစ်သည်။ ထို့ကြောင့်ဇာတိကိုပရမတ္ထသဘောတရားဟုမှတ်ကြလေ။

{မေး} ထိုဇာတိတရားကိုအဘယ်ကဲ့သို့အာရုံပြု၍။ မဇ္ဈိမပဋိပဒါအရိယအဋ္ဌင်္ဂိက ဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံခြင်းဖြစ်ပါသနည်း။ ဖြစ်ပုံကိုအဘယ်သို့သိအပ်ပါသနည်း။

{ဖြေ} ဤပြဆိုလတ္တံ့သောနည်းကိုအမှီပြု၍သိအပ်ပါသည်၊ ငရဲ။ တိရစ္ဆာန်ပြိတ္တာ။ အသုရကာယ်တို့၌၊ ငရဲသူသတ္တဝါ။ တိရစ္ဆာန်သတ္တဝါ။ ပြိတ္တာသတ္တဝါ။ အသုရကာယ်သတ္တဝါ ထင်ရှားသည်မဟုတ်။ ခန္ဓာငါးပါး။ ရုပ်နာမ်တရားတို့သာထင်ရှားပေ၏။ ထိုသို့ထင်ရှားခြင်းသည်။ စင်စစ်ဖြစ်ခြင်းသဘောဇာတိတရားရှိ၍သာထင်ရှားရှိပေ၏။ အကယ်၍၊ ဖြစ်ခြင်းသဘောဇာတိမရှိလျှင်။ စင်စစ်၊ ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့ မထင်ရှားသေပြီ။ ထို့ကြောင့် အပါယ်လေးဘုံ၌။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ရှေးဦးစွာ ဖြစ်ခြင်းသ

ဘောလက္ခဏာသည်။စင်စစ်ဓာတ်တရားပေတည်းဟု ဓာတ်၏ ဟုတ်မှန်သောသဘောလက္ခဏာကိုအာရုံပြု၍၊ သိတိုင်းသိတိုင်း။ ဉာဏသမ္ပယုတ်ဝိပဿနာဇောစိတ်အစဉ်သည်ဖြစ်၏။ ထိုသို့ဖြစ်သော ဉာဏသမ္ပယုတ် ဝိပဿနာဇောစိတ်အစဉ်၌ပါသော၊ ပညာစေတသိက်တရားကို။ ဓာတ်၏ဟုတ်မှန်သောဖြစ်ခြင်းသဘောလက္ခဏာကို မချွတ်မယွင်း ဟုတ်တိုင်းမှန်စွာအာရုံပြု၍သိတတ်သောကြောင့်။သမ္မာဒိဋ္ဌိဟူ၍ခေါ်ဆိုအပ်သည်။ထိုသမ္မာဒိဋ္ဌိတရားကို။ဘုရားအစရှိသောသူတော်ကောင်းတို့သည်။ စင်စစ်ရှာမှီးအပ်၏။ထိုသို့ရှာမှီးအပ်သောကြောင့်။ ၎င်းသမ္မာဒိဋ္ဌိကိုပင်၊ မဂ္ဂဟူ၍လည်းခေါ်ဆိုအပ်သည်။တနည်း။၎င်းသမ္မာဒိဋ္ဌိသည်၊ ဟုတ်မှန်သောဓာတ်၏ဖြစ်ခြင်းလက္ခဏာကို အာရုံပြုသောအားဖြင့် ရှာမှီးတတ်ပေ၏။ ထိုသို့ ရှာမှီးတတ်သောကြောင့်။၎င်းသမ္မာဒိဋ္ဌိကိုပင် မဂ္ဂဟူ၍လည်းခေါ်ဆိုအပ်သည်။တနည်း ထိုသမ္မာဒိဋ္ဌိသည်။ငရဲ။ တိရစ္ဆာန်။ ပြိတ္တာ။ အသုရကာယ် တည်းဟူသောအပါယ်လေးဘုံ၌။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ရှေ့ဦးအစဖြစ်ခြင်း သဘောလက္ခဏာတည်းဟူသော ဓာတ်ကို အာရုံပြု၍ သိတိုင်းသိတိုင်း။မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော ဓာတ်၏ဖြစ်ပေါ်ခြင်းလက္ခဏာကို။မသိမမြင်တတ်သော အဝိဇ္ဇာမောဟ။ ထို အဝိဇ္ဇာမောဟနှင့်ယှဉ်တော် ယှဉ်ဘက်ဖြစ်သောကိလေသာတို့ကို ဖျက်ဆီးပေ၏။ ထိုသို့ ဖျက်ဆီး တ တ် သောကြောင့်(မ)ဟူသောအမည်ကိုလည်းရပေ၏။ဟုတ်မှန်သော ဓာတ်၏ဖြစ်ခြင်းလက္ခဏာသို့အာရုံပြု၍လည်းရောက်တတ်၏။ထိုသို့ ရောက်တတ်သောကြောင့် (ဂ) ဟူသောအမည်ကိုလည်းရပေ၏။ ထိုသို့အမည်နှစ်ပါးကိုရသောကြောင့်။၎င်းသမ္မာဒိဋ္ဌိကိုပင်၊ မဂ္ဂဟုခေါ်ဆိုအပ်လေသည်။၎င်းမဂ္ဂဟုခေါ်ဆိုအပ်သောသမ္မာဒိဋ္ဌိသည်။ မိမိသည်း၊ ကိလေသာအညစ်အကြေးမှလွတ်ကင်းနေသောကြောင့် ဖြူစင်သန့်ရှင်း၏။ မိမိနှင့် အတူဖြစ်ကုန်သော။သမ္ပယုတ်တရားတို့ကိုလည်းဖြူစင်သန့်ရှင်းစေ၏။ထိုကြောင့်၊၎င်းသမ္မာဒိဋ္ဌိမဂ္ဂကို၊အရိယမဂ္ဂဟုခေါ်ဆိုအပ်လေသည်။ထိုသမ္မာဒိဋ္ဌိမဂ္ဂဖြစ်ခိုက်။၎င်းသမ္မာဒိဋ္ဌိနှင့်ယှဉ်သောဝိပဿနာစိတ်၌ယှဉ်၍။ ၎င်းဓာတ်၏ဖြစ်ခြင်းသဘောလက္ခဏာကို အာရုံပြု၍ကြံသတတ်။ ၎င်းအာရုံသို့။ သမ္ပယုတ်တရားတို့ကိုအာရုံပြုသောအားဖြင့်။ ရောက်အောင်တင်ဆောင်တတ်သော၊ ဝိတက်စေသိက်တည်းဟူသော။သမ္မာသင်္ကပ္ပတရားသည်လည်း။ ၎င်းသမ္မာဒိဋ္ဌိနှင့်အတူပါရှိသည်သာတည်း။ ထိုပါရှိနေသောသမ္မာသင်္ကပ္ပတရားကို။ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ရှာမှီးအပ်၏။ ထိုသို့ရှာမှီးအပ်သောကြောင့်။ ၎င်းသမ္မာသင်္ကပ္ပကိုပင် မဂ္ဂဟူ၍လည်းခေါ်ဆိုအပ်လေသည်။ တ

နည်း။ ထိုသမ္မာသက်ပ္ပတရားသည်၊ ဓာတ်၏ဖြစ်ပေါ်ခြင်းသဘောဟုဆိုအပ်သော၊ ဟုတ်မှန်သောတရားကိုအာရုံပြုသောအားဖြင့်ရှာမှီးတတ်၏။ ထိုသို့ရှာမှီးတတ်သောကြောင့်၊ ၎င်းသမ္မာသက်ပ္ပတရားကို မဂ္ဂဟူ၍လည်းခေါ်ဆိုအပ်သည်။ တနည်း။ ၎င်းသမ္မာသက်ပ္ပတရားသည်။ ထိုဓာတ်၏ဖြစ်ပေါ်ခြင်းသဘောလက္ခဏာကိုအာရုံပြု၍ကြံဆသော အခါ တိုင်း ၌ပင်။ မိမိ နှင့် ဆန့်ကျင်ဘက်ဖြစ်သော။ မိစ္ဆာသက်ပ္ပစသည်ကိုဖြစ်စေတတ်သောကိလေသာတို့ကိုဖျက်ဆီး၏။ ထိုသို့ဖျက်ဆီးတတ်သောကြောင့် (မ)ဟူသောအမည်ကိုလည်းရ၏။ ဟုတ်မှန်သောဓာတ်၏ဖြစ်ပေါ်ခြင်းသဘောလက္ခဏာသို့။ သမ္မာဒိဋ္ဌိနှင့်အတူအာရုံပြု၍ရောက်တတ်သောကြောင့်။ (ဂ) ဟူသောအမည်ကိုလည်းရ၏။ ထိုသို့အမည်နှစ်ပါးကိုရသောကြောင့်၊ ၎င်းသမ္မာသက်ပ္ပတရားကို မဂ္ဂဟုခေါ်ဆိုအပ်လေသည်။ ၎င်းမဂ္ဂဟုခေါ်ဆိုအပ်သော။ သမ္မာသက်ပ္ပတရားသည်။ မိမိသည်းဖြူစင်သန့်ရှင်း၏။ မိမိဖြစ်ခိုက်၊ မိမိနှင့်အတူဖြစ်သောသမ္ပယုတ်တရားတို့ကိုလည်း ဖြူစင်သန့်ရှင်းစေ၏။ ထိုကြောင့်၊ ၎င်း သမ္မာသက်ပ္ပ မဂ္ဂကို အရိယမဂ္ဂဟု ခေါ်ဆိုအပ်လေသည်၊ ထို သမ္မာဒိဋ္ဌိ မဂ္ဂဖြစ်ခိုက်။ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်သောစိတ်နှင့်။ နှုတ်ကို သိမ်းဆည်း စောင့်ရှောက်တတ်သော၊ ပရိဂ္ဂဟလက္ခဏာရှိသော သမ္မာဝါစာစေတသိက်သည်လည်း။ ၎င်းသမ္မာဒိဋ္ဌိနှင့်အတူဖြစ်၍ပါရှိနေ၏။ ထိုပါရှိနေသော၊ သမ္မာဝါစာစေတသိက်တရားကိုလည်း။ ဘုရားအစရှိသောသူတော်ကောင်းတို့သည်။ ရှာမှီးအပ်၏။ ထိုသို့ရှာမှီးအပ်သောကြောင့်၊ ၎င်း သမ္မာဝါစာစေတသိက်တရားကိုပင်။ မဂ္ဂဟူ၍ခေါ်ဆိုအပ်လေသည်။ တနည်း။ သမ္မာဝါစာစေတသိက်တရားသည်။ ဓာတ်၏ဖြစ်ပေါ်ခြင်းသဘောလက္ခဏာအာရုံကို အာရုံပြုသောအားဖြင့်၊ ရှာမှီးတတ်၏။ ထိုသို့ရှာမှီးတတ်သောကြောင့်၊ ၎င်းသမ္မာဝါစာစေတသိက်တရားကိုမဂ္ဂဟူ၍ခေါ်ဆိုအပ်လေသည်။ တနည်း။ ၎င်းသမ္မာဝါစာစေတသိက်တရားသည်၊ ထိုဓာတ်၏ ဖြစ်ခြင်းသဘောလက္ခဏာကို၊ ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော သမ္မာဒိဋ္ဌိနှင့် ယှဉ်တွဲ၍၊ အာရုံပြုတိုင်းပြုတိုင်း၌။ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော၊ မိစ္ဆာဝါစာကိုဖြစ်စေတတ်သောကိလေသာတို့ကိုဖျက်ဆီး၏။ ထိုသို့ ဖျက်ဆီးသောကြောင့်၊ ၎င်းသမ္မာဝါစာစေတသိက်တရားသည်(မ)ဟူသောအမည်ကိုလည်းရ၏။ ဓာတ်တရား၏ဖြစ်ခြင်းသဘောလက္ခဏာအာရုံသို့။ သမ္မာဒိဋ္ဌိမဂ္ဂနှင့်အတူ အာရုံပြု၍ရောက်တတ်သောကြောင့်။ (ဂ)ဟူသောအမည်ကိုလည်းရ၏။ ထိုသို့အမည်နှစ်ပါးကိုရသောကြောင့်။ ၎င်းသမ္မာဝါစာစေတသိက်တရားကို။ မဂ္ဂဟုခေါ်ဆိုအပ်လေသည်။ ၎င်းမဂ္ဂဟုခေါ်ဆိုအပ်သော သမ္မာဝါစာစေတသိက်

တရားသည်။ မိမိလည်းဖြူစင်သန့်ရှင်း၏။ မိမိဖြစ်ခိုက်၊ မိမိနှင့် အတူဖြစ်သော သမ္ပယုတ်တရားတို့ကိုလည်း၊မိစ္ဆာဝါစာကိုဖြစ်စေတတ်သောကိလေသာ တို့မှ ဖြူစင်သန့်ရှင်းစေ၏။ ထိုကြောင့်၊ ၎င်းသမ္မာဝါစာမဂ္ဂကို၊ အရိယမဂ္ဂ ဟု ခေါ်ဆိုအပ်လေသည်။ ထိုသမ္မာဒိဋ္ဌိမဂ္ဂဖြစ်ခိုက်။ ထိုသမ္မာဒိဋ္ဌိနှင့် ယှဉ်၍ ဖြစ်သောစိတ်၌၊ ကိုယ်ကိုကောင်းစွာသိမ်းဆည်းစောင့်ရှောက်၍ထားတတ် သော၊ သမုဋ္ဌာနလက္ခဏာရှိသော။ သမ္မာကမ္မန္တ စေတသိက်တရားသည် လည်း။၎င်းသမ္မာဒိဋ္ဌိနှင့်အတူဖြစ်၍ပါရှိနေ၏။ထိုပါရှိနေသောသမ္မာကမ္မန္တ စေတသိက်တရားကိုလည်း။ ဘုရားအစရှိသော သူတော်ကောင်းတို့သည် ရှာမှီးအပ်၏။ ထိုသို့ရှာမှီးအပ်သောကြောင့်။ ၎င်း သမ္မာကမ္မန္တစေတသိက် တရားကိုပင်၊ မဂ္ဂဟူ၍ခေါ်ဆိုအပ်လေသည်။တနည်း၊ ၎င်းသမ္မာကမ္မန္တစေ တသိက်တရားသည်။ထိုဇာတိ၏ဖြစ်ခြင်းသဘောလက္ခဏာအာရုံကို၊အာ ရုံပြုသောအားဖြင့်ရှာမှီးတတ်၏။ ထိုသို့ရှာမှီးတတ်သောကြောင့်။ ၎င်းသ မ္မာကမ္မန္တစေတသိက်တရားကို မဂ္ဂဟုခေါ်ဆိုအပ်လေသည်။ တနည်း။၎င်း သမ္မာကမ္မန္တစေတသိက်တရားသည်။ ထိုဇာတိ၏ ဖြစ်ခြင်းသဘောလက္ခ ဏာကို။ ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော၊ သမ္မာဒိဋ္ဌိနှင့်ယှဉ်၍ အာရုံပြု တိုင်း ပြုတိုင်း၌။ မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်သော။ မိစ္ဆာကမ္မန္တကို ဖြစ်စေ တတ်သော ကိလေသာတို့ကိုဖျက်ဆီး၏။ထိုသို့ဖျက်ဆီးသောကြောင့်။၎င်း သမ္မာကမ္မန္တစေတသိက်တရားသည် (မ)ဟူသောအမည်ကိုလည်းရ၏။ ဇာ တိတရား၏ ဖြစ်ပေါ်သော သဘောလက္ခဏာအာရုံသို့။ သမ္မာဒိဋ္ဌိမဂ္ဂနှင့်အ တူ။ အာရုံပြု၍ရောက်တတ်သောကြောင့်။ (ဂ)ဟူသောအမည်ကိုလည်းရပေ ၏။ထိုသို့အမည်နှစ်ပါးကိုရသောကြောင့်။ ၎င်းသမ္မာကမ္မန္တစေတသိက်တ ရားကို။မဂ္ဂဟုခေါ်ဆိုအပ်လေသည်။၎င်းမဂ္ဂဟုခေါ်ဆိုအပ်သော။သမ္မာကမ္မ န္တစေတသိက်တရားသည်။မိမိလည်းဖြူစင်သန့်ရှင်း၏။ မိမိဖြစ်ခိုက်၊ မိမိနှင့် အတူဖြစ်သော၊သမ္ပယုတ်တရားတို့ကိုလည်း။မိစ္ဆာကမ္မန္တကို ဖြစ်စေတတ် သောကိလေသာတို့မှ၊ဖြူစင်သန့်ရှင်းစေ၏။ထိုကြောင့်။၎င်းသမ္မာကမ္မန္တမဂ္ဂ ကိုပင်။အရိယမဂ္ဂဟုခေါ်ဆိုအပ်လေသည်။ ထိုသမ္မာဒိဋ္ဌိမဂ္ဂဖြစ်ခိုက်။ ထိုသ မ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်သောစိတ်၌။ အသက်မွေးကြောင်းနှင့်စပ်၍။ ကိုယ်နှုတ် နှစ်ပါးကို ဖြူစင်စေတတ်သော။ ဝေါဒါနလက္ခဏာရှိသော။ သမ္မာအာဇီဝ စေတသိက်သည်လည်း။ သမ္မာဒိဋ္ဌိနှင့် အတူဖြစ်လျက်ပါရှိသည်သာတည်း။ ထိုပါရှိနေသောသမ္မာအာဇီဝစေတသိက်တရားကို။ဘုရားအစရှိသော သူ တော်ကောင်းတို့သည် ရှာမှီးအပ်၏။ထိုသို့ရှာမှီးအပ်သောကြောင့်။ ၎င်းသ မ္မာအာဇီဝစေတသိက်တရားကို။ မဂ္ဂဟုခေါ်ဆိုအပ်လေသည်။ တနည်း။ ထို

သမ္မာအာဇီဝတရားသည်။ ဇာတိ၏ ဖြစ်ခြင်းသဘောလက္ခဏာဟု ဆိုအပ်သော။ဟုတ်မှန်သောအာရုံကိုအာရုံပြုသောအားဖြင့် ရှာမှီးတတ်၏။ထိုသို့ရှာမှီးတတ်သောကြောင့်။ ၎င်းသမ္မာအာဇီဝစေတသိက်တရားကိုပင်၊ မဂ္ဂဟုခေါ်ဆိုအပ်လေသည်။တနည်း။၎င်းသမ္မာအာဇီဝ စေတသိက်တရားသည်။ ထိုဇာတိ၏ ဖြစ်ပေါ်ခြင်းသဘောလက္ခဏာကို။ ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော။ သမ္မာဒိဋ္ဌိနှင့်ယှဉ်၍။ အာရုံပြုတိုင်းပြုတိုင်း၌။ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာအာဇီဝကိုဖြစ်စေတတ်သောကိလေသာတို့ကို ဖျက်ဆီး၏။ ထိုသို့ဖျက်ဆီးသောကြောင့်၊ ၎င်းသမ္မာအာဇီဝစေတသိက်တရားသည်(မ)ဟူသောအမည်ကိုလည်းရ၏။ဟုတ်မှန်သော၊ဇာတိ၏ ဖြစ်ခြင်းသဘောလက္ခဏာကို။သမ္မာဒိဋ္ဌိနှင့်အတူအာရုံပြု၍ရောက်တတ်သောကြောင့်(ဂ)ဟူသောအမည်ကိုလည်းရ၏။ထိုသို့ အမည်နှစ်ပါးကိုရသောကြောင့်။ ၎င်း သမ္မာအာဇီဝစေတသိက်တရားကို မဂ္ဂဟုခေါ်ဆိုအပ်လေသည်။ ၎င်းမဂ္ဂဟုခေါ်ဆိုအပ်သောသမ္မာအာဇီဝစေတသိက်တရားသည်၊ မိမိလည်းပြုစင်သန့်ရှင်း၏။ မိမိဖြစ်ခိုက်၊ မိမိနှင့်အတူဖြစ်သော။ သမ္ပယုတ်တရားတို့ကိုလည်း။ပြုစင်သန့်ရှင်းစေ၏။ထိုကြောင့်။၎င်းသမ္မာအာဇီဝမဂ္ဂကိုပင်။ အရိယမဂ္ဂဟုခေါ်ဆိုအပ်လေသည်။ထိုသမ္မာဒိဋ္ဌိမဂ္ဂဖြစ်ခိုက်။ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍။ဖြစ်သောစိတ်၌ယှဉ်၍၊၎င်းဇာတိ၏ဖြစ်ခြင်းသဘောလက္ခဏာကိုအာရုံပြု၍၊သမ္ပယုတ်တရားတို့ကို၊မဆုတ်မနစ်စေရအောင်၊အားထုတ်တတ်သော၊ပဂ္ဂဟာလက္ခဏာရှိသော၊ဝီရိယစေတသိက်တည်းဟူသော၊သမ္မာဝါယာမတရားသည်လည်း။၎င်းသမ္မာဒိဋ္ဌိနှင့်အတူပါရှိသည်သာတည်း။ထိုပါရှိနေသောသမ္မာဝါယာမတရားကို။ဘုရားအစရှိသောသူတော်ကောင်းတို့သည်၊ရှာမှီးအပ်၏။ထိုသို့ရှာမှီးအပ်သောကြောင့်၊၎င်းသမ္မာဝါယာမတရားကို၊မဂ္ဂဟူ၍လည်းခေါ်ဆိုအပ်သည်။ တနည်း။ ထိုသမ္မာဝါယာမတရားသည်။ဇာတိဖြစ်ပေါ်ခြင်းသဘောလက္ခဏာဟု ဆိုအပ်သော၊ ဟုတ်မှန်သောတရားကို အာရုံပြုသောအားဖြင့်ရှာမှီးတတ်၏။ ထိုသို့ရှာမှီးတတ်သောကြောင့်၊ ၎င်းသမ္မာဝါယာမတရားကို မဂ္ဂဟုခေါ်ဆိုအပ်လေသည်၊ တနည်း။ ၎င်းသမ္မာဝါယာမတရားသည်။ထိုဇာတိ၏ဖြစ်ပေါ် ခြင်းသဘောလက္ခဏာကိုအာရုံပြု၍ အားထုတ်သောအခါတိုင်း၌ပင်။ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော။ မိစ္ဆာဝါယာမကို၊ ဖြစ်စေတတ်သော၊ ကိလေသာတို့ကို ဖျက်ဆီး၏။ ထိုသို့ ဖျက်ဆီးသောကြောင့်။၎င်းသမ္မာဝါယာမတရားသည် (မ)ဟူသောအမည်ကိုလည်းရ၏၊ဟုတ်မှန်သော၊ဇာတိ၏ဖြစ်ခြင်းသဘောလက္ခဏာကို၊သမ္မာဒိဋ္ဌိနှင့်အတူအာရုံပြု၍ရောက်တတ်သောကြောင့် (ဂ)ဟူသောအမည်ကိုလည်းရ၏။ ထို

သို့အမည်နှစ်ပါးကိုရသောကြောင့်။ ၎င်း သမ္မာဝါယာမတရားကို မဂ္ဂဟုခေါ်ဆိုအပ်လေသည်။ ၎င်း မဂ္ဂဟုခေါ်ဆိုအပ်သော၊ သမ္မာဝါယာမတရားသည်။မိမိလည်းဖြူစင်သန့်ရှင်း၏။ မိမိဖြစ်ခိုက်၊ မိမိနှင့်အတူဖြစ်သော။ သမ္ပယုတ်တရားတို့ကိုလည်းဖြူစင်သန့်ရှင်းစေ၏။ထိုကြောင့်။ ၎င်းသမ္မာဝါယာမ မဂ္ဂကိုပင်၊ အရိယမဂ္ဂဟုခေါ်ဆိုအပ်လေသည်။ ထိုသမ္မာဒိဋ္ဌိမဂ္ဂဖြစ်ခိုက်။ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်သော၊စိတ်၌ယှဉ်၍ ၎င်းဇာတိ၏ဖြစ်ခြင်းသဘောလက္ခဏာကိုအာရုံပြု၍၊တွေးတောအောက်မေ့တတ်သော ဥပဋ္ဌာနလက္ခဏာရှိသော။သတိစေတသိက်တရားသည်လည်း။ထိုသမ္မာဒိဋ္ဌိနှင့်အတူဖြစ်၍ပါရှိသည်သာတည်း။ထိုပါရှိနေသောသမ္မာသတိတရားကို။ ဘုရားအစရှိသောသူတော်ကောင်းတို့သည်။ရှာမှီးအပ်၏။ထိုသို့ရှာမှီးအပ်သောကြောင့် ၎င်းသမ္မာသတိတရားကိုပင်။မဂ္ဂဟူ၍ခေါ်ဆိုအပ်လေသည်။တနည်း။ ၎င်းသမ္မာသတိတရားသည်။ ဇာတိဖြစ်ပေါ်ခြင်းသဘောလက္ခဏာဟုဆိုအပ်သောဟုတ်မှန်သောတရားကိုအာရုံပြုသောအားဖြင့်။ရှာမှီးတတ်၏။ ထိုသို့ရှာမှီးတတ်သောကြောင့်။၎င်းသမ္မာသတိတရားကို၊မဂ္ဂဟုခေါ်ဆိုအပ်လေသည်။ တနည်း။၎င်းသမ္မာသတိတရားသည်။ထိုဇာတိ၏ဖြစ်ခြင်းသဘောလက္ခဏာအာရုံကို အာရုံပြု၍။ တွေးတော အောက်မေ့သောအခါတိုင်း၌ပင်။ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော။မိစ္ဆာသတိကိုဖြစ်စေတတ်သော ကိလေသာတို့ကိုဖျက်ဆီး၏။ ထိုသို့ဖျက်ဆီးသောကြောင့်။ ၎င်းသမ္မာသတိတရားသည်။ (မ)ဟူသောအမည်ကိုလည်းရ၏။ ဟုတ်မှန်သော ဇာတိ၏ဖြစ်ပေါ်ခြင်းသဘောလက္ခဏာကို။သမ္မာဒိဋ္ဌိနှင့်အတူအာရုံပြု၍ရောက်တတ်သောကြောင့် (ဂ)ဟူသောအမည်ကိုလည်းရ၏။ထိုသို့အမည်နှစ်ပါးကိုရသောကြောင့်။ ၎င်းသမ္မာသတိတရားကို မဂ္ဂဟူ၍ခေါ်ဆိုအပ်လေသည်။၎င်းမဂ္ဂဟုခေါ်ဆိုအပ်သော။သမ္မာသတိတရားသည်။မိမိလည်းဖြူစင်သန့်ရှင်း၏။ မိမိဖြစ်ခိုက်။ မိမိနှင့်အတူဖြစ်သော။ သမ္ပယုတ်တရားတို့ကိုလည်း။ဖြူစင်သန့်ရှင်းစေ၏။ ထိုကြောင့်။၎င်းသမ္မာသတိကိုပင်။ အရိယမဂ္ဂဟုခေါ်ဆိုအပ်လေသည်။ ထိုသမ္မာဒိဋ္ဌိမဂ္ဂဖြစ်ခိုက်။ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်သောစိတ်၌ယှဉ်၍။၎င်းဇာတိ၏ဖြစ်ခြင်းသဘောလက္ခဏာအာရုံကိုအာရုံပြု၍။သမ္ပယုတ်တရားတို့ကိုမပျံ့မလွင့်စေရအောင်ထားတတ်သော။အဝိက္ခေပလက္ခဏာရှိသော။ ဧကဂ္ဂတာစေတသိက်ဟု ဆိုအပ်သော။ သမ္မာသမာဓိတရားသည်လည်း။ ထိုသမ္မာဒိဋ္ဌိနှင့်အတူဖြစ်၍ပါရှိသည်သာတည်း။ ထိုပါရှိနေသော၊ သမ္မာသမာဓိတရားကို။ ဘုရားအစရှိသောသူတော်ကောင်းတို့သည် ရှာမှီးအပ်၏။ ထိုသို့ရှာမှီးအပ်သောကြောင့်၊၎င်းသမ္မာသမာဓိတရားကို။ မဂ္ဂဟုခေါ်ဆိုအပ်

လေသည်။တနည်း။ငင်းသမ္မာသမာဓိတရားသည်။ ဇာတိ၏ဖြစ်ခြင်းသဘော
လက္ခဏာဟုဆိုအပ်သော။ဟုတ်မှန်သောအာရုံကိုအာရုံပြု၍ရှာမှီးတတ်၏။
ထိုသို့ရှာမှီးတတ်သောကြောင့်။ငင်းသမ္မာသမာဓိတရားကိုပင်၊ မဂ္ဂဟုခေါ်
ဆိုအပ်လေသည်။တနည်း။ထိုသမ္မာသမာဓိတရားသည်။ ထိုဇာတိ၏ဖြစ်ခြင်း
သဘောလက္ခဏာအာရုံကို အာရုံပြု၍ တည်နေသောအခါတိုင်း၌ပင်။ မိမိ
နှင့်ဆန့်ကျင်ဘက်ဖြစ်သော။ မိစ္ဆာသမာဓိကို ဖြစ်စေတတ်သော ကိလေ
သာတရားတို့ကိုဖျက်ဆီး၏။ ထိုသို့ ဖျက်ဆီးသောကြောင့်။ (မ)ဟူသောအ
မည်ကိုလည်းရပေ၏။ဟုတ်မှန်သော၊ဇာတိ၏ ဖြစ်ခြင်းသဘောလက္ခဏာ
သို့။သမ္မာဒိဋ္ဌိနှင့်အတူအာရုံပြု၍ရောက်တတ်သောကြောင့်။(ဂ)ဟူသောအ
မည်ကိုလည်းရပေ၏။ ထိုသို့အမည်နှစ်ပါးကိုရသောကြောင့်၊ ငင်းသမ္မာသ
မာဓိတရားကို။ မဂ္ဂဟူ၍ခေါ်ဆိုအပ်လေသည်။ ငင်းမဂ္ဂဟုခေါ်ဆိုအပ်သော။
သမ္မာသမာဓိတရားသည်။ မိမိလည်း၊ကိလေသာတို့မှလွတ်နေသောကြောင့်
ဖြူစင်သန့်ရှင်း၏။မိမိဖြစ်ခိုက်။မိမိနှင့်အတူဖြစ်သော၊သမ္ပယုတ်တရားတို့ကို
လည်း။ဖြူစင်သန့်ရှင်းစေ၏။ထိုကြောင့်။ငင်းသမ္မာသမာဓိမဂ္ဂကို။ အရိယမဂ္ဂ
ဟုခေါ်ဆိုအပ်သည်။ ထိုဆိုအပ်ပြီးသော။ သမ္မာဒိဋ္ဌိအမှူးရှိသော။ အစိတ်အ
စိတ် အင်္ဂါရှစ်ပါးတို့သည်။ထိုဝိပဿနာစိတ်၌။တပေါင်းတည်းဖြစ်ကြကုန်
၏။ထိုကြောင့်။ငင်းသမ္မာဒိဋ္ဌိအမှူးရှိသောအရိယာမဂ္ဂကို။ အင်္ဂသောအဋ္ဌင်္ဂိ
ကောမဂ္ဂေါဟုဟောတော်မူအပ်လေသည်။ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်
တိုင်းဖြစ်တိုင်း။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ
တည်းဟူသော။မဖြူစင်သောအယုတ်တရားနှစ်ပါးတို့သည်၊ ကင်းကြလေ
ကုန်သည်သာတည်း။ ထိုသို့ အယုတ်တရား နှစ်ပါးတို့မှ ကင်းလွတ်သော
ကြောင့်။ငင်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။မဇ္ဈိမာပဋိ
ပဒါဟုခေါ်ဆိုအပ်လေသည်။ ထိုကြောင့်။ ငရဲ။ တိရစ္ဆာန်။ ပြိတ္တာ။ အသူရ
ကာယ်ဘုံတို့၌။ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့၏ရှေ့ဦးအစဖြစ်ခြင်းသဘော
လက္ခဏာရှိသော ဇာတိတရားကိုအာရုံပြု၍။သမ္မာဒိဋ္ဌိအမှူးရှိသော။ဝိပဿ
နာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအကျင့်ကို၊ မှီဝဲကျင့်ကြံ
သည်၏အဖြစ်သို့။ဧကန်ရောက်သည့်၏အဖြစ်ကို၊ ထင်ရှားဧကန်သိကြလေ
ကုန်။ဤအပါယ်လေးဘုံ၌။ခန္ဓာငါးပါး။ ရုပ်နာမ်တရားတို့၏။ ရှေ့ဦးအစဖြစ်
သော။ သဘောလက္ခဏာရှိသော။ ဇာတိတရားကိုအာရုံပြု၍။ ဝိ ပ ဿ နာ
ဉာဏ်ဖြင့်ရှုသလို။ လူ့ပြည်၊ နတ်ပြည်၌ဖြစ်သော ဇာတိတရားကိုလည်းရှု
အပ်၏။ ရှုပုံမှာ။ လူ့ပြည်။ နတ်ပြည်ခြောက်ထပ်တို့၌လည်း။ လူသတ္တဝါ။
နတ်သတ္တဝါ ထင်ရှားသည်မဟုတ်။ခန္ဓာငါးပါး။ရုပ်နာမ်တရားတို့သာထင်

ရှားပေ၏။ထိုသို့ထင်ရှားခြင်းသည်။ စင်စစ်ဖြစ်ခြင်းသဘောဓာတ်တရားရှိ၍သာလျှင်ထင်ရှားပေ၏။ အကယ်၍ ဖြစ်ခြင်းသဘောဓာတ်မရှိလျှင်။ စင်စစ်၊ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့ မထင်ရှားလေပြီ။ထိုကြောင့်။ လှူ့ဘုံ နတ်ပြည်ခြောက်ထပ်တို့၌လည်း၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ ရှေးဦးစွာဖြစ်ခြင်းသဘောလက္ခဏာသည်။စင်စစ် ဓာတ်တရားပေတည်းဟု။ဓာတ်၏ဟုတ်မှန်သောသဘောလက္ခဏာကိုအာရုံပြု၍၊ သိတိုင်းသိတိုင်း။ ဝိပဿနာဉာဏသမ္ပယုတ် ဇောစိတ်အစဉ်သည်ဖြစ်၏။ ထိုသို့ဖြစ်သော။ ဝိပဿနာဉာဏသမ္ပယုတ်ဇောစိတ်အစဉ်၌ ပါသော။ ပညာစေတသိက်တရားကို။ ဓာတ်တို့၏ ဟုတ်မှန်သောဖြစ်ခြင်းသဘောလက္ခဏာကို။ မချွတ်မယွင်း။ ဟုတ်တိုင်းမှန်စွာအာရုံပြု၍သိတတ်သောကြောင့်။သမ္မာဒိဋ္ဌိဟူ၍လည်းခေါ်ဆိုအပ်သည်။ထိုသမ္မာဒိဋ္ဌိကို။ဘုရားအစရှိသောသူတော်ကောင်းတို့သည်။စင်စစ်ရှာမှီးအပ်၏။ ထိုသို့ရှာမှီးအပ်သောကြောင့်။ ၎င်းသမ္မာဒိဋ္ဌိကို မဂ္ဂဟူ၍လည်းခေါ်ဆိုအပ်သည်။ကျန်စကားရပ်တို့ကို၊ ရှေး၌ပြဆိုအပ်ပြီးသောနည်းအတိုင်းသိလေ။ ထိုသမ္မာဒိဋ္ဌိမဂ္ဂဖြစ်လျှင်။ သမ္မာသင်္ကပ္ပစသော ကျန်မဂ္ဂင်ခုနစ်ပါးတို့သည်း၊တပြိုင်နက်တချက်တည်း။ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ ဖြစ်ပါကြကုန်သည်သာတည်း။ ထိုသမ္မာသင်္ကပ္ပစသော၊ ခုနစ်ပါးသော မဂ္ဂင်တို့၏ မဂ္ဂစသည့်မည်ကြောင်းကို။ရှေးနည်းအတိုင်းသိကြလေ။အနာဂါကိုဘော်ထုတ်၍ မဆိုပြီ။ထိုသို့ပါခြင်းကြောင့်။ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော၊ အယုတ်တရား နှစ်ပါးတို့သည်။ ကင်းလေသည်သာတည်း။ထိုသို့အယုတ်တရားနှစ်ပါးမှကင်းလွတ်သောကြောင့်။၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်လေသည်။ဤကြောင့်။လူ့ပြည် နတ်ပြည်ခြောက်ထပ်တို့၌။ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏၊ ရှေးဦးအစဖြစ်ခြင်း သဘောလက္ခဏာရှိသော။ ဓာတ်တရားကို အာရုံပြု၍။ သမ္မာဒိဋ္ဌိအမှူးရှိသော၊ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။မဇ္ဈိမာပဋိပဒါအကျင့်ကို၊ဖို့ဝဲကျင့်ကြံသည်၏အဖြစ်ကို သိကြလေ။လူ့ပြည်နတ်ပြည် ခြောက်ထပ်တို့၌။ရှေးဦးအစဖြစ်သော သဘောလက္ခဏာရှိသော။ ဓာတ်တရားကိုအာရုံပြု၍ရှုသလို။ ပဌမစျာန်သုံးဘုံ။ ဒုတိယစျာန်သုံးဘုံ။ တတိယစျာန် သုံးဘုံ။ အသညသတ်ကြဉ်သော။ ဝေဟပ္ဖိုလ်။အဝိဟာ။အတပ္ပါ။သုဒဿာ။သုဒဿီ။ အကနိဋ္ဌ တည်းဟူသော၊စတုတ္ထစျာန်ခြောက်ဘုံ။ ပေါင်း၊ ဖြဟ္မာ့တဆယ့်ငါးဘုံတို့၌ဖြစ်သော ဓာတ်တရားကိုလည်းရှုအပ်၏။ရှုပုံမှာ၊၎င်းဖြဟ္မာ့တဆယ့်ငါးဘုံတို့၌လည်း။ ဖြ

ဟ္ဘာ သတ္တဝါ ထင်ရှားသည်မဟုတ်။ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည်သာ လျှင်ထင်ရှားပေ၏။ ထိုသို့ထင်ရှားခြင်းသည်၊ ဖြစ်ခြင်းသဘောဓာတ်တရား ရှိ၍သာလျှင် ထင်ရှားပေ၏။ အကယ်၍၊ ဖြစ်ခြင်းသဘောဓာတ် မရှိလျှင်၊ စင်စစ်၊ ထိုခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်၊ မထင်ရှားလေပြီ။ ထိုကြောင့် ဖြဟ္ဘာ တဆယ့်ငါးဘုံတို့၌လည်း၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏၊ ရှေဦး စွာဖြစ်ခြင်းသဘောလက္ခဏာသည်။ စင်စစ်၊ ဓာတ်တရားပေတည်းဟု။ ဓာ တ်၏ ဟုတ်မှန်သော သဘောလက္ခဏာကို အာရုံပြု၍ သိတိုင်းသိတိုင်း။ ဝိ ပဿနာ ဉာဏသမ္ပယုတ်ဓောစိတ်အစဉ်သည်ဖြစ်၏။ ထိုသို့ဖြစ်သောဝိပ သာနာဉာဏသမ္ပယုတ်ဇောစိတ်အစဉ်၌ပါသော။ ပညာစေတသိက် တရား ကိုဟုတ်တိုင်းမှန်စွာအာရုံပြု၍သိတတ်သောကြောင့်။ သမ္မာဒိဋ္ဌိဟူ၍ ခေါ်ဆို အပ်သည်။ ထိုသမ္မာဒိဋ္ဌိကို၊ ဘုရားအစရှိသောသူတော်ကောင်းတို့သည်၊ ရှာ မှီးအပ်၏။ ထိုသို့ရှာမှီးအပ်သောကြောင့်။ ၎င်းသမ္မာဒိဋ္ဌိကိုပင်၊ မဂ္ဂဟူ၍ခေါ် ဆိုအပ်သည်။ ကျန်စကားရပ်တို့ကို ရှေး၌ပြဆိုအပ်သောနည်းအတိုင်း သိ ကြလေ။ ထိုသမ္မာဒိဋ္ဌိမဂ္ဂဖြစ်လျှင်။ သမ္မာသင်္ကပ္ပစသော ကျန်မဂ္ဂင်ခုနစ်ပါး တို့သည်လည်း။ တပြိုင်နက်တချက်တည်း။ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်ပါကြ ကုန်သည်သာတည်း၊ ထိုသို့ဖြစ်ပါခြင်းကြောင့်။ ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည် ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။ ကာမသုခလ္လိကာနု ယောဂ။ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါး တို့သည်။ ကင်းလေကုန်သည် သာတည်း။ ထိုသို့ကင်းခြင်းကြောင့်၊ အယုတ်တ ရားနှစ်ပါးမှလွတ်နေ၏။ ထိုသို့လွတ်နေခြင်းကြောင့်။ ၎င်း ဖြစ်တိုင်းဖြစ်တိုင်း သောဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို၊ မဇ္ဈိမာ ပဋိပဒါဟု ခေါ်ဆိုအပ်သည်။ ထို ကြောင့်။ ဗြဟ္ဘာတဆဲ့ငါးဘုံ၌။ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ ရှေဦးအစ ဖြစ်ခြင်းသဘောလက္ခဏာရှိသော ဓာတ်တရားကိုအာရုံပြု၍၊ သမ္မာဒိဋ္ဌိအ မှူးရှိသော။ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအကျင့် ကိုမှီဝဲကျင့်ကြံသည်၏အဖြစ်ကိုသိကြလေ။ ဗြဟ္ဘာတဆဲ့ငါးဘုံ၌၊ ခန္ဓာငါး ပါးရုပ်နာမ်တရားတို့၏ ရှေဦးအစဖြစ်ခြင်းသဘောလက္ခဏာရှိသော၊ ဓာ တ်တရားကိုအာရုံပြု၍ရှုသလို။ အသညသတ်ဘုံ၌ဖြစ်သောဓာတ်တရားကို လည်းရှုအပ်၏။ ရှုပုံမှာ၊ အသညသတ်ဗြဟ္ဘာဘုံ၌လည်း။ အသညသတ်ဗြ ဟ္ဘာ၊ ထင်ရှားသည်မဟုတ်။ စင်စစ်၊ ရုပ်တရားတို့သည်သာလျှင် ထင်ရှားကုန် ၏။ ထိုသို့ထင်ရှားခြင်းသည်။ ဖြစ်ခြင်းသဘော ဓာတ်တရားရှိ၍သာလျှင်၊ ထင်ရှားပေ၏။ အကယ်၍ဖြစ်ခြင်းသဘောဓာတ်မရှိလျှင်။ စင်စစ်၊ ထိုအသ ညသတ်ဘုံ၌။ ရုပ်တရားတို့သည်။ မထင်ရှားလေကုန်ပြီ။ ထိုကြောင့်။ အသ

ညသတ်ဘုံ၌။ ရုပ်တရားတို့၏ ရှေဦးအစ ဖြစ်ခြင်းသဘောလက္ခဏာသည်။စင်စစ်၊ဓာတ်တရားပေတည်းဟု။ဓာတ်၏ဟုတ်မှန်သောသဘောလက္ခဏာကို အာရုံပြု၍ သိတိုင်းသိတိုင်း။ ဝိပဿနာဉာဏ သမ္မယုတ်ဇောစိတ်အစဉ်သည်ဖြစ်၏။ ထိုသို့ဖြစ်သော ဝိပဿနာဉာဏ သမ္မယုတ်ဇောစိတ်အစဉ်၌ပါသော။ပညာစေတသိက်တရားကို။ ဟုတ်တိုင်းမှန်စွာ အာရုံပြု၍သိတတ်သောကြောင့်။သမ္မာဒိဋ္ဌိဟူ၍ခေါ်ဆိုအပ်သည်။ထိုသမ္မာဒိဋ္ဌိကို ဘုရားအစရှိသောသူတော်ကောင်းတို့သည်။ရှာမှီးအပ်၏။ ထိုသို့ရှာမှီးအပ်သောကြောင့်။ ၎င်းသမ္မာဒိဋ္ဌိကိုပင်၊ မဂ္ဂဟူ၍ခေါ်ဆိုအပ်လေသည်။ ကျန်စကားရပ်တို့ကို၊ ရှေး၌ပြဆိုအပ်သောနည်းအတိုင်းသိကြလေ၊ ထိုသမ္မာဒိဋ္ဌိ မဂ္ဂဖြစ်လျှင်။သမ္မာသင်္ကပ္ပစသော။ကျန်မဂ္ဂင်ခုနှစ်ပါးတို့သည်လည်း။ တပြိုင်နက်တချက်တည်း။ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍။ ဖြစ်ပါကြကုန်သည်သာလျှင်ကတည်း။ထိုသို့ဖြစ်ပါခြင်းကြောင့်။ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။ ကာမသုခလ္လိကာနုယောဂ အတ္တကိလမထာနုယောဂတည်းဟူသော။ အယုတ်တရားနှစ်ပါးတို့သည်။ ကင်းလေကုန်သည်သာတည်း၊ထိုသို့ကင်းခြင်းကြောင့်။ အယုတ်တရားနှစ်ပါးမှလွတ်နေ၏။ ထိုသို့လွတ်နေခြင်းကြောင့်။ ၎င်း ဖြစ်တိုင်းဖြစ်တိုင်းသောဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။ မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်။ ထိုကြောင့်။ အသညသတ်ဘုံ၌။ ရုပ်တရားတို့၏ ရှေဦးအစဖြစ်ပေါ်ခြင်းသဘောလက္ခဏာရှိသော၊ဓာတ်တရားကိုအာရုံပြု၍။ သမ္မာဒိဋ္ဌိအမှူးရှိသောဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်း ဖြစ်တိုင်း၊ မဇ္ဈိမာပဋိပဒါအကျင့်ကို မှီဝဲကျင့်ကြံသည်၏အဖြစ်ကို သိကြလေ။ အသညသတ်ဘုံ၌။ ရုပ်တရားတို့၏ ရှေဦးအစဖြစ်ခြင်းသဘောလက္ခဏာရှိသော။ ဓာတ်တရားကို အာရုံပြု၍ရှုသလို။အရူပလေးဘုံ၌ဖြစ်သောဓာတ်တရားကိုလည်း ရှုအပ်၏။ ရှုပုံမှာ အရူပလေးဘုံ၌။ အရူပဖြစ်၍ထင်ရှားသည်မဟုတ်။ စင်စစ်၊ နာမ်တရားတို့သည်သာလျှင် ထင်ရှားပေ၏။ ဤသို့ နာမ်တရားတို့ထင်ရှားခြင်းသည်။ ဖြစ်ခြင်းသဘော ဓာတ်တရားရှိ၍သာလျှင် ထင်ရှားပေ၏။ အကယ်၍ ဖြစ်ခြင်းသဘောဓာတ်မရှိလျှင်။စင်စစ်၊ ထိုအရူပလေးဘုံ၌။ နာမ်တရားတို့သည်။မထင်ရှားလေကုန်ပြီ။ ထိုကြောင့်။ အရူပလေးဘုံ၌လည်း။ နာမ်တရားတို့၏။ ရှေဦးအစဖြစ်ခြင်းသဘောလက္ခဏာသည်။စင်စစ်၊ဓာတ်တရားပေတည်းဟု ဓာတ်၏ဟုတ်မှန်သောသဘောလက္ခဏာကိုအာရုံပြု၍သိတိုင်းသိတိုင်း၊ ဝိပဿနာဉာဏသမ္မယုတ် ဇောစိတ်အစဉ်သည်ဖြစ်၏။ ထိုသို့ဖြစ်သော ဝိပဿနာဉာဏသမ္မယုတ် ဇောစိတ်အစဉ်၌ပါသော။ပညာစေတသိက်တရား

ကို။ဟုတ်တိုင်းမှန်စွာ အာရုံပြု၍ သိတတ်သောကြောင့်။သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်လေသည်။ထိုသမ္မာဒိဋ္ဌိကို။ဘုရားအစရှိသောသူတော်ကောင်းတို့သည်။ရှာမှီးအပ်၏။ ထိုသို့ရှာမှီးအပ်သောကြောင့်။ ၎င်းသမ္မာဒိဋ္ဌိကိုပင်၊ မဂ္ဂဟူ၍ခေါ်ဆိုအပ်လေသည်။ကျန်သောစကားရပ်တို့ကို။ရှေ့၌ ပြဆိုအပ်သောနည်းအတိုင်းသိကြလေ။ ထိုသမ္မာဒိဋ္ဌိမဂ္ဂဖြစ်လျှင်။ သမ္မာသင်္ကပ္ပစသော။ ကျန်မဂ္ဂင်ခုနစ်ပါးတို့သည်လည်း။တပြိုင်နက်တချက်တည်း။ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်ပါကြကုန်သည်သာလျှင်တည်း။ထိုသို့ဖြစ်ပါခြင်းကြောင့်။ ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ကာမသုခလ္လိကာ နုယောဂ၊ အတ္တကိလမထာ နုယောဂ တည်းဟူသော၊ အယုတ်တရားနှစ်ပါးတို့သည်၊ကင်းလေကုန်သည်သာတည်း။ထိုသို့ကင်းခြင်းကြောင့်။ အယုတ်တရားနှစ်ပါးမှလွတ်နေ၏။ ထိုသို့လွတ်နေခြင်းကြောင့်၊ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။ မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်။ထိုကြောင့် အရှုပလေးဘုံ၌။နာမ်တရားတို့၏ ရှေးဦးအစဖြစ်ပေါ်ခြင်းသဘောရှိသောဇာတိတရားကို အာရုံပြု၍။ သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအကျင့်ကိုမှီဝဲကျင့်ကြံသည်၏အဖြစ်ကိုသိကြလေ။ထိုပြဆိုအပ်ပြီးသောဘုံတို့၌။ခန္ဓာရုပ်နာမ်တရားတို့၏။ ရှေးဦးအစ ဖြစ်ခြင်းသဘောလက္ခဏာရှိသော ဇာတိသည်။စင်စစ်သတ္တဝါအတ္တမဟုတ်။အနတ္တတရားသာလျှင်တည်း။ထိုအနတ္တတရားဖြစ်သောဇာတိကို အာရုံပြု၍။ သတ္တဝါမဟုတ်ဟူ၍။ ဝိပဿနာဉာဏ်ဖြင့် သိတိုင်းသိတိုင်း။ သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း၊ အတ္တအယူလည်းကင်း၏။ အဝိဇ္ဇာစသော ကိလေသာတို့လည်းကင်းကုန်၏။ ကာမသုခလ္လိကာနုယောဂအတ္တကိလမထာနုယောဂအယုတ်တရားနှစ်ပါးမှလည်းကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသော ဖြူစင်သောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှီဝဲကျင့်ကြံသည်၏အဖြစ်ကိုသိကြလေ။ ၎င်းဇာတိသဘောသည်ရှင်နေသောအသက်မဟုတ်သောကြောင့် ၎င်းဇာတိသဘောကိုရှင်နေသော အသက်ဇီဝမဟုတ်ဟူ၍အဖန်ဖန်အာရုံပြုပြီးလျှင်။ ဝိပဿနာဉာဏ်ဖြင့်ရှုအပ်၏။ ထိုသို့ရှုတိုင်းရှုတိုင်း၊ အသက်ဇီဝမဟုတ်မှန်းကိုသိတတ်သောသမ္မာဒိဋ္ဌိဝိပဿနာအမှူးရှိသော အဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ဇီဝအယူလည်းကင်း၏။ အဝိဇ္ဇာစသော ကိလေသာတို့လည်းကင်းကုန်၏။ ကာမသုခလ္လိကာနုယောဂ။ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တ

ရားနှစ်ပါးတို့မှလည်း ကင်းလွတ် နေ၏။ ထိုသို့ ကင်းလွတ် နေခြင်းကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသော၊ မြတ်စွာဘုရားအသိဉာဏ်ကိုဖြစ်စေ၍ ဖြစ်စေသော၊ အရိယာအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမြဲကျင့်ကြသည့်၏အဖြစ်ကိုသိကြလေ။ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ အစဖြစ်ခြင်းသဘောဇာတိသည်၊အမှန်အမှားစသောသဏ္ဌာန်မှ ကင်းလျက် မိမိ၏ ဖြစ်ခြင်းသဘောလက္ခဏာကိုသာ ဆောင်ပြနေ၏။ ထိုသို့ဆောင်ပြ ခြင်းကြောင့်။ရင်းဇာတိသည်၊ ဓမ္မသဘောသာဖြစ်ပေ၏ဟု။အာရုံပြု၍ သိတိုင်းသိတိုင်း။ သမ္မာဒိဋ္ဌိအမှူးရှိသောဝိပဿနာအဋ္ဌင်္ဂိကမဂ်သည် ဖြစ်၏ ထိုဝိပဿနာ အဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။ ဓမ္မသဘောကို မသိမမြင် တတ်သောအဝိဇ္ဇာမောဟနှင့်တကွ၊ ကိလေသာတို့သည်လည်း ကင်းကုန် ၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့ ကင်းလွတ်နေခြင်း ကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသော၊ မြတ်စွာဘုရားဉာဏ်ကိုဖြစ်စေ၍ဖြစ်စေသော အရိယာအဋ္ဌင်္ဂိကဝိပ ဿနာမဂ်ကို မြဲကျင့်ကြသည့်၏အဖြစ်ကို ထင်ရှားသိကြလေ။ ထိုဇာတိ သည်။ ထိုထိုဘုံ၌။ ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့၏ ရှေးဦးအစဖြစ်ခြင်းသ ဘောလက္ခဏာအားဖြင့်ထင်ရှားပြီးလျှင်၊ထိုခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့ ၏ ဋ္ဌီအခိုက်သို့ရောက်လျှင်။ ထိုဖြစ်ခြင်းသဘောလက္ခဏာသည်၊ ပျက်စီး ကွယ်ပျောက်လေ၏။ထိုသို့ပျက်စီးကွယ်ပျောက်ခြင်းကြောင့်။ရင်းဇာတိတ ရားသည်။စင်စစ်မမြဲသောအနိစ္စသဘောတရားသာလျှင်ဖြစ်ပေ၏။ ထိုသို့ဖြစ် သည့်၏အဖြစ်ကို။ဘုရားရှင်သည်။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် အာဟာရ ဝဂ်၌။ဇာတိ၊ဘိက္ခဝေ၊အနိစ္စာ၊ သင်္ခတာ၊ပဋိစ္စသမုပ္ပန္နာ၊ ခယဓမ္မာ၊ ဝယ ဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ ဟူ၍ ဟောတော်မူအပ်သည်ကိုထောက်၍ လည်းကောင်း။ ပဋိသမ္ဘိဒါမဂ် ပါဠိတော် အဘိညေယျအခန်း၌။ ပေယျာ လထဲ၌ ပါသော။ ဇာတိယာအနိစ္စာနုပဿနာအဘိညေယျာ ဟူ၍ ဟော တော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ ရင်းပါဠိတော်၊ သဗ္ဗေသင်္ခါ ရာအနိစ္စာအချက်တို့ကိုပြရာအခန်း၌ ပေယျာလအရာ၌ပါရှိသော။ ဇာတိ အနိစ္စာခယဋ္ဌေနဟူ၍၊ လာရှိသည်ကို ထောက်၍လည်းကောင်း။ဇာတိတ ရားသည်၊စင်စစ်အနိစ္စတရားသာ လျှင် ဖြစ်သည့်၏အဖြစ်ကို။ပညာရှင်တို့သိ အပ်၏။ထိုသို့သိကြလျှင်လည်း၊ ထိုဇာတိဟုဆိုအပ်သော ဖြစ်ခြင်းသဘော သည်။ထိုထိုဘုံတို့၌၊ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့၏၊ ဋ္ဌီသို့ရောက်သောအ ခါ၊ပျက်စီးကွယ်ပျောက်လေ၏။ထိုသို့ပျက်စီးကွယ်ပျောက်ခြင်း တည်းဟူ သော။အမြဲမရှိသော အနိစ္စချက်ကိုအာရုံပြု၍ သိတိုင်းသိတိုင်း၊ အနိစ္စကိုရှု မြင်သော၊ သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိ

ပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ဇာတိ၏ အနိစ္စသဘောကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွ။ ဇာတိကို နိစ္စဟု စွဲယူသော မိစ္ဆာဒိဋ္ဌိ အမှူးရှိသော ကိလေသာတို့သည်လည်း ကင်းကုန်၏။ ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါးတို့မှသည်း ကင်းလွတ်နေ၏။ ထိုသို့ ကင်းလွတ်နေသောကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသော။ ဖြူစင်သော အရိယအဋ္ဌင်္ဂိက ဝိပဿနာမဂ်ကိုမှီဝဲကျင့်ကြံသည်၏အဖြစ်သို့ရောက်၏။ ထိုသို့ ရောက်သည်၏အဖြစ်ကိုသိကြလေ။ ထိုဇာတိတရားသည်၊ အနိစ္စသာလျှင်ဖြစ်သည် မ ဟုတ် သေး။ သင်္ခါရဒုက္ခတရားလည်းအမှန်ဖြစ်သည်သာတည်း။အဘယ်ကြောင့် ဒုက္ခတရားဖြစ်လေသနည်းဟူမူ။ ထိုထိုဘုံ၌၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းသဘောတည်းဟူသောဇာတိသည်။ ထိုရုပ်နာမ်တရားတို့၏ ဌီသို့ရောက်လျှင်။ရင်းဖြစ်ခြင်းသဘောဇာတိသည်။ ပျက်စီးကွယ်ပျောက်လေ၏။ ထိုသို့ပျက်စီးကွယ်ပျောက်ခြင်းကြောင့်။ပျက်စီးခြင်း ဘင် တည်းဟူသော အပျက်သည်။ ထိုဇာတိကိုနှိပ်စက်ပေ၏။ ထိုသို့ အပျက်၏ အနှိပ်စက်ကို ခံရခြင်းကြောင့်။ရင်းဖြစ်ခြင်းသဘောဇာတိသည်။ သင်္ခါရဒုက္ခအမှန်ဖြစ်ပေ၏။ ထိုသို့ဒုက္ခဖြစ်သောကြောင့်၊ပဋိသမ္ဘိဒါမဂ်ပါဠိတော်ဥာဏကထာ။အဘိဓေယျအရ၌။ဇာတိယာဒုက္ခနုပဿနာအဘိဓေယျာဟူ၍ ဟောတော်မူအပ်လေသည်။ (ပ) ချင်တော်သည်၊ ထိုသို့ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ ယဒနိစ္စံတံဒုက္ခံဟူ၍။ ဘုရား ဟောတော်မူအပ် သည် ကိုထောက်၍လည်းကောင်း။ဇာတိတရားကို၊ သင်္ခါရဒုက္ခဟူ၍မှတ်ကြလေ။ ဇာတိတရားသည်၊အကယ်၍၊ရင်းဇာတိကို။ကိုယ်တိုင်ဒုက္ခမဟုတ်ဟု ယူခဲ့အံ့။ထိုဇာတိသည်။ ကိုယ်တိုင် သုခတရားပေတည်းဟု ယူရာရောက်လေ၏။ထိုသို့သုခယူခဲ့သော်။ ထိုဇာတိနှင့် ဆန့်ကျင်ဘက်ဖြစ်သော။ အဇာတိတည်းဟူသော အသင်္ခတဓာတ်ကို။ ပဋိပက္ခအားဖြင့် မကြည့်ရှုနိုင်တော့ပြီလည်းတကြောင်း။သဗ္ဗေသင်္ခါရာ ဒုက္ခာဟူ၍ ဟောတော်မူအပ်သော၊ ပါဠိတော်တို့နှင့်လည်း ဆန့်ကျင်ရာ၏။ ထိုကြောင့် ဖြစ်ခြင်းသဘော ဇာတိတရားကို။စင်စစ်၊သင်္ခါရဒုက္ခဟူ၍မှတ်ယူကြလေ။ဤသို့မှတ်ယူ၍ဖြစ်ခြင်းသဘောဇာတိကို။ အပျက်နှိပ်စက်ခြင်းကြောင့်။ သင်္ခါရဒုက္ခ တရား သာ ဖြစ်သည်ဟုအာရုံပြု၍။ပညာဖြင့်သိတိုင်းသိတိုင်း။ဇာတိ၏ဒုက္ခကို ရှုမြင်သောသမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည် ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ဇာတိ၏ဒုက္ခသဘောကိုမသိမမြင်တတ်သောအဝိဇ္ဇာမောဟနှင့်တကွ။ ဇာတိကိုသုခဟုစွဲယူနေသော။ မိစ္ဆာဒိဋ္ဌိအမှူးရှိ

သောကိသလောတို့သည်လည်းကင်းလေကုန်၏။ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ တည်းဟူသောအယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်သောကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသော ဖြူစင်သော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို၊မှိဝဲကျင့်ကြံသည့်၏အဖြစ်သို့ရောက်သည့်၏အဖြစ်ကို ထင်ရှားသိကြလေ။ ဤမှဖြင့်၊ ဇာတိပိ ဒုက္ခာဟူသောပုန္ဒြအကျုံးဝင်သော ဇာတိသဘောကို အာရုံပြု၍။မဇ္ဈိမာပ ဋိပဒါတည်းဟူသော ဖြူစင်သော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှိဝဲကျင့် ကြံအင်ပုံကိုထင်ရှားသိကြလေ။

{မေး} အနတ္တဖြစ်သောဇာတိတရားသည်။ အနိစ္စတရားဖြစ်ခြင်းကြောင့် သင်္ခါရဒုက္ခတရားဖြစ်သည်၏အဖြစ်ကို ပြဆိုအပ်သောနည်းအတိုင်း သိအပ် ပါပြီ။၎င်းဇာတိသည်၊ဒုက္ခအမျိုးမျိုးတို့၏ဖြစ်ကြောင်းကိုလည်းဟောင်း။ ထို ဒုက္ခဖြစ်ကြောင်းကို အာရုံပြု၍။မဇ္ဈိမာပဋိပဒါကို။ မှဲ့ဝဲပုံကိုလည်းဟောင်းအ ကျယ်အားဖြင့်ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဤပြဆိုလတ့်သောနည်းကိုအစဉ်မှီး၍သိအပ်ပါသည်။ သိပုံမှာ။အ ကာယ်၍ ငရဲတို့၌။ ရှေဦးအစ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ဖြစ်ခြင်းသဘော ဇာတိမရှိခဲ့သျှင်။ အဘယ်မှာ ငရဲမီးသောင်ခြင်းကြောင့်ဖြစ်သော ကာယိ ကဒုက္ခ။စိတ်၏မချမ်းသာခြင်းတည်းဟူသော။မာနသိကဒုက္ခတရားတို့သည် ဖြစ်မှုရှိပါကုန်အံ့နည်း။စင်စစ်ဖြစ်ခြင်းသဘောဇာတိရှိ၍သာ။ပြော် ငရဲမီး လောင်ရခြင်းကြောင့်ဖြစ်သော ကာယိကဒုက္ခ။စိတ်၏မချမ်းသာခြင်းတည်း ဟူသော။မာနသိကဒုက္ခတရားတို့သည် ဖြစ်ရပေ၏။ထိုကြောင့်။ငရဲ၌၊ ခန္ဓာ ငါးပါး၊ရုပ်နာမ်တရားတို့၏ဖြစ်ခြင်း သဘောဇာတိကြောင့်သာ။ ထိုငရဲမီး သောင်ခြင်းကြောင့်ဖြစ်သော။ ကာယိကဒုက္ခ။ စိတ်မချမ်းသာခြင်း တည်း ဟူသော၊မာနသိကဒုက္ခတရားတို့သည်။ကောန်ဖြစ်ရသည့်၏အဖြစ်ကို။ပညာ ဖြင့်ဆင်ခြင်၍ ကြည့်ကြလေ။ ထိုသို့ ဆင်ခြင်၍ ကြည့်ကြလျှင်။ ငရဲ၌ ငရဲမီး လောင်ခြင်းကြောင့်ဖြစ်သော။ကာယိကဒုက္ခမာနသိကဒုက္ခတရားတို့သည် ကောန်ဖြစ်ပေါ်သောဇာတိကြောင့်သာ၊ကောန်ဖြစ်မှုကို ပညာဖြင့်သိမြင်သေ ၏။ ထိုသို့သိမြင်တိုင်းသိမြင်တိုင်း။သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိ ကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်း ဖြစ်တိုင်း။ ဇာတိ၏ ဒုက္ခဖြစ်ကြောင်းကို၊မသိမမြင်တတ်သောအဝိဇ္ဇာမောဟနှင့်တကွ။ ဇာတိ ကို သုခဖြစ်ကြောင်းဟု စွဲယူနေသော မိစ္ဆာဒိဋ္ဌိအမှူးရှိသော၊ ကိလေသာ တို့သည်လည်း၊ကင်းလေကုန်၏။ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမ ထာနုယောဂတည်းဟူသော၊အယုတ်တရားနှစ်ပါးတို့မှလည်း။ကင်းလွတ်

နေ၏။ ထိုသို့ကင်းလွတ်ခြင်းကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသော။ဖြူစင်
သော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံသည်၏ အဖြစ်သို့။ ဧ
ကန်ရောက်သည့်၏အဖြစ်ကိုထင်ရှားသိကြလေ။ တနည်း။ ငရဲမီးလောင်ရခြင်း
ကြောင့်သာဒုက္ခဖြစ်သည်မဟုတ်သေး။ငရဲ၌၊ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့
ဖြစ်ခြင်းကြောင့်သာ။ငရဲမီးကိုမြင်တိုင်းမြင်တိုင်း။စိတ်မချမ်းသာရခြင်းဒုက္ခ
ငရဲမီးသံကိုကြားတိုင်း ကြားတိုင်း၊ စိတ်မချမ်းသာရခြင်းဒုက္ခ။ ငရဲမီးအနံ့
ကိုနမ်းတိုင်းနမ်းတိုင်း၊ စိတ်မချမ်းသာရခြင်းဒုက္ခ။ စိတ်ကူးတိုင်းကူးတိုင်း၊
စိတ်မချမ်းသာရခြင်းဒုက္ခတို့ ဖြစ်ရသည်၏အဖြစ်ကို။ ပညာဖြင့် ဆင်ခြင်၍
ကြည့်ကြလျှင်။စင်စစ်၊ထိုဆင်းရဲတို့သည်။ ငရဲ၌၊ ဖြစ်ခြင်းဇာတိကြောင့်သာ
ဧကန်ဖြစ်မှုကို၊ ပညာဖြင့်သိမြင်လေ၏။ ထိုသို့သိမြင်တိုင်းသိမြင်တိုင်း။ သ
မ္မာဒိဋ္ဌိအမှုးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည် ဖြစ်၏။ ထိုဝိပဿနာ အ
ဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ဇာတိ၏ဒုက္ခဖြစ်ကြောင်းကို၊မသိမမြင်တတ်
သော အဝိဇ္ဇာမောဟနှင့်တကွသော။ဇာတိကိုသုခဖြစ်ကြောင်းဟုစွဲယူနေ
သောမိစ္ဆာဒိဋ္ဌိအမှုးရှိသော၊ကိလေသာဟူသမျှတို့သည်လည်း။ ကင်းလေ
ကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ တည်းဟူ
သောအယုတ်တရားနှစ်ပါးတို့မှသည်း၊ ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်
နေခြင်းကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသော ဖြူစင်သော၊ အရိယအဋ္ဌင်္ဂိ
ကဝိပဿနာမဂ်ကို။မှီဝဲကျင့်ကြံသည်၏အဖြစ်သို့၊ ဧကန်ရောက်သည်၏အ
ဖြစ်ကို၊ ထင်ရှားသိကြလေ။ ထိုငရဲ၌ပြဆိုအပ်သော ဒုက္ခသာဖြစ်သည်မ
ဟုတ်သေး။ငရဲခွေးတို့၏စားခြင်းကိုခံရခြင်း။ လှံကြီးဖြင့်တိုက်ခွဲခြင်း။ငရဲ
ထိန်းတို့ ရထားဖြင့် ပိုင်းပြေးခြင်း၊ မီးတောင်ကိုတက်ရခြင်း။ သံလျက်တို့
ဖြင့်ခုတ်ဖြတ်ခြင်း။ကြွက်ကြွက်ဆူ၍ မီးတောက်နေသော သံရေပူအိုးထဲသို့
ပြစ်ချ၍ နှစ်မြုတ်ရခြင်း အစရှိသော၊ များစွာသောငရဲ၌ ဖြစ်ရသမျှဒုက္ခတို့
သည်လည်း။စင်စစ်၊ ငရဲ၌ ဖြစ်ခြင်းဇာတိတရားကြောင့်။ ဧကန်ဖြစ်ကုန်၏။
အကယ်၍ ဖြစ်ခြင်းဇာတိ မရှိခဲ့လျှင်။ ထိုဒုက္ခတို့မရှိကုန်လေပြီ။ စင်စစ်၊ထို
ပြဆိုအပ်ပြီးသော ငရဲ ဒုက္ခဟူသမျှသည်။ ငရဲ၌ခန္ဓာငါးပါး၊ ရုပ်နာမ်တရား
ဖြစ်မှုရှိ၍သာ၊ ဧကန်ဖြစ်သည့်ကို။ ပညာဖြင့်ဆင်ခြင်၍ကြည့်ကြလျှင်။စင်စစ်
ထိုငရဲ၌ဖြစ်သော၊ဆင်းရဲဟူသမျှသည်။ ငရဲ၌ဖြစ်ခြင်းဇာတိကြောင့်သာ။ ဧ
ကန်ဖြစ်မှုကိုသိမြင်လေ၏။ ထိုသို့သိမြင်တိုင်းသိမြင်တိုင်း။ သမ္မာဒိဋ္ဌိအမှုးရှိ
သော။ ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည် ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်
တိုင်းဖြစ်တိုင်း၊ဇာတိ၏ဒုက္ခ ဖြစ်ကြောင်းကိုမသိမမြင်တတ်သော အဝိဇ္ဇာ
မောဟနှင့်တကွ။ ဇာတိတရားကိုသုခဖြစ်ကြောင်းဟု စွဲယူနေသောမိစ္ဆာ

ဒိဋ္ဌိအမှုးရှိသော။ ကိလေသာဟူသမျှတို့သည်လည်းကင်းကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသောဖြူစင်သောအရိယအဋ္ဌင်္ဂိကပိပဿနာမဂ်ကို မှီဝဲကျင့်ကြံသည်၏အဖြစ်ကို ကောန်ရောက်သည်၏အဖြစ်ကို ထင်ရှားသိကြလေ၊ အကယ်၍၊ ပြိတ္တာဘုံ၌၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ အစဖြစ်ခြင်းသဘောတည်းဟူသော၊ ဇာတိတရားသည်မရှိခဲ့သည်ဖြစ်အံ့။ ထိုပြိတ္တာဘုံတို့၌။ မစားမသောက်ရခြင်းကြောင့်ဖြစ်သော၊ ဝမ်းထဲ၌အလွန်မီးတောက်နေသလို။ ပူလောင်ခြင်းဒုက္ခ။ မပြတ်မီးလောင်၍ခံရခြင်းဒုက္ခ။ မိမိကိုယ်ကို အလွန်ထားမနှင့်တူသော လက်သည်းတို့ဖြင့် ခွဲဘောက်၍ စားရခြင်းဒုက္ခ။ သွေးပြည်ကိုသာ စားရခြင်းဒုက္ခ။ ခွေးနက်ကြီးစားခြင်းကို ခံရခြင်းဒုက္ခ အစရှိသောပြိတ္တာဘုံ၌ဖြစ်သောအမျိုးမျိုးဒုက္ခတို့သည်၊ အဘယ်မှာဖြစ်ပါအံ့နည်း။ စင်စစ် ဖြစ်မှုမရှိပေရာ။ ထိုပြိတ္တာဘုံ၌ ဖြစ်ရသမျှဒုက္ခတို့သည်။ ပြိတ္တာဘုံ၌၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏အစဖြစ်ခြင်းဇာတိသဘောရှိ၍သာ။ ကောန်ဖြစ်ရပေ၏။ ထိုသို့ ဖြစ်ကြောင်းဖြစ်သော ဇာတိတရားတို့ကို။ ပညာဖြင့်ဆင်ခြင်၍ကြည့်ကြလျှင်။ စင်စစ်၊ ထိုပြိတ္တာဘုံ၌ဖြစ်ခြင်းဇာတိကြောင့်သာ။ ကောန်ဖြစ်သည်၏အဖြစ်ကိုသိမြင်လေ၏။ ထိုသို့သိမြင်တိုင်းသိမြင်တိုင်း။ သမ္မာဒိဋ္ဌိအမှုးရှိသောပိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုပိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ဇာတိ၏ဒုက္ခဖြစ်ကြောင်းကို။ မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွ။ ဇာတိတရားကို သုခဖြစ်ကြောင်းဟု စွဲယူနေသော မိစ္ဆာဒိဋ္ဌိအမှုးရှိသော ကိလေသာဟူသမျှတို့သည်လည်း ကင်းလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါးတို့မှသည်း ကင်းလွတ်နေ၏။ ထိုသို့ ကင်းလွတ် နေခြင်းကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသော ဖြူစင်သောအရိယအဋ္ဌင်္ဂိကပိပဿနာမဂ်ကိုမှီဝဲကျင့်ကြံသည်၏အဖြစ်သို့ ကောန်ရောက်သည်၏အဖြစ်ကို။ ထင်ရှားသိကြလေ၊ အကယ်၍၊ တိရစ္ဆာန်ဘုံ၌သာ၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ရှေဦးအစဖြစ်ခြင်းသဘောတရားတည်းဟူသော၊ ဇာတိတရားသည်။ မရှိခဲ့သည်ဖြစ်အံ့။ ထိုတိရစ္ဆာန်ဘုံ၌ဖြစ်သော။ သတ်ဖြတ်ခြင်းကို ခံရခြင်းဒုက္ခ။ ရိုက်ပုတ်ခြင်းကို ခံရခြင်းဒုက္ခ။ အမျိုးမျိုးသော ရောဂါအန္တရာယ်တို့၏ ကျရောက်ခြင်းကြောင့်ဖြစ်သောဒုက္ခ။ အစာအာဟာရတို့ကိုစားခြင်းတိုင်းမစားရခြင်းကြောင့်ဖြစ်သောဒုက္ခ။ ကြောက်ရလန့်ရခြင်းစသော အမျိုးမျိုးသောတိရစ္ဆာန်ဘုံ၌ဖြစ်သောဒုက္ခဟူသမျှတို့သည်။ အဘယ်မှာဖြစ်ပါအံ့နည်း။

စင်စစ်ဖြစ်မှုမရှိပေရာ။ထိုတိရစ္ဆာန်ဘုံ၌ ဖြစ်သမျှဒုက္ခတို့သည်။ တိရစ္ဆာန်
ဘုံ၌၊ ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့၏ ရှေးဦးအစဖြစ်ပေါ်ခြင်းသဘောရှိ၍
သော။ကောန်ဖြစ်ရကုန်၏။ ထိုသို့ဖြစ်ကြောင်းဖြစ်သောဇာတိတရားကို။ပညာ
ဖြင့်ဆင်ခြင်၍ကြည့်ကြလျှင်။စင်စစ်၊တိရစ္ဆာန်ဘုံ၌ဖြစ်သမျှဒုက္ခတို့သည်။
တိရစ္ဆာန်ဘုံ၌ဖြစ်ခြင်းဇာတိတရားရှိ၍သော။ ကောန်ဖြစ်ရကုန်သည်၏အဖြစ်
ကိုသိမြင်လေ၏။ ထိုသို့သိမြင်တိုင်းသိမြင်တိုင်း။ သမ္မာဒိဋ္ဌိအမျိုးရှိသော ဝိပ
ဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း
ဇာတိ၏ ဒုက္ခ ဖြစ်ကြောင်းကို၊ မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တ
ကွ။ ဇာတိတရားကို သုခဖြစ်ကြောင်းဟု စွဲယူနေသော မိစ္ဆာဒိဋ္ဌိအမျိုးရှိ
သော ကိလေသာဟူသမျှတို့သည်လည်း ကင်းလေကုန်၏။ ကာမသုခဥ္စ
ကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော။ အယုတ်တရား
နှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ထိုသို့ကင်းလွတ်နေခြင်းကြောင့်။ မဇ္ဈိမာ
ပဋိပဒါတည်းဟူသော၊ ဖြူစင်သော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို၊ ဒွဲ
ကျင့်ကြံသည်၏အဖြစ်သို့ ကောန် ရောက်သည်၏အဖြစ်ကို၊ ထင်ရှား သံကြ
လေ။အကယ်၍ အသူရကာယ်ဘုံ၌သော။ ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့၏။
ရှေးဦးအစ ဖြစ်ခြင်းသဘောတည်းဟူသော၊ ဇာတိတရားသည် မရှိခဲ့သည်
ဖြစ်အံ့။ထိုအသူရကာယ်ဘုံ၌ဖြစ်သော ခေတ္တိုကို၊အလျှင်း မသောက်ရခြင်း
ကြောင့်ဖြစ်သောဒုက္ခ၊ အစာအာဟာရတို့ကို။ မစား မသောက်ရခြင်း
ကြောင့်၊ ဝမ်းထဲ၌တရှိန်ရှိန်ပူလောင်နေရခြင်းဒုက္ခ။ ကောင်းစွာမအိပ်မနေ
ရခြင်းကြောင့်ဖြစ်သောဒုက္ခအစရှိသော။ အလုံးစုံသော အသူရကာယ်ဘုံ
၌ဖြစ်သောဒုက္ခဟူသမျှတို့သည်။ အဘယ်မှာဖြစ်ပါကုန်အံ့နည်း။ စင်စစ်ဖြစ်
မှုမရှိပေရာ။ ထိုအသူရကာယ်ဘုံ၌ ဖြစ်သမျှဒုက္ခတို့သည်။ အသူရကာယ်
ဘုံ၌။ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ရှေးဦးအစဖြစ်ခြင်းသဘော ဇာတိရှိ၍
သော။ကောန်ဖြစ်ရပေ၏။ထိုသို့ဖြစ်ကြောင်းဖြစ်သော၊ဇာတိတရားကို။ ပညာ
ဖြင့်ဆင်ခြင်၍ကြည့်ကြလျှင်။စင်စစ်၊အသူရကာယ်ဘုံ၌ဖြစ်သမျှဒုက္ခသည်။
အသူရကာယ်ဘုံ၌ ဖြစ်ပေါ်ခြင်းဇာတိတရားရှိ၍သော။ ကောန်ဖြစ်သည်၏
အဖြစ်ကို သိမြင်လေ၏။ ထိုသို့ သိမြင်တိုင်း သိမြင်တိုင်း။ သမ္မာဒိဋ္ဌိအမျိုးရှိ
သောဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိက မဂ် ဖြစ်
တိုင်းဖြစ်တိုင်း။ဇာတိ၏ဒုက္ခဖြစ်ကြောင်းကို၊မသိမမြင်တတ်သော အဝိဇ္ဇာ
မောဟနှင့်တကွ။ဇာတိကို သုခဖြစ်ကြောင်းဟုစွဲယူနေသော မိစ္ဆာဒိဋ္ဌိအ
မျိုးရှိသော ကိလေသာဟူသမျှတို့သည်လည်း ကင်းလေကုန်၏။ ကာမသုခ
ဥ္စကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော၊ အယုတ်တရား

နှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ထိုသို့ကင်းလွတ်နေခြင်းကြောင့်။ မဇ္ဈိမာ
ပဋိပဒါတည်းဟူသော၊ ဖြူစင်သော အရိယာ အဋ္ဌင်္ဂိကပဋိပဿနာမဂ်ကို မှီ၍
ကျင့်ကြံသည့်၏အဖြစ်သို့၊ရောက်သည့်၏အဖြစ်ကိုထင်ရှားသိကြလေ။
အကာယ်၍၊လူ့ဘုံ၌၊ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ရှေဦးအစဖြစ်ခြင်းသ
ဘောတည်းဟူသောဇာတိတရားသည်။ မရှိခဲ့သည်ဖြစ်အံ့။ ထိုလူ့ဘုံ၌ဖြစ်
သော။အမိဝမ်းထဲ၌၊ပဋိသန္ဓေနေရခြင်းဆင်းရဲ။ဖွားရခြင်းဆင်းရဲ။ရောဂါအ
မျိုးမျိုးနှင့်တွေ့ရခြင်းဆင်းရဲ။ ဆွေးမြေ့ ရင့်ရော် အိုမင်းခြင်းကြောင့် ဖြစ်
သောဆင်းရဲ၊ ငတ်မွတ်ဘေးနှင့် တွေ့ကြုံရခြင်းဆင်းရဲ။ ထားလက်နက်တို့
ဖြင့်။အရတ်အဖြတ်ခံရခြင်းစသောအမျိုးမျိုးသောလူ့ဘုံ၌။ ဖြစ်သမျှဆင်းရဲ
ဒုက္ခဟူသမျှတို့သည်။ အဘယ်မှာဖြစ်ပါကုန်အံ့နည်း။ စင်စစ်ဖြစ်မှုမရှိလေ
ရာ။ထိုလူ့ဘုံ၌ဖြစ်ရသမျှသောဒုက္ခတို့သည်။လူ့ဘုံ၌ ခန္ဓာငါးပါးရုပ်နာမ်တ
ရားတို့၏။ ရှေဦးအစဖြစ်ပေါ်ခြင်းသဘောဇာတိရှိ၍သာဖြစ်ရကုန်၏
ထိုသို့ဖြစ်ကြောင်းဖြစ်သောဇာတိတရားကို၊ပညာဖြင့်ဆင်ခြင်၍ဟုသည့်ကြ
လျှင်။ စင်စစ်လူ့ဘုံ၌ဖြစ်သမျှဒုက္ခတို့သည်၊လူ့ဘုံ၌ဖြစ်ပေါ်ခြင်းဇာတိတ
ရားရှိ၍သာ ဖြစ်သည့်၏အဖြစ်ကို သိမြင်သော၏၊ ထိုသို့သိမြင်တိုင်းသိ
မြင်တိုင်း။ သမ္မာဒိဋ္ဌိအမှူးရှိသောဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပ
ဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ဇာတိ၏ဒုက္ခဖြစ်ကြောင်းကိုမသိမ
မြင်တတ်သောအဝိဇ္ဇာမောဟနှင့်တကွ။ဇာတိတရားကို၊သုခဖြစ်ကြောင်း
ဟုစွဲယူနေသော မိစ္ဆာဒိဋ္ဌိအမှူးရှိသော ကိလေသာဟူသမျှတို့သည်လည်း။
ကင်းလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ
တည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့
ကင်းလွတ်နေခြင်းကြောင့်။မဇ္ဈိမာပဋိပဒါတည်းဟူသောဖြူစင်သောအရိယာ
အဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီ၍ကျင့်ကြံသည့်၏အဖြစ်သို့ရောက်သည့်၏
အဖြစ်ကိုထင်ရှားသိကြလေ။အကာယ်၍နတ်ပြည်ခြောက်ထပ်၌၊ခန္ဓာငါးပါး
ရုပ်နာမ်တရားတို့၏ရှေဦးအစဖြစ်ခြင်းသဘောတည်းဟူသောဇာတိတရား
သည် မရှိခဲ့သည်ဖြစ်အံ့။ ထိုနတ်ပြည်၌ဖြစ်သော ခန္ဓာ ရုပ်နာမ်တို့သည် ပြောင်း
လဲပ်ဆက်ခါဆက်ခါဖြစ်ကုန်၍။ဆက်ခါဆက်ခါ ဇရာမရဏ ဒိုးကိုဖြင့်ပေါင်
ကျမ်းကုန်၏။ထိုသို့သောင်ကျမ်းခြင်းကြောင့်ဖြစ်သောဒုက္ခ။ ...ဂုဏ်...
ပြုံးသုံး၍အချိန်တန်သေါအခါ၌၊ ... စေါ်အါပါခုတို့ကိုမစေါ်းမိ၍ပျက်စီးရခြင်း
ကြောင့်ဖြစ်သောဒုက္ခ။ ပေါ်သမီးလောက်ကမ်း၍ပျက်စီးရခြင်း ဒုက္ခစသော
အမျိုးမျိုးသောနတ်ပြည်၌ဖြစ်သမျှဆင်းရဲဟူ... သည် အဘယ်မှာဖြစ်ပါ
ကုန်အံ့နည်း။ စင်စစ်ဖြစ်မှုမရှိသလေရာ။ ထိုနတ်ပြည်၌ဖြစ်သမျှသောဒုက္ခကို

သည်။ နတ်ပြည်၌ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏၊ ရှေးဦးအစဖြစ်ခြင်းသင်ဘောဇာတိရှိ၍သာ ဧကန်ဖြစ်ရပေ၏။ ထိုသို့ဖြစ်ကြောင့်ဖြစ်သော ဇာတိတရားကို ပညာဖြင့်ဆင်ခြင်၍ကြည့်ကြလျှင်။ စင်စစ်နတ်ပြည်၌ဖြစ်သမျှ ဒုက္ခတို့သည်။ နတ်ပြည်၌ဖြစ်ခြင်းဇာတိတရားရှိ၍သာ ဧကန်ဖြစ်သည့်၏အဖြစ်ကိုသိမြင်လေ၏။ ထိုသို့သိမြင်တိုင်းသိမြင်တိုင်း၊သမ္မာဒိဋ္ဌိအမျှးရှိသောဝိပဿနာအဋ္ဌင်္ဂိကမဂ်သည် ဖြစ်၏၊ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။ ဇာတိဒုက္ခဖြစ်ကြောင်းကို မသိမမြင်တတ်သောအဝိဇ္ဇာမောဟနှင့်တကွ။ ဇာတိတရားကို သုခဖြစ်ကြောင်းဟု စွဲယူနေသော၊ မိစ္ဆာဒိဋ္ဌိအမျှးရှိသော ကိလေသာဟူသမျှတို့သည်လည်း ကင်းလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော၊ အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ထိုသို့ကင်းလွတ်နေခြင်းကြောင့်။မဇ္ဈိမာပဋိပဒါတည်းဟူသောဖြူစင်သောအရိယအဋ္ဌင်္ဂိကဝိပဿနာကို။ဗွဲ့ဝကျင့်ကြံသည်၏အဖြစ်သို့။ ရောက်သည့်၏အဖြစ်ကို ထင်ရှားသိကြလေ။ အကယ်၍အသည့သတ်ကြည့်သော ရူပတဆယ့်ငါးဘုံ၌။ ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏၊ ရှေးဦးအစဖြစ်ခြင်းသဘောတည်းဟူသော ဇာတိတရားသည်မရှိခဲ့သည့်ဖြစ်အံ့။ ထိုဗြဟ္မာတဆယ့်ငါးဘုံ၌ဖြစ်သောခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်။မပြတ်မလပ်အကြောင်းခံအားလျော်စွာ ဆက်ခါဆက်ခါဖြစ်ကုန်၍။ မပြတ်မလပ်ဆက်ခါဆက်ခါ ဇရာမရဏမီးတို့ဖြင့်၊ လောင်ကျွမ်းကုန်၏။ ထိုသို့လောင်ကျွမ်းခြင်းကြောင့်ဖြစ်သောသင်္ခါရဒုက္ခတရားတို့သည်။အဘယ်မှာဖြစ်ကုန်အံ့နည်း။စင်စစ်ဖြစ်မှုမရှိလေရာ။ထိုဗြဟ္မာတဆဲ့ငါးဘုံ၌ ဖြစ်သမျှသင်္ခါရတရားတို့သည်။ ဗြဟ္မာတဆဲ့ငါးဘုံ၌ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏၊ ရှေးဦးအစဖြစ်ခြင်းသဘောဇာတိရှိ၍သာ ဧကန်ဖြစ်ရပေကုန်၏။ ထိုသို့ဖြစ်ကြောင်းဖြစ်သော ဇာတိတရားကို ပညာဖြင့်ဆင်ခြင်၍ ကြည့်ကြလျှင်။စင်စစ်ဗြဟ္မာဘုံ၌ဖြစ်သမျှသင်္ခါရဒုက္ခတရားတို့သည် ဗြဟ္မာဘုံ၌ဖြစ်ခြင်းဇာတိတရားရှိ၍သာ ဧကန်ဖြစ်ကုန်သည့်၏ အဖြစ်ကိုသိမြင်ကြလေ။ထိုသို့သိမြင်တိုင်းသိမြင်တိုင်း၊ သမ္မာဒိဋ္ဌိအမျှးရှိသောဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ဇာတိ၏ဒုက္ခဖြစ်ကြောင်းကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့် တကွ၊ဇာတိတရားကို။သုခဖြစ်ကြောင်းဟုစွဲယူနေသောမိစ္ဆာဒိဋ္ဌိအမျှးရှိသောကိလေသာဟူသမျှတို့သည်လည်းကင်းလေကုန်၏။ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂ တည်းဟူသောအယုတ်တရားတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်၊မဇ္ဈိမာပဋိပဒါတည်းဟူသော

ဖြူစင်သောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှီ၍ကျင့်ကြံသည်၏အဖြစ်သို့ ရောက်သည်၏အဖြစ်ကိုထင်ရှားသိကြလေကုန်၊ အဘယ်၍၊ အသညသတ်ဘုံ၌။ ရုပ်တရားတို့၏ရှေ့ဦးအစဖြစ်ခြင်းသဘောတည်းဟူသော။ ဇာတိတရားသည် မရှိခဲ့သည်ဖြစ်အံ့။ ထိုအသညသတ်ဘုံ၌ဖြစ်သောရုပ်တရားတို့သည်။ မပြတ်မလပ်အကြောင်းခံအားလျော်စွာ။ ဆက်ခါဆက်ခါ ဖြစ်ကုန်၍။ မပြတ်မလပ် ဆက်ခါဆက်ခါ။ ဇရာမရဏာမီးတို့ဖြင့် လောင်ကျွမ်းကုန်၏။ ထိုသို့လောင်ကျွမ်းခြင်းကြောင့်ဖြစ်သော၊ သခါရဒုက္ခတရားတို့သည်။ အဘယ်မှာ ဖြစ်ကုန်ပါအံ့နည်း။ စင်စစ်ဖြစ်မှုမရှိလေရာ။ ထိုအသညသတ်ဘုံ၌ဖြစ်သမျှသခါရဒုက္ခတရားတို့သည်၊ အသညသတ်ဘုံ၌၊ ရုပ်တို့၏ရှေ့ဦးအစ ဖြစ်ခြင်းသဘောဇာတိရှိ၍သာ၊ ကြောင့်ဖြစ်ရလေကုန်၏။ ထိုသို့ဖြစ်ကြောင်းဖြစ်သောဇာတိတရားကို၊ ပညာဖြင့်ဆင်ခြင်၍ကြည့်ကြလျှင်၊ စင်စစ်၊ အသညသတ်ဘုံ၌ ဖြစ်သမျှသခါရဒုက္ခတို့သည်။ အသညသတ်ဘုံ၌ ဖြစ်ခြင်းဇာတိရှိ၍သာကြောင့်ဖြစ်ရသည်၏အဖြစ်ကိုသိမြင်လေ၏။ ထိုသို့သိမြင်တိုင်းသိမြင်တိုင်း။ သမ္မာဒိဋ္ဌိအမျိုးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည် ဖြစ်၏။ ထို ဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်း ဖြစ်တိုင်း။ ဇာတိ၏ ဒုက္ခဖြစ်ကြောင်းကိုမသိမမြင်တတ်သောအဝိဇ္ဇာမောဟနှင့်တကွ။ ဇာတိတရားကို သူခဖြစ်ကြောင်းဟုစွဲယူနေသောမိစ္ဆာဒိဋ္ဌိအမျိုးရှိသောကိလေသာတို့သည်လည်း၊ ကင်းလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော၊ အယုတ်တရားနှစ်ပါးတို့မှသည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသော၊ ဖြူစင်သော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှီ၍ကျင့်ကြံသည်၏အဖြစ်သို့ရောက် သည်၏အဖြစ်ကိုထင်ရှားသိကြလေ။ အဘယ်၍၊ အရူပလေးဘုံ၌သာ။ နာမ် ခန္ဓာတရားလေးပါးတို့၏ရှေ့ဦးအစဖြစ်ခြင်းသဘောတည်းဟူသော ဇာတိ တရားသည် မရှိခဲ့သည်ဖြစ်အံ့။ ထိုအရူပဘုံ၌ဖြစ်သော နာမ်တရားတို့သည်။ မပြတ်မလပ် အကြောင်းခံအားလျော်စွာ၊ ဆက်ခါ ဆက်ခါ ဖြစ်ကုန်၍။ မပြတ်မလပ် ဆက်ခါဆက်ခါ။ ဇရာမရဏာမီးတို့ဖြင့်လောင်ကျွမ်းကုန်၏။ ထိုသို့လောင်ကျွမ်းခြင်းကြောင့်ဖြစ်သော၊ သခါရဒုက္ခတရားတို့သည်။ အဘယ်မှာ ဖြစ်ပါကုန်အံ့နည်း။ စင်စစ်ဖြစ်မှုမရှိလေရာ။ ထိုအရူပလေးဘုံ၌ဖြစ်သမျှသခါ ရဒုက္ခတရားတို့သည်။ အရူပဘုံ၌၊ နာမက္ခန္ဓာတရားတို့၏ရှေ့ဦးအစဖြစ်ခြင်း သဘောဇာတိရှိ၍သာ၊ ကြောင့်ဖြစ်ရကုန်၏။ ထိုသို့ဖြစ်ကြောင်းဖြစ်သော ဇာ တိတရားကို၊ ပညာဖြင့် ဆင်ခြင်၍ကြည့်ကြလျှင်။ စင်စစ်၊ အရူပလေးဘုံ၌ ဖြစ်သမျှသခါရဒုက္ခတို့သည်။ အရူပလေးဘုံ၌ ဖြစ်ခြင်းဇာတိ ရှိ၍သာ။ ကြေ

ကန်ဖြစ်ရကုန်သည်၏အဖြစ်ကိုသိမြင်လေ၏။ထိုသို့သိမြင်တိုင်းသိမြင်တိုင်း သမ္မာဒိဋ္ဌိအမှူးရှိသော၊ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း၊ဇာတိ၏ဒုက္ခဖြစ်ကြောင်းကို၊ မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွ။ ဇာတိတရားကို သုခဖြစ်ကြောင်းဟု စွဲယူနေသော၊ မိစ္ဆာဒိဋ္ဌိအမှူးရှိသော ကိလေသာတို့သည်လည်း ကင်းလေကုန်၏။ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်။မဇ္ဈိမာပဋိပဒါတည်းဟူသော၊ဖြူစင်သောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှီဝဲကျင့်ကြံသည်၏အဖြစ်သို့၊ရောက်သည်၏အဖြစ်ကို။ ထင်ရှားသိကြလေ။ဤသို့ပြဆိုအပ်သော စကားအစဉ်ကိုသျှောက်၍။ ဇာတိတရားသည်၊အမျိုးမျိုးသောဒုက္ခတရားတို့၏ဖြစ်ကြောင်းတရားအမှန်ဖြစ်သည်၏အဖြစ်ကိုလည်းကောင်း။ ထိုဒုက္ခတရားတို့၏အကြောင်းခံဖြစ်သော ဇာတိကိုအာရုံပြု၍။မဇ္ဈိမာပဋိပဒါအကျင့်ကို၊မှီဝဲကျင့်ကြံပုံကိုလည်းကောင်း သိကြလေ။

{မေး} ဇာတိသည်၊မိမိလည်းသင်္ခါရဒုက္ခတရားဖြစ်သည်။ ထိုထိုဘုံတို့၌ဖြစ်သောဒုက္ခတရားတို့၏ ဖြစ်ကြောင်းတရာလည်း ဖြစ်သည်၏အဖြစ်ကို ပြဆိုအပ်ပြီးသောနည်းအတိုင်းသိအပ်ပါပြီ။ ဇာတိကြောင့်ဖြစ်သော ဒုက္ခတရားတို့ကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဇာတိသည်၊ထိုထိုဘုံတို့၌ဖြစ်သောဒုက္ခတို့၏အကြောင်းဖြစ်ပုံကို အကျဉ်းပြဆိုရာ၌ပါရှိသော၊ ဒုက္ခ တို့ကိုပင်၊ ဇာတိပိဒုက္ခာဟူ၍ ဟောဆိုရာ၌။သာ၇ှိသောဒုက္ခတရားဟူ၍ပင်သိအပ်ပါသည်။အကျယ်ကိုဘော်ထုတ်၍မရေးပြီ။ရေးခဲ့လျှင်၊အလွန်ကျမ်းကျယ်လွန်းရာဖြစ်သည်။ဤမျှဖြင့်၊ ဇာတိဒုက္ခကိုအာရုံပြု၍၊ မဇ္ဈိမာပဋိပဒါအကျင့်ကို ကျင့်နိုင်သည်၏အဖြစ်ကိုသိလောက်လေပြီ။

{မေး} ဇာတိဒုက္ခတည်းဟူသော၊ သင်္ခါရအာရုံကို အာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသော၊အရိယာအဋ္ဌင်္ဂိကဝိပဿနာမဂ်ဖြစ်ပုံကို သိအပ်ပါပြီ။ ဇရာပိဒုက္ခာတို့ကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသော၊ အဋ္ဌင်္ဂိကမဂ်ကို။ကျင့်ကြံမှီဝဲ ပွားများအပ်ပုံကို ဘယ်လိုသိအပ်ပါမည်နည်း။ ၅၅

{ဖြေ} ဇရာပိဒုက္ခာ ဟူသောပုဒ်တို့တွင်။ ဇရာ ဆိုအပ်သည်မှာ၊ တခြားကိုမဆိုအပ်။ထိုထိုဘုံတို့၌အစဖြစ်ပေါ်သော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို။ရင့်ရော်စေတတ်။ဆွေးမြေ့စေတတ်။ အားနည်းစေတတ်သော သဘောကို ဇရာဟုသိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} တတ္ထကတမံ ဒုက္ခံ အရိယသစ္စံ။ ဇာတိပိ ဒုက္ခာ။ ဇရာပိ ဒုက္ခာ။ ဗျာဓိပိ ဒုက္ခော။ မရဏံပိ ဒုက္ခံ။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာပိ ဒုက္ခာ။ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ ဟူ၍ ဓမ္မစကြာ ပါဠိတော်၌ ဟောတော်မူအပ်သည်ကိုထောက်၍သိအပ်ပါသည်။ အနက်သိကြောင်းမြန်မာပြန်ကား။ တတ္ထ၊ ထိုစတုသစ္စာ ဓမ္မ ရှိရာ၌။ ဒုက္ခံ၊ ဒုက္ခသည်။ ကတမံ၊ အဘယ်နည်း။ ဇာတိဇရာဗျာဓိမရဏ၊ ထိုထိုသို့သော၊ ဖြစ်ပေါ်သောတရားတို့ကို။ ဒုက္ခ၊ ဆင်းရဲစေတတ်သော သဘောသည်။ ဇာတိ ဒုက္ခံ၊ ဆင်းရဲစေတတ်သည့်၏အဖြစ်သည်။ ဖြစ်ပေါ်သောဒုက္ခ၊ ဖြစ်သောရုပ်နာမ် ခန္ဓာတရားတို့နှင့်စပ်၍ဖြစ်သော၊ စောင့်ရှောက်တတ်သောဇီဝိတိန္ဒြေကို။ ပရိဟာနိ၊ ဆုတ်ယုတ်စေတတ်သောသဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤတရားကို။ ဒုက္ခ၊ ဒုက္ခံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤသို့ဟောတော်မူအပ်သည်ကို ထောက်၍။ ထိုထိုဘုံ၌ဖြစ်ပေါ်သော ခန္ဓာရုပ်နာမ်တို့ကို။ ဆင်းရဲစေတတ်။ ရင့်ရော်စေတတ်၊ ဇီဝိတိန္ဒြေကို ဆုတ်ယုတ်အားနည်းစေတတ်သော။ သဘောကို ဒုက္ခဟုသိကြလေ။

{မေး} ၎င်းဒုက္ခသည်၊ ပရမတ္ထတရားပါလော၊ ပညတ်တရားပါလော။ ဘယ်လိုခွဲခြမ်း၍သိအပ်ပါမည်နည်း။

{ဖြေ} ၎င်းဒုက္ခကိုစင်စစ်မှတ်ကြောင်းလက္ခဏာစသည်ဖြင့်ရအပ်သောကြောင့်။ ပရမတ္ထသဘောတရားဟူ၍သိအပ်ပါသည်။

{မေး} လက္ခဏာစသည်ဖြင့်ဘယ်လိုရအပ်ပါသနည်း။

{ဖြေ} သာပနေသာဒုက္ခ၊ ခန္ဓပရိပါကလက္ခဏာ၊ မရဏာ ပနယနရသာ ယောဗ္ဗနဝိနာသပစ္စုပဋ္ဌာနာဟူ၍ မိန့်ဆိုအပ်သော။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဒုက္ခသစ္စာအဖွင့် ကျမ်းနံပါတ်(၁၁၆)မျက်နှာ၌ မိန့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ထိုနည်းအဘိဓမ္မာဟာဝိဘာဝနီအဋ္ဌကထာ သစ္စာအဖွင့်ကျမ်းနံပါတ်(၈၈)မျက်နှာ၌ မိန့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်းသိအပ်ပါသည်။ အနက်သိကြောင်းမြန်မာပြန်ကား။ ဒုက္ခ၊ ဒုက္ခသဘောသည်။ ခန္ဓာနံ၊ ဖြစ်ပေါ်သောခန္ဓာတို့ကို။ ပရိပါကလက္ခဏာ၊ ရင့်ကျက်စေတတ်သော သဘောလက္ခဏာရှိ၏။ မရဏာပနယနရသာ၊ အဆုံးသတ်သေခြင်းသို့ရောက် အောင်ကင်ဆောင်ခြင်းကိစ္စရှိ၏။ ယောဗ္ဗနဝိနာသပစ္စုပဋ္ဌာနာ၊ အစွယ်ကို ဖျက်ဆီးတတ်သောတရားဟူ၍သာ ကြည့်ရှုသောသူတို့၏ ဉာဏ်အားထင် စေတတ်သောသဘောရှိ၏။ ဤကားမြန်မာမြန်တည်း။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏စကားတော်ကိုထောက်၍၊ ဒုက္ခတရားကိုလက္ခဏာစသည် ဖြင့်ရအပ်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။

{မေး} ထိုဇရာကိုလက္ခဏာစသည်ဖြင့် ရကောင်းသောကြောင့်၊ပရမတ္ထတရားဟူ၍ သိအပ်ပါပြီ။တဘန် ထုံဇရာတရားကို၊ ပရမတ္ထသဘောတရားဖြစ်ကြောင်းကိုနည်းတပါးဖြင့်ဘယ်လိုသိအင်ပါမည်နည်း။

{ဖြေ} ထိုဇရာတရားသည်၊ စင်စစ်ပရမတ္ထသဘောတရားဖြစ်၍သာလျှင် ပရမတ္ထတရားတို့ကိုဝေဘန်၍ ဟောရာဖြစ်သော ဓါတုကထာကျမ်း၌။ဇရာမရဏံ၊ဋ္ဌိဟိ၊ခန္ဓေဟိသင်္ဂဟိတံဟူ၍ဘုရားရှင်ဟောတော်မူအင်လေသည်ကိုထောက်၍သည်း။ ဇရာတရားကို ပရမတ္ထသဘောတရားဟုသိအင်ပါသည်။ မြန်မာပြန်ကား ဇရာမရဏံ၊ ဇရာမရဏာတရားကို။ ဋ္ဌိဟိ၊နှစ်ပါးကုန်သော။ ခန္ဓေဟိ၊ ရူပက္ခန္ဓာ သင်္ခါရက္ခန္ဓာတို့ဖြင့်။ သင်္ဂဟိတံ၊ ရေတွက်အပ်၏။ အဓိပ္ပါယ်ကား ရုပ်တို့ကိုရင့်ရော်စေတတ်သောသဘောကို။ ရူပက္ခန္ဓာ၌၊ နာမက္ခန္ဓာတို့ကိုရင့်ရော်စေတတ်သောသဘောကို။ သင်္ခါရက္ခန္ဓာ၌ ရေတွက်အပ်၏။ အဘယ်ကြောင့် နာမ်တရားတို့ကိုရင့်ရော်စေတတ်သောသဘောကို။ သင်္ခါရက္ခန္ဓာ၌ သွင်းအပ်လေသနည်းဟူမူ။ ထိုဇရာသည် မိမိနှင့်စပ်သော နာမ်တရားတို့ကို အားနည်းယုတ်လျော့အောင် ပြုလုပ်ပေ၏။ ထိုသို့ပြုလုပ်ခြင်းသဘောရှိသောကြောင့်။သင်္ခါရက္ခန္ဓာ၌ရေတွက်အင်လေသည်။ ထိုသို့ရေတွက်အပ်သောကြောင့်၊ ၎င်းဇရာကိုပရမတ္ထသဘောဟူ၍သိအင်ပါသည်။၎ါဓါတုကထာပါဠိတော်ဖြင့်သာသိအပ်သည်မဟုတ်သေး ဓမ္မသင်္ဂဏီပါဠိတော်ရူပကဏ္ဍ၌။ ကတမံ ဝံ ရူပံ ရူပဿဇရတာ၊ ယာရူပဿဇရာ၊ ဇီရဏတာ၊ ခဏ္ဍိစ္စံ ပါလိစ္စံ၊ ဝလိတ္တစတာ၊ အာယုနောသံဟာနိ၊ ဣန္ဒြိယာနံပရိပါကော၊ ဣဒံ တံ ရူပံ ရူပဿဇရတာဟူ၍ဟောတော်မူအပ်သည်ကိုထောက်၍လည်းပရမတ္ထ သဘောတရားဟုသိအင်ပါသေးသည်။မြန်မာပြန်ကား၊ ရူပဿ၊ စက္ခုဒသကစသောရုပ်၏။ ဇရတာ ဇရတာမည်သော။ တံရူပံ၊ ထိုရုပ်သည်။ ကတမံ၊အဘယ်နည်း။ ရူပဿ၊စက္ခုဒသကစသောရုပ်ကို။ ယာဇရာ၊ အကြွင်းဆွေးမြေ့ရင့်ရော်စေတတ်သော သဘောသည်။ ယာဇီရဏတာ၊ အကြွင်းဆွေးမြေ့ရင့်ရော်စေသည့်၏အဖြစ်သည်။ ယံခဏ္ဍိစ္စံ၊အကြွင်းသွားကျိုးခြင်း၏အဖြစ်သဘောသည်။ ယံပါလိစ္စံ၊ အကြွင်းဆံဖြူခြင်း၏အဖြစ်သဘောသည်။ ယံဝလိတ္တစတာ၊ အကြွင်းအရေတွန့်လိပ်ခြင်း၏အဖြစ်သဘောသည်။အာယုနော၊ ရုပ်နှင့်စပ်၍ဖြစ်သော။ ဇီဝိတိန္ဒြေကို။ယာသံဟာနိ၊အကြွင်းဆုတ်ယုတ်အားနည်းစေတတ်သောသဘောသည့် ဣန္ဒြိယာနံ။ စက္ခုန္ဒြေစသည့်တို့ကို။ ယောပရိပါကော။ အကြွင်းရင့်ကျက်စေတတ်သောသဘောသည်၊အတ္ထိ၊ ရှိ၏။ဣဒံ၊၎င်းသို့သဘောရှိသော။ တံရူပံ။ထိုဆိုအပ်ပြီးသောရုပ်သည်။ ရူပဿ၊စက္ခုဒသကစသောရုပ်၏။ဇရတာ

ဇရတာမည်သောရုပ်သည်။ဟောတိ၊ဖြစ်၏။ဤသို့ပြဆိုအပ်သော။ဓမ္မသင်္ဂဏီပါဠိကိုထောက်၍လည်း။ ပရမတ္ထကို ဝေဘန်၍ ဟောရာ၌၊ ဟောအပ်သောကြောင့်။ ပရမတ္ထသဘော ဖြစ်သည်၏ အဖြစ်ကို သိကြလေ။ ဤပါဠိတော်ဖြင့်သာသိအပ်သည်မဟုတ်သေး။ အဘိဓမ္မာပဋိစ္စသမုပ္ပါဒ်ဝိဘင်းပါဠိတော်၌လည်း။တတ္ထကတမာဇရာ၊တေသံတေသံဓမ္မာနံ၊ဇရာ၊ဇီရဏတာ အာယုနောသံဟာနာ နီ။ အယံဝုစ္စတိ ဇရာဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း။နိဒါနဝဂ္ဂသံယုတ်ပါဠိတော် အာဟာရဝဂ်ဒသမမြောက်၌။ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ။ နိရောဓ ဓမ္မံဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ဉာဏကထာအဘိညေယျဝဂ်စာမျက်နှာ(၁၂)မျက်နှာ၌။ဇရာသင်္ခါရာတိအဘိညေယျာဟူ၍။ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ဇရာသည်၊ ပရမတ္ထသဘောတရားဖြစ်သည်၏အဖြစ်ကိုသိကြလေ။ အစဉ်အတိုင်း၊ မြန်မာပြန်ကို ပြဆိုဦးအံ့။ တတ္ထ၊ ထိုဇာတိပစ္စယာ၊ ဇရာမရဏံဟူသောပုဒ်၌။ဇရာ၊ ဇရာတရားသည်။ ကတမာ၊အဘယ်နည်း။တေသံတေသံဓမ္မာနံ၊ထိုထိုသို့သောခန္ဓာတရားတို့ကို။ဇရာ၊ ဆွေးမြေ့စေတတ်သောသဘောသည်။ ဇီရဏတာ၊ ဆွေးမြေ့စေသည်၏အဖြစ်သဘောသည်။ အာယုနော၊ ဖြစ်ပေါ်သော ရုပ်နာမ်တရားတို့နှင့်စပ်၍ဖြစ်သော။ စောင့်ရှောက်တတ်သော ဇီဝိတိန္ဒြေကို။ သံဟာနာနိ၊ ဆုတ်ယုတ်စေတတ်သောသဘောသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့အပ်ပြီးသောသဘောကို။ ဇရာ၊ ဇရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ဤကား ဝိဘင်းပါဠိတော်ပါဌ်၏မြန်မာပြန်တည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇရာမရဏံ၊ ဇရာမရဏတရားသည်။ အနိစ္စံ၊ မမြဲ။ ဝါ၊ အမြဲမရှိသောတရားမည်၏။ သင်္ခတံ၊ အကြောင်းတရားတို့သည်။ ပြုပြင်အပ်သောကြောင့်။ သင်္ခတတရားမည်၏၊ ပဋိစ္စသမုပ္ပန္နံ။အကြောင်းကိုစွဲ၍ဖြစ်၏။ခယဓမ္မံ၊ကုန်တတ်သောသဘောရှိ၏။ ဝယဓမ္မံ ပျက်တတ်သောသဘောရှိ၏၊ဝိရာဂဓမ္မံ၊ကင်းတတ်သောသဘောရှိ၏။နိရောဓဓမ္မံ၊ ချုပ်ကွယ်တတ်သောသဘောရှိ၏။ ဤကား နိဒါနဝဂ်သံယုတ်ပါဠိတော်၏မြန်မာပြန်တည်း၊ဇရာ၊ဇရာတရားကို။သင်္ခါရာတိ၊သင်္ခါရတရားဟူ၍။အဘိညေယျ[...]အပ်၏။ဤကား ပဋိသမ္ဘိဒါမဂ် ပါဠိတော်၏ မြန်မာပြန်တည်း။ ဤပြဆိုအပ်သောပါဠိတော်တို့တွင်။ ဝိဘင်းပါဠိတော် ပရမတ္ထတရားကိုဝေဘန်၍ဟောတော်မူရာ၌လာရှိသောကြောင့်။ ဇရာကို ပရမတ္ထသဘောတရားဟူ၍သိအပ်ပါသည်။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌။ ဇရာကို၊အနိစ္စတရား၊သင်္ခတတရားအကြောင်းကိုစွဲ၍ဖြစ်သောတရား။ကုန်

တတ်၊ ပျက်တတ်၊ ကင်းတတ်၊ ချုပ်ကွယ်တတ်သော တရားဟူ၍ ဟောတော်မူအပ်သောကြောင့်။ပရမတ္ထသဘောတရားမှန်းကိုသိအပ်ပါသည်။အဘယ်ကြောင့်ဆိုသော်။ပရမတ္ထတရားသည်သာလျှင်။ အနိစ္စ၊ သစ္စာ၊ ပဋိစ္စသမုပ္ပန္နတရားဖြစ်ရသည်။ ထိုကြောင့်။ ဇရာကိုပရမတ်တရားဟု သိအပ်ပါသည်။ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌လည်း။ဇရာကိုသစ္စာရဟု သိအပ်သည်ဟု ဟောတော်မူသောကြောင့်။ သစ္စာရတရားသည်။ စင်စစ်ပရမတ္ထတရားဖြစ်သောကြောင့်။ဇရာကိုပရမတ္ထတရားဟုသိအပ်ပါသည်။

{မေး} ထိုပရမတ္ထသဘောဖြစ်သောဇရာတရားကို၊ အဘယ်ကဲ့သို့အာရုံပြု၍။ မဂ္ဂါမာပဋိပဒါ အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို ဖြဲ ကျင့်ကြံခြင်းဖြစ်ပါသနည်း။ဖြစ်ပုံကို အဘယ်သို့သိအပ်ပါသနည်း။

{ဖြေ} ဤပြဆိုလတ္တံ့သောနည်းကို အမှီပြု၍သိအပ်ပါသည်။ ငရဲ၊ တိရစ္ဆာန် ပြိတ္တာ၊ အသူရကာယ်ဘုံတို့၌။ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည်။ ထင်ရှားဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း။ ထို ခန္ဓာငါးပါး၊ ရုပ် နာ မ် တ ရား တို့ ရင့်ရော်စေတတ်သော သဘောသည်လည်း၊ ဧကန်ဖြစ်ရပေ၏။ ထိုသို့ရင့်ရော်စေတတ်သောသဘောဖြစ်၍သာလျှင် ဧကန်ပျက်စီးရခြင်း၊ မရဏတရားသို့ရောက်ရပေ၏။အကယ်၍၊ရင့်ရော်စေတတ်သော သဘောမရှိလျှင်။ အဘယ်မှာ ပျက်စီးခြင်းမရဏသို့ရောက်ရအံ့နည်း။ စင်စစ်ရောက်မှုမရှိပေရာ။ ထိုကြောင့်၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို။ ရင့်ရော်စေတတ်သော သဘော ဇရာ သည်။ ဧကန်ရှိသည်ဟုအာရုံပြု၍။ ပညာဖြင့် သိစေအပ်၏။ ထိုသို့ သိတိုင်းသိတိုင်း။ ဉာဏသမ္ပယုတ် ဝိပဿနာဇောစိတ်အစဉ်သည် ဖြစ်၏။ထိုသို့ဖြစ်သောဉာဏသမ္ပယုတ်ဝိပဿနာဇောစိတ်အစဉ်၌ပါသော ပညိန္ဒြေစေတသိက်ကို။ဟုတ်မှန်သော၊ရင့်ရော်စေတတ်သောသဘော ဇရာကို။ မချွတ်မယွင်း၊ ဟုတ်တိုင်းမှန်စွာ အာရုံပြု၍သိတတ်သောကြောင့်။ သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်သည်။ ထို သမ္မာဒိဋ္ဌိတရားကို။ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ စင်စစ် ရှာမှီးအပ်၏။ ထိုသို့ ရှာမှီး အပ် သောကြောင့်။ရင်းသမ္မာဒိဋ္ဌိကိုပင်၊မဂ္ဂဟူ၍လည်းခေါ်ဆိုအပ်သည်။တနည်း၊ရင်းသမ္မာဒိဋ္ဌိတရားသည်၊ဟုတ်မှန်သော၊ ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောဇရာကိုအာရုံပြုသောအားဖြင့်ရှာမှီးတတ်၏။ ထိုသို့ရှာမှီးတတ်သောကြောင့်လည်း။ရင်းသမ္မာဒိဋ္ဌိတရားကိုပင်၊ မဂ္ဂဟူ၍သည်း ခေါ်ဆိုအပ်သည်။ တနည်း။ထိုသမ္မာဒိဋ္ဌိတရားသည်။ထိုအပါယ်လေးဘုံ၌ဖြစ်ပေါ်သော။ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့ကို။ရင့်ရော်စေတတ်သော၊ဇရာကို အာရုံပြု၍၊သိတိုင်း သိတိုင်း။ ရင့်ရော်စေတတ်သော သဘော ဇရာကို။ မသိမမြင်တတ်

သော၊ အပိဇ္ဇာမောဟနှင့်တကွ။ ထိုအပိဇ္ဇာမောဟနှင့် ယှဉ်တော် ယှဉ်ဘက်ဖြစ်ကုန်သော။ ကိလေသာတို့ကိုဖျက်ဆီးပေ၏။ ထိုသို့ဖျက်ဆီးတတ်သောကြောင့်။(မ)ဟူသောအမည်ကိုလည်းရပေ၏။ဟုတ်မှန်သော၊ရင့်ရော်စေတတ်သော သဘောဇရာသို့ အာရုံပြု၍လည်း ရောက်တတ်၏။ ထို သို့ရောက်တတ်သောကြောင့်။(ဂ)ဟူသောအမည်ကိုလည်းရပေ၏။ထိုသို့ အမည်နှစ်ပါးကိုရသောကြောင့်။၎င်းသမ္မာဒိဋ္ဌိတရားကိုပင်၊မဂ္ဂဟုခေါ်ဆိုအပ်လေသည်။၎င်းမဂ္ဂဟုခေါ်ဆိုအပ်သောသမ္မာဒိဋ္ဌိသည်။မိမိလည်း၊မောဟစသော ကိလေသာအညစ်အကြေးမှ လွတ်ကင်းနေသောကြောင့်။ ဖြူစင်သန့်ရှင်း၏။မိမိနှင့်အဘူဖြစ်ကုန်သော၊ သမ္ပယုတ်တရားတို့ကိုလည်း၊ ဖြူစင်သန့်ရှင်းစေ၏။ ထိုကြောင့်၊ ၎င်းသမ္မာဒိဋ္ဌိမဂ္ဂကို။ အရိယမဂ္ဂဟုခေါ်ဆိုအပ်လေသည်။ထိုသမ္မာဒိဋ္ဌိမဂ္ဂဖြစ်ခိုက်၊သမ္မာသင်္ကပ္ပအစရှိသော၊ ကျန်ခုနစ်ပါးသောမဂ္ဂင်တို့ဖြစ်၍ပါမှုကိုလည်းကောင်း။ မဂ္ဂ အရိယာမဂ္ဂ ခေါ်ဆိုအပ်မှုကိုလည်းကောင်း။ ရှေး ဇာတိတရားကိုအာရုံပြု၍၊ ဖြစ်မှုကိုပြဆိုအပ်သောန ည်း အတိုင်းပင်သိကြသော။ ထိုဆိုအပ်ပြီးသော၊ သမ္မာဒိဋ္ဌိ အမှူးရှိသော။ အစိတ်အစိတ် အင်္ဂါရှစ်ပါးတရားတို့သည်။ ထိုရင့်ရော်စေတတ်သော သဘောဇရာကိုအာရုံပြု၍သိတတ်သော။ဝိပဿနာစိတ်၌။တပေါင်းတည်းဖြစ်ကြကုန်၏။ ထိုကြောင့်။၎င်းသမ္မာဒိဋ္ဌိအမှူးရှိသောအရိယမဂ္ဂကို၊အရိယောအဋ္ဌင်္ဂိကော မဂ္ဂေါဟုဟောတော်မူအပ်လေသည်။ ထိုရင့်ရော် ဆွေးမြေ့စေတတ်သော သဘောဇရာကိုအာရုံပြု၍၊ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ကိလေသာတို့လည်းကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော မဖြူစင်သောအယုတ်တရားနှစ်ပါးမှလည်း ကင်းလွတ်ကြလေကုန်၏။ထိုသို့သောအယုတ်တရားနှစ်ပါးတို့မှကင်းလွတ်သောကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသောဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်။ထိုကြောင့်၊ငရဲတိရစ္ဆာန်ပြိတ္တာ၊အသူရကာယ်ဘုံတို့၌၊ဖြစ်ပေါ်ကုန်သော၊ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောဇရာတရားကိုအာရုံပြု၍။သမ္မာဒိဋ္ဌိအမှူးရှိသောဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအကျင့်ကို၊ မှိဝဲကျင့်ကြံသည်၏အဖြစ်သို့။ ရောက်ရောက်သည်၏အဖြစ်ကို မရျသိကြလေကုန်။ အပါယ်လေးဘုံ၌ဖြစ်ပေါ်လာသော ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောဇရာတရားကို အာရုံပြု၍။ ဝိပဿနာဉာဏ်ဖြင့်ရှုသလို၊လူ့ပြည် နတ်ပြည်၌ဖြစ်သော ဇရာတရားကိုလည်းရှုအပ်၏။ ရှုပုံမှာ လူ့ပြည်နည်ပြည်ခြောက်ထပ်တို့၌လည်းဖြစ်ပေါ်လာသော

ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို။ ရင့်ရော်ဆွေးမြေ့စေတတ်သောသဘော ဇရာရှိ၍သာလျှင်။ လူ့ပြည်၌အားနည်းခြင်းဒုဗ္ဗလဖြစ်၍သာလျှင်ပျက်စီးရခြင်း မရဏတရားသို့ရောက်ရခြင်း၊ နတ်ပြည်၌အရောင်အဆင်းတို့မှေးမှိန်ခြင်းစ သည့်ဖြစ်၍ပျက်စီးရခြင်း။ မရဏတရားတို့သို့ဧကန်ရောက်ရပေ၏။ အကယ် ၍ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောဇရာတရား မရှိခဲ့ပါလျှင်။ အ ဘယ်မှာ လူ့ပြည်၌အားနည်းခြင်း ဒုဗ္ဗလဖြစ်၍ပျက်စီးရခြင်းမရဏ။ နတ်ပြည်၌ အရောင်အဆင်းတို့မှေးမှိန်ခြင်းစသည်ဖြစ်၍ပျက်စီးရခြင်း မရဏတရားတို့ သို့ရောက်ပါအံ့နည်း။ စင်စစ်မရောက်ပေရာ။ စင်စစ်ရောက်ရခြင်းသည်လူ့ ပြည်နတ်ပြည်တို့၌ ဖြစ်ပေါ်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို၊ ရင့်ရော် ဆွေးမြေ့စေတတ်သော သဘောဇရာရှိ၍သာ အားနည်းခြင်းဒုဗ္ဗလစသည့် ဖြစ်၍ပျက်စီးခြင်းမရဏတရားသို့ ဧကန်ရောက်ရပေသည်။ ထို့ကြောင့် ထိုပျက်စီးခြင်း မရဏ၏အကြောင်းဖြစ်သော။ လူ့ပြည်နတ်ပြည်၌ဖြစ်ပေါ် သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ ရင့်ရော်ဆွေးမြေ့စေတတ်သောသ ဘောဇရာသည် ဧကန်ရှိပေ၏ဟု။ ဇရာတရားကိုအာရုံပြု၍ဆင်ခြင်ကြလေ ထိုသို့အာရုံပြု၍ ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း။ လူ့ပြည်နတ်ပြည်တို့၌ ဖြစ် သောခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို၊ ရင့်ရော်ဆွေးမြေ့စေတတ်သော သ ဘောဇရာတရားကို အာရုံပြု၍။ ဟုတ်တိုင်းမှန်စွာသိကိုင်းသိတိုင်း။ ဉာဏ သမ္ပယုတ်ဝိပဿနါဇောစိတ်အစဉ်သည် ဧကန်ဖြစ်ပေ၏။ ထိုသို့ဖြစ်သောဝိပ ဿနာဇောစိတ်အစဉ်၌ပါရှိသော။ ပညာစေတသိက်ကို။ ဇရာ၏ဟုတ်မှန် သော၊ ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောကို။ မချွတ်မယွင်းဟုတ် တိုင်းမှန်စွာအာရုံပြု၍သိတတ်သောကြောင့်။ သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်သည်၊ ထိုသမ္မာဒိဋ္ဌိတရားကိုဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ချီးမွမ်းအပ် သောကြောင့်လည်း မဂ္ဂ။ ထိုသမ္မာဒိဋ္ဌိတရားသည် ဟုတ်မှန်သော ရင့်ရော် ဆွေးမြေ့ စေတတ်သော သဘောဇရာကို အာရုံပြု၍ ရှာမှီးတတ်သော ကြောင့်လည်းမဂ္ဂ။ ထိုသမ္မာဒိဋ္ဌိတရားသည်၊ မိမိဖြစ်ခိုက်။ အဝိဇ္ဇာမောဟနှင့် တကွ။ ကိလေသာတို့ကိုဖျက်ဆီးတတ်သောကြောင့်လည်း။ (မ)ဟူသောအ မည်။ ဟုတ်မှန်သောရင့်ရော်ဆွေးမြေ့ခြင်းသဘောဇရာကိုအာရုံပြု၍ ရောံ တတ်သောကြောင့်လည်း။ (ဂ)ဟူသောအမည်။ ထိုသို့အပ်ပြီးသော အမည် နှစ်ပါးကိုရသောကြောင့်လည်း မဂ္ဂဟူ၍ခေါ်ဆိုအပ်လေသည်၊ ရင်းမဂ္ဂဟု ခေါ်ဆိုအပ်သော သမ္မာဒိဋ္ဌိသည်။ မိမိလည်း မောဟစသော ကိလေသာအ ညစ်အကြေးတို့မှ။ ကင်းလွတ်နေသောကြောင့်၊ ဖြူစင်သန့်ရှင်း၏။ မိမိနှင့်အ တူဖြစ်ကုန်သော။ သမ္ပယုတ်တရားတို့မှလည်း။ ဖြူစင် သန့်ရှင်းစေ၏။ ထို

ကြောင့်။ ထိုသမ္မာဒိဋ္ဌိမဂ္ဂကို အရိယမဂ္ဂဟုခေါ်ဆိုအပ်လေသည်။ ထိုသမ္မာဒိဋ္ဌိအရိယမဂ္ဂဖြစ်လျှင်။သမ္မာသင်္ကပ္ပစသောကျန်မဂ္ဂင်ခုနစ်ပါးတို့သည်လည်း တပြိုင်နက်တချက်ထည်း။ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ ဖြစ်ပါကြကုန်သည်သာလျှင်တည်း။ ထိုသို့ဖြစ်ပါခြင်းကြောင့်။ ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။ ကာမသုခလ္လိကာနုယောဂ။ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရား နှစ်ပါးတို့သည် ကင်းလေကုန်သည်သာတည်း။ ထိုသို့ကင်းခြင်းကြောင့်။ ထိုအယုတ်တရား နှစ်ပါးမှ လွတ်နေ၏။ ထိုသို့ လွတ်နေခြင်းကြောင့်။ ၎င်း ဖြစ်တိုင်း ဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။ မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်သည်။ ထိုကြောင့်။ လူ့ပြည်နတ်ပြည်ခြောက်ထပ်တို့၌ ဖြစ်ပေါ်သောခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့ကို။ ရင့်ရော် ဆွေးမြေ့စေတတ်သော သဘောလက္ခဏာရှိသော ဇရာတရားကို အာရုံပြု၍။သမ္မာဒိဋ္ဌိအမျိုးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအကျင့်ကို မှီဝဲကျင့်ကြံသည့်၏အဖြစ်ကိုသိကြလေ။ လူ့ပြည်နတ်ပြည် ခြောက်ထပ်၌ ဖြစ်ပေါ်သောခန္ဓာငါးပါး။ရုပ်နာမ်တရားတို့ကို ရင့်ရော် ဆွေးမြေ့စေတတ်သော သဘောလက္ခဏာရှိသော ဇရာတရားကိုအာရုံပြု၍ရှုသလို။ပဌမဈာန်သုံးဘုံ၊ဒုတိယဈာန်သုံးဘုံ တတိယဈာန်သုံးဘုံ၊ဝေဟပ္ဖိုလ်၊ အဝိဟာ၊အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌ တည်းဟူသော စတုတ္ထဈာန်ခြောက်ဘုံ။ပေါင်းဗြဟ္မာ(၁၅)ဘုံတို့၌။ ဖြစ်ပေါ်လာသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို။ ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောလက္ခဏာရှိသော၊ဇရာတရားကိုလည်း ရှုအပ်၏။ ရှုပုံမှာ၊၎င်းဗြဟ္မာ(၁၅)ဘုံတို့၌လည်းဖြစ်ပေါ်လာသော ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောဇရာရှိ၍သာလျှင်။ ပျက်စီးခြင်းမရဏတရားသည် ဧကန်ဖြစ်ရပေ၏။အကယ်၍ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောဇရာတရားမရှိခဲ့ပါလျှင်။ အဘယ်မှာပျက်စီးခြင်းမရဏတရားသည်ဖြစ်ပါအံ့နည်း။စင်စစ်မဖြစ်ပေရာ။စင်စစ်ဗြဟ္မာဘုံ၌ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ပျက်စီးခြင်းဖြစ်ရသည်မှာ။ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောဇရာရှိ၍သာ ပျက်စီးခြင်းမရဏတရားသည်၊ ဧကန်ဖြစ်ရပေသည်ဟုမရဏ၏အကြောင်းဖြစ်သောတရားကိုအာရုံပြု၍ဆင်ခြင်ကြလေ။ထိုသို့အာရုံပြု၍ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း။ဗြဟ္မာပြည်တို့၌ဖြစ်သောခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောလက္ခဏာရှိသော ဇရာတရားကိုအာရုံပြု၍၊ ဟုတ်တိုင်းမှန်စွာ [illegible]တိုင်း[illegible]တိုင်း။ ဥ[illegible]သည့်ယုတ်ဝိပဿနာဗောဓိအစဉ်သည် ဧကန်ဖြစ်ပေ၏။ ထိုသို့ဖြစ်

သော ဝိပဿနာဇောစိတ်အစဉ်၌ပါရှိသောပညိန္ဒြေစေတသိက်တရားကို ဇရာ၏ဟုတ်မှန်သော ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောလက္ခဏာကို။မချွတ်မယွင်းဟုတ်တိုင်းမှန်စွာအါရုံပြု၍သိတတ်သေါကြောင့်၊သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်လေသည်။ထိုသမ္မာဒိဋ္ဌိတရားကိုဘုရားအစရှိသောသူတော်ကောင်းတို့သည် ရှာမှီးအပ်သောကြောင့်လည်းမဂ္ဂ၊ထိုသမ္မာဒိဋ္ဌိတရားသည် ဇရာ၏ ရင့်ရော် ဆွေးမြေ့ ခြင်းသဘော လက္ခဏာ ကို ရှာမှီးတတ်သောကြောင့်လည်းမဂ္ဂ။ထိုသမ္မာဒိဋ္ဌိတရားသည်။မိမိဖြစ်ခိုက် အဝိဇ္ဇာမောဟနှင့်တကွ ကိလေသာတို့ကို ဖျက်ဆီးတတ်သောကြောင့်လည်း(မ)ဟူသောအမည်။ ဟုတ်မှန်သော ဇရာ၏ ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောလက္ခဏာကိုအာရုံပြု၍ ရောက်တတ်သောကြောင့်(ဂ)ဟူသောအမည်။ ထိုဆိုအပ်ပြီးသော အမည်နှစ်ပါးကို ရသောကြောင့်လည်း (မဂ္ဂ)ဟူ၍ခေါ်ဆိုအပ်လေသည်၊ ၎င်းမဂ္ဂဟုခေါ်ဆိုအပ်သော သမ္မာဒိဋ္ဌိသည်။ မိမိလည်းမောဟစသော ကိလေသာအညစ်အကြေးတို့မှကင်းလွတ်နေသောကြောင့်။မိမိလည်းဖြူစင်သန့်ရှင်း၏။ မိမိနှင့်အဘူဖြစ်ကုန်သော သမ္ပယုတ်တရားတို့ကိုလည်း ဖြူစင်သန့်ရှင်းစေ၏။ ထိုကြောင့်၊ထိုသမ္မာဒိဋ္ဌိမဂ္ဂကို အရိယမဂ္ဂဟုခေါ်ဆိုအပ်လေသည်။ထိုသမ္မာဒိဋ္ဌိအရိယမဂ္ဂဖြစ်သျှင်။သမ္မာသင်္ကပ္ပစသော ကျန်မဂ္ဂင်ခုနှစ်တို့သည်လည်း တပြိုင်နက် တချက်တည်း။ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်ပါကြကုန်သည်သာလျှင်တည်း။ထိုသို့ဖြစ်ပါခြင်းကြောင့်၊ ဝိပဿနာအင်္ဂါကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအင်္ဂါကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂဘည်းဟူသော အယုတ်တရားနှစ်ပါးတို့သည် ကင်းလေကုန်သည်သာတည်း။ထိုသို့ကင်းခြင်းကြောင့်။ထိုအယုတ်တရားနှစ်ပါးမှ လွတ်နေ၏။ထိုသို့လွတ်နေခြင်းကြောင့် ၎င်းဖြစ်တိုင်း ဖြစ်တိုင်းသော ဝိပဿနာအင်္ဂါကမဂ်ကို။ မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်၊ထိုကြောင့်ဖြဟ္မာ(၁၅)ဘုံတို့၌ဖြစ်ပေါ်သော ခန္ဓာငါးပါးရုပ်နာမ်တရားကို ရင့်ရော် ဆွေးမြေ့စေတတ်သော သဘောဇရာတရားကိုအာရုံပြု၍သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအင်္ဂါကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအကျင့်ကို၊ ဓမ္မစကြာသုတ်၏အဖြစ်ကိုထင်ရှားသိကြလေ။

ဗြဟ္မာ(၁၅)ဘုံ၌ဖြစ်ပေါ်သော ခန္ဓာငါးပါးရုပ်နာမ် တရားတို့ကို။ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောဇရာတရားကိုရှုသလို။အသညသတ်ဘုံ၌ဖြစ်သော ရုပ်တရားတို့ကို ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောဇရာတရားကိုလည်းအာရုံပြု၍ရှုအပ်၏။ ရှုပုံမှာ၊ အသညသတ်ဘုံ၌ဖြစ်ပေါ်သောရုပ်တရားတို့ကို။ ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောဇရာတရား

ရှိ၍သာလျှင်။ ၎င်းအသညာသတ်ဘုံ၌ ပျက်စီးခြင်းမရဏတရားသည်ဧကန်ဖြစ်ရပေ၏။ အကယ်၍ ရင့်ရော် ဆွေးမြေ့ခြင်းသဘော ဇရာမရှိခဲ့လျှင်၊ အဘယ်မှာအသညာသတ်ဘုံ၌ပျက်စီးခြင်းမရဏတရားသည်ဖြစ်ပါအံ့နည်း။စင်စစ်ဖြစ်မှုမရှိလေရာ။ စင်စစ်အသညာသတ်ဘုံ၌ ရုပ်တရားတို့၏ ပျက်စီးခြင်းမရဏဖြစ်ရခြင်းသည်ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောဇရာရှိ၍သာပျက်စီးခြင်းမရဏတရားသည်၊ဧကန်ဖြစ်ရပေသည်ဟု မရဏ၏အကြောင်းဖြစ်သော ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောဇရာကိုအာရုံပြု၍ဆင်ခြင်ကြလေ။ ထိုသို့အာရုံပြု၍ဆင်ခြင်တိုင်းဆင်ခြင်တိုင်း။ အသညာသတ်ဘုံ၌ဖြစ်ပေါ်သော ရုပ်တို့ကို ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောဇရာတရားကိုအာရုံပြု၍။ ဟုတ်တိုင်းမှန်စွာသိတိုင်းသိတိုင်း။ ဉာဏသမ္ပယုတ်ဝိပဿနာဇောစိတ်အစဉ်သည်ဧကန်ဖြစ်ပေ၏။ထိုသို့ဖြစ်သောဝိပဿနာဇောစိတ်အစဉ်၌ပါရှိသော ပညာစေတသိက်ကို။ဟုတ်မှန်သောရင့်ရော်ဆွေးမြေ့စေတတ်သော သဘောဇရာကိုအာရုံပြု၍။ချွတ်မယွင်းဟုတ်တိုင်းမှန်စွာသိတတ်သောကြောင့်၊ သမ္မာဒိဋ္ဌိဟုခေါ်ထိုက်ပေသည်။ ထိုသမ္မာဒိဋ္ဌိတရားကိုမဂ္ဂစသည်ခေါ်ဆိုအပ်မှုကို ရှေးနည်းအတိုင်းသိကြလေ၊ထိုသမ္မာဒိဋ္ဌိအရိယမဂ္ဂဖြစ်လျှင်။ သမ္မာသင်္ကပ္ပစသော ကျန်မဂ္ဂင်ခုနစ်ပါးတို့သည်လည်း။ တပြိုင်နက်တချက်တည်း၊ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ ဖြစ်ကြကုန်သည်သာလျှင်တည်း။ ထိုသို့ဖြစ်ပါခြင်းကြောင့် ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။ ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့သည်ကင်းလေကုန်သည်သာတည်း။ထိုသို့ကင်းခြင်းကြောင့်၊ထိုအယုတ်တရားနှစ်ပါးမှလွတ်နေ၏။ ထိုသို့လွတ်နေခြင်းကြောင့်၊ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။ မဇ္ဈိမာပဋိပဒါဟုခေါ်ထိုက်အပ်သည်။ ထိုကြောင့် အသညာသတ်ဘုံ၌ ဖြစ်ပေါ်လာသော ရုပ်တရားတို့ကိုရင့်ရော်ဆွေးမြေ့စေတတ်သော သဘောဇရာကိုအာရုံပြု၍ သမ္မာဒိဋ္ဌိအမှူးရှိသောဝိပဿနာ အဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါ အကျင့်ကိုမှီဝဲကျင့်ကြံသည်၏ အဖြစ်ကိုထင်ရှားသိကြလေ။ အသညာသတ်ဘုံ၌ ရုပ်တရားတို့ကို၊ ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောဇရာတရားကိုရှုသ[illegible]၊ အရူပလေးဘုံ၌ဖြစ်သော၊ နာမ်တရားတို့ကို။ ရင့်ရော် ဆွေး[illegible]တတ်သောသဘောဇရာတရားကိုလည်း အာရုံပြု၍ရှုအပ်၏။ရှုအပ်[illegible]။ အရူပလေးဘုံ၌ဖြစ်ပေါ်သောနာမ်တရားတို့ကို၊ [illegible]ရော်ဆွေး[illegible]စေတ[illegible]သောသဘောဇရာတရားရှိ၍သာလျှင်။ ၎င်းအရူပလေး[illegible]၌ ပျက်စီးခြင်း [illegible]

တရားသည် ကြောင်းဖြစ်ရပေ၏။ အကယ်၍ရင့်ရော်ဆွေးမြေ့ခြင်းသဘောဇရာ မရှိခဲ့လျှင်။ အဘယ်မှာ အရူပလေးဘုံ၌ပျက်စီးခြင်းသဘော၊ မရဏတရား သည် ဖြစ်ပါအံ့နည်း။ စင်စစ်ဖြစ်မှုမရှိလေရာ။ စင်စစ်၊ အရူပလေးဘုံ၌၊ နာမ် တရားတို့၏ပျက်စီးခြင်း မရဏတရားဖြစ်ရခြင်းသည်။ ရင့်ရော်ဆွေးမြေ့စေ တတ်သောသဘောဇရာရှိ၍သာပျက်စီးခြင်းမရဏတရားသည်။ ကြောင်းဖြစ်ရ ပေသည်ဟု။ မရဏ၏အကြောင်းဖြစ်သော။ ရင့်ရော် ဆွေးမြေ့ စေ တ တ် သောသဘောဇရာကိုအာရုံပြု၍ဆင်ခြင်ကြလေ။ ထိုသို့အာရုံပြု၍ဆင်ခြင် တိုင်းဆင်ခြင်တိုင်း။ အရူပလေးဘုံတို့၌ ဖြစ်သော၊ နာမ်တရားတို့ကို။ ရင့်ရော် ဆွေးမြေ့စေတတ်သောသဘောဇရာတရားကိုအာရုံပြု၍။ ဟုတ်တိုင်းမှန်စွာ သိတိုင်းသိတိုင်း။ ဉာဏသမ္ပယုတ် ဝိပဿနာစောစိတ်အစဉ်သည် ကြောင်းဖြစ် ပေ၏။ ထိုသို့ဖြစ်သောဝိပဿနာစောစိတ်အစဉ်၌ပါရှိသော။ ပညာစေ့တေ သိက်ကို။ ဟုတ်မှန်သော ရင့်ရော် ဆွေးမြေ့စေတတ်သော သဘောဇရာကို အာရုံပြု၍။ မချွတ်မယွင်းဟုတ်တိုင်းမှန်စွာသိတတ်သောကြောင့်။ သမ္မာ ဒိဋ္ဌိဟုခေါ်ဆိုအပ်သည်။ ထိုသမ္မာဒိဋ္ဌိတရားကို။ မဂ္ဂစသည်ခေါ်ဆိုအပ်မှုကို၊ ရှေးနည်းအတိုင်းသိကြလေ။ ထိုသမ္မာဒိဋ္ဌိအရိယမဂ္ဂဖြစ်လျှင်။ သမ္မာသင်္ကပ္ပစ သော။ ကျန်မဂ္ဂင်ခုနှစ်ပါးတို့သည်လည်း။ တပြိုင်နက်တချက်ထည်း။ ထိုသမ္မာ ဒိဋ္ဌိနှင့်ယှဉ်၍ ဖြစ်ပါကြကုန်သည်သာလျှင်တည်း။ ထိုသို့ဖြစ်ပါခြင်းကြောင့်။ ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ် တိုင်း။ အဝိဇ္ဇာစသော ကိလေသာတို့လည်း ကင်းကြကုန်၏။ ကာမေသုခလ္လိ ကာနုယောဂ၊ အတ္တကိလမထာနုယောဂ တည်းဟူသော။ အယုတ်တရား နှစ်ပါးတို့သည် ကင်းလေကုန်သည်သာတည်း။ ထိုသို့ ကင်းခြင်းကြောင့်။ ထိုအယုတ်တရားနှစ်ပါးမှလွတ်နေ၏။ ထိုသို့လွတ်နေခြင်းကြောင့်။ ၎င်းဖြစ် တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။ မဇ္ဈိမာပဋိပဒါဟု ခေါ်ဆို အပ်သည်။ ထိုကြောင့်၊ အရူပလေးဘုံ၌ဖြစ်ပေါ်လာသောနာမ်တရားတို့ကို။ ရင့် ရော်ဆွေးမြေ့စေတတ်သော သဘောဇရာကို အာရုံပြု၍။ သမ္မာဒိဋ္ဌိအမှူးရှိ သော၊ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအကျင့်ကို နှံ့ဝဲကျင့်ကြံသည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ထိုမှတပါးလည်း။ ၎င်းဇ ရာသဘောသည်။ ရှင်နေသောအသက်ဇီဝမဟုတ်သောကြောင့်။ ၎င်းဇရာ သဘောကို။ ရှင်နေသောအသက်ဇီဝမဟုတ်ဟူ၍၊ အဘန်တလဲလဲအာရုံပြု ပြီးလျှင်။ ဝိပဿနာဉာဏ်ဖြင့် အဘန်တလဲလဲရှုအပ်၏။ ထိုသို့ရှုတိုင်းရှုတိုင်း အသက်ဇီဝမဟုတ်မှန်းကို သိတတ်သော၊ သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်အမှူးရှိ သော။ အဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုသို့ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်

တိုင်း၊ ဇီဝအယူလည်းကင်း၏။ အဝိဇ္ဇာစသော ကိလေသာတို့သည်လည်း ကင်းကုန်၏။ ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်း ဟူသော၊ အယုတ်တရားနှစ်ပါးတို့မှလည်း၊ ကင်းလွတ်နေ၏။ ထိုသို့ ကင်း လွတ်နေခြင်းကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသော ဖြူစင်သော အရိယအ ဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှီဝဲကျင့်ကြံသည်၏အဖြစ်ကိုသိကြလေ။ ထိုမှတပါး လည်း။ထိုသုံး၌ဖြစ်ပေါ်လာသောခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို ။ရှင့် ရော်ဆွေးမြေ့စေတတ်သော သဘော ဇရာသည်။ အမှုန်အမွှားစသော သ ဏ္ဌာန်မှကင်းလျက်။ မိမိ၏ရှင့်ရော်ဆွေးမြေ့စေတတ်သော သဘောလက္ခ ဏာကိုသာ ဆောင်ပြနေ၏။ ထိုသို့ဆောင်ပြခြင်းကြောင့်။ ၎င်းဇရာသည်။ သတ္တဝါအတ္တမဟုတ်။ ဓမ္မသဘောသာကေန်ဖြစ်ပေ၏ဟု အာရုံပြု၍သိ စေ အပ်၏။ထိုသို့အာရုံပြု၍သိတိုင်းသိတိုင်း။သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာ အဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ထိုသို့ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ သတ္တဝါ အတ္တမဟုတ်သော ဓမ္မသဘောကို မသိမမြင်တတ်သော အဝိဇ္ဇာ မောဟနှင့်တကွ။ကိလေသာတို့သည်သည်းကင်းကြကုန်၏၊ကာမသုခလ္လိ ကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော။ အယုတ်တရား နှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ထိုသို့ကင်းလွတ်နေခြင်းကြောင့်။မဇ္ဈိမာ ပဋိပဒါတည်းဟူသော ဖြူစင်သော၊အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို၊ မှီဝဲ ကျင့်ကြံသည်၏အဖြစ်ကို ထင်ရှားသိကြလေ။ထိုဇရာသည်။ထိုထိုဘုံတို့၌ ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့ကို။ရှင့်ရော်ဆွေးမြေ့စေတတ်သောသဘော လက္ခဏာဖြင့် ထင်ရှားပြီးလျှင်။ထိုခန္ဓာငါးပါး။ရုပ်နာမ်တရားတို့၏ ပျက်စီး ခြင်းသဘော မရဏကိုရောက်လျှင်။ ပျက်စီးကွယ်ပျောက်ခြင်းသို့ရောက် လေ၏။ ထိုသို့ ပျက်စီးကွယ်ပျောက်ခြင်းကြောင့်၊ ၎င်း ဇရာတရားသည်။ စင်စစ် အမြဲမရှိသောအနိစ္စသဘောတရားသာလျှင် အမှန်ဖြစ်ပေ၏။ထိုသို့ ဖြစ်သည်၏အဖြစ်ကို။ဘုရားရှင်သည်။နိဒါနဝဂ္ဂသံယုတ်ပါဠိတော် အာဟာ ရဝဂ်၌။ဇရာမရဏံဘိက္ခဝေ။အနိစ္စံ။သင်္ခတံ။ပဋိစ္စသမုပ္ပန္နံ။ခယဓမ္မံ၊ဝယဓမ္မံ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း ကောင်း။ပဋိသမ္ဘိဒါမဂ်ပါဠိတော် အဘိညေယျအခန်း နံပါတ်(၉) မျက် နှာ၌။ဇရာမရဏာ၊အနိစ္စာနုပဿနာအဘိညေယျာဟူ၍ ဟောတော်မူအပ် သည်ကိုထောက်၍လည်းကောင်း။၎င်းပါဠိတော် သမ္မသနဉာဏ်အနိစ္စာအ ချက်တို့ကိုပြရာအခန်း၌။ဇရာမရဏံ။အနိစ္စံ။ခယဋ္ဌေနဟူ၍ ဟောတော်မူ အပ်သည်ကိုထောက်၍လည်းကောင်း။ဇရာတရားသည်။စင်စစ်၊အနိစ္စတ ရားသာလျှင်ဖြစ်သည်၏ အဖြစ်ကို၊ ပညာရှင်တို့သိအပ်၏။ ထိုသို့သိကြ

လျှင်လည်း။ ထိုဇရာဟုဆိုအပ်သော။ ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောသည်။ထိုထိုဘုံတို့၌ဖြစ်ပေါ်လာသော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏။ပျက်စီးခြင်းမရဏာသို့ရောက်လျှင်။ ပျက်စီးကွယ်ပျောက်လေ၏။ ထိုသို့ပျက်စီးကွယ်ပျောက်ခြင်းတည်းဟူသော။အနိစ္စချက်ကိုအာရုံပြု၍သိတိုင်းသိတိုင်း။ အနိစ္စကိုရှုမြင်သော၊ သမ္မာဒိဋ္ဌိအမျိုးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ဇရာ၏အနိစ္စသဘောကို မသိမမြင်တတ်သော။အဝိဇ္ဇာမောဟနှင့်တကွ။ ဇရာသဘောကို။နိစ္စဟုစွဲယူနေသော မိစ္ဆာဒိဋ္ဌိအမျိုးရှိသော ကိလေသာတို့သည်လည်း ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ။ အတ္တကိလမထာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေသောကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသော။မြတ်သော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှီဝဲကျင့်ကြံသည်၏အဖြစ်သို့လည်း ရောက်၏။ထိုသို့ရောက်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။ထိုဇရာတရားသည်။ အနိစ္စသာဖြစ်သည်မဟုတ်သေး။ သစ္စာဒုက္ခတရားလည်း အမှန်ဖြစ်သည်သာတည်း။အဘယ်ကြောင့်ဒုက္ခတရားဖြစ်လေသနည်းဟူမူ။ထိုထိုဘုံ၌ ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့၏ ပျက်စီးခြင်းမရဏာသို့ရောက်လျှင်။ ၎င်းရင့်ရော်စေတတ်သောသဘောဇရာသည်။ပျက်စီးကွယ်ပျောက်လေ၏။ထိုသို့ပျက်စီးကွယ်ပျောက်ခြင်းကြောင့်။ ပျက်စီးခြင်းဘင်တည်းဟူသောအပျက်သည်။ ထိုရင့်ရော်ဆွေးမြေ့စေတတ်သော်သဘောဇရာကိုနှိပ်စက်ပေ၏။ထိုသို့အပျက်၏အနှိပ်စက်ကိုခံရခြင်းကြောင့်၊ ၎င်းဇရာသဘောသည်။ သစ္စာဒုက္ခအမှန်ဖြစ်ပေ၏။ ထိုသို့သစ္စာဒုက္ခဖြစ်သောကြောင့်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌သည်။သစ္စနိဒ္ဒေသအရာဒုက္ခကိုဖွင့်ရာ။စာမျက်နှာနံပါတ်(၁၁၇)မျက်နှာ၌၊ ဒုက္ခာသစ္စာဒုက္ခာဘာဝ တောစေဝ။ဒုက္ခ ဝတ္ထုတောစဟူ၍ဖွင့်ဆိုအပ်လေသည်။ထိုသို့ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ဉာဏကထာအဘိဓေယျအရာ၌။ဇရာမရဏဒုက္ခာနုပဿနာအဘိဓေယျာဟူ၍ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ ယဒနိစ္စံ။ တံဒုက္ခံဟူ၍ ဘုရားဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း။ဇရာတရားကို သစ္စာဒုက္ခဟူ၍မှတ်ကြလေ။ထိုဇရာတရားတည်းဟူသော။ သစ္စာဒုက္ခချက်ကိုအာရုံပြု၍။ ဝိပဿနာပညာဖြင့် သိတိုင်း သိတိုင်း။ ဇရာ၏ဒုက္ခချက်ကို သိမြင်တတ်သော။ သမ္မာဒိဋ္ဌိအမျိုးရှိသော၊ ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း ဇရာ၏သစ္စာဒုက္ခသဘောကို၊မသိမမြင်တတ်သောအဝိဇ္ဇာမောဟနှင့်တ

ကွ။ ဇရာကို သုခဟုစွဲယူနေသော။ မိစ္ဆာဒိဋ္ဌိအမှုးရှိသော ကိလေသာတို့သည်လည်း ကင်းလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ထိုသို့ကင်းလွတ်သောကြောင့်။မဇ္ဈိမာပဋိပဒါတည်းဟူသော။ဖြူစင်သောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှီဝဲကျင့်ကြံသည်၏အဖြစ်သို့လည်းရောက်၏။ ထိုသို့ရောက်သည့်၏အဖြစ်ကို ထင်ရှားသိကြလေ။ဤမျှဖြင့်၊ ဇရာပိဒုက္ခ ဟူသောပုဒ်၌ အကျုံးဝင်သော ဇရာသဘောကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသော။ဖြူစင်သော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို။ မှီဝဲကျင့်ကြံအင်ပုံကို ထင်ရှားသိကြလေ။

{မေး} အနတ္တတရားသာလျှင်ဖြစ်သောဇရာတရားသည်။ အနိစ္စတရားဖြစ်ခြင်းကြောင့်။သင်္ခါရဒုက္ခတရားဖြစ်သည့်၏အဖြစ်ကို။ ပြဆိုအပ်ပြီးသောနည်းအတိုင်းသိအပ်ပါပြီ။၎င်းဇရာသည်၊ဒုက္ခအမျိုးမျိုးတို့၏ဖြစ်ကြောင်းကိုလည်းကောင်း။ ထိုဒုက္ခဖြစ်ကြောင်းကို အာရုံပြု၍။ မဇ္ဈိမာပဋိပဒါအကျင့်ကို မှီဝဲကျင့်ကြံပုံကိုလည်းကောင်း။ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဤပြဆိုအပ်သောနည်းကိုအစဉ်မှီ၍သိအပ်ပါသည်။ သိပုံမှာ။ အကာယ်၌၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံတို့၌။ ခန္ဓာ ငါးပါး။ ရုပ်နာမ်တရားတို့ကို။ ရင့်ရော် ဆွေးမြေ့စေတတ်သော။ သဘော ဇရာရှိ၍သာ။အမျိုးမျိုးသော ပျက်စီးခြင်း၏အကြောင်းဖြစ်သော။ အား ကုန်ခမ်းမှု။ ပင်ပမ်းမှု။ ကျင်နာမှုစသော။အမျိုးမျိုးသော ကိုယ်၌ဖြစ်သော၊ ကာယိကဒုက္ခ၊အမျိုးမျိုးသောစိတ်၏၊မသက်မသာခြင်း၊မာနသိကဒုက္ခတရားတို့သည်ဖြစ်ရပေ၏။ ထိုသို့ဖြစ်ရသမျှသောဒုက္ခဟူသမျှသည်။ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောဇရာရှိ၍သာကြောင့်ဖြစ်ရပေသည်ဟု။ဇရာ၏အဖြစ်ကိုအဘန်တလဲလဲ ပညာဖြင့်ရှုကြလေ။ ထိုသို့ ရှုကြတိုင်း ရှုကြတိုင်း။ ဇရာ၏အဖြစ်ကိုမြင်တတ်သော ဝိပဿနာပညာသည် ဖြစ်၏။ထိုဝိပဿနာပညာဖြစ်တိုင်းဖြစ်တိုင်း။သမ္မာဒိဋ္ဌိအမှုးရှိသော အဋ္ဌင်္ဂိကဝိပဿနာမဂ်သည် ဖြစ်၏။ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ဇရာ၏ အမျိုးမျိုးဒုက္ခဖြစ်ကြောင်းကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွ။ဇရာကို သုခဖြစ်ကြောင်းဟုစွဲယူနေသော မိစ္ဆာဒိဋ္ဌိအမှုးရှိသော ကိလေသာတို့သည်လည်းကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော၊ အယုတ်တရားနှစ်ပါးတို့မှ ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်ခြင်းကြောင့်၊ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအင်သော

ကြောင့်၊ အပါယ်လေးဘုံ၌ဖြစ်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောဇရာ၏ ပြဆိုအပ်ပြီးသောအမျိုးမျိုးသောကာယိကဒုက္ခ၊ မာနသိကဒုက္ခတို့၏။ ဖြစ်ကြောင်းတရားအမှန်တို့ကို အာရုံပြု၍၊ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိက ဝိပဿနာမဂ်ကိုမှီဝဲကျင့်ကြံသည့်၏ အဖြစ်ကိုထင်ရှားသိကြလေ။ အကယ်၍လူ့ပြည်၌ ဖြစ်ပေါ်သောခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို၊ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောဇရာသည်ဖြစ်မှုမရှိခဲ့အံ့။ပျက်စီးခြင်းမရဏာသို့ရောက်ကြောင်းဖြစ်သော၊ အားကုန်ခမ်းမှု၊ ပင်ပမ်းမှု၊ ကျောင်နာမှု၊ မျက်စိထိုင်းမှိုင်းမှု၊ နားထိုင်းမှု၊ မသွားမလာနိုင်မှု စသည်တို့ကြောင့်ဖြစ်သောကာယိကဒုက္ခ။ထိုကာယိကဒုက္ခကြောင့်ဖြစ်သောမာနသိကဒုက္ခတရားတို့သည်အဘယ်မှာဖြစ်မှုရှိပါတော့အံ့နည်း။စင်စစ်ဖြစ်မှုမရှိပေရာ။စင်စစ်ထိုဒုက္ခတို့ဖြစ်မှုသည်၊ခန္ဓါငါးပါးရုပ်နာမ်တရားတို့ကို ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောဇရာဖြစ်၍သာ ကောန်ဖြစ်မှုရှိရလေသည်။ ထိုကြောင့် လူ့ပြည်၌ ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောဇရာသည်။ထိုလူ့ပြည်၌ အမျိုးမျိုးပျက်စီးရခြင်းမရဏာ၏အကြောင်းဖြစ်သော၊ပြဆိုအပ်ပြီးသော ကာယိကဒုက္ခ၊မာနသိကဒုက္ခတို့၏ ဖြစ်ကြောင်းအမှန်တရားဖြစ်ပေ၏၊ထိုသို့ဒုက္ခအမျိုးမျိုး ဖြစ်ကြောင်းဖြစ်သောဇရာကိုအာရုံပြု၍။ပညာဖြင့်အဘန်တလဲလဲရှုကြလေ။ထိုသို့ရှုကြတိုင်းရှုကြတိုင်း ဇရာ၏အဖြစ်ကိုမြင်တတ်သော ဝိပဿနာပညာသည်ဖြစ်၏။ ထိုဝိပဿနာပညာဖြစ်တိုင်းဖြစ်တိုင်းသမ္မာဒိဋ္ဌိအမှူးရှိသောအဋ္ဌင်္ဂိကဝိပဿနာမဂ်သည်ဖြစ်၏။ ၎င်း ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း၊ ဇရာ၏အမျိုးမျိုးဒုက္ခဖြစ်ကြောင်းကို။မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွ။ ဇရာကိုသုခဖြစ်ကြောင်းဟုစွဲယူနေသော မိစ္ဆာဒိဋ္ဌိအမှူးရှိသော ကိလေသာတို့သည်လည်းကင်းလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်သည်သာတည်း ထိုသို့ကင်းလွတ်ခြင်းကြောင့်၊ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်။ထိုကြောင့်လူ့ပြည်၌ဖြစ်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောဇရာ၏၊ပြဆိုအပ်ပြီးသောအမျိုးမျိုးသောကာယိကဒုက္ခ၊မာနသိကဒုက္ခ တို့၏ဖြစ်ကြောင်းတရားကိုအာရုံပြု၍၊မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိကမဂ်ကို မှီဝဲကျင့်ကြံသည့်၏အဖြစ်ကို။ထင်ရှားသိကြလေ။အကယ်၍ နတ်ပြည်၌။ ဖြစ်ပေါ်လာသော ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ရင့်ရော်

ဆွေးမြေ့စေတတ်သောသဘောဇရာသည်။ဖြစ်မှုမရှိခဲ့အံ့။ ပျက်စီးခြင်းမရဏာသို့ရောက်ကြောင်းဖြစ်သော၊ ချွေးယိုခြင်း၊ အရောင်အဝါတို့ ညှိုးနွမ်းခြင်း။ နတ်ပြည်၌ မပျော်မမွေ့ခြင်းစသောအခြင်းအရာတို့သည်။ အဘယ်ထင်ပါအံ့နည်း။ စင်စစ်မထင်ပေရာ၊ ထိုသို့ထင်ခြင်းသည်။ စင်စစ် ဇရာသဘောရှိ၍သာ ထင်ရပေ၏။ထိုသို့ထင်ခြင်းကြောင့်။စိတ်၏မချမ်းမသာခြင်းသည်ဖြစ်ရပေ၏။ထိုသို့စိတ်၏မချမ်းမသာဖြစ်ရခြင်း မာနသိကဒုက္ခသည် စင်စစ် ဇရာကြောင့်သာဖြစ်ပေ၏။ထိုကြောင့်။ဇရာသည်နတ်ပြည်၌။ မာနသိကဒုက္ခဝေဒနာ၏ အကြောင်းတရားအမှန်ဖြစ်ပေ၏။ ထိုသို့ဖြစ်မှုကို အဘန်တလဲလဲ ပညာဖြင့်ရှုကြလေ။ထိုသို့ရှုကြတိုင်းရှုကြတိုင်း။ဇရာ၏ဒုက္ခဖြစ်ကြောင်းအဖြစ်ကိုမြင်တတ်သော။ ဝိပဿနာပညာသည်ဖြစ်၏။ ထိုဝိပဿနာပညာဖြစ်တိုင်းဖြစ်တိုင်း။သမ္မာဒိဋ္ဌိအမျိုးရှိသော အဋ္ဌင်္ဂိကဝိပဿနာမဂ်သည်ဖြစ်၏။ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း၊ဇရာ၏ နတ်ပြည်၌။ မာနသိကဒုက္ခဖြစ်ကြောင်း၏အဖြစ်ကို။ မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွ။ဇရာကိုသုခဖြစ်ကြောင်းဟုစွဲယူနေသော။မိစ္ဆာဒိဋ္ဌိအမျိုးရှိသော ကိလေသာ တို့သည်လည်း၊ ကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှသည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်ခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသောဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။ မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်။ထိုသိုခေါ်ဆိုအပ်သောကြောင့်။နတ်ပြည်၌ဖြစ်သော။ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့ကို။ရင့်ရော်ဆွေးမြေ့စေတတ်သော သဘောဇရာ၏ မာနသိကဒုက္ခဖြစ်ခြင်း၏ အကြောင်းတရားအမှန်ကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို နှဲဝကျင့်ကြံသည်၏အဖြစ်ကိုထင်ရှားသိကြလေ။ အကယ်၍။ အသညသတ်ကြည့်သော ဗြဟ္မာတဆဲ့ငါးဘုံ၌ ဖြစ်ပေါ်မှု ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို။ ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောဇရာသည် မရှိခဲ့သည်ဖြစ်အံ့။အဘယ်မှာခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ဇရာမီးလောင်ခြင်းတို့သည်ဖြစ်ပါကုန်အံ့နည်း။စင်စစ်ဖြစ်မှုမရှိကုန်ရာ။ ဖြစ်ပေါ်သောခန္ဓာတို့ကို၊ဇရာတရားရှိ၍သာလျှင်။၎င်းဇရာမီးသည်၊မပြတ်လောင်ကျွမ်းစေ၏။ထိုကြောင့်ဇရာသည်။ဗြဟ္မာ(၁၅)ဘုံ၌ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ သင်္ခါရဒုက္ခဖြစ်ခြင်း၏အကြောင်းအမှန်ဖြစ်ပေ၏။ထိုသို့၊ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏သင်္ခါရဒုက္ခဖြစ်ကြောင်းဖြစ်သောဇရာကို၊ဟုတ်တိုင်းမှန်စွာ၊ အဘန်တလဲလဲ၊ပညာဖြင့် ရှုကြလေ။ ထိုသို့ ရှုကြတိုင်း ရှုကြတိုင်း၊ ဇရာ၏အပြစ်ကိုမြင်တတ်သော ဝိပဿနာ

ပညာသည်ဖြစ်ပေ၏။ ထိုဝိပဿနာပညာ ဖြစ်တိုင်း ဖြစ်တိုင်း။ သမ္မာဒိဋ္ဌိအမျိုးရှိသော၊အဋ္ဌင်္ဂိကဝိပဿနာမဂ်သည် ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်း ဖြစ်တိုင်း၊ ဇရာ၏ဒုက္ခဖြစ်ကြောင်းကို၊ မသိမမြင်တတ်သော၊အဝိဇ္ဇာမောဟနှင့်တကွ။ဇရာကိုသုခဖြစ်ကြောင်းဟုစွဲယူနေသော မိစ္ဆာဒိဋ္ဌိအမျိုးရှိသော၊ကိလေသာတို့သည်လည်း၊ ကင်းကြကုန်၏။ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ထိုသို့ကင်းလွတ်ခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော၊ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။ မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည် ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ဖြဟ္မာ(၁၅)ဘုံ၌ဖြစ်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ ရင့်ရော် ဆွေးမြေ့ စေတတ်သော သဘောဇရာ၏။ ၎င်းနှင့်စပ်သော ခန္ဓာရုပ်နာမ်တရားတို့၏။ ပြေတ်ဇရာမီးလောင်ခြင်းကိုခံရသောကြောင့်ဖြစ်သော သင်္ခါရဒုက္ခဖြစ်ကြောင်းကို အာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံသည့်၏ အဖြစ်ကိုထင်ရှားသိကြလေကုန်။ အကယ်၍ အသညသတ်ဘုံ၌ဖြစ်ပေါ်သောရုပ်တရားတို့ကို။ ရင့်ရော် ဆွေးမြေ့စေတတ်သော သဘော ဇရာသည်မရှိခဲ့သည်ဖြစ်အံ့။ အဘယ်မှာအသညသတ်ဘုံ၌ဖြစ်သောရုပ်တရားတို့ကို။ဇရာမီးလောင်ခြင်းတို့သည် ဖြစ်ပါကုန်အံ့နည်း။စင်စစ် ဖြစ်မှုမရှိကုန်ရာ။ဖြစ်ပေါ်သောရုပ်ခန္ဓာတို့ကို။ ဇရာတရားရှိ၍သာလျှင်၊ ဇရာမီးသည်၊ မပြတ်လောင်ကျွမ်းစေ၏။ထိုကြောင့်၊ဇရာသည်၊အသညသတ်ဘုံ၌ဖြစ်သော ရုပ်ခန္ဓာတရားတို့၏၊သင်္ခါရဒုက္ခ ဖြစ်ကြောင်းအမှန်ဖြစ်ပေ၏။ထိုသို့ အသညသတ်ဘုံ၌ဖြစ်သော ရုပ်ခန္ဓာတရားတို့၏၊ သင်္ခါရဒုက္ခ ဖြစ်ကြောင်းဖြစ်သော ဇရာကို။ဟုတ်တိုင်းမှန်စွာ၊ အဘန်တလဲလဲ ပညာဖြင့်ရှုကြလေ။ထိုသို့ရှုကြတိုင်း ရှုကြတိုင်း။ဇရာ၏အဖြစ်ကိုမြင်တတ်သော ဝိပဿနာပညာသည်ဖြစ်ပေ၏။ ထို ဝိပဿနာပညာဖြစ်တိုင်း ဖြစ်တိုင်း။ သမ္မာဒိဋ္ဌိအမျိုးရှိသော။ ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည် ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။ ဇရာ၏ဒုက္ခဖြစ်ကြောင်းကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွ။ ဇရာကို သုခဖြစ်ကြောင်းဟုစွဲယူနေသော မိစ္ဆာဒိဋ္ဌိ အမျိုးရှိသောကိလေသာတို့သည်လည်း ကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ'အတ္တကိလမထာနုယောဂတည်းဟူသောအယုတ်တရားနှစ်ပါးတို့မှသည်းကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်။ ၎င်း ဖြစ်တိုင်းဖြစ်တိုင်းသော။ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်သည်။ထိုသို့ခေါ်ဆိုအပ်သောကြောင့်။အသညသတ်ဘုံ၌ဖြစ်သော။ ရုပ်

ခန္ဓာတရားတို့ကို။ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောဇရာ၏။ ၎င်းနှင့်စပ်သောရုပ်ခန္ဓာတရားတို့၏။ဇရာမီးလောင်ခြင်းကို ခံရသောကြောင့်ဖြစ်သော။သင်္ခါရဒုက္ခတရား၏ဖြစ်ကြောင်းကိုအာရုံပြု၍။မဇ္ဈိမာပဋိပဒါတည်းဟူသောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို။ မှိုဝဲကျင့်ကြံသည့်၏အဖြစ်ကို ထင်ရှားသိကြလေ။

အကယ်၍။ အရူပလေးဘုံ၌ဖြစ်ပေါ်လာသောနာမ်တရားတို့ကို။ ရင့်ရော်ဆွေးမြေ့စေတတ်သောသဘောဇရာသည်။မရှိခဲ့သည်ဖြစ်အံ့။အဘယ်မှာအရူပလေးဘုံတို့၌ဖြစ်သော နာမ်တရားတို့ကို။ ဇရာမီးလောင်ခြင်းတို့သည် ဖြစ်ပါကုန်အံ့နည်း။စင်စစ်ဖြစ်မှုမရှိကုန်ရာ။ဖြစ်ပေါ်သောနာမ်ခန္ဓာတရားတို့ကိုဇရာတရားရှိ၍သာလျှင်။ဇရာမီးသည်မပြတ်လောင်ကျွမ်းစေ၏။ ထိုကြောင့်ဇရာသည်။အရူပဘုံ၌ဖြစ်သောနာမ်ခန္ဓာတရားတို့၏၊သင်္ခါရဒုက္ခဖြစ်ကြောင်းအမှန်ဖြစ်ပေ၏။ထိုသို့အရူပလေးဘုံ၌ဖြစ်သောနာမ်ခန္ဓာတရားတို့၏၊သင်္ခါရဒုက္ခဖြစ်ကြောင်းဖြစ်သောဇရာကို။ဟုတ်တိုင်းမှန်စွာ။ အဘန်တလဲလဲ ပညာဖြင့်ရှုကြလေ။ ထိုသို့ရှုကြတိုင်း ရှုကြတိုင်း။ ဇရာ၏ အပြစ်ကိုမြင်တတ်သောဝိပဿနာပညာသည်ဖြစ်၏။ ထိုဝိပဿနာပညာ ဖြစ်တိုင်းဖြစ်တိုင်း။ သမ္မာဒိဋ္ဌိအမှူးရှိသောဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ဇရာ၏ဒုက္ခဖြစ်ကြောင်းကို မသိမမြင်တတ်သော။အဝိဇ္ဇာမောဟနှင့်တကွ။ဇရာကိုသုခဖြစ်ကြောင်းဟုစွဲယူနေသော။မိစ္ဆာဒိဋ္ဌိအမှူးရှိသောကိလေသာတို့သည်လည်းကင်းကြကုန်၏။ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ထိုသို့ကင်းလွတ်နေခြင်းကြောင့်။၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။ မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်၊ ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ အရူပလေးဘုံ၌ ဖြစ်သော။နာမ်ခန္ဓာတရားတို့ကို။ ရင့်ရော် ဆွေးမြေ့ စေတတ်သော သဘောဇရာ၏။ ၎င်းနှင့်စပ်သော နာမ်ခန္ဓာတရားတို့၏။ မပြတ် ဇရာမီးလောင်ခြင်းကို ခံရသောကြောင့်ဖြစ်သော သင်္ခါရဒုက္ခဖြစ်ကြောင်းကို အာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသော။ အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို။ မှိုဝဲကျင့်ကြံသည့်၏ အဖြစ်ကိုထင်ရှားသိကြလေ။

ဇရာကို ဝိဂြိုဟ်ပြုလုပ်လိုသော်။ဇီရာပေတိတိဇရာဟု၊ဟေတုကတ္တုသာဓနကိတ်ဝိဂြိုဟ်ပြုရာ၏။ ယာဓမ္မဇာတိ။ အကြင်သဘော တရား သည်။ ဇီရာပေ၊ဆွေးမြေ့စေတတ်၏။ဣတိတသ္မာ၊ ထိုသို့ဆွေးမြေ့စေတတ်သောသတ္တိကြောင့်။သာဓမ္မဇာတိ။ ထိုသဘောတရားသည်။ ဇရာ၊ ဇရာမည့်၏။

ဇာရဓါတ်သည်၊ ဝယောဟာနိမ္မိ၊ အရွယ်မှဆုတ်ယုတ်စေခြင်းအနက်၌ဖြစ်၏။ အပစ္စည်း။

{မေး} ဇရာဒုက္ခတည်းဟူသော သစ္စါရအာရုံကို အာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိက ဝိပဿနာမဂ် ဖြစ်ပုံကိုသိရပါပြီ။ ဗျာဓိဒုက္ခောဟူသော သစ္စါရအာရုံကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါ တည်းဟူသော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို ကျင့်ကြံ၍ဝဲအပ်ပုံကို။ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဗျာဓိပိဒုက္ခါဟူသောပုဒ်တို့တွင်၊ဗျာဓိဟုဆိုအပ်သည့်မှာ။တခြားကိုမဆိုအပ်။ ထိုသုံးဘုံ၌ဖြစ်သင့်သည်အားလျော်စွာ ဓါတ်တို့ချောက်ချားခြင်းကြောင့်ဖြစ်သော။ ကိုယ်ဟုသမုတ်အပ်သော ရုပ်ကလာပ်တို့၏။ အပေါင်းအစုမျှဖြစ်သော။ ရူပက္ခန္ဓာ၌ ကျင်နာကိုက်ခဲ မခံသာအောင်ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာတရားကိုဗျာဓိဟုသိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} ပရမတ္ထတောဟိ ဓါတုခေါဘပစ္စယံ။ကာယိကံဒုက္ခံ၊ဗျာဓိတိဟူ၍။ဝိသုဒ္ဓိမဂ် မဟာဋီကာ။သစ္စာနိဒ္ဒေသအဖွင့်(၉၀၅)မျက်နှာ၌ ဖွင့်ဆိုအပ်သည်ကိုထောက်၍သိအပ်ပါသည်။ အနက်သိကြောင်းမြန်မာပြန် ဘား။ ဟ်ပါကဇုံကရောမိ၊ထိုဗျာဓိတရားကိုထင်စွာပြဆိုဦးအံ့။ဓါတုခေါဘပစ္စယံ ဓါတ်လေးပါးတို့၏ချောက်ချားခြင်းကြောင့်ဖြစ်ပေါ်လာသော။ကာယိကံ၊ ကိုယ်၌ဖြစ်သော။ ဓါ၊ ကိုယ်ဟုသမုတ်အပ်သောရုပ်တို့၏ အစုအပေါင်း၌ အကျုံးဝင်သော၊ကာယပသာဒ၌မှီ၍ဖြစ်သော၊ဒုက္ခံ၊မသက်မသာ ဆင်းရဲသောဒုက္ခဝေဒနာကို။ဗျာဓိတိ။ဗျာဓိဟူ၍။ဒုစ္စတိ၊ဆိုအပ်၏အဓိပ္ပါယ်ကား ဓါတ်တို့ချောက်ချားခြင်းကြောင့်။ ရုပ်တို့၏အစုအပေါင်း၌ အကျုံး ဝင်သော။ကာယပသာဒကိုမှီ၍ဖြစ်ပေါ်လာသော နာကြင်မှု။ကိုက်ခဲမှု။ပူလောင်မှုစသော။ မခံသာအောင် ဖြစ်ပေါ်လာသော ဒုက္ခ ဝေဒနာတရားကိုပင်ဗျာဓိဟုခေါ်ဆိုအပ်သည်ဟူလို။

{မေး} ထိုဗျာဓိတရားသည်။ ပရမတ္ထတရားပါလော၊ ပညတ်တရားပါလော။ဘယ်လိုခွဲခြမ်း၍သိအပ်ပါသည်နည်း။

{ဖြေ} ထိုဗျာဓိတရားသည်။ဒုက္ခဝေဒနာတရားဖြစ်သောကြောင့်။ ပရမတ္ထသဘောတရားသာလျှင်ဧကန်ဖြစ်ပေ၏။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} ပရမတ္ထတောဟိ။ လ။ ကာယိကံဒုက္ခံ၊ ဗျာဓိတိဟူ၍ဖွင့်ဆိုအပ်သော၊ဝိသုဒ္ဓိမဂ် မဟာဋီကာပါဠိကိုထောက်၍လည်းကောင်း။အာဝုသော

ပါဠိုယေကုံရုဇ္ဇနဒ္ဓါနံ နာမနုတ္တိ ဝတ္ထုံ အာရမ္မဏံကတွာ၊ ဝေဒနာဝ။ ဝေဒယတီတိပဟူ၍ပြဆိုအပ်သော သုတ်မဟာဝါ အဋ္ဌကထာ။ ဝေဒနာသတိပဋ္ဌာန် အဖွင့် (၃၂၉) မျက်နှာ၌ လာရှိသည်ကိုထောက်၍လည်းကောင်း။ သိအပ်ပါသည်။ အကြဉ်းချုပ်သိရန်မှာ။ ပရမတ္ထတော၊ လ။ ကာယိကံ ဒုက္ခံဗျာဓိဟုပြဆိုအပ်သောဝိသုဒ္ဓိ ဂ်ဳိကာအရ၊ ပရမတ္ထဖြစ်သော၊ ကာယိကဒုက္ခ ဝေဒနာတရားကို ဗျာဓိဟုဆိုအပ် သ ည် ကို ထော က် ၍ လ ည်း ကောင်း။ အာဂုသော၊ ငါ့ရှင်။ ပါဠိုယေကုံအသိ။ ရုဇ္ဇနဒ္ဓါနံ။ နာကြင်သောအနာ ဋ္ဌာနသည်။ နတ္ထိ၊ မရှိ။ ဝတ္ထုံ၊ မှီရာဝတ္ထုကိုလည်းကောင်း။ အာရမ္မဏံ၊ အာရုံကိုလည်းကောင်း။ ကတွာ၊ အကြောင်းပြု၍။ ဝေဒနာဝ၊ ဒုက္ခဝေဒနာတရားသည်သာလျှင်။ ဝေဒယတိ၊ ခံစား၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏ဟူ၍ ပြဆိုအပ်သောအဋ္ဌကထာရှင် စကားရပ်၌။ ကြင်နာသောရောဂါသည်။ တခြားမရှိ။ ဝတ္ထုအာရုံကို အကြောင်းပြု၍။ ဒုက္ခဝေဒနာသာလျှင် ခံစားနေသည်ဟု ပြောဆိုအပ်သော စကားကိုထောက်၍။ ဒုက္ခဝေဒနာတရားသည်သာလျှင်၊ ကြင်နာသောအနာဖြစ်ပေ၏။ ထိုသို့ဖြစ်သည်ကိုထော က် ၍ လ ည်း ကောင်း။ ဒုက္ခဝေဒနာတည်းဟူသော ဗျာဓိသည်။ စင်စစ် ပရမတ္ထသဘောတရား၏အဖြစ်ကိုထင်ရှားသိအပ်သိထိုက်သည်သာလျှင်တည်း။ ဤကား အကျဉ်းချုပ်တည်း။

{မေး} ၎င်းဗျာဓိဟုဆိုအပ်သောဒုက္ခဝေဒနာကို။လက္ခဏာစသည်ဖြင့် ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} အနိဋ္ဌဖောဋ္ဌဗ္ဗာ နုဘဝနလက္ခဏာံဒုက္ခံ၊ သမ္ပယုတ္တာနံ မိလာပနရသံ။ ကာယိကာဗာဓပစ္စုပဋ္ဌာနံ။ ကာယိန္ဒြိယပဒဋ္ဌာနံဟု။ ရူပဝိဘာဝနီ၌ မိန့်ဆိုအပ်သည်ကိုထောက်၍သိအပ်ပါသည်။ မြန်မာပြန်ကား။ ဒုက္ခံ။ ဒုက္ခဝေဒနာသည်။ အနိဋ္ဌဖောဋ္ဌဗ္ဗာ နုဘဝနလက္ခဏာံ။ မနှစ်သက်အပ်သော ဖောဋ္ဌဗ္ဗာရုံတည်းဟူသောအတွေ့ကို ခံစားတတ်သောသဘောဟူ၍ မှတ်ကြောင်းလက္ခဏာရှိ၏။သမ္ပယုတ္တာနံ၊ မိမိနှင့်အတူဖြစ်သော။ သမ္ပယုတ်တရားတို့ကို၊မိလာပနရသံ၊ ညှိုးနွမ်းစေတတ်သောကိစ္စရှိ၏။ ကာယိကာဗာဓပစ္စုပဋ္ဌာနံ။ ကိုယ်ဟုသမုတ်အပ်သော ရုပ်ကာယ၌။ နှိပ်စက်တတ်သောတရားဟူ၍သာလျှင် ကြည့်ရှုသောသူတို့၏ ဉာဏ်အား။ ရှေ့ရှုထင်စေတတ်သော။ပစ္စုပဋ္ဌာန်ရှိ၏။ ကာယိန္ဒြိယပဒဋ္ဌာနံ။ မိမိမှီရာ ကာယပသာဒသာလျှင်။ နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏။ ဤကား မြန်မာပြန်တည်း။ဤသို့ပြဆိုအပ်သည်ကိုထောက်၍။ဗျာဓိဟုဆိုအပ်သော ဒုက္ခဝေဒနာ၏ လက္ခဏာ စသည်တို့ကိုသိကြလေ။

{မေး} ထိုပရမတ္ထသဘောတရားဖြစ်သော ဗျာဓိဟု ဆိုအပ်သော ဒုက္ခဝေဒနာတရားကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသော။ အရိယာအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို အဘယ်သို့ မှိဝဲကျင့်ကြံခြင်းဖြစ်ပါသနည်း။ ဖြစ်ပုံကို အဘယ်သို့သိအပ်ပါမည်နည်း။

{ဖြေ} ဤပြဆိုလတ္တံ့သောနည်းကိုအမှီပြု၍သိအပ်ပါသည်။ ငရဲဘုံတို့၌ အကုသိုလ်ကံ၏ အစွမ်းကြောင့်။ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း။ ငရဲမီးတို့သည်လောင်၏။ ထိုသို့လောင်ခြင်းကြောင့်။ ကာယပသာဒကိုမှီ၍။ များစွာပူလောင်သောကာယိကဒုက္ခ ဝေဒနာတို့သည်။ထပ်ခါထပ်ခါဖြစ်ကုန်၏။ထိုဖြစ်သောဒုက္ခဝေဒနာတို့သည်။ခင်စစ် ငရဲသူသတ္တဝါမဟုတ်။ အခံခက်သော ပူလောင်သော ဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရားပေတည်းဟုအာရုံပြု၍။ပညာဖြင့်ဆင်ခြင်၍ သိနေအပ်၏။ ထိုသို့အာရုံပြု၍သိတိုင်းသိတိုင်း။ ဝိပဿနာဉာဏ သမ္မယုတ်စေတသိက် အစည်းသည်ဖြစ်၏။ ထိုသို့ဖြစ်သော ဝိပဿနာစေတသိက်အစည်း၌ ပါသော။ ပညိန္ဒြေစေတသိက်ကို။ဟုတ်တိုင်းမှန်စွာ။ကာယိကဒုက္ခဝေဒနာတည်းဟူသော။ဗျာဓိတရားကိုအာရုံပြု၍သိမြင်တတ်သောကြောင့်။ သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်သည်။ထိုသမ္မာဒိဋ္ဌိတရားကို။ဘုရားအစရှိသောသူတော်ကောင်းတို့သည် ရှာမှီအပ်၏။ထိုသို့ရှာမှီးအပ်သောကြောင့် ၎င်းသမ္မာဒိဋ္ဌိကိုပင် မဂ္ဂဟုခေါ်ဆိုအပ်သည်။တနည်းထိုသမ္မာဒိဋ္ဌိတရားသည်၊ဟုတ်မှန်သောကာယိကဒုက္ခဝေဒနာဟုဆိုအပ်သော ဗျာဓိကိုအာရုံပြု၍ ရှာမှီးတတ်၏။ထိုသို့ရှာမှီတတ်သောကြောင့်လည်း။ ၎င်းသမ္မာဒိဋ္ဌိကို မဂ္ဂဟူ၍လည်း ခေါ်ဆိုအပ်သည်။ တနည်း၊ ထိုသမ္မာဒိဋ္ဌိ တရားသည်။ ငရဲမီးလောင်ခြင်းကြောင့်ဖြစ်သော ငရဲသူသတ္တဝါမဟုတ်သော၊ ပြင်းထန်စွာပူလောင်သော၊ ကာယိကဒုက္ခဝေဒနာဟု ဆိုအပ်သော ဗျာဓိတရားကို အာရုံပြု၍ သိတိုင်းသိတိုင်း။ ၎င်းဗျာဓိတရားကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟ။ ထိုအဝိဇ္ဇာမောဟနှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သောကိလေသာတို့ကိုဖျက်ဆီးပေ၏။ထိုသို့ဖျက်ဆီးတတ်သောကြောင့်(မ)ဟူသောအမည်ကိုလည်းရပေ၏။ဟုတ်မှန်သော ဒုက္ခဝေဒနာတည်းဟူသော၊ ဗျာဓိတရားကိုအာရုံပြု၍သည်းရောက်ပေ၏။ထိုသို့ရောက်သောကြောင့်(ဂ)ဟူသောအမည်ကိုလည်းရပေ၏။ထိုသို့အမည်နှစ်ပါးကိုရသောကြောင့်၊ ၎င်းသမ္မာဒိဋ္ဌိတရားကိုပင်မဂ္ဂဟူ၍ခေါ်ဆိုအပ်လေသည်။ ၎င်းမဂ္ဂဟု ခေါ်ဆိုအပ်သော သမ္မာဒိဋ္ဌိသည် မိမိလည်း မောဟစသောကိလေသာအညစ်အကြေးမှလွတ်ကင်းနေသောကြောင့်ဖြူစင်သန့်ရှင်း၏။ မိမိနှင့်အတူဖြစ်ကုန်သော သမ္ပယုတ်တရားတို့ကိုလည်း ဖြူ

စင်သန့်ရှင်းစေ၏။ ထိုကြောင့် သမ္မာဒိဋ္ဌိမဂ္ဂကို။ အရိယမဂ္ဂဟု ခေါ်ဆိုအပ်လေသည်။ထိုသမ္မာဒိဋ္ဌိမဂ္ဂဖြစ်ခိုက်။ သမ္မာသင်္ကပ္ပအစရှိသော။ ကျန်မဂ္ဂင်ခုနှစ်ပါးတို့ဖြစ်၍ပါမှုကိုလည်းကောင်း။၎င်းခုနှစ်ပါးသောမဂ္ဂင်တို့ကို။ မဂ္ဂအမည်။အရိယမဂ္ဂအမည်ဖြင့်ခေါ်ဆိုအပ်မှုကိုလည်းကောင်း။ရှေးဇာတ်၌ ပြဆိုအပ်သောနည်းအတိုင်းသိကြလေ။ ထိုပြဆိုအပ်ပြီးသော။ သမ္မာဒိဋ္ဌိအမှူးရှိသော။အစိတ်အစိတ်အင်္ဂါရှစ်ပါးတရားတို့သည်။ထိုကာယိကဒုက္ခဟုဆိုအပ်သော ဗျာဓိတရားကိုအာရုံပြု၍ သိတတ်သော။ ဝိပဿနာစိတ်၌။ တပေါင်းတည်း ဖြစ်ကြကုန်၏။ ထိုသို့ဖြစ်ခြင်းကြောင့်။ ၎င်းသမ္မာဒိဋ္ဌိအမှူးရှိသော။အရိယာမဂ္ဂကို။ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါဟု ဟောတော်မူအပ်လေသည်။ထိုကာယိကဒုက္ခ ဖြစ်သော ဗျာဓိကိုအာရုံပြု၍။ဝိပဿနာ အဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ တည်းဟူသော။ မဖြူစင်သော အယုတ်တရား နှစ်ပါးတို့မှလည်း ကင်းလွတ်ကြလေကုန်၏။ ထိုသို့ အယုတ်တရားနှစ်ပါးတို့မှ ကင်းလွတ်ခြင်းကြောင့်။၎င်းဖြစ်တိုင်းဖြစ်တိုင်းသော။ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သောကြောင့်။ ငရဲဘုံတို့၌။ ငရဲမီးလောင်ခြင်းကြောင့်ဖြစ်သော။ ကာယိကဒုက္ခ ဝေဒနာတည်းဟူသော ဗျာဓိတရားကိုအာရုံပြု၍။ သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါ အကျင့်ကို မှီဝဲကျင့်ကြသည်အဖြစ်ကိုထင်ရှားသိကြလေ။

ငရဲဘုံတို့၌အကုသိုလ်ကံ၏အစွမ်းကြောင့်။ခန္ဓါငါးပါးရုပ်နာမ်တရားတို့ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း။ ငရဲမီးတို့သာလောင်သည်မဟုတ်သေး။ အမျိုးမျိုးသောဓါးလက်နက်တို့ဖြင့် ခုတ်ဖြတ်ခြင်း။ ထုတိုက်ခံရခြင်း။ ငရဲခွေး၊ ငရဲ၌ဖြစ်သောကျီး၊ လင်းတစသော ကြီးမားသော သတ္တဝါတို့၏ ကိုက်ခြင်း။ ပေါက်ခွဲခြင်းစသော။အမျိုးမျိုးသောကာယိကဒုက္ခဖြစ်ကြောင်းဖြစ်သော အန္တရာယ်အမျိုးမျိုးတို့နှင့် တွေ့တိုင်း တွေ့တိုင်း။ ကာယပသာဒကို မှီ၍။ များစွာ မသက်သာသော ကာယိကဒုက္ခဝေဒနာတို့သည်။ မပြတ်မလပ်ထပ်ခါထပ်ခါဖြစ်ကြကုန်၏။ ထိုဖြစ်သောဒုက္ခဝေဒနာတို့သည်။ စင်စစ်၊ ငရဲသူသတ္တဝါမဟုတ်။ မသက်မသာအခံခက်သော ဒုက္ခဝေဒနာတည်းဟူသော။ ဗျာဓိတရားတို့ပေတည်းဟု အာရုံပြု၍ ပညာဖြင့်ဆင်ခြင်သိနေအပ်၏။ ထိုသို့အာရုံပြု၍ သိတိုင်းသိတိုင်း။ဝိပဿနာဉာဏ်သမ္ပယုတ်ဇောစိတ်အစဉ်သည်ဖြစ်၏။ ထိုသို့ဖြစ်သော ဝိပဿနာ ဇောစိတ်အစဉ်၌ ပါသော ပညိန္ဒြေစေတသိက်ကို ဟုတ်တိုင်းမှန်စွာ ဒုက္ခဝေဒနာတည်းဟူသော ဗျာ

မိတရားကိုအာရုံပြု၍ သိမြင်တတ်သောကြောင့်။ သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ် သည်။ ထိုသမ္မာဒိဋ္ဌိတရားကို၊ မဂ္ဂ။ အရိယမဂ္ဂဟုခေါ်ဆိုအပ်မှုကိုဈေးနည်း အတိုင်းသိကြလေ။ ထိုသမ္မာဒိဋ္ဌိဟုဆိုအပ်သော အရိယမဂ္ဂဖြစ်လျှင်။ သမ္မာ သင်္ကပ္ပစသော ကျန်မဂ္ဂင်ခုနစ်ပါးတို့သည်လည်း တပြိုင်နက်တချက်ထဉ်း ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်ကြကုန်သည်သာလျှင်တည်း။ ထိုသို့ဖြစ်ပါခြင်း ကြောင့်။ ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ် တိုင်းဖြစ်တိုင်း။ အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည်လည်း။ ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ။ တည်းဟူသော အယုက်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ အယုတ်တရား နှစ်ပါးတို့မှ ကင်းလွတ်နေခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ် တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအင်လေ သည်၊ ထိုသို့ခေါ်ဆိုအင်သောကြောင့်။ ငရဲဘုံတို့၌ဖြစ်သောအမျိုးမျိုးသော ကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာမိတရားကိုအာရုံပြု၍။ သမ္မာဒိဋ္ဌိ အမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအ ကျင့်ကို မှီဝဲကျင့်ကြံသည်၏အဖြစ်ကိုထင်ရှားသိကြလေ။

ငရဲဘုံတို့၌ဖြစ်သော။ ကာယိကဒုက္ခဝေဒနာတည်းဟူသော၊ ဗျာမိတရား ကို။ ဝိပဿနာပညာဖြင့်ရှုကြသလို။ တိရစ္ဆာန်ဘုံ၌ဖြစ်သော ကာယိကဒုက္ခ ဝေဒနာတည်းဟူသော ဗျာမိတရားကိုလည်းရှုအပ်၏။ ရှုပုံမှာ။ တိရစ္ဆာန် ဘုံ၌။ အကုသိုလ်ကံကြောင့်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း။ အမျိုးမျိုးသောဝေဒနာချောက်ချားကြောင်းဖြစ်သော။ ရောဂါ အန္တရာယ်အမျိုးမျိုးတို့သည်လည်း၊ ကိုယ်ကာယ၌ ဖြစ်ကြကုန်၏၊ အမျိုး မျိုးသော ရိုက်နှက်ခြင်း၊ ခုတ်ခြင်းစသောယက်နှက်အမျိုးမျိုးတို့နှင့် တွေ့ကြုံ ရခြင်းတို့သည်လည်း ဖြစ်ကုန်၏။ ထိုသို့အန္တရာယ်အမျိုးမျိုး။ လက်နက်အ မျိုးမျိုးတို့နှင့် တွေ့ကြုံရတိုင်း တွေ့ကြုံရတိုင်း။ ကာယပသာဒကိုမှီ၍။ များ စွာသော မသက်မသာကျင်နာကိုက်ခဲခြင်းစသော ကာယိကဒုက္ခဝေဒ နာတည်းဟူသော ဗျာမိတရားတို့သည် ထပ်ခါထပ်ခါဖြစ်ပေါ်ကြကုန်၏။ ထိုသို့ဖြစ်သော ဒုက္ခဝေဒနာတို့သည် တိရစ္ဆာန်သတ္တဝါမဟုတ်ကုန်။ ကာ ယိကဒုက္ခဝေဒနာတည်းဟူသော ဗျာမိတရားတို့ပေတည်းဟု အာရုံပြု၍ ပညာဖြင့်ဆင်ခြင်၍သိနေအပ်၏။ ထိုသို့အာရုံပြု၍သိတိုင်းသိတိုင်း။ ဝိပဿ နာဉာဏသမ္ပယုတ်စောစိတ်အစဉ်သည်ဖြစ်၏၊ ၎င်းသို့ဖြစ်သောဝိပဿနာ စောစိတ်အစဉ်၌ပါရှိသော ပညာစေတသိက်ကိုဟုတ်တိုင်းမှန်စွာ ကာ ယိကဒုက္ခဝေဒနာ တည်းဟူသော ဗျာမိတရားကိုအာရုံပြု၍သိမြင်တတ်

သောကြောင့် သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်သည်။ထိုသမ္မာဒိဋ္ဌိကို မဂ္ဂ အရိယ မဂ္ဂဟုခေါ်ဆိုအပ်မှုကို ဧရးနည်းအတိုင်းသိကြလေ။ ထိုသမ္မာဒိဋ္ဌိ အရိယ မဂ္ဂဖြစ်လျှင်။ သမ္မာသင်္ကပ္ပအစရှိသော ကျန် မဂ္ဂင်ခုနစ်ပါးတို့သည်လည်း။ တပြိုင်နက်တချက်ထဲ့း၊ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်ပါကြကုန်သည့်သဘောလျှင် တည်း။ထိုသို့ဖြစ်ပါခြင်းကြောင့်။ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ထိုဝိ ပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။အဝိဇ္ဇာမောဟနှင့်တကွသော ကိ လေသာတို့သည်လည်း ကင်းကြကုန်၏။ကာမသုခလ္လိကာနုယောဂ၊အတ္တ ကိလမထာနုယောဂတည်းဟူသောအယုတ်တရားနှစ်ပါးတို့မှလည်းကင်း လွတ်နေ၏။ ထိုသို့အယုတ်တရားနှစ်ပါးတို့မှ ကင်းလွတ်နေခြင်းကြောင့်။ ၎င်း ဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ တိရစ္ဆာန်ဘုံ၌ဖြစ် သော အမျိုးမျိုးသော ကာယိကဒုက္ခ ဝေဒနာတည်းဟူသော ဗျာဓိတ ရားကိုအာရုံပြု၍။ သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်း ဖြစ်တိုင်း။မဇ္ဈိမာပဋိပဒါအကျင့်ကို မှိဝဲကျင့်ကြံသည့်၏အဖြစ်ကို ထင်ရှား သိကြလေ။

တိရစ္ဆာန်ဘုံ၌ဖြစ်သော ကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတ ရားကို ဝိပဿနာပညာဖြင့်ရှုသလို။ ပြိတ္တာဘုံ၌ဖြစ်သော ကာယိကဒုက္ခ ဝေဒနာတည်းဟူသောဗျာဓိတရားကိုသည်း ရှုအပ်၏။ ရှုပုံမှာ ပြိတ္တာဘုံ၌ အကုသိုလ်ကံကြောင့်။ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့ဖြစ်ပေါ်တိုင်းဖြစ်ပေါ် တိုင်း။အမျိုးမျိုးသောအစားအသောက်ငတ်မွတ်ခြင်းကြောင့်လည်းကောင်း လက်နက်ဆောက်ပုတ်စသည်တို့ဖြင့်။ မပြတ်ရိုက်နှက်ခံရခြင်း။ မီးလောင် ခြင်း။ ခွေးနက်ကြီးတို့စားခြင်း။ အမျိုးမျိုးရန်သူတို့နှိပ်စက်ခြင်း စသည်တို့ ကြောင့်ဖြစ်သော။ မသက်မသာ အလွန်ဆင်းရဲသော ကာယပသာဒကိုမှီ ၍ဖြစ်သော ကာယိကဒုက္ခဝေဒနာတည်းဟူသောဗျာဓိတရားတို့သည်။ထပ် ခါထပ်ခါဖြစ်ပေါ်ကြကုန်၏။ထိုသို့ဖြစ်သောဒုက္ခဝေဒနာတို့သည်။စင်စစ် ပြိတ္တာသတ္တဝါမဟုတ်ကုန်။ကာယိကဒုက္ခဝေဒနာတည်းဟူသောဗျာဓိတ ရားတို့ပေတည်းဟု အာရုံပြု၍ ပညာဖြင့်သိအပ်၏။ ထိုသို့ အာရုံပြု၍ သိ တိုင်းသိတိုင်း ဝိပဿနာဉာဏ်သမ္ပယုတ်ဇောစိတ်အစဉ် သည်ဖြစ်၏။ ထို သို့ဖြစ်သောဝိပဿနာဇောစိတ်အစဉ်၌ပါရှိသောပညာစေတသိက်ကို ဟုတ်တိုင်းမှန်စွာ။ကာယိကဒုက္ခ ဝေဒနာ တည်းဟူသော ဗျာဓိတရားကို အာရုံပြု၍ သိမြင်တတ်သောကြောင့်။ သမ္မာဒိဋ္ဌိဟု ခေါ်ဆိုအပ်သည်။ ထို သမ္မာဒိဋ္ဌိကို။မဂ္ဂ၊အရိယာမဂ္ဂဟုခေါ်ဆိုအပ်မှုကို၊ ဧရးနည်းအတိုင်း သိကြ

လေ။ ထိုသမ္မာဒိဋ္ဌိအရိယမဂ္ဂဖြစ်လျှင်၊ သမ္မာသင်္ကပ္ပအစရှိသော ကျန်မဂ္ဂင်ခုနှစ်ပါးတို့သည်လည်း တပြိုင်နက်တချက်ထည်း။ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်ပါကြကုန်သည် သာလျှင်တည်း။ ထိုသို့ဖြစ်ပါခြင်းကြောင့် ဝိပဿနာအင္ဂါဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည်လည်း ကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်။ ရင်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။ မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်၊ ပြဋ္ဌာဘုံ၌ဖြစ်သော အမျိုးမျိုးသော ကာယိကဒုက္ခဝေဒနာတည်းဟူသော။ ဗျာဓိတရားကိုအာရုံပြု၍ သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအကျင့်ကို နှဲ့ဝဲကျင့်ကြံသည်၏အဖြစ်ကို ထင်ရှားသိကြလေ။

ပြဋ္ဌာဘုံ၌ဖြစ်သော ကာယိကဒုက္ခ ဝေဒနာတည်းဟူသော ဗျာဓိတရားကို ဝိပဿနာပညာဖြင့်ရှုသလို။ အသူရကာယ်ဘုံ၌ဖြစ်သော ကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရားကိုလည်းရှုအပ်၏။ ရှုပုံမှာ၊ အသူရကာယ်ဘုံ၌။အကုသိုလ်ကံကြောင့် ခန္ဓာငါးပါးရုပ်နာမ်တရားတို့ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း။ အမျိုးမျိုးသော ရေမသောက်ရခြင်းကြောင့် ရေမွတ်သိပ်ခြင်းဖြင့်နှိပ်စက်အပ်သော ကာယိကဒုက္ခဝေဒနာ။အစားမစားရခြင်းကြောင့်ဖြစ်သော ကိုယ်ပင်ပမ်းခြင်းတည်းဟူသော ကာယိကဒုက္ခဝေဒနာ။ အရိုးအရေမျှသာရှိ၍ တခြားဝဏ္ဏတို့နှင့်ထိခိုက်တိုင်း ထိခိုက်တိုင်း အလွန်ကြွင်နာသော ကာယိကဒုက္ခ ဝေဒနာတည်းဟူသော ဗျာဓိတရားတို့သည်။ ထပ်ခါထပ်ခါ အဘန်တလဲလဲ ဖြစ်ပေါ်ကြကုန်၏။ ထိုသို့ဖြစ်သော ဒုက္ခဝေဒနာတို့သည် အသူရကာယ်သတ္တဝါမဟုတ်ကုန်။ ကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရားတို့ပေတည်းဟု။ ပညာဖြင့်ဆင်ခြင်၍သိနေအပ်၏။ ထိုသို့အာရုံပြု၍သိတိုင်းသိတိုင်း ဝိပဿနာဉာဏသမ္ပယုတ်ဇောစိတ်အစဉ်သည်ဖြစ်၏။ ထိုသို့ဖြစ်သောဝိပဿနာဇောစိတ်အစဉ်၌ပါသော၊ ပညာစေတသိက်ကိုဟုတ်တိုင်းမှန်စွာ၊ ကာယိကဒုက္ခဝေဒနာတည်းဟူသောဗျာဓိတရားကို အာရုံပြု၍ သိမြင်တတ်သောကြောင့်။ သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်သည်။ ထိုသမ္မာဒိဋ္ဌိကို မဂ္ဂ၊ အရိယမဂ္ဂဟုခေါ်ဆိုအပ်မှုကို ရှေးနည်းအတိုင်းသိကြလေ။ ထိုသမ္မာဒိဋ္ဌိအရိယမဂ္ဂဖြစ်လျှင် သမ္မာသင်္ကပ္ပ စသောကျန်မဂ္ဂင်ခုနှစ်ပါးတို့သည် လည်း၊ တပြိုင်နက်တချက်ထည်း။ထိုသမ္မာဒိဋ္ဌိ

နှင့်ယှဉ်၍ ဖြစ်ပါကြကုန်သည်သာလျှင်တည်း။ ထိုသို့ဖြစ်ပါခြင်းကြောင့်၊ ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏၊ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတရားတို့သည်လည်း ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏၊ ထိုသို့အယုတ်တရားနှစ်ပါးတို့မှ ကင်းလွတ်နေခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသောဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအင်သောကြောင့်၊ အသူရကာယ်ဘုံ၌ဖြစ်သော အမျိုးမျိုးသော ကာယိကဒုက္ခ ဝေဒနာတည်းဟူသော။ ဗျာဓိတရားကိုအာရုံပြု၍ သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း၊ မဇ္ဈိမာပဋိပဒါအကျင့်ကိုဖြဲဝကျင့်ကြသည်၏အဖြစ်ကိုထင်ရှားသိကြလေ။

အသူရကာယ်ဘုံ၌ဖြစ်သော ကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရားကို ဝိပဿနာပညာဖြင့်ရှုသလို၊ လူ့ဘုံ၌ဖြစ်သော ကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရားကိုလည်း ရှုအပ်၏။ ရှုပုံမှာ၊ လူ့ပြည်၌ အမိဝမ်းတွင်း၌ဖြစ်နေစဉ်အခါ။ အမိမျိုအပ်သောဧလွန်းသောအစာအာဟာရတို့နှင့် တွေ့ထိတိုင်းတွေ့ထိတိုင်း။ အလွန်အဖြေင့်နှိပ်စက်ခြင်းခံရသောကြောင့်ဖြစ်သော ကာယိကဒုက္ခဝေဒနာ။ အမိမျိုအပ်သော ပူလွန်းသော အစာအာဟာရတို့နှင့် တွေ့ထိတိုင်းတွေ့ထိတိုင်း။ အလွန်ပူပြင်းခြင်းဖြင့် နှိပ်စက်ခြင်းခံရသောကြောင့်ဖြစ်သောကာယိကဒုက္ခဝေဒနာစသော။ အမျိုးမျိုးသောဒုက္ခဝေဒနာတရားတို့သည် ဝမ်းတွင်း၌နေစဉ်ဖြစ်ရပေ၏။ အမိဝမ်းမှဖွားသောအခါ၌ဖြစ်သော ကာယိကဒုက္ခဝေဒနာ။ သူငယ်အခါ၌ဖြစ်လေသမျှသော အမျိုးမျိုးသောအန္တရာယ်တို့နှင့် တွေ့ထိခြင်းကြောင့်ဖြစ်သောကာယိကဒုက္ခဝေဒနာ။ နောက်ဆုံးဇီဝိတိန္ဒြေပြတ်ခြင်းတည်းဟူသော သေခြင်းသို့မရောက်မီအတွင်း။ များနာခြင်းအစရှိသောရောဂါအမျိုးမျိုးတို့ကြောင့်ဖြစ်သော ကာယိကဒုက္ခဝေဒနာတို့သည် မပြတ်မလပ်ထပ်ခါထပ်ခါဖြစ်ကြကုန်၏။ ထိုသို့ဖြစ်ကုန်သော ဒုက္ခဝေဒနာတို့သည် စင်စစ်လူသတ္တဝါမဟုတ်ကုန်၊ ကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရားတို့ပေတည်းဟု ပညာဖြင့်ဆင်ခြင်၍သိနေအင်၏။ ထိုသို့အာရုံပြု၍သိတိုင်းသိတိုင်း။ ဝိပဿနာဉာဏသမ္ပယုတ်ဇောစိတ်အစဉ်သည်ဖြစ်၏၊ ထိုသို့ဖြစ်သော ဝိပဿနာဇောစိတ်အစဉ်၌ပါရှိသော ပညိန္ဒြေစေတသိက်ကို ဟုတ်တိုင်းမှန်စွာ ကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရားကိုအာရုံပြု၍ သိမြင်တတ်သောကြောင့် သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်သည်၊ ထိုသမ္မာဒိဋ္ဌိ

ကို မဂ္ဂ။အရိယာမဂ္ဂဟူ၍ခေါ်ဆိုအပ်မှုတို့ကို ရှေးနည်းအတိုင်းသိကြလေ။ ထိုသမ္မာဒိဋ္ဌိအရိယမဂ္ဂဖြစ်လျှင်။ ကျန်မဂ္ဂင်ခုနှစ်ပါးတို့သည်လည်း။ တပြိုင်နက်တချက်ထည်း ထိုအမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်ပါကြကုန်သည့်သာလျှင်တည်း ထိုသို့ဖြစ်ပါခြင်းကြောင့် ဝိပဿနာအင်္ဂါကမဂ်သည်ဖြစ်၏၊ထိုဝိပဿနာအင်္ဂါကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။အဝိဇ္ဇာမောဟနှင့်တကွသောကိလေသာတို့သည်လည်းကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသောအယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ထိုသို့ကင်းလွတ်နေခြင်းကြောင့်၊၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအင်္ဂါကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ လူ့ဘုံ၌ဖြစ်သော အမျိုးမျိုးသော ကာယိကဒုက္ခဝေဒနာတည်းဟူသောဗျာဓိတရားကိုအာရုံပြု၍။ဝိပဿနာအင်္ဂါကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။မဇ္ဈိမာပဋိပဒါအကျင့်ကို ကျင့်ကြံ၍အပ်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။

လူ့ဘုံ၌ဖြစ်သော ကာယိကဒုက္ခဝေဒနာသည် ဗျာဓိတရားကို ဝိပဿနာပညာဖြင့်ရှုသလို။ စာတုမဟာရာဇ်အဝင် ဘုမ္မနိဿိတဖြစ်သော နတ်တို့၏အချို့တို့၌ဖြစ်သော ကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရားကိုလည်းရှုအပ်၏။ ရှုပုံမှာ တချို့ဂန္ဓဗ္ဗသေယျဖြစ်သော ဘုမ္မနိဿိတဖြစ်သောနတ်တို့သည်။အမိဝမ်း၌ပဋိသန္ဓေနေကြကုန်၏။ ထိုနတ်တို့၌ ဝမ်းထဲ၌နေခိုက် အချမ်းအပူစသည်ဖြင့်ဘောက်ပြန်ခြင်းကြောင့်ဖြစ်သောကာယိကဒုက္ခဝေဒနာတို့သည်ဖြစ်ကုန်၏။ဖွားခိုက်၊သူငယ်ဖြစ်ခိုက် တို့၌လည်း။ အမျိုးမျိုးအဘေးအပူဆာလောင်မွတ်သိပ်ခြင်းစသည့်တို့ကြောင့်ဖြစ်သောကာယိကဒုက္ခဝေဒနာတို့သည်ဖြစ်ကုန်၏။ နောက်ဆုံးဇီဝိတိန္ဒြေပျက်၍သေသည့်ဟုသမုတ်အပ်ရသောနေ့တိုင်။ အမျိုးမျိုးသောအန္တရာယ်တို့နှင့်တွေ့ကြုံတိုက်ဆိုက်တိုင်း တိုက်ဆိုက်တိုင်းလည်း။ ကြင်နာသောကာယိကဒုက္ခဝေဒနာတို့သည် ဖြစ်ကုန်၏။ထိုသို့ဖြစ်ကုန်သော။ အမျိုးမျိုးသော ကာယိကဒုက္ခဝေဒနာတို့သည်စင်စစ်ဘုမ္မနိဿိတဖြစ်သော နတ်တို့မဟုတ်ကုန်။ ကာယိကဒုက္ခဝေဒနာတည်းဟူသောဗျာဓိတရားတို့ပေတည်းဟုပညာဖြင့် ဆင်ခြင်၍ရှုနေအပ်၏။ ထိုသို့အာရုံပြု၍ သိတိုင်းသိတိုင်း။ဝိပဿနာဉာဏသမ္ပယုတ်ဇောစိတ်အစဉ်သည်ဖြစ်၏၊ ထိုသို့ဖြစ်သော ဝိပဿနာဇောစိတ်အစဉ်၌ပါရှိသောပညာစေတသိက်ကိုဟုတ်တိုင်းမှန်စွာကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရားကိုအာရုံပြု၍။ သိမြင်တတ်သောကြောင့် သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်သည်။ ထိုသမ္မာဒိဋ္ဌိကို မဂ္ဂ။အရိယာမဂ္ဂဟုခေါ်ဆို

မှုကိုရှေးနည်းအတိုင်းသိကြလေ။ ထိုသမ္မာဒိဋ္ဌိ အရိယမဂ္ဂဖြစ်လျှင်။ သမ္မာသင်္ကပ္ပအစရှိသော ကျန်မဂ္ဂင်ခုနှစ်ပါးတို့သည်လည်း။ တပြိုင်နက်တချက်ထည်း။ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ ဖြစ်ပါကြကုန်သည်သာလျှင်တည်း။ ထိုသို့ဖြစ်ပါခြင်းကြောင့်၊ဝိပဿနာအင်္ဂြိဟ်ကမင်္ဂသည်ဖြစ်၏။ ထိုဝိပဿနအင်္ဂြိဟ်ကမင်္ဂ ဖြစ်တိုင်း ဖြစ်တိုင်း၊ အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည်လည်းကင်းကြကုန်၏၊ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသောအယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့အယုတ်တရားနှစ်ပါးတို့မှ ကင်းလွတ်နေခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအင်္ဂြိဟ်ကမင်္ဂကို မဇ္ဈိမာ ပဋိပဒါဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်၊စာတုမဟာရာဇ်အဝင်။ ဘုမ္မနိဿိတနတ်တို့၌ဖြစ်သော အမျိုးမျိုးသောကာယိကဒုက္ခ ဝေဒနာတည်းဟူသော ဗျာဓိတရားကိုအာရုံပြု၍ သမ္မာဒိဋ္ဌိအမှူးရှိသောဝိပဿနာအင်္ဂြိဟ်ကမင်္ဂဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအကျင့်ကို မှီဝဲကျင့်ကြံအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။

ဘုမ္မနိဿိတဖြစ်သောအောင်နတ်တို့၏၊ ကာယိကဒုက္ခဝေဒနာ တည်းဟူသောဗျာဓိတရားကို ပညာဖြင့်ရှုသလို။စာတုမဟာရာဇ်အထက်နတ်ဘုံ၌ဖြစ်သော ကာယိကဒုက္ခဝေဒနာတည်းဟူသောဗျာဓိတရားကိုလည်း၊ပညာဖြင့်ရှုအပ်၏။ရှုပုံမှာ၊ စာတုမဟာရာဇ်နတ်ပြည်၌။ အကြွင်အကြွင်နတ်တို့သည်။အချင်းချင်း၊ တယောက်ကိုတယောက်၊ ဒေါသအမျက်ဖြင့်ကြည့်ကြကုန်၏။ ထိုအခါ၊ ၎င်းဒေါသအမျက်၊အချင်းချင်းထွက်၍ ကြည့်ကြကုန်သောနတ်တို့၏ ဒေါသစိတ်ကြောင့်ဖြစ်သော။ ပူပြင်းသော စိတ်ကြောင့်ဖြစ်သောရုပ်တို့ကြောင့်။ ကိုယ်ကာယသည် ညှိုးနွမ်းခြင်းသို့ရောက်ကုန်၍ စုတေကြရကုန်၏။ထိုသို့စုတေခါနီး၌။ ကိုယ်ကာယ၏ ညှိုးနွမ်းသောအခါ။ ကာယိကဒုက္ခဝေဒနာတို့သည်။ ထပ်ခါထပ်ခါ ဖြစ်ကုန်၏။ ထိုဖြစ်ကုန်သောဒုက္ခဝေဒနာတို့သည်။စာတုမဟာရာဇ်နတ်သတ္တဝါမဟုတ်ကုန်။ စင်စစ်။ကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရားတို့ပေတည်းဟု။ ပညာဖြင့်ဆင်ခြင်၍သိနေအပ်၏။ထိုသို့အာရုံပြု၍ ၎င်းတိုင်းသိတိုင်း။ဝိပဿနာဉာဏသမ္ပယုတ် ဇောစိတ်အစဉ်သည်ဖြစ်၏။ ထိုသို့ဖြစ်သော ဝိပဿနာဇောစိတ်အစဉ်၌ ပါရှိသော ပညာစေတသိက်ကို။ ဟုတ်တိုင်းမှန်စွာ။ ကာယိကဒုက္ခဝေဒနာတည်းဟူသောဗျာဓိတရားကိုအာရုံပြု၍သိမြင်တတ်သောကြောင့်။သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်သည်၊ထိုသမ္မာဒိဋ္ဌိကို မဂ္ဂ၊အရိယာမဂ္ဂဟုခေါ်ဆိုမှုကို ရှေးနည်းအတိုင်းသိကြလေ။ထိုသမ္မာဒိဋ္ဌိ အရိယမဂ္ဂဖြစ်

လျှင်။သမ္မာသက်ပ္ပအစရှိသော။ ကျွန်မဂ္ဂင်ချနှစ်ပါးတို့သည်လည်း။ တပြိုင်နက် တချက်ထည်း။ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ ဖြစ်ပါကြကုန်သည်သာ လျှင်တည်း။ထိုသို့ဖြစ်ပါခြင်းကြောင့်။ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည် ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။အဝိဇ္ဇာမောဟနှင့်တကွသောကိလေသာတို့သည်လည်း ကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ။ အတ္တကိလမထာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါးတို့မှသည်း ကင်းလွတ်နေ၏။ ထိုသို့ အယုတ်တရားနှစ်ပါးတို့မှ ကင်းလွတ်နေခြင်းကြောင့်။၎င်းဖြစ်တိုင်းဖြစ်တိုင်းသောဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်။ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ စာတုမဟာရာဇ်ဘုံ၌ဖြစ်သော။ နတ်တို့၏ကိုယ်၌ဖြစ်သော ကာယိကဒုက္ခ ဝေဒနာတည်းဟူသောဈာမိတရားကိုအာရုံပြု၍။ သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအကျင့်ကို မှီဝဲကျင့်ကြံအပ်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။ထိုမှတပါး။ နတ်ပြည်ခြောက်ထပ်တို့၌ရှိသောနတ်တို့တွင်။အကြွင်အကြွင်နတ်တို့သည်၊ပျော်ရွှင်မြူးသုံးခြင်း အလွန်အားကြီးခြင်းကြောင့်။ အာဟာရစားချိန်ကို သတိမရဘဲ ဖြစ်ကြကုန်၏။ ထိုနတ်တို့၏ကိုယ်သည် ပါစကဒိုး လောင်ခြင်းကြောင့်။ ညှိုးနွမ်း၏။ နောင်ကိုဘယ်လိုပင်စားသော်လည်း။ ကျောက်ဖျာ၌ထားအပ်သော ကြာသည် နေရှိန်ကြောင့် များစွာညှိုးနွမ်းပြီးနောက်၊ ရေဘယ်လိုပင်လောင်းသော်လည်း မလန်းသကဲ့သို့လန်းခြင်းဖြစ်မှုမရှိဘဲစုတေ့ကြရကုန်၏၊ထိုကဲ့သို့စုတေ့မဖြစ်ဒီများစွာ နွမ်းနယ်သောကိုယ်၌ကာယိကဒုက္ခဝေဒနာတို့သည့်ထပ်ခါထပ်ခါဖြစ်ကြကုန်၏။ထိုသို့ဖြစ်ကုန်သော ဒုက္ခဝေဒနာတို့သည် စင်စစ် နတ်သတ္တဝါတို့မဟုတ်ကုန်။စင်စစ် ကာယိကဒုက္ခဝေဒနာတည်းဟူသော ဈာမိတရားပေတည်းဟု ပညာဖြင့်ဆင်ခြင်၍သိနေအပ်၏။ ထိုသို့ အာရုံပြု၍ သိတိုင်းသိတိုင်း ဝိပဿနာဉာဏသမ္ပယုတ်စောစိတ်အစဉ် သည်ဖြစ်၏။ ထိုသို့ဖြစ်သောဝိပဿနာစောစိတ်အစဉ်၌ပါရှိသော ပညိန္ဒြေစေတသိက်ကို ဟုတ်တိုင်းမှန်စွာ ကာယိကဒုက္ခဝေဒနာတည်းဟူသော ဈာမိတရားကိုအာရုံပြု၍ သိမြင်တတ်သောကြောင့်၊ သမ္မာဒိဋ္ဌိဟု ခေါ်ဆိုအပ်သည်။ ထိုသမ္မာဒိဋ္ဌိကို၊ မဂ္ဂ၊ အရိယာမဂ္ဂဟုခေါ်ဆိုအပ်ပုံကို ရှေးနည်းအတိုင်းသိကြလေ။ ထိုသမ္မာဒိဋ္ဌိအရိယမဂ္ဂဖြစ်လျှင် သမ္မာသင်္ကပ္ပအစရှိသော ကျွန်မဂ္ဂင်ချနှစ်ပါးတို့သည်လည်း တပြိုင်နက်တချက်ထည်း ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်ပါကြကုန်သည်သာလျှင်တည်း။ထိုသို့ဖြစ်ပါခြင်းကြောင့် ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။

အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည်လည်းကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ထိုသို့အယုတ်တရားနှစ်ပါးတို့မှကင်းလွတ်နေခြင်းကြောင့်။၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်။ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ နတ်ပြည်ခြောက်ထပ်၌ဖြစ်ကုန်သော နတ်တို့၏ကိုယ်၌ဖြစ်သော ကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရားကို အာရုံပြု၍။ သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအကျင့်ကို နှဲ့ကျင့်ကြံသည်၏အဖြစ်သို့လည်းရောက်၏။ထိုသို့ရောက်သည်၏အဖြစ်ကိုထင်ရှားသိကြလေ၊ထိုမှတပါးလည်း၎င်းကာယိကဒုက္ခဝေဒနါတည်းဟူသေါဗျာဓိတရားသည်၊ရှင်နေသေါအသက်ဇီဝမဟုပ်သောကြောင့်။၎င်းကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရားကို၊ရှင်နေသော အသက်ဇီဝမဟုတ်ဟူ၍ အာရုံပြုပြီးလျှင်။ ဝိပဿနာဉာဏ်ဖြင့် အဘန်တလဲလဲရှုအပ်၏။ ထိုသို့ရှုတိုင်းရှုတိုင်း အသက်ဇီဝမဟုတ်မှန်းကိုသိတတ်သောသမ္မာဒိဋ္ဌိဝိပဿနာဉာဏ်အမှူးရှိသောအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏ ထိုသို့ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း ဇီဝအယူလည်းကင်း၏။ အဝိဇ္ဇာအစရှိသော ကိလေသာတို့သည်လည်းကင်းလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်၊ မဇ္ဈိမာပဋိပဒါတည်းဟူသော ဖြူစင်သောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုကျင့်ကြံသည်၏အဖြစ်သို့လည်းရောက်၏။ ထိုသို့ရောက်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။ ထိုမှတပါးလည်း ထိုပြဆိုအပ်ပြီးသောဘုံတို့၌ဖြစ်ပေါ်လာသော ကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရားသည်။ အမှန်အမှားစသော သညာဉာန်မှကင်းလျက်။ သမ္ပယုတ်တရားတို့ကို နှိပ်စက်တတ်သောသဘောလက္ခဏာကိုသာ ဆောင်ပြနေ၏။ ထိုသို့ဆောင်ပြခြင်းကြောင့်၊၎င်းကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိသည်၊သတ္တဝါအတ္တမဟုတ်။ဓမ္မသဘောသာကေန်ဖြစ်ပေ၏ဟုအာရုံပြု၍သိနေအပ်၏။ ထိုသို့အာရုံပြု၍.သိတိုင်းသိတိုင်း။ သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုသို့ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ဗျာဓိတရား၏ ဓမ္မသဘောကိုမသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွ။ ကိလေသာတို့သည်လည်းကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှ

လည်းကင်းလွတ်နေ၏။ ထိုသို့အယုတ်တရား နှစ်ပါးတို့မှ ကင်းလွတ်နေခြင်းကြောင့်၊ မဇ္ဈိမာပဋိပဒါတည်းဟူသော ဖြူစင်သော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှီဝဲကျင့်ကြံသည့်၏အဖြစ်သို့လည်းရောက်၏။ထိုသို့ရောက်သည့်၏အဖြစ်ကို ထင်ရှားသိကြလေ။ ထိုမှတပါးလည်း ထိုကာယိကဒုက္ခဝေဒနာတည်းဟူသောဗျာဓိတရားသည်အကြောင်းအားလျော်စွာဖြစ်ပေါ်ပြီးလျှင်။ ထိုနေရာ၌ပင်ပျက်စီးကွယ်ပျောက်ခြင်းသို့ရောက်လေ၏။ ထိုသို့ပျက်စီးကွယ်ပျောက်ခြင်းကြောင့်၊ ၎င်းကာယိကဒုက္ခ ဝေ ဒနာ တည်းဟူသော ဗျာဓိတရားသည်အမြဲမရှိသော အနိစ္စသဘောတရားသာလျှင်အမှန်ဖြစ်ပေ၏။ ထိုသို့အမြဲမရှိသည့်၏အဖြစ်ကို အာရုံပြု၍သိတိုင်းသိတိုင်း။ အနိစ္စချက်ကိုရှုမြင်သော သမ္မာဒိဋ္ဌိအမျိုးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည့်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ဗျာဓိ၏အနိစ္စသဘောကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွ၊ ဗျာဓိသဘောကိုနိစ္စဟုစွဲယူနေသော မိစ္ဆာဒိဋ္ဌိအမျိုးရှိသော ကိလေသာတို့သည်လည်းကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ထိုသို့အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေခြင်းကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသော ဖြူစင်သောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံသည့်၏အဖြစ်သို့လည်းရောက်၏။ ထိုသို့ရောက်သည့်၏အဖြစ်ကိုထင်ရှားသိကြလေ။ ထိုမှတပါးလည်း ၎င်းကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရားသည်။ ဒုက္ခဝေဒနာပိ အင်္ဂဝေဿန အနိစ္စာဒုက္ခာ ဝိပရိဏာမဓမ္မာဟူ၍ ဘုရားရှင်ဟောတော်မူအပ်သောကြောင့်။ ဒုက္ခတရားသာလျှင် အမှန်ဖြစ်ပေ၏။ထိုသို့ဒုက္ခတရားဖြစ်သည့်၏အဖြစ်ကို အာရုံပြု၍ဝိပဿနာပညာဖြင့် ဆင်ခြင်သိနေအပ်၏။ ထိုသို့ဝိပဿနာပညာဖြင့် သိတိုင်းသိတိုင်း ကာယိကဒုက္ခဝေဒနာ တည်းဟူသော ဗျာဓိတရား၏။ ဒုက္ခချက်ကိုဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော သမ္မာဒိဋ္ဌိအမျိုးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိသနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ဗျာဓိ၏ဒုက္ခသဘောကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွ၊ မိစ္ဆာဒိဋ္ဌိစသောကိလေသာတို့သည်လည်းကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့် မဇ္ဈိမာပဋိပဒါတည်းဟူသော ဖြူစင်သောအရိယ အဋ္ဌင်္ဂိက ဝိပဿနာမဂ်ကို ကျင့်ကြံသည့်၏အဖြစ်သို့လည်းရောက်၏။ ထိုသို့ရောက်သည့်၏အဖြစ်ကို ထင်ရှား

သိကြလေ။

{မေး} ဗျာဓိတရားကိုအာရုံပြု၍ အရိယအဋ္ဌင်္ဂိကမဂ်ဖြစ်ပုံကိုပြဆိုအပ်ပြီးသောနည်းအတိုင်းသိအပ်ပါပြီ။ ထိုဗျာဓိသည်အဘယ်ကဲ့သို့သော ဒုက္ခမျိုးကိုဖြစ်အောင် အကြောင်းခံပါသနည်း။ ထိုဒုက္ခဖြစ်ကြောင်းကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါကို မှီဝဲကျင့်ကြံပုံကို လည်းကောင်း ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဤပြဆိုလတ္တံ့သောနည်းကိုအစဉ်မှီး၍သိအပ်ပါသည်၊ သိပုံမှာ၊ ထိုပြဆိုအပ်ပြီးသော အပါယ်လေးဘုံ၊ လူ့ပြည်၊ နတ်ပြည်ခြောက်ထပ်တို့၌ ပြဆိုအပ်ပြီးသောနည်းအတိုင်း။ ကာယိက ဒုက္ခဝေဒနာတည်းဟူသော ဗျာဓိဖြစ်တိုင်းဖြစ်တိုင်း။ စိတ်၏မသက်မသာသော မာနသိကဒုက္ခဝေဒနာသည်ကြောင်ဖြစ်ပေ၏။ ထိုဖြစ်သော မာနသိကဝေဒနာသည်။ ကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိကိုမှီ၍သာ ကြောင်ဖြစ်ပေ၏၊ ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းကာယိကဒုက္ခ ဝေဒနာတည်းဟူသော ဗျာဓိတရားသည် ထိုထိုဘုံတို့၌ဖြစ်သောငရဲ၊တိရစ္ဆာန်၊ပြိတ္တာ၊အသူရကာယ်၊လူနတ်တို့၏ ခန္ဓာအစဉ်၌။ မာနသိကဒုက္ခဝေဒနာကိုကြောင်ဖြစ်စေတတ်သောတရားပေတည်းဟုအာရုံပြု၍ ဝိပဿနာပညာဖြင့်ဆင်ခြင်၍သိကြလေ၊ ထိုသို့အာရုံပြု၍ ဝိပဿနာပညာဖြင့်သိတိုင်းသိတိုင်း။ ကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရား၏ မာနသိကဒုက္ခဝေဒနာ၏ ဖြစ်ကြောင်းတရား၏အဖြစ်ကို။ ဟုတ်တိုင်းမှန်စွာသိမြင်တတ်သော သမ္မာဒိဋ္ဌိအမျှုးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ကာယိကဒုက္ခဝေဒနာတည်းဟူသောဗျာဓိတရား၏ မာနသိကဒုက္ခဝေဒနာ၏ဖြစ်ကြောင်း၏အဖြစ်ကို။ မသိမမြင်တတ်သောအဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတရားတို့သည်လည်းကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏၊ ထိုသို့အယုတ်တရား နှစ်ပါးတို့မှတင်းလွတ်နေခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်၊ ထိုသို့ခေါ်ဆိုအပ်သောကြောင့် အလုံးစုံပြဆိုအပ်ပြီးသောဘုံတို့၌ ဖြစ်သောကာယိကဒုက္ခဝေဒနာတည်းဟူသော ဗျာဓိတရား၏ မာနသိက ဒုက္ခဝေဒနာတရားတို့ကို ဖြစ်စေတတ်သည်၏အဖြစ်ကိုအာရုံပြု၍။ ဝိပဿနာအဋ္ဌင်္ဂိက အရိယမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါတည်းဟူသောဖြူစင်သောအကျင့်ကိုမှီဝဲကျင့်ကြံသည်၏အဖြစ်ကို ရောက်သည်သာတည်း။ ထိုသို့ရောက်သည်၏ အဖြစ်ကိုထင်

ရှားသိကြလေ။ ဤမျှဖြင့် ဗျာဓိတရားနှင့်ဗျာဓိကြောင့်ဖြစ်သော ဒုက္ခတရား တည်းဟူသော သစ္စါရအာရုံကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံပုံကိုပြဆိုချက်ပြီး၏။

{မေး} ဗျာဓိတရားကိုအဘယ်သို့ဝိဂြိုဟ်ပြုလုပ်ရပါမည်နည်း။

{ဖြေ} ဝိဝိဓံမာနသိကဒုက္ခံ။ အာဒဟတီတိ ဥပ္ပါဒေတီတိ။ ဗျာဓိ ဟု ကတ္တုသာဓနကိတ်ဝိဂြိုဟ်ပြုအပ်ပါသည်။ မြန်မာပြန်ကား။ ယော၊ အကြင် ကာယိကဒုက္ခဝေဒနာ တည်းဟူသောရောဂါသည်။ ဝိဝိဓံ၊ အထူးထူးအပြားပြားရှိသော။ မာနသိကဒုက္ခံ၊ စိတ်၌ဖြစ်သောဆင်းရဲကို။ အာဒဟတိ ဥပ္ပါဒေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ဖြစ်စေတတ်သော သတ္တိကြောင့်။ သော၊ ထိုကာယိကဝေဒနာတည်းဟူသောရောဂါသည်။ ဗျာဓိ ဗျာဓိမည်၏။ ဝိရှေးအာရှေးရှိသော ဒဟဓါတ်။ ဥပ္ပါဒနအနက်ဟော၊ ဣပစ္စည်း ဒဟကို ဓပြုသည်။

{မေး} ဗျာဓိဒုက္ခတည်းဟူသော သစ္စါရအာရုံကို အာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ဖြစ်ပုံကိုသိရပါပြီ။ မရဏမ္ပိဒုက္ခံဟူသော သစ္စါရအာရုံကိုအာရုံပြု၍၊ မဇ္ဈိမာပဋိပဒါ တည်းဟူသော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို ကျင့်ကြံမှီဝဲအပ်ပုံကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} မရဏမ္ပိဒုက္ခံဟူသော ပုဒ်တို့တွင်။ မရဏဆိုသည်မှာတခြားကို မဆိုအပ်။ ထိုထိုဘုံ၌ အစဉ်မပြတ်ဖြစ်နေရာ တရားတို့၏အဆုံးသတ်ပျက်စီးမှုသဘောကိုသာလျှင်။ မရဏတရားဟုဆိုအပ်ပါသည်၊ ထိုကြောင့်ခန္ဓာ ငါးပါးရုပ်နာမ်တရားတို့၏။ အဆုံးသတ်ပျက်စီးမှုသဘောကို မရဏဟုသိကြလေ။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} တတ္ထကတမံမရဏံ။ တေသံတေသံသတ္တာနံ။ ခယောဝယောဘေဒေါအန္တရဓါနံဟူ၍။ အဘိဓမ္မာဝိဘင်းပါဠိတော်၌ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ ထိုထိုအဘိဓမ္မာသုတ္တန်တို့၌။ ခန္ဓာနံဘေဒေါဟူ၍ဘုရားရှင်ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ ဣဒါနိ၊ ပရမတ္ထတောဒီပေတုံ။ ခန္ဓာနံဘေဒေါတိ။ အာဒိမာဟ ပရမတ္ထတောဟိခန္ဓာယေဝ ဘိဇ္ဇန္တိ။ နသတ္တောနာမ၊ ကောစိမရတိ၊ ခန္ဓေသုပနဘိဇ္ဇမာနေသု၊ သတ္တော မရတိ၊ ဘိန္နေသုမတောတိဝေါဟာရောဟူ၍ပြဆိုအပ်သော။ သမ္မောဟ ဝိနောဒနီအဋ္ဌကထာရှင်၏ စကားတော်တို့တွင်။ ခန္ဓာယေဝ ဘိဇ္ဇန္တိ ဟူသော ပါဠိ၊ ခန္ဓေသုဘိဇ္ဇမာနေသု သတ္တောမရတိဟူသော ပါဠိတို့ကိုထောက်

၍သိအပ်ပါသည်။ အစဉ်အတိုင်း အနက်သိကြောင်းမြန်မာပြန်ကို ပြဆိုဦးအံ့။ ဇရမရဏံဟူသောပါဌ်၌။ မရဏံ၊မရဏတရားသည်။ကတမံ၊အဘယ်နည်း။တေသံတေသံဓမ္မာနံ၊ ထိုထိုဘုံ၌ဖြစ်သောခန္ဓာတရားတို့၏။ ခယော၊ ကုန်ခြင်းသည်။ဝယော၊ပျက်ခြင်းသည်။ ဘေဒေါ၊ပျက်ခြင်းသည်။ အန္တရဓာနံ၊ကွယ်ခြင်းသည်။အတ္ထိ၊ရှိ၏။အယံ၊ ဤခန္ဓာတို့၏။ကုန်ခြင်း၊ ပျက်ခြင်း၊ ကွယ်ခြင်းတရားကို။ မရဏံ၊မရဏဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ဤအဘိဓမ္မာဝိဘင်းပါဠိတော်ပါဌ်၏မြန်မာပြန်တည်း။ ခန္ဓာနံ၊ခန္ဓာငါးပါး။ ခန္ဓာလေးပါး။ ခန္ဓာတပါးတရားတို့၏။ ဘေဒေါ၊ပျက်ခြင်းကို။ မရဏံ၊မရဏမည်၏ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ဤကား ပါဠိတော်တို့၏မြန်မာပြန်တည်း။ ဣဒါနိ၊ ယခုအခါ၌။ပရမတ္ထေန၊ပရမတ္ထသဘောအားဖြင့်။ဒီပေတုံ၊ ပြဆိုခြင်းငှာ။ခန္ဓာနံ ဘေဒေါတိအာဒိံ၊ ခန္ဓာနံဘေဒေါ။ ဤသို့အစရှိသောစကားတော်ကို။ အာဟ၊ဘုရားရှင်ဟောတော်မူပြီ။ဟိ၊ထိုစကားသည့်မှန်၏။ ခန္ဓာယေဝ၊ခန္ဓာတို့သည်သာလျှင်။ ဘိဇ္ဇန္တိ၊ပျက်စီးကုန်၏။ သတ္တောနာမ၊ သတ္တဝါမည်သော။ ကောစိ၊တစုံတယောက်သောသူသည်။နမရတိ၊သေသည်မဟုတ်။ ပန၊ထိုစကားကို ဆက်၍ဆိုဦးအံ့။ ခန္ဓေသု၊ ခန္ဓာတရားတို့သည်။ ဘိဇ္ဇမာနေသု၊ ပျက်စီးကုန်သည်ရှိသော်။သတ္တော၊သတ္တဝါသည်။မရတိ၊သေ၏။ ဘိန္နေသု ပျက်ပြားပြီးသည်ရှိသော်။သတ္တော၊ သတ္တဝါသည်။ မတော၊သေသေပြီ။ ဣတိ၊ ဤသို့။ ဝေါဟာရော၊ ခေါ်ဝေါ်ပြောဆိုခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဓိပ္ပါယ်ကား၊ ပရမတ္ထအားဖြင့် ထိုထိုဖြစ်ရာဘုံတို့၌ ဖြစ်သော ခန္ဓာတရားတို့သည်သာလျှင် အဆုံးသတ်ပျက်စီးကုန်၏။ ထိုခန္ဓာမှတပါး သတ္တဝါ ပျက်စီးသည်မရှိ။ ထိုသို့ပင်မရှိသော်သည်း ခန္ဓာအဆုံးသတ် ပျက်စီးမှုကိုပင် သတ္တဝါသေသည်ဟူ၍ ခေါ်ဝေါ်အပ်ကြသေသည်။ ပျက်စီးပြီးနောက်လည်း သတ္တဝါသေလေပြီဟု ပြောဆိုအပ်ကြလေသည်။ ထိုသို့ပြောဆိုအပ်သည်မှတပါး သတ္တဝါသေသည်ဟူ၍မရှိပြီ။ဖြစ်ပေါ်နေသော ပရမတ္ထတရားခန္ဓာတို့သည်သာလျှင်။ ထိုထိုဘဝ၌ အဆုံးသတ် ပျက်စီးမှုဖြစ်ကြသည်။ ထိုခန္ဓာတို့၏ အဆုံးသတ်ပျက်စီးမှု ကိုသာ မရဏတရားဟုခေါ်ဆိုအပ်သည်ဟူ၍ပြဆိုအပ်သည်၊ ဤကားအဓိပ္ပါယ်အကျဉ်းတည်း။ ဤသို့ပြဆိုအပ်သောပါဠိတော် အဋ္ဌကထာစကားတို့ကိုထောက်၍။ ထိုထိုဘုံတို့၌။ အစဉ်မပြတ် ဖြစ်နေသော ခန္ဓာတရားတို့၏ အဆုံးသတ် ပျက်စီးမှုသဘောကို မရဏဟုသိအပ်၏။ ဤကားအဓိပ္ပါယ်။

{မေး} ထိုမရဏသဘောသည်ပရမတ္ထတရားပါလော သို့မဟုတ်ပညတ်တရားပါလော ဘယ်လိုခွဲခြမ်း၍သိအပ်ပါမည်နည်း။

{ဖြေ} ထိုမရဏာတရားကို မှတ်ကြောင်းလက္ခဏာစသည်တို့ဖြင့် သိအပ်သောကြောင့် စင်စစ်ပရမတ္ထသဘောတရားဟုသိအပ်ပါသည်။

{မေး} ထိုမရဏာတရားကို လက္ခဏာစသည်ဖြင့် ဘယ်လိုသိအပ်ပါနည်း။

{ဖြေ} တယိဒံစုတိလက္ခဏာံ၊ဝိယောဂရသံ၊ ဝိပ္ပဝါသပစ္စုပဋ္ဌာနံဟူ၍၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်းအဖွင့်(၇၇)မျက်နှာ၌။ မိန့်ဆိုအပ်သည်ကိုထောက်၍သည်းကောင်း။ တယိဒံစုတိလက္ခဏာံ၊ ဝိယောဂရသံ ဂတိဝိပ္ပဝါသပစ္စုပဋ္ဌာနံဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စနိဒ္ဒေသအဖွင့်၊ စာမျက်နှာနံပါတ်(၁၁၆)က(၁၁၇)အတွင်း၌ မိန့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်းသိအပ်ပါသည်။ မြန်မာပြန်ကိုအစဉ်အတိုင်းပြဆိုဦးအံ့။ တယိဒံ၊တံဣဒံခရဏံ၊ဤမရဏာတရားသည်။စုတိလက္ခဏာံ၊ထင်ရှားရှိသောဘဝမှ။ ရွေ့လျောပျက်စီးခြင်းသဘောဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိပေ၏။ ဝိယောဂရသံ၊ ထင်ရှားရှိသောခန္ဓာအဖြစ်မှကင်းခြင်းကိစ္စရှိ၏။ဝိပ္ပဝါသပစ္စုပဋ္ဌာနံ၊ရှိဆဲဖြစ်သော ခန္ဓာအဖြစ်မှကင်းခြင်းကိုသာလျှင်ကြည့်ရှုသောသူတို့၏ ဉာဏ်အားရှေးရှုထင်တတ်၏။ ဤကားသမ္မောအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၏ မြန်မာပြန်လည်း၊ ဤနည်းကိုမှီ၍သိလွယ်ပြီ။ဤသို့ပြဆိုအပ်သောအဋ္ဌကထာတို့၏စကားတော်ကိုထောက်၍လက္ခဏာစသည်တို့ကိုသိကြလေ။

{မေး} ထိုမရဏတရားကိုလက္ခဏာစသည်ဖြင့်ရကောင်းသောကြောင့်၊ပရမတ္ထတရားဟူ၍သိအပ်ပါပြီ။ တဘန်ထိုမရဏာတရားကို ပရမတ္ထသဘောတရားဖြစ်ကြောင်းကို နည်းတပါးဖြင့် ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ထိုမရဏာတရားသည် စင်စစ် ပရမတ္ထသဘောတရားဖြစ်၍သာလျှင်၊ပရမတ္ထတရားတို့ကို။ဝေဘန်၍ဟောရာဖြစ်သောဓါတုကထာကျမ်း၌ ဇရာမရဏံ၊ ဒွိဟိခန္ဓေဟိ၊သင်္ဂဟိတံဟူ၍ ဘုရားရှင်ဟောတော်မူအပ်သည်ကိုထောက်၍။ မရဏာတရားကို။ ပရမတ္ထတရားဟုသိအပ်ပါသည်။ မြန်မာပြန်ကား။ ဇရာမရဏံ၊ဇရာမရဏာတရားကို။ ဒွိဟိ၊နှစ်ပါးကုန်သော။ ခန္ဓေဟိ၊ ရူပခန္ဓာ သင်္ခါရက္ခန္ဓာ နှစ်ပါးတို့ဖြင့်။ သင်္ဂဟိတံ၊ရေတွက်အပ်၏။ အဓိပ္ပါယ်ကား။ ရုပ်တို့၏ပျက်ခြင်းသဘောကို ရူပက္ခန္ဓာ၌။ နာမက္ခန္ဓာတို့၏ပျက်ခြင်းသဘောကို သင်္ခါရက္ခန္ဓာ၌ရေတွက်အပ်၏။ အဘယ်ကြောင့်နာမ်တရားတို့၏ပျက်ခြင်းသဘောကို သင်္ခါရက္ခန္ဓာ၌သွင်းအပ်လေသနည်းဟူမူ ထိုမရဏာသဘောတရားသည် မိမိနှင့်စပ်သော နာမ်တရားတို့ကို၊ ကုန်ခန်းပျက်စီးကွယ်ပျောက်အောင် ပြုလုပ်ပေ၏။ ထိုသို့ ပြုလုပ်ခြင်းသဘောရှိ

သောကြောင့်၊ သင်္ခါရက္ခန္ဓာ၌ရေတွက်အပ်လေသည်။ ထိုသို့ရေတွက်အပ်
သောကြောင့် ၎င်းမရဏသဘောကို၊ ပရမတ္ထသဘောဟုသိအပ်ပါသည်။
ဤဓါတုကထာပါဠိတော်ဖြင့်သာ သိအပ်သည်မဟုတ်သေး။ အဘိဓမ္မာဝိ
ဘင်းပါဠိတော်၌လည်း။တတ္ထကတမံမရဏံ။ ယော တေသံတေသံသတ္တာနံ။
ခယော ဝယော ဘေဒေါ။ ပရိဘေဒေါ အနိစ္စတာ။ အန္တရဓာနံ ဣဒံဝုစ္စတိမရ
ဏံဟူ၍ဟောတော်မူအပ်သည့်ကိုထောက်၍လည်းကောင်း။ နိဒါနဝဂ္ဂသံယုတ်
ပါဠိတော်။အါဟာရဝဂ် ဒသမမြေဝံ၌။ဇရာမရဏံဘိက္ခဝေ၊အနိစ္စံသင်္ခတံ
ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံဟူ၍ဟောတော်မူ
အပ်သည့်ကို ထောက်၍လည်းကောင်း။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်ဉာဏက
ထာအဘိညေယျဝဂ် စာမျက်နှာနံပါတ်(၁၂)မရဏံသင်္ခါရတိအဘိညေ
ယျာဟူ၍ဟောတော်မူအပ်သည့်ကိုထောက်၍လည်းကောင်း။မရဏသဘော
တရားသည် ပရမတ္ထသဘောတရားဖြစ်သည်၏အဖြစ်ကိုသိကြလေ။ အစဉ်
အတိုင်း မြန်မာပြန်ကိုပြအံ့။ တတ္ထ၊ထိုဇာတိပစ္စယာ ဇရာမရဏံဟူ
သောပုဒ်၌။ မရဏံ၊မရဏသည်။ကတမံ၊အဘယ်နည်း၊ တေသံတေသံသတ္တာ
နံ။ ထိုထိုသို့သောခန္ဓာတရားတို့၏။ ခယော၊ကုန်ခြင်းသည်။ ဝယော၊ ပျက်
ခြင်းသည်။ ဘေဒေါပျက်ခြင်းသည်။ ပရိဘေဒေါ၊ ပျက်ခြင်းသည်။ အနိစ္စ
တာ၊အမြဲမရှိသောတရား၏ အဖြစ်သည်။ အန္တရဓာနံ၊ ကွယ်ခြင်းသည်။
အတ္ထိ၊ရှိ၏။အယံ၊ဤဆိုအပ်ပြီးသောသဘောကို။မရဏံ၊မရဏဟူ၍။ဝုစ္စတိ
ဆိုအပ်၏။ဤကားအဘိဓမ္မာဝိဘင်းပါဠိတော်၏မြန်မာပြန်တည်း။

ဘိက္ခဝေ၊ရဟန်းတို့။ ဇရာမရဏံ၊ ဇရာမရဏတရားသည်။ အနိစ္စံ၊အ
မြဲမရှိသောတရားမည်၏။ သင်္ခတံ၊အကြောင်းတရားသည်ပြုပြင်အပ်သော
ကြောင့် သင်္ခတတရားဖြစ်၏။ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းကိုစွဲ၍ဖြစ်၏။ ခယ
ဓမ္မံ၊ကုန်တတ်သောသဘောရှိ၏။ ဝယဓမ္မံ၊ ပျက်တတ်သောသဘောရှိ၏။
ဝိရာဂဓမ္မံ၊ကင်းတတ်သောသဘောရှိ၏၊နိရောဓဓမ္မံ၊ချုပ်ကွယ်တတ်သော
သဘောရှိ၏။ ဤကားနိဒါနဝဂ္ဂသံယုတ်ပါဠိတော်၏မြန်မာပြန်တည်း။ မ
ရဏံ၊ မရဏတရားကို။ သင်္ခါရတိ၊သင်္ခါရတရားဟူ၍။ အဘိညေယျာ၊သိ
အပ်။ ဤကားပဋိသမ္ဘိဒါမဂ် ပါဠိတော်၏မြန်မာပြန်တည်း။ ဤပြဆိုအပ်
သောပါဠိတော်တို့တွင်၊ ဝိဘင်းပါဠိတော်၌ ပရမတ္ထသဘောတရားကိုဝေ
ဘန်၍ဟောတော်မူရာ၌လာရှိသောကြောင့်။မရဏသဘောကို ပရမတ္ထသ
ဘောတရားဟုသိအပ်ပါသည်။နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌မရဏတရား
ကို။ အနိစ္စတရား၊ သင်္ခတတရား၊ အကြောင်းကိုစွဲ၍ဖြစ်သောတရား၊ ကုန်
တတ်ပျက်တတ် ချုပ်ကွယ်တတ်သောတရားဟူ၍ဟောတော်မူအပ်သော

ကြောင့် ပရမတ္ထသဘော တရားမှန်းကို သိအပ်ပါပြီ။ အဘယ်ကြောင့်ဆို
သော်ပရမတ္ထသဘောတရားသည်သာလျှင်။အနိစ္စ၊သင်္ခတ၊ပဋိစ္စသမုပ္ပန္နတ
ရားဖြစ်သည်။ ထိုကြောင့်မရဏတရားကိုပရမတ္ထ သဘောတရားဟုသိအပ်
သည်။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌လည်း မရဏကိုသင်္ခါရတရားဟုသိအပ်
၏ဟုရှု၍ဟောတော်မူအပ်သောကြောင့်။ သင်္ခါရတရားဆိုလျှင် စင်စစ်ပရ
မတ္ထသဘောတရားသာလျှင်တည်း။ ထိုကြောင့် မရဏသဘောတရားကို
စင်စစ်ပရမတ္ထသဘောတရားဟုသိအပ်ပါသည်။

{မေး} ထိုပရမတ္ထသဘောဖြစ်သော မရဏတရားကို အဘယ်ကဲ့သို့
အာရုံပြု၍။ မဇ္ဈိမာပဋိပဒါအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို နှိပ်ဝကျင့်ကြံ
ခြင်းဖြစ်ပါသနည်း။ ဖြစ်ပုံကိုအဘယ်သို့သိအပ်ပါမည်နည်း။

{ဖြေ} ဤပြဆိုအပ်သောနည်းကိုအမှီပြု၍ သိအပ်ပါသည်၊ ဘယ်လိုသိ
အပ်သနည်းဟူမူ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဘုံတို့၌ ဖြစ်ပေါ်ပြီး
၍။ အစဉ်မပြတ်ဖြစ်နေသော ခန္ဓာတို့၏ ဝုတိဟုဆိုအပ်သော ပျက်စီးခြင်း
မရဏတရားသည် အကယ်၍မရှိခဲ့သည်ဖြစ်အံ့။ ထိုငရဲ တိရစ္ဆာန် ပြိတ္တာ
အသူရကာယ်တို့၏ အဖြစ်မှအဘယ်မှာလွတ်ပါအံ့နည်း။ စင်စစ်လွတ်မှုမရှိ
ပေရာ။ စင်စစ်မှာ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဘုံတို့၌ အစဉ်မ
ပြတ်ဖြစ်နေသော ခန္ဓာတရားတို့၏။ဝုတိဟုဆိုအပ်သော ပျက်စီးမှုမရဏ
တရားရှိ၍သာ။ ထိုငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဘုံတို့မှကွယ်ပျောက်
မှုသည် ထင်ရှားပေကုန်၏။ထိုကြောင့် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်
ဘုံတို့၌အစဉ်မပြတ်ဖြစ်နေသော ခန္ဓာတရားတို့၏။ ပျက်စီးခြင်းသဘောမ
ရဏကိုအာရုံပြု၍ ပညာ ဖြင့် သိ နေအပ်၏။ ထိုသို့မရဏ သ ဘော ကို
အာရုံပြု၍သိတိုင်းသိတိုင်း။ ဉာဏသမ္ပယုတ် ဝိပဿနာဇောစိတ်အစဉ်
သည်ဖြစ်နေ၏။ ထိုသို့ဖြစ်နေသော ဝိပဿနာဇောစိတ်အစဉ်၌ပါရှိနေသော
ပညာစေတသိက်ကို။ဟုတ်မှန်သောခန္ဓာတို့၏ဝုတိဟုဆိုအပ်သောပျက်
စီးခြင်းသဘောမရဏကို မချွတ်မယွင်းဟုတ်တိုင်းမှန်စွာ အာရုံပြု၍သိ
တတ်သောကြောင့် သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်သည်။ ထိုသမ္မာဒိဋ္ဌိကို မဂ္ဂ၊အ
ရိယမဂ္ဂဟုခေါ်ဆိုအပ်မှုကိုရှေး၌ပြဆိုအပ်ပြီးသောနည်းအတိုင်းသိကြလေ။
ထိုသမ္မာဒိဋ္ဌိအရိယမဂ္ဂဖြစ်လျှင် သမ္မာသင်္ကပ္ပအစရှိသော ကျန်မဂ္ဂင်ခုနစ်
ပါးတို့သည်လည်း။တပြိုင်နက်တချက်ထည်း ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်ပါ
ကြကုန်သည်သာလျှင်တည်း။ထိုသို့ဖြစ်ပါခြင်းကြောင့် ဝိပဿနာအဋ္ဌင်္ဂိက
မဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း အဝိဇ္ဇာမောဟ
နှင့်တကွသော ကိလေသာတရားတို့သည်လည်းကင်းကြကုန်၏။ဘာမ

သုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့အယုတ်တရားနှစ်ပါးတို့မှကင်းလွတ်နေခြင်းကြောင့်။ရင်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာ ပဋိပဒါ ဟု ခေါ်ဆို အပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သောကြောင့် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဟုဆိုအပ်သော အပါယ်လေးဘုံတို့မှ စုတိဟုဆိုအပ်သော ခန္ဓာတို့၏ပျက်စီးခြင်းသဘော မရဏကိုအာရုံပြု၍။ သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်း ဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအကျင့်ကို မှီဝဲကျင့်ကြံအပ်သည်၏ အဖြစ်သို့ရောက်သည်သာတည်း။ထိုသို့ရောက်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။

ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဘုံတို့၌ အစဉ်မပြတ်ဖြစ်နေသော ခန္ဓာတရားတို့၏ စုတိဟုဆိုအပ်သော ပျက်စီးခြင်းသဘောမရဏကို ပညာဖြင့်ရှုသလို။လူ့ပြည်နတ်ပြည်တို့မှ စုတိဟုဆိုအပ်သောခန္ဓာတရားတို့၏။ ပျက်စီးခြင်းသဘောမရဏကိုလည်း အာရုံပြု၍ပညာဖြင့်ရှုနေအပ်၏၊ ရှုပုံမှာ၊ လူ့ပြည်နတ်ပြည်တို့၌ ဖြစ်ပေါ်ပြီး၍ အစဉ်မပြတ်ဖြစ်နေသောခန္ဓာတို့၏ စုတိဟုဆိုအပ်သော ပျက်စီးခြင်းမရဏတရားသည်။ အကယ်၍မရှိခဲ့သည်ဖြစ်အံ့၊ထိုလူ့ပြည်နတ်ပြည်တို့၏အဖြစ်မှစုတိသည်ဟူ၍မရှိလေပြီ။ စင်စစ်စုတိရခြင်းသည်၊ လူ့ပြည်နတ်ပြည်၌ဖြစ်နေရသော ခန္ဓာတို့၏ပျက်စီးမှုဧကန်ရှိသောကြောင့်တည်း။ ထိုကြောင့်လူ့ပြည်နတ်ပြည်မှ စုတိဟုခေါ်ဆိုအပ်သော အစဉ်မပြတ်ဖြစ်နေသောခန္ဓာတို့၏ ပျက်စီးခြင်းသဘောမရဏကိုအာရုံပြု၍ အဘန်တလဲလဲပညာဖြင့်သိနေအပ်၏။ထိုသို့မရဏသဘောကိုအာရုံပြု၍သိတိုင်းသိတိုင်း၊ ညာဏသမ္ပယုတ်ဝိပဿနာဇောစိတ်အစဉ်သည်ဖြစ်နေ၏၊ ထိုသို့ဖြစ်နေသော ဝိပဿနာဇောစိတ်အစဉ်၌ပါရှိသော ပညာစေတသိက်ကိုဟုတ်မှန်သော ခန္ဓာတို့၏။ စုတိဟုဆိုသော ပျက်စီးခြင်းသဘောမရဏကို မချွတ်မယွင်း ဟုတ်တိုင်းမှန်စွာ အာရုံပြု၍သိတတ်သောကြောင့် သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်သည်။ထိုသမ္မာဒိဋ္ဌိတရားကို မဂ္ဂဟူ၍လည်းကောင်း။အရိယမဂ္ဂဟူ၍လည်းကောင်း။ ခေါ်ဆိုအပ်မှုကိုရှေးနည်းအတိုင်းသိကြလေ။ထိုသမ္မာဒိဋ္ဌိအရိယမဂ္ဂဖြစ်လျှင်။ သမ္မာသင်္ကပ္ပအစရှိသောကျန်မဂ္ဂင်(၇)ပါးတို့သည်လည်း။တပြိုင်နက်တချက်ထည်းထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်ပါကြကုန်သည်သာတည်း။ထိုသို့ဖြစ်ပါခြင်းကြောင့်ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏၊ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ အဝိဇ္ဇာမောဟနှင့် တကွသောကိလေသာတရားတို့သည်လည်းကင်းကြကုန်၏။ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသောအ

ယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၍။ ထိုသို့အယုတ်တရားနှစ်ပါးတို့မှကင်းလွတ်နေခြင်းကြောင့်။ရင်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်။ထိုသို့ခေါ်ဆိုအပ်သောကြောင့် လူ့ပြည်နတ်ပြည်မှ ရတိဟုဆိုအပ်သောခန္ဓာတို့၏။ ပျက်စီးခြင်းသဘောမရဏကို အာရုံပြု၍ သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။မဇ္ဈိမာပဋိပဒါအကျင့်ကို ဓမ္မိဝဲကျင့်ကြံအပ်သည့်အဖြစ်သို့ရောက်သည်သာတည်း။ ထိုသို့ရောက်သည်၏အဖြစ်ကို ထင်ရှား၏သိကြလေ။

လူ့ပြည်နတ်ပြည်တို့၌အစဉ်မပြတ်ဖြစ်နေသော ခန္ဓာတရားတို့၏။ရတိဟုဆိုအပ်သော ပျက်စီးခြင်းသဘောမရဏတရားကိုပညာဖြင့်ရှုသလို့ အသညာသတ်ကြည့်သော ရူပ(၁၅)ဘုံတို့မှ။ ရတိဟုဆိုအပ်သော ခန္ဓာတရားတို့၏ ပျက်စီးခြင်းသဘောမရဏကိုလည်း အာရုံပြု၍ ပညာဖြင့်ရှုနေအပ်၏။ ရူပုံမှာ ဗြဟ္မာဘုံတို့၌ဖြစ်ပေါ်ပြီး၍ အစဉ်မပြတ်ဖြစ်ပေါ်နေသောခန္ဓာတို့၏။ ရတိဟုဆိုအပ်သော ပျက်စီးခြင်းသဘောမရဏသည် အကယ်၍ မရှိခဲ့သည်ဖြစ်အံ့။ထိုဗြဟ္မာတို့၏အဖြစ်မှရတိလေသည်ဟူ၍ ခရှိလေရာ။စင်စစ် ရတိရခြင်းသည် ဗြဟ္မာပြည်၌ဖြစ်နေသောခန္ဓာတို့၏ ပျက်စီးမှုကြောင့်ရှိသောကြောင့်တည်း။ ထိုကြောင့်ဗြဟ္မာပြည်မှ ရတိဟုခေါ်ဆိုအပ်သောအစဉ်မပြတ်ဖြစ်နေသော ခန္ဓာတို့၏ပျက်စီးခြင်းသဘောမရဏကို အာရုံပြု၍ အဘန်တလဲလဲပညာဖြင့်သိနေအပ်၏။ ထိုသို့မရဏသဘောကို အာရုံပြု၍ သိတိုင်းသိတိုင်း။ ဥဒါဏသမ္ဗယုတ် ဝိပဿနာဇောစိတ်အစဉ်သည်ဖြစ်နေ၏။ ထိုသို့ဖြစ်နေသော ဝိပဿနာ ဇောစိတ်အစဉ်၌ပါရှိနေသော ပညာစေတသိက်ကိုဟုတ်မှန်သော ခန္ဓာတို့၏။ရတိဟုဆိုအပ်သော ပျက်စီးခြင်းသဘောမရဏကို မချွတ်မယွင်း ဟုတ်တိုင်းမှန်စွာ အာရုံပြု၍ သိတတ်သောကြောင့်။ သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်သည်။ ထိုသမ္မာဒိဋ္ဌိကို မဂ္ဂ၊အရိယမဂ္ဂဟုခေါ်ဆိုအပ်မှုကို ရှေးနည်းအတိုင်းသိကြလေ၊ ထိုသမ္မာဒိဋ္ဌိအင်္ဂါမဂ္ဂဖြစ်လျှင်။ သမ္မာသင်္ကပ္ပအစရှိသော ကျန်မဂ္ဂင်ခုနစ်ပါးတို့သည်လည်း။ တပြိုင်နက်တချက်တည်း။ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်ပါကြကုန်သည်သာလျှင်တည်း။ ထိုသို့ဖြစ်ပါခြင်းကြောင့် ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထို ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ အဝိဇ္ဇာ မောဟနှင့်တကွသော ကိလေသာ တရားတို့သည်လည်း ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့အယုတ်တရားနှစ်ပါးတို့မှ

ကင်းလွတ်နေခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့် ပြဟ္မာ(၁၅)ဘုံမှစုတိဟုဆိုအပ်သော ခန္ဓာတို့၏ပျက်စီးခြင်းသဘောမရဏကို အာရုံပြု၍။ သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။မဇ္ဈိမာပဋိပဒါအကျင့်ကိုမှိဝဲကျင့်ကြံသည်၏အဖြစ်သို့ရောက်သည်သာတည်း။ထိုသို့ရောက်သည့်၏အဖြစ်ကိုထင်ရှားသိကြလေ။ ပြဟ္မာ(၁၅) ဘုံတို့၌အစဉ်မပြတ် ဖြစ်နေသော ခန္ဓာတို့၏ စုတိဟုဆိုအပ်သော ပျက်စီးခြင်းသဘောမရဏကို ပညာဖြင့်ရှုသလို။ အသညသတ်ဘုံမှ စုတိ ဟုဆိုအပ်သော ရုပ်ခန္ဓာတရားတို့၏ ပျက်စီးခြင်း သဘော မရဏကိုလည်း အာရုံပြု၍ပညာဖြင့်ရှုနေအပ်၏။ ရှုပုံမှာ၊ အသညသတ်ဘုံတို့၌ ဖြစ်ပေါ်ပြီး၍။ အစဉ်မပြတ် ဖြစ်နေသော ရုပ်ခန္ဓာတို့၏ စုတိဟုဆိုအပ်သော ပျက်စီးခြင်းသဘောမရဏသည်။ အကယ်၍မရှိခဲ့သည်ဖြစ်အံ့။ ထိုအသညသတ် ပြဟ္မာ၏အဖြစ်မှစုတိသည်ဟူ၍မရှိလေပြီ။စင်စစ်စုတိရခြင်းသည်။ အသညသတ်ဘုံ၌ဖြစ်သော ရုပ်ခန္ဓာတို့၏ ပျက်စီးခြင်း သဘောမရဏတရား ကောန်ရှိသောကြောင့်တည်း။ ထိုကြောင့်။ အသညသတ်မှ စုတိဟုဆိုအပ်သော ရုပ်ခန္ဓာတို့၏ ပျက်စီးခြင်းသဘောမရဏကိုအာရုံပြု၍ အဘန်တလဲလဲ ပညာဖြင့်သိနေအပ်၏။ ထိုသို့မရဏသဘောကို အာရုံပြု၍ သိတိုင်းသိတိုင်း။ ဉာဏသမ္ပယုတ်ဝိပဿနာဇောစိတ်အစဉ်သည် ဖြစ်နေ၏။ ထိုသို့ဖြစ်နေသောဝိပဿနာဇောစိတ်အစဉ်၌ပါရှိနေသော ပညာစေတသိက်ကို။ ဟုတ်မှန်သော ရုပ်ခန္ဓာတို့၏ စုတိဟုဆိုအပ်သော ပျက်စီးခြင်းသဘောမရဏကို မချွတ်မယွင်းဟုတ်တိုင်းမှန်စွာအာရုံပြု၍သိတတ်သောကြောင့်။သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်သည်။ထိုသမ္မာဒိဋ္ဌိကို၊ မဂ္ဂ၊ အရိယမဂ္ဂဟုခေါ်ဆိုအပ်မှုကို။ ရှေးနည်းအတိုင်းသိကြလေ။ ထိုသမ္မာဒိဋ္ဌိအရိယမဂ္ဂဖြစ်လျှင်။သမ္မာသင်္ကပ္ပအစရှိသော၊ ကျန်မဂ္ဂင်ခုနှစ်ပါးတို့သည်လည်း၊ တပြိုင်နက် တချက်ထည်း။ ထို သမ္မာဒိဋ္ဌိနှင့်ယှဉ်၍ ဖြစ်ပါကြကုန်သည်သာလျှင်တည်း။ထိုသို့ဖြစ်ပါခြင်းကြောင့်။ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည်လည်း ကင်းကြဘုန်၏။ကာမသုခလ္လိကာနုယောဂ။ အတ္တကိလမထာနုယောဂ တည်းဟူသော။ အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်၊ ၎င်း ဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို၊ မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ အသညသတ်ဘုံမှ စုတိဟုဆိုအပ်သော။

ရုပ်ခန္ဓာတို့၏ ပျက်စီးခြင်းသဘောမရဏာကို အာရုံပြု၍၊ သမ္မာဒိဋ္ဌိ အမှူးရှိသော၊ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအကျင့်ကို မှီဝဲကျင့်ကြံအပ်သည်၏ အဖြစ်သို့ ရောက်သည်သာတည်း။ ထိုသို့ရောက်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။

အသညသတ်ဘုံ၌အစဉ်မပြတ်ဖြစ်နေသောရုပ်ခန္ဓာတို့၏၊ စုတိဟုဆိုအပ်သော ပျက်စီးခြင်းသဘောမရဏာကို ပညာဖြင့်ရှုသလို၊ အရူပ(၄)ဘုံတို့မှ စုတိဟုဆိုအပ်သော နာမ်ခန္ဓာတရားတို့၏ ပျက်စီးခြင်းသဘော မရဏာကိုလည်းအာရုံပြု၍ပညာဖြင့်ရှုအပ်၏။ ရှုပုံမှာ အရူပ(၄)ဘုံတို့၌ဖြစ်ပေါ်ပြီး၍ အစဉ်မပြတ်ဖြစ်နေသော၊ နာမ်ခန္ဓာတရားတို့၏ စုတိဟုဆိုအပ်သော၊ ပျက်စီးခြင်းသဘောမရဏာသည် အကယ်၍မရှိခဲ့သည်ဖြစ်အံ့။ ထိုအရူပဗြဟ္မာ၏အဖြစ်မှ စုတိသည်ဟူ၍မရှိလေပြီ။ စင်စစ် စုတိခြင်းသည်၊ အရူပလေးဘုံ၌ဖြစ်သော နာမ်ခန္ဓာတရားတို့၏ပျက်စီးခြင်းသဘောမရဏာသည်၊ ကေန်ရှိသောကြောင့်တည်း။ ထိုကြောင့် အရူပလေးဘုံတို့မှ စုတိဟု ခေါ်ဆိုအပ်သော နာမ်ခန္ဓာတို့၏ ပျက်စီးခြင်းသဘော မရဏာကို အာရုံပြု၍ အဘန်တလဲလဲ ပညာဖြင့်သိနေအပ်၏။ ထိုသို့မရဏာသဘောကိုအာရုံပြု၍ သိတိုင်းသိတိုင်း၊ ဉာဏသမ္ပယုတ် ဝိပဿနာဇောစိတ်အစဉ်သည် ဖြစ်နေ၏။ ထိုသို့ဖြစ်နေသောဝိပဿနာဇောစိတ်အစဉ်၌ ပါရှိနေသော ပညာစေတသိက်ကို၊ ဟုတ်မှန်သောနာမ်ခန္ဓာတို့၏ စုတိဟုဆိုအပ်သော ပျက်စီးခြင်းသဘောမရဏာကို မချွတ်မယွင်းဟုတ်တိုင်းမှန်စွာအာရုံပြု၍သိတတ်သောကြောင့် သမ္မာဒိဋ္ဌိဟုခေါ်ဆိုအပ်သည်၊ ထိုသမ္မာဒိဋ္ဌိကို မဂ္ဂ၊ အရိယမဂ္ဂဟုခေါ်ဆိုအပ်မှုကို ရှေးနည်းအတိုင်းသိကြလေ။ ထိုသမ္မာဒိဋ္ဌိအရိယမဂ္ဂဖြစ်လျှင်၊ သမ္မာသင်္ကပ္ပအစရှိသော ကျန်မဂ္ဂင်ခုနှစ်ပါးတို့သည်လည်း။ တပြိုင်နက်တချက်ထည်းထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်ပါကြကုန်သည်သာလျှင်တည်း။ ထိုသို့ဖြစ်ပါခြင်းကြောင့်ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။ အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည်လည်း ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့် ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ အရူပလေးဘုံမှစုတိဟုခေါ်ဆိုအပ်သောနာမ်ခန္ဓာတို့၏ ပျက်စီးခြင်းသဘောမရဏာကိုအာရုံပြု၍၊ သမ္မာဒိဋ္ဌိအမှူးရှိသောဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မဇ္ဈိမာပဋိပဒါအကျင့်ကို မှီဝဲကျင့်ကြံ

အပ်သည့်၏အဖြစ်သို့ရောက်သည်သာတည်း။ ထိုသို့ရောက်သည့်၏အဖြစ်ကို ထင်ရှားသိကြလေ။

ထိုမှတပါးလည်း ဒုင်းမရဏာသဘောသည်၊ ရှင်နေသော အသက်ဇီဝမဟုတ်သောကြောင့်။ဒုင်းမရဏာသဘောကိုရှင်နေသောအသက်ဇီဝမဟုတ်ဟူ၍အဘန်တလဲလဲ အာရုံပြုပြီးလျှင်။ဝိပဿနာဉာဏ်ဖြင့် ရှုအပ်၏။ထိုသို့ရှုတိုင်းရှုတိုင်း အသက်ဇီဝမဟုတ်မှန်းကိုသိတတ်သော သမ္မာဒိဋ္ဌိဝိပဿနာဉာဏ်အမှူးရှိသော်အဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ဇီဝအယူလည်းကင်း၏၊အဝိဇ္ဇာစသောကိလေသာတို့သည်လည်းကင်းကုန်၏။ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ထိုသို့ကင်းလွတ်နေခြင်းကြောင့် မဇ္ဈိမာပဋိပဒါ တည်းဟူသော ဖြူစင်သော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံအပ်သည့်၏အဖြစ်ကို သိကြလေ။ ထိုမှတပါးလည်း ထိုထိုဘုံတို့၌ဖြစ်ပေါ်လာသော ခန္ဓာတရားတို့၏ စုတိဟုခေါ်ဆိုအပ်သော ပျက်စီးခြင်းသဘော မရဏာတရားသည်။ အမှန်အမွှားစသော သတ္တာန်မှ ကင်းလျက်။မိမိ၏ပျက်စီးခြင်းသဘောလက္ခဏာကိုသာဆောင်ပြနေ၏။ ထိုသို့ဆောင်ပြခြင်းကြောင့် ဒုင်းမရဏာတရားသည် သတ္တဝါအတ္တမဟုတ်။ ဓမ္မသဘောသာ ဧကန်ဖြစ်ပေ၏ဟု အာရုံပြု၍သိနေအပ်၏။ ထိုသို့အာရုံပြု၍ သိတိုင်းသိတိုင်း သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏၊ ထိုသို့ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း သတ္တဝါအတ္တမဟုတ်သော ဓမ္မသဘောကိုမသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည်လည်း ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော ယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသော ဖြူစင်သော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံအပ်သည့်၏အဖြစ်ကိုထင်ရှားသိကြလေ။ ထိုပျက်စီးခြင်းသဘောမရဏာသည် ထိုထိုဘုံတို့၌။ခန္ဓာတို့၏ ပျက်စီးပြီးနောက် တခြားဘုံ၌ ခန္ဓာတို့၏ဖြစ်ပေါ်စခဏာ၌ပင် ကွယ်ပျောက်လေတော့၏။ ထိုသို့ကွယ်ပျောက်ခြင်းကြောင့် ဒုင်းမရဏာသဘောသည်လည်း စင်စစ်အမြဲမရှိသောအနိစ္စသဘောတရားသာလျှင်အမှန်ဖြစ်ပေ၏။ထိုသို့ဖြစ်သည့်၏အဖြစ်ကိုဘုရားရှင်သည်။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။ အာဟာရဝဂ်၌ဇရာမရဏံဘိက္ခဝေ၊အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ။ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံဟူ၍ ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ ပဋိသမ္ဘိဒါမဂ်

ပါဠိတော်အဘိညေယျအခဏ်းနံပါတ်( ၉ )မျက်နှာ၌။ဇရာမရဏော၊အနိစ္စာနုပဿနာ၊အဘိညေယျာဟူ၍ ဟောတော်မူအပ်သည့်ကိုထောက်၍လည်းကောင်း။ ၎င်းပါဠိတော် သဗ္ဗေသင်္ခါရာအနိစ္စာ အချက်တို့ကိုပြဆိုရာ အခဏ်း၌။ ဇရာမရဏံ၊ အနိစ္စံခယဋ္ဌေန ဟူ၍ ဟော တော် မူ အပ် သည့် ကိုထောက်၍လည်းကောင်း။ မရဏာတရားသည်စင်စစ်အနိစ္စသဘောတရားသာလျှင်ဖြစ်သည်၏ အဖြစ်ကို ပညာရှင်တို့သိအပ်၏။ ထိုသို့သိကြလျှင်လည်း ထိုမရဏာဟုဆိုအပ်သော ခန္ဓာတို့၏။ပျက်စီးခြင်းသဘောတရားကိုအမြဲမရှိသောသဘောတရားပါတကားဟု အာရုံပြု၍ပညာဖြင့်သိနေအပ်၏။ ထိုသို့ပညာဖြင့်သိတိုင်းသိတိုင်း မရဏတရား၏ အနိစ္စကို ရှုမြင်တတ်သောသမ္မာဒိဋ္ဌိအမှုးရှိသောဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း ခန္ဓာတို့၏ စုတိဟုဆိုအပ်သော ပျက်စီးခြင်းသဘောမရဏာ၏။ အနိစ္စသဘောကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွသော မရဏာကို နိစ္စဟုစွဲယူနေသော မိစ္ဆာဒိဋ္ဌိအမှုးရှိသော ကိလေသာတို့သည်လည်းကင်းကြကုန်၏။ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ထိုသို့အယုတ်တရားနှစ်ပါးတို့မှ ကင်းလွတ်နေခြင်းကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသော ဖြူစင်သောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မြဲဝကျင့်ကြံသည့်၏အဖြစ်သို့လည်းရောက်၏။ ထိုသို့ရောက်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။ ထိုမရဏာသဘောတရားသည်အနိစ္စသာဖြစ်သည်မဟုတ်သေး။ သင်္ခါရဒုက္ခတရားသည်း အမှန်ဖြစ်သည်သာတည်း။အဘယ်ကြောင့်ဒုက္ခတရားဖြစ်သေသနည်းဟူမူ။ထိုထိုဘုံတို့၌ခန္ဓာတို့၏စုတိဟုဆိုအပ်သော ပျက်စီးခြင်းသဘောမရဏာတရားသည် တဘန်ဆက်သွယ်၍။ ခန္ဓာတရားတို့၏ ဖြစ်ပေါ်စခဏ်း၌ပင် ပျက်စီးကွယ်ပျောက်သွားလေ၏။ ထိုသို့ပျက်စီးကွယ်ပျောက်သွားခြင်းကြောင့် ၎င်းမရဏာတရားကို၊ ဘင်တည်းဟူသောအပျက်တရားသည်နှိပ်စက်ပေ၏။ ထိုသို့ ဘင်တည်းဟူသော အပျက်တရားနှိပ်စက်ခြင်းကိုခံရသောကြောင့်။ ၎င်းခန္ဓာတို့၏။ စုတိဟုဆိုအပ်သော ပျက်စီးတတ်သော မရဏာတရားသည်။စင်စစ်သင်္ခါရဒုက္ခတရားဖြစ်ပေ၏။ ထိုသို့သင်္ခါရဒုက္ခဖြစ်သောကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်ဉာဏကထာအဘိညေယျ အခန်း၌။ဇရာမရဏော၊ဒုက္ခာနုပဿနာ အဘိညေယျာဟူ၍ဟောတော်မူအပ်သည့်ကို ထောက်၍လည်းကောင်း။ ယဒနိစ္စံ၊တံဒုက္ခံဟူ၍ ထိုသုံပါဠိတော်တို့၌ ဘုရားဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ မရဏာတရားကိုသင်္ခါရဒုက္ခဟူ၍

မှတ်ယူကြလေ။ ထိုမရဏာတရား၏ သစ္စာ ဒုက္ခချက်ကိုအာရုံပြု၍၊ ဝိပဿနာပညာဖြင့်၊ အဘန်တလဲလဲသိနေအပ်၏။ ထိုသို့ ဝိပဿနာပညာဖြင့် သိတိုင်းသိတိုင်း။ မရဏာတရား၏ဒုက္ခချက်ကို သိမြင်တတ်သော သမ္မာဒိဋ္ဌိအမှုးရှိသော၊ ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်း ဖြစ်တိုင်း။ မရဏာတရား၏ သစ္စာ ဒုက္ခချက်ကို မသိမမြင် တတ်သော အဝိဇ္ဇာ မောဟနှင့်တကွ။ မရဏာတရားကို သုခဟု စွဲယူနေသော။ မိစ္ဆာဒိဋ္ဌိ အမှုးရှိသော ကိလေသာတို့သည်လည်း ကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ ကင်းလွတ်သောကြောင့်။ မဇ္ဈိမာပဋိပဒါတည်းဟူသောဖြူစင်သောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံသည်၏အဖြစ်သို့လည်းရောက်၏။ ထိုသို့ရောက်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ဤမျှဖြင့် မရဏာဒုက္ခဟူသောပုဒ်၌ အကျုံးဝင်သော မရဏာသဘောကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသော ဖြူစင်သော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံအပ်ပုံကို ထင်ရှားသိကြလေ။

{မေး} အနတ္တတရားသာလျှင်ဖြစ်သော။ မရဏာတရားသည်၊ အနိစ္စတရားဖြစ်ခြင်းကြောင့်။ သစ္စာ ဒုက္ခတရားဖြစ်သည်၏အဖြစ်ကို ပြဆိုအပ်ပြီးသောနည်းအတိုင်းသိအပ်ပါပြီ။ ၎င်းမရဏာတရားသည်၊ ဒုက္ခအမျိုးမျိုးဖြစ်ကြောင်းကိုလည်းကောင်း။ ထိုဒုက္ခဖြစ်ကြောင်းကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါအကျင့်ကို မှီဝဲကျင့်ကြံပုံကိုလည်းကောင်း။ အဘယ်လို သိအပ်ပါမည်နည်း။

{ဖြေ} ဤပြဆိုအပ်သောနည်းကို အစဉ်မှီး၍ သိအပ်ပါသည်။ သိပုံမှာ။ အပါယ်ဘုံ၊ လူ့ဘုံ၊ နတ်ပြည်တို့၌၊ အစဉ်ဖြစ်နေသောခန္ဓာတို့၏၊ စုတိဟုဆိုအပ်သော၊ ပျက်စီးမှုမရဏာသဘောကြောင့်။ ပျက်စီးခါနီး၌၊ အမျိုးမျိုးသော အာရုံကြောင့်။ အဘန်တလဲလဲ စိတ်၏မသက်သာ ဆင်းရဲဒုက္ခသည် ဧကန်ဖြစ်ရပေ၏။ ထိုသို့စိတ်၏အဘန်တလဲလဲဆင်းရဲဒုက္ခဖြစ်ရခြင်းသည်။ စင်စစ်ခန္ဓာတို့၏ပျက်စီးခြင်းသဘောမရဏာကြောင့်ပင်ဖြစ်ပေ၏။ ထိုကြောင့်၊ မရဏာတရားသည် အမျိုးမျိုးသောစိတ်၏ဆင်းရဲခြင်းတရား၏ အကြောင်းတရားပေတည်းဟုအာရုံပြု၍ ပညာဖြင့် ဆင်ခြင်လျက်သိနေအပ်၏။ ထိုသို့ ပညာဖြင့် သိတိုင်း သိတိုင်း။ သမ္မာဒိဋ္ဌိအမှုးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ မရဏာတရား၏ ဒုက္ခဖြစ်ကြောင်းကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွသော။

မရဏသဘောကို သုခဖြစ်ကြောင်းဟု ထင်မှတ်စွဲယူနေသောမိစ္ဆာဒိဋ္ဌိအမှုးရှိသော ကိလေသာတို့သည်လည်း ကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ အယုတ်တရားနှစ်ပါးတို့မှကင်းလွတ်နေခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်။ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ အပါယ်ဘုံ၊လူ့ပြည် နတ်ပြည်တို့၌ဖြစ်သောခန္ဓာတို့၏၊ ဗုတိဟုဆိုအပ်သော ပျက်စီးခြင်း သဘောမရဏ၏ ပြဆိုအပ်ပြီးသော သေခါနီး၌။ အမျိုးမျိုး သော စိတ်ဆင်းရဲဒုက္ခဖြစ်ခြင်း၏ အကြောင်းကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါ တည်းဟူသော၊ အရိယ အဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီ၍ ကျင့်ကြံသည်၏အဖြစ်ကိုထင်ရှားသိကြလေ။

ထိုမှတပါး၊ အသညသတ်ကြဉ်သော ဗြဟ္မာ(၁၅)ဘုံ၌လည်းကောင်း။ အရူပလေးဘုံ၌လည်းကောင်း။ အသညသတ်ဘုံ၌လည်းကောင်း။ အစဉ်မပြတ်ဖြစ်နေသောခန္ဓာတို့၏ ဗုတိဟုဆိုအပ်သော ပျက်စီးမှု မရဏသဘောသည်။အကယ်၍ မရှိခဲ့သည်ဖြစ်အံ့၊အဘယ်မှာမရဏမီးလောင်ခြင်းသည် ဖြစ်ပါကုန်အံ့နည်း။စင်စစ်ဖြစ်မှုမရှိလေရာ။၎င်းဘုံတို့၌ဖြစ်ပေါ်သောခန္ဓာတို့၏ဗုတိဟုဆိုအပ်သော၊ပျက်စီးခြင်းသဘောမရဏတရားရှိ၍သာလျှင်။၎င်းဘုံတို့၌ဖြစ်သောခန္ဓာတရားကို၊ပျက်စီးခြင်းသဘောမရဏမီးသည် လောင်ကျွမ်းစေ၏။ထိုသို့မရဏမီးလောင်ကျွမ်းစေခြင်းကြောင့်။၎င်းရူပဘုံ၊ အရူပဘုံ၊ အသညသတ်ဘုံတို့၌။အစဉ်မပြတ်ဖြစ်နေသောခန္ဓာတရားတို့သည်။ စင်စစ် သင်္ခါရဒုက္ခအဖြစ်သို့ရောက်ကြကုန်၏။ထိုသို့ သင်္ခါရဒုက္ခအဖြစ်သို့ရောက်ရခြင်းသည်။ စင်စစ်ပျက်စီးခြင်းမရဏကြောင့်ပင် ဖြစ်ပေ၏။ ထိုသို့ဖြစ်ကြောင်းကို အဘန်တလဲလဲ ပညာဖြင့် ဆင်ခြင်၍ရှုကြလေ။ ထိုသို့ရှုကြတိုင်းရှုကြတိုင်း။ မရဏ၏အဖြစ်ကို မြင်တတ်သော ဝိပဿနာပညာသည်ဖြစ်၏။ထိုဝိပဿနာပညာဖြစ်တိုင်းဖြစ်တိုင်း။သမ္မာဒိဋ္ဌိအမှုးရှိသော အဋ္ဌင်္ဂိကဝိပဿနာမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။ မရဏတရား၏ သင်္ခါရဒုက္ခဖြစ်ခြင်း၏အကြောင်းကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွ၊ မရဏကို သုခဖြစ်ကြောင်းဟု စွဲယူနေသော မိစ္ဆာဒိဋ္ဌိအမှုးရှိသော ကိလေသာတို့သည်လည်း ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသောအယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့အယုတ်တရားနှစ်ပါးတို့မှ-ကင်းလွတ်နေခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိ

ပဿနာအဋ္ဌင်္ဂိကမဂ်ကို။မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်၊ ထိုသို့ခေါ်ဆို
အပ်သောကြောင့်။အသညသတ်ကြည့်သောရုပ(၁၅)ဘုံ၊ အရူပ(၄)ဘုံ၊ အ
သညသတ်ဘုံတို့၌ဖြစ်သောခန္ဓာတရားတို့၏ ရုတိဟုဆိုအပ်သော ပျက်စီး
ခြင်းသဘောမရဏ၏ ၎င်းနှင့်စပ်သောခန္ဓာတရားတို့၏ မရဏမီးလောင်
ကျွမ်းခြင်းကို ခံရသောကြောင့်ဖြစ်သော သင်္ခါရဒုက္ခဖြစ်ကြောင်းကို အာ
ရုံပြု၍၊ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိက ဝိပဿနာမဂ်ကို
နှိဝဲကျင့်ကြံသည်၏အဖြစ်ကို ထင်ရှားသိကြလေ။

{မေး} ထိုမရဏတရားကိုအဘယ်သို့ဝိဂြိုဟ်ပြုအပ်ပါမည်နည်း။

{ဖြေ} မရန္တိ အနေနာတိ၊ မရဏံဟု ကရဏသာဓနကိတ်ဝိဂြိုဟ်ပြုအပ်
ပါသည်။တနည်း မရိယတေတိမရဏံဟူ၍ ဘာဝသာဓနဝိဂြိုဟ်ပြုလုပ်အပ်
ပါသည်။ မြန်မာပြန်ကား အနေန၊ ဤစုတိဟုဆိုအပ်သော ပျက်စီးခြင်းသ
ဘောဖြင့်။ သတ္တာ၊ထိုထိုဘုံ၌အစဉ့်မပြတ်ဖြစ်နေကုန်သော သတ္တဝါဟုသ
မုတ်အပ်သော ခန္ဓာတို့သည်၊ မရန္တိ၊ ပျက်စီးကွယ်ပျောက်တတ်ကုန်၏။
ဣတိတသ္မာ၊ ထိုသို့သတ္တဝါဟုသမုတ်အပ်သော ခန္ဓာတို့၏ ပျက်စီးကွယ်
ပျောက်ခြင်း၏ အကြောင်းဖြစ်သောကြောင့်၊ တံ၊ ထိုသဘောတရားသည်။
မရဏံ၊မရဏမည်၏။ မရိယတေ၊ ပျက်စီးခြင်း။ မရဏံ၊ပျက်စီးခြင်း။ ၎င်း ထို
ဘုံတို့၌၊ အစဉ်ဖြစ်နေသော ခန္ဓာတို့၏၊ စုတိဟုဆိုအပ်သော ပျက်စီးခြင်း
သဘောမရဏကိုရ၏။

ဤမျှအစဉ်ဖြင့် မရဏတရားကိုလည်းကောင်း။မရဏ၏အမျိုးမျိုးဒုက္ခ
၏ဖြစ်ကြောင်းကိုလည်းကောင်း။ အာရုံပြု၍မဇ္ဈိမာပဋိပဒါအကျင့်ကို နှိဝဲ
ကျင့်ကြံအပ်ပုံကိုပြဆိုအပ်သောနည်းပြီး၏။

{မေး} ထိုပြဆိုအပ်ပြီးသော ဇာတိ ဇရာ မရဏ တရားသုံးပါးတို့သည်
ဒုက္ခကိုဖြစ်စေရာ၌။ ဥပမာအားဖြင့် ဘယ်လို အဋ္ဌကထာဆရာတို့ပြဆိုတော်
မူအပ်ပါသနည်း။

{ဖြေ} အပိစဣမာနိ ဇာတိ ဇရာ မရဏာနိနာမ၊ဣမေသံသတ္တာနံ၊ ဝဓ
ကပစ္စာမိတ္တာဝိယ။ဩတါရံဂဝေသန္တာဝိစရန္တိ၊ယထာဟိပုရိသဿ၊တိ
သုပစ္စာမိတ္တေသု၊ ဩတာရပေက္ခေသု၊ ဝိစရန္တေသု၊ဧကောဝဒေယျ၊ အ
ဟံ၊ အသုကအရညဿနာမဝဏ္ဏံ၊ ကထေတွာ ဇေတံအာဒါယ၊ တစ္ဆဂမိ
ဿာမိ၊ ဒုတိယော ဝဒေယျ၊ အဟံတဝတော်ဂ
ပေတွာ ဂတကာလေ ပေါထေတွာ၊ ဒုဗ္ဗလံကရိဿာမိ၊ ဌျေမယှံ ဒုက္ခရံ
နစ္ဆိတိ၊ တတိယော ဝဒေယျ၊ တယာတေသွိံ ပေါထေတွာ၊ ဒုဗ္ဗလေက
တေ၊ တိဏှေန အသိနာ၊ သီသစ္ဆေဒနံနာမ၊ မယှံ ဘာရောဟောတုတိ၊

တေဧဝဝတွာတထာကရေယျုံ၊တတ္ထ၊ပဌမပစ္စါမိတ္တဿ၊အရညဿဝဏ္ဏ ကထေတွာ၊ တံအာဒါယ၊ တတ္ထဂတကာလေဝိယ၊ သုမာဇ္ဇဉာတိမဏ္ဍ လတော၊ နိက္ခမိတွာ၊ယတ္ထကတ္ထစိ၊ နိဗ္ဗတ္တာပနံနာမ၊ဓာတိယာကိစ္စံ၊ဒုတိ ယဿပေါထေတွာ၊ဒုဗ္ဗလကရဏံဝိယ၊ နိဗ္ဗတ္တကုစ္ဆေသု၊ နိပတိတွာ၊ပရာ ဓိနမဇ္ဈု၊ ပရာယနဘာဝကရဏံ၊ ဇရာယကိစ္စံ၊ တတိယဿ၊ တိက္ခေနအ သိနာ သီသစ္ဆေဒနံဝိယ၊ ဇီဝိတက္ခယပါပနံ၊ မရဏဿကိစ္စန္တိဝေဒိတဗ္ဗံ၊ အပိစေတ္ထ၊ဇာတိ၊ဒုက္ခံ၊သာဒီနဝ၊မဟာကန္တာရပ္ပဝေသောဝိယဒဋ္ဌဗ္ဗံ၊ဇရာ ဒုက္ခံ၊ တတ္ထအန္နပါနရဟိတဿ၊ ဒုဗ္ဗလံဝိယဒဋ္ဌဗ္ဗံ၊ မရဏဒုက္ခံ၊ ဒုဗ္ဗလဿ ဣရိယာပထဝတ္တနေ၊ဝိဟတပရက္ကမဿ၊ ဝါဠာဒီဟိ၊ အနယဗျသနာပါ ဒနံဝိယဒဋ္ဌဗ္ဗံ ဟူ၍ပြဆိုအပ်သော သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်း အဖွင့်ကျမ်းနံပါတ်(၇၇)မျက်နှာ၌ပြဆိုအပ်သည်ကိုထောက်၍ သိအပ်ကြ ပါသည်။ အနက်သိကြောင်းမြန်မာပြန်ကား၊ အပိစ အပရောနယော နည်း တပါးကို။ မယာ၊ ငါအဋ္ဌကထာဆရာသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ ဣမာနိဇာ တိ ဇရာ မရဏာနိနာမ၊ ဤဇာတိ ဇရာ မရဏတို့မည်သည်ကား။ ဣမေသံ သတ္တာနံ၊ ဤသတ္တဝါတို့အား။ ဝဓကပစ္စာမိတ္တာဝိယ၊ သတ်တတ်သော ရန်သူတို့ကဲ့သို့။ ဩတာရံ၊ အခွင့်ကို။ ဂဝေသန္တာ၊ ရှာမှီးကုန်လျက်။ ဝိစ ရန္တိ၊ သွားကုန်၏။ ဟိဝိတ္ထာရမေဝ၊ ထိုစကားကိုချဲ့ဦးအံ့။ ပုရိသဿ၊ ယော ကျ်ား၏။ တီသု၊ သုံးယောက်ကုန်သော။ ပစ္စာမိတ္တေသု၊ ရန်သူတို့သည်။ ဩ တာရပေက္ခေသု၊ အခွင့်ကိုငဲ့ကုန်သည်ဖြစ်၍။ ဝိစရန္တေသု၊ သွားကုန်သည် ရှိသော်။ ဝါ၊ လှည့်လည်ကုန်သည်ရှိသော်။ တီသု၊ သုံးယောက်ကုန်သော ပစ္စာမိတ္တေသု၊ ရန်သူတို့တွင်။ ဧကော၊ တယောက်သောရန်သူယောကျ်ား သည်။ အဟံ၊ ငါသည်။ အသုကဿ၊ ဤအမည်ရှိသော။ အရညဿ၊ တော ၏။ နာမဝဏ္ဏံ၊ အမည်ကျေးဇူးကို။ ကထေတွာ၊ ဆို၍။ ဧကံ၊ ဤယောကျ်ား ကို။ အာဒါယ၊ ယူ၍။ တတ္ထ၊ ထိုတောသို့။ ဂမိဿာမိ၊ သွားအံ့။ ဧတ္ထ၊ ဤအမှု ကိုပြုခြင်း၌။ မယှံ၊ ငါ့အား။ ဒုက္ကရံ၊ ခဲယဉ်းခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။ ဒုတိယော၊ နှစ်ယောက်တို့၏ ပြည့်ကြောင်းဖြစ်သော ရန်သူယောကျ်ားသည်။ အဟံ၊ ငါသည်။ တဝ၊ သင်၏။ ဧတံ၊ ဤယောကျ်ား ကို။ ဝနံ၊ တောသို့။ ဂဟေတွာ၊ ယူ၍။ ဂတကာလေ၊ ရောက်သောအခါ၌။ ပေါ ထေတွာ၊ ပုတ်ခတ်၍။ ဒုဗ္ဗလံ၊ အားနည်းခြင်းကို။ ကရိဿာမိ၊ ပြုအံ့။ ဧတံ၊ ဤအမှုကိုပြုခြင်း၌။ မယှံ၊ ငါ့အား။ ဒုက္ကရံ၊ ခဲယဉ်းခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။ တတိယော၊ သုံးယောက်တို့၏ ပြည့်ကြောင်းဖြစ် သောရန်သူယောကျ်ားသည်။ တယာ၊ သင်သည်။ ဧတသ္မိံ၊ ထိုယောကျ်ား

ကို။ ပေါထေတွာ၊ပုတ်ခတ်၍။ ဒုဗ္ဗလေ၊အားနည်းခြင်းကို။ ကတော၊ပြုအပ်ပြီးသည်ရှိသော်။ တိဏ္ဍေန၊ ထက်စွာသော။ အသိနာ၊ သံလျက်ဖြင့်။ သိသန္တေဒနံနာမ၊ဦးကျောင်းကိုဖြတ်ခြင်းမည်သည်။ မယှံ၊ငါ၏။ ဘာရော၊ဝံသည်။ဟောတု၊ဖြစ်စေ။ဣတိ၊ဤသို့။ ဝဒေယျ၊ဆိုရာ၏။ တေ၊ထိုသုံးယောက်သောယောကျ်ားတို့သည်။ ဧဝံ ဤသို့။ ဝတွာ၊ဆိုကုန်ပြီး၍။ တထာ၊ထိုဆိုတိုင်း။ ကရေယျုံ၊ ပြုကုန်ရာ၏။ တဲ့ဥ္ဆု၊ ထိုဥပမာ၌။ ပဌမပစ္စာမိတ္တာဿ၊ ရှေးဦးစွာသော ရန်သူယောကျ်ား၏။ အခ္ခညဝဏ္ဏံ၊ တော၏ကျေးဖူးကို။ ကထေတွာ၊ဆို၍။ တံ၊သိုယောကျ်ားကို။အာဒါယ၊ယူ၍။ တဥ္ဆု၊ထိုတောသို့။ ဂတကာလောဝိယ၊ သွားသောအခါကဲ့သို့။ သုမာဇ္ဇညာတိမဏ္ဍလတော။ အဆွေခင်ပွန်း၊ အဆွေအမျိုးအပေါင်းမှ။ နိက္ခမိတွာ၊ ငင်၍။ ဝါ။ ထုတ်၍၊ ယဉ္ဇကဥ္ဆုစိ၊ အမှတ်မရှိသောအရာ၌။ နိဗ္ဗတ္တာပနံနာမ၊ ဖြစ်စေခြင်းမည်သည်ကား။ ဇာတိယာ၊ဇာတိ၏။ကိစ္စံ၊ကိစ္စတည်း။ ဒုတိယဿ၊ နှစ်ယောက်တို့၏။ ပြည့်ကြောင်းဖြစ်သောရန်သူယောကျ်ား၏။ ပေါထေတွာ၊ပုတ်ခတ်၍။ဒုဗ္ဗလကရဏံဝိယ၊အားနည်းခြင်းကိုပြုသကဲ့သို့။နိဗ္ဗတ္တက္ခန္ဓေသု၊ ဖြစ်သောခန္ဓာတို့၌။ နိပတိတွာ၊ကျ၍။ ပရာဓိနမဥ္ဇပရာယနဘာဝကရဏံ၊သူတပါးနှင့်စပ်ယှက်သည့်၏အဖြစ်။သြောင်စောင်း လျှင် လည်းရောင်းရာရှိသည့်၏အဖြစ်ကိုပြုခြင်းသည်။ဇရာယ ဇရာ၏။ ကိစ္စံ ကိစ္စတည်း။ တတိယဿ သုံးယောက်တို့၏ပြည့်ကြောင်းဖြစ်သောယောကျ်ား၏။ တိဏ္ဍေန၊ထက်သော။အသိနာ၊သံလျက်ဖြင့်။ သိသန္တေဒနံဝိယ၊ဦးကျောင်းကိုဖြတ်သကဲ့သို့။ဇီဝိတက္ခယပါပနံ၊အသက်ကုန်ခြင်းသို့ရောက်စေခြင်းသည်။ မရဏဿ၊မရဏ၏။ ကိစ္စံ။ကိစ္စတည်း။ဣတိ။ဤသို့။ ဝေဒိတဗ္ဗံ၊သိအပ်၏။ ဧတ္ထ။ဤဇာတိဇရာမရဏတို့၌။ အပိစ အပရေနယော။ တပါးသောနည်းကို။မယာ၊ ငါအမ္မတ္ထာဆရာသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ ဇာတိဒုက္ခံ။ဇာတိကြောင့်ဖြစ်သော ဆင်းရဲကို။ သာဒီနဝမဟာကန္တာရမ္ဗဝေသောဝိယ။ အပြစ်ရှိသော ကြီးစွာသော ခရီးခဲသို့ သွားသကဲ့သို့။ ဒဋ္ဌဗ္ဗံ။ မှတ်အပ်၏။ဝါ။ ရှုအပ်၏။ ဇရာဒုက္ခံ။ဇရာကြောင့်ဖြစ်သောဆင်းရဲကို။ တဥ္ဆု။ထိုကန္တာရခရီးခဲ၌။ အန္နပါနရဟိတဿ။ထမင်းအဖျော်မှကင်းသောယောကျ်ား၏။ ဒုဗ္ဗလံဝိယ။အားနည်းသကဲ့သို့။ ဒဋ္ဌဗ္ဗံ။မှတ်အပ်၏။ဝါ။ ရှုအပ်၏။ မရဏဒုက္ခံ။ သေကြေပျက်စီးခြင်းကြောင့်ဖြစ်သော ဆင်းရဲကို။ ဣရိယာပထပဝတ္တနေ ဣရိယာပုတ်ကိုဖြစ်စေခြင်း၌။ ဝိဟတပရက္ကမဿ။ ကင်းသောအားထုတ်ခြင်းရှိသော။ဝါ။ အားထုတ်ခြင်းမှကင်းသော။ ဒုဗ္ဗလဿ။ အားနည်းသောယောကျ်ား၏။ ဝါဠာဒီဟိ။ သားရဲအစရှိသည်တို့ကြောင့်။ အနယဗျသနာ

ပါဒန္နံပိယ။ချမ်းသာမရှိ ပျက်စီးခြင်းသို့ရောက်သကဲ့သို့။ ဧဋ္ဌဗ္ဗံ။မှတ်အပ်၏။ ဝါ။ရှုအပ်၏။ ဤအဋ္ဌကထာ ပြချက်အဓိပ္ပါယ်အကျဉ်းချုပ်မှာ။ ရန်သူသုံးယောက်တို့သည် တိုင်ပင်ကြ၍။ လူတယောက်ကို တယောက်သောရန်သူက တောသို့ဆောင်လာ၏။ တယောက်သောရန်သူသည် ထိုယောက်ျားကို အားနည်းအောင်ရိုက်ပုတ်၏။တယောက်သောရန်သူသည် ထိုအားနည်းနေသောလူကိုထက်စွာသောသံလျက်ဖြင့်ဦးခေါင်းကိုဖြတ်ပိုင်းကျစေ၏။ ဤကား ဥပမာ။ ဥပမေယျအဘူ တောသို့ထုတ်ဆောင်လါသောယောက်ျားရန်သူကဲ့သို့။ ဇာတိသည် ထိုထိုဘုံတို့၌ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ ဖြစ်ပေါ်စေ၏။ ထိုသို့ခန္ဓာငါးပါးရုပ်နာမ်တရားတို့ ဖြစ်ပေါ်လာသောအခါ အားနိုးအောင်ရိုက်ပုတ်တတ်သောရန်သူကဲ့သို့။ ဇရာတရားသည် ၎င်းဖြစ်ပေါ်သော ခန္ဓာတရားတို့ကို အားနည်းအောင်ပြုလုပ်ပေ၏။ ပုတ်ခတ်၍အားနည်းသောယောက်ျား၏ ဦးခေါင်းကိုသံလျက်ဖြင့်ဖြတ်ပိုင်းသော ရန်သူယောက်ျားကဲ့သို့။အားနည်းသောခန္ဓာငါးပါးရုပ်နာမ်တရားတို့ကိုပျက်စီးကွယ်ပျောက်အောင် မရဏတရားသည်ပြုလုပ်ပေ၏ဟူသော ဥပမာ ဥပမေယျအဓိပ္ပါယ်ကိုပြဆိုပေ၏ဟုမှတ်။

တနည်း ဇာတိဒုက္ခကို အလွန်အစားအစာရှားပါးသော ကန္တာရခရီးခဲသို့ ရောက်သောယောက်ျားကိုကဲ့သို့မှတ်။ ဇရာတရားဒုက္ခကို ကန္တာရခရီးခဲ၌။ အစားအာဟာရစသည်တို့ကို မစားမသောက်ရ၍ ဆင်းရဲဒုဗ္ဗလဖြစ်နေသော ယောက်ျားကဲ့သို့မှတ်။ မရဏဒုက္ခကို ထိုဆင်းရဲဒုဗ္ဗလဖြစ်၍နေစဉ်။ ကျားရဲစသည်ကိုက်သတ်၍ပျက်စီးခြင်းသို့ရောက်သောယောက်ျားကိုကဲ့သို့မှတ်အပ်၏ဟူသော အဓိပ္ပါယ်ကိုသိစေတော်မူအပ်၏။ ထိုပြဆိုအပ်သော အဋ္ဌကထာရှင်၏အလိုအားဖြင့်။ ဇာတိ ဇရာ မရဏတရားတို့ကို ပညာရှင်တို့နှလုံးသွင်း၍။မဇ္ဈိမာပဋိပဒါအကျင့်ကိုကျင့်အပ်၏။ ကျင့်ပုံမှာ အပါယ်လေးဘုံ။ လူ့ဘုံ။ နတ်ပြည်။ ရူပဗြဟ္မာ။ အရူပဗြဟ္မာဘုံ။ တို့၌၊ အကြောင်းကံအခွဲးလျော်စွာ။ ခန္ဓာငါးပါး၊ ခန္ဓာတပါး။ ခန္ဓာ၄ လေး ပါး တို့သည်။ဇာတိဟူသောအကြောင်းကြောင့်ဖြစ်ပေါ်လာကြကုန်၏။ ထိုသို့ဖြစ်ပေါ်လာသောခန္ဓာတရားတို့သည်။ စင်စစ်ဖြစ်ပေါ်ခြင်းသဘောဇာတိကို မှီ၍သာလျှင်။ ထိုထိုဘုံ၌ထင်ရှားကုန်၏။ ထိုသို့ထင်ရှားကုန်သော ခန္ဓာတရားတို့ကို၊ ဇာတိသည် ထိုထိုဘုံတို့၌ ထင်ရှားအောင် ထုတ်ဆောင်ထားသည်မည်၏။ထိုဇာတိထုတ်ဆောင်ထားသော၊ အစဉ်မပြတ်ဖြစ်နေသော ခန္ဓာတရားတို့ကို။ ဇရာတရားသည် အစဉ်အားနည်း။ ဒုဗ္ဗလဖြစ်အောင်ပြုလုပ်ပေ၏။ ထိုသို့ဇရာနှိပ်စက်၍အားနည်း။ ဒုဗ္ဗလဖြစ်နေသော ခန္ဓာတရား

တို့ကို။ ရတိဟုဆိုအပ်သော။ ပျက်စီးခြင်းမရဏာတရားသည် ပျက်စီးကွယ်ပြောက်အောင်လုပ်ပေ၏။ ဤသို့လျှင် အစဉ်မပြတ် ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း။ ဇရာသည် အားနည်းအောင်ညှဉ်းပမ်း၍ မရဏာသည် ပျက်စီးကွယ်ပြောက်အောင်ပြုလုပ်ပေ၏။ ထိုသို့ပြုလုပ်တတ်သောဇာတိဇရာမရဏာတို့၏ အဖြစ်တို့ကို၊ အဘန်တလဲလဲ အာရုံပြု၍ပညာဖြင့် ဆင်ခြင်၍သိနေအပ်၏။ ထိုသို့သိတိုင်းသိတိုင်း၊ ဇာတိဇရာ မရဏာတို့၏အဖြစ်ကိုသိမြင်တတ်သော သမ္မာဒိဋ္ဌိအမျိုးရှိသော ဝိပဿနာ အဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထို ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ဇာတိဇရာမရဏာ၏အဖြစ်ကို မသိမမြင်တတ်သောအဝိဇ္ဇာမောဟနှင့်တကွသောကိလေသာတို့သည်လည်း ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေသောကြောင့်၊ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသောဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်။ သို့ခေါ်ဆိုအပ်သောကြောင့်။ အလုံးစုံသောဘုံတို့၌ဖြစ်သော ဇာတိဇရာမရဏာတရားတို့၏အဖြစ်ကို အာရုံပြု၍၊ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို ခံ့ပဲ့ကျင့်ကြံသည်၏အဖြစ်သို့လည်းရောက်၏။ ထိုသို့ရောက်သည်၏အဖြစ်ကိုလည်းထင်ရှားသိကြလေ။ ထိုသို့ဇာတိဇရာမရဏာတို့၏အဖြစ်ကို၊ အဘန်တလဲလဲ ဝိပဿနာပညာဖြင့်ရှု၍မြင်လေလျှင်။ ဘုံသုံးပါး၌ဖြစ်ပေါ်မှုကိုအလိုမရှိဘဲ စက်ဆုတ်ငြီးငွေ့လျှင်၊ ၎င်းတို့မှလွတ်ရာကိုရှာသော် စင်စစ်ဖြစ်ပေါ်နှင့်ဆန့်ကျင်ဘက်ဖြစ်သော။ မဖြစ်ပေါ်သောသဘောလက္ခဏာတည်းဟူသော၊ နိရောဓသစ္စာနိဗ္ဗာန်ကိုသာ မြင်လေတော့၏။ ထိုမဖြစ်ပေါ်သော သဘောတရားတရသာ စင်စစ်ဇာတိမှလည်းလွန်မြောက်။ ဇာတိနှင့် မကင်းသောတရားတို့မှလည်းလွန်မြောက်၍အမြဲတည်နေသောတရား။ အမြဲချမ်းသာနေသောတရားပေတည်းဟု။ အသင်္ခတဓာတ်နိဗ္ဗာန်ကို အာရုံပြု၍ ဉာဏ်အမြင်ရောက်လေတော့၏။ ထိုအချက်တို့ကို နိရောဓသစ္စာကိုရောက်မှုပြဆိုလတ္တံ့သတည်း။

{မေး} မရဏာဒုက္ခတည်းဟူသော သင်္ခါရအာရုံကို အာရုံပြု၍၊ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ဖြစ်ပုံကို သိအပ်ပါပြီ။ အဗ္ဗိဿယဟိသမ္ဘယောဂဟူသော ဒေသနာတော်အရမချစ်အပ်မနှစ်သက်အပ်သောအာရုံတို့နှင့်ပေါင်းဆုံရခြင်းကြောင့်၊ ဒုက္ခဖြစ်ပုံ ဒုက္ခဖြစ်ကြောင်းကို အာရုံပြု၍၊ မဇ္ဈိမာပဋိပဒါအကျင့်ဖြစ်သော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ဖြစ်ပုံကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဤပြဆိုလတ္တံ့သော နည်းကိုအမှီပြု၍သိအပ်ပါသည်။သိပုံမှာ ထိုထိုဘုံတို့၌ အကြင်အကြင်မချစ်မနှစ်သက်အပ်သော ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သောအာရုံငါးပါးတို့တွင်။တပါးသောအာရုံနှင့် ပေါင်းဆုံမိတိုင်းမိတိုင်း။ စိတ်၌မသက်သာခြင်းဆင်းရဲဒုက္ခသည်လည်းကောင်း။ တရံတခါကိုယ်၌ဆင်းရဲခြင်းဒုက္ခသည်လည်းကောင်း။မချဧကန်ဖြစ်ရပေ၏။ ထိုသို့ဒုက္ခဖြစ်ရခြင်းသည် စင်စစ်မချစ်မနှစ်သက်သော အာရုံနှင့်ပေါင်းဆုံခြင်းကြောင့်သာဖြစ်၏ဟုအာရုံပြု၍။ ပညာဖြင့်သိနေအပ်၏။ ထိုသို့သိတိုင်းသိတိုင်း မချစ်မနှစ်သက်အပ်သော အာရုံနှင့် ပေါင်းဆုံခြင်းကြောင့်။ဒုက္ခဖြစ်ရခြင်းအဖြစ်ကို ဟုတ်တိုင်းမှန်စွာသိမြင်တတ်သောသမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း မချစ်မနှစ်သက်အပ်သော အာရုံနှင့် ပေါင်းဆုံခြင်းကြောင့် ဒုက္ခဖြစ်ရခြင်းကို။ မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည်လည်းကင်းကြကုန်၏။ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့အယုတ်တရား နှစ်ပါးမှကင်းလွတ် နေခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့် မချစ် မနှစ်သက်အပ်သောအာရုံနှင့်ပေါင်းဆုံခြင်းကြောင့်။ဒုက္ခဖြစ်ရခြင်းကိုအာရုံပြု၍ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို။မှီ၍ကျင့်ကြံသည့်၏အဖြစ်ကိုထင်ရှားသိကြလေ။

အကြင်အကြင်သူတို့အား ထိုမှတပါး တနည်းသိပုံမှာ။ ထိုထိုဘုံတို့၌ မချစ်မနှစ်လိုအပ်သော အကျိုးမဲ့ကို ပြုလုပ်လိုသော။ သတ္တဝါဟုခေါ်ဆိုအပ်သော။ ရန်သူဟုသမုတ်အပ်သော ခန္ဓာငါးပါး တရားအပေါင်းတို့နှင့် ပေါင်းဆုံရခြင်းကြောင့်။ ကာယိကဒုက္ခဝေဒနာ၊မာနသိကဒုက္ခဝေဒနာတရားတို့သည် ဧကန်ဖြစ်ကြကုန်၏။ထိုဖြစ်သောဒုက္ခဝေဒနာတို့သည် စင်စစ်မချစ်မနှစ်သက်သော မိမိ၏အကျိုးမဲ့ကိုပြုလုပ်တတ်သောရန်သူဟုသမုတ်အပ်သော ခန္ဓာငါးပါးတရားအပေါင်းတို့နှင့် ပေါင်းဆုံရခြင်းကြောင့်သာဖြစ်ပေ၏ဟု အာရုံပြု၍ပညာဖြင့်သိနေအပ်၏။ ထိုသို့ပညာဖြင့်သိတိုင်းသိတိုင်းမချစ်မနှစ်အပ်သောမိမိ၏အကျိုးမဲ့ကိုပြုလုပ်တတ်သောရန်သူဟုသမုတ်အပ်သော။ ခန္ဓာငါးပါးတရားအပေါင်းတို့နှင့် ပေါင်းဆုံခြင်းကြောင့်။ ဒုက္ခ ဖြစ်ရခြင်းအဖြစ်ကို ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော။သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာ အဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏၊ ထိုဝိပဿနာ အဋ္ဌင်္ဂိကမဂ်

ဖြစ်တိုင်း။မချစ်မနှစ်အပ်သော အကျိုးမဲ့ကိုပြုလုပ်တတ်သောခန္ဓာငါးပါး တရားအပေါင်းတို့နှင့် ပေါင်းဆုံခြင်းကြောင့်။ ဒုက္ခဖြစ်ရခြင်းကို မသိမမြင် တတ်သောအဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့ သည် လည်း။ ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ အယုတ်တရားနှစ်ပါးတို့မှ ကင်းလွတ်နေခြင်းကြောင့်။ ထို ဖြစ် တိုင်း ဖြစ် တိုင်းသော်အရိယာအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို၊မဇ္ဈိမာပဋိပဒါဟူ၍ခေါ်ဆိုအပ် လေသည်။ထိုသို့ခေါ်ဆိုအပ်သောကြောင့်။မချစ်မနှစ်သက်အပ်သော။ မိမိ ၏အကျိုးမဲ့ကိုပြုလုပ်တတ်သောရန်သူဟုသမုတ်အပ်သောခန္ဓာငါးပါးတ ရားအပေါင်းတို့နှင့်ပေါင်းဆုံခြင်းကြောင့်။ဒုက္ခဖြစ်ရခြင်းကိုအာရုံပြု၍။ မဇ္ဈိ မာပဋိပဒါတည်းဟူသော အရိယာအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို နှိဝကျင့်ကြံ အပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။

{မေး} ထိုပြဆိုအပ်သောနည်းအတိုင်း။မချစ်မနှစ်သက်အပ်သောအာရုံ ဝတ္ထုတို့နှင့် ပေါင်းဘော်ရခြင်းကြောင့် ဒုက္ခဖြစ်ရပုံကို ဘုရားဟောပါဠိ ရှိ မရှိကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} တတ္ထကတမော၊ အပ္ပိယေဟိ သမ္ပယောဂေါဒုက္ခော။ဣဓယဿ တေဟောန္တိ၊အနိဋ္ဌာ၊အကန္တာ၊ အမနာပါ၊ရူပါ၊သဒ္ဒါ၊ဂန္ဓာ၊ရသာ၊ဖောဋ္ဌ ဗ္ဗာ၊ယေဝါပနဿ၊တေဟောန္တိ၊အနတ္ထကာမာ၊ အဟိတကာမာ၊ အဖါသု ကကာမာ၊အယောဂက္ခေမကာမာ၊ယာတေဟိ၊သင်္ဂတိ၊ သမာဂမော၊သ မောဓာနံ၊မိဿီ၊ဘာဝေါ၊အယံဝုစ္စတိ၊အပ္ပိယေဟိ၊သမ္ပယောဂေါ၊ဒုက္ခော ဟူ၍။အဘိဓမ္မာဝိဘင်းပါဠိတော် သစ္စဝိဘင်း၌ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း။ ထိုမှတပါး။ သုတ်မဟာဝါပါဠိတော် သတိပ ဋ္ဌာန်သုတ်။ဒုက္ခသစ္စာကိုဟောရာအခန်း၌ လာရှိသည်ကိုထောက်၍လည်း ကောင်း။ ထိုထိုပါဠိတော်တို့၌ ထိုနည်းအတူ။ ဘုရားဟောလာရှိသည်တို့ ကိုထောက်၍လည်းကောင်းသိအပ်ပါသည်။

အနက်သိကြောင်းမြန်မာပြန်ကား။ ။ တတ္ထ၊ ထိုဇာတိပိဒုက္ခအစ ရှိသောပါဠိတို့တွင်။ အပ္ပိယေဟိ၊ မချစ်မနှစ်သက်အပ်သော အာရုံဝတ္ထုတို့ နှင့်။ သမ္ပယောဂေါ၊ ယှဉ်ခြင်းကြောင့်ဖြစ်သော။ ဒုက္ခော၊ ဒုက္ခသည်။ ဝါ။ ဆင်းရဲခြင်းသည်။ကတမော၊အဘယ်နည်း။ဣဓ၊ ဤလောက၌။အနိဋ္ဌာ၊ အ လိုမရှိအပ်ကုန်သော။အကန္တာ၊မနှစ်သက်အပ်ကုန်သော။အမနာပါ။ စိတ် နှစ်လုံးကိုမပွားစေအပ်ကုန်သော။ရူပါ။အကြင်ရူပါရုံအဆင်းတို့သည် လည်းကောင်း။ သဒ္ဒါ၊ အကြင်သဒ္ဒါရုံ အသံတို့သည် လည်းကောင်း။

ယေဂန္ဓာ၊အကြင်ဂန္ဓာရုံ အနံ့တို့သည်လည်းကောင်း။ ယေရသာ၊ အကြင်ရသာရုံ အရသာတို့သည်လည်းကောင်း။ယေဖေါဋ္ဌဗ္ဗာ၊အကြင်ဖေါဋ္ဌဗ္ဗာရုံ အတွေ့တို့သည်လည်းကောင်း။သန္တိ၊ရှိကုန်၏။တေ၊ထိုအာရုံတရားတို့သည် အဿ၊ထိုသူအား။ဟောန္တိ၊ဖြစ်ကုန်၏။ဝါပန၊တနည်းသော်ကား။ယေအကြင်သူတို့သည်။အနဋ္ဌကာမာ၊အကျိုးမဲ့ကိုအလိုရှိကုန်၏။အဟိတကာမာ၊စီးပွားမဲ့ကိုအလိုရှိကုန်၏။ အဖာသုကကာမာ၊ မချမ်းသာစွာနေခြင်းကို အလိုရှိကုန်၏။ အယောဂက္ခေမ ကာမာ၊ ဘေးမကင်းခြင်းကို အလိုရှိကုန်၏။ တေဝါ၊ထိုသူတို့သည်လည်း။အဿ ထိုသူအား။ဟောန္တိ၊ထင်ရှားဖြစ်ကုန်၏။တေဟိ၊ထိုအာရုံဝတ္ထုတို့နှင့်။သဒ္ဓိံ၊တကွ။ယာသင်္ဂတိ၊အကြင်အတူဖြစ်ခြင်းသည်။ ယောသမောဂမော၊ အကြင်ပေါင်းမိခြင်းသည်။ ယံသမောဓာနံ၊အကြင်အတူတကွ တပေါင်းတည်းနေရခြင်းသည်။ယောမိဿီဘာဝေါ၊အကြင်ယောနှောရခြင်းသည်။ အတ္ထိ၊ရှိ၏။ အယံ၊ ဤဆိုအပ်ပြီးသောသဘောဟူသမျှကို။အပ္ပိယေဟိ၊မချစ်မနှစ်သက်အပ်သောသူတို့နှင့်။ သမ္ပယောဂေါ၊ယှဉ်ခြင်းကြောင့်ဖြစ်သော။ဒုက္ခော၊ဆင်းရဲဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ ဤသို့ဟောတော်မူအပ်သည်ကိုထောက်၍၊ ဓေးဦးပြဆိုအပ်သောနည်းအတိုင်း။ဘုရားဟောပါဠိတော်ရှိသည်ကိုသိကြလေ။သိပြီးလျှင်။ဓေးဦးပြဆိုအပ်ပြီးသောနည်းအတိုင်း နှလုံးသွင်း၍။မဇ္ဈိမာပဋိပဒါကိုမှီဝဲကြလေကုန်။

ဤမျှဖြင့် အပိယေဟိသမ္ပယောဂဒုက္ခတို့ကိုအာရုံပြု၍၊မဇ္ဈိမာပဋိပဒါအကျင့်ကိုမှီဝဲပုံကိုပြချက်ပြီး၏။

{မေး} အပ္ပိယေဟိ၊သမ္ပယောဂဒုက္ခဖြစ်ပုံကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါအကျင့်ကိုမှီဝဲကျင့်ကြံအပ်သည်၏အဖြစ်ကိုသိရပါပြီ။ပိယေဟိ ဝိပ္ပယောဂေါဟူ၍ဟောတော်မူအပ်သောဒေသနာအရ၊ချစ်မြတ်နိုးအပ်သော အာရုံနှင့်ကွေကွင်းရခြင်းကြောင့်၊ဒုက္ခဖြစ်ပုံနှင့် ဒုက္ခဖြစ်ကြောင်းကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါအကျင့်ကို မှီဝဲကျင့်ကြံအပ်ပုံကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဤပြဆိုလတ္တံ့သောနည်းအတိုင်းသိအပ်ပါသည်။ သိပုံမှာ ထိုထိုဘုံတို့၌ အကြင်အကြင်နှစ်သက်အပ် ချစ်မြတ်နိုးအပ်သော။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော အာရုံငါးပါးတို့တွင်၊ တပါးပါးသော အာရုံနှင့်ကွေကွင်းတိုင်း ကွေကွင်းတိုင်း စိတ်၌မသက်မသာခံစားတတ်သော ဒုက္ခဝေဒနာတရားတို့သည်ဖြစ်ပေါ်လာ၏။ထိုသို့စိတ်၌မသက်မသာခံစားတတ်သောဒုက္ခဝေဒနာတို့ဖြစ်ပေါ်လာရခြင်းကြောင့်။ကာယိကဒုက္ခဝေဒနာတို့သည်လည်းဖြစ်ပေါ်ကုန်၏။ထိုသို့ဒုက္ခနှစ်ပါးဖြစ်ရခြင်းသည် စင်စစ် နှစ်သက်အင်ချစ်မြတ်နိုးအပ်သော အာရုံတို့နှင့် ကွေကွင်းရခြင်း

ကြောင့်ပင်ဖြစ်ပေ၏ဟု အာရုံပြု၍ပညာဖြင့်သိနေအပ်၏။ ထိုသို့သိတိုင်းသိတိုင်း။ ချစ်အပ်မြတ်နိုးအပ်သော အာရုံနှင့်ကွေကွင်းရခြင်းကြောင့် ဒုက္ခဖြစ်ရခြင်းအပြစ်ကို။ ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော သမ္မာဒိဋ္ဌိအမှုးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်း။ မချစ်မနှစ်သက်အပ်သောအာရုံနှင့်ကွေကွင်းခြင်းကြောင့်ဒုက္ခဖြစ်ရခြင်းကို။ မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည်လည်းကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့အယုတ်တရားနှစ်ပါးတို့မှ ကင်းလွတ်နေခြင်းကြောင့် ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်၊ ထိုသို့ခေါ်ဆိုအပ်သောကြောင့် နှစ်သက်အပ်မြတ်နိုးအပ်သော အာရုံတို့နှင့် ကွေကွင်းခြင်းကြောင့် ဒုက္ခဖြစ်ရခြင်းကို အာရုံပြု၍။ မဇ္ဈိမာပဋိပဒါအကျင့်ကိုမှီဝဲကျင့်ကြံအပ်သည့်၏အဖြစ်ကို ထင်ရှားသိကြလေ၊ ထိုမှတပါးတနည်းသိပုံမှာ၊ ထိုထိုဘုံတို့၌ဖြစ်ကုန်သောအကြင်အကြင်သူတို့အား။ နှစ်ချစ်အပ် မြတ်နိုးအပ် မိမိ၏အကျိုးကိုရွက်ဆောင်ကုန်သော အမိဟုသမုတ်အပ်သော ခန္ဓာငါးပါးတရားအပေါင်း၊ အဘဟုသမုတ်အပ်သေါခန္ဓာငါးပါးတရားအပေါင်း။ ညီအစ်ကိုနှမသားခြင်းဟုသမုတ်အပ်သေါ ခန္ဓာငါးပါးတရားအပေါင်း။ သားမယား ချစ်ကျွမ်းဝင်သူဟုသမုတ်အပ်သောခန္ဓာငါးပါးတရားအပေါင်းတို့နှင့်။ နာနာဘာဝ ဝိနာဘာဝ။ အညထာဘာဝ၏အစွမ်းဖြင့် ကွေကွင်းရခြင်းကြောင့်။ စိတ်၌ဆင်းရဲသေါ မာနသိကဒုက္ခဝေဒနာ။ ကိုယ်၌ဆင်းရဲတည်းဟူသော ကာယိက ဒုက္ခ ဝေဒနာတို့သည် ဧကန်ဖြစ်ရပေကုန်၏။ ထိုသို့ဖြစ်ကုန်သော ဒုက္ခဝေဒနာတို့သည်။ စင်စစ် နှစ်ချစ်အပ် မြတ်နိုးအပ်၊ မိမိအကျိုးကိုရွက်ဆောင်ကုန်သောသူတို့ဟုသမုတ်အပ်သော ခန္ဓာငါးပါးတရားအပေါင်းနှင့် ကွေကွင်းရခြင်းကြောင့်။ ဧကန်ဖြစ်ပေ၏ဟုအာရုံပြု၍ ပညာဖြင့်သိနေအပ်၏။ ထိုသို့ပညာဖြင့် သိတိုင်းသိတိုင်း ချစ်အပ်မြတ်နိုးအပ်။ အကျိုးကိုလိုလားရွက်ဆောင်သောသူတို့ဟုသမုတ်အပ်သော ခန္ဓာငါးပါး တရားအပေါင်းတို့နှင့် ကွေကွင်းခြင်းကြောင့်၊ ဒုက္ခဖြစ်ရခြင်းကို ဟုတ်တိုင်းမှန်စွာသိမြင်တတ်သော သမ္မာဒိဋ္ဌိအမှုးရှိသောဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ချစ်အပ် မြတ်နိုးအပ်၊ မိမိအကျိုးကို လိုလား ရွက်ဆောင်တတ်သော သူတို့ဟုသမုတ်အပ်သော၊ ခန္ဓာငါးပါး တရားအပေါင်းတို့နှင့် ကွေကွင်းခြင်းကြောင့် ဒုက္ခဖြစ်ရခြင်းကို မသိမမြင်တတ်သော၊ အဝိဇ္ဇာ

မောဟနှင့်တကွသော။ကိလေသာတို့သည်လည်း၊ကင်းကြလေကုန်၏။ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ တည်းဟူသော၊ အယုတ်တရား နှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ ကင်းလွတ်နေခြင်းကြောင့်၊ထိုဖြစ်တိုင်းဖြစ်တိုင်းသောအရိယအဋ္ဌင်္ဂိကပဋိပဿနာမဂ်ကို။မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ ချစ်အပ်မြတ်နိုးအပ်။မိမိ၏အကျိုးကိုလိုလားရှက်ဆောင်သောသူတို့ဟုသမုတ်အပ်သော ခန္ဓာငါးပါးတရားအပေါင်းတို့နှင့်ကွေကွင်းရခြင်းကြောင့်။ ဒုက္ခဖြစ်ရခြင်းကိုအာရုံပြု၍။မဇ္ဈိမာပဋိပဒါတည်းဟူသော။ အဋ္ဌင်္ဂိကပဋိပဿနာမဂ်ကို။မိုဝဲကျင့်ကြံအပ်သည့်၏အဖြစ်ကိုထင်ရှားသိကြလေ။

{မေး} ထိုပြဆိုအပ်သော နည်းအတိုင်း။ နှစ်သက်အပ် ချစ်မြတ်နိုးအပ်သောအာရုံဝတ္ထုတို့နှင့် ကွေကွင်းရခြင်းကြောင့် ဖြစ်သော ဒုက္ခဖြစ်ပုံကို ဘုရားဟောအကျယ်ရှိမရှိကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} တံက္ကကာတမော၊ ပိယေဟိ၊ ဝိပ္ပယောဂေါ၊ ဒုက္ခော၊ ဇာဝယာဿတော၊ ဟောန္တိ။ ဇာဋ္ဌာကန္တာ၊ မနာပါ၊ ရူပါ၊သဒ္ဒါ၊ ဂန္ဓာ၊ရသာ၊ ဖောဋ္ဌဗ္ဗာ၊ ယောဝါပနဿတေဟောန္တိ၊ အတ္ထကာမာ၊ ဟိတကာမာ၊ဖါသုကကာမာ၊ ယောဂက္ခေမကာမာ၊မာတာဝါ၊ ပိတာဝါ၊ ဘာတာဝါ၊ ဘဂိနီဝါ၊မိတ္တာဝါ၊အမစ္စာဝါ၊ဉာတိဝါ၊သလောဟိတာဝါ၊ယာတေဟိ၊အသင်္ဂတိ၊အသမာဂမော၊ အသမောဓာနံ၊ အမိဿီဘာဝေါ၊ အယံဝုစ္စတိ၊ ပိယေဟိ၊ ဝိပ္ပယောဂေါ၊ ဒုက္ခောဟူ၍အဘိဓမ္မာသစ္စဝိဘင်း ပါဠိတော်၌ အကျယ်ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ ထိုမှတပါး သုတ်မဟာဝါပါဠိတော်သတိပဋ္ဌာန်သုတ် ဒုက္ခသစ္စာကိုဟောရာ၌ လာရှိသည်ကို ထောက်၍လည်းကောင်း သိအပ်ပါသည်။

အနက်သိကြောင်းမြန်မာပြန်ကား။ တတ္ထ၊ထိုဇာတိပိဒုက္ခအစရှိသော ဒေသနာပါဠိတို့တွင်။ ပိယေဟိ၊ချစ်မြတ်နိုးအပ်သော အာရုံဝတ္ထုတို့နှင့်။ ဝိပ္ပယောဂေါ၊ကွေကွင်းခြင်းကြောင့်ဖြစ်သော။ဒုက္ခော၊ဆင်းရဲသည်။ ကတမော၊အဘယ်နည်း။ဇာဓ၊ဤလောက၌။ဇာဋ္ဌာ၊အလိုရှိအပ်ကုန်သော။ ကန္တာ၊နှစ်သက်အပ်ကုန်သော။မနာပါ၊စိတ်နှလုံးကိုပွားစေတတ်ကုန်သော။ယေရူပါ၊အကြင်ရူပါရုံအဆင်းတို့သည်လည်းကောင်း။ယေသဒ္ဒါ၊ အကြင်သဒ္ဒါရုံအသံတို့သည်လည်းကောင်း။ယေဂန္ဓာ၊အကြင်ဂန္ဓာရုံအနံ့တို့သည်လည်းကောင်း။ ယေရသာ၊အကြင်ရသာရုံ အရသာတို့သည်လည်းကောင်း။ ယေဖောဋ္ဌဗ္ဗာ၊ အကြင်ဖောဋ္ဌဗ္ဗာရုံအတွေ့တို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုအာရုံတရားတို့သည်။ အဿ။ထိုသူအား။ဟောန္တိ။ထင်

ရှားဖြစ်ကုန်၏။ ဝါပန၊တနည်းသော်ကား။ အတ္ထကာမာ၊အကျိုးကိုအလိုရှိကုန်သော။ ဟိတကာမာ၊အစီးအပွါးကိုအလိုရှိကုန်သော။ ဖာသုကကာမာ၊ချမ်းသာစွာနေခြင်းကိုအလိုရှိကုန်သော။ ယောဂက္ခေမကာမာ၊ဘေးကင်းခြင်းကို အလိုရှိကုန်သော။ ယေမာတာဝါ၊ အကြင်အမိသည်လည်းကောင်း။ ယေပိတာဝါ၊ အကြင်အဘသည်လည်းကောင်း။ ယေဘာတာဝါ၊အကြင်အစ်ကိုသည်လည်းကောင်း။ ယာဘဂိနီဝါ၊ အကြင်အမ ညီမသည်လည်းကောင်း။ ယေမိတ္တာဝါ၊ အကြင်အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူတို့သည်လည်းကောင်း။ယေအမစ္စာဝါ အကြင်အဘူတကွဖြစ်ဘက်ဖြစ်ဘော်သူတို့သည်လည်းကောင်း။ယေဉာတိသလောဟိတာဝါ၊ အကြင်ဆွေမျိုးသားခြင်းပေါက်ဘော်တို့သည်လည်းကောင်း။ ဟောန္တိ၊ ထင်ရှားဖြစ်ကုန်၏။တေဟိ၊ထိုဆိုအပ်ပြီးသောအာရုံ မိဘစသောဝတ္ထုတို့နှင့်။သဒ္ဓိံ တကွ။ ယာအသင်္ဂတိ၊ အကြင်အတူတကွဖြစ်မှုမရှိခြင်းသည်။ ယောသမာဂမော၊ အကြင်မပေါင်းမိရခြင်းသည်။ ယံသမောဓါနံ၊ အကြင်အတူတကွတပေါင်းတည်းမဖြစ်ရခြင်းသည်။ ယောအမိဿီဘာဝေါ၊အကြင်ရောနှောခြင်းမရှိရခြင်းသည်။ အတ္ထိ၊ရှိ၏။အယံ၊ဤဆိုအပ်ပြီးသောသဘောဟူသမျှကို။ ပိယေဟိ၊ ချစ်အပ်သော အာရုံဝတ္ထုတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းခြင်းကြောင့်ဖြစ်သော။ ဒုက္ခော၊ဆင်းရဲဟူ၍၊ ဝုစ္စတိ၊ဆိုအပ်၏။ဤသို့ဟောတော်မူအပ်သည်ကိုထောက်၍။ရှေး၌ပြဆိုအပ်ပြီးသောနည်းအတိုင်းဘုရားဟောပါဠိတော်ရှိသည်ကိုသိကြလေ။ သိကြပြီးလျှင်၊ရှေး၌ပြဆိုအပ်သောနည်းအတိုင်းနှလုံးသွင်း၍မဇ္ဈိမာပဋိပဒါကိုမှီဝဲကျင့်ကြလေကုန်။

ဤမျှစကားအစဉ်ဖြင့်။ ချစ်အပ်မြတ်နိုးအပ်သောမိဘစသည်ဟုသမုတ်အပ်သော။ခန္ဓာငါးပါးတရားအပေါင်းနှင့်ကွေကွင်းရခြင်းကြောင့်ဖြစ်သောဒုက္ခနှင့် ဒုက္ခဖြစ်ကြောင်းကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါအကျင့်ကို ကျင့်ကြံမှီဝဲပုံကိုအကျဉ်းပြဆိုချက်ပြီး၏။

{မေး} ဝိယေဟိဝိပ္ပယောဂေါဒုက္ခောဟူ၍ ဟောတော်မူအပ်သည်အတိုင်း။ချစ်သောဝတ္ထုတို့နှင့်ကွေကွင်းရခြင်းကြောင့်။ဒုက္ခဖြစ်ပုံနှင့် ဒုက္ခဖြစ်ကြောင်းကိုအာရုံပြု၍။မဇ္ဈိမာပဋိပဒါအကျင့်ကိုမှီဝဲကျင့်ကြံအပ်ပုံကိုပြဆိုအပ်သောနည်းအတိုင်း သိရပါပြီ။ ယံပိစ္ဆံနလဘတိ၊ တံပိဒုက္ခံဟူ၍ ဟောတော်မူအပ်သော ဒေသနာတော်အရ။ အကြင် အကြင်ဝတ္ထုကို အလိုရှိ၍တောင့်တတိုင်းမရခြင်းကြောင့်။ဒုက္ခဖြစ်ပုံနှင့် ဒုက္ခဖြစ်ကြောင်းကို အာရုံပြု၍။မဇ္ဈိမာပဋိပဒါအကျင့်ကို ဘယ်လိုမှီဝဲကျင့်ကြံအပ်ပါမည်နည်း။

{ဖြေ} ဤပြဆိုလတ္တံ့သောနည်းကိုအမှီပြု၍သိအပ်ပါသည်၊၊သိပုံမှာ။အကြင်

အကြောင်းသည်တို့၌။ အကြွင်းအကြွင်းဇာတိဇရာဗျာဓိမရဏ၊ သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသတရားရှိကုန်သောသူတို့သည်၊ ငါတို့အား၊ ထို ဇာတိတရား၊ဇရာတရား၊ဗျာဓိတရား၊မရဏတရား၊သောကတရား၊ပရိဒေ ဝတရား၊ဒုက္ခတရား၊ဒေါမနဿတရား၊ ဥပါယာသတရားတို့သည်၊မလာ မရောက်စေသတည်းဟုအတန်တလဲလဲ၊တဏှာဖြင့်အလိုရှိ၍ တောင်းတ နေကုန်၏။ ထိုသို့တဏှာဖြင့် တောင်းတတိုင်းတောင်းတတိုင်း၊ မရအပ် သည်သာဖြစ်ကုန်၏။ ထိုသို့တောင်းတတိုင်းတောင်းတတိုင်းမရအပ်သော ကြောင့်။ စိတ်၏အတန်တလဲလဲ ပင်ပမ်းခြင်းဒုက္ခသည်ဖြစ်ကုန်၏၊ ထိုသို့ စိတ်၌အတန်တလဲလဲဒုက္ခဖြစ်ခြင်းသည် တောင့်တသောတဏှာကြောင့် ပင်ဖြစ်ပေ၏ဟုအာရုံပြု၍ပညာဖြင့်ဆင်ခြင်သိနေအပ်၏။ ထိုသို့ အာရုံပြု၍ ပညာဖြင့်သိတိုင်းသိတိုင်း၊မတောင်းတအပ်သောဝတ္ထုကိုတောင်းတသော တဏှာကြောင့် ဒုက္ခဖြစ်ရခြင်းကို၊ ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော သမ္မာဒိဋ္ဌိအမျိုးရှိသော၊ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏၊ထိုဝိပဿနာအ ဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း မတောင်းတအပ်သောဝတ္ထုကို၊ တောင်းတ တတ်သောတဏှာကြောင့်ဒုက္ခဖြစ်ခြင်းကို၊မသိမမြင်တတ်သော၊အဝိဇ္ဇာ မောဟနှင့်တကွသော၊ကိလေသာတရားတို့သည်လည်း ကင်းကြသကုန် ၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှသည်း ကင်းလွတ်နေ၏။ ထိုသို့အယုတ်တရားနှစ် ပါးတို့မှကင်းလွတ်နေခြင်းကြောင့်။ ထိုဖြစ်တိုင်း ဖြစ်တိုင်းသော အရိယာအ ဋ္ဌင်္ဂိကဝိပဿနာမဂ်ကို၊ မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ် ဆိုအပ်သောကြောင့်။ မတောင်းတအပ်သောဝတ္ထုကို၊ တောင်းတတတ် သောတဏှာကြောင့်ဒုက္ခဖြစ်ရခြင်းကိုအာရုံပြု၍။မဇ္ဈိမာပဋိပဒါတည်းဟူ သောအရိယာအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို ဗြဲကျင့်ကြအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။

တနည်း နှစ်လိုဖွယ်ကောင်းပုံမှာ၊ရင်းဇာတိဇရာ ဗျာဓိ မရဏစသောတရားတို့ သည်၊မလာမရောက်စေသတည်းဟူ၍။ တောင်းတ၍မရအပ်သော ဝတ္ထုစ သည်ကို၊တောင်းတ၍မရတိုင်းမရတိုင်း။ စိတ်၏ပင်ပမ်းခြင်းသာဖြစ်သည် မဟုတ်သေး၊စိတ်၏ပင်ပမ်းနွမ်းနယ်ခြင်းကြောင့်၊မစားမသောက် မအိပ် နိုင်ခြင်းတို့သည်ဖြစ်ခြင်းကြောင့်။ ရုပ်ကာယ၌လည်းရောဂါဝေဒနာတို့သည် ရောက်၍။ကာယိကဒုက္ခဝေဒနာတို့သည်လည်းဖြစ်ကြကုန်၏။ထိုသို့ ကာယိ ကဒုက္ခဝေဒနာတို့ ဖြစ်ခြင်းသည်၊စင်စစ်မတောင်းတအပ်သော ဝတ္ထုကို။ တောင်းတတတ်သောတဏှာကြောင့်ပင်ဖြစ်ပေ၏ဟုအာရုံပြု၍ ပညာဖြင့်

သိနေအပ်၏။ ထိုသို့အာရုံပြု၍သိနေတိုင်းသိနေတိုင်း။ မကောင်းတအပ်။ မရ
အပ်သောဝတ္ထုကို၊ ကောင်းတတတ်သော တဏှာကြောင့် ဒုက္ခဖြစ်ရခြင်း
ကို။ ဟုတ်တိုင်းမှန်စွာသိတတ်သော။ သမ္မာဒိဋ္ဌိအမျိုးရှိသော အရိယာအဋ္ဌင်္ဂိ
က ဝိပဿနာမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်း ဖြစ်တိုင်း
မကောင်းတအပ် မရအပ်သောဝတ္ထုကို။ ကောင်းတတတ်သောတဏှာ၏
ဒုက္ခဖြစ်ကြောင်းကို မသိမမြင်တတ်သော၊ အဝိဇ္ဇာမောဟနှင့်တကွသော
ကိလေသာတရားတို့သည်လည်း၊ ကင်းကြလေကုန်၏။ ကာမသုခလ္လိကာနု
ယောဂ၊ အတ္တကိလမထာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါး
တို့မှလည်းကင်းလွတ်နေ၏။ ထိုသို့ အယုတ်တရား နှစ်ပါးတို့မှ ကင်း
လွတ်နေခြင်းကြောင့်၊ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်
ကို။ မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သော
ကြောင့် မကောင်းတ မရအပ်သောဝတ္ထုကို။ ကောင်းတ တတ်သောတ
ဏှာကြောင့် ဒုက္ခဖြစ်ရခြင်းကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါ အရိယာအဋ္ဌင်္ဂိက
မဂ်ကို မြဲဝကျင့်ကြသည်၏အဖြစ်ကို ထင်ရှားဆိုကြလေ။

{မေး} ထိုပြဆိုအပ်သောနည်းအတိုင်း ဇာတိစသော တရားတို့၏ မ
လာမရောက်မှုကိုကောင်းတ၍ မရခြင်းကြောင့်ဒုက္ခဖြစ်ပုံကို။ ဘုရားဟော
ပါဠိ ရှိမရှိကို အဘယ်သို့သိအပ်ပါမည်နည်း။

{ဖြေ} အဘိဓမ္မာဝိဘင်းပါဠိတော် သစ္စဝိဘင်း၌။ တတ္ထ ကတမံ ယံပိစ္ဆံ
န လဘတိ၊ တံပိ ဒုက္ခံ၊ ဇာတိဓမ္မာနံ၊ သတ္တာနံ၊ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ၊ အဟော ဝ
တ မယံ၊ န ဇာတိဓမ္မာ အဿာမ၊ န စ ဝတ နော ဇာတိ အာဂစ္ဆေယျာတိ၊ န
ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒံပိ၊ ယံပိစ္ဆံ၊ န လဘတိ၊ တံပိ ဒုက္ခံ၊ ဇရာဓမ္မာ
နံ သတ္တာနံ။ပ။ ဗျာဓိဓမ္မာနံ သတ္တာနံ။ပ။ မရဏဓမ္မာနံ သတ္တာနံ။ပ။ သောက ပရိ
ဒေဝ ဒုက္ခ ဒေါမနဿ၊ ဥပါယာသဓမ္မာနံ၊ သတ္တာနံ၊ ဧဝံ၊ ဣစ္ဆာ ဥပ္ပဇ္ဇတိ၊ အ
ဟော ဝတ မယံ၊ န သောက၊ ပရိဒေဝ ဒုက္ခ ဒေါမနဿ၊ ဥပါယာသဓမ္မာ
အဿာမ၊ န စ ဝတ နော၊ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ဥပါယာသဓမ္မာ၊
အာဂစ္ဆေယျုံတိ၊ န ခေါ ပနေတံ၊ ဣစ္ဆာယ၊ ပတ္တဗ္ဗံ၊ ဣဒံပိ၊ ယံပိစ္ဆံ န လဘတိ၊
တံပိ ဒုက္ခံ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း။ ထိုနည်း
အတူ။ သုတ်မဟာဝါပါဠိတော်သတိပဋ္ဌာနသုတ်၌။ ဟောတော်မူအပ်သည်
ကိုထောက်၍လည်းကောင်း သိအပ်ပါသည်။ အနက်သိကြောင်းမြန်မာပြန်
ကား။ တတ္ထ၊ ထိုဇာတိပိ ဒုက္ခာ အစရှိသော စကားရပ်တို့တွင်။ ယံပိ၊ အကြင်
ဇာတိစသောတရားတို့၏ မလာ မရောက်မှုကို။ ဣစ္ဆံ၊ ဣစ္ဆန္တော၊ တဏှာ
ဖြင့်လိုချင်တောင့်တသောသူသည်။ န လဘတိ၊ မရ။ တံပိ၊ ထိုတဏှာဖြင့်

တောင်းတ၍မရခြင်းသဘောသည်လည်း။ နက္ခံ၊ နက္ခဖြစ်ကြောင်းသည်၊ ကတမံ၊ အဘယ်နည်း။ ဇာတိဓမ္မာနံ၊ ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းသဘောရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ မယံ၊ ငါတို့သည်၊ ဇာတိဓမ္မာ၊ ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းသဘောရှိကုန်သည်။ နအသာမ၊ ဖြစ်မှုမရှိကုန်မူကား။ အဟောဝတ၊ ကြောင်းလေစွ၊ နော၊ ငါတို့သို့။ ဇာတိ၊ ပဋိသန္ဓေ၏အစွမ်းဖြင့်ဖြစ်ပေါ်ခြင်းသည်။ ဝတ၊ စင်စစ်။ နောအာဂစ္ဆေယျ၊ မလာ မရောက်ခဲ့သည် ဖြစ်ငြားအံ့။ အဟောဝတ၊ ကြောင်းလေစွ။ ဣတိဧဝံ၊ ဤသို့။ ဣစ္ဆာ၊ လိုချင်တောင်းတခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣစ္ဆာယ၊ လိုချင်တောင်းတခြင်းဖြင့်၊ ဧတံ၊ ထိုပဋိသန္ဓေအားဖြင့်ဖြစ်ပေါ်မှုမရှိခြင်းသို့၊ နခေါပနပတ္တဗ္ဗံ၊ မရောက်အပ်သာလျှင်တည်း။ ဣဒံပိ၊ ဤသို့လိုချင်ခြင်းမရောက်အပ်သောသဘောသည်လည်း။ ယံပိ စ္ဆံ၊ နလဘတိ၊ တမ္ပိဒုက္ခံ၊ အကြင်ဇာတိအစရှိသော တရားတို့၏။ မလာမရောက်မှုကို တောင်းတ၍မရ။ ထိုသို့ မရအပ်သောဝတ္ထုကို။ လိုချင်တောင်းတ၍မရခြင်းသည်လည်း။ ဒုက္ခံ၊ ဒုက္ခ မည်၏။ ဇရာဓမ္မာနံ၊ ရင့်ရော် ဆွေးမြေ့ အိုမင်းခြင်း သဘော ရှိ ကု န် သေ ာ။ သတ္တာနံ၊ သတ္တဝါတို့အား။ မယံ၊ ငါတို့သည်။ ဇရာဓမ္မာ၊ ရင့်ရော် ဆွေးမြေ့ အိုမင်းခြင်းသဘောရှိကုန်သည်။ နအသာမ၊ ဖြစ်မှုမရှိကုန်မူကား။ အဟောဝတ၊ ကြောင်းလေစွ။ နော၊ ငါတို့ သို့။ ဇ ရာ ၊ ရ င့် ရေ ာ် ဆွေးမြေ့ အိုမင်းခြင်းသဘောသည်၊ ဝတ၊ စင်စစ်။ နောအာဂစ္ဆေယျ၊ မလာမရောက်ခဲ့သည်ဖြစ်ငြားအံ့။ အဟောဝတ၊ ကြောင်းလေစွ။ ဣတိဧဝံ၊ ဤသို့။ ဣစ္ဆာ၊ လိုချင်တောင်းတခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣစ္ဆာယ၊ လိုချင်တောင်းတ ခြင်းဖြင့်။ ဧတံ၊ ထို ရင့်ရော် ဆွေး မြေ့ အိုမင်းခြင်းမရှိသောသဘောသို့။ နခေါပနပတဗ္ဗံ၊ မရောက်အပ်သာလျှင်တည်း။ ဣဒံပိ၊ ဤသို့လိုချင်တောင်းတသောအားဖြင့်။ ဇရာ မ ရှိ ခြ င်း သဘော သို့မရောက်အပ်သောသဘောသည်လည်း။ ယံပိစ္ဆံနလဘတိ တံပိဒုက္ခံ၊ အကြင်ဇာတိဇရာအစရှိသောတရားတို့၏မလာမရောက်မှုကိုတောင်းတ၍မရ၊ ထိုသို့မရခြင်းသည်လည်း။ ဒုက္ခံ ဒုက္ခမည်၏။ ဗျာဓိဓမ္မာနံ၊ ကိုယ်လက်ကျင်နာကိုက်ခဲခြင်းအစရှိသောဗျာဓိ သဘောရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ မယံငါတို့သည်။ ဗျာဓိဓမ္မာ၊ ကိုယ်လက်ကျင်နာကိုက်ခဲခြင်းအစရှိသောဗျာဓိသဘောရှိကုန်သည်။ နအသာမ၊ ဖြစ်မှုမရှိကုန်မူကား။ အဟောဝတ၊ ကြောင်းလေစွ။ နော၊ ငါတို့သို့၊ ဗျာဓိ၊ ကိုယ်လက်ကျင်နာကိုက်ခဲခြင်းအစရှိသောဗျာဓိသဘောသည်၊ ဝတ၊ စင်စစ်။ နောအာဂစ္ဆေယျ၊ မလာမရောက်ခဲ့သည်ဖြစ်ငြားအံ့။ အဟောဝတ၊ ကြောင်းလေစွ။ ဣတိ

ဝေါ်၊ ဤသို့။ဇာနန္တာ၊လိုချင်တောင်းတခြင်းသည်။ဥပ္ပန္နတိ၊ဖြစ်၏။ဇာနန္တာယ၊
လိုချင်တောင်းတခြင်းဖြင့်။ဇေတာ်၊ထိုကိုယ်လက် ကျင်နာကိုက်ခဲခြင်း အစရှိ
သော ဗျာဓိမရှိခြင်းသဘောသို့။နခေါပနပတ္တုဗ္ဗံ၊ မရောက်အပ်သည့်သာလျှင်
တည်း။ဇာဒံပိ၊ဤသို့လိုချင်တောင်းတခြင်းဖြင့် ဗျာဓိမရှိခြင်းသဘောသို့ မ
ရောက်အပ်သောသဘောသည်လည်း။ယံပိစ္ဆံနလဘတိတံပိဒုက္ခံ၊အကြင်
ဇာတိဇရာဗျာဓိအစရှိသောတရားတို့၏ မလာမရောက်မှုကို တောင်းတ၍
မရ။ထိုသို့မရခြင်းသည်လည်း။ ဒုက္ခံ၊ဒုက္ခ မည်၏။ မရဏဓမ္မာနံ၊သေကြေ
ပျက်စီးခြင်းမရဏသဘောရှိကုန်သော။သတ္တာနံ၊ သတ္တဝါတို့အား။မယံ၊ငါ
တို့သည်။မရဏဓမ္မာ၊သေကြေပျက်စီးခြင်းသဘောရှိကုန်သည်။နအသာမ
ဖြစ်မှုမရှိကုန်မူကား။ အဟောဝတ၊ဩော် ကောင်းလေစွ။ နော၊ငါတို့သို့။
မရဏံ၊သေကြေပျက်စီးခြင်းသည်။ဝတ၊စင်စစ်။နောအာဂစ္ဆေယျ။ မလာ
မရောက်ခဲ့သည်ဖြစ်ငြားအံ့။အဟောဝတ၊ ဩော်ကောင်းလေစွ။ ဇာတိဝေါ်၊
ဤသို့။ ဇာနန္တာ၊ လိုချင်တောင်းတခြင်းသည်။ ဥပ္ပန္နတိ၊ဖြစ်၏။ ဇာနန္တာယ၊လို
ချင်တောင်းတခြင်းဖြင့်။ ဇေတာ်။ ထိုသေကြေပျက်စီးခြင်း မရဏာရှိသော သ
ဘောသို့။နခေါပနပတ္တုဗ္ဗံ။ မရောက်အပ်သည်သာလျှင်တည်း။ ဇာဒံပိ။ ဤလို
ချင်တောင်းတခြင်းဖြင့်။ မရဏတရားမရှိသော သဘောသို့ မရောက်အပ်
သောသဘောသည်လည်း။ယံပိစ္ဆံနလဘတိ။တံပိဒုက္ခံ။အကြင်ဇာတိဇရာမ
ရဏာအစရှိသောတရားတို့၏။ မလာမရောက်မှုကို တောင်းတ၍မရ။ ထိုသို့
မရခြင်းသည်သည်း။ ဒုက္ခံ။ ဒုက္ခမည်၏။ သောက ပရိဒေဝ ဒုက္ခ ဒေါမ
နဿုပါယာသ ဓမ္မာနံ။စိုးရိမ်ခြင်း ငိုကြွေးခြင်း။ကိုယ်၏ဆင်းရဲခြင်း။ စိတ်
၏မသက်သာခြင်းပြင်းစွာစိတ်၏ပင်ပန်းခြင်းသဘောရှိကုန်သော။ သတ္တာ
နံ။သတ္တဝါတို့အား။ မယံ။ ငါတို့သည်။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု
ပါယာသ ဓမ္မာ။ စိုးရိမ်ခြင်း။ ငိုကြွေးခြင်း။ ကိုယ်၏ ဆင်းရဲခြင်း။ စိတ်၏ မ
သက်မသာခြင်း။ စိတ်ပင်ပန်းခြင်း သဘောရှိကုန်သည်။ နအသာမ။ဖြစ်မှု
မရှိကုန်မူကား။ အဟောဝတ။ဩော်ကောင်းလေစွ။ နော။ငါတို့သို့။ သော
က။ ပရိဒေဝ။ ဒုက္ခ။ ဒေါမနဿုပါယာသ ဓမ္မာ။ စိုးရိမ်ခြင်း။ ငိုကြွေးခြင်း။
ကိုယ်၏ဆင်းရဲခြင်း။စိတ်၏မသက်မသာခြင်း။စိတ်၏ပင်ပမ်းခြင်းသဘော
တို့သည်။ ဝတ။ စင်စစ်။နစအာဂစ္ဆေယျုံ။မလာမရောက်ကုန်သည့်ဖြစ်ငြား
အံ့။ အဟောဝတ။ ဩော် ကောင်းလေစွ။ ဇာတိဝေါ်။ ဤသို့။ ဇာနန္တာ။ လိုချင်
တောင်းတခြင်းသည်။ ဥပ္ပန္နတိ။ ဖြစ်၏။ ဇာနန္တာယ။ လိုချင် တောင်းတခြင်း
ဖြင့်။ ဇေတာ်။ ဤစိုးရိမ်ခြင်း။ငိုကြွေးခြင်း။ ကိုယ်၏ဆင်းရဲခြင်း။ စိတ်၏မသက်
မသာခြင်း။ စိတ်၏ ပင်ပမ်းခြင်း မရှိသော သဘောသို့။ နခေါပနပတ္တုဗ္ဗံ။ မ

ရောက်အပ်သည်သျှင်တည်း။ ဣဒမ္ပိ။ဤသို့လိုချင်တောင်းတသောအားဖြင့်။ မိုး ရွှမ်ခြင်းအစရှိသောတရားတို့၏ မရှိခြင်းသဘောသို့ မရောက်အပ်သော သဘောသည်သည်း။ ယံပိစ္ဆံ၊နလဘတိ၊တံပိဒုက္ခံ၊အကြွင် ဇာတိ ဇရာ မရဏ သောက အစရှိသော တရားတို့၏။ မလာမရောက်ခြင်း သဘောကို လိုချင် တောင်းတ၍မရ။ ထိုမရခြင်း သည်လည်း။ ဒုက္ခံ၊ ဒုက္ခမည်၏။ ဤသို့ ဟော တော်မူအပ်သည်ကို ထောက်၍။ ရှေး၌ပြဆိုအပ်ပြီးသော စကားတို့ကို ယုံ ကြည်၍ အာရုံပြုပြီးလျှင်။ မဇ္ဈိမာပဋိပဒါအကျင့်ကို ကျင့်ကြလေ။

{မေး} ယံပိစ္ဆံနလဘတိ၊ တံပိဒုက္ခံ၊ကို။ ဘုရားဟောတော်မူအပ်သည် ကိုပြဆိုအပ်ပြီးသောနည်းအတိုင်း သိရပါပြီ။ အဋ္ဌကထာဆရာတို့ကား။ ဘယ် လိုပြအပ်ပါသေးသနည်း။ ပြပုံကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဣစ္ဆာနိဒ္ဒေသေ၊ဇာတိဓမ္မာနန္တိ၊ဇာတိသဘာဝါနံ၊ ဇာတိပကတိ ကာနံ၊ဣစ္ဆာဥပ္ပဇ္ဇတီတိတဏှာဥပ္ပဇ္ဇတိ၊ အဟောဝတာတိ၊ ပတ္ထနာ၊နခေါ ပနေတံ၊ ဣစ္ဆာယပတ္တဗ္ဗန္တိ၊ ယံဧတံအဟောဝတမယံ၊ နဇာတိဓမ္မာ အ ဿာမ၊ နစဝတနော၊ ဇာတိအာဂစ္ဆေယျာတိ၊ ဧဝံပဟီနသမုဒယေသု၊ သာဓူသုဝိဇ္ဇမာနံ၊အဇာတိဓမ္မတ္တံ၊ပရိနိဗ္ဗုတေသုစ၊ဝိဇ္ဇမာနံ၊ဇာတိယာ အ နာဂမနံ၊ဣစ္ဆိတံ၊တံဣစ္ဆန္တဿာပိ။ မဂ္ဂဘာဝနာယဝိနာ။ အပတ္တဗ္ဗတော။ အနိစ္ဆန္တဿ ဘာဝနာယ။ ပတ္တဗ္ဗတော။ နဣစ္ဆာယပတ္တဗ္ဗံနာမဟောတိ။ ဣဒမ္ပိတိ။ဧတမ္ပိ။ဥပရိသေသာနိဥပါဒါယ ပိကာရော။ ယံပိစ္ဆန္တိ။ယေနာပိ ဓမ္မေန။အလဗ္ဘနေယျံ။ဝတ္ထုံ။ဣစ္ဆန္တော။နလဘတိ၊တံအလဗ္ဘနေယျ ဝတ္ထု ဣစ္ဆနံ။ ဒုက္ခန္တိ။ ဝေဒိတဗ္ဗံ။ ဇရာဓမ္မာနန္တိ။ အာဒီသုပိ ဧသေဝနယော။ ဧဝ မေတ္ထ။အလဗ္ဘနေယျဝတ္ထုဣစ္ဆာသု။ဒုက္ခာ။ယံပိစ္ဆံ။နလဘတိ။ တမ္ပိ။ ဒုက္ခန္တိ။ ဝုတ္တာ။သာ။အလဗ္ဘနေယျ ဝတ္ထုဣစ္ဆနလက္ခဏာ။ တပ္ပရိယေသနရသာ။ တေသံအပ္ပတ္တိပစ္စုပဋ္ဌာနာ။ ဒွိန္နံပနဒုက္ခာနံ။ ဝတ္ထုဘာဝတော။ ဒုက္ခာတိ ဝုတ္တာ။ကေစိပနာဟ၊ ရာဇာဘဝိဿတီတိ၊ သမ္ဘာဝိတောဟောတိ။ သော သောဆိန္နဘိန္နဂဏော၊ပရိဝါရိတော၊ပဗ္ဗတပါဒံဝါ၊ဝနဂဟနံဝါ၊ပဝိ သတိ၊အထရာဇာတံပဝတ္တိံဉတွာ၊ ဗလကာယံ၊ပေသေသိ၊သော၊ရာဇပု ရိသေဟိ၊ နိဟတပရိဝါရော၊ သယမ္ပိ၊ လဒ္ဓပဟာရော၊ပလာယမာနော၊ ရုက္ခန္တရံဝါ၊ပါသာဏန္တရံဝါ၊ပဝိသတိ၊တသ္မိံသမယေ၊မဟာမေဃော ဥဋ္ဌဟတိ တိဗ္ဗန္ဓကာရော။ ကာဠဝဒ္ဒလိကာဟောတိ။ အထနံ။ သမန္တတော။ ကာဠကိပိလ္လိကာဒယော။ ပါဏာ၊ ပရိဝါရေတွာ။ ဂဏှန္တိ။တေနဿဗလ ဝကာယဒုက္ခံ။ ဥပ္ပဇ္ဇတိ။မံဧကံနိဿာယ။ ဧတ္တကာဉာတိစ။ ဘောဂါစ။ ဝိနဋ္ဌာတိ၊ စိန္တေန္တဿ၊ဗလဝဒေါမနဿံ ဥပ္ပဇ္ဇတိ ဣတိအယံဣစ္ဆာ ဒွိန္နမ္ပိ

ဒုက္ခာနံ။ဝဏ္ဏဘာဝေန။ဒုက္ခာတိဝေဒိတဗ္ဗာ။အပိစ။ တံတံပစ္စယမာနာနံ။ တဿတဿအလာဘတော။ ယံပိစ္ဆာဘာမယံဒုက္ခံ။ သတ္တာနံ။ ဣစ္ဆာယတိ။အလဗ္ဘနေယျဝတ္ထူနံ။ ပတ္ထနာတဿကာရဏံ။ ယသ္မာတသ္မာဖိနေသ။ ဒုက္ခံဣစ္ဆိတာလာဘာမပြဝတိ။ ဟူ၍သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်္ဂအဖွင့်နံပါတ် (၉၃) က (၉၄)မျက်နှာအတွင်း။ မိန့်ဆိုအပ်သည်ကို ထောက်၍သိအပ်ပါသည်။

အနက်သိကြောင်းမြန်မာပြန်ကား။ ဣစ္ဆာနိဒ္ဒေသေ။ ဣစ္ဆာနိဒ္ဒေသ၌။ ဇာတိဓမ္မာနန္တိ၊ဇာတိဓမ္မာနံဟူသည်ကား။ဇာတိသဘာဝါနံ၊ဇာတိပကတိကာနံ။ပဋိသန္ဓေအားဖြင့်ဖြစ်ခြင်းသဘောရှိကုန်သော။(သတ္တာနံဟူသောပိသေသယပုဒ်ကိုငဲ့) ဣစ္ဆာဥပ္ပဇ္ဇတီတိ၊ ဣစ္ဆာဥပ္ပဇ္ဇတိဟူသည်ကား။ တဏှာ၊ လိုချင်တောင်းတမွတ်သိတ်တတ်သော တဏှာသည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။အဟောဝတာတိ၊အဟောဝတဟူသည်ကား။ ပတ္ထနာ။ တောင်းတခြင်းတည်း။နခေါပနေတံဣစ္ဆာယပတ္တဗ္ဗန္တိ။ နခေါပနေတံဣစ္ဆာယပတ္တဗ္ဗံဟူသည်ကား။မယံ။ငါတို့သည်။ဇာတိဓမ္မာ။ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းသဘောရှိကုန်သည်။နအဿာမ။ဖြစ်မှုမရှိကုန်မူကား။ အဟောဝတ၊ ဩော်ကောင်းလေစွတကား။နော။ငါတို့အား။ဇာတိဖြစ်ခြင်းသဘောတရားသည်။နစအာဂစ္ဆေယျ။မလာမရောက်ပါမူကား။ အဟောဝတ၊ဩော်ကောင်းလေစွတကား။ ဣတိဧဝံ၊ ဤသို့။ (ဣစ္ဆာသဉ္စိပ်)ပဟာနသမုဒယေသု၊ ပယ်အပ်ပြီးသော သမုဒယ သစ္စာရှိကုန်သော။ သာဂုသု၊ အရိယာသူတော်ကောင်းတို့၌။ ဝိဇ္ဇမာနံ၊ထင်ရှားရှိသော။ယံအဇာတိဓမ္မတ္တံ၊ အကြင်ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းသဘောမရှိသည့်၏ အဖြစ်ကိုလည်းကောင်း။ ပရိနိဗ္ဗုတေသု၊ပရိနိဗ္ဗာန်ပြုကုန်ပြီးသော ပုဂ္ဂိုလ်တို့နှိုက်။ ဝိဇ္ဇမာနံ၊ထင်ရှားရှိသော။ဇာတိယာ၊ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်း၏။ယံအနာဂမနဉ္စ၊အကြင်လာမှုမရှိခြင်းကိုလည်းကောင်း။ ဣစ္ဆိတံ၊လိုချင်တောင်းတအပ်၏။တံ၊ ထိုဇာတိ၏။လာမှုမရှိခြင်းသို့။(ပတ္တဗ္ဗံနာမနဟောတိ၌စပ်)ဣစ္ဆန္တဿပိ၊လိုချင်တောင်းတအပ်သော်လည်း။ မဂ္ဂဘာဝနာယ၊မဂ်ကိုပွားစေခြင်းဖြင့်။ ပတ္တဗ္ဗတော၊ ရောက်အပ်သည်၏အဖြစ်ကြောင့်။ ဣစ္ဆာယ၊ တောင်းတခြင်းဖြင့်။ ပတ္တဗ္ဗံနာမ၊ရောက်အပ်သောမည်သည်။ နဟောတိ၊ဖြစ်မှုမရှိ။ ဣဒမ္ပီတိ၊ ဤဒမ္ပိဟူသည်ကား။ ဧတမ္ပိ၊ ဤသို့ ဇာတိတရားလာရောက်ခြင်းမရှိသော သဘောကို။ တောင်းတခြင်းသည်လည်း။ယံပိဣစ္ဆံ၊နလဘတိ၊တံပိဒုက္ခံ၊မဉ်၏ဥပရိ၊အထက်၌။သေသာနိ၊ကြွင်းကုန်သောစကားတို့ကို၊ ဥပါဒါယ၊ စွဲ၍။ ပိကာရော၊ ပိအက္ခရာကို။ ဝုတ္တော၊ ဆိုအပ်၏။ယံပိစ္ဆန္တိ၊ယံပိစ္ဆံ ဟူသည်

ကား။ယေနာပိဓမ္မေန၊ အကြောင်တရားဖြင့်လည်း။ အလဇ္ဇနေယျံ၊ မရအပ်သော၊ဝတ္ထုံ၊ ဝတ္ထုကို။ ယာစန္တေန၊ တောင်းတသောသူသည်။ နလဘတိ၊ မရ။ အလဇ္ဇနေယျဝတ္ထုမှ၊ မရအပ်သောဝတ္ထု၌။တံယာစနံ၊ထိုသို့တောင်းတခြင်းကို။ဒုက္ခန္တိ၊ဒုက္ခဟူ၍။ဝေဒိတဗ္ဗံ၊သိအပ်၏။ဇရာဓမ္မာနန္တိ၊အာဒီသုပိ၊ ဇရာဓမ္မာနံ၊ဤသို့အစရှိသည့်တို့၌လည်း။ ဧသေဝနယော၊ဤသို့ပင်နည်းရှိ၏။ ဧဝံယထာဝုတ္တနယေန၊အကြောင်အကြောင်ဆိုအပ်ပြီးသောနည်းဖြင့်။ဧတ္ထ၊ဤယာစနာနိဒ္ဒေသ၌။ အလဇ္ဇနေယျဝတ္ထုသု၊ မရအပ်သောဝတ္ထုတို့၌။ ယာစနာဝ၊ တောင်းတခြင်းကိုသာလျှင်။ယံပိစ္ဆံ၊ နလဘတိ၊ တံပိဒုက္ခန္တိ၊ ယံပိစ္ဆံနလဘတိ၊တံပိဒုက္ခံဟူ၍။ဝုတ္တာ၊ဟောတော်မူအပ်၏။ သာ၊ ထိုယာစနာသည်။အလဇ္ဇနေယျဝတ္ထုယာစနလက္ခဏာ။ မရအပ်သောဝတ္ထုကို။ တောင်းတခြင်းလက္ခဏာရှိ၏။ တပ္ပရိယေသနရသာ၊ ထိုမရအပ်သောဝတ္ထုကိုရှာမှီးခြင်းကိစ္စရှိ၏။ တေသံ၊ထိုတောင်းတအပ် အလိုရှိအပ်သော ဝတ္ထုတို့သို့။ အပတ္တိပစ္စုပဋ္ဌာနာ၊ မရောက်ခြင်းလျှင်။ ကြည့်ရှုသောသူတို့၏ဉာဏ်အား ရှေးရှုထင်တတ်၏။ဒွိန္နံပိ၊နှစ်ပါးကုန်သော။ဒုက္ခာနံ၊ကာယိကဒုက္ခ။စေတသိကဒုက္ခတို့၏။ ဝတ္ထုဘာဝတော၊ အကြောင်း၏အဖြစ်ကြောင့်။ ဒုက္ခန္တိ၊ ဒုက္ခဟူ၍။ဝုတ္တာ၊ဟောတော်မူအပ်၏။ဟိဝိတ္ထာရေမိ၊ ထိုစကားကိုချဲ့ဦးအံ့ ကေစ္စာအချို့သောသူကို။ရာဇာ၊မင်းသည်။ဘာပိသတိ၊ ဖြစ်လတ္တံ့။ဇာတိ၊ ဤသို့။သမ္ဘာဝိတော၊ချီးမွမ်းမြှောက်အပ်သည်။ ဟောတိ၊ ဖြစ်၏။သော၊ထိုသူသည်။ ဆိန္နဘိန္နဂဏော၊ပြတ်သော ပျက်သောဂိုဏ်းသည်။ ပရိဝါရိတော ခြံရံအပ်သည်။ ဟုတွာ၊ဖြစ်၍။ ပဗ္ဗတဝိသမံဝါ၊ တောင်တို့၏မညီမညွတ်ရာဌာနသို့လည်းကောင်း။ ဝနဂဟနံဝါ၊ တောချုံသို့လည်းကောင်း။ ပဝိသတိ၊ဝင်၏။ အထ၊ ထိုအခါ၌။ ရာဇာ၊မင်းသည်။တံပဝတ္တိံ၊ထိုအကြောင်းကို။ ဉတွာ၊သိ၍။ ဗလကာယံ၊စစ်သည်အပေါင်းကို။ပေသေတိ။ စေလိုက်၏။ သော၊ထိုသူသည်။ ရာဇပုရိသေဟိ။ မင်း၏စစ်သားယောကျ်ားတို့သည် ဟတပရိဝါရော၊ သတ်အပ်သောအခြံအရံရှိသည်။ ဟုတွာ။ဖြစ်၍။သယမ္ပိ မိမိသည်လည်း။ လဒ္ဓပ္ပဟာရော။ရအပ်သောပုတ်ခတ်ခြင်းရှိသည်။ဟုတွာ။ ဖြစ်၍။ ပလာယမာနော။ပြေးသွားသည်ရှိသော်။ရုက္ခန္တရံဝါ။သစ်ပင်ကြားသို့လည်းကောင်း။ ပါသာဏန္တရံဝါ။ ကျောက်ကြားသို့ လည်းကောင်း။ ပဝိသတိ။ဝင်၏။တသ္မိံသမယေ။ ထိုအခါ၌။မဟာမေဃော၊ ကြီးစွာသောမိုဃ်းသည်။ ဥဋ္ဌဟိ၊တက်၏။ တိဗ္ဗန္ဓကာရော၊ အလွန်မိုက်သည်။ ဟောတိ။ ဖြစ်၏။ ကာဠဝဒ္ဒလိကာ။ မည်းသောတိမ်တိုက်ရှိသည်။ ဟောတိ၊ဖြစ်၏။ အထ။ထိုအခါ၌။နံ။ထိုသူကို။သမန္တတော။ထက်ဝန်းကျင်မှ။ကာဠကိပိလ္လိ

ကာဒယော၊ ကိုယ်မည်သောအဆင်းရှိသော။ ပိုးရွအစရှိကုန်သော။ ပါဏာ ပိုးတို့သည်။ ပရိဝါယေတွာ၊ ရံကုန်၍။ ဂဏှန္တိ၊ ယူကုန်၏။ ဝါ၊ ကိုက်ကုန်၏ တေန၊ ထိုကြောင့်။ အဿ၊ ထိုသူအား။ ဗလဝကာယဒုက္ခံ၊ ပြင်းစွာသော ကိုယ်၏ဆင်းရဲခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကောကံ၊ တယောက်အထည်း တည်းဟူသော။ မံ၊ ငါကို။ နိဿာယ၊ မှီ၍။ ဧတ္တကာ၊ ဤမျှလောက်ကုန်သော။ ဉာတိစ၊ အဆွေအမျိုးတို့သည်လည်းကောင်း။ ဘောဂါစ၊ အသုံးအဆောင် စည်းစိမ်တို့သည်လည်းကောင်း။ ဝိနဋ္ဌာ၊ ပျက်စီးကုန်ပြီ။ ဣတိ၊ ဤသို့။ စိန္တေန္တဿ၊ ကြံသောသူအား။ ဗလဝဒေါမနဿံ၊ ကြီးစွာသောစိတ်၏ မ သက်မသာသောဝေဒနာသည်။ ဝါ၊ ကြီးစွာသော နှလုံးမသာမယာခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧဝံယထာဝုတ္တနယေန၊ အကြင်အကြင်ဆိုအပ်ပြီးသော နည်းဖြင့်။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဣမေသံဒုက္ခာနံ၊ ဤဒုက္ခတို့၏။ ဝတ္ထုဘာဝေန၊ အကြောင်း၏အဖြစ်ဖြင့်။ ဒုက္ခာတိ၊ ဒုက္ခဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ အပိစအပရေနသော နည်းတပါးကို။ မယာ၊ ငါအဋ္ဌကထာဆရာသည်။ ဝုစ္စတေ ဆိုဦးအံ့။ ဣဓ၊ ဤလောက၌။ တံတံ၊ ထိုထိုသို့သောဝတ္ထုံကို။ ပတ္ထယမာနာနံ၊ တောင့်တကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ တဿ၊ တဿ၊ ထိုထိုသို့ သော တောင့်တအပ်သော ဝတ္ထုကို။ အလာဘတော၊ မရခြင်းကြောင့်။ ဝိဃာတမယံ၊ စိတ်၏ပင်ပန်းခြင်းသည်ပြုအပ်သော။ ယံဒုက္ခံ၊ အကြင်စိတ် ၏ဆင်းရဲဒုက္ခသည်။ ဇာယတိ၊ ဖြစ်၏။ တဿဒုက္ခဿ၊ ထိုဒုက္ခ၏ (ကာရဏံ၌စပ်) အလဗ္ဘနေယျဝတ္ထူနံ၊ မရအပ်သော ဝတ္ထုတို့ကို။ ပတ္ထနာ၊ တောင့်တခြင်းသည်။ ကာရဏံ၊ အကြောင်းသည်။ ယသ္မာ၊ အကြင်ကြောင့် ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ဇိနော၊ မာရ်ငါးပါးကိုအောင်တော် မူသောဘုရားရှင်သည်။ ဣစ္ဆိတာလာဘံ၊ အလိုရှိအပ်တောင့်တအပ်သော ဝတ္ထုကိုမရခြင်းကြောင့်။ ဒုက္ခံ၊ ဒုက္ခဟူ၍။ အဗြဝိ၊ ဟောတော်မူပြီ။ ဤသို့ပြ ဆိုအပ်သောအဋ္ဌကထာစကားကိုထောက်၍လည်း။ ရှေး၌ပြဆိုအပ်ပြီးသော နည်းအတိုင်းနှလုံးသွင်းပုံကိုယုံကြည်၍။ မဇ္ဈိမာပဋိပဒါအကျင့်ကိုမှီဝဲကျင့် ကြံကြလေကုန်။

ဤမျှသောစကားအစဉ်ဖြင့်။ ယံပိစ္ဆံနလဘတိ၊ တံပိဒုက္ခံကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါအကျင့်ကိုမှီဝဲကျင့်ကြံပုံကိုပြဆိုချက်ပြီး၏။

{မေး} ယံပိစ္ဆံနလဘတိ၊ တံပိဒုက္ခံကိုပြဆိုအပ်သောနည်းအတိုင်းသိရ ပြီ။ သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာဟူသော ဒေသနာတော်ပါဠ်တို့တွင်။ ပဉ္စုပါ ဒါနက္ခန္ဓာကိုဘယ်သို့သိအပ်ပါမည်နည်း။

{ဖြေ} အာသဝေါ တရားတို့၏အာရုံ။ ဥပါဒါန်တရားတို့၏ အာရုံဖြစ်

သော ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ
တရားငါးပါးတို့ကို။ ဥပါဒါနက္ခန္ဓာတရားဟုသိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} ကတမေစဘိက္ခဝေ၊ ပဉ္စုပါဒါနက္ခန္ဓာ၊ ယံကိဉ္စိဘိက္ခဝေ၊ ရူပံ
အတီတာနာဂတပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံဝါ၊ ဗဟိဒ္ဓါဝါ၊ ဩဠာရိကံဝါ၊ သုခုမံဝါ။
ဟီနံဝါ၊ ပဏီတံဝါ၊ ယံဒူရေသန္တိကေဝါ၊ သာသဝံဥပါဒါနိယံ၊ အယံဝုစ္စ
တိ၊ ရူပုပါဒါနက္ခန္ဓော၊ ယာကာစိဝေဒနာ၊ အတီတာနာဂတပစ္စုပ္ပန္နာ၊ အဇ္ဈ
တ္တံဝါ၊ ဗဟိဒ္ဓါဝါ၊ ဩဠာရိကာဝါ၊ သုခုမာဝါ၊ ဟီနာဝါ၊ ပဏီတာဝါ၊ ယာ
ဒူရေ၊ သန္တိကေဝါ၊ သာသဝါ၊ ဥပါဒါနိယာ၊ အယံဝုစ္စတိ၊ ဝေဒနုပါဒါနက္ခန္ဓော
ယာကာစိသညာ၊ အတီတာနာဂတပစ္စုပ္ပန္နာ၊ အဇ္ဈတ္တံဝါ၊ ဗဟိဒ္ဓါဝါ၊ ဩဠ
ာရိကာဝါ၊ သုခုမာဝါ၊ ယာဒူရေသန္တိကေဝါ၊ သာသဝါ၊ ဥပါဒါနိယာ၊
အယံဝုစ္စတိ သညုပါဒါနက္ခန္ဓော၊ ယေကေစိသင်္ခါရာ၊ အတီတာနာဂတ
ပစ္စုပ္ပန္နာ၊ အဇ္ဈတ္တံဝါ၊ ဗဟိဒ္ဓါဝါ၊ ဩဠာရိကာဝါ၊ သုခုမာဝါ၊ ဟီနာဝါ၊ ပ
ဏီတာဝါ၊ ယေဒူရေသန္တိကေဝါ၊ သာသဝါ၊ ဥပါဒါနိယာ၊ အယံဝုစ္စတိ၊
သင်္ခါရုပါဒါနက္ခန္ဓော၊ ယံကိဉ္စိဝိညာဏံ၊ အတီတာနာဂတပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံ
ဝါ၊ ဗဟိဒ္ဓါဝါ၊ ဩဠာရိကံဝါ၊ သုခုမံဝါ၊ ဟီနံဝါ၊ ပဏီတံဝါ၊ ယံဒူရေသန္တိ
ကေဝါ၊ သာသဝံ၊ ဥပါဒါနိယံ၊ အယံဝုစ္စတိ၊ ဝိညာဏုပါဒါနက္ခန္ဓော၊ ဣမေဝု
စ္စန္တိ ဘိက္ခဝေ ပဉ္စုပါဒါနက္ခန္ဓာတိဟူ၍။ ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော်အဋ္ဌကထာဒီ
ပနီ ခြောက်ရမြောက်သုတ်၌ဟောတော်မူအပ်သည့်ကိုထောက်၍သိအပ်
ပါသည်။ အနက်သိကြောင်းမြန်မာပြန်ကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စုပါ
ဒါနက္ခန္ဓာ၊ ဥပါဒါန်တရားတို့၏အာရုံဖြစ်ကုန်သော။ ငါးပါးသောခန္ဓာတရား
တို့သည်။ ကတမေစ၊ အဘယ်သည့်တို့နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ အတီတာ
နာဂတပစ္စုပ္ပန္နံ၊ အတိတ်အနာဂါတ်ပစ္စုပ္ပန်သည်းဖြစ်သော။ အဇ္ဈတ္တံဝါ၊
မိမိအဇ္ဈတ္တသန္တာန်ကိုစွဲ၍လည်းဖြစ်သော။ ဗဟိဒ္ဓါဝါ၊ မိမိမှ အပဖြစ်သော
ဗဟိဒ္ဓသန္တာန်ကိုစွဲ၍လည်းဖြစ်သော။ ဩဠာရိကံဝါ၊ ရုံးရင်းသည်သည်း
ဖြစ်သော။ သုခုမံဝါ၊ သိမ်မွေ့သည်လည်းဖြစ်သော။ ဟီနံဝါ၊ ယုတ်သည်
လည်းဖြစ်သော။ ပဏီတံဝါ၊ မြတ်သည်သည်းဖြစ်သော။ ယံဒူရေဝါ၊ အ
ကြွင်ဝေးသည်လည်းဖြစ်သော။ ယံသန္တိကေဝါ၊ အကြွင်နည်းသည်လည်း
ဖြစ်သော။ သာသဝံ၊ အာသဝေါတရားလေးပါးတို့၏ အာရုံဖြစ်သော။ ဥပါ
ဒါနိယံ၊ ဥပါဒါန်တရားတို့၏အာရုံဖြစ်သော။ ယံကိဉ္စိ၊ အလုံးစုံသော။ ရူပံ၊
ရုပ်သည်၊ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဆိုအပ်ပြီးသောရုပ်အပေါင်းကို။ ရူပုပါဒါ
နက္ခန္ဓော၊ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ရူပက္ခန္ဓာဟူ၍။ ဝုစ္စတိ၊ ဆို

အပ်၏၊ အတီတာနာဂတပစ္စုပ္ပန္နာ၊ အတိတ် အနာဂါတ် ပစ္စုပ္ပါန် လည်း ဖြစ်သော။ အဇ္ဈတ္တံဝါ၊ မိမိအဇ္ဈတ္တသန္တာန်ကို စွဲ၍လည်း ဖြစ်ထသော။ ဗဟိဒ္ဓါဝါ၊ မိမိမှအပဖြစ်သော ဗဟိဒ္ဓသန္တာန်ကိုစွဲ၍လည်းဖြစ်ထသော။ ဩဠာရိကံ ဝါ၊ ယုတ်သည်လည်းဖြစ်သော။ ပဏီတံဝါ၊ မြတ်သည်လည်းဖြစ်သော။ ယာဒူရေဝါ၊ အကြွင်ဝေးသည်လည်းဖြစ်သော။ ယာသန္တိကေဝါ၊ အကြွင် နီးသည်လည်းဖြစ်သော။ သာသဝါ၊ အာသဝေါတရားလေးပါးတို့၏အာရုံ ဖြစ်သော။ ဥပါဒါနိယာ၊ ဥပါဒါန် တရားတို့၏အာရုံဖြစ်သော ယာကာစိ၊ အလုံးစုံသော။ ဝေဒနာ၊ ခံစားတတ်သော ဝေဒနာ သည်။ အတ္ထိ၊ ရှိ၏။ အယံ ဤဆိုအပ်ပြီးသော ဝေဒနာအပေါင်းကို။ ဝေဒနူပါဒါနက္ခန္ဓောတိ၊ ဥပါဒါန် တရားတို့၏အာရုံဖြစ်သော ဝေဒနက္ခန္ဓာဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ အတီတာ နာဂတပစ္စုပ္ပန္နာ၊ အတိတ်အနါဂါတ်ပစ္စုပ္ပါန်လည်းဖြစ်သော။ အဇ္ဈတ္တံဝါ၊ မိမိ အဇ္ဈတ္တသန္တာန်ကို စွဲ၍လည်းဖြစ်သော။ ဗဟိဒ္ဓါဝါ၊ မိမိမှအပဖြစ်သော ဗ ဟိဒ္ဓသန္တာန်ကိုစွဲ၍လည်းဖြစ်သော၊ ဩဠာရိကံဝါ၊ ရုံးရင်းသည်လည်းဖြစ် သော။ သုခုမံဝါ သိမ်မွေ့သည်လည်းဖြစ်သော။ ဟီနံဝါ၊ ယုတ်သည်လည်း ဖြစ်သော၊ ပဏီတံဝါ၊ မြတ်သည်လည်းဖြစ်သော။ ယာဒူရေဝါ၊ အကြွင်ဝေး သည်လည်းဖြစ်သော။ ယာသန္တိကေဝါ၊ အကြွင်နီးသည်လည်းဖြစ်သော။ သာ သဝါ၊ အာသဝေါတရားလေးပါးတို့၏အာရုံဖြစ်သော၊ ဥပါဒါနိယာ၊ ဥပါ ဒါန်တရားတို့၏ အာရုံဖြစ်သော။ ယာကာစိ၊ အလုံးစုံသော။ သညာ၊ မှတ် တတ်သော သညာသည်၊ အတ္ထိ၊ ရှိ၏။ အယံ။ ဤဆိုအပ်ပြီးသော သညာအ ပေါင်းကို။ သညုပါဒါနက္ခန္ဓောတိ။ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော သညာက္ခန္ဓာတရားဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ အတီတာနာဂတပစ္စုပ္ပန္နာ။ အတိတ် အနာဂါတ် ပစ္စုပ္ပါန်လည်း ဖြစ်ကုန်သော။ အဇ္ဈတ္တံဝါ။ မိမိအဇ္ဈတ္တ သန္တာန်ကိုစွဲ၍လည်းဖြစ်ကုန်သော၊ ဗဟိဒ္ဓါဝါ။ မိမိမှအပဖြစ်သော ဗဟိဒ္ဓ သန္တာန်ကို စွဲ၍သည်းဖြစ်ကုန်သော၊ ဩဠာရိကံဝါ။ ရုံးရင်းသည်လည်း ဖြစ်ကုန်သော။ သုခုမံဝါ။ သိမ်မွေ့သည်လည်း ဖြစ်ကုန်သော။ ဟီနာဝါ။ ယုတ်သည်လည်းဖြစ်ကုန်သော။ ပဏီတာဝါ။ မြတ်သည်လည်းဖြစ်ကုန် သော၊ ယေဒူရေဝါ။အကြွင်ဝေးသည်လည်းဖြစ်ကုန်သော။ ယေသန္တိကေ ဝါ၊အကြွင်နီးသည်လည်းဖြစ်ကုန်သော၊ သာသဝါ။အာသဝေါတရားလေး ပါးတို့၏အာရုံဖြစ်ကုန်သော။ ဥပါဒါနိယာ။ဥပါဒါန်တရားတို့၏ အာရုံဖြစ် ကုန်သော။ ယေကေစိ။ အလုံးစုံကုန်သော။ သင်္ခါရာ။ အသီးအသီးပြုပြင် တတ်ကုန်သော ဖဿအစရှိကုန်သော သင်္ခါရတရားတို့သည်။ သန္တိ။ ရှိကုန် ၏။ အယံ။ ဤဆိုအပ်ခဲ့ပြီးသော သင်္ခါရ တရားအပေါင်းကို။ သင်္ခါရုပါဒါ

နက္ခန္ဓောတိ။ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော သင်္ခါရက္ခန္ဓာဟူ၍။ ဝုတ္တတိ ဆိုအပ်၏။ အတီတာနာဂတပစ္စုပ္ပန္နံ။ အတိတ် အနာဂါတ် ပစ္စုပ္ပန် လည်း ဖြစ်သော။ အဇ္ဈတ္တံဝါ။ မိမိအဇ္ဈတ္တသန္တာန်ကိုစွဲ၍လည်းဖြစ်သော။ ဗဟိဒ္ဓါဝါ။ မိမိမှအပဖြစ်သော ဗဟိဒ္ဓသန္တာန်ကိုစွဲ၍လည်းဖြစ်သော။ ဩဠာရိကံဝါ။ ရုံး ရင်းသည်လည်းဖြစ်သော။ သုခုမံဝါ။ သိမ်မွေ့သည်လည်းဖြစ်သော။ ဟီနံဝါ။ ယုတ်သည်လည်းဖြစ်သော။ ပဏီတံဝါ။ မြတ်သည်လည်းဖြစ်သော၊ ယံဒူရေဝါ အကြွင်ဝေးသည်လည်းဖြစ်သော။ ယံသန္တိကေဝါ။ အကြွင်နီးသည်လည်းဖြစ် သော။ သာသဝံ။ အာသဝေါတရားလေးပါးတို့၏အာရုံဖြစ်သော။ ဥပါဒါနိ ယံ၊ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော၊ ယံကိဉ္စိ။ အလုံးစုံသော။ ဝိညာဏံ။ အသိသဘောဝိညာဏ်သည်။ အတ္ထိ။ ရှိ၏။ အယံ။ ဤဆိုအပ်ပြီးသော အသိ ဝိညာဏ်အပေါင်းကို၊ ဝိညာဏုပါဒါနက္ခန္ဓောတိ။ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သောဝိညာဏက္ခန္ဓာဟူ၍။ ဝုတ္တတိ။ ဆိုအပ်၏။ ဘိက္ခဝေ။ ရဟန်းတို့။ ဣမေ။ ဤဆိုအပ်ပြီးသောခန္ဓာတို့ကို၊ ပဉ္စုပါဒါနက္ခန္ဓာတိ။ ဥပါဒါန်တရားတို့ ၏အာရုံဖြစ်သော ငါးပါးသောခန္ဓာတရားတို့ဟူ၍၊ ဝုစ္စန္တိ။ ဆိုအပ်ကုန်၏။ (အဓိပ္ပါယ်ကား) အာသဝေါတရားတို့၏အာရုံ ဥပါဒါန်တရားတို့၏အာရုံ ဖြစ်သော၊ အတိတ် အနာဂါတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ၊ ဩဠာရိက သုခုမ ဒူရ။ သန္တိကဖြစ်သော ရုပ်အစုအပေါင်းကို။ ရူပုပါဒါနက္ခန္ဓာဟူ၍ဆိုအပ် သည်။ အာသဝေါတရားတို့၏အာရုံ ဥပါဒါန်တရားတို့၏အာရုံဖြစ်သော။ အတိတ်ဖြစ်သောဝေဒနာ။ အနာဂါတ်ဖြစ်သောဝေဒနာ။ ပစ္စုပ္ပန်ဖြစ်သော ဝေဒနာ။ အဇ္ဈတ္တဖြစ်သောဝေဒနာ၊ ဗဟိဒ္ဓဖြစ်သောဝေဒနာ။ ဩဠာရိက ဖြစ်သောဝေဒနာ။ သုခုမဖြစ်သောဝေဒနာ။ ဟီနဖြစ်သောဝေဒနာ၊ ပဏီတ ဖြစ်သောဝေဒနာ၊ ဒူရဖြစ်သောဝေဒနာ။ သန္တိကဖြစ်သောဝေဒနာအပေါင်း ကို ဝေဒနုပါဒါနက္ခန္ဓာဟုဆိုအပ်သည်။ အာသဝေါတရားတို့၏အာရုံ။ ဥပါ ဒါန်တရားတို့၏အာရုံဖြစ်သော၊ အတိတ်ဖြစ်သောသညာ။ အနာဂါတ်ဖြစ် သောသညာ၊ ပစ္စုပ္ပန်ဖြစ်သောသညာ။ အဇ္ဈတ္တသန္တာန်၌ဖြစ်သောသညာ ဗဟိဒ္ဓသန္တာန်၌ဖြစ်သောသညာ၊ ဩဠာရိကဖြစ်သောသညာ။ သုခုမဖြစ် သောသညာ။ ဟီနဖြစ်သောသညာ။ ပဏီတဖြစ်သောဖြစ်သော။ ဒူရဖြစ် သောသညာ။ သန္တိကဖြစ်သောသညာအပေါင်းကို။ သညုပါဒါနက္ခန္ဓာ ဟုဆိုအပ်သည်။

အာသဝေါတရားတို့၏အာရုံ။ ဥပါဒါန်တရားတို့၏အာရုံဖြစ်ကုန်သော အတိတ်ဖြစ်ကုန်သော သင်္ခါရတရားတို့။ အနာဂါတ်ဖြစ်ကုန်သောသင်္ခါရ တရားတို့။ ပစ္စုပ္ပန်ဖြစ်ကုန်သောသင်္ခါရတရားတို့၊ အဇ္ဈတ္တဖြစ်ကုန်သော

သင်္ခါရတရားတို့။ ဗဟိဒ္ဓဖြစ်ကုန်သော သင်္ခါရတရားတို့။ ဩဠာရိကဖြစ်ကုန်သောသင်္ခါရတရားတို့။ သုခုမဖြစ်ကုန်သောသင်္ခါရတရားတို့။ ဟီနဖြစ်ကုန်သောသင်္ခါရတရားတို့။ ပဏီတဖြစ်ကုန်သောသင်္ခါရတရားတို့။ ဒူရဖြစ်ကုန်သောသင်္ခါရတရားတို့။ သန္တိကဖြစ်ကုန်သောသင်္ခါရတရားတို့အပေါင်းကို။ သင်္ခါရုပါဒါနက္ခန္ဓာဟူ၍ဆိုအပ်သည်။ အာသဝေါတရားတို့၏အာရုံ။ ဥပါဒါန်တရားတို့၏အာရုံဖြစ်သော အတိတ်ဖြစ်သောအသိဝိညာဏ်။ အနာဂါတ်ဖြစ်သော အသိဝိညာဏ်။ ပစ္စုပ္ပါန်ဖြစ်သောအသိဝိညာဏ်။ အဇ္ဈတ္တဖြစ်သော အသိဝိညာဏ်။ ဗဟိဒ္ဓဖြစ်သော အသိဝိညာဏ်။ ဩဠာရိကဖြစ်သော အသိဝိညာဏ်။ သုခုမဖြစ်သော အသိဝိညာဏ်။ ဟီနဖြစ်သောအသိဝိညာဏ်။ ပဏီတဖြစ်သော အသိဝိညာဏ်။ ဒူရဖြစ်သော အသိဝိညာဏ်။ သန္တိကဖြစ်သော အသိဝိညာဏ်အပေါင်းကို ဝိညာဏုပါဒါနက္ခန္ဓာဟု ဆိုအပ်သည်။ ဤပြဆိုအပ်ပြီးသော အာသဝေါတရားတို့၏အာရုံဥပါဒါန်တရားတို့၏အာရုံဖြစ်သော။ ခန္ဓာငါးပါးတရားအပေါင်းကိုသာလျှင် ပဉ္စုပါဒါနက္ခန္ဓာဟုဆိုအပ်သည်ဟူလို။ ဤကားအဓိပ္ပါယ်အကျဉ်းတည်း။

ဤသို့ပြဆိုအပ်သော ဘုရားဟောတော်မူအပ်သောပါဠိတော်ကိုထောက်၍။ ပဉ္စုပါဒါနက္ခန္ဓာတရားကိုထင်ရှားသိကြလေ။

{မေး} ပဉ္စုပါဒါနက္ခန္ဓာကိုပြဆိုအပ်ပြီးသောနည်းအတိုင်းသိအပ်ပါပြီ။ ထိုပဉ္စုပါဒါနက္ခန္ဓာကို ဒုက္ခဟူ၍ဟောတော်မူအပ်သည်ကိုလည်းကောင်း။ ထိုဒုက္ခကို အာရုံပြု၍ မဇ္ဈိမာပဋိပဒါကို မြဲဝဲကျင့်ကြံ ပုံကိုလည်းကောင်း။ ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဤပြဆိုလတ္တံ့သောနည်းကိုအစဉ်မှီး၍သိအပ်ပါသည်။ သိပုံမှာ၊ ထိုအာသဝေါတရားတို့၏အာရုံ ဥပါဒါန်တရားတို့၏အာရုံဖြစ်သော။ ခန္ဓာငါးပါးတရားတို့ကိုမှီ၍သာလျှင်ဇာတိဒုက္ခလည်းဖြစ်ရ၏။ ဇရာဒုက္ခလည်းဖြစ်ရ၏။ ဗျာဓိဒုက္ခလည်းဖြစ်ရ၏။ မရဏဒုက္ခလည်းဖြစ်ရ၏။ သောကဒုက္ခ။ ပရိဒေဝဒုက္ခ။ ဒုက္ခဒုက္ခ။ ဒေါမနဿဒုက္ခ။ ဥပါယာသဒုက္ခ။ အပိယေဟိသမ္ပယောဂဒုက္ခ။ ပိယေဟိဝိပ္ပယောဂဒုက္ခ။ မပြတ်မလပ်ဖြစ်ပျက်ခြင်းဖြင့် နှိပ်စက်ခံရသော သင်္ခါရဒုက္ခဟူသမျှတို့သည်လည်းဖြစ်ရပေ၏။

ဖြစ်ပုံကိုထင်ရှားပြဆိုဦးအံ့။ ရုပ်ဝေဒနာသညာသင်္ခါရဝိညာဏ်တည်းဟူသော ခန္ဓာငါးပါးတရားတို့သည်။ အကယ်၍ ထိုထိုသို့သောဖြစ်ရာဘုံတို့၌ဖြစ်ပေါ်မှုမရှိခဲ့သည်ဖြစ်အံ့။ ရှေးဇာတိပိဒုက္ခာ၌ ပြဆိုအပ်ပြီးသော ဒုက္ခအမျိုးမျိုးတို့သည် အဘယ်မှာရှိပါတော့အံ့နည်း။ စင်စစ်မရှိလေရာ။ စင်စစ်၎င်းဇာတိကြောင့်ဖြစ်ရသေသမျှသော ဒုက္ခဟူသမျှတို့သည်။ လောင်စရာ

ဝဋ္ဋုံကိုမှီ၍သာ မီးလောင် ခြင်းဖြစ်ရသကဲ့သို့၊ ထိုနည်းအတူ ဥပါဒါနက္ခန္ဓာ ငါးပါးအပေါင်းတို့ကိုမှီ၍သာ ဧကန်ဖြစ်ရပေ၏။ ထိုကြောင့်ဘုရားရှင်သည်၊ ပဥ္စုပါဒါနက္ခန္ဓာကို ၎င်းဇာတိပိဒုက္ခာဟူသမျှတို့၏ ကျရောက်ရာ ဌာနဖြစ်၍။ ဒုက္ခဟူ၍ ဟောအပ်ပေ၏တကားဟု အာရုံပြု၍။ အဘန်တလဲလဲ ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်နေအပ်၏။ ထိုသို့ဆင်ခြင်သုံးသပ်နေတိုင်းနေတိုင်း ဇာတိကြောင့်ဖြစ်သောဒုက္ခအမျိုးမျိုးတို့၏ကျရောက်ရာဖြစ်သော ခန္ဓာငါးပါးတရားအပေါင်းတို့၏၊ ဒုက္ခဟူသောအာဒိနဝအပြစ်ကို ဟုတ်တိုင်းမှန်စွာသိမြင်တတ်သော။ သမ္မာဒိဋ္ဌိအမှုးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏၊ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း၊ ထိုပဥ္စုပါဒါနက္ခန္ဓာ၏။ အာဒိနဝအပြစ်ကိုမသိမမြင်တတ်သော အဝိဇ္ဇာ မောဟနှင့်တကွသော ကိလေသာတို့သည်လည်းကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်ခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို၊ မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ ၎င်းပဥ္စုပါဒါနက္ခန္ဓာ၏၊ အာဒိနဝအပြစ်ကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါ အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို၊ မှီဝဲကျင့်ကြံအပ်သည်၏အဖြစ်ကိုထင်ရှားသိကြလေ၊ ဤပဥ္စုပါဒါန်ဘဝတို့၌သာ ထိုဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ရုပ် ဝေဒနာ သညာ သင်္ခါရဝိညာဏ်တည်းဟူသော ခန္ဓာငါးပါးတရားတို့သည် ဇာတိကြောင့်ဖြစ်သော ဒုက္ခအမျိုးမျိုးတို့၏ ကျရောက်ရာဒုက္ခဖြစ်သည်မဟုတ်သေး။ ဧရာသံသရာအဆက်ဆက်တို့၌လည်း။ ၎င်းခန္ဓာငါးပါးတရားတို့သာလျှင် ဇာတိကြောင့်ဖြစ်သောဒုက္ခအမျိုးမျိုးတို့၏ကျရောက်ရာဧကန်အမှန်ဖြစ်ပေ၏။ ဖြစ်ပုံမှာ၊ ဧရာသံသရာအဆက်ဆက်တို့၌ ၎င်းဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတရားတို့သည် အကယ်၍။ ထိုသို့သောဖြစ်ရာဘုံတို့၌၊ ဖြစ်ပေါ်မှုမရှိခဲ့သည်ဖြစ်အံ့။ ဇာတိပိဒုက္ခာ၌ ပြဆိုအပ်ပြီးသော ဒုက္ခအမျိုးမျိုးတို့သည်။ အဘယ်မှာရှိပါတော့အံ့နည်း။ စင်စစ် မရှိလေရာ၊ စင်စစ် ဇာတိကြောင့်ဖြစ်ရလေသမျှဒုက္ခဟူသမျှတို့သည်လည်း။ လောင်စရာဝဋ္ဋုံကို မှီ၍သာ မီးလောင်ခြင်းဖြစ်ဘူးလေသကဲ့သို့၊ ထိုနည်းအတူဥပါဒါနက္ခန္ဓာငါးပါးကိုစွဲမှီ၍သာဧကန်ဖြစ်ဘူးလေပြီဟူ၍လည်းကောင်း၊ နောင်အနာဂါတ်ကာလ၌လည်း၊ ထိုဥပါဒါနက္ခန္ဓာငါးပါး အပေါင်းကို စွဲ၍သာ၊ ဇာတိဒုက္ခဟူသမျှတို့သည်။ဖြစ်လတ္တံ့သတည်းဟု အဘန်တလဲလဲအာရုံပြု၍။ဝိပဿနာဉာဏ်ဖြင့်ဆင်ခြင်သုံးသပ်နေအပ်၏၊ ထိုသို့ ဆင်ခြင်သုံးသပ်နေတိုင်းနေ

တိုင်း။ အတိတ်၌ဖြစ်ပြီးသော ဥပါဒါနက္ခန္ဓာငါးပါးတို့၏။ အာဒိနဝ အပြစ်။ အနာဂါတ်၌ ဖြစ်လတံ့သော။ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အာဒိနဝအပြစ်တို့ကို။ဟုတ်တိုင်းမှန်စွာသိမြင်တတ်သော။သမ္မာဒိဋ္ဌိအမျိုးရှိသော။ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည် ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်း ဖြစ်တိုင်း အတိတ် အနာဂါတ်တို့၏။ ထိုပစ္စုပ္ပန်ဥပါဒါနက္ခန္ဓာ၏။ အာဒိနဝ အပြစ်တို့ကို မသိမမြင်တတ်သော။အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာဟူသမျှတို့သည်လည်း ကင်းကြလေကုန်၏။ဘာဝနာသုခဥ္ဒိကာနုသယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော။ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သည်၏အဖြစ်ကြောင့်၊ အတိတ် အနာဂါတ်၌ဖြစ်သောပစ္စုပ္ပန်ဥပါဒါနက္ခန္ဓာ၏။အာဒိနဝအပြစ်ကို အာရုံပြု၍ မဇ္ဈိမာပဋိပဒါ တည်းဟူသော။ အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှီဝဲကျင့်ကြံသည်၏အဖြစ်ကိုထင်ရှားသိကြလေ။

ထိုပစ္စုပ္ပန်ဥပါဒါနက္ခန္ဓာတရားတို့သည်။ ဇာတိကြောင့်ဖြစ်သောဒုက္ခအမျိုးမျိုးတို့၏ ကျရောက်ရာဌာနသာဖြစ်သည်မဟုတ်သေး။ ရှေး၌ပြဆိုအပ်ခဲ့ပြီးသော။ ဇရာကြောင့်ဖြစ်သော ဒုက္ခဟူသမျှတို့၏ ကျရောက်ရာ ဌာနလည်း ဖြစ်ပေ၏။ ဖြစ်ပုံမှာ။ ၎င်းဥပါဒါန်တရားတို့၏အာရုံဖြစ်သော။ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တည်းဟူသော ခန္ဓာငါးပါးတရားတို့သည်၊ထိုထိုဘုံတို့၌ဖြစ်ပေါ်၍ ထင်ရှားမရှိခဲ့သည်ဖြစ်အံ့။ အဘယ်မှာ ဇရာကြောင့်ဖြစ်သော ဒုက္ခအမျိုးမျိုးတို့သည်။အဘယ်မှာတွေ့ပါတော့အံ့နည်း။ စင်စစ် မတွေ့ပေရာ။ စင်စစ်တွေ့ရခြင်းမှာ။၎င်းဥပါဒါနက္ခန္ဓာငါးပါး တရားထင်ရှားရှိခြင်းကြောင့်သာ ဇရာကြောင့်ဖြစ်သော ဒုက္ခအမျိုးမျိုးတို့ကို တွေ့ရပေ၏ ထိုကြောင့် ဥပါဒါနက္ခန္ဓာငါးပါးတရားတို့သည် ဇရာကြောင့်ဖြစ်သောဒုက္ခအမျိုးမျိုးတို့ကိုတွေ့ရပေ၏။ထိုကြောင့်။ဥပါဒါနက္ခန္ဓာငါးပါးတရားတို့သည် ဇရာကြောင့်ဖြစ်သော ဒုက္ခအမျိုးမျိုးတို့၏ မှီရာတည်ရာဖြစ်ပေ၏။ ထိုသို့ဇရာကြောင့်ဖြစ်သောဒုက္ခဟူသမျှတို့၏ မှီရာတည်ရာဖြစ်ခြင်းကြောင့်။ ဥပါဒါနက္ခန္ဓာငါးပါးတရားအပေါင်းကို ဒုက္ခဟူ၍ ဘုရားရှင်ဟောအပ်ပေစွတကားဟုအာရုံပြု၍ အဘန်တလဲလဲ ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်နေအပ်၏။ ထိုသို့ဆင်ခြင်သုံးသပ်နေတိုင်းနေတိုင်း ဇရာကြောင့်ဖြစ်သော ဒုက္ခအမျိုးမျိုးတို့၏ ကျရောက်ရာဖြစ်သော ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတရားတို့၏ ဒုက္ခဟူသောအာဒိနဝအပြစ်ကို။ ဟုတ်တိုင်း

မှန်စွာသိမြင်တတ်သော သမ္မာဒိဋ္ဌိ အမှူးရှိသော ဝိပဿနာ အဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာ အဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ထိုပဋိစ္စသမုပ္ပါဒ်ဒုက္ခသစ္စာ၏ အာဒီနဝအပြစ်ကို မသိမမြင်တတ်သော။ အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည်လည်းကင်းကြကုန်၏။ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏၊ ထိုသို့ကင်းလွတ်နေခြင်းကြောင့် ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကိုမဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်။ ထိုသို့ခေါ်ဆိုအပ်သော ကြောင့်။ ၎င်းပဋိစ္စသမုပ္ပါဒ်ဒုက္ခသစ္စာ၏အာဒီနဝအပြစ်ကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယာအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှီဝဲကျင့်ကြံအပ်သည့်၏အဖြစ်ကိုထင်ရှားသိကြလေ။ ဤပဋိစ္စသမုပ္ပါဒ်ကာလ၌ဖြစ်ပုံကိုမှီ၍။ အတိတ်၌ဖြစ်ဘူးသောဥပါဒါနက္ခန္ဓာတို့၏အဖြစ်။ နောင်အနာဂတ်၌ဖြစ်လတ္တံ့သောဥပါဒါနက္ခန္ဓာတို့၏အဖြစ်ကိုလည်း။ ရှေး၌ပြဆိုအပ်ပြီးသောနည်းအတိုင်းသိကြလေ။ ထို ပဋိစ္စသမုပ္ပါဒ်ဒုက္ခန္ဓာတရားတို့သည်။ ဇာတိဇရာကြောင့်ဖြစ်သော ဒုက္ခအမျိုးမျိုးတို့၏ ကျရောက်ရာဌာနသာ ဖြစ်သည်မဟုတ်သေး၊ဗျာဓိဒုက္ခဟူသမျှတို့၏ကျရောက်ရာဌာနလည်းဖြစ်ပေ၏၊ ဖြစ်ပုံမှာ။၎င်းဥပါဒါန်တရားတို့၏ အာရုံဖြစ်သော၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တည်းဟူသော ခန္ဓာငါးပါးတရားအပေါင်း ထင်ရှားမရှိခဲ့သည်ဖြစ်အံ့။ အဘယ်မှာဗျာဓိတည်းဟူသော ရောဂါအမျိုးမျိုးကြောင့်ဖြစ်သော ဒုက္ခဝေဒနာတို့သည် ဖြစ်ပါအံ့နည်း၊ စင်စစ်ဖြစ်မှုမရှိသေရာ။ စင်စစ် ၎င်းရောဂါအမျိုးမျိုးကြောင့်ဖြစ်သော ဒုက္ခဝေဒနာအမျိုးမျိုးဖြစ်ရသည်မှာ၊၎င်းဥပါဒါနက္ခန္ဓာငါးပါးထင်ရှားရှိ၍သာကြောင့်ဖြစ်ရပေ၏။ ထိုကြောင့်၊ဥပါဒါနက္ခန္ဓာငါးပါးတရားတို့သည်၊ရောဂါအမျိုးမျိုးကြောင့်ဖြစ်သော ဗျာဓိဒုက္ခဟူသမျှတို့၏မှီရာတည်ရာသာကြောင့်ဖြစ်ပေ၏။ထိုသို့ဗျာဓိဒုက္ခဟူသမျှတို့၏မှီရာတည်ရာဖြစ်သောကြောင့်။၎င်းဥပါဒါနက္ခန္ဓာငါးပါးအပေါင်းကိုဒုက္ခဟူ၍ ဘုရားရှင်ဟောတော်မူအပ်လေသည်။ ထိုကြောင့် ဥပါဒါနက္ခန္ဓာငါးပါးအပေါင်းကို ရောဂါအမျိုးမျိုးတို့ကြောင့်ဖြစ်သော ဗျာဓိဒုက္ခတို့၏တည်ရာဒုက္ခတရားရုပ်နာမ်တည်းဟူ၍။အဘန်တလဲလဲဝိပဿနာဉာဏ်ဖြင့်ဆင်ခြင်သုံးသပ်နေအပ်၏၊ထိုသို့ဆင်ခြင်သုံးသပ်နေတိုင်းနေတိုင်းရောဂါ အမျိုးမျိုးကြောင့်ဖြစ်သော ဗျာဓိဒုက္ခတို့၏ ကျရောက်ရာဖြစ်သော ဥပါဒါန်တရားတို့၏အာရုံဖြစ်သော ခန္ဓာငါးပါးတရားတို့၏ ဒုက္ခဟူသော အာဒီနဝ အပြစ်ကို။ဟုတ်တိုင်းမှန်စွာသိမြင်တတ်သော သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း

ထိုပဥ္စုပါဒါနက္ခန္ဓာ၏ အာဒီနဝအပြစ်ကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့် တကွသော ကိလေသာတို့သည်လည်း ကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ တည်းဟူသော။ အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့် ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်သောကြောင့် ၎င်းပဥ္စုပါဒါနက္ခန္ဓာငါးပါးတို့၏ အာဒီနဝအပြစ်ကို အာရုံပြု၍။မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယာအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို။မှီဝဲကျင့်ကြံအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ထိုပဥ္စုပါဒါနက္ခန္ဓာတရားတို့သည်၊ ဇာတိ ဇရာ ဗျာဓိတို့ကြောင့်ဖြစ်သော ဒုက္ခအမျိုးမျိုးတို့၏သာ ကျရောက်ရာဌာနဖြစ်သည့် မဟုတ်သေး။မရဏဒုက္ခဟူသမျှတို့၏ ကျရောက်ရာဌာနလည်းဖြစ်ပေ၏။ ဖြစ်ပုံမှာ။၎င်းဥပါဒါနိတရားတို့၏အာရုံဖြစ်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တည်းဟူသော ခန္ဓာငါးပါးတရားအပေါင်းသည် ထင်ရှားမရှိခဲ့သည်ဖြစ်အံ့။ အဘယ်မှာမရဏကြောင့်ဖြစ်သော ဒုက္ခအမျိုးမျိုးတို့သည် ဖြစ်ပါအံ့နည်း။ စင်စစ်ဖြစ်မှုမရှိပေရာ၊ စင်စစ် မရဏကြောင့်ဖြစ်သောဒုက္ခအမျိုးမျိုးဖြစ်ကြရသည်မှာ။ ၎င်းဥပါဒါနက္ခန္ဓာ ငါးပါးတရားအပေါင်းရှိ၍သာကေန်ဖြစ်ရပေ၏။ထိုကြောင့်ဥပါဒါနက္ခန္ဓာငါးပါးတရားတို့သည် မရဏကြောင့်ဖြစ်သောဒုက္ခအမျိုးမျိုးတို့၏ မှီရာတည်ရာကေန်ဖြစ်ပေ၏။ ထိုသို့မရဏဒုက္ခဟူသမျှတို့၏ မှီရာတည်ရာဖြစ်သောကြောင့်။၎င်းဥပါဒါနက္ခန္ဓာငါးပါး အပေါင်းကို ဒုက္ခ ဟူ၍ ဘုရားရှင် ဟောတော်မူအပ်လေသည်။ ထိုကြောင့်ဥပါဒါနက္ခန္ဓာငါးပါးအပေါင်းကို မရဏကြောင့်ဖြစ်သော ဒုက္ခ ဟူသမျှတို့၏တည်ရာ ဒုက္ခတရားပါတကားဟူ၍။ အဘန်တလဲလဲ ဝိပဿနာဉာဏ်ဖြင့်ဆင်ခြင်သုံးသပ်နေအပ်၏။ထိုသို့ဝိပဿနာဉာဏ်ဖြင့်ဆင်ခြင်သုံးသပ်နေတိုင်းနေတိုင်း။မရဏတရားကြောင့်ဖြစ်သောဒုက္ခအမျိုးမျိုးတို့၏ကျရောက်ရာဖြစ်သော ဥပါဒါနိတရားတို့၏။အာရုံဖြစ်သောခန္ဓာငါးပါးတရားတို့၏ ဒုက္ခဟူသော အာဒီနဝအပြစ်တို့ကို။ ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိမြင်တတ်သော သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏၊ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်း ဖြစ်တိုင်း။ ထိုပဥ္စုပါဒါနက္ခန္ဓာတို့၏ အာဒီနဝအပြစ်ကိုမသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွသောကိလေသာတို့သည်လည်း ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့် ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော

ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို။ မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်။ ထိုသို့
ခေါ်ဆိုအပ်သောကြောင့်၊ ၎င်းပဉ္စုပါဒါနက္ခန္ဓာငါးပါးတရားတို့၏အာဒီနဝ
အပြစ်ကိုအာရုံပြု၍၊ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိက ဝိ
ပဿနာမဂ်ကိုမှီဝဲကျင့်ကြံသည့်၏အဖြစ်ကိုထင်ရှားသိကြလေ။

ထိုပဉ္စုပါဒါနက္ခန္ဓာတရားငါးပါးအပေါင်းသည်၊ ဇာတိ ဇရာ ဗျာဓိ မရ
ဏ တို့ကြောင့်ဖြစ်သော ဒုက္ခ အမျိုးမျိုးတို့၏ ကျရောက်ရာဌာနဖြစ်သည်မ
ဟုတ်သေး။ အဘန်တလဲလဲပိုးရိမ်ရခြင်း သောက၊ ငိုကြွေးရခြင်း ပရိဒေဝ၊
ကိုယ်၏ဆင်းရဲခြင်းဒုက္ခ၊ စိတ်၏မသက်သာခြင်း ဒေါမနဿ၊ အဘန်တ
လဲလဲပြင်းစွာဒေါသဖြင့် ပူလောင်နေရခြင်း ဥပါသာသ ဟူသမျှဒုက္ခတို့၏။
ကျရောက်ရာဌာနလည်းဖြစ်ပေ၏။ ဖြစ်ပုံမှာ။ ၎င်းဥပါဒါနိတရားတို့၏ အာ
ရုံဖြစ်သော။ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တည်းဟူသော။ ခန္ဓာငါးပါး
တရားအပေါင်းသည်။ ထင်ရှားမရှိခဲ့သည်ဖြစ်အံ့။ လောင်စရာဝတ္ထုမရှိခြင်း
ကြောင့်။ မီးသည် ဖြစ်မှုမရှိသကဲ့သို့၊ ထိုသောက၊ ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ
ဥပါသာသ တည်းဟူသော ဒုက္ခမီးတို့သည်။ အဘယ်မှာရှိပါတော့အံ့နည်း
စင်စစ် မရှိပေရာ။ စင်စစ်မှာ၊ ထိုဥပါဒါနိတရားတို့၏အာရုံဖြစ်သော။ ခန္ဓာ
ငါးပါးတရားရှိ၍သာ။ ၎င်းသောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ
မီးတို့သည် ဧကန်ထင်ရှားဖြစ်ကြပေ၏။ ထိုကြောင့်။ ဥပါဒါနက္ခန္ဓာငါးပါး
တရားတို့သည်။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ တည်းဟူ
သောဒုက္ခဟူသမျှတို့၏။ ဖြစ်ရာ တည်ရာ ဌာန ဧကန်ဖြစ်ပေ၏။ ထိုသို့၊ သော
က၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တရား တည်းဟူသော ဒုက္ခတ
ရားတို့၏ ဖြစ်ရာ တည်ရာဌာန ဖြစ်သောကြောင့်။ ၎င်းဥပါဒါနက္ခန္ဓာငါးပါး
တရားအပေါင်းကို ဒုက္ခဟူ၍ဘုရားရှင်ဟောတော်မူအပ်လေသည်။

ထိုကြောင့်။ ဥပါဒါနက္ခန္ဓာတရားငါးပါးအပေါင်းကို။ သောက၊ ပရိဒေ
ဝ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဒုက္ခဟူသမျှတို့၏ တည်ရာဒုက္ခတရားပါတ
ကား ဟူ၍ အဘန်တလဲလဲဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်နေအပ်၏
ထိုသို့၊ ဝိပဿနာဉာဏ်ဖြင့်။ အဘန်တလဲလဲ ဆင်ခြင်သုံးသပ်တိုင်း သုံးသပ်
တိုင်း။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဟုဆိုအပ်သော။
ဒုက္ခဟူသမျှတို့၏ ကျရောက်ရာဖြစ်သော။ ဥပါဒါနိတရားတို့၏ အာရုံဖြစ်
သော။ ခန္ဓာငါးပါးတရားတို့၏ဒုက္ခဟူသော အာဒီနဝအပြစ်ကို ဟုတ်တိုင်း
မှန်စွာ ထိုးထွင်း၍သိမြင်တတ်သော။ သမ္မာဒိဋ္ဌိအမှူးရှိသော။ ဝိပဿနာအ
ဋ္ဌင်္ဂိကမဂ်လည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်း ဖြစ်တိုင်း။ ထို
ပဉ္စုပါဒါနက္ခန္ဓာတရားတို့၏ အာဒီနဝ အပြစ်ကို မသိမမြင်တတ်သော။ အ

ပိဏ္ဍာမောဟနှင့်တကွ ကိလေသာတရားတို့သည်လည်း ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ တည်းဟူသော။ အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအင်္ဂါကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်၊ ဉပါဒါနက္ခန္ဓာတရားငါးပါးတို့၏ အာဒီနဝအပြစ်ကို အာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအင်္ဂါကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံအပ်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။

ထိုပဉ္စုပါဒါနက္ခန္ဓာတရားငါးပါးအပေါင်းသည်၊ ထိုပြဆိုအပ်ပြီးသော ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဉပါယာသ၊ တည်းဟူသော။ ဒုက္ခတရားအမျိုးမျိုးတို့၏ ကျရောက်ရာဌာနဖြစ်သည်မဟုတ်သေး။ မချစ်မနှစ်သက်အပ်သော အာရုံဝတ္ထုတို့နှင့် ပေါင်းဘော်ရခြင်းကြောင့်ဖြစ်သော။ အပ္ပိယေဟိသမ္ပယောဂဒုက္ခ၊ ချစ်မြတ်နိုးအပ်သော အာရုံဝတ္ထုတို့နှင့် ကွေကွင်းရခြင်းကြောင့်ဖြစ်သော။ ပိယေဟိဝိပ္ပယောဂ ဒုက္ခဟူသမျှတို့၏ကျရောက်ရာဌာနလည်း ဧကန်ဖြစ်ပေ၏။ ဖြစ်ပုံမှာ ၎င်း ဉပါဒါန်တရားတို့၏အာရုံဖြစ်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တည်းဟူသော၊ ခန္ဓာငါးပါးတရားအပေါင်းသည်။ အကယ်၍ထင်ရှားမရှိခဲ့သည်ဖြစ်အံ့။ အဘယ်မှာမချစ်မနှစ်သက်အပ်သောအာရုံဝတ္ထုတို့နှင့်ပေါင်းဘော်ခြင်းကြောင့်ဖြစ်သော။ အပ္ပိယေဟိသမ္ပယောဂဒုက္ခ၊ ချစ်မြတ်နိုးအပ်သောအာရုံဝတ္ထုတို့နှင့် ကွေကွင်းရခြင်းကြောင့် ဖြစ်သော။ ပိယေဟိဝိပ္ပယောဂဒုက္ခဟူသမျှတို့သည်။ အဘယ်မှာရှိပါတော့အံ့နည်း။ စင်စစ်မရှိပေရာ၊ စင်စစ်မှာ ထိုဉပါဒါန်တရားတို့၏အာရုံဖြစ်သော ခန္ဓာငါးပါးတရားရှိ၍သာ။ ၎င်းအပ္ပိယေဟိသမ္ပယောဂဒုက္ခ။ ပိယေဟိဝိပ္ပယောဂဒုက္ခဟူသမျှတို့သည် ထင်ရှားဖြစ်ကြပေ၏။ ထို့ကြောင့် ဉပါဒါနက္ခန္ဓာငါးပါးတရားတို့သည်။ အပ္ပိယေဟိသမ္ပယောဂဒုက္ခ၊ ပိယေဟိဝိပ္ပယောဂဒုက္ခဟူသမျှတို့၏ ဖြစ်ရာတည်ရာဌာနဧကန်ဖြစ်ပေ၏။ ထိုသို့၊ အပ္ပိယေဟိသမ္ပယောဂဒုက္ခ၊ ပိယေဟိဝိပ္ပယောဂ ဒုက္ခ ဟူသမျှတို့၏ ဖြစ်ရာတည်ရာ ဖြစ်သောကြောင့်။ ၎င်းဉပါဒါနက္ခန္ဓာငါးပါးတရားအပေါင်းကို။ ဒုက္ခဟူ၍ ဘုရားရှင်ဟောတော်မူအပ်လေသည်။ ထို့ကြောင့်။ ဉပါဒါနက္ခန္ဓာငါးပါး တရားအပေါင်းကို။ အပ္ပိယေဟိ သမ္ပယောဂဒုက္ခ၊ ပိယေဟိဝိပ္ပယောဂ ဒုက္ခဟူသမျှတို့၏ တည်ရာဌာန ဒုက္ခတရားပါတကားဟူ၍ အဖန်တလဲလဲ ဝိပဿနာဉာဏ်ဖြင့်ဆင်ခြင်သုံးသပ်နေအပ်၏ ထိုသို့ ဝိပဿနာဉာဏ်ဖြင့် အဖန်

တလဲလဲဆင်ခြင်သုံးသပ်နေတိုင်း နေတိုင်း။ အပ္ပိယေဟိ သမ္ပယောဂဒုက္ခ၊
ပိယေဟိ ဝိပ္ပယောဂဒုက္ခဟူသမျှတို့၏ ကျရောက်ရာဖြစ်သော။ ဥပါဒါန
က္ခန္ဓာငါးပါးတရားတို့၏။ ဒုက္ခဟူသော အာဒီနဝ အပြစ်ကို ဟုတ်တိုင်း
မှန်စွာသိမြင်တတ်သော၊ သမ္မာဒိဋ္ဌိအမှူးရှိသော၊ ဝိပဿနာအင်္ဂါကမဂ်
သည်ဖြစ်၏။ ထိုဝိပဿနာအင်္ဂါကမဂ်ဖြစ်တိုင်း ဖြစ်တိုင်း။ ပဉ္စုပါဒါနက္ခ
န္ဓာတရားတို့၏။အာဒီနဝ အပြစ်ကို မသိ မမြင်တတ်သော။အဝိဇ္ဇာ မောဟ
နှင့်တကွသော ကိလေသာတို့သည်လည်း ကင်းကြလေကုန်၏။ ကာမသု
ခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တ
ရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ ကင်းလွတ်နေခြင်းကြောင့်။
၎င်းဖြစ်တိုင်း ဖြစ်တိုင်းသော။ ဝိပဿနာအင်္ဂါကမဂ်ကို မဇ္ဈိမာပဋိပဒါဟု
ခေါ်ဆိုအပ်လေသည်။ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ဥပါဒါနက္ခန္ဓာတရား
တို့၏ ဒုက္ခဟူသောအာဒီနဝ အပြစ်ကို အာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူ
သော အရိယအင်္ဂါကဝိပဿနာမဂ်ကို မှီ၍ကျင့်ကြံအပ်သည်၏အဖြစ်ကို
ထင်ရှားသိကြလေ။ ထိုပဉ္စုပါဒါနက္ခန္ဓာတရားငါးပါးအပေါင်းသည်။ ထို
ပြဆိုအပ်ပြီးသော ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါ
မနဿ ဥပါယာသ၊ အပ္ပိယေဟိသမ္ပယောဂဒုက္ခ၊ ပိယေဟိ ဝိပ္ပယောဂ
ဒုက္ခဟူသမျှတို့၏သာကျရောက်ရာဌာနဖြစ်သည်မဟုတ်သေး။ ထိုဆိုအပ်
ပြီးသော ဒုက္ခတို့မှကြွင်းကျန်သော။ ခန္ဓာ၌ကျရောက်ကောင်းသော လော
က၌ ရှိရှိသမျှသောဘေး။ ရှိရှိသမျှသောဥပဒ္ဒဝေါ ဒုက္ခဖြစ်ကြောင်းတရား
တို့၏ကျရောက်ရာဌာနလည်း ၎င်းဖြစ်ပေ၏။ဖြစ်ပုံမှာ။၎င်းဥပါဒါန်တရား
တို့၏အာရုံဖြစ်သော။ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တည်းဟူသော
ခန္ဓာငါးပါးတရားအပေါင်းသည်၊အကယ်၍ ထင်ရှားမရှိခဲ့သည်ဖြစ်အံ့။အ
ဘယ်မှာခန္ဓာ၌ကျရောက်ကောင်းသော။ လောက၌ ရှိရှိသမျှသော ဘေး။
ရှိရှိသမျှသော ဥပဒ္ဒဝေါ၊ရှိရှိသမျှသောဒုက္ခဖြစ်ကြောင်းတရားတို့သည်။အ
ဘယ်မှာကျရောက်ပါအံ့နည်း။ စင်စစ်ကျရောက်ရန်မရှိလေပြီ။ ထိုသို့ကျ
ရောက်ခြင်းမရှိလျှင်။အဘယ်ဒုက္ခဟူသမျှတို့သည်ရှိပါအံ့နည်း။စင်စစ်မရှိ
ပေရာ၊ စင်စစ်မှာ ထိုဥပါဒါန်တရားတို့၏အာရုံဖြစ်သော ခန္ဓာငါးပါးတ
ရားအပေါင်း ထင်ရှားရှိ၍သာ။ ၎င်းလောက၌ရှိရှိသမျှသောဘေး။ ရှိရှိသမျှ
သော ဥပဒ္ဒဝေါ။ ရှိရှိသမျှသောဒုက္ခဖြစ်ကြောင်းဟူသမျှသည်။ ၎င်းဥပါဒါ
နက္ခန္ဓာ၌။ကျရောက်ဖြစ်ကြပေ၏။ထိုသို့ကျရောက်ရာ ဖြစ်ရာဌာနဖြစ်သော
ကြောင့်။၎င်းဥပါဒါနက္ခန္ဓာငါးပါးတရားအပေါင်းကို ဘုရားရှင်သည် ဒုက္ခ
ဟူ၍ဟောတော်မူအပ်လေသည်။ ထိုသို့ ဟောတော်မူအပ်သောကြောင့်။

ဧင်းဥပါဒါနက္ခန္ဓာငါးပါးတရားအပေါင်းကို။ လောက၌ ရှိရှိသမျှသောဘေး ရှိရှိသမျှသောဥပဒ္ဒဝေါ၊ ရှိရှိသမျှသောဒုက္ခ ဖြစ်ကြောင်းတရားတို့၏ ကျ ရောက်ရာ ဖြစ်ရာ တည်ရာ ဒုက္ခတရားပါတကားဟူ၍ အဘန်တလဲလဲ ဝိပ သ္သနာဉာဏ်ဖြင့် ဆင်ခြင်သုံးသတ်နေအပ်၏၊ ထိုသို့ ဝိပဿနာဉာဏ်ဖြင့် အဘန်တလဲလဲ ဆင်ခြင်သုံးသင်နေတိုင်းနေတိုင်း။ လောက၌ ရှိရှိသမျှသော ဘေး။ ရှိရှိသမျှသော ဥပဒ္ဒဝေါ။ ရှိရှိသမျှသောဒုက္ခဖြစ်ကြောင်းတရားတို့၏ ကျရောက်ရာ ဖြစ်ရာ တည်ရာဖြစ်သော။ ဥပါဒါနက္ခန္ဓာတရားတို့၏ဒုက္ခဟူ သော အာဒီနဝ အပြစ်တို့ကို၊ ဟုတ်တိုင်းမှန်စွာသိမြင်တတ်သော။ သမ္မာဒိဋ္ဌိ အမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း ပြဆိုအပ်ပြီးသော။ ပဉ္စုပါဒါနက္ခန္ဓာတရားတို့၏အာဒီနဝ အပြစ်တို့ကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွသော ကိလေ သာတို့သည်လည်းကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလ မထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ် နေ၏။ ထိုသို့အယုတ်တရားနှစ်ပါးတို့မှ ကင်းလွတ်နေခြင်းကြောင့်။ ဧင်းဖြစ် တိုင်း ဖြစ်တိုင်းသော၊ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆို အပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ ပဉ္စုပါဒါနက္ခန္ဓာတရားတို့ ၏ ဒုက္ခဟူသော အာဒီနဝ အပြစ်တို့ကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူ သော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။

(မေး) ထိုပြဆိုအပ်ပြီးသောနည်းဖြင့်။ ဇာတိ အစရှိသော ဒုက္ခအမျိုးမျိုး တို့ကျရောက်ခြင်းကြောင့်။ ဒုက္ခဟူ၍ ဟောတော်မူအပ်သည်ကို ဖွင့်ပြအပ် သော အဋ္ဌကထာများရှိပါ၏လော။ အကယ်၍ရှိလျှင်၊ ရှိကြောင်းကိုဘယ်လို သိအပ်ပါမည်နည်း။

(ဖြေ) ဇာတိပဘုတိကံဒုက္ခံ၊ ယံဝုတ္တမိဓတာဒိနာ၊ အဝုတ္တံယဉ္စတံသဗ္ဗံ၊ ဝိနာဧတေနဝိဇ္ဇတိ၊ ။ယသ္မာတသ္မာ ဥပါဒါနက္ခန္ဓာသင်္ခေပတောဣမေ၊ ဒုက္ခာတိဝုတ္တာ ဒုက္ခန္တ၊ ဒေသကေနမဟေသိနာ။ ။တထာဟိ၊ ဣန္ဓနံမိဝ ပါဝကော၊ လက္ခံဝိယပဟာရဒါနိ၊ ဂေါရူပံဝိယ၊ ဍံသမကသာဒယော၊ ခေတ္တမိဝ၊ လာယကာ၊ ဂါမံဝိယဂါမဃာတကာ၊ ဥပါဒါနက္ခန္ဓပဉ္စကမေဝ၊ ဇာတိအာဒယော၊ နာနာပကာရေဟိ ဝိဗာဓေန္တာ၊ တိဏလတာဒီနိဝိယ၊ ဘုမိယံ၊ ပုပ္ဖဖလပလ္လဝါနိဝိယ၊ ရုက္ခေသု၊ ဥပါဒါနက္ခန္ဓေသုယေဝ၊ နိဗ္ဗတ္တန္တိ၊ ဥပါဒါနက္ခန္ဓာနဉ္စ၊ အာဒိဒုက္ခံဇာတိ၊ မဇ္ဈေဒုက္ခံဇရာ၊ ပရိယောသာနဒုက္ခံ၊ မရဏံ။ မာရဏန္တိကဒုက္ခာဘိဃာတေန ပရိဍယှနဒုက္ခံ သောကော၊ တဒ

သမာနတော်လာလပ္ပနဒုက္ခံ၊ပရိဒေဝေါ၊တတောခါတုက္ခေ္ခာဘ၊သဒ္ဒါတာ၊
အနိဋ္ဌဖောဋ္ဌဗ္ဗ၊သမာယောဂတော၊ကာယသ္သ၊အာဗာဓနဒုက္ခံ၊ဒုက္ခံ၊တေ
နဗာဓိယမာနာနံ၊ ပုထုဇ္ဇနာနံ၊ တဏ္ဍ၊ ပဋိဃသ္ပယုတ္တိတော၊ စေတော၊ ဗာဓ
နဒုက္ခံ၊ ဒေါမနဿံ၊ သောကာဒိ၊ဗျသနိယာ၊ ဓနိတ၊ ဝိသာဒါနံ၊ အနုဋ္ဌုန
နဒုက္ခံ၊ဥပါယာသော၊ မနောရထ၊ ဝိဃာတပ္ပတ္တာနံ၊ဇန္တူနံဝိဃာတဒုက္ခံ
ဇန္တူ၊ တာလာဘောတိ၊ ဇေနာနပ္ပကာရတော၊ ဥပပရိက္ခိယမာနာ၊ဥပါဒါ
နက္ခန္ဓာဝဒုက္ခာတိ၊ ယဒေတံဧကမေကံဒဿေတွာဝုစ္စမာနံ၊ အနေကေဟိ၊
ဝိကပ္ပေဟိ၊ နသက္ကာ၊ အသေသတောဝတ္တုံ၊ တသ္မာ၊ တံသဗ္ဗံဒုက္ခံ၊ ဧကဇ
လဗိန္ဒု၊မှိ၊ သကလသမုဒ္ဒဇလရသံဝိယ၊ ယေသုကေသုစိ ပဉ္စုပါဒါနက္ခန္ဓေ
သု၊ သံခိပ္ပိတွာ၊ဒဿေတုံ၊သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာ၊ဒုက္ခာတိ၊ဘဂဝါ
အဝေါစာတိ၊ ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သစ္စနိဒ္ဒေသ၊ ပဉ္စုပါဒါနက္ခန္ဓာအ
ဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ထိုနည်းအတူ၊ သမ္မော
ဟဝိနောဒနီအဋ္ဌကထာ၊ သစ္စဝိဘင်း၊ ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာကိုဖွင့်ရာ၌လည်း
ကောင်း ထိုနည်းအတူပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ၊ဉာဏကထာ၊သစ္စအဖွင့်၊
ဆယ်ကြောင်းပေ၊ချေပ်အတွင်းဘက်၌ ပြဆိုအပ်သည်ကိုထောက်၍သည်း
ကောင်း သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဇာတိ၊
ဤဒုက္ခသစ္စာနိဒ္ဒေသ၌၊တာဒိနာ၊ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသောဘုရား
ရှင်သည်၊ ဝုတ္တံ၊ ဟောတော်မူအပ်သော၊ ဇာတိပဘုတိကံ၊ ဇာတိအစရှိ
သော၊ ယဥ္စဒုက္ခံ၊အကြင်ဒုက္ခသည်လည်း၊ အတ္ထိ၊ ရှိ၏။ ဩေ၊ဤဒုက္ခသစ္စ
နိဒ္ဒေသ၌၊ တာဒိနာ၊ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသောဘုရားရှင်သည်၊
အဝုတ္တံ၊ဟောတော်မမူအပ်သော၊ယဥ္စဒုက္ခံ၊အကြင်ဒုက္ခသည်လည်း၊အတ္ထိ
ရှိ၏။ တံသဗ္ဗံ၊ထိုအလုံးစုံသော၊ ဟောတော်မူအပ်၊ ဟောတော်မမူအပ်
သော ဒုက္ခဟူသမျှသည်၊ဧတေန၊ဤဥပါဒါနက္ခန္ဓာငါးပါးအပေါင်းမှ၊ဝိနာ၊
ကင်း၍၊ဝါ၊တနည်းကား၊ဧတေန၊ဤဥပါဒါနက္ခန္ဓာငါးပါးအပေါင်းကို၊ဝိနာ၊
ကြဉ်၍၊ ယသ္မာ၊ အကြင်ကြောင့်၊ နဝိဇ္ဇတိ၊ မရှိ၊ တသ္မာ၊ ထိုသို့မရှိခြင်း
ကြောင့်၊ သဗ္ဗေပတော၊ အကျဉ်းအားဖြင့်၊ ဣမေဥပါဒါနက္ခန္ဓာ၊ ဤဥပါဒါ
နက္ခန္ဓာတို့ကို၊ ဒုက္ခန္တ၊ဒေသကေန၊ ဒုက္ခ၏ဆုံးရာနိဗ္ဗာန်ကို၊ဝါ၊ ဒုက္ခ၏တ
ဘက်နိဗ္ဗာန်ကို ဟောတော်မူတတ်သော၊ မဟေသိနာ၊ သီလက္ခန္ဓစသော
ဂုဏ်ကျေးဇူးတို့ကို ရှာမှီးလေ့ရှိတော်မူထသော မြတ်စွာဘုရားရှင်သည်၊
ဒုက္ခာတိ၊ဒုက္ခာဟူ၍၊ဝါ၊ ဆင်းရဲသောတရားဟူ၍၊ ဝုတ္တာ၊ဟောတော်မူ
အပ်ကုန်၏။ တထာ၊တံဝစနံ၊ထိုစကားသည်၊ ဟိသဗ္ဗံ၊မှန်၏။ ပါဝဘော၊
မီးသည်၊ ဣန္ဓနံ၊မီးစာကို၊ ဗါဓဟတိဣဝ၊ နှိပ်စက်သကဲ့သို့၊ပဟာရဏာနိ၊

လက်နက်တို့သည်။ လက္ခံ၊ လက်မှန်တိုင်ကို။ ဗါဓေန္တိ ဥက္ကဝ၊ နှိပ်စက်ကုန်သ
ကဲ့သို့။ ဌံ သမကာသာဒယော၊ မှက်ခြင်အစရှိသည်တို့သည်။ ဂေါရူပံ၊ နွားအ
ပေါင်းကို၊ ဗါဓေန္တိ ဥက္ကဝ နှိပ်စက်ကုန်သကဲ့သို့။ လာယကာ၊ ရိတ်တတ်ကုန်
သောသူတို့သည်။ ခေတ္တံ၊ လယ်ကို။ ဘာဓေန္တိ ဥက္ကဝ၊ နှိပ်စက်ကုန်သကဲ့သို့။
ဂါမဃာတကာ၊ ရွာကိုဖျက်ဆီးကုန်သောခိုးသူတို့သည်။ ဂါမံ၊ ရွာကို။ ဗါ
ဓေန္တိ ဥက္ကဝ၊ နှိပ်စက်ကုန်သကဲ့သို့။ ဇာတိအာဒယော၊ ဇာတိအစရှိသည်တို့
သည်။ ဥပါဒါနက္ခန္ဓပဉ္စကမေဝ၊ ဥပါဒါနက္ခန္ဓာငါးတို့၏ အပေါင်းကိုသာ
လျှင်။ နာနာပကာရေဟိ၊ အထူးထူး အပြားပြားတို့ဖြင့်။ ဗိဗါဓန္တာ၊ အထူး
သဖြင့်နှိပ်စက်ကုန်သည်ဖြစ်၍။ (နိဗ္ဗတ္တန္တိ ဥဒ္ဒိစပ်)တိဏလတာဒီနိ၊ မြက်နွယ်
အစရှိသည်တို့သည်။ ဘူမိယံ၊ မြေ၌။ နိဗ္ဗတ္တန္တိ ဣဝ၊ ဖြစ်ကုန်သကဲ့သို့။ ပုပ္ဖ
ဖလပလ္လဝါဒီနိ၊ အပွင့် အသီး အညွန့်စသည်တို့သည်။ ရုက္ခေသု၊ သစ်ပင်တို့
၌။ နိဗ္ဗတ္တန္တိ ဣဝ၊ ဖြစ်ကုန်သကဲ့သို့။ ဥပါဒါနက္ခန္ဓေသု ယေဝ၊ ဥပါဒါန်တို့၏
အာရုံဖြစ်သော။ ခန္ဓာငါးပါးအပေါင်းတို့၌သာလျှင်။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။
ဥပါဒါနက္ခန္ဓာနဉ္စ၊ ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာတို့၏လည်း။ အာဒိ
ဒုက္ခံ၊ အစဖြစ်သောဆင်းရဲသည်။ ဇာတိ၊ ဇာတိမည်၏။ မဇ္ဈေ၊ အလယ်၌။
ပဝတ္တံ၊ ဖြစ်သော။ ဒုက္ခံ၊ ဒုက္ခသည်။ ဇရာ၊ ဇရာမည်၏။ ပရိယောသာနဒုက္ခံ။
အဆုံး၌ဖြစ်သောဒုက္ခသည်။ မရဏံ၊ မရဏမည်၏။ မရဏန္တိကဒုက္ခာဘိ
ဃာတေန၊ မရဏတရားသာလျှင်အဆုံးရှိသော။ ဆင်းရဲအပေါင်းသည် နှိပ်
စက်ခြင်းကြောင့်။ ပရိဍာယှနဒုက္ခံ၊ စိတ်ပူလောင်ခြင်းကြောင့်ဖြစ်သောဆင်း
ရဲသည်။ သောကော၊ သောကမည်၏။ တံ၊ ထိုသောကကို။ အသဟနတော။
သည်းမခံနိုင်ခြင်းကြောင့်။ လာလပ္ပနဒုက္ခံ။ ငိုကြွေးခြင်းကြောင့်ဖြစ်သော
ဆင်းရဲသည်။ ပရိဒေဝေါ၊ ပရိဒေဝမည်၏။ တတော၊ ထိုငိုကြွေးသည်မှ။ ဥဒ္ဓံ။
အထက်၌။ ဓာတုက္ခောဘသင်္ခါတ။ သွေးလေ သလိပ် သည်းခြေ စသည်တို့
မညီ မညွတ် ဖေါက်ချောက်ချားခြင်းဟုဆိုအပ်သော။ အနိဋ္ဌဖောဋ္ဌဗ္ဗသမာ
ယောဂတော၊ အလိုမရှိအပ်သောအတွေ့တို့နှင့် ယှဉ်ခြင်းကြောင့်။ ကာ
ယဿ၊ ကိုယ်ခန္ဓာ၏။ အာဗါဓနဒုက္ခံ၊ ကျင်နာကိုက်ခဲခြင်းကြောင့်ဖြစ်သော
ဆင်းရဲသည်။ ဒုက္ခံ၊ ဒုက္ခမည်၏။ တေန၊ ထိုဆင်းရဲသည်။ ဗါဓိယမာနာနံ၊ နှိပ်စက်
အပ်ကုန်သော၊ ပုထုဇ္ဇနာနံ၊ ပုထုဇဉ်တို့အား။ တတ္ထ၊ ထိုကာယိကဒုက္ခ၌။ ပဋိ
ဃုပ္ပတ္တိတော၊ ဒေါသဖြစ်ခြင်းကြောင့်။ စေတေါ၊ စိတ်၏။ ဗါဓနဒုက္ခံ၊ နာကျင်
ခြင်းကြောင့်ဖြစ်သောဆင်းရဲသည်။ ဝါတနည်းကား။ စေတော၊ စိတ်ကိုဗါဓန
ဒုက္ခံ၊ နှိပ်စက်ခြင်းကြောင့်ဖြစ်သောဆင်းရဲသည်။ ဒေါမနဿံ၊ ဒေါမနဿ
မည်၏။ သောကာဒိဗုဒ္ဓိယာ၊ သောကအစရှိသည်တို့၏။ ဇနိတပိသာဒါနံ။

ဖြစ်စေအပ်သော။ပင်ပန်းခြင်းရှိသောသူတို့၏။ အနတ္ထသံဟိတံ ဒုက္ခံ၊ အတွင်း၌
လောင်ခြင်းကြောင့်။ ညည်းညူပင်ပန်းခြင်းဆင်းရဲသည်။ ဥပါယာသော။
ဥပါယာသမည်၏။ မနောရထဝိဃာတပ္ပဘဝံ၊ စိတ်အလို၏ပင်ပန်းခြင်း
သို့ ရောက်ကုန်သော သူတို့အား။ ဣဋ္ဌာဝိဃာတဒုက္ခံ။ မရအပ်သော
ဝတ္ထုကို။လိုချင်တောင်းတသဖြင့်ပင်ပန်းခြင်းကြောင့်ဖြစ်သောဆင်းရဲသည်
ဣစ္ဆိတာလာဘော။ဣစ္ဆိတာလာဘမည်၏။ဧဝံ ဤသို့။ နာနာပကာရတော။
အထူးထူးအပြားပြားအားဖြင့်။ ဥပပရိက္ခိယမာနာ၊ ရှုစမ်းသည်ရှိသော်။
ဥပါဒါနက္ခန္ဓာဝ၊ဥပါဒါနက္ခန္ဓာတရားတို့သည်သာလျှင်။ ဒုက္ခာ။ ဒုက္ခမည်
ကုန်၏။ ဣတိ။ဤသို့။မှတ်အပ်၏။ ဧကမေကံ။ တခုတခုသော။ယဒေတံ။ယ
ဧတံဒုက္ခံ။အကြင်ဒုက္ခကို။ဒဿေတွာ။ပြ၍။ဝုစ္စမာနံ။ဟောတော်မူအပ်သည်
ရှိသော်။ အနေကာပိ။ များစွာကုန်သော။ ကပ္ပေပိ။ ကပ်ကမ္ဘာတို့ဖြင့်
လည်း။ အသေသတော၊ အကြွင်းမရှိသောအားဖြင့်။ ဝတ္တုံ။ ဟောခြင်းငှါ။
နသက္ကာ။မတတ်ကောင်း။ဝါ။ မတတ်နိုင်။ တသ္မာ။ ထိုသို့မတတ်နိုင်ခြင်း
ကြောင့်။ သဗ္ဗမ္ပိ။အလုံးစုံသည်းဖြစ်သော။ တံဒုက္ခံ။ ထိုဒုက္ခကို။ ဧကဇ
လဗိန္ဒုမှိ။ တခုတခုသော သမုဒ္ဒရာရေပေါက်၌။ သကလသမုဒ္ဒဇလရသံ။
အလုံးစုံသော သမုဒ္ဒရာရေ၏အရသာကို။ သံခိပိတွာ။ချုံး၍။ ဒဿေတိဝိယ။
ပြသကဲ့သို့။ ယေသု ဘောသုပိ။ အမှတ်မဲ့ဖြစ်ကုန်သော။ ပဉ္စသု၊ ငါးပါးကုန်
သော။ ဥပါဒါနက္ခန္ဓေသု။ ဥပါဒါနိတရားတို့၏အာရုံဖြစ်ကုန်သောခ န္ဓာတ
ရားတို့၌။သံခိပိတွာ။ ချုံး၍။ဒဿေတုံ။ပြခြင်းငှါ။ သံခိတ္တေနပဉ္စုပါဒါနက္ခ
န္ဓာတိ။ သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာ ဟူ၍။ ဘဂဝါဘုန်းတော်ခြောက်ပါးနှင့်
ပြည့်စုံတော်မူသောဘုရားရှင်သည်။အဝေါစ။ဟောတော်မူပြီ။ဤသို့ပြဆို
အပ်သည့်ကိုဆောင်၍။ ချေး၌ပြဆိုအပ်သော ဒုက္ခ အ မျိုး မျိုး တို့ ၏ ကြ
ရောက်ခြင်းကြောင့် ဒုက္ခဟူ၍ ဘုရားရှင်ပြဆိုအပ်သောနည်းအတိုင်း။ အ
ဋ္ဌကထာရှင်တို့လည်းပြဆိုအပ်သည်ကို ထင်ရှားသိကြလေ။

ငါးပဉ္စုပါဒါနက္ခန္ဓာတရားတို့သည်။ ပြဆိုအပ်ပြီးသော ဇာတိအစရှိသော
ဒုက္ခဟူသမျှတို့၏ ကျရောက်ရာဌာနဖြစ်သောကြောင့်သာ ဒုက္ခဖြစ်သည်မ
ဟုတ်သေး။ငါးခန္ဓာငါးပါးတရားတို့သည်။ သင်္ခါရ သင်္ခတတရားဖြစ်သော
ကြောင့်လည်း။ခရင်မစဲ။ဇာတိ ဇရာမရဏာမီးတို့ဖြင့် လောင်ကျွမ်းနေခြင်း
ကြောင့်လည်း ဒုက္ခ စင်စစ်ဖြစ်သည်သာတည်း။ ဖြစ်ပုံကိုထင်ရှားပြဦး
အံ့၊ ငါးခန္ဓာငါးတို့တွင်။ ရုပ်ခန္ဓာကိုချေးဦးစွာသိအပ်၏။ သိအပ်ပုံမှာ။ ရူပ
က္ခန္ဓာဆိုအပ်သည်မှာ။ရုပ်တို့၏အစုအပေါင်းကိုဆိုအပ်သည်။ ထိုရုပ်တို့
သည်။ အကြောင်းအားလျော်စွာဖြစ်ပေါ်သောအခါ။ ပေါင်းစု၍သာ ဖြစ်

ပေါ်၏။ဘယ်လိုပေါင်းစု၍အကြောင်းအားလျော်စွာဖြစ်ပေါ်သနည်းဟူမူ ။ မျက်စိအကြည်သည်၊ မိမိ၏မှီရာဖြစ်သော။ ပထဝီ အာပေါ တေဇော ဝါယောဟုဆိုအပ်သော မဟာဘုတ်လေးပါးတို့ကိုမှီ၍ဖြစ်၏။ ထိုသို့ဖြစ်ခြင်းကြောင့်။ မျက်စိအကြည်ဖြစ်ပေါ်လျှင်။ ၎င်းမျက်စိအကြည်နှင့် အတူတကွ တပြိုင်နက်တည်ရာပထဝီ၊ ကပ်ဖွဲ့တတ်သောအာပေါ။ ပူနွေးတတ်သော တေဇော။ တွန်းကန်တတ်သော ဝါယော၊ရုပ်တို့သည်လည်းဖြစ်ပေါ်သည် သာတည်း။ ၎င်းမဟာဘုတ်လေးပါးဖြစ်ပေါ်လျှင်။ ၎င်းတို့ကိုမှီ၍။ အဆင်းသဘောဝဏ္ဏ၊အနံ့သဘော ဂန္ဓ၊အရသာသဘောရသ။ အာဟာရဇရုပ်တို့ကိုတိုးပွားစေတတ်သော ဩဇာ။ ဤလေးပါးတို့သည်လည်း ဖြစ်ပါကြကုန်သည်သာတည်း။ ထိုမှတပါး။ စက္ခုစသောရုပ်တို့ကို စောင့်ရှောက်တတ်သော ဇီဝိတိန္ဒြေရုပ်လည်းဖြစ်ပါသည်သာတည်း။ထိုကြောင့် မျက်စိအကြည်တည်းဟူသော စက္ခုရုပ်ဖြစ်ပေါ်လျှင်။ ကျန်ကိုးခုသောရုပ်တို့သည်လည်း အတူတကွ တလုံးတစည်းတည်းမကွေမကွာဖြစ်ပါခြင်းကြောင့် ဆယ်ခုသောရုပ်တို့သည် ဖြစ်ပေါ်ကုန်၏။ထိုဖြစ်ပေါ်သောရုပ်ဆယ်ခုကို။ စက္ခုဒသကကလာပ်ဟုခေါ်ဆိုအပ်သည်။၎င်းစက္ခုပသာဒနှင့်တကွ ရုပ်ဆယ်ခုတို့သည်။အတိတ်ကံကြောင့်ဖြစ်ကုန်၏။ထိုအတိတ်ကံကြောင့်ဘယ်လိုဖြစ်ကုန်သနည်းဟူမူ။အတိတ်ကံသည်၊ ၎င်းတို့ကိုဖြစ်စေသောအခါ။ စိတ်၏ဖြစ်ပေါ်စဉ်ပါဒ်အခိုက်၌လည်း ဖြစ်ပေါ်စေ၏။ စိတ်၏ရပ်တည်မှုတည်းဟူသောဌီအခိုက်၌လည်းဖြစ်ပေါ်စေ၏။စိတ်၏အပျက်ဟုဆိုအပ်သော ဘင်အခိုက်၌လည်း။ဖြစ်ပေါ်စေ၏၊ဤသို့လျှင်စိတ်၏ဖြစ်ဆဲ၊တည်ဆဲပျက်ဆဲခဏတိုင်းခဏတိုင်း၌ပင်ဖြစ်ပေါ်စေ၏။ထိုသို့အစဉ်မပြတ်ဖြစ်ပေါ် ပြီးလျှင်စိတ္တက္ခဏ(၁၇)ချက်၊ခဏငယ်(၅၁) ချက်သို့ကျရောက်တိုင်း ကျရောက်တိုင်း ပျက်စီးကြလေကုန်၏။ထိုသို့ပျက်စီးကြရာ၌လည်း။ရှေးဦးစွာဖြစ်သောမျက်စိအကြည်ဟုဆိုအပ်သောစက္ခုနှင့်တကွသောရုပ်ဆယ်ခုတို့သည်ရှေးဦးစွာ ပျက်စီးကုန်၏။၎င်းနောက်ဖြစ်သောစက္ခုနှင့်တကွသောရုပ်ဆယ်ခုတို့သည် ၎င်းနောက်ပျက်စီးကုန်၏။ဤသို့ပြဆိုအပ်သောနည်းအတိုင်း မရပ်မစဲလည်း ဆက်ခါဆက်ခါကံကြောင့်ဖြစ်ပေါ်ကြကုန်၏။မရပ်မစဲလည်းဆက်ခါဆက်ခါပျက်စီးကြကုန်၏။ထိုသို့ပျက်စီးသောစက္ခုစသောရုပ်ဆယ်ခုတို့သည်၊စင်စစ်ငါသူသတ္တဝါအသက်အကောင်စသည်မဟုတ်ကုန်။ပရမတ္ထသဘောတရားအစုအပေါင်းမျှသာဖြစ်ကုန်၏။ထိုပရမတ္ထတရားမျှသာဖြစ်သော။စက္ခုစသောရုပ်ကလာပ်တို့သည်။ကံကြောင့်ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း၊ဇာတိမိန်း၌သာကျရောက်ကုန်၍။ထိုနေရာ၌ပင်အားနည်းမှုကိုပြုတတ်သောဇရာမိန်း ကုန်

ပျောက်အောင်ပြုပင်တတ်သော၊ဘင်တည်းဟူသောမခုဏာမီးတို့သည်။ ဆက်၍လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ထိုသို့၊ဇာတိဇရာမခုဏာမီးတို့၏ လောင်ခြင်းကိုခံရသော။ ၎င်းစကြာ့၌သော ရုပ်တရားတို့သည်၊အဘယ်မှာသက်သာပါအံ့နည်း။စင်စစ်မသက်သာသော သင်္ခါရဒုက္ခတရားတို့ဟူ၍သာ အဘန်တလဲလဲ ဝိပဿနာပညာဖြင့် ဆင်ခြင်သုံးသပ်နေအပ်၏။ထိုသို့ဝိပဿနာဉာဏ်ဖြင့်အဘန်တလဲလဲ ဆင်ခြင်သုံးသပ်တိုင်းသုံးသပ်တိုင်း။စကြာ့၌သောရုပ်ဆယ်ခုတို့၏ဒုက္ခချက်ကို။ဟုတ်တိုင်းမှန်စွာထိုးထွင်း၍သိမြင်တတ်သောသမ္မာဒိဋ္ဌိအမှုးရှိသောဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ထိုစကြာ့၌သောရုပ်ဆယ်ခုတို့၏ ဒုက္ခချက်ကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည်လည်း ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ။ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ထိုသို့ကင်းလွတ်နေသောကြောင့်။၎င်းဖြစ်တိုင်းဖြစ်တိုင်းသောဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမ ပ ဋိ ပ ဒါ ဟုခေါ်ဆိုအပ်သည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ ၎င်းစကြာ့၌သော ရုပ်ဆယ်ခုတို့၏ဒုက္ခချက်ကို အာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယ အဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲဘျင့်ကြံအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ထိုစကြာ့နှင့်တကွဖြစ်သော ရုပ်တို့သည်သာလျှင် ဒုက္ခဖြစ်သည်မဟုတ်သေး။ နားအကြည်တည်းဟူသော သောတပသာဒနှင့်တကွဖြစ်သော ရုပ်ဆယ်ခု။ နှာခေါင်းအကြည်တည်းဟူသောဃာနပသာဒနှင့်တကွဖြစ်သော ရုပ်ဆယ်ခု။လျှာအကြည်တည်းဟူသောဇိဝှါပသာဒနှင့်တကွဖြစ်သော ရုပ်ဆယ်ခု။ ကာယအကြည်ဟု ဆိုအပ်သော၊ ကာယပသာဒနှင့်တကွဖြစ်သော ရုပ်ဆယ်ခု။ မိန်းမအဖြစ်ဟုဆိုအပ်သော၊ ဣတ္ထိဘာဝနှင့်တကွဖြစ်သောရုပ်ဆယ်ခု။ ယောကျ်ား၏အဖြစ်ဟုဆိုအပ်သော၊ ပုရိသဘာဝနှင့်တကွဖြစ်သော ရုပ်ဆယ်ခု။မနောဓာတ်၊မနောဝိညာဏဓာတ်တို့၏တည်ရာဖြစ်သော။ဟဒယဝတ္ထုနှင့်တကွဖြစ်သောရုပ်ဆယ်ခု။အစာအိမ်စသည်တို့၌ရှိသော၊သက်သက်သော ဇီဝိတနဝကရုပ်၊ ဤပြဆိုအပ်ပြီးသော ရုပ်တို့သည်လည်း။ အတိတ်ကံကြောင့်ဖြစ်ကြကုန်သည်သာတည်း။ ဖြစ်ပုံမှာ၊ အတိတ်ကသည် ၎င်း။သောတပသာဒ။၎င်း၏မှီရာတည်ရာပထဝီ။ဘင်္ဂဖွဲ့တတ်သောအာပေါ။ ပူနွေးတတ်သော တေဇော။တွန်းကန်တတ်သော ဝါယော။အဆင်းဝဏ္ဏ။ အနံ့ ဂန္ဓ။အရသာ ရသ။ အာဟာရဇာရုပ်တို့ကို တိုးပွားစေတတ်သော ဩဇာ။ စောင့်ရှောက်တတ်သော ဇီဝိတရုပ်။ ပေါင်း ဆယ်ခုသော သောတ

ဒသကကလာပ်ရုပ်တို့ကိုလည်းကောင်း။ ဃာနပသာဒ၊ ၎င်း၏ မှီရာတည်ရာ ပထဝီ။ ကပ်ဖွဲ့တတ်သော အာပေါ။ ပူနွေးတတ်သော တေဇော၊ တွန်းကန်တတ်သော ဝါယော။ အဆင်း ဝဏ္ဏ။ အနံ့ ဂန္ဓ။ အရသာ ရသ။ အာဟာရဇရုပ်တို့ကိုတိုးပွားစေတတ်သော ဩဇာ။ စောင့်ရှောက်တတ်သော ဇီဝိတရုပ်။ ပေါင်းဆယ်ရသော ဃာနဒသကကလာပ်ရုပ်တို့ကိုလည်းကောင်း။ ဇိဝှါပသာဒ။ ၎င်း၏မှီရာတည်ရာပထဝီ။ ကပ်ဖွဲ့တတ်သော အာပေါ။ ပူနွေးတတ်သော တေဇော။ တွန်းကန်တတ်သော ဝါယော။ အဆင်း ဝဏ္ဏ။ အနံ့ ဂန္ဓ၊ အရသာ ရသ။ အာဟာရဇရုပ်တို့ကို တိုးပွားစေတတ်သော ဩဇာ။ စောင့်ရှောက်တတ်သော ဇီဝိတရုပ်။ ပေါင်းဆယ်ရသော ဇိဝှါဒသကကလာပ်ရုပ်တို့ကိုလည်းကောင်း။ ကာယပသာဒ။ ၎င်း၏မှီရာတည်ရာဖြစ်သော ပထဝီ။ ကပ်ဖွဲ့တတ်သော အာပေါ။ ပူနွေးတတ်သော တေဇော။ တွန်းကန်တတ်သော ဝါယော၊ အဆင်း ဝဏ္ဏ၊ အနံ့ ဂန္ဓ။ အရသာ ရသ။ အာဟာရဇရုပ်တို့ကိုတိုးပွားစေတတ်သော ဩဇာ။ စောင့်ရှောက်တတ်သော ဇီဝိတရုပ်။ ပေါင်းဆယ်ရသော ကာယဒသကကလာပ်ရုပ်တို့ကိုလည်းကောင်း၊ ဣတ္ထိဘာဝ။ ၎င်း၏မှီရာတည်ရာပထဝီ။ ကပ်ဖွဲ့တတ်သော အာပေါ။ ပူနွေးတတ်သော တေဇော။ တွန်းကန်တတ်သော ဝါယော။ အဆင်း ဝဏ္ဏ။ အနံ့ ဂန္ဓ။ အရသာ ရသ၊ အာဟာရဇရုပ်တို့ကိုတိုးပွားစေတတ်သော ဩဇာ။ စောင့်ရှောက်တတ်သော ဇီဝိတရုပ်၊ ပေါင်းဆယ်ရသော ဣတ္ထိဘာဝဒသက ကလာပ်ရုပ်တို့ကိုလည်းကောင်း။ ပုမ္ဘာဝ၊ ၎င်း၏မှီရာတည်ရာပထဝီ။ ကပ်ဖွဲ့တတ်သောအာပေါ။ ပူနွေးတတ်သောတေဇော၊ တွန်းကန်တတ်သော ဝါယော၊ အဆင်း ဝဏ္ဏ၊ အနံ့ ဂန္ဓ၊ အရသာ ရသ၊ အာဟာရဇရုပ်တို့ကိုတိုးပွားစေတတ်သော ဩဇာ၊ စောင့်ရှောက်တတ်သော ဇီဝိတရုပ်၊ ပေါင်းဆယ်ရသော ပုမ္ဘာဝဒသက ကလာပ်ရုပ်တို့ကိုလည်းကောင်း။ ဟဒယဝတ္ထု၊ ၎င်း၏မှီရာတည်ရာပထဝီ၊ ကပ်ဖွဲ့တတ်သော အာပေါ၊ ပူနွေးတတ်သော တေဇော၊ တွန်းကန်တတ်သော ဝါယော၊ အဆင်း ဝဏ္ဏ၊ အနံ့ ဂန္ဓ၊ အရသာ ရသ၊ အာဟာရဇရုပ်တို့ကိုတိုးပွားစေတတ်သော ဩဇာ၊ စောင့်ရှောက်တတ်သော ဇီဝိတရုပ်၊ ပေါင်းဆယ်ရသော ဟဒယဝတ္ထု ဒသက ကလာပ်ရုပ်တို့ကိုလည်းကောင်း။ ပါစကမီး ဖြစ်သော တေဇောဓာတ်၊ ၎င်း၏တည်ရာပထဝီ၊ ကပ်ဖွဲ့တတ်သော အာပေါ၊ တွန်းကန်တတ်သော ဝါယော၊ ၎င်းတို့ကိုမှီ၍ဖြစ်သော အဆင်း ဝဏ္ဏ၊ အနံ့ ဂန္ဓ၊ အရသာ ရသ၊ အာဟာရဇရုပ်တို့ကို တိုးပွါးစေတတ်သော ဩဇာ၊ စောင့်ရှောက်တတ်သော ဇီဝိတရုပ်၊ ပေါင်းကိုးရသော ဇီဝိတနဝကကလာပ်ရုပ်တို့ကိုလည်းကောင်း။ ဤပြဆိုအပ်ပြီးသော ရုပ်ကလာပ်တို့

ကိုလည်း၊ စိတ်၏ဖြစ်ပေါ်ခ ဥပါဒ်အခိုက်၌ ဖြစ်ပေါ်စေကုန်၏။ စိတ်၏ရပ်တည်မှုတည်းဟူသော ဌီအခိုက်၌လည်းဖြစ်ပေါ်စေကုန်၏။ စိတ်၏အပျက်ဟုဆိုအပ်သော ဘင်အခိုက်၌လည်းဖြစ်ပေါ်စေကုန်၏။ ဤသို့လျှင်အစဉ်မပြတ်စိတ်၏ဖြစ်ဆဲ တည်ဆဲ ပျက်ဆဲခဏတိုင်းခဏတိုင်း၌ပင် ဖြစ်ပေါ်စေကုန်၏။ ထိုသို့အစဉ်မပြတ် ဖြစ်ပေါ်ကုန်သော ၎င်းရုပ်ကလာပ်တို့သည်။ စိတ္တက္ခဏ(၁၇)ချက် ခဏငယ်(၅၁)ချက်သို့ကူးရောက်ကုန်တိုင်းကူးခဲ့ကုန်တိုင်း ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ပျက်စီးကွယ်ပျောက်ကြကုန်ရာ၌လည်း ရှေးဦးစွာဖြစ်ကုန်သော ကလာပ်ရုပ်တို့သည်။ ရှေးဦးစွာ ပျက်စီးကွယ်ပျောက်ကြကုန်၏။ ၎င်းနောက်ဖြစ်ကုန်သော ကလာပ်ရုပ်တို့သည်။ ၎င်းနောက်ပျက်စီးကွယ်ပျောက်ကြကုန်၏၊ ဤ သို့ပြဆိုအပ်သော နည်းအတိုင်း မရပ်မစဲလည်း ဆက်ခါဆက်ခါ အတိတ်ကံကြောင့်ဖြစ်ပေါ်ကြကုန်၏။ မရပ်မစဲလည်းဆက်ခါဆက်ခါ ပျက်စီးကြလေကုန်၏။ ထိုသို့ ပျက်စီးကုန်သော သောတဒသက ကလာပ်ရုပ်၊ ဃာနဒသက ကလာပ်ရုပ်။ ဇိဝှါဒသက ကလာပ်ရုပ်။ ကာယဒသက ကလာပ်ရုပ်။ ဣတ္ထိဘာဝ ဒသက ကလာပ်ရုပ်၊ ပုမ္ဘာဝဒသက ကလာပ်ရုပ်၊ ဟဒယဝတ္ထုဒသက ကလာပ်ရုပ်။ ဇီဝိတနဝက ကလာပ်ရုပ် ဟူသမျှတို့သည်။ ငါ့သူ့သတ္တဝါ အသက်အကောင်စသည်မဟုတ်ကုန်။ စင်စစ် ပရမတ္ထသဘောတရားအစုအပေါင်းမျှသာဖြစ်ကုန်၏။ ထိုပရမတ္ထသဘောတရားအစုအပေါင်းမျှသာဖြစ်ကုန်သော ပြဆိုအပ်ပြီးသော ရုပ်ကလာပ်တို့သည်။ အတိတ်ကံကြောင့်ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း။ ဇာတိမီး၌သာကျရောက်ကုန်၍ ထိုနေရာ၌ပင် အားနည်းမှုကို ပြုတတ်သော ဇရာမီး ကုန်ပျောက်အောင် ပြုလုပ်တတ်သော အပျက်ဘင်တည်းဟူသော မရဏမီးတို့သည် ဆက်၍လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ဇာတိ ဇရာ မရဏမီးတို့၏ လောင်ခြင်းကိုခံရကုန်သော သောတဒသက ကလာပ်ရုပ်။ ဃာနဒသက ကလာပ်ရုပ်။ ဇိဝှါဒသက ကလာပ်ရုပ်၊ ကာယဒသက ကလာပ်ရုပ်။ ဣတ္ထိဘာဝဒသက ကလာပ်ရုပ်။ ပုမ္ဘာဝဒသက ကလာပ်ရုပ်။ ဟဒယဝတ္ထုဒသက ကလာပ်ရုပ်။ ဇီဝိတနဝက ကလာပ်ရုပ်။ ဤဆိုအပ်ပြီးသော ကလာပ်ရုပ်တို့သည်။ အဘယ်မှာသက်သာပါကုန်အံ့နည်း။ စင်စစ်မသက်သာကုန်သောသင်္ခါရဒုက္ခတရားတို့သာ ဧကန်ဖြစ်ကုန်၏ဟူ၍ အဘန်တလဲလဲ ဝိပဿနာ ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်နေအပ်၏။ ထိုသို့ဝိပဿနာဉာဏ်ဖြင့် အဘန်တလဲလဲဆင်ခြင်သုံးသပ်တိုင်းသုံးသပ်တိုင်း။ ၎င်းပြဆိုအပ်ပြီးသော သောတဒသက ကလာပ်ရုပ်။ ဃာနဒသက ကလာပ်ရုပ်။ ဇိဝှါဒသက ကလာပ်ရုပ်။ ကာယဒ

သကကလာပ်ရုပ်။ဣတ္ထိဘာဝဒသကကလာပ်ရုပ်၊ပုမ္ဘာဝဒသကကလာပ်ရုပ်။ဟာဒယဝတ္ထုဒသကကလာပ်ရုပ်။ဇီဝိတနဝကကလာပ်ရုပ်တို့၏ ဒုက္ခဖြစ်ချက်ကို။ဟုတ်တိုင်းမှန်စွာထိုးထွင်း၍ သိမြင်တတ်သောသမ္မာဒိဋ္ဌိအမျိုးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ထို သောတဒသကကလာပ်။ဃာနဒသကကလာပ်။ဇိဝှါဒသကကလာပ်။ကာယဒသကကလပ်။ဣတ္ထိဘာဝဒသကကလာပ်။ ပုမ္ဘာဝဒသကကလာပ်။ဟာဒယဝတ္ထုဒသကကလာပ်။ ဇီဝိတနဝကကလာပ်ဟုဆိုအပ်သော၊အံလုံးရုံသောကလာပ်ရုပ်တို့၏ဒုက္ခဖြစ်ချက်ကိုမသိမမြင်တတ်သောအဝိဇ္ဇာမောဟနှင့်တကွသောကိလေသာတို့သည်လည်းကင်းကြကုန်၏။ကာမသုခလ္လိကာနုယောဂ။အတ္တကိလမထာနုယောဂတည်းဟူသောအယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ထိုသို့ အယုတ်တရားနှစ်ပါးတို့မှကင်းလွတ်နေခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်သေသည်။ ထိုသို့ ခေါ်ဆိုအပ်သောကြောင့်၊ပြဆိုအပ်ပြီးကုန်သောကလာပ်ရုပ်တို့၏ ဒုက္ခဖြစ်ပုံကို အာရုံပြု၍ မဇ္ဈိမာပဋိပဒါ တည်းဟူသော အရိယ အဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံအပ်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။

ကံကြောင့်ဖြစ်သော ရုပ်ကလာပ်တို့၏ဒုက္ခ ဖြစ် ပုံ ကို ရှု သ လို။ စိတ်ကြောင့်ဖြစ်သောရုပ်ကလာပ်တို့၏ဒုက္ခဖြစ်ပုံကိုလည်းရှုအပ်၏။ရှုပုံမှာ၊ ပဌမဘဝင်ကစ၍၊စုတိစိတ်ကျသည့်တိုင်အောင်။ ပဋိသန္ဓေစိတ်။ ဒွေပဉ္စဝိညာဏ်တဆယ်။ အရူပဝိပါက်လေးခု။ ရဟန္တာတို့၏စုတိစိတ်တို့ကိုကြဉ်၍ ကျန်သောစိတ်တို့သည်။မိမိတို့ဖြစ်ပေါ်ခိုက်၊ဖြစ်ပေါ်ခိုက်တိုင်း၌ပင်။သဟဇာတ်ရုပ်တို့၏တည်ရာသဘော ပထဝီ၊၎င်းသဟဇာတ်ရုပ်တို့ကို ကပ်ဖွဲ့တတ်သောသဘော အာပေါ။ပူနွေးတတ်သောသဘော တေဇော။တွန်းကန်တတ်သောသဘော ဝါယော။စက္ခုဋ္ဌထင်စရာသဘော အဆင်း။နှာခေါင်းအကြည်၌ ရှေ့ရှုထင်စရာသဘော အနံ့။ လျှာအကြည်၌ ရှေ့ရှုထင်စရာသဘောအရသာ။အဟာရဇရုပ်တို့ကိုတိုးပွားစေတတ်သောသဘော ဩဇာ။ဤရှစ်ပါးသောရုပ်ကလာပ်တို့ကို၊ ရံခါဖြစ်စေ၏။ရံခါလည်းရုပ်တို့၏ပေါ့ပါးသည့်၏အဖြစ်သဘော လဟုတာ၊ရုပ်တို့၏နူးညံ့သည့်၏အဖြစ်သဘော မုဒုတာ။ရုပ်တို့၏ခံ့သည့်၏အဖြစ်သဘော ကမ္မညတာနှင့်တကွ ပြဆိုအပ်ပြီးသော ပထဝီစသော ရုပ်ရှစ်ခုပါတပေါင်းတည်း တဆယ်တခုသောရုပ်ကလာပ်တို့ကိုဖြစ်စေ၏။ရံခါလည်းပထဝီစသောရုပ်ရှစ်ခုတို့နှင့်တကွ။ကိုယ်ဖြင့်သုပ်၍အလိုကိုသိစေတတ်သောအခါ၌။ကာယဝိညတ်ရုပ်

ကိုပါထည့်၍။ ကိုးခုသောရုပ်ကလာပ်တို့ကို၊ ကိုယ်လက်မခန့်ကျမ်းသော အခါ၌ဖြစ်စေ၏။ ငံ့ခါလည်း၊ ၎င်းကိုးခုသောရုပ်တို့နှင့်။ ရုပ်တို့၏ ပေါ့ပါးသည်၏အဖြစ်သဘော လဟုတာ။ ရုပ်တို့၏နူးညံ့သည်၏အဖြစ်သဘော။ မုဒုတာ။ ရုပ်တို့၏အပြုအမူ၌ခန့်သည်၏အဖြစ်သဘော၊ ကမ္မညတာရုပ်တို့ကိုထည့်၍။ တဆယ့်နှစ်ခုသောရုပ်ကလာပ်တို့ကို။ ကိုယ်လက်ပေါ့ပါးသော အခါ၌ဖြစ်စေ၏။ တရံတခါ မကျန်းမမာ၍ပြောဆိုသောအခါတို့၌။ ပထဝီစသောရုပ်ရှစ်ခုတို့နှင့်တကွ၊ အလိုကိုသိစေတတ်သော ဝစီဝိညာတ်ရုပ်ပြောဆိုအပ်သောအသံတည်းဟူသော သဒ္ဒရုပ်တို့ပါ ဆယ်ခုသောရုပ်ကလာပ်တို့ကိုဖြစ်စေ၏။ တရံတခါ ကျန်းမာခံ့ကျမ်း၍။ သွက်သွက် လွတ်လွတ်ပြောဆိုနိုင်သောအခါတို့၌။ ပထဝီစသောရုပ်ရှစ် ခု ပါ ဝစီ ဝိ ညာ တ်။ သဒ္ဒ။ လဟုတာ။ မုဒုတာ။ ကမ္မညတာဟုဆိုအပ်သော။ တဆယ်သုံးခုသောရုပ်ကလာပ်တို့ကိုဖြစ်စေ၏။ တရံတခါ၊ ထွက်သက်ဝင်သက်ဟုဆိုအပ်သော။ ရှူရှိုက်သောလေ၌အသံဖြစ်သောအခါ။ ပထဝီစသောရုပ်ရှစ်ခုနှင့်။ အသံသဒ္ဒရုပ်ပါ ကိုးခုသောရုပ်ကလာပ်တို့ကိုဖြစ်စေ၏။ ထိုသို့ဖြစ်စေအပ်သောရုပ်ကလာပ်တို့သည်။ မိမိ မိမိတို့ကိုအကြောင်းခံသောစိတ်တို့၏ဖြစ်ပေါ်စဉ်ပါဒ်အခိုက်၌ဖြစ်ပေါ်ကုန်၏။ စိတ်၏တည်မှု ဌီအခိုက်။ စိတ်၏ပျက်မှု ဘင်အခိုက်တို့၌မူကား။ ဖြစ်ပေါ်မှုမရှိကြကုန်။ အဘယ်ကြောင့်ဖြစ်ပေါ်မှုမရှိကြကုန်သနည်းဟူမူ။ မိမိ မိမိတို့ကိုအကြောင်းခံကုန်သောစိတ်တို့သည်။ ဖြစ်ပေါ်စ၌သာအားရှိကုန်၍။ ရုပ်တို့ကိုဖြစ်စေနိုင်သည်။ ဌီ ခဏ၌မူကား။ ၎င်းစိတ်တို့သည် ဇရာနှိပ်စက်ခြင်းကြောင့်။ ကုန်သုကုန်ခြင်းဖြစ်လျက် အားနည်းဒုဗ္ဗလဖြစ်၍၊ ရုပ်ကလာပ်တို့ကိုဖြစ်စေခြင်းငှါ မတတ်နိုင်။ အပျက်ဘင်ခဏ၌မူကား။ ၎င်းစိတ်တို့သည် ပျက်စီးကွယ်ကြရကုန်၍။ ရုပ်ကလာပ်တို့ကို ဖြစ်စေခြင်းငှါ မတတ်နိုင်ကုန်။ ထိုကြောင့်၊ ရုပ်ကိုဖြစ်စေတတ်သောစိတ်တို့သည်။ ဌီအခိုက် ဘင်အခိုက်၌။ ရုပ်ကလာပ်တို့ကိုဖြစ်စေခြင်းငှါမတတ်နိုင်ခြင်းကြောင့်။ စိတ်ကြောင့်ဖြစ်ကုန်သော ရုပ်ကလာပ်တို့သည်ဖြစ်မှုမရှိကုန်။ ထိုကြောင့်စိတ်ကြောင့်ဖြစ်လေသမျှသောရုပ်ကလာပ်တို့သည်၊ စိတ်တို့ဖြစ်ပေါ်စဉ်ပါဒ်အခိုက်၌သာဖြစ်ကြကုန်၏။ ထိုဖြစ်ပေါ်ကုန်သောရုပ်ကလာပ်တို့သည်၊ စိတ္တက္ခဏ(၁၇)ချက်။ ခဏငယ်(၅၁)ချက်ခန့်ကာလ၌သို့ ကျရောက်တိုင်းကျရောက်တိုင်း၊ ပျက်စီးကွယ်ပျောက်ကြကုန်၏။ ထိုသို့ပျက်စီးကွယ်ပျောက်ကုန်ရာ၌လည်း။ ရှေးဦးစွာဖြစ်ကုန်သောရုပ်ကလာပ်တို့သည်။ ရှေးဦးစွာပျက်စီး၍ကွယ်ပျောက်ကုန်၏။ ၎င်းနောက် ဖြစ်ကုန်သောရုပ်ကလာပ်တို့သည်။ ၎င်းနောက်ပျက်စီးကွယ်ပျောက်ကြကုန်၏။ ဤ

သို့ပြဆိုအပ်ပြီးသောနည်းအတိုင်း မရပ်မစဲလည်း ဆက်ခါဆက်ခါ။ စိတ်ကြောင့်ဖြစ်ပေါ်ကုန်၏။ မရပ်မစဲလည်းဆက်ခါဆက်ခါ ပျက်စီးကွယ်ပျောက်ကြကုန်၏၊ထိုသို့ပျက်စီးကုန်သော။ပထဝီစသော ရှစ်ပါးရှိသောကလာပ်။လဟုတာစသည်ကိုထည့်၍။ တဆယ်တခုရှိသောရုပ်ကလာပ်၊ ကာယဝိညတ်နှင့်တကွ။ကိုးခုရှိသော ရုပ်ကလာပ်တို့၏ပေါ့ပါးမှု။နူးညံ့မှု။ခံ့မှု။ ကာယဝိညတ်တို့နှင့် ရုပ်ရှစ်ပါး။ တဆယ်နှစ်ခုရှိသော ရုပ်ကလာပ်။ ပြောဆိုသောအခါ၌ဖြစ်သော အသံ။ဝိညတ်ရုပ်။ ပထဝီစသောရုပ်ရှစ်ပါး။ ပေါင်းဆယ်ခုရှိသော ရုပ်ကလာပ်။ လဟုတာ ဒိ ကို ထ ည့် ၍၊ တဆယ်သုံးခုရှိသောရုပ်ကလာပ်။ ထွက်သက်ဝင်သက်လေ၌၊အသံပါကိုးခုရှိသော ရုပ်ကလာပ်တို့သည်။ငါ သူ သတ္တဝါ အသက် အကောင်စသည်မဟုတ်ကုန်။ စင်စစ်ပရမတ္ထသဘောအစုအပေါင်းမျှသာဖြစ်ကုန်၏။ ထိုပရမတ္ထသဘောတရား အစုအပေါင်းမျှသာဖြစ်ကုန်သော။၎င်းပြဆိုအပ်ပြီးကုန်သော ရုပ်ကလာပ်တို့သည်။စိတ်ကြောင့်ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း၊ ဇာတိနိဒ်း၌သာကျရောက်ကုန်၍။ ထိုနေရာ၌ပင်အားနည်းမှုကိုပြုတတ်သောဇရာမီး။ ကုန်ပျောက်အောင်လုပ်တတ်သောအပျက်ဘင်တည်းဟူသောမရဏာမီးတို့သည်ဆက်၍လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျောက်ကြလေကုန်၏။သို့သို့ဇာတိဇရာမရဏာမီးတို့၏ လောင်ခြင်းကို ခံရကုန်သော။ ၎င်းစိတ်ကြောင့်ဖြစ်ကုန်သောရုပ်ကလာပ်တို့သည် အဘယ်မှာသက်သာပါကုန်အံ့နည်း။ စင်စစ် မသက်မသာကုန်သောသင်္ခါရဒုက္ခတရားတို့သာဖြစ်ကြကုန်၏။ထိုသို့ သင်္ခါရဒုက္ခဖြစ်မှုကိုအဘန်တလဲလဲ ဝိပဿနာပညာဖြင့်ဆင်ခြင်သုံးသပ်နေအပ်၏။ ထိုသို့အဘန်တလဲလဲဆင်ခြင်သုံးသင်နေတိုင်းသုံးသပ်နေတိုင်း။ ထိုပြဆိုအပ်ပြီးသောစိတ်ကြောင့်ဖြစ်ကုန်သောရုပ်ကလာပ်တို့၏ သင်္ခါရဒုက္ခဖြစ်မှုကို။ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိမြင်တတ်သော သမ္မာဒိဋ္ဌိအမျိုးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်းဖြစ်တိုင်း။ထိုစိတ်ကြောင့်ဖြစ်ကုန်သောပ်ရုကလာပ်တို့၏။သင်္ခါရဒုက္ခဖြစ်မှုကိုမသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည်လည်း ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသောအယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏၊ ထိုသို့ကင်းလွတ်နေခြင်းကြောင့်။၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်။ထိုသို့ခေါ်ဆိုအပ်သောကြောင့်၊၎င်းစိတ္တဇရုပ်ကလာပ်တို့၏ဒုက္ခဖြစ်ပုံကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါဟုဆိုအပ်သော၊အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှိဝဲကျင့်ကြံအပ်သည်

၏အဖြစ်ကိုထင်ရှားသိကြလေ။
စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်တို့၏ ဒုက္ခဖြစ်ပုံကို ရှုသလို၊ ဥတုကြောင့်ဖြစ်သောရုပ်ကလာပ်တို့၏ဒုက္ခဖြစ်ပုံကိုလည်း ရှုအပ်၏။ ရှုပုံမှာ အချမ်းအပူဟုဆိုအပ်သောဥတုသည်လည်း၊မိမိကြောင့်ဖြစ်ကုန်သော၊ရုပ်ကလာပ်တို့ကို၊ မိမိ၏ဌီကာလသို့ရောက်တိုင်းရောက်တိုင်း၌ဖြစ်စေ၏။ ဖြစ်စေပုံမှာ၊တရံတခါ၊ သဟာဇတ်ရုပ်တို့၏ တည်ရာသဘော၊ ပထဝီ၊ ကပ်ဖွဲ့တတ်သောသဘော၊ အာပေါ၊ ပူနွေးတတ်သောသဘော၊တေဇော၊ တွန်းကန်တတ်သောသဘော၊ဝါယော၊ငင်းတို့ကိုမှီ၍ဖြစ်သောအဆင်းသဘော အနံ့သဘော၊အရသာသဘော၊ အဟာရဇရုပ်တို့ကိုတိုးပွါးစေတတ်သော သဘောဩဇာ၊ ဤပြဆိုအပ်ပြီးသော ရုပ်ရှစ်ခုအပေါင်းဟုဆိုအပ်သော ကလာပ်ရုပ်တို့ကို၊ ရံခါဖြစ်စေ၏။ ရံခါလည်း ပြဆိုအပ်ပြီးသောရုပ်ရှစ်ခုနှင့်တကွ၊ရုပ်တို့၏ပေါ့ပါးသည်၏အဖြစ်သဘော၊လဟုတာ၊ရုပ်တို့၏နူးညံ့သည်၏အဖြစ်သဘော၊ မုဒုတာ၊ ရုပ်တို့၏ပြုအပ်သောအမှု၌ ခံ့သည်၏အဖြစ်သဘော၊ ကမ္မညတာရုပ်တို့နှင့်တကွ၊တဆယ်တခုရှိသောရုပ်ကလာပ်တို့ကိုဖြစ်စေ၏။ ရံခါသည်း၊ အထက်ကပြဆိုအပ်ပြီးသော ပထဝီအစရှိသောရုပ်ရှစ်ခုနှင့်၊ ဥတုကြောင့်ဖြစ်သော၊ အသံပါ ကိုးခုသောသဒ္ဒနဝက ကလာပ်ရုပ်တို့ကိုဖြစ်စေ၏၊ ရံခါလည်း၊ ငင်းကိုးခုသောရုပ်တို့နှင့်တကွ၊ ရုပ်တို့၏ပေါ့ပါးသည်၏အဖြစ်သဘော၊ လဟုတာ၊နူးညံ့သည်၏အဖြစ်သဘော၊မုဒုတာ၊ခန့်သည်၏အဖြစ်သဘော၊ ကမ္မညတာပါ၊ပေါင်း တဆယ်နှစ်ပါးသော သဒ္ဒ၊ လဟုတာဒိ၊ ဒွါဒသကလာပ်တို့ကိုဖြစ်စေ၏။ ထိုဥတုဖြစ်စေအပ်သောရုပ်ကလာပ်တို့သည်၊မိမိ မိမိတို့ကိုအကြောင်းခံသော၊ သီတဥတု၊ဥဏှဥတုတို့၏ဌီကာလတိုင်း ဌီကာလတိုင်း၌ ဖြစ်ပေါ်ကြကုန်၏။ ငင်းအကြောင်းခံဥတုတို့၏ ဖြစ်စဉ်ပါဒ်ခဏ၊ ပျက်ဆဲဘင်ခဏ၌မူကား၊ ဖြစ်ပေါ်မှုမရှိကြကုန်၊ အဘယ်ကြောင့်ဖြစ်ပေါ်မှုမရှိကြကုန်သနည်းဟူမူ၊ မိမိ မိမိတို့ကို အကြောင်းခံကုန်သော ဥတုတို့သည်၊ ဖြစ်ဆဲခဏ၌အားနည်းသောကြောင့်၊ ရုပ်တို့ကိုဖြစ်စေခြင်းငှါမတတ်နိုင်၊အပျက်ဘင်ခဏ၌မူကား ငင်းအကြောင်းခံ ဥတုတို့သည် ပျက်စီးခြင်းသို့ရောက်သောကြောင့်၊ ငင်းရုပ်တို့ကိုဖြစ်စေခြင်းငှါမတတ်နိုင်၊ ထိုကြောင့် အကြောင်းခံ ဥတုကြောင့်ဖြစ်သောရုပ်တို့သည်၊ အကြောင်းခံ ဥတုတို့၏ ဌီအခိုက်၌သာလျှင်ဖြစ်ပေါ်ကြကုန်၏။ ထိုဥတုကြောင့်ဖြစ်ပေါ်ကုန်သော ရုပ်ကလာပ်တို့သည်၊ စိတ္တက္ခဏ(၁၇)ချက်၊ ခဏငယ်(၅၁)ချက်ခန့်ကာလသို့ ရောက်တိုင်း ရောက်တိုင်း ဖြစ်ပေါ်သောနေရာ၌ပင် ပျက်စီး ကွယ်ပျောက်ကြကုန်၏။ ထိုသို့

ပျက်စီးကွယ်ပျောက်ကုန်ရာ၌လည်း။ရှေးဦးစွာဖြစ်ကုန်သောရုပ်ကလာပ်တို့သည်။ရှေးဦးစွာပျက်စီးကွယ်ပျောက်ကုန်၏။ ၎င်းနောက်ဖြစ်ကုန်သောရုပ်ကလာပ်တို့သည်။၎င်းနောက်ပျက်စီးကွယ်ပျောက်ကြကုန်၏။ ဤသို့ပြဆိုအပ်ပြီးသောနည်းအတိုင်း၊မရပ်မစဲလည်းဆက်ခါဆက်ခါ ဥတုကြောင့်ဖြစ်ပေါ်ကုန်၏။ မရပ်မစဲလည်း ဆက်ခါဆက်ခါ ပျက်စီးကွယ်ပျောက်ကြကုန်၏။ ထိုသို့ပျက်စီးကွယ်ပျောက်ကုန်သော၊ ဥတုကြောင့်ဖြစ်ကုန်သောရုပ်ကလာပ်တို့သည်။စင်စစ်၊ငါ၊သူ၊သတ္တဝါ၊အသက်၊အကောင်စသည်မဟုတ်ကုန်။စင်စစ်၊ပရမတ္ထသဘောတရား အစုအပေါင်းမျှသာဖြစ်ကုန်၏။ ထိုပရမတ္ထသဘောတရား အစုအပေါင်းမျှသာဖြစ်သော ရုပ်ကလာပ်တို့သည်။ဥတုအကြောင်းခံကြောင့်ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း၊ဓာတ်မီး၌သါကြရောက်ကုန်၍၊ထိုနေရာ၌ပင် အားနည်းမှုကိုပြုတတ်သောဇရာမီး။ကုန်ပျောက်အောင်သုပ်တတ်သော၊ အပျက်ဘင် တည်းဟူသော မရဏမီးတို့သည်။ ဆက်၍သောင်ခြင်းကြောင့်၊ ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ထိုဓာတ်ဇရာမရဏမီးတို့၏သောင်ခြင်းကိုခံရကုန်သော။၎င်းဥတုကြောင့်ဖြစ်ကုန်သော ရုပ်ကလာပ်တို့သည်၊ အဘယ်မှာ သက်သာပါကုန်အံ့နည်း။ စင်စစ် မသက်သာကုန်သော သင်္ခါရဒုက္ခတရားတို့သာဖြစ်ကြကုန်၏။ ထိုသို့သင်္ခါရဒုက္ခဖြစ်မှုကို၊ အဘန်တလဲလဲ ဝိပဿနာပညာဖြင့် ဆင်ခြင်သုံးသပ်နေအပ်၏။ထိုသို့အဘန်တလဲလဲ ဆင်ခြင်သုံးသပ်နေတိုင်းနေတိုင်း။ထိုပြဆိုအပ်ပြီးသော၊ ဥတုကြောင့်ဖြစ်ကုန်သော ရုပ်ကလာပ်တို့၏။ သင်္ခါရဒုက္ခဖြစ်မှုကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိမြင်တတ်သော၊သမ္မာဒိဋ္ဌိအမျိုးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ထိုဥတုကြောင့်ဖြစ်ကုန်သောရုပ်ကလာပ်တို့၏၊သင်္ခါရဒုက္ခဖြစ်မှုကိုမသိမမြင်တတ်သော၊ အဝိဇ္ဇာမောဟနှင့်တကွသောကိလေသာတို့သည်လည်းကင်းကြလေကုန်၏။ဘာမသုခဋ္ဌိဘာနုသယဂ၊ အဘိကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်။ ၎င်း ဖြစ်တိုင်းဖြစ်တိုင်းသောဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို၊မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်။ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ ဥတုကြောင့်ဖြစ်ကုန်သော ရုပ်ကလာပ်တို့၏ဒုက္ခဖြစ်ပုံကိုအာရုံပြု၍။မဇ္ဈိမာပဋိပဒါဟုဆိုအပ်သော၊ အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံအပ်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။

ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့၏ ဒုက္ခဖြစ်ပုံကို ရှုသလို၊ အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ်တို့၏ ဒုက္ခဖြစ်ပုံကိုလည်း ရှုအပ်၏။

ရှုပုံမှာ။ မျိုးအင်သောအာဟာရတည်းဟူသော ဩဇာသည်လည်း။ မိမိကြောင့်ဖြစ်ကုန်သော ရုပ်ကလာပ်တို့ကို။ မိမိ၏ ဌီကာလသို့ရောက်တိုင်း ရောက်တိုင်း၌ ဖြစ်စေ၏။ ဖြစ်စေပုံမှာ၊ တရံတခါ သဟဇာတ်ရုပ်တို့၏ တည်ရာသဘော ပထဝီ။ ကပ်ဖွဲ့တတ်သောသဘော၊ အာပေါ။ ပူနွေးတတ်သောသဘော၊ တေဇော။ တွန်းကန်တတ်သောသဘော၊ ဝါယော။ ၎င်းတို့ကြောင့်ဖြစ်သောအဆင်းသဘော၊ အနံ့သဘော၊ အရသာသဘော၊ အာဟာရဇရုပ်တို့ကိုတိုးပွားစေတတ်သောသဘော၊ ဩဇာ။ ဤပြဆိုအပ်ပြီးသော ရုပ်ရှစ်ခုအပေါင်းဟူဆိုအပ်သောကလာပ်ရုပ်တို့ကို၊ ရံခါဖြစ်စေ၏။ ရံခါလည်း၊ ပြဆိုအင်ပြီးသော ရုပ်ရှစ်ခုတို့နှင့်တကွ၊ ရုပ်တို့၏ပေါ့ပါးသည်၏အဖြစ်သဘော၊ လဟုတာ။ ရုပ်တို့၏နူးညံ့သည်၏အဖြစ်သဘော၊ မုဒုတာ။ ရုပ်တို့၏ပြုအပ်သောအမှု၌၊ ခန့်သည်၏အဖြစ်သဘော၊ ကမ္မညတာတို့နှင့်တကွ။ တဆယ်တခုရှိသောရုပ်ကလာပ်တို့ကိုဖြစ်စေ၏။ ထိုအာဟာရဖြစ်စေအင်သောရုပ်တို့သည်။ မိမိ မိမိတို့ကိုအကြောင်းခံသော အာဟာရတည်းဟူသော ဩဇာတို့၏ဌီကာလတိုင်းဌီကာလတိုင်း၌ ဖြစ်ပေါ်ကြကုန်၏။ အကြောင်းခံအာဟာရဟုဆိုအပ်သော ဩဇာတို့၏ ဖြစ်စဉ်ပါဒ်ခဏဘင်ခဏ၌မူကား။ ဖြစ်ပေါ်မှုမရှိကြကုန်။ အဘယ်ကြောင့်ဖြစ်ပေါ်မှုမရှိကြကုန်လေသနည်းဟူမူ။ မိမိ မိမိတို့ကိုအကြောင်းခံကုန်သော။ အာဟာရဟုဆိုအပ်သောဩဇာတို့သည်။ ဖြစ်ဆဲခဏ၌အားနည်းသောကြောင့် ရုပ်တို့ကိုဖြစ်စေခြင်းငှါမတတ်နိုင်။ အပျက်ဘင်ခဏ၌မူကား၊ ၎င်းအကြောင်းခံ အာဟာရဟုဆိုအင်သောဩဇာတို့သည်။ ပျက်စီးခြင်းသို့ရောက်သောကြောင့်။ ၎င်းရုပ်တို့ကိုဖြစ်စေခြင်းငှါ မတတ်နိုင်။ ထိုကြောင့် အကြောင်းခံ အာဟာရတည်းဟူသောဩဇာကြောင့်ဖြစ်သော ရုပ်တို့သည်။ အကြောင်းခံအာဟာရဟုဆိုအင်သောဩဇာရုပ်တို့၏ဌီအခိုက်၌သာလျှင် ဖြစ်ပေါ်ကြကုန်၏။ ထိုအာဟာရတည်းဟူသော။ ဩဇာကြောင့်ဖြစ်ကုန်သော ရုပ်ကလာပ်တို့သည်။ စိတ္တက္ခဏ(၁၇)ချက်။ ခဏငယ် (၅၁)ချက် ကာလသို့ရောက်တိုင်းရောက်တိုင်း ဖြစ်ပေါ်သောနေရာ၌ပင်ပျက်စီးကွယ်ပျောက်ကြကုန်၏။ ထိုသို့ပျက်စီးကွယ်ပျောက်ကုန်ရာ၌လည်း။ ရှေဦးစွာဖြစ်ကုန်သောရုပ်ကလာပ်တို့သည်၊ ရှေဦးစွာပျက်စီးကွယ်ပျောက်ကုန်၏။ ၎င်းနောက်ဖြစ်ကုန်သောရုပ်ကလာပ်တို့သည်၊ ၎င်းနောက် ပျက်စီးကွယ်ပျောက်ကုန်၏။ ဤပြဆိုအင်ပြီးသောနည်းအတိုင်း။ မရင်မစဲလည်းဆက်ခါဆက်ခါ အာဟာရတည်းဟူသော ဩဇာကြောင့် ဖြစ်ပေါ်ကုန်၏၊ မရင်မစဲလည်း ဆက်ခါဆက်ခါ ပျက်စီးကွယ်ပျောက်ကြကုန်၏။ ထိုသို့ပျက်စီးကွယ်ပျောက်

ကုန်သောအာဟာရတည်းဟူသောသြဇာကြောင့်ဖြစ်ကုန်သောရုပ်ကလာပ် တို့သည်။စင်စစ်၊ငါ၊သူ၊သတ္တဝါ၊အသက်၊ အကောင်စသည်မဟုတ်ကုန်။ စင်စစ် ပရမတ္ထ သဘောတရားအစုအပေါင်းမျှသာဖြစ်ကုန်၏။ ထိုပရမတ္ထ သဘောတရား အစုအပေါင်းမျှသာဖြစ်ကုန်သော ရုပ်ကလာပ် တို့ သည်။ အာဟာရအကြောင်းခံကြောင့်ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း၊ဓာတ်မီးသို့သာ ကူ၍ရောက်ကုန်၍။ထိုနေရာ၌ပင်၊အားနည်းမှုကိုပြုတတ်သော ဇရာမီး။ကုန် ပျောက်အောင်လုပ်တတ်သော၊ အပျက်ဘင်တည်းဟူသော မရဏာမီးတို့ သည်၊ ဆက်၍လောင်ခြင်းကြောင့် ပျက်စီး ကွယ်ပျောက်ကြလေကုန်၏။ ထိုဓာတိဇရာ မရဏာမီးတို့၏လောင်ခြင်းကိုခံရကုန်သော။ ၎င်း အာဟာရ ကြောင့်ဖြစ်ကုန်သောရုပ်ကလာပ်တို့သည်၊အဘယ်မှာ သက်သာပါကုန်အံ့ နည်း။စင်စစ်၊မသက်သာကုန်သောသင်္ခါရဒုက္ခတရားတို့သာလျှင်ဖြစ်ကုန်၏။ ထိုသို့ သင်္ခါရဒုက္ခဖြစ်မှုကို အဘန်တလဲလဲ ဝိပဿနာပညာဖြင့် ဆင်ခြင် သုံးသပ်နေအပ်၏။ ထိုသို့အဘန်တလဲလဲ ဝိပဿနာပညာဖြင့် ဆင်ခြင်သုံး သပ်နေတိုင်း နေတိုင်း၊ ထိုပြဆိုအပ်ပြီးသော အာဟာရတည်းဟူသောသြ ဇာကြောင့်ဖြစ်ကုန်သောရုပ်ကလာပ်တို့၏သင်္ခါရဒုက္ခဖြစ်မှုကို။ဟုတ်တိုင်း မှန်စွာထိုးထွင်း၍သိမြင်တတ်သော။ သမ္မာဒိဋ္ဌိအမည်ရှိသော ဝိပဿနာအ ဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း၊ ထို အာဟာရတည်းဟူသော သြဇာကြောင့်ဖြစ်သောရုပ်ကလာပ်တို့၏ သင်္ခါ ရဒုက္ခကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွသောကိလေသာ တို့သည်လည်းကင်းကြကုန်၏။ကါမသုခလ္လိကာနုယောဂ။အတ္တကိလမထာ နုယောဂတည်းဟူသောအယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေခြင်းကြောင့်။၎င်းဖြစ် တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟု ခေါ်ဆို အပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သောကြောင့်။ အာဟာရကြောင့်ဖြစ် သောရုပ်ကလာပ်တို့၏သင်္ခါရဒုက္ခဖြစ်မှုကိုအာရုံပြု၍။မဇ္ဈိမာပဋိပဒါတည်း ဟူသော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံအပ်သည်၏အဖြစ် ကိုထင်ရှားသိကြလေ။

ထိုပြဆိုအပ်ကုန်ပြီးသော။ကံကြောင့်ဖြစ်ကုန်သောရုပ်ကလာပ်။ စိတ် ကြောင့်ဖြစ်ကုန်သောရုပ်ကလာပ်။ဥတုကြောင့်ဖြစ်ကုန်သောရုပ်ကလာပ်။ အာဟာရကြောင့်ဖြစ်ကုန်သောရုပ်ကလာပ်တို့သည်၊ပေါင်းစပ်၍ဖြစ်နေကြ ကုန်၏။ ထိုသို့ပေါင်းစပ်၍ဖြစ်နေကုန်သောရုပ်တို့ကို။ ဓာတိဇရာမရဏာမီး တို့သည်၊မပြတ်မလပ်လောင်ခြင်းကြောင့်။သင်္ခါရဒုက္ခဖြစ်ကုန်၏၊ထိုသင်္ခါရ

ဒုက္ခဖြစ်ကုန်သောရုပ်အစုအပေါင်းကို၊ဝိပဿနာဉာဏ်တို့ဖြင့်ဟုတ်တိုင်းမှန်စွာမသိခြင်းကြောင့်။ငါ၊သူ၊သတ္တဝါ၊ကိုယ်ကောင်အသက်စသည်ဟုတ်၏ဟူ၍၊အဝိဇ္ဇာဖြင့်ထင်မြင်ပြီးလျှင်။တဏှာဒိဋ္ဌိတို့ဖြင့်စွဲလန်းနှစ်သက်ကြကုန်၏။ ထိုသို့တဏှာဒိဋ္ဌိတို့ဖြင့် စွဲလန်းနှစ်သက်အပ်သောကြောင့်။ ၎င်းရုပ်အစုအပေါင်းကို။ ရူပုပါဒါနက္ခန္ဓာဟုဘုရားရှင်ဟောတော်မူအပ်လေသည်။ ထိုဥပါဒါန်တို့၏အာရုံဖြစ်သော ရုပ်အစုအပေါင်းကိုမနှစ်သက်ဘဲ စက်ဆုပ်စေခြင်းငှါ။၎င်းဥပါဒါန်၏အာရုံဖြစ်သော ရုပ်အစုအပေါင်းကို ဒုက္ခတရားဟူ၍ဉာဏ်အမြင်ကိုဖြစ်စေခြင်းငှါ ဟောတော်မူအပ်လေသည်။ ထိုသို့ ဘုရားဟောတော်မူအပ်တိုင်း။၎င်းရုပ်တရားအစုအပေါင်းကို ဒုက္ခတရားဟူ၍ ဝိပဿနာဉာဏ်ဖြင့် မြင်ကြလျှင်။ ၎င်း ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ရုပ်အစု အပေါင်းကို အဘယ်မှာ နှစ်သက်ပါအံ့နည်း။ စင်စစ်မနှစ်သက်ခြင်းသို့သာရောက်၍ စက်ဆုပ်ကြလေအံ့သတည်း။ ထိုသို့စက်ဆုပ်ကြလျှင်၊၎င်းတို့၏ဖြစ်မှုမှလွန်မြောက်သော မဖြစ်မပျက်သောသဘော အသင်္ခတဓာတ်နိဗ္ဗာန်ချမ်းသာကိုအာရုံပြုကြလေကုန်ရာ၏၊ထိုသို့ နိဗ္ဗာန်ချမ်းသာကို ဉာဏ်ဖြင့် အာရုံပြုဘန်များလျှင်။ မဂ်သို့ရောက်၍။ ၎င်းရုပ်တို့ကို တွယ်တာခင်မင် စွဲလန်းမှုဟူသမျှတို့သည် ကုန်ခမ်းကြကုန်၍။ ၎င်းဒုက္ခတရားတို့သည်၊နောင်ဖြစ်ပေါ်မှုမရှိဘဲ ကုန်ကြကုန်သတည်း။

ဥပါဒါန်တို့၏အာရုံဖြစ်သော ရုပ်အပေါင်းအစုတို့ကိုရှုသလို။ ဥပါဒါန်တို့၏အာရုံဖြစ်သော ဝေဒနာက္ခန္ဓာတရားတို့ကိုလည်း ရှုအပ်၏။ ရှုပုံမှာ၊ အကြင်အခါ အလွန်နှစ်သက်ဘွယ်ကောင်းသောရူပါရုံအဆင်းကို မြင်တိုင်းမြင်တိုင်းအာရုံပြု၍၊သာသာယာယာ ရွှင် ရွှင်သန်းလန်း ခံစားတတ်သော - သုခဝေဒနာသည်ဖြစ်၏၊ ထိုသုခဝေဒနာသည်၊စင်စစ်၊ငါ၊သူ၊သတ္တဝါ၊ အသက်၊ အကောင် စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာဖြစ်၍၊ထိုဖြစ်သောနေရာ၌ပင်။ ဓာတ်ဇရာမရဏာမီးတို့ လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ အကြင်အခါ၊မနှစ်သက်၊ စက်ဆုပ်အပ်သော ရူပါရုံအဆင်းကိုမြင်တိုင်းမြင်တိုင်း အာရုံပြု၍၊မသာမယာ၊နောက်နောက်ကျုကျု ခံစားတတ်သော ဒုက္ခဝေဒနာသည်ဖြစ်၏။ ထိုဒုက္ခဝေဒနာသည်လည်း။ စင်စစ်၊ ငါ၊ သူ၊ သတ္တဝါ အသက်၊ အကောင်စသည်မဟုတ်။ပရမတ္ထသဘောတရားမျှသာဖြစ်၍။ ထိုဖြစ်သောနေရာ၌ပင်။ဓာတ်ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ အကြင်အခါ နှစ်သက်အပ်စရာလည်းမဟုတ်။ မနှစ်သက်အပ်စရာ လည်းမဟုတ်သော ရူပါရုံအဆင်းကိုမြင်တိုင်းမြင်တိုင်း။ အာရုံပြု၍ နောက်ကျုသည်လည်းမ

ဟုတ်။ ရွှင်လန်းချမ်းသာသည်လည်းမဟုတ်သော။ အလယ်အလပ်လျစ်လျူရှု၍ခံစားတတ်သော အဒုက္ခမသုခဝေဒနာသည်ဖြစ်၏၊ ထိုဝေဒနာသည်လည်း စင်စစ်၊ ငါ သူ သတ္တဝါ အသက်အကောင်စသည်မဟုတ်။ ပရမတ္ထသဘောမျှသာဖြစ်၍။ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့ လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျော်လေတော့၏။ ဤသို့လျှင်ရူပါရုံကိုအကြောင်းခံ၍ တရံတခါသုခဝေဒနာ၊ တရံတခါဒုက္ခဝေဒနာ၊ တရံတခါအဒုက္ခမသုခဝေဒနာတရားတို့သည် အကြောင်းရူပါရုံတို့၌ နှလုံးသွင်း အားလျော်စွာ နေ့ရှိသမျှရက်ရှိသမျှ စုတိစိတ်ကျရောက်ခါနီးတိုင်အောင် ကာလပတ်လုံးမရပ်မစဲဖြစ်ပေါ်ပြီးလျှင်။ ဇာတိ ဇရာ မရဏာ မီးတို့ လောင်ခြင်းကြောင့် မပြတ်မလပ် ဒုက္ခအဖြစ်သို့ရောက်၍ ပျက်စီးကွယ်ပျောက်လေကုန်၏။ ထိုနည်းအတူ သဒ္ဒါရုံကိုအကြောင်းခံ၍လည်းဖြစ်ကြကုန်၏။ ဖြစ်ပုံမှာ အကြင်အခါအလွန်နှစ်သက်အပ်သော သဒ္ဒါရုံကိုကြားတိုင်းကြားတိုင်း။ အာရုံပြု၍သာသာယာယာ ရွှင်ရွှင်လန်းလန်းခံစားတတ်သော သုခဝေဒနာသည်ဖြစ်၏။ ထိုသုခဝေဒနာသည် စင်စစ် ငါသူသတ္တဝါအသက်အကောင်စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာဖြစ်၍ ထိုဖြစ်သောနေရာ၌ပင်။ ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ အကြင်အခါမနှစ်သက်အပ် အသိမရှိအပ်သော သဒ္ဒါရုံအသံကို ကြားတိုင်းကြားတိုင်း အာရုံပြု၍။ မသာမယာနောက်နောက်ကျုကျုခံစားတတ်သောဒုက္ခဝေဒနာသည်ဖြစ်၏။ ထိုဒုက္ခဝေဒနာသည်လည်း စင်စစ် ငါ သူ သတ္တဝါအသက်အကောင်စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာဖြစ်၍ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ အကြင်အခါ နှစ်သက်အပ်စရာသည်းမဟုတ်။ မနှစ်သက်အပ်စရာသည်းမဟုတ်သော သဒ္ဒါရုံအသံကို ကြားတိုင်း ကြားတိုင်း အာရုံပြု၍ နောက်ကျုသည်လည်းမဟုတ်။ ရွှင်လန်းချမ်းသာသည်လည်း မဟုတ်သော အလယ်အလပ်ခံစားတတ်သော အဒုက္ခမသုခဝေဒနာသည် ဖြစ်၏။ ထိုဝေဒနာသည်လည်း စင်စစ် ငါ သူ သတ္တဝါ အသက်အကောင်စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာဖြစ်၍ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာ မီးတို့ လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏၊ ဤသို့လျှင် သဒ္ဒါရုံကိုအကြောင်းခံ၍ ရံခါသုခဝေဒနာ၊ ရံခါဒုက္ခဝေဒနာ၊ ရံခါအဒုက္ခမသုခဝေဒနာတို့သည် အကြောင်း သဒ္ဒါရုံတို့၌ နှလုံးသွင်းအားလျော်စွာ နေ့ရှိသမျှရက်ရှိသမျှ စုတိကျသည်တိုင်အောင်ကာလပတ်လုံး မရပ်မစဲဖြစ်ပေါ်ပြီးလျှင် ဇာတိ ဇရာ မရဏာမီးလောင်ခြင်းကြောင့်

မပြတ်မလပ် ဒုက္ခအဖြစ်သို့ရောက်၍ ပျက်စီးကွယ်ပျောက်လေကုန်၏။ ထိုနည်းအတူ ဂန္ဓာရုံအနံ့ကိုအကြောင်းခံ၍လည်းဖြစ်ကြကုန်၏။ ဖြစ်ကြပုံမှာ အကြင်အခါအလွန်နှစ်သက်အပ်သော ဂန္ဓာရုံအနံ့ကို နမ်တိုင်းနမ်တိုင်းအာရုံပြု၍ သာသာယာယာ ရွှင်ရွှင်လန်းလန်းခံစားတတ်သော သုခဝေဒနာသည်ဖြစ်၏။ထိုသုခဝေဒနာသည် စင်စစ် ငါသူသတ္တဝါအသက်အကောင်စသည်မဟုတ်။ပရမတ္ထသဘောတရားမျှသာဖြစ်၍ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏ မီးတို့ လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ အကြင်အခါ မနှစ်သက်အပ် အလိုမရှိအပ်သော ဂန္ဓာရုံအနံ့ကို နမ်တိုင်းနမ်တိုင်း အာရုံပြု၍ နောက်နောက် ကျုကျုခံစားတတ်သော ဒုက္ခဝေဒနာသည်ဖြစ်၏။ထိုဒုက္ခဝေဒနာသည်လည်း စင်စစ် ငါ သူ သတ္တဝါ အသက်အကောင်စသည်မဟုတ်။ ပရမတ္ထသဘောမျှသာဖြစ်၍ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏမီးတို့လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျောက်လေတော့၏။အကြင်အခါ နှစ်သက်အပ်စရာလည်းမဟုတ် မနှစ်သက်အပ်စရာလည်းမဟုတ်သော ဂန္ဓာရုံအနံ့ကိုနမ်တိုင်းနမ်တိုင်း အာရုံပြု၍ နောက်ကျုသည်လည်းမဟုတ်။ ရွှင်လန်းချမ်းသာသည်လည်း မဟုတ်သော အလယ်အလတ်ခံစားတတ်သော အဒုက္ခမသုခဝေဒနာသည်ဖြစ်၏။ ထိုဝေဒနာသည်လည်း စင်စစ် ငါ သူ သတ္တဝါ အသက်အကောင်စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာဖြစ်၍ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ ဤသို့လျှင် ဂန္ဓာရုံအနံ့ကိုအကြောင်းခံ၍ ရံခါသုခဝေဒနာ၊ ရံခါဒုက္ခဝေဒနာ၊ ရံခါ အဒုက္ခမသုခဝေဒနာတို့သည် အကြောင်းဂန္ဓာရုံတို့၌ နှလုံးသွင်းအားလျော်စွာ နေ့ရှိသမျှရက်ရှိသမျှစုတိစိတ် ကျရောက်ခါနီးတိုင်အောင် ကာလပတ်လုံး မရပ်မစဲဖြစ်ပေါ်ပြီးလျှင် ဇာတိ ဇရာ မရဏမီး လောင်ခြင်းကြောင့် မပြတ်မလပ် ဒုက္ခအဖြစ်သို့ရောက်၍ ပျက်စီး ကွယ်ပျောက် ကြလေကုန်၏။ ထိုနည်းအတူ ရသာရုံ အရသာကို အကြောင်းခံ၍လည်းဖြစ်ကြကုန်၏။ ဖြစ်ပုံမှာ . အကြင်အခါ အလွန်နှစ်သက်အပ်သော၊ ရသာရုံ အရသာကို လျက်တိုင်း လျက်တိုင်း အာရုံပြု၍။ သာသာယာယာ ရွှင်ရွှင်လန်းလန်း ခံစားတတ်သော သုခဝေဒနာသည်ဖြစ်၏။ ထိုသုခဝေဒနာသည် စင်စစ်၊ငါ၊သူ၊သတ္တဝါ၊အသက်၊အကောင်စသည်မဟုတ်။ပရမတ္ထသဘောတရားမျှသာဖြစ်၍ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏမီးတို့လောင်ခြင်းကြောင့် ပျက်စီး ကွယ်ပျောက်ခြင်းသို့ရောက်လေတော့၏။ အကြင်အခါမနှစ်သက်အပ် စက်ဆုပ်အပ်သော ရသာရုံ အရသာကို လျက်တိုင်းလျက်တိုင်း။အာ

ရုံပြု၍၊ မသာမယာ နေ့ခံ့နေ့ခံ့ကျုံ့ကျုံ့ခံစားတတ်သော ဒုက္ခဝေဒနာသည်ဖြစ်၏။ ထိုဒုက္ခဝေဒနာသည်လည်း။ စင်စစ်၊ ငါ သူ သတ္တဝါ အသက်အကောင်စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာဖြစ်၍ ထိုဖြစ်သောနေရာ၌ပင် ဇာတိဇရာမရဏာမီးတို့လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျောက်လေတော့၏။ အကြင်အခါ နှစ်သက်စရာလည်းမဟုတ်၊ မနှစ်သက်စရာလည်းမဟုတ်သော၊ ရသာရုံကိုလျက်တိုင်းလျက်တိုင်း အာရုံပြု၍နောက်ကျုံ့သည်လည်းမဟုတ်၊ ရွှင်လန်းချမ်းသာသည်လည်းမဟုတ်၊ အလယ်အလတ်ခံစားတတ်သော အဒုက္ခမသုခဝေဒနာသည်ဖြစ်၏။ ထိုဝေဒနာသည်လည်း စင်စစ်၊ ငါ သူ သတ္တဝါ အသက်အကောင်စသည်မဟုတ်၊ ပရမတ္ထသဘောတရားမျှသာဖြစ်၍။ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျောက်လေတော့၏။ ဤသို့လျှင် ရသာရုံကိုအကြောင်းခံ၍။ ရံခါ သုခဝေဒနာ၊ ရံခါ ဒုက္ခဝေဒနာ၊ ရံခါ အဒုက္ခမသုခဝေဒနာတို့သည် အကြောင်းရသာရုံတို့၌ နှလုံးသွင်းအားလျော်စွာ နေ့ရှိသမျှ ရက်ရှိသမျှ စုတိစိတ်ကျရောက်ခါနီးတိုင်အောင် ကာလပတ်လုံး မရပ်မစဲဖြစ်ပေါ်ပြီးလျှင်။ ဇာတိ ဇရာ မရဏာမီးတို့ လောင်ခြင်းကြောင့် မပြတ်မလပ် ဒုက္ခအဖြစ်သို့ ရောက်၍ ပျက်စီးကွယ်ပျောက်လေကုန်၏။ ။ထိုနည်းအတူ ဖောဋ္ဌဗ္ဗာရုံကို အကြောင်းခံ၍လည်းဖြစ်ကြကုန်၏။ ဖြစ်ပုံမှာ အကြင်အခါ နှစ်သက်အပ်သော ဖောဋ္ဌဗ္ဗာရုံကိုတွေ့ထိတိုင်းတွေ့ထိတိုင်း အာရုံပြု၍။ သာသာယာယာ ရွှင်ရွှင်လန်းလန်းခံစားတတ်သော သုခဝေဒနာသည်ဖြစ်၏။ ထိုသုခဝေဒနာသည် ငါ သူ သတ္တဝါ အသက်အကောင်စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာဖြစ်၍ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ အကြင်အခါ မနှစ်သက်အပ် အလိုမရှိအပ်သော ဖောဋ္ဌဗ္ဗာရုံအတွေ့ကို တွေ့ထိတိုင်းတွေ့ထိတိုင်း အာရုံပြု၍ မသာမယာ နောက်နောက်ကျုံ့ကျုံ့ခံစားတတ်သော ဒုက္ခဝေဒနာသည်ဖြစ်၏။ ထိုဒုက္ခဝေဒနာသည်လည်း စင်စစ် ငါ သူသတ္တဝါ အသက်အကောင်စသည်မဟုတ်။ ထိုဖြစ်သောနေရာ၌ပင်။ ဇာတိဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ အကြင်အခါ နှစ်သက်စရာလည်းမဟုတ် မနှစ်သက်စရာလည်းမဟုတ်သော။ ဖောဋ္ဌဗ္ဗါရုံအတွေ့ကို။ တွေ့ထိတိုင်းတွေ့ထိတိုင်း အာရုံပြု၍ နောက်ကျုံ့သည်လည်းမဟုတ် ရွှင်လန်းချမ်းသာသည်လည်းမဟုတ်သော အလယ်အလတ်ခံစားတတ်သော အဒုက္ခမသုခဝေဒနာသည်ဖြစ်၏။ ထိုဝေဒနာသည်လည်း စင်စစ် ငါသူသတ္တဝါအသက်အကောင်စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာ ဖြစ်၍

ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ ဤသို့လျှင် ဖေါဋ္ဌဗ္ဗါရုံကို အကြောင်းခံ၍ ရုံခါသုခဝေဒနာ ရုံခါဒုက္ခဝေဒနာ ရုံခါ အဒုက္ခမသုခဝေဒနာတို့သည် အကြောင်းဖေါဋ္ဌဗ္ဗါရုံတို့၌ နှလုံးသွင်းအားလျော်စွာ နေ့ရှိသမျှရက်ရှိသမျှ ဧတိစိတ်ကျရောက်ခါနီးတိုင်အောင် ကာလပတ်လုံး မရပ်မစဲလည်းဖြစ်ပေါ်ပြီးလျှင်။ ဇာတိ ဇရာ မရဏာမီးတို့ လောင်ခြင်းကြောင့် မပြတ်မလပ် ဒုက္ခအဖြစ်သို့သာရောက်၍ ပျက်စီးကွယ်ပျောက်လေကုန်၏။ ထိုနည်းအတူ ဓမ္မာရုံကိုအကြောင်းခံ၍လည်းဖြစ်ကြကုန်၏။ ဖြစ်ပုံမှာ အကြင်အခါ အလွန်နှစ်သက်အင်သော ဓမ္မာရုံကို အာရုံပြု၍။အလွန်နှစ်သက်စရာဟုစိတ်ကူးတိုင်းစိတ်ကူးတိုင်း။ သာသာယာယာ ရွှင်ရွှင်လန်းလန်းခံစားတတ်သော သုခဝေဒနာသည်ဖြစ်၏။ထိုသုခဝေဒနာသည်စင်စစ်၊ငါ သူ သတ္တဝါ အသက်စသည်မဟုတ်။ ပရမတ္ထသဘောမျှသာဖြစ်၍ ၎င်းဖြစ်သောနေရာ၌ပင်။ဇာတိ ဇရာ မရဏာမီး လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ အကြင်အခါမနှစ်သက်အင်၊ အလိုမရှိအင်သောဓမ္မာရုံကိုမနှစ်သက်စရာဟု။ စိတ်ကူးတိုင်းစိတ်ကူးတိုင်းမသာမယာနောက်နောက်ကျုကျုခံစားတတ်သော ဒုက္ခဝေဒနာသည်ဖြစ်၏။ ထိုဒုက္ခဝေဒနာသည်လည်း၊စင်စစ် ငါ သူ သတ္တဝါ အသက် အကောင်စသည်မဟုတ်။ ပရမတ္ထသဘောမျှသာဖြစ်၍ ထိုဖြစ်သော နေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။အကြင်အခါ၊နှစ်သက်စရာလည်းမဟုတ် မနှစ်သက်စရာလည်းမဟုတ်သော၊ဓမ္မာရုံကို အာရုံပြု၍၊ နှစ်သက်စရာလည်းမဟုတ် မနှစ်သက်စရာလည်းမဟုတ်ဟု စိတ်ကူးတိုင်းစိတ်ကူးတိုင်းနောက်ကျုသည်လည်းမဟုတ် ရွှင်လန်းချမ်းသာသည်လည်းမဟုတ်သော၊ အလယ်အလပ်ခံစားတတ်သော၊အဒုက္ခမသုခဝေဒနာသည်ဖြစ်၏။ ထိုဝေဒနာသည်လည်း၊ငါသူသတ္တဝါအသက်အကောင်စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာဖြစ်၍၊ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ ဤသို့လျှင်ဓမ္မာရုံကိုအာရုံပြု၍၊ ရုံခါသုခဝေဒနာ၊ ရုံခါဒုက္ခဝေဒနာ၊ ရုံခါအဒုက္ခမသုခဝေဒနာတို့သည် အကြောင်းဓမ္မာရုံတို့၌ နှလုံးသွင်းအားလျော်စွာ။ နေ့ရှိသမျှရက်ရှိသမျှ ဧတိစိတ်ကျရောက်ခါနီး တိုင်အောင် ကာလပတ်လုံး မရပ်မစဲဖြစ်ပေါ်ပြီးလျှင်။ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် မပြတ်မလပ် ဒုက္ခအဖြစ်သို့ ရောက်၍ ပျက်စီးကွယ် ပျောက်လေကုန်၏။ ထိုသို့ပျက်စီးကွယ်ပျောက်လေကုန်သော အာရုံခြောက်ပါး၊ ဒွါရ ခြောက် ပါး တို့ ၌ ။

အကြောင်းအားလျော်စွာဖြစ်ကုန်သော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာတရားဟူသမျှတို့၏ဒုက္ခဖြစ်မှုကိုအါရုံပြု၍။ဝိပဿနာပညာဖြင့် အဘန်တလဲလဲ ဆင်ခြင်သုံးသပ်နေအပ်၏။ ထိုသို့ အဘန်တလဲလဲဝိပဿနာပညာဖြင့်ဆင်ခြင်သုံးသပ်နေတိုင်းနေတိုင်း။ထိုပြဆိုအပ်ပြီးသော၊ အာရုံခြောက်ပါး ဒွါရခြောက်ပါးတို့၌။ အကြောင်းခံအားလျော်စွာဖြစ်ကုန်သော သုခဝေဒနာ၊ဒုက္ခဝေဒနာ၊အဒုက္ခမသုခဝေဒနာတရားဟူသမျှတို့၏။ ဒုက္ခဖြစ်မှုကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိမြင်တတ်သော သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်း ဖြစ်တိုင်း။ ထိုပြဆိုအပ်ပြီးသော ဝေဒနာတရားဟူသမျှတို့၏။ဒုက္ခဖြစ်မှုကိုမသိမမြင်တတ်သော။အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည်လည်းကင်းကြလေကုန်၏။ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသောအယုတ်တရားနှစ်ပါး တို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို၊ မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်။ ထိုအာရုံခြောက်ပါး၊ ဒွါရခြောက်ပါးတို့၌ ဖြစ်လေသမျှသော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာတို့၏ ဒုက္ခဖြစ်မှုကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံသည်၏အဖြစ်ကိုထင်ရှားသိကြလေကုန်။ ထိုပြဆိုအပ်ကုန်ပြီးသော အာရုံခြောက်ပါး၊ ဒွါရခြောက်ပါးတို့၌၊ အကြောင်းအားလျော်စွာ အဆက်မပြတ် စုတိစိတ် ကျရောက်ခါနီးတိုင်အောင် ဆက်ခါဆက်ခါဖြစ်ပေါ်ကုန်သော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာတို့ကို။ ဇာတိ ဇရာ မရဏာမီးတို့သည် မပြတ်မလပ်ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း လောင်ခြင်းကြောင့် သင်္ခါရဒုက္ခသာဖြစ်ကုန်၏။ ထိုသို့သင်္ခါရဒုက္ခဖြစ်ကုန်သော ဝေဒနာတရားအစုအပေါင်းကို။ဝိပဿနာဉာဏ်တို့ဖြင့် ဟုတ်တိုင်းမှန်စွာ မသိခြင်းကြောင့်။ ငါ သူ သတ္တဝါ ကိုကောင်အသက်စသည်ဟုတ်၏ဟူ၍ အဝိဇ္ဇာဖြင့်ဆင်မြင်ပြီးလျှင်။ တဏှာဒိဋ္ဌိတို့ဖြင့်စွဲလန်းနှစ်သက်ကြကုန်၏။ ထိုသို့ တဏှာ ဒိဋ္ဌိ တို့ ဖြင့် စွဲလန်း နှစ်သက်အပ်သောကြောင့်။ ၎င်းဝေဒနာအစုအပေါင်းကို ဝေဒနုပါဒါနက္ခန္ဓာဟူ၍ ဘုရားရှင်ဟောတော်မူအပ်လေသည်။ ထိုဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ဝေဒနာအစုအပေါင်းကို မနှစ်သက်ဘဲ စက်ဆုတ်စေခြင်းငှါ။ ၎င်းဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ပြဆိုအပ်ပြီးသော ဝေဒနာအစုအပေါင်းကို။ ဒုက္ခတရားဟူ၍ ဉာဏ်အမြင်ကိုဖြစ်စေခြင်းငှါ ဟောတော်မူအပ်လေသည်၊

ထိုသို့တရားရှင်ဟောတော်မူအပ်သောနည်းအတိုင်း၊ ၎င်းဝေဒနာအစုအပေါင်းကို ဒုက္ခတရားဟူ၍ ဝိပဿနာဉာဏ်ဖြင့်မြင်ကြလျှင်။ ၎င်းဥပါဒါန်တရားတို့၏ အာရုံဖြစ်သော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊အဒုက္ခမသုခဝေဒနာတရားအစုအပေါင်းကို။ အဘယ်မှာနှစ်သက်အပ်ပါအံ့နည်း။ စင်စစ်၊ မနှစ်သက်ခြင်းသို့သာရောက်၍ စက်ဆုတ်ကြလေအံ့သတည်း။ ထိုသို့စက်ဆုတ်ကြလျှင် ၎င်းဝေဒနာတို့၏ ဖြစ်မှုမှ လွန်မြောက်နေသော မဖြစ်မပျက်သောသဘော အသင်္ခတဓါတ်နိဗ္ဗာန်ကိုအာရုံပြုကြလေကုန်ရာ၏။ထိုသို့နိဗ္ဗာန်ကိုဉာဏ်ဖြင့်အာရုံပြုဘန်များလျှင်မဂ်လေးတန်သို့ရောက်၍။ ၎င်းဝေဒနာတရားတို့ကို တွယ်တာ ခင်မင်စွဲလန်းမှု ဟူသမျှတို့သည်ကုန်ခမ်းကြကုန်၍။ ၎င်းဝေဒနာဒုက္ခတရားတို့သည် နောင်တဘန်ဖြစ်ပေါ်မှုမရှိဘဲ ကုန်ပျောက်ကြကုန်လတံ့သတည်း။ ဥပါဒါန်တရားတို့၏အာရုံဖြစ်သော ဝေဒနာက္ခန္ဓာတရားတို့ကိုရှုသလို။ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော သညာက္ခန္ဓာတရားတို့ကိုလည်း ရှုအပ်၏။ ရှုပုံမှာ၊အကြင်အခါ ရူပါရုံအဆင်းကို အာရုံပြု၍မြင်တိုင်းမြင်တိုင်း။ မှတ်တတ်သောသညာသဘောသည်ဖြစ်၏။ ထိုသညာသဘောသည် စင်စစ်၊ငါ သူ သတ္တဝါ အသက် အကောင်စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာဖြစ်၍။ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ ဤသို့လျှင် မှတ်တတ်သော သဘော သညာတရားတို့သည်မြင်တိုင်းမြင်တိုင်း။ရူပါရုံတို့ကိုအာရုံပြု၍နေ့ရှိသမျှရက်ရှိသမျှ စုတိစိတ်ကျရောက်ခါနီးတိုင်အောင် ကာလပတ်လုံး။ ဆက်ခါဆက်ခါဖြစ်ပေါ်ပြီးလျှင်။ ဇာတိ ဇရာ မရဏာမီးတို့ လောင်ခြင်းကြောင့်၊ မပြတ်မလပ် ဒုက္ခအဖြစ်သို့သာရောက်ကုန်၍။ ပျက်စီးကွယ်ပျောက်လေကုန်၏။ထိုနည်းအတူသဒ္ဒါရုံအသံကိုအာရုံပြု၍ကြားတိုင်းကြားတိုင်းမှတ်တတ်သောသညာသဘောသည်လည်းဖြစ်၏။ ထိုဖြစ်သောသညာသဘောသည် စင်စစ် ငါသူ သတ္တဝါအသက်အကောင်စသည်မဟုတ်။ပရမတ္ထသဘောတရားမျှသာဖြစ်၍ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျောက်လေတော့၏။ ဤသို့လျှင်မှတ်တတ်သော သဘောသညာတရားတို့သည် ကြားတိုင်းကြားတိုင်း။ သဒ္ဒါရုံတို့ကိုအာရုံပြု၍ နေ့ရှိသမျှရက်ရှိသမျှ စုတိစိတ်ကျရောက်ခါနီးတိုင်အောင်ကာလပတ်လုံး။ ဆက်ခါဆက်ခါဖြစ်ပေါ်ပြီးလျှင် ဇာတိဇရာမရဏာမီးတို့လောင်ခြင်းကြောင့်မပြတ်မလပ် ဒုက္ခအဖြစ်သို့ရောက်၍ ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ထိုနည်းအတူ၊ ဂန္ဓာရုံ အနံ့ကိုအာရုံပြု၍။ နမ်းတိုင်းနမ်းတိုင်း မှတ်တတ်သော သညာ

သဘောသည်လည်းဖြစ်၏။ ထိုဖြစ်သော သညာသဘောသည် စင်စစ်၊ ငါ သူ သတ္တဝါ အသက်အကောင်စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာဖြစ်၍ ထိုဖြစ်သောနေရာ၌ပင်။ ဇာတိ ဇရာ မရဏာမီးတို့ လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျောက်လေတော့၏။ ဤသို့လျှင် မှတ်တတ်သောသဘောသညာတရားတို့သည်။ နမ်းတိုင်းနမ်းတိုင်း အနံ့ ဂန္ဓာရုံတို့ကို အာရုံပြု၍၊ နေ့ရှိသမျှရက်ရှိသမျှ စုတိစိတ် ကျရောက်ခါနီးတိုင်အောင်ကာလပတ်လုံး ဖြစ်ပေါ်ပြီးလျှင်။ ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့်။ မပြတ်မလပ် ဒုက္ခအဖြစ်သို့ရောက်ကုန်၍ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ထိုနည်းအတူ ရသာရုံအရသာကို အာရုံပြု၍ လျက်တိုင်းလျက်တိုင်း။ မှတ်တတ်သော သညာသဘောသည်လည်းဖြစ်၏။ ထိုဖြစ်သောသညာသဘောသည် စင်စစ် ငါ သူသတ္တဝါအသက် အကောင် စသည်မဟုတ်၊ ပရမတ္ထသဘောတရားမျှသာဖြစ်၍၊ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ ဤသို့လျှင် မှတ်တတ်သောသဘောသညာတရားတို့ သည်။လျက်တိုင်းလျက်တိုင်း ရသာရုံ အရသာကိုအာရုံပြု၍ နေ့ရှိသမျှရက်ရှိသမျှ စုတိစိတ်ကျရောက်ခါနီးတိုင်အောင်ကာလပတ်လုံး ဆက်ခါဆက်ခါဖြစ်ပေါ်ပြီးလျှင်။ ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့်၊ မပြတ်မလပ် ဒုက္ခအဖြစ်သို့ရောက်ကုန်၍ ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ထိုနည်းအတူဖောဋ္ဌဗ္ဗာရုံအတွေ့ကိုအာရုံပြု၍ တွေ့ထိတိုင်းတွေ့ထိတိုင်း မှတ်တတ်သော သညာသဘောသည်ဖြစ်၏ ထိုသညာသဘောသည် စင်စစ်၊ငါ သူ သတ္တဝါ အသက်အကောင်စသည်မဟုတ်။ ပရမတ္ထသဘောမျှသာဖြစ်၍။ ထိုဖြစ်သော နေရာ၌ပင်။ ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျောက်လေတော့၏။ ဤသို့လျှင်မှတ်တတ်သောသဘော သညာတရားတို့သည် တွေ့ထိတိုင်း တွေ့ထိတိုင်းဖောဋ္ဌဗ္ဗာရုံအတွေ့ကိုအာရုံပြု၍။နေ့ရှိသမျှရက်ရှိသမျှစုတိစိတ်ကျရောက်ခါနီးတိုင်အောင် ကာလပတ်လုံး ဆက်ခါဆက်ခါဖြစ်ပေါ်ပြီးလျှင်။ ဇာတိ ဇရာ မရဏာမီးတို့ လောင်ခြင်းကြောင့် မပြတ်မလပ် ဒုက္ခအဖြစ်သို့ ရောက်ကုန်၍ ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ထိုနည်းအတူဓမ္မာရုံတို့ကိုအာရုံပြု၍ စိတ်ကူးကြံစည်တိုင်းကြံစည်တိုင်း မှတ်တတ်သောသညာသဘောသည်ဖြစ်၏။ ထိုမှတ်တတ်သော သညာသဘောသည် စင်စစ်၊ ငါ သူ သတ္တဝါ အသက် အကောင်စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာဖြစ်၍။ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့ လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ ဤသို့လျှင်မှတ်တတ်သော သဘော သညာတ

ရားတို့သည် စိတ်ကူးကြံစီတိုင်းကြံစီတိုင်း။ မွေ့ရာရုံကိုအာရုံပြု၍။ နေ့ရှိသမျှ ရက်ရှိသမျှ စုတိစိတ်ကျရောက်ခါနီးတိုင်အောင်ကာလပတ်လုံး။ ဆက်ခါ ဆက်ခါဖြစ်ပေါ်ပြီးလျှင်။ ဇာတိ ဇရာ မရဏဗျာဓိတို့ လောင်ခြင်းကြောင့် မပြတ်မလပ် ဒုက္ခအဖြစ်သို့ရောက်ကုန်၍ ပျက်စီးကွယ်ပျောက်ကြလေကုန်၏၊ ထိုသို့ပျက်စီးကွယ်ပျောက်လေကုန်သော အာရုံခြောက်ပါး ဒွါရခြောက်ပါးတို့၌။အကြောင်းအားလျော်စွာဖြစ်ကုန်သော သညာတရားဟူသမျှတို့၏ ဒုက္ခဖြစ်မှုကိုအာရုံပြု၍။ ဝိပဿနာပညာဖြင့် အဘန်တလဲလဲ ဆင်ခြင်သုံးသပ်နေအပ်၏။ ထိုသို့အဘန်တလဲလဲ ဝိပဿနာပညာဖြင့် ဆင်ခြင်သုံးသပ်နေတိုင်းနေတိုင်း။ ထိုပြဆိုအပ်ပြီးသော အာရုံခြောက်ပါး ဒွါရခြောက်ပါးတို့၌။ အကြောင်းအားလျော်စွာဖြစ်ကုန်သော သညာတရားဟူသမျှတို့၏ ဒုက္ခဖြစ်မှုကို။ ဟုတ်တိုင်းမှန်စွာထိုးထွင်း၍သိမြင်တတ်သော သမ္မာဒိဋ္ဌိအမျိုးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း ထိုပြဆိုအပ်ပြီးကုန်သော သညာတရားဟူသမျှတို့၏ ဒုက္ခဖြစ်မှုကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွသောကိလေသာတို့သည်လည်းကင်းကြကုန်၏၊ ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့် ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သောကြောင့် ထိုအာရုံခြောက်ပါး ဒွါရခြောက်ပါးတို့၌ ဖြစ်လေသမျှသော သညာတရားတို့၏ ဒုက္ခဖြစ်မှုကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှီ၍ကျင့်ကြသည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။ ဤပြဆိုအပ်ကုန်ပြီးသော အာရုံခြောက်ပါး ဒွါရခြောက်ပါးတို့၌ အကြောင်းအားလျော်စွာ အဆက်မပြတ်။ စုတိစိတ်ကျရောက်ခါနီးတိုင်အောင် ဆက်ခါဆက်ခါဖြစ်ပေါ်ကုန်သော သညာတရားတို့ကိုဇာတိ ဇရာ မရဏဗျာဓိတို့သည်မပြတ်မလပ် ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း လောင်ခြင်းကြောင့်။ သဗ္ဗေခါဒုက္ခသာဖြစ်ကုန်၏။ ထိုသဗ္ဗေခါဒုက္ခဖြစ်ကုန်သော သညာတရားအစုအပေါင်းကိုဝိပဿနာဉာဏ်တို့ဖြင့်။ဟုတ်တိုင်းမှန်စွာ မသိခြင်းကြောင့်။ ငါ သူ သတ္တဝါ အသက်အကောင်စသည်ဟုတ်၏ဟူ၍။အဝိဇ္ဇာဖြင့်ထင်မြင်ပြီးလျှင် တဏှာဒိဋ္ဌိတို့ဖြင့်စွဲလန်းနှစ်သက်ကြကုန်၏။ ထိုသို့တဏှာဒိဋ္ဌိတို့ဖြင့်စွဲလန်းနှစ်သက်အပ်သောကြောင့် ၎င်းသညာအစုအပေါင်းကို သညုပါဒါနက္ခန္ဓာဟူ၍ ဘုရားရှင်ဟောတော်မူအပ်လေသည်၊ ထိုဥပါဒါနိတရားတို့၏ အာရုံဖြစ်သောသညာအစုအပေါင်း

ကို မနှစ်သက်ဘဲ စက်ဆုတ်စေခြင်းငှါ၊ ၎င်းဥပါဒါန်တရားတို့၏အာရုံဖြစ်သော ပြဆိုအပ်ပြီးသော သညာအစုအပေါင်းကို ဒုက္ခတရားဟူ၍။ ဉာဏ်အမြင်ကိုဖြစ်စေခြင်းငှါ ဟောတော်မူအပ်လေသည်။ ထိုသို့ဘုရားရှင်ဟောတော်မူအပ်သောနည်းအတိုင်း၊ ၎င်းသညာအစုအပေါင်းကိုဒုက္ခတရားဟူ၍ ဝိပဿနာဉာဏ်ဖြင့်မြင်ကြလျှင်။ ၎င်းဥပါဒါန်တရားတို့၏အာရုံဖြစ်သော သညာအစုအပေါင်းကို၊ အဘယ်မှာ နှစ်သက်ပါအံ့နည်း။ စင်စစ် မနှစ်သက်ခြင်းသို့သာရောက်၍ စက်ဆုတ်ကြလေအံ့သတည်း။ ထိုသို့စက်ဆုတ်ကြလျှင်၊ ၎င်းသညာတရားတို့၏ ဖြစ်မှုမှ လွတ်မြောက်နေသော မဖြစ် မပျက်သောသဘော အသင်္ခတဓါတ် နိဗ္ဗာန်ကိုအာရုံပြုကြလေကုန်ရာ၏။ ထိုသို့နိဗ္ဗာန်ကို ဉာဏ်ဖြင့်အာရုံပြုဘန်များလျှင်။ မဂ်လေးတန်သို့ရောက်၍။ ၎င်းသညာတရားတို့ကို တွယ်တာခင်မင်စွဲလန်းမှုဟူသမျှတို့သည် ကုန်ခမ်းကြကုန်ပြီးလျှင်။ ၎င်းသညာဒုက္ခတရားတို့သည် နောင်တဘန်ဖြစ်ပေါ်မှုမရှိဘဲ ကုန်ပျောက်ကြကုန်လတ္တံ့သတည်း။

ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော သညာက္ခန္ဓာတရားတို့ကိုရှုသလို ဥပါဒါန်တရားတို့၏အာရုံဖြစ်သော သင်္ခါရက္ခန္ဓာတရားတို့ကိုလည်းရှုအပ်၏။ ရှုပုံမှာ အကြင်အခါ ရူပါရုံအဆင်းကို အာရုံပြု၍မြင်တိုင်းမြင်တိုင်း။ အာရုံကိုတွေ့တတ်သောသဘော ဖဿ။ အာရုံ၌ သမ္ပယုတ် တရားတို့ကို စေ့ဆော်တတ်သော သဘော စေတနာ။ အာရုံ၌ သမ္ပယုတ်တရားတို့ကို မပျံ့လွင့်တည်စေတတ်သောသဘော ဧကဂ္ဂတာ။ သမ္ပယုတ်တရားတို့ကို စောင့်ရှောက်တတ် အစိုးရတတ်သောသဘော ဇီဝိတိန္ဒြေ။ အာရုံသို့သမ္ပယုတ်တရားတို့ကို ရှေးရှုဖြစ်စေတတ် အာရုံသို့ပြေးဝင်စေတတ်သော သဘော မနသိကာရ။ အာရုံသို့ သမ္ပယုတ်တရားတို့ကို ရောက်အောင်တင်တတ်သောသဘောဝိတက်။ အာရုံ၌ သမ္ပယုတ်တရားတို့ကို သုံးသပ်စေတတ်ယှဉ်စေတတ်သောသဘောဝိစာရ။ အာရုံကို ဆုံးဖြတ်တတ်သောသဘော အဓိမောက္ခ။ အာရုံ၌ သမ္ပယုတ်တရားတို့ကို မဆုတ်မနစ် ဖြစ်စေရန် အားထုတ်တတ်သော သဘော ဝီရိယ။ အာရုံကို နှစ်သက်တတ်သောသဘော ပီတိ။ အာရုံကို အလိုရှိတတ် အာရုံ၌ ပြုလုပ်လိုကာမတ္တ ဖြစ်သော ဆန္ဒ၊ အာရုံကိုဟုတ်တိုင်းမှန်စွာ မသိတတ် တွေဝေတတ်သော သဘော မောဟ။ မရှက်တတ်သော သဘော အဟိရိက။ မကောင်းမှုကြောင့် မလန့်တတ်သော သဘော အနောတ္တပ္ပ။ ပျံ့လွင့်တတ်သော သဘော ဥဒ္ဓစ္စ။ လိုချင်မက်မောတတ်သော သဘော လောဘ။ အမြင်မှား အယူမှား တတ်သော သဘောဒိဋ္ဌိ။ ထောင်လွှားတတ်သော သဘော မာန။ ပြစ်မှားထိပါးတတ်

သော သဘော ဒေါသ။ ညူစူတတ်သော သဘော ဣဿာ။ ဝန်တိုလျှို့ဝှက်တတ်သော သဘော မစ္ဆရိယ။ တစိုးရိမ်ရိမ်ပူပင်တတ်သော သဘော ကုက္ကုစ္စ။ ပြင်းရိတတ်သော သဘော ထိန။ ငိုက်မြဲထိုင်းမှိုင်းတတ်သော သဘော မိဒ္ဓ။ ယုံမှားတတ်သော သဘော ဝိစိကိစ္ဆာ။ ယုံကြည်တတ်သော သဘော သဒ္ဓါ၊ တွေးတောအောက်မေ့တတ်သော သဘော သတိ။ မကောင်းမှုမှ ရှက်တတ်သော သဘော ဟိရီ၊ မကောင်းမှုကြောင့် ထိပ်လန့်တတ်သော သဘော ဩတ္တပ္ပ။ မလိုချင်မမက်မောတတ်သော သဘော အလောဘ။ မကြမ်းတမ်း ပြစ်မှား မထိပါးတတ်သော သဘော အဒေါသ။ အာရုံ၌ တဖြောင့်တည်းကျရော်တတ်သော သဘော တတြမဇ္ဈတ္တတာ။ စိတ်၏ ငြိမ်းချမ်းခြင်းသဘော စိတ္တပဿဒ္ဓိ။ စေတသိက်အပေါင်း၏ ငြိမ်းချမ်းခြင်းသဘော ကာယပဿဒ္ဓိ။ စိတ်၏ပေါ့ပါးသည်၏အဖြစ်သဘော စိတ္တလဟုတာ။ စေတသိက်အပေါင်း၏ ပေါ့ပါးသည်၏အဖြစ်သဘော ကာယလဟုတာ။ စိတ်၏နူးညံ့သည်၏အဖြစ်သဘော စိတ္တမုဒုတာ။ စေတသိက်တို့၏ နူးညံ့သည်၏အဖြစ်သဘော ကာယမုဒုတာ။ စိတ်၏ ကောင်းသောအမှု၌ ခံ့သည်၏ အဖြစ်သဘော စိတ္တကမ္မညတာ။ စေတသိက်အပေါင်း၏ ကောင်းသောအမှု၌ခံ့သည်၏အဖြစ်သဘော ကာယကမ္မညတာ။ စိတ်၏မနာမကျင် လေ့လာတတ်သောသဘော စိတ္တပါဂုညတာ။ စေတသိက်အပေါင်းတို့၏မနာမကျင်လေ့လာတတ်သောသဘော ကာယပါဂုညတာ။ စိတ်၏ဖြောင့်မတ်သည်၏အဖြစ်သဘော စိတ္တုဇုကတာ။ စေတသိက်အပေါင်း၏ ဖြောင့်မတ်သည်၏အဖြစ်သဘော ကာယုဇုကတာ။ သနားတတ်သောသဘော ကရုဏာ။ ဝမ်းမြောက်တတ်သောသဘော မုဒိတာ။ အသက်မွေးမှုကိုမငဲ့ဘဲ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်တတ်သောသဘော သမ္မာဝါစာ။ အသက်မွေးမှုကိုမငဲ့ဘဲ ကာယဒုစရိုက်တို့မှ ရှောင်ကြဉ်တတ်သောသဘော သမ္မာကမ္မန္တ။ အသက်မွေးမှုကြောင့်ဖြစ်သော ဒုစရိုက်ခုနစ်ပါးတို့မှ ရှောင်ကြဉ်တတ်သောသဘော သမ္မာအာဇီဝ။ ဟုတ်မှန်သောသဘောကို ထိုးထွင်းသိမြင်တတ်သော သဘော ပညာ။ ဤပြဆိုအပ်ပြီးသော သင်္ခါရက္ခန္ဓာတရားတို့သည် ကုသိုလ်အကုသိုလ်စသည်တို့၏ အစွမ်းအားဖြင့်။ ထိုက်သည်အားလျော်စွာ၊ အာရုံကိုသိတတ်သော စိတ်နှင့်အမြဲယှဉ်သင့်သလောက် ယှဉ်၍ဖြစ်ကြကုန်၏။ ထိုဖြစ်ကုန်သော သင်္ခါရက္ခန္ဓာသဘောတရားတို့သည်။ စင်စစ် ငါ သူ သတ္တဝါ အသက်အကောင်စသည်မဟုတ်ကုန်၊ ပရမတ္ထသဘောတရားမျှသာဖြစ်၍။ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏ မီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်ကြလေကုန်၏၊ ဤသို့လျှင်ပြဆိုအပ်ပြီးကုန်သော ဖဿ

အစရှိသော သင်္ခါရဒုက္ခသဘောတရားတို့သည်။ မြင်တိုင်းမြင်တိုင်း ရူပါရုံအဆင်းတို့ကိုအာရုံပြု၍။ နေ့ရှိသမျှရက်ရှိသမျှ စုတိစိတ်ကျရောက်ခါနီးတိုင်အောင် ကာလပတ်လုံး ဆက်ခါဆက်ခါ ဖြစ်ပေါ်ကုန်ပြီးလျှင်။ ဇာတိ ဇရာ မရဏာ မီးတို့လောင်ခြင်းကြောင့် မပြတ်မလပ်ဒုက္ခအဖြစ်သို့ရောက်ကုန်၍ ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ထိုနည်းအတူ ၎င်းပြဆိုအပ်ပြီးသော ဖဿအစရှိသော သင်္ခါရဒုက္ခသဘောတရားတို့သည်။ သဒ္ဒါရုံအသံကို အာရုံပြုကုန်၍ ကြားတိုင်းကြားတိုင်း။ ကုသိုလ်အကုသိုလ်စသည်တို့၏ အစွမ်းအားဖြင့်၊ ထိုက်သည့်အားလျော်စွာ ၎င်းသဒ္ဒါရုံကိုသိတတ်သောစိတ်၌ အမြဲယှဉ်သင့်သလောက်ယှဉ်၍ ဖြစ်ပေါ်ကြကုန်၏။ ထိုဖြစ်ကုန်သော ဖဿအစရှိသော သင်္ခါရဒုက္ခသဘောတရားတို့သည်။ စင်စစ်၊ ငါ သူ သတ္တဝါ အသက်အကောင်စသည့်မဟုတ်ကုန်။ ပရမတ္ထသဘောတရားမျှသာဖြစ်ကုန်၍ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ဤသို့လျှင်ပြဆိုအပ်ကုန်ပြီးသော ဖဿစသောသင်္ခါရဒုက္ခသဘောတရားတို့သည် ကြားတိုင်းကြားတိုင်း။ သဒ္ဒါရုံအသံတို့ကိုအာရုံပြု၍၊ နေ့ရှိသမျှရက်ရှိသမျှ စုတိစိတ် ကျရောက်ခါနီးတိုင်အောင် ကာလပတ်လုံး။ ဆက်ခါဆက်ခါဖြစ်ပေါ်ကုန်ပြီးလျှင်၊ ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်း ကြောင့်မပြတ်မလပ် ဒုက္ခအဖြစ်သို့ရောက်ကုန်၍ ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ထိုနည်းအတူ၊ ၎င်းပြဆိုအပ်ပြီးကုန်သော ဖဿစသော သင်္ခါရဒုက္ခသဘောတရားတို့သည်။ ဂန္ဓာရုံအနံ့ကိုအာရုံပြုကုန်၍ နမ်းတိုင်းနမ်းတိုင်း ကုသိုလ်အကုသိုလ်စသည်တို့၏အစွမ်းအားဖြင့် ထိုက်သည်အားလျော်စွာ ၎င်းဂန္ဓာရုံကိုသိတတ်သော စိတ်၌ အမြဲယှဉ်သင့်သလောက်ယှဉ်၍။ ဖြစ်ပေါ်ကြကုန်၏။ ထိုဖြစ်ပေါ်ကုန်သောဖဿစသောသင်္ခါရဒုက္ခသဘောတရားတို့သည်။ စင်စစ်၊ငါ သူ သတ္တဝါ အသက်အကောင်စသည်မဟုတ်ကုန်။ ပရမတ္ထသဘောတရားမျှသာ ဖြစ်ကုန်၍။ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ဤသို့လျှင် ပြဆိုအပ်ပြီးကုန်သော ဖဿစသော သင်္ခါရဒုက္ခသဘောတရားတို့သည် နမ်းတိုင်းနမ်းတိုင်းဂန္ဓာရုံအနံ့တို့ကိုအာရုံပြု၍။ နေ့ရှိသမျှရက်ရှိသမျှစုတိစိတ်ကျရောက်ခါနီးတိုင်အောင်ကာလပတ်လုံး။ ဆက်ခါဆက်ခါဖြစ်ပေါ်ကုန်ပြီးလျှင်။ ဇာတိ ဇရာ မရဏာမီးတို့ လောင်ခြင်းကြောင့် မပြတ်မလပ် ဒုက္ခအဖြစ်သို့ရောက်ကုန်၍ ပျက်စီးကွယ်ပျောက်ကြလေကုန်၏၊ ထိုနည်းအတူ ၎င်းပြဆိုအပ်ပြီးသော ဖဿစသော သင်္ခါရဒုက္ခသဘောတရားတို့သည်။ ရသာရုံအရသာကိုအာရုံပြုကုန်၍။ လျက်တိုင်းလျက်တိုင်း။ ကုသိုလ် အကုသိုလ်

စသည်တို့၏အစွမ်းအားဖြင့်၊ ထိုက်သည်အားလျော်စွာ၊ငင်းရသာရုံကိုသိ တတ်သောစိတ်၌ အမြဲယှဉ်သင့်သလောက်ယှဉ်၍ ဖြစ်ပေါ် ကြကုန်၏။ထို ဖြစ်ပေါ်ကုန်သော ဖဿစသော သင်္ခါရက္ခန္ဓာတရားတို့သည် စင်စစ်၊ ငါ သူ သတ္တဝါ အသက်အကောင်စသည်မဟုတ်ကုန်။ပရမတ္ထသဘောတရား မျှသာဖြစ်ကုန်၍ ထိုဖြစ်သော နေရာ၌ပင် ဓာတိ ဇရာ မရဏာမီးတို့ လောင် ခြင်းကြောင့်ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ဤသို့လျှင်ပြဆိုအပ်ကုန်ပြီး သော ဖဿစသော သင်္ခါရက္ခန္ဓာတရားတို့သည် လျက်တိုင်းလျက်တိုင်း၊ ရသာရုံ အရသာတို့ကိုအာရုံပြု၍။နေ့ရှိသမျှရက်ရှိသမျှပုတိစိတ်ကျရောက် ခါနီးတိုင်အောင် ဆက်ခါဆက်ခါဖြစ်ပေါ်ကုန်ပြီးလျှင် ဓာတိ ဇရာ မရဏာ မီးတို့လောင်ခြင်းကြောင့် မပြတ်မလပ်ဒုက္ခအဖြစ်သို့ရောက်ကုန်၍။ ပျက် စီးကွယ်ပျောက်ကြလေကုန်၏။ထိုနည်းအတူငင်းပြဆိုအင်ပြီးသော ဖဿ အစရှိသော သင်္ခါရက္ခန္ဓာတရားတို့သည်။ ဖောဋ္ဌဗ္ဗာရုံ အတွေ့ကို အာရုံပြု ကုန်၍။တွေ့ထိတိုင်းတွေ့ထိတိုင်း ဖြစ်သင့်သောကုသိုလ်အကုသိုလ်စသည် တို့၏ အစွမ်းအားဖြင့် ထိုက်သည် အားလျော်စွာ။ ငင်းဖောဋ္ဌဗ္ဗာရုံကို သိ တတ်သောစိတ်၌ အမြဲယှဉ်သင့်သလောက်ယှဉ်၍ ဖြစ်ပေါ် ကြကုန်၏။ထို ဖြစ်ပေါ်ကုန်သော ဖဿအစရှိသော သင်္ခါရက္ခန္ဓာတရားတို့သည်။စင်စစ် ငါ သူ သတ္တဝါ အသက် အကောင်စသည်မဟုတ်ကုန်။ပရမတ္ထသဘောတ ရားမျှသာဖြစ်၍။ ထိုဖြစ်သောနေရာ၌ပင် ဓာတိ ဇရာ မရဏာမီးတို့ လောင် ခြင်းကြောင့် ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ဤသို့လျှင် ငင်းပြဆိုအပ် ကုန်ပြီးသော ဖဿအစရှိသော သင်္ခါရက္ခန္ဓာတရားတို့သည်တွေ့ထိတိုင်း တွေ့ထိတိုင်း။ ဖောဋ္ဌဗ္ဗာရုံအတွေ့သဘောတို့ကို အာရုံပြု၍ နေ့ရှိသမျှရက် ရှိသမျှ ပုတိစိတ်ကျရောက်ခါနီးတိုင်အောင်ကာလပတ်လုံး။ဆက်ခါဆက် ခါဖြစ်ပေါ်ကုန်ပြီးလျှင် ဓာတိ ဇရာ မရဏာမီးတို့ လောင်ခြင်းကြောင့်။ မ ပြတ်မလပ် ဒုက္ခအဖြစ်သို့ရောက်ကုန်၍ ပျက်စီးကွယ်ပျောက်ကြလေကုန် ၏။ ထိုနည်းအတူငင်းပြဆိုအင်ပြီးသော ဖဿအစရှိသော သင်္ခါရက္ခန္ဓာတ ရားတို့သည်။ ဓမ္မာရုံသဘောတရားကိုအာရုံပြုကုန်၍ စိတ်ကူးကြံစီတိုင်း ကြံစီတိုင်း။ ဖြစ်သင့်သော ကုသိုလ် အကုသိုလ် စသည်တို့၏ အစွမ်းဖြင့်၊ ထိုက်သည်အားလျော်စွာ။ငင်းဓမ္မာရုံကိုသိတတ်သောစိတ်၌အမြဲယှဉ်သင့် သလောက်ယှဉ်၍ဖြစ်ပေါ် ကြကုန်၏။ထိုဖြစ်ပေါ် ကြကုန်သော ဖဿအစ ရှိသော သင်္ခါရက္ခန္ဓာတရားတို့သည်။ စင်စစ် ငါ သူ သတ္တဝါ အသက် အ ကောင်စသည်မဟုတ်ကုန်။ ပရမတ္ထသဘောတရားမျှသာဖြစ်ကုန်၍။ ထို ဖြစ်သောနေရာ၌ပင် ဓာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့်၊ ပျက်စီး

ကွယ်ပျောက်ကြလေကုန်၏။ ဤသို့လျှင်ရင်းပြဆိုအပ်ပြီးကုန်သော ဖဿ အစရှိကုန်သောသင်္ခါရက္ခန္ဓာတရားတို့သည်ဓမ္မာရုံကိုအာရုံပြု၍။စိတ်ကူး ကြံစိတိုင်းကြံစိတိုင်း နေ့ရှိသမျှရက်ရှိသမျှ စုတိစိတ် ကျရောက်ခါနီးတိုင် အောင်ကာလပတ်လုံး ဆက်ခါဆက်ခါ ဖြစ်ပေါ်ကုန်ပြီးလျှင်။ ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် မပြတ်မလပ်ဒုက္ခအဖြစ်သို့ရောက်၍ ပျက် စီးကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ပျက်စီးကွယ်ပျောက်ကုန်သော အာ ရုံခြောက်ပါး ဒွါရခြောက်ပါးတို့၌။အကြောင်းအားလျော်စွာဖြစ်ကုန်သော ဖဿစေတနာစသော သင်္ခါရက္ခန္ဓာတရားဟူသမျှတို့၏ ဒုက္ခဖြစ်မှုကိုအာ ရုံပြု၍။ ဝိပဿနာပညာဖြင့် အဘန်တလဲလဲ ဆင်ခြင်သုံးသပ်နေအပ်၏။ထို သို့အဘန်တလဲလဲ ဝိပဿနာပညာဖြင့် ဆင်ခြင်သုံးသပ်နေတိုင်းနေတိုင်း၊ ထိုပြဆိုအပ်ပြီးသော အာရုံခြောက်ပါး ဒွါရခြောက်ပါးတို့၌၊ အကြောင်း အားလျော်စွာ ဖြစ်ကုန်သော သင်္ခါရက္ခန္ဓာ ဟူသမျှတို့၏ ဒုက္ခ ဖြစ်မှုကို၊ ဟုတ်တိုင်းမှန်စွာထိုးထွင်း၍ သိမြင်တတ်သော သမ္မာဒိဋ္ဌိ အမှုးရှိသော ဝိ ပဿနာ အဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုသို့ ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်း ဖြစ်တိုင်း။ထိုပြဆိုအပ်ပြီးကုန်သော သင်္ခါရက္ခန္ဓာတရားဟူသမျှတို့၏ဒုက္ခ ဖြစ်မှုကို မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာ တို့သည်လည်းကင်းကြကုန်၏။ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာ နုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့်၊ရင်းဖြစ်တိုင်းဖြစ်တိုင်းသောဝိပဿနာအ ဋ္ဌင်္ဂိကမဂ်ကို၊မဇ္ဈိမပဋိပဒါဟုခေါ်ဆိုအပ်သေသည်။ထိုသို့ခေါ်ဆိုအပ်သော ကြောင့် ထိုအာရုံခြောက်ပါး ဒွါရခြောက်ပါးတို့၌ ဖြစ်လေသမျှသော သင်္ခါ ရက္ခန္ဓာတရားတို့၏ဒုက္ခဖြစ်မှုကို အာရုံပြု၍။မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံသည်၏အဖြစ်ကို ထင်ရှားသိ ကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော အာရုံခြောက်ပါး ဒွါရခြောက်ပါးတို့၌၊ အ ကြောင်းအားလျော်စွာ အဆက်မပြတ်စုတိစိတ်ကျရောက်ခါနီးတိုင်အောင် ဆက်ခါဆက်ခါဖြစ်ပေါ်ကုန်သော သင်္ခါရက္ခန္ဓာတရားတို့ကို။ ဇာတိ ဇရာ မရဏာမီးတို့သည် ပြတ်မလပ် ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း လောင်ခြင်း ကြောင့် သင်္ခါရဒုက္ခသာဖြစ်ကုန်၏။ထိုသင်္ခါရဒုက္ခဖြစ်ကုန်သော ဖဿစေ တနာအစရှိကုန်သော သင်္ခါရက္ခန္ဓာတည်းဟူသော စေတသိက်တရားအရ အပေါင်းကို ဝိပဿနာညာဏ်တို့ဖြင့် ဟုတ်တိုင်းမှန်စွာ မသိ မမြင်ခြင်း ကြောင့်။ ငါ သူ သတ္တဝါ အသက်အကောင်စသည်ဟုတ်၏ဟူ၍ အဝိဇ္ဇာ

ဖြင့် ထင်မြင်ပြီးလျှင် တဏှာဒိဋ္ဌိတို့ဖြင့် စွဲလန်းနှစ်သက် ကြကုန်၏။ ထိုသို့ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလန်း နှစ်သက်အပ်သောကြောင့်။ ၎င်းဖဿစေတနာ အစရှိသော သင်္ခါရက္ခန္ဓာတည်းဟူသော စေတသိက်တရားအစုအပေါင်း ကို သင်္ခါရုပါဒါနက္ခန္ဓာဟူ၍ ဘုရားရှင်ဟောတော်မူအပ်လေသည်။ထိုဥပါ ဒါန်တရားတို့၏ အာရုံဖြစ်သော ဖဿစေတနာစသော သင်္ခါရက္ခန္ဓာတည်း ဟူသော စေတသိက်တရားအစုအပေါင်းကို မနှစ်သက်ဘဲ စက်ဆုတ်စေ ခြင်းငှါ။၎င်းဥပါဒါန်တရားတို့၏အာရုံဖြစ်သော ပြဆိုအပ်ပြီးသောဖဿစေ တနာအစရှိသော သင်္ခါရက္ခန္ဓာတည်းဟူသော စေတသိက် အစုအပေါင်း ကို ဒုက္ခတရားဟူ၍ ဉာဏ်အမြင်ကိုဖြစ်စေခြင်းငှါ ဟောတော်မူအပ်လေ သည်၊ ထိုသို့ဘုရားရှင်ဟောတော်မူအပ်သောနည်းအတိုင်း။ ၎င်းဖဿစေ တနာ အစရှိသော သင်္ခါရက္ခန္ဓာ တည်းဟူသော စေတသိက် အပေါင်းကို ဒုက္ခ တရားဟူ၍။ဝိပဿနာဉာဏ်ဖြင့်မြင်ကြလျှင် ၎င်းဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ဖဿစေတနာ အစရှိသော သင်္ခါရက္ခန္ဓာ တည်းဟူသော စေတသိက် အစု အပေါင်းကို အဘယ်မှာ နှစ်သက်ပါအံ့နည်း။ စင်စစ် မနှစ်သက်ခြင်းသို့သာရောက်၍ စက်ဆုတ်ကြလေအံ့သတည်း။သို့စက် ဆုတ်ကြလျှင် ၎င်းဖဿစေတနာအစရှိသော သင်္ခါရက္ခန္ဓာတို့၏ ဖြစ်မှုမှ လွတ်မြောက်နေသော၊ မဖြစ်မပျက်သောသဘော အသင်္ခတဓါတ်နိဗ္ဗာန်ဝ သန္တာနိဗ္ဗာန်ကို အာရုံပြုလေကုန်ရာ၏။ထိုသို့နိဗ္ဗာန်သန္တာနိဗ္ဗာန် ကိုဉာဏ် ဖြင့် အာရုံပြုတန်များသျှင် မဂ်လေးတန်သို့ရောက်၍။ ၎င်းသင်္ခါရက္ခန္ဓာတ ရားတို့ကို တွယ်တာခင်မင်စွဲလန်းမှုဟူသမျှတို့သည် ကုန်ခမ်းကြကုန်ပြီး လျှင်။ ၎င်းသင်္ခါရက္ခန္ဓာတရားတို့သည် နောင်တဘန်ဖြစ်ပေါ်မှုမရှိဘဲ ကုန် ပျောက်ကြကုန်လတ္တံ့သတည်း။ ဥပါဒါန်တရားတို့၏အာရုံဖြစ်သော သင်္ခါ ရက္ခန္ဓာတရားတို့ကို ရှုသလို။ ဥပါဒါန်တရားတို့၏အာရုံဖြစ်သော ဝိညာ ဏက္ခန္ဓာတရားတို့ကိုလည်းရှုအပ်၏။ ရှုပုံမှာ၊အကြင်အခါရူပါရုံအဆင်းကို အာရုံပြု၍ မြင်တိုင်းမြင်တိုင်း၊အဆင်းကိုသိတတ်သော သဘောဝိညာဏ် စိတ်သည်ဖြစ်၏။ထိုသိတတ်သောသဘောဝိညာဏ်စိတ်သည်။စင်စစ် ငါ သူ သတ္တဝါ အသက် အကောင်စသည်မဟုတ်။ပရမတ္ထသဘောတရားမျှ သာဖြစ်၍။ ထိုဖြစ်သောနေရာ၌ပင်၊ ဇာတိ ဇရာ မရဏာမီးတို့ လောင်ခြင်း ကြောင့်ပျက်စီးကွယ်ပျောက်လေတော့၏။ဤသို့လျှင် သိတတ်သောသဘော ဝိညာဏ်စိတ်တို့သည်၊မြင်တိုင်းမြင်တိုင်း၊ရူပါရုံတို့ကိုအာရုံပြု၍၊ နေ့ရှိသ မျှရက်ရှိသမျှ ရတိစိတ်ကျရောက်ခါနီးတိုင်အောင် ကာလပတ်လုံး။ ဆက် ခါဆက်ခါဖြစ်ပေါ်ကုန်ပြီးသျှင်။ဇါတိဇရာမရဏာမီးတို့လောင်ခြင်းကြောင့်

မပြတ်မလပ် ဒုက္ခအဖြစ်သို့ရောက်၍။ ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ထိုနည်းအတူ၊ သဒ္ဒါရုံအသံကိုအာရုံပြု၍ကြားတိုင်းကြားတိုင်း။ အသံကိုသိတတ်သောသဘောဝိညာဏ်စိတ်သည်ဖြစ်၏။ ထိုသိတတ်သောသဘောဝိညာဏ်စိတ်သည်။ စင်စစ်၊ ငါ၊ သူ၊ သတ္တဝါ၊ အသက်၊ အကောင်စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာဖြစ်၍။ ထိုဖြစ်သော နေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ ဤသို့လျှင် သိတတ်သောသဘောဝိညာဏ်စိတ်တို့သည် ကြားတိုင်းကြားတိုင်း။ သဒ္ဒါရုံအသံတို့ကိုအာရုံပြု၍။ နေ့ရှိသမျှရက်ရှိသမျှ ဓုတိစိတ်ကျရောက်ခါနီးတိုင်အောင် ကာလပတ်လုံး။ ဆက်ခါ ဆက်ခါဖြစ်ပေါ်ကုန်ပြီးလျှင်။ ဇာတိ ဇရာ မရဏာမီးတို့ လောင်ခြင်းကြောင့် မပြတ်မလပ်ဒုက္ခအဖြစ်သို့ရောက်၍ ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ထိုနည်းအတူ၊ ဂန္ဓာရုံအနံ့ကိုအာရုံပြု၍နမ်တိုင်းနမ်တိုင်းအနံ့ကိုသိတတ်သောသဘော၊ ဝိညာဏ်စိတ်သည်ဖြစ်၏။ ထိုသိတတ်သောသဘောဝိညာဏ်စိတ်သည်၊ စင်စစ်ငါသူသတ္တဝါအသက်အကောင်စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာဖြစ်၍၊ ထိုဖြစ်သောနေရာ၌ပင်၊ ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ ဤသို့လျှင်သိတတ်သောသဘောဝိညာဏ်စိတ်တို့သည်။ နမ်တိုင်းနမ်တိုင်း၊ ဂန္ဓာရုံအနံ့တို့ကိုအာရုံပြု၍။ နေ့ရှိသမျှ ရက်ရှိသမျှ၊ ဓုတိစိတ်ကျရောက်ခါနီးတိုင် အောင်ကာလပတ်လုံး။ ဆက်ခါဆက်ခါဖြစ်ပေါ်ကုန်ပြီးလျှင်။ ဇာတိဇရာ မရဏာမီးတို့လောင်ခြင်းကြောင့်။ မပြတ်မလပ် ဒုက္ခအဖြစ်သို့ရောက်ကုန်၍ ပျက်စီး ကွယ် ပျောက်ကြလေကုန်၏။ ထိုနည်းအတူ၊ ရသာရုံအရသာကိုအာရုံပြု၍ လျက်တိုင်းလျက်တိုင်း၊ အရသာကိုသိတတ်သောသဘောဝိညာဏ်စိတ်သည်ဖြစ်၏။ ထိုသိတတ်သောသဘောဝိညာဏ်စိတ်သည်။ စင်စစ်၊ ငါ သူ သတ္တဝါ အသက်အကောင် စသည်မဟုတ်။ ပရမတ္ထသဘောတရားမျှသာဖြစ်၍၊ ထိုဖြစ်သောနေရာ၌ပင်။ ဇာတိဇရာမရဏာမီးတို့လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျောက်လေတော့၏ ဤသို့လျှင်သိတတ်သောသဘောဝိညာဏ်စိတ်တို့သည်။ လျက်တိုင်း လျက်တိုင်း။ ရသာရုံအရသာကို အာရုံပြု၍။ နေ့ရှိသမျှရက်ရှိသမျှ၊ ဓုတိစိတ်ကျရောက်ခါနီးတိုင်အောင် ကာလပတ်လုံး၊ ဆက်ခါ ဆက်ခါဖြစ်ပေါ်ကုန်ပြီးလျှင်။ ဇာတိဇရာမရဏာမီးတို့လောင်ခြင်းကြောင့်။ မပြတ်မလပ် ဒုက္ခအဖြစ်သို့ရောက်၍ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ထိုနည်းအတူ၊ ဖောဋ္ဌဗ္ဗာရုံအတွေ့ကိုအာရုံပြု၍ တွေ့ထိတိုင်းတွေ့ထိတိုင်း။ အတွေ့ကို သိတတ်သောသဘောဝိညာဏ်စိတ်သည်ဖြစ်၏။ ထိုဖြစ်သော သိတတ်သော သဘောဝိ

ဉာဏ်စိတ်သည်လည်း။ ငါ သူ သတ္တဝါ အသက်အကောင်စသည် မဟုတ် ပရမတ္ထသဘောတရားမျှသာဖြစ်၍။ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ ဤသို့လျှင် သိတတ်သောသဘော ဝိညာဏ်စိတ်တို့သည် တွေ့ထိတိုင်းတွေ့ထိတိုင်း။ ဖောဋ္ဌဗ္ဗာရုံ အတွေ့တို့ကို အာရုံပြု၍ နေ့ရှိသမျှ ရက်ရှိသမျှ စုတိစိတ်ကျရောက်ခါနီးတိုင်အောင် ကာလပတ်လုံး။ ဆက်ခါဆက်ခါဖြစ်ပေါ်ပြီးလျှင် ဇာတိ ဇရာ မရဏာမီးတို့ လောင်ခြင်းကြောင့် မပြတ်မလပ် ဒုက္ခအဖြစ်သို့ရောက်၍ ပျက်စီး ကွယ်ပျောက် ကြလေကုန်၏။ ထိုနည်းအတူ ဓမ္မာရုံသဘောတရားတို့ကိုအာရုံပြု၍ စိတ်ကူးကြံစီတိုင်းကြံစီတိုင်း။ ဓမ္မာရုံသဘောတရားကို သိတတ်သောသဘော မနောဝိညာဏ်စိတ်တို့သည်ဖြစ်၏။ ထိုဖြစ်သောသိတတ်သောသဘော မနောဝိညာဏ်စိတ်သည်လည်း။ ငါ သူ သတ္တဝါ အသက် အကောင်စသည်မဟုတ် ပရမတ္ထ သဘောတရားမျှသာဖြစ်၍။ ထိုဖြစ်သောနေရာ၌ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေတော့၏။ ဤသို့လျှင်သိတတ်သောသဘော မနောဝိညာဏ်စိတ်တို့သည်။ ဓမ္မာရုံသဘောတရားတို့ကိုအာရုံပြု၍ စိတ်ကူးကြံစီတိုင်းကြံစီတိုင်း။ နေ့ရှိသမျှရက်ရှိသမျှ စုတိစိတ်ကျရောက်ခါနီးတိုင်အောင် ကာလပတ်လုံး ဆက်ခါဆက်ခါဖြစ်ပေါ်ပြီးလျှင်။ ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် မပြတ်မလပ်ဒုက္ခအဖြစ်သို့ရောက်၍ ပျက်စီးကွယ်ပျောက်ကြလေကုန်၏။ ထိုသို့ပျက်စီးကွယ်ပျောက်ကုန်သောအာရုံခြောက်ပါး ဒွါရခြောက်ပါးတို့၌ အကြောင်းအားလျော်စွာ ဖြစ်ကုန်သော အာရုံကို သိတတ်သောသဘောဝိညာဏ်စိတ်ဟူသမျှတို့၏ ဒုက္ခဖြစ်မှုကိုအာရုံပြု၍။ ဝိပဿနာ ပညာဖြင့် ဆင်ခြင်သုံးသပ်နေအပ်၏။ ထိုသို့ အဖန်တလဲလဲ ဝိပဿနာပညာဖြင့် ဆင်ခြင်သုံးသပ်နေတိုင်းနေတိုင်း။ ထိုပြဆိုအပ်ပြီးသော အာရုံခြောက်ပါး ဒွါရခြောက်ပါးတို့၌။ အကြောင်းအားလျော်စွာဖြစ်ကုန်သောအာရုံကိုသိတတ်သောသဘောဝိညာဏ်စိတ်ဟူသမျှတို့၏ ဒုက္ခဖြစ်မှုကိုဟုတ်တိုင်းမှန်စွာထိုးထွင်း၍။ သိမြင်တတ်သောသမ္မာဒိဋ္ဌိအမျိုးရှိသောဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ ထိုပြဆိုအပ်ကုန်ပြီးသော သိတတ်သောသဘော ဝိညာဏ်စိတ်ဟူသမျှတို့၏ ဒုက္ခဖြစ်မှုကို မသိမမြင်တတ်သော အဝိဇ္ဇာ မောဟနှင့်တကွသော ကိလေသာတို့သည်လည်းကင်းကြလေကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးလည်းကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့် ၎င်းဖြစ်တိုင်း

ဖြစ်တိုင်းသောဝိပဿနာအဥ္ဇင်္ဂကမဂ်ကို မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်၊ထိုအာရုံခြောက်ပါး ဒွါရခြောက်ပါးတို့၌ ဖြစ်လေသမျှသော သိတတ်သော သဘောဝိညာဏ်စိတ်တို့၏။ ဒုက္ခဖြစ်မှုကိုအာရုံပြု၍ မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဥ္ဇင်္ဂကဝိပဿနာမဂ်ကို မြဲဝကျင့်ကြံသည်၏အဖြစ်ကိုထင်ရှားသိကြလေကုန်။

ဤပြဆိုအပ်ကုန်ပြီးသော အာရုံခြောက်ပါး ဒွါရခြောက်ပါးတို့၌ အကြောင်းအါးလျော်စွာအဆက်မပြတ်ဇုတိစိတ်ကျရောက်ခါနီးတိုင်အောင် ဆက်ခါဆက်ခါဖြစ်ပေါ်ကုန်သော သိတတ်သောသဘော ဝိညာဏ်စိတ်တို့ကို ဇာတိ ဇရာ မရဏာမီးတို့သည် မပြတ်မလပ် ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်းလောင်ခြင်းကြောင့် သင်္ခါရဒုက္ခသာဖြစ်ကုန်၏။ ထိုသင်္ခါရဒုက္ခဖြစ်သော သိတတ်သောသဘောဝိညာဏ်အစုအပေါင်းကို ဝိပဿနာညာဏ်တို့ဖြင့်။ ဟုတ်တိုင်းမှန်စွာ မသိခြင်းကြောင့်။ ငါ သူ သတ္တဝါ အသက် အကောင်ဟသည့်ဟုတ်၏ဟူ၍၊အဝိဇ္ဇာဖြင့်ထင်မြင်ပြီးလျှင် တဏှာဒိဋ္ဌိတို့ဖြင့် စွဲလန်း နှစ်သက်ကြကုန်၏။ ထိုသို့ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလန်း နှစ်သက်အပ်သောကြောင့် ၎င်းသိတတ်သော ဝိညာဏ်အစုအပေါင်းကို ဝိညာဏုပါဒါနက္ခန္ဓာဟူ၍ဘုရားရှင်ဟောတော်မူအပ်လေသည်။ ထိုဉပါဒါန်တရားတို့၏အာရုံဖြစ်သော' သိတတ်သောသဘော ဝိညာဏ်အစုအပေါင်းကိုမနှစ်သက်ဘဲစက်ဆုတ်စေခြင်းငှါ၊၎င်းဉပါဒါန်တရားတို့၏အာရုံဖြစ်သောပြဆိုအပ်ပြီးသော သိတတ်သောသဘောဝိညာဏ်အစုအပေါင်းကိုဒုက္ခတရားဟူ၍။ဉာဏ်အမြင်ကိုဖြစ်စေခြင်းငှာဟောတော်မူအပ်လေသည်၊ ထိုသို့ဘုရားရှင်ဟောတော်မူအပ်သောနည်းအတိုင်း။၎င်းသိတတ်သော၊သဘောဝိညာဏ်အစုအပေါင်းကိုဒုက္ခတရားဟူ၍၊ ဝိပဿနာဉာဏ်ဖြင့်မြင်ကြလျှင် ၎င်းဉပါဒါန်တရားတို့၏အာရုံဖြစ်သောသိတတ်သောသဘောဝိညာဏ်အစုအပေါင်းကိုအဘယ်မှာနှစ်သက်ပါအံ့နည်း။စင်စစ်မနှစ်သက်ခြင်းသို့သာရောက်၍စက်ဆုတ်ကြလေအံ့သတည်း၊ထိုသို့စက်ဆုတ်ကြလျှင်၎င်းသိတတ်သောသဘောဝိညာဏ်တရားတို့၏ ဖြစ်မှုမှလွန်မြောက်နေသော။ မဖြစ်မပျက်သောသဘော အသင်္ခတဓါတ်သဘော နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြုကြလေကုန်ရာ၏။ ထိုသို့နိရောဓသစ္စာနိဗ္ဗာန်ကို ညာဏ်ဖြင့် အာရုံပြုဘန်များလျှင် မဂ်လေးတန်သို့ရောက်၍။၎င်းသိတတ်သောသဘောဝိညာဏ်တရားတို့ကို တွယ်တာ ခင်မင်စွဲလန်းမှုဟူသမျှတို့သည်ကုန်ခမ်းကြကုန်ပြီးလျှင်။ ၎င်းသိတတ်သောသဘောဝိညာဏ်တည်းဟူသောဒုက္ခတရားတို့သည်နောင်တဘန်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ပျောက်ကြ ကုန်သတည်းသတည်း။ဤမျှသော

စကားအစဉ်ဖြင့်၊ ပဋ္ဌုပါဒါနက္ခန္ဓာတရားတို့ကို အာရုံပြု၍။မဂ္ဂါမာပဋိပဒါ တည်းဟူသော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို ကျင့်ကြံ မှီဝဲ အပ်ပုံကို ထင်ရှားသိစေရန်ပြဆိုချက်ပြီး၏။

{မေး} ပြဆိုအပ်ပြီးသောနည်းအတိုင်း ဇာတိပိဒုက္ခာက စ၍။ ပဥ္စုပါဒါနက္ခန္ဓာပိဒုက္ခာဟူ၍ ဟောတော်မူအပ်သောဒေသနာနည်းအတိုင်း။မဂ္ဂါမာ ပဋိပဒါတည်းဟူသော အရိယ အဋ္ဌင်္ဂိက ဝိပဿနာ မဂ်ကို။ ၎င်းဇာတိပိ ဒုက္ခ ာက စ၍ ပဥ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာတိုင်အောင်။ အကျယ်အာရုံပြု၍မှီ ဝဲကျင့်ကြံပုံကိုသိအပ်ပါပြီ။ အကျဉ်းအားဖြင့် အာရုံပြု၍ မဂ္ဂါမာပဋိပဒါ အရိယအဋ္ဌင်္ဂိကမဂ်ကို မှီဝဲကျင့်ကြံပုံကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဤပြဆိုလတ္တံ့သော နည်းအတိုင်းသိအပ်ပါသည်။ သိပုံမှာ အ ပါယ်လေးဘုံ လူ့ပြည် နတ်ပြည်ခြောက်ထပ် ဗြဟ္မာနှစ်ဆယ်တိုင်အောင် သောဘုံတို့၌။ ၎င်း ဥပါဒါနိတရားတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတရား တို့သည်ဖြစ်သင့်သည်အားလျော်စွာဖြစ်ပေါ်ခြင်းကြောင့်။ဇာတိ ဇရာ မရဏ စသောမီးတို့သည် လောင်ခြင်းကိုပြုကြကုန်၏။အကယ်၍၎င်းဘုံတို့၌ထိုခန္ဓာ ငါးပါးတရားတို့သည်ဖြစ်ပေါ်မှုမရှိခဲ့အံ့။ အဘယ်မှာ ဇာတိ ဇရာ မရဏစ သော မီးတို့သည်လောင်နိုင်အံ့နည်း။စင်စစ်သောင်စရာမရှိချေ၌ မီးသောင် သကဲ့သို့ လောင်မှုမရှိသေရာ။ စင်စစ်မှာပြဆိုအပ်ပြီးသော ခန္ဓာငါးပါးတ ရားတို့သည် ဖြစ်သင့်သည်အားလျော်စွာဖြစ်၍သော ဇာတိ ဇရာ မရဏစ သောမီးတို့လောင်ခြင်းဖြစ်၏။ ထိုသို့ ဇာတိ ဇရာ မရဏစသောမီးတို့သည် မပြတ်လောင်ခြင်းကိုခံရသော ၎င်း ခန္ဓာငါးပါးတရားတို့သည် အဘယ်မှာ သက်သာပါအံ့နည်း။ စင်စစ်မသက်သာသော ဒုက္ခတရားသည် ဧကန်စင် စစ်အမှန်ဖြစ်ပေ၏ဟု။ဝိပဿနာပညာဖြင့်အဘန်တလဲလဲဆင်ခြင်သုံးသပ် နေအပ်၏။ ထိုသို့အဘန်တလဲလဲဝိ ပဿနာပညာဖြင့် ဆင်ခြင်သုံးသင်နေ တိုင်းနေတိုင်း။ စင်စစ်ဒုက္ခတရားသာအမှန်ဖြစ်ပေသော ခန္ဓာငါးပါးတရား တို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိမြင်တတ်သော သမ္မာဒိဋ္ဌိအမှူးရှိ သောဝိပဿနါအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်း ဖြစ်တိုင်း။ထိုပြဆိုအပ်ကုန်ပြီးသော ထိုထိုဘုံ၌ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ကုန်သော ခန္ဓာငါးပါး ဒုက္ခတရားတို့ကို မသိမမြင်တတ်သော အဝိဇ္ဇာ မောဟနှင့်တကွသော ကိလေသာတို့သည်လည်းကင်းကြကုန်၏။ ကာမ သုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသောအယုတ် တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့အယုတ်တရားနှစ်ပါးတို့မှ ကင်းလွတ်နေခြင်းကြောင့်။၎င်းဖြစ်တိုင်းဖြစ်တိုင်းသောဝိပဿနာအဋ္ဌင်္ဂိက

မဂ်ကို မဇ္ဈိမာ ပဋိပဒါဟု ခေါ်ဆို အပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်သော ကြောင့်၊ ထိုသို့ဘုံတို့၌ ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ကုန်သော ခန္ဓာ ငါးပါးတည်းဟူသော ဒုက္ခအမှန်တရားတို့ကို အာရုံပြု၍။ မဇ္ဈိမာပဋိပဒါ တည်းဟူသောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှီဝဲကျင့်ကြံသည်၏အဖြစ် ကို ထင်ရှားသိကြလေ။ ထိုပြဆိုအပ်ပြီးသော ဘုံတို့၌ဖြစ်သင့်သည်အား လျော်စွာဖြစ်ကုန်သော ခန္ဓာငါးပါးတရားတို့ကို။စင်စစ် ဇာတိ ဇရာ မရဏ စသောဘေးတို့မပြတ်လောင်ခြင်းကြောင့်။ဒုက္ခစင်စစ်မှန်ပါသည် တကားဟု ဉာဏ်ဖြင့်မပြတ်မြင်နေလျှင်အဘယ်မှာနှစ်သက်ပါအံ့နည်း။စင်စစ်မနှစ်သက် ခြင်းသို့သာရောက်၍ငြီးငွေ့စက်ဆုတ်ကြလေအံ့သတည်း။ ထိုသို့စက်ဆုတ် ကြလျှင်ထိုဖြစ်ရာဘုံတို့၌ဖြစ်ကုန်သော ခန္ဓာငါးပါးဒုက္ခတရားတို့မှလွန်မြောက် နေသောတရား ကိုအဘန်ဘန်ဉာဏ်ဖြင့်ရှာလေသော်။ အပူရှိလျှင်အဖေသြ သောကဲ့သို့ထင်ရှားရှိသကဲ့သို့။ဒုက္ခရှိလျှင်လည်း သုခရှိသကဲ့သို့၊ဓမ္မပဋိပက္ခ အားဖြင့်ထင်ရှားရှိနေသော မဖြစ်မပျက်သောသဘော အသင်္ခတဓါတ်နိဗ္ဗာန် တရားကိုသာလျှင်။ထင်ရှားရှိသောအနေအားဖြင့်အာရုံပြု၍ရောက် သေရာ၏။ ထိုသို့မဖြစ်မပျက်ဘဲအမြဲရှိနေသော သင်္ခတပဋိပက္ခဖြစ်သော အသင်္ခတဓါတ် နိဗ္ဗာန်ကို။ဝိပဿနာဉာဏ်ဖြင့်အာရုံပြုဘန် များလျှင်။ ၎င်းနိဗ္ဗာန်ကိုမဂ်လေးတန်ဖြင့် ထိုးထွင်း၍သိမြင်ပြီး လျှင်။ ၎င်းခန္ဓာငါးပါးဘုံဘဝတို့ကိုတွယ်တာ ခင်မင် စွဲလန်း နှစ်သက်နေ သော တဏှာဥပါဒါန်တရားဟူသမျှတို့သည် ကုန်ခမ်းခြင်းသို့ရောက်ကုန် ၍။နောင်တဘန်ဘုံဘဝတို့၌ခန္ဓာတရားတို့ဖြစ်ပေါ်မှုမရှိဘဲ ဒုက္ခဟူသမျှတို့ ကင်းပျောက်ကြကုန်လတံ့သတည်း။ ဤသို့ပြဆိုအပ်သော နည်းကိုအစဉ် မှီး၍။အကျဉ်းအားဖြင့်ဆင်ခြင်သုံးသပ်၍ မဇ္ဈိမာပဋိပဒါအရိယအဋ္ဌင်္ဂိကဝိ ပဿနာမဂ်ကိုမှီဝဲကျင့်ကြံပုံကိုသိကြလေ။

{မေး} ထိုပြဆိုအပ်ပြီးသောနည်းအတိုင်း အကျဉ်းအားဖြင့်အာရုံပြု၍ မဇ္ဈိမာပဋိပဒါအကျင့်ကိုမှီဝဲကျင့်ကြံအပ်သည်၏အဖြစ်ကို ဘုရားဟောရှိ မရှိကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဣန္ဒခီလပနသိက္ခဝေ၊ ဒုက္ခံအရိယသစ္စံဟူ၍ ဓမ္မစကြာပါဠိသုတ်၌ ဘုရား ဟောတော်မူအပ်သည်ကို ထောက်၍ သိအပ်ပါသည်။ အနက်သိ ကြောင်းမြန်မာပြန်ကား ဘိက္ခဝေ၊အိုပဉ္စဝဂ္ဂီရဟန်းတို့၊ဣန္ဒခီလပန၊ဇာတိ ပိဒုက္ခာအစ ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ အဆုံးရှိသော ဤတရား အပေါင်း သည်ကား။ ဒုက္ခံ၊သုခမဘက် ဆင်းရဲအတိသာလျှင်ဖြစ်သော။ အရိယသစ္စံ အရိယာအဖြစ်ကိုပြုတတ်သော မချွတ်မယွင်း ဟုတ်မှန်သောတရားမည်၏

ဤကားမြန်မာပြန်တည်း။ ဤမျှဖြင့်ဒုက္ခသစ္စာတရားကိုအာရုံပြု၍ မဇ္ဈိမာပဋိပဒါအရိယာအဋ္ဌင်္ဂိကမဂ္ဂသညာမဂ်ကိုမှီ၍ကျင့်ကြံပုံကိုပြချက်ပြီး၏။

{မေး} ဒုက္ခသစ္စာကို ဟောတော်မူသော အခြားမဲ့၌ အဘယ်သစ္စာကို ဟောတော်မူအပ်ပါသနည်း။

{ဖြေ} ထိုဒုက္ခကိုဖြစ်စေတတ်သော၊ ဝါ၊ ဒုက္ခတရားတို့၏ဖြစ်ခြင်း၏အကြောင်းတရားကိုဟောအပ်ပါသည်။

{မေး} ဒုက္ခကို ဖြစ်စေ တတ်သော၊ ဝါ၊ ဒုက္ခတရားတို့၏ ဖြစ်ခြင်း၏ အကြောင်းတရားသည်အဘယ်တရားပါနည်း။

{ဖြေ} ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ၊ ဤတရားသုံးပါးသည် ဒုက္ခကိုဖြစ်စေတတ်သော။ ဝါ၊ ဒုက္ခတို့၏ဖြစ်ခြင်း၏အကြောင်း တရားဖြစ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} ဣဒံ ခေါ ပန ဘိက္ခဝေ၊ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ၊ ပေါနောဗ္ဘဝိကာ၊ နန္ဒီရာဂသဟဂတာ၊ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဟူ၍။ ဓမ္မစက္ကပဝတ္တနသုတ်၌ ဟောတော်မူအပ်သည်ကို ထောက်၍သိအပ်ပါသည်။ မြန်မာပြန်ကား၊ ဘိက္ခဝေ၊ ပဉ္စဝဂ္ဂီရဟန်းတို့။ ယာယံတဏှာ၊ အကြင်အာရုံကိုတပ်တတ်မွတ်သိပ်တတ်သော တဏှာဟုဆိုအပ်သော လောဘတရားသည်။ ပေါနောဗ္ဘဝိကာ၊ တဘန်ဘဝသစ်ကိုပြုတတ်သောအလေ့ရှိ၏။ နန္ဒီရာဂသဟဂတာ၊ ရုံခက်နှစ်သက်တပ်တတ်သောတရားဖြစ်၏။ ဝါ၊ တနည်းကား၊ နန္ဒီရာဂ၊ နန္ဒီရာဂေန၊ နှစ်သက်ခြင်း တပ်ခြင်းနှင့်။ သဟ၊ တကွ။ ဂတာ၊ အနက်သဘောအားဖြင့်တူသည်၏ အဖြစ်သို့ရောက်ထသော။ တတြတတြ၊ ထိုထိုသို့သော ခန္ဓာတို့၏ဖြစ်ရာ ထိုထိုသို့သောခန္ဓာတို့၏အဖြစ် ထိုထိုသို့သောအာရုံတို့၌။ အဘိနန္ဒိနီ၊ အလွန်နှစ်သက်တတ်၏။ ဣဒံသောတဏှာ ဤတဏှာလောဘသည်။ သေယျထာကတမာ၊ အဘယ်နည်း။ ကာမတဏှာ၊ အောက်အဝီစိကစ၍ ဝသဝတ္တီနတ်ပြည် အတွင်း၌ရှိသော စက္ခုရူပါရုံအစရှိသော ကာမဝတ္ထုတို့၌ မွတ်သိပ်ခင်မင်တတ်သော ကာမတဏှာလည်းကောင်း။ ဘဝတဏှာ၊ ဘဝကိုတောင်းတသည်၏အစွမ်းဖြင့်ဖြစ်သော၊ ဝါ၊ သဿတဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်သော၊ ဝါ၊ ဈာန်တရားကိုမွတ်သိပ်ခင်မင်တတ်သော၊ ဝါ၊ ရူပဘဝအရူပဘဝတို့၌မွတ်သိပ်ခင်မင်တတ်သော ဘဝတဏှာလည်းကောင်း။ ဝိဘဝတဏှာ၊ ခန္ဓာတို့၏ အဖြစ်မှကင်းခြင်းပြတ်ခြင်း၌မွတ်သိပ်ခင်မင်တတ်သောဝိဘဝတဏှာလည်းကောင်း။ ဣဒံ ခေါ ပန

ဤသုံးပါးသောတဏှာတရားသည်၊ဒုက္ခသမုဒယာံ၊ ဒုက္ခတို့၏ဖြစ်ကြောင်းဖြစ်သော။ ဝါ၊ ဒုက္ခတို့ကိုဖြစ်စေတတ်သော၊အရိယသစ္စံ၊ အရိယာအဖြစ်ကိုပြုတတ်သော၊မချွတ်မယွင်း ဟုတ်မှန်သောတရားမည်၏။ ဤသို့ဟောတော်မူအပ်သော ဓမ္မစက္ကသုတ် ပါဠိတော်ကိုထောက်၍။ ကာမတဏှာ၊ ဘဝတဏှာ၊ဝိဘဝတဏှာ သုံးပါးတရားသည်ပင်။ ထိုပြဆိုအပ်ပြီးသော ဇာတိဒုက္ခစသောတရားတို့ကိုဖြစ်စေရန် ပြုလုပ်တတ်သောအကြောင်းတရားအမှန်ဖြစ်သည်၏အဖြစ်ကိုထင်ရှားသိကြလေကုန်။

{မေး} တဏှာဟုဆိုအပ်သောတရားကို၊ အဘယ်သို့ သဘောရှိသောတရားဟုသိအပ်ပါမည်နည်း။

{ဖြေ} ထိုသုံးသို့သော ဘုံဘဝခန္ဓာအာရုံတို့ကို၊ မွတ်သိပ် ခင်မင်တတ်သောလောဘတရားကိုပင်၊တဏှာဟုသိအပ်ပါသည်။

{မေး} ထိုတဏှာကိုဘယ်လိုဝိဂြိုဟ်ပြုအပ်ပါမည်နည်း။

{ဖြေ} အာရမ္မဏံတသတိတိတဏှာဟု၊ကတ္တုသာဓနကိတ် ဝိဂြိုဟ်ပြုအပ်ပါသည်၊ ။ မြန်မာပြန်ကား၊ယာဓမ္မဇာတိ၊အကြင်တရားသဘောသည်။အာရမ္မဏံ၊အာရုံကို။တသတိ၊မွတ်သိပ်ခင်မင်တတ်၏။ဣတိတသ္မာ၊ထိုသို့အာရုံကိုမွတ်သိပ်ခင်မင်တတ်သောသဘောတရား၏အဖြစ်ကြောင့်သာဓမ္မဇာတိ၊ထိုတရားသဘောသည်။ တဏှာ၊ တဏှာမည်၏။ လောဘစေတသိက်ကိုခ၏၊တသဓာတ်ပိပါသအနက်ဟော။ ဏှာပစ္စည်း။ သအက္ခရာကျေ။ ဤသို့ပြဆိုအပ်သည်ကိုထောက်၍၊ တဏှာ၏သဘောကိုသိကြလေ။

{မေး} အဘယ်ကြောင့် ၎င်းတဏှာကို၊ ပေါနောဗ္ဘဝိကာဟု ဆိုအပ်ပါသနည်း။

{ဖြေ} တဘန် ဘဝသစ်ကိုပြုတတ်သော အလေ့ရှိသောကြောင့်၊ ၎င်းတဏှာကို၊ပေါနောဗ္ဘဝိကာဟုဆိုအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} ပေါနောဗ္ဘဝိကာတိ၊ ပုနဗ္ဘဝကရဏံ၊ ပုနော ဗ္ဘဝေါ၊ ပုနောဗ္ဘဝေါ၊သီလံမေတိဿာတိ၊ပေါနောဗ္ဘဝိကာဟူ၍၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စကထာအဖွင့်၊ သမုဒယသစ္စနိဒ္ဒေသ၌ လာရှိ သည်ကို ထော က်၍ လည်းကောင်း။ ထိုနည်းအတူ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်းအဖွင့်၌လာရှိသည်ကိုထောက်၍လည်းကောင်း၊ထိုနည်းအတူ၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊ဉာဏကထာ၊သစ္စနိဒ္ဒေသ၊သမုဒယသစ္စအရာ၌ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း၊ထိုနည်းအတူ၊သုတ်မဟာဝါအဋ္ဌကထာသတိပဋ္ဌာ

နသုတ်။သမုဒယသစ္စာအဖွင့်၌လာရှိသည်ကိုထောက်၍လည်းကောင်း။သိအပ်ပါသည်။ အနက်သိကြောင်းမြန်မာပြန်ကား။ ။ပေါနောဗ္ဘဝိကာတိ၊ပေါနောဗ္ဘဝိကာဟူသည်ကား။ ပုနဗ္ဘဝကရဏံ။ တဘန်ဘဝသစ်ကိုပြုခြင်းသည်။ ပုနောဗ္ဘဝေါ၊ ပုနောဗ္ဘဝမည်၏။ ကရဏဟူသောနောက်ပုဒ်ကျေသည်၊နှ၏အစိတ်၊အ၊ကို ဩပြုသည်။ ဇောတိဿာ၊ ထိုတဏှာ၏။ပုနောဗ္ဘဝေါ။တဘန်ဘဝသစ်ကိုပြုခြင်းဟုဆိုအပ်သော။သီလံ၊ သဘောအလေ့သည်။အတ္ထိ၊ရှိ၏။ဣတိတသ္မာ၊ထိုသို့ တဘန်ဘဝသစ်ကိုပြုလေ့ရှိသည်၏ အဖြစ်ကြောင့်။သာတဏှာ၊ထိုတဏှာသည်။ ပေါနောဗ္ဘဝိကာ၊ ပေါနောဗ္ဘဝိကာမည်၏။ဤသို့ပြဆိုအပ်သောအဋ္ဌကထာရှင်တို့စကားကိုထောက်၍ တဘန်ဘဝသစ်ကိုပြုလေ့ရှိသောကြောင့်၊ ၎င်းတဏှာကိုပင် ပေါနောဗ္ဘဝိကာဟူ၍ ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိလေ။ ဝိဂ္ဂြိုဟ် ပြုလုပ်လိုသော်၊ ပုနဗ္ဘဝသကရဏံ၊ပုနောဗ္ဘဝေါဟူ၍ ဥတ္တရပဒလောပတပ္ပုရိသမာသ်ပြု။ ပုနောဗ္ဘဝဿ၊တဘန်ဘဝသစ်ကို။ ကရဏ၊ပြုခြင်းတည်း။ ပုနောဗ္ဘဝေါ၊ တဘန်ဘဝသစ်ကိုပြုခြင်း။ပုနောဗ္ဘဝေါသီလံဇောတိဿာတိ၊ပေါနောဗ္ဘဝိကာ၊ အဿထိတဒ္ဓိတ်အနက်၌၊ ဣကပစ္စည်းသက်။ ဇောတိဿာ၊ ထိုတဏှာ၏။ပုနောဗ္ဘဝေါ၊တဘန်ဘဝသစ်ကိုပြုခြင်းတည်းဟူသော။သီလံ၊ အလေ့သည်။ အတ္ထိ၊ရှိ၏။ဣတိတသ္မာ၊ထိုသို့ဘဝသစ်ကိုပြုခြင်းတည်းဟူသော အလေ့ရှိခြင်းကြောင့်။ သာတဏှာ၊ထိုတဏှာသည်။ ပေါနောဗ္ဘဝိကာ၊ ပေါနောဗ္ဘဝိကမည်၏။ ဤကားဝိဂ္ဂြိုဟ်တည်း၊

{မေး} ထိုတဏှာကိုပေါနောဗ္ဘဝိကာဟု ခေါ်ဆိုအပ်ကြောင်းကိုပြဆိုအပ်ပြီးသော စကားရပ်တို့ဖြင့် သိအပ်ပါသည်။ ၎င်းတဏှာကိုအဘယ်ကြောင့်ဘုရားရှင်သည် နန္ဒီရာဂဟုတဘန်ဟောဆိုတော်မူအပ်ပါသနည်းဟောအပ်သော အဓိပ္ပါယ်ကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ထိုမွတ်သိပ်ခင်မင်တတ်သော တဏှာသည်သာလျှင် အာရုံကိုနှစ်သက်တတ်၏။ဆိုးရည်များကဲ့သို့အါရုံကိုတပ်စွန်းတတ်၏။ထိုကြောင့်ထိုတဏှာကိုပင် နန္ဒီရာဂဟု ဟောတော်မူအပ်လေသည်ဟု သိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} နန္ဒနဋ္ဌေန နန္ဒီ၊ ရဇ္ဇနဋ္ဌေန ရာဂေါ၊ ယာစနန္ဒီရာဂေါ၊ ယာစတဏှာ၊ ဥဘယမေတံ၊ ဧကတ္ထံ၊ ဗျဉ္ဇနမေဝနာနံဟူ၍သမ္မောဟဝိနောဒနီမူလဋီကာသစ္စဝိဘင်း သမုဒယသစ္စာအဖွင့်ကျမ်းနံပါတ်(၄၃)မျက်နှာ၌ မိန့်ဆိုအပ်သည်ကို ထောက်၍သိအပ်ပါသည်။အနက်သိကြောင်းမြန်မာပြန်ကား

နန္ဒနဠဒ္ဓေနှ၊အာသရုံကိုနှစ်သက်တတ်သောအနက်ကြောင့်။ နန္ဒိ၊ နန္ဒိမည်၏။ ရဉ္ဇနဠဒ္ဓေနှ၊တပ်စွန်းတတ်သောအနက်ကြောင့်။ ရာဂေါ၊ရာဂမည်၏။ ယောစနန္ဒိရာဂေါ၊အကြင်နှစ်သက်တတ် တပ်စွန်းတတ်သော လောဘတရားသည်လည်းကောင်း။ ယာစတဏှာ၊အကြင်အာရုံကိုမွတ်သိပ်ခင်မင်တတ်သောတဏှာလောဘသည်လည်းကောင်း။အတ္ထိ၊ရှိ၏။ တော့ဉဘယံ၊ ဤနန္ဒိရာဂမည်သော လောဘ,တဏှာမည်သောလောဘ,တရားနှစ်ပါးအပေါင်းသည်။ ဧကတ္တံ၊အနက်သရုပ်တရားကိုယ်အားဖြင့်တူကြ၏။ဗျဉ္ဇနမေဝ၊နန္ဒိဟူသောသဒ္ဒါ ရာဂဟူသောသဒ္ဒါ တဏှာဟူသောသဒ္ဒါမျှသာလျှင်၊ နာနံ၊ထူး၏။ အဓိပ္ပါယ်ကား ထိုတဏှာကိုပင် နှစ်သက်တတ်သော သဘောကြောင့် နန္ဒိဟူ၍ ခေါ်ဆိုအပ်၏၊ တပ်စွန်းတတ်သောကြောင့် ရာဂဟူ၍ ခေါ်ဆိုအပ်၏၊ ထိုသို့ပင်နန္ဒိရာဂဟူ၍ခေါ်ဆိုအပ်သော်လည်း၊တရားကိုယ်အရမှာလောဘစေတသိက်တပါးကိုသာရသည်။ပရိယာယ်ဒေသနာတော်ပြု၍သာဘုရားရှင်သည် ထိုလောဘတရားတပါးတည်းကိုပင်၊ တဏှာဟူ၍လည်းကောင်း၊ နန္ဒိဟူ၍လည်းကောင်း၊ ရာဂဟူ၍လည်းကောင်း။ဝေဝစနာဟာရနည်းဖြင့် အမျိုးမျိုးနာမည်တပ်၍ ဟောတော်မူအပ်သေသည်။ ထိုကြောင့် တဏှာ၊နန္ဒိ၊ရာဂဟူသောသဒ္ဒါမျှသာမတူကြမူ၍အနက်သဘောမှာ လောဘတရားကိုယ်တခုတည်းသာရ၏ဟု ဋီကာဆရာပြုအပ်သည်ဟု သိကြလေ။

{မေး} ထိုတဏှာကို နန္ဒိရာဂဟူ၍ခေါ်ဆိုအပ်ပုံကို၊ ပြဆိုအပ်သောနည်းအတိုင်းသိအပ်ပါပြီး၊ ၎င်းတဏှာကိုနန္ဒိရာဂသဟဂတာဟူ၍ သဟဂတသဒ္ဒါကိုထည့်၍ အဘယ်ကြောင့် ဟောအပ်သည်ကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ထိုတဏှာကိုနန္ဒိရာဂဟူ၍ပင်အမည်တင်၍ ဟောတော်မူအပ်သော်လည်း၊အနက်အားဖြင့်မူကား တဏှာနှင့် နန္ဒိရာဂတို့သည် လောဘတရားကိုယ်အားဖြင့် တူခြင်းသို့ရောက်သည်ကိုသံ့စေလို၍။ သဟဂတာဟူသောပုဒ်ကိုထည့်၍ဟောတော်မူအပ်သည်၏အဖြစ်ကိုသိအပ်ပါသည်၊

{မေး} အဘယ်ပါဌ်ကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} အဘိနန္ဒနသင်္ခါတေန၊နန္ဒိရာဂေနသဟဂတာတိ၊နန္ဒိရာဂသဟဂတာ၊နန္ဒိရာဂေနသဒ္ဓိံ၊အတ္ထတော၊ဧကတ္တမေဝဂတာတိဝုတ္တံဟောတိ၊ ဟူ၍ ဖွင့်ဆိုအပ်သော သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်း သမုဒယသစ္စာအဖွင့်၌ ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ထိုနည်းအတူပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊ဉာဏနိဒ္ဒေသ သမုဒယသစ္စာအဖွင့်ဆယ်ကြောင်း

ပေ ဗိချပ် ဝမ်းဘက်၌ဖွင့်အပ်သည်ကို ထောက်၍လည်းကောင်း။ နန္ဒီရာဂေနသဟဂတာတိ၊ နန္ဒီရာဂသဟဂတာ၊ နန္ဒိရာဂေနသဒ္ဓိံ၊ အတ္ထတော၊ ဧကတ္တမေဝ ဂတာတိဝုတ္တံ ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စနိဒ္ဒေသ၊ သမုဒယသစ္စာအဖွင့်၌ လာရှိသည်ကိုထောက်၍ လည်းကောင်း။ ထိုနည်းအတူ သုတ်မဟာဝါအဋ္ဌကထာ သတိပဋ္ဌာန်သုတ္တကထာ သမုဒယသစ္စာအတွင်း၌ဖွင့်ပြလာရှိသည်ကိုထောက်၍လည်းကောင်း သိအပ်ပါသည်။အနက်သိကြောင်းမြန်မာပြန်ကား အဘိနန္ဒနသင်္ခါတေန၊ အာရုံကို အလွန်နှစ်သက်ခြင်းဟု ဆိုအပ်သော၊ နန္ဒီရာဂေန၊ နန္ဒီရာဂနှင့်၊ သဟ၊ တကွ၊ ဂတာ၊ အနက်သဘောတရားကိုယ်တူသောအဖြစ်သို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ ထိုသို့အနက်သဘောတရားကိုယ်တူသောအဖြစ်သို့ရောက်သည်၏ အဖြစ်ကြောင့်။ သာတဏှာ၊ ထိုတဏှာသည်။ နန္ဒီရာဂသဟဂတာ၊ နန္ဒီရာဂသဟဂတာမည်၏။ နန္ဒီရာဂေန၊ အာရုံကိုနှစ်သက်ခြင်းဟုဆိုအပ်သော နန္ဒီရာဂနှင့်။ သဒ္ဓိံ၊ တကွ။ အတ္ထတော၊ အနက်သရုပ် တရားကိုယ်အားဖြင့်။ ဧကတ္တံ၊ တူသည်၏အဖြစ်သို့။ ဂတာ၊ ရောက်သည်တည်း။ ဣတိဧဝံ၊ ဤသို့ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ ဖြစ်၏။ ဤကားသမ္မောဟဝိနောဒနီအဋ္ဌကထာပါဠိ၏မြန်မာပြန်တည်း။ နန္ဒီရာဂေန၊ အာရုံကိုနှစ်သက်တပ်စွန်းတတ်သော နန္ဒီရာဂနှင့်။ သဟ၊ တကွ။ ဂတာ၊ အနက်သရုပ်တရားကိုယ်တူသည့်၏အဖြစ်သို့ရောက်သည့်တည်း။ ဣတိတသ္မာ၊ ထိုသို့နန္ဒီရာဂနှင့် အနက်သရုပ်တရားကိုယ်တူသည်၏အဖြစ်သို့ရောက်သည်၏ အဖြစ်ကြောင့်။ သာတဏှာ၊ ထိုတဏှာသည်။ နန္ဒီရာဂသဟဂတာ၊ နန္ဒီရာဂသဟဂတာမည်၏။ နန္ဒီရာဂေန၊ အာရုံကိုနှစ်သက်ခြင်းတပ်တတ်ခြင်းဟုဆိုအပ်သော နန္ဒီရာဂနှင့် သဒ္ဓိံ၊ တကွ။ အတ္ထတော၊ အနက်သရုပ်တရားကိုယ်အားဖြင့်။ ဧကတ္တံ၊ တူသည်၏အဖြစ်သို့။ ဂတာ၊ ရောက်သည်တည်း။ ဣတိဧဝံ၊ ဤသို့။ ဝုတ္တံ ဝုတ္တော ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဤကားဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိတို့၏မြန်မာပြန်တည်း။ ဤသို့ပြဆိုအပ်သည်ကိုထောက်၍ ရှေး၌ပြဆိုအပ်သော နန္ဒီရာဂသဟဂတာဟူ၍ ဟောတော်မူအပ်သည်၏ အနက်အဓိပ္ပါယ်ကိုထင်ရှားသိကြလေ။

{မေး} ၎င်းတဏှာကို နန္ဒီရာဂသဟဂတာဟူ၍ ဟောတော်မူအပ်သည်ကို ပြဆိုအပ်ပြီးသောနည်းအားဖြင့်သိအပ်ပါပြီ။တဘန်တတြတတြာဘိနန္ဒိနီ ဟူ၍ အဘယ်ကြောင့် ထပ်မံ၍ ဟောအပ်ပါသနည်း။ ဟောအပ်သောအဓိပ္ပါယ်ကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ၎င်းတဏှာသည် နှစ်သက်ခြင်း တပ်စွန်းခြင်းရှိသည်၏ အဖြစ်

ကြောင့်။ထိုထိုသို့သောခန္ဓာတို့၏ဖြစ်ရာဘုံဘဝ၊ ထိုထိုသို့သောအာရုံတရားတို့ကို။အလွန်တမင်း နှစ်သက်မြတ်နိုး ခင်မင်တတ်စွမ်းတတ်၏။ ထိုသို့ခန္ဓာတို့၏ဖြစ်ရာဘုံဘဝ။ထိုထိုသို့သောအာရုံတရားတို့၌။အလွန်တမင်းနှစ်သက် မြတ်နိုး ခင်မင် တပ်စွမ်းတတ်သည်၏ အဖြစ်ကို ပြလိုတော်မူ၍။ တတြ တတြာဘိနန္ဒိနီဟူ၍ အညွှန်တပ်၍ တဘန်ထပ်မံ၍ ဟောတော်မူအပ်ပါသည်။

{မေး} အဘယ်ပါဌ်ကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} တတြတတြာဘိနန္ဒိနီတိ၊ယတြယတြအတ္တဘာဝေ၊တတြတတြာဘိနန္ဒိနီ၊ရူပါဒီသုဝါ၊အာရမ္မဏေသု၊တတြတတြာဘိနန္ဒိနီ၊ ရူပါဘိနန္ဒိနီ၊သဒ္ဒဂန္ဓရသဖောဋ္ဌဗ္ဗဓမ္မာဘိနန္ဒိနီတိအတ္ထော ဟူ၍သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်းအဖွင့်၊ သမုဒယသစ္စာအဖွင့်ကျမ်းနံပါတ် (၆၅)၌လာရှိသည်ကိုထောက်၍လည်းကောင်း။ တတြတတြာဘိနန္ဒိနီတိ၊ ယတြယတြအတ္တဘာဝေ၊နိဗ္ဗတ္တတိ၊တတြတတြအဘိနန္ဒိနီ၊ရူပါဒီသုဝါ၊ အာရမ္မဏေသု၊တတြတတြာဘိနန္ဒိနီ၊ရူပါဘိနန္ဒိနီ၊ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ၊ ဓမ္မာဘိနန္ဒိနီတိအတ္ထော ဟူ၍၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဆယ်ကြောင်းပေစိချပ်အတွင်းဘက် သမုဒယသစ္စာ အဖွင့်၌ ပြဆိုအပ်သည်ကို ထောက်၍လည်းကောင်း။ ထိုနည်းအဘူသုတ်မဟာဝါအဋ္ဌကထာ သတိပဋ္ဌာနသုတ်၊ သမုဒယသစ္စာအဖွင့် ကျမ်းနံပါတ်(၃၄၇)မျက်နှာ၌ လာရှိသည်ကိုထောက်၍လည်းကောင်း သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား တတြတတြာဘိနန္ဒိနီတိ၊တတြတတြာဘိနန္ဒိနီဟူသည်ကား။ယတြယတြ၊ အကြင်အကြင်ဘုံတို့၌။ အတ္တဘာဝေ၊ခန္ဓာငါးပါး ခန္ဓာလေးပါး ခန္ဓာတပါးတည်းဟူသော အတ္တဘောသည်။ နိဗ္ဗတ္တတိ၊ဖြစ်၏။ တတြတတြ၊ ထိုခန္ဓာငါးပါး ခန္ဓာလေးပါး ခန္ဓာတပါးတည်းဟူသော အတ္တဘော၏ဖြစ်ရာဘုံတို့၌။ အဘိ၊အလွန်။ နန္ဒိနီ၊နှစ်သက်မြတ်နိုးခင်မင်တပ်စွမ်းတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊တနည်းကား။ ယတြယတြရူပါဒီသု၊အာရမ္မဏေသု အကြင်အကြင်ရူပါရုံအစရှိသောအာရုံတို့၌။ ယာဘဏှာ၊ အကြင်တဏှာသည်။ ပဝတ္တတိ၊ အာရုံပြုသောအားဖြင့်ဖြစ်၏။ သာတဏှာ၊ ထိုအာရမ္မဏိကတဏှာသည်။ တတြတတြ ရူပါဒီသု အာရမ္မဏေသု၊ ထိုထိုသို့သောရူပါရုံအစရှိသောအာရုံတို့၌။ အဘိနန္ဒိနီ၊ အလွန်တမင်း နှစ်သက်မြတ်နိုး ခင်မင်တပ်စွမ်းတတ်၏။ ရူပါဘိနန္ဒိနီ၊အဆင်းရူပါရုံတို့၌လည်း အလွန်တမင်း နှစ်သက်မြတ်နိုးခင်မင်တပ်စွမ်းတတ်၏။သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗဓမ္မာဘိနန္ဒိနီ၊သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့၌လည်းအလွန်တမင်းနှစ်သက်

ဖြတ်နိုးခင်မင်တပ်စွမ်းတတ်၏၊ဣတိအယံ၊ဤသည်ကား။ အဝေသာ၊အနက်တည်း။ဤကါးသမ္မောဟပဋိနောဒနီအဋ္ဌကထာပါဌ်၏မြန်မာပြန်တည်း။တတြတတြာဘိနန္ဒိနီတိ၊တတြတတြာဘိနန္ဒိနီဟူသည်ကား။ယတြယတြ၊အကြင်အကြင်ဘုံတို့၌။အတ္တဘာဝေ၊ခန္ဓါငါးပါး ခန္ဓာလေးပါး ခန္ဓာတပါးတည်းဟူသော အတ္တဘောသည်၊နိဗ္ဗတ္တတိ၊ဖြစ်၏။ တတြတတြ၊ ထိုထိုခန္ဓါငါးပါး ခန္ဓာလေးပါး ခန္ဓာတပါးတည်းဟူသော အတ္တဘော၏ ဖြစ်ရာဘုံတို့၌။ အဘိနန္ဒိနီ၊အလွန်တမင်းနှစ်သက်ဖြတ်နိုးခင်မင်တပ်စွမ်းတတ်သည်။ဟောတိ၊ဖြစ်၏။ ဝါ၊တနည်းကား။ယတြယတြရူပါဒိသုအာရမ္မဏေသု'အကြင်အကြင်ရူပါရုံအစရှိသော အာရုံတို့၌။ ယာတဏှာ၊ အကြင်တဏှာသည်။ ပဝတ္တတိ၊အာရုံပြုသောအားဖြင့်ဖြစ်၏။ သာတဏှာ၊ ထိုအာရမ္မဏိကာတဏှာသည်။တတြတတြရူပါဒိသုအါရမ္မဏေသု၊ထိုထိုသို့သောရူပါရုံအစရှိသောအာရုံတို့၌။ အဘိနန္ဒိနီ၊အလွန်တမင်းနှစ်သက်ဖြတ်နိုးခင်မင်တပ်စွမ်းတတ်၏။ ရူပါဘိနန္ဒိနီ၊ရူပါရုံတို့၌အလွန်တမင်းနှစ်သက်ဖြတ်နိုးခင်မင်တပ်စွမ်းတတ်၏။ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မာဘိနန္ဒိနီ၊ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့၌ အလွန်တမင်းနှစ်သက်ဖြတ်နိုးခင်မင်တပ်စွမ်းဘတ်၏။ ဣတိအယံ၊ ဤသည်ကား၊ အဝေသာ၊အနက်တည်း။ဤကားပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဌ်တို့၏မြန်မာပြန်တည်း။ အဓိပ္ပါယ်ကား ထိုတဏှာသည်။ ထိုထိုခန္ဓါငါးပါးစသည်တို့၏ဖြစ်ရာဘုံ၊ ထိုထိုအာရုံခြောက်ပါးတို့၌အလွန်တမင်း နှစ်သက် ဖြတ်နိုးခင်မင်တပ်စွမ်းတတ်၏။ ထိုသို့ အလွန်တမင်း နှစ်သက်ဖြတ်နိုးခင်မင်တပ်စွမ်းတတ်သည်ကိုသိစေလိုသောကြောင့်။ ထိုတဏှာကိုတတြတတြာဘိနန္ဒိနီဟူ၍ ထပ်မံ၍ဟောတော်မူအပ်လေသည်ဟူလို။ ဤကားအကျဉ်းအဓိပ္ပါယ်တည်း၊ ဤသို့ပြဆိုအပ်သည်ကိုထောက်၍ ထိုတဏှာကို တတြတတြာဘိနန္ဒိနီဟူ၍ဟောါတော်မူအပ်သေါအဓိပ္ပါယ်ကိုသိကိုလေ။

{မေး} ထိုတဏှာ ကို တတြတတြာဘိနန္ဒိနီဟူ၍အမည်တပ်၍။နောက်တဘန်ဟောတော်မူအပ်သော အဓိပ္ပါယ်ကို ပြဆိုအပ်သောနည်းအတိုင်းသိအပ်ပါပြီ။ နောက်ထပ်တဘန် ထိုတဏှာကို သေယျထိဒံကာမတဏှာ၊ ဘဝတဏှာ၊ဝိဘဝတဏှာဟူ၍ဟောတော်မူအပ်ပါသည်။ဟောတော်မူအပ်သောအဓိပ္ပါယ်ကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ထိုဘဏှာသည်ဘုံဘဝအာရုံတို့ကိုနှစ်သက်သည်၏အစွမ်းအါးဖြင့်တပါးတည်းပင်ဖြစ်သော်လည်း။ရူပါရုံစသောကာမဝတ္ထုကိုနှစ်သက်ခြင်း၏အစွမ်း။ဘုံဘဝတို့ကိုနှစ်သက်ခြင်း၏အစွမ်း။ဘဝကင်းပြတ်ခြင်းကို

နှစ်သက်ခြင်း၏ အစွမ်းအားဖြင့် တဏှာ၏ ပြုလုပ်ခြင်းကိစ္စမတူ၊ ကွဲပြားသောအခြင်းအရာအထူး၏ အစွမ်းကိုပြလို၍။ သေယျထိဒံကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူ၍ ဘုရားရှင် ဟောတော်မူအပ်သည်ဟုသိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} သေယျထိဒံ နိပါတော၊ ကဿာသာကတမာတိစေတိအယံမတ္ထော၊ ရူပတဏှာဒိဘေဒေန၊ ဆဗ္ဗိဓါယေဝတဏှာ၊ ပဝတ္တိအာကာရဘေဒတော၊ကာမတဏှာဒိဝသေန၊တိဝိဓါဝုတ္တာဟူ၍တေရသကဏ္ဍီကါ မဟာဝါခန္ဓကအဖွင့်စာမျက်နှာနံပါတ်(၄၃)မျက်နှာသမုဒယသစ္စာအဖွင့်၌။ မိန့်ဆိုအပ်သည်ကိုထောက်၍သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ သေယျထိဒံ၊ သေယျထိဒံသောသဒ္ဒါ၊ သေယျထိဒံဟူသော ဤသဒ္ဒါသည်။ နိပါတော၊နိပါတ်ပုဒ်တည်း။ တဿ၊ ထိုသေယျထိဒံဟူသောနိပါတ်ပုဒ်၏။သာတဏှာ၊ထိုတဏှာသည်။ကတမာ၊အဘယ်နည်းဣတိ၊ဤသို့။ စေပုစ္ဆေယျ၊အကယ်၍မေးငြားအံ့။ဣတိအယံ၊ဤသည်ကားအတ္ထော၊အနက်တည်း။ ရူပတဏှာဒိဘေဒေန၊ရူပတဏှာစသည်တို့၏အပြားအားဖြင့်။ ဆဗ္ဗိဓါယေဝ၊ခြောက်ပါးအပြားရှိသည်သာလျှင်ဖြစ်သော။ တဏှာ၊တဏှာကို။ ပဝတ္တိအာကာရဘေဒေန၊အာရုံပြုခြင်း၏ အစွမ်းဖြင့်ဖြစ်သောအခြင်းအရာကိစ္စအထူးအားဖြင့်။ ကာမတဏှာဒိဝသေန၊ကာမတဏှာစသည်တို့၏အစွမ်းအားဖြင့်။ ဝါ၊ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၏အစွမ်းအါးဖြင့်။တိဝိဓါ၊သုံးပါးအပြားရှိသည်ကို၊ဝုတ္တာ၊ဟောတော်မူအပ်၏။ ဤသို့ပြဆိုအပ်သော တေရသကဏ္ဍီကါပါဠိတို့တွင်။ တဏှာ၊ပဝတ္တိအာကာရဘေဒေန၊တိဝိဓါဝုတ္တာဟူ၍ဖွင့်ပြအပ်သောပါဠိတို့ကိုထောက်၍ ။ရူပါရုံစသောကာမဝတ္ထုတို့ကိုနှစ်သက်ခြင်း၏ အစွမ်း။ ဘုံဘဝတို့ကိုနှစ်သက်ခြင်း၏အစွမ်း။ ဘဝကင်းပြတ်ခြင်းကိုနှစ်သက်ခြင်း၏အစွမ်းအားဖြင့်။ တဏှာ၏ပြုလုပ်ခြင်းကိစ္စမတူ ကွဲပြားသောအခြင်းအရာအထူးကိုပြလို၍။ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဟူ၍သုံးပါးသောအခြင်းအရာဖြင့် ဘုရားဟောတော်မူအပ်သော အဓိပ္ပါယ်ကိုသိကြလေ။

{မေး} ထိုသုံးပါးသောတဏှာတို့တွင်၊ ကာမတဏှာဆိုအပ်သည်မှာ အဘယ်တဏှာကိုဆိုအပ်ပါသနည်း။ ထိုကာမတဏှာကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ရူပါရုံစသော ကာမဂုဏ် အာရုံတို့ကို နှစ်သက်မြတ်နိုးခင်မင်

တပ်စွမ်းသောတဏှာကို ကာမတဏှာဟုသိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} ကာမတဏှာတိ၊ကာမေတဏှာ၊ကာမတဏှာ၊ပဉ္စကာမဂုဏ်
ကရာဂဿေတံ၊အဓိဝစနံဟူ၍သမ္မောဟဝိနောဒနီအဋ္ဌကထာသစ္စဝိဘင်း သ
မုဒယသစ္စာအဖွင့် ကျမ်းနံပါတ်(၉၅)မျက်နှာ၌ဖွင့်ဆိုအပ်သည်ကိုထောက်
၍လည်းကောင်း။ ထိုနည်းအတူပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဆယ်ကြောင်းပေ
စိချပ် ဇတွင်းဘက်သမုဒယသစ္စာအဖွင့်၌ မိန့်ဆိုအပ်သည်ကိုထောက်၍
လည်းကောင်း။ ထိုနည်းအတူ သုတ်မဟာဝါအဋ္ဌကထာသတိပဋ္ဌာန်သစ္စအ
ခဏ်း သမုဒယသစ္စာအဖွင့်ကျမ်းနံပါတ် (၃၄၈)မျက်နှာ၌ပြဆိုအပ်သည်
ကိုထောက်၍လည်းကောင်းသိအပ်ပါသည်။ အနက်သိကြောင်းမြန်မာ
ပြန်ကား။ ကာမတဏှာတိ၊ကာမတဏှာဟူသည်ကား။ ကာမေ၊အလိုရှိ
အပ်သော ရူပါရုံအစရှိသောကာမဂုဏ်တရား၌။ ပဝတ္တာ၊ ဖြစ်သော။ တ
ဏှာ၊တဏှာသည်။ ကာမတဏှာ၊ ကာမဂုဏ်ငါးပါး၌ဖြစ်သောတဏှာ။
ဧတံ၊ဤကာမတဏှာဟူသောအမည်သည်။ ပဉ္စဂုဏိကရာဂဿ၊ ငါးပါး
သောကာမဂုဏ်၌တပ်တတ်သောရာဂ၏။ နာမံ၊အမည်တည်း။ဤသို့ပြဆို
အပ်သောအဋ္ဌကထာစကားတို့ကိုထောက်၍ကာမတဏှာကိုသိကြလေ။ ။
ဤပြဆိုအပ်သော အဋ္ဌကထာတို့၌ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ
ကိုနှစ်သက်မြတ်နိုးခင်မင်တပ်တတ်သောတဏှာကို ကာမတဏှာဟုဆို
တော်မူခြင်းသည်။ ဥပလက္ခဏာနိဒဿန၊ပဓါန နည်းတို့၏အစွမ်းဖြင့်သာ
ပြဆိုတော်မူအပ်သည်။စင်စစ်မှာ စက္ခု သောတ ဃာန ဇိဝှါ ကာယ မနော
စသောဓမ္မာရုံတို့ကိုနှစ်သက်မြတ်နိုးသော တဏှာသည်လည်း။ ကာမတ
ဏှာသာလျှင်တည်း။ ထိုကြောင့်ဘုရားရှင်သည် သုတ်မဟာဝါပါဠိတော်
သတိပဋ္ဌာန်သုတ်သစ္စအရာ၌၊ ရူပါလောကေ သဒ္ဒါလောကေ ဂန္ဓာလော
ကေ ရသာလောကေ ဖောဋ္ဌဗ္ဗာလောကေ ဓမ္မာလောကေ၊ ပိယရူပံသာတ
ရူပံ၊ ဧတ္ထေသာတဏှာဥပဇ္ဇမာနာ ဥပဇ္ဇတိ။ ဧတ္ထနိဝိသမာနာနိဝိသတိ
စသည်ဖြင့်အကျယ်ဟောတော်မူအပ်၏။ထိုအကျယ်ကို၊သုတ်မဟာဝါ သ
တိပဋ္ဌာန်ပါဠိတော်၌ယူလေ။ ။မြန်မာပြန်ကား။လောကေ၊လောက၌။ရူပါ
အဆင်းရူပါရုံတို့သည်။ပိယရူပံ၊ချစ်မြတ်နိုးအပ်သောသဘောရှိသောအာ
ရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။
လောကေ၊လောက၌။သဒ္ဒါ၊ အသံတည်းဟူသောသဒ္ဒါရုံတို့သည်။ ပိယရူပံ
ချစ်မြတ်နိုးအပ်သောသဘောရှိသောအာရုံတည်း။သာတရူပံ၊ သာယာအပ်
သောသဘောရှိသောအာရုံတည်း။ လောကေ၊ လောက၌။ ဂန္ဓာ၊ အနံ့ဟူ

ဆိုအပ်သော ဂန္ဓာရုံတို့သည်။ ပိယရူပံ၊ ချစ်မြတ်နိုးအပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ လောကေ၊ လောက၌။ ရသာ၊ အရသာဟုဆိုအပ်သော ရသာရုံတို့သည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ လောကေ၊ လောက၌။ ဖောဋ္ဌဗ္ဗာ၊ တွေ့ထိအပ်သော ဖောဋ္ဌဗ္ဗာရုံတို့သည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ လောကေ၊ လောက၌။ ဓမ္မာ၊ စက္ခုစသော ဓမ္မာရုံတို့သည်။ ပိယရူပံ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤဆိုအပ်ပြီးသော ချစ်အပ်သော သဘော သာယာအပ်သော သဘောရှိသော အာရုံတို့၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤချစ်အပ်သော သဘော၊ သာယာအပ်သော သဘောရှိသော အာရုံတို့၌။ နိဝိသမာနာ၊ အဘန်တလဲလဲဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည်၏။ ဤသို့ဟောတော်မူအပ်သည်ကိုထောက်၍ ဓမ္မာရုံတို့၌လည်း။ ရင်းကာမတဏှာဖြစ်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။

{မေး} ကာမတဏှာ၏အရကို ပြဆိုအပ်ပြီးသောနည်းအတိုင်း သိရပါပြီ။ ဘဝတဏှာကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဘဝတဏှာဆိုအပ်သည်မှာတခြားကိုမဆိုအပ်။ ဘဝကိုတောင့်တသည်၏ အစွမ်းဖြင့် ဖြစ်သောတဏှာကိုလည်း ဘဝတဏှာဟုဆိုအပ်ပါသည်။ သဿတဒိဋ္ဌိနှင့် တကွဖြစ်သောတဏှာကိုလည်း ဘဝတဏှာဟုဆိုအပ်ပါသည်။ ရူပဘဝ အရူပဘဝကိုတပ်တတ်သောတဏှာကိုလည်း။ ဘဝတဏှာဟုဆိုအပ်ပါသည်။ ရအပ်ပြီးသောဈာန်တရားကို နှစ်သက်မြတ်နိုးတတ်သောတဏှာကိုလည်း ဘဝတဏှာဟုဆိုအပ်ပါသည်ဟူ၍ သိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} ဘဝတဏှာ ဘဝတဏှာ၊ ဘဝပတ္ထနာဝသေန၊ ဥပ္ပန္နသဿ၊ သဿတဒိဋ္ဌိသဟဂတဿ၊ ရူပါရူပဘဝရာဂဿစ၊ ဈာနနိကန္တိယာ၊ စေတံအဓိဝစနံဟူ၍သုတ်မဟာဝါအဋ္ဌကထာ သတိပဋ္ဌာနသုတ်၊ သမုဒယ သစ္စာ အဖွင့် ကျမ်းနံပါတ်(၃၄၇)မျက်နှာ၌ ပြဆိုအပ်သည်ကိုထောက်၍သည်းကောင်း။ ထိုနည်းအတူ။ သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်း သမုဒယ သစ္စာအဖွင့် ကျမ်းနံပါတ်(၉၅) မျက်နှာ၌ ပြဆိုအပ်သည်ကိုထောက်၍လည်း

ကောင်း။ ထိုနည်းအတူ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဉာဏကထာနိဒ္ဒေသ၊ သမုဒယ သစ္စာအဖွင့်ဆယ်ကြောင်းပေစိချပ် အတွင်းဘက်၌ပြဆိုအပ်သည်ကိုထောက် ၍လည်းကောင်း သိအပ်ပါသည်။ ဘဝ၊ ဘဝ၌။ ပဝတ္တာ ဖြစ်သော။ တဏှာ တဏှာတည်း။ ဘဝတဏှာ၊ ဘဝ၌ဖြစ်သောတဏှာ။ ဧတံ၊ ဘဝတဏှာ ဟူသော၏အမည်သည်။ ဘဝပတ္ထနာဝသေန၊ အဖြစ်ကိုတောင့်တခြင်း၏ အစွမ်းအားဖြင့်။ ဥပ္ပန္နဿစ၊ ဖြစ်သောတဏှာ၏လည်းကောင်း၊ သဿတဒိဋ္ဌိ သဟဂတဿ၊ သတ္တဝါသင်္ခါရတို့ကိုမြဲ၏ဟူ၍ စွဲသန်းယူတတ်သော သ သတဒိဋ္ဌိနှင့်တကွဖြစ်သော။ ဝါ၊ တကွနှီးနှောသော။ တဏှာယစ၊ တ ဏှာ၏လည်းကောင်း။ ရူပါရူပဘဝရာဂဿစ၊ ရူပဘဝအရူပဘဝကိုတပ် တတ်သော ရာဂ၏လည်းကောင်း။ ဈာနနိကန္တိယာစ၊ ဈာန်၌တပ်တတ် သောတဏှာ၏လည်းကောင်း။ အဓိဝစနံ၊ အမည်တည်း။ ဤသို့ပြဆိုအပ် သည်ကိုထောက်၍ဘဝတဏှာကိုသိကြလေ။

{မေး} ဘဝတဏှာကိုပြဆိုအပ်ပြီးသောနည်းအတိုင်းသိရပါပြီ။ဝိဘဝ တဏှာကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဤဘဝမှသေလျှင် နောင်ခန္ဓာ ဖြစ်မှုမရှိဘဲ ကင်း ပြတ် လေ တော့ သည်ဟုအယူရှိပြီးလျှင်။ နောင်ခန္ဓာဖြစ်မှုမရှိဘဲ ကင်းပြတ်ခြင်းကိုသာနှစ် သက်တွယ်တာခင်မင်တတ်သောတဏှာကို ဝိဘဝတဏှာဟုသိအပ်ပါ သည်။

{မေး} အဘယ်ပါဌ်ကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} ဝိဘဝေတဏှာ၊ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိသဟဂတဿ ရာ ဂဿေတံအဓိဝစနံဟူ၍၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်းသမုဒ ယသစ္စာအဖွင့်ကျမ်းနံပါတ် (၉၄) မျက်နှာ၌ပြဆိုအပ်သည်ကို ထောက်၍ လည်းကောင်း။ ထိုနည်းအတူ သုတ်မဟာဝါအဋ္ဌကထာ သတိပဋ္ဌာန် သမုဒ ယသစ္စာအဖွင့်၌ ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ထိုနည်းအတူ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဉာဏကထာနိဒ္ဒေသ၊သမုဒယသစ္စာအဖွင့်ဆယ်ကြောင်း ပေစိချပ်အတွင်းဘက်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း သိအပ် ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဝိဘဝေ၊ ဘဝကင်း ခြင်း၌။ ဝါ၊ ခန္ဓာတို့၏အဖြစ်မှ ကင်းခြင်း၌။ ပဝတ္တာ၊ ဖြစ်သော။ တဏှာ၊ တဏှာတည်း။ ဝိဘဝတဏှာ၊ ဘဝကင်းခြင်း၌၊ ဝါ၊ ခန္ဓာတို့၏အဖြစ်မှကင်း ခြင်း၌ဖြစ်သောတဏှာ။ ဧတံ၊ ဝိဘဝတဏှာဟူသောအမည်သည်။ ဥစ္ဆေဒ ဒိဋ္ဌိသဟဂတရာဂဿ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော။ ဝါ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွနှီးနှောသောရာဂ၏။ အဓိဝစနံ၊ အမည်တည်း။ ဤသို့ပြဆိုအပ်သော

အဋ္ဌကထာချုပ်တို့၏ စကားတို့ကို ထောက်၍ ဝိဘဝတဏှာကိုသိကြလေ။

{မေး} ထိုတဏှာသုံးပါးကို အာရုံပြု၍။ မဇ္ဈိမာ ပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံအပ်ပုံကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဤပြဆိုလတ္တံ့သောနည်းကိုအစဉ်လျှောက်၍သိအပ်ပါသည်။

သိပုံမှာ။ အလွန်နှစ်သက်အပ်သော ရူပါရုံအဆင်းကို မြင်၍မြင်၍။ ကာမဿာဒ၏အစွမ်းအားဖြင့် သာယာနှစ်သက်သည်ဖြစ်အံ့။ ထိုအခါ၊ကာမတဏှာသည်ဖြစ်၏။ယင်းရူပါရုံအဆင်းကိုလျှင်။ခင်စစ်မြဲ၏ဟူ၍၊ သဿတဒိဋ္ဌိ၏အစွမ်းအားဖြင့် နှစ်သက်မြတ်နိုးတပ်မက်မောသည်ဖြစ်အံ့။ ထိုအခါဘဝတဏှာဖြစ်၏။ ယင်းမြင်အပ်သောရူပါရုံသည်ဤဘဝ၌သာမြင်အပ်၏။ ဤဘဝမှနောက်၌ပြတ်ကောက်လေ၏ဟူ၍။ နှစ်သက်မြတ်နိုးတပ်မက်မောသည်ဖြစ်အံ့၊ ထိုအခါဝိဘဝတဏှာသည်ဖြစ်၏၊ ထိုသို့ဖြစ်သောတဏှာတို့ကိုအာရုံပြု၍ အဖန်တလဲလဲဝိပဿနာပညာဖြင့်ဆင်ခြင်သုံးသပ်အပ်၏။ ထိုသို့သုံးသင်တိုင်းသုံးသပ်တိုင်း တဏှာသုံးပါးကိုဟုတ်တိုင်းမှန်စွာသိမြင်တတ်သော သမ္မာဒိဋ္ဌိဉာဏ်သည်ဖြစ်၏။ ထိုသမ္မာဒိဋ္ဌိဉာဏ်ဖြစ်တိုင်းဖြစ်တိုင်း၊ ယင်းအာရုံသို့ရောက်အောင်တင်တတ်သောသဘော သမ္မာသင်္ကပ္ပ။ ထိုအခိုက် နှုတ်ကိုသိမ်းဆည်းတတ်သောသဘော သမ္မာဝါစာ၊ ထိုအခိုက်ကိုယ်ကိုကောင်းစွာထားတတ်သောသဘော သမ္မာကမ္မန္တ၊အသက်မွေးမှုနှင့်စပ်၍ဖြူစင်စေတတ်သောသဘော သမ္မာအာဇီဝ။ ထိုအာရုံ၌သမ္မာဒိဋ္ဌိစသောတရားတို့ဖြစ်အောင် အားထုတ်တတ်သော သမ္မာဝါယာမ။ထိုအာရုံ၌သမ္မာဒိဋ္ဌိစသောတရားတို့ထင်နေအောင် အောက်မေ့တွေးတောတတ်သောသဘော သမ္မာသတိ။ ယင်းအာရုံ၌ သမ္မာဒိဋ္ဌိစသောတရားတို့ကိုမပျံ့မလွင့်တည်စေတတ်သော သဘော သမ္မာသမာဓိ။ ဤပြဆိုအပ်ပြီးသော မဂ္ဂင်ရှစ်ပါးတရားတို့သည် တပေါင်းတည်း မိမိမိမိတို့၏ ကိစ္စကိုပြုလျက်ဖြစ်ကြကုန်၏။ထိုသမ္မာဒိဋ္ဌိစသောရှစ်ပါးသော မဂ္ဂင်တရားတို့ကို အရိယဟူ၍ခေါ်ပုံ၊ မဂ္ဂဟူ၍ခေါ်ပုံ၊အရိယမဂ္ဂဟူ၍ခေါ်ပုံတို့ကိုဒုက္ခသစ္စာအခန်း၌ ပြဆိုအပ်ပြီးသောနည်းအတိုင်းသိကြလေ။ထိုသမ္မာဒိဋ္ဌိအမှူးရှိသောမဂ္ဂင်ရှစ်ပါးတရားကို ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ဟုခေါ်ဆိုအပ်သည်၊ အဘယ်ကြောင့်ဆိုသော် တဏှာသုံးပါးတည်းဟူသော သင်္ခါရအာရုံကိုအာရုံပြု၍သိသောကြောင့်တည်း။ ထိုသမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာမဂ်ဖြစ်တိုင်းဖြစ်တိုင်း တဏှာသုံးပါးကိုမသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည် ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊

အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့အယုတ်တရားနှစ်ပါးမှ ကင်းလွတ်သောကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်သည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ တို့ကိုအာရုံပြု၍။ ဝိပဿနာ ဉာဏ်ဖြင့်သိတိုင်း သိတိုင်း။ မဇ္ဈိမာပဋိပဒါတည်းဟူသောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံသည်၏အဖြစ်သို့ရောက်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။ ထိုနည်းအတူ အလွန်နှစ်သက်ဘွယ်ရှိသော သဒ္ဒါရုံ အသံကို ကြား၍ကြား၍။ ကာမသဿာဒ၏အစွမ်းအားဖြင့် နှစ်သက်မြတ်နိုးတပ်မက်မောသည်ဖြစ်အံ့ ထိုအခါကာမတဏှာသည်ဖြစ်၏။ ၎င်းသဒ္ဒါရုံအသံကိုလျှင် စင်စစ် မြဲနေ၏ဟူ၍။ သဿတဒိဋ္ဌိ၏အစွမ်းဖြင့်နှစ်သက်မြတ်နိုး တပ်မက်မောသည်ဖြစ်အံ့၊ ထိုအခါဘဝတဏှာဖြစ်၏။ ဤသို့ဖြစ်သောတဏှာတို့ကိုအာရုံပြု၍အဘန်တလဲလဲ ဝိပဿနာပညာဖြင့် ဆင်ခြင်သုံးသပ်အပ်၏။ ထိုသို့သုံးသပ်တိုင်း သုံးသပ်တိုင်း။ တဏှာသုံးပါးကိုဟုတ်တိုင်းမှန်စွာ သိမြင်တတ်သောသမ္မာဒိဋ္ဌိဉာဏ်သည်ဖြစ်၏။ ထိုသမ္မာဒိဋ္ဌိဉာဏ်ဖြစ်တိုင်းဖြစ်တိုင်း အထက်ဘပြဆိုအပ်သောနည်းအတိုင်း။ သမ္မာသင်္ကပ္ပစသော မဂ္ဂင်ခုနှစ်ပါးတို့လည်း တပြိုင်နက်တချက်ထည်း မိမိမိမိတို့၏ကိစ္စတို့ကိုပြုလျက်ပါကြလေကုန်၏ ထိုသို့ပါခြင်းကြောင့် သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာ အဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း သဒ္ဒါရုံ၌ဖြစ်သောတဏှာသုံးပါးကို ဟုတ်တိုင်းမှန်စွာ မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွသော ကိလေသာတို့သည်လည်း ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသောအယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့အယုတ်တရားနှစ်ပါးမှကင်းလွတ်နေခြင်းကြောင့်။ ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကိုမဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာကိုအာရုံပြု၍။ ဝိပဿနာဉာဏ်ဖြင့်သိတိုင်းသိတိုင်း မဇ္ဈိမာပဋိပဒါတည်းဟူသောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှီဝဲကျင့်ကြံခြင်းသို့ရောက်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။ ဤပြဆိုအပ်သောနည်းကိုမှီ၍ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့ကို အာရုံပြု၍ဖြစ်ကုန်သော ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတို့ဖြစ်ပုံကိုလည်းကောင်း။ ထိုတဏှာသုံးပါးကိုအာရုံပြု၍သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်ပုံကိုလည်းကောင်း။ ထိုဝိပဿနာ အဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်း

မဇ္ဈိမာပဋိပဒါတည်းဟူသော အရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကို မှီဝဲကျင့်ကြံပုံကိုလည်းကောင်း သိကြလေကုန်၊

ထိုတကျွာသုံးပါးသည်။စင်စစ်၊ သတ္တဝါ၊ ပုဂ္ဂိုလ်၊ အသက်၊အကောင်စသည်မဟုတ်။ အနတ္တတရားသာလျှင် ဖြစ်၏ဟူ၍၊ ဝိပဿနာ ဉာဏ်ဖြင့် အာရုံပြု၍ဆင်ခြင်တိုင်းဆင်ခြင်တိုင်း။ ဟုတ်တိုင်းမှန်စွာ အနတ္တအဖြစ်ကို မြင်တတ်သော သမ္မာဒိဋ္ဌိဉာဏ်သည် ဖြစ်၏။ ထိုသမ္မာဒိဋ္ဌိဉာဏ် ဖြစ်တိုင်းဖြစ်တိုင်း။ သမ္မာသင်္ကပ္ပစသော မဂ္ဂင်ခုနစ်ပါးတို့သည်လည်း၊ တပြိုင်နက်တချက်ထည်း။ မိမိ မိမိတို့၏ကိစ္စတို့ကိုပြုလျက် ပါကြလေကုန်၏။ ထိုသို့ ပါခြင်းကြောင့်။ သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည် ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ တကျွာသုံးပါး၏သတ္တဝါစသည်အတ္တမဟုတ်သောအနတ္တတရား၏အဖြစ်ကိုမသိမမြင်တတ်သောအဝိဇ္ဇာမောဟနှင့်တကွ ကိလေသာတို့သည်လည်းကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့် ၎င်းဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟုခေါ်ဆိုအပ်သည်။လ။ထင်ရှားသိကြလေ။ထိုတကျွာသုံးပါးသည် ရူပါရုံကိုအကြောင်းခံ၍ဖြစ်ပေါ်လျှင်လည်း။ ၎င်းရူပါရုံနှင့်ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျောက်လေ၏။ သဒ္ဒါရုံကို အကြောင်းခံ၍ဖြစ်ပေါ်လျှင်လည်း။ ၎င်းသဒ္ဒါရုံနှင့်ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့် ပျက်စီးကွယ်ပျောက်လေ၏။ ဂန္ဓာရုံကိုအကြောင်းခံ၍ ဖြစ်ပေါ်လျှင်လည်း။၎င်းဂန္ဓာရုံနှင့်ပင်ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျောက်သွားလေ၏။ ရသာရုံကိုအကြောင်းခံ၍ဖြစ်ပေါ်လျှင်လည်း။၎င်းရသာရုံနှင့်ပင်လျှင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျောက်သွားလေ၏။ ဖောဋ္ဌဗ္ဗာရုံကိုအကြောင်းခံ၍ ဖြစ်ပေါ်လျှင်လည်း။၎င်းဖောဋ္ဌဗ္ဗာရုံနှင့်ပင်ဇာတိဇရာမရဏာမီးတို့လောင်ခြင်းကြောင့်ပျက်စီးသွားလေ၏။ ၎င်းတကျွာသုံးပါးသည်ဓမ္မာရုံကိုအကြောင်းခံ၍ဖြစ်ပေါ်လျှင်လည်း၊၎င်းဓမ္မာရုံနှင့်ပင် ဇာတိ ဇရာ မရဏာမီးတို့လောင်ခြင်းကြောင့်ပျက်စီးကွယ်ပျောက်သွားလေ၏၊ ထိုသို့ပျက်စီးကွယ်ပျောက်၍သွားခြင်းကြောင့်၊ ၎င်းကာမတကျွာ ဘဝတကျွာ ဝိဘဝတကျွာသုံးပါးသည် မမြဲသောတရားသာဖြစ်၏ဟူ၍၊ ဝိပဿနာဉာဏ်ဖြင့်အာရုံပြု၍ ဆင်ခြင်တိုင်းဆင်ခြင်တိုင်း။ တကျွာသုံးပါး၏ အနိစ္စအဖြစ်ကို ဟုတ်တိုင်းမှန်စွာသိမြင်တတ်သော သမ္မာဒိဋ္ဌိဉာဏ်သည်ဖြစ်၏။ ထိုသမ္မာဒိဋ္ဌိဉာဏ်ဖြစ်တိုင်းဖြစ်

တိုင်း။ သမ္မာသက်ပ္ပစသော မဂ္ဂင်ရှစ်ပါးတို့သည်လည်း၊ ၎မိမိင်တို့၏ကိစ္စတို့ကိုပြုလျက်တပြိုင်နက်တချက်ထည်းပါကြသေကုန်၏။ ထိုသို့ပါခြင်းကြောင့် သမ္မာဒိဋ္ဌိအမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ တဏှာသုံးပါး၏အနိစ္စ၏ အဖြစ်ကိုဟုတ်တိုင်းမှန်စွာ မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွ ကိလေသာတို့သည်လည်းကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်းကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့် ၎င်းတဏှာသုံးပါး၏အနိစ္စအဖြစ်ကိုအာရုံပြု၍။ ဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်သည်။ လ၊ ထင်ရှားသိကြလေ။ အာရုံခြောက်ပါးတို့တွင်တပါးပါးကိုအာရုံပြု၍ ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်းသော၊ ၎င်းတဏှာတရားတို့ကို ဓာတိ ဓရေ မရဏမီးတို့သည် လောင်ကျွမ်းစေကုန်၏။ ထိုသို့မီးသုံးပါးတို့လောင်ကျွမ်းခြင်းကိုခံရသော ၎င်းတဏှာသုံးပါးသည်။ စင်စစ်မသက်သာသော ဒုက္ခတရားသာလျှင်ဖြစ်ပေ၏။ ထိုသို့ဒုက္ခဖြစ်သည်ကို ဝိပဿနာဉာဏ်ဖြင့်အာရုံပြု၍ဆင်ခြင်တိုင်းဆင်ခြင်တိုင်း။ တဏှာသုံးပါး၏ဒုက္ခအဖြစ်ကို ဟုတ်တိုင်းမှန်စွာသိမြင်တတ်သောသမ္မာဒိဋ္ဌိဉာဏ်သည်ဖြစ်၏။ ထိုသမ္မာဒိဋ္ဌိဉာဏ်ဖြစ်တိုင်း သမ္မာသက်ပ္ပစသောမဂ္ဂင်ရှစ်ပါးတို့သည်လည်း။ မိမိမိမိတို့၏ကိစ္စတို့ကိုပြုလျက် တပြိုင်နက်တချက်ထည်းဖြစ်ပါကြကုန်၏။ ထိုသို့ဖြစ်ပါခြင်းကြောင့် သမ္မာဒိဋ္ဌိ အမှူးရှိသော ဝိပဿနာအဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ တဏှာသုံးပါး၏ ဒုက္ခအဖြစ်ကိုဟုတ်တိုင်းမှန်စွာ မသိမမြင်တတ်သော အဝိဇ္ဇာမောဟနှင့်တကွ ကိလေသာတို့သည်လည်းကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ကင်းလွတ်နေခြင်းကြောင့် ၎င်းတဏှာသုံးပါး၏ ဒုက္ခအဖြစ်ကို အာရုံပြု၍ ဖြစ်တိုင်းဖြစ်တိုင်းသော ဝိပဿနာ အဋ္ဌင်္ဂိကမဂ်ကို မဇ္ဈိမာပဋိပဒါဟု ခေါ်ဆိုအပ်သည်။ လ၊ ကျင့်ကြံသည်၏အဖြစ်ကိုထင်ရှားသိကြလေကုန်။ ထိုတဏှာသုံးပါး၏ စင်စစ် သတ္တဝါအတ္တမဟုတ် မမြဲသည်၏အဖြစ်၊ ဒုက္ခတရားသာလျှင် ဖြစ်သည်၏အဖြစ်ကို။ ဝိပဿနာဉာဏ်ဖြင့် မြင်နေလျှင်၊ ၎င်းတဏှာတို့၏ဖြစ်မှုကိုအဘယ်မှာလိုခြင်းအံ့နည်း။ စင်စစ် အလိုမရှိလေပြီ၊ စင်စစ်အလိုမရှိ၍ ၎င်းတို့၏လွတ်ရာကိုရှာလေလျှင်။ ၎င်းတို့မှ လွန်မြောက်နေသော မဖြစ်မပျက်ဘဲ အမြဲရှိနေသော အသင်္ခတဓါတ် နိဗ္ဗာန်ကိုသာ အာရုံပြု၍ ခေါက်

လေရော၏။ထိုသို့ရောက်၍ အာရုံပြုဘန်များလျှင် မဂ်လေးတန်သို့ရောက်၍ ၎င်းတဏှာတို့သည်။နောင် အဆက်ဆက်ဖြစ်မှုမရှိဘဲကုန်ခြင်းသို့သာရောက်လေအံ့သတည်း။ ထိုအကြောင်းတဏှာအဆက်ဆက်ဖြစ်မှုမရှိလျှင် အကျိုးဒုက္ခတရားအဆက်ဆက်တို့လည်းဖြစ်မှုမရှိဘဲကွယ်လေတော့အံ့သတည်း။

{မေး} ထိုတဏှာသုံးပါးကို အဘယ်ကြောင့်ဒုက္ခ သမုဒယဟု ဟောတော်မူအပ်ပါသနည်း။

{ဖြေ} ထိုတဏှာသုံးပါးကို အထက်ကပြဆိုအပ်ပြီးသော ဝဋ်ဒုက္ခတရားတို့၏ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဒုက္ခ သမုဒယဟုဟောတော်မူအပ်သည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} ဣဒံခေါပန ဘိက္ခဝေ ဒုက္ခသမုဒယံအရိယသစ္စံဟူ၍ ဓမ္မစက္ကပဝတ္တနသုတ်၌ဘုရားရှင်ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း ဣဒဉ္စာပိ၊ဒုတိယသစ္စံ၊အဝသေသပစ္စယသမာယောဂေသတိ၊ဒုက္ခဿုပ္ပတ္တိကာရဏံ၊ဣတိဒုက္ခဿသံယောဂေ၊ ဥပ္ပတ္တိကာရဏတ္တာ၊ဒုက္ခသမုဒယန္တိ ဝုစ္စတိဟူ၍ သမ္မောဟဝိနောဒနီအဋ္ဌကထာသစ္စဝိဘင်းအဖွင့်၌ ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ဣဓပနာယံတိဝိဓာပိ၊ဒုက္ခသစ္စဿ၊ နိဗ္ဗတ္တကဋ္ဌေန၊ ကေတွာဥပနေတ္တာ၊ ဒုက္ခသမုဒယံ အရိယသစ္စန္တိ၊ ဝုတ္တာတိဝေဒိတဗ္ဗာဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာသစ္စနိဒ္ဒေသ သမုဒယ သစ္စာအဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်းသိအပ်ပါသည်။ ။အနက်သံကြောင်းမြန်မာပြန်ကား၊ ဘိက္ခဝေ၊ပဉ္စဝဂ္ဂီရဟန်းတို့။ဣဒံခေါပန၊ဤကာမတဏှာ ဘဝတဏှာ၊ဝိဘဝတဏှာတည်းဟူသော တဏှာသုံးပါးတရားသဘောသည်ကား။ ဒုက္ခသမုဒယံ၊ပြဆိုအပ်ပြီးသော ဇာတိ ဒုက္ခအစ ပဉ္စုပါဒါနက္ခန္ဓာအဆုံးရှိသော ဒုက္ခဟူသမျှတို့၏ဖြစ်ခြင်း၏အကြောင်းဖြစ်သော အရိယသစ္စံ၊အရိယာ၏အဖြစ်ကိုပြုတတ်သော မချွတ်မယွင်း မှန်ကန်သောတရားမည်၏။ ဤကားဓမ္မစက္ကပဝတ္တနသုတ်ပါဠိ၏မြန်မာပြန်တည်း။

ဣဒဉ္စာပိဒုတိယသစ္စံ၊ ဤနှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သမုဒယ သစ္စာသည်လည်း။ အဝသေသ၊မိမိမှကြွင်းသော။ ပစ္စယသမာယောဂေ၊ အကြောင်းပစ္စည်းနှင့်ယှဉ်ခြင်းသည်။ သတိ၊ ရှိသော်။ ဒုက္ခဿ၊ ပြဆိုအပ်ပြီးသောဒုက္ခဟူသမျှတို့၏။ ဥပ္ပတ္တိကာရဏံ၊ဖြစ်ခြင်း၏ အကြောင်းတရားသည်။ ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။ဒုက္ခဿ၊ပြဆိုအပ်ပြီးသောဒုက္ခဟူသမျှတို့၏ (ကာရဏတ္တာ၌စပ်) သံယောဂေ၊ တပါးသော ပစ္စည်းနှင့် ယှဉ်ခြင်းသည်၊ သတိ ရှိသော်။ဥပ္ပတ္တိကာရဏတ္တာ၊ဖြစ်ခြင်း၏အကြောင်းဖြစ်သည်

၏အဖြစ်ကြောင့်။ဒုက္ခသမုဒယ န္တိ၊ဒုက္ခသမုဒယဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ဤ
ကား သမ္မောဟဝိနောဒနီအဋ္ဌကထာပါဌ်၏မြန်မာပြန်တည်း။ ။ပန၊ဆက်၍ဆို
ဦးအံ့။ ဣဓ၊ ဤသမုဒယသစ္စနိဒ္ဒေသ၌။တိဝိဓါပိ၊သုံးပါးအပြားရှိသည်လည်း
ဖြစ်သော။ အယံတဏှာ၊ဤတဏှာကို။ဒုက္ခသစ္စဿ၊ပြဆိုအပ်ပြီးသော ဇာ
တိပိဒုက္ခာအစ၊ သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာတရားသာလျှင် အဆုံးရှိသော
ဒုက္ခသစ္စာတရားကို။ နိဗ္ဗတ္တနက ဋ္ဌေန၊ ဖြစ်စေတတ်သောသဘောကြောင့်။
ဧကတ္တံ၊တခုတည်း၏အဖြစ်သို့။ ဥပနေတွာ၊ဆောင်၍။ ဒုက္ခသမုဒယံ၊ဒုက္ခ
၏ဖြစ်ခြင်း၏အကြောင်းဖြစ်သော။ အရိယသစ္စ န္တိ၊အရိယသစ္စာဟူ၍။ဝါ၊
အရိယာအဖြစ်ကိုပြုတတ်သောမှန်သော်တရားဟူ၍။ဘဂဝတာ၊မြတ်စွာ
ဘုရားသည်။ ဝုတ္တာ၊ဟောတော်မူအပ်၏။ ဣတိ၊ဤသို့။ ဝေဒိတဗ္ဗာ၊သိအပ်
၏။ ဤကားပိသုဒ္ဓိမဂ်ပါဌ်၏မြန်မာပြန်တည်း။ ဤသို့ပြဆိုအပ်သော
ပါဠိတော်အဋ္ဌကထာပါဌ်တို့ကိုထောက်၍။ တဏှာသုံးပါးကိုဒုက္ခတရားဟူ
သမျှတို့၏ဖြစ်ခြင်း၏အကြောင်းတရားဖြစ်ခြင်းကြောင့် ဒုက္ခသမုဒယဟူ၍
ဟောတော်မူအပ်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။

{မေး} ထိုတဏှာသုံးပါးသည် ဇာတိပိဒုက္ခာအစရှိသော ဒုက္ခဟူသမျှ
တို့၏ဖြစ်ခြင်း၏ အကြောင်းတရားဟူ၍ ပြဆိုအပ်သောနည်းကိုမှ၍သိရပါ
ပြီ။ ထိုတဏှာအကြောင်းခံ၍ဒုက္ခဖြစ်ပုံကို ဘယ်လိုအခြင်းအရာဖြင့်ထပ်
မံ၍။အဓိပ္ပါယ်ပေါ်အောင်သိအပ်ပါမည်နည်း။

{ဖြေ} ထိုကာမတဏှာ သဿတဒိဋ္ဌိနှင့်ယှဉ်သောတဏှာ။ ဥစ္ဆေဒဒိ
ဋ္ဌိတို့နှင့်ယှဉ်သောတဏှာကြောင့်သာ အကုသိုလ်စေတနာကံတို့သည်။အ
ပါယ်လေးဘုံတို့၌ ခန္ဓာငါးပါးဒုက္ခတရားတို့ကို ပဋိသန္ဓေပဝတ္တိအားဖြင့်
ဖြစ်စေနိုင်လေသည်မဟုတ်လော။စင်စစ်၊ရင်းတဏှာမရှိမူ၍ကုန်ခမ်းလေ
လျှင်။ ထိုပဋိသန္ဓေပဝတ္တိတို့ကိုဖြစ်စေတတ်သော ကံတို့သည် အဘယ်
မှာ အပါယ်လေးဘုံ၌ပဋိသန္ဓေ ပဝတ္တိတို့ကိုဖြစ်စေအံ့နည်း။စင်စစ် ဖြစ်စေ
မှုမရှိရာ။ ထိုသို့ဖြစ်စေမှုမရှိလျှင် ဇာတိဒုက္ခစသော ဒုက္ခဟူသမျှတို့သည်
အဘယ်မှာရှိပါအံ့နည်း။ စင်စစ် မရှိလေရာ၊ ယခုအပါယ်လေးဘုံ၌ ဖြစ်ရှိ
သမျှသော ဇာတိပုက္ခစသော ဒုက္ခဟူသမျှတို့သည်။ ရှေးပုရိမဘဝ၌တပ်
တတ်သောတဏှာတို့ကြောင့်သာ အကုသိုလ်ကံတို့သည် အပါယ်လေးဘုံ၌
ပဋိသန္ဓေပဝတ္တိတို့ကို ဖြစ်စေ၏။ ထိုသို့ဖြစ်စေခြင်းကြောင့် ဇာတိဒုက္ခစ
သော ဒုက္ခဟူသမျှတို့သည်ဖြစ်ရကုန်၏။ ထိုသို့ဒုက္ခတို့ဖြစ်ရခြင်းသည် တ
ဏှာကြောင့်ပင် ဧကန်ဖြစ်ရလေသည်၊ ထိုကြောင့်တဏှာသည်ကံတို့၏
ပဋိသန္ဓေစသော ခန္ဓာတို့ကိုဖြစ်စေရာ၌ ပဓါနအကြောင်းတရားဖြစ်ပေ၏။

ဝ်ကြောင့် အဋ္ဌကထာဆရာတို့သည်။ ပုရိမတဏှာ သမုဒယသစ္စာဟူ၍ ပြဆို အပ်လေသည်။ထိုနည်းအတူ လူ့ပြည်နတ်ပြည်တို့၌ဖြစ်သောကာမဝတ္ထု ကာမဘုံတို့ကိုအလိုရှိတတ်၊တပ်တတ်သောတဏှာသည်၊အကယ်၍ မရှိခဲ့ သည်ဖြစ်အံ့။ လူ့ပြည်နတ်ပြည်တို့၌ ကုသိုလ်စေတနာကံတို့သည် ခန္ဓာငါး ပါးဒုက္ခတရားတို့ကို။ ပဋိသန္ဓေပဝတ္တိအားဖြင့်ဖြစ်စေခြင်းငှါမတတ်နိုင်။ စင်စစ်၊တဏှာနှသယကိုမှီ၍သာလျှင်။ထိုဆိုအပ်ပြီးသောဇာတိဒုက္ခစသည် တို့ကိုဖြစ်စေနိုင်လေသည်။ထိုကြောင့်တဏှာသည်၊ဇာတိဒုက္ခစသည်တို့ဖြစ် ခြင်း၏ ပဓါနအကြောင်းတရားဖြစ်ပေ၏။ ထိုကြောင့်၊ အဋ္ဌကထာဆရာတို့သည်။ ပုရိမတဏှာ သမုဒယသစ္စာဟူ၍ ဖွင့်ပြအပ်လေသည်။ ထိုနည်းအတူ ရူပတ ဆယ်ခြောက်ဘုံ၊အရူပလေးဘုံတို့၌ဖြစ်သောဘဝကိုတပ်တတ်သောဘဝတ ဏှာသည်။အကယ်၍ကုန်ခမ်းသောကြောင့် မရှိခဲ့သည်ဖြစ်အံ့။ ထိုဗြဟ္မာဘုံ တို့၌၊ရူပကုသိုလ်စေတနာ၊အရူပကုသိုလ်စေတနာကံတို့သည်။၎င်းရူပဘုံ၊ အရူပဘုံတို့၌ခန္ဓာငါးပါး၊ ခန္ဓာလေးပါး၊ ခန္ဓာတပါးတည်းဟူသော ဒုက္ခတ ရားတို့ကို။ပဋိသန္ဓေပဝတ္တိအားဖြင့်ဖြစ်စေခြင်းငှါမတတ်နိုင်သာလျှင်တည်း။ စင်စစ် ဖြစ်စေနိုင်သည်မှာ၊ပုရိမတဏှာနှသယကိုမှီ၍သာလျှင်။ ထိုဆိုအပ် ပြီးသော ရူပ အရူပဘုံတို့၌ ဇာတိဒုက္ခစသည်တို့ကို ဖြစ်စေနိုင်လေသည်။ ထိုကြောင့် ဘဝတဏှာသည် ရူပ အရူပဘုံတို့၌ ဇာတိဒုက္ခစသည်တို့ ဖြစ် ခြင်း၏ ပဓါနအကြောင်းတရားဖြစ်ပေ၏။ ထိုကြောင့်အဋ္ဌကထာဆရာတို့သည် ပုရိမတဏှာ သမုဒယသစ္စာဟူ၍ ဟောတော်မူအပ်လေသည်။ ထိုပုရိမတ ဏှာသည် ယခုပစ္စုပ္ပန်ဘဝတို့၌ ဇာတိ ဒုက္ခစသော ဒုက္ခဟူသမျှတို့၏ အ ကြောင်းဖြစ်လျှင်။ယခုပစ္စုပ္ပန်ဘဝ၌ ထိုထိုအာရုံ၌ဖြစ်သောတဏှာသုံးပါး သည်လည်း။ နောင်ထပ်မံ၍ ဇာတိဒုက္ခစသည်တို့ကို ဖြစ်စေလိမ့်မည်ကို မြင်တော်မူ၍ ဘုရားရှင်သည် ထိုတဏှာ၏ ဒုက္ခဖြစ်ကြောင်းကို ပြလို၍။ ယာယံတဏှာ ပေါနောဗ္ဘဝိကာစသည်ဖြင့် ဟောတော်မူအပ်သေသည်။ ထိုကြောင့် ဒုက္ခအမျိုးမျိုးကိုမြင်လေလေ။ ဒုက္ခဖြစ်ကြောင်းကိုပယ်လေ လေသည်သာဖြစ်၏။ ထိုဒုက္ခဖြစ်ကြောင်းတဏှာကိုပယ်လေလေ၊ နောင် ဖြစ်ရန်ဒုက္ခတို့ကုန်ခမ်းလေလေသာဖြစ်၏။ထိုကြောင့်ဘုရားရှင်သည် ရှေး ဦးစွာ ဒုက္ခအမျိုးမျိုးတို့ကိုပြတော်မူပြီး၍။ ၎င်းနောက်ဒုက္ခဖြစ်ကြောင်းတ ရားကိုပြတော်မူလေသည်။ထိုသို့ပြတော်မူခြင်းသည် တဏှာကိုအကြွင်း မရှိ ပယ်စေလိုတော်မူသောကြောင့်ဖြစ်သည်ဟုမှတ်ယူကြသော။ ဤမျှအ စဉ်ဖြင့် သမုဒယသစ္စာပြခမ်းပြီး၏။

{မေး} ထိုဒုက္ခတို့၏ဖြစ်ကြောင်းဖြစ်သောတဏှာသုံးပါးတို့ကိုအကြွင်း

မရှိ ဖြစ်မှုမရှိအောင်ပယ်စွန့်လိုသော သူတော်ကောင်းတို့သည်အဘယ်တရားကို အကြောင်းခံအာရုံပြု၍၊ အဘယ်တရားဖြင့် အကြွင်းမရှိပယ်ဖြတ်နိုင်မည်ကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အကြောင်းခံ အာရုံပြု၍။ သမ္မာဒိဋ္ဌိအမှူးရှိသော အရိယအဋ္ဌင်္ဂိကမဂ်ဖြင့်။ အကြွင်းမရှိ ပယ်ဖြတ်နိုင်သည်၏အဖြစ်ကိုသိအပ်ပါသည်။

{မေး} ၎င်းတဏှာသုံးပါးတို့ကို နောင် အဆက်ဆက် ဖြစ်မှုမရှိအောင် ပယ်စွန့်ခြင်း၏အကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာတရားသည်အဘယ်တရားပါနည်း။

{ဖြေ} ၎င်းဖြစ်ပျက်နေသော ဒုက္ခသစ္စာ၊သမုဒယသစ္စာနှစ်ပါးတို့မှလွန်မြောက်၍။ မဖြစ်မပျက်ဘဲ အမြဲရင့်ရော်မှုမှကင်းလျက်တည်ရှိနေသော သဘောတရားကို။ အသင်္ခတဓာတ်နိရောဓသစ္စာတရားဟုသိအပ်ပါသည်။

{မေး} ထိုမဖြစ်မပျက်ရင့်ရော်ခြင်းမှကင်းလျက် အမြဲတည်ရှိနေသောတရားကို။ အဘယ်ကြောင့် အသင်္ခတဓာတ်ဟုသိအပ်ပါသနည်း။

{ဖြေ} သင်္ခတ တရားဖြစ်သောဒုက္ခသစ္စာ၊သမုဒယသစ္စာတရားတို့သည် အကြောင်းခံအားလျော်စွာ ဖြစ်ခြင်းသဘောရှိ၏၊ ဖြစ်ပေါ် ပြီးသျှင်လည်း ပျက်ခြင်းသဘောရှိ၏။ ဖြစ်ခြင်းမှပျက်ခြင်းသို့မရောက်မီ။ စဘည်ဆဲခဏ၌လည်း ရင့်ရော်ခြင်းအဖြစ်သို့ ရောက်တတ်သော သဘောရှိပေ၏။ ထိုကြောင့် ဒုက္ခသစ္စာနှင့်သမုဒယသစ္စာနှစ်ပါးသည် သင်္ခတ တရားမကနဲဖြစ်၏။ ထိုသို့ဖြစ်ကြောင်းကိုလည်း ပဋိသမ္ဘိဒါမဂ်ပါဠိတော် သစ္စကထာ၌။ သင်္ခတာနံသစ္စာနံ၊၊ဥပ္ပါဒေါ ပညာယတိ၊ ဝယောပညာယတိ၊ ဌိတာနံအညတတ္တံပညာယတိဟူ၍ဟောတော်မူအပ်လေသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား၊ ။သင်္ခတာနံ၊အကြောင်းတရားတို့ ပေါင်းဆုံပြုပြင်အပ်ကုန်သော။ သစ္စာနံ၊ဒုက္ခသစ္စာ၊ သမုဒယသစ္စာတို့၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသဘောကို။ ပညာယတိ၊ သိအပ်၏။ဝါ၊တနည်းကား။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသဘောသည်။ ပညာယတိ၊ သိအပ်၏။ဝယော၊ ပျက်ခြင်းသဘောကို။ပညာယတိ၊ သိအပ်၏။ဝါ၊ တနည်းကား။ ဝယော၊ပျက်ခြင်းသဘောသည်၊ ပညာယတိ၊ထင်၏။ဌိတာနံ၊တည်ကုန်သောသင်္ခတတရားတို့၏။အညတတ္တံ၊ ဖြစ်ပေါ်စနှင့်မတူ တပါး၏အဖြစ်ဟုဆိုအပ်သော ရင့်ရော်ခြင်းဇရာကို။ပညာယတိ၊သိအပ်၏၊ ဝါ။တပါး၏အဖြစ်ဟုဆိုအပ်သော။ရင့်ရော်ခြင်းသည်။ ပညာယတိ၊ ထင်၏။ ဤသို့ဟောတော်မူအပ်သော ပါဠိတော်နှင့်အညီ။ ဒုက္ခသစ္စာ၊သမုဒယသစ္စာနှစ်ပါးတို့သည်။ သင်္ခတသစ္စာတရားဖြစ်၏။ ထို

သစ္စာနှစ်ပါးတို့သည်၊ စင်စစ်ဖြစ်ပေါ်ပြီးလျှင်၊ ရင့်ရော်ခြင်းဇရာသို့ရောက်၍ အမြဲပျက်စီးနေကြကုန်၏။ ထိုသို့ပျက်စီးနေမှုကိုမြင်လျှင်။ ၎င်းတို့၏ဖြစ်မှုကို အလိုမရှိဘဲ လွန်မြောက်သောတရားကိုရှာလေလျှင်။ ၎င်းတရားနှစ်ပါးတို့၏ဖြစ်မှုနှင့်ဆန့်ကျင်ဘက်ဖြစ်လျက်တည်သော။ မဖြစ်သောသဘောလက္ခဏာရှိသော၊ အသင်္ခတဓါတ်သဘောတရားကိုသာလျှင်၊ ဉာဏ်ဖြင့် သိမြင်လေတော့၏။ အဘယ်ကြောင့် သိမြင်ရလေသနည်းဟူမူ။ ဖြစ်ခြင်းသဘောလက္ခဏာမှလွန်မြောက်လျှင်။ မဖြစ်ခြင်း သဘောလက္ခဏာရှိသော၊ ဆန့်ကျင်ဘက်ဖြစ်သော၊ သဘောတရားမှတပါး၊ တခြားတရားမရှိနိုင်သည်၏ အဖြစ်ကြောင့်တည်း။ ဥပမာ။ အပူသဘောမှလွန်မြောက်လျှင်၊ အပူမှဆန့်ကျင်ဘက်ဖြစ်သော၊ အအေးသဘောသည် တည်ရှိတိုသကဲ့သို့လည်းကောင်း။ အမိုက်မှလွန်မြောက်လျှင်၊ အမိုက်၏ဆန့်ကျင်ဘက်ဖြစ်သော၊ အလင်းသဘောသည်၊ တည်ရှိတိုသကဲ့သို့လည်းကောင်း။ ထိုနည်းအတူ။ ဖြစ်ခြင်းသဘောမှလွန်မြောက်လျှင်၊ စင်စစ် ဖြစ်ခြင်းသဘောနှင့် ဆန့်ကျင်ဘက်ဖြစ်သော၊ မဖြစ်ခြင်းသဘောသည်လည်း၊ ကေန်တည်ရှိမြဲမွဲတာသဘောပေတည်း။ ထိုကဲ့သို့ရှိမြဲမွဲတာသဘောကို၊ ဉာဏ်မျက်စိဖြင့်မြင်ကြလျှင်။ စင်စစ်၊ ဖြစ်နေသော အကျိုးဒုက္ခ၊ အကြောင်းသမုဒယသစ္စာနှစ်ပါးတို့မှ လွန်မြောက်ရာသဘောကိုရှာသော ပညာရှိတို့သည်။ ၎င်းတို့မှလွန်မြောက်၍ တည်သော မဖြစ်သော သဘောလက္ခဏာရှိသော အသင်္ခတဓာတ်ကိုသာလျှင် ဉာဏ်ဖြင့်ကေန်သိမြင်ကြရလေ၏။ ထိုဉာဏ်ဖြင့်သိမြင်ကြရသောအသင်္ခတဓာတ်သဘောသည်။ စင်စစ် ဖြစ်ခြင်းမှလွန်မြောက်၍၊ မဖြစ်ခြင်းသဘောလက္ခဏာနှင့်လည်းပြည့်စုံ၏၊ ပျက်ခြင်းမှလွန်မြောက်၍ မပျက်ခြင်းသဘောလက္ခဏာနှင့်လည်းပြည့်စုံ၏။ မဖြစ်မပျက်သောအားဖြင့် အမြဲတည်ရှိပြီးလျှင်။ အခါခပ်သိမ်းရင့်ရော်ခြင်း ဇရာမှလည်းကင်းနေ၏။ ထိုသို့မဖြစ်ခြင်းသဘောလက္ခဏာ၊ မပျက်ခြင်းသဘောလက္ခဏာ၊ ရင့်ရော်ခြင်းလက္ခဏာမှကင်းလျက်၊ မိမိကိုဖြစ်စေရန်အကြောင်းတရားမရှိမူ၍။ အမြဲမပျက်မပြို တည်ရှိသောသဘောတရားကိုသာလျှင် အသင်္ခတဓာတ်ဟု သိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} အသင်္ခတသစ္စဿ၊ နဥပ္ပါဒေါ ပညာယတိ၊ န ၀ယော ပညာယတိ န ဌိတဿ အညထတ္တံ ပညာယတိ ဟူ၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ယုဂနဒ္ဓ ဝဂ် သစ္စဉာဏ်ကထာ၌ဟောတော်မူအပ်သည့်ကိုထောက်၍လည်းကောင်း။ တိဏ္ဏံ မာနိဘိက္ခဝေအသင်္ခတဿ၊ အသင်္ခတလက္ခဏာနိ၊ ကတမာနိတီဏိ၊

နုဥပ္ပါဒေါ ပညာယတိ၊ နုဝယော ပညာယတိ၊ နုဌိတဿ အညတတ္တံ ပညာယတိ၊ ဣမာနိခေါ ဘိက္ခဝေ တီဏိ၊ အသင်္ခတဿ၊ အသင်္ခတလက္ခဏာနိ ဟူ၍ တိကအင်္ဂုတ္တရပါဠိတော်ကျမ်းနံပါတ်(၁၂၃)မျက်နှာ၌ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်းသိအပ်ပါသည်။

အနက်သိကြောင်းမြန်မာပြန်ကား။ ။အသင်္ခတဿ၊ သင်္ခတဿ၏ ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဿ၏။ ဥပ္ပါဒေါ၊ဖြစ်ခြင်းကို။ နပညာယတိ၊ မသိအပ်။ ဝါ၊ကား။ဥပ္ပါဒေါ၊ဖြစ်ခြင်းသည်။ နပညာယတိ၊မထင်။ ဝယော၊ပျက်ခြင်းကို။နပညာယတိ၊မသိအပ်။ဝါ၊ကား။ဝယော၊ပျက်ခြင်းသည်။ နပညာယတိ၊မထင်။ ဌိတဿ၊ အသင်္ခတဋ္ဌိဟုဆိုအပ်သော မိမိ၏ မဖြစ်မပျက်သောသဘောလက္ခဏာဖြင့်ထင်ရှားတည်ရှိသော အသင်္ခတဓါတ်၏လည်း။ အညတတ္တံ၊တပါး၏ အဖြစ်ဟုဆိုအပ်သော ရင့်ရော်ခြင်းသဘောကို။နပညာယတိ၊မသိအပ်။ဝါ၊ ကား။အညတတ္တံ၊တပါး၏အဖြစ်ဟုဆိုအပ်သော ရင့်ရော်ခြင်းသဘောသည်။နပညာယတိ၊မထင်။ ဤကား ပဒိုသမ္ဗန္ဓ ဒါမဂ်ပါဠိတော်ပါဌ်၏မြန်မာပြန်တည်း။ ။ဘိက္ခဝေ၊တို့။ အသင်္ခတဿ၊အသင်္ခတဓါတ်၏။အသင်္ခတလက္ခဏာနိ၊ဤကား အသင်္ခတဓါတ်ဟုမှတ်ကြောင်းလက္ခဏာတို့သည်။ဣမာနိတီဏိ၊ဤသုံးပါးတို့ဘဉ်း ကတမာနိတီဏိ၊ အဘယ်သုံးပါးတို့နည်းဟူမူကား။ ဥပ္ပါဒေါ၊ဥပ္ပါဒ်ဟုဆိုအပ်သောဖြစ်ခြင်းလက္ခဏာကို။နပညာယတိ၊မသိအပ်။ဝါ၊ကား။ဥပ္ပါဒေါ၊ ဖြစ်ခြင်းလက္ခဏာသည်၊ နပညာယတိ၊မထင်။ဝယော၊ ဘင်ဟုဆိုအပ်သောပျက်ခြင်းကို၊ နပညာယတိ၊မသိအပ်။ဝါ၊ကား။ ဝယော၊ဘင်ဟုဆိုအပ်သောပျက်ခြင်းသည်။ နပညာယတိ၊မထင်။ ဌိတဿ၊အသင်္ခတဋ္ဌိဟုဆိုအပ်သော၊မိမိ၏မဖြစ်မပျက်သောသဘောလက္ခဏာဖြင့်ထင်ရှားတည်ရှိသောအသင်္ခတဓါတ်၏လည်း။အညတတ္တံ၊တပါး၏အဖြစ်ဟုဆိုအပ်သော ရင့်ရော်ခြင်းသဘောဇရာကို။နပညာယတိ မသိအပ်။ဝါ၊ကား။အညတတ္တံ၊ တပါး၏အဖြစ်ဟုဆိုအပ်သော ရင့်ရော်ခြင်းသဘောဇရာသည်၊ နပညာယတိ၊ မထင်။ဘိက္ခဝေ၊ရဟန်းတို့။အသင်္ခတဿ၊အသင်္ခတဓါတ်၏။အသင်္ခတလက္ခဏာနိ၊ဤကား အသင်္ခတ တရားပေတည်းဟုမှတ်ကြောင်းလက္ခဏာတို့သည်။ဣမာနိတီဏိ၊ဤသုံးပါးတို့တည်း။ ဣတိ၊ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ ။ဤကား တိကအင်္ဂုတ္တရပါဠိတော်၏ မြန်မာပြန်တည်း။

ဤသို့ဟောတော်မူအပ်သည်ကို ထောက်၍ မဖြစ်မပျက်ဘဲ ရင့်ရော်ခြင်းမှ ကင်းလျက် အမြဲတည်ရှိသော သဘောတရားကို၊ သင်္ခတ တရားနှင့် ဆန့်ကျင်ဘက်ဖြစ်လျက် ပြုပြင်အပ်သော အကြောင်းတရားမရှိဘဲ၊ တည်

ရှိခြင်းကြောင့်။အသင်္ခတဓါတ်ဟုခေါ်ဆိုအပ်သည်၏အဖြစ်ကိုထင်ရှားသိကြလော။

{မေး} ဖြစ်ပျက်ခြင်းသဘောရှိသော သင်္ခတ တရားနှစ်ပါးနှင့်ဆန့်ကျင်ဘက်ဖြစ်လျက်။ မဖြစ်မပျက်၊ မရင့်ရော်ဘဲ အမြဲတည်ရှိသော သဘောတရားကို။ အသင်္ခတဓါတ်ဟု သိအပ်ကြောင်းကို၊ ပြဆိုအပ်ပြီးသောနည်းဖြင့် သိအပ်ပါပြီ။ ၎င်းမဖြစ်မပျက် ရင့်ရော်ခြင်းမရှိဘဲ၊ အမြဲ တည်ရှိသော အသင်္ခတဓာတ်သဘောကို အဘယ်ကြောင့် နိရောဓသစ္စာဟု ခေါ်ဆိုအပ်ပါသနည်း။

{ဖြေ} နိရောဓသစ္စာ၌၊ နိသဒ္ဒါသည် ဒုက္ခသစ္စာသမုဒယသစ္စာတည်းဟူသော ဖြစ်ပျက်ခြင်း သဘောရှိသော ဝဋ်ဆင်းရဲတရားတို့၏။ မရှိခြင်း အဘာဝ အနက်ကိုပြ၏။ ရောဓသဒ္ဒါသည် သံသရာ၌အကြောင်းအကျိုးစပ်၍ မပြတ်မလပ်ဖြစ်ပျက်နေသော ဒုက္ခသမုဒယတည်းဟူသော သင်္ခတဖြစ်သော ဝဋ်ဆင်းရဲတရားကိုပြ၏။ ထိုသို့ပြခြင်းကြောင့် နိရောဓသဒ္ဒါသည် ၎င်းသင်္ခတဖြစ်သော ဖြစ်ပျက်နေသော ဒုက္ခသမုဒယတရားနှစ်ပါးစုံနှင့် ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်မပျက်သောသဘောအသင်္ခတဓါတ် နိရောဓသစ္စာ၌ အခါခပ်သိမ်း မရှိသည်၏ အဖြစ်ကို သာလျှင်ပြဆိုပေ၏။ ထိုကြောင့် အသင်္ခတဓာတ်ကို၊ သင်္ခတ တရားတည်းဟူသော ဝဋ်ဒုက္ခတို့၏ မရှိရာဟူသော အနက်ကိုအစွဲပြု၍။ နိရောဓဟုခေါ်ဆိုအပ်လေသည်ဟုသိအပ်ပါသည်။

{မေး} ထိုအသင်္ခတနိရောဓသစ္စာ၌။သင်္ခတ တရားဖြစ်သော၊အကြောင်းအကျိုးစပ်၍ မပြတ်ဖြစ်နေသော၊ဒုက္ခသမုဒယတည်းဟူ သောဝဋ်ဒုက္ခတို့၏မရှိရာဟူသောအနက်ကိုစွဲ၍။ နိရောဓဟု ခေါ်ဆိုအပ်ကြောင်းကို ပြဆိုတော်မူ၏။ထိုသို့ပြဆိုအပ်ကြောင်းကို အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} တတိယသစ္စံပန၊ယသ္မာ၊နိသဒ္ဒေါ၊အဘာဝံ၊ရောဓသဒ္ဒေါစခါရကံဒီပေတိ၊တသ္မာ၊အဘာဝေါ၊ဗ္ဗသံသာရစါရကသင်္ခါတဿ၊ ဒုက္ခရောဓဿ၊သဗ္ဗဂတိသုညတ္တာဟု၍။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ သစ္စဝိဘင်း နိရောဓသစ္စာပိဂ္ဂိုဟ်ပြရာ၌ ပြဆိုအပ်သည်ကို ထောက်၍လည်းကောင်း။ ထိုနည်းအဘူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာသစ္စနိဒ္ဒေသ၊နိရောဓသစ္စာ၏ပိဂ္ဂိုဟ်ကိုပြဆိုရာ၌လည်းကောင်း သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။တတိယသစ္စံပန၊ သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော နိရောဓသစ္စာကိုကား။ (ဒုက္ခနိရောဓ အရိယသစ္စာ) ယသ္မာ၊ အကြင်ကြောင့်။ နိသဒ္ဒေါ၊

နိသဒ္ဒါသည်။အဘာဝံ၊မရှိခြင်းကို။ဒိပေတိ၊ပြ၏။ ရောဓသဒ္ဒေါ၊ရောဓသဒ္ဒါ
သည်၊စာရကံ၊သံသရာ၌မပြတ်ဖြစ်တတ်သောဝဋ်ဒုက္ခတရားကို(သံသရေ
အဗ္ဗောစ္ဆိန္နံစရတိ၊ပဝတ္တတီတိ၊စာရကံဟုကတ္တုသာဓနကိတ်ဝိဂြိုဟ်ကြ
သည်။)ယံဒုက္ခံ၊အကြင်ဝဋ်ဒုက္ခသည်။ သံသာရေကျင်လည်ရာကျင်လည်
ကြောင်းဖြစ်သောသံသရာ၌၊ အဗ္ဗောစ္ဆိန္နံ၊မပြတ်။ စရတိပဝတ္တတိ၊ဥပါဒ်ဌီ
ဘင်အားဖြင့်ဖြစ်တတ်၏။ဣတိတသ္မာ၊ထိုသို့သံသရာ၌မပြတ်ဥပါဒ်ဌီဘင်
အားဖြင့်ဖြစ်တတ်သောသတ္တိကြောင့်။တံဒုက္ခံ၊ထိုဝဋ်ဒုက္ခတရားသည်။စာ
ရကံ၊စာရကမည်၏။စရဓာတ်၊ ပဝတ္တနအနက်၊ ဏွုပစ္စည်း။ သံသရာ၌မ
ပြတ်ဖြစ်နေသော ဝဋ်ဒုက္ခတရားကိုရ၏၊ ဤကား၊ စာရကသဒ္ဒါ၏အ
နက်သဘာဝတ္ထုကိုသိရန်ပြချက်တည်း။) ဒိပေတိ၊ပြ၏။ တသ္မာ၊ထိုသို့သံ
သရာ၌ မပြတ်ဖြစ်တတ်သော ဝဋ်ဒုက္ခတရားကို ပြတတ်သည်၏ အဖြစ်
ကြောင့်။ဧတ္ထ၊ဤအသင်္ခတဓာတ်သဘောဖြစ်သောနိဗ္ဗာန်၌။ သဗ္ဗဂတိသုည
တ္တာ၊ ခပ်သိမ်းသော ဖြစ်ရာဘုံဌာနဂတိတို့မှ ဆိတ်သည်၏ အဖြစ်ကြောင့်။
သံသာရစာရကသင်္ခါတဿ၊သံသရာ၌မပြတ်ဖြစ်တတ်သော သဘောဟု
ဆိုအပ်သော၊ ဒုက္ခရောဓဿ၊ ဝဋ်ဆင်းရဲဟူသောဒုက္ခရောဓ၏။ အဘာ
ဝေါ၊မရှိခြင်းသည်။ ဟောတိ၊ဖြစ်၏။ ။ဤကားမြန်မာပြန်တည်း။
အဓိပ္ပါယ်ကား၊ နိရောဓသဒ္ဒါ၌၊နိသဒ္ဒါ ရောဓသဒ္ဒါဟူ၍ သဒ္ဒါနှစ်ပါးရှိ၏။
ထိုနှစ်ပါးတို့တွင် နိသဒ္ဒါသည် မရှိခြင်းဟူသောအဘာဝအနက်ကို၊ရောဓ
သဒ္ဒါသည် သံသရာ၌မပြတ်ဖြစ်တတ်သော ဝဋ်ဒုက္ခဟူသောအနက်ကိုပြပေ
၏။ ထိုသို့ပြခြင်းကြောင့် နိရောဓဆိုလျှင်၊ စင်စစ် အကြောင်းသမုဒယ၊ အ
ကျိုးဒုက္ခတရားတို့စပ်၍၊ မပြတ်မလပ်သံသရာ၌ ဖြစ်နေသော ဝဋ်ဆင်းရဲ
တရားတို့၏ အခါခပ်သိမ်းမရှိရာသဘောဟုဆိုအပ်သော။ အသင်္ခတဓာတ်
ပရမတ္ထတရားအသီးဖြစ်သော နိရောဓသစ္စာနိဗ္ဗာန်ကိုသာရလေတော့သည်
ဟူလို။ အဘယ်ကြောင့်ထိုတရားကိုရအပ်လေသနည်းဟူမူ။ ထိုအသင်္ခတ
ဓာတ်နိရောဓသစ္စာသည်။ သင်္ခတဖြစ်သော ဖြစ်ပျက်နေသောဒုက္ခသမုဒယ
တည်းဟူသော ဝဋ်ဒုက္ခတရားတို့၏ဖြစ်ရာဌာန ဂတိတို့မှကင်းလွတ်၍။ တ
ဘက်မှာနေသောတရားသဘော၏အဖြစ်ကြောင့်တည်း။ ထို့ကြောင့်အဋ္ဌ
ကထာရှင်တို့သည်။ သဗ္ဗဂတိသုညတ္တာဟူသောဟိတ်ပါဌ်ကိုပြဆိုအပ်လေ
သည်။ ဤကားအဓိပ္ပါယ်တည်း။ ထိုအဋ္ဌကထာတို့ပြချက်အရ၊ ဝိဂြိုဟ်ပြုလုပ်
လိုသော်။အဘာဝေါ၊ ဧတ္ထရောဓဿာတိ၊နိရောဓောဟု။ သတ္တမီဗဟုဗ္ဗီဟိ
သမာသ်ဝိဂြိုဟ်ပြုရာ၏။ ဧတ္ထ၊ ဤအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်၌။
ရောဓဿ၊သံသရာ၌ အကြောင်းအကျိုးစပ်၍မပြတ်ဖြစ်တတ်သော သမုဒ

ယဒုက္ခဟူသော ဝဋ်ဆင်းရဲတရား၏။ အဘာဝေါ၊မရှိခြင်းသည်။ဟောတိ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့သံသရာ၌ အကြောင်းအကျိုးစပ်၍မပြတ်ဖြစ် တတ်သော သမုဒယဒုက္ခဟူသောဝဋ်ဆင်းရဲတရား၏ မရှိရာသဘောဖြစ် ခြင်းကြောင့်။သောအသင်္ခတဓမ္မော၊ထိုအသင်္ခတခေတ်ဖြစ်သော ပရမတ္ထ သဘောနိရောဓသစ္စာနိဗ္ဗာန်တရားသည်။နိရောဓေါ၊နိရောဓမည်၏။ နိသဒ္ဒါ၏အရကား၊မရှိခြင်းတည်းဟူသော်အဘာဝသဘောဂုဏ်ကိုရ၏။ရောဓ သဒ္ဒါ၏အရကား၊ သံသရာ၌အကြောင်းအကျိုးစပ်၍ မပြတ်ကျင်လည်ဖြစ် တတ်သော သမုဒယဒုက္ခတည်းဟူသော ဝဋ်ဆင်းရဲတရားကိုရ၏။ထွေဟူ သော အညပုဒ်အရကား၊ ထိုသမုဒယဒုက္ခဟုဆိုအပ်သော ဝဋ်ဒုက္ခတရား ဟူသမျှတို့၏ အခါခပ်သိမ်းမရှိရာဌာနဟုဆိုအပ်သော ပရမတ္ထသဘော အ သင်္ခတခေတ်နိရောဓသစ္စာတရားကိုသာရပေ၏။ ထိုကြောင့် နိရောဓသစ္စာ နိဗ္ဗာန်ဟုဆိုအပ်လျှင်။ သမုဒယသစ္စာတည်းဟူသောတဏှာ။ ဒုက္ခသစ္စာ တည်းဟူသောတဏှာမှကြွင်းသောခန္ဓာငါးပါးဝဋ်ဒုက္ခတရားတို့၏။ချုပ်မှု ဘာမျှမရှိ၊ ပျော်လွင့်၍သွားမှုတည်းဟူသော အဘာဝပညတ်တို့ကိုမရမှု၍။ ပရမတ္ထသဘောတရားအစစ်ဖြစ်သောမဖြစ်မပျက်ဘဲ ထင်ရှားတည်ရှိနေ သော အသင်္ခတဓါတ်နိရောဓသစ္စာနိဗ္ဗာန်ကိုသာ မှချရအပ်သည်ဟုမှတ်ယူ ကြလေ။နိရောဓသစ္စာအရေ၌လာသောနိရောဓသဒ္ဒါ၏အနက်ကို။တဏှာ၏ ချုပ်ခြင်း၊ ဒုက္ခတရားတို့ချုပ်ခြင်း၊ တဏှာပျောက်ပျက်ခြင်း၊ ဒုက္ခ တရား တို့ပျောက်ပျက်ခြင်းတို့ကိုပြဆိုရေးသားခဲ့အံ့။ ထိုသို့ရေးသားလေသမျှတို့ သည် အလွန်မှားသော အရေးမျိုးသာတည်း။ အဘယ်ကြောင့်ဆိုသော် ဘုရားအလို အဋ္ဌကထာရှင်တို့၏အလိုနှင့်မညီသော။ နိဗ္ဗာန်သဘောကိုမိမိ၏ ဉာဏ်ဖြင့်သိမြင်ခြင်းမရှိဘဲ။ မိမိထင်ရာကိုပြဆိုရေးသားမှုမျှသာဖြစ်သည် ဟုမှတ်ယူကြလေ။

{မေး} နိရောဓသစ္စာ၌လာရှိသော နိရောဓသဒ္ဒါသည် သံသရာ၌ အ ကြောင်း အကျိုးစပ်၍ မပြတ်ဖြစ်နေသော သမုဒယဒုက္ခတည်းဟူသော ဝဋ်ဆင်းရဲတို့၏မရှိရာသဘောဟူသောအနက်ကိုပြဆိုအပ်ပြီးသော ကျမ်း ဂန်တို့အရသိရပါပြီ။ ထိုကဲ့သို့သောအနက်သဘောကိုပြဆိုအပ်သော တ ခြားကျမ်းဂန်များရှိမရှိကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} သဗ္ဗဂဝိသုဒ္ဓိဋ္ဌကထာ၊ နတ္ထိထွေ သံသာရစာရကောသင်္ခါတော၊ ဒုက္ခ ရောဓောဟူ၍ နေတ္တိအဋ္ဌကထာရှင်သည်လည်း ဒေသနာဟာရအဖွင့် ကျမ်းနံ ပါတ်(၅၄)မျက်နှာ၌ပြဆိုအပ်သည်ကိုထောက်၍လည်းသိအပ်ပါသေးသည် ။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ထွေ၊၌အသင်္ခတခေတ်သ

သဘောဖြစ်သော နိရောဓသစ္စာနိဗ္ဗာန်၌။ သဗ္ဗဂတိသုညတ္တာ၊ ခပ်သိမ်းသောဖြစ်ရာဘုံမှာနဂတိတို့မှဆိပ်သည်၏အဖြစ်ကြောင့်၊သံသာရစာရကသင်္ခါတော၊သံသရာ၌ မပြတ်ဖြစ်တတ်သောသဘောဟုဆိုအပ်သော ဒုက္ခရောခေါ၊ဝဋ်ဆင်းရဲဟူသော ဒုက္ခရောဓသည်။ နတ္ထိ၊မရှိ။ ။ဤကားမြန်မာပြန်တည်း။ ။အဓိပ္ပါယ်မှာ ရှေးနည်းအတိုင်းသာတည်း။ ဤအဋ္ဌကထာအရပိဋကိုဟ်ပြုလုပ်လိုသော်၊ နတ္ထိ၊ဧတ္ထရောခေါတိ၊နိရောခေါဟူ၍။ သဗ္ဗာမိဗဟုဗ္ဗိဟိ၊ပိဋကိုဟ်ပြုလုပ်ရာ၏။ ဧတ္ထ၊ဤအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်၌။ရောခေါ၊သံသရာ၌မပြတ်ဖြစ်နေသော ရောဓဟုဆိုအပ်သောဝဋ်ဆင်းရဲတရားသည်။နတ္ထိ၊အခါခပ်သိမ်းမရှိ။ ဣတိတသ္မာ၊ ထိုသို့သံသရာ၌မပြတ်ကျင်လည်တတ်သော ရောဓဟုဆိုအပ်သော ဝဋ်ဒုက္ခတရားတို့၏ အခါခပ်သိမ်းမရှိရာ သဘော၏အဖြစ်ကြောင့်၊သော၊အသင်္ခတဓမ္မော၊ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်သည်၊ နိရောခေါ၊နိရောဓမည်၏။ ။ဤကားပိဋကိုဟ်၏အနက်သိကြောင်းမြန်မာပြန်တည်း။ ။ဤသို့ပြဆိုအပ်သော နတ္ထိအဋ္ဌကထာရှင်၏ပြဆိုအပ်သောစကားတော်ကိုထောက်၍လည်း။နိရောဓသဒ္ဒါအရကိုအခါခပ်သိမ်း ဒုက္ခသမုဒယနှစ်ပါးစုံသောဝဋ်ဒုက္ခတရားတို့၏ မသိနိုင်ရာ မကပ်နိုင်ရာ ပချမရှိရာဖြစ်သော အသင်္ခတဓါတ်ပရမတ္ထသဘော နိရောဓသစ္စာနိဗ္ဗာန်ကိုသာရအပ်လေသည်ဟုရှေး၌ပြဆိုအပ်သောအတိုင်းသိကြလေ။

{မေး} ၎င်းနိရောဓသစ္စာနိဗ္ဗာန်သည် အသင်္ခတဓာတ် ဖြစ်ကြောင်းကိုအဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} အသင်္ခတဓာတုနိရောဓသစ္စံဟူ၍ နေတ္တိအဋ္ဌကထာနိဒ္ဒေသဝါရအဖွင့်ကျမ်းနံပါတ် (၂၈) မျက်နှာ၌ မိန့်ဆိုအပ်သည်ကိုထောက်၍သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။အသင်္ခတဓာတု၊မဖြစ်မပျက်ဘဲ ရင့်ရော်ခြင်းဇရာမှ ကင်းလျက် ပြုပြင်တတ်သော အကြောင်းတရားမရှိမူ၍အမြဲထာဝရတည်ရှိနေသော အသင်္ခတဓာတ်နိဗ္ဗာန်သည်။ နိရောဓသစ္စံ၊နိရောဓသစ္စာမည်၏။ ဤသို့ပြဆိုအပ်သောအဋ္ဌကထာပါဠိကိုထောက်၍။ အသင်္ခတဓာတ်သည် နိရောဓသစ္စာဖြစ်၏။ နိရောဓသစ္စာနိဗ္ဗာန်သည်သာလျှင် အသင်္ခတဓာတ်ဖြစ်၏။ ဤသို့ဖြစ်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။

{မေး} အသင်္ခတဓာတ်သည်ပင် နိရောဓသစ္စာဖြစ်သည်ကိုသိရပါပြီ။ ၎င်းအသင်္ခတဓာတ်၏ လက္ခဏာနှင့်နိရောဓသစ္စာ လက္ခဏာတို့သည်တူပါသလော။ သို့မဟုတ် ထူးပါသလော ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} အသင်္ခတဓာတ်၏ မှတ်ကြောင်းလက္ခဏာနှင့် နိရောဓသစ္စာ၏ မှတ်ကြောင်းလက္ခဏာသည် အတူတူပင်ဖြစ်ပါသည်ဟုသိအပ်ပါသည်။

{မေး} ထိုသို့အတူတူဖြစ်သည်၏အဖြစ်ကို အဘယ်ပါဠိကိုထောက်၍ သိအပ်ပါမည်နည်း။

{ဖြေ} အသင်္ခတသစ္စဿ၊ နုပ္ပါဒေါပညာယတိ၊ န၀ယောပညာယတိ၊ နဋ္ဌိတဿ အညတတ္တံပညာယတိ ဟူ၍လည်းကောင်း၊ ၆နိရောဓသစ္စဿ၊ နုပ္ပါဒေါပညာယတိ၊ န၀ယောပညာယတိ၊ နဋ္ဌိတဿအညတတ္တံပညာယတိ ဟူ၍လည်းကောင်း၊ ဟောတော်မူအပ်သည်ကို ထောက်၍သိအပ်ပါသည်။ ။ အနက်သိကြောင်းမြန်မာပြန်ကား။ ။ အသင်္ခတသစ္စဿ၊ သင်္ခတသစ္စာ၏ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတသစ္စာ၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းကို။ နပညာယတိ၊ မသိအပ်။ ဝါ၊ ကား။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ နပညာယတိ၊ မထင်။ ၀ယော၊ ပျက်ခြင်းကို။နပညာယတိ၊မသိအပ်။ ဝါ၊ ကား။၀ယော၊ ပျက်ခြင်းသည်။ နပညာယတိ၊ မထင်။ ဋ္ဌိတဿ၊ အသင်္ခတဋ္ဌိဟုဆိုအပ်သော၊ မိမိ၏မဖြစ်မပျက်သော သဘောလက္ခဏာဖြင့် ထင်ရှားတည်ရှိသော အသင်္ခတဓာတ်၏လည်း။ အညတတ္တံ၊ တပါး၏အဖြစ်ဟုဆိုအပ်သော။ ရင့်ရော်ခြင်းသဘောကို။ နပညာယတိ၊ မသိအပ်။ ဝါ။ ကား။ အညတတ္တံ၊ တပါး၏အဖြစ်ဟုဆိုအပ်သော ရင့်ရော်ခြင်းသဘောသည်။ နပညာယတိ၊ မထင်။ ။ဤကားအသင်္ခတလက္ခဏာကိုပြသောပါဠိ၏မြန်မာပြန်တည်း။ ။နိရောဓသစ္စဿ၊ နိရောဓသစ္စာ၏။ဥပ္ပါဒေါ၊ဖြစ်ခြင်းကို၊ နပညာယတိ၊မသိအပ်။ ဝါ၊ကား။ ဥပ္ပါဒေါဖြစ်ခြင်းသည်။နပညာယတိ၊မထင်။ ၀ယော၊ပျက်ခြင်းကို။ နပညာယတိ၊ မသိအပ်။ ဝါ၊ ကား။ ၀ယော၊ပျက်ခြင်းသည်။နပညာယတိ၊မထင်။ ဋ္ဌိတဿ၊ မိမိ၏မဖြစ်မပျက်သောသဘောလက္ခဏာအားဖြင့် ထင်ရှားတည်ရှိသော နိရောဓသစ္စာနိဗ္ဗာန်၏။အညတတ္တံ၊တပါး၏အဖြစ်ဟုဆိုအပ်သော ရင့်ရော်ခြင်းဇရာကို နပညာယတိ၊မသိအပ်။ ဝါ၊ကား။အညတတ္တံ။ တပါး၏ အဖြစ်ဟုဆိုအပ်သော ရင့်ရော်ခြင်းဇရာသည်။ နပညာယတိ၊မထင်။ဤကားနိရောဓသစ္စာနိဗ္ဗာန်၏မှတ်ကြောင်းလက္ခဏာတို့ကို ဟောတော်မူအပ်သောပါဠိ၏ မြန်မာပြန်တည်း။ ဤသို့ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူအပ်သည်ကိုထောက်၍။အသင်္ခတဓာတ်၏မှတ်ကြောင်းလက္ခဏာနှင့် နိရောဓသစ္စာ၏မှတ်ကြောင်းလက္ခဏာသည်။ မကွဲမပြားထပ်တူဖြစ်ကြောင်းကိုထင်ရှားသိကြလေ။

{မေး} ၎င်းနိရောဓသစ္စာနိဗ္ဗာန်တရားကို ထင်ရှားရှိနေသော ပရမတ္ထ

တရားဟူ၍ပင်သိအပ်ပါမည်လော။ သို့မဟုတ်ကိလေသာခန္ဓာတရားတို့ ချုပ်ပျောက်၍ ဘာမျှမရှိသော အဘာဝ တရားဟူ၍ပင် သိအပ်ပါမည် လောဘယ်လိုခွဲခြမ်း၍သိအပ်ပါမည်နည်း။

{ဖြေ{ ၎င်းအသင်္ခတဓါတ်ဟုဆိုအပ်သော နိရောဓသစ္စာနိဗ္ဗာန်တရား ကို စင်စစ် ပရမတ္ထသဘောတရားဟုသိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} ပရမတ္ထတောဟိ၊ဒုက္ခနိရောဓံအရိယသစ္စန္တိ၊နိဗ္ဗာနံဝုစ္စတိဟူ၍။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဆယ်ကြောင်းပေ စိချပ်အတွင်းဘက်၊ နိရောဓ သစ္စာအဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍သိအပ်ပါသည်။ ။အနက်သိ ကြောင်းမြန်မာပြန်ကား။ ။ပရမတ္ထတောဟိ၊ပရမတ္ထတောဝေ၊ ပရမတ္ထ သဘော၏အစွမ်းဖြင့်သာလျှင်၊နိဗ္ဗာနံ၊အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန် ကို၊ ဒုက္ခနိရောဓံအရိယသစ္စန္တိ၊ဒုက္ခနိရောဓအရိယသစ္စာဟူ၍။ဘဂဝတာ ဘုရားရှင်သည်။ ဝုစ္စတိ၊ဟောတော်မူအပ်၏။၍သို့ပြဆိုအပ်သောအဋ္ဌကထာ စကားကိုထောက်၍ နိရောဓသစ္စာနိဗ္ဗာန်သည်၊ စင်စစ် ပရမတ္ထသဘော ဖြစ်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။

{မေး} ထိုနိရောဓသစ္စာနိဗ္ဗာန်တရားသည် ပရမတ္ထတရားသဘောဖြစ် ခဲ့သော်။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်သည် ထင်ရှားရှိနေသောတရားပါလော၊ သို့မဟုတ် ထင်ရှားမရှိသောတရားပါလော၊ ဘယ်လိုသိအပ်ပါမည်နည်း ။

{ဖြေ} ၎င်းအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည် ပရမတ္ထသဘော ဖြစ်၍။ ဒုက္ခသမုဒယတရားတို့နှင့် မရောမူ၍ အသီးအခြားထင်ရှားရှိနေ သော တရားဖြစ်သည်ဟုမှတ်သိအပ်ပါသည်။

}မေး} ထိုသို့ပရမတ္ထအားဖြင့် ထင်ရှားရှိနေသည်၏အဖြစ်ကို အဘယ် ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} အတ္ထိဘိက္ခဝေတဒါယတနံဟူ၍ ဥဒါန်းပါဠိတော် ပါဋလိဂါမ ဝဂ် မဋ္ဌမသုတ်၌ ဟောတော်မူအပ်သည်ကို ထောက်၍ လည်းကောင်း။ အတ္ထိဘိက္ခဝေ၊အဇာတံဟူ၍ ၎င်းဝဂ် ၎င်းပါဠိတော်တတိယသုတ်၌ဟော တော်မူအပ်သည်ကိုထောက်၍သည်းကောင်း။ အတ္ထီတိဝိဇ္ဇတိ၊ ပရမတ္ထ တော၊ဥပလဗ္ဘတိဘိအဋ္ဌကထာဟူ၍သည်းကောင်း၊ တဒါယတနန္တိ၊တံ ကာရဏံ၊ဧကာဒေပဒသန္ဓိကာရော၊နိဗ္ဗာနံဟိ၊မဂ္ဂဖလဉာဏာဒီနံ၊အာရမ္မ ဏပစ္စယဘာဝတော၊ရူပါဒီနိဝိယ၊စက္ခုဝိညာဏာဒီနံ၊ အာရမ္မဏပစ္စယ ဘူတာနိတိ၊ ကာရဏဘာဝေန၊အာယတနန္တိ ဝုစ္စတိ၊ ဇွော ဝတာဧ၊ဘဂဝါ၊ ဘောသဘိက္ခုနံ၊အသင်္ခတာယဓါတုယာ ပရမတ္ထတော အတ္ထိဘာဝံ ပဝေ

ဒေသိဟူ၍၊ ဥဒါန်းအဋ္ဌကထာ မဇ္ဈိမသုတ်၏အဖွင့်၌ပြဆိုအပ်သည်ကို ထော်၍လည်းကောင်း။ တယိဒံ နိဗ္ဗာနံ၊ အတ္ထိဘိက္ခဝေ တံ၊ ပရမတ္ထတော၊ နိဗ္ဗာနသဿ၊ အတ္ထိဘာဝေါ ပကာသိတော၊ တိဝေဒိတဗ္ဗော ဟူ၍လည်းကောင်း။ အတ္ထိဘိက္ခဝေ၊ အဇာတန္တိ၊ ဣမိနာပိစသုတ္တေန၊ နိဗ္ဗာနဓါတုယာ၊ ပရမတ္ထတော၊ သဘာဝေါ၊ သဗ္ဗလောကံ၊ အနုကမ္ပမာနေန၊ သမ္မာသမ္ဗုဒ္ဓေန ဒေသိတောဟူ၍လည်းကောင်း။ ၎င်းဥဒါန်းအဋ္ဌကထာ ပါဋလိဂါမဝဂ် တတိယသုတ်အဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ၎င်းအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည် သင်္ခတတရားတို့နှင့်မစပ်မူ၍။ ပရမတ္ထအားဖြင့် အသီးအခြား ထင်ရှားရှိသည်၏အဖြစ်ကိုသိအပ်ပါသည်။

။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဘိက္ခဝေ၊အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရား၏ ထင်ရှားရှိသည်၏ အဖြစ်ကိုမသိကုန်သော ရဟန်းတို့။ တဒါယတနံ၊ထိုမဂ်ဖိုလ်တရားတို့၏ အာရုံပြုကြောင်းဖြစ်သော အာရမ္မဏပစ္စယဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်၊အတ္ထိ၊ ပရမတ္ထသဘောတရားအားဖြင့်ထင်ရှားရှိ၏။ ။ဤကားပဋ္ဌမပါဠိတော်၏အနက်သိကြောင်းမြန်မာပြန်တည်း။ ဘိက္ခဝေ၊ရဟန်းတို့။အဇာတံ၊ဖြစ်ခြင်းဇာတိ၏မရှိရာဖြစ်သော။ ဝါ၊ ဖြစ်ခြင်းသဘောရှိသောဇာတိနှင့် ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ခြင်းသဘောလက္ခဏာရှိသော အသင်္ခတဓါတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ အတ္ထိ၊ပရမတ္ထအားဖြင့်ထင်ရှားရှိပေ၏။ဤကား တတိယသုတ်ပါဠိတော်ပါဌ်၏မြန်မာပြန်မာပြန်တည်း။

အတ္ထိတိ၊အတ္ထိဟူသည်ကား။ဝိဇ္ဇတိ၊ထင်ရှားရှိ၏၊ ပရမတ္ထတော၊ပရမတ္ထသဘောအားဖြင့်။ ဥပလဗ္ဘတိ၊ရအပ်၏။ဣတိအယံ၊ဤသည်ကား။အတ္ထော၊အနက်တည်း။တဒါယတနန္တိ၊တဒါယတနံဟူသည်ကား၊တံကာရဏံ၊ ထိုမဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၏အာရုံဟုဆိုအပ်သော၊ အကြောင်းတရား နိဗ္ဗာန်သည်(အတ္ထိ၌စပ်) ဒကာရော၊ဒအက္ခရာသည်၊ပဒသန္ဓိကရော၊ပုဒ်စပ်ခြင်းကိုပြုသောအက္ခရာတည်း။ ဟိသစ္စံ၊ထိုစကားသည်မှန်၏။ နိဗ္ဗာနံ၊ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ မဂ္ဂဖလဉာဏာဒီနံ၊မဂ်ဉာဏ်ဖိုလ်ဉာဏ်အစရှိသည်တို့၏။ အာရမ္မဏပစ္စယဘာဝတော၊အာရမ္မဏပစ္စည်းသတ္တိ၏အဖြစ်ကြောင့်။ ရူပါဒီနိ၊ ရူပါရုံအစရှိသည်တို့သည်။ စက္ခုဝိညာဏာဒီနံ၊ စက္ခုဝိညာဏ်အစရှိသည်တို့၏၊အာရမ္မဏပစ္စယဘူတာနိဝိယ၊အာရမ္မဏပစ္စည်းဖြစ်၍ ဖြစ်ကုန်သကဲ့သို့၊ ကာရဏဋ္ဌေန၊ အကြောင်းဖြစ်သောအနက်ကြောင့်၊ အာယတနန္တိ၊အာယတနဟူ၍၊ဝုစ္စတိ၊ ဆိုအပ်၏။ ဧတ္တာဝတာ၊ ဤမျှသောစကားအစဉ်ဖြင့်။ ဘဂဝါ မြတ်စွာဘုရားသည်၊တေသံဘိက္ခူနံ၊

ထိုရဟန်းတို့အား။အသင်္ခတံသယ၊ အသင်္ခတဖြစ်သော။ ဓာတုယာ၊ ဓာတ်၏။ ပရမတ္ထတော၊ပရမတ္ထသဘောအားဖြင့်။အတ္ထိဘာဝံ၊ ထင်ရှားရှိသည်၏အဖြစ်ကို။ ပဝေဒေသိ၊သိစေတော်မူ၏။ ။ဤကား ပါဠိလိဂါမဝဂ် ပဌမသုတ်ကိုဖွင့်ပြအပ်သော အဋ္ဌကထာပါဠ်၏မြန်မာပြန်တည်း။ ။တယိဒံနိဗ္ဗာနံ၊ တံဣဒံနိဗ္ဗာနံ၊ဘုံအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ အတ္ထိဘိက္ခဝေ တို၊အတ္ထိဘိက္ခဝေ၊အဇာတံ အဘူတံ အကတံ အသင်္ခတံဟူသောစကားတော်တို့ဖြင့်။ ပရမတ္ထတော၊ပရမတ္ထသဘောအားဖြင့်။ နိဗ္ဗာနသ္သ၊အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်၏။ အတ္ထိဘာဝေါ၊ထင်ရှားရှိသောအဖြစ်ကို။ ပကာသိတော၊ပြတော်မူအပ်၏။ဣတိ၊ဤသို့။ ဝေဒိတဗ္ဗော၊သိအပ်၏။

အတ္ထိဘိက္ခဝေ အဇာတဘန္တိ ဣမိနာပိစသုတ္တေန အတ္ထိဘိက္ခဝေအဇာတံ ဟူသော ဤသုတ်ဖြင့်လည်း။ နိဗ္ဗာနဓာတုယာ၊အသင်္ခတနိရောဓသစ္စာဖြစ်သောနိဗ္ဗာန်ဓာတ်၏။ ပရမတ္ထတော၊ပရမတ္ထအားဖြင့်။ သဘာဝေါ၊ ထင်ရှားရှိသည်၏အဖြစ်ကို။ သဗ္ဗလောကံ၊အလုံးစုံသောသတ္တလောကကို။ အနုကမ္ပမာနေန၊ အစဉ်သနားတော်မူသော။ သမ္မာသမ္ဗုဒ္ဓေန၊သစ္စာလေးပါးတရားတော်တို့ကို။ အကြွင်းမဲ့မိမိအလိုလိုသယမ္ဘူဉာဏ်တော်ဖြင့် ထိုးထွင်း၍သိတော်မူပြီးသောဘုရားရှင်သည်။ ဧဒိတော၊ ဟောတော်မူအပ်၏။ ။ဤကားအဋ္ဌကထာပါဠ်တို့၏မြန်မာပြန်တည်း။ ။ဤသို့ပြဆိုအပ်သော ပါဠိတော်အဋ္ဌကထာစကားရပ်တို့ကိုထောက်၍။ ၎င်းအသင်္ခတဓါတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်သည်။သင်္ခတ တရားတို့နှင့်ဆန့်ကျင်ဘက်ဖြစ်လျက်၊ အသီးအခြား ပရမတ္ထ သဘောဘရားအားဖြင့် ထင်ရှားရှိနေသည်၏အဖြစ်ကိုထင်ရှားသိကြသေ။

{မေး} ထိုအသင်္ခတဓာတ်နိရောဓသစ္စာတရားသည်၊ ပရမတ္ထသဘောအားဖြင့် အသီးအခြားရှိသည်ကို။ပြဆိုအပ်သောပါဠိအဋ္ဌကထာတို့ဖြင့်သိအပ်ပါပြီ၊ ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည် တဏှာစသောကိလေသာတို့၏ချုပ်မှု၊နောင်ဖြစ်လတံ့သောခန္ဓာတို့၏ချုပ်မှု၊တဏှာစသောကိလေသာတို့၏နောင်ဖြစ်ပေါ်မှုမရှိဘဲ ပျောက်ကင်းလေမှု၊ ခန္ဓာတို့နောင်တဘန်ဖြစ်ပေါ်မှုမရှိဘဲ ပျောက်ကင်းသေမှုတည်းဟူသော အဘာဝတရားကို၊၎င်းမဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာမဟုတ်ဘူးဟုဆိုအပ်ပါမည်လော။

{ဖြေ} ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်တဏှာစသောကိလေသာတို့၏ချုပ်မှု၊ နောင်ဖြစ်လတံ့သော ခန္ဓာတို့၏ချုပ်မှု၊ တဏှာစသောကိလေသာတို့၏ နောင်တဘန်ဖြစ်ပေါ်မှုမရှိဘဲလျက် ပျောက်ကင်း

လေမှု၊ ခန္ဓာတို့၏နောင်တဘန်ဖြစ်ပေါ်မှုမရှိဘဲ ပျောက်ကင်းလေမှုတည်း ဟူသော အဘာဝတရားသည်။ အဘယ်မှာ အသင်္ခတဓာတ်နိရောဓသစ္စာ နိဗ္ဗာန်ဖြစ်ပါအံ့နည်း။ စင်စစ်ဖြစ်မှုမရှိသည်သာတည်း။ အဘယ်ကြောင့်ဆိုသော် ကိလေသာခန္ဓာတို့သည်ကား ဖြစ်ခြင်းပျက်ခြင်း ရင့်ရော်ခြင်းတို့နှင့် ဆက်ဆံသော သင်္ခတသစ္စာတရားဖြစ်၏။ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်ကား။ ၎င်းသင်္ခတ တရားတို့နှင့် ဆန့်ကျင်ဘက်ဖြစ်လျက်တည်သော အသင်္ခတသစ္စာတရားဖြစ်၏။ ထိုကြောင့် မရောမရှက် တဘက်စီဖြစ်လျက်နေကြပေ၏။ ထိုသို့နေခြင်းကြောင့်၊ ၎င်းထင်ရှားရှိနေသော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်၊ တဏှာစသော သင်္ခတဖြစ်သော ကိလေသာတို့၏ချုပ်မှု၊ သင်္ခတဖြစ်သော ခန္ဓာတရားတို့၏ချုပ်မှု၊ တဏှာစသော ကိလေသာတရားတို့၏ နောင်တဘန်ဖြစ်မှုမရှိဘဲ ကွယ်ပျောက်မှု၊ ခန္ဓာတရားတို့၏နောင်တဘန် ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ပျောက်မှုတည်း ဟူသော အဘာဝတရားမဟုတ်သည်သာလျှင်တည်း။ ဥပမာ ဤမှာဘက်ကမ်းသည် ဘယ်လိုပင်ပြို၍ ပျောက်ပျက်လေငြားသော်လည်း၊ ထိုမှာဘက်ကမ်းနှင့်မဆိုင်၊ ထိုမှာဘက်ကမ်းမဟုတ်သကဲ့သို့။ ထိုအတူ ဤမှာဘက်နှင့်တူသော သင်္ခတဖြစ်သော တဏှာစသောကိလေသာတို့၏။ နောင်တဘန်ဖြစ်မှုမရှိဘဲ ကွယ်ပျောက်လေမှု၊ သင်္ခတဖြစ်သော ခန္ဓာတို့နောင်တဘန်ဖြစ်မှုမရှိဘဲ ကွယ်ပျောက်လေမှုတည်းဟူသော သင်္ခတ တရားတို့၏မရှိမှုအဘာဝသည် အဘယ်မှာ သင်္ခတနှင့် ဆန့်ကျင်ဘက်ဖြစ်လျက်တည်ရှိနေသော အသင်္ခတဓာတ်နိရောဓသစ္စာ ဟုတ်နိုင်အံ့နည်း။ စင်စစ် မဟုတ်နိုင်သည်သာတည်း။ အဘယ်ကြောင့်မဟုတ်နိုင်လေသနည်းဟူမူ၊ တဏှာစသောကိလေသာခန္ဓာတို့သည်ကား။ စင်စစ် သင်္ခတဖြစ်သော ဝဋ္ဋဒုက္ခတရားတို့တည်း။ နိရောဓသစ္စာနိဗ္ဗာန်ကား အသင်္ခတဖြစ်သော သုခတရားပေတည်း။ ထိုကြောင့်ဆန့်ကျင်ဘက်တရားဖြစ်၏၊ ထိုသို့ဖြစ်သောကြောင့် သင်္ခတ တရားဖြစ်သော တဏှာစသောကိလေသာခန္ဓာတို့၏။ ကုန်မှု ချုပ်မှု မရှိမှုသည် စင်စစ် အသင်္ခတဓာတ် နိရောဓသစ္စာ မဟုတ်နိုင်ဟုသိအပ်ပါသည်။

{မေး} တဏှာစသော ကိလေသာခန္ဓာတည်းဟူသော ဝဋ္ဋဒုက္ခတရားတို့နှင့်။ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားသည်ဆန့်ကျင်ဘက်ဖြစ်၍တည်ခြင်းကြောင့်။ ၎င်းသင်္ခတဖြစ်သော ကိလေသာ ခန္ဓာဝဋ္ဋဒုက္ခတရားတို့၏မရှိမှုအဘာဝသည်၊ အသင်္ခတဓာတ်နိရောဓသစ္စာမဟုတ်သည်၏အဖြစ်ကိုပြဆိုသောနည်းအတိုင်းသိရပါပြီ။ ထိုတဏှာစသော ကိလေသာ

ခန္ဓာဝဋ်ဒုက္ခတရားတို့နှင့် ၎င်းအသင်္ခတဓါတ်ဖြစ်သေါ နိရောဓသစ္စာနိဗ္ဗာန်သည်၊ စင်စစ်ဆန့်ကျင်ဘက်ဖြစ်လျက် တည်မှုကို အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} သမ္မောဟဝိနောဒနီ အဋ္ဌကထာသစ္စဝိဘင်း၊ နိရောဓသစ္စာ၏ပိဂ္ဂိုဟ်ပြရာ၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ၎င်းနည်းအတူဝိသုဒ္ဓိမဂ်အဋ္ဌကထာသစ္စနိဒ္ဒေသ၊နိရောဓသစ္စာ၏ ပိဂ္ဂိုဟ်ကိုပြရာ၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ဘား။ဝါ သမဓိဂတေဝါတသ္မိံ သံသာရစာရကသင်္ခါတဿ၊ ဒုက္ခရောဓဿ အဘာဝေါ ဟောတိ၊တပ္ပဋိပက္ခတ္တာတိ ဒို၊ ဒုက္ခနိရောဓန္တိ ဝုစ္စတိဟု၍

တနည်းကား။ ပက္ခတ္တာ၊ထိုသံသရာ၌ မပြတ်ကျင်လည်တတ်သော ဝဋ်ဒုက္ခတည်းဟူသော ရောဓနှင့်ဆန့်ကျင်ဘက်ဖြစ်သည်၏အဖြစ်ကြောင့်။တသ္မိံ၊ထိုဝဋ်ဒုက္ခ၏ ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ သမဓိဂတေ၊ထိုးထွင်း၍သိအပ်သည်ရှိသော်။ သံသာရစာရကသင်္ခါတဿ၊ သံသရာ၌ပြေတ်ဖြစ်သည်ဟုဆိုအပ်သော။ ဒုက္ခရောဓဿ၊ ထိုကိလေသာခန္ဓာတည်းဟူသော ဒုက္ခရောဓ၏။အဘာဝေါ၊မရှိခြင်းသည် ဟောတိ၊ဖြစ်၏။ အဓိပ္ပါယ်ကား။ အသင်္ခတဓာတ်နိရောဓသစ္စာသည်။ သံသရာ၌မပြတ်ကျင်လည်ဖြစ်နေသော ကိလေသာခန္ဓာတည်းဟူသော ဝဋ်ဒုက္ခတရားတို့၏ဆန့်ကျင်ဘက်ဖြစ်၍ တဘက်၌ရှိနေ၏။ ထိုဆန့်ကျင်ဘက်ဖြစ်၍ တဘက်၌ ရှိနေသော သုခဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မဂ်လေးတန်ဖြင့်ထိုးထွင်း၍သိကြလျှင်။ထိုနိရောဓသစ္စာနှင့်ဆန့်ကျင်ဘက်ဖြစ်သော သံသရာ၌မပြတ်ကျင်လည်နေသော သင်္ခတဖြစ်သော ကိလေသာခန္ဓာတည်းဟူသော ဝဋ်ဒုက္ခတရားတို့သည်။ မရှိခြင်းအဘာဝသို့ရောက်လေတော့၏ဟူလို။ ဤကားအဓိပ္ပါယ်။ ဤပြဆိုအပ်သောအဋ္ဌကထာရှင်တို့၏ စကားရပ်တို့တွင်။ တပ္ပဋိပက္ခတ္တာဟူသောပါဠိကို ထောက်၍။ စင်စစ်အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ သင်္ခတတရားတည်းဟူသော ကိလေသာခန္ဓာတည်းဟူသော ဝဋ်ဆင်းရဲတရားတို့နှင့်ဆန့်ကျင်ဘက်ဖြစ်၍တည်နေမှုကိုထင်ရှားသိကြလေ။

{မေး} ထိုသင်္ခတ တရားနှင့်ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ တဖြာစသော ကိလေသာခန္ဓာတည်းဟူသော သံသရာ၌မပြတ်ဖြစ်နေသော ဝဋ်ဆင်းရဲတရားတို့၏ နောင်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ပျောက်ရန် အကြောင်းခံတရားပါလော။ သို့မဟုတ်အကြောင်းခံတရားမဟုတ်ပါလော။ ဘယ်လိုခွဲခြမ်း၍သိအပ်ပါမည်နည်း။

{ဖြေ} ၎င်းအသင်္ခတဓာတ်နိရောဓသစ္စာသည် စင်စစ်သံသရာ၌ မပြတ်အကြောင်းအကျိုးစပ်၍ဖြစ်နေသော ဝဋ်ဒုက္ခတရားတို့၏။ နောင်ဖြစ်ပေါ်မှုမရှိအောင် အကြောင်းခံတရားအမှန်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သင်္ခတဖြစ်သော ကိလေသာခန္ဓာတို့၏ မပြတ်မလပ် ဒုက္ခဖြစ်နေမှုကိုမြင်၍ ငြီးငွေ့ပြီးလျှင်။၎င်းတို့မှလွန်မြောက်ရာသဘောကိုရှာသော်။၎င်းတို့မှဆန့်ကျင်ဘက်ဖြစ်လျက် အမြဲတည်ရှိသော အသင်္ခတဓာတ် နိရောဓသစ္စာကို မဂ်ဖြင့်မြင်ခြင်းကြောင့်။ အကြောင်းတဏှာစသော ကိလေသာတို့သည်ဖြစ်မှုမရှိဘဲကုန်လေ၏။ထိုသို့ဖြစ်မှုမရှိဘဲကုန်ခြင်းကြောင့်၊ နောင်ဖြစ်လတ္တံ့သော ခန္ဓာဒုက္ခဟူသမျှတို့သည်လည်း နောင်ဖြစ်ပေါ်မှုမရှိဘဲကုန်ကြလေသည်သာတည်း။ ထိုကြောင့်မဖြစ်မပျက်ဘဲ အမြဲတည်ရှိသော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။စင်စစ် ဖြစ်ပျက်နေသောကိလေသာခန္ဓာတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှု မရှိရန် အကြောင်းခံတရား အမှန်ဖြစ်ပေသည်ဟုသိအပ်ပါသည်။

{မေး} အကြောင်းခံ တရားအမှန် ဖြစ်ကြောင်းကို အဘယ်ပါဠိကို ထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} ဒုက္ခသဝါ၊အနုပ္ပါဒနိရောဓပစ္စယတ္တာ၊ဒုက္ခနိရောဓန္တိ ဟု၍။ သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်းအဖွင့် နိရောဓသစ္စာ၏ဝိဂြိုဟ်ပြရာ၌ ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ထိုနည်းအတူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စနိဒ္ဒေသ နိရောဓသစ္စာ၏ဝိဂြိုဟ်ပြရာ၌လည်းကောင်း။ ပြဆိုအပ်သည်ကိုထောက်၍သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား ဝါ၊တနည်းကား။ ဒုက္ခဿ၊ သံသရာ၌မပြတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲဒုက္ခ၏၊ အနုပ္ပါဒနိရောဓပစ္စယတ္တာ၊နောင်တဘန်ဖြစ်ပေါ်မှုမရှိခြင်းတည်းဟူသော နိရောဓ၏အကြောင်းတရားဖြစ်သည့်၏အဖြစ်ကြောင့်။ ဒုက္ခနိရောဓန္တိ၊ဒုက္ခနိရောဓဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။၍ကားမြန်မာပြန်တည်း။အဓိပ္ပါယ်ကား၊ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားကိုမဂ်သေးတန်တရားဖြင့်အာရုံပြု၍ရှေ့ခြင်းကြောင့်။နောင်ဖြစ်ရန်ရှိသောအကြောင်းကိလေသာအကျိုးခန္ဓာတရားတို့သည် နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိလေပြီ။ထိုသို့ကိလေသာခန္ဓာဝဋ်ဒုက္ခတရားတို့၏ နောင်ဖြစ်ပေါ်မှုမရှိအောင်အကြောင်းခံဖြစ်သောအသင်္ခတဓာတ်နိရောဓသစ္စာတရားကိုပင်ဒုက္ခနိရောဓဟုခေါ်ဆိုအပ်လေသည်ဟုလို။၍ကားအဓိပ္ပါယ်။ ။၍သို့ပြဆိုအပ်သောအဋ္ဌကထာ ၎င်းတို့၏စကားတော်တို့ကိုထောက်၍။ နောင်အဆက်ဆက် ဖြစ်ပေါ်ရန်ရှိသော ကိလေသာခန္ဓာဒုက္ခတရားတို့သည်။ စင်စစ် အသင်္ခတဓာတ် နိရော

ခေသစ္စာကို အကြောင်းခံပြု၍သာလျှင်။ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိ ဘဲ။ ကုန်ကြ ပျောက်ကွယ်ကြလေကုန်၏။ ထိုကြောင့် အသင်္ခတခေတ်နိ ရောခေသစ္စာသည် ကိလေသာခန္ဓာတည်းဟူသော ဝဋ်ဆင်းရဲတရားတို့၏ နောင်ဖြစ်ပေါ်မှုမရှိရန်အကြောင်းခံတရားအမှန်ဖြစ်သည်၏ အဖြစ်ကိုထင် ရှားသိကြလေ။

{မေး} ထိုအသင်္ခတခေတ်နိရောခေသစ္စာနိဗ္ဗာန်တရားသည်။ အကြောင်းအ ကျိုး ဝဋ်ဒုက္ခတရားတို့၏ နောင်အဆက်ဆက်ဖြစ်မှုမရှိရန်။ အကြောင်းခံ တရားဟူ၍သိအပ်ရန်ပြဆိုအပ်သော အဋ္ဌကထာတို့ဖြင့်သိရပါပြီ။ထိုအဋ္ဌကထာ တို့မှတပါး။ တခြားကျမ်းဂန်ပါဠိတော်များကား ထိုအကြောင်းကိုပြဆို တာရှိမရှိကိုသိလိုပါသေးသည်။

{ဖြေ} ထုံပြဆိုအပ်ပြီးသော အဋ္ဌကထာတို့မှတပါး ပဋိသမ္ဘိဒါမဂ်ပါဠိ တော် အဘိသမယ ကထာကျမ်းနံပါတ်(၃၅၁)မျက်နှာ၌။ ဥပ္ပါဒေါ၊အာဒိ နဝံဒိသွာ၊ အနုပ္ပါဒေစိတ္တံပက္ခန္ဒတိ၊ အနုပ္ပါဒေစိတ္တသပက္ခန္ဒတ္တာ၊ ယေဥပ္ပါ ဒပစ္စယာ၊ကိလေသာ၊နိဗ္ဗတ္တေယျုံ၊တေ၊အဇာတာယေဝ၊နဇာယန္တိ၊ အ နိဗ္ဗတ္တာယေဝ၊နနိဗ္ဗတ္တန္တိ၊ အနုပ္ပန္နာယေဝ၊နဥပ္ပဇ္ဇန္တိ၊ အပါတုဘူတာယေ ဝ၊နပါတုဘဝန္တိ။ ဧဝံဟေတုနိရောဓာ၊ ဒုက္ခနိရောဓောဟူ၍ ဟောတော် မူအပ်သည်ဟူ၍သိအပ်ပါသေးသည်။ ။အနက်သိကြောင်းမြန်မာပြန် ကား၊ ။ဥပ္ပါဒေါ၊သင်္ခတ တရားတို့၏ဖြစ်ခြင်းသဘော၌။အာဒိနဝံ၊ အပြစ် ကို၊ဒိသွာ၊မြင်၍။ အနုပ္ပါဒေ၊ဖြစ်ခြင်းတရားနှင့်ဆန့်ကျင်ဘက်ဖြစ်သော မ ဖြစ်ခြင်းသဘောတရားတည်းဟူသော အသင်္ခတခေတ်နိရောခေသစ္စာနိဗ္ဗာန် ၌၊ စိတ္တံ၊မဂ်စိတ်သည်။ ပက္ခန္ဒတိ၊ပြေးဝင်၏။ အနုပ္ပါဒေ၊ဖြစ်ခြင်းတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ခြင်းသဘောတရားတည်းဟူသော အသင်္ခ တခေတ်နိရောခေသစ္စာနိဗ္ဗာန်သို့။ စိတ္တဿ၊မဂ်စိတ်၏။ ပက္ခန္ဒတ္တာ၊ပြေးဝင် သည်၏အဖြစ်ကြောင့်။ ဥပ္ပါဒပစ္စယာ၊ဖြစ်ခြင်းဥပ္ပါဒ်ဟူသောအကြောင်း ကြောင့်။ ယေကိလေသာ၊အကြင်ကိလေသာတို့သည်။ နိဗ္ဗတ္တေယျုံ၊ဖြစ် ကုန်ရာ၏။တေကိလေသါ၊ထိုဖြစ်ခြင်းဥပ္ပါဒ်ဟူသေါအကြောင်းကြောင့်ဖြစ် လတ့်ကုန်သောကိလေသာတို့သည်၊ အဇာတာယေဝ၊ဖြစ်မှုမရှိသေးကုန် မူ၍သာလျှင်။ နဇာယန္တိ၊ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိကုန်ပြီ။ အနိဗ္ဗ တ္တာယေဝ၊ဖြစ်မှုမရှိသေးကုန်မူ၍သာလျှင်။နနိဗ္ဗတ္တန္တိ၊ နောင်အဆက်ဆက် ဖြစ်မှုမရှိကုန်ပြီ။အနုပ္ပန္နာယေဝ၊ဖြစ်မှုမရှိသေးကုန်မူ၍သာလျှင်။နဥပ္ပဇ္ဇန္တိ၊ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိကုန်ပြီ။ အပါတုဘူတာယေဝ၊မထင်ရှား သေးသည်ဖြစ်ကုန်၍သာလျှင်။ နပါတုဘဝန္တိ၊ နောင်အဆက်ဆက်မထင်

ရှားလေကုန်ပြီ။ ဖေါ်၊ဤသို့။ ပေါတုနိရောဓ၊ ဒုက္ခတရား၏အကြောင်းဖြစ်သော ကိလေသာတို့၏ အဆက်ဆက်ဖြစ်မှု မရှိခြင်းကြောင့်။ ဒုက္ခနိရောဓ၊အကျိုးဖြစ်သော ခန္ဓာဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှု မရှိလေသည်။ ပေါတိ၊ဖြစ်၏။ (ဤပေါတုနိရောဓ ဒုက္ခနိရောဓဟူသော ပုဒ်တို့၌၊ နိရောဓသဒ္ဒါသည်ဖြစ်မှုမခြင်းတည်းဟူသောအနုပ္ပါဒ။ အနက်ကိုဟော၏။ ချုပ်ခြင်းတည်းဟူသော ဘင်အနက်ကိုမဟော။ ထိုကြောင့် မူလဋီကာဆရာသည်။ အနုပ္ပါဒေါ ဧဝ၊ နိရောဓော၊ အနုပ္ပါဒနိရောဓော၊ ဘဝါဒိသုအပဝတ္တိ၊ နပုနဘဝေါ ဟူ၍ မိန့်ဆိုအပ်သည်နှင့်အညီ။ ပေါတုနိရောဓ ဒုက္ခနိရောဓဟူသောပုဒ်တို့၌ နိရောဓသဒ္ဒါ၏အနက်ကို။ဖြစ်မှုမရှိဟူသောအနက်ကို ယောဇနာခဲ့သည်။ ဤကားစကားချပ်) ဤသို့ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်၏ အဓိပ္ပါယ်မှာ။ သင်္ခတ တရားတို့၏ဖြစ်ခြင်းတရား၌။အမျိုးမျိုးဒုက္ခတို့၏ဖြစ်ကြောင်း၏ အဖြစ်ကိုမြင်လျှင်၊ ၎င်းသင်္ခတ တရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်သော သဘောလက္ခဏာရှိသော အသင်္ခတဓာတ်နိရောဓသစ္စာသို့ မဂ်စိတ်သည် အာရုံပြုသောအားဖြင့်ပြေးဝင်၏။ထိုသို့မဂ်စိတ်ပြေးဝင်ခြင်းကြောင့် ဖြစ်ပေါ်ရန်ရှိသော တဏှာစသောကိလေသာတရားတို့သည်၊ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ပျောက် လေတော့သည်။ ထိုသို့အကြောင်းသမုဒယ သစ္စာတရားတို့ဖြစ်ပေါ်မှု မရှိဘဲ ကွယ်ပျောက်လေလျှင် ၎င်းသမုဒယ ကိလေသာတို့ကြောင့်၊ နောင်အဆက်ဆက် ဖြစ်ပေါ်လတ္တံ့သော ခန္ဓာဒုက္ခတရားတို့သည်လည်း နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိဘဲ လျက် ကွယ်ပျောက်လေတော့၏ဟူလို။ ၎င်းကြောင့်အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည် သမုဒယဒုက္ခနှစ်ပါးတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိဘဲ၊ကွယ်ပျောက်ခြင်း၏အကြောင်းတရားအမှန်ဖြစ်ပေသည်ဟူသော အဓိပ္ပါယ်ကို ပညာရှင်တို့မှချသိအပ်သည်သာတည်း။ထိုသို့သိကြလျှင် အသင်္ခတဓာတ်နိရောဓသစ္စာကို သင်္ခတနယ်ကမဂ်ဉာဏ်ဖြင့် အာရုံပြု၍သာလျှင်၊ သင်္ခတနယ်၌ ထိုအသင်္ခတဓာတ်နိရောဓသစ္စာကိုအာရုံပြု၍ မဂ်စိတ်ဖြစ်သော်သင်္ခတခန္ဓာ၌တဏှာစသော်သမုဒယကိလေသာတို့အဆက်ဆက်ဖြစ်ပေါ်မှုမရှိဘဲ ကုန်လေမှု။ ထိုသမုဒယကိလေသာတည်းဟူသော အကြောင်းတရားအဆက်ဆက်ဖြစ်မှုမရှိဘဲ ကုန်ခြင်းကြောင့်၊ နောင်ဖြစ်လတ္တံ့သော သင်္ခတခန္ဓာအဆက်ဆက်ဖြစ်မှုမရှိဘဲကုန်မှုတည်းဟူသော အဘာဝပညတ်တရားသည်။အဘယ်မှာအသင်္ခတဓာတ်နိရောဓသစ္စာဖြစ်ပါအံ့နည်း။ စင်စစ်ဖြစ်မှုမရှိသည်သာလျှင် ထိုသို့သင်္ခတ တရားဖြစ်သော ကိ

လေသာခန္ဓာတို့၏ဖြစ်မှုမရှိဘဲ ကုန်မှုကို၊ နိရောဓသစ္စာနိဗ္ဗာန်ဟု ယူလေ သမျှအယူဟူသမျှတို့သည် အလွန်မှားသော အယူတို့သာဖြစ်လေတော့ သည်ဟုမှတ်ကြလေ။

{မေး} ဤပဋိသန္ဓိဒါမင်္ဂပါဠိတော်၌ မဖြစ်ခြင်းသဘောမျှသာဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာကို မင်္ဂဖြင့်အာရုံပြု၍၊ အကြောင်းကိလေသာတို့သည် ဖြစ်မှုမရှိဘဲကုန်သကဲ့သို့၊ ဓမ္မစကြာပဝတ္တနသုတ်၌လည်း အကြောင်းသမုဒယဖြစ်သော တဏှာသုံးပါးတို့သည်၊ ထိုနိရောဓသစ္စာကို အကြောင်းခံ၍ ဖြစ်ပေါ်မှုမရှိဘဲ ကုန်မှုကင်းမှုတို့ကိုဟောအပ် မဟောအပ် ကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဓမ္မစကြာသုတ်ပါဠိတော်၌လည်း ဖြစ်ပေါ်မှုရှိသောသင်္ခတ တရားနှင့် ဆန့်ကျင်ဘက်ဖြစ်လျက် တည်သော မဖြစ်သော သဘောသဘာဝ အားဖြင့်၊ အမြဲတည်ရှိနေသော အသင်္ခတဓာတ်နိရောဓသစ္စာကိုသာ မင်္ဂ ဖြင့်အာရုံပြုသောအားဖြင့်ရောက်သောကြောင့်၊ တဏှာသုံးပါးတို့သည် ကင်းရ ဖြစ်မှုမရှိဘဲကုန်ခမ်းရလေသည်။ ထိုကြောင့်အသင်္ခတဓာတ်နိရော ဓသစ္စာနိဗ္ဗာန်သည် တဏှာတို့၏အကြွင်းမရှိကင်းကြောင်းဖြစ်မှုမရှိကြောင်း ငြိမ်းတဏှာတို့ကိုစွန့်ကြောင်း။ ထိုတဏှာတို့၏တွယ်တာမှုတည်းဟူသော အာလယတို့၏ဖြတ်ကြောင်းတရားဟူ၍ ဟောတော်မူအပ်ပါသည်ဟု သိ အပ်ပါသည်။

{မေး} ဓမ္မစကြာ၌ဟောတော်မူအပ်သော သာဓကပါဌ်ကိုဘယ်လိုသိ အပ်ပါမည်နည်း။

{ဖြေ} ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ၊ အသေသဝိရာဂနိရောဓော၊ စာဂေါ ပဋိနိဿဂ္ဂေါ၊ မုတ္တိ အနာ လယော ဟူ၍ ဟောတော်မူအပ်သည်ကိုထောက်၍သိအပ်ပါသည်။ ။

အနက်သိကြောင်းမြန်မာပြန်ကား။ ဘိက္ခဝေ၊ ရဟန်းတို့။ တဿာယေဝ တဏှာယ၊ ထိုကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၏သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြွင်းအကျန်အကြွင်းမရှိဘဲလျက်။ နောင်အဆက် ဆက်ကင်းကြောင်း နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိကြောင်းဖြစ်သော မ ဖြစ်ခြင်းသဘောလက္ခဏာရှိသော နိရောဓသစ္စာနိဗ္ဗာန်သည်။ ယော စာဂေါ အကြွင်းစွန့်ကြောင်းဖြစ်သော နိရောဓသစ္စာနိဗ္ဗာန်သည်။ ယော ပဋိနိဿဂ္ဂေါ အကြွင်းနောင်အဆက်ဆက်မရှိအောင် စွန့်ကြောင်းဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်သည်။ ယာ မုတ္တိ၊ အကြွင်းလွတ်ကြောင်းဖြစ်သောနိရောဓသစ္စာနိဗ္ဗာန် သည်။ ယော အနာလယော၊ အကြွင်းကပ်ငြိခြင်း၏ကင်းကြောင်းဖြစ်သော

နိရောဓသစ္စာနိဗ္ဗာန်သည်။ အဘွိုးရှိ၏။ ဗုဒ္ဓဒ်ခေါ်ပနဓမ္မဇာတ်၊ ဤတဏှာတို့၏အကြွင်းမရှိကင်းကြောင်း အကြွင်းမရှိဖြစ်မှုမရှိကြောင်း တဏှာတို့ကိုစွန့်ကြောင်း တဏှာတို့မှလွတ်ကြောင်း ကပ်ငြိတတ်သောတဏှာ အာလယတို့၏ ပြတ်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည်။ဒုက္ခနိရောဓံ၊ ဒုက္ခဟူသမျှတို့၏ နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်း၏ အကြောင်းတရားဖြစ်သော၊အရိယသစ္စံ၊ အရိယာအဖြစ်ကိုပြုတတ်သော မှန်သောတရားပေတည်း။ ။ဤသို့ဟောတော်မူအပ်သော ဓမ္မစက္ကသုတ်၌ ဟောတော်မူအပ်သည့်ကိုထောက်၍။အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်၊ အကြောင်းကိလေသာတဏှာတရားတို့၏ အဆက်ဆက်ဖြစ်ပေါ်မှုမရှိဘဲ ကင်းခြင်း ဖြစ်မှုမရှိခြင်းစသည်တို့၏ အကြောင်းတရားဖြစ်သည်၏ အဖြစ်ကိုသိကြလေ။

{မေး} ဤဓမ္မစက္ကပဝတ္တနသုတ် ပဋိသမ္ဘိဒါမဂ်ပါဠိတော်တို့ဖြင့်ပြဆိုအပ်သောကြောင့်။ကိလေသာတဏှာတည်းဟူသော အကြောင်းသမုဒယတို့၏။ နောင်အဆက်ဆက်ကင်းကြောင်း၊ နောင်အဆက်ဆက်ဖြစ်မှုမရှိကြောင်းစသည်ကိုသိရပါပြီ။ ထိုပါဠိတော်တို့မှတပါး အခြားပါဠိတော်တို့၌ကား။ ထိုကဲ့သို့ ကိလေသာတဏှာတည်းဟူသော သမုဒယသစ္စာတို့၏ ကင်းကြောင်း ဖြစ်မှုမရှိကြောင်း စသည်ကို ပြဆိုမှုသည် ရှိပါသေးသလော၊မရှိပါသလောကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဤပြဆိုအပ်သော ကျမ်းတို့မှတပါး၊ သုတ်မဟာဝါပါဠိတော်သတိပဋ္ဌာနသုတ် သစ္စနိဒ္ဒေသ နိရောဓသစ္စာအရာ၌။ ဗုဒ္ဓဒ်ခေါ်ပနဘိက္ခဝေ၊ ဒုက္ခနိရောဓံအရိယသစ္စံ၊ယောတဿါယေဝတဏှာယအသေသဝိရာဂနိရောဓော၊စာဂေါပဋိနိဿဂ္ဂေါ၊မုတ္တိ၊အနာလယောါဟူ၍လည်းကောင်း။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ယုဂနဒ္ဓဝဂ်ပဋိသမ္ဘိဒါကထာကျမ်းနံပါတ်(၂၉၅) မျက်နှာ၌။ဗုဒ္ဓဒ်ခေါ်ပနဘိက္ခဝေ ဒုက္ခနိရောဓံအရိယသစ္စံ၊ယောတဿာယေဝတဏှာယအသေသဝိရာဂနိရောဓော၊စာဂေါ၊ပဋိနိဿဂ္ဂေါ၊မုတ္တိ၊အနာလယောဟူ၍လည်းကောင်း၊သစ္စဝိဘင်းပါဠိတော်နိရောဓသစ္စာအရာ၌ကတမံဒုက္ခနိရောဓံအရိယသစ္စံ၊ယောအဿာယေဝတဏှာယ အသေသဝိရာဂနိရောဓော စာဂေါမုတ္တိအနာလယောဟူ၍လည်းကောင်း ဟောတော်မူအပ်သည်တို့ကိုထောက်၍လည်း။ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သည် ထိုကိလေသာတဏှာတို့၏နောင်အဆက်ဆက်ကင်းကြောင်း၊နောင်အဆက်ဆက်ဖြစ်မှုမရှိကြောင်းစသည်အမှန်ဖြစ်ကြောင်းကို ထင်ရှားသိကြသေး၊

{မေး} ဤဓမ္မစက္ကပဝတ္တနသုတ် ပဋိသမ္ဘိဒါမဂ် သတိပဋ္ဌာနသုတ်တို့၌ ဟောတော်မူအပ်သော။ အသင်္ခတခေတ် နိရောဓသစ္စာနိဗ္ဗာန်တရားတော်သည်။ ထိုသမုဒယသစ္စာဖြစ်သော ကိလေသာတဏှာတို့၏ နောင်အဆက်ကင်းကြောင်း၊ နောင်အဆက်ဆက် ဖြစ်မှုမရှိကြောင်း စသည် အမှန်ဖြစ်ကြောင်းကို၊ ၎င်းသုတ်တို့ကိုဖွင့်သောအဋ္ဌကထာ ရှင်တို့ကား ဖွင့်ဆိုမှုရှိပါသလော။ သို့မဟုတ်ဖွင့်ဆိုမှုမရှိပါသလော ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} အသေသဝိရာဂနိရောဓောတိအာဒီနိ၊ သဗ္ဗာနိ၊နိဗ္ဗာနဝေဝစနာနေဝ၊နိဗ္ဗာနဉှိ၊ အာဂမ္မ၊တဏှာအသေသာဝိရဇ္ဇတိ၊ နိရုဇ္ဈတိ၊ တသ္မာတံ၊ တဿာယေဝတဏှာယ၊ အသေသဝိရာဂ နိရောဓောတိဝုစ္စတိ၊ နိဗ္ဗာနဉ္စ အာဂမ္မ၊တဏှာစဇီယတိ၊ပဋိနိဿဇ္ဇီယတိ၊ မုစ္စတိ၊နအလ္လီယတိ၊တသ္မာ နိဗ္ဗာနံစာဂေါ၊ပဋိနိဿဂ္ဂေါ၊မုတ္တိ၊အနာလယောတိဝုစ္စတိဟူ၍သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်းအဖွင့် နိရောဓသစ္စာအဖွင့်၌ဖြဆိုအပ်သည်ကို ထောက်၍လည်းကောင်း။ ပရမတ္ထဒီပနီ၊ ဒုက္ခနိရောဓံအရိယသစ္စန္တိ နိဗ္ဗာနံဝုစ္စတိ၊ယသ္မာပနတံအာဂမ္မ၊တဏှာဝိရဇ္ဇတိစေဝ၊ နိရုဇ္ဈတိစ၊တသ္မာ ဝိရာဂေါတိစ၊နိရောဓောတိစ၊ဝုစ္စတိ၊ ယသ္မာစ၊တဒေဝအာဂမ္မ၊တဿာ စာဂါဒယောဟောန္တိ၊ကာမဂုဏာလယေသုစေတ္ထ၊ဧကောပိအာလယော နတ္ထိ၊ တသ္မာစာဂေါပဋိနိဿဂ္ဂေါ၊မုတ္တိ အနာလယောတိဝုစ္စတိဟူ၍။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စနိဒ္ဒေသ နိရောဓသစ္စာ အဖွင့်၌ဖြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ပရမတ္ထတောဟိ၊ဒုက္ခနိရောဓံအရိယသစ္စန္တိ၊နိဗ္ဗာနံဝုစ္စတိ၊ယသ္မာပန၊တံအာဂမ္မ တဏှာအသေသာဝိရဇ္ဇတိ၊နိရုဇ္ဈတိ၊တသ္မာ၊တဿာယေဝတဏှာယ အသေသဝိရာဂနိရောဓောတိဝုစ္စတိ၊နိဗ္ဗာနံစ၊အာဂမ္မ၊တဏှာစဇီယတိ၊ပဋိနိဿဇ္ဇီယတိ၊နအလ္လီယတိ၊ကာမဂုဏာလယေသုစေတ္ထ၊ဧကောပိအာလယောန၊တ္ထိတသ္မာနိဗ္ဗာနံ စာဂေါ၊ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယောတိဝုစ္စတိဟူ၍ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဉာဏနိဒ္ဒေသနိရောဓသစ္စာအဖွင့်၌ဖြဆိုအပ်သည်ကိုထောက်၍လည်းကောင်း၊ အသေသဝိရာဂနိရောဓောတိအာဒီနိ၊သဗ္ဗာနိ နိဗ္ဗာနဝေဝစနာနေဝ၊ နိဗ္ဗာနဉှိ၊ အာဂမ္မ၊ တဏှာအသေသာဝိရဇ္ဇတိ၊နိရုဇ္ဈတိ၊တသ္မာတံတဿာယေဝတဏှာယ၊ အသေသဝိရာဂနိရောဓောတိ၊ ဝုစ္စတိ နိဗ္ဗာနဉ္စအာဂမ္မ၊ တဏှာစဇီယတိ၊ ပဋိနိဿဇ္ဇီယတိဝိမုစ္စတိ၊နအလ္လီယတိ၊ တသ္မာ၊နိဗ္ဗာနံစာဂေါပဋိနိဿဂ္ဂေါ၊မုတ္တိအနာလယောတိဝုစ္စတိဟူ၍သုတ်မဟာဝါအဋ္ဌကထာ သတိပဋ္ဌာနသုတ်သစ္စာအဖွင့်၌မိန့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ အဋ္ဌကထာတို့၌ဖွင့်ဆိုအပ်သည်ကိုသိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်

ကား။ အသေသပိရာဂနိရောဓောတိအာဒိနိ၊အသေသပိရာဂနိရောဓေါ။
ဤသို့အစရှိကုန်သော။သဗ္ဗာနိ၊အလုံးစုံသောပုဒ်တို့သည်။နိဗ္ဗာန ဝေဝစနာ
နေဝ၊ နိဗ္ဗာန်၏ပရိယာယ်ဝေဝုစ် အ မ ည် တို့ သ ာ လျှ င် တ ည် း။ ဟိသစ္စံ၊
ထိုစကားသည်မှန်၏။ နိဗ္ဗာနံ၊အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ အာ
ဂမ္မ၊မဂ်ဖြင့်အာရုံပြုသောအားဖြင့်ရောက်၍။တဏှာ၊မွတ်သိပ်ခင်မင်တတ်
သောတဏှာသည်။ အသေသာ၊ အကြွင်းမရှိ။ ဝိရဇ္ဇတိ၊ ကင်း၏။နိရုဇ္ဈတိ၊
နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိ။ တသ္မာ၊ ထိုသို့တဏှာ၏ ကုန်ခြင်းသို့
ရောက်သောအားဖြင့် အကြွင်းမရှိကင်းမှု၊ နောက်ဖြစ်ပေါ်မှုမရှိကြောင်း၏
အဖြစ်ကြောင့်။ နိဗ္ဗာနံ၊မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာ
နိဗ္ဗာန်ကို။ တဿာယေဝတဏှာယ၊ထိုတဏှာ၏သာလျှင်။ အသေသပိ
ရာဂနိရောဓောတိ၊ အကြွင်းမရှိကင်းကြောင်း နောင်အဆက်ဆက်ဖြစ်မှုမ
ရှိကြောင်းဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။နိဗ္ဗာနဥ္စ၊မဂ်၏အာရုံဖြစ်သောအသင်္ခတ
ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုလည်း။ အာဂမ္မ၊ မဂ်ဖြင့်အာရုံပြုသောအား
ဖြင့်ရောက်၍။တဏှာ၊ မွတ်သိပ်ခင်မင်တတ်သောတဏှာကို။ စဇိယတိ၊
စွန့်အပ်၏။ ပဋိနိဿဇ္ဇိယတိ၊ တဖန်လာရောက်မှုမရှိအောင်ပေး၍စွန့်
အပ်၏။ တဏှာယ၊ မွတ်သိပ်ခင်မင်တတ်သောတဏှာမှ။ မုစ္စတိ၊လွတ်
တတ်၏။ နအလ္လီယတိ၊ မငြိကပ်။ တသ္မာ၊ ထိုသို့ တဏှာ၏ စွန့်ကြောင်း
တဖန်လာရောက်မှုမရှိအောင် စွန့်ကြောင်း။ တဏှာမှလွတ်ကြောင်း၊ တ
ဏှာမငြိကပ်ခြင်း၏အကြောင်းဖြစ်သောကြောင့်။ နိဗ္ဗာနံ၊ မဂ်၏အာရုံဖြစ်
သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ စာဂေါ၊ ပဋိနိဿဂ္ဂေါ၊
မုတ္တိ၊အနာလယောတိ၊ စာဂေါပဋိနိဿဂ္ဂေါ၊ မုတ္တိ၊ အနာလယောဟူ၍။
ဝုစ္စတိ၊ဆိုအပ်၏။ ။ဤကား။ သမ္မောဟဝိနောဒနီ အဋ္ဌကထာပါဌ်၏မြန်မာ
ပြန်တည်း။ ။ဟိသစ္စံ၊ထိုစကားသည်မှန်၏။ပရမတ္ထတော၊ပရမတ္ထအား
ဖြင့်။နိဗ္ဗာနံ၊မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။
ဒုက္ခနိရောဓံ၊အရိယသစ္စန္တိ၊ဒုက္ခနိရောဓ အရိယသစ္စံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်
၏။ ပန၊ ထိုစကားကိုဆက်၍ဆိုဦးအံ့။ ယသ္မာ၊အကြင်ကြောင့်။တံ၊ထိုမဂ်
၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ မဂ်
ဖြင့်အာရုံပြုသောအားဖြင့်ရောက်၍။ တဏှာ၊ မွတ်သိပ်ခင်မင်တတ်သော
တဏှာသည်။ဝိရဇ္ဇတိစေဝ၊ကုန်ခြင်းသို့ရောက်သောအားဖြင့်၊ ကင်းလည်း
ကင်း၏။ နိရုဇ္ဈတိစေဝ၊ နောင်အဆက်ဆက်ဖြစ်ပေါ်မှုလည်းမရှိ။ တသ္မာ၊
ထိုသို့ တဏှာ၏ကင်းကြောင်း ဖြစ်ပေါ်မှု မရှိကြောင်း၏ အဖြစ်ကြောင့်။
နိဗ္ဗာနံ၊ မဂ်၏အာရုံဖြစ်သော။ အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန် ကို။

တသာသယေဝ တဏှာယ၊ ထိုတဏှာ၏သာလျှင်။ အသေသဝိရာဂနိရော
ဓောတိ၊အကြွင်းမရှိကင်းကြောင်း ဖြစ်မှုမရှိကြောင်းဟူ၍၊ ဝုစ္စတိ၊ဆိုအပ်
၏။ထိုမှတပါး ယသ္မာ၊ အကြင်ကြောင့်။တဒေဝနိဗ္ဗာနမေဝ၊ ထိုမဂ်၏အာ
ရုံဖြစ်သော။ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင်။ အာဂမ္မ၊မဂ်
ဖြင့်အာရုံပြုသောအားဖြင့်ရောက်၍။တဿာ၊ထိုတဏှာကို။စာဂါဒယော၊
စွန့်ခြင်းစသည်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စ၊ အထူးကိုဆိုဦးအံ့။ဧတ္ထ
အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်။ကာမရူပနာလယေသု၊ ကာမရူပ်တို့
၌ကပ်ငြိတတ်သောအာလယတရားတို့တွင်။ဧကောပိ၊တခုလည်းဖြစ်သော။
အာလယော၊ကပ်ငြိတတ်သောအာလယတရားတို့သည်။နတ္ထိ၊မရှိ။တသ္မာ၊
ထိုသို့။တဏှာစသည်တို့၏စွန့်ကြောင်း၊တဏှာလယ၏မရှိရာဌာန၏အဖြစ်
ကြောင့်။ နိဗ္ဗာနံ၊ မဂ်ဖိုလ်၏အာရုံဖြစ်သော။ အသင်္ခတဓာတ် နိရောဓသစ္စာ
နိဗ္ဗာန်ကို။ စာဂေါပဋိနိဿဂ္ဂေါ၊ မုတ္တိ၊အနာလယောတိ၊စာဂေါ ပဋိနိဿ
ဂ္ဂေါ၊မုတ္တိ အနာလယဟူ၍ ဝုစ္စတိ၊ဆိုအပ်၏။ ဤကား ဝိသုဒ္ဓိမဂ်ပါဌ်၏မြန်
မာပြန်တည်း။ ဟိသစ္စံ။ ထိုစကားသည် မှန်၏၊ ပရမတ္ထတော၊ ပရမတ္ထသ
ဘောအားဖြင့်။ နိဗ္ဗာနံ၊ မဂ်၏အာရုံဖြစ်သောအသင်္ခတဓာတ်နိရောဓသစ္စာ
နိဗ္ဗာန်ကို။ ဒုက္ခနိရောဓံအရိယသစ္စန္တိ၊ ဒုက္ခနိရောဓံအရိယသစ္စာဟူ၍၊ ဝုစ္စ
တိ၊ ဆိုအပ်၏။ ပန၊ ထိုစကားကိုဆက်၍ဆိုဦးအံ့။ ယသ္မာ၊အကြင်ကြောင့်။
တံ၊ ထိုမဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာ နိဗ္ဗာန်ကို။အာ
ဂမ္မ၊ မဂ်ဖြင့်အာရုံပြုသောအားဖြင့်ရောက်၍။တဏှာ မွတ်သိပ်ခင်မင်တတ်
သောတဏှာသည်။အသေသာ၊အကြွင်းမရှိ။ ဝိရဇ္ဇတိ၊ကုန်ခြင်းသို့ရောက်
သောအားဖြင့်ကင်း၏။နိရုဇ္ဈတိ၊ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိ။တသ္မာ၊
ထိုသို့ တဏှာ၏အကြွင်းမရှိ ကင်းမှု၊ နောင် အဆက်ဆက်ဖြစ် ပေါ်မှုမရှိ
ကြောင်း၏အဖြစ်ကြောင့်။နိဗ္ဗာနံ၊မဂ်၏အာရုံဖြစ်သော။ အသင်္ခတဓာတ် နိ
ရောဓသစ္စာနိဗ္ဗာန်ကို။တဿာယေဝတဏှာယ၊ ထိုတဏှာ၏သာလျှင်၊အ
သေသဝိရာဂနိရောဓောတိ၊ အကြွင်းမရှိ ကင်းကြောင်း နောင် အ ဆ က်
ဆက်ဖြစ်မှုမရှိကြောင်းဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ နိဗ္ဗာနဥ္စ၊မဂ်၏အာရုံဖြစ်
သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုလည်း။ အာဂမ္မ၊မဂ်ဖြင့်အာ
ရုံပြုသောအားဖြင့်ရောက်၍။ တဏှာ၊ မွတ်သိပ်ခင်မင်တတ်သောတဏှာ
ကို၊ စဇီယတိ၊စွန့်အပ်၏။ပဋိနိဿဇ္ဇီယတိ၊တဖန်လာရောက်မှုမရှိအောင်
ဝေးစွာစွန့်အပ်၏။ နအလ္လီယတိ၊ မကပ်ငြိ။စ၊အထူးကိုဆိုဦးအံ့။ဧတ္ထ၊ ဤ
အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်၌။ကာမရူပအာလယေသု၊ ကာမရူပ်
တို့၌ကပ်ငြိတတ်သော အာလယတရားတို့တွင်။ဧကောပိ၊တခုလည်းဖြစ်

သော။ အာလယော၊ကပ်ငြိတတ်သော အာလယတရားသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ထိုတဏှာစသည်တို့၏စွန့်ကြောင်း တဘန်လာရောက်မှုမရှိအောင် စွန့်ကြောင်း ကပ်ငြိခြင်း၏မရှိကြောင်း ကပ်ငြိခြင်း၏မရှိရာဌာန၏ အဖြစ် ကြောင့်။ နိဗ္ဗာနံ၊မဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတနိရောဓသစ္စာနိဗ္ဗာန် ကို။ စာဂေါ၊ပဋိနိဿဂ္ဂေါ၊မုတ္တိ၊အနာလယောတိ။ စာဂေါ၊ပဋိနိဿဂ္ဂေါ၊ မုတ္တိ အနာလယောဟူ၍။ ဝုတ္တံ၊ဆိုအပ်၏။ဤကားပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ပါဠိ၏မြန်မာပြန်တည်း။ ။သုတ်မဟာဝါအဋ္ဌကထာပါဠိ၏မြန်မာပြန်သည်။ သမ္မောဟဝိနောဒနီ အဋ္ဌကထာပါဠိ၏ မြန်မာပြန်နှင့် ထပ်တူ ထပ်မျှပင် ဖြစ် လေ၏။ ။အဓိပ္ပါယ်အကျဉ်းမှာ၊ မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိ ရောဓသစ္စာနိဗ္ဗာန်ကို မဂ်ဖြင့်အာရုံပြု၍ရောက်သောကြောင့်သာ။ တဏှာ သုံးပါးသည် ကုန်ခန်းသောအားဖြင့် ကင်းလေ၏။ နောင်အဆက်ဆက် လည်းဖြစ်မှုမရှိလေပြီ။ အဘယ်ကြောင့်တဏှာသည် ကုန်သောအားဖြင့် ကင်းခြင်း။နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်းသို့ရောက်ရလေသနည်းဟူမူ။ မဂ်၏အာရမ္မဏပစ္စယသတ္တိဖြစ်သော နိဗ္ဗာန်ကို အာရုံပြု၍သာ။ အရိယ မဂ်ငလေးတန်သည်။ ထိုတဏှာကို ကုန်သောအားဖြင့်ကင်းစေနိုင်သည်။ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိအောင်ပြုလုပ်နိုင်သည်။ ထိုနိဗ္ဗာန်ကိုအာ ရုံပြုမှုမရှိလျှင် ကိလေသာတဏှာကို ကင်းအောင် ဖြစ်မှုမရှိအောင်မပြုမ လုပ်နိုင်။ ထိုကြောင့် နိဗ္ဗာန်သည်၊ ၎င်းကိလေသာတို့၏ကုန်ရန် ကင်းရန် ဖြစ်မှုမရှိရန် အကြောင်းခံတရားဖြစ်၏။ ၎င်းနိဗ္ဗာန်ကို အာရုံပြုသော မဂ် သည်၊၎င်းကိလေသာတဏှာတို့ကိုကုန်အောင်၊ကင်းအောင်၊နောင်အဆက် ဆက်ဖြစ်မှုမရှိအောင် ပြုလုပ်တတ်သောတရားဖြစ်၏။ ကိလေသာတဏှာ သည် ထိုမဂ်ကြောင့် ကုန်ရ ကင်းရ နောင်အဆက်ဖြစ်ပေါ်မှုမရှိဘဲ ကွယ် ပျောက်ကြလေကုန်၏။ ထိုကြောင့် မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိ ရောဓသစ္စာနိဗ္ဗာန်သည်။ ထိုသမုဒယသစ္စာဖြစ်သော ကိလေသာတဏှာ တို့၏၊နောင်အဆက်ဆက်ကင်းကြောင်း နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်း ၏အကြောင်းတရားအမှန်ဖြစ်သည်၏ အဖြစ်ကို အဋ္ဌကထာရှင်တို့ပြဆိုအပ် သည်၏အဖြစ်ကိုထင်ရှားသိကြလေကုန်။

{မေး} ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်၊ သမုဒယဖြစ်သော ကိလေသာတဏှာ၏ ကုန်ခန်းခြင်းအားဖြင့်ကင်းမှု၊ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိမှု၏ အကြောင်းတရားအမှန်ဖြစ်ကြောင်းကိုသိရပါပြီ။ ၎င်းနိ ရောဓသစ္စာနိဗ္ဗာန်ကို အဘယ်ကြောင့်၊ဒုက္ခ နိရောဓအရိယသစ္စံဟူ၍သာ ဘုရားဟောအပ်ပါလေသနည်း။တဏှာနိရောဓဟုမဟောအပ်ပါသနည်း။

ထိုအဓိပ္ပါယ်ကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဘုရားရှင်သည်၊ ပဉ္စဝဂ္ဂီရဟန်းတို့အား။ ဇာတိပိဒုက္ခာစသော အမျိုးမျိုးသောဒုက္ခတရားတို့ကိုဟောတော်မူပြီး၍။ ၎င်းဒုက္ခတရားတို့ကို အလိုမရှိတဲ၊ ထိုဒုက္ခတို့၏နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်း၏အကြောင်း တရားကို အလိုရှိကုန်သော။ ပဉ္စဝဂ္ဂီအမှူးရှိသောပရိသတ်တို့အား။ ဤအ သင်္ခတဓာတ်နိရောဓသစ္စာတရားသာလျှင်။နောင်အဆက်ဆက်ဒုက္ခတရား တို့၏ဖြစ်မှုမရှိရန် အကြောင်းခံတရားအမှန်ဖြစ်ပေ၏ဟုသိစေခြင်းငှါ။ဣဒံ ခေါပနဘိက္ခဝေ၊ ဒုက္ခနိရောဓံအရိယသစ္စံဟူ၍။ အသင်္ခတဓာတ်နိရောဓ သစ္စာကို ဥဒ္ဒေသအမြင်ဖြစ်အောင်ပြဆိုတော်မူအပ်၏ဟု သိအပ်ပါသည်။

{မေး} ထိုဒုက္ခတရားတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏ အ ကြောင်းဖြစ်သော နိရောဓသစ္စာနိဒ္ဒေသနကိုပြဆိုတော်မူလို၍။ ဒုက္ခနိရောဓံ အရိယသစ္စံဟုဟောတော်မူပါလျှင်။ အဘယ်ကြောင့်၊ယောတဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓောစသည်ဖြင့်။တဏှာ၏ကင်းကြောင်း ဖြစ်မှုမရှိကြောင်းကိုသာ ဟောတော်မူအပ်ပါသနည်း။ ယောတဿေဝ ဒုက္ခဿအသေသဝိရာဂ နိရောဓော စသည်ဖြင့်သာဟောသင့်သည်မဟုတ် ပါလော။ ထိုအဓိပ္ပါယ်ကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ယော တဿေဝဒုက္ခဿအသေသဝိရာဂနိရောဓောဟူ၍။ဟော သင့်သည်ကားမှန်၏။ ထိုသို့ပင်မှန်သော်လည်း အကြောင်းရင်းဖြစ်သော တဏှာကိုပါယ်စွန့်၍။ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိအောင်လုပ်မှသာ လျှင်။အကျိုးဒုက္ခတရားတို့သည် နောင်အဆက်ဆက်ဖြစ်မှုမရှိတဲ ကုန်ခြင်း သို့ရောက်နိုင်သည်။ တဏှာသမုဒယကို နောင်အဆက်ဆက် ဖြစ်မှုမရှိ အောင်ပါယ်စွန့်မှုကို ပြုလုပ်မှုမရှိလျှင်။အကျိုးဖြစ်သော ဇာတိဒုက္ခစသော တရားတို့သည်ဆက်ခါဆက်ခါဖြစ်ပေါ်လေရာ၏။ထိုကြောင့်ဒုက္ခအဆက် ဆက် ဖြစ်မှုမရှိခြင်းသည် တဏှာသမုဒယ အဆက်ဆက် ဖြစ်မှုမရှိခြင်း ကြောင့်ပင်ဖြစ်၏။ ထိုကြောင့်အကြောင်းတရား၌ကျင့်တော်မူလိုသောဘု ရားရှင်သည်၊ တဏှာသမုဒယဖြစ်မှုမရှိခြင်း၏အကြောင်းဖြင့် ဒုက္ခတရား တို့။ နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်း၏ အကြောင်းကိုပြစေခြင်းငှာ။ ယောတဿာယေဝတဏှာယအသေသဝိရာဂနိရောဓော စသောစကား တော်ကို ဟောဆိုတော်မူအပ်လေသည်ဟူ၍သိအပ်ပါသည်။

{မေး} ထိုတဏှာ၏အဆက်ဆက်ဖြစ်မှုမရှိခြင်း၏ အကြောင်းဖြင့် ဒုက္ခ အဆက်ဆက်ဖြစ်မှုမရှိခြင်း၏အကြောင်းကိုပြတော်မူလို၍၊ယော တဿာ ယေဝ တဏှာယအသေသဝိရာဂနိရောဓော စသော စကားတော်ကို ဆို

အပ်သည့်၏အဖြစ်ကို အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။
{ဖြေ} နိရောဓသစ္စနိဒ္ဒေသေ၊ ယောတဿာယေဝတဏှာယအသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော၊ ဣဒံ ဝုစ္စတိ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယာဝ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ယထာဟ၊ ယထာပိမူလေ၊ အနုပဒ္ဒဝေ၊ ဒဠှေ ဆိန္နောပိရုက္ခော၊ ပုနရေဝရုဟတိ၊ ဧဝမ္ပိတဏှာနုသယေ၊ အနူဟတေ၊ နိဗ္ဗတ္တတေ ဒုက္ခမိဒံ ပုနပ္ပုနန္တိ၊ တသ္မာတံ၊ ဒုက္ခနိရောဓံ သမုဒယနိရောဓေန ဒဿေတုံ၊ ဧဝမာဟာတိ ဟူ၍။ သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်း၊ နိရောဓသစ္စာအဖွင့်၌ ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ထိုနည်းအတူ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဉာဏကထာနိဒ္ဒေသ နိရောဓသစ္စာအဖွင့်၌ ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ။ဒုက္ခ နိရောဓနိဒ္ဒေသေ၊ ယော တဿာယေဝတဏှာယာတိ၊ အာဒိနာနယေန၊ သမုဒယနိရောဓော ဝုတ္တော၊ သောကသ္မာတိစေ၊ သမုဒယနိရောဓေန ဒုက္ခနိရောဓော၊ သမုဒယ နိရောဓေနဟိ၊ ဒုက္ခံနိရုဇ္ဈတိ၊ နအညထာ၊ တေနာဟ၊ ယထာပိမူလေ အနုပဒ္ဒဝေ၊ ဒဠှေ၊ ဆိန္နောပိရုက္ခော၊ ပုနရေဝရုဟတိ၊ ဧဝမ္ပိ၊ တဏှာနုသယေ အနူဟတေ၊ နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနန္တိ၊ ဣတိ၊ ယသ္မာ၊ သမုဒယနိရောဓေန ဝ၊ ဒုက္ခံ နိရုဇ္ဈတိ၊ တသ္မာ၊ ဘဂဝါ၊ ဒုက္ခနိရောဓံ၊ ဒေသေန္တော၊ သမုဒယနိရောဓေန ဝ၊ ဒေသေတိဟူ၍။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စနိဒ္ဒေသ နိရောဓသစ္စာအဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်းသိအပ်ပါသည်။ ။

အနက်သဒ္ဒါကြောင်းမြန်မာပြန်ကား။ ။နိရောဓသစ္စနိဒ္ဒေသေ၊ နိရောဓသစ္စာကိုညွှန်ပြရာ၌။ ယောတဿာယေဝတဏှာယာတိဣတိ၊ ယောတဿာယေဝတဏှာယဟူသော၏စကားတော်၌။ ယောတဿာယေဝ ဒုက္ခသာတိ၊ ယောတဿာယေဝ ဒုက္ခဿဟူ၍။ ဝတ္တဗ္ဗေ၊ ဆိုအပ်လျက်။ ယသ္မာ၊ အကြင်ကြောင့်။ သမုဒယနိရောဓေန၊ သမုဒယသစ္စာတည်းဟူသော တဏှာဖြစ်မှုမရှိခြင်းကြောင့်။ ဒုက္ခံ၊ ဝဋ်ဒုက္ခသည်။ နိရုဇ္ဈတိ၊ နုပ္ပဇ္ဇတိ၊ ဖြစ်မှုမရှိ။ အညထာ၊ တပါးသော အကြောင်းအခြင်းအရာဖြင့်။ နိရုဇ္ဈတိ၊ နုပ္ပဇ္ဇတိ၊ ဖြစ်မှုမရှိသည်ကား။ နော၊ မဟုတ်။ သမုဒယနိရောဓေနဒုက္ခံ နိရုဇ္ဈတိတိ၊ သမုဒယ နိရောဓေနဒုက္ခံနိရုဇ္ဈတိဟူ၍။ မညာ၊ ငါသည်။ ဝုတ္တဿ၊ ဆိုအပ်ပြီးသော။ ဝစနဿ၊ စကား၏။ သာဓကံ၊ သက်သေဖြစ်သော။ ယထာဟ ဝစနံ၊ အဘယ်သို့သောစကားတော်ကို။ ဘဂဝါ မြတ်စွာဘုရားရှင်သည်။ အာဟ၊ ဆိုတော်မူလေသနည်း။ ယထာပိမူလေ၊ လ။ နိဗ္ဗတ္တတေ၊ ဒုက္ခမိဒံ ပုနပ္ပုနန္တိ၊ ယထာပိမူလေ၊ လ။ နိဗ္ဗတ္တတေ ဒုက္ခမိဒံ ပုနပ္ပုနံ ဟူ၍။ အာဟ၊ ဟောတော်မူလေပြီ။ မူလေ၊ အမြစ်သည်။ အနုပဒ္ဒဝေ၊ ဖြတ်ခြင်းစသော။ ဥပဒ္ဒဝေါ၊ ဘေးရန်

မရှိသည်ဖြစ်၍။ ဒဠ္ဌေ၊ မြဲမြဲခိုင်ခံ့နေသည့်ရှိသော်၊ ဆိဋ္ဌေ၁ပိ၊ဖြတ်အပ်သော ခက်မခက်သေးရှိသော်သည်း။ ပုနဒေဝ၊တဘန်သာလျှင်။ ရူပာတိယထာ တိ၊ပေါက်ရောက်စည်ကားပြန်သကဲ့သို့လည်း။ဧဝံ၊ဤအတူ။ တဏှာနုသ ယေ၊တဏှာတည်းဟူသော အနုသယကို။ အနုဟတေ၊မဂ်ဖြင့်မပယ်အပ် သည့်ရှိသော်။ပုနပ္ပုနံ၊အဘန်တလဲလဲ။ဣဒံဒုက္ခံ၊ဤဇာတိပိဒုက္ခာအစရှိသော ဝဋ်ဆင်းရဲဟူသမျှသည်။နိဗ္ဗတ္တတေ၊ဖြစ်၏။တသ္မာ၊ထိုသို့အဘန်တလဲလဲ ဒုက္ခဖြစ်သည့်၏အဖြစ်ကြောင့်။တံဒုက္ခနိရောဓံ၊ထိုဇာတိပိဒုက္ခာအစရှိသော ဝဋ်ဆင်းရဲဟူသမျှတို့၏ နောင်အဆက်ဆက် ဖြစ်မှုမရှိခြင်း၏အကြောင်းခံ ဖြစ်သောနိဗ္ဗာန်ကို။ဒဿေန္တော၊ပြတော်မူလိုသောဘုရားရှင်သည်။သမုဒယ နိရောဓေန၊ သမုဒယသစ္စာတဏှာတရား၏ နောင်အဆက်ဆက်ဖြစ်မှုမရှိ ခြင်း၏ အကြောင်းတရားဖြင့်။ ဒဿေတုံ၊ပြတော်မူခြင်းငှာ၊ဧဝံ၊ဤသို့၊အာ ဟ၊ဟောတော်မူပြီ၊ ဤဘား သမ္ဗန္ဓာဟာဝိနော၁ဗနီသဠ္ဍတ္ထာပါဠိ၏မြန်မာပြန် တည်း။

ဒုက္ခနိရောဓနိဒ္ဒေသေ၊ ဒုက္ခနိရောဓနိဒ္ဒေသ၌။ တဿာယေဝတဏှာ ယာတိ၊အာဒိနာ၊ တဿာယေဝတဏှာယ၊ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့်။ ယောသမုဒယနိရောဓော၊ အကြင်သမုဒယသစ္စာ၏ဖြစ်မှုမရှိ ကြောင်းကို၊ ဝုတ္တော၊ဟောတော်မူအပ်၏။ သောသမုဒယနိရောဓော။ ထို သမုဒယသစ္စာ၏ ဖြစ်မှုမရှိကြောင်းကို၊ တဿေဝဒုက္ခဿ၊ ထိုဝဋ်ဆင်းရဲ ၏။ နိရောဓောတိ၊ဖြစ်မှုမရှိကြောင်းဟူ၍။"အဝတ္ဝာ၊မဟောမူ၍။ တဿာ ယေဝတဏှာယာတိ၊ တဿာယေဝတဏှာယဟူ၍။ ကသ္မာ၊ အဘယ် ကြောင့်။ ဝုတ္တော၊ဟောတော်မူအပ်သနည်း။ ဣတိ၊ဤသို့၊ စေဝဒေယျ၊ အ ကယ်၍ပြောဆိုခဲ့အံ့၊ သမုဒယနိရောဓေန၊သမုဒယသစ္စာဖြစ်သောတဏှာ ၏။ နောင်အဆက်ဆက် ဖြစ်မှုမရှိခြင်းကြောင့်၊ ဒုက္ခနိရောဓော၊ ဒုက္ခအ ဆက်ဆက် ဖြစ်မှုမရှိခြင်းသည်၊ဟောတိ၊ဖြစ်၏၊ ဟိသစ္စံ၊ထိုစကားသည် မှန်၏။ သမုဒယနိရောဓေန၊ သမုဒယသစ္စာဖြစ်သော တဏှာ၏၊ နောင်အ ဆက်ဆက်ဖြစ်မှုမရှိခြင်းကြောင့်၊ ဒုက္ခံ ဇာတိပိဒုက္ခာအစရှိသောဝဋ်ဆင်း ရဲသည်၊နိရုဇ္ဈတိနုပဝတ္တတိ၊နောင်အဆက်ဆက်ဖြစ်မှုမရှိ။အညထာ၊တပါး သောအကြောင်းအခြင်းအရာဖြင့်၊နိရုဇ္ဈတိ၊နုပဝတ္တတိ၊ဖြစ်မှုမရှိသည်ကား။ န၊မဟုတ်။ တသ္မာ၊ ထိုကြောင့်။ တဿာယေဝတဏှာယာတိ၊ တဿာ ယေဝတဏှာယဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်၏။ တေန၊ ထို ကြောင့်။ ယထာပိမူလေ၊အနုပဒ္ဒဝေဒဠ္ဌေ၊လ။ နိဗ္ဗတ္တတိဒုက္ခမိဒံပုနပ္ပုနန္တိ၊ ယထာပိမူလေ၊အနုပဒ္ဒဝေဒဠ္ဌေ၊လ။နိဗ္ဗတ္တတိဒုက္ခမိဒံပုနပ္ပုနံဟူ၍။ဘဂဝါ၊

ဖြတ်စွာဘုရားရှင်သည်၊ အာဟ၊ဟောတော်မူပြီ။ မူလေ၊ အမြစ်သည်။အနု
ပဒ္ဒဝေ၊ ဖြတ်ခြင်းစသော။ ဥပဒ္ဒဝေါ၊ ဘေးရန်မရှိမူ၍။ ဓမ္မေ၊ မြဲမြံခိုင်ခံ့နေ
သည်ရှိသော်။ ဆိဓ္ဓေသုပိ၊ ဖြတ်အပ်သော ခက်မ ခက်သေး ရှိသော်လည်း။
ရုက္ခော၊သစ်ပင်သည်။ ပုနဒေဝ၊တဖန်သာလျှင်။ ရူဟတိယထာပိ၊ပေါက်
ရောက်စည်ကားပြန်သကဲ့သို့လည်း။ ဧဝံ၊ ဤဥပမာအဘူ။တဏှာနုသယေ၊တ
ဏှာတည်းဟူသော အနုသယကို။ အနူဟတေ၊ မင်္ဂဖြင့်မပယ်အပ်သည်ရှိ
သော်။ပုနပ္ပုနံ၊အဘန်တလဲလဲ။ ဣဒံဒုက္ခံ၊ဤဇာတိပိဒုက္ခာအစရှိသော ဝဋ်
ဆင်းရဲဟူသမျှသည်။နိဗ္ဗတ္တတိ၊ဖြစ်၏။ ဣတိ၊ ဤသို့။သမုဒယနိရောဓေနေ
ဝ၊သမုဒယ သစ္စာဖြစ်သော တဏှာ၏ အဆက်ဆက် ဖြစ်မှုမရှိခြင်း၏ အ
ကြောင်းကြောင့်သာလျှင်။ဒုက္ခံ၊ဇာတိပိဒုက္ခာအစရှိသော ဝဋ်ဆင်းရဲဟူသ
မျှသည်။ယသ္မာ၊အကြင်ကြောင့်။နိရုဇ္ဈတိ နပဝတ္တတိ၊အဆက်ဆက်ဖြစ်မှုမ
ရှိ။ တသ္မာ၊ ထိုကြောင့်။ဘဂဝါ၊မြတ်စွာဘုရားသည်။ ဒုက္ခနိရောဓံ၊ ဇာတိ
ပိဒုက္ခာ အစရှိသော ဝဋ်ဆင်းရဲဟူသမျှတို့၏။ နောင်အဆက်ဆက်ဖြစ်မှုမ
ရှိကြောင်းကို။ဒေသေန္တော၊ဟောတော်မူသည်ရှိသော်။ သမုဒယနိရော
ဓေနေဝ၊ သမုဒယသစ္စာဖြစ်သော။တဏှာ၏ နောင်အဆက်ဆက်ဖြစ်မှုမရှိ
ခြင်း၏အကြောင်းဖြင့်သာလျှင်။ ဒေသေတိ၊ ဟောတော်မူ၏။ ဤကား။
ပိသုဒ္ဓိမဂ်အဋ္ဌကထာပါဌ်၏ မြန်မာပြန်တည်း။ ။ဤသို့ပြဆိုတော်မူအပ်
သော အဋ္ဌကထာရှင်တို့၏ စကားတော်တို့ကိုထောက်၍။ ထိုသမုဒယသစ္စာ
တဏှာ၏ နောင်အဆက်ဆက် ဖြစ်မှုမရှိခြင်း၏ အကြောင်းဖြင့်။ ဒုက္ခအ
ဆက်ဆက်တို့၏ ဖြစ်မှုမရှိခြင်း၏အကြောင်းကို ပြတော်မူလို၍။ ယောတ
ဿသေဝတဏှာယ အသေသဝိရာဂနိရောဓေါစသော စကားတော်ကို
ဟောတော်မူအပ်သည်၏အဖြစ်ကိုထင်ရှားသိကြလေကုန်။
{မေး} အဘယ်ကြောင့် ဘုရားရှင်သည် နောင် အဆက်ဆက်ဖြစ်လတ္တံ့
သော ဝဋ်ဒုက္ခတရားတို့၏ဖြစ်မှုမရှိခြင်း၏ အကြောင်းတရားဟူ၍ မပြဆို
ဘဲ။ အဆက်ဆက်ဖြစ်လတ္တံ့သော သမုဒယတဏှာ၏ အဆက်ဆက်ဖြစ်
မှုမရှိခြင်း၏အကြောင်းတရားဟူ၍သာလျှင်။အသခ်ိတဓာတ်နိရောဓသစ္စာ
နိဗ္ဗာန်ကို ဟောတော်မူအပ်ပါသနည်း။ ၎င်းအဓိပ္ပါယ်ကို ဥပမာဖြင့် ဘယ်
လိုသိအပ်ပါမည်နည်း။
{ဖြေ} ဘုရားရှင်တို့သည် ခြသေ့်ကဲ့သို့ဖြစ်ခြင်းရှိပေ၏။အဘယ်ကြောင့်
ခြသေ့်ကဲ့သို့ ဖြစ်ခြင်းရှိသနည်းဟူမူ။ခြသေ့်တို့သည် မိမိသို့တစုံတယော
သောသူသည်။ဒုတ် လှံ ကန်စသည်တို့ဖြင့် ပစ်ခတ်အပ်သည်ရှိသော်။မိမိသို့
ကျရောက်လာသော ဒုတ် လှံ ကန်ကိုမလိုက်မူ၍။အရင်းခံဖြစ်သော သူသို့သာ

လိုက်တတ်သော အလေ့ရှိသကဲ့သို့ ဘုရားရှင်တို့သည်လည်း။ အကြောင်းတရား အကျိုးတရားနှစ်ပါးတို့တွင်။ အကြောင်းတရားဖြစ်သော ပဓာနပြု၍ ကျင့်တော်မူ၏။ ထိုသို့ကြံစည်တော်မူခြင်းကြောင့် အကျိုးဒုက္ခတို့၏ နောင်အဆက်ဆက် ဖြစ်မှုမရှိခြင်း၏ အကြောင်းခံတရား။ နိဗ္ဗာန်ကိုပြလိုတော်မူသည်ရှိသော် ထိုဒုက္ခတရားတို့၏ ဖြစ်ကြောင်းမူလဖြစ်သော တဏှာတရားတို့၏။ နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်း၏ အကြောင်းခံတရားကိုသာပြဆိုတော်မူအပ်လေသည်ဟူ၍သိအပ်ပါသည်။

{မေး} ထိုသို့သိအပ်သည်၏အဖြစ်ကို အဘယ်ပါဠိကိုထောက်၍ သိအပ်ပါမည်နည်း။

{ဖြေ} သီဟသမာနဝုတ္တိနောဟိဘဂဝါ။ တေဒုက္ခံနိရောဓေန္တာ။ ဒုက္ခနိရောဓံဒေသေန္တာ၊ ဟေတုမှိပဋိပဇ္ဇန္တိ၊ နဖလေ။ သုဝါနဝုတ္တိနော ပနအညတိတ္ထိယာ၊ တေဒုက္ခံနိရောဓေန္တာ။ ဒုက္ခနိရောဓံဒေသေန္တာ။ အတ္တကိလမထာနုယောဂေနစေဝ။ တဒေသဝစဒေသနာယ။ ဖလေပဋိပဇ္ဇန္တိ။နဟေတုမှိတိ၊ သီဟသမာနဝုတ္တိတာယ။ သတ္ထာ။ ဟေတုမှိပဋိပဇ္ဇန္တော။ ယောတသာယေဝါတိ၊ ဒ.ဒါဝိမဟာဟူ၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာ သစ္စဝိဘင်းအဖွင့်။ နိရောဓသစ္စာအဖွင့်၌ ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ထိုနည်းအတူ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဉာဏကထာနိဒ္ဒေသ သစ္စကထာအဖွင့်၊ နိရောဓသစ္စာနိဒ္ဒေသ၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ သီဟသမာနဝုတ္တိနောဟိတထာဂတာ၊ တေဒုက္ခံနိရောဓေန္တာ။ ဒုက္ခနိရောဓံဒေသေန္တာ ဟေတုမှိ။ ပဋိပဇ္ဇန္တိ၊ နဖလေ။ သုဝါနဝုတ္တိနောပနတိတ္ထိယာ။ တေဒုက္ခံနိရောဓေန္တာ။ ဒုက္ခနိရောဓံ၊ ဒေသေန္တာ။ အတ္တကိလမထာနုယောဂဒေသနာဒီဟိ၊ ဖလေပဋိပဇ္ဇန္တိ။နဟေတုမှိတိ။ ဧဝံဘာဝဒုက္ခနိရောဓဿ၊ သမုဒယနိရောဓေဝသေန၊ဒေသနာယ။ ပယောဇနံဝေဒိတဗ္ဗံ၊ ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာသစ္စနိဒ္ဒေသ နိရောဓသစ္စာအရာ၌ ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်းသိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဟိသစ္စံ၊ထိုစကားသည်မှန်၏။ တထာဂတာ၊ ရှေးဘုရားကဲ့သို့ လာခြင်းကောင်းတော်မူသော ဘုရားရှင်တို့သည်၊ သီဟသမာနဝုတ္တိနော၊ခြင်သေ့နှင့်တူသောအကြင့်ရှိကုန်၏။ တေ၊ထိုဘုရားတို့သည်။ ဒုက္ခံ၊ ဒုက္ခတရားကို။နိရောဓေန္တာစ၊ဖြစ်မှုမရှိစေကုန်သည်ရှိသော်လည်းကောင်း။ ဒုက္ခနိရောဓံ၊ ဒုက္ခတရားတို့၏ နောင် အဆက်ဆက် ဖြစ်မှုမရှိခြင်း၏ အကြောင်းတရားကို။ ဒေသေန္တာစ၊ပြကုန်သည်ရှိသော်လည်းကောင်း။ဟေတုမှိ၊အကြောင်းတရား၌။ပဋိပဇ္ဇန္တိ၊ကျင့်ကြကုန်၏။ဖလေ၊ အကျိုးတရား

၌။နပဋိပဇ္ဇန္တိ၊ကျင့်တော်မမူကြကုန်။ ပန၊အကျိုးတရား၌မကျင့်သည်မှတ ပါး ကျင့်သည်ကိုဆိုဦးအံ့။အညတိတ္ထိယာ၊သာသနာတော်မှတပါး အယူ ရှိကုန်သော တိတ္ထိတို့သည်ကား။ သုဝါနုဝတ္တိနော၊ ခွေးနှင့်တူသောအကျင့် ရှိကုန်၏။ တေအညတိတ္ထိယာ၊ ထိုသာသနာတော်မှ တပါးသောအယူရှိ ကုန်သော အညတိတ္ထိတို့သည်။ဒုက္ခံ၊ဝဋ်ဒုက္ခကို။နိရောဓေန္တာစ၊နောင်အ ဆက်ဆက်ဖြစ်မှုမရှိစေကုန်သည်ရှိသော်လည်းကောင်း။ ဒုက္ခနိရောဓံ၊ဝဋ် ဒုက္ခ၏ နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်း၏အကြောင်းကို။ဒေသန္တာစ၊ ပြ ကုန်သည်ရှိသော်လည်းကောင်း။ အတ္တကိလမထာနုယောဂေနစေဝ၊ မိမိ ကိုယ်ကို ပင်ပန်းခြင်းနှင့်ယှဉ်သောအားဖြင့်လည်းကောင်း။ တသောဝ၊ထို မိမိကိုယ် ပင်ပန်းခြင်းနှင့် ယှဉ်သော တရားကို သာလျှင်။ ဒေသနာယစ၊ ဟောသဖြင့်သည်းကောင်း။ ဖလေ၊အကျိုး၌။ ပဋိပဇ္ဇန္တိ၊ကျင့်ကုန်၏။ဟေ တုမှိ၊အကြောင်းတရား၌၊နပဋိပဇ္ဇန္တိ၊ကျင့်ခြင်းမရှိကုန်။ ဣတိ၊ဤသို့။သီဟ သမာနုဝတ္တိတာယ၊ခြင်သေ့နှင့်တူသော အကျင့်ရှိသည်၏အဖြစ်ကြောင့်။ သတ္ထာ၊မြတ်စွာဘုရားသည်။ ဟေတုမှိ၊အကြောင်းတရား၌။ ပဋိပဇ္ဇန္တော၊ ကျင့်တော်မူလိုသည်ဖြစ်၍။ ယောတသာယောဝါတိအာဒိ၊ ယောတသ ယောဝတဏှာယအစရှိသော စကားတော်ကို။ အာဟ၊ဆိုတော်မူပြီ။ ။ ဤကား သမ္မောဟဝိနောဒနီအဋ္ဌကထာပါဠိ၏မြန်မာပြန်တည်း။ ။ဟိသစ္စံ၊ထို စကားသည်မှန်၏။တထာဂတာ၊ဘုရားရှင်တို့သည်။သီဟသမာနုဝတ္တိနော ခြင်သေ့နှင့်တူသောအကျင့်ရှိကုန်၏။ တေ၊ထိုဘုရားရှင်တို့သည်။ဒုက္ခံ၊ ဝဋ် ဆင်းရဲတရားကို။ နိရောဓေန္တာစ၊ ဖြစ်မှုမရှိစေကုန်သည် ရှိသော်လည်း ကောင်း။ ဒုက္ခနိရောဓံ၊ဒုက္ခတရားတို့၏ နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်း ၏အကြောင်းတရားကို။ ဒေသေန္တာစ၊ဟောတော်မူကုန်သည်ရှိသော်လည်း ကောင်း။ ဟေတုမှိ၊အကြောင်းတရား၌။ပဋိပဇ္ဇန္တိ၊ကျင့်ကြကုန်၏။ ဖလေ၊ အကျိုးတရား၌၊နပဋိပဇ္ဇန္တိ၊ကျင့်တော်မမူကြကုန်။ ပန၊အကျိုးတရား၌ မ ကျင့်သည်မှတပါး ကျင့်သည်ကိုဆိုဦးအံ့။ တိတ္ထိယာ၊တိတ္ထိတို့သည်။သုဝါ နုဝတ္တိနော၊ ခွေးနှင့်တူသောအကျင့်ရှိကုန်၏။ တေ၊ ထိုခွေးနှင့်တူသောအ ကျင့်ရှိကုန်သော တိတ္ထိတို့သည်။ ဒုက္ခံ၊ဝဋ်ဒုက္ခတရားကို။နိရောဓေန္တာစ၊ နောင်အဆက်ဆက်ဖြစ်မှုမရှိစေကုန်သည်ရှိသော်လည်းကောင်း။ ဒုက္ခနိ ရောဓံ၊ ဝဋ်ဒုက္ခတို့၏ နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်း၏အကြောင်းကို။ ဒေသေန္တာစ၊ဟောကုန်သည်ရှိသော်လည်းကောင်း။ အတ္တကိလမထာနု ယောဂဒေသနာဒိဟိ၊ မိမိကိုယ်ကို ပင်ပန်းခြင်းနှင့် ယှဉ်ခြင်းကိုဟောခြင်း စသည်တို့ဖြင့်။ ဖလေ၊အကျိုး၌။ ပဋိပဇ္ဇန္တိ၊ကျင့်ကြကုန်၏။ ဟေတုမှိ၊ အ

ကြောင်းတရား၌။ နပဋိပစ္စနိကံ၊ ကျင့်မှုမရှိကြကုန်။ ဌာတိ၊ ဤသို့မှတ်အပ်၏။ ဇပံ၊ ဤသို့သောနည်းဖြင့်။ တာဝ၊ ရှေဦးစွာ၊ ဒုက္ခနိရောဓသေ၊ ဝဋ်ဒုက္ခတို့၏ နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်း၏ အကြောင်းတရားကို၊ သမုဒယနိရောဓသေန၊ ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော တဏှာတရား၏ နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်း၏အကြောင်းဖြင့်၊ ဒေသနာယ၊ ဟောတော်မူခြင်း၏၊ ပယောဇနံ၊ အကျိုးကို၊ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဤသို့ဖွင့်ပြအပ်သောအဋ္ဌကထာစကားတော်ကိုထောက်၍ ဘုရားရှင်တို့သည် ခြသေ့်၏အကျင့်နှင့်တူ၍၊ အကြောင်းတရား၌သာ ကျင့်တော်မူကုန်သည်ဖြစ်၍၊ သမုဒယတဏှာတို့၏ နောင်အဆက်ဆက် ဖြစ်မှုမရှိခြင်း၏ အကြောင်းဖြင့်သာ ပြဆိုတော်မူအပ်သည်၏အဖြစ်ကိုသိကြလေ။

{မေး} ဓမ္မစက္ကပဝတ္တနသုတ်၌ဟောတော်မူအပ်သော အသေသဝိရာဂနိရောဓ၊ စာဂ၊ ပဋိနိဿဂ္ဂ၊ မုတ္တိ၊ အနာလယော ဟူသောအမည်တို့သည်၊ တဏှာ၏ကင်းခြင်း ဖြစ်မှုမရှိခြင်းစသည်တို့ကိုပြလို၍ ဟောတော်မူအပ်သောအမည်တို့လော၊ သို့မဟုတ်တဏှာ၏ကင်းရန် ဖြစ်မှုမရှိရန်အကြောင်းခံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုပြလို၍ ဟောအပ်သော အမည်တို့ပါလော။ ၎င်း၏အဓိပ္ပါယ်ကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဓမ္မစက္ကပဝတ္တနသုတ်၌ဟောတော်မူအပ်သော အသေသဝိရာဂနိရောဓ၊ စာဂ၊ ပဋိနိဿဂ္ဂ၊ မုတ္တိ၊ အနာလယော ဟူ၍ ဟောတော်မူခြင်းသည်၊ သမုဒယတဏှာ၏ကင်းခြင်း ဖြစ်မှုမရှိခြင်းစသောအဘာဝကိုပြလို၍ ဟောတော်မူအပ်သောအမည်တို့မဟုတ်။ စင်စစ်မှာ ထိုသမုဒယသစ္စာတဏှာ၏ကင်းကြောင်း ဖြစ်မှုမရှိခြင်းအကြောင်းဖြစ်သောအသင်္ခတဓါတ်နိရောဓသစ္စာနိဗ္ဗာန်ကို ပြလို၍သာ၊ အသေသဝိရာဂနိရောဓ၊ စာဂ၊ ပဋိနိဿဂ္ဂ၊ မုတ္တိ၊ အနာလယောဟူ၍ ဟောတော်မူအပ်ပါသည်ဟု သိအပ်ပါသည်။

{မေး} ၎င်းအသေသဝိရာဂနိရောဓ၊ စာဂ၊ ပဋိနိဿဂ္ဂ၊ မုတ္တိ၊ အနာလယောဟူ၍ဟောတော်မူခြင်းသည်။ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ပြလို၍ဟောအပ်ခဲ့သော်။ ၎င်းအသေသဝိရာဂနိရောဓ၊ စာဂ၊ ပဋိနိဿဂ္ဂ၊ မုတ္တိ၊ အနာလယောဟူသော အမည်တို့သည်။ မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ၏ အမည်တို့ဖြစ်သည်ဟူ၍ပင် သိအပ်ပါမည်လော။

{ဖြေ} ၎င်းအသေသဝိရာဂနိရောဓ၊ စာဂ၊ ပဋိနိဿဂ္ဂ၊ မုတ္တိ၊ အနာလယောဟူသော အမည်တို့သည်။ စင်စစ် မဂ်၏အာရုံဖြစ်သော အသင်္ခတ

ဓာတ်နိရောဓသစ္စာနိဗ္ဗာန်၏ပရိယာယ်ဝေဝုစ်အမည်တို့ပင် ဖြစ်ပါသည်ဟု သိအပ်ပါသည်။

{မေး} ၎င်းအသေသဝိရာဂနိရောဓစသောအမည်တို့သည် အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်၏ အမည်ဖြစ်ကြောင်းကို အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} အသေသဝိရာဂနိရောဓောတိအာဒိနိ၊သဗ္ဗာနိ၊နိဗ္ဗာနဝေဝစနာနေဝဟူ၍ သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်း နိရောဓသစ္စာအဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ အဋ္ဌတောပန၊ သဗ္ဗာနေဝ ဧတာနိ၊ နိဗ္ဗာနဿဝေဝစနာနိဟူ၍ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စနိဒ္ဒေသ နိရောဓသစ္စာအဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ အသေသဝိရာဂနိရောဓောတိအာဒိနိ၊သဗ္ဗာနိ၊နိဗ္ဗာနဝေဝစနာနေဝဟူ၍ သုတ်မဟာဝါအဋ္ဌကထာ သတိပဋ္ဌာနသုတ် သစ္စကထာ နိရောဓသစ္စာအဖွင့်၌ပြဆိုအပ်သည်ကို ထောက်၍လည်းကောင်း။ အဋ္ဌတောပနသဗ္ဗာနေဝပနေတာနိ၊ အသေသဝိရာဂနိရောဓောတိအာဒိနိ၊ နိဗ္ဗာနဿဝေဝစနာနိဟူ၍ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဉာဏကထာနိဒ္ဒေသ သစ္စကထာ နိရောဓသစ္စာအဖွင့် ဆယ်ကြောင်းပေစိချပ် ဝမ်းဘက်၌ပြဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိအပ်ပါသည်။။အနက်သံကြောင်းမြန်မာပြန်ကား။အသေသဝိရာဂနိရောဓောတိအာဒိနိ၊အသေသဝိရာဂနိရောဓော ဤသို့အစရှိကုန်သော။သဗ္ဗာနိ၊အလုံးစုံကုန်သောအမည်တို့သည်။ နိဗ္ဗာနဝေဝစနာနေဝ၊မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာ၏ပရိယာယ်ဝေဝုစ်အမည်တို့သည်သာလျှင်၊ဟောန္တိ၊ဖြစ်ကုန်၏။ ဤကားသမ္မောဟဝိနောဒနီအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ အဋ္ဌတောပန၊အနက်သဘောအားဖြင့်ကား။သဗ္ဗာနေဝ၊အလုံးစုံသာလျှင်ဖြစ်သော။ ဧတာနိ၊ ထိုအသေသဝိရာဂနိရောဓ၊ စာဂ၊ ပဋိနိဿဂ္ဂ၊ မုတ္တိ၊ အနာလယဟူသောအမည်တို့သည်။ နိဗ္ဗာနဿဝ၊ မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်၏။ ဝေဝစနာနိ၊ပရိယာယ်ဝေဝုစ်ဖြစ်သော အမည်တို့သာလျှင်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဤကားဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ၏မြန်မာပြန်တည်း။ အသေသဝိရာဂနိရောဓောတိအာဒိနိ၊ အသေသဝိရာဂနိရောဓော ဤသို့အစရှိကုန်သော။ သဗ္ဗာနိ၊အလုံးစုံသောအမည်တို့သည်။ နိဗ္ဗာနဝေဝစနာနေဝ၊မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်၏ပရိယာယ်ဝေဝုစ်အမည်တို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ဤကား သတိပဋ္ဌာနသုတ်အဋ္ဌကထာပါဠိ၏မြန်မာပြန်တည်း။ အဋ္ဌတောပန အနက်သဘောအားဖြင့်ကား။ သဗ္ဗာနေဝ၊အလုံးစုံသာလျှင်ဖြစ်ကုန်သော

သပိရာဂေါတိအာဒီနိ၊ အဿသပိရာဂနိရောဓော ဤသို့အစရှိကုန်သော။ ဇေတာနိပန၊ဤအမည်တို့သည်ကား။ နိဗ္ဗာနသဿဝ၊မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်၏သာလျှင်။ ဝေဝစနာနိ၊ပရိယာယ်ဝေဝစ်အမည်တို့သည်၊ ဟောန္တိ၊ဖြစ်ကုန်၏၊ ဤကားပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဠိ၏မြန်မာပြန်တည်း။ ။ဤသို့ပြဆိုအပ်သောအဋ္ဌကထာရှင်တို့၏စကားတော်ကိုထောက်၍၊ အဿသပိရာဂနိရောဓစသောအမည်တို့သည်၊ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်၏ အမည်တို့ဖြစ်ကြောင်းကို ထင်ရှားသိကြလေ။

{မေး} ၎င်းအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အဘယ်ကြောင့်အသေသပိရာဂဟူသောအမည်၊ နိရောဓဟူသောအမည်ကိုမှည့်၍ ဘုရားရှင်ဟောတော်မူအပ်ပါသနည်း။ ဟောအင်ကြောင်းကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မဂ်လေးတန်တို့သည် အာရုံပြု၍ရောက်ကြကုန်၏၊ ထိုသို့အာရုံပြု၍ရောက်သောကြောင့်သာလျှင် ၎င်းမဂ်တို့သည် ကိလေသာတဏှာတို့ကို အကြွင်းမရှိကင်းစေနိုင်ကုန်၏။ အကြွင်းမရှိ နောင်အဆက်ဆက် ဖြစ်မှုမရှိစေအောင် ပြုလုပ်နိုင်၏။ ထိုကြောင့်၊ထိုနိဗ္ဗာန်သည် ကိလေသာတဏှာတို့၏နောင်အဆက်ဆက်ကင်းရန်။ နောင်အဆက်ဆက်ဖြစ်မှုမရှိရန် မဂ်၏အာရုံအဖြစ်ဖြင့် အကြောင်းခံတရားအမှန်ဖြစ်ပေ၏။ ထိုသို့အကြောင်းခံတရား၏အဖြစ်ကိုသိစေတော်မူလို၍။ ဘုရားရှင်သည် ၎င်းအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို၊အသေသပိရာဂဟူသောအမည်၊ နိရောဓဟူသောအမည်ကို တပ်ပြီးလျှင် ဟောတော်မူအပ်လေသည်ဟုသိအပ်ပါသည်။

{မေး} ၎င်းသို့အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အသေသပိရာဂအမည်၊ နိရောဓအမည်တို့ဖြင့်တပ်၍ဟောအင်သည်၏အဖြစ်ကို အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} နိဗ္ဗာနဉ္စ အာဂမ္မ တဏှာ အသေသာ ဝိရဇ္ဇတိ နိရုဇ္ဈတိ၊တသ္မာ၊ တံ တဿာ ယေဝ တဏှာယ၊ အသေသ ဝိရာဂ နိရောဓောတိ ဝုစ္စတီတိ ဟူ၍ သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်း နိရောဓသစ္စာအဖွင့်၌ ပြဆိုအပ်သည်ကို ထောက်၍လည်းကောင်း။ ယသ္မာ ပန တံ အာဂမ္မ၊တဏှာ၊ဝိရဇ္ဇတိ စေဝ၊နိရုဇ္ဈတိ စ၊တသ္မာ၊ဝိရာဂေါတိ စ၊ နိရောဓောတိ စ ဝုစ္စတီတိ ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စနိဒ္ဒေသ နိရောဓသစ္စာအဖွင့်၌ပြဆိုအပ်သည့်ကိုထောက်၍သည်းကောင်း၊ ယသ္မာ ပန တံ အာဂမ္မ၊ တဏှာ၊ အသေသာ ဝိရဇ္ဇတိ၊ နိရုဇ္ဈတိ၊

တသ္မာ၊တံတသာသယေ၀တဏှာယ၊ အသေသဝိရာဂနိရောဓောတိ ဝုစ္စတိ
ဟူ၍ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဥာဏနိဒ္ဒေသသစ္စကထာ နိရောဓသစ္စာအဖွင့်
ဆယ်ကြောင်းပေ စိချပ်အတွင်းဘက်၌ ပြဆိုအပ်သည်ကိုထောက်၍လည်း
ကောင်း။နိဗ္ဗာနဥ္စ၊အါဂမ္မတဏှာ၊အသေသာဝိရဇ္ဇတိ၊နိရုဇ္ဈတိ၊တသ္မာ၊တံ။
တသာသယေ၀တဏှာယ၊ အသေသဝိရာဂနိရောဓောတိဝုစ္စတိဟူ၍ သုတ်
မဟာဝါအဋ္ဌကထာ သတိပဋ္ဌာနသုတ်သစ္စနိဒ္ဒေသနိရောဓသစ္စာအဖွင့်၌ ပြဆို
အပ်သည်ကိုထောက်၍လည်းကောင်းသိအပ်ပါသည်။ ။အနက်သိ
ကြောင်းမြန်မာပြန်ကိုအစဉ်အတိုင်းပြဆိုဦးအံ့။ ။ဟိသစ္စံ၊ထိုစကားသည်
မှန်၏။ နိဗ္ဗာနံ၊မီးဆဲ့တပါးတို့၏ ညိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ်နိ
ရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊မဂ်ဖြင့်အာရုံပြုသောအားဖြင့်ရောက်၍။တ
ဏှာ၊တပ်တတ်သော သမုဒယသစ္စာတဏှာသည်။ အသေသာ၊အကြွင်းမ
ရှိသောအားဖြင့်။ ဝိရဇ္ဇတိ၊ကင်း၏။ နိရုဇ္ဈတိ၊နောင်အဆက်ဆက်ဖြစ်ပေါ်
မှုမရှိ။တသ္မာ၊ထိုသို့တပ်တတ်သော တဏှာ၏အကြွင်းမရှိသောအားဖြင့်
ကင်းကြောင်း၊ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံတ
ရားဖြစ်သောကြောင့်၊တံ၊ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ်
နိရောဓသစ္စာနိဗ္ဗာန်ကို၊တသာသယေ၀တဏှာယ၊ ထိုတဏှာ၏သာလျှင်။
အသေသဝိရာဂနိရောဓောတိ၊အသေသဝိရာဂနိရောဓဟူ၍။ဝုစ္စတိ၊ဆိုအပ်
၏။ ဤကားသမ္မောဟဝိနောဒနီအဋ္ဌကထာပါဠိ၏မြန်မာပြန်တည်း။ ယသ္မာ
ပန၊အကြင်ကြောင့်ကား။တံ၊ထိုမဂ်ဖိုလ်၏အါရုံဖြစ်သော အသင်္ခတဓါတ်နိ
ရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ မဂ်ဖြင့်အာရုံပြုသောအားဖြင့်ရောက်၍။
တဏှာ၊သင်္ခတ တရားဖြစ်သော သမုဒယသစ္စာတဏှာသည်။ဝိရဇ္ဇတိစေ
ဝ၊ကင်းသည်သာလျှင်လည်းဖြစ်၏။ နိရုဇ္ဈတိစ၊နောင်အဆက်ဆက်ဖြစ်ပေါ်
မှုလည်းမရှိ။ တသ္မာ၊ထိုသို့တဏှာ၏ ကင်းခြင်း၏အကြောင်း တဏှာ၏
နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းဖြစ်သောကြောင့်။ ဝိရာ
ဂေါတိစ၊ ဝိရာဂဟူ၍လည်းကောင်း။ နိရောဓောတိစ၊ နိရောဓဟူ၍လည်း
ကောင်း။ ဝုစ္စတိ၊ဆိုအပ်၏။ ဤကားဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ၏မြန်မာပြန်
တည်း။ ။ယသ္မာပန၊အကြင်ကြောင့်ကား။ တံ၊ ထိုမဂ်ဖိုလ်၏ အာရုံဖြစ်
သောအသင်္ခတဓါတ်နိရောဓသစ္စာနိဗ္ဗာန်ကို။အာဂမ္မ၊ မဂ်ဖြင့်အာရုံပြုသော
အားဖြင့်ရောက်၍။တဏှာ၊သင်္ခတ တရားဖြစ်သောသမုဒယသစ္စာတဏှာ
သည်။ အသေသာ၊ အကြွင်းမရှိသောအားဖြင့်။ဝိရဇ္ဇတိ၊ ကင်း၏။ နိရုဇ္ဈတိ၊
နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိ။ တသ္မာ၊ ထိုသို့တဏှာ၏ အကြွင်းမရှိ
သောအားဖြင့် ကင်းခြင်း၏အကြောင်းတဏှာ၏ နောင်အဆက်ဆက်ဖြစ်

ပေါ်မှုမရှိခြင်း၏ အကြောင်းဖြစ်သောကြောင့်။ တံ၊ ထိုမဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ တသာသယေဝတဏှာယ၊ ထိုတဏှာ၏သာလျှင်။ အသေသဝိရာဂနိရောဓောတိ၊ အသေသဝိရာဂနိရောဓောဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကားပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဌ်၏မြန်မာပြန်တည်း။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ နိဗ္ဗာနံ၊ မီးဆဲ့တပါးတို့၏ညိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ မဂ်ဖြင့်အာရုံပြုသောအားဖြင့်ရောက်၍။ တဏှာ၊ သင်္ခတ တရားဖြစ်သော သမုဒယသစ္စာတဏှာသည်။ အသေသာ၊ အကြွင်းမရှိသောအားဖြင့်။ ဝိရဇ္ဇတိ၊ ကင်း၏။ နိရုဇ္ဈတိ၊ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိ။ တသ္မာ၊ တဏှာ၏အကြွင်းမရှိသောအားဖြင့်ကင်းခြင်း၏အကြောင်း နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံတရားဖြစ်သော ကြောင့်။ တံ၊ ထိုမဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ တဿာသယေဝတဏှာယ၊ ထိုတဏှာ၏သာလျှင်။ အသေသဝိရာဂနိရောဓောတိ၊ အသေသဝိရာဂနိရောဓောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤကားသုတ်မဟာဝါအဋ္ဌကထာပါဌ်၏မြန်မာပြန်တည်း။ ။အဓိပ္ပါယ်ကား အထက်ဒုက္ခသစ္စာ၌ပြဆိုအပ်ပြီးသော၊ ဇာတိပိဒုက္ခာအစ ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာအဆုံးရှိသော ဒုက္ခတရားတို့ကိုပြဆိုအပ်ပြီးသောနည်းအတိုင်းသုံးသပ်ဆင်ခြင်၍၊ ဘုံသုံးပါး၌ဖြစ်သမျှသော ခန္ဓာငါးပါး သင်္ခတ တရားတို့သည် စင်စစ် သတ္တဝါပုဂ္ဂိုလ်မဟုတ်။ မပြတ်မလပ်ပျက်စီးနေသော ဒုက္ခတရားသာဘောနက်အမှန်ဖြစ်သည်ဟု ထိုးထွင်းသိမြင်ခြင်းသို့ရောက်သော ယောဂါဝစရပုဂ္ဂိုလ်သည်၊ ထိုသင်္ခတဖြစ်သော ခန္ဓာငါးပါးရုပ်နာမ်တရားတည်းဟူသောဒုက္ခတရားတို့၌။ အလွန်ငြီးငွေ့ စက်ဆုပ်ခြင်းသို့ရောက်၏။ ထိုသို့ ငြီးငွေ့ စက်ဆုပ်ခြင်းသို့ ရောက်သောကြောင့်၊ ၎င်းသင်္ခတဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတည်းဟူသော ဒုက္ခတရားတို့မှ လွန်မြောက်နေသော တရားကို။ အဘန်တလဲလဲ ဉာဏ်ဖြင့် ရှာဖွေသတ်သော်။ ၎င်း ဖြစ်ပျက် နေသော သင်္ခတ တရားဖြစ်သောခန္ဓာငါးပါး။ ရုပ်နာမ်တရားတည်းဟူသော ဒုက္ခ တရားတို့နှင့် စင်စစ်ဆန့်ကျင်ဘက်ဖြစ်၍ အမြဲတည်ရှိနေသော၊ မဖြစ်မပျက်သော၊ သုခအစစ်ဖြစ်သော။ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင် စင်စစ် ဉာဏ်ဖြင့်မှိုရှိရာ၊ ပန်းအောင်းရာအဖြစ်ဖြင့် တွေ့မြင်လေ၏။ ထိုသို့တွေ့မြင်ပြီး၍၊ ဘုံသုံးပါး၌ဖြစ်သောသင်္ခတ တရား၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဒုက္ခအပြစ်တော်ကိုမြင်လေလေ။ ၎င်းသင်္ခတ ခန္ဓာငါးပါး ရုပ်နာမ် ဒုက္ခတရားမှ လွန်မြောက်နေသော။ အသင်္ခတဓာတ်နိရောဓသစ္စာ နိဗ္ဗာန်တည်းဟူသော

သုခတရားသို့။အဘန်တလဲလဲအာရုံပြုသောအားဖြင့် ရောက်လေလေသာဖြစ်၏။ထိုသို့အာရုံပြု၍ရောက်ဘန်များလပ်သော်။ အကြင်အခါ ဉာဏ်သည် ရင့်ခြင်းသို့ ရောက်၏။ ထိုသို့ ရင့်ခြင်းသို့ရောက်သောအခါ။ မဂ်ဖြစ်ထိုက်သောပုဂ္ဂိုလ်ဖြစ်အံ့။ငင်းအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တည်းဟူသောသုခတရားကို။ အစဉ်အတိုင်း၊ မဂ်လေးတန်ဖြင့် မျက်မှောက်ပြုသောအားဖြင့်။ ထိုးထွင်း၍သိမြင်ခြင်းသို့ရောက်လေ၏။ ထိုသို့ သိမြင်ခြင်းသို့ရောက်သောမဂ်ကြောင့်။ ငင်းမဂ်ဖြစ်သောရောဂါဝစရခန္ဓာ၌။ အကြောင်းခံအားဖြင့်ကိန်းနေသော တဏှာနုသယကိလေသာဟူသမျှတို့သည်။ကုန်ခမ်းခြင်းသို့ရောက်သဖြင့် ကင်းလေကုန်၏။ ထိုကင်းလေပြီးသော ကဏှာကိလေသာတို့သည် နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိလေပြီ။ထိုသို့တဏှာကိလေသာတို့၏ ကုန်ခမ်းသောအားဖြင့် ကင်းခြင်း၊ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်းသို့ရောက်ရခြင်းသည်။ ငင်းမဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာ သုခတရားကြောင့်ပင်ဖြစ်ပေ၏။ ထိုကြောင့် ငင်းအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တည်းဟူသော သုခတရားသည်။ ထိုတဏှာသမုဒယသစ္စာ၏ ကင်းခြင်း၏အကြောင်း။ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံတရားအမှန်ဖြစ်ပေ၏။ ထိုသို့ဖြစ်ကြောင်းကို သိစေတော်မူလိုသော ကြောင့် ဘုရားရှင်သည် ပဉ္စဝဂ္ဂီ ရသေ့ ရဟန်း တို့အား။ ယောတဿာယေဝတဏှာယ အသေသဝိရာဂနိရောဓော ဟူ၍ ဟောတော်မူအပ်လေသည်။ ၎င်းသို့ဟောရာ၌ အသေသဝိရာဂ အသေသနိရောဓ အမည်တို့သည်။ စင်စစ် အသင်္ခတဓာတ် နိရောဓသစ္စာ၏ အမည်တို့သာလျှင်တည်းဟူသော အဓိပ္ပါယ်ကို အဋ္ဌကထာရှင်တို့သိစေတော်မူအပ်၏။ ထိုသို့သိစေအပ်သည်ကိုထောက်၍။အသေသဝိရာဂ၊ နိရောဓအမည်တို့သည် အသင်္ခတဓာတ်၏အမည်တို့သာဖြစ်သည်ဟုမှတ်ယူကြလေ။

ထိုအဋ္ဌကထာရှင်တို့၏အလိုတော်အတိုင်း ဝိဂ္ဂဟ်ပြုလုပ်လိုသော်။အသေသဝိရဇ္ဇတိဧတေနာတိ၊အသေသဝိရာဂေါဟူ၍လည်းကောင်း။အသေသာနိရုဇ္ဈာဘိနုပဝဇ္ဇတိ၊ဧတေနာတိ အသေသနိရောဓောဟူ၍လည်းကောင်း။ဟေတုသာဓနကိတ်ဝိဂ္ဂဟ်ပြုရာ၏။အနက်သိကြောင်းမြန်မာပြန်ကား။ဧတေန၊ ထိုအသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သုခတည်းဟူသော တရားတော်ကြောင့်။ တဏှာ၊ တဏှာသည်(ထည့်)။အသေသာ၊အကြွင်းမဲ့။ ဝိရဇ္ဇတိ၊ ကင်း၏။ နုတိတဿာ၊ထိုသို့တဏှာ၏အကြွင်းမရှိကင်းကြောင်းဖြစ်သောကြောင့်။ သောအသင်္ခတဓမ္မော၊ ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သုခတရားတော်သည်၊ အသေသဝိရာဂေါ၊အသေသဝိရာဂမည်၏။ဧတေန

ထိုအသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သုခတည်းဟူသော တရားတော်ကြောင့်၊ တဏှာ၊ သမုဒယသစ္စာဖြစ်သော်တဏှာသည်။ အသေသာ၊ အကြွင်းမရှိ။ နိရုဇ္ဈတိ၊ နပဝတ္တတိ၊ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိ။ ဇာတိဘသွာ၊ ထိုသို့သမုဒယသစ္စာဖြစ်သောတဏှာ၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းဖြစ်သောကြောင့်။ သောအသင်္ခတဓမ္မော၊ ထိုအသင်္ခတဓာတ်နိရောဓသစ္စာတည်းဟူသော သုခတရားတော်သည်။ အသေသနိရောဓော၊ အသေသနိရောဓမည်၏။ ဤကားပိဋကတ်တို့၏အနက်သိကြောင်းမြန်မာပြန်တည်း။ အဓိပ္ပါယ်ကား အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တည်းဟူသောသုခတရားကိုအကြောင်းခံ၍သာ။ ၎င်းသမုဒယသစ္စာတည်းဟူသောတဏှာသုံးပါးတရားသည်။ နောင်အဆက်ဆက်ဖြစ်မှုမရှိဘဲ ကုန်ခမ်းသောအားဖြင့်ကင်းလေ၏။ နောင်အဆက်ဆက်ဖြစ်ပေါ်ရန်ရှိသော တဏှါသုံးပါးသည်။ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိလေပြီ။ ထိုသမုဒယသစ္စါဖြစ်သောတဏှာတို့၏ နောင်အဆက်ဆက်ကင်းမှု။ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်းသည်။ မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တည်းဟူသော သုခတရားကြောင့်ပင်ဖြစ်၏။ ထိုကြောင့်၊ ၎င်းမဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ အသေသဝိရာဂ၊ အသေသနိရောဓဟူသော အမည်ကိုရလေသည်ဟူလို။ ဤကားအဓိပ္ပါယ်။ ဤသို့ပြဆိုအပ်သောပိဋကတ်၏အရသည်း၊ ၎င်းအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ သမုဒယသစ္စာဖြစ်သောတဏှာ၏ အကြွင်းမရှိကင်းခြင်း၏အကြောင်း တဏှာ၏အကြွင်းမရှိ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံတရားဖြစ်ခြင်းကြောင့်။ အသေသဝိရာဂ၊ အသေသနိရောဓဟူသော အမည်ကိုတပ်၍ ဟောအပ်သည်၏ အဖြစ်ကိုသိကြလေ။ အကျယ်ကိုသိလိုမူ ငါဟုသမုတ် နာမ်ရုပ်အစ ရေးသားအပ်သော။ (သမုပ္ပါဒနိရောဓ) ဒုတိယအုပ်၌ယူလေ။

(မေး) ၎င်းအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို တဏှာ၏အကြွင်းမရှိကင်းကြောင်း။ နောင်အဆက်ဆက် ဖြစ်မှုမရှိခြင်း၏အကြောင်းဖြစ်သောကြောင့်။ အသေသဝိရာဂ၊ အသေသနိရောဓဟု ခေါ်ဆိုအပ်ကြောင်းကိုသိရပါပြီ။ အဘယ်ကြောင့် စာဂ၊ ပဋိနိဿဂ္ဂဟုခေါ်ဆိုအပ်ပါသနည်း။ ခေါ်ဆိုအပ်ကြောင်းကိုဘယ်လိုသိအပ်ပါမည်နည်း။

(ဖြေ) ၎င်းမဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍ရောက်သော မဂ်လေးပါးတို့သည်။ ၎င်းသမုဒယသစ္စာဖြစ်သော ကိလေသာတဏှာတို့ကို အကြွင်းမရှိစွန့်ကြ၊ နောင်တဘန်

လာမှုမရှိအောင် ဝေးစွာစွန့်ကြကုန်၏။ ထိုသို့မဂ်လေးပါးတို့သည် သမုဒယသစ္စာဖြစ်သောတဏှာကို။ အကြွင်းမရှိစွန့်နိုင်ခြင်း ထဘန်ဖြစ်ပေါ်မှုမရှိအောင်ဝေးစွာစွန့်နိုင်ခြင်းတို့သည်။ ၎င်းမဂ်ဖိုလ်၏အာရုံဖြစ်သောအသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကြောင့်ပင်ဖြစ်ပေ၏။ ထိုကြောင့်ဘုရားရှင်သည်၊ အသင်္ခတဓာတ်နိရောဓသစ္စာကိုပင်၊ သမုဒယသစ္စာဖြစ်သော တဏှာကိုစွန့်ခြင်း တ ဘ န် လ ာ ရေ က် မှု မ ရှိအောင် ဝေးစွာစွန့်ခြင်း၏အကြောင်းတရားဖြစ်သောကြောင့်။ စာဂေါ၊ ပဋိနိဿဂ္ဂေါဟု အမည်တပ်၍ ဟောတော်မူအပ်လေသည်ဟုသိအပ်ပါသည်။

{မေး} ထိုအသင်္ခတဓါတ်နိရောဓသစ္စာနိဗ္ဗာန်၏ သမုဒယသစ္စာဖြစ်သော တဏှာကို အကြွင်းမရှိ စွန့်ခြင်း၏ အကြောင်း။ တဘန်လာရောက်မှုမရှိအောင်ဝေးစွာစွန့်ခြင်း၏အကြောင်းဖြစ်သည်၏အဖြစ်ကို အဘယ်ပါဠိကို ထောက်၍။ သိအပ်ပါမည်နည်း။

{ဖြေ} နိဗ္ဗာနဥ္စ အာဂမ္မ၊ တဏှာစဇိယတိ၊ ပဋိနိဿဇ္ဇိယတိ၊ လ၊ တသ္မာ နိဗ္ဗာနံ စာဂေါ၊ ပဋိနိဿဂ္ဂေါ၊ လ၊ ဝုစ္စတိဟူ၍။ သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်းနိရောဓသစ္စာအဖွင့်၌ပြဆိုအပ်သည်ကိုထောက်လည်းကောင်း။ ယသ္မာစတဒေဝ အာဂမ္မ၊ တဿာစာဂါဒယောဟောန္တိ၊ လ၊ တသ္မာ၊ စာဂေါ၊ ပဋိနိဿဂ္ဂေါ၊ လ၊ ဝုစ္စတိဟူ၍။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာသစ္စနိဒ္ဒေသ နိရောဓသစ္စာအရာ၌ဖွင့်ပြအပ်သည်ကိုထောက်၍လည်းကောင်း။ နိဗ္ဗာနဥ္စ အာဂမ္မ၊ တဏှာစဇိယတိ၊ ပဋိနိဿဇ္ဇိယတိ၊ လ၊ တသ္မာနိဗ္ဗာနံစာဂေါ ပဋိနိဿဂ္ဂေါ ။လ၊ ဝုစ္စတိ ဟူ၍ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဉာဏနိဒ္ဒေသ သစ္စဉာဏ နိရောဓသစ္စာအဖွင့် ဆယ်ကြောင်းပေ စိချပ်အတွင်းဘက်၌ မိန့် ဆို အ ပ် သည်ကို ထောက်၍လည်းကောင်း။ နိဗ္ဗာနဥ္စအာဂမ္မတဏှာစဇိယတိ၊ ပဋိနိဿဇ္ဇိယတိ၊ လ၊ တသ္မာ၊ စာဂေါ ပဋိနိဿဂ္ဂေါ၊ လ၊ ဝုစ္စတိဟူ၍ သုတ်မဟာဝါအဋ္ဌကထာ သတိပဋ္ဌာနသုတ် သစ္စကထာ နိရောဓသစ္စာအဖွင့်၌ ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ နိဗ္ဗာနဥ္စ၊ မဂ်ဖိုလ်၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ မဂ်ဖြင့်အာရုံပြုသောအားဖြင့်ရောက်၍။ တဏှာ၊ သမုဒယသစ္စာဖြစ်သော တပ်တတ်သောတဏှာကို။ စဇိယတိ၊ စွန့်အပ်၏။ ပဋိနိဿဇ္ဇိယတိ၊ နောင်တဘန်လာရောက်မှုမရှိအောင် ဝေးစွာစွန့်အပ်၏။ လ၊ တသ္မာ၊ ထိုသို့။ သ မု ဒ ယ သ စ္စာ ဖြ စ် သောတဏှာကို စွန့်ခြင်း၏အကြောင်း၊ တဏှာကို တဘန်လာရောက်မှုမရှိအောင် ဝေးစွာစွန့်ခြင်း၏အကြောင်းခံဖြစ်သောကြောင့်။ နိဗ္ဗာနံ၊ မီးဆဲ့တပါးတို့၏ ညိမ်းကြောင်းဖြစ်

သော အသခ်တခေတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ စာဂေါပဋိနိဿဂ္ဂေါတိ၊ စာဂေါပဋိနိဿဂ္ဂေါဟူ၍၊ဝုစ္စတိ၊ဆိုအပ်၏။ ။ဤကား သမ္မောဟဝိနောဒနီအဋ္ဌကထာပါဠ်၏မြန်မာပြန်တည်း။ စ၊အတ္ထိတပါးကိုဆိုဦးအံ့။ ယသ္မာ၊အကြင်ကြောင့်။တဒေဝ၊ထိုမဂ်ဖိုလ်၏အာရုံဖြစ်သော အသခ်တခေတ်နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင်။ အာဂမ္မ၊မဂ်ဖြင့်အာရုံပြုသောအားဖြင့်ရောက်၍။ တဿာ၊ထိုသမုဒယသစ္စာဖြစ်သောတဏှာကို။ စာဂါဒယော၊ စွန့်ခြင်းအစရှိသည်တို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ လ၊တသ္မာ ထိုသို့သမုဒယသစ္စာဖြစ်သောတဏှာကို စွန့်ခြင်းစသည်တို့၏ အကြောင်းခံ ဖြစ် သော ကြောင့်။နိဗ္ဗာနံ၊မိးဆဲ တပါးတို့၏ ညိမ်းကြောင်းဖြစ်သော အသခ်တခေါတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ စာဂေါပဋိနိဿဂ္ဂေါတိ၊စာဂေါပဋိနိဿဂ္ဂေါဟူ၍။ဝုစ္စတိ၊ဆိုအပ်၏၊ဤကားဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠ်၏မြန်မာပြန်တည်း။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဠ်၏မြန်မာပြန်။သုတ်မဟာဝါအဋ္ဌကထာပါဠ်၏မြန်မာပြန်တို့သည်။ သမ္မောဟဝိနောဒနီ အဋ္ဌကထာပါဠ်၏မြန်မာပြန်နှင့်အတူတူသာလျှင်တည်း၊မသူးတော့ပြီ။ဤသို့ပြဆိုအပ်သေါအဋ္ဌကထာရှင်တို့၏စကားတေါ်တို့ကိုထော၍၊မဂ်ဖိုလ်၏အာရုံဖြစ်သေါအသခ်တခေါတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ သမုဒယသစ္စာဖြစ်သောတဏှာကို အကြွင်းမရှိစွန့်ခြင်း၏အကြောင်း၊ တဘန်လာရောက်မှုမရှိအောင် ဝေးစွာ စွန့်ခြင်း၏ အကြောင်းခံ ဖြစ်သောကြောင့်။စာဂ၊ပဋိနိဿဂ္ဂဟူ၍ခေါ်ဆိုအပ်ကြောင်းကိုထင်ရှားသိကြလေ။ ထိုပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏အလိုအားဖြင့် ဝိဂြိုဟ်ပြုလုပ်လိုသော်။ တဏှာ၊စဇီယတိ၊ဧတေနာတိ၊စာဂေါ၊တဏှာပဋိနိဿဇ္ဇီယတိ၊ဧတေနာတိ၊ပဋိနိဿဂ္ဂေါဟူ၍။ ဟောတုသာနေကိတ်ဝိဂြိုဟ်ပြုလုပ်ရာ၏။ အနက်သိကြောင်းမြန်မာပြန်ကား။ ဧတေန၊ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသခ်တခေတ်နိရောဓသစ္စာနိဗ္ဗာန်တည်းဟူသော တရားတော်ကြောင့်၊တဏှာ၊သမုဒယသသစ္စာဖြစ်သောတဏှာကို။ စဇီယတိ၊စွန့်အပ်၏။ ဣတိတသ္မာ၊ထိုတဏှာကိုစွန့်အပ်ကြောင်းဖြစ်သည်၏အဖြစ်ကြောင့်။ သောအသခ်တဓမ္မော၊ထိုမဂ်ဖိုလ်၏ အာရုံဖြစ်သော အသခ်တဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားတော်သည်။ စာဂေါ၊စာဂမည်၏။ဧတေန၊ထိုမဂ်ဖိုလ်၏အာရုံဖြစ်သော အသခ်တခေတ် နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကြောင့်။ တဏှာ၊ သမုဒယသစ္စာဖြစ်သောတဏှာကို။ ပဋိနိဿဇ္ဇီယတိ၊ နောင်တဘန်မလာ မရောက်အောင် ဝေးစွာ စွန့်အပ်၏။ ဣတိတသ္မာ၊ ထိုသို့ သမုဒယသစ္စာတဏှာကိုဝေးစွာစွန့်အပ်ကြောင်းဖြစ်သည်၏အဖြစ်ကြောင့်။ သော အသခ်တဓမ္မော၊ ထိုမဂ်ဖိုလ်၏ အာရုံဖြစ်သော အသခ်တခေတ် နိရောဓ

သစ္စာနိဗ္ဗာန်သည်။ ပဋိနိဿဂ္ဂေါ၊ပဋိနိဿဂ္ဂမည်၍။ ဤသို့ပြဆိုအပ်သော ဝိဂြိုဟ်အရလည်း။ ၎င်းအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကိုပင်။ သမုဒယသစ္စာဖြစ်သော တဏှာကို စွန့်ခြင်း၏အကြောင်း။ တဘန်မလာနိုင်အောင် ဝေးစွာစွန့်ခြင်း၏ အကြောင်းခံတရားဖြစ်သောကြောင့်။စာဂ၊ ပဋိနိဿဂ္ဂ ဟူ၍ အမည်တပ်ပြီးလျှင် ဟောတော်မူအပ်လေသည်။ ထိုကြောင့် စာဂ၊ပဋိနိဿဂ္ဂဟူသောအမည်တို့သည်။ အသင်္ခတဓါတ်နိရောဓသစ္စာ၏အမည်တို့သာလျှင် မုချဖြစ်သည်၏အဖြစ်ကိုသိကြလေ။

{မေး} ၎င်းအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ သမုဒယသစ္စာဖြစ်သောတဏှာကို။ အကြွင်းမရှိ စွန့်ခြင်း၊ တဘန် လာရောက်မှုမရှိအောင် ဝေးစွာစွန့်ခြင်း၏အကြောင်းတရားဖြစ်သောကြောင့်၊ စာဂ၊ ပဋိနိဿဂ္ဂ ဟု ခေါ်ဆိုအပ်ကြောင်းကို ပြဆိုအင်သော အဋ္ဌကထာ တို့ဖြင့် သိရပါပြီ။ အဘယ်ကြောင့် ၎င်းအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ချဂ္ဂိဟူ၍ဘုရားရှင်သည်။ ၎င်းဓမ္မစက္ကပဝတ္တနသုတ်၌ဟောတော်မူအပ်ပါသနည်း။ ထိုသို့ဟောအပ်ကြောင်းကို အဘယ်သို့သိအပ်ပါမည်နည်း။

{ဖြေ} အကြွင်အကြွင်ယောဂါဝစရပုဂ္ဂိုလ်တို့သည် ဒုက္ခသစ္စာအရာ၌။ ပြဆိုအပ်ပြီးသော ဇာတိပိဒုက္ခ ာအစ သံခိတ္တေနပဉ္စုပ ဒါနက္ခန္ဓာပိဒုက္ခအဆုံးရှိသော ဘုံသုံးပါး၌ဖြစ်ပျက်နေသော ဒုက္ခတရားဘို့ကို မသိမမြင်ခြင်းကြောင့်သာ၊ ၎င်းဘုံသုံးပါး၌ဖြစ်ပျက်နေသော ခန္ဓာငါးပါးရုပ်နာမ်တရားတည်းဟူသော ဒုက္ခတရားတို့ကို တွယ်တာခင်မင်နှစ်သက်နေကြကုန်၏။ ထိုသို့နေသောကြောင့် သံသရာ၌မပြတ်မလပ်ဆက်ခါဆက်ခါ ဒုက္ခဖြစ်နေရကုန်၏၊ ထိုသို့ဒုက္ခဖြစ်နေမှုကို အကြွင်အခါ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်လေ၏။ထိုသို့ ရှုမြင်၍အဘန်ဘန်သုံးသင်သော်၊၎င်းဝဋ်ဒုက္ခတရားတို့ကို၊စင်စစ်ငြီးငွေ့ စက်ဆုပ်ခြင်းသို့ရောက်လေ၏။ထိုသို့ငြီးငွေ စက်ဆုပ်ခြင်းသို့ရောက်ဘန်များလတ်လျှင်။ ၎င်းဝဋ်ဒုက္ခတရားတို့မှလွတ်ရာကိုရှာဖွေကြလင်သော်။ ၎င်းဝဋ်ဒုက္ခတရားတည်းဟူသော်သင်္ခတတရားတို့၏ဆန့်ကျင်ဘက်ဖြစ်သော် မဖြစ်မပျက်ဘဲအမြဲတည်ရှိသောသုခသဘော အသင်္ခတဓါတ်နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင်။ ဝိပဿနာသန္တိပဒဉာဏ်ဖြင့်တွေ့မြင်လေတော့၏။ အဘယ်ကြောင့် တွေ့မြင်လေသနည်းဟူမူ။ ဓမ္မတာအားဖြင့် ပဋိပက္ခတရားသည် ထင်ရှားတည်ရှိသည်၏ အဖြစ်ကြောင့်တွေ့မြင်လေသည်ဟူလို။ ထိုသို့တွေ့မြင်ပြီးနောက် ၎င်းသင်္ခတဖြစ်ကုန်သော ဇာတိပိဒုက္ခာအစ ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာအဆုံးရှိသော ဘုံသုံးပါး၌ မရပ်မစဲဖြစ်ပျက်လျက်။အမျိုးမျိုးဒုက္ခတရားသာဖြစ်သော်ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ဒုက္ခဖြစ်ချက်တို့

ကိုမြင်လေလေ။ ၎င်းဒုက္ခ တရားတို့မှ လွန်မြောက် နေသော မဖြစ် မပျက်သောသဘော အသင်္ခတဓာတ်နိဗ္ဗာန်ဟူသောသုခသို့ပြေးဝင်လေလေသာဖြစ်၏။ ထိုသို့ပြေးဝင်ဘန်များသဖြင့် ဉာဏ်သည်ရင့်သန်လတ်သည်ရှိသော်။ ၎င်းမဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်တည်းဟူသော သုခတရားကိုအစဉ်အတိုင်း။ မဂ်လေးတန်ဖြင့် မျက်မှောက်ပြု၍၊ တွယ်တာခင်မင် မက်မောတတ်သော သမုဒယသစ္စာတဏှာသည် ကင်းပြတ်လေ၏။ ထိုသို့ကင်းပြတ်ခြင်းကြောင့် အရဟတ္တဖိုလ်သို့ရောက်သောအခါ။ ၎င်းတဏှာမှလွတ်လေတော့၏။ ထိုသို့အရဟတ္တဖိုလ်သို့ရောက်သောအခါ။ ၎င်းသမုဒယသစ္စာဖြစ်သော တဏှာမှလွတ်ရခြင်းသည်။ စင်စစ် မဂ်၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကြောင့်မဂ်ဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းမဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်တရားတော်ကို။ သမုဒယသစ္စာဖြစ်သောတဏှာမှ လွတ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ ဘုရားရှင်သည် ဓမ္မစကြာပဝတ္တနသုတ်၌။ မုတ္တိဟူ၍ဟောတော်မူအပ်လေသတည်းဟူ၍သိအပ်ပါသည်။

{မေး} ၎င်းအသင်္ခတဓာတ်နိဗ္ဗာန်ကို သမုဒယသစ္စာဖြစ်သောတဏှာမှလွတ်ခြင်း၏အကြောင်းခံဖြစ်သောကြောင့်။ မုတ္တိဟူ၍ဟောတော်မူအပ်သည်ကို အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} နိဗ္ဗာနဥ္စ၊ အာဂမ္မ၊ တဏှာ၊ လ၊ မုစ္စတိ၊ လ၊ တသ္မာ၊ နိဗ္ဗာနံ၊ လ၊ မုတ္တိ ။ သ၊ တိဝုစ္စတိဟူ၍ သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်နိဒ္ဒေသအဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ။ယသ္မာစ၊ တဒေဝ အာဂမ္မ၊ တသ္သာ၊ လ၊ မုတ္တိ၊ လ၊ တသ္မာ၊ လ၊ မုတ္တိ၊ လ၊ ဝုစ္စတိ ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စနိဒ္ဒေသနိဒ္ဒေသအဖွင့်၌ပြဆိုအပ်သည်ကို ထောက်၍လည်းကောင်း။ နိဗ္ဗာနဥ္စအာဂမ္မ၊ တဏှာ၊ လ၊ မုစ္စတိ၊ လ၊ တသ္မာနိဗ္ဗာနံ၊ လ၊ မုတ္တိ၊ လ၊ တိဝုစ္စတိဟူ၍ သုတ်မဟာဝါအဋ္ဌကထာ သတိပဋ္ဌာနသုတ် သစ္စနိဒ္ဒေသနိဒ္ဒေသအဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း။ ။နိဗ္ဗာနဥ္စအာဂမ္မ၊ တဏှာ၊ လ၊ မုစ္စတိ၊ လ၊ တသ္မာနိဗ္ဗာနံ၊ လ၊ မုတ္တိ၊ လ၊ တိပုစ္စတိဟူ၍ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဉာဏနိဒ္ဒေသ သစ္စကထာနိဒ္ဒေသအဖွင့်။ ဆယ်ကြောင်းပေ စိချပ်အတွင်းဘက်၌ ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ နိဗ္ဗာနဥ္စ၊ မီးဆဲ့တပါးတို့၏ငြိမ်းကြောင်းဖြစ်သောမဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကိုလည်း။ အာဂမ္မ၊ မဂ်ဖြင့်အာရုံပြုသော

အားဖြင့်ရောက်၍။တဏှာ၊တဏှာယ၊သမုဒယသစ္စာဖြစ်သော တပ်တတ်
သောတဏှာမှ။မုစ္စတိ၊လွတ်တတ်၏၊လ၊ တသ္မာ၊ထိုသို့သမုဒယသစ္စာဖြစ်
သော တဏှာမှလွတ်ခြင်း ၏ အ ကြော င်း ခံဖြစ်သောကြောင့်၊ နိဗ္ဗာနံ၊
မီးဆဲ့တပါးတို့၏ ညိမ်းခြင်း၏ အကြောင်း ခံဖြစ်သော အသင်္ခတဓာတ်နိ
ရောဓသစ္စာနိဗ္ဗာန်ကို။မုတ္တိတိ၊မုတ္တိဟူ၍၊ဝုစ္စတိ၊ဆိုအပ်၏။ ဤကား သမ္မော
ဟဝိနောဒနီအဋ္ဌကထာပါဠ်၏မြန်မာပြန်တည်း။ စ၊ အဘို့တပါးကိုဆိုဦးအံ့။
ယသ္မာ၊အကြင်ကြောင့်။တဒေဝ၊ထိုမဂ်ဖိုလ်၏ အာရုံဖြစ်သော အသင်္ခတ
ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင်။ အာဂမ္မ၊ မဂ်ဖြင့်အာရုံပြုသောအား
ဖြင့်ရောက်၍။ တဿာ၊ ထိုသမုဒယသစ္စာဖြစ်သောတဏှာမှ၊ လ၊ မုတ္တိ၊
လွတ်ခြင်းသည်။ဟောတိ၊ဖြစ်၏၊ လ၊ တသ္မာ၊ထိုသို့သမုဒယသစ္စာတဏှာ
မှလွတ်ခြင်း၏ အကြောင်းခံဖြစ်သောကြောင့်။ နိဗ္ဗာနံ၊ မီးဆဲ့တပါးတို့၏
ညိမ်းကြောင်းဖြစ်သောမဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓ
သစ္စာနိဗ္ဗာန်ကို။ မုတ္တိတိ၊ မုတ္တိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ဤကား ဝိသုဒ္ဓိမဂ်
အဋ္ဌကထာ အာဒိဝန် ဘော်ထုတ်အပ်သောပါဠ်၏ မြန်မာပြန်တည်း။ သုတ်မ
ဟာဝါအဋ္ဌကထာပါဠ်၏မြန်မာပြန်။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဠ်၏မြန်မာပြန်
တို့သည်။ သမ္မောဟဝိနောဒနီ အဋ္ဌကထာပါဠ်၏ မြန်မာပြန်နှင့် အဘူတူသာ
တည်း မထူးတော့ပြီး။ဤသို့ပြဆိုအပ်သောအဋ္ဌကထာရှင်တို့၏စကားတော်
ကို ထောက်၍။ မဂ်ဖိုလ်၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ
နိဗ္ဗာန်ကို။သမုဒယသစ္စာဖြစ်သောတဏှာမှ လွတ်ခြင်း၏အကြောင်းခံဖြစ်
သောကြောင့်။မုတ္တိဟူ၍ ဘုရားရှင်အမည်ဘပ်၍ဟောတော်မူအပ်သည်၏
အဖြစ်ကိုထင်ရှားသိကြလေ။ ထိုအဋ္ဌကထာရှင်တို့၏အလိုအားဖြင့်ဝိဂြိုဟ်ပြု
လုပ်လိုသော်။တဏှာယမုစ္စတိ၊ဧတေနာတိ၊မုတ္တိဟူ၍ဟောတုသာဓနကိတ်
ဝိဂြိုဟ်ပြုရာ၏။ ဧတေန၊ထိုမဂ်ဖိုလ်၏ အာရုံဖြစ်သောအသင်္ခတဓာတ်နိရောဓ
သစ္စာနိဗ္ဗာန်ကြောင့်၊ တဏှာယ၊ သမုဒယသစ္စာဖြစ်သော တွယ်တာခင်
မင်မွတ်သိပ်တတ်သောတဏှာမှ၊မုစ္စတိ၊လွတ်တတ်၏။ ဣတိတသ္မာ၊ ထို
သို့သမုဒယသစ္စာဖြစ်သော တဏှာမှလွတ်ခြင်း၏ အ ကြော င်း ဖြစ်သော
ကြောင့်၊ သောအသင်္ခတဓမ္မော၊ ထိုမဂ်ဖိုလ်၏ အာရုံဖြစ်သော အသင်္ခတ
ဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်သည်၊ မုတ္တိ၊မုတ္တိမည်၏။မုစဓာတ်
တိပစ္စည်း၊ဤကား ဝိဂြိုဟ်၏မြန်မာပြန်တည်း။အဓိပ္ပါယ်ကား။မဂ်ဖိုလ်၏
အာရုံဖြစ်သော၊အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကြောင့်သာ။ သမုဒယ
သစ္စာတဉ်းဟူသော တဏှာမှ အရဟတ္တဖိုလ်အခိုက်သို့ရောက်လျှင်၊၎င်းတ
ဏှာမှလွတ်ကြရကုန်၏၊ထိုကြောင့်၎င်းမဂ်ဖိုလ်၏အာရုံဖြစ်သောအသင်္ခတ

ခေါတ်နိဗ္ဗာန်သည်။ သမုဒယသစ္စာဖြစ်သော တဏှာမှလွတ်ရန်အကြောင်းခံတရားဖြစ်၏။ ထိုသို့ဖြစ်သောကြောင့်၊ ၎င်းအသင်္ခတခေါတ်နိရောဓသစ္စာကိုပင် မုတ္တိဟူ၍ ခေါ်ဆိုအပ်လေသည်ဟူလို။ ဤကားဝိဂြိုဟ်၏ အဓိပ္ပါယ်တည်း။ ဤသို့ပြဆိုအပ်သော ဝိဂြိုဟ်အရကိုထောက်၍သည်း။ ၎င်းမဂ်ဖိုလ်၏အာရုံဖြစ်သောအသင်္ခတခေါတ်နိရောဓသစ္စာနိဗ္ဗာန်ကိုသါလျှင်။ သမုဒယသစ္စာဖြစ်သေါတဏှာမှ လွတ်ခြင်း၏အကြောင်းခံတရားဖြစ်သေါကြောင့် မုတ္တိဟူ၍ခေါ်ဆိုအပ်ကြောင်းကိုသိကြလေ။ အကျယ်ကို ငါဟုသချာ်နာမ်ရုပ်အစ ရေးသားအပ်သော သမုပ္ပါဒနိရောဓ ဒုတိယအုပ်၌ကြည့်ရှုကြလေ။

{မေး} ၎င်းအသင်္ခတခေါတ်နိရောဓသစ္စာနိဗ္ဗာန်ကို သမုဒယသစ္စာဖြစ်သောတဏှာမှ လွတ်ခြင်း၏အကြောင်းတရားဖြစ်သောကြောင့်။ မုတ္တိဟူ၍ခေါ်ဆိုအပ်ကြောင်းကို ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကားအရသိရပါပြီး။ အဘယ်ကြောင့် ၎င်းမဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတခေါတ် နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကို။ မွေစကြာပဝတ္တနသုတ်၌ ဘုရားရှင်သည် အနာလယဟုအမည်တင်၍ဟောတော်မူအပ်ပါသနည်း။ ဟောအပ်သော အဓိပ္ပါယ်ကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ၎င်းအသင်္ခတခေါတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကို အနာလယဟုခေါ်ဆိုအပ်သည်မှာ။တခြားကြောင့်မဟုတ် ဇာတိပိဒုက္ခာအစရှိသည်ဖြင့်ဟောအပ်သော ဒုက္ခ တရားဟူသမျှတို့ကို။ဝိပဿနာဉာဏ်ဖြင့်အဘန်တလဲလဲ ရှုမြင်ကုန်သော ယောဂါဝစရပုဂ္ဂိုလ်တို့သည်။ ၎င်းဇာတိပိဒုက္ခာစသော ဘုံသုံးပါး၌ဖြစ်သော ဒုက္ခဟူသမျှကို အလိုမရှိဘဲ။ ငြီးငွေ့စက်ဆုပ်ခြင်းသို့ရောက်လေ၏။ ထိုသို့ငြီးငွေ့စက်ဆုပ်ခြင်းသို့ရောက်၍ ၎င်းဒုက္ခတရားဟူသမျှတို့မှ လွတ်ရာကိုဉာဏ်ဖြင့်ရှာဖွေလတ်သော်၊၎င်းဒုက္ခ တရားနှင့် ဆန့်ကျင်ဘက်ဖြစ်သေါမဖြစ်မပျက်ဘဲအမြဲတည်ရှိနေသောအသင်္ခတခေါတ်သုခတရားတော်ကိုသာ ဉာဏ်ဖြင့် တွေ့မြင်လေ၏။ အဘယ်ကြောင့်တွေ့မြင်အပ်လေသနည်းဟူမူ။ ဓမ္မတာအားဖြင့် ဒုက္ခနှင့်ဆန့်ကျင့်ဘက်ဖြစ်သော သုခတရားသည်။ ထင်ရှားတည်ရှိနေသည်၏အဖြစ်ကြောင့် တွေ့မြင်လေသည်ဟူလို။ ထိုသို့တွေ့မြင်ပြီးနောက် ဘုံသုံးပါး၌ဖြစ်သော ဇာတိစသော ဒုက္ခအမျိုးမျိုးတို့ကို။ ဝိပဿနာဉာဏ်ဖြင့်မြင်လေလေ၊၎င်းဒုက္ခတရားတို့မှ လွန်မြောက်နေသော မဖြစ်မပျက်ဘဲ အမြဲတည်ရှိနေသော သုခတရားတည်းဟူသော အသင်္ခတခေါတ်နိဗ္ဗာန်သို့။ဤတရားကားသုခတည်း၊ဤတရားကားဒုက္ခတည်းဟူ၍သင်္ခပဇဝိပဿနာဉာဏ်ဖြင့်အာရုံပြု၍ပြေးဝင်လေလေသါ

ဖြစ်၏။ထိုသို့ပြေးဝင်ဘန်များလတ်၍ ဥဂ္ဃဋိတည့်ရင့်သန်လတ်သော်။ ၎င်း အသင်္ခတဓာတ် နိရောဓသစ္စာတည်းဟူသော နိဗ္ဗာန်သုခတရားတော်ကို။ အစဉ်အတိုင်း မဂ်လေးတန်ဖြင့် မျက်မှောက်ပြုခြင်းသို့ရောက်လေ၏။ထိုသို့ မဂ်ဖိုလ်၏အာရုံဖြစ်သော။ အသင်္ခတဓာတ် နိရောဓသစ္စာတည်းဟူသော မဖြစ် မပျက်ဘဲ အမြဲတည်ရှိသော နိဗ္ဗာန်သုခကို။ မဂ်လေးတန်ဖြင့် မျက် မှောက်ပြုခြင်းကြောင့် သမုဒယသစ္စာဖြစ်သော ပွတ် သိမ် ခင် မင်ကပ်ငြိ တတ်သော တဏှာလယဟူသမျှသည်။ အလုံးစုံသော ဖြစ်ပြီး ဖြစ်ဆဲ ဖြစ် လတ့်သော ခန္ဓာငါးပါး ရုပ်နာမ်တရား ဒုက္ခဟူသမျှတို့၌။ကပ်ငြိတွယ်တာ မှုမရှိဘဲ အကြွင်းမရှိသောအားဖြင့်ကင်းပြတ်လေတော့၏၊ ထိုသို့တဏှာ လယ ကင်းပြတ်ခြင်းသည် တခြားကြောင့်မဟုတ်။အသင်္ခတဓာတ်နိရော ဓသစ္စာတည်းဟူသော နိဗ္ဗာန်သုခတရားကြောင့်ပင်ဖြစ်၏။အဘယ်ကြောင့် ဆိုသော် ၎င်းအသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုသော ကြောင့်သာ မဂ်လေးတန်သည်။ တဏှာလယကိုပြတ်ကင်းစေနိုင်၏။ထို သို့ပြတ်ကင်းစေရာ၌ နိဗ္ဗာန်သည် မဂ်၏အာရုံအဖြစ်ဖြင့် တဏှာလယပြတ် ရန် အကြောင်းခံ၏။ မဂ်သည်ထိုအကြောင်းခံဖြစ်သော နိဗ္ဗာန်သုခကိုမျက် မှောက် ပြုသောအားဖြင့် ပေါင်းတော်မိခြင်းကြောင့်သာလျှင်။တဏှာလယ ကိုပြတ်ကင်းစေနိုင်၏၊ ထိုကြောင့် မဂ်လေးတန်သည် တဏှာလယကို ပြတ်ကင်းစေ၏။မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန် သည်။မဂ်ဖြစ်စေရာ၌ တဏှာလယပြတ်ရန်အကြောင်းခံပေ၏။ထိုကြောင့် ၎င်းမဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာတည်းဟူသော နိဗ္ဗာန်သုခ တရားတော်သည်။ သမုဒယသစ္စာဖြစ်သောတဏှာလယ၏ ပြတ်ကင်းရန်အကြောင်းခံတရား၏အဖြစ်ကိုသိစေတော်မူလိုသောကြောင့် ဘုရားရှင်သည်။၎င်းမဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓါတ်နိရောဓသစ္စာ နိဗ္ဗာန်သုခတရားတော်ကို။ အနာလယဟူသောအမည်ဖြင့်တပ်၍ မေလ္လစကၠူ ပဝတ္တနသုတ်၌။ ဟောတော်မူအပ်သည်ဟူ၍သိအပ်ပါသည်။

{မေး} ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သုခတရားတော်ကို။ တ ဏှာလယ၏ ပြတ်ကင်းရန်အကြောင်းခံတရား၏အဖြစ်ကြောင့်၊ အနာလ ယဟူ၍ ဟောတော်မူကြောင်းကို အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည် နည်း၊

{ဖြေ} နိဗ္ဗာနဥ္စအာဂမ္မ၊တဏှာ၊လ၊ နအလ္လီယတိ၊ တသ္မာ၊ နိဗ္ဗာနံ၊လ၊ အနာလယောတိ၊ဝုစ္စတိဟူ၍။ သမ္မောဟဝိနောဒနီ အဋ္ဌကထာသစ္စဝိဘင်းအ ဖွင့်နိရောဓသစ္စာအရာ၌ ပြဆိုအပ်သည်ကို ထောက်၍လည်းကောင်း။ ထို

နည်းအဘူ ပဋိသန္ဓိဒါမဂ်အဋ္ဌထ္ထာ ဉာဏာနိဒ္ဒေသ သစ္စထ္ထာ နိရောဓသစ္စာ အဖွင့်ဆယ်ကြောင်းပေစိချပ် အတွင်းဘက်၌ပြဆိုအပ်သည့်ကိုထောက်၍ လည်းကောင်း။ နိဗ္ဗာန၌အာဂမ္မ၊တဏှာ၊လး၊နအလ္လဳယတိ၊တသ္မာနိဗ္ဗာနံ၊ လ၊အနာလယောတိ၊ဝုစ္စတိ ဟူ၍ သုတ်မဟာဝါအဋ္ဌကထာ သတိပဋ္ဌာန သုတ် သစ္စထ္ထာ နိရောဓသစ္စာ အဖွင့်၌ ပြဆိုအပ်သည့်ကို ထောက်၍သည်း ကောင်း သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ နိဗ္ဗာန၌၊ မီးဆဲ့တပါးတို့၏ငြိမ်းကြောင်းဖြစ်သောမဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခ တဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို၊ အာဂမ္မ၊ မဂ်ဖြင့်အာရုံပြုသောအားဖြင့် ရောက်၍၊ တဏှာ၊ သမုဒယသစ္စာဖြစ်သော မှတ်သိပ်ခြင်မင် ကင်ငြိတတ် သောတဏှာသည်၊ နအလ္လဳယတိ၊မကပ်ငြိ။ တသ္မာ၊ ထိုသို့ကင်ငြိတတ် သော တဏှာ၏ မကပ်ငြိခြင်း၏အကြောင်းဖြစ်သောကြောင့်၊ နိဗ္ဗာနံ၊ မီး ဆဲ့တပါးတို့၏ ငြိမ်းကြောင်းဖြစ်သော မဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခ တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို၊အနာလယောတိ၊အနာလယဟူ၍၊ဝုစ္စတိ ဘုရားရှင်ဆိုတော်မူအပ်၏။ ဤကားသမ္မောဟဝိနောဒနီအဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ သုတ်မဟာဝါ အအဋ္ဌကထာပါဠိ၏ မြန်မာပြန်လည်း၊ နည်းတူသာလျှင်တည်း မထူးတော့ပြီ။ အဓိပ္ပါယ်ကား မီးဆဲ့တပါးတို့၏ ငြိမ်းကြောင်းဖြစ်သော မဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရော ဓသစ္စာနိဗ္ဗာန်ကို၊ မဂ်လေးတန်ဖြင့် မျက်မှောက် ပြုသောအားဖြင့် ရောက် ခြင်းကြောင့် သမုဒယသစ္စာဖြစ်သောကပ်ငြိတွယ်တာတတ်သောတဏှာ သည်၊ ငြိတွယ်ခြင်းမရှိဘဲ ပြတ်တောက်ကြသေ၏။ ထိုသို့သမုဒယသစ္စာ ဖြစ်သော ကပ်ငြိတတ်သောတဏှာ၏ ငြိတွယ်ခြင်းမရှိဘဲ ကင်းပြတ်ခြင်း သည်။ ၎င်းမဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန် ကြောင့်ပင်ဖြစ်ပေ၏၊ ထိုကြောင့် ၎င်းအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန် ကို၊ တဏှာလယ၏ ကင်းပြတ်ခြင်း၏ အကြောင်းတရားပေတည်းဟု သိ စေခြင်းငှါ ဘုရားရှင်သည်။ အနာလယ ဟူသော အမည်ကိုတပ်၍ ဟော တော်မူအပ်လေသည်ဟူလို၊ ဤကားအဓိပ္ပါယ်တည်း။ ထိုသို့အဋ္ဌကထာ ရှင်တို့ပြဆိုအပ်သောစကားတော်ကိုထောက်၍လည်း။ ၎င်းမဂ်ဖိုလ်၏အာ ရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို၊ အနာလယဟုခေါ်ဆို အပ်ကြောင်းကို ထင်ရှားသိကြလေ။ ထိုအဋ္ဌကထာရှင်တို့၏ အလိုတော် အားဖြင့် ဝိဂြိုဟ်သုပ်လိုသော်။ တဏှာနအလ္လဳယတိ၊ ဧတေနာတိ၊ အနာလ ယော ဟူ၍။ဟောတုသာဓနကိတ်ဝိဂြိုဟ်ပြုလုပ်ရာ၏၊ ဧတေန၊ ထိုမဂ်ဖိုလ် ၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကြောင့်၊ တဏှာ၊

သမုဒယသစ္စာဖြစ်သော ကပ်ငြိတတ်သောတဏှာသည်။ နအလ္လီယတိ၊ မကပ်ငြိ။ ဝါ၊ ကပ်ငြိခြင်းမှကင်း၏။ ဇာတိတည်ပြွ၊ ထိုသို့ကပ်ငြိတတ်သော တဏှာမှ ကင်းကြောင်းဖြစ်သောကြောင့်။ သောအသင်္ခတဓမ္မော၊ ထိုမဂ်ဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။ အနာလယော၊အနာလယမည်၏။ အဓိပ္ပါယ်ကား မဂ်ဖိုလ်၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အကြောင်းပြု၍။ သမုဒယ သစ္စာဖြစ်သောတဏှာလယသည်ကင်း၏။ ထိုတဏှာလယ၏ ကင်းပြတ်ခြင်း၏အကြောင်းခံဖြစ်သော မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုပင်။ အနာလယဟုခေါ်ဆိုအပ်သည်ဟူလို။ ဤကားအဓိပ္ပါယ် အကျဉ်းတည်း။ ဤသို့ပြဆိုအပ်သော ပိဋကပ်အရကိုထောက်၍လည်း။ ၎င်း မဂ်ဖိုလ်၏အာရုံဖြစ်သောအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုပင်၊အနာလယဟု ခေါ်အပ်ကြောင်းကို ထင်ရှားသိကြလေ။ အကျယ်ကိုသိလိုမူ ငါဟုသမုတ်နာမ်ရပ်အစုရေးသားအပ်သော သမုပ္ပါဒနိရောဓဂ ဒုတိယအုပ်၌။ အနာလယမည်ကြောင်းကိုပြဆိုရာ၌ ကြည့်ရှုယူကြလေ။

{မေး} ၎င်းအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို တဏှာ၏ကင်းခြင်း၏အကြောင်းကြောင့် ဝိရာဂအမည်၊တဏှာ၏ဖြစ်မှုမရှိခြင်း၏အကြောင်းကြောင့် နိရောဓအမည်၊ စွန့်ခြင်း၏အကြောင်းကြောင့် စာဂအမည်၊ တဘန် လာရောက် မှုမရှိအောင် ဝေးစွာ စွန့်ခြင်း၏ အကြောင်းကြောင့် ပဋိနိဿဂ္ဂအမည်၊တဏှာမှလွတ်ခြင်း၏အကြောင်းဖြစ်သောကြောင့် ဝိမုတ္တိအမည်၊ တဏှာအာလယ၏ပြတ်ခြင်း၏အကြောင်းကြောင့် အနာလယဟူသောအမည်တို့ဖြင့် ဟောတော်မူအပ်သည်ကိုပြဆိုအပ်သောအဋ္ဌကထာတို့ဖြင့်သိရပါပြီ။ ထိုနိဗ္ဗာန်ကိုအကြောင်းခံ၍ ကင်းကြ ဖြစ်မှုမရှိကြရသောတဏှာတို့သည်၊အဘယ်ဝဏ္ဏတို့၌ ကင်းမှု ဖြစ်မှု မရှိမှုတို့သည်ထင်ရှားလေပါသနည်း။ ထိုသို့ထင်ရှားမှုကိုဘုရားရှင်သည် ဘယ် လို ဝဏ္ဏမျိုး၌ထင်အောင် ဟောတော်မူအပ်သည်ကို ဘယ်လိုအကျယ်သိအပ်ပါမည်နည်း။

{ဖြေ} စက္ခုလောကေ၊ပိယရူပံသာတရူပံ၊ဧတ္ထေသာတဏှာ၊ပဟီယမာနာပဟီယတိ၊ဧတ္ထ နိရုဇ္ဈမာနာနိရုဇ္ဈတိ၊သောတံလောကေ၊ဃာနံလောကေ၊ဇိဝှါလောကေ၊ကာယောလောကေ၊မနောလောကေ၊ပိယရူပံ၊သာတရူပံ၊ဧတ္ထေသာတဏှာ ပဟီယမာနာပဟီယတိ၊ဧတ္ထ၊ နိရုဇ္ဈမာနာနိရုဇ္ဈတိ၊ရူပါလောကေ၊ပိယရူပံ၊သာတရူပံ၊ဧတ္ထေသာတဏှာပဟီယမာနာပဟီယတိ၊နိရုဇ္ဈမာနာ၊နိရုဇ္ဈတိ၊ သဒ္ဒါလောကေ၊ဂန္ဓာလောကေ၊ရသာလောကေ၊ဖောဋ္ဌဗ္ဗာလောကေ၊ဓမ္မာလောကေ၊ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာတဏှာ၊

ပဟီယမာနာပဟီယတိ၊ နိရုဇ္ဈမာနာ နိရုဇ္ဈတိ၊ စက္ခုဝိညာဏံလောကေ၊
ပိယရူပံသာတရူပံ၊ ဧတ္ထေသာတဏှာ၊ ပဟီယမာနာပဟီယတိ၊ နိရုဇ္ဈမာ
နာနိရုဇ္ဈတိ။ သောတဝိညာဏံလောကေ၊ ဃာနဝိညာဏံလောကေ၊ ဇိဝှာဝိ
ညာဏံလောကေ၊ ကာယဝိညာဏံလောကေ၊ မနောဝိညာဏံလောကေ၊
ပိယရူပံသာတရူပံ၊ ဧတ္ထေသာတဏှာ၊ ပဟီယမာနာပဟီယတိ၊ နိရုဇ္ဈမာ
နာနိရုဇ္ဈတိ။ စက္ခုသမ္ဖဿောလောကေ၊ ပိယရူပံသာတရူပံ၊ ဧတ္ထေသာတ
ဏှာ၊ ပဟီယမာနာပဟီယတိ၊ နိရုဇ္ဈမာနာနိရုဇ္ဈတိ။ သောတ သမ္ဖဿော
လောကေ၊ ဃာန သမ္ဖဿောလောကေ၊ ဇိဝှါသမ္ဖဿောလောကေ၊ ကာယ
သမ္ဖဿောလောကေ၊ မနော သမ္ဖဿောလောကေ၊ ပိယ ရူပံ သာတရူပံ၊
ဧတ္ထေသာတဏှာ၊ ပဟီယမာနာပဟီယတိ၊ နိရုဇ္ဈမာနာနိရုဇ္ဈတိ၊ စက္ခု
သမ္ဖဿ ဇာ ဝေဒနာလောကေ၊ ပိယရူပံသာတရူပံ၊ ဧတ္ထေသာတဏှာ၊
ပဟီယမာနာ ပဟီယတိ၊ နိရုဇ္ဈမာနာ နိရုဇ္ဈတိ၊ သောတ သမ္ဖဿဇာဝေဒ
နာလောကေ၊ ဃာန သမ္ဖဿဇာဝေဒနာလောကေ၊ ဇိဝှါ သမ္ဖဿဇာ
ဝေဒနာလောကေ၊ ကာယ သမ္ဖဿဇာဝေဒနာလောကေ၊ မနော သမ္ဖဿ
ဇာဝေဒနာလောကေ ပိယ ရူပံ သာတရူပံ၊ ဧတ္ထေသာတဏှာ၊ ပဟီယမာ
နာ ပဟီယတိ၊ နိရုဇ္ဈမာနာ နိရုဇ္ဈတိ၊ ရူပသညာလောကေ၊ သဒ္ဒသညာ
လောကေ၊ ဂန္ဓသညာလောကေ၊ ရသ သညာလောကေ၊ ဖောဋ္ဌဗ္ဗ သညာ
လောကေ၊ ဓမ္မသညာလောကေ၊ ပိယရူပံသာတရူပံ၊ ဧတ္ထေသာတဏှာ၊
ပဟီယမာနာပဟီယတိ၊ နိရုဇ္ဈမာနာနိရုဇ္ဈတိ၊ ရူပသဉ္စေတနာလောကေ၊
သဒ္ဒ သဉ္စေတနာလောကေ၊ ဂန္ဓ သဉ္စေတနာလောကေ၊ ရသ သဉ္စေတနာ
လောကေ၊ ဖောဋ္ဌဗ္ဗသဉ္စေတနာလောကေ၊ ဓမ္မသဉ္စေတနာလောကေ၊ ပိယ
ရူပံသာတရူပံ၊ ဧတ္ထေသာတဏှာ၊ ပဟီယမာနာပဟီယတိ၊ နိရုဇ္ဈမာနာ နိ
ရုဇ္ဈတိ။ ရူပတဏှာလောကေ၊ သဒ္ဒ တဏှာလောကေ၊ ဂန္ဓ တဏှာလော
ကေ၊ ရသတဏှာလောကေ၊ ဖောဋ္ဌဗ္ဗတဏှာလောကေ၊ ဓမ္မတဏှာလော
ကေ။ ပိယရူပံသာတရူပံ၊ ဧတ္ထေသာတဏှာ၊ ပဟီယမာနာပဟီယတိ၊ နိ
ရုဇ္ဈမာနာ နိရုဇ္ဈတိ။ ရူပ ဝိတက္ကောလောကေ၊ သဒ္ဒ ဝိတက္ကောလောကေ၊
ဂန္ဓ ဝိတက္ကောလောကေ၊ ရသ ဝိတက္ကောလောကေ၊ ဖောဋ္ဌဗ္ဗ ဝိတက္ကော
လောကေ၊ ဓမ္မဝိတက္ကောလောကေ၊ ပိယရူပံသာတရူပံ၊ ဧတ္ထေသာတဏှာ
ပဟီယမာနာ ပဟီယတိ၊ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ရူပဝိစာရောလောကေ၊
သဒ္ဒဝိစာရောလောကေ၊ ဂန္ဓဝိစာရောလောကေ၊ ရသဝိစာရောလောကေ၊
ဖောဋ္ဌဗ္ဗဝိစာရောလောကေ၊ ဓမ္မဝိစာရောလောကေ၊ ပိယရူပံသာတရူပံ၊
ဧတ္ထေသာတဏှာ၊ ပဟီယမာနာပဟီယတိ၊ နိရုဇ္ဈမာနာနိရုဇ္ဈတိ။ ဣဒံဝုစ္စ

တိ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စဟူ၍။ အဘိဓမ္မာဝိဘင်းပါဠိတော်၌ဟောတော်
မူအပ်သည်ကို ထောက်၍လည်းကောင်း။ ထိုနည်းအတူ၊ သုတ်မဟာဝါ ပါဠိ
တော်သတိပဋ္ဌာနသုတ်၊ နိရောဓသစ္စာအရာ၌ ဟောတော်မူအပ်သည်ကို
ထောက်၍လည်းကောင်းသိအပ်ပါသည်။ အနက်သိကြောင်းမြန်မာပြန်
ကား။ လောကေ၊ ဥပါဒါနိတရားတို့၏အာရုံဖြစ်သော ခန္ဓာတည်းဟူ
သောလောက၌။ စက္ခု၊ မျက်စိအကြည်သည်။ ပိယရူပံ၊ တဏှာ၏ချစ်အပ်
သော သဘောရှိသောအာရုံတည်း။ သာတရူပံ၊ တဏှာ၏ သာယာအပ်
သောသဘောရှိသောအာရုံတည်း။ ဧတ္ထ၊ ဤတဏှာ ချစ်အပ်။ တဏှာ သာ
ယာအပ်သော စက္ခုတည်းဟူသော အာရုံတရား၌။ ဧသာ တဏှာ၊ ဤ
မွတ်သိပ်ခင်မင်ငြိတွယ်တတ်သောတဏှာသည်။ ပဟီယမာနာ၊ အသိ
တခါတည်းနိရောဓသစ္စာကို မဂ်ဖြင့် မျက်မှောက်ပြုသောအားဖြင့် ရောက်၍။
အကြွင်းမရှိပယ်အပ်သည်ရှိသော်။ ပဟီယတိ၊ အကြွင်းမရှိပျောက်လေတော့
၏။ ဧတ္ထ၊ ဤစက္ခု ၊လ၊ ၌။ နိရုဇ္ဈမာနာ၊ နောင်အဆက်ဆက်ဖြစ်မှုမရှိစေအပ်
သည်ရှိသော်။ နိရုဇ္ဈတိ၊ နောင်အဆက်ဆက်ဖြစ်မှုမရှိ။ လောကေ၊ ၌။ သော
တံ၊ နားအကြည်သည်။ ပိယရူပံ၊ တဏှာ၏ ချစ်အပ်သောသဘောရှိသော
အာရုံတည်း။ သာတရူပံ၊ တဏှာ၏ သာယာအပ်သောသဘောရှိသောအာ
ရုံတည်း။ လောကေ၊ ၌။ ဃာနံ၊ နှာခေါင်းအကြည်သည်။ ပိယရူပံ၊ တဏှာ
၏ချစ်အပ်သောသဘောရှိသောအာရုံတည်း။ သာတရူပံ၊ တဏှာ၏သာ
ယာအပ်သော သဘောရှိသောအာရုံတည်း။ လောကေ၊ ၌။ ဇိဝှာ၊ လျှာအ
ကြည်သည်။ ပိယရူပံ၊ တဏှာ၏ချစ်အပ်သောသဘောရှိသောအာရုံတည်း။
သာတရူပံ၊ တဏှာ၏သာယာအပ်သောသဘောရှိသောအာရုံတည်း။ ကာ
ယော၊ တကိုယ်လုံး၌ရှိသော ကာယအကြည်သည်။ ပိယရူပံ၊ တဏှာ၏
သာယာအပ်သောသဘောရှိသောအာရုံတည်း။ သာတရူပံ၊ သာယာအပ်
သောသဘောရှိသောအာရုံတည်း။ မနော၊ အာရုံကိုသိတတ်သော စိတ်သ
ဘောသည်။ ပိယရူပံ၊ တဏှာ၏ ချစ်အပ်သောသဘောရှိသောအာရုံတည်း။
သာတရူပံ၊ တဏှာ၏ သာယာအပ်သော သဘောရှိသောအာ ရုံ တ ည်း။
ဧတ္ထ။ ဤ ဆိုအပ်ပြီးသော။ ချစ်အပ် သာယာအပ်သော သ ဘော ရှိသော
သောတဃာန။ ဇိဝှာ။ ကာယ။ မန တည်းဟူသောအာရုံတရား၌။ ဧသာတ
ဏှာ။ ဤ မွတ်သိပ်ခင်မင်ငြိတွယ်တတ်သောတဏှာသည်။ ပဟီယမာနာ။
အသိတခါတည်း နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကို။ မဂ်ဖြင့် မျက်မှောက်ပြု
သောအားဖြင့်ရောက်၍။ အကြွင်းမရှိပယ်အပ်သည်ရှိသော်။ ပဟီယတိ။
အကြွင်းမရှိ ပျောက်ပျက်လေတော့၏။ ဧတ္ထ။ ဤအာရုံတရားသည်

နိရုဇ္ဈမာနာ ၊နောင်အဆက်ဆက်ဖြစ်မှုမရှိစေအပ်သည့်ရှိသော် ၊နိရုဇ္ဈတိ၊
နောင်အဆက်ဆက်ဖြစ်မှုမရှိ။အဓိပ္ပါယ်ကား၊ တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်
သောဥပါဒါနက္ခန္ဓာတည်းဟူသောလောက၌။စက္ခု၊သောတ၊ဃာန၊ဇိဝှာ၊
ကာယ၊မန၊ဤတရားတို့သည်၊တဏှာ၏ချစ်အပ်သာယာအပ်သောသဘော
ရှိသောအာရုံတရားဖြစ်ကုန်၏။ ထိုချစ်အပ် သာယာအပ်သော သဘောရှိ
သောအာရုံတရား၌ ဖြစ်ပေါ်လတ့်သော သမုဒယသစ္စာတဏှာကို၊ မဂ်၏
အာရုံဖြစ်သော မဖြစ်မပျက်ဘဲအမြဲတည်ရှိသော အသင်္ခတဓာတ် နိရောဓ
သစ္စာကို မဂ်ဖြင့် မျက်မှောက်ပြုသောအားဖြင့်ရောက်၍။ အကြွင်းမရှိ ပယ်
လိုက်၏၊ထိုပယ်လိုက်ပြီးသောတဏှာသည်။နောင်အဆက်ဆက်ထိုစက္ခု
စသောအာရုံတရားတို့၌၊ ဖြစ်ပေါ်မှုမရှိလေပြီ။ ကင်းပျောက်ကြသသည်
သာတည်း။ထိုသို့ကင်းပျောက်ခြင်းသည်။စင်စစ် မဂ်၏အာရုံဖြစ်သော အ
သင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကြောင့်ပင်ဖြစ်၏ဟူသို။ ဤ
စကား အဓိပ္ပါယ်တည်း။ လောကေ၊တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်သောဥပါဒါ
နက္ခန္ဓာတည်းဟူသောလောက၌၊ ရူပါ၊ စက္ခုဝိညာဏ်ဖြင့်သိအပ် မြင်အပ်
သောအဆင်းသဘောတို့သည်၊ပိယရူပံ၊တဏှာ၏ချစ်အပ်သောသဘောရှိ
သောအာရုံတည်း၊ သာတရူပံ၊ တဏှာ၏ သာယာအပ်သော သဘောရှိ
သောအာရုံတည်း၊ဧတ္ထ၊ဤတဏှာ ချစ်အပ်သာယာအပ်သောအာရုံတရား
၌။ ဧသာတဏှာ။ ဤ သမုဒယသစ္စာဖြစ်သော မှဘ်သိပ် ခင်ခင်ပြတွယ်
တတ်သောတဏှာသည်။ ပဟီယမာနာ၊ အသင်္ခတဓာတ် နိရောဓသစ္စာ
နိဗ္ဗာန်တရားတော်ကို မဂ်ဖြင့်မျက်မှောက်ပြုသောအား ဖြင့် ရောက်၍။အ
ကြွင်းမရှိပယ်အပ်သည့်ရှိသော်၊ ပဟီယတိ။ အကြွင်းမရှိပျောက်ပျက်သေ
တော့၏။ဧတ္ထ။ဤအာရုံတရားသည်။နိရုဇ္ဈမာနာ။နောင်အဆက်ဆက် ဖြစ်မှု
မရှိစေအပ်သည့်ရှိသော်။နိရုဇ္ဈတိ၊နောင်အဆက်ဆက်ဖြစ်မှုမရှိ။လောကေ။
၌။ သဒ္ဒါ သောတဝိညာဏ်ဖြင့်သိအပ်သော။သဒ္ဒါရုံ။အသံတို့သည်။ပိယရူပံ။
တဏှာ၏ချစ်အပ်သောသဘောရှိသောအာရုံတည်း။သာတရူပံ။ တဏှာ၏
သာယာအပ်သောသဘောရှိသောအာရုံတည်း။လောကေ။၌။ ဂန္ဓာ။ဃာန
ဝိညာဏ်ဖြင့်သိအပ်သော ဂန္ဓာရုံအနံ့သဘောတို့သည်။ပိယရူပံ၊တည်း။သာ
တရူပံ၊တည်း။လောကေ၊၌။ရသာဇိဝှာဝိညာဏ်ဖြင့်သိအပ်သော။ရသာရုံအ
ရသာတို့သည်။ပိယရူပံ၊တည်း။သာတရူပံ၊ တည်း။လောကေ။၌။ဖေါဋ္ဌဗ္ဗာ
ကာယဝိညာဏ်ဖြင့်သိအပ်သော။ဖေါဋ္ဌဗ္ဗာရုံတည်းဟူသော။ပထဝီအတွေ့။
တေဇောအတွေ့။ ဝါယောအတွေ့တို့သည်။ ပိယရူပံ။ တည်း။ သာတရူပံ။
တည်း။လောကေ။၌။ဓမ္မာ။မနောဝိညာဏ်ဖြင့်သိအပ်သောဓမ္မာရုံတို့သည်။

ပိယရူပံ၊တဏှာ၏ချစ်အပ်သောသဘောရှိသောအာရုံတည်း။သာတရူပံ၊ တဏှာ၏သာယာအပ်သောသဘောရှိသောအာရုံတည်း။ဧတ္ထ၊ ဤဆိုအပ်ပြီးသော။သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံတည်းဟူသောအာရုံတရား၌။ ဧသာတဏှာ၊ ဤသမုဒယသစ္စာဖြစ်သော။ မွတ်သိပ်ခင်မင်ငြိတွယ်တတ်သောတဏှာသည်။ ပဟီယမာနာ၊ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကို။မဂ်ဖြင့်မျက်မှောက်ပြုသောအားဖြင့်ရောက်၍အကြွင်းမရှိ ပယ်အပ်သည်ရှိသော်။ ပဟီယတိ၊ အကြွင်းမရှိ ပျောက်ပျက်လေတော့၏။ဧတ္ထ၊ ဤအာရုံတရားသည်။နိရုဇ္ဈမာနာ၊ နောင်အဆက်ဆက်ဖြစ်မှုမရှိစေအပ်သည်ရှိသော်။ နိရုဇ္ဈတိ၊ နောင် အဆက်ဆက် ဖြစ်မှုမရှိ။ အဓိပ္ပါယ်မှာ။ ။ဧဒေးနည်းအတိုင်းသာတည်း။ လောကေ၊ ၌။ စက္ခုဝိညာဏံ မျက်စိအကြည်၌မှီ၍၊ ရူပါရုံအဆင်းကို မနေခဲတတ်ထက်ထူး၍သိတတ်သောသဘောစက္ခုဝိညာဏ်စိတ်သည်။ပိယရူပံ၊ တဏှာ၏ချစ်အပ်သောသဘောရှိသောအာရုံတည်း။ သာတရူပံ၊ တဏှာ၏ သာယာအပ်သောသဘောရှိသောအာရုံတည်း။ လောကေ၊ ၌။ သောတဝိညာဏံ၊ နားအကြည်ကိုမှီ၍။ သဒ္ဒါရုံ၊ အသံကို။ မနေခဲတတ်ထက်သိတတ်သော။သောတဝိညာဏ်စိတ်သည်။ ပိယရူပံ၊ ့ဘည်း။သာတရူပံ၊တည်း။ လောကေ၊ ၌။ ဃာနဝိညာဏံ၊နှာခေါင်းအကြည်ကိုမှီ၍။ဂန္ဓာရုံအနံ့ကို မနေခဲတတ်ထက်ထူး၍သိတတ်သော ဃာနဝိညာဏ်စိတ်သည်။ပိယရူပံ၊တည်း။သာတရူပံ၊တည်း။ လောကေ၊ ၌။ဇိဝှါဝိညာဏံ၊ လျှာအကြည်ကိုမှီ၍။ ရသာရုံ အရသာကို မနေခဲတတ်ထက်ဘူး၍သိတတ်သော ဇိဝှါဝိညာဏ်စိတ်သည်။ပိယရူပံ၊ တည်း။ သာတရူပံ၊ တည်း။ လောကေ၊ ၌။ကာယဝိညာဏံ၊ ကိုယ်ကာယ၌ဖြစ်သောအကြည်ကိုမှီ၍၊ ဖောဋ္ဌဗ္ဗာရုံတည်းဟူသောအတွေ့ကို မနေခဲတတ်ထက်ထူး၍ သိတတ်သော ကာယဝိညာဏ်စိတ်သည်။ပိယရူပံ၊ဟည်း။သာတရူပံ၊တည်း။လောကေ၊၌။မနောဝိညာဏံ၊စိတ်ကူးကြံစည်၍။ဓမ္မာရုံကိုအထူးသဖြင့်သိတတ်သော မနောဝိညာဏ်စိတ်သည်။ပိယရူပံ၊ တဏှာ၏ ချစ်အပ်သောသဘောရှိသောအာရုံတည်း။ သာတရူပံ၊ တဏှာ၏သာယာအပ်သောသဘောရှိသောအာရုံတည်း။ ဧတ္ထ၊ ဤဆိုအပ်ပြီးသော၊ချစ်အပ်သာယာအပ်သောသဘောရှိသော၊ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံတည်းဟူသောအာရုံတရား၌။ဧသာတဏှာ၊ဤမွတ်သိပ် ခင်မင် ငြိတွယ်တတ်သော တဏှာသည်။ ပဟီယမာနာ၊ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကို။မဂ်ဖြင့်မျက်မှောက်ပြုသောအားဖြင့်ရောက်၍။ အကြွင်းမရှိပယ်အပ်သည်ရှိသော်။ ပဟီယတိ၊ အကြွင်းမရှိ

ပျောက်ပျက်လေတော့၏။ ဧတ္ထ၊ ဤအာရုံတရားသည်။ နိရုဇ္ဈမာနာ၊ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိစေသည့်ရှိသော်။ နိရုဇ္ဈတိ၊ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိ။ အဓိပ္ပါယ်ကား။ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ်တို့သည်။ တဏှာ၊ ချစ်အပ်သာယာအပ်သောသဘောရှိသောအာရုံတို့တည်း။ ထိုအာရုံတို့၌ဖြစ်သောတဏှာသဘောသည်။ မဂ်၏အာရုံဖြစ်သော အသင်္ခတဓါတ်နိရောဓသစ္စာကို မျက်မှောက်ပြုသောအားဖြင့် ရောက်သောမဂ်သည်။ အကြွင်းမရှိ ပယ်လိုက်၏။ ထိုမဂ် ပယ်လိုက်သော သမုဒယသစ္စာ တဏှာသည်။ အကြွင်းမရှိ ဖြစ်မှုမရှိဘဲ ပျောက်ပျက်လေတော့၏။ ထိုသို့ပျောက်ပျက်သောအခါ၊ ၎င်းစက္ခုဝိညာဏ်စသော အာရုံတရားတို့၌ မထင်လေတော့ပြီ၊ အခါခပ်သိမ်း ဖြစ်မှုမရှိခြင်းသို့သာရောက်လေ၏။ ထိုသို့ရောက်ခြင်းသည် တခြားကြောင့်မဟုတ်၊ အသင်္ခတဓာတ် နိရောဓသစ္စာကြောင့်ပင်ဖြစ်၏ဟူလို။ဤကားအဓိပ္ပါယ်တည်း။ သောကေ၊ ၌၊ စက္ခုသမ္ဗဿော၊ စက္ခုပသာဒ၌မှီသော စက္ခုသမ္ဗဿသည်၊ ပိယရူပံ၊ တဏှာ၏ ချစ်အပ်သောသဘောရှိသောအာရုံတည်း၊ သာတရူပံ၊ တဏှာ၏ သာယာ အပ်သောသဘောရှိသောအာရုံတည်း။လောကေ၊ ၌၊ သောတသမ္ဗဿော၊ နားအကြည့်၌မှီသောသဒ္ဒါရုံကို အာရုံပြု၍ တွေ့ဆုံတတ်သောသဘော၊ သောတသမ္ဗဿသည်။ပိယရူပံ၊ တည်း။သာတရူပံ၊ တည်း။လောကေ၊ ၌၊ဃာနသမ္ဗဿော၊ နှာခေါင်းအကြည်ကိုမှီသော ဂန္ဓာရုံကို အာရုံပြု၍ တွေ့ဆုံတတ်သောသဘော ဃာနသမ္ဗဿသည်။ပိယရူပံ၊တည်း။သာတရူပံ၊တည်း။ လောကေ ၌။ဇိဝှါသမ္ဗဿော၊လျှာအကြည်၌မှီသော ရသာရုံကိုအာရုံပြု၍တွေ့ဆုံတတ်သောသဘော ဇိဝှါသမ္ဗဿသည်။ပိယရူပံ၊တည်း။သာတရူပံ၊တည်း။ လောကေ၊ ၌။ ကာယသမ္ဗဿော၊ ကာယအကြည်ကိုမှီသော။ ဖောဋ္ဌဗ္ဗာရုံကိုအာရုံပြု၍ တွေ့ဆုံတတ်သောသဘော ကာယသမ္ဗဿသည်။ ပိယရူပံ၊ တည်း။သာတရူပံ၊ တည်း။လောကေ၊၌။မနောသမ္ဗဿော၊ မနောဝိညာဏ်နှင့်ယှဉ်၍ဖြစ်သောအာရုံခြောက်ပါးတို့တွင်။တပါးပါးသောအာရုံကိုအာရုံပြု၍ တွေ့ဆုံတတ်သော မနောသမ္ဗဿသည်။ပိယရူပံ၊ တဏှာ၏ချစ်အပ်သောသဘောရှိသောအာရုံတည်း။သာတရူပံ၊တဏှာ၏သာယာအပ်သောသဘောရှိသောအာရုံတည်း။ဧတ္ထ၊ဤချစ်အပ် သာယာအပ်သောသဘောရှိသော၊စက္ခုသမ္ဗဿ၊သောတသမ္ဗဿ၊ဃာနသမ္ဗဿ၊ဇိဝှါသမ္ဗဿ၊ကာယသမ္ဗဿ၊မနောသမ္ဗဿတည်းဟူသောအာရုံတရား၌။သော၊တဏှာ၊ဤတဏှာသည်။ပဟီယမာနာ၊အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်

ကို။ မဂ်ဖြင့်မျက်မှောက်ပြုသောအားဖြင့်ရောက်၍။ အကြွင်းမရှိပယ်အပ်သည်ရှိ
သော်။ ပဟီယတိ၊ အကြွင်းမရှိပျောက်ပျက်လေတော့၏။ ဧတ္ထ၊ ဤအာရုံတ
ရားသည်။ နိရုဇ္ဈမာနာ၊ နောင်အဆက်ဆက်ဖြစ်မှုမရှိစေအပ်သည်ရှိသော်။
နိရုဇ္ဈတိ၊ နောင်အဆက်ဆက်ဖြစ်မှုမရှိ။ ဤကားမြန်မာပြန်တည်း။ အဓိပ္ပါယ်
ကား။ တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်သော။ ဥပါဒါနက္ခန္ဓာတည်းဟူသော
လောက၌။ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊
ကာယသမ္ဖဿ၊ မနောသမ္ဖဿတည်းဟူသော ဤတရားတို့သည်။ တဏှာ
၏ ချစ်အပ် သာယာအပ်သောသဘောရှိသောအာရုံတို့တည်း။ ထိုအာရုံတ
ရားတို့၌ဖြစ်ပေါ်လတ့်သောသမုဒယသစ္စာဖြစ်သောတဏှာကို မဂ်၏အာ
ရုံဖြစ်သော။ မဖြစ်မပျက်ဘဲအမြဲတည်ရှိသောအသင်္ခတဓါတ် နိရောဓသစ္စာ
နိဗ္ဗာန်တရားတော်ကို။ မဂ်ဖြင့်မျက်မှောက်ပြုသောအားဖြင့် ရောက်၍၊ အ
ကြွင်းမရှိပယ်လိုက်၏။ ထိုသို့အကြွင်းမရှိပယ်လိုက်ပြီးသောတဏှာသည်။
နောင်အဆက်ဆက်၊ ထိုစက္ခုသမ္ဖဿ သောတသမ္ဖဿ ဃာနသမ္ဖဿ၊
ဇိဝှါသမ္ဖဿ ကာယသမ္ဖဿ မနောသမ္ဖဿတည်းဟူသောအာရုံတရား
တို့၌။ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိကြလေပြီ၊ စင်စစ် ကင်းပျောက်ကြ
လေသည်သာတည်း။ ထိုသို့ကင်းပျောက်ခြင်းသည် စင်စစ် မဂ်၏အာရုံ
ဖြစ်သော အသင်္ခတဓါတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကြောင့်ပင်ဖြစ်
၏ဟူလို။ ဤကား အဓိပ္ပါယ်တည်း။ ။ လောကေ၊ ၌၊ စက္ခုသမ္ဖဿ
ဇာ၊ စက္ခုပသာဒ၌မှီသော ဖဿကြောင့်ဖြစ်သော။ ဝေဒနာ၊ ရူပါရုံကိုခံ
စားတတ်သောသဘော ဝေဒနာသည်။ ပိယရူပံ၊ ချစ်အပ်သော သဘော
ရှိသောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘော ရှိ သော
အာရုံတည်း။ လောကေ၊ ၌။ သောတသမ္ဖဿဇာ၊ သောတပသာဒ
ကိုမှီသော ဖဿကြောင့်ဖြစ်သော။ ဝေဒနာ၊ သဒ္ဒါရုံကို ခံစားတတ်
သောသဘောဝေဒနာသည်။ ပိယရူပံ၊ တည်း။ သာတရူပံ၊ တည်း။ လော
ကေ၊ ၌။ ဃာနသမ္ဖဿဇာ၊ ဃာနပသာဒကိုမှီသော။ ဖဿကြောင့်ဖြစ်သော
ဝေဒနာ။ ဂန္ဓာရုံအနံ့ကိုခံစားတတ်သောသဘောဝေဒနာသည်။ ပိယရူပံ၊
တည်း။ သာတရူပံ၊ တည်း။ လောကေ၊ ၌။ ဇိဝှါသမ္ဖဿဇာ၊ ဇိဝှါပသာဒကို
မှီသော။ ဖဿကြောင့်ဖြစ်သော ဝေဒနာ။ ရသာရုံကိုခံစားတတ်သောသ
ဘော ဝေဒနာသည်၊ ပိယရူပံ၊ တည်း။ သာတရူပံ၊ တည်း။ လောကေ၊ ၌၊
ကာယသမ္ဖဿဇာ၊ ကာယပသာဒကိုမှီသောကြောင့်ဖြစ်သော ဝေဒနာ။
ဖောဋ္ဌဗ္ဗာရုံကိုခံစားတတ်သော သဘောဝေဒနာသည်။ ပိယရူပံ၊ တည်း။
သာတရူပံ၊ တည်း။ လောကေ၊ ၌။ မနောသမ္ဖဿဇာ၊ မနောပသာဒနှင့်

ယှဉ်သော။ဗသကြောင့်ဖြစ်သောဝေဒနာ၊အာရုံခြောက်ပါးတို့တွင်။ တပါးပါးသောအာရုံကိုအာရုံပြု၍ခံစားတတ်သောသဘောဝေဒနာသည်။ပိယရူပံ၊ ချစ်အပ်သောသဘောရှိသောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသဘောရှိသောအာရုံတည်း။ ဧတ္ထ၊ ဤဆိုအပ်ပြီးသော ချစ်အပ်သာယာအပ်သောသဘောရှိသော အာရုံကိုခံစားတတ်သောသဘောဝေဒနာတရားတည်းဟူသောအာရုံ၌။သောတဗ္ဗာ၊ဤသမုဒယသစ္စာဖြစ်သော။ မှတ်သိပ်ခြင်မင်ငြိတွယ်တတ်သောတဏှာသည်။ပဟီယမာနာ၊မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ မဂ်ဖြင့်မျက်မှောက်ပြုသောအားဖြင့်ရောက်၍ အကြွင်းမရှိပယ်အပ်သည်ရှိသော်။ ပဟီယတိ၊ အကြွင်းမရှိပျောက်ပျက်လေတော့၏။ဧတ္ထ၊ဤအာရုံတရားသည်။နိရုဇ္ဈမာနာ၊နောင်အဆက်ဆက်ဖြစ်မှုမရှိစေအပ်သည်ရှိသော်။နိရုဇ္ဈတိ၊နောင်အဆက်ဆက်ဖြစ်မှုမရှိ။အဓိပ္ပါယ်မှာ ဈေးနည်းအတိုင်းသာတည်း။ ဝေဒနာအာရုံသာထူးတော့သည်။ လောကေ၊ ဥ။ရူပသညာ၊ရူပါရုံကိုမှတ်တတ်သောသဘောသညာသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသဘောရှိသောအာရုံတည်း။လောကေ၊ဥ။သဒ္ဒသညာ၊ သဒ္ဒါရုံကိုမှတ်တတ်သောသဘောသညာသည်။ပိယရူပံ၊ ချစ်အပ်သောသဘောရှိသောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသဘောရှိသောအာရုံတည်း။လောကေ၊ဥ။ဂန္ဓသညာ၊ ဂန္ဓာရုံကိုမှတ်တတ်သောသဘောသညာသည်။ ပိယရူပံ၊ တည်း။ သာတရူပံ၊ တည်း။ လောကေ၊ ဥ။ရသသညာ၊ရသာရုံကိုမှတ်တတ်သောသဘောသညာသည်၊ပိယရူပံ၊ တည်း။သာတရူပံ၊ တည်း။ လောကေ၊ ဥ။ဖောဋ္ဌဗ္ဗသညာ၊ဖောဋ္ဌဗ္ဗာရုံကိုမှတ်တတ်သောသဘောသညာသည်။ပိယရူပံ၊တည်း။သာတရူပံ၊တည်း။ လောကေ၊ဥ။ ဓမ္မသညာ၊ဓမ္မာရုံကိုမှတ်တတ်သောသဘောသညာသည်။ပိယရူပံ၊ချစ်အင်သောသဘောရှိသောအာရုံတည်း။သာတရူပံ သာယာအပ်သောသဘောရှိသောအာရုံတည်း။ဧတ္ထ၊ဤချစ်အပ်သာယါအပ်သေါသဘေါရှိသော သညာတည်းဟူသောအာရုံ၌။ သောတဗ္ဗာ၊ ဤ သမုဒယ သစ္စာတည်းဟူသော မှတ်သိပ်ခင်မင်ငြိတွယ်တတ်သောတဏှာသည်။ ပဟီယမာနာ၊ မဂ်၏အာရုံဖြစ်သော။ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်အာရုံကို မဂ်ဖြင့်မျက်မှောက်ပြုသောအားဖြင့်ရောက်၍။အကြွင်းမရှိ ပယ်အပ်သည်ရှိသော်၊ ပဟီယတိ၊ အကြွင်းမရှိ ပျောက်ပျက်လေတော့၏။ ဧတ္ထ၊ ဤအာရုံတရားသည်။ နိရုဇ္ဈမာနာ၊ နောင်အဆက်ဆက် ဖြစ်မှုမရှိစေအပ်သည်ရှိသော်၊ နိရုဇ္ဈတိ နောင်အဆက်ဆက်ဖြစ်မှုမရှိ၊အဓိပ္ပါယ်မှာဈေးနည်းအတူ

သာတည်း။ သညာအာရုံမျှသာထူးသည်။လောကော၊ ၌။ ရူပသဉ္စေတနာ၊
ရူပါရုံကိုအာရုံပြု၍။သမ္ပယုတ်တရားတို့ကို စေ့ဆော်တတ်သော စေတနာ
တရားသည်၊ပိယရူပံ၊ချစ်အပ်သောသဘောရှိသောအာရုံတည်း။သာတရူ
ပံ၊ သာယာအပ်သောသဘောရှိသောအာရုံတည်း။လောကော၊ ၌။သဒ္ဒသဉ္စေ
တနာ၊ သဒ္ဒါရုံကိုအာရုံပြု၍ သမ္ပယုတ်တရားတို့ကိုစေ့ဆော်တတ်သောသ
ဘောစေတနာတရားသည်။ပိယရူပံ၊တည်း။သာတရူပံတည်း။လောကော၊
၌။ဂန္ဓသဉ္စေတနာ၊ဂန္ဓာရုံကိုအာရုံပြု၍။ သမ္ပယုတ်တရားတို့ကို စေ့ဆော်
တတ်သောသဘောစေတနာ သည်။ပိယရူပံ၊ တည်း။သာတရူပံ၊ တည်း။
လောကော၊ ၌။ရသသဉ္စေတနာ၊ ရသာရုံကိုအာရုံပြု၍။ သမ္ပယုတ်တရားတို့
ကိုစေ့ဆော်တတ်သောသဘောစေတနာသည်။ပိယရူပံ၊တည်း။သာတရူ
ပံ၊တည်း။ လောကော၊ ၌။ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ ဖောဋ္ဌဗ္ဗာရုံကိုအာရုံပြု၍
သမ္ပယုတ်တရားတို့ကိုစေ့ဆော်တတ်သောသဘောစေတနာသည်။ပိယရူ
ပံ၊ တည်း။သာတရူပံ၊ တည်း။လောကော၊ ၌။ဓမ္မသဉ္စေတနာ၊ ဓမ္မာရုံကိုအာ
ရုံပြု၍။သမ္ပယုတ်တရားတို့ကိုစေ့ဆော်တတ်သောသဘောစေတနာသည်။
ပိယရူပံ၊ချစ်အပ်သောသဘောရှိသောအာရုံတည်း။သာတရူပံ၊ သာယာ
အပ်သောသဘောရှိသောအာရုံတည်း။ ဧတ္ထ၊ ဤဆိုအပ်ပြီးသော စေတနာ
အာရုံ၌။ ဧသာတဏှာ၊ ဤမှတ်သိပ်ခင်မင်ငြိတွယ်တတ်သောတဏှာသည်
ပဟီယမာနာ၊မဂ်၏အာရုံဖြစ်သောအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို
မဂ်ဖြင့်မျက်မှောက်ပြုသောအားဖြင့်ရောက်၍အကြွင်းမရှိပယ်အပ်သည်ရှိ
သော်။ပဟီယတိ၊ အကြွင်းမရှိပျောက်ပျက်လေတော့၏။ ဧတ္ထ၊ ဤအာရုံတ
ရား၌၊ နိရုဇ္ဈမာနာ၊ နောင်အဆက် ဆက် ဖြစ်မှုမရှိစေအပ်သည် ရှိသော်၊
နိရုဇ္ဈတိ၊ နောင်အဆက်ဆက်ဖြစ်မှုမရှိ။ အဓိပ္ပါယ်မှာ၊ ရှေးနည်းအတူသာ
လျှင်တည်း၊စေတနာအာရုံသာထူးတော့သည်။ လောကော၊၌။ရူပတဏှာ၊
အဆင်းရူပါရုံ၌ မှတ်သိပ်ခင်မင်ငြိတွယ်တတ်သောတဏှာသည်။ပိယရူပံ
ချစ်အပ်သောသဘောရှိသောအာရုံတည်း၊ သာတရူပံ၊ သာယာအပ်သော
သဘောရှိသောအာရုံတည်း၊ လောကော၊၌။သဒ္ဒတဏှာ၊အသံသဒ္ဒါရုံ၌ မှတ်
သိပ်ခင်မင်ငြိတွယ်တတ်သောတဏှာသည်။ပိယရူပံ၊တည်း။ သာတရူပံ၊
တည်း။ လောကော။ ၌။ ဂန္ဓတဏှာ၊အနံ့ဂန္ဓာရုံ၌။ မှတ်သိပ်ခင်မင်ငြိတွယ်
တတ်သောတဏှာသည်။ပိသရူပံ၊ တည်း။သာတရူပံ၊တည်း။လောကော၊၌
။ရသတဏှာ၊ အရသာတည်းဟူသော ရသာရုံ၌ မှတ်သိပ်ခင်မင် ငြိတွယ်
တတ်သောတဏှာသည်။ပိယရူပံ၊တည်း။သာတရူပံ၊တည်း၊ လောကော၊
၌၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဖောဋ္ဌဗ္ဗာရုံ၌ မှတ်သိပ်ခင်မင် ငြိတွယ်တတ်သောတ

ဗျာသည်။ပိယရူပံ၊ချစ်အပ်သောသဘောရှိသောအာရုံတည်း။သာတရူပံ၊
သာယာအပ်သောသဘောရှိသောအာရုံတည်း။လောကေ။၌။ဓမ္မတဏှာ၊
ဓမ္မာရုံတို့၌။ မှတ်သိပ်ခင်မင်ငြိတွယ်တတ်သောတဏှာသည်။ ပိယရူပံ၊
ချစ်အပ်သောသဘောရှိသောအာရုံတည်း။သာတရူပံ၊သာယာအပ်သော
သဘောရှိသောအာရုံတည်း။ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သောသဘော
ရှိသော တဏှာတည်းဟူသောအာရုံတရား၌။ ဧသာတဏှာ၊ ဤသမုဒယ
သစ္စာဖြစ်သော မှတ်သိပ်ခင်မင်ငြိတွယ်တတ်သောသဘောတဏှာကို။ ပ
ဟီယမာနာ၊မဂ်၏အာရုံဖြစ်သော အသခ်တဓာတ်နိရောဓသစ္စာနိဗ္ဗာန်တ
ရားတော်ကို မဂ်ဖြင့် မျက်မှောက်ပြုသောအားဖြင့် ရောက်၍။ အကြွင်းမရှိ
ပယ်အပ်သည့်ရှိသော်။ပဟီယတိ၊ အကြွင်းမရှိ ပျောက်ပျက်လေတော့၏။
ဧတ္ထ၊ ဤအာရုံတရား၌။ နိရုဇ္ဈမာနာ၊ နောင်အဆက် ဆက်ဖြစ်ပေါ်မှုမရှိ
စေသည့်ရှိသော်။နိရုဇ္ဈတိ၊နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိ။ ။ အဓိပ္ပါယ်
မှာ ရှေးနည်းအတိုင်းသာတည်း။တဏှာအာရုံမျှသာထူးတော့သည်။
သောတေ၊၌။ ရူပဝိတက္ကော၊ ရူပါရုံကိုကြံဆတတ်သောသဘောဝိတက်
သည်။ ပိယရူပံ၊ ချစ်အပ်သောသဘောရှိသောအာရုံတည်း။ သာတရူပံ၊
သာယာအပ်သောသဘောရှိသောအာရုံတည်း။လောကေ။၌။သဒ္ဒဝိတက္ကော
သဒ္ဒါရုံကိုကြံဆတတ်သောသဘောဝိတက်သည်။ ပိယရူပံ၊ ချစ်အပ်သော
သဘောရှိသောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိ
သောအာရုံတည်း။ ဂန္ဓဝိတက္ကော၊ ဂန္ဓာရုံကိုကြံဆတတ်သောသဘောဝိ
တက်သည်။ပိယရူပံ၊ချစ်အပ်သောသဘောရှိသောအာရုံတည်း။သာတရူ
ပံ၊သာယာအပ်သောသဘောရှိသောအာရုံတည်း။ လောကေ၊ ၌ ။ရသဝိ
တက္ကော၊ ရသာရုံကိုကြံဆတတ်သောသဘောဝိတက်သည်။ပိယရူပံ၊ချစ်
အပ်သောသဘောရှိသောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသ
ဘောရှိသောအာရုံတည်း။လောကေ၊၌။ဖောဋ္ဌဗ္ဗဝိတက္ကော၊ဖောဋ္ဌဗ္ဗာရုံကို
ကြံဆတတ်သောသဘောဝိတက်သည်။ပိယရူပံ၊ ချစ်အပ်သောသဘော
ရှိသောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသဘောရှိသောအာရုံ
တည်း။လောကေ၊ ၌။ဓမ္မဝိတက္ကော၊ဓမ္မာရုံကိုကြံဆတတ်သော သဘောဝိ
တက်သည်။ ပိယရူပံ၊ ချစ်အပ်သောသဘောရှိသော အာရုံတည်း။သာတ
ရူပံ၊ သာယာအပ်သောသဘောရှိသောအာရုံတည်း။ ဧတ္ထ၊ ဤဆိုအပ်ပြီး
သော။ဝိတက်တည်းဟူသောအာရုံတရား၌။ ဧသာတဏှာ၊ ဤသမုဒယ
သစ္စာတည်းဟူသော မှတ်သိပ်ခင်မင်ငြိတွယ်တတ်သောတဏှာကို။ ပဟီ
ယမာနာ၊ မဂ်၏အာရုံဖြစ်သော။အသခ်တဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရား

တော်ကို မဂ်ဖြင့်မျက်မှောက်ပြုသောအားဖြင့်ရောက်၍၊ အကြွင်းမရှိ ပယ်အပ်သည်ရှိသော်၊ပဟီယတိ အကြွင်းမရှိပျောက်ပျက်လေတော့၏။ ဧတ္ထ၊ ဤအာရုံတရား၌။ နိရုဇ္ဈမာနာ၊ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိစေအပ်သည်ရှိသော်။ နိရုဇ္ဈတိ၊ နောင် အဆက်ဆက် ဖြစ်ပေါ်မှုမရှိ။

လောကေ၊ တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌။ ရူပဝိစာရော၊ ရူပါရုံ၌ သမ္ပယုတ္တရားတို့ကိုသုံးသပ်စေတတ်သောသဘောဝိစာရသည်။ပိယရူပံ၊ချစ်အပ်သော၊သဘောရှိသောအာရုံတည်း။သာတရူပံ၊သါယါအပ်သေါသဘောရှိသေါအါရုံတည်း။လောကေ၊၌။ သဒ္ဒဝိစာရော၊ သဒ္ဒါရုံ၌။ သမ္ပယုတ်တရားတို့ကိုသုံးသပ်စေတတ်သောသဘောဝိစာရသည်၊ပိယရူပံ၊ချစ်အပ်သောသဘောရှိသောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသဘောရှိသောအာရုံတည်း။လောကေ၊၌။ ဂန္ဓဝိစာရော၊ ဂန္ဓာရုံ၌ သမ္ပယုတ်တရားတို့ကို သုံးသပ်စေတတ်သောသဘောဝိစာရသည်။ ပိယရူပံ၊ ချစ်အပ်သောသဘောရှိသောအာရုံတည်း။ သာတရူပံ၊သာယာအပ်သောသဘောရှိသောအါရုံတည်း။လောကေ၊လောက၌၊ ရသဝိစာရော၊ ရသာရုံ၌ သမ္ပယုတ်တရားတို့ကို သုံးသပ်စေတတ်သောသဘောဝိစာရသည်။ ပိယရူပံ၊ ချစ်အပ်သောသဘောရှိသော အာရုံတည်း။ သာတရူပံ၊သာယာအပ်သောသဘောရှိသောအာရုံတည်း။ လောကေ၊၌။ဖေါဋ္ဌဗ္ဗဝိစာရော၊ ဖောဋ္ဌဗ္ဗာရုံ၌ သမ္ပယုတ်တရားတို့ကိုသုံးသပ်စေတတ်သောသဘောဝိစာရသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသဘောရှိသောအာရုံတည်း။ လောကေ၊၌။ဓမ္မဝိစာရော၊ဓမ္မာရုံ၌သမ္ပယုတ်တရားတို့ကိုသုံးသပ်စေတတ်သောသဘောဝိစာရသည်။ ပိယရူပံ၊ ချစ်အပ်သောသဘောရှိသောအာရုံတည်း။သာတရူပံ၊သာယာအပ်သောသဘောရှိသောအာရုံတည်း။ဧတ္ထ၊ဤဆိုအပ်ပြီးသော ဝိစာရတည်းဟူသောအာရုံ၌။သောတဏှာ။ ဤ သမုဒယသစ္စာဖြစ်သော မွတ်သိပ်ခြင်းငြိတွယ်တတ်သောတဏှာကို၊ပဟီယမာနာ၊ မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မဂ်ဖြင့်မျက်မှောက်ပြုသောအားဖြင့်ရောက်၍။ အကြွင်းမရှိ ပယ်အပ်သည်ရှိသော်ပဟီယတိ၊အကြွင်းမရှိ ပျောက်ပျက်ကြလေတော့၏။ ဧတ္ထ၊ ဤအာရုံတရား၌။နိရုဇ္ဈမာနာ၊နောင်အဆက်ဆက်ဖြစ်မှုမရှိစေအပ်သည်ရှိသော်။နိရုဇ္ဈတိ၊နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိ။ ။အဓိပ္ပါယ်ကား။ တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်သော လောက၌။ ရူပဝိစာရ၊ သဒ္ဒဝိစာရ၊ ဂန္ဓဝိစာရ၊ ရသဝိစာရ၊ ဖေါဋ္ဌဗ္ဗဝိစာရ၊ ဓမ္မဝိစာရ၊ တရားတို့သည်။ ချစ်အပ်သာယာအပ်သောသ

ဘောရှိသော အာရုံတရားတို့ဖြစ်ကုန်၏။ ထိုချစ်အပ်သာယာအပ်သော ပိ စာရတည်းဟူသော အာရုံတရား၌။ဖြစ်ပေါ်လတ့်သော၊သမုဒယသစ္စာတ ဏှာကို။ မဂ်၏အာရုံဖြစ်သော မဖြစ် မပျက်ဘဲ အမြဲတည်ရှိနေသော အ သင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို၊မဂ်ဖြင့် မျက်မှောက်ပြုသောအားဖြင့် ခေ့ာက်၍။ အကြွင်းမရှိပယ်လိုက်၏။ထိုမဂ်ပယ်လိုက်ပြီးသောတဏှာသည် နောင်အဆက်ဆက် ပိစာရဟူသမျှသော အာရုံတရားတို့၌၊ ဖြစ်ပေါ်မှုမရှိ လေပြီ။ စင်စစ် ကင်းပျောက်ကြလေသည်သာတည်း၊ထိုသို့ ကင်းပျောက် ခြင်းသည်၊ မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်တရားတော်ကြောင့်ပင်ဖြစ်၏ဟူလို၊ ဤကားအဓိပ္ပါယ်တည်း။

ဤသို့ ဘုရားရှင် ဟော တော်မူအပ်သော ပါဠိတော် စကားရပ်တို့ကို ထောက်၍။ အသင်္ခတဓာတ် နိရောဓသစ္စာကြောင့်။ ကင်းလေပြီးသောကိ လေသာတို့၏။ပြဆိုအပ်ပြီးသော၊စက္ခုအစ ပိစာရအဆုံးရှိသော အာရုံတ ရားတို့၌။ ဖြစ်မှုမရှိမှုသည်၊ အလွန်ထင်ရှားလေသည်၏အဖြစ်ကို။ပညာရှင် တို့သိကြလေ။ ဤပြဆိုအပ်ပြီးသောစက္ခုအစ၊ပိစာရအဆုံးရှိသောတရား တို့၌၊ ဖြစ်မှုမရှိခြင်းကို ဟောခြင်းသည်ကား။ ပဓာနနည်းဖြင့်သာ ဟော တော်မူအပ်သည်၊ အလုံးစုံသော ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့၌ပင် ၎င်းအကြွင်းမရှိပယ်အပ်ပြီးသော သမုဒယ သစ္စာတဏှာ၏ အခါ ခပ် သိမ်း ဖြစ်မှုမရှိသည်၏ အဖြစ်ကို ထင်ရှားသိ ကြလေ။

{မေး} မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ ဟူသောအ ကြောင်းကြောင့်။ပယ်အပ်ပြီးသော၊သမုဒယသစ္စာတည်းဟူသောတဏှာ ၏ အဆက်ဆက်ဖြစ်မှုမရှိရာဌာနကို ဘုရားဟောပါဠိတော်ကို ထောက်၍ သိအပ်ပါပြီ။ ။ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အကြောင်းပြု၍ မဂ်ပယ်အပ်ပြီးသော ကိလေသာ တဏှာ၏ ၎င်းစက္ခုစသော ဝတ္ထုတို့၌။ နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်းကို။ အဋ္ဌကထာရှင်တို့ ဘယ်လိုဥပမာပြု၍ ပြအပ်ပါသနည်း။ထိုဥပမာဥပမေယျတို့ကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဍာဒါနိမဂ္ဂေနဆိန္နာယ၊နိဗ္ဗာနံအာဂမ္မ၊အပ္ပဝတ္တိပတ္တာယ ပိစတ ဏှာယ၊ ယေသုဝတ္ထူသု၊ တဿာဥပ္ပတ္တိ၊ ဧသိတာ၊ တတ္ထေဝအဘာဝံ ဧသေတုံ၊ သာခေါပနေသာတိအာဒိမာဟာတတ္ထယထာပုရိသော၊ ခေတ္တ ဇာတံ၊တိတ္တအလာဗုဝလ္လိံ ဒိသွာ၊အဂ္ဂတောပဋ္ဌာယ၊ မူလံပရိယေသိတွာ၊ ဆိန္ဒေယျ၊သာအနုပုဗ္ဗေန၊မိလာယိတွာ၊ အပ္ပဝတ္တိံ ဂစ္ဆေယျ၊ တတောတ သ္မိံ ခေ တ္တေ တိ တ္တ အ လာ ဗုနိဗ္ဗတ္တါပဟီနာတိဝုစ္စေယျ၊ ဧဝမေဝခေတ္တေ၊

တိဋ္ဌအလာဗုပိယ၊စက္ခုဒြိသုတဏှာ၊သာအရိယမဂ္ဂေနမူလဋ္ဌိ နှာ၊နိဗ္ဗာနံအာဂမ္မအပ၀တ္တိ၊ဂစ္ဆေယျ၊ ဖေံဂတာပန၊တေသု၀ဋ္ဋုသု၊ခေတ္တေတိဋ္ဌအလာဗုပိယ၊ နပညာယတိ၊ ယထာစအင်္ဂုပိတော၊ စောရေအာနေတွာ၊ နဂရေသဒက္ခိဏာဒွာရေ၊ဃာတေယျုံ တတောအင်္ဂုပိယံ၊ စောရမတာတိဝါ၊ မာရိတာတိဝါဝုစ္စေယျုံ၊ ဧဝမေဝ၊ အတ္တပိယံစောရပိယ၊ယာစက္ခာဒိသုတဏှာ၊ သာဒ္ဒက္ခိဏာဒွာရေ၊ စောရပိယ။ နိဗ္ဗာနံအာဂမ္မ၊ နိရုဒ္ဓတ္တာ၊ နိဗ္ဗာနေနိရုဒ္ဓာ ဖေံနိရုဒ္ဓာပန၊ တေသု၀ဋ္ဋုသု၊ အတ္တပိယံစောရပိယ၊ နပညာယတိ၊ တေနသာတ ဖွေ၀နိရုဒ္ဓံ၊ ဒသေသနွော၊ စက္ခုလောကေ၊ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာတဏှာ ပဟီယမာနာပဟီယတိ၊ နိရုဇ္ဈမာနာ နိရုဇ္ဈတိတိအာဒိမာဟ ဟူ၍၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ။သစ္စဝိဘင်းအဖွင့်။နိရောဓသစ္စာအခန်း၌ ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်း ဏှာဒါနိမဂ္ဂေနဆိန္နာယ၊ နိဗ္ဗာနံ၊ အာဂမ္မ၊ အပ္ပဝတ္တိပတ္တာယပိစ၊ တဏှာယ၊ ယေသု၀ဋ္ဋုသု၊တသာဥပ္ပတ္တိဒဿိတာ၊တဗ္ဗေ၀အဘာ၀ံဒဿေတုံ၊သာခေါပနေသာတိအာဒိမာဟ၊ တဋ္ဌယထာပုရိသော၊ ခေတ္တေ၊ ဇာတံတိဋ္ဌအလာဗု၀ဏ္ဋံ ဒိသွာ၊ အဂ္ဂတော ပဋ္ဌာယ၊ မူလံပရိယေသိတွာ၊ ဆိန္ဒေယျ၊ သာအနုပုဗ္ဗေနမိလာယိတွာ၊အပညတ္တိံ ဂစ္ဆေယျ၊တတောတသ္မိံခေတ္တေတိဋ္ဌအလာဗုနိရုဒ္ဓာပဟီနာတိဝုစ္စေယျ။ ဧဝမေဝ။ခေတ္တေတိဋ္ဌအလာဗုပိယ၊ စက္ခာဒိသုတဏှာ၊ သာအရိယမဂ္ဂေန၊ မူလဆိန္နာ၊ နိဗ္ဗာနံအာဂမ္မ အပ၀တ္တိံ ဂစ္ဆတိ၊ ဖေံဂတာပန၊ တေသု၀ဋ္ဋုသုခေတ္တေတိဋ္ဌအလာဗုပိယ၊ နပညာယတိ၊ ယထာစအင်္ဂုပိတော၊ စောရေ၊ အာနေတွာနဂရဿ ဒက္ခိဏာဒွာရေ၊ ဃာတေယျုံ၊ တတော၊အင်္ဂုပိယံ၊စော်ရာမတာတိဝါ၊မာရိတာတိဝါ၊ ဝုစ္စေယျုံ၊ဖေံအင်္ဂုပိယံစောရာပိယ၊စက္ခာဒိသုတဏှာ၊သာ၊ဒက္ခိဏာဒွာရေ၊ စောရပိယ၊ နိဗ္ဗာနံအာဂမ္မ၊နိရုဒ္ဓတ္တာ၊နိရုဗ္ဗာနေ နိရုဒ္ဓာ၊ဖေံနိရုဒ္ဓာပနေတေသု၀ဋ္ဋုသု၊ အင်္ဂုပိယံစောရာပိယ၊ နပညာယတိ၊တေနသာ တဖွေ၀နိရောဓံ၊ ဒသာနွော။ စက္ခုလောကေ။ ပိယရူပံ သာတရူပံ ဧတ္ထေသာတဏှာ။ပဟီယမာနာ။ ပဟီယတိ၊ ဧတ္ထနိရုဇ္ဈမာနာ နိရုဇ္ဈတိတိအာဒိမာဟ။ ဟူ၍သုတ်မဟာဝါ အဋ္ဌကထာ၊ သတိပဋ္ဌာနသုတ်သစ္စနိဒ္ဒေသ နိရောဓသစ္စာအဖွင့်၌ပြဆိုအပ်သည်ကိုထော က်၍လည်းကောင်း၊ဏှာဒါနိ။မဂ္ဂေန။ဆိန္နာယ။လ။ လ။ ဧတ္ထေသာတဏှာပဟီယမာနာ ပဟီယတိတိအာဒိမာဟ၊ဟူ၍သမ္မောဟဝိနောဒနီအဋ္ဌကထာနည်းဘူ ဖွင့်ဆိုအပ်သော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဠိ၌လာရှိသည်ကိုထောက်၍လည်းကောင်း သိအပ်ပါသည်။

အနက်သိကြောင်းမြန်မာပြန်ကား။ ဏှာဒါနိ။ ယခုအခါ၌။ မဂ္ဂေန။ မဂ်ဖြင့်

ဆိန္နွာယ။အကြွင်းမရှိဖြတ်အပ်ပြီးသော။ တဏှာယစ။ သမုဒယသစ္စာဖြစ်
သောတဏှာ၏လည်းကောင်း။ နိဗ္ဗာနံ။ မဂ်၏ အာရုံဖြစ်သော အသင်္ခတ
ဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းခံအစွဲပြု၍။ အပဝတ္တိ
ပဏ္ဏာယ၊ နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်းသို့ရောက်သော။တဏှာယပိစ
သမုဒယသစ္စာဖြစ်သော တဏှာ၏လည်းကောင်း။ (အဘာဝံမှာစပ်)
ယေသုဝတ္ထုသု၊အကြင်စက္ခုစသောအာရုံတို့၌။ တဿာတဏှာယ၊ထိုသ
မုဒယသစ္စာဖြစ်သောတဏှာ၏။ ဥပ္ပတ္တိ။ဖြစ်ခြင်းကို။ ဒဿိတာ၊ပြအပ်၏။
တဗ္ဗေဝ။ ထိုစက္ခုစသော အာရုံ၌သာလျှင်။ အဘာဝံ။ ဖြစ်မှုမရှိခြင်းကို။
ဒဿေတုံ။ပြခြင်းငှာ။သာခေါပနေသာတိ။အာဒိ။သာခေါပနေသာ၊ဤသို့
အစရှိသောစကားတော်ကို။ အာဟ၊ ဟောတော်မူပြီ၊ တတ္ထဝစနေ၊ ထိုစ
ကား၌။ဥပမာ၊ ဥပမာကို။ မဟာဋီကာ၌ဆရာသည်။ ဝုတ္တာ၊ ဆိုဦးအံ့။
ပုရိသော၊ ယောကျ်ားသည်။ ခေတ္တေ၊ လယ်ယာ၌။ ဇာတံ၊ ပေါက်သော။
တိတ္တအလာဗုဝလ္လိ၊ခါးသောဘူးနွယ်ကို။ဒိသွာ၊မြင်၍။အဂ္ဂတော၊အဖျား
မှ။ ပဋ္ဌာယ၊စ၍။ မူလံ အမြစ်ကို။ ပရိယေသိတွာ၊ ရှာမှီး၍။ ဆိန္ဒေယျ၊ ဖြတ်
ရာ၏။ သာ၊ထိုဘူးခါးနွယ်သည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ မိလာယိတွာ၊
ညှိုး၍။ အပညတ္တိ၊ သိစေတတ်သော အမည်နာမပညတ်စရာမရှိခြင်းသို့။
ဂစ္ဆေယျ၊ ရောက်လေရာ၏။ တတော၊ ထိုနောက်မှ။ တသ္မိံခေတ္တေ၊ ထို
လယ်ယာမြေအခင်း၌။ တိတ္တအလာဗု၊ခါးသောဘူးနွယ်ကို။ နိရုဒ္ဓာ၊ ဖြစ်မှု
မရှိစေအပ်ပြီ၊ ပဟီနာ။ပယ်အပ်ပြီ။ ဣတိ။ဤသို့။ဝုစ္စေယျ၊ယထာ။ဆိုအပ်ရာ
သကဲ့သို့။ ဧဝမေဝ။ ဤအတူသာလျှင်။ ခေတ္တေ။ လယ်ယာမြေ၌။ တိတ္တအ
လာဗုဝိယ။ ဘူးခါးနွယ်ကဲ့သို့၊ စက္ခုဒိသု၊ စက္ခုအစရှိသည်တို့၌။ ယာတ
ဏှာ။အကြင်တဏှာသည်။ ဥပ္ပဇ္ဇတိ။ဖြစ်၏။ သာတဏှာ။ထိုတဏှာသည်။
အရိယမဂ္ဂေန။အရိယာမဂ်ဖြင့်။နိဗ္ဗာနံ။မဂ်၏အာရုံဖြစ်သော အသင်္ခတဓါတ်
နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ မျက်မှောက် ပြုသောအားဖြင့် ရောက်၍။
မူလဆိန္နာ၊အမြစ်ကိုဖြတ်အပ်သည်ရှိသော်။ အပဝတ္တိ၊ နောင်တဖန်ဖြစ်မှု
မရှိခြင်းသို့။ဂစ္ဆေယျ၊ရောက်ရာ၏။ဧဝံဂတာပန၊ဤသို့နောင်အဆက်ဆက်
ဖြစ်မှုမရှိခြင်းသို့ရောက်သောတဏှာသည်ကား။တေသုဝတ္ထုသု။ထိုစက္ခု
စသောအာရုံတို့၌။ ခေတ္တေ။ လယ်ယာမြေ၌၊ တိတ္တအလာဗု၊ ဘူးခါးနွယ်
သည်။ နပညာယတိသဘာ၊ မထင်သကဲ့သို့။ နပညာယတိ၊မထင်။စ။ ဥပ
မာတနည်းကိုဆိုဦးအံ့။အဋဝိတော၊တောအုပ်မှ။စောရေ၊ခိုးသူတို့ကို။ အာ
နေတွာ၊ဆောင်ယူခဲ့၍၊ နဂရဿ၊မြို့၏။ဒက္ခိဏဒွါရေ၊တောင်တံခါး၌။ဃာ
တေယျုံ၊ သတ်ကုန်ရာ၏။ တတော၊ထိုသတ်ပြီးသည်နောက်မှ။အဋဝိယံ

တောအခုင်၌။စောရေးခိုးသူတို့သည်။မတာ၊သေကုန်ပြီ။ဇာတိဝါ၊ဤသို့လည်းကောင်း။ စောရေးခိုးသူတို့ကို။ မာရိတာ၊သတ်အပ်ကုန်ပြီ။ ဇာတိဝါ၊ဤသို့လည်း။ကောင်း။ဂုဓွေယျယထာ၊ဆိုအပ်ကုန်ရာသကဲ့သို့။ဧဝမေဝ၊ ဤဆိုအပ်သည်နှင့်အတူသာလျှင်။ အဋ္ဋဝိယံ၊တောအခုပ်၌။စောရေးခိုးသူတို့သည်။ နိဗ္ဗတ္တာဝိယ၊ဖြစ်ကုန်သကဲ့သို့။ ယာတကျော၊ အကြွင်းသမုဒယသစ္စာဖြစ်သောတကျောသည်။စက္ခုဒိသု စက္ခုအစရှိသောအာရုံတို့၌။နိဗ္ဗတ္တာ၊ဖြစ်၏။ သါဝကျော၊ထိုသမုဒယသစ္စာဖြစ်သောတကျောသည်၊ဒက္ခိဏ ဒွါရေ၊တောင်တံခါး၌။ စောရေးခိုးသူတို့သည်။ မတာဝိယ၊ သေကုန်သကဲ့သို့။နိဗ္ဗာနံ၊မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။အာဂမ္မ၊မဂ်ဖြင့်မျက်မှောက်ပြုသောအားဖြင့်ရောက်၍။နိရုဒ္ဓာ၊နောင်အဆက်ဆက်ဖြစ်မှုမရှိသည်၏အဖြစ်ကြောင့်။ နိဗ္ဗာနေ၊ မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကြောင့်။နိရုဒ္ဓာ၊နောင်အဆက်ဆက်ဖြစ်မှုမရှိလေပြီ။ဧဝံ ဤသို့။ နိရုဒ္ဓာပန၊ နောင်အဆက်ဆက်ဖြစ်မှုမရှိသော သမုဒယသစ္စာတကျောသည်ကား။ တေသု ဝတ္ထုသု၊ ထိုထိုစက္ခုအစရှိသော အာရုံတရားတို့၌။အဋ္ဋဝိယံ၊တောအခုင်၌။စောရေးခိုးသူတို့သည်။နပညာယန္တိဝိယ၊မထင်ကုန်သကဲ့သို့၊ နပညာယတိ၊ မထင်။ တေန၊ ထိုသို့မထင်ခြင်းကြောင့်။အသာတကျောပါ ထိုသမုဒယသစ္စာဖြစ်သောတကျော၏။တတ္ထေဝ။ထိုစက္ခုစသောအာရုံတရားတို့၌သာလျှင်။ နိရောဓံ။ နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်းကို။ ဒဿေန္တော။ပြတော်မူလိုသောဘုရားရှင်သည်။စက္ခုလောကေ။ ပိယရူပံသာတရူပံ။ ဧတ္ထေသာတကျော။ ပဟီယမာနာ၊ ပဟီယတိ၊ဧတ္ထနိရုဇ္ဈမာနာ၊ နိရုဇ္ဈတီတိအာဒိ စက္ခုလောကေ။လ။နိရုဇ္ဈတိ။ ဤသို့အစရှိသောစကားတော်ကို။ အာဟ၊ ဟောတော်မူလေပြီ။ ဤကား သမ္မောဟဝိနောဒနီ အဋ္ဌကထာပါဠိ၏ မြန်မာပြန်တည်း။ သုတ်မဟာဝါအဋ္ဌကထာပါဠိ၏မြန်မာပြန်။ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာပါဠိ၏မြန်မာပြန်တို့ကိုလည်း။ သမ္မောဟဝိနောဒနီအဋ္ဌကထာ။ပါဠိ၏မြန်မာပြန်ကဲ့သို့၍သိနိုင်ကြသည်သာတည်း။

အဓိပ္ပါယ်ကား။ အကြွင်းသမုဒယသစ္စာဖြစ်သောတကျောသည်။ စက္ခုစသောအာရုံတရားတို့၌။အာရုံပြုသောအားဖြင့်ဖြစ်နေ၏။ထိုစက္ခုစသောအာရုံတရားတို့၌။ အာရုံပြုသောအားဖြင့်ဖြစ်နေ၏။ ထိုစက္ခုစသော အာရုံတရားတို့၌ဖြစ်သောတကျောကို။ မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ တရားကို။ အရိယာ လောကုတ္တရာမဂ်ဖြင့်။ မျက်မှောက်ပြုပြီးလျှင်။အကြွင်းမရှိပယ်လိုက်၏။ ထိုပယ်လိုက်ပြီးသောတကျောသည်။ ထိုစက္ခုစသောအာရုံတရားတို့၌ နောင်အဆက်ဆက်ဖြစ်မှုမရှိလေပြီ။ ထိုသို့

စက္ခုစသောအာရုံတရားတို့၌။ဖြစ်မှုမရှိခြင်းကိုပြတော်မူလို၍။စက္ခုံလောကေ၊ပိယရူပံ သာတရူပံ၊ ဧတ္ထေသာတဏှာ၊ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထနိရုဇ္ဈမာနာ နိရုဇ္ဈတိ၊ စသောဒေသနာတော်ကိုဟောတော်မူအပ်လေသည်။ ထိုအံကြောင်းကို ဥပမာပြတော်မူလိုသော အဋ္ဌကထာရှင်တို့သည်။ လယ်ယာတို့၌ပေါက်ရောက်နေသောဘူးခါးနွယ်ကို အလိုမရှိ၍ အမြစ်ကိုရှာပြီးလျှင်။အမြစ်ကိုဖြတ်လိုက်သော်၊ ၎င်းဘူးခါးနွယ်သည် ညှိုး၍ သေခြင်းသို့ရောက်လေ၏။နောင်တဘန်ဘူးခါးနွယ်ဟူ၍ခေါ်ဝေါ်ပညတ်စရာမရှိပြီ။ ဤဥပမာအတူ။ အကြင် သမုဒယသစ္စာဖြစ်သော တဏှာသည်။ စက္ခုစသောအာရုံတရားတို့၌ အာရုံပြုသောအားဖြင့်ဖြစ်နေ၏။ ထိုသမုဒယသစ္စာတဏှာကို။ မဂ်၏အာရုံဖြစ်သော၊ မဖြစ်မပျက်သောသဘော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ မဂ်လေးတန်ဖြင့် မျက်မှောက်ပြုသောအားဖြင့်ရောက်၍။ အမြစ်နှင့်တူသော အနုသယနှင့်တကွ။ ၎င်းတဏှာကိုအကြွင်းမရှိပယ်အပ်သည်ရှိသော်။၎င်းတဏှာသည်။နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိဘဲ ပျောက်ပျက်လေတော့၏။ နောင်တဘန် ထိုထိုစက္ခုစသောအာရုံဟူသမျှတို့၌။ ဖြစ်ပေါ်မှုမထင်လေတော့ပြီ။ တနည်းဥပမာ။ အရပ်လေးမျက်နှာ၌ရှိသော တောအုပ်တို့၌။ ခိုးသူတို့သည် ထကြွသောင်း ကြမ်းနေ၏။ ထိုခိုးသူတို့ကိုဘမ်းဆီး၍ဆောင်ယူလာပြီးလျှင်။မြို့၏တောင်တံခါး၌။ အကြွင်းအကျန်မရှိအောင် အကုန်လုံးကိုသတ်လိုက်လေ၏။ ထိုသို့ ခိုးသူတို့ကို တောင်တံခါး၌သတ်လိုက်လျှင်။၎င်းသေလေပြီးသောခိုးသူတို့သည်။ ထိုအရပ်လေးမျက်နှာ တောအုပ်တို့၌ မထင်လေပြီ။ ဤဥပမာအတူ၊ အရပ်လေးမျက်နှာနှင့်တူသော စက္ခုစသော အလုံးစုံသော အာရုံတရားတို့၌။ ထကြွဖြစ်နေသော သမုဒယသစ္စာတည်းဟူသော တဏှာခိုးသူကို။ မြို့၏တောင်တံခါးနှင့်တူသော မဖြစ်မပျက် အမြဲတည်ရှိသော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့်ရောက်သောမဂ်သည်။ ထိုနိဗ္ဗာန်ကိုအကြောင်းခံ၍။ ခိုးသူနှင့်တူသော သမုဒယသစ္စာတဏှာတို့ကို။အကြွင်းမရှိ သတ်သောအားဖြင့်ပယ်လိုက်၏။ ထိုနိရောဓသစ္စာနိဗ္ဗာန်ကိုအကြောင်းခံ၍ သတ်အပ် ပယ်အပ်ပြီးသောသမုဒယသစ္စာတဏှာသည်။ နောင်အဆက်ဆက်ဖြစ်မှုမရှိလေပြီ။ ပျောက်ပျက်ကြလေ၏။ ထိုပျောက်ပျက်မှု နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်းသည်။အရပ်လေးမျက်နှာ၌ ခိုးသူမထင်သကဲ့သို့။ ထိုထိုသို့သောတဏှာ၏ ကျက်စားရာဖြစ်သော။စက္ခုအစရှိသော။ အလုံးစုံသော ဥပါဒါနက္ခန္ဓာတည်းဟူသော အာရုံတရားတို့၌၊ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိသောအားဖြင့် မထင်သေတော့ပြီ။ထိုသို့

မထင်မှုကို ပြလိုတော်မူသော ကြောင့်သာ ဘုရားရှင်သည်၊ စက္ခုလော ကေ၊ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာတဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထနိရုဇ္ဈမာနာ နိရုဇ္ဈတိ စသော ဒေသနာတော်ကို ဟောတော်မူအပ်လေ သည်ဟူလို။ ဤကား။ အဋ္ဌကထာရှင်တို့ ပြဆိုအပ်သော ဥပမာ ဥပမေယျတို့ တည်း။

(မေး) ၎င်း သမုဒယသစ္စာတည်းဟူ သော တဏှာကို အကြွင်းမရှိ ပယ် ခြင်း၏အကြောင်းခံဖြစ်သော မဂ်ဖိုလ်၏အာရုံဖြစ် သော အသင်္ခတဓာတ် နိ ရောဓသစ္စာနိဗ္ဗာန်တရားတော်သည်။ တပါးတည်းလော သို့မဟုတ် အများ ဘဲရှိပါသလော၊ဘယ်လိုသိအပ်ပါမည်နည်း။

(ဖြေ) ၎င်းသမုဒယသစ္စာတည်းဟူသော တဏှာကို အကြွင်းမရှိ ပယ် ခြင်း၏ အကြောင်းခံဖြစ်သော မဂ်ဖိုလ်၏အာရုံဖြစ် သော၊အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားတော်သည်။ တပါးတည်းသာရှိပါသည်ဟု သိ အပ်သည်။

(မေး) ထိုသို့မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန် သည် တပါးတည်းသာရှိသည်ဟုဆိုတော်မူ၏။ ထိုနိဗ္ဗာန်၏ တပါးတည်း သာရှိသည်၏အဖြစ်ကို။ အဋ္ဌကထာရှင်တို့ မိန့်ဆိုတော်မူအပ်ပါ၏လော၊ မိန့် ဆိုအပ်သည်၏အဖြစ်ကိုဘယ်လိုသိအပ်ပါမည်နည်း။

(ဖြေ) ဧကမေဝဟိနိဗ္ဗာနံ၊နာမာနိပနဿ၊သဗ္ဗသင်္ခတာနံ၊နာမပဋိပက္ခဝ သေန၊အနေကာနိ နိဗ္ဗာန ဝေ ဝစနာနေဝဟောန္တိ၊သေယျထိတံ၊အသေသ ဝိရာဂနိရောဓောစါဂေါပဋိနိဿဂ္ဂေါ၊မုတ္တိအနာလယော၊ရာဂက္ခယော။ ဒေါသက္ခယော၊ မောဟက္ခယော၊ တဏှာက္ခယော၊ အနုပ္ပါဒေါ၊အပဝတ္တံ၊အနိမိတ္တံ၊ အပ္ပဏိဟိတံ၊ အနာယူဟနံ၊ အပဋိသန္ဓိ၊ အနုပ ပတ္တိ အဂတိ၊ အဇာတံ၊အဇရံ၊အဗျာဓိ၊အမတံ၊ အသောကံ၊ အပရိဒေဝံ၊ အနုပါယာသံ၊ အသံကိလိဋ္ဌံ န္တိ၊အာဒိနိ၊ ဟူ၍ပြဆိုအပ်သော သမ္မောဟဝိ နောဒနီ အဋ္ဌကထာသစ္စဝိဘင်း၊နိရောဓသစ္စာအဘွင့်၌လာရှိသည်ကိုထောက် ၍လည်းကောင်း၊ ၊ဧကမေဝဟိနိဗ္ဗာနံ၊ နာမာနိပနဿ သဗ္ဗ သင်္ခတာနံ နာမပဋိပက္ခဝသေန၊အနေကာနိဟောန္တိ၊ သေယျထိဒံ၊အသေသဝိရာဂေါ၊ အသေသ နိရောဓော၊စာဂေါ၊ပဋိနိဿဂ္ဂေါ၊ မုတ္တိ အနာလယော၊ ရာဂက္ခ ယော၊ဒေါသက္ခယော၊မောဟက္ခယော၊တဏှာက္ခယော၊အနုပ္ပါဒေါ။အပ္ပ ဝတ္တံ။အနိမိတ္တံ။အပ္ပဏိဟိတံ။အနာယူဟနံ၊အပ္ပဋိသန္ဓိ။အနုပပတ္တိ။အဂတိ၊ အဇာတံ၊အဇရံ။ အဗျာဓိ။ အမတံ။ အသောကံ။အပရိဒေဝံ။အနုပါယာသံ။ အသံကိလိဋ္ဌံ န္တိ၊ ဟူ၍ သုတ်မဟာဝါ အဋ္ဌကထာ သစ္စနိဒ္ဒေသ၊ နိရောဓသစ္စာ

အဖွင့်၌ လာရှိသည်ကိုထောက်၍လည်းကောင်း။ ထိုနည်းအတူ။ပဋိသမ္ဘိ
ဒါမဂ် အဋ္ဌကထာ၌လာရှိသည်ကို ထောက်၍လည်းကောင်း။ တပါးတည်း
သာရှိသည်၏အဖြစ်ကို သိအပ်ပါသည်။ ။အနက်သိကြောင်း မြန်မာ ပြန်
ကား။ဟိသတ္တံ။ထိုစကားသည့်မှန်၏။နိဗ္ဗာနံ။ဒီးဆဲ့ဘပါးတို့၏ ညီမ်းကြောင်း
ဖြစ်သော မင်္ဂဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်
သည်။ဧကမေဝ။တပါးတည်းသာလျှင်တည်း။ အသော။ထိုနိဗ္ဗာန်၏။နာမာနိ
ပန။အမည်နာမတို့သည် ကား။ သင်္ခတာနံ။ ခပ်သိမ်းကုန်သော သင်္ခတ
တရားတို့၏။ နာမပဋိပက္ခဝသေန။ အမည်နာမ၏ ဆန့်ကျင်ဘက်အားဖြင့်။
အနေကာနိ။များလှစွာကုန်သော။နိဗ္ဗာနဝေဝစနာနေဝ။ အသင်္ခတဓာတ် နိ
ရောဓသစ္စာနိဗ္ဗာန်၏။ပရိယာယ်ဝေဝုစ်အမည်တို့သည်သာလျှင်။ ဟောဿိ။
ဖြစ်ကုန်၏။ဣဒံတာနိနိဗ္ဗာနဝေဝစနာနိ။ ထိုအသင်္ခတဓာတ်နိရောဓသစ္စာ
နိဗ္ဗာန်၏။ပရိယာယ်ဝေဝုစ်အမည်တို့သည်။သေယျထာကတမာနိ။အဘယ်
သည်တို့နည်းဟူမူကား။အသေသဝိရာဂနိရောဓော။အသေသဝိရာဂအမည်
အသေသနိရောဓအမည်လည်းကောင်း၊စာဂေါ။စာဂအမည်သည်းကောင်း။
ပဋိနိဿဂ္ဂေါ။ပဋိနိဿဂ္ဂအမည်သည်းကောင်း။မုတ္တိ။ မုတ္တိအမည်လည်း
ကောင်း။ အနာလယော။အနာလယအမည်လည်းကောင်း။ ရာဂက္ခယော။
ရာဂက္ခယအမည်လည်းကောင်း။ ဒေါသက္ခယော။ ဒေါသက္ခယ အမည်
လည်းကောင်း။ မောဟက္ခယော။ မောဟက္ခယအမည်သည်းကောင်း။
တဏှာက္ခယော။ တဏှာက္ခယအမည်လည်းကောင်း။အနုပ္ပါဒေါ။ အနုပ္ပါ
ဒအမည်လည် ကောင်း။ အပဝတ္တံ။ အပဝတ္တ အမည်လည်းကောင်း။ အနိ
မိတ္တံ။အနိမိတ္တအမည်လည်းကောင်း၊ အပဏိဟိတံ၊ အပဏိဟိတအမည်
လည်းကောင်း။ အနာယူဟနံ။ အနာယူဟနအမည်လည်းကောင်း။ အပဋိ
သန္ဓိ။ အပဋိသန္ဓိအမည်သည်းကောင်း။ အနုပပတ္တိ။ အနုပပတ္တိ အမည်
လည်းကောင်း၊အဂတိ။ အဂတိအမည်သည်းကောင်း။အဇာတံ၊အဇာတ
အမည်လည်းကောင်း။အဇရံ၊အဇရ အမည်လည်းကောင်း၊အဗျာဓိ။အဗျာ
ဓိ အမည်လည်းကောင်း။အမတံ။ အမတအမည်သည်းကောင်း။ အသော
ကံ။ အသောက အမည်သည်းကောင်း။ အပရိဒေဝံ။ အပရိဒေဝအမည်
လည်းကောင်း။ အနုပါယာသံ။ အနုပါယာသအမည်လည်းကောင်း။ အသံ
ကိလိဋ္ဌံ။အသံကိလိဋ္ဌအမည်လည်းကောင်း။ဣတိအာဒီနိ။ဤသို့အစရှိကုန်
သောအမည်တို့တည်း။ ။ဤကား ။သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပါဠ်၏
မြန်မာပြန်တည်း။ သုတ်မဟာဝါ အဋ္ဌကထာပါဠ်တို့၏ မြန်မာပြန်ကိုလည်း
ဤပြဆိုအပ်သောအဋ္ဌကထာပါဠ်၏မြန်မာပြန်ကိုမှီ၍သိနိုင်ကြသည်သာတည်း။

ဤသို့ပြဆိုအပ်သော အဓ္ဓတ္တာပါဠိတို့ကို ထောက်၍၊ မဂ်ဖိုလ်၏အာရုံဖြစ်သောအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သည်။စင်စစ်တပါးတည်းသာဖြစ်ပေ၏။ထိုတပါးတည်းဖြစ်သော။ နိဗ္ဗာန်တရားတော်၏အမည်တို့သည် ကား။သင်္ခတတရားမှပြန်သောအားဖြင့်ခေါ်ဆိုအပ်သောကြောင့်များပြားလှပေ၏။ထိုသို့များပြားလှသောအမည်တို့တွင်။ အနည်းငယ်သောအမည်တို့ကိုသိသာရန်။အသေသပရိယာဂအားဖြင့်စသည်ဖြင့် အဓ္ဓတ္တာရှင်တို့ထုတ်ပြတော်မူအပ်၏။ထိုထုတ်ပြအပ်သောအမည်နာမတို့ကိုထောက်၍။နိဗ္ဗာန်တပါးတည်းကိုပင်အမျိုးမျိုးသောဂုဏ်ကိုထောက်၍။ပရိယာယ်ဝေဝုစ်ဖြင့် အမျိုးမျိုးနာမည်ဖြင့် ခေါ်ဆိုအပ်သည်၏အဖြစ်ကိုသိကြလေ။ ထိုပြဆိုအပ်သော အမည်တို့၏ အကျယ်နှင့်အဓိပ္ပါယ်ကိုအလိုရှိလျှင် ငါဟုသမုတ်နာမ်ရုပ်အစ ရေးသားအပ်သော။ သမုဂ္ဂါဒနိရောဓ ဒုတိယ အခန်း၌ယူကြလေ၊

(မေး) ထိုတပါးတည်းသာလျှင်ဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍။ လောကီ လောကုတ္တရာဖြစ်သော မဂ္ဂမ ပဋိပဒါ အကျင့်ကို ဘယ်လိုမျိုးကျင့်ကြံအပ်ပါမည်နည်း။ ကျင့်ကြံပုံကို ဘယ်လိုသိအပ်ပါမည်နည်း။

(ဖြေ) ရှေးဒုက္ခသစ္စာအခဏ်း၌ ပြဆိုအပ်ပြီးသော။ ဇာတိပိဒုက္ခာအစ၊ ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ အဆုံးရှိသော ဘုံသုံးပါး၌ဖြစ်သော ဒုက္ခအမျိုး မျိုးတို့ကို၊ ဝိပဿနာဉာဏ်ဖြင့် သုံးသပ်၍မြင်လေလေ။ ထိုဘုံသုံးပါး၌ ဖြစ်သော၊ဇာတိဒုက္ခအစရှိသည်တို့ကို အလိုမရှိဘဲ၊ ငြီးငွေ့ စက်ဆုတ် လေလေသာဖြစ်၏။ ထိုသို့ငြီးငွေ့စက်ဆုတ်လေလေ။ ၎င်းဇာတိဒုက္ခ စသည်တို့မှ။လွှန်မြောက်သောတရားကိုရှာလေလေသာဖြစ်၏။ ထိုသို့ ရှာဘန်များလပ်သော်၊ ၎င်းဘုံသုံးပါး၌ဖြစ်သော၊ဇာတိဒုက္ခတရားတို့မှလွှန်မြောက်နေသော၊မဖြစ်သောသဘောလက္ခဏာရှိသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သုခကို၊သန္တိပဒဝိပဿနာဉာဏ်ဖြင့် သိခြင်းသို့ရောက်လေ၏။ အဘယ်ကြောင့် သိခြင်းသို့ရောက်လေသနည်းဟူမူ၊ လောကန္၌၊အပူရှိလျှင် အပူမှလွှန်မြောက်၍တည်သော ဆန့်ကျင်ဘက်အအေးသည်၊ထင်ရှားတည်ရှိမှန်းကို သိနိုင်သကဲ့သို့လည်းကောင်း။ လောကန္၌။ အမိုက် တရားရှိလျှင်၊ ၎င်းအမိုက်မှ လွှန်မြောက်တည်သော၊ဆန့်ကျင်ဘက်ဖြစ်သော အလင်းတရားသည် ထင်ရှားရှိမှန်းကို သိနိုင်သကဲ့သို့လည်းကောင်း။ မကောင်းသောတရားရှိလျှင်၊ ၎င်းမကောင်းသောတရားနှင့်ဆန့်ကျင်ဘက်ဖြစ်သော။ ကောင်းသောတရားသည် ထင်ရှားတည်ရှိမှန်းကို သိနိုင်သကဲ့သို့လည်းကောင်း ထိုနည်းအတူ၊ဘုံသုံးပါး၌ ဖြတ်ဖြစ်နေသော၊ဇာတိဒုက္ခတို့ရှိလျှင်လည်း၊

၎င်းတို့နှင့်ဆန့်ကျင်ဘက်ဖြစ်လျက် မဖြစ်သောသဘောလက္ခဏာရှိသော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန် တည်းဟူသော သုခ တရားသည် ထင်ကန်ရှိသည်ဟု သတ္တ ပ ဒ ဝိပဿနာဉာဏ်ဖြင့် သိလေတော့၏၊ ထိုသို့ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သုခတရားကို၊အာရုံပြု၍ သိတတ်သော ဉာဏ်ကို၊ သမ္မာဒိဋ္ဌိဉာဏ်ဟုခေါ်အပ်သည်။ ထိုသမ္မာဒိဋ္ဌိဉာဏ်ဖြစ်သော အခါ။ သမ္မာသင်္ကပ္ပစသော ကျန်မဂ္ဂင်ခုနစ်ပါးတရားတို့သည်လည်း၊ ၎င်းသမ္မာဒိဋ္ဌိနှင့်အတူ တပေါင်းတည်းဖြစ်ပါကြလေကုန်၏။ ထိုသို့ ဖြစ်ပါကြခြင်းကြောင့်၊ နိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သော သောကိ ဝိပဿနာ အဋ္ဌင်္ဂိကမဂ်သည်ဖြစ်၏။ ထိုဝိပဿနာအဋ္ဌင်္ဂိကမဂ် ဖြစ်တိုင်း ဖြစ်တိုင်း၊ အသင်္ခတဓာတ်နိရောဓသစ္စာကိုဖုံး၍ ကွယ်တတ်သော အဝိဇ္ဇာ မောဟနှင့် တကွ ကိလေသာတို့သည်လည်း ကင်းကြကုန်၏။ ကာမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးတို့မှလည်း ကင်းလွတ်နေ၏။ ထိုသို့ အယုတ်တရား နှစ်ပါးတို့မှ ကင်းလွတ်နေခြင်းကြောင့်။ မဇ္ဈိမပဋိပဒါတည်းဟူသော ဖြူစင်သော အရိယ အဋ္ဌင်္ဂိက ဝိပဿနာမဂ်ကို။ မှီဝဲကျင့်ကြံသည်မည်၏။ ထိုသို့ မှီဝဲကျင့်ကြံသည်၏ အဖြစ်ကို ထင်ရှားသိကြလေ။ ။ထိုသို့ အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်တည်းဟူသော သုခတရားကိုသိ၍။ ဤတရားသာလျှင် စင်စစ်ချမ်းသာသောသုခတရားပေတည်းဟူ၍ အာရုံပြုသေသော၊ သမ္မာဒိဋ္ဌိအမှူးရှိသော မဇ္ဈိမပဋိပဒါတည်းဟူသော ဖြူစင်သောအရိယ အဋ္ဌင်္ဂိက ဝိပဿနာမဂ်ကို ပွားသေလေ သာဖြစ်၏။ထိုသို့ပွားဘန်များ၍ ဝိပဿနာဉာဏ်ရင့်သန်လပ်သော်၊ အကြင်အခါ လောကုတ္တရာမဂ်ဖြစ်ခြင်းငှါထိုက်အံ့။ ထိုအခါ။ ၎င်းအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြု၍ထင်လင်းစွာ မြင်လေ၏၊ ထင်သင်းစွာမြင်သည် ဆိုသည်မှာလည်း။ မှောင်ထဲ၌ သမ်းရှောက်သော သူသည်။ လမ်းမှန်ကိုသိ၏၊ မြင်သည်ဟုမဆိုနိုင်။အကြင်အခါ လျှပ်စစ်သည်ပြက်၏၊ ထိုအခိုက် လမ်းကိုမြင်သကဲ့သို့၊ ထိုအတူ၊ဝိပဿနာဉာဏ်ဖြင့်၊ အသင်္ခတဓာတ် နိရောဓသစ္စာကို အာရုံပြု၍မှုကား သိ၏။ လျှပ်ပျက်သောအခါ၌ကဲ့သို့မြင်မှုမရှိ။ အကြင်အခါ လောကုတ္တရာမဂ်ဖြစ်၏။ ထိုအခါလျှပ်ပြက်သောအခါ၌လမ်းကိုမြင်သကဲ့သို့။နိရောဓသစ္စာနိဗ္ဗာန်ကိုလည်း အလွန်ထင်ရှားစွာမြင်ခြင်းသို့ ရောက်၏။ မိမိခန္ဓာ၌ဖြစ်သောမြင်မှုကိုလည်း ထင်ရှားစွာမြင်ပြီဟုမဂ်ဉာဏ်ကိုလည်းဆုံးဖြတ်နိုင်၏။သိုအခါလောကုတ္တရာမဂ်ဉာဏ်တည်းဟူသောအရိယအဋ္ဌင်္ဂိကမဂ်သည်ဖြစ်လေ၏။ ထိုအရိယအဋ္ဌင်္ဂိကမဂ်သည်။မဖြစ် မပျက်သောသဘောရှိသော အသင်္ခတဓာတ်

နိရောဓသစ္စာနိဗ္ဗာန်ကို အလွန်ချမ်းသာသောသုခတရားဟူ၍။ မျက်မှောက်ပြုသောအားဖြင့်လည်းသိ၏။ အဝိဇ္ဇာမောဟနှင့်တကွ ဖြစ်သော၊ မိစ္ဆာဒိဋ္ဌိစသောကိလေသာတို့ကိုလည်း။အကြွင်းအကျန်မရှိစေဘဲ ပယ်လိုက်၏။ ထိုပယ်လိုက်သော မိစ္ဆာဒိဋ္ဌိစသော ကိလေသာတို့သည်။ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိဘဲ ကင်းလေတော့၏။ ထို လောကုတ္တရာမဂ်ကို ရှေးဦးစွာ နိဗ္ဗာန်ကိုမျက်မှောက်ပြုသောအားဖြင့်ဖြစ်သောကြောင့်။ သောတာပတ္တိမဂ်ဟုခေါ်အပ်သည်။ ၎င်းနောက်၊ နိဗ္ဗာန်ကို အာရုံပြုသော အားဖြင့်ထပ်မံ၍၊ နှစ်ကြိမ်သော်လည်းကောင်း။သုံးကြိမ်သော်လည်းကောင်းသိသောသမ္မာဒိဋ္ဌိအမျိုးရှိသော ဖိုလ်ဇောစိတ်ပါးကို။သောတာပတ္တိဖိုလ်ဟုခေါ်ဆိုအပ်သည်။ထိုနောက်ဘဝင်ကျလေ၏။ ထိုနည်းအတူသုံးသပ်၍။အသိမ်တခါတ်နိရောဓသစ္စာနိဗ္ဗာန်ကိုသုခအားဖြင့်အာရုံပြု၍ဖြစ်သောလောကီဝိပဿနာအဋ္ဌင်္ဂိကမဂ်ကို အဖန်တလဲလဲပွားများလတ်သော်။နိဗ္ဗာန်ကိုမျက်မှောက်ပြု၍၊သကဒါဂါမိမဂ်ဖိုလ်၊အနာဂါမိမဂ်ဖိုလ်အရဟတ္တမဂ်ဖိုလ်သို့ရောက်၍။ကိလေသာတို့သည်၊အကြွင်းမရှိကုန်၍။အရဟတ္တဖိုလ်သို့ရောက်သောအခါ။နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိလေတော့ပြီ။ထိုအသိမ်တခါတ်နိရောဓသစ္စာကို။ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြင့်အာရုံပြု၍၊သိတိုင်းသိတိုင်းသောဉာဏ်ကို။အနုလောမိကခန္တိဉာဏ်ဟုခေါ်ဆိုအပ်သည်။အသိမ်တခါတ်နိရောဓသစ္စာကို ထင်ထင်လင်းလင်း မျက်မှောက်ပြု၍ သိ သော ဉာဏ်ကို လောကုတ္တရာမဂ်ဟုခေါ်ဆိုအပ်သည့်၏အဖြစ်ကို၊ပဋိသမ္ဘိဒါမဂ်ပါဠိတော်စာမျက်နှာနံပါတ်(၃၂၃)၌။ ။သောဝတ ဘိက္ခဝေ ဘိက္ခု၊ နိဗ္ဗာနံသုခတော၊သမနုပဿန္တော၊အနုလောမိကာယခန္တိယာ သမန္နာဂတော ဘဝိဿတီတိဌာနမေတံဝိဇ္ဇတိ။အနုလောမိကာယခန္တိယာ သမန္နာဂတော၊ သမ္မတ္တနိယာမံ။ ဩက္ကမိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ။ သမ္မတ္တနိယာမံ ဩက္ကမမာနော။သောတာပတ္တိဖလံဝါ။သကဒါဂါမိဖလံဝါ။အနာဂါမိဖလံဝါ။ အရဟတ္တဖလံဝါ၊ သစ္ဆိကရိဿတီတိ၊ ဌာနမေတံ ဝိဇ္ဇတိဟူ၍ ဟောတော်မူအပ်လေသည်။ အနက်သိကြောင်းမြန်မာပြန်ကား။ ဘိက္ခဝေ၊ရဟန်းတို့။ဝတဧကန္တေန၊စင်စစ်သဖြင့်။သောဘိက္ခု၊ထိုယောဂါဝစရဖြစ်သောရဟန်းသည်။နိဗ္ဗာနံ၊ အသိမ်တခါတ်နိရောဓသစ္စာနိဗ္ဗာန်ကို။သုခတော၊သုခအားဖြင့်။ဝါ၊အလွန်ချမ်းသာသောအားဖြင့်။ သမနုပဿန္တော၊ ကောင်းစွာဝိပဿနာဟုဆိုအပ်သော သန္တိပဒဉာဏ်ဖြင့်မြင်သည်ရှိသော်။ အနုလောမိကာယ၊လောကုတ္တရာမဂ်အားလျော်သော။ခန္တိယာ၊အသိမ်တခါတ်နိရောဓသစ္စာနိဗ္ဗာန်ကိုနှစ်သက်တတ်သောသဘောဉာဏ်နှင့်။သမန္နာ

ဂတော၊ ပြည့်စုံခြင်းသို့ရောက်သည်။ ဘဝိဿတိ၊ ဖြစ်လတ့ံ။ ဣတိ၊ ဤသို့။ ဇေတံဒွာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ အနုလောမိကာယ၊ လောကုတ္တရာမဂ်အားလျော်သော။ ခန္တိယာ၊ အသစ်တခေတ်နိဗ္ဗာန်တရားတော်ကိုနှစ်သက်တတ်သောသဘောဉာဏ်နှင့်။ သမန္နာဂတော၊ပြည့်စုံခြင်းသို့ရောက်သော ယောဂါဝစရရဟန်းသည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော။ မိမိ၏အခြားမဲ့၌အကျိုးပေးသောအားဖြင့် မြဲသောလောကုတ္တရာမဂ်သို့။ ဩက္ကမိဿတိ၊ သက်လတ့ံ။ ဣတိ၊ ဤသို့။ ဇေတံဒွာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ သမ္မတ္တနိယာမံ၊မဖောက်မပြန်သောသဘောရှိသော။ မိမိ၏အခြားမဲ့၌အကျိုးပေးသောအားဖြင့် မြဲသောလောကုတ္တရာမဂ်သို့။ဩက္ကမမာနော၊ သက်သောရဟန်းသည်။သောတာပတ္တိဖလံဝါ၊ သောတာပတ္တိဖိုလ်ကိုလည်းကောင်း။ သကဒါဂါမိဖလံဝါ၊သကဒါဂါမိဖိုလ်ကိုလည်းကောင်း။ အနာဂါမိဖလံဝါ၊ အနာဂါမိဖိုလ်ကိုလည်းကောင်း။အရဟတ္တဖလံဝါ၊အရဟတ္တဖိုလ်ကိုလည်းကောင်း။သစ္ဆိကရိဿတိ၊ မျက်မှောက်ပြုလတ့ံ။ ဣတိ၊ ဤသို့။ ဇေတံဒွာနံ၊ ဤအကြောင်းသည်။ဝိဇ္ဇတိ၊ ရှိ၏။ အဓိပ္ပါယ်ကား။ ။ယောဂါဝစရဖြစ်သော ရဟန်းသည်။ အလုံးစုံသော ဘုံသုံးပါး၌ဖြစ်သော ဇာတိဒုက္ခ၊ ဇရာဒုက္ခ။ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ။လ။ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခတို့ကို။ရှေးဒုက္ခသစ္စာ၌ပြထားခဲ့သည်အတိုင်း။ သုံးသပ်ဆင်ခြင်၍။ ဒုက္ခတရားတို့ကို အလွန်စက်ဆုပ်ငြီးငွေ့ပြီးလျှင်။ ၎င်းတို့မှလွန်မြောက်၍တည်သော နိဗ္ဗာန်သုခတရားကို အဖန်ဖန် ရှုကြည့်၍ ဉာဏ်ဖြင့်တွေ့မြင်လေ၏။ ထိုသို့တွေ့မြင်၍၊ ၎င်း ဒုက္ခတို့မှလွန်မြောက်၍တည်သော။ နိဗ္ဗာန်တည်းဟူသော သုခတရားကို။ အလွန်ချမ်းသော တရားဟု သန္နိဋ္ဌာနဉာဏ်ဟုဆိုအပ်သော ဝိပဿနာဉာဏ်ဖြင့် အာရုံပြု၍။ ၎င်းနိဗ္ဗာန်သုခတရားသို့အာရုံပြု၍ ရောက်သမျှဉာဏ်ကို။အနုလောမိကခန္တိဉာဏ်ဟုဆိုအပ်သည်။၎င်းအနုလောမိကဉာဏ်ဖြင့်၊အသစ်တခေတ် နိဗ္ဗာန်တည်းဟူသော ချမ်းသာမြဲသောသုခတရားကိုအာရုံပြုဘန်များလျှင်။ သမ္မတ္တနိယာမဟုဆိုအပ်သော လောကုတ္တရာမဂ်သို့ကြိန်ရောက်လတ့ံ။ထိုကဲ့သို့လောကုတ္တရာမဂ်သို့ရောက်လျှင်။သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်။ အရဟတ္တဖိုလ်တရားတို့ကို။မိမိခန္ဓာ၌ဖြစ်ပေါ်မှုကို၊ ဧင်စင် မျက်မှောက်ဒိဋ္ဌတွေ့မြင်ကြရလိမ့်မည်ဟုဆိုလိုသည်။ဤကားအဓိပ္ပါယ်။ ။ဤပြဆိုအပ်သောဒေသနာတော်ကိုထောက်၍။မဂ်ဖိုလ်၏အာရုံဖြစ်သော အသစ်တခေတ်နိဗ္ဗာန်သုခကို။သောတာပတ္တိ၊ ဝိပဿနာသန္နိဋ္ဌာနဉာဏ်၊ အနုလောမိကခန္တိဉာဏ်တို့

ဖြင့်အာရုံပြု၍သိတိုင်းသိတိုင်း။ ဟုတ်တိုင်းမှန်စွာသိမြင်တတ်သောသမ္မာဒိဋ္ဌိဉာဏ်သည်ဖြစ်၏၊ထိုသမ္မာဒိဋ္ဌိဉာဏ်ဖြစ်တိုင်းဖြစ်တိုင်း။သမ္မာသင်္ကပ္ပစသော၊ကျန်မဂ္ဂင်(၇)ပါးတို့လည်း။တပြိုင်နက်တချက်ထည်းငင်းသမ္မာဒိဋ္ဌိနှင့်အတူတကွယှဉ်တွဲ၍ဖြစ်ပါကြကုန်၏။ ထိုသို့ဖြစ်ပါခြင်းကြောင့် ။အသင်္ခတဓါတ်နိဗ္ဗာန်ကို။အလွန်ချမ်းသော်တရားပါတကားဟုအာရုံပြု၍ဖြစ်သော ဝိပဿနာအဋ္ဌင်္ဂိကလောကီမဂ်သည်ဖြစ်၏။ ထိုသို့လောကီဝိပဿနာအဋ္ဌင်္ဂိကမဂ်ဖြစ်တိုင်းဖြစ်တိုင်း။ အသင်္ခတဓါတ်နိဗ္ဗာန်ကိုဖုံးကွယ်တတ်သောအဝိဇ္ဇာမောဟနှင့်တကွ ကိလေသာတို့သည်လည်းကင်းကြလေကုန်၏။ကါမသုခလ္လိကာနုယောဂ၊အတ္တကိလမထာနုယောဂတည်းဟူသောအယုတ်တရား နှစ်ပါးမှသည်းကင်းလွတ်နေ၏။ထိုသို့အယုတ်တရားနှစ်ပါးမှကင်းလွတ်နေခြင်းကြောင့်။မဇ္ဈိမာပဋိပဒါတည်းဟူသော ဖြူစင်သောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုမှီဝဲကျင့်ကြံသည်မည်၏။ထိုသို့မှီဝဲကျင့်ကြံသည်၏အဖြစ်ကိုဖော်ပြဆိုအပ်သည့်အတိုင်းထင်ရှားသိကြလေ။ ဤမျှဖြင့် လောကီဝိပဿနာဉာဏ်ဖြင့်။ နိဗ္ဗာန်ကိုအာရုံပြု၍။ မဇ္ဈိမာပဋိပဒါအကျင့်ကိုမှီဝဲကျင့်ကြံပုံကိုပြချက်ပြီး၏။

ထိုသို့အသင်္ခတဓါတ်နိရောဓသစ္စာနိဗ္ဗာန်တည်းဟူသောသုခတရားကိုသိ၍။ဤတရားသာလျှင် စင်စစ်ချမ်းသာသောသုခတရားပေတည်းဟူ၍၊အာရုံပြုလေလေ၊ သမ္မာဒိဋ္ဌိအမှူးရှိသော မဇ္ဈိမာပဋိပဒါတည်းဟူသော ဖြူစင်သောအရိယအဋ္ဌင်္ဂိကဝိပဿနာမဂ်ကိုပွားလေလေသာဖြစ်၏။ ထိုသို့ပွားများဘန်များ၍။ အကြင်အခါ၊ လောကုတ္တရာမဂ်ဖြစ်ခြင်းငှာထိုက်၏။ ထိုအခါ၊ ငင်းအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားကို သုခအားဖြင့်အလွန်ထင်ရှားစွာမြင်ခြင်းသို့ရောက်၏။ ထိုအခါ၊ သမ္မာဒိဋ္ဌိအမှူးရှိသော အရိယအဋ္ဌင်္ဂိကလောကုတ္တရာမဂ်သည်ဖြစ်၏၊ထိုသို့ဖြစ်သောအခါ။ ဖော်ပြဆိုအပ်ပြီးသောနည်းအတိုင်း။လောကုတ္တရာမဂ်ဖြင့်၊အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားကို သုခဟူ၍ထိုးထွင်း၍သိမြင်သော မဇ္ဈိမာပဋိပဒါတည်းဟူသော လောကုတ္တရာအရိယအဋ္ဌင်္ဂိကမဂ်ကို။ မှီဝဲကျင့်ကြံသည်၏အဖြစ်ကိုထင်ရှားသိကြလေ၊ ဤမျှသောစကားအစဉ်ဖြင့်။နိရောဓသစ္စာနိဗ္ဗာန်တရားတော်သည်။စင်စစ်၊လောကီမဂ် လောကုတ္တရာမဂ်တို့၏ အာရုံဖြစ်ကြောင်းကိုလည်းကောင်း၊ငင်းနိဗ္ဗာန်ကိုအာရုံပြု၍ မဇ္ဈိမာပဋိပဒါကိုမှီဝဲပုံကိုလည်းကောင်း၊ထိုအသင်္ခတဓာတ် နိဗ္ဗာန်ဟူသောအကြောင်းကြောင့်သာ၊ သမုဒယကိလေသာတဏှာတို့ ပြတ်ကင်းခြင်း၏အကြောင်းကိုလည်းကောင်း။ဖော်ပြချက်ပြီး၏။ ။ဤတွင်နိရောဓသစ္စာကိုဖော်ပြချက်ပြီး၏။ ။

{မေး} ထိုမဂ်ဖိုလ်၏အာရုံဖြစ်သောအသင်္ခတဓါတ်နိဗ္ဗာန်ကိုအာရုံပြု၍၊ လောကီဝိပဿနာမဂ်၊ လောကုတ္တရာမဂ်ဖြစ်ပုံကိုပြဆိုအပ်ပြီးသောနည်းအတိုင်း သိရပါပြီ။ ၎င်းနိဗ္ဗာန်ကို အလွန်ထင်လင်းစွာ မျက်မှောက်ဒိဋ္ဌ မြင်ခြင်းသို့ရောက်သော သမ္မာဒိဋ္ဌိအမှူးရှိသော လောကုတ္တရာမဂ္ဂင်ရှစ်ပါး တရားတို့ကို။ ဘုရားရှင်သည်၊ အထူးပြု၍ အဘယ်အကျင့်ဟု ဟောတော်မူအပ်ပါသနည်း။ဟောအပ်ပုံကိုဘယ်လိုအထူးသိအပ်ပါမည်နည်း။

{ဖြေ} ၎င်းအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အလွန်ထင်လင်းစွာမျက်မှောက်ဒိဋ္ဌမြင်ခြင်းသို့ရောက်သော သမ္မာဒိဋ္ဌိအမှူးရှိသောလောကုတ္တရာမဂ္ဂင်ရှစ်ပါးတရားကို။ဒုက္ခနိရောဓဂါမိနီပဋိပဒါအကျင့်ဟုလောကီမဇ္ဈိမာပဋိပဒါတို့ထက်အထူးပြု၍ဟောအပ်ပါသည်။

{မေး} ထိုသို့ဟောအပ်ကြောင်းကို အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း၊

{ဖြေ} ဋ္ဌာဒ်ခေါပနဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယသစ္စံ။ အယမေဝ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူ၍။ ပိနည်းမဟာဝါ ပါဠိတော်၊ ဓမ္မစက္ကပဝတ္တနသုတ်၌ ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ သုတ်မဟာဝါပါဠိတော် သစ္စကထာ၊ ဒုက္ခနိရောဓဂါမိနီ ကိုဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ မဟာဝဂ္ဂသံယုတ် ပါဠိတော် ဓမ္မစက္ကသုတ်၌ ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်။ပဋိသမ္ဘိဒါကထာ၊ဓမ္မစက္ကသုတ်ကိုပြဆိုရာ၌လာရှိသည်ကိုထောက်၍လည်းကောင်းသိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဘိက္ခဝေ၊ရဟန်းတို့။အရိယော၊ ကိလေသာတို့မှဖြူစင်ထသော။ ဝါ၊ မဂ်တကာတို့ထက်မြတ်ထသော။ ဝါ၊ အရိယာ၏အဖြစ်ကို ပြုတတ်သော။ ဝါ၊ အရိယာတို့သည် ထိုးထွင်း၍သိမြင်အပ်သော။အယမေဝမဂ္ဂေါ၊ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ထင်ထင်လင်းလင်း ဒိဋ္ဌမျက်မှောက် မြင်ခြင်းသို့ရောက်သော။ကိလေသာတို့ကိုအကြွင်းမရှိဖျက်ဆီးတတ်သော ဤလောကုတ္တရာမဂ်သည်သာလျှင်။ အဋ္ဌင်္ဂိကော။ အင်္ဂါ ရှစ်ပါးရှိ၏။ ဝါ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံ၏။ ဋ္ဌာဒံ၊ ဤအင်္ဂါရှစ်ပါးဟူသည်၊ သေယျထာ ကတမော၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ကောင်းစွာ ထင်ထင်လင်းလင်းမြင်တတ်သော သမ္မာဒိဋ္ဌိတည်းဟူသော။

လောကုတ္တရာမဂ္ဂင်လည်းကောင်း။ ။ဝါ။ တနည်းကား။ ။သမ္မာဒိဋ္ဌိ။အသိ်တခါတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ချိုးမွမ်းခြင်းငှာထိုက်အောင်ထင်ထင် လင်းလင်းမြင်တတ်သောသမ္မာဒိဋ္ဌိတည်းဟူသော လောကုတ္တရာမဂ္ဂင်လည်း ကောင်း။ သမ္မာသင်္ကပ္ပေါ၊ အသိ်တခါတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ ထင် ထင်လင်းလင်း အာရုံပြု၍ သမ္မာဒိဋ္ဌိ အမှူးရှိသော သမ္ပယုတ်တရားတို့ကို။ ၎င်းအသိ်တခါတ် နိရောဓ သစ္စာနိဗ္ဗာန်သို့ ရောက်အောင်။ ကောင်းစွာ တင် တတ် သော သမ္မာသင်္ကပ္ပ တည်းဟူသော လောကုတ္တရာ မဂ္ဂင်လည်း ကောင်း။ ဝါ။ တနည်းကား။ ။သမ္မာသင်္ကပ္ပေါ၊ အသိ်တခါတ် နိရောဓ သစ္စာနိဗ္ဗာန်ကို။ ထင်ထင်လင်းလင်းအာရုံပြု၍ သမ္မာဒိဋ္ဌိအမှူးရှိသော သမ္ပ ယုတ်တရားတို့ကို။ ၎င်းအသိ်တခါတ် နိရောဓ သစ္စာ နိဗ္ဗာန်သို့ ရောက် အောင် ချိုးမွမ်းခြင်းငှာထိုက်အောင် တင်ဆောင်တတ်သော သမ္မာသင်္ကပ္ပ တည်းဟူသော လောကုတ္တရာမဂ္ဂင်လည်းကောင်း။ သမ္မာဝါစာ၊အသိ်တ ခါတ်နိရောဓသစ္စာနိဗ္ဗာန်ကို၊ ထင်ထင်လင်းလင်း အာရုံပြု၍ အသက်မွေး မှုနှင့်မစပ်သော။ အပါယ်လေးပါးသို့ကျရောက်စေတတ်သော ဝစီဒုစ္စရိုက် {၄ပါး}တို့ကို အကြွင်းမရှိဖျက်ဆီးလျက်။ နှုတ်ကိုကောင်းစွာသိမ်းဆည်း တတ်သော သမ္မာဝါစာတည်းဟူသော လောကုတ္တရာမဂ္ဂင်လည်းကောင်း။ ဝါ။ တနည်းကား။ ။သမ္မာဝါစာ၊ အသိ်တခါတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ ထင်ထင်လင်းလင်းအာရုံပြု၍အသက်မွေးမှုနှင့်မစပ်သော။အပါယ်လေးပါး သို့ကျရောက်စေတတ်သောဝစီဒုစ္စရိုက်{၄ပါး}တို့ကိုအကြွင်းမရှိဖျက်ဆီး လျက်။ နှုတ်ကိုချိုးမွမ်းထိုက်အောင် သိမ်းဆည်းတတ်သော သမ္မာဝါစာ တည်းဟူသော လောကုတ္တရာ မဂ္ဂင်လည်းကောင်း။ သမ္မာကမ္မန္တော၊ အ သိ်တခါတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ ထင်ထင်လင်းလင်းအာရုံပြု၍ အ သက်မွေးမှုနှင့်မစပ်သော၊ အပါယ်လေးပါးသို့ ကျရောက်စေ တတ်သော ကာယဒုစ္စရိုက်{၃ပါး}တို့ကို အကြွင်းမရှိဖျက်ဆီးလျက်။ကိုယ်ကိုကောင်း စွာထားတတ်သော သမ္မာကမ္မန္တတည်းဟူသော လောကုတ္တရာမဂ္ဂင်လည်း ကောင်း။ဝါ။တနည်းကား။ ။သမ္မာကမ္မန္တော။အသိ်တခါတ်နိရောဓသစ္စာ နိဗ္ဗာန်ကို။ ထင်ထင်လင်းလင်း အာရုံပြု၍ အသက်မွေးမှုနှင့် မစပ်သော အ ပါယ်လေးပါးသို့ ကျရောက်စေတတ်သော ကာယ ဒုစ္စရိုက်{၃ပါး}တို့ကို အကြွင်းမရှိဖျက်ဆီးလျက်။ ကိုယ်ကိုချိုးမွမ်းထိုက်အောင်ထားတတ်သော သမ္မာကမ္မန္တတည်းဟူသော လောကုတ္တရာမဂ္ဂင်လည်းကောင်း။သမ္မာအာ ဇီဝေါ။ အသိ်တခါတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ ထင်ထင်လင်းသင်း အာရုံ ပြု၍ အသက်မွေးမှုနှင့်စပ်သော အပါယ်သို့ကျရောက်စေတတ်သော ဝစီ

ဒုစ္စရိုက်{၄ပါး။}ကာယဒုစ္စရိုက်{၃ပါး}ပေါင်း ခုနစ်ပါးသော ဒုစ္စရိုက်တို့ကို အကြွင်းမရှိ ဖျက်ဆီးလျက်။ ကောင်းစွာအသက်မွေးမှုမှ ဖြစ်စေတတ်သော သမ္မာအာဇီဝ တည်းဟူသော လောကုတ္တရာ မဂ္ဂင်လည်းကောင်း။ ဝါ။ကား။ ။သမ္မာအာဇီဝေါ။အသခ်ိတခတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ထင်ထင်လင်းလင်းအာရုံပြု၍ အသက်မွေးမှုနှင့်စပ်သော။အပါယ်သို့ကျရောက်စေတတ်သော ဝစီဒုစ္စရိုက်{၄ပါး} ကာယဒုစ္စရိုက်{၃ပါး} ပေါင်းခုနစ်ပါးသောဒုစ္စရိုက်တို့ကိုအကြွင်းမရှိဖျက်ဆီးလျက်။ချီးမွမ်းခြင်း၌ါထိုက်အောင် အသက်မွေးမှုမှ ဖြစ်စေတတ်သော သမ္မာအာဇီဝတည်းဟူသော လောကုတ္တရာမဂ္ဂင်လည်းကောင်း။ သမ္မာဝါယာမော။ အသခ်ိတခတ် နိရောဓသစ္စာနိဗ္ဗာန်ကို၊ ထင်ထင် လင်းလင်း အာရုံပြု၍ မိစ္ဆာဝါယာမကိုဖြစ်စေတတ်သော ကိလေသာတို့ကို အကြွင်းမရှိထိုက်သည်အားလျော်စွာဖျက်ဆီးလျက်။သမ္ပယုတ်တရားတို့ကိုအသခ်ိတခတ်နိရောဓသစ္စာနိဗ္ဗာန်အာရုံ၌ဖြစ်အောင်ကောင်းစွာအားထုတ်တတ်သောသမ္မာဝါယာမတည်းဟူသော လောကုတ္တရာမဂ္ဂင်လည်းကောင်း။ ဝါ။ကား။ ။သမ္မာဝါယာမော။အသခ်ိတခတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ထင်ထင်လင်းလင်းအာရုံပြု၍၊ မိစ္ဆာဝါယာမကိုဖြစ်စေတတ်သော ကိလေသာတို့ကိုအကြွင်းမရှိထိုက်သည်အားလျော်စွာ ဖျက်ဆီးလျက်။ သမ္ပယုတ်တရားတို့ကို အသခ်ိတခတ် နိရောဓသစ္စာနိဗ္ဗာန်အာရုံ၌ဖြစ်အောင် ချီးမွမ်းခြင်း၌ါထိုက်သော သမ္မာဝါယာမတည်းဟူသော လောကုတ္တရာမဂ္ဂင်လည်းကောင်း။ သမ္မာသတိ။ အသခ်ိတခတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ထင်ထင်လင်းလင်းအာရုံပြု၍ မိစ္ဆာသတိကို ဖြစ်စေတတ်သော ကိလေသာတို့ကို။ အကြွင်းမရှိ ထိုက်သည်အားလျော်စွာဖျက်ဆီးလျက်။သမ္ပယုတ်တရားတို့ကိုကောင်းစွာအောက်မေ့စေတတ်သော သမ္မာသတိတည်းဟူသော လောကုတ္တရာမဂ္ဂင်လည်းကောင်း။ ဝါ။ကား။ ။သမ္မာသတိ။ အသခ်ိတခတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ ထင်ထင်လင်းလင်းအာရုံပြု၍။ မိစ္ဆာသတိကိုဖြစ်စေတတ်သော ကိလေသာတို့ကို၊ အကြွင်းမရှိ ထိုက်သည်အားလျော်စွာဖျက်ဆီးလျက်။ သမ္ပယုတ်တရားတို့ကို ချီးမွမ်းထိုက်အောင် အောက်မေ့စေတတ်သော သမ္မာသတိ တည်းဟူသော လောကုတ္တရာမဂ္ဂင်လည်းကောင်း။ သမ္မာသမာဓိ။ အသခ်ိတခတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ထင်ထင်လင်းလင်းအာရုံပြု၍၊ မိစ္ဆာသမာဓိကိုဖြစ်စေတတ်သော ကိလေသာတို့ကို။ အကြွင်းမရှိ ထိုက်သည်အား လျော်စွာဖျက်ဆီးလျက်။ သမ္ပယုတ်တရားတို့ကို ၎င်းအသခ်ိတခတ် နိရောဓသစ္စာနိဗ္ဗာန်၌ မပျံ့မလွင့် ကောင်းစွာတည်စေတတ်သောသမ္မာသမာဓိတည်းဟူ

သော လောကုတ္တရာ မဂ္ဂင်လည်းကောင်း။ ဝါ။ ကား။ ။သမ္မာသမာဓိ။ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို၊ ထင်ထင်လင်းလင်းအာရုံပြု၍၊ မိစ္ဆာသမာဓိကို ဖြစ်စေ တတ်သော ကိလေသာတို့ကို အကြွင်းမရှိ။ ထိုက်သည့်အားလျော်စွာဖျက်ဆီးလျက်။သမ္ပယုတ်တရားတို့ကိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရား၌၊ မပျံ့မလွင့်ငြိမ်မွမ်းထိုက်အောင်တည်စေတတ်သော သမ္မာသမာဓိတည်းဟူသော လောကုတ္တရာ မဂ္ဂင်လည်းကောင်း။ ။ဇာဒိခေါ်ပန။ဤဆိုအပ်ပြီးသော အင်္ဂါရှစ်ပါး ရှိသော။ ဝါ။ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောလောကုတ္တရာမဂ် တရားသည်ကား။ ဒုက္ခနိရောဓဂါမိနီ။ ဒုက္ခသစ္စာ၌ ဟောတော် မူအပ်သော အလုံးစုံသော ဒုက္ခတရားဟူသမျှတို့၏ နောင်တဘန် အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ထင်ထင် လင်းလင်း အာရုံပြု၍ ရောက်တတ်သော။ ဝါ။ ထင်ထင်လင်းလင်း အာရုံပြု၍ရောက်စေတတ်သော။ ပဋိပဒါ၊ကျင့်အပ်သော။ဝါ။ တနည်းကား။ ။ပဋိပဒါ၊ကျင့်ကြောင်းဖြစ်သော။ အရိယသစ္စံ၊အရိယာ၏အဖြစ်ကိုပြုတတ်သော။ဝါ။ အရိယပုဂ္ဂိုလ်တို့သည် ဒိဋ္ဌသိမြင်အပ်သောဟုတ်မှန်သောတရားပေတည်း။ ။ဤသို့ဟောတော်မူအပ်သည့်ကိုထောက်၍။ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ထင်ထင်လင်းလင်းဒိဋ္ဌမျက်မှောက်သိမြင်တတ်သော သမ္မာဒိဋ္ဌိအမှူးရှိသော ဖြူစင်မြင့်မြတ်သော။ ကိလေသာတို့ကိုအကြွင်းမရှိသတ်တတ်သော လောကုတ္တရာ အဋ္ဌင်္ဂိကမဂ်ကို။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါဟူ၍ အထူးပြုပြီးလျှင်။ ဘုရားရှင်တို့ ဟောတော်မူအပ်သည့်၏အဖြစ်ကို ယုံမှားမရှိ ထင်လင်းသိကြလေကုန်။ ။

{မေး} ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို ထင်ထင်လင်းလင်း သိမြင်ခိုက်။ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော လောကုတ္တရာမဂ်ကို။ ဒုက္ခနိရောဓဂါမိနီပဋိပဒါဟု အထူးပြု၍ခေါ်ဆိုမှုကို ဘုရားရှင်ဟောပါဠိတော်တို့မှ ထုတ်ဆောင်ပြ၍သိရပါပြီ။ ။ရင်းအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ ထင်ထင်လင်းလင်းသိမြင်၍လောကုတ္တရာမဂ်ဖြစ်ခိုက်။ ၎င်းထင်ထင်လင်းလင်းသိမြင်တတ်သော လောကုတ္တရာမဂ်၌ အကျုံးဝင်သော သမ္မာဒိဋ္ဌိမဂ်ဉာဏ်သည်။သစ္စာလေးပါးတရားတို့ကို တပြိုင်နက်သိမြင်ခြင်းသို့ရောက်ပါသလော။သို့မဟုတ်၊နိရောဓသစ္စာနိဗ္ဗာန်တပါးတည်းကိုသာသိမြင်ခြင်းသို့ရောက်ပါသလော။ ထိုအကြောင်းကိုဘယ်လိုခွဲခြား၍သိအပ်ပါမည်နည်း။

{ဖြေ} ၊ ၎င်းအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ထင်ထင် လင်းလင်းသိမြင်သော လောကုတ္တရာမဂ်ဖြစ်ခိုက်၊ ၎င်း၌အကျုံးဝင်သော သမ္မာ

ဒိဗ္ဗမင် ဉာဏ်သည်နိရောဓသစ္စာတရားကို ထင်ထင်လင်းလင်းသိမြင်ခိုက်၊ သစ္စာလေးပါးတရားတို့ကို တပြိုင်နက်တချက်တည်းသိမြင်ပါသည်။နိရောဓသစ္စာတပါးတည်းကိုသာ သိမြင်သည်မဟုတ်ပါဟုသိအပ်ပါသည်။

{မေး} ထိုသို့သစ္စာလေးပါး တရားတို့ကိုတပြိုင်နက်၊ လောကုတ္တရာသမ္မာဒိဗ္ဗမင်ဉာဏ်ထိုးထွင်း၍သိမြင်မှုကိုအဘယ်ပါဠိကိုထောက်၍ သိအပ်ပါသနည်း။ ။

{ဖြေ} သောဇဝံ ကမ္မံကရောန္တော စတ္တာရိ သစ္စာနိ ဧကပဋိဝေဓေန ပဋိဝိဇ္ဈတိဟူ၍။သမ္မောဟဝိနောဒနီအဋ္ဌကထာ၌သည်။ သစ္စဝိဘင်းမဂ္ဂသစ္စာအဖွင့်၌ ပြဆိုအပ်သည်ကိုထောက်၍ သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။သော၊ထိုယောဂါဝစရပုဂ္ဂိုလ်သည်၊ဇဝံ။ဤသို့။ကမ္မံ။သစ္စာတဖြစ်သော ဇာတိစသောဒုက္ခသစ္စာတရားတို့ကို။ လောကီဝိပဿနာဉာဏ်ဖြင့် ပိုင်းခြားသိ၍၊ငင်းသစ္စာတဒုက္ခသစ္စာနှင့်ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်မပျက်သော သဘောလက္ခဏာဖြင့် အမြဲတည်ရှိနေသော အသစ္စာတခေတ်နိရောဓသစ္စာတည်းဟူသော အေးချမ်းသောသဘော သုခနိဗ္ဗာန်သို့ စေလွှတ်သောအမှုကို။ကရောန္တော၊ပြုလုပ်ဘန်များသည်ရှိသော်။စတ္တာရိ၊လေးပါးကုန်သော။သစ္စာနိ။မချွတ်မယွင်းမှန်ကန်သောတရားတို့ကို။ဧကေန။တပါးတည်းသော။ပဋိဝေဓေန၊ထိုးထွင်း၍သိတတ်သောလောကုတ္တရာမဂ်ဉာဏ်ဖြင့်။ပဋိဝိဇ္ဈတိ၊ထိုးထွင်း၍သိ၏။ ။အဓိပ္ပါယ်ကား။ ။ဝိပဿနာဘာဝနာတရားကိုအားထုတ်သောယောဂါဝစရပုဂ္ဂိုလ်သည်။သစ္စာတတရားဖြစ်သောဖြစ်ပျက်နေသော ဒုက္ခသစ္စာတရားတို့ကို။ လောကီဝိပဿနာဉာဏ်ဖြင့်။ အဘန်တလဲလဲ ပိုင်းခြား၍သိမြင်ပြီးလျှင်။ ငင်းဖြစ်ပျက်နေသော သစ္စာတ တရားဖြစ်သော ဒုက္ခသစ္စာတရားနှင့် ဆန့်ကျင်ဘက်ဖြစ်လျက်၊ တဘက်စီနေသော မဖြစ်မပျက်ဘဲအမြဲတည်ရှိနေသော အသစ္စာတခေတ်နိရောဓသစ္စာတည်းဟူသော အေးချမ်းသောနိဗ္ဗာန်သုခသို့။ သင်္ခါရုပေက္ခာအနုလောမိက ခန္တီဝိပဿနာဉာဏ်ဖြင့်အာရုံပြု၍ စေလွှတ်ဘန်များလတ်သော်၊ ငင်းအသစ္စာတခေတ် နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက် ပြုလျက်။ ထင်ထင်လင်းလင်းမြင်ခြင်းသို့ ရောက်၍လောကုတ္တရာမင်ဖြင့် သစ္စာလေးပါးလုံးတို့ကိုတပြိုင်နက် ထိုးထွင်း၍သိလေတော့သည်ဟူလို၊ ။ဤကားအဓိပ္ပါယ်တည်း။ ။ဤသို့ပြဆိုအပ်သော အဋ္ဌကထာ၏ စကားတော်ကိုထောက်၍ သောကုတ္တရာ သမ္မာဒိဗ္ဗမင်ဉာဏ်တော်သည်၊နိရောဓသစ္စာနိဗ္ဗာန် တပါးတည်းကိုသာထိုးထွင်း၍သိသည်မဟုတ်။ သစ္စာလေးပါးလုံးကိုပင်တပြိုင်နက်တချက်တည်း ထိုးထွင်း၍သိလေသည့်၏အဖြစ်ကိုထင်ရှားသိကြလေ။

{မေး} ၎င်းလောကုတ္တရာ သမ္မာဒိဋ္ဌိမဂ်ဉာဏ်တော်သည်။ အသင်္ခတ ဓာတ်နိဗ္ဗာန်တရားတော်ကိုသာမျက်မှောက်အာရုံပြု၍ဖြစ်ဆဲ ရှိပါသည်။ သင်္ခတ တရားဖြစ်သော ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ တရားတို့ကို အာရုံပြုမှုမရှိပါ။ ထိုသို့အာရုံပြုမှု မရှိပါဘဲလျက်။ အဘယ် ကြောင့်၊ သင်္ခတသစ္စာတို့ကို ထိုးထွင်း၍သိမှုရှိသည်ဟုဆိုအပ်ပါသနည်း။ ဆိုအပ်ကြောင်းကို ဘယ်လိုသိအပ်ပါသနည်း။ ။

{ဖြေ} ၎င်းလောကုတ္တရာ သမ္မာဒိဋ္ဌိမဂ်ဉာဏ်တော်သည်။ဖြစ်ပျက်နေ သော သင်္ခတတရားနှင့်ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်မပျက်ဘဲ တဘက် ဖြစ်၍အမြဲတည်ရှိသောအသင်္ခတဓာတ်နိဗ္ဗာန်တဦးဟူသော သုခတရားတော်ကို မျက်မှောက်ပြု၍သိဆဲရှိသော်လည်း။ ထိုနိဗ္ဗာန်ကိုသိ ဆဲခဏ၌ပင် ဖြစ်ပျက်နေသောသင်္ခတဖြစ်သော ဘုံသုံးပါး၌ဖြစ်သော ဒုက္ခ သစ္စာတရားတို့ကိုလည်း။အာရုံမပြုဘဲတွေ့ဝေခြင်း မောဟကင်းလျက်။မ တွေမဝေသောအသမ္မောဟကိစ္စသည် ထိုအခိုက်ရှိနေ၏။ ဥပမာ၊ တောမီး လောင်လာခြင်းကြောင့် တောမီးဘေးကိုကြောက်၍။ မီးမလောင်ရာဌာန ကိုရှာ၍ပြေးသော ယောကျာ်းသည်။ အကြင်အခါ၊ တောမီးမှလွတ်ရာကို တွေ့မြင်လေ၏။ ထိုသို့တောမီးမှ လွတ် ရာ ကို တွေ့ မြင် နေခိုက်၊ တောမီး လောင်သောအရပ်ကိုလည်း တွေ့ဝေခြင်းမရှိ၊ သိမှုကိစ္စသည် တပြိုင်နက် ရှိသကဲ့သို့။ထိုနည်းအတူ၊ရှေးဦးကပင် ဘုံသုံးပါး၌ဖြစ်သောသင်္ခတတရား သာလျှင်ဖြစ်သောဇာတိဒုက္ခစသော အမျိုးမျိုးသော ဒုက္ခဟူသမျှတို့ကို ဝိ ပဿနာဉာဏ်ဖြင့်ပိုင်းခြား၍သိရှိနေပြီးဖြစ်၍။၎င်းဒုက္ခအမျိုးမျိုးတို့မှလွတ် ရာကိုရှာလတ်သော်။ မီးမလောင်သောနေရာကို တွေ့မြင်ဘိသကဲ့သို့။ သင်္ခ တဒုက္ခတရားတို့နှင့်ဆန့်ကျင်ဘက်ဖြစ်သောအသင်္ခတဓာတ်နိဗ္ဗာန်ကို ဒိဋ္ဌတွေ့မြင်လေ၏။ ထိုသို့ဒိဋ္ဌတွေ့မြင်ခိုက်၊ မီးမလောင်သောနေ ရာကိုတွေ့မြင်ခိုက်၊မီးလောင်သောနေရာကိုလည်း၊မတွေမဝေသိခြင်းကိစ္စ ပြီးသသို၊ ထိုဘုံသုံးပါး၌ဖြစ်သော ဇာတိဒုက္ခစသော ဒုက္ခအမျိုးမျိုးတို့ကို လည်း မတွေမဝေ အာရုံမပြုဘဲ။ အသမ္မောဟ ကိစ္စဖြင့် သိရောက်လေ သည်သာတည်း။ မီးလောင်ရာကိုကြောက်၍ပြေးသော ယောကျာ်းသည်။ မီးမလောင်ရာကို တွေ့မြင်သည် တပြိုင်နက်။ မီးလောင်ရာကို မီးမလောင် ရာဌာနဟု မပြုမလုပ်။ မီးမလောင်ရာ ဌာနကိုလည်း။ မီးလောင်ရာဌာနဟု မှောက်မှားသောအားဖြင့်လည်း။မပြုမလုပ်နိုင်၊၍နေရာကား၊ မီးမလောင် ရာဌာန ဟုတ်လေသလော။ မဟုတ်လေသလောဟု ယုံမှားသံသယလည်း မဖြစ်သော၊ မှောက်မှားခြင်း၊ ယုံမှားခြင်းဟူသမျှသည် မီးမလောင်ရာဌာန

ကိုတွေ့မြင်သည်တပြိုင်နက်ကင်းပြတ်လေ၏။ ထိုသို့ကင်းပြတ်မှုသည်လည်း။ ထိုမီးမလောင်ရာဌာနကို တွေ့မြင်ခြင်းကြောင့် ပင်ဖြစ်၏၊ ထိုသို့ ဖြစ်ခြင်းကြောင့်၊ မီးမလောင်ရာကိုတွေ့မြင်သောယောကျ်ားသည် ဘယ်အခါ၌မဆို ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း၊ ကင်းပြတ်ခြင်းကိုသိလေတော့၏။ ထိုသို့သိခြင်းသည် မီးမလောင်ရာကို တွေ့မြင်သည်နှင့် တပြိုင်နက် မတွေမဝေ အသမ္မောဟကိစ္စဖြင့် သိခြင်းကိစ္စပြီးခြင်းကြောင့်ပင်ဖြစ်၏။ ထိုနည်းအတူ သစ္စာတဖြစ်သော ဒုက္ခအမျိုးမျိုးတို့ကို ဝိပဿနာဉာဏ်ဖြင့်သိမြင်ပြီးနောက်။ ၎င်းသစ္စာတရားမှလွန်မြောက်နေသော အသင်္ခတဓာတ်နိရောဓသစ္စာသုခတရားကို ဝိပဿနာဉာဏ်ဖြင့် ရှာဖွေလတ်သော်။ အကြင်အခါ၊ ဒိဋ္ဌတွေ့မြင်ခြင်းသို့ ရောက်၏။ ထိုအခိုက် ဘုံသုံးပါး၌ ဖြစ်သော ဒုက္ခ တရားတို့ကိုလည်း။ သုခဟူ၍မှောက်မှား၍စွဲယူမှုသည်ပြတ်တောက်လေ၏။ ယုံမှားသံသယ တရားဘို့လည်း ကင်းပြတ်လေတော့၏။ ထိုကင်းပြတ်သော မိစ္ဆာဒိဋ္ဌိ၊ ဝိစိကိစ္ဆာတရားတို့ကို ကင်းပြတ် လေသလော၊ မကင်းပြတ် လေသလောဟု ယုံမှားသံသယမရှိဘဲ၊ ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း၊ ကင်းပြတ်မှုကို သိလေလေသာဖြစ်၏။ ထိုသိခြင်းသည် အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုဒိဋ္ဌမျက်မှောက်မြင်သောမဂ်အခိုက်။ ၎င်းမဂ်ပယ်လိုက်သောကိလေသာတို့ကို မတွေမဝေ အသမ္မောဟကိစ္စဖြင့် သိမှုပါရှိသောကြောင့်တည်း။ ထို့ကြောင့်၊ သောတာပတ္တိမဂ်ဉာဏ်သည် နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြု၍ သိခိုက်။ မိမိပယ်အပ်သော ကိလေသာတို့ကိုလည်း ပယ်လေသလော၊ မပယ်လေသလောဟု တွေဝေခြင်းမရှိဘဲ။ မတွေမဝေသော အသမ္မောဟကိစ္စဖြင့်သိခြင်းကိစ္စသည် တပြိုင်နက်ပါရှိ၏။ မီးလောင်ရာကို ကြောက်၍လွတ်ရာဌာနသို့ပြေးသောယောကျ်ားသည်၊ မီးမလောင်ရာဌာနကိုတွေ့မြင်သည်တပြိုင်နက်။ မိမိ၌မြင်ခြင်းကိစ္စကိုလည်း တပြိုင်နက်မတွေမဝေအာရုံမပြုဘဲ အသိကိစ္စသည် ပါရှိသကဲ့သို့။ ထိုအတူဘုံသုံးပါး၌ဖြစ်သော သစ္စာတဒုက္ခအမျိုးမျိုးတို့ကိုမြင်၍။ ၎င်းတို့မှလွတ်ရာ အသင်္ခတဓာတ်နိရောဓသစ္စာကိုဝိပဿနာဉာဏ်ဖြင့်ရှာလေလျှင်၊ အကြင်အခါ လောကုတ္တရာမဂ်ဉာဏ်ဖြင့်ဒိဋ္ဌတွေ့မြင်လေ၏။ ထိုအခိုက်အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုပင် ထင်မြင်နေသော်လည်း။ မိမိ၏မြင်မှုမဂ်ကိုမူကား အာရုံမပြုဘဲမြင်ခြင်းကိစ္စကိုမတွေမဝေ အသမ္မောဟကိစ္စဖြင့်သိမှုမူကား ပါရှိသည်သာတည်း။ ထို့ကြောင့်၊ လောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်သည်မဖြစ်မပျက်ဘဲအမြဲတည်ရှိနေသောအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုမျက်မှောက်ပြု၍နေခိုက်၊ ကျန်သောသစ္စာတဖြစ်သောဒုက္ခသစ္စာကိုလည်း ပိုင်းခြား၍သိခြင်း

တည်းဟူသော အသမ္မောဟကိစ္စ။ သမုဒယသစ္စာကိုပယ်ဆဲလည်းဖြစ်။ ၎င်းပယ်ဆဲကိုလည်းမတွေမဝေအသမ္မောဟကိစ္စဖြင့်သိဆဲကိစ္စ။ နိဗ္ဗာန်ကိုမြင်ဆဲဖြစ်သောမဂ်ကိုလည်း၊ ဘာဝနာပွားဆဲဖြင့် မတွေမဝေ အသမ္မောဟကိစ္စဖြင့်သိဆဲကိစ္စကိုလည်းပြီးစေ၏။ ထိုသို့ပြီးစေခြင်းကြောင့် အသခ်တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြု၍ ထင်ထင်လင်းလင်း မြင်ခြင်းဖြင့် သိနေသောမဂ်ဉာဏ်သည်။ ထိုအခိုက် သစ္စာလေးပါးတရားတို့ကိုတပြိုင်နက်သိခြင်းကိစ္စကိုပြီးစေသည့်၏အဖြစ်ကိုသိအပ်ပါသည်။ ။

{မေး} ထိုလောကုတ္တရာ မဂ်ဉာဏ်သည်။ သစ္စာလေးပါးတရားတော်ကို တပြိုင်နက်သိခြင်းကိစ္စကို ဥပမာနှင့်တကွပြဆို၍သိရပါပြီ။ ထိုသို့ တပြိုင်နက်သိမြင်မှုကိုကျမ်းဂန်ယုတ္တိသာဓကအားဖြင့်ကား၊ဘယ်လိုသိအပ်ပါမည်နည်း။ ။

{ဖြေ} ဧဝမေဝ မဂ္ဂဉာဏံ အပုဗ္ဗံ အစရိမံ ဧကက္ခဏေန စတ္တာရိ သစ္စာနိ အဘိသမေတိ။ဒုက္ခံပရိညာဘိသမယေန အဘိသမေတိ။သမုဒယံ ပဟာနာဘိသမယေန အဘိသမေတိ။ မဂ္ဂံဘာဝနာဘိသမယေန အဘိသမေတိ။ နိရောဓံ သစ္ဆိကိရိယာဘိသမယေန အဘိသမေတိဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၎င်သည်။ ဉာဏဒဿနဝိသုဒ္ဓိအဖွင့်{ ၂၀၅ }မျက်နှာ၌ မိန့်ဆိုအပ်သည်ကိုထောက်၍ သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ဧဝမေဝ၊ ဤဥပမာ အတူသာလျှင်။ မဂ္ဂဉာဏံ၊ လောကုတ္တရာ မဂ်ဉာဏ်တော်သည်။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ပရိညာဘိသမယေန။ ပိုင်းခြား၍သိခြင်းတည်းဟူသောသိခြင်းဖြင့်၊အဘိသမေတိ။ ထိုးထွင်း၍သိ၏။ သမုဒယံ။သမုဒယသစ္စာကို။ပဟာနာဘိသမယေန။ပယ်ခြင်းတည်းဟူသောသိခြင်းဖြင့်။ အဘိသမေတိ၊ ထိုးထွင်း၍သိ၏။ မဂ္ဂံ။မဂ္ဂသစ္စာကို။ဘာဝနာဘိသမယေန။ ပွားခြင်းတည်းဟူသော သိခြင်းဖြင့်။ အဘိသမေတိ၊ ထိုးထွင်း၍သိ၏။ နိရောဓံ။အသခ်တဓါတ်နိရောဓသစ္စာနိဗ္ဗာန်ကို၊သစ္ဆိကိရိယာဘိသမယေန၊ မျက်မှောက်ပြုခြင်းတည်းဟူသော သိခြင်းဖြင့်၊ အဘိသမေတိ။ ထိုးထွင်း၍သိ၏။ ။ဇာတိ။ ဤသို့၊အပုဗ္ဗံအစရိမံ။ မရှေးမနှောင်း၊ဧကက္ခဏေန၊တပြိုင်နက်တချက်တည်းဖြင့်၊ စတ္တာရိသစ္စာနိ၊အမှန်တရားလေးပါးတို့ကို၊အဘိသမေတိ၊ ထိုးထွင်း၍သိ၏၊ ဤသို့ပြဆိုအပ်သော အဋ္ဌကထာ၎င်၏ စကားကိုထောက်၍ လောကုတ္တရာမဂ်သည် သစ္စာလေးပါး တရားတော်ကို၊ထိုးထွင်း၍သိခြင်းကိစ္စကို တပြိုင်နက်တချက်တည်းပြီးစေသည့်၏ အဖြစ်ကို ထင်ရှားသိကြလေ။ ။

{မေး} လောကုတ္တရာမဂ်ဉာဏ်တော်သည်၊ ဤပြဆိုအပ်သောအဋ္ဌတ္တာ အရ။ သစ္စာလေးပါးကိုတပြိုင်နက်တချက်တည်း ထိုးထွင်း၍သိသည်ဟုဆို အပ်ပါသည်။ ထိုသို့ဆိုခြင်းသည် ၎င်းမဂ်ဉာဏ် တပါးတည်းသည်။ သစ္စာ လေးပါးလုံးကိုအာရုံပြု၍သိခြင်းကိုဘဲဆိုသလော၊ သို့မဟုတ်အာရုံမပြုဘဲ သိခြင်းကိုဘဲဆိုပါသလော။ ထိုအချက်ကိုဘယ်လိုခွဲခြမ်း၍ သိအပ်ပါသည် နည်း။ ။

{ဖြေ} ၎င်းလောကုတ္တရာမဂ်ဉာဏ်တော်သည်။ သစ္စာလေးပါးတရား တော်ကိုတပြိုင်နက်တချက်တည်း ထိုးထွင်း၍သိသည်ဟုဆိုရာ၌။ နိရောဓ သစ္စာတပါးကိုသာလျှင်။ မျက်မှောက်အာရုံပြုသောအားဖြင့်ထိုးထွင်း၍သိ ပါသည်။ ကျန်သစ္စာ သုံးပါးကိုမူ။ ရှေးကပြဆိုအပ်ပြီးသော နည်းအတိုင်း။ အာရုံမပြုဘဲ အသမ္မောဟကိစ္စဖြင့်သာ ထိုးထွင်း၍သိသည်ဟု ခွဲခြမ်း၍သိ အပ်ပါသည်၊ ။

{မေး} ထိုလောကုတ္တရာမဂ်သည် နိရောဓသစ္စာတပါးတည်းကိုသာ မျက်မှောက်အာရုံပြု၍ကျန်သစ္စာသုံးပါးကိုအာရုံမပြုဘဲ၊အသမ္မောဟကိစ္စ ဖြင့်ထိုးထွင်း၍သိမှုကို အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} တီသုကိစ္စတောပဋိဝေဓေါဟောတိ။နိရောဓေအာရမ္မဏာပဋိဝေ ဓေါ ဟူ၍၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ၍သည်၊သစ္စဝိဘင်းမဂ္ဂသစ္စာအဖွင့် ၌ပြဆိုအပ်သည်ကိုထောက်၍ သိအပ်ပါသည်၊ ။အနက်သိကြောင်းမြန် မာပြန်ကား။ ။တီသု၊ သုံးပါးကုန်သော။ ဒုက္ခ, သမုဒယ, မဂ္ဂသစ္စာ တို့၌။ ကိစ္စတော။ အာရုံမပြုဘဲ။ ဒုက္ခသစ္စာကိုပိုင်းခြား၍ မတွေမဝေသောအား ဖြင့်သိခြင်းကိစ္စ။ သမုဒယသစ္စာကိုပယ်ခြင်း၌မတွေမဝေသောအားဖြင့်သိ ခြင်းကိစ္စ။ မဂ္ဂသစ္စာကိုဘာဝနာ၏အစွမ်းဖြင့်ဖြစ်မှု၌မတွေမဝေသောအား ဖြင့်သိခြင်းကိစ္စအားဖြင့်။ ပဋိဝေဓေါ၊တွေဝေခြင်းမရှိသည်ဖြစ်၍သိသည်။ ဟောတိ။ ဖြစ်၏။ နိရောဓေ၊ သစ်တဖြစ်သော သစ္စာသုံးပါးတို့နှင့်ဆန့်ကျင် ဘက်ဖြစ်လျက်။ အမြဲတည်ရှိနေသော အသစ်တခတ်နိရောဓသစ္စာ နိဗ္ဗာန် ၌၊ အာရမ္မဏာပဋိဝေဓေါ။အာရုံပြုသောအားဖြင့်ထိုးထွင်း၍သိသည်။ဟော တိ။ဖြစ်၏။ ။ဤသို့ပြဆိုအပ်သော အဋ္ဌကထာ၍၏စကားတော်ကိုထောက် ၍။သစ်တတရားဖြစ်သောဒုက္ခ,သမုဒယ,မဂ္ဂသစ္စာတို့၌အာရုံမပြုဘဲ။ တွေ ဝေခြင်းမရှိသော အသမ္မောဟ ကိစ္စဖြင့်သိမှု။ သစ်တသစ္စာနှင့် ဆန့်ကျင် ဘက်ဖြစ်သော အသစ်တခတ် နိရောဓသစ္စာ၌မူကား။ အာရုံပြုသောအား ဖြင့်သိမှုကိုထင်ရှားသိကြလေ။ ။

{မေး} ၎င်းလောကုတ္တရာမဂ်ဉာဏ်တော်သည်။ သစ္စာလေးပါးတရားတော်ကိုတပြိုင်နက်သိမှုကို။ ရှေး၌ပြဆိုအပ်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှ တပါး။ တပါးသောအဋ္ဌကထာများ၌ပြဆိုအပ်သေးတာရှိပါသေးသလော။

{ဖြေ} ဒုက္ခံ ပရိညာပဋိဝေဓေန ပဋိဝိဇ္ဈတိ။ သမုဒယံ ပဟာနပဋိဝေဓေန။ နိရောဓံသစ္ဆိကိရိယပဋိဝေဓေန။ မဂ္ဂံ ဘာဝနာပဋိဝေဓေန ပဋိဝိဇ္ဈတိ ဟူ၍ သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ရှိသည်။ သစ္စဝိဘင်း။ မဂ္ဂသစ္စာ အဖွင့်၌ ပြဆိုအပ်သည်ကား ရှိပါသေးသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိညာပဋိဝေဓေန၊ ပိုင်းခြား၍သိခြင်းတည်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ သမုဒယံ၊ သမုဒယသစ္စာကို။ ပဟာန ပဋိဝေဓေန၊ ပယ်ခြင်းတည်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ နိရောဓံ၊ မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာ နိဗ္ဗာန်ကို။ သစ္ဆိကိရိယပဋိဝေဓေန၊ မျက်မှောက်ပြုခြင်းတည်းဟူသောသိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝနာပဋိဝေဓေန၊ ပွားခြင်းတည်းဟူသောသိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်၏စကားတော်ကို ထောက်၍လည်း။ လောကုတ္တရာ မဂ်ဉာဏ်တော်သည်။ သစ္စာလေးပါးတရားတော်ကို ထိုးထွင်း၍ သိမြင်ခြင်းကိစ္စကို။ တပြိုင်နက်တချက်တည်းပြီးစေသည်၏ အဖြစ်ကိုထင်ရှားသိကြလေ။ ။

{မေး} ထိုလောကုတ္တရာမဂ်ဉာဏ်တော်သည်။ မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြုခိုက်။ သစ္စာလေးပါးတရားတော်ကိုတပြိုင်နက်ထိုးထွင်း၍သိမြင်ခြင်းကိစ္စပြီးမှုကို ပြဆိုအပ်သော အဋ္ဌကထာပါဌ်တို့ကိုထောက်၍သိရပါပြီ။ ထိုလောကုတ္တရာ မဂ်ဉာဏ်တော်သည် နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိမြင်ခိုက်။ ကျန်သော ဒုက္ခ၊ သမုဒယ၊ မဂ္ဂသစ္စာတို့ကိုလည်းတပြိုင်နက်ထိုးထွင်း၍သိမြင်မှုကို။ ဘုရားရှင်ဟောပါဠိတော်များရှိပါသေးသလော။ အကယ်၍ရှိလျှင် ရှိမှုကိုဘယ်လိုသိအပ်ပါမည်နည်း။ ။

{ဖြေ} ယော ဒုက္ခံ နိရောဓံ ပဿတိ။ ဒုက္ခမ္ပိ သော ပဿတိ။ ဒုက္ခသမုဒယမ္ပိ ပဿတိ။ ဒုက္ခနိရောဓဂါမိနိပဋိပဒမ္ပိ ပဿတိ ဟူ၍ မဟာဝဂ္ဂသံယုတ်ပါဠိတော်သစ္စသံယုတ်။ ကောဋိဂါမဝဂ်အဆုံးသုတ်၌ဘုရားရှင်ဟောတော်မူအပ်သည်ကိုထုတ်ပြမှုကိုထောက်၍၊ ဘုရားရှင်ဟောအပ်ကြောင်းကိုသိအပ်ပါသည်။ ။အနက်သိကြောင်း မြန်မာပြန်ကား။ ။ယော၊ အကြင်သူသည်။ ဒုက္ခနိရောဓံ၊ ဒုက္ခတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အ

ကြောင်းဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို။ ပဿတိ၊ သော ကုဏ္ဍရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့်ထိုးထွင်းသိမြင်၏။သော၊ ထိုသောကုဏ္ဍရာသမ္မာဒိဋ္ဌိဖြင့်နိရောဓသစ္စာနိဗ္ဗာန်ကိုမြင်သောပုဂ္ဂိုလ်သည်၊ ဒုက္ခမ္ပိ၊ သင်္ခတဖြစ်သော ဒုက္ခသစ္စာကိုလည်း။ ပဿတိ၊ ထိုသောကုဏ္ဍရာသမ္မာဒိဋ္ဌိဉာဏ်ဖြင့်သာလျှင်၊ ထိုးထွင်းသိမြင်၏။ ဒုက္ခ သမုဒယမ္ပိ၊ ဒုက္ခတို့၏ ဖြစ်ကြောင်းဖြစ်သောသင်္ခတဖြစ်သော သမုဒယသစ္စာကိုလည်း။ ပဿတိ၊ ထိုနိရောဓသစ္စာနိဗ္ဗာန်ကိုမြင်သော လောကုဏ္ဍရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့်သာလျှင်၊ ထိုးထွင်းသိမြင်၏။ ဒုက္ခနိရောဓဂါမိနိ၊ ဒုက္ခတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့ အာရုံပြု၍ရောက်တတ်သော၊ ပဋိပဒမ္ပိ၊ သောကုဏ္ဍရာမဂ်တည်းဟူသောအကျင့်တရားကိုသည်း။ပဿတိ၊ ထိုနိရောဓ သစ္စာနိဗ္ဗာန်ကိုထိုးထွင်း၍သိမြင်တတ်သော လောကုဏ္ဍရာသမ္မာဒိဋ္ဌိ မဂ်ဉာဏ်ဖြင့်သာလျှင် ထိုးထွင်း၍သိမြင်၏။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍၊ အသင်္ခတဓာတ်နိရောဓသစ္စာကိုမျက်မှောက်အာရုံပြု၍သိမြင်ခိုက်။ကျန်သောသင်္ခတဖြစ်သော ဒုက္ခ၊ သမုဒယ၊ မဂ္ဂတည်းဟူသော သစ္စာသုံးပါးကိုလည်း။တပြိုင်နက်တချက်တည်းမြင်ခြင်းသို့ရောက်သည်၏ အဖြစ်ကိုထင်ရှားသိကြလေကုန်။ ။

{မေး} ထိုနိရောဓသစ္စာနိဗ္ဗာန်ကိုမြင်ခိုက်။ဒုက္ခ၊ သမုဒယ၊ မဂ္ဂတည်းဟူသောသစ္စာသုံးပါးတို့ကိုလည်းတပြိုင်နက်တချက်တည်းမြင်ခြင်းသို့ရောက်လျှင်။ထိုလောကုဏ္ဍရာမဂ်ဉာဏ်သည်။ဒုက္ခသစ္စာကိုအသမ္မောဟ၏အစွမ်းဖြင့်သိမြင်ခိုက်။ သမုဒယသစ္စာ၊နိရောဓသစ္စာ၊မဂ္ဂသစ္စာတို့ကိုလည်း တပြိုင်နက်သိမြင်သည်မဟုတ်ပါလော။သမုဒယသစ္စာကို အသမ္မောဟ၏အစွမ်းအားဖြင့်သိမြင်ခိုက်။ဒုက္ခ၊နိရောဓ၊မဂ္ဂသစ္စာသုံးပါးတို့ကိုလည်း တပြိုင်နက်သိမြင်သည်မဟုတ်ပါလော။ ။နိရောဓဂါမိနိပဋိပဒါတည်းဟူသော မဂ္ဂသစ္စာကိုအသမ္မောဟ၏အစွမ်းဖြင့်သိမြင်ခိုက်။ဒုက္ခ၊သမုဒယ၊နိရောဓသစ္စာသုံးပါးကိုလည်း၊ တပြိုင်နက်သိမြင်သည် မဟုတ်ပါလော။ ဤအကြောင်းကိုဘယ်လိုသိအပ်ပါမည်နည်း။ ။

{ဖြေ} ထိုလောကုဏ္ဍရာ မဂ်ဉာဏ်တော်သည်၊ ဒုက္ခသစ္စာကို သိမြင်ခိုက်။ ကျန်သမုဒယ၊ နိရောဓ၊ မဂ္ဂတည်းဟူသောသစ္စာသုံးပါးကိုလည်း။တပြိုင်နက်သိမြင်သည်သာတည်း။ သမုဒယသစ္စာကိုသိမြင်ခိုက်၌လည်း၊ ထိုနည်းအတူ၊ ကျန်သစ္စာသုံးပါးကိုတပြိုင်နက်တချက်တည်းသိမြင်သည်သာတည်း။ ဒုက္ခနိရောဓဂါမိနိပဋိပဒါဟုဆိုအပ်သော မဂ္ဂသစ္စာကိုသိမြင်ခိုက်၌

လည်း။ကျန်ဒုက္ခ၊သမုဒယ၊နိရောဓတည်းဟူသောသစ္စာသုံးပါးလုံးကိုပင်။ တပြိုင်နက်တချက်တည်းသိမြင်သည်သာတည်းဟုသိအပ်ပါသည်။

{မေး} လောကုတ္တရာမဂ်ဉာဏ်တော်သည်။ ထိုဒုက္ခစသောသစ္စာတပါးပါးကိုသိမြင်ခိုက်။ကျန်သစ္စာသုံးပါးကိုလည်း။တပြိုင်နက်တချက်တည်းသိမြင်သည်၏အဖြစ်ကိုဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။ ။

{ဖြေ} ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ။ ဒုက္ခ သမုဒယမ္ပိ သောပဿတိ။ ဒုက္ခနိရောဓမ္ပိ ပဿတိ။ ဒုက္ခနိရောဓ ဂါမိနိပဋိပဒမ္ပိ ပဿတိ။ ယော သမုဒယံ ပဿတိ။ ဒုက္ခမ္ပိ သော ပဿတိ။ ဒုက္ခနိရောဓမ္ပိ ပဿတိ။ ဒုက္ခနိရောဓ ဂါမိနိပဋိပဒမ္ပိ ပဿတိ၊ လ။ ယော ဒုက္ခနိရောဓ ဂါမိနိပဋိပဒမ္ပိ ပဿတိ၊ ဒုက္ခမ္ပိ သော ပဿတိ။ ဒုက္ခသမုဒယမ္ပိ ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ ဟူ၍။မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ သစ္စသံယုတ်၊ ကောဋိဂါမဝဂ် အဆုံးသုတ်၌ဘုရားဟောပါဠိကိုထောက်၍ မဂ်ဉာဏ်တပါးတည်းသည်။ ဒုက္ခစသော သစ္စာတပါးပါးကိုသိမြင်ခိုက်။ ကျန်သစ္စာသုံးပါးကိုလည်းတပြိုင်နက် တချက်တည်းသိမြင်မှုကို ထင်ရှားသိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ယော၊အကြင်သူသည်။ ဒုက္ခံ၊ သစ်တဖြစ်သော ဒုက္ခသစ္စာကို၊ပဿတိ၊ လောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့်မြင်၏။ သော၊ထိုလောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် မြင်သောသူသည်။ ဒုက္ခသမုဒယမ္ပိ၊ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သောသမုဒယသစ္စာကိုလည်း၊ ပဿတိ၊ ထိုလောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့်သာလျှင်မြင်၏။ ဒုက္ခနိရောဓမ္ပိ၊ ဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းဖြစ်သောအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုလည်း၊ပဿတိ၊ ထိုလောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့်သာလျှင်မြင်၏၊ဒုက္ခနိရောဓဂါမိနိ ဒုက္ခတရားတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့အာရုံပြုသောအားဖြင့်ရောက်တတ်သော၊ ပဋိပဒမ္ပိ၊ လောကုတ္တရာမဂ်တည်းဟူသော အကျင့်တရားကိုလည်း၊ ပဿတိ၊ ထိုလောကုတ္တရာ မဂ်ဖြင့်သာလျှင်မြင်၏၊ ယော၊ အကြင်သူသည်၊ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာကို၊ ပဿတိ၊လောကုတ္တရာသမ္မာဒိဋ္ဌိဉာဏ်ဖြင့်မြင်၏၊သော၊ထိုသမုဒယသစ္စာကို လောကုတ္တရာသမ္မာဒိဋ္ဌိဉာဏ်ဖြင့်မြင်သောသူသည်၊ဒုက္ခမ္ပိ၊ဒုက္ခသစ္စာကိုလည်း၊ ပဿတိ၊ ထိုလောကုတ္တရာ သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့်သာလျှင်မြင်၏၊ ဒုက္ခနိရောဓမ္ပိ၊ ဒုက္ခတို့၏ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုလည်း၊ပဿတိ၊

ထိုလောကုတ္တရာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့်သာလျှင်မြင်၏။ ဒုက္ခ နိရောဓဂါမိနီ၊ ဒုက္ခတရားတို့၏ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့အာရုံပြု၍ရောက်တတ်သော။ ပဋိပဒဗ္ဗိ၊ လောကုတ္တရာမဂ်တည်းဟူသောအကျင့်ကိုလည်း။ပဿတိ၊ထို လောကုတ္တရာမဂ်ဖြင့်သာလျှင်မြင်၏။ လ။ ယော၊ အကြင်သူသည်။ ဒုက္ခ နိ ရောဓဂါမိနီ၊ဒုက္ခတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်း ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍ရောက်တတ် သော။ပဋိပဒဗ္ဗိ၊ လောကုတ္တရာမဂ်တည်းဟူသောအကျင့်ကိုလည်း။ ပဿ တိ၊ လောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့်မြင်၏။ သော၊ ထိုလောကုတ္တရာ မဂ်ဖြင့်မြင်သောသူသည်။ ဒုက္ခမ္ပိ၊ဒုက္ခသစ္စာတရားကိုလည်း။ ပဿတိ၊ထို လောကုတ္တရာမဂ်ဉာဏ်ဖြင့်သာလျှင်မြင်၏။ ဒုက္ခသမုဒယမ္ပိ၊ဒုက္ခတို့၏ဖြစ် ကြောင်းဖြစ်သော သမုဒယသစ္စာကိုလည်း။ ပဿတိ၊ထိုလောကုတ္တရာမဂ် ဖြင့်သာလျှင်မြင်၏။ ဒုက္ခနိရောဓမ္ပိ၊ ဒုက္ခတရားတို့၏နောင် အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုလည်း။ပဿတိ၊ထိုလောကုတ္တရာမဂ်ဉာဏ်ဖြင့်သာသိမြင်၏။ ။ ဤကား။ ။မြန်မာပြန်တည်း။ ။အဓိပ္ပါယ်ကား။ ။အကြင် ပုဂ္ဂိုလ်သည်။ သင်္ခတဖြစ်သောဒုက္ခသစ္စာကို။လောကုတ္တရာသမ္မာဒိဋ္ဌိဉာဏ်ဖြင့်ထိုးထွင်း သိမြင်၏။ထိုဒုက္ခသစ္စာကိုထိုးထွင်း၍သိမြင်သော ပုဂ္ဂိုလ်သည်။ဒုက္ခ၏ဖြစ် ကြောင်းဖြစ်သော သင်္ခတ တရားဖြစ်သော သမုဒယသစ္စာကိုလည်း။ ထို လောကုတ္တရာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့်သာလျှင် ထိုးထွင်း၍ သိမြင်လေတော့၏။ ဒုက္ခ၏နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်း၏အကြောင်းဖြစ်သော အသင်္ခတ ဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုလည်း။ ထိုဒုက္ခ သစ္စာကို ထိုးထွင်း၍ သိမြင် သောလောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့်သာလျှင်ထိုးထွင်း၍သိမြင်လေ ၏။အကြင်သူသည်၊ ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သောသမုဒယသစ္စာကို။လော ကုတ္တရာမဂ်ဖြင့် ထိုးထွင်း၍သိမြင်၏။ ထိုသိမြင်သောသူသည် သင်္ခတဖြစ် သော ဒုက္ခ သစ္စာကိုလည်း။ ၎င်းသမုဒယသစ္စာကို ထိုးထွင်း၍သိမြင်သော လောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့်သာလျှင် ထိုးထွင်း၍သိမြင်၏။ ဒုက္ခ တို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းဖြစ်သော အသင်္ခ တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုလည်း။၎င်း သမုဒယသစ္စာကို ထိုးထွင်း၍သိ မြင်သောလောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့်သာလျှင်။ထိုးထွင်း၍သိမြင် ၏။ ဒုက္ခတို့၏နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းဖြစ်သော နိရောဓသစ္စာနိဗ္ဗာန်သို့အာရုံပြု၍ ရောက်တတ်သောလောကုတ္တရာမဂ်တည်း

ဟူသော အကျင့်ကိုလည်း၊ ထိုသမုဒယသစ္စာကို ထိုးထွင်း၍သိမြင်တတ်သော လောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့်သာလျှင် ထိုးထွင်း၍သိမြင်လေသည်၊ အကြင်သူသည်ဒုက္ခတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်သို့ အာရုံပြု၍ရောက်သော လောကုတ္တရာမဂ်တည်းဟူသော အကျင့်တရားကို လောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိမြင်၏၊ ထိုထိုးထွင်း၍သိမြင်သောသူသည်သင်္ခတဖြစ်သော ဒုက္ခသစ္စာတရားကိုလည်း။ ထိုလောကုတ္တရာမဂ်အကျင့်ကို ထိုးထွင်း၍သိမြင်တတ်သော လောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့်သာလျှင် ထိုးထွင်း၍သိမြင်၏။ သင်္ခတ တရားဖြစ်သော ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကိုလည်း။ ထိုလောကုတ္တရာမဂ်တည်းဟူသောအကျင့်ကို ထိုးထွင်း၍သိမြင်တတ်သောလောကုတ္တရာမဂ်ဉာဏ်ဖြင့်သာလျှင် ထိုးထွင်း၍သိမြင်၏။ အသင်္ခတဖြစ်သောနိရောဓသစ္စာနိဗ္ဗာန်ကိုလည်း။ ထိုလောကုတ္တရာမဂ်တည်းဟူသောအကျင့်ကို ထိုးထွင်း၍သိမြင်တတ်သော လောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့်သာလျှင် ထိုးထွင်း၍သိမြင်၏ဟူလို။ ။ဤကားအဓိပ္ပါယ်တည်း။ ။ဤသို့ဟောတော်မူအပ်သော မဟာဝဂ္ဂသံယုတ်ပါဠိတော်ကိုထောက်၍၊ သစ္စာတပါးကိုထိုးထွင်း၍ သိမြင်တတ်သောလောကုတ္တရာသမ္မာဒိဋ္ဌိမဂ်ဉာဏ်တော်သည်၊ ကျန်သုံးပါးသော သစ္စာတရားကိုလည်း။ တပြိုင်နက် တချက်တည်း၊ ၎င်းလောကုတ္တရာဖြစ်သော သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့်သာလျှင် ထိုးထွင်း၍သိမြင်သည်၏ အဖြင့်ကို သိကြလေ။

{မေး} ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ထိုးထွင်း၍သိမြင်ခိုက်၊သစ္စာလေးပါးတရားတို့ကိုတပြိုင်နက်ထိုးထွင်း၍သိမြင်သော ဉာဏ်ကို၊ လောကုတ္တရာ ဉာဏ်ဟုခေါ်ဆိုအပ်မှုကို အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။ ။

{ဖြေ} ပဋိဝေဓဉာဏံ လောကုတ္တရံ နိရောဓမာရမ္မဏံ ကစ္စတော၊ ကိစ္စတော စတ္တာရိပိ သစ္စာနိ ပဋိဝိဇ္ဈတိ ဟု၍။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ သစ္စဝိဘင်းအဖွင့်{၇၅}မျက်နှာ၌လည်းကောင်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သစ္စနိဒ္ဒေသ{၁၂၄}မျက်နှာ၌ လည်းကောင်း။ မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း၊ လောကုတ္တရမဂ္ဂက္ခဏေ၊ ဥပါဒါဓိပတေယျံ စိတ္တံ ဉာဏသဟေတုပစ္စယောစ၊ တံသမ္ပယုတ္တံ နိရောဓဂေါစရံ၊ ဒဿနာဓိပတေယျံ ဉာဏံ စိတ္တသဟေတုပစ္စယောစ၊ တံ သမ္ပယုတ္တံ ဉာဏံ နိရောဓ ဂေါစရံ၊ လောကုတ္တရ မဂ္ဂက္ခဏေ ပစ္စုပ္ပန္နစိတ္တေနစ ဉာဏေနစ အဘိသမေတိ ဟု

၍။ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊အဘိသမယကထာ၌။ဟောတော်မူအပ်သည်
ကိုထောက်၍လည်းကောင်း သိအပ်ပါသည်၊ ။အနက်သိကြောင်းမြန်မာ
ပြန်ကား။ ။လောကုတ္တရံ၊ လောကုတ္တရာတရားဖြစ်သော။ပဋိဝေဓဉာဏံ၊
သစ္စာလေးပါးတရားတို့ကို တပြိုင်နက်ထိုးထွင်း၍သိမြင်တတ်သောဉာဏ်
တော်သည်။ နိရောဓံ၊ ဒုက္ခတရားတို့၏ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိ
ခြင်း၏အကြောင်းဖြစ်သောအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်
ကို။ အာရမ္မဏံ၊ အာရုံကို။ ကတ္ွာ၊ ပြု၍။ ကိစ္စတော၊ ဒုက္ခသစ္စာကိုပိုင်းခြား
၍သိခြင်းကိစ္စ။ သမုဒယသစ္စာကို ပယ်ခြင်းတည်းဟူသော သိခြင်းဖြင့်သိ
ခြင်းကိစ္စ။ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းတည်းဟူသော သိခြင်းဖြင့်
သိခြင်းကိစ္စ။ မဂ္ဂသစ္စာကိုပွားခြင်းတည်းဟူသော သိခြင်းဖြင့်သိခြင်းကိစ္စ
အားဖြင့်၊ စတ္တာရိပိ၊ လေးပါးလည်းဖြစ်ကုန်သော။ သစ္စာနိ၊ မချွတ်မယွင်း
မှန်ကန်သော သစ္စာတရားတို့ကို။ပဋိဝိဇ္ဈတိ၊ တပြိုင်နက်ထိုးထွင်း၍သိမြင်
၏။ ဤကား၊ အဋ္ဌကထာပါဌ်တို့၏။ မြန်မာပြန်တည်း။ ။လောကုတ္တရမဂ္ဂက္ခ
ဏေ၊ လောကုတ္တရာမဂ်ခဏ၌။ဥပါဒါမိပတေယျံ၊မိမိကိုရွဲမှီ၍ဖြစ်ကုန်သော။
သမ္ပယုတ်တရားတို့ထက် အကြီးအကဲလည်းဖြစ်သော။ ဝါ။ ကား။ ဥပါဒါ
မိပတေယျံ၊ဖြစ်ပေါ်ခြင်း၌ရှေ့ဆောင်အကြီးအကဲလည်းဖြစ်သော။ ဤကား
အဓိပ္ပာယ်ဖွင့်ချက်အရ ယောဇနာခြင်းတည်း။ ။စိတ္တံ၊လောကုတ္တရာမဂ်
နှင့်ယှဉ်သော နိဗ္ဗာန်ကိုသိသောစိတ်သည်။ ဉာဏသ၊ နိဗ္ဗာန်ကိုထိုးထွင်း
၍သိသော လောကုတ္တရာမဂ်ဉာဏ်၏။ ဟောတုစ၊ ဇနက အကြောင်းသည်
လည်း။ ဟောတိ၊ ဖြစ်၏။ ။ပစ္စယော စ၊ ဥပတ္ထမ္ဘက အထောက် အပန့်အ
ကြောင်းသည်လည်း၊ ဟောတိ၊ ဖြစ်၏။ ။တံသမ္ပယုတ္တံ၊ ထိုဟေတုပစ္စယ
ဖြစ်သော။ လောကုတ္တရာစိတ်နှင့်ယှဉ်သော။ နိရောဓဂေါစရံ၊ ဒုက္ခတရား
တို့၏ နောင်အဆက်ဆက် ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းဖြစ်သော။ အ
သင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်သာလျှင်ကျက်စားရာအာရုံရှိ
သည်။ ဟောတိ၊ ဖြစ်၏။ ဒဿနာဓိပတေယျံ၊ နိဗ္ဗာန်ကိုမြင်ခြင်း၌။သမ္ပယုတ်
တရားတို့ထက် အကြီးအကဲလည်း ဖြစ်သော။ ဉာဏံ၊ လောကုတ္တရာမဂ်
ဉာဏ်တော်သည်။ စိတ္တဿ၊မိမိနှင့်ယှဉ်သောစိတ်သည်လည်း။ဟေတုစ၊ဇ
နကအကြောင်းမဂ်သည်လည်း။ဟောတိ၊ ဖြစ်၏။ ။ပစ္စယောစ၊ ဥပတ္ထမ္ဘက
အထောက်အပန့်အကြောင်းသည်လည်း။ဟောတိ၊ဖြစ်၏။ ။တံသမ္ပယုတ္တံ၊
ထိုလောကုတ္တရာမဂ်နှင့်ယှဉ်သော။ဉာဏံ၊ဉာဏ်တော်သည်။နိရောဓဂေါ
စရံ၊ ဒုက္ခတရားတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်း
ဖြစ်သော။ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သာလျှင် ကျက်စားရာအာရုံ

ရှိသည်။ ဟောတိ၊ ဖြစ်၏။ ။လောကုတ္တရမဂ္ဂက္ခဏေ၊ လောကုတ္တရာမဂ်ခဏ၌၊ ပစ္စုပ္ပန္နမိတ္တေနစ၊ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်ပေါ်ဆဲဖြစ်သောလောကုတ္တရာမဂ်စိတ်ဖြင့်လည်းကောင်း။ဉာဏေနစ၊ ထိုမဂ်စိတ်နှင့်ယှဉ်သော လောကုတ္တရာမဂ်ဉာဏ်ဖြင့်လည်းကောင်း။အဘိသမေတိ၊သစ္စာလေးပါးတရားတော်တို့ကိုတပြိုင်နက်ထိုးထွင်း၍သိမြင်၏။ ဤကားပဋိသမ္ဘိဒါမဂ်ပါဠိတော်၏ မြန်မာပြန်တည်း။ ။ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်တို့၏ စကား။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်စကားတို့ကိုထောက်၍၊နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍ သစ္စာလေးပါးတရားတို့ကိုတပြိုင်နက်ထိုးထွင်း၍သိမြင်သော ဉာဏ်တော်သည်၊ စင်စစ်၊ လောကုတ္တရာမဂ်ဉာဏ်ဖြစ်ကြောင်းကို ထင်ရှားသိကြလေ။

{မေး} အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍ သစ္စာလေးပါးတရားတို့ကိုသိမြင်သော ၎င်းလောကုတ္တရာမဂ်ဉာဏ်ဖြစ်ခိုက်၊မဂ္ဂင်ရှစ်ပါးတရားသာလျှင်ဖြစ်ပါသလော။ ထိုအခိုက် ဗောဓိပက္ခိယမ္မဖြစ်သော ဗောဓိပက္ခိယ တရားတို့ကား။ ဖြစ်မှု မရှိပါသလော။ သို့မဟုတ်၊ ဖြစ်မှုရှိပါသလော။ ထိုအကြောင်းကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ထိုအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍သိမြင်သောမဂ်ဉာဏ်ဖြစ်ခိုက်၊ မဂ္ဂင်ရှစ်ပါးတရားသာလျှင်ဖြစ်သည်မဟုတ်။ မိမိနှင့်သမ္ပယုတ်ဖြစ်သော ဗောဓိပက္ခိယတရား အားလုံးတို့နှင့်ပင်ယှဉ်၍ ဖြစ်သည်ဟုသိအပ်ပါသည်။ သိအပ်ပုံကိုထင်စွာပြဦးအံ့။ ထိုအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍မဂ်ဉာဏ်ဖြစ်ခိုက်၊ ၎င်းနိဗ္ဗာန်ကို ရှေးသွားအာရုံပြု၍သိသော သဘောသည်၊ စင်စစ်၊ မဂ်ဉာဏ်နှင့်ယှဉ်သော စိတ်ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားဖြစ်၏။ ၎င်းစိတ်ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားသိမှုကို။ နိဗ္ဗာန်အာရုံနှင့်ပေါင်းဆုံစေတတ်သောသဘောသည်။ ဖဿဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားဖြစ်၏။ ၎င်းနိရောဓ သစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ ရွှင်လန်းသောအခြင်းအရာဖြင့် ဖြစ်သောသဘောသည်။ဝေဒနာဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက်။၎င်းနိဗ္ဗာန်အာရုံကိုမှတ်တတ်သောသဘောသည်။သညာဟုခေါ်ဆိုအပ်သောပရမတ္ထသဘောတရားဖြစ်၏။ ၎င်းနိရောဓ သစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။သိအောင်စေ့ဆော်တတ်သောသဘောသည်၊စေတနာဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားဖြစ်၏။၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ ၎င်းအာရုံတခုတည်း၌ သိမှုစသည်တို့ကို မပျံ့မလွင့်

တည်စေတတ်သော သဘောသည်။ ဉေက္ခတာဟုခေါ်ဆိုအပ်သော မရဏ္ဍ သဘောတရားဖြစ်၍၊ ၎င်းနိဒ္ဒေသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက်။ သိမှု စသောသဘောတရားတို့ကို စောင့်ရှောက်တတ်သောသဘောသည်။ဇီဝိ တိန္ဒြေဟုခေါ်ဆိုအပ်သောပရမတ္ထသဘောတရားဖြစ်၍။ ၎င်းနိဒ္ဒေသစ္စာ နိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။၎င်းသိမှုသဘောကို၎င်းနိဗ္ဗာန်အာရုံနှင့်ယှဉ်စေ တတ်။ ၎င်းအာရုံသို့ ရှေ့ရှုပြု၍သက်ဝင်စေတတ်သော သဘောသည်။ မန သိကာရဟုခေါ်ဆိုအပ်သောပရမတ္ထသဘောတရားဖြစ်၍၊၎င်းနိဒ္ဒေသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍သိခိုက်။ ၎င်းသိမှုစသော သဘောတရားတို့ကို၊ ၎င်း နိဗ္ဗာန်အာရုံသို့ရောက်အောင်တင်ဆောင်တတ်သောသဘောသည်၊ဝိတက် ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားဖြစ်၍၊ ၎င်းနိဒ္ဒေသစ္စာနိဗ္ဗာန် ကိုအာရုံပြု၍သိခိုက်၊ ၎င်းသိမှုစသော တရားတို့ကို၊ ၎င်းနိဗ္ဗာန်အာရုံ၌သုံး သပ်စေတတ်သော သဘောသည်။ ဝိစာရဟုခေါ်ဆိုအပ်သော ပရမတ္ထသ ဘောတရားဖြစ်၍။၎င်းနိဒ္ဒေသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ ၎င်းအာရုံ ကိုဆုံးဖြတ်တတ်သောသဘောသည်။ အဓိမောက္ခဟုခေါ်ဆိုအပ်သောပရ မတ္ထသဘောတရားဖြစ်၍။၎င်းနိဒ္ဒေသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်၊၎င်း သိမှုစသည်တို့ကိုနိဗ္ဗာန်အာရုံ၌ဖြစ်အောင် အားထုတ်တတ်သောသဘော သည်။ဝီရိယဟုခေါ်ဆိုအင်သော ပရမတ္ထသဘောတရားဖြစ်၍။၎င်းနိဒ္ဒေ သစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက်၊ ၎င်းအာရုံကိုနှစ်သက်တတ်သော သ ဘောသည်။ ပီတိဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားဖြစ်၍။ ၎င်း နိဒ္ဒေသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်၊ ၎င်းအာရုံကိုအလိုရှိတတ်။ ၎င်း အာရုံ၌ဖြစ်အောင်ပြုလုပ်တတ်သောသဘောသည်။ ဆန္ဒဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားဖြစ်၍။၎င်းနိဒ္ဒေသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်၊ သိမှုစသည်တို့ကိုကြည်လင်စေတတ်၊ ၎င်းအာရုံဖြစ်သော သဘောလက္ခ ဏာစသည်တို့ကိုယုံကြည်တတ်သောသဘောသည်။သဒ္ဓါဟုခေါ်ဆိုအပ် သော ပရမတ္ထသဘောတရားဖြစ်၍၊ ၎င်းနိဒ္ဒေသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက်၊ ၎င်းအာရုံကိုအောက်မေ့တွေးတောတတ်သောသဘောသည်၊ သ တိဟုခေါ်ဆိုအပ်သော ပရမတ္ထ သဘောတရားဖြစ်၍၊ ၎င်း နိဒ္ဒေသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍သိခိုက်၊ မကောင်းမှုမှ စက်ဆုပ်တတ်သော သဘော သည်။ဟိရီဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားဖြစ်၍။ ၎င်းနိဒ္ဒေ သစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက်။ မကောင်းမှုမှ ထိတ်လန့်တတ်သော သ ဘောသည်။ဩတ္တပ္ပဟုခေါ်ဆိုအပ်သောပရမတ္ထသဘောတရားဖြစ်၍။၎င်း နိဒ္ဒေသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက်။ ၎င်းအာရုံ၌ မကပ်ငြိတတ်သော

သဘောသည်။ အလောဘဟုခေါ်ဆိုအပ်သော ပရမတ္ထ သဘောတရားဖြစ်၍၊ ၎င်းနိရောဓ သစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်၊ ၎င်းအာရုံကို မပြစ်မှား တတ်သောသဘောသည်။ အဒေါသဟုခေါ်ဆိုအပ်သော ပရမတ္ထ သဘော တရားဖြစ်၍။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။၎င်းသိမှုစသော သဘောတရားတို့ကိုယုတ်မှတည်းဟူသော ထိနမိဒ္ဓ၊ လွန်မှုတည်းဟူသော ဥဒ္ဓစ္စစသော ကိလေသာတို့သို့မရောက်စေမူ၍။ ၎င်းကိလေသာတို့မှ လွတ် လျက်။၎င်းနိရောဓသစ္စာနိဗ္ဗာန်အာရုံသို့တဖြောင့်တည်းတည့်မတ်စွာတည် စေတတ်။ ကျရောက်စေတတ်သော သဘောသည်။ တတြမဇ္ဈတ္တတာဟု ဆိုအပ်သောပရမတ္ထသဘောတရားဖြစ်၍။၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံ ပြု၍သိခိုက်၊ပူပန်စေတတ်သောကိလေသာတို့သည်ကင်းလေခြင်းကြောင့် သိတတ်သောသဘော၏ငြိမ်းချမ်းမှုသည်လည်းပါရှိနေ၍၊ ၎င်းသိမှုနှင့်အ တူ ဖြစ်ကုန်သော တွေ့မှု၊ခံစားမှုစသော သမ္ပယုတ် တရားဟုခေါ်ဆိုအပ် သော စေတသိက်တရားတို့၏ငြိမ်းချမ်းမှုသည်လည်းပါရှိနေ၍။ ထိုသို့ပါရှိ နေသော ငြိမ်းချမ်းမှုနှစ်ပါးတို့တွင်။ စိတ်၏ငြိမ်းချမ်းမှုသဘောသည်၊ စိတ္တ ပဿဒ္ဓိဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားဖြစ်၏။ တွေ့မှု၊ ခံစားမှု စသော စေတသိက်တရားအပေါင်းတို့၏ငြိမ်းချမ်းမှုသဘောသည်။ ကာယ ပဿဒ္ဓိဟုခေါ်ဆိုအပ်သောပရမတ္ထသဘောတရားဖြစ်၍။၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ လေးလံတတ်သော ကိလေသာတရားဟူသမျှ တို့သည်ကင်းလေကုန်၍၊ ထိုသို့လေးလံတတ်သော ကိလေသာတို့မှကင်း ခြင်းကြောင့်သိမှု၏ပေါ့ပါးသည့်၏အဖြစ်သည်လည်းထင်၏။သိမှုနှင့်အတူ ဖြစ်သောတွေ့မှု၊ခံစားမှုစသော စေတသိက်တရားအပေါင်းတို့၏ ပေါ့ပါး သည့်၏အဖြစ်သည်လည်းထင်၏။ ထိုထင်သော ပေါ့ပါးသည့်၏အဖြစ်နှစ် ပါးတို့တွင်။ သိမှု၏ပေါ့ပါးသည့်၏အဖြစ်သဘောသည်။ စိတ္တလဟုတာဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားဖြစ်၏။ တွေ့မှု၊ခံစားမှုစသော စေ တသိက်တရားအပေါင်းတို့၏၊ ပေါ့ပါးသည့်၏အဖြစ်သဘောသည်၊ကာယ လဟုတာဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားဖြစ်၏။ ၎င်းနိရောဓ သစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ကြမ်းတမ်းသောသဘောရှိသော ကိလေ သာဟူသမျှသည်လည်းကင်းလေ၏။ထိုသို့ကြမ်းတမ်းသောကိလေသာဟူ သမျှတို့၏ကင်းခြင်းကြောင့်၊ စိတ်ဟုခေါ်ဆိုအပ်သောသိမှု၏ နူးညံ့သည့်၏ အဖြစ်သဘောသည်လည်းထင်၏။တွေ့မှု၊ခံစားမှုစသောစေတသိက်တရား အပေါင်းတို့၏ နူးညံ့သည့်၏အဖြစ်သဘောသည်လည်းထင်၏။ထိုထင်သော သဘောနှစ်ပါးတို့တွင်၊စိတ်ဟုခေါ်ဆိုအပ်သော သိမှု၏နူးညံ့သည့်၏အဖြစ်

သဘောသဉ်။စိတ္တမုဒုတာဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားဖြစ်၍။ တွေ့မှု၊ ခံစားမှုစသော စေတသိက်တရားအပေါင်းတို့၏ နူးညံ့သည်၏အဖြစ်သဘောသည်။ကာယမုဒုတာဟုခေါ်ဆိုအပ်သောပရမတ္ထသဘောတရားဖြစ်၍။၎င်းအသခ်တခါတ်နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ ကောင်းသောအာရုံကို အာရုံပြုခြင်း တည်းဟူသော အမှု၌။ မခံ့စေတတ်သောကိလေသာဟူသမျှတို့သည်လည်းကင်းကုန်၍၊ထိုသို့ကင်းခြင်းကြောင့် စိတ်ဟုခေါ်ဆိုအပ်သောသိမှု၏ ကောင်းသောနိဗ္ဗာန်အာရုံကို အာရုံပြုမှု၌၊ ခံ့သည်၏အဖြစ်သဘောသည်လည်းထင်၍။ တွေ့မှု၊ ခံစားမှုစသောစေတသိက်တရား အပေါင်းတို့၏။ ကောင်းသော နိဗ္ဗာန်အာရုံကို အာရုံပြုမှု၌၊ခံ့သည်၏ အဖြစ်သဘောသည်လည်းထင်၍။ ထိုထင်သောခံ့မှုအဖြစ်နှစ်ပါးတို့တွင်၊ စိတ်ဟုခေါ်ဆိုအပ်သောသိမှု၏ ခံ့မှု၏အဖြစ်သဘောသည်၊ စိတ္တကမ္မညတာဟုခေါ်ဆိုအပ်သောပရမတ္ထသဘောတရားဖြစ်၍။တွေ့မှု၊ခံစားမှုစသောစေတသိက်တရားအပေါင်း၏ခံ့မှု၏အဖြစ်သဘောသည်။ကာယကမ္မညတာဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောဖြစ်၍။၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။စိတ်စေတသိက်ဟုဆိုအပ်သော အာရမ္မဏိကသဘောတရားတို့ကို။ နာကျဉ်စေတတ်သော ကိလေသာဟူသမျှတို့သည်လည်း ကင်းကြကုန်၍။ ထိုသို့နာကျဉ်စေတတ်သော ကိလေသာဟူသမျှတို့၏ကင်းခြင်းကြောင့်။စိတ်ဟုခေါ်ဆိုအပ်သော သိမှု၏ မနာကျဉ်သည်၏အဖြစ်သဘောသည်လည်းထင်၍။ တွေ့မှု၊ ခံစားမှုစသော စေတသိက်တရားအပေါင်းတို့၏ မနာကျဉ်သည်၏အဖြစ်သဘောသည်လည်းထင်၍။ထိုသို့ထင်သော မနာကျဉ်သည်၏ အဖြစ်နှစ်ပါးတို့တွင်၊ စိတ်ဟုခေါ်ဆိုအပ်သောသိမှု၏မနာကျဉ်သည်၏အဖြစ်သဘောသည်။စိတ္တပါဂုညတာဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားဖြစ်၍။ တွေ့မှု၊ခံစားမှုစသော စေတသိက်တရားအပေါင်းတို့၏မနာကျဉ်သည်၏အဖြစ်သဘောသည်။ ကာယပါဂုညတာဟုခေါ်ဆိုအပ်သောပရမတ္ထသဘောတရားဖြစ်၍၊ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ စိတ်စေတသိက်ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားတို့ကိုကောက်ကျစ်စေတတ်သောကိလေသာဟူသမျှတို့သည်လည်းကင်းကြကုန်၍၊ ထိုသို့ကောက်ကျစ်စေတတ်သောကိလေသာဟူသမျှတို့ ကင်းလေခြင်းကြောင့်။ စိတ်ဟုခေါ်ဆိုအပ်သောသိမှု၏ မကောက်ကျစ်ဖြောင့်မတ်သည်၏အဖြစ်သဘောသည်သည်းထင်၍၊ တွေ့မှု၊ခံစားမှုစသော စေတသိက်တရားအပေါင်းတို့၏ မကောက်ကျစ်ဖြောင့်မတ်သည်၏အဖြစ်သဘောသဉ်လည်းထင်၍၊ထိုသို့ထင်သောဖြောင့်မတ်

သည့်၏အဖြစ်သဘောနှစ်ပါးတို့တွင်။ စိတ်ဟု ခေါ်ဆိုအပ်သောသိမှု၏ မ
ကောက်ကျစ်ဖြောင့်မတ်သည့်၏ အဖြစ်သဘောသည်။ စိတ္တုဇ္ဇုကတာဟု
ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားဖြစ်၏။ တွေ့မှု၊ ခံစားမှုစသော စေ
တသိက်တရားအပေါင်းတို့၏။မကောက်ကျစ်ဖြောင့်မတ်သည့်၏အဖြစ်သ
ဘောသည်။ ကာယုဇ္ဇုကတာဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရား
ဖြစ်၏။ငင်းနိုရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်၊အပါယ်သို့ကျကြောင်း
ဖြစ်သော မိစ္ဆာဝါစာတို့ကို အကြွင်းမရှိ ဖျက်ဆီး၍၊ နှုတ်ကိုကောင်းစွာ
သိမ်းဆည်းတတ်သော သဘောသည်လည်းပါရှိ၏။ထိုနှုတ်ကိုကောင်းစွာ
သိမ်းဆည်းတတ်သော သဘောသည်။ သမ္မာဝါစာဟု ခေါ်ဆိုအပ်သော
ပရမတ္ထသဘောတရားဖြစ်၏။ငင်းနိုရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။
အပါယ်သို့ ကျရောက်ကြောင်းဖြစ်သော မိစ္ဆာကမ္မန္တတို့ကိုအကြွင်းမရှိ
ဖျက်ဆီး၍ ကိုယ်ကိုကောင်းစွာထားတတ်သော သဘောသည်လည်းပါရှိ
၏။ထိုပါရှိသောကိုယ်ကိုကောင်းစွာထားတတ်သောသဘောသည်။သမ္မာ
ကမ္မန္တဟုခေါ်ဆိုအပ်သောပရမတ္ထသဘောတရားဖြစ်၏။ငင်းနိုရောဓသစ္စာ
နိဗ္ဗာန်ကိုအာရုံပြု၍သိခိုက်။ အပါယ်သို့ကျရောက်ကြောင်းဖြစ်သော မိစ္ဆာ
အာဇီဝသဘောတရားတို့ကို အကြွင်းမရှိဖျက်ဆီး၍။ အသက်မွေးမှုနှင့်စပ်
၍။ ကာယကံ၊ ဝစီကံတို့ကို ကောင်းစွာဖြူစင်စေတတ်သောသဘောသည်
လည်းပါရှိ၏။ ထိုပါရှိသော ကာယကံ၊ ဝစီကံတို့ကို ကောင်းစွာဖြူစင်စေ
တတ်သော သဘောသည်။ သမ္မာအာဇီဝဟု ခေါ်ဆိုအပ်သော ပရမတ္ထသ
ဘောတရားဖြစ်၏။ ဤသို့လျှင် နိုရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍ ထင်ထင်
လင်းလင်းသိတတ်သော လောကုတ္တရာမဂ်ဉာဏ်သည်။ ပြဆိုအပ်ခဲ့ပြီးသော
အာရုံကိုရှေ့သွားပြု၍သိတတ်သော။ စိတ်ဟုခေါ်ဆိုအပ်သော ပရမတ္ထသ
ဘောတရားတပါး။ မိမိမှကြွင်းသော စေတသိက်ဟုခေါ်ဆိုအပ်သော တွေ့
မှုဖဿ၊ခံစားတတ်သော ဝေဒနာအစရှိသော စေတသိက်တရား{ ၃၅ }ပါး
ပေါင်း{ ၃၆ }ပါးသောသမ္ပယုတ်တရားတို့နှင့်လည်း အတူတကွဖြစ်ပေ၏။
ထိုသို့ဖြစ်ခြင်းကြောင့်နိဗ္ဗာန်ကိုအာရုံပြု၍လောကုတ္တရာမဂ်ဉာဏ်ဖြစ်ခိုက်။
ငင်းလောကုတ္တရာမဂ်ဉာဏ်ပါ။ တပြိုင်နက် တချက်တည်း{ ၃၇ }ပါးသော
ပရမတ္ထသဘောတရားတို့သည်။ဆိုင်ရာဆိုင်ရာမိမိမိမိတို့၏ကိစ္စကိုပြုလျက်
ပါကြကုန်၏။ ထို{ ၃၇ }ပါးတို့တွင်၊ စိတ်ဟု ခေါ်ဆိုအပ်သော ပရမတ္ထသ
ဘောတရားသည်ကား တပါးတည်းသာဖြစ်၏။ကျန်သော{ ၃၆ }ပါးသော
ပရမတ္ထသဘောတို့သည်ကား။ထိုစိတ်နှင့်အတူတကွသမ္ပယုတ္တလက္ခဏာ
အားဖြင့်ယှဉ်ကုန်သောစေတသိက်ဟုခေါ်ဆိုအပ်ကုန်သောပရမတ္ထသဘော

တရားတို့သာလျှင်ဖြစ်ကုန်၏။ ။ထို(၃၆)ပါးကုန်သောစေတသိက်တရားတို့တွင်၊ အသခ်ိတခါတ် နိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍သိမြင်တတ်သောလောကုတ္တရာမဂ်ဉာဏ်သည်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ကိစ္စ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကိစ္စ၊ ပညိန္ဒြေကိစ္စ၊ ပညာဗလကိစ္စ၊ ဝိမံသိဒ္ဓိပါဒ်ကိစ္စ၊ ၅ဆိုအပ်ပြီးသောငါးကိစ္စကို တပြိုင်နက်တချက်တည်းပြီးစေ၏။ အဘယ်သို့ပြီးစေသနည်းဟူမူ။ ၎င်းလောကုတ္တရာဖြစ်သော မဂ်ဉာဏ်သည်။ နိရောဓသစ္စာ နိဗ္ဗာန်ကိုကောင်းစွာ မြင်ခြင်းကိစ္စကို ပြီးစေ၏။ ထို့ကြောင့်၊ ၎င်းမဂ်ဉာဏ်ကိုပင်။ သမ္မာဒိဋ္ဌိဟူ၍လည်းခေါ်ဆိုအပ်သည်။ ၎င်းမဂ်ဉာဏ်ကိုပင်၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည် ရှာမှီးအပ်သောကြောင့် လည်းကောင်း။ ၎င်းမဂ်ဉာဏ်သည် နိရောဓသစ္စာ နိဗ္ဗာန်တည်းဟူသော မှန်သောတရားတော်ကိုရှာမှီးတတ်သောကြောင့်လည်းကောင်း။ ၎င်းမဂ်ဉာဏ်သည်၊မိစ္ဆာဒိဋ္ဌိစသော ကိလေသာတို့ကို အကြွင်းမရှိသတ်လျက်။ အသခ်ိတခါတ် နိရောဓသစ္စာနိဗ္ဗာန်အာရုံသို့ ရောက်တတ်သောကြောင့်လည်းကောင်း မဂ္ဂလည်းမည်၏။ ၅ပြဆိုအပ်ပြီးသောအကြောင်းတို့ကြောင့်၊၎င်းလောကုတ္တရာမဂ်ဉာဏ်သည်သမ္မာဒိဋ္ဌိမဂ္ဂင်ကိစ္စကိုလည်းပြီးစေ၏။၎င်းမဂ်ဉာဏ်သည်ပင်၊နိရောဓသစ္စာနိဗ္ဗာန်တည်းဟူသော သတ္တဝါ၊အသက်မဟုတ်သော သဘောတရားတည်းဟူသောဓမ္မကိုဟုတ်တိုင်းမှန်စွာသိတတ်သောကြောင့် ဓမ္မဝိစယ လည်းမည်၏၊ ဟုတ်မှန်သော တရားသဘောကို ထိုးထွင်း၍သိတတ်သော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါဖြစ်သော ကြောင့်လည်းကောင်း။ ဟုတ်မှန်သောတရားသဘောကို ထိုးထွင်း၍သိကြောင်းဖြစ်သောညီညွတ်သောတရားအပေါင်း၏အကြောင်းအင်္ဂါဖြစ်သောကြောင့် လည်းကောင်း ဗောဇ္ဈင်လည်းမည်၏။ ၅ပြဆိုအပ်ပြီးသော အကြောင်းတို့ကြောင့်။ ၎င်းလောကုတ္တရာမဂ်ဉာဏ်သည်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကိစ္စကို လည်းပြီးစေ၏။၎င်းလောကုတ္တရာဖြစ်သောမဂ်ဉာဏ်သည်။ နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကို မတွေမဝေ အပြားအားဖြင့် ထိုးထွင်း၍သိသောကြောင့် ပညာလည်းမည်၏။ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော တွေဝေတတ်သော မောဟစသောကိလေသာတို့ကိုနှိပ်နင်းခြင်းကိုလည်းပြု၏။ ဟုတ်မှန်သောတရားကိုမြင်ခြင်း၌ အစိုးရခြင်းကိုလည်းပြု၏။ ထိုသို့နှိပ်နင်းခြင်း၊ အစိုးရခြင်းကိုပြုသောကြောင့်။၎င်းလောကုတ္တရာမဂ်ဉာဏ်သည်သာလျှင်။ ဣန္ဒြေ၏အဖြစ်သို့လည်းရောက်ပေ၏။၅သို့ပြဆိုအပ်ပြီးသောမတွေမဝေသိမှု၊နှိပ်နင်းခြင်းအစိုးရခြင်းကို ပြုမှုတို့ကြောင့်။ ၎င်းလောကုတ္တရာ မဂ်ဉာဏ်သည်လည်း၊ ပညိန္ဒြေကိစ္စကိုလည်းပြီးစေ၏။ ၎င်းလောကုတ္တရာမဂ်ဉာဏ်သည်နိရောဓ

သစ္စာ နိဗ္ဗာန်သဘောကို မတွေ့မဝေ အပြားအားဖြင့် ထိုးထွင်း၍သိခြင်းကြောင့် ပညာလည်းမည်၏။ ဆန့်ကျင်ဘက်ကိလေသာတို့သည် မတုန်မလှုပ်စေနိုင်ခြင်းကြောင့် အားတည်းဟူသော ဗလ,လည်းမည်၏။ ထိုသို့ အပြားအားဖြင့် သိတတ်၊ မတုန် မလှုပ်တတ်သော သတ္တိနှစ်ပါးကြောင့်သာလျှင်။ လောကုတ္တရာမဂ်ဉာဏ်ကိုပင်၊ ပညာဗလဟု ခေါ်ဆိုအပ်လေသည်။ ထို့ကြောင့်၊ပညာဗလကိစ္စကိုလည်းပြီးစေ၏။ ၎င်းလောကုတ္တရာမဂ်ဉာဏ်သည်။ နိရောဓ သစ္စာနိဗ္ဗာန်သဘောကို စုံစမ်းသောအားဖြင့် မတွေ့မဝေ သိတတ်၏၊ ထို့ကြောင့်၊ ဝီမံသဟူသောအမည်ကိုလည်းရ၏။ အလိုရှိအပ်သော လောကုတ္တရာမဂ်ကုသိုလ်ကို ပြည့်စုံစေတတ်သောအကြောင်း တရားဖြစ်သောကြောင့် ဣဒ္ဓိပါဒဟူသောအမည်ကိုလည်းရ၏။ထိုသို့အမည်နှစ်ပါးကိုရသောကြောင့်၊ ၎င်းလောကုတ္တရာမဂ်ဉာဏ်ကိုပင် ဝီမံသိဒ္ဓိပါဒ်ဟုခေါ်ဆိုအပ်လေသည်၊ ထို့ကြောင့်၊ ဝီမံသိဒ္ဓိပါဒ်ကိစ္စကိုလည်းပြီးစေ၏။ ဤသို့လျှင် လောကုတ္တရာ မဂ်ဉာဏ်တပါးတည်းသည်။ ဆိုအပ်ပြီးသော သမ္မာဒိဋ္ဌိ မဂ္ဂင်ကိစ္စ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကိစ္စ၊ ပညိန္ဒြေကိစ္စ၊ ပညာဗလကိစ္စ၊ ဝီမံသိဒ္ဓိပါဒ်ကိစ္စ။ဤဆိုအပ်ပြီးသော ငါးပါးသောကိစ္စကိုတပြိုင်နက်တချက်တည်းပြီးစေလေသည်ဟုမှတ်ကြလေ။

၎င်းလောကုတ္တရာ မဂ်စိတ်ဖြစ်ခိုက်၌ပါရှိသော စေတသိက်{၃၆}ပါးတို့တွင်။ သတိဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားသည်၊ ၎င်းနိရောဓ သစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်ခိုက်၊ သမ္မာသတိကိစ္စ၊ သတိသမ္ဗောဇ္ဈင်ကိစ္စ၊သတိန္ဒြေကိစ္စ၊သတိဗလကိစ္စ၊သတိပဋ္ဌာန်လေးပါးကိစ္စ။ ဤဆိုအပ်ပြီးသောကိစ္စ ရှစ်ပါးကို တပြိုင်နက်ပြီးစေ၏။ ပြီးစေပုံကိုထင်ရှားပြဦးအံ့။ ။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍အောက်မေ့တတ်သော သတိကိုပင်၊ ကောင်းစွာအောက်မေ့တတ်သည်၏အဖြစ်ကြောင့်၊သမ္မာသတိဟူ၍လည်း ခေါ်ဆိုအပ်လေသည်။ ၎င်းသမ္မာသတိကိုပင် ဘုရားအစရှိသော သူတော်ကောင်းတို့သည်ချီးမွမ်းအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ ၎င်းသမ္မာသတိသည်ပင်၊နိရောဓသစ္စာနိဗ္ဗာန်တရားကို ရှုမြဲတတ်သောကြောင့်လည်းကောင်း၊ ၎င်းသမ္မာသတိသည် မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့ကို အကြွင်းမရှိသတ်လျက်၊ နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍ရောက်တတ်သောကြောင့်လည်းကောင်းမဂ္ဂလည်းမည်၏၊ဤသို့လျှင်လောကုတ္တရာမဂ်နှင့် ယှဉ်သော သတိတရားသည်၊ သမ္မာသတိ ဟူသောအမည်၊ မဂ္ဂဟူသော အမည်၊ ဤဆိုအပ်ပြီးသော အမည်နှစ်ပါးကို ရအပ်သည်၏ အဖြစ်ကြောင့် သမ္မာသတိမဂ္ဂင်ကိစ္စကိုလည်းပြီးစေ၏၊ ၎င်းလောကုတ္တရာမဂ်နှင့်

ယှဉ်သော သတိသည်ပင်၊ နိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍သိမြင်တတ်သောပုဂ္ဂိုလ်၏အကြောင်းအင်္ဂါလည်းဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုထိုးထွင်း၍သိကြောင်းဖြစ်သော ညီညွတ်သောတရားအပေါင်း၏ အကြောင်းအင်္ဂါလည်းဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းလောကုတ္တရာမဂ်နှင့်ယှဉ်သော သတိကိုပင်၊ သတိသမ္ဗောဇ္ဈင်ဟုခေါ်ဆိုအပ်လေသည်။ ထို့ကြောင့်၊ သတိသမ္ဗောဇ္ဈင် ကိစ္စကိုလည်းပြီးစေ၏။ ၎င်းလောကုတ္တရာ မဂ်နှင့်ယှဉ်သောသတိသည်ပင်၊ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာသတိကိုဖြစ်စေတတ်သော ကိလေသာတို့ကို နှိပ်လည်းနှိပ်နင်းတတ်၏။ သမ္ပယုတ်တရားတို့ကို၊ နိရောဓသစ္စာနိဗ္ဗာန်အာရုံ၌ကပ်၍တည်စေတတ်သည်၏အဖြစ်၌အစိုးလည်းရ၏။ ထိုသို့နိရောဓသစ္စာ နိဗ္ဗာန်ကိုအာရုံပြု၍ အောက်မေ့တတ်၊ ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာသတိကိုဖြစ်စေတတ်သော ကိလေသာတို့ကိုနှိပ်နင်းတတ်၊ အစိုးရတတ်သောသတ္တိကြောင့်၊ ၎င်းလောကုတ္တရာမဂ်နှင့်ယှဉ်သောသတိတရားကိုပင် သတိန္ဒြေဟုခေါ်ဆိုအပ်လေသည်။ ထို့ကြောင့် သတိန္ဒြေကိစ္စကိုလည်းပြီးစေ၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍အောက်မေ့တတ်သော သတိကို ဆန့်ကျင်ဘက်ဖြစ်သော၊ မိစ္ဆာသတိကိုဖြစ်စေတတ်ကုန်သော ကိလေသာတို့သည်။ စင်စစ်၊ မတုန်လှုပ်စေအပ်သည်၏အဖြစ်ကြောင့် ဗလဟုခေါ်ဆိုအပ်လေသည်။ ထို့ကြောင့်၊ သတိဗလကိစ္စကိုလည်းပြီးစေ၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍အောက်မေ့တတ်သော လောကုတ္တရာမဂ်နှင့်ယှဉ်သော သတိတရားတပါးသည်သာလျှင်၊ စင်စစ်၊ ရူပကာယ၌ သုဘဟူ၍တကယ်ထင်မှတ်လျက်အောက်မေ့မှု၊ ဝေဒနာတရား၌ သုခဟူ၍တကယ်ထင်မှတ်လျက်အောက်မေ့မှု၊ စိတ်တရား၌ နိစ္စဟူ၍ တကယ်ထင်မှတ်လျက် အောက်မေ့မှု၊ သညာ၊ သင်္ခါရစသော ဓမ္မသဘောအပေါင်း၌ အတ္တဟူ၍ တကယ်ထင်မှတ်လျက် အောက်မေ့မှုဟုဆိုအပ်သော မိစ္ဆာသတိတို့ကို၊ အကြွင်းမရှိ ပယ်စွန့်သော အခြင်းအရာဖြင့် ဖြစ်သောကြောင့်၊ လေးပါးသော သတိပဋ္ဌာန်ကိစ္စတို့ကို တပြိုင်နက် တချက်တည်းပြီးစေ၏၊ ထို့ကြောင့် သတိပဋ္ဌာန်ကိစ္စကိုလည်းပြီးစေလေသည်။ ဤသို့လျှင် လောကုတ္တရာမဂ်ဖြစ်ခိုက်၌ပါသောသတိတရားတပါးတည်းသည် ပြဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း၊ ရှစ်ပါးသော ကိစ္စကိုတပြိုင်နက် တချက်တည်းပြီးစေတတ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။

၎င်းလောကုတ္တရာမဂ်ဖြစ်ခိုက်၌ ဖြစ်ပေါ်ရှိကုန်သော စေတသိက်{၃၆} ပါးတို့တွင်၊ ဝီရိယဟုခေါ်ဆိုအပ်သောစေတသိက်တရားသည်၊ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍အားထုတ်ခိုက်၊ သမ္မာဝါယာမမဂ္ဂင်ကိစ္စ၊ ဝီရိယ

သမ္ဗောဇ္ဈင်ကိစ္စ၊ ဝိရိယိန္ဒြေကိစ္စ၊ ဝိရိယဗလကိစ္စ၊ ဝီရိယိဒ္ဓိပါဒ်ကိစ္စ၊ သမ္မပ္ပဓါန် လေးကိစ္စ၊ ဤဆိုအပ်ပြီးသော ၉ပါးသောကိစ္စကို။ တပြိုင်နက်တချက်တည်းပြီးစေ၏။ ပြီးစေပုံကိုထင်ရှားပြဦးအံ့။ ။၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍ သမ္ပယုတ်တရားတို့ကို။ ၎င်းနိဗ္ဗာန်အာရုံ၌ဖြစ်စေရန် အားထုတ်တတ်သော ဝိရိယဟုခေါ်ဆိုအပ်သောပရမတ္ထသဘောတရားကို။ ကောင်းစွာ အားထုတ်တတ်သောကြောင့် သမ္မာဝါယာမဟူ၍လည်း ခေါ်ဆိုအပ်သည်။ ၎င်းဝိရိယ သဘောတရားကိုသာလျှင် ဘုရားအစရှိသော သူတော်ကောင်းတို့သည်ရှာမှီးအပ်သောကြောင့်လည်းကောင်း။၎င်းဝိရိယသည်ပင်နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကိုရှာမှီးတတ်သောကြောင့်လည်းကောင်း။ ၎င်းဝိရိယသည်ပင်၊ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာဝါယာမကိုဖြစ်စေတတ်ကုန်သော ကိလေသာတို့ကိုသတ်လျက်။ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်အာရုံကို အာရုံပြု၍ရောက်တတ်သောကြောင့်လည်းကောင်း။ မဂ္ဂဟုခေါ်ဆိုအပ်လေသည်။ထိုသို့အမည်နှစ်ပါးကိုရသည်၏အဖြစ်ကြောင့်၊ ၎င်းလောကုတ္တရာမဂ်နှင့်ယှဉ်သောဝိရိယကိုသမ္မာဝါယာမမဂ္ဂင်ဟုခေါ်ဆိုအပ်သည်။ထိုသို့ခေါ်ဆိုအပ်သောကြောင့်၊၎င်းဝိရိယသည် သမ္မာဝါယာမမဂ္ဂကိစ္စကိုလည်းပြီးစေ၏။

၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍။လ။ အားထုတ်တတ်သောဝိရိယဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားသည်၊ နိရောဓသစ္စာနိဗ္ဗာန်ကိုထိုးထွင်း၍သိတတ်သော ပုဂ္ဂိုလ်၏အကြောင်းအင်္ဂါလည်းဖြစ်၏။ နိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍သိကြောင်းဖြစ်သော၊ ညီညွတ်သော တရားအပေါင်း၏ အကြောင်းအင်္ဂါလည်းဖြစ်၏။ ထို့ကြောင့်၊ ၎င်းဝိရိယကို ဝိရိယသမ္ဗောဇ္ဈင်ဟုခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်၊ ၎င်းဝိရိယသည် ဝိရိယသမ္ဗောဇ္ဈင်ကိစ္စကိုလည်းပြီးစေ၏။ ။၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍၊ လ။ အားထုတ်တတ်သော ဝိရိယဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားသည် ဆန့်ကျင်ဘက်ဖြစ်သော အားမထုတ်တတ်၊ ပျင်းရိတတ်သောကိလေသာတို့ကိုနှိပ်နင်းတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊သမ္ပယုတ်တရားတို့ကို ချီးပင့်သည်၏အဖြစ်၌အစိုးရသည်၏အဖြစ်ကြောင့်လည်းကောင်း၊ဝိရိယိန္ဒြေဟုခေါ်ဆိုအပ်သည်။ထို့ကြောင့်၊ဝိရိယိန္ဒြေကိစ္စကိုလည်းပြီးစေ၏၊၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍၊လ။ အားထုတ်တတ်သော ဝိရိယဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောကို၊ ပျင်းရိခြင်းကိုဖြစ်စေတတ်ကုန်သော ကိလေသာတို့သည် စင်စစ်၊မလှုပ်ရှားနိုင်၊ ထိုသို့မလှုပ်ရှား အပ်သည်၏အဖြစ်၌ တည်သည်၏ အဖြစ်ကြောင့်၊ ၎င်းဝိရိယကို

ဗလဟု ခေါ်ဆိုအပ်လေသည်၊ ထို့ကြောင့်၊ ဝီရိယဗလဟုခေါ်ဆိုအပ်လေသည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့် ဝီရိယဗလကိစ္စကိုလည်းပြီးစေ၏။

ငင်းဝီရိယသည်သာလျှင်၊အလိုရှိအပ်သောလောကုတ္တရာမဂ်ကုသိုလ်ကို ပြည့်စုံစေတတ်သော အကြောင်းတရားလည်း ဖြစ်၏။ ထိုသို့ဖြစ်ခြင်းကြောင့် ငင်းဝီရိယကို ဝီရိယိဒ္ဓိပါဒ်ဟုခေါ်ဆိုအပ်သည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့်၊ ငင်းဝီရိယသည် ဝီရိယိဒ္ဓိပါဒ်ကိစ္စကိုလည်းပြီးစေ၏။ ။ငင်းအသင်္ခတဓာတ်နိဗ္ဗာန်ဓမ္မကိုအာရုံပြု၍ဖြစ်သော။လ။ ဝီရိယဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားသည်သာလျှင်။ ဖြစ်ကုန်ပြီးသော ကိလေသာတို့၏သတ္တိဟုဆိုအပ်သော၊ နောင်ဖြစ်ပေါ်လတ္တံ့သော ကိလေသာတရားတို့၏ဖြစ်ပေါ်ရန်အကြောင်းခံဖြစ်သော။ အနုသယကိလေသာတည်းဟူသော ဥပ္ပန္နအကုသိုလ်ကိုလည်းပယ်သတ်ခြင်းကိစ္စ။ငင်းအနုသယကိလေသာတို့ကြောင့် ဖြစ်ပေါ်လတ္တံ့သော အကုသိုလ်တရားတို့သည်လည်း။ အကြောင်းခံ သတ္တိကုန်လေခြင်းကြောင့်။ တဖန်ဖြစ်ပေါ်ရန်မရှိလေတော့ပြီ။ ထိုသို့မရှိလေခြင်းကြောင့် ဖြစ်ပေါ်မှုမရှိသေးသော၊ အနုပ္ပန္နအကုသိုလ်ကိုလည်း နောင်တဖန်ဖြစ်ပေါ်မှုမရှိအောင်ပြုလုပ်ခြင်းကိစ္စ။ သံသရာအဆက်ဆက်၌ဖြစ်ပေါ်မှုမရှိစဘူးသော လောကုတ္တရာမဂ်တည်းဟူသော၊ အနုပ္ပန္နကုသိုလ်ကိုလည်း ဖြစ်ပေါ်အောင်ပြုလုပ်အားထုတ်ခြင်းကိစ္စ၊ သံသရာ အဆက်ဆက်၌ဖြစ်ခဲ့ပြီးသော ဥပ္ပန္နကုသိုလ်ဟူသမျှတို့ကိုလည်း။ ငင်းမဂ်ကုသိုလ်နှင့် ပေါင်းစပ်စေပြီးလျှင် ပွားများစေခြင်းကိုပြုလုပ်ခြင်းကိစ္စ၊ ဤဆိုအပ်ပြီးသော လေးပါးသောကိစ္စတို့ကို။ တပြိုင်နက်တချက်တည်းပြီးအောင် အားထုတ်တတ်သောကြောင့်၊ ငင်းဝီရိယဟုခေါ်ဆိုအပ်သော ပရမတ္ထ သဘောတရားသည်၊စင်စစ်၊သမ္မပ္ပဓာန်လေးကိစ္စကိုလည်းပြီးစေ၏။ ။ဤသို့လျှင် လောကုတ္တရာမဂ်အခိုက်၌ မဂ်နှင့်ယှဉ်သော ဝီရိယသည်၊ သမ္မာဝါယာမ မဂ္ဂင်ကိစ္စ၊ ဝီရိယသမ္ဗောဇ္ဈင်ကိစ္စ၊ ဝီရိယိန္ဒြေကိစ္စ၊ ဝီရိယဗလကိစ္စ၊ ဝီရိယိဒ္ဓိပါဒ်ကိစ္စ၊ သမ္မပ္ပဓာန်လေးကိစ္စ။ ဤဆိုအပ်ပြီးသော ၉ပါးသော ကိစ္စကိုလည်း။ တပြိုင်နက်တချက်တည်းပြီးစေ၏ဟုမှတ်ကြလေ။

ငင်းလောကုတ္တရာမဂ်ဖြစ်ခိုက်၌ဖြစ်ပေါ်ကြကုန်သောစေတသိက်{၃၆} ပါးတို့တွင်။ ဧကဂ္ဂတာဟုခေါ်ဆိုအပ်သော စေတသိက် ပရမတ္ထသဘောတရားသည်လည်းပါရှိနေ၏။ထိုပါရှိနေသောဧကဂ္ဂတာစေတသိက်ပရမတ္ထသဘောတရားသည်။သမ္မာသမာဓိမဂ္ဂင်ကိစ္စ၊ သမာဓိသမ္ဗောဇ္ဈင်ကိစ္စ၊သမာဓိန္ဒြေကိစ္စ၊ သမာဓိဗလကိစ္စ၊ဤဆိုအပ်ပြီးသော ကိစ္စလေးပါးကို။တပြိုင်နက်တချက်တည်းပြီးစေ၏။ပြီးစေပုံကိုထင်ရှားပြဆိုဦးအံ့။ ။ငင်းဧကဂ္ဂတာ

ဟုဆိုအပ်သော ပရမတ္ထသဘောတရားသည်။ နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍ သမ္ပယုတ်တရားတို့ကို မပျံ့မလွင့်စေဘဲ ကောင်းစွာတည်စေတတ်၏။ ထိုသို့မပျံ့မလွင့် ကောင်းစွာတည်စေတတ်သည်၏ အဖြစ်ကြောင့်၊ သမ္မာသမာဓိဟူသောအမည်ကိုလည်းရ၏။ ရှေး၌ပြဆိုအပ်ပြီးသောနည်းအတိုင်း ရှာမှီးအပ်၊ ရှာမှီးတတ်၊ ဆန့်ကျင်ဘက်ကိလေသာတို့ကိုသတ်လျက်။ နိရောဓသစ္စာနိဗ္ဗာန်အာရုံသို့ ရောက်တတ်သောကြောင့် မဂ္ဂဟူသော အမည်ကိုလည်းရ၏။ ထို့ကြောင့်၊ သမ္မာသမာဓိမဂ္ဂင်ကိစ္စကိုလည်းပြီးစေ၏၊ သမာဓိဟူသောအမည်ကိုရသော ၎င်းဧကဂ္ဂတာစေတသိက်တည်းဟူသောပရမတ္ထ တရားသည်။ ၎င်းနိရောဓ သစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိတတ်သော ပုဂ္ဂိုလ်၏အကြောင်းအင်္ဂါဖြစ်သောကြောင့်လည်းကောင်း၊ ၎င်းနိရောဓသစ္စါ နိဗ္ဗာန်ကို ထိုးထွင်း၍သိကြောင်းဖြစ်သော ညီညွတ်သောတရားအပေါင်း၏ဖြစ်ကြောင်းအင်္ဂါဖြစ်သည့်၏အဖြစ်ကြောင့်လည်းကောင်း၊ သမာဓိသမ္ဘောဇ္ဈင်ကိစ္စကိုလည်းပြီးစေ၏။ ။၎င်းသမာဓိအမည်ကိုရသောနိရောဓသစ္စာ နိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သော ဧကဂ္ဂတာစေတသိက်တည်းဟူသောပရမတ္ထ သဘောတရားသည်။ မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်သော ပျံ့လွင့်တတ်သော ကိလေသာတို့ကို နှိပ်နင်းတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ သမ္ပယုတ်တရားတို့ကို မပျံ့မလွင့်တည်စေခြင်း၌ အစိုးရသည်၏အဖြစ်ကြောင့် လည်းကောင်း၊ သမာဓိန္ဒြေ ကိစ္စကိုလည်းပြီးစေ၏၊ ၎င်းသမာဓိအမည်ကို ရသော နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သော ဧကဂ္ဂတာဟုခေါ်ဆိုအပ် သော ပရမတ္ထသဘော တရားကိုပင်၊ ဆန့်ကျင်ဘက်ဖြစ်သော ပျံ့လွင့်စေ တတ်သော ကိလေသာတရားတို့သည်၊ စင်စစ်၊ မတုန်မသှုပ်စေနိုင်။ ထိုသို့ မတုန်မသှုပ်စေနိုင်သည်၏အဖြစ်ကြောင့် သမာဓိဗလဟူ၍ခေါ်ဆိုအပ်လေ သည်။ ထိုသို့ခေါ်ဆိုအပ်သောကြောင့် သမာဓိဗလကိစ္စကိုလည်းပြီးစေ၏၊ ဤသို့လျှင်လောကုတ္တရာမဂ်၌ရှိသောဧကဂ္ဂတာဟုခေါ်ဆိုအပ်သောပရမတ္ထ သဘောတရားသည်၊ သမ္မာသမာဓိမဂ္ဂင်ကိစ္စ၊ သမာဓိသမ္ဘောဇ္ဈင်ကိစ္စ၊ သ မာဓိန္ဒြေကိစ္စ၊ သမာဓိဗလကိစ္စ၊ ဤပြဆိုအပ်ပြီးသော လေးပါးသောကိစ္စတို့ ကို၊ တပြိုင်နက်တချက်တည်းပြီးစေသည်၏အဖြစ်ကိုထင်ရှားသိကြလေ။

၎င်းနိရောဓ သစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော လောကုတ္တရာမဂ်အ ခိုက်၌ပါရှိသောသဒ္ဓါဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားသည်လည်း မယုံကြည်တတ်သော ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့ကို နှိပ်နင်း တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သမ္ပယုတ်တရားတို့ကိုကြည် လင်စေခြင်း၌ အစိုးရသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သဒ္ဓိန္ဒြေကိစ္စ၊

၎င်းသဒ္ဓါဟု ခေါ်ဆိုအပ်သော သဘောသည်သာလျှင်၊ ဆန့်ကျင်ဘက်ဖြစ်သောမကြည်ညိုမယုံကြည်တတ်သောကိလေသာတို့ဖြင့်ဇာန်သုပ်ခြင်းမရှိသည်၏အဖြစ်ကြောင့်သဒ္ဓါဗလကိစ္စ။ ဤသို့အပ်ပြီးသောကိစ္စနှစ်ပါးကိုတပြိုင်နက်တချက်တည်းပြီးစေ၏။ ။၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သောလောကုတ္တရာမဂ်အခိုက်၌ ပါရှိသော၊ သမ္မာဝါစာဟုခေါ်ဆိုအပ်သော ဝိရတိစေတသိက်တည်းဟူသော ပရမတ္ထသဘောတရားသည်၊မိစ္ဆာဝါစာကိုဖြစ်စေတတ်ကုန်သော ကိလေသာတို့ကိုအကြွင်းမရှိသတ်လျက်၊ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြုသောအားဖြင့်ရောက်တတ်သောကြောင့် သမ္မာဝါစာမဂ္ဂင်ကိစ္စကိုလည်းပြီးစေ၏။ ၎င်းလောကုတ္တရာမဂ်အခိုက်၌ပါရှိသော သမ္မာကမ္မန္တဟုခေါ်ဆိုအပ်သော ဝိရတိတည်းဟူသောပရမတ္ထသဘောတရားသည်လည်း။ မိစ္ဆာကမ္မန္တအမှုကိုဖြစ်စေတတ်ကုန်သော ကိလေသာတို့ကိုအကြွင်းမရှိသတ်လျက်။အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြုသောအားဖြင့်ရောက်တတ်သောကြောင့်၊ သမ္မာကမ္မန္တ မဂ္ဂင်ကိစ္စကိုလည်းပြီးစေ၏၊ ၎င်းလောကုတ္တရာ မဂ်အခိုက်၌ပါရှိသော သမ္မာအာဇီဝဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောသည်၊ မိစ္ဆာအာဇီဝကိုဖြစ်စေတတ်ကုန်သော ကိလေသာတို့ကို အကြွင်းမရှိသတ်လျက်၊ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့်ရောက်တတ်သောကြောင့် သမ္မာအာဇီဝမဂ္ဂင်ကိစ္စကိုလည်းပြီးစေ၏။

၎င်းလောကုတ္တရာမဂ်ဖြစ်ခိုက်၌ပါရှိသောပီတိစေတသိက်ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘော တရားသည်လည်းကောင်း၊ စိတ္တပဿဒ္ဓိ၊ ကာယပဿဒ္ဓိဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားတို့သည်လည်းကောင်း။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍သိတတ်သောပုဂ္ဂိုလ်၏အကြောင်းအင်္ဂါလည်းဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍သိကြောင်းဖြစ်သော ညီညွတ်သောတရားအပေါင်း၏ ဖြစ်ကြောင်းအင်္ဂါလည်းဖြစ်၏၊ ထို့ကြောင့်၊ ဇောဇ္ဈင်ဟူသောအမည်ကိုရလေသည်။ ထို့ကြောင့်၊၎င်းသဘောတရားတို့သည်။ ပီတိသမ္ဗောဇ္ဈင်ကိစ္စ၊ပဿဒ္ဓိသမ္ဗောဇ္ဈင်ကိစ္စ တို့ကိုလည်းပြီးစေကုန်၏၊ ၎င်းလောကုတ္တရာမဂ်ဖြစ်ခိုက်၌ပါရှိသော တတြမဇ္ဈတ္တတာဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားသည်၊ ၎င်းနိရောဓသစ္စာနိဗ္ဗာန်အာရုံ၌ သမ္ပယုတ်တရားတို့ကို။ အယုတ်ဖြစ်သော ကိလေသာ၊ အလွန်ဖြစ်သောကိလေသာတို့သို့မရောက်စေဘဲ၊ ၎င်းကိလေသာတို့မှလွတ်ကင်းစေပြီးလျှင်၊ တဖြောင့်တည်း တည့်မတ်စွာကျရောက်စေတတ်သည်၏အဖြစ်ကြောင့်ဥပေက္ခာဟူသောအမည်ကိုလည်းရ၏။၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို

ထိုးထွင်း၍သိတတ်သော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ၏အဖြစ်ကြောင့်လည်း ကောင်း။ ထိုးထွင်း၍သိကြောင်းဖြစ်သော ညီညွတ်သောတရားအပေါင်း၏ ဖြစ်ကြောင်းအင်္ဂါ၏အဖြစ်ကြောင့်လည်းကောင်း။ဗောဇ္ဈင်ဟူသောအမည် ကိုလည်းရလေသည်။ထိုဆိုအပ်ပြီးသောအမည်နှစ်ပါးကိုရလေခြင်းကြောင့်။ ၎င်းတတြဲ့မဇ္ဈတ္တတာစေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင်ကိစ္စကိုလည်း ပြီးစေ၏။ ၎င်းလောကုတ္တရာ မဂ်ဖြစ်ခိုက်၌ပါရှိသော သဒ္ဒါဟုခေါ်ဆိုအပ် သောပရမတ္ထသဘော။စိတ်ဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားတို့ သည်၊အလိုရှိအပ်သော လောကုတ္တရာမဂ်ကုသိုလ်ကိုပြည့်စုံစေတတ်ကုန် သော အကြောင်းတရားတို့ဖြစ်ကုန်၏။ ထို့ကြောင့်၊ ၎င်းသဘောတရားတို့ သည်။ ဆိုင်ရာဆိုင်ရာ သဒ္ဓိန္ဒြိယ၊ စိတ္တိန္ဒြိယကိစ္စတို့ကို ပြီးစေကုန်၏။ ၎င်း လောကုတ္တရာ မဂ်ဉာဏ်ဖြစ်ခိုက်၌ပါရှိသော ဝိတက်ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားသည်၊ ၎င်းနိရောဓသစ္စာနိဗ္ဗာန်သို့သမ္ပယုတ်တရား တို့ကို ကောင်းစွာရောက်အောင်တင်ဆောင်တတ်သည်၏အဖြစ်ကြောင့်။ သမ္မာသင်္ကပ္ပဟူသော အမည်ကိုလည်းရ၏။ရှေး၌ပြဆိုအပ်ခဲ့ပြီးသောနည်း အတိုင်း၊ ဘုရားအစရှိသောသူတော်ကောင်းတို့သည်ရှာမှီးအပ်။ ၎င်းအသိ တခါတ်နိရောဓသစ္စာနိဗ္ဗာန်ကိုရှာမှီးတတ်။ မိစ္ဆာသင်္ကပ္ပကိုဖြစ်စေတတ် ကုန်သော ကိလေသာတို့ကို သတ်ဖျက်။ အသိတခါတ် နိရောဓသစ္စာ နိဗ္ဗာန်သို့အာရုံပြု၍ရောက်တတ်သောကြောင့် မဂ္ဂဟူသောအမည်ကိုလည်း ရပေ၏။ ထိုဆိုအပ်ပြီးသော အမည်နှစ်ပါးတို့ကိုရသည်၏အဖြစ်ကြောင့်၊ ၎င်းဝိတက်စေတသိက်တည်းဟူသော ပရမတ္ထသဘောတရားသည်၊သမ္မာ သင်္ကပ္ပမဂ္ဂင်ကိစ္စကိုလည်းပြီးစေ၏၊ ဤသို့လျှင်၊ နိရောဓသစ္စာနိဗ္ဗာန်ကိုအာ ရုံပြု၍ လောကုတ္တရာ မဂ်ဉာဏ်ဖြစ်ခိုက်၊ မဂ္ဂင်ရှစ်ပါး တရားသာလျှင်ဖြစ် သည်မဟုတ်။ဗောဇ္ဈင်၊ဈာန်၊ ဣန္ဒြေ၊ ဗိုလ်စသောဗောဓိပက္ခိယတရားတို့လည်း ဖြစ်ကုန်သည်သာတည်းဟု သိကြလေကုန်။ ။

{မေး} လောကုတ္တရာမဂ်ဖြစ်ခိုက်။ မဂ္ဂင်ရှစ်ပါးသာလျှင်ဖြစ်သည်မဟုတ် သေး။ ဗောဇ္ဈင်၊ ဈာန်၊ ဣန္ဒြေစသော ဗောဓိပက္ခိယတရားတို့လည်း၊ တပြိုင်နက် ဖြစ်၍ပါသည်၏ အဖြစ်ကိုပြဆိုအပ်ပြီးသော နည်းအတိုင်းသိရပါပြီ။ သို့ သော် သာဓကပါဠိကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ကိံ နု ဇတ္တကောယေဝ အဘိသမယောတိ။ နဟိ လောကုတ္တရ မဂ္ဂက္ခဏေ ဒဿနာဘိသမယော သမ္မာဒိဋ္ဌိ၊ အဘိရောပနာဘိသမယော သမ္မာသင်္ကပ္ပေါ။ ပရိဂ္ဂဟာဘိသမယော သမ္မာဝါစာ။ သမုဋ္ဌာနာဘိသမ ယော သမ္မာကမ္မန္တော။ ဝေါဒါနာဘိသမယော သမ္မာအာဇီဝေါ၊ ပဂ္ဂဟာ

ဘိသမယော သမ္မာဝါယာမော၊ ဥပဋ္ဌာနာဘိသမယော သမ္မာသတိ၊ အဝိ
က္ခေပါဘိသမယော သမ္မာသမာဓိ၊ ဥပဋ္ဌာနာဘိသမယော သတိသမ္ဗော
ဇ္ဈင်္ဂေါ။ ပဝိစယာဘိသမယော ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ။ ပဂ္ဂဟာဘိသမ
ယောဝီရိယသမ္ဗောဇ္ဈင်္ဂေါ။ဖရဏာဘိသမယောပီတိသမ္ဗောဇ္ဈင်္ဂေါ။ဥပသ
မာဘိသမယောပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊အဝိက္ခေပါဘိသမယောသမာဓိသ
မ္ဗောဇ္ဈင်္ဂေါ၊ပဋိသင်္ခါနာဘိသမယော ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။အဿဒ္ဓိယေ
အကမ္ပိယာဘိသမယော သဒ္ဓါဗလံ။ကောသဇ္ဇေ အကမ္ပိယာဘိသမယော
ဝီရိယဗလံ။ပမာဒေ အကမ္ပိယာဘိသမယော သတိဗလံ။ဥဒ္ဓစ္စေ အကမ္ပိယာ
ဘိသမယော သမာဓိဗလံ၊အဝိဇ္ဇာယ အကမ္ပိယာဘိသမယောပညာဗလံ။
အဓိမောက္ခာဘိသမယော သဒ္ဓိန္ဒြိယံ၊ပဂ္ဂယာဘိသမယော ဝီရိယိန္ဒြိယံ၊ဥ
ပဋ္ဌာနာဘိသမယော သတိန္ဒြိယံ၊ အဝိက္ခေပါဘိသမယော သမာဓိန္ဒြိယံ၊
ဒဿနာဘိသမယော ပညိန္ဒြိယံ ဟူ၍၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ အဘိသ
မယကထာ၌ မိန့်ဆိုအပ်သည်ကိုထောက်၍သိအပ်ပါသည်၊ ။အနက်သိ
ကြောင်းမြန်မာပြန်ကား။ ။ဧတ္တကောယေဝ၊ ဤမျှအတိုင်းအရှည်ရှိသည်
သာလျှင်ဖြစ်သော၊ အဘိသမယော၊ နိဗ္ဗာန်အာရုံကို ထိုးထွင်း၍သိတတ်
သောတရားသည်။ဟောတိကိံ နု၊ ဖြစ်သလော။ဣတိ၊ ဤသို့။စေပုစ္ဆေယျ၊
အကယ်၍မေးငြားအံ့။ သောကုတ္တရမဂ္ဂက္ခဏေ၊ လောကုတ္တရာမဂ်ခဏ၌။
ဧတ္တကောယေဝ၊ ဤမျှအတိုင်းအရှည်ရှိသည်သာလျှင်ဖြစ်သော၊ အဘိသ
မယော၊ထိုးထွင်း၍ သိတတ်သောတရားသည်။နဟောတိ၊ ဖြစ်မှုရှိသည်မ
ဟုတ်သေး။ လောကုတ္တရမဂ္ဂက္ခဏေ၊ လောကုတ္တရာမဂ်ခဏ၌၊ သမ္မာဒိဋ္ဌိ၊
သမ္မာဒိဋ္ဌိမဂ္ဂင်သည်။ ဒဿနာဘိသမယော၊နိရောသစ္စာနိဗ္ဗာန်အာရုံကိုမြင်
သောအားဖြင့် ထိုးထွင်း၍သိသည်။ ဟောတိ၊ ၏။ သမ္မာသင်္ကပ္ပော၊ သမ္မာ
သင်္ကပ္ပမဂ္ဂင်တရားသည်၊အဘိရောပနာဘိသမယော၊နိဗ္ဗာန်အာရုံသို့သမ္ပ
ယုတ်တရားတို့ကို ရောက်အောင်တင်တတ်သောအားဖြင့် ထိုးထွင်း၍သိ
သည်၊ ဟောတိ၊ဖြစ်၏၊ သမ္မာဝါစာ၊ သမ္မာဝါစာမဂ္ဂင်သည်၊ ပရိဂ္ဂဟာဘိ
သမယော၊ နှုတ်ကိုကောင်းစွာသိမ်းဆည်းသောအားဖြင့်။ နိရောဓသစ္စာ
နိဗ္ဗာန်အာရုံကိုထိုးထွင်း၍သိသည်။ဟောတိ၊ဖြစ်၏။သမ္မာကမ္မန္တော၊သမ္မာ
ကမ္မန္တမဂ္ဂင်သည်။သမုဋ္ဌာနာဘိသမယော၊ကိုယ်ကိုကောင်းစွာထားသည့်
၏အစွမ်းအားဖြင့်နိဗ္ဗာန်အာရုံကိုထိုးထွင်း၍သိသည်။ဟောတိ၊ ဖြစ်၏။သမ္မာ
အာဇီဝေါ၊ သမ္မာအာဇီဝမဂ္ဂင်သည်၊ ဝေါဒါနာဘိသမယော၊ အသက်မွေး
မှုနှင့်စပ်၍ ကိုယ်နှုတ်နှစ်ပါးကိုဖြူစင်စေသောအားဖြင့် နိဗ္ဗာန်အာရုံကိုထိုး
ထွင်း၍သိသည်၊ ဟောတိ၊ ဖြစ်၏၊ သမ္မာဝါယာမော၊သမ္မာဝါယာမ မဂ္ဂင်

သည်။ ပဂ္ဂဟာဘိသမယော၊ သမ္ပယုတ်တရားတို့ကို ချီးမြှင့်သောအားဖြင့် နိဗ္ဗာန်အာရုံကိုထိုးထွင်း၍သိသည်။ ဟောတိ၊ ဖြစ်၏။ သမ္မာသတိ၊သမ္မာသတိမဂ္ဂင်သည်။ ဥပဋ္ဌာနာဘိသမယော၊ သမ္ပယုတ်တရားတို့ကို နိဗ္ဗာန်အာရုံ၌ထင်စေသောအားဖြင့်ထိုးထွင်း၍သိသည်၊ဟောတိ၊ဖြစ်၏၊သမ္မာသမာဓိ၊သမ္မာသမာဓိမဂ္ဂင်သည်။အဝိက္ခေပါဘိသမယော၊ သမ္ပယုတ်တရားတို့ကို နိဗ္ဗာန်အာရုံ၌ မပျံ့မလွင့်တည် စေသောအားဖြင့် ထိုးထွင်း၍သိသည်၊ ဟောတိ၊ ဖြစ်၏။ သတိသမ္ဗောဇ္ဈင်ေါ၊သတိသမ္ဗောဇ္ဈင်တရားသည်၊ ဥပဋ္ဌာနာဘိသမယော၊ သမ္ပယုတ်တရားတို့ကို နိဗ္ဗာန်အာရုံ၌ထင်စေသောအားဖြင့် ထိုးထွင်း၍သိသည်။ ဟောတိ၊ ဖြစ်၏။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ေါ၊ဓမ္မဝိစယသမ္ဗောဇ္ဈင်တရားသည်။ ပဝိစယာဘိသမယော၊ နိဗ္ဗာန်ကိုမတွေမဝေအပြားအားဖြင့်သိသည်၏အဖြစ်အားဖြင့်ထိုးထွင်း၍သိသည်။ ဟောတိ၊ဖြစ်၏။ ဝိရိယသမ္ဗောဇ္ဈင်ေါ၊ ဝိရိယသမ္ဗောဇ္ဈင်တရားသည်။ ပဂ္ဂဟာဘိသမယော၊ သမ္ပယုတ်တရားတို့ကို ချီးမြှင့်သောအားဖြင့် နိဗ္ဗာန်အာရုံကို ထိုးထွင်း၍သိသည်။ ဟောတိ၊ဖြစ်၏။ ပီတိသမ္ဗောဇ္ဈင်ေါ၊ပီတိသမ္ဗောဇ္ဈင်တရားသည်။ ဖရဏာဘိသမယော၊ စိတ္တဇရုပ်တို့ကို ကောင်းစွာ နှံ့စေသည်၏အစွမ်းအားဖြင့်နိဗ္ဗာန်အာရုံကိုထိုးထွင်း၍သိသည်။ဟောတိ၊ဖြစ်၏။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ေါ၊ပဿဒ္ဓိသမ္ဗောဇ္ဈင်တရားသည်။ဥပသမာဘိသမယော၊သမ္ပယုတ်တရားတို့ကိုကိလေသာအပူအလောင်မှငြိမ်းစေသောအားဖြင့်နိဗ္ဗာန်အာရုံကို ထိုးထွင်း၍သိသည်။ ဟောတိ၊ ဖြစ်၏။ သမာဓိသမ္ဗောဇ္ဈင်ေါ၊သမာဓိသမ္ဗောဇ္ဈင်တရားသည်။အဝိက္ခေပါဘိသမယော၊သမ္ပယုတ်တရားတို့ကို မပျံ့မလွင့်နိဗ္ဗာန်အာရုံ၌ တည်စေသောအားဖြင့် ထိုးထွင်း၍သိသည်။ ဟောတိ၊ဖြစ်၏။ဥပေက္ခာသမ္ဗောဇ္ဈင်ေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်တရားသည်။ ပဋိသင်္ခါနာဘိ သမယော၊ သမ္ပယုတ်တရားတို့ကို နိဗ္ဗာန်အာရုံ၌တဖြောင့်တည်းတည့်မတ်စွာဖြစ်အောင်ဆင်ခြင်သောအားဖြင့် ထိုးထွင်း၍သိတတ်သည်။ဟောတိ၊၏။သဒ္ဓါဗလံ၊သဒ္ဓါဗလသည်။ဝါ။သဒ္ဓါဗိုလ်သည်။အဿဒ္ဓိယေ၊ယုံကြည်ခြင်းမရှိသောတရားကြောင့်၊အကမ္ပိယာဘိသမယော၊တုန်လှုပ်ခြင်းမရှိသောအားဖြင့် နိဗ္ဗာန်အာရုံကို ထိုးထွင်း၍သိသည်၊ ဟောတိ၊ ဖြစ်၏။ ဝိရိယဗလံ၊ ဝိရိယဗလသည်။ ဝါ။ ဝိရိယဗိုလ်သည်။ ကောသဇ္ဇေ၊ ပျင်းရိခြင်းရှိသောတရားကြောင့်။ အကမ္ပိယာဘိသမယော၊ တုန်လှုပ်ခြင်းမရှိသောအားဖြင့် နိဗ္ဗာန်အာရုံကိုထိုးထွင်း၍သိသည်၊ ဟောတိ၊ ၏။ သတိဗလံ၊ သတိဗလသည်။ဝါ။သတိဗိုလ်သည်။ပမာဒေ၊ မေ့လျော့ခြင်းရှိသောတရားကြောင့်။ အကမ္ပိယာဘိသမယော၊ တုန်လှုပ်ခြင်းမရှိသော အားဖြင့်

နိဗ္ဗာန်အာရုံကိုထိုးထွင်း၍သိသည်။ ဟောတိ၊ ၏။ သမာဓိဗလံ၊ သမာဓိဗလသည်။ ဝါ၊ သမာဓိဗိုလ်သည်၊ ဥဒ္ဓစ္စ၊ ပျံ့လွင့်တုန်သုပ်ခြင်းရှိသော ဥဒ္ဓစ္စကြောင့်၊ အကမ္ပိယာဘိ သမယော၊ တုန်သုပ်ခြင်းမရှိသောအားဖြင့် နိဗ္ဗာန်အာရုံကို ထိုးထွင်း၍သိသည်၊ ဟောတိ၊ ၏။ ပညာဗလံ၊ ပညာဗလသည်၊ ဝါ၊ ပညာဗိုလ်သည်၊ အဝိဇ္ဇာယ၊ မသိတတ်သော အဝိဇ္ဇာတရားကြောင့်၊ အကမ္ပိယာဘိသမယော၊ တုန်သုပ်ခြင်းမရှိသောအားဖြင့်နိဗ္ဗာန်အာရုံကိုထိုးထွင်း၍သိသည်။ ဟောတိ၊ ၏။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေသည်။ အဓိမောက္ခာဘိသမယော၊ နိရောဓ သစ္စာနိဗ္ဗာန်အာရုံကို ဆုံးဖြတ်သောအားဖြင့် ထိုးထွင်း၍သိသည်။ ဟောတိ၊ ၏။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေသည်၊ ပဂ္ဂဟာဘိသမယော၊ သမ္ပယုတ်တရားတို့ကိုနိဗ္ဗာန်အာရုံ၌ဖြစ်အောင် ချီးမြှင့်သောအားဖြင့် ထိုးထွင်း၍သိသည်။ ဟောတိ၊ ၏။ သတိန္ဒြိယံ၊ သတိန္ဒြေသည်။ ဥပဋ္ဌာနာဘိ သမယော၊ သမ္ပယုတ်တရားတို့ကို နိဗ္ဗာန်အာရုံ၌ထင်စေသောအားဖြင့် ထိုးထွင်း၍သိသည်၊ ဟောတိ၊ ၏။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေသည်၊ အဝိက္ခေပါဘိသမယော၊ သမ္ပယုတ်တရားတို့ကိုနိဗ္ဗာန်အာရုံ၌မပျံ့မလွင့်တည်စေသောအားဖြင့်ထိုးထွင်း၍သိသည်၊ ဟောတိ၊ ၏။ ပညိန္ဒြိယံ၊ ပညိန္ဒြေသည်၊ ဒဿနာဘိသမယော၊ နိဗ္ဗာန်အာရုံကိုမြင်သောအားဖြင့် ထိုးထွင်း၍သိသည်၊ ဟောတိ၊ ၏။ ဤသို့ ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကိုထောက်၍၊ ထိုလောကုတ္တရာမဂ်ဖြစ်ခိုက်၊ မဂ္ဂင်ရှစ်ပါးသာလျှင်ဖြစ်သည်မဟုတ်။ ဗောဇ္ဈင်၊ ဗိုလ်၊ ဣန္ဒြေတရားတို့သည်း၊ အတူဖြစ်သည်၏အဖြစ်ကိုသိကြလေ။ ။အကျယ်ကိုသိလိုမူ၊ ၎င်းပါဠိတော်၌ယူလေ။

{မေး} ထိုနိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍သိခိုက်၊ ဗောဇ္ဈင်၊ ဗိုလ်၊ ဣန္ဒြေစသော တရားတို့သည်လည်း အတူတကွဖြစ်ပါလျက်၊ ဤဓမ္မစက္ကဒေသနာတော်၌ မဂ္ဂင်ရှစ်ပါးကိုသာလျှင်။ ဘုရားရှင်သည် အဘယ်ကြောင့် ဟောတော်မူအပ်ပါသနည်း ဟောကြောင်းကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ထိုနိရောဓ သစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍သိခိုက်။ ဗောဇ္ဈင်၊ ဗိုလ်၊ ဣန္ဒြေစသော တရားတို့သည်ပါသော်လည်း။ ကိလေသာတို့ကိုသတ်ရာ၌၊ ၎င်းမဂ္ဂင်ရှစ်ပါးသည်သာလျှင်ပဓါနအကြီးအကဲဖြစ်၍အလုံးစုံသောလောဘ ဒေါသ,မောဟစသော ကိလေသာဟူသမျှကို တပြိုင်နက်တချက်တည်း သတ်နိုင်သည်သည်း၊ တကြောင်း၊ ၎င်းမဂ္ဂင်ရှစ်ပါးတရားတော်နှင့်ပြည့်စုံလျှင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံခြင်းသို့ရောက်နိုင်သည် လည်း၊ တကြောင်း၊ ၎င်းဂုဏ်တို့နှင့်ပြည့်စုံလျှင်၊ အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာ သိက္ခာတည်းဟူသော သိက္ခာသုံးပါးနှင့် ပြည့်စုံသည်

လည်းတကြောင်း။ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သစ္စာတရားတို့ ထက်။ထိုမဂ္ဂင်၅ှစ်ပါးတရားသာလျှင် အမြတ်ဆုံးဖြစ်သည့်၏အဖြစ်ကြောင့် လည်းကောင်း။ ထိုမဂ္ဂင်၅ှစ်ပါး တည်းဟူသောအကျင့်ဖြင့်၊ ဘုရား,ဘုရား တပည့်သားဟူသမျှတို့သည် မရောက်ဘူးသောအသစ်တခါတ်နိရောသေစ္စာ နိဗ္ဗာန်သို့ ရောက်ကြရသည့်၏အဖြစ်ကြောင့် လည်းကောင်း။ မဂ္ဂင်၅ှစ်ပါး တရားတော်ကိုသာလျှင် ပဓာနအကြီးအကဲပြု၍ ဟောတော်မူအပ်ကြောင်း ကိုသိအပ်ပါသည်။

{မေး} ထိုမဂ္ဂင်၅ှစ်ပါးတရားတော်သည်၊ကိလေသာတို့ကိုသတ်ရာ၌ လောဘ၊ ဒေါသ၊ မောဟစသော အလုံးစုံသော ကိလေသာတို့ကိုတပြိုင် နက်တချက်တည်းသတ်အပ်သည်ကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} သမ္မာဒိဋ္ဌိမဂ္ဂင်သည် နိရောသေစ္စာနိဗ္ဗာန်ကိုအာရုံပြု၍။ မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်သောအဝိဇ္ဇာ၊မိစ္ဆာဒိဋ္ဌိတရားတို့ကိုသတ်လျက်။၎င်းအ ဝိဇ္ဇာကိုမှီ၍ဖြစ်လတ့်သော သောဘ၊ဒေါသစသော တဒနုဝတ္တကကိလေ သာဟူသမျှတို့သည်လည်းကင်းကြလေကုန်၏။

ထို့ကြောင့်၊သမ္မာဒိဋ္ဌိမဂ္ဂင်သည်အလုံးစုံသော လောဘ၊ဒေါသ၊မောဟ စသောကိလေသာဟူသမျှကိုပင်သတ်မှု၊ဖျက်ဆီးမှု၊ကင်းစေမှုကိုပြုလုပ် ပေ၏၊ထိုနည်းအတူ၊သမ္မာသင်္ကပ္ပမဂ္ဂင်သည်သည်း။မိမိနှင့်ဆန့်ကျင်ဘက် ဖြစ်သောမိစ္ဆာသင်္ကပ္ပကိုဖြစ်စေတတ်သော ကာမဝိတက်တည်းဟူသော မောဟနှင့်ဖြစ်သော လောဘ၊ ဗျာပါဒ သင်္ကပ္ပတည်းဟူသော မောဟနှင့် ဖြစ်သော ဒေါသ၊ ဝိဟိံသ သင်္ကပ္ပတည်းဟူသော မောဟနှင့်ဖြစ်သော ဒေါ သတို့ကို။ မိမိဖြစ်ခိုက်ဖြစ်ပေါ်မှုမရှိစေဘဲ သတ်ဖြတ်ဖျက်ဆီးမှုကိုပြုပေ၏။ သမ္မာဝါစာမဂ္ဂင်သည်လည်း၊မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာဝါစာ တည်းဟူသော။ မုသာဝါဒ၊ ပိသုဏာဝါစာ ကိုဖြစ်စေတတ်သော လောဘ၊ ဒေါသ၊မောဟစသော ကိလေသာ။ဖရုသဝါစာကိုဖြစ်စေတတ်သောဒေါ သ၊ မောဟစသော ကိလေသာ။ သမ္ဖပ္ပလာပကိုဖြစ်စေတတ်သော လော ဘ၊ဒေါသ၊မောဟစသောကိလေသာတို့ကိုမိမိဖြစ်ခိုက်ဖြစ်ပေါ်မှုမရှိစေဘဲ သတ်ဖြတ်ဖျက်ဆီးမှုကိုပြုပေ၏။သမ္မာကမ္မန္တမဂ္ဂင်သည်လည်း။မိမိနှင့်ဆန့် ကျင့်ဘက်ဖြစ်သော မိစ္ဆာကမ္မန္တ တည်းဟူသော ပါဏာတိပါတကိုဖြစ် စေတတ်သော ဒေါသ၊မောဟစသော ကိလေသာ၊ အဒိန္နာဒါန်ကို ဖြစ်စေ တတ်သော လောဘ၊ဒေါသ၊မောဟစသော ကိလေသာ၊ ကာမေသုမိစ္ဆာ စာရကိုဖြစ်စေတတ်သောလောဘ မောဟစသော ကိလေသာဟူသမျှတို့ ကိုလည်း မိမိဖြစ်ခိုက်၊ဖြစ်ပေါ်မှုမရှိစေဘဲသတ်ဖြတ်ဖျက်ဆီးမှုကိုပြုပေ၏၊

သမ္မာအာဇီဝမဂ္ဂင်သည်လည်း၊ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော အသက်မွေးမှုနှင့်စပ်၍ မိစ္ဆာအာဇီဝတည်းဟူသော မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖျာပါဒ၊ သမ္ဖပ္ပလာပတို့ကိုဖြစ်စေတတ်သော လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာ။ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရကို ဖြစ်စေတတ်သောလောဘ၊ ဒေါသ၊ မောဟစသောကိလေသာဟူသမျှတို့ကိုလည်း မိမိဖြစ်ခိုက်၊ ဖြစ်ပေါ်မှုမရှိစေဘဲ သတ်ဖြတ်ဖျက်ဆီးမှုကိုပြုပေ၏။ သမ္မာဝါယာမမဂ္ဂင်သည်လည်း၊ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာဝါယာမကို ဖြစ်စေတတ်သော လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာဟူသမျှတို့ကို မိမိဖြစ်ခိုက်၊ ဖြစ်ပေါ်မှုမရှိစေဘဲ သတ်ဖြတ်ဖျက်ဆီးမှုကို ပြုလုပ်ပေ၏။ သမ္မာသတိမဂ္ဂင်သည်လည်း၊ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သောမိစ္ဆာသတိကို ဖြစ်စေတတ်သော လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာ ဟူသမျှတို့ကို မိမိဖြစ်ခိုက်၊ ဖြစ်ပေါ်မှုမရှိစေဘဲ သတ်ဖြတ်ဖျက်ဆီးမှုကိုပြုလုပ်ပေ၏။ သမ္မာသမာဓိမဂ္ဂင်သည်လည်း၊ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သောမိစ္ဆာသမာဓိကိုဖြစ်စေတတ်သောလောဘ၊ ဒေါသ၊ မောဟစသော ကိလေသာဟူသမျှတို့ကိုလည်း မိမိဖြစ်ခိုက်၊ ဖြစ်ပေါ်မှုမရှိစေဘဲသတ်ဖြတ်ဖျက်ဆီးမှုကိုပြုလုပ်ပေ၏။ ဤသို့လျှင်မဂ္ဂင်ရှစ်ပါးတရားတို့သည်၊ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့ကို ဖျက်ဆီးလိုက်လျှင်၊ တစုံတခုသော ကိလေသာသည်မကျန်ဘဲ အလုံးစုံကုန်ကြ၊ ပျောက်ကြ၊ ကင်းကြကုန်သည်သာတည်း။ ။ထို့ကြောင့်၊ ထိုမဂ္ဂင်ရှစ်ပါးသည်မိမိတို့ဖြစ်ခိုက်။ တပြိုင်နက်တချက်တည်းသတ်အပ်သည်၏အဖြစ်ကို။ ပြဆိုအပ်ပြီးသောနည်းအတိုင်းသိအပ်သည်သာတည်း။

{မေး} ထိုသမ္မာဒိဋ္ဌိစသော မဂ္ဂင်တို့ဖြစ်ခိုက်။ မိမိတို့နှင့်ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာဟူသမျှကို၊ တပြိုင်နက်တချက်တည်းသတ်အပ်မှုကို အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} သမ္မာဒိဋ္ဌိ အာနန္ဒ ဘာဝိတာ ဗဟုလီကတာ ရာဂဝိနယ ပရိယောသာနာ ဟောတိ။ ဒေါသဝိနယ ပရိယောသာနာ ဟောတိ။ မောဟဝိနယ ပရိယောသာနာ ဟောတိ။ သမ္မာသင်္ကပ္ပေါ အာနန္ဒ ဘာဝိတော ဗဟုလီကတော ရာဂဝိနယ ပရိယောသာနော ဟောတိ။ ဒေါသဝိနယ ပရိယောသာနော ဟောတိ။ မောဟဝိနယ ပရိယောသာနော ဟောတိ၊ သမ္မာဝါစာ အာနန္ဒ ဘာဝိတာ ဗဟုလီကတာ ရာဂဝိနယ ပရိယောသာနာ ဟောတိ။ ဒေါသဝိနယ ပရိယောသာနာ ဟောတိ။ မောဟဝိနယ ပရိယောသာနာ ဟောတိ၊ သမ္မာကမ္မန္တော အာနန္ဒ ဘာဝိတော ဗဟုလီကတော ရာဂဝိနယ ပရိယောသာနော ဟောတိ။ ဒေါသဝိနယ ပရိယောသာနော ဟောတိ၊ မောဟဝိနယ

ပရိယောသာနော ဟောတိ၊ သမ္မာအာဇီဝေါ အာနန္ဒ ဘာဝိတော ဗဟုလီ
ကတော ရာဂဝိနယ ပရိယောသာနော ဟောတိ၊ ဒေါသဝိနယ ပရိယော
သာနော ဟောတိ။ မောဟဝိနယ ပရိယောသာနော ဟောတိ။ သမ္မာဝါယာ
မော အာနန္ဒ ဘာဝိတော ဗဟုလီကတော ရာဂဝိနယ ပရိယောသာနော
ဟောတိ။ ဒေါသဝိနယ ပရိယောသာနော ဟောတိ။ မောဟဝိနယ ပရိယော
သာနော ဟောတိ။ သမ္မာသတိ အာနန္ဒ ဘာဝိတာ ဗဟုလီကတာ ရာဂဝိနယ
ပရိယောသာနာ ဟောတိ။ ဒေါသဝိနယ ပရိယောသာနာ ဟောတိ၊ မောဟ
ဝိနယ ပရိယောသာနာ ဟောတိ။ သမ္မာသမာဓိ အာနန္ဒ ဘာဝိတော ဗဟုလီ
ကတော ရာဂဝိနယ ပရိယောသာနော ဟောတိ၊ ဒေါသဝိနယ ပရိယော
သာနော ဟောတိ။ မောဟဝိနယ ပရိယောသာနော ဟောတိ ဟူ၍ ဟော
တော်မူအပ်သော၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်။ မဂ္ဂသံယုတ် အဝိဇ္ဇာဝဂ်၊
လေးခုမြောက်သုတ်၌ ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ ။
သမ္မာဒိဋ္ဌိဿ ပုရိသပုဂ္ဂလဿ မိစ္ဆာဒိဋ္ဌိ နိဇ္ဇိဏ္ဏာ ဘဝတိ။ ယေစဿ မိစ္ဆာ
ဒိဋ္ဌိပစ္စယာ ဥပ္ပဇ္ဇေယျုံ အနေကာ ပါပကာ အကုသလာ ဓမ္မာ။ တေစဿ နိ
ဇ္ဇိဏ္ဏာ ဟောန္တိ၊ လ။ သမ္မာသင်္ကပ္ပဿ ပုရိသပုဂ္ဂလဿ မိစ္ဆာသင်္ကပ္ပေါ နိ
ဇ္ဇိဏ္ဏော ဘဝတိ။ ယေစဿ မိစ္ဆာသင်္ကပ္ပပစ္စယာ ဥပ္ပဇ္ဇေယျုံ အနေကာ
ပါပကာ အကုသလာဓမ္မာ။ တေစဿ နိဇ္ဇိဏ္ဏာဟောန္တိ၊ လ။ သမ္မာဝါစဿ
ပုရိသပုဂ္ဂလဿ မိစ္ဆာဝါစာ နိဇ္ဇိဏ္ဏာ ဘဝတိ။ ယေစဿ မိစ္ဆာဝါစာ
ပစ္စယာ ဥပ္ပဇ္ဇေယျုံ အနေကာ ပါပကာ အကုသလာဓမ္မာ၊ တေစဿ နိ
ဇ္ဇိဏ္ဏာ ဟောန္တိ၊ လ၊ သမ္မာကမ္မန္တဿ ပုရိသပုဂ္ဂဿ မိစ္ဆာကမ္မန္တော နိ
ဇ္ဇိဏ္ဏော ဘဝတိ။ ယေစဿ မိစ္ဆာကမ္မန္တပစ္စယာ ဥပ္ပဇ္ဇေယျုံ အနေကာ ပါ
ပကာ အကုသလာဓမ္မာ၊ တေစဿ နိဇ္ဇိဏ္ဏာဟောန္တိ၊ လ၊ သမ္မာအာဇီဝဿ
ပုရိသပုဂ္ဂလဿ မိစ္ဆာအာဇီဝေါ နိဇ္ဇိဏ္ဏော ဘဝတိ၊ ယေစဿ မိစ္ဆာအာ
ဇီဝပစ္စယာ ဥပ္ပဇ္ဇေယျုံ အနေကာ ပါပကာ အကုသလာဓမ္မာ။ တေစဿ နိ
ဇ္ဇိဏ္ဏာဟောန္တိ၊ လ။ သမ္မာဝါယာမဿ ပုရိသပုဂ္ဂလဿ မိစ္ဆာဝါယာမော
နိဇ္ဇိဏ္ဏော ဘဝတိ၊ ယေစဿ မိစ္ဆာဝါယာမပစ္စယာ ဥပ္ပဇ္ဇေယျုံ အနေကာ
ပါပကာ အကုသလာဓမ္မာ။ တေစဿ နိဇ္ဇိဏ္ဏာ ဟောန္တိ၊ လ၊ သမ္မာသ
တိဿ ပုရိသပုဂ္ဂလဿ မိစ္ဆာသတိ နိဇ္ဇိဏ္ဏာ ဘဝတိ၊ ယေစဿ မိစ္ဆာသ
တိပစ္စယာ ဥပ္ပဇ္ဇေယျုံ အနေကာ ပါပကာ အကုသလာဓမ္မာ၊ တေစဿ နိ
ဇ္ဇိဏ္ဏာ ဟောန္တိ၊ လ၊ သမ္မာသမာဓိဿ ပုရိသပုဂ္ဂလဿ မိစ္ဆာသမာဓိ နိ
ဇ္ဇိဏ္ဏော ဘဝတိ၊ ယေစဿ မိစ္ဆာသမာဓိပစ္စယာ ဥပ္ပဇ္ဇေယျုံ အနေကာ
ပါပကာ အကုသလာဓမ္မာ၊ တေစဿ နိဇ္ဇိဏ္ဏာ ဟောန္တိ ဟူ၍ ဘုရားရှင်အ

ပြည့်အစုံ ဟောတော်မူအပ်သည်ကို၊ နေတ္တိပါဠိတော်၊ ပရိဝတ္တနာဟာရ ဝိဘင်း၌။ တချို့မြွက်လျက်ပြဆိုအပ်သည်ကိုထောက်၍လည်းကောင်းသိ အပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။အာနန္ဒ၊ အာနန္ဒာ။ ဘာဝိတာ၊ ပွားအပ်သော။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ် သော။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိမဂ္ဂင်တရားသည်။ ရာဂဝိနယပရိယောသာနာ၊ ရာဂကို ပယ်ဖျောက်ခြင်းသည်သာလျှင် အဆုံးရှိသည်၊ ဟောတိ၊ ဖြစ်၏။ ဒေါသဝိနယပရိယောသာနာ၊ ဒေါသတရားကို ပယ်ဖျောက်ခြင်းသည်သာ လျှင်အဆုံးရှိသည်။ ဟောတိ၊ ဖြစ်၏။ မောဟဝိနယပရိယောသာနာ၊ မောဟ တရားကို ပယ်ဖျောက်ခြင်းသည်သာလျှင်အဆုံးရှိသည်၊ ဟောတိ၊ ဖြစ်၏။ အာနန္ဒ၊ အာနန္ဒာ။ ဘာဝိတာ၊ ပွားအပ်သော။ ဗဟုလီကတာ၊ အကြိမ်းများ စွာ လေ့ လာ အပ် သော။ သ မ္မာ သ င်္ကပ္ပေါ၊ သမ္မာ သင်္ကပ္ပ မဂ္ဂင် တ ရား သည်၊ ရာဂဝိနယပရိယောသာနော၊ ရာဂကိုပယ်ဖျောက်ခြင်းသည်သာလျှင် အဆုံးရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒေါသဝိနယပရိယောသာနော၊ ဒေါသတ ရားကိုပယ်ဖျောက်ခြင်းသည်သာလျှင်အဆုံးရှိသည်။ ဟောတိ၊ ဖြစ်၏။ မော ဟဝိနယပရိယောသာနော၊ မောဟတရားကို ပယ်ဖျောက်ခြင်းသည်သာလျှင် အဆုံးရှိသည်၊ ဟောတိ၊ ဖြစ်၏။ အာနန္ဒ၊ အာနန္ဒာ။ ဘာဝိတာ၊ ပွားအပ်သော။ ဗဟုလီကတာ၊ အကြိမ်များစွာလေ့လာအပ်သော၊ သမ္မာဝါစာ၊ သမ္မာဝါ စာ မဂ္ဂင်တရားသည်၊ ရာဂဝိနယ ပရိယောသာနာ၊ ရာဂကိုပယ်ဖျောက် ခြင်းသည်သာလျှင် အဆုံးရှိသည်၊ ဟောတိ၊ ဖြစ်၏။ ဒေါသဝိနယပရိယော သာနာ၊ ဒေါသ တရားကိုပယ်ဖျောက်ခြင်း သည်သာလျှင် အဆုံးရှိသည်။ ဟောတိ၊ ဖြစ်၏။ မောဟဝိနယ ပရိယောသာနာ၊ မောဟ တရားကိုပယ် ဖျောက်ခြင်းသည်သာလျှင်အဆုံးရှိသည်၊ ဟောတိ၊ ဖြစ်၏၊ အာနန္ဒ၊ အာနန္ဒာ။ ဘာဝိတော၊ ပွားအပ်သော၊ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာ အပ်သော၊ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တ မဂ္ဂင်သည်၊ ရာဂဝိနယပရိယော သာနော၊ ရာဂကိုပယ်ဖျောက်ခြင်းသည်သာလျှင် အဆုံးရှိသည်၊ ဟောတိ၊ ဖြစ်၏၊ ဒေါသဝိနယပရိယောသာနော၊ ဒေါသ တရားကိုပယ်ဖျောက်ခြင်း သည်သာလျှင် အဆုံးရှိသည်။ ဟောတိ၊ ဖြစ်၏။ မောဟဝိနယပရိယောသာ နော၊ မောဟတရားကိုပယ်ဖျောက်ခြင်းသည်သာလျှင် အဆုံးရှိသည်။ ဟော တိ၊ ဖြစ်၏၊ အာနန္ဒ၊ အာနန္ဒာ၊ ဘာဝိတော၊ ပွားအပ်သော၊ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သော။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝ မဂ္ဂင် တရားသည်၊ ရာဂဝိနယပရိယောသာနော၊ ရာဂကိုပယ်ဖျောက်ခြင်းသည် သာလျှင် အဆုံးရှိသည်၊ ဟောတိ၊ ဖြစ်၏။ ဒေါသဝိနယပရိယောသာနော၊

ဒေါသတရားကိုပယ်ဖျောက်ခြင်းသည့်သာလျှင်အဆုံးရှိသည်။ဟောတိ၊ဖြစ်၏။မောဟာဝိနယပရိယောသာနော၊မောဟာတရားကိုပယ်ဖျောက်ခြင်းသည့်သာလျှင်အဆုံးရှိသည်။ ဟောတိ၊ဖြစ်၏။ အာနန္ဒ။အာနန္ဒာ။ ဘာဝိတော၊ပွားအပ်သော။ ဗဟုလီကတော၊ အကြိမ်များစွာလေ့လာအပ်သော။ သမ္မာဝါယာမော၊ သမ္မာဝါယာမမဂ္ဂင်တရားသည်။ ရာဂဝိနယပရိယောသာနော၊ ရာဂကိုပယ်ဖျောက်ခြင်းသည့်သာလျှင်အဆုံးရှိသည်။ဟောတိ၊၏။ဒေါသဝိနယပရိယောသာနော၊ ဒေါသတရားကိုပယ်ဖျောက်ခြင်းသည်သာလျှင် အဆုံးရှိသည်။ဟောတိ၊၏။မောဟာဝိနယပရိယောသာနော၊မောဟာတရားကိုပယ်ဖျောက်ခြင်းသည်သာလျှင် အဆုံးရှိသည်။ ဟောတိ၊၏။ အာနန္ဒ၊ အာနန္ဒာ။ ဘာဝိတော၊ပွားအပ်သော၊ဗဟုလီကတော၊အကြိမ်များစွာလေ့လာအပ်သော။သမ္မာသတိ၊သမ္မာသတိမဂ္ဂင်တရားသည်။ ရာဂဝိနယပရိယောသာနာ၊ရာဂကိုပယ်ဖျောက်ခြင်းသည်သာလျှင်အဆုံးရှိသည်။ ဟောတိ၊၏။ဒေါသဝိနယပရိယောသာနာ၊ ဒေါသတရားကိုပယ်ဖျောက်ခြင်းသည်သာလျှင် အဆုံးရှိသည်။ ဟောတိ၊၏။ မောဟာဝိနယပရိယောသာနာ၊ရှိသည်။ ဟောတိ။၏။ အာနန္ဒ၊အာနန္ဒာ။ ဘာဝိတော၊ပွားအပ်သော။ ဗဟုလီကတော၊အကြိမ်များစွာ လေ့လာအပ်သော၊ သမ္မာသမာဓိ၊ သမ္မာသမာဓိမဂ္ဂင်တရားသည်၊ ရာဂဝိနယပရိယောသာနော၊ရှိသည်။ဟောတိ၊၏။ ဒေါသဝိနယပရိယောသာနော၊ရှိသည်၊ ဟောတိ၊ ၏။ မောဟာဝိနယပရိယောသာနော၊မောဟာတရားကို ပယ်ဖျောက်ခြင်းသည်သာလျှင် အဆုံးရှိသည်။ ဟောတိ၊ ၏။ ဤကား‌မဟာဝဂ္ဂသံယုတ်ပါဠိတော်၏မြန်မာပြန်တည်း။ ။သမ္မာဒိဋ္ဌိသ၊ဟုတ်မှန်သော တရားကို ကောင်းစွာ မြင်ခြင်းရှိသော။ ပုရိသ ပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။မိစ္ဆာဒိဋ္ဌိ၊များသောမြင်ခြင်းတည်းဟူသော မိစ္ဆာဒိဋ္ဌိသည်၊ နိဇ္ဇရာ၊ကြေပျောက်သည်။ ဘဝတိ၊ ဖြစ်၏။ အဿ၊ ထိုပုဂ္ဂိုလ်အား၊ မိစ္ဆာဒိဋ္ဌိပစ္စယာ၊ မိစ္ဆာဒိဋ္ဌိဟူသော အကြောင်းကြောင့်၊ အနေကာ တပါးမကများကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော၊ ဝါ၊ အပါယ်သို့ အပြားအားဖြင့်ကျရောက်စေတတ်ကုန်သော၊အကုသလာ၊အကုသိုလ်ဖြစ်ကုန်သော၊ယေစဓမ္မာ၊အကြင်တရားတို့သည်လည်း၊ဥပ္ပဇ္ဇေယျုံ၊ဖြစ်ကုန်ရာ၏၊ တေစ၊ထိုအကုသိုလ်တရားတို့သည်လည်း၊ အဿ၊ ထိုပုဂ္ဂိုလ်အား၊ နိဇ္ဇိဏ္ဏာ၊ကြေပျောက်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏၊လ။ သမ္မာသင်္ကပ္ပဿ၊ ဟုတ်မှန်သောတရားကို ကောင်းစွာ ကြံဆခြင်းရှိသော၊ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။မိစ္ဆာသင်္ကပ္ပေါ၊မိစ္ဆာသင်္ကပ္ပသည်၊ဝါ၊ များသောအကြံသည်၊နိဇ္ဇိဏ္ဏော၊ကြေပျောက်သည်၊ဘဝတိ၊ဖြစ်၏၊အဿ၊ထိုသမ္မာ

သက်ပ္ပ ရှိသောပုဂ္ဂိုလ်အား။ မိစ္ဆာသင်္ကပ္ပပစ္စယာ၊ မိစ္ဆာသင်္ကပ္ပဟူသော အကြောင်းကြောင့်။ အနေကာ၊ တပါးမကများကုန်သော။ ပါပကာ၊ယုတ်မာကုန်သော။ဝါ။အပါယ်သို့အပြားအားဖြင့်ကျရောက်စေတတ်ကုန်သော။ အကုသလာ၊အကုသိုလ်ဖြစ်ကုန်သော။ ယေစဓမ္မာ၊ အကြင်တရားတို့သည်။ ဥပ္ပဇ္ဇေယျုံ၊ဖြစ်ကုန်ရာ၏။တေစ၊ထိုအကုသိုလ်တရားတို့သည်လည်း။အဿ၊ ထိုပုဂ္ဂိုလ်အား။နိဗ္ဗိညာ၊ကြွေပျောက်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။လ။ သမ္မာဝါစဿ၊နှုတ်ကိုကောင်းစွာသိမ်းဆည်းခြင်းရှိသော။ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ မိစ္ဆာဝါစာ၊ မိစ္ဆာဝါစာသည်။ နိဗ္ဗိညာ၊ ကြွေပျောက်သည်။ဘဝတိ၊ဖြစ်၏။ အဿ၊ထိုသမ္မာဝါစာရှိသော ပုဂ္ဂိုလ်အား။ မိစ္ဆာဝါစာပစ္စယာ၊မိစ္ဆာဝါစာဟူသော အကြောင်းကြောင့်၊ အနေကာ၊ တပါးမကများကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ဝါ။ အပါယ်သို့အပြားအားဖြင့်ကျရောက်စေတတ်ကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ယေစဓမ္မာ၊ အကြင်တရားတို့သည်လည်း။ ဥပ္ပဇ္ဇေယျုံ၊ဖြစ်ကုန်ရာ၏။ တေစဓမ္မာ။ထိုအကုသိုလ်တရားတို့သည်လည်း။ အဿ၊ထိုသမ္မာဝါစာရှိသော ပုဂ္ဂိုလ်အား။ နိဗ္ဗိညာ၊ကြွေပျောက်ကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ လ။ သမ္မာကမ္မန္တဿ၊ သမ္မာကမ္မန္တရှိသော။ ဝါ၊ ကိုယ်ကိုကောင်းစွာထားခြင်းရှိသော၊ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ မိစ္ဆာကမ္မန္တော၊မိစ္ဆာကမ္မန္တသည်။ နိဗ္ဗိညော၊ ကြွေပျောက်သည်။ ဘဝတိ၊ ဖြစ်၏။အဿ၊ထိုသမ္မာကမ္မန္တရှိသောပုဂ္ဂိုလ်အား။မိစ္ဆာကမ္မန္တပစ္စယာ၊မိစ္ဆာကမ္မန္တအကြောင်းကြောင့်။အနေကာ၊တပါးမကများကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ဝါ၊ အပါယ်သို့အပြားအားဖြင့်ကျရောက်စေတတ်ကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ယေစဓမ္မာ၊ အကြင်တရားတို့သည်လည်း။ ဥပ္ပဇ္ဇေယျုံ၊ ဖြစ်ကုန်ရာ၏၊ တေစ၊ ထိုအကုသိုလ်တရားတို့သည်လည်း။ အဿ၊ ထိုသမ္မာကမ္မန္တရှိသောပုဂ္ဂိုလ်အား။ နိဗ္ဗိညာ၊ ကြွေပျောက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏၊ လ။ သမ္မာအာဇီဝဿ၊ သမ္မာအာဇီဝရှိသော။ဝါ။ အသက်မွေးမှုနှင့်စပ်၍ဖြစ်သော၊ ကာယကံ၊ဝစီကံတို့ကိုဖြူစင်စေတတ်သောသဘောရှိသော၊ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ မိစ္ဆာအာဇီဝေါ၊ မိစ္ဆာအာဇီဝသည်။ နိဗ္ဗိညော၊ကြွေပျောက်ကုန်သည်။ဘဝတိ။ဖြစ်၏။အဿ။ ထိုသမ္မာအာဇီဝရှိသော ပုဂ္ဂိုလ်အား၊ မိစ္ဆာအာဇီဝပစ္စယာ။မိစ္ဆာအာဇီဝဟူသောအကြောင်းကြောင့်။ အနေကာ။တပါးမကများကုန်သော၊ ပါပကာ၊ ယုတ်မာကုန်သော။ ဝါ။ အပါယ်သို့ အပြား အားဖြင့်ကျရောက်စေတတ်ကုန်သော၊ အကုသလာ၊အကုသိုလ်ဖြစ်

ကုန်သော၊ ယေစဓမ္မာ၊အကြင်တရားတို့သည်လည်း။ ဥပ္ပဇ္ဇေယျုံ၊ဖြစ်ကုန်ရာ၏၊တေစဓမ္မာ၊ထိုအကုသိုလ်တရားတို့သည်လည်း။အဿ၊ထိုသမ္မာအာဇီဝရှိသော ပုဂ္ဂိုလ်အား။ နိဇ္ဇိဏ္ဏာ၊ ကြေပျောက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ လ။ သမ္မာဝါယာမဿ၊ သမ္မာဝါယာမ ရှိသော။ ဝါ။ ဟုတ်မှန်သောတရားကိုအာရုံပြု၍အားထုတ်ခြင်းရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ မိစ္ဆာဝါယာမော၊ မိစ္ဆာဝါယာမသည်။ နိဇ္ဇိဏ္ဏော၊ ကြေပျောက်သည်။ဘဝတိ၊ဖြစ်၏။အဿ၊ထိုသမ္မာဝါယာမရှိသောပုဂ္ဂိုလ်အား။ မိစ္ဆာဝါယာမပစ္စယာ၊ မိစ္ဆာဝါယာမဟူသော အကြောင်းကြောင့်။ အနေကာ၊တပါးမကများကုန်သော။ ပါပကာ၊ယုတ်မာကုန်သော။ဝါ။ အပါယ်သို့အပြားအားဖြင့်ကျရောက်စေတတ်ကုန်သော။အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ယေစဓမ္မာ၊အကြင်တရားတို့သည်လည်း။ ဥပ္ပဇ္ဇေယျုံ၊ဖြစ်ကုန်ရာ၏။တေစဓမ္မာ၊ထိုအကုသိုလ်တရားတို့သည်လည်း။အဿ၊ထိုသမ္မာဝါယာမရှိသောပုဂ္ဂိုလ်အား။ နိဇ္ဇိဏ္ဏာ၊ ကြေပျောက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ လ။ သမ္မာသတိဿ၊ သမ္မာသတိ ရှိသော။ ဝါ။ ဟုတ်မှန်သောတရားကိုကောင်းစွာအောက်မေ့ခြင်းရှိသော။ပုရိသပုဂ္ဂလဿ၊ယောကျ်ားပုဂ္ဂိုလ်အား။ မိစ္ဆာသတိ၊ မိစ္ဆာသတိသည်။ နိဇ္ဇိဏ္ဏော၊ ကြေပျောက်ကုန်သည်။ ဘဝတိ၊ ဖြစ်၏။ အဿ၊ ထိုသမ္မာသတိရှိသော ပုဂ္ဂိုလ်အား။ မိစ္ဆာသတိပစ္စယာ၊ မိစ္ဆာသတိဟူသောအကြောင်းကြောင့်။ အနေကာ၊တပါးမကများကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ ဝါ။ အပါယ်သို့အပြားအားဖြင့်ကျရောက်စေတတ်ကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ယေစဓမ္မာ၊အကြင်တရားတို့သည်လည်း။ဥပ္ပဇ္ဇေယျုံ၊ဖြစ်ကုန်ရာ၏။ တေစဓမ္မာ၊ ထိုအကုသိုလ်တရားတို့သည်လည်း။ အဿ၊ ထိုသမ္မာသတိရှိသောပုဂ္ဂိုလ်အား။ နိဇ္ဇိဏ္ဏာ၊ ကြေပျောက် ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ လ။ သမ္မာသမာဓိဿ၊ သမ္မာသမာဓိရှိသော။ ဝါ။ ဟုတ်မှန်သောတရား၌ သမ္ပယုတ်တရားတို့ကို ကောင်းစွာမပျံ့မလွင့်တည်စေခြင်းရှိသော။ ပုရိသ ပုဂ္ဂလဿ၊ ယောကျ်ား ပုဂ္ဂိုလ်အား။ မိစ္ဆာသမာဓိ၊ မိစ္ဆာ သမာဓိသည်။ နိဇ္ဇိဏ္ဏော၊ ကြေပျောက်သည်။ဘဝတိ၊ဖြစ်၏။အဿ၊ထိုသမ္မာသမာဓိရှိသောပုဂ္ဂိုလ်အား။ မိစ္ဆာ သမာဓိပစ္စယာ၊ မိစ္ဆာသမာဓိ ဟူသောအကြောင်းကြောင့်။အနေကာ၊တပါးမကများကုန်သော။ပါပကာ၊ယုတ်မာကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ယေစဓမ္မာ၊ အကြင်တရားတို့သည်လည်း။ဥပ္ပဇ္ဇေယျုံ၊ ဖြစ်ကုန်ရာ၏။တေစဓမ္မာ၊ ထိုအကုသိုလ်တရားတို့သည်လည်း။အဿ၊ ထိုသမ္မာသမာဓိရှိသောပုဂ္ဂိုလ်အား။နိဇ္ဇိဏ္ဏာ၊ ကြေပျောက်

ကုန်သည်၊ ဟော န္တိ၊ ဖြစ်ကုန်၏။ ။ဤကား နေတ္တိပါဠိတော်၌လာသော ဘုရားဟောပါဠိတော်ပါဌ်၏ မြန်မာပြန်တည်း။ ဤသို့ပြဆိုအပ်သောပါဠိတော်စကားတို့ကိုထောက်၍။ရှင်းမဂ္ဂင်ရှစ်ပါးတရားတို့သည်၊ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သောကိလေသာဟူသမျှတို့ကိုမိမိတို့ဖြစ်ခိုက်၊တပြိုင်နက်တချက်တည်းသတ်အပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

{မေး} ထိုမဂ္ဂင်ရှစ်ပါးတရားတော်သည်၊ အလုံးစုံသော လောဘ၊ဒေါသ၊ မောဟစသော ကိလေသာဟူသမျှတို့ကို၊ ပဓါန အကြီးအကဲပြု၍ တပြိုင်နက် တချက်တည်းသတ်မှုကို၊ ပြဆိုအပ်သောနည်းအတိုင်း သိရပါပြီ၊ ရှင်းမဂ္ဂင်ရှစ်ပါး တရားတော်နှင့်ပြည့်စုံလျှင် ခန္ဓာသုံးပါး၊ သိက္ခာသုံးပါးတို့နှင့်ပြည့်စုံသည်ဟုဆို၏၊ ထိုသို့ပြည့်စုံပုံကို အဘယ်လိုသိအပ်ပါမည်နည်း ။

{ဖြေ} သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ' ဤနှစ်ပါးနှင့် ပြည့်စုံလျှင်၊ ပညာက္ခန္ဓ' အဓိပညာသိက္ခာနှင့်ပြည့်စုံလေတော့၏။သမ္မာဝါစာ၊သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဤသုံးပါးနှင့်ပြည့်စုံလျှင်၊ သီလက္ခန္ဓ၊ အဓိသီလသိက္ခာနှင့်ပြည့်စုံလေတော့၏။သမ္မာဝါယာမ၊သမ္မာသတိ၊သမ္မာသမာဓိ၊ဤသုံးပါးနှင့်ပြည့်စုံလျှင်၊သမာဓိက္ခန္ဓ၊အဓိစိတ္တသိက္ခာနှင့်ပြည့်စုံလေတော့၏ဟုသိအပ်ပါသည်။

{မေး} ထိုနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သောမဂ္ဂင်ရှစ်ပါးတရားတော်နှင့်ပြည့်စုံလျှင်၊ ခန္ဓာသုံးပါး၊ သိက္ခာသုံးပါးတို့နှင့် ပြည့်စုံသည်၏အဖြစ်ကိုအဘယ်ပါဌ်ကိုထောက်၍ သိအပ်ပါသနည်း။

{ဖြေ} တေသံဝါ ဒွိန္နံ ပညာက္ခန္ဓေန၊ တဒနန္တရာနံ တိဏ္ဏံ သီလက္ခန္ဓေန၊ အဝသေသာနံ သမာဓိက္ခန္ဓေန၊ အဓိပညာ အဓိသီလ အဓိစိတ္တသိက္ခာဟိ စ သင်္ဂဟိတတ္တာ ခန္ဓတ္တယဥ္စ သိက္ခတ္တယဉ္စ ဟောတိ။ ယေန သမန္နာဂတော အရိယသာဝကော။ လ၊ မဇ္ဈိမပဋိပဒံ ပဋိပန္နော ပညာက္ခန္ဓေန မောဟက္ခန္ဓံ သီလက္ခန္ဓေနဒေါသက္ခန္ဓံ သမာဓိက္ခန္ဓေနလောဘက္ခန္ဓံ ပဒါလေန္တော အဓိပညာသိက္ခာယပညာသမ္ပဒံ အဓိသီလသိက္ခာယသီလသမ္ပဒံ အဓိစိတ္တသိက္ခာယ သမာဓိသမ္ပဒန္တိ တိဿောသမ္ပတ္တိယော ပတွာ အမတံ နိဗ္ဗာနံ သစ္ဆိကရောတိ ဟူ၍၊ သမ္မောဟ ဝိနောဒနီအဋ္ဌကထာ၊ သစ္စဝိဘင်း၊ မဂ္ဂသစ္စာအဖွင့်၌ပြဆိုအပ်သည်ကိုထောက်၍သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဝါ။တနည်းကား။တေသံဒွိန္နံ၊ထိုသမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပမဂ္ဂင်နှစ်ပါးတို့၏။ ပညာက္ခန္ဓေန၊ ပညာက္ခန္ဓာဖြင့်။ တဒနန္တရာနံ၊ ထိုနှစ်ပါးတို့၏အခြားမဲ့၌ဖြစ်ကုန်သော။တိဏ္ဏံ၊ သုံးပါးကုန်သော၊သမ္မာဝါစာ၊သမ္မာကမ္မန္တ၊ သမ္မာအာဇီဝမဂ္ဂင်တို့၏။ သီလက္ခန္ဓေန၊ သီလက္ခန္ဓာဖြင့်။ အဝသေသာနံ၊ ကြွင်းကုန်သော။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိမဂ္ဂင်တို့

၏၊သမာဓိက္ခန္ဓေန၊ သမာဓိက္ခန္ဓာဖြင့်၊သင်္ဂဟိတတ္တာစ၊ရေတွက်အပ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ အဓိပညာ၊ အဓိသီလ၊ အဓိစိတ္တသိက္ခာဟိ၊ အဓိပညာ၊ အဓိသီလ၊ အဓိစိတ္တဟုဆိုအပ်သော၊ သိက္ခာသုံးပါးတို့ဖြင့်၊ သင်္ဂဟိတတ္တာစ၊ ရေတွက်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ခန္ဓတ္တယဒွေဝ၊ခန္ဓာသုံးပါးတို့၏အပေါင်းသည်လည်း၊ ဟောတိ၊ ၏၊ သိက္ခတ္တယဉ္စ၊ သိက္ခာသုံးပါးတို့၏အပေါင်းသည်လည်း။ဟောတိ၊ ၏။ တေန၊ထိုခန္ဓာသုံးပါး၊သိက္ခာသုံးပါးတို့ဖြင့်ရေတွက်အပ်သောအရိယမဂ်နှင့်၊သမင်္ဂါတော၊ ပြည့်စုံသော၊ အရိယသာဝကော၊အရိယာအဖြစ်သို့ရောက်သောတပည့်သားသည်၊ လ၊ မဇ္ဈိမပဋိပဒံ၊ မဇ္ဈိမာပဋိပဒါအကျင့်ကို။ ပဋိပန္နော၊ ကျင့်သည်။ ဟုတွာ၊ ဖြစ်၍။ ပညာက္ခန္ဓေန၊ ပညာက္ခန္ဓာဖြင့်၊ မောဟက္ခန္ဓံ၊ မောဟအပေါင်းကို၊ သီလက္ခန္ဓေန၊ သီလက္ခန္ဓာဖြင့်၊ ဒေါသက္ခန္ဓံ၊ ဒေါသအပေါင်းကို၊ သမာဓိက္ခန္ဓေန၊ သမာဓိက္ခန္ဓာဖြင့်၊ လောဘက္ခန္ဓံ၊ လောဘအပေါင်းကို၊ ပဒါလေန္တော၊ ဘောက်ခွဲသည်၊ ဟုတွာ၊ ဖြစ်၍။ အဓိပညာသိက္ခာယ၊ အဓိပညာသိက္ခာဖြင့်။ပညာသမ္ပဒံ၊ ပညာ၏ပြည့်စုံခြင်းသို့လည်းကောင်း။ အဓိသီလသိက္ခာယ၊ အဓိသီလသိက္ခာဖြင့်၊ သီလသမ္ပဒံ၊ သီလ၏ပြည့်စုံခြင်းသို့လည်းကောင်း။အဓိစိတ္တသိက္ခာယ၊ အဓိစိတ္တသိက္ခာဖြင့်၊ သမာဓိသမ္ပဒံ၊ သမာဓိ၏ပြည့်စုံခြင်းသို့လည်းကောင်း။ ဣတိ၊ ဤသို့။ တိသော၊ သုံးပါးကုန်သော။ သမ္ပတ္တိယော၊ ပြည့်စုံခြင်းတို့သို့။ ပတွာ၊ ရောက်၍၊ အမတံ၊ မပျက်မစီးမြဲနေသော။ နိဗ္ဗာနံ၊ မီးသဲ့တပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏၊ ။ဤသို့ပြဆိုအပ်သော အဋ္ဌကထာရှင်၏စကားတော်ကိုထောက်၍။ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သောမဂ္ဂင်ရှစ်ပါးတရားတော်နှင့်ပြည့်စုံလျှင်၊အလုံးစုံသောသီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ်တို့နှင့်လည်းကောင်း၊အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာတည်းဟူသော သိက္ခာသုံးပါးတို့နှင့်လည်းကောင်း။ပြည့်စုံခြင်းသို့ရောက်သည်၏အဖြစ်ကို ထင်ရှားသိကြလေ၊

{မေး} ထိုမဂ္ဂင်ရှစ်ပါးတရားတော်နှင့်ပြည့်စုံလျှင်၊ အလုံးစုံသောခန္ဓာသုံးပါး၊ သိက္ခာသုံးပါးတို့နှင့် ပြည့်စုံသည်၏ အဖြစ်ကို ပြဆိုအပ်ပြီးသောကျမ်းဂန်တို့ဖြင့်သိရပါပြီ၊ ထိုမဂ္ဂင်ရှစ်ပါးတရားတော်သည် နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော သစ္စာ တရားဟူသမျှတို့ထက် မြတ်သည်ဟု ဟောခဲ့ဆိုခဲ့၏။ ထိုသို့မြတ်သည်၏ အဖြစ်ကို အဘယ်ပါဠိကို ထောက်၍ သိအပ်ပါမည်နည်း၊

{ဖြေ} ဝုတ္တံဟေတံ ဘဂဝတာ ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ၊ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ။ တေသံ အဂ္ဂမက္ခာယတီတိ။ မဂ္ဂါနံ့ဋ္ဌင်္ဂိကော သေဋ္ဌောတိစဟူ၍၊ ဇာတိဝုတ်အဋ္ဌကထာရှင်သည်။ တိကနိပါတ်၊ပဥ္စမဝဂ်အဖွင့်{၂၉၂}မျက်နှာ၌၊ ဘုရားဟောကို ထုတ်ပြအပ်သည်ကို ထောက်၍သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ တေသံအဂ္ဂမက္ခာယတီတိ၊ ယာဝတာ ဘိက္ခဝေ ဓမ္မသင်္ခတာ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ တေသံ အဂ္ဂမက္ခာယတိ ဟူသော။ ။ဧတံ၊ ဤစကားတော်ကို၊ ဘဂဝတာ၊ မြတ်စွာဘုရားရှင်သည်၊ အင်္ဂုတ္တရေ၊ အင်္ဂုတ္တရ ပါဠိတော်၌၊ ဝုတ္တံဟိ ဝုတ္တံဧဝ၊ ဟောတော်မူအပ်သည်သာလျှင်တည်း။

ဘိက္ခဝေ၊ရဟန်းတို့။ယာဝတာ၊အကြင်မျှလောက်ကုန်သော။သင်္ခတာ၊ သင်္ခတဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသံ၊ ထိုသင်္ခတတရားတို့ထက်၊ အရိယော၊ ကိလေသာတို့မှ ဖြူစင်သော။ ဝါ။ မြင့်မြတ်သော၊ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော၊ မဂ္ဂေါ၊ မဂ်ကို၊ အဂ္ဂံ အဂ္ဂေါ၊ မြတ်၏ဟူ၍။ အက္ခာယတိ၊ ငါဘုရား ဟောအပ်၏။ ။မဂ္ဂါနံ့ဋ္ဌင်္ဂိကော၊ သေဋ္ဌောတိစ၊ မဂ္ဂါနံ ဋ္ဌင်္ဂိကော သေဋ္ဌော ဟူ၍လည်း။ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ ဓမ္မပဒေ၊ ဓမ္မပဒပါဠိတော်၌၊ ဝုတ္တံဟိ ဝုတ္တံဧဝ၊ ဟောတော်မူအပ်သည်သာလျှင်တည်း။ ။မဂ္ဂါနံ၊ ရောက်ကြောင်းဖြစ်သော တရားတို့တွင်၊ အဋ္ဌင်္ဂိကော။ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော၊ ဝါ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂေါ၊မဂ်သည်။ သေဋ္ဌော၊မြတ်၏။ ။ဤသို့ ဇာတိဝုတ်အဋ္ဌကထာရှင်ညွှန်ပြအပ်သောအင်္ဂုတ္တရပါဠိတော်၌ ဘုရားရှင်ဟောအပ်သောစကားတော်။ဓမ္မပဒပါဠိတော်၊ မဂ္ဂဝဂ်၌ဘုရားရှင်ဟောအပ်သောစကားတော်တို့ကိုထောက်၍၊အလုံးစုံသောနိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောသင်္ခတတရားတို့ထက် အင်္ဂါရှစ်ပါးရှိသော သမ္မာဒိဋ္ဌိ အမှူးရှိသော မဂ်သည်သာလျှင်၊ အမြတ်ဆုံးဖြစ်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။

{မေး} နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သင်္ခတ တရားတို့ထက်၊ သမ္မာဒိဋ္ဌိအမှူးရှိသော မဂ္ဂင်ရှစ်ပါးသည်သာလျှင် မြတ်သည်၏အဖြစ်ကိုပြဆိုအပ်သော ဇာတိဝုတ်အဋ္ဌကထာရှင်ညွှန်ပြအပ်သော ဘုရားဟောပါဠိတော်စကားတို့ဖြင့် သိရပါပြီ။ ၎င်းအရိယ အဋ္ဌင်္ဂိကမဂ်ဖြင့်၊ ဘုရားရှင်နှင့် တကွ တပည့်သားဟူသမျှတို့သည်။ မရောက်ဘူးသော ထင်ရှားနေသော နိဗ္ဗာန်တရားသို့ရောက်ကြရကြောင်းကိုဆိုခဲ့၏။ ထိုသို့ဆိုအပ်သောရောက်ကြောင်းတရားကို၊ အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} ဧတေန မင္ဂေန ဗုဒ္ဓါစ သာဝကာစ အဂတံဒိသံ နိဗ္ဗာနံ ဂစ္ဆန္တိ တိ အဋ္ဌင်္ဂိကော မဂ္ဂေါ။ ယာဝတာ ပုထုသမဏာ ဖြပ္ပဘာဒံ ပရပ္ပဝါဒါနံ မဂ္ဂါ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ အဂ္ဂေါစ သေဋ္ဌောစ ပါမောက္ခောစ ဟူ၍၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ဝိရာဂကထာ၌ဟောတော်မူ အပ်သည်ကိုထောက်၍ သိအပ်ပါသည်၊ ။အနက်သိကြောင်းမြန်မာပြန် ကား။ ။ဧတေနမဂ္ဂေန၊ ထိုသမ္မာဒိဋ္ဌိအမှူးရှိသော မဂ္ဂင်၈ရှစ်ပါးဖြင့်။ ဗုဒ္ဓါစ၊ ဘုရားရှင်တို့သည်လည်းကောင်း။သာဝကာစ၊ တပည့်သားတို့သည်လည်း ကောင်း၊ အဂတံ၊ ရှေးရှေး၌ တရံတဆစ်မျှမရောက်ဘူးသော။ ဒိသံ၊ မိမိ၏ သဘောလက္ခဏာဖြင့် ထင်ရှားနေသော၊ နိဗ္ဗာနံ၊ မီးဆွဲတပါးတို့၏ ငြိမ်း ကြောင်းဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့၊ ဂစ္ဆန္တိ၊ ရောက် ကြကုန်၏။တသ္မာ၊ ထိုသို့ရှေးရှေး၌တရံတဆစ်မျှမရောက်ဘူးသော၊ မိမိ၏ မဖြစ်မပျက်သော သဘောလက္ခဏာဖြင့်ထင်ရှားနေသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောကြောင့်။ သောမဂ္ဂေါ၊ ထို မဂ်သည်၊အဋ္ဌင်္ဂိကော၊အင်္ဂါ၈ရှစ်ပါးရှိသော။ မဂ္ဂေါ၊မဂ်မည်၏။ပရပ္ပဝါဒါနံ၊ သာသနာတော်မှ တပါးသော အယူရှိကုန်သော၊ ပုထု၊ များစွာကုန်သော။ သမဏဗြာဟ္မဏာနံ၊ ရဟန်း, ပုဏ္ဏားတို့၏။ ယာဝတာ၊ အကြင်မျှလောက် ကုန်သော။ မဂ္ဂါ၊ မဂ်တို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ တာဝတ္တကာနံ၊ ထိုမျှ လောက်ကုန်သော။ မဂ္ဂါနံ၊မဂ်တို့ထက်။ အရိယော၊ ကိလေသာတို့မှဖြူစင် သော၊ အဋ္ဌင်္ဂိကော၊ အင်္ဂါ၈ရှစ်ပါးရှိသော၊ မဂ္ဂေါ၊ မဂ်သည်။ အဂ္ဂေါစ၊ မြတ် သည်လည်း ဖြတ်၏။ သေဋ္ဌောစ၊ အထူးသဖြင့်လည်း ချီးမွမ်းအပ်၏၊ ပါ မောက္ခောစ၊ အကြီးအကဲလည်းဖြစ်၏၊ ။ဤကား၊ပါဠိတော်၏မြန်မာပြန် တည်း။ ။ဤပြဆိုအပ်သော ပါဠိတော်စကားရပ်တို့တွင်၊ဧတေန မဂ္ဂေန ဗုဒ္ဓါစ သာဝကာစ အဂတံ ဒိသံနိဗ္ဗာနံ ဂစ္ဆန္တိ ဟူသောပါဌ်တို့ကိုထောက် ၍ ဗုဒ္ဓနှင့်တကွ သာဝကတို့သည်၊ မရောက်ဘူးသော သဘောလက္ခဏာ ဖြင့်ထင်ရှားနေသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့ ရောက်ကြရ ကြောင်းကိုထင်ရှားသိကြလေကုန်။

{မေး} ဤပြဆိုအပ်ပြီးသော လေးပါးသော အကြောင်းတို့ကြောင့်။ အရိယအဋ္ဌင်္ဂိက မဂ်ကိုပြဋ္ဌခါန်း၍ ဓမ္မစက္ကပဝတ္တနသုတ်၌၊ ဟောတော်မူ အပ်သည်ကို သိအပ်ပါသလော။

{ဖြေ} ထိုလေးပါးသောအကြောင်းကြောင့်ပင်၊ဓမ္မစက္ကပဝတ္တနသုတ် ၌ဤရှဋ္ဌေဖိုလ်စသောသင်္ခတတို့ပါရှိသော်လည်း၊အရိယအဋ္ဌင်္ဂိကတရားတော်

ကိုသာလျှင်ပြခါနိုး၍ ဓမ္မစက္ကပဝတ္တနသုတ်၌ ဟောတော်မူအပ်ကြောင်းကို ထင်ရှားသိအပ်ပါသည်၊

{မေး} ထိုအသိတခါတ် နိဗ္ဗာနကို ရှေးဦးစွာ နိဗ္ဗာန်ကို ရှေးဦးစွာသိမြင်ခြင်းသို့ရောက်သော လောကုတ္တရာမဂ်ကို၊ အဘယ်မဂ်ဟု ခေါ်ဆိုအပ်ပါသနည်း။

{ဖြေ} ထိုအသိတခါတ်နိဗ္ဗာန်ကို ရှေးဦးစွာသိမြင်ခြင်းသို့ရောက်သော သမ္မာဒိဋ္ဌိအမှူးရှိသော မဂ္ဂင်ရှစ်ပါးတရား တည်းဟူသော လောကုတ္တရာမဂ်ကို သောတာပတ္တိမဂ်ဟု ခေါ်ဆိုအပ်ပါသည်။

{မေး} ၎င်းသောတာပတ္တိမဂ်သည်၊ နိဗ္ဗာန်ကိုထိုးထွင်း၍သိမြင်ခိုက်၊ အဘယ်ကိလေသာတို့ကိုအကြွင်းမဲ့ပယ်သတ်ပါသနည်း။ ထိုသတ်အပ်သော ကိလေသာတို့ကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ထိုသောတာပတ္တိမဂ်သည် နိဗ္ဗာန်ကိုထိုးထွင်း၍သိမြင်ခိုက်၊ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသတည်းဟူသော သံယောဇဉ်သုံးပါးတို့ကို၎င်း၊ ထိုတရားနှင့်အတူတကွပယ်ခြင်းငှါထိုက်သော ကိလေသာ ဟူသမျှတို့ကိုလည်း၎င်း ပယ်အပ်ပါသည်ဟု သိအပ်ပါသည်၊

{မေး} အဘယ်ပါဠိကိုထောက်၍၊ ၎င်းကိလေသာတို့ပယ်မှုကိုသိအပ်ပါမည်နည်း။

{ဖြေ} ကတမေ ဓမ္မာ ဒဿနေန ပဟာတဗ္ဗာ။ တီဏိ သံယောဇနာနိ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသော ဟူ၍လည်းကောင်း။ ဣမာနိ တီဏိသံယောဇနာနိ တဒေကဋ္ဌာစ ကိလေသာ။ တံ သမ္ပယုတ္တော ဝေဒနာက္ခန္ဓော။ ပ။ ဝိညာဏက္ခန္ဓော၊ တံသမုဋ္ဌာနံ ကာယကမ္မံ၊ ဝစီကမ္မံ၊ မနောကမ္မံ။ ဣမေ ဓမ္မာ၊ ဒဿနေန ပဟာတဗ္ဗာဟူ၍လည်းကောင်း။ ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍ၊ ဒဿနေနပဟာတဗ္ဗတိက်၌ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ ။သောတာပတ္တိမဂ္ဂေန သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသော၊ ဣမာနိ တီဏိ သံယောဇနာနိ ပဟီယန္တိ။ ဒိဋ္ဌာနုသယော ဝိစိကိစ္ဆာနုသယော။ ဣမေ ဒွေ အနုသယာ ဗျန္တီ ဟောန္တိ ဟူ၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ယုဂနဒ္ဓဝဂ်၊ယုဂနဒ္ဓကထာ နံပါတ် (၂၅၄)မျက်နှာ၌၊ ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်းသိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ကတမေ၊ အဘယ်မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဒဿနေန၊ နိဗ္ဗာန်ကို ရှေးဦးစွာထိုးထွင်း၍သိမြင်တတ်သော သောတာပတ္တိမဂ်သည်။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်သနည်း။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိလည်းကောင်း၊ ဝိစိကိစ္ဆာ၊ ဝိစိ

ကိစ္စာလည်းကောင်း။သီလဗ္ဗတပရာမာသော၊ သီလဗ္ဗတပရာမာသလည်းကောင်း။ ဣတိ၊ ဤသို့။ တိဏ္ဏံ၊ သုံးပါးကုန်သော၊ သံယောဇနာနံ၊ သံယောဇန်တရားတို့သည်။ပဟာနံ၊ ဖြစ်ကုန်၏။ ။ဤကား၊ ပဌမပါဠိတော်ပါဌ်၏ မြန်မာပြန်တည်း။ ။ဣမာနိ၊ ဤသို့သဘောရှိကုန်သော၊ တိဏိ၊ သုံးပါးကုန်သော။ သံယောဇနာနိ၊ သံယောဇန်တို့သည်လည်းကောင်း။ တဒေကဋ္ဌာ၊ ထိုသံယောဇန်တို့နှင့် အပြားအားဖြင့်ယှဉ်ခြင်း။ ပယ်ခြင်းဖြင့်အတူတကွတည်ကုန်သော၊ ကိလေသာစ၊ လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာတို့သည်လည်းကောင်း။ပဟာနံ၊ ဖြစ်ကုန်၏။ ။တံသမ္ပယုတ္တာ၊ ထိုသံယောဇန်နှင့်အညီအညွတ်။ဧကုပ္ပါဒစသော အပြားတို့ဖြင့်ယှဉ်သော ဝေဒနာက္ခန္ဓော၊ဝေဒနာက္ခန္ဓာသည်၊ ပဟာတိ၊ဖြစ်၏။သညာက္ခန္ဓော၊သညာက္ခန္ဓာသည်။ ပဟာတိ၊ဖြစ်၏။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာသည်၊ပဟာတိ၊ ဖြစ်၏။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာသည်၊ ပဟာတိ၊ ဖြစ်၏၊ တံသမုဋ္ဌာနံ၊ထိုသံယောဇန်တို့သာလျှင် ဖြစ်ကြောင်းရှိသော။ ကာယကမ္မံ၊ကာယကံသည်၊ ဝစီကမ္မံ၊ဝစီကံသည်၊မနောကမ္မံ၊မနောကံသည်၊ ပဟာတိ၊ဖြစ်၏၊ ဣမေ၊ ဤဆိုအပ်ကုန်ပြီးသော။ ဓမ္မာ၊ တရားတို့ကို၊ ဒသနေန၊ နိဗ္ဗာန်ကို ထိုးထွင်း၍သိမြင်တတ်သော သောတာပတ္တိမဂ်သည်။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ ။ဤကား၊ ဓမ္မသင်္ဂဏီပါဠိတော်၊ ဒုတိယပါဌ်၏ မြန်မာပြန်တည်း။ ။သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိ မဂ်သည်။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကိုလည်းကောင်း။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာကိုလည်းကောင်း။ သီလဗ္ဗတပရာမာသော၊ သီလဗ္ဗတပရာမာသကိုလည်းကောင်း။ ဣမာနိ၊ ဤဆိုအပ်ကုန်ပြီးသော။တိဏိ၊ သုံးပါးကုန်သော။ သံယောဇနာနိ၊ သံယောဇန်တို့ကို။ ပဟီယန္တိ၊ပယ်အပ်ကုန်၏။ ဒိဋ္ဌာနုသယော၊ဒိဋ္ဌိတည်းဟူသော အနုသယလည်းကောင်း၊ ဝိစိကိစ္ဆာနုသယော၊ ဝိစိကိစ္ဆာတည်းဟူသော အနုသယ လည်းကောင်း၊ ဣမေ၊ ဤဆိုအပ်ပြီးကုန်သော၊ ဒွေ၊ နှစ်ပါးကုန်သော။အနုသယာ၊အနုသယတို့သည်။ ဗျန္တိ၊ကင်းကုန်သည်၊ ပဟာန္တိ၊ဖြစ်ကုန်၏။ဤသို့ဟောတော်မူအပ်ကုန်သော ပါဠိတော်စကားရင်တို့ကိုထောက်၍၊ သောတာပတ္တိမဂ်သည်၊ အကြွင်းမရှိပယ်အပ်သော ကိလေသာတို့ကို ထင်ရှားသိကြလေ၊

{မေး} သောတာပတ္တိမဂ်နောင်၊ အဘယ်တရားသည် ဖြစ်ပါသနည်း၊ ဖြစ်သော တရားကို ဘယ်လိုသိအပ်ပါမည်နည်း၊

{ဖြေ} သောတာပတ္တိမဂ်နောင်၊ဖိုလ်ဇောနှစ်ကြိမ်သော်လည်းကောင်း၊ သုံးကြိမ်သော်လည်းကောင်း ဖြစ်ပါသည်၊အကယ်၍မဂ္ဂဝီထိ၌ မနောဒွါရာ

ဝဏ္ဏနိဗိတ်နှောင်၊ အနုလုံဇောသည်။ ပရိကံ၊ ဥပစာ၊ အနုလုံဟူ၍သုံးကြိမ်ဖြစ်ခဲ့အံ့။ နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘုတကြိမ်၊ မဂ်တကြိမ်၊ ဖိုလ်ဇောနှစ်ကြိမ်ဖြစ်၏။ အကယ်၍ အနုလုံဇောသည် ဥပစာ၊ အနုလုံဟူ၍နှစ်ကြိမ်သာဖြစ်ခဲ့အံ့။ နိဗ္ဗာန်ကိုအာရုံပြု၍ ဂေါတြဘုတကြိမ်၊ မဂ်တကြိမ်၊ ဖိုလ်ဇောသုံးကြိမ်ဖြစ်ပါသည်ဟု သိအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍ သိအပ်ပါမည်နည်း။

{ဖြေ} မဟာပညဿ ပန၊ ဒွေ အနုလောမာနိ ဟောန္တိ။ တတိယံဂေါတြဘု။ စတုတ္ထံ မဂ္ဂစိတ္တံ။ တီဏိ ဖလာနိ။ တတော ဘဝင်္ဂေါတ္တရဏံ။ မန္ဒပညဿ တီဏိ အနုလောမာနိ ဟောန္တိ၊ စတုတ္ထံ ဂေါတြဘု။ ပဉ္စမံ မဂ္ဂစိတ္တံ။ ဒွေ ဖလာနိ။ တတော ဘဝင်္ဂေါတ္တရဏံ ဟူ၍။ အဋ္ဌသာလိနီအဋ္ဌကထာ၊ လောကုတ္တရ ပဒဘာဇနီကျမ်း(၂၄၅)မျက်နှာ၌ မိန့်ဆိုအပ်သည်ကိုထောက်၍သိအပ်ပါသည်၊ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။မဟာပညဿ ပန၊ ကြီးသော ပညာရှိသောပုဂ္ဂိုလ်အားကား။ ဒွေ၊ နှစ်ပါးကုန်သော။အနုလောမာနိ၊ အနုလုံ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတိယံ၊ သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ဌာန၌၊ ဂေါတြဘု၊ဂေါတြဘုသည်။ ဟောတိ၊ဖြစ်၏။ စတုတ္ထံ၊ လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဌာန၌၊ မဂ္ဂစိတ္တံ၊ မဂ်စိတ်သည်။ ဟောတိ၊ ဖြစ်၏။ တီဏိ၊ သုံးပါးကုန်သော။ ဖလာနိ၊ မဂ်၏ အကျိုးဖြစ်ကုန်သောဖိုလ်စိတ်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ တတော၊ ထိုနောင်မှ။ ဘဝင်္ဂေါတ္တရဏံ၊ ဘဝင်သို့ သက်သည်၊ ဟောတိ၊ ဖြစ်၏။ မန္ဒပညဿ၊ မန္ဒပညာရှိသောသူအား၊ တီဏိ၊ သုံးပါးကုန်သော။ အနုလောမာနိ၊အနုလုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စတုတ္ထံ၊ လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဌာန၌။ ဂေါတြဘု၊ ဂေါတြဘုသည်၊ ဟောတိ၊ ဖြစ်၏။ ပဉ္စမံ၊ ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော ဌာန၌။ မဂ္ဂစိတ္တံ၊ မဂ်စိတ်သည်။ ဟောတိ၊ဖြစ်၏။ ဒွေ၊ နှစ်ပါးကုန်သော။ ဖလာနိ၊မဂ်၏အကျိုးဖြစ်ကုန်သောဖိုလ်စိတ်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။တတော၊ထိုနောက်မှ၊ဘဝင်၊ဘဝင်သို့။ဩတ္တရဏံ၊ သက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ဤသို့ပြဆိုအပ်သော အဋ္ဌကထာစကားတော်ကိုထောက်၍။ သောတာပတ္တိမဂ်နောင်၊ သောတာပတ္တိ ဖိုလ်ဇောဖြစ်သည်ကို ထင်ရှားသိကြလေ။

{မေး} ထိုသောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်သည်။ အဘယ်တရားကိုသုံးသပ်ဆင်ခြင်၍၊သကဒါဂါမိမဂ်သို့ရောက်ပါသနည်း။ထိုအကြောင်းကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ထိုသောတာပတ္တိမဂ်ဖိုလ်သို့ရောက်ပြီးသော ပုဂ္ဂိုလ်သည်၊ သကဒါဂါမိမဂ်သို့ရောက်လိုလတ်သော်။ ဓမ္မစကြာ၌ ဟောတော်မူအပ်သော ဇာတိပိဒုက္ခာစသော သတ္တဝါ အသက်မဟုတ်သော အမျိုးမျိုးသော ဖြစ်ပျက်နေသော ဒုက္ခတရားတို့ကိုသာလျှင်။ ရှေးနည်းအတိုင်း၊ အဘန် တလဲလဲ သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်အပ်၏။ ထိုတရားတို့ကို ဝိပဿနာဉာဏ်ဖြင့်ဆင်ခြင်သုံးသပ်ဘန်များလျှင်၊ဘုံသုံးပါး၌ဖြစ်သော ဇာတိဒုက္ခအစရှိသော အလုံးစုံ သော ဒုက္ခဟူသမျှတို့ကိုအလိုမရှိတဲ။ ငြီးငွေ့စက်ဆုပ်ခြင်းသို့ရောက်လေ၏။ ထိုသို့ငြီးငွေ့စက်ဆုပ်ခြင်းသို့ရောက်ဘန်များလတ်သော်။ ၎င်းတို့မှလွှန်မြောက်၍ တဘက်ကမ်းကဲ့သို့ အမြဲတည်ရှိနေသော မဖြစ်မပျက်သော အသင်္ခတတရားကိုသာလျှင်၊ အလွန်အေးချမ်းသောတရားတည်းဟု။အဘန်တလဲလဲအာရုံပြု၍ရောက်လေ၏။ထိုသို့အာရုံပြုဘန်များလျှင်၊ အကြွင်အခါ၊ဝိပဿနာဉာဏ်သည်ရင့်သန်ခြင်းသို့ရောက်သဖြင့်၊ ၎င်းအသင်္ခတဓာတ်နိဗ္ဗာန်ကို အေးချမ်းသောအနေဖြင့်၊ ရှေးသောတာပတ္တိမဂ်အခါ၌ကဲ့သို့ အလွန်ထင်ရှားစွာမြင်လေ၏။ ထိုအခါ၊ သကဒါဂါမိမဂ်သို့ရောက်လေ၏ဟု သိအပ်ပါသည်။ ။ထို့ကြောင့်၊ သကဒါဂါမိမဂ်သို့ရောက်လိုသော သောတာပန်သည်လည်း။ ၎င်းဇာတိပိဒုက္ခာစသော တရားတို့ကိုပင်၊ ဆင်ခြင်သုံးသပ်အပ်ကြောင်းကိုလည်း ထင်ရှားသိအပ်ပါသည်။

{မေး} ထိုသကဒါဂါမိမဂ်သည်၊ အဘယ်ကိလေသာတို့ကိုပယ်အပ်ပါသနည်း။

{ဖြေ} သကဒါဂါမိမဂ်သည် ရုန်းရင်းသောကာမရာဂ။ရုန်းရင်းသော ပဋိဃစသော ကိလေသာတို့ကို အကြွင်းမရှိပယ်အပ်ပါသည်။

{မေး} ထိုသို့သကဒါဂါမိမဂ်သည် ရုန်းရင်းသောကာမရာဂ၊ရုန်းရင်းသော ပဋိဃစသော ကိလေသာတို့ကိုပယ်အပ်သည်၏အဖြစ်ကို အဘယ်ပါဠိကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} သကဒါဂါမိမဂ္ဂေန ဩဠာရိကံ ကာမရာဂသံယောဇနံ ပဋိဃသံယောဇနံ။ ဣမာနိ ဒွေ သံယောဇနာနိ ပဟီယန္တိ။ ဩဠာရိကော ကာမရာဂါနုသယော ပဋိဃာနုသယော။ဣမေဒွေ အနုသယာ ဗျန္တိ ဟောန္တီဟူ၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ယုဂနဒ္ဓဝဂ်၊ယုဂနဒ္ဓကထာကျမ်း(၂၅၄)မျက်နှာ၌။ ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း။ ။ဩဠာရိကာနိ ကာမရာဂ ပဋိဃသံယောဇနာနိ။ ဩဠာရိကော ကာမရာဂါနုသယော ပဋိဃာ နုသယောတိ ဣမေ ပန စတ္တာရော ကိလေသေ သောမဂ္ဂေါ ဥပ္ပန္န

မာနေသ၀၊သမုဋ္ဌာ၀တေတိဟူ၍ အဋ္ဌသာလိနီအဋ္ဌကထာ၊ လောကုတ္တရကုသလပဒဘာဇနီကျမ်း(၂၄၈)မျက်နှာ၌မိန့်ဆိုအပ်သည်ကို ထောက်၍လည်း ကောင်းသိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။သကဒါဂါမိမဂ္ဂေန၊ သကဒါဂါမိမဂ်သည်။ ဩဠာရိကာံ၊ ရုန်းရင်းသော။ ကာမရာဂသံယောဇနံ၊ ကာမရာဂသံယောဇနကိုလည်းကောင်း၊ ပဋိဃသံယောဇနံ၊ ပဋိဃသံယောဇနကိုလည်းကောင်း။ ဇဟာတိ၊ ၎င်းသို့ဆိုအပ်ကုန်ပြီးသော။ ဒွေ၊ နှစ်ပါးကုန်သော။သံယောဇနာနိ၊သံယောဇနတရားတို့ကို။ပဟီယန္တိ၊ပယ်အပ်ကုန်၏။ဩဠာရိကော၊ ရုန်းရင်းသော။ကာမရာဂါနုသယော၊ကာမရာဂါနုသယသည်လည်းကောင်း။ ပဋိဃာနုသယော၊ ပဋိဃာနုသယသည်လည်းကောင်း။ ဣမေ၊ ၎င်းဆိုအပ်ကုန်ပြီးသော။ ဒွေ၊ နှစ်ပါးကုန်သော။ အနုသယာ၊ အနုသယတရားတို့သည်။ ဗျန္တိ၊ ကင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ ၎င်းကား။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၏ မြန်မာပြန်တည်း။ ။ဩဠာရိကာနိ၊ ရုန်းရင်းကုန်သော။ ကာမရာဂ ပဋိဃသံယောဇနာနိ၊ကာမရာဂ ပဋိဃသံယောဇနတို့လည်းကောင်း။ ဩဠာရိကော၊ ရုန်းရင်းသော။ကာမရာဂါနုသယော၊ ကာမရာဂါနုသယလည်းကောင်း၊ ပဋိဃာနုသယော၊ ပဋိဃာနုသယလည်းကောင်း။ ဇဟတိ၊ ၎င်းသို့၊ စတ္တာရော၊ လေးပါးကုန်သော။ ဇဟမေ ပနကိလေသေ၊၎င်းကိလေသာတို့ကိုသာလျှင်။ သောမဂ္ဂေါ၊ထိုသကဒါဂါမိမဂ်သည်။ ဥပ္ပန္နမာနော၀၊ ဖြစ်ဆဲဖြစ်၍သာလျှင်။ သမုဋ္ဌာ၀တေတိ၊ ကောင်းစွာသတ်၏။ ၀ါ။ ကောင်းစွာဖျက်ဆီး၏။ ။၎င်းကား။ အဋ္ဌသာလိနီ အဋ္ဌကထာပါဌ်၏မြန်မာပြန်တည်း။ ။၎င်းသို့ပြဆိုအပ်သောပါဠိတော်၊အဋ္ဌကထာပါဌ်တို့ကိုထောက်၍။ သကဒါဂါမိမဂ် ပယ်သတ်အပ်သော ကိလေသာတို့ကို ထင်ရှားသိကြလေ။

{မေး} ၎င်းသကဒါဂါမိမဂ်နောင်၊ အဘယ်တရားသည် ဖြစ်ပါသနည်း။ ဖြစ်ကြောင်းကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ၎င်းသကဒါဂါမိမဂ်နောင်။ သကဒါဂါမိဖိုလ်စောနှစ်ကြိမ်သော်လည်းကောင်း၊ သုံးကြိမ်သော်လည်းကောင်း ဖြစ်ပါသည်ဟုသိအပ်ပါသည်။

{မေး} သကဒါဂါမိမဂ်နောင်။သကဒါဂါမိဖိုလ်စောနှစ်ကြိမ်သော်လည်းကောင်း။သုံးကြိမ်သော်လည်းကောင်းဖြစ်သည်ကို။အဘယ်ပါဌ်ကိုထောက်၍သိအပ်ပါမည်နည်း။

{ဖြေ} ဇောသောတာပတ္တိမဂ်နောင်၊ သောတာပတ္တိဖိုလ် ဇောနှစ်ကြိမ်သော်လည်းကောင်း။ သုံးကြိမ်သော်လည်းကောင်းဖြစ်သည်ကို။ ပြဆိုအပ်သောပါဌ်ဖြင့်ပင်သိအပ်ပါသည်။ တခြားတသီးပြစရာမလိုတော့ပါ။

{မေး} သကာဒါဂါမိဖြစ်ပြီးသော ပုဂ္ဂိုလ်သည်။ အဘယ်တရားကိုသုံးသပ်ဆင်ခြင်၍ အနာဂါမိမဂ်သို့ရောက်ပါသနည်း။ ထိုသို့ရောက်ပုံကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ထိုသကာဒါဂါမိဖိုလ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည်။ အနာဂါမိမဂ်သို့ရောက်လိုလတ်သော်။ မွေစက္ကာပဝတ္တနသုတ်၌ ဟောတော်မူအပ်သော ဇာတိပိဒုက္ခအစ၊ ပဉ္စုပါဒါနက္ခန္ဓာအဆုံးရှိသော။ သတ္တဝါ အသက်မဟုတ်သော မရပ်မစဲ ဖြစ်ပျက်နေသော အမျိုးမျိုးသော ဒုက္ခတရားတို့ကို။ ဒုက္ခသစ္စာ၌ ပြဆိုအပ်ပြီးသော နည်းအတိုင်း။ သမ္မာဒိဋ္ဌိ တည်းဟူသော ဝိပဿနာဉာဏ်ဖြင့် အဘန်တလဲလဲ ခြင်ဆင်သုံးသပ်အပ်သည်ရှိသော်။ ဘုံသုံးပါး၌ဖြစ်သော ဇာတိဒုက္ခအစရှိသော အလုံးစုံသောဒုက္ခဟူသမျှတို့ကို အလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ရောက်လေ၏။ ထိုသို့ငြီးငွေ့စက်ဆုပ်ခြင်းသို့ရောက်ဘန်များလတ်သော်။ ၎င်းတို့မှလွန်မြောက်၍ တဘက်ကမ်းကဲ့သို့အမြဲတည်ရှိနေသောမဖြစ်မပျက်သောသဘောအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင်။အလွန်အေးချမ်းသောတရားတည်းဟုအဘန်တလဲလဲအာရုံပြု၍ရောက်လေ၏။ ထိုသို့အာရုံပြု၍ရောက်ဘန်များလတ်သော်၊ အကြင်အခါ၊ ဝိပဿနာဉာဏ်သည် ရင့်သန်ခြင်းသို့ရောက်သဖြင့်၊ ၎င်းအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အေးချမ်းသောအနေဖြင့်၊ ရှေး သောတာပတ္တိမဂ်အခါကဲ့သို့။ အလွန်ထင်ရှားစွာမီးထွန်း၍ပြသကဲ့သို့မြင်ခြင်းသို့ရောက်လေ၏။ ထိုအခါ၊အနာဂါမိမဂ်သို့ရောက်လေ၏၊ထိုသို့အနာဂါမိမဂ်သို့ရောက်သည်ကိုလည်း မိမိကိုယ်တိုင်းသိအပ်ပါသည်၊

{မေး} ထိုအနာဂါမိမဂ်သည် မိမိဖြစ်ဆဲအခိုက်။ အဘယ် ကိလေသာတို့ကို ပယ်သတ်ဖျက်ဆီးပါသနည်း။

{ဖြေ} ၎င်း အနာဂါမိမဂ်သည်၊ သိမ်မွေ့သော ကာမရာဂ ပဋိဃသံယောဇဉ် တရားတို့ကိုလည်းကောင်း။ သိမ်မွေ့သော ကာမရာဂါနုသယ၊ ပဋိဃာနုသယတို့ကိုလည်းကောင်း၊အကြွင်းမရှိပယ်သတ်ဖျက်ဆီးပါသည်။

{မေး} ထိုသို့အနာဂါမိမဂ်သည်၊ သိမ်မွေ့သော ကာမရာဂ၊ ပဋိဃသံယောဇဉ်၊ သိမ်မွေ့သော ကာမရာဂါနုသယ၊ ပဋိဃာနုသယတို့ကို အကြွင်းမရှိ ပယ်သတ်ဖျက်ဆီးမှုကို၊ အဘယ်ပါဠိကိုထောက်၍ သိအပ်ပါမည်နည်း၊

{ဖြေ} အနာဂါမိမဂ္ဂေန အနုသဟဂတံ ကာမရာဂ သံယောဇနံ ပဋိဃသံယောဇနံ၊ အနုသဟဂတော ကာမရာဂါနုသယော ပဋိဃာနုသယော၊ ဗှုမဂ္ဂေအနုသယာဒတ္တာ ပဟာတ္တိ

ဟူ၍ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ယုဂနဒ္ဓဝဂ်။ ယုဂနဒ္ဓကထာကျမ်း (၂၅၄) မျက်နှာ၌ဟောတော်မူအပ်သည်ကို ထောက်၍လည်းကောင်း။ ။အဇ္ဈတ္တသဟဂတာနိ ကာမရာဂ ပဋိဃသံယောဇနာနိ။ အဇ္ဈတ္တသဟဂတော ကာမရာဂါနုသယော ပဋိဃာ နုသယောတိ ဠာမေပန စတ္တာရော ကိလေသေ သောမဂ္ဂေါ ဥပ္ပန္နမာနောဝ သမုဆ္ဆိန္ဒတိ ဟူ၍။ အဋ္ဌသာလိနီ အဋ္ဌကထာ၊ လောကုတ္တရပဒဘာဇနီကျမ်း(၂၄၈)မျက်နှာ၌ မိန့်ဆိုအပ်သည့်ကိုထောက်၍လည်းကောင်း သိအပ်ပါသည်။ ။အနက်သိကြောင်း မြန်မာပြန်ကား။ အနာဂါမိမဂ္ဂေန၊ အနာဂါမိမဂ်သည်။ အဇ္ဈတ္တသဟဂတံ၊ သိမ်မွေ့သော သဘောနှင့် တကွဖြစ်သော။ ကာမရာဂသံယောဇနံ၊ ကာမရာဂသံယောဇန်ကိုလည်းကောင်း။ ပဋိဃသံယောဇနံ၊ ပဋိဃသံယောဇန်ကိုလည်းကောင်း။ ဠာမာနိ၊ ဤဆိုအပ်ကုန်ပြီးသော။ ဒွေ၊ နှစ်ပါးကုန်သော။ သံယောဇနာနိ သံယောဇန်တို့ကို။ ပဇဟိယန္တိ၊ ပယ်အပ်ကုန်၏။ အဇ္ဈတ္တသဟဂတော၊ သိမ်မွေ့သောသဘောနှင့်တကွဖြစ်သော။ ကာမရာဂါနုသယော၊ ကာမရာဂါနုသယသည်လည်းကောင်း။ ပဋိဃာနုသယော၊ ပဋိဃာနုသယသည်လည်းကောင်း။ ဠာမေ၊ ဤဆိုအပ်ကုန်ပြီးသော။ ဒွေ၊ နှစ်ပါး ကုန်သော။ အနုသယာ၊ အနုသယတရားတို့သည်။ ဗျန္တိ၊ ကင်းကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤကား။ ပဋိသမ္ဘိဒါမဂ် ပါဠိတော် ပါဠ်၏မြန်မာပြန်တည်း။ ။အဇ္ဈတ္တသဟဂတာနိ၊ သိမ်မွေ့သောသဘောနှင့်တကွဖြစ်ကုန်သော။ ကာမရာဂ ပဋိဃသံယောဇနာနိ၊ ကာမရာဂသံယောဇန်။ ပဋိဃသံယောဇန်တရားတို့လည်းကောင်း။ အဇ္ဈတ္တသဟဂတော၊ သိမ်မွေ့သောသဘောနှင့် တကွဖြစ်သော၊ ကာမရာဂါနုသယော၊ ကာမရာဂါနုသယ လည်းကောင်း။ ပဋိဃာနုသယော၊ ပဋိဃာနုသယလည်းကောင်း။ ဠာတိ၊ ဤသို့။ ဠာမေ ပန၊ ဤဆိုအပ်ပြီးသည့်သာလျှင်ဖြစ်သော။ စတ္တာရော၊ လေးပါးကုန်သော၊ ကိလေသေ၊ ကိလေသာတို့ကို။ သောမဂ္ဂေါ၊ ထိုအနာဂါမိမဂ်သည်။ ဥပ္ပန္နမာနောဝ၊ ဖြစ်ဆဲဖြစ်၍သာလျှင်။ သမုဆ္ဆိန္ဒတိ၊ ကောင်းစွာသတ်၏။ ဝါ။ ကောင်းစွာဖျက်ဆီး၏။ ။ ဤသို့ပြဆိုအပ်သော ပါဠိတော်၊ အဋ္ဌကထာပါဌ်တို့ကိုထောက်၍။ အနာဂါမိမဂ်အကြွင်းမရှိပယ်သတ်အပ်သော ကိလေသာတို့ကိုသိကြလေ။

{မေး} ၎င်းအနာဂါမိမဂ်နောင်၊ အဘယ်တရားသည် ဖြစ်ပါသနည်း။ ဖြစ်ကြောင်းကိုဘယ်လိုသိအင်ပါမည်နည်း။

{ဖြေ} ၎င်းအနာဂါမိမဂ်နောင်၊အနာဂါမိဖိုလ်သည် နှစ်ကြိမ်သော်လည်းကောင်း၊ သုံးကြိမ်သော်လည်းကောင်း ဖြစ်ပါသည်ဟုသိအပ်ပါသည်။

{မေး} ၎င်း အနာဂါမိမဂ်နောင်၊ အနာဂါမိ ဖိုလ်သည် နှစ်ကြိမ်သော်

လည်းကောင်း။ သုံးကြိမ် သော်လည်းကောင်း ဖြစ်မှုကို၊ အဘယ်ပါဠိကို ထောက်၍ သိအပ်ပါသနည်း။

{ဖြေ} အနာဂါမိမဂ်နောင်၊ အနာဂါမိဖိုလ်နှစ်ကြိမ်သော်လည်းကောင်း သုံးကြိမ်သော်လည်းကောင်းဖြစ်မှုကို။ သောတာပတ္တိမဂ်နောင်၊ သောတာပတ္တိဖိုလ်သဥ္စနှစ်ကြိမ်သော်လည်းကောင်း။သုံးကြိမ်သော်လည်းကောင်းဖြစ်ပုံကို။အဋ္ဌသာလိနီအဋ္ဌကထာ၌ပြဆိုအပ်သော နည်းကိုမှီ၍ပင်သိအပ်ပါသည်။

{မေး} အနာဂါမ်ဖြစ်ပြီးသော ပုဂ္ဂိုလ်သည်။ အဘယ်တရားကို သုံးသပ်ဆင်ခြင်၍ အရဟတ္တမဂ်သို့ရောက်ပါသနည်း။ ထိုသို့ရောက်ပုံကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ထိုအနာဂါမိ ဖိုလ်သို့ရောက်ပြီးသော ပုဂ္ဂိုလ်သည်။ အရဟတ္တမဂ်သို့ရောက်လိုလတ်သော်။ဓမ္မစက္ကပဝတ္တနသုတ်၌ဟောတော်မူအပ်သော ဇာတိပိဒုက္ခာအစ၊ ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခအဆုံးရှိသော။သတ္တဝါအသက်မဟုတ်သော မရပ်မစဲဖြစ်ပျက်နေသော၊ အမျိုးမျိုးသော ဒုက္ခတရားတို့ကို ဒုက္ခသစ္စာ၌ပြဆိုအပ်ပြီးသောနည်းအတိုင်း၊ သမ္မာဒိဋ္ဌိတဥ်းဟူသောဝိပဿနာဉာဏ်ဖြင့် အဘန်တလဲလဲ ဆင်ခြင်သုံးသပ်အပ်၏။ ထိုဒုက္ခတရားတို့ကို ဝိပဿနာဉာဏ်ဖြင့် အဘန်တလဲလဲသုံးသပ်အပ်သည်ရှိသော်။ ဘုံသုံးပါး၌ဖြစ်သော ဇာတိဒုက္ခအစရှိသော၊ အလုံးစုံသောဒုက္ခဟူသမျှတို့ကိုအလိုမရှိဘဲ ငြီးငွေ့စက်ဆုပ်ခြင်းသို့ရောက်လေ၏။ ထိုသို့ငြီးငွေ့စက်ဆုပ်ခြင်းသို့ရောက်ဘန်များလတ်သော်။ ၎င်းတို့မှလွန်မြောက်၍ တဘက်ကမ်းကဲ့သို့အမြဲတည်ရှိသော မဖြစ်မပျက်သောသဘောရှိသော အသခ်တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုသာလျှင်၊ အလွန်အေးချမ်းသောတရားတည်းဟု အဘန်တလဲလဲအာရုံပြု၍ရောက်လေ၏၊ ထိုသို့အာရုံပြု၍ရောက်ဘန်များလတ်သော်၊ အကြင်အခါ၊ ဝိပဿနာဉာဏ်သည် ရင့်သန်ခြင်းသို့ရောက်သဖြင့်။အရဟတ္တမဂ်ဖြစ်လိုသတ်သော်။ ၎င်းအသခ်တဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုအေးချမ်းသောအနေဖြင့်၊ ဧှေးသောတာပတ္တိ မဂ်ဖြစ်သောအခါ မြင်သကဲ့သို့အလွန်ထင်ရှားစွာ မီးထွန်းပြသကဲ့သို့၊ ထင်ထင်လင်းလင်းမြင်ခြင်းသို့ရောက်လေ၏၊ ထိုအခါအရဟတ္တမဂ်သို့ရောက်လေ၏၊ ထိုသို့အရဟတ္တမဂ်သို့ရောက်သည်ကိုလည်း မိမိကိုယ်တိုင်းလည်းသိအင်ပါသည်၊

{မေး} ၎င်းအရဟတ္တမဂ်သည် မိမိဖြစ်ဆဲအခိုက်။ အဘယ်ကိလေသာတို့ကိုပယ်သတ်ဖျက်ဆီးပါသနည်း၊

{ဖြေ} ၎င်းအရဟတ္တမဂ်သည်အလုံးစုံသော ရူပရာဂ၊ အရူပရာဂ၊မာ

နှ၊ ဥဒ္ဒစ္စ၊ အဝိဇ္ဇာ၊ မာနာနုသယ၊ ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယတို့ကို။ အကြွင်းအကျန်မရှိ ပယ်သတ်ဖျက်ဆီးအပ်ပါသည်။

{မေး} ထိုသို့ပယ်သတ်မှုကို အဘယ်ပါဠိကို ထောက်၍ သိအပ်ပါမည်နည်း။

{ဖြေ} အရဟတ္တမဂ္ဂေန ရူပရာဂေါ အရူပရာဂေါ မာနော ဥဒ္ဓစ္စံ အဝိဇ္ဇာ ဇ္ဈာမာနိ ပဥ္စသံယောဇနာနိ ပဟီယန္တိ။ မာနာနုသယော ဘဝရာဂါနုသယော အဝိဇ္ဇာနုသယော။ ဇ္ဈာမေတယော အနုသယာ ဗျန္တိ ဟောန္တိ ဟူ၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ယုဂနဒ္ဓဝဂ်၊ ယုဂနဒ္ဓကထာကျမ်း(၂၅၄)မျက်နှာ၌မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း။ ရူပရာဂေါ အရူပရာဂေါ မာနော ဥဒ္ဓစ္စံ အဝိဇ္ဇာ၊ မာနာနုသယော ဘဝရာဂါနုသယော အဝိဇ္ဇာနုသယောတိ၊ ဇ္ဈာမေပန အဋ္ဌကိလေသာ သောမဂ္ဂေါ ဥပ္ပဇ္ဇမာနောဝ သမုဂ္ဃာတေတိ ဟူ၍ အဋ္ဌသာလိနီအဋ္ဌကထာ၊ လောကုတ္တရ ပဒဘာဇနီကျမ်း(၂၄၈)မျက်နှာ၌မိန့်ဆိုအပ်သည်ကို ထောက်၍လည်းကောင်း သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။အရဟတ္တမဂ္ဂေန၊အရဟတ္တမဂ်သည်၊ရူပရာဂေါ၊ ရူပရာဂလည်းကောင်း။ အရူပရာဂေါ၊အရူပရာဂလည်းကောင်း။ မာနော၊ မာန လည်းကောင်း။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စ လည်းကောင်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာလည်းကောင်း။ ဇ္ဈာမာနိ၊ ဤဆိုအပ်ကုန်ပြီးသော၊ ပဥ္စ၊ ငါးပါးကုန်သော။ သံယောဇနာနိ၊ သံယောဇဉ် တရားတို့ကို။ ပဟီယန္တိ၊ ပယ်အပ်ကုန်၏။ မာနာနုသယော၊ မာနာနုသယလည်းကောင်း။ ဘဝရာဂါနုသယော၊ ဘဝရာဂါနုသယလည်းကောင်း။ အဝိဇ္ဇာနုသယော၊အဝိဇ္ဇာနုသယလည်းကောင်း။ဇ္ဈာမေ၊ ဤဆိုအပ်ပြီးကုန်သော၊ တယော၊ သုံးပါးကုန်သော။ အနုသယာ၊ အနုသယတို့သည်။ဗျန္တိ၊ ကင်းကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။ဤကား။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ပါဠိ၏ မြန်မာပြန်တည်း။ ။ရူပရာဂေါ၊ ရူပရာဂလည်းကောင်း။အရူပရာဂေါ၊အရူပရာဂလည်းကောင်း။မာနော၊မာနလည်းကောင်း။ ဥဒ္ဓစ္စံ၊ဥဒ္ဓစ္စလည်းကောင်း။အဝိဇ္ဇာ၊အဝိဇ္ဇာလည်းကောင်း။မာနာနုသယော၊ မာနာနုသယလည်းကောင်း။ ဘဝရာဂါနုသယော၊ဘဝရာဂါနုသယလည်းကောင်း။ အဝိဇ္ဇာနုသယော၊ အဝိဇ္ဇာနုသယ လည်းကောင်း။ ဇ္ဈာတိ၊ ဤသို့။ ဇ္ဈာမေပန၊ ဤဆိုအပ်ပြီးသည်သာလျှင်ဖြစ်ကုန်သော။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ သောမဂ္ဂေါ၊ ထိုအရဟတ္တမဂ်သည်။ ဥပ္ပဇ္ဇမာနောဝ၊ ဖြစ်ဆဲဖြစ်၍သာလျှင်။ သမုဂ္ဃာတေတိ၊ ကောင်းစွာသတ်တတ်၏။ ဝါ။ ကောင်းစွာဖျက်ဆီးတတ်၏။ ။ဤကား။ အဋ္ဌသာလိနီအဋ္ဌကထာပါဠိ၏မြန်မာပြန်တည်း။ ။ဤသို့ပြဆိုအပ်သောပါဠိတော်၊အဋ္ဌကထာပါဠိတို့ကို

ထောက်၍အရဟတ္တမဂ်အကြွင်းမရှိပယ်သတ်အပ်သော ကိလေသာတို့ကို ထင်ရှားသိကြလေ။

{မေး} ၎င်း အရဟတ္တမဂ်နောင်၊ အဘယ်တရား ဖြစ်ပါသနည်း။ ဖြစ်ကြောင်းကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ၎င်းအရဟတ္တမဂ်နောင်၊ အရဟတ္တဖိုလ်ဇောနှစ်ကြိမ်သော်လည်းကောင်း။ သုံးကြိမ်သော်လည်းကောင်း ဖြစ်ပါသည်ဟုသိအပ်ပါသည်။

{မေး} ၎င်း အရဟတ္တမဂ်နောင်၊ အရဟတ္တဖိုလ်ဇော နှစ်ကြိမ်သော်လည်းကောင်း။ သုံးကြိမ်သော် လည်းကောင်း ဖြစ်မှုကို။ အဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} ၎င်းအရဟတ္တမဂ်နောင်၊အရဟတ္တဖိုလ်ဇောနှစ်ကြိမ်သော်လည်းကောင်း။ သုံးကြိမ်သော်လည်းကောင်း ဖြစ်မှုကို။ သောတာပတ္တိမဂ်နောင် သောတာပတ္တိဖိုလ်ဇောနှစ်ကြိမ်သော်လည်းကောင်း။သုံးကြိမ်သော်လည်းကောင်း ဖြစ်မှုကဲ့။ အဋ္ဌသာလိနီအဋ္ဌကထာ၌ ပြဆိုအပ်သော ပါဠိကိုမှီ၍သိအပ်ပါသည်။

{မေး} ဤပြဆိုအပ်ပြီးသောအသခ်တခေတ်နိုးရေးခေသစ္စာနိဗ္ဗာန်ကိုမျက်မှောက်ပြု၍ သစ္စာလေးပါးတရားတို့ကို။တပြိုင်နက်တချက်ထည်းထိုးထွင်း၍သိမြင်ပြီးလျှင်။ သောတာပတ္တိမဂ်ကစ၍ အရဟတ္တမဂ်တိုင်အောင်ရောက်၍။ကိလေသာဟူသမျှတို့၏အကြွင်းမရှိငြိမ်းရခြင်းသည်။ မဇ္ဈိမာပဋိပဒါအကျင့်ကိုမှီ၍ကျင့်ကြံခြင်းကြောင့်ဖြစ်သောအကျိုးတရားတို့မဟုတ်ပါလော။

{ဖြေ} မဇ္ဈိမာပဋိပဒါအကျင့်ကို ဘုရားရှင်ဟောတော်မူအပ်သည့်အတိုင်း ကျင့်ကြံမှီ၍ခြင်းကြောင့်သာလျှင်။အဆင့်အဆင့်ဟုတ်မှန်သောတရားတို့ကို သိမြင်တတ်သော။ ပညာမျက်စိ အဆင့်အဆင့် သိမြင်တတ်သော ပညာတရားတို့သည်ဖြစ်၍ ခနခနကိလေသာတို့ငြိမ်းခြင်းသို့ရောက်ပြီးလျှင်။ သစ္စာလေးပါးတရားတို့ကို လောကီဉာဏ်ဖြင့်သိ၍။ နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီးလျှင်။ မဂ်လေးပါးတို့ဖြင့် တပြိုင်နက် သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍သိပြီးလျှင်။အလုံးစုံသော ကိလေသာဟူသမျှတို့ ငြိမ်းခြင်းသို့ရောက်လေ၏။ ထိုသို့ရောက်ရခြင်းသည်၊စင်စစ်မဇ္ဈိမာပဋိပဒါအကျင့်ကိုမှီ၍ကျင့်ကြံခြင်းကြောင့်ပင် ဧကန် ဖြစ်ပါသည်၊ ထို့ကြောင့်၊ ဘုရားရှင်သည်။ ။ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယသံဝတ္တတိ ဟူ၍ပင်၊ ဖြစ်လတ့်သော အကျိုးတရားတို့ကိုပြ၍ မဇ္ဈိမာပဋိပဒါကို မှီ၍ကျင့်ကြံစေခြင်းငှာဟောတော်မူအပ်သေသည်၊ ဟောတော်မူသည့်အတိုင်းသည်။ ၎င်းမဇ္ဈိမာပဋိပဒါအရိယအဋ္ဌင်္ဂိက ဝိပဿနာမဂ်ဉာဏ်ကိုမှီ

ဝဲကျင့်ကြံသောသူတော်ကောင်းတို့သည်။ ထိုပြဆိုအပ်ပြီးသော အရဟတ္တမဂ်တိုင်အောင်ရောက်၍၊ ကိလေသာဟူသမျှတို့ အဆုံးသတ်ငြိမ်းမှုတည်းဟူသော အကျိုးတရားဟူသမျှတို့သို့ ရောက်ကြရသည်ဟု သိအပ်ပါသည်။ မဇ္ဈိမာပဋိပဒါအကျင့်ကိုမှီဝဲ၍ လောကုတ္တရာမဂ္ဂသစ္စာ ဖြစ်ပုံကိုပြချက်ပြီး၏။ ။ဤမျှလောက်သော စကားအစဉ်ဖြင့်။ သစ္စာလေးပါး တရားတို့ကို ရဟန္တာဖြစ်သည်တိုင်အောင် ဟောပြောအပ်သော ဒေသနာတော်စကားရပ်သည် အပြီးသို့ရောက်လေသတည်း။

{မေး} ထိုပြဆိုအပ်ပြီးသော သစ္စာလေးပါးတရားတို့တွင်။ ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်းသည်၊ အဘယ်အကျိုးရှိပါသနည်း။ အကျိုးရှိပုံကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းသည်။ သတ္တဝါ၊ အသက်၊ အကောင်း၊ အထည်စသည်မဟုတ်သော။ ပရမတ္ထဖြစ်သော ခန္ဓာငါးပါးတရားၐ ငါ၊သူ၊ သတ္တဝါစသည်ထင်မှတ်ယူနေသော မိစ္ဆာဒိဋ္ဌိအယူ။ မမြဲသည်ကို မြဲသည်ဟုထင်မှတ်ယူသောမိစ္ဆာဒိဋ္ဌိအယူ။ ဒုက္ခကိုသုခဟုထင်မှတ်စွဲယူနေသော မိစ္ဆာဒိဋ္ဌိအယူ၊ အသုဘကို သုဘဟုထင်မှတ်စွဲယူနေသော မိစ္ဆာဒိဋ္ဌိအယူတို့မှ ကင်းရခြင်းအကျိုးရှိပါသည်။ ။ထိုစကားကိုထင်စွာပြဦးအံ့။ ။ဒုက္ခသစ္စာ၌ပြဆိုအပ်ပြီးသော၊ ဘုံသုံးပါး၌ဖြစ်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်။ စင်စစ်၊ အမှန်အမှား၊ အကောင်း၊ အထည်စသည်မရှိသော သတ္တဝါအသက်လည်းမဟုတ်သော။ ပရမတ္ထတရားသာလျှင်ကေန်အမှန်ဖြစ်သည်ကို။ ဒုက္ခ သစ္စာ၌ဖော်ပြခဲ့ပြီးသည်အတိုင်း သုံးသပ်၍သိကြလျှင်။ ၎င်းခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌၊ အတ္တ၊ ဇီဝ၊ သဒ္ဓိရစသော မိစ္ဆာဒိဋ္ဌိအယူမျိုးမှစင်စစ်ကင်းကြရကုန်၏။ ထိုသို့ကင်းခြင်းကြောင့်၊ မျက်မှောက်ဗိဋ္ဌအတ္တ၊ ဇီဝ၊ သဒ္ဓိရမှကင်းခြင်းအကျိုးကို။ မိမိတို့၏ဉာဏ်ဖြင့်ပင်သိကြရကုန်၏။ ထိုသို့သိရခြင်းကြောင့်၊ အတ္တ၊ ဇီဝ၊ သဒ္ဓိရစသော မိစ္ဆာဒိဋ္ဌိအယူမျိုးမှကင်းရခြင်းသည်။ များစွာအကျိုးထူး ရှိသည်သာလျှင်တည်း။

၎င်းဘုံသုံးပါး၌ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ မပြတ်မလပ်ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း ပျက်စီးသွားမှုကိုသာ၊ မိမိတို့ဉာဏ်ဖြင့်ထင်ရှားသိနေသောကြောင့်။ ၎င်းခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို အမြဲရှိနေသည်ဟူ၍ သဿတဒိဋ္ဌိ၏ အစွမ်းဖြင့်စွဲယူနေသော မိစ္ဆာအယူတို့သည်။ လက်ငင်းဒိဋ္ဌကင်းပျောက်ကုန်၏။ ထိုသို့ကင်းပျောက်မှုကို မိမိ၏ဉာဏ်ဖြင့် ထင်ရှားသိနေခြင်းကြောင့်။ ခန္ဓါငါးပါးရုပ်နာမ်တရားတို့ကိုမြဲ၏ဟုစွဲယူနေသော သဿတဒိဋ္ဌိစသော မိစ္ဆာဒိဋ္ဌိအယူမျိုးမှကင်းလွတ်ရခြင်းသည်။ များစွာ

အကျိုးရှိသည်သာလျှင်တည်း။ရင်းဘုံသုံးပါး၌ဖြစ်သောခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ မပြတ်မလပ်ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း၊ ဇရာမရဏာတည်းဟူသောဆွေးမြေ့ပျက်စီးခြင်းတရားတို့သည် နှိပ်စက်ခြင်းကိုပြုလုပ်ခြင်းကြောင့်သုခမရှိ။ ဒုက္ခအတိသာဖြစ်မှန်းကို ထင်ရှားသိနေခြင်းကြောင့်။ ရင်းခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။တကယ်ချမ်းသာသောတရားဟူ၍ဖေါက်ပြန်စွဲယူနေသော မိစ္ဆာအယူတို့သည်လက်ငင်းဒိဋ္ဌကင်းပျောက်လေကုန်၏။ထိုသို့ကင်းပျောက်မှုကို ဉာဏ်ဖြင့်ထင်ရှားသိနေခြင်းကြောင့်။ ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို၊ တကယ်ချမ်းသာသုခဟုဖေါက်ပြန်စွဲလန်း၍ယူနေသော သုခမိစ္ဆာဒိဋ္ဌိအယူမျိုးမှ ကင်းလွတ်ရခြင်းသည် များစွာအကျိုးရှိ၏။ ရင်းဘုံသုံးပါး၌ဖြစ်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်၊ ဇရာမရဏာတရားတို့၏မပြတ်အနှိပ်စက်ကိုလည်းခံရကုန်၏။ ။ကိလေသာအညစ်အကြေးအာရုံမှသည်းမလွတ်ကုန်။ ထို့ကြောင့်၊စက်ဆုပ်ဘွယ်မတင့်တယ်သော အသုဘတရားစုသာဧကန်ဖြစ်ကုန်၏။ထိုသို့ဖြစ်သည်ကို ဉာဏ်ဖြင့်သိမြင်လျှင်။ထိုတရားတို့ကို နှစ်သက်စရာ၊တင့်တယ်စရာဟူ၍ ဖေါက်ပြန်၍စွဲလန်းယူမှုမရှိပြီ။ ထိုသို့မရှိခြင်းကြောင့်၊ ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို နှစ်သက်ဘွယ်၊တင့်တယ်ဘွယ်ဟူ၍ထင်မှတ်စွဲယူနေသော သုဘမိစ္ဆာဒိဋ္ဌိအယူမျိုးမှလည်း ကင်းကြရလေ၏။ ထိုသို့မိစ္ဆာအယူမှကင်းရခြင်းသည် များစွာအကျိုးရှိသည်သာလျှင်တည်း။ ဤသို့လျှင် ဒုက္ခသစ္စာကို·ရှေးဇာတိပိဒုက္ခာအစ၊ ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာအဆုံးတိုင်အောင် ပိုင်းခြား၍သိခြင်းသည်။ဘုံသုံးပါး၌ဖြစ်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့၌။ ငါ,သူ,သတ္တဝါ စသည်ဖြင့်ထင်မှတ်စွဲယူနေသော မိစ္ဆာဒိဋ္ဌိအယူ။ မမြဲသည်ကို မြဲသည်ဟုယူနေသော မိစ္ဆာဒိဋ္ဌိအယူ။ဒုက္ခကို သုခဟုစွဲယူနေသော မိစ္ဆာဒိဋ္ဌိအယူ။ အသုဘကို သုဘဟုစွဲယူနေသော မိစ္ဆာဒိဋ္ဌိအယူမျိုးသည်။ လက်ငင်း ဒိဋ္ဌကင်းပျောက်ရခြင်းအကျိုးရှိကြောင်းကို ထင်ရှားသိကြလေ။

{မေး} သမုဒယသစ္စာကိုသိခြင်းသည်၊ အဘယ်အကျိုးရှိပါသနည်း။ ရှိပုံကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} သမုဒယသစ္စာကိုသိခြင်းသည်။ဣဿရနိမ္မာနဒိဋ္ဌိ၊အဟေတုကဒိဋ္ဌိ၊ အဓိစ္စ သမုပ္ပန္နဒိဋ္ဌိစသော မိစ္ဆာအယူတို့မှကင်းလွတ်ခြင်းအကျိုးရှိပါသည်။ ထိုစကားကို ထင်စွာပြဦးအံ့။ ။ဘုံသုံးပါး၌ဖြစ်သော နိစ္စ၊ သုခ၊ အတ္တ၊သုဘ မဟုတ်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ နိစ္စ၊သုခ၊အတ္တသုဘဟုထင်မှတ်ပြီးလျှင်။ တဏှာသည်တွယ်တာခြင်းကြောင့်။ အဆက်မပြတ် ဒုက္ခသစ္စာတရားတို့ဖြစ်နေသည်ကို။ ပညာမျက်စိဖြင့် သိမြင်ပြီးသော

ပုဂ္ဂိုလ်တို့သည်၊ အဘယ်မှာ ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ ထာဝရဘုရားဖန်ဆင်းသည်၊ အစိုးရသော ဗြဟ္မာဖြစ်သော။ နတ်ဗြဟ္မာဖန်ဆင်းသည်ဟူ၍ ယူပါအံ့နည်း။ စင်စစ်၊မယူလေတော့ပြီ။

ထိုသို့မယူလေခြင်းကြောင့်၊ ဗြဟ္မာဖြစ်သော နတ်ဗြဟ္မာ,ထာဝရတို့ဖန်ဆင်း၏ဟူသော အကြောင်းမဟုတ်သည်ကို၊ အကြောင်းပြု၍ယူသော မိစ္ဆာဒိဋ္ဌိဟူသမျှမှ ကင်းခြင်းအကျိုး။ ထွယ်တာသော တဏှာဓမ္မကြောင့်၊ ကောန် ဒုက္ခဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ဖြစ်မှုကိုသိပြီးသော ပုဂ္ဂိုလ်သည်။ အကြောင်းမရှိဘဲ ဤခန္ဓာငါးပါးသည်ဖြစ်၏ဟူ၍။ အဟေတုကဒိဋ္ဌိ၊ အဓိစ္စသမုပ္ပန္နဒိဋ္ဌိ အယူမျိုးကိုလည်း မယူလေပြီ။ ထိုအယူဟူသမျှမှကင်းလေ၏။ ထိုသို့အဟေတုကဒိဋ္ဌိ၊ အဓိစ္စသမုပ္ပန္န ဒိဋ္ဌိတို့မှလည်းကင်းခြင်းအကျိုး။ထိုဆိုအပ်ပြီးသောမိစ္ဆာအယူတို့မှကင်းခြင်းအကျိုးရှိပါသည်ဟုသိကြလေ။

{မေး} နိရောဓ သစ္စာနိဗ္ဗာန်ကို သိမြင်ရခြင်းသည်၊ အဘယ်အကျိုးရှိပါသနည်း။ အကျိုးရှိပုံကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} နိရောဓသစ္စာနိဗ္ဗာန်ကို သိမြင်ရခြင်းသည်၊ မဂ်ဖိုလ်၏အာရုံမဟုတ်သောသမုဒယသစ္စာတဏှာ၏ချုပ်မှု။ခန္ဓာငါးပါးဒုက္ခသစ္စာတို့၏ချုပ်မှု။ ထိုသမုဒယသစ္စာ၊ ဒုက္ခသစ္စာတို့၏နောင်ဖြစ်မှုမရှိခြင်း အဘာဝကို။မဂ်ဖိုလ်၏အာရုံနိဗ္ဗာန်ဟု မှား၍ယူခြင်းတည်းဟူသော မိစ္ဆာအယူတို့မှကင်းလွတ်ခြင်းအကျိုးရှိပါသည်၊ထိုစကားကိုထင်စွာပြဦးအံ့။ ။အသင်္ခတဓာတ်နိရောဓသစ္စာတရားသည်၊ စင်စစ်၊သင်္ခတသစ္စာဖြစ်သော ဖြစ်မှု၊ပျက်မှု၊ရင့်ရော်မှုရှိသော ခန္ဓာငါးပါးရုပ်နာမ်တရားတည်းဟူသော ဒုက္ခသစ္စာ။ ဖြစ်မှု၊ပျက်မှု၊ရင့်ရော်မှုရှိသော ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သောတဏှာသုံးပါးတည်းဟူသောသမုဒယသစ္စာ။ဖြစ်မှု၊ပျက်မှု၊ရင့်ရော်မှုရှိသောမဂ္ဂသစ္စာ။ ဤတရားသုံးပါးနှင့်မရောမနှောဘဲ။၎င်းတရားတို့နှင့်ဆန့်ကျင်ဘက်ဖြစ်လျက်။အသီးအခြား တဘက်ကမ်းကဲ့သို့၊ မဖြစ်၊ မပျက်၊ ရင့်ရော်ခြင်းကင်းလျက်။ အမြဲနိစ္စ၊သုခ၊အဖြစ်ဖြင့်တည်ရှိနေသော ပရမတ္ထသဘောတရားသာလျှင်ဖြစ်ပေ၏။ထိုတရားကို သင်္ခတတရားနှင့်ဆန့်ကျင်ဘက်ဖြစ်သော ဓမ္မသဘောဖြစ်သောကြောင့်။ အသင်္ခတဓမ္မဟုခေါ်ဆိုအပ်သည်၊ ထိုတရားသာလျှင် နောင်ဖြစ်ပေါ်ရန်ရှိသော၊သင်္ခတဖြစ်သောဒုက္ခသမုဒယတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ခြင်း၏အကြောင်းခံတရားကောန်အမှန်ဖြစ်ပေ၏။ ထိုအကြောင်းခံဖြစ်သောမဖြစ်၊မပျက်ဘဲအမြဲတည်ရှိနေသောအသင်္ခတဓာတ်နိရောဓသစ္စာကို၊ သင်္ခတနယ်က၊ သမ္မာဒိဋ္ဌိအမျှးရှိသော မဂ်ဖြင့် အာရုံပြု

သောအားဖြင့်ရောက်၍သင်္ခတဖြစ်သောတဏှာသုံးပါးသည်၊မဂ်ဖြစ်သော သင်္ခတခန္ဓာ၌ဖြစ်မှုမရှိဘဲ ပြတ်တောက်ကွယ်ပျောက်လေ၏။ ထိုသို့ဖြစ်မှု မရှိဘဲ တဏှာသုံးပါးကွယ်ပျောက်ခြင်းသည်၊စင်စစ်၊ သင်္ခတတရား၏မရှိ မှု(အဘာဝပညတ်)သာတည်း။ထိုသင်္ခတတရား,တဏှာသမုဒယမရှိခြင်း ကြောင့်။ နောင်ဆက်၍ဖြစ်ရန်ရှိနေသော ခန္ဓာငါးပါး ဒုက္ခသစ္စာ တည်းဟူ သော သင်္ခတ တရားတို့သည်လည်း။ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ပျောက်ကြလေကုန်၏။ ထိုနောင် အနာဂတ်၌ဖြစ်ရန်ရှိသော ခန္ဓာတရား တို့သည် လည်း၊ ဖြစ်မှုမရှိဘဲကွယ်ပျောက်မရှိခြင်းသည်လည်း။ စင်စစ်၊သင်္ခတ တရားတို့မရှိမှု(အဘာဝပညတ်)မျှသာဖြစ်၏။ထိုသမုဒယသစ္စာ၊ဒုက္ခသစ္စာ တည်းဟူသောသင်္ခတတရားတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း (အဘာဝ)တရားသည်။ ၎င်းသင်္ခတတရားနှင့် ဆန့်ကျင်ဘက်ဖြစ်လျက်။ မ ဖြစ်၊ မပျက်၊ မရင့်ရော်ဘဲအမြဲရှိနေသော အသင်္ခတပရမတ်တရားမဟုတ်။ အဘယ်ကြောင့်ဆိုသော်၊၎င်းအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တည်းဟူ သော အသင်္ခတပရမတ်သည်။ ၎င်းသင်္ခတတရားတို့နှင့် မရောမယှက်ဘဲ တဘက်ပြု၍ အမြဲရှိသည်ဟု သိအပ်သော ပရမတ္ထတရား အသီးဖြစ်သော ကြောင့်တည်း။ ထို့ကြောင့်၊ အသင်္ခတဓာတ်နိရောဓသစ္စာ နိဗ္ဗာန်ကိုသိမြင် ရခြင်းသည်၊ သမုဒယသစ္စာဖြစ်သောတဏှာ၏ချုပ်ခြင်း။ တဏှာ၏နောင် ဖြစ်မှုမရှိခြင်း၊ဒုက္ခသစ္စာ၏ချုပ်ခြင်း၊ဒုက္ခသစ္စာ၏နောင်တဘန်ဖြစ်မှုမရှိခြင်း တည်းဟူသောအဘာဝကိုမြော်မှားသောအားဖြင့်။မဂ်ဖိုလ်၏အာရုံဖြစ်သော နိဗ္ဗာန်ဟု မယူလေတော့ပြီ။ ထိုသို့မယူခြင်းကြောင့်၊ တဏှာ၏ချုပ်ခြင်း၊ တဏှာ၏ နောင်တဘန်ဖြစ်မှုမရှိခြင်း၊ ခန္ဓာဒုက္ခတို့၏ချုပ်ခြင်း၊ ခန္ဓာဒုက္ခ တို့၏နောင်တဘန်ဖြစ်မှုမရှိခြင်း အဘာဝကို၊ မဂ်ဖိုလ်၏အာရုံဖြစ်သောအ သင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ဟု ယူမှားလေသမျှသော မိစ္ဆာအယူတို့ မှကင်းလွတ်ခြင်းအကျိုးရှိသည်ဟု သိကြလေ။

{မေး} ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ အရိယသစ္စာတည်းဟူသော။ မဂ္ဂင် ၈ပါး တရားတော်ဟုဆိုအပ်သော အကျင့်တရားကို။ ဟုတ်တိုင်းမှန်စွာ၊ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်တရားဘဲဟု ဉာဏ်အမြင်ရောက်ခြင်းသည်။ အဘယ်အကျိုးရှိပါသနည်း။

{ဖြေ} ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာတည်းဟူသော မဂ္ဂင် ၈ပါး တရားတော်ဟုဆိုအပ်သော အကျင့်တရားကို။ ဟုတ်တိုင်းမှန်စွာ၊ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်တရားဘဲဟု ဉာဏ်အမြင်ရောက်ခြင်းသည်။ကာမဂုဏ်နှင့်ပြည့်စုံမှုသည်၊မျက်မှောက်ဒိဋ္ဌ

နိဗ္ဗာန်ချမ်းသာသို့ရောက်သည်ဟူ၍စွဲယူပြီးလျှင်။ ပြေတ်ကာမဂုဏ်တရား နှင့်ယှဉ်၍ အားထုတ်မှုတည်း ဟူသောအကျင့် မိစ္ဆာမဂ္ဂအကျင့်။ မစားမ သောက်ဘဲနေခြင်း၊မီးပူခံခြင်း၊ ဆူးပေါ်၌အိပ်ခြင်းစသောအကျင့်သာလျှင်။ သံသရာမှလွတ်မြောက်နေသော နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်မှန်သည် ဟုမှား၍ယူမိသော မိစ္ဆာမဂ္ဂအကျင့်။ ခွေး,နွားတို့၏အလေ့အကျင့်ကိုကျင့် လျှင်။ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ဟု မှား၍ယူမိသော မိစ္ဆာမဂ္ဂအကျင့်။ ဤဆိုအပ်ပြီးသော မိစ္ဆာမဂ္ဂအကျင့်တို့မှကင်းလွတ်ခြင်းအကျိုးရှိပါသည်။ ဤမျှသော စကားအစဉ်ဖြင့်။ သစ္စာလေးပါးတရားတော်တို့တွင်၊ တပါးတ ပါးသော သစ္စာတရားကိုမြင်၍အကျိုးရှိပုံကို ပေါ်ပြချက်ပြီး၏။

{မေး} သစ္စာလေးပါးတို့ကို ဟောပြတော်မူရာ၌၊ မဂ္ဂသစ္စာကိုအဆုံး သတ်တော်မူပြီး။ အဘယ်တရားကို ဆက်လက်၍ ဟောတော်မူ အပ်ပါသ နည်း။ ဟောမှုကိုဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} သစ္စာလေးပါးတရားတော်တို့ကို အစဉ်အတိုင်း ဟောတော်မူ ၍ မဂ္ဂသစ္စာကိုဟောပြီးသောအဆုံး၌ ထိုသစ္စာလေးပါးတရားတော်ကို။တ စုံတယောက်သောသူတို့ထံမှ၊ တဆင့်မကြားစဘူးဘဲ မိမိကိုယ်တိုင်။ ထို သစ္စာလေးပါးတရားတော်တို့ကို သစ္စ,ကိစ္စ၊ကတ၏။အစွမ်းအားဖြင့်မြင်မှု သိမှုစသော ဉာဏ်တော်တို့ဖြစ်မှုကို။ ဝန်ခံတော်မူလိုသောကြောင့်။ ။ ဣဒံ ဒုက္ခံအရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ။ဉာဏံဥဒပါဒိ။ပညာဥဒပါဒိ။ ဝိဇ္ဇာဥဒပါဒိ။ အာလောကော ဥဒပါ ဒိ။ ။တံခေါပနိဒံ ဒုက္ခံအရိယသစ္စံ ပရိညေယျန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အန နုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ။ဉာဏံဥဒပါဒိ။ ပညာဥဒပါဒိ။ ဝိဇ္ဇာဥဒ ပါဒိ။အာလောကောဥဒပါဒိ။ ။တံခေါပနိဒံ ဒုက္ခံအရိယသစ္စံ ပရိညာတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ။ ဉာဏံဥဒပါဒိ။ ပညာဥဒပါဒိ။ဝိဇ္ဇာဥဒပါဒိ။အာလောကောဥဒပါဒိ။ ။ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ။ ဉာဏံဥဒပါဒိ။ ပညာဥဒပါဒိ။ ဝိဇ္ဇာဥဒပါဒိ။ အာလောကော ဥဒပါဒိ။ ။ တံခေါပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ။ဉာဏံဥဒပါဒိ။ ပညာဥဒပါဒိ။ဝိဇ္ဇာ ဥဒပါဒိ။ အာလောကော ဥဒပါဒိ။ ။တံခေါပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီနန္တိ မေ ဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ။ဉာဏံ ဥဒပါဒိ။ ပညာဥဒပါဒိ။ ဝိဇ္ဇာဥဒပါဒိ။ အာလောကော ဥဒပါဒိ။ ။ဣဒံ ဒုက္ခ နိရောဓံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ

ဥဒပါဒိ၊ ဉာဏံဥဒပါဒိ။ပညာဥဒပါဒိ။ ဝိဇ္ဇာဥဒပါဒိ။အာလောကောဥဒပါဒိ၊ ။တံခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ။ ဉာဏံဥဒပါဒိ။ပညာဥဒပါဒိ။ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ။တံခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတန္တိ မေဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ။ပညာဥဒပါဒိ။ဝိဇ္ဇာဥဒပါဒိ။အာလောကော ဥဒပါဒိ။ ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယသစ္စန္တိ မေဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ။ ဉာဏံဥဒပါဒိ။ပညာဥဒပါဒိ။ဝိဇ္ဇာဥဒပါဒိ။ အာလောကော ဥဒပါဒိ၊ ။တံခေါပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယသစ္စံ ဘာဝေတဗ္ဗန္တိ မေဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ။ ဉာဏံဥဒပါဒိ။ ပညာဥဒပါဒိ။ ဝိဇ္ဇာဥဒပါဒိ။ အာလောကောဥဒပါဒိ။ တံခေါပနိဒံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ ဘာဝိတန္တိ မေဘိက္ခုဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ။ ဉာဏံဥဒပါဒိ။ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ။အာလောကော ဥဒပါဒိ။ ဟူသောတရားတော်ကိုဆက်လက်၍ဟောတော်မူအပ်ပါသည်ဟုသိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဘိက္ခဝေ၊ ပဉ္စဝဂ္ဂီရဟန်းတို့။ဣဒံ၊ ဤဇာတိပိဒုက္ခာအစ ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာအဆုံးရှိသော၊ ဘုံသုံးပါး၌ဖြစ်သောတရားအပေါင်းသည်။ ဒုက္ခံ၊ သတ္တဝါအသက်၊အကောင်၊သုခစသည်နှင့်မရောသော။ ဆင်းရဲအတိသာလျှင်ဖြစ်သော။ အရိယသစ္စံ၊ အရိယာ၏ အဖြစ်ကိုပြုတတ်သော။ ဝါ။ အရိယာဖြစ်သော ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ထိုးထွင်း၍သိမြင်အပ်သောမချွတ်မယွင်းမှန်ကန်သောတရားပေတည်း။ဣတိ၊ ဤသို့။ မေမယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဗောဓိပင်ရင်း၌။ ထိုတရားကိုထိုးထွင်း၍သိသည်မှ ရှေးကာလ၌။ အနနုဿုတေသု၊ အာဠာရ ဥဒကစသော တစုံတယောက်သောသူတို့ထံမှမကြားစဘူးကုန်သော။ ဓမ္မေသု၊သတ္တဝါအသက်၊အကောင်၊ အထည်၊သုခစသည်နှင့်မရောသော ဆင်းရဲအတိသာလျှင်ဖြစ်သောမချွတ်မယွင်းမှန်ကန်သောဒုက္ခသစ္စာတရားတို့၌။ စက္ခုံ၊ဟုတ်တိုင်းမှန်စွာမြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ မချွတ်မယွင်း ဟုတ်တိုင်းမှန်စွာသိတတ်သော ဉာဏ်တော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊အပြားအားဖြင့်သိတတ်သောပညာတော်သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ မသိတတ်သော အဝိဇ္ဇာတရားကိုဖောက်ခွဲ၍ ထိုးထွင်းသိတတ်သော ဝိဇ္ဇာဉာဏ်တော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ ရှင်းသစ္စာကိုဖုံးလွှမ်းတတ်သော မောဟအမိုက်မှောင်ကို

ပယ်ဖျောက်တတ်သောဉာဏ်တော်တည်းဟူသောအလင်းသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ။ဘိက္ခဝေ၊ ပဉ္စဝဂ္ဂီ ရဟန်းတို့၊ တံခါပနိဒံ၊ ထိုဇာတိဒုက္ခအစ၊ ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခအဆုံးရှိသော ဘုံသုံးပါး၌ဖြစ်သောတရားအပေါင်းသည်၊ ဒုက္ခံ၊သတ္တဝါအသက်၊အကောင်၊သုခစသည်နှင့်မရောသော ဆင်းရဲအတိသာလျှင်ဖြစ်သော။ အရိယသစ္စံ၊ အရိယာ၏အဖြစ်ကိုပြုတတ်သော။ ဝါ။ အရိယာဖြစ်ကုန်သော။ ဘုရားအစရှိသော သူတော်ကောင်းတို့သည် ထိုးထွင်း၍သိမြင်အပ်သော မချွတ်မယွင်းမှန်ကန်သောတရားကို။ ပရိညေယျံ၊ ဤတရားကား။ သတ္တဝါ,အသက်၊ အကောင်၊ သုခစသည်နှင့်မရောသော ဆင်းရဲအတိသာအမှန်ဖြစ်သောတရားတည်းဟု လောကီဝိပဿနာဉာဏ်,မဂ်ဉာဏ်တို့ဖြင့် ပိုင်းခြား၍သိအပ်၏။ ဣတိ၊ ဤသို့။ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဗောဓိပင်ရင်း၌ ထိုတရားကို၊ ထိုးထွင်းသိသည်မှ ရှေးကာလ၌၊ အနနုဿုတေသု၊အာဠာရ ဥဒကစသော၊တစုံတယောက်သော သူတို့ထံ၌ မကြားစဖူးကုန်သော။ ဓမ္မေသု၊သတ္တဝါအသက်၊အကောင်၊သုခစသည်တို့နှင့်မရောသော ဆင်းရဲအတိသာဖြစ်သောတရားဟူ၍ ပိုင်းခြား၍သိအပ်သော ဒုက္ခသစ္စာတရားတို့၌။ စက္ခုံ၊ ဟုတ်တိုင်းမှန်စွာသိမြင်တတ်သောပညာမျက်စိသည်။ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ဉာဏံ၊ မချွတ်မယွင်းဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ်တော်သည်။ဥဒပါဒိ၊ထင်ရှားဖြစ်ပြီ။ပညာ၊အပြားအားဖြင့်သိတတ် ပညာတော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ မသိဘတ်သောအဝိဇ္ဇာတရားကိုဘောက်ခွဲ၍ ထိုးထွင်းသိတတ်သောဝိဇ္ဇာဉာဏ်တော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ ရင်းသစ္စာကို ဖုံးလွှမ်းတတ်သောမောဟအမိုက်မှောင်ကိုပယ်ဖျောက်တတ်သောဉာဏ်တော်တည်းဟူသောအလင်းသည်။ဥဒပါဒိ၊ထင်ရှားဖြစ်ပြီ။ ။ဘိက္ခဝေ၊တို့။ တံခါပနိဒံ၊ထိုဇာတိဒုက္ခအစ၊ ပဉ္စုပါဒါနက္ခန္ဓာဒုက္ခအဆုံးရှိသော။ ဘုံသုံးပါး၌ဖြစ်သော တရားအပေါင်းသည်။ ဒုက္ခံ၊ သတ္တဝါအသက်၊ အကောင်၊ သုခစသည်နှင့်မရောသော ဆင်းရဲအတိသာလျှင်ဖြစ်သော၊ အရိယသစ္စံ၊အရိယာ၏အဖြစ်ကိုပြုတတ်သော။ဝါ။ အရိယာဖြစ်သော ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ထိုးထွင်း၍သိမြင်အပ်သော မချွတ်မယွင်း မှန်ကန်သောတရားကို။ပရိညာတံ၊အရဟတ္တဖိုလ်သို့ရောက်သဖြင့် ပိုင်းခြား၍သိအပ်ပြီ။ ဣတိ၊ ဤသို့။ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဗောဓိပင်ရင်း၌။ ထိုတရားကို ထိုးထွင်း၍သိသည်မှရှေးကာလ၌။ အနနုဿုတေသု၊ အာဠာရ ဥဒကစသော။ တစုံတယောက်သောသူတို့ထံ၌မကြားစဖူးကုန်သော။ ဓမ္မေသု၊ သတ္တဝါအသက်၊အကောင်၊သုခစသည်နှင့်မရောသော ဆင်းရဲအ

တိသာလျှင်ဖြစ်သောတရားဟူ၍ပိုင်းခြား၍သိအပ်ပြီးသောဒုက္ခသစ္စာတရား
တို့၌။ စက္ခုံ၊ ဟုတ်တိုင်းမှန်စွာမြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊
ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ မချွတ်မယွင်း ဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ်
တော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊အပြားအားဖြင့်သိတတ်သော
ပညာတော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ မသိတတ်သောအဝိဇ္ဇာ
တရားကိုဘောက်ခွဲ၍ ထိုးထွင်းသိတတ်သော ဝိဇ္ဇာဉာဏ်တော်သည်။ ဥ
ဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ ၎င်းသစ္စာကို ဖုံးလွှမ်းတတ်သော
မောဟအမိုက်မှောင်ကိုပယ်ဖျောက်တတ်သောဉာဏ်တော်တည်းဟူသော
အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ။ဘိက္ခဝေ၊ ပဉ္စဝဂ္ဂီ ရဟန်းတို့။
နှုဒံ၊ ဤကာမတဏှာ၊ဘဝတဏှာ၊ ဝိဘဝတဏှာသုံးပါးသည်။ ဒုက္ခသမု
ဒယံ၊ ဒုက္ခတို့၏ဖြစ်ကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာ၏အဖြစ်ကိုပြု
တတ်သော၊ ဝါ။ အရိယာဖြစ်သောဘုရားအစရှိသောသူတော်ကောင်းတို့
သည်။ ထိုးထွင်း၍သိမြင်အပ်သော မချွတ်မယွင်း မှန်ကန်သောတရားပေ
တည်း။ ဣတိ၊ ဤသို့။ မေမယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ဗောဓိပင်ရင်း၌ ထို
တရားကိုထိုးထွင်း၍သိသည်မှရှေးကာလ၌။ အနနုဿုတေသု၊ အာဠာရ ဥ
ဒကစသောတစုံတယောက်သောသူတို့ထံမှ မကြားစဘူးကုန်သော။ဓမ္မေ
သု၊သစ္စာ ဝါအသက်၊အကောင်၊စသည်မဟုတ်သော ဒုက္ခဖြစ်ကြောင်းဖြစ်
သော သမုဒယသစ္စာတရားတို့၌။ စက္ခုံ၊ ဟုတ်တိုင်းမှန်စွာ မြင်တတ်သော
ပညာမျက်စိသည်။ဥဒပါဒိ၊ထင်ရှားဖြစ်ပြီ။ဉာဏံ၊မချွတ်မယွင်းဟုတ်တိုင်း
မှန်စွာသိတတ်သော ဉာဏ်တော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊အ
ပြားအားဖြင့်သိတတ်သောပညာတော်သည်။ဥဒပါဒိ၊ထင်ရှားဖြစ်ပြီ။ဝိဇ္ဇာ၊
မသိတတ်သော အဝိဇ္ဇာတရားကိုဘောက်ခွဲ၍ ထိုးထွင်းသိမြင်တတ်သော
ဝိဇ္ဇာဉာဏ်တော်သည်။ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။အာလောကော၊ ၎င်းသစ္စာ
ကို ဖုံးလွှမ်းတတ်သော မောဟ အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော
ဉာဏ်တော်တည်းဟူသောအလင်းသည်။ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ။ဘိက္ခ
ဝေ၊တို့။ တံခေါပနိဒံ၊ ထိုကာမတဏှာ၊ဘဝတဏှာ၊ဝိဘဝတဏှာတည်း
ဟူသော တဏှာသုံးပါးတရားအပေါင်းသည်၊ဒုက္ခသမုဒယံ ဒုက္ခတို့၏ဖြစ်
ကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာ၏အဖြစ်ကိုပြုတတ်သော၊ ဝါ။ အ
ရိယာဖြစ်သော ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ထိုးထွင်း၍
သိမြင်အပ်သော မချွတ်မယွင်းမှန်ကန်သောတရားကို။ ပဟာတဗ္ဗံ၊ ဝိပဿ
နာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ပယ်အပ်၏။ ဣတိ၊ ဤသို့။ မေမယာ၊ ငါဘုရား
သည်။ ပုဗ္ဗေ၊ဗောဓိပင်ရင်း၌ထိုတရားကိုထိုးထွင်း၍သိသည်မှရှေးကာလ၌။

အနနုသယတေသု၊ အာဠ္ဗာရ ဥဒကာစသော တစုံတယောက်သောသူတို့ထံမှ မကြားစဘူးကုန်သော။ဓမ္မေသု၊သဏ္ဍာဝါအာသကီ၊အကောင်စသည်မဟုတ် သော ပယ်အပ်သောဒုက္ခ၏ဖြစ်ကြောင်းဖြစ်သောတဏှာသုံးပါးတည်းဟူ သော သမုဒယသစ္စာတရားတို့၌၊ စက္ခုံ၊ ဟုတ်တိုင်းမှန်စွာ မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ညာဏံ၊ မချွတ်မယွင်း ဟုတ် တိုင်းမှန်စွာသိတတ်သောဉာဏ်တော်သည်။ဥဒပါဒိ၊ထင်ရှားဖြစ်ပြီ၊ပညာ၊ အပြားအားဖြင့် သိတတ်သော ပညာတော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊မသိတတ်သောအဝိဇ္ဇာတရားကိုဖောက်ခွဲ၍ထိုးထွင်းသိတတ်သော ဝိဇ္ဇာဉာဏ်တော်သည်။ဥဒပါဒိ၊ထင်ရှားဖြစ်ပြီ၊အာလောကော၊ငုံးသစ္စာ ကိုဖုံးလွှမ်းတတ်သော မောဟ အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော ဉာဏ်တော် တည်းဟူသောအလင်းသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ။ ဘိက္ခဝေ၊တို့၊ တံခါပနိဒံ၊ထိုကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ တည်းဟူသောတဏှာသုံးပါးတရားအပေါင်းသည်။ ဒုက္ခသမုဒယံ၊ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သော။အရိယသစ္စံ၊ အရိယာ၏အဖြစ်ကိုပြုတတ်သော။ဝါ။ အရိယာဖြစ်သော ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ထိုးထွင်း ၍သိမြင်အပ်သော မချွတ်မယွင်းမှန်ကန်သောတရားကို။ ပဟီနံ၊ အရဟတ္တ မိုလ်သို့ရောက်သဖြင့် အရဟတ္တမဂ်ဖြင့်အကြွင်းမရှိပယ်အပ်ပြီ။ ဣတိ၊ ဤ သို့။ မေမယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ဗောဓိပင်ရင်း၌ ထိုပယ်အင်ပြီးသော သမုဒယသစ္စာတရားကိုထိုးထွင်း၍သိပြီးသည်မှ ရှေးကာလ၌။ အနနုသယ တေသု၊ အာဠ္ဗာရ ဥဒကာစသော တစုံတယောက်သောသူတို့ထံမှမကြား စဘူးကုန်သော။ ဓမ္မေသု၊ သဏ္ဍာဝါအာသကီ၊ အကောင်စသည်မဟုတ်သော ပယ်အပ်ပြီးသော သမုဒယသစ္စာတရားတို့၌၊ စက္ခုံ၊ ဟုတ်တိုင်းမှန်စွာမြင် တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ မချွတ်မ ယွင်းဟုတ်မှန်စွာသိတတ်သော ဉာဏ်တော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ် ပြီ။ ပညာ၊ အပြားအားဖြင့်သိတတ်သော ပညာတော်သည်။ ဥဒပါဒိ၊ ထင် ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ မသိတတ်သော အဝိဇ္ဇာတရားကိုဖောက်ခွဲ၍ ထိုးထွင်း သိတတ်သော ဝိဇ္ဇာဉာဏ်တော်သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်ပြီ။ အာလော ကော၊ ငုံးသစ္စာကိုဖုံးလွှမ်းတတ်သော မောဟအမိုက်မှောင်ကိုပယ်ဖျော် တတ်သောဉာဏ်တော်တည်းဟူသောအလင်းသည်၊ဥဒပါဒိ၊ထင်ရှားဖြစ်ပြီ။ ဘိက္ခဝေ၊ပဉ္စဝဂ္ဂီရဟန်းတို့။ ဣဒံ၊ ဤဖြစ်ပျက်နေသော သင်္ခတတရားနှင့်မ ရောမနှောဆန့်ကျင်ဘက်ဖြစ်လျက်၊ မဖြစ် မပျက်ဘဲအမြဲတည်ရှိနေသော အသင်္ခတဓာတ်နိဗ္ဗာန်တရားတော်သည်။ဒုက္ခနိရောဓံ၊ ဝဋ်ဒုက္ခတရားတို့၏

နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းဖြစ်သော၊ အရိယသစ္စာ၊ အရိယာ၏ အဖြစ်ကိုပြုတတ်သော။ ဝါ။ အရိယာဖြစ်သော ဘုရားအစရှိသောသူတော်ကောင်းတို့သည် ထိုးထွင်း၍သိမြင်အပ်သော မချွတ်မယွင်းမှန်ကန်သောတရားပေတည်း၊ ဋ္ဌတိ၊ ဤသို့။ မေမယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဗောဓိပင်ရင်း၌ ထိုတရားကိုထိုးထွင်း၍သိသည်မှရှေးကာလ၌။ အနနုဿုတေသု၊ အာဠာရ ဥဒကစသော တစုံတယောက်သောသူတို့ထံမှမကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာ ၀ါအသက်၊ အကောင်စသည်မဟုတ်သော ဝဋ်ဒုက္ခတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းဖြစ်သော နိရောဓသစ္စာတရားတို့၌။ စက္ခုံ၊ ဟုတ်တိုင်းမှန်စွာမြင်တတ်သောပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ မချွတ်မယွင်းဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ်တော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ၊ ပညာ၊ အပြားအားဖြင့်သိတတ်သောပညာတော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ မသိတတ်သော အဝိဇ္ဇာတရားကိုဘောဲခွဲ၍ ထိုးထွင်းသိတတ်သောဝိဇ္ဇာဉာဏ်တော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ ၎င်းသစ္စာကိုဖုံးလွှမ်းတတ်သော မောဟအမိုက်မှောင်ကို ပယ်ဖျောက်တတ်သောဉာဏ်တော်တည်းဟူသောအလင်းသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ။ဘိက္ခဝေ၊ တို့။ တံခေါပနိဒံ၊ ထိုဖြစ်ပျက်နေသောသင်္ခတတရားနှင့်မရောမနှောဆန့်ကျင်ဘက်ဖြစ်လျက်မဖြစ် မပျက်ဘဲ အမြဲ တည်ရှိနေသော အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်တည်းဟူသော။ ဒုက္ခနိရောဓံ၊ ဝဋ်ဒုက္ခတရားတို့၏နောင်အဆက်ဆက်၊ ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာ၏ အဖြစ်ကိုပြုတတ်သော။ ဝါ။ အရိယာဖြစ်သောဘုရားအစရှိသော သူတော်ကောင်းတို့သည် ထိုးထွင်း၍သိမြင်အပ်သော မချွတ်မယွင်းမှန်ကန်သော တရားကို။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်၏၊ ဋ္ဌတိ၊ ဤသို့။ မေမယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဗောဓိပင်ရင်း၌။ ထိုတရားကိုထိုးထွင်း၍သိသည်မှ ရှေးကာလ၌၊ အနနုဿုတေသု၊ အာဠာရ ဥဒကစသောတစုံတယောက်သောသူတို့၏ထံမှ မကြားစဘူးသေးကုန်သော။ ဓမ္မေသု၊ မျက်မှောက်ပြုအပ်သောသစ္စာ ဝါအသက်၊ အကောင်၊ မဟုတ်သော၊ ဝဋ်ဒုက္ခတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းဖြစ်သောနိရောဓသစ္စာတရားတို့၌၊ စက္ခုံ၊ ဟုတ်တိုင်းမှန်စွာမြင်တတ်သောပညာမျက်စိသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ မချွတ်မယွင်း ဟုတ်တိုင်းမှန်စွာ သိတတ်သော ဉာဏ်တော်သည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ အပြားအားဖြင့်သိတတ်သော ပညာတော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ၊ ဝိဇ္ဇာ၊ မသိတတ်သော အဝိဇ္ဇာတရားကိုဘောက်ခွဲ၍

ထိုးထွင်းသိတတ်သောဝိဇ္ဇာဉာဏ်တော်သည်။ဥဒပါဒိ၊ထင်ရှားဖြစ်ပြီ။အာ
လောကော၊ ၎င်းသစ္စာကိုဖုံးလွှမ်းတတ်သော မောဟအမိုက်မှောင်ကိုပယ်
ဖျောက်တတ်သောဉာဏ်တော်တည်းဟူသောအလင်းသည်၊ ဥဒပါဒိ၊ထင်
ရှားဖြစ်ပြီ။ ။ဘိက္ခဝေ၊တို့။တံခါပနိဒံ၊ထိုဖြစ်ပျက်နေသော သင်္ခတတရား
နှင့် မရောမနှောသန့်ကျင်ဘက်ဖြစ်လျက်။ မဖြစ် မပျက်ဘဲ အမြဲတည်ရှိနေ
သော အသင်္ခတဓာတ်နိဗ္ဗာန်တရားတော်တည်းဟူသော၊ ဒုက္ခနိရောဓံ၊ ဝဋ်
ဒုက္ခတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းဖြစ်သော။ အ
ရိယသစ္စံ၊အရိယာ၏အဖြစ်ကိုပြုတတ်သော။ဝါ။ အရိယာဖြစ်သောဘုရား
အစရှိသောသူတော်ကောင်းတို့သည် ထိုးထွင်း၍သိမြင်အပ်သောမချွတ်မ
ယွင်းမှန်ကန်သောတရားကို။ သစ္ဆိကာတံ၊အရဟတ္တမိုလ်သို့ရောက်၍မျက်
မှောက်ပြုပြီးပြီ။ ဣတိ၊ ဤသို့။ မေ မယာ၊ ငါဘုရား သည်။ ပုဗ္ဗေ၊ ဗောဓိ ပင်
ရင်း၌ထိုတရားကိုထိုးထွင်း၍သိသည်မှရှေးကာလ၌။အနနုဿုတေသု၊အာ
ဠာရ ဥဒကစသော တစုံတယောက်သောသူတို့၏ထံမှ မကြားစဘူးသေး
ကုန်သော။ဓမ္မေသု၊မျက်မှောက်ပြုအပ်ပြီးသောသတ္တဝါအသက်၊အကောင်၊
စသည်မဟုတ်သောဝဋ်ဒုက္ခတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏
အကြောင်းဖြစ်သော နိရောဓသစ္စာတရားတို့၌။ စက္ခုံ၊ဟုတ်တိုင်းမှန်စွာမြင်
တတ်သောပညာမျက်စိသည်။ဥဒပါဒိ၊ထင်ရှားဖြစ်ပြီ။ ဉာဏံ၊မချွတ်မယွင်း
ဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ်တော်သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်ပြီ။
ပညာ၊ အပြားအားဖြင့်သိတတ်သော ပညာတော်သည်၊ ဥဒပါဒိ၊ ထင်ရှား
ဖြစ်ပြီ။ ဝိဇ္ဇာ၊ မသိတတ်သော အဝိဇ္ဇာကိုဖောက်ခွဲ၍ ထိုးထွင်းသိတတ်
သောဝိဇ္ဇာဉာဏ်တော်သည်။ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊၎င်း
သစ္စာကို ဖုံးလွှမ်းတတ်သော မောဟအမိုက်မှောင်ကို ပယ်ဖျောက်တတ်
သော ဉာဏ်တော်တည်းဟူသော အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။
ဘိက္ခဝေ၊ပဉ္စဝဂ္ဂီရဟန်းတို့။ဣဒံ၊ဤနိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြု၍သစ္စာ
လေးပါးတို့ကို တပြိုင်နက်ထိုးထွင်း သိမြင်တတ်သော သမ္မာဒိဋ္ဌိ အမှူးရှိ
သော အရိယမဂ္ဂင်ရှစ်ပါးတရားတော်သည်။ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ဝဋ်
ဒုက္ခတရားတို့၏နောင် အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းဖြစ်
သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်တရား
ဖြစ်သော။အရိယသစ္စံ၊အရိယာ၏အဖြစ်ကိုပြုတတ်သော။ဝါ။ အရိယာဖြစ်
သောဘုရားအစရှိသောသူတော်ကောင်းတို့သည် ထိုးထွင်းသိမြင်အပ်သော
မချွတ်မယွင်း မှန်ကန်သော တရားပေတည်း။ ဣတိ၊ ဤသို့။ မေမယာ၊ ငါ
ဘုရားသည်။ ပုဗ္ဗေ၊ ဗောဓိပင်ရင်း၌ ထိုတရားကိုထိုးထွင်း၍သိသည်မှ ရှေး

ကာလဉ္စ။ အနနုဿုတေသု၊ အာဠာရဥဒကစသောတစုံတယောက်သောသူ
တို့၏ထံမှမကြားစဖူးသေးကုန်သော။ ဓမ္မေသု၊ သစ္စာဝါ အသက်၊ အကောင်
စသည်မဟုတ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်း
အကျင့်ဖြစ်သောနိရောဓဂါမိနီပဋိပဒါအရိယသစ္စာတရားတို့၌။ စက္ခုံ၊ ဟုတ်
တိုင်းမှန်စွာ မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပြီ။
ဉာဏံ၊ မချွတ်မယွင်း ဟုတ်တိုင်းမှန်စွာ သိတတ်သော ဉာဏ်တော်သည်။
ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ အပြားအားဖြင့်သိတတ်သော ပညာတော်
သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ မသိတတ်သော အဝိဇ္ဇာတရားကို
ဖောက်ခွဲ၍ထိုးထွင်းသိတတ်သောအဝိဇ္ဇာဉာဏ်တော်သည်။ ဥဒပါဒိ၊ ထင်
ရှားဖြစ်ပြီ။ အာလောကော၊ ရင်းသစ္စာကိုဖုံးလွှမ်းတတ်သော မောဟအမိုက်
မှောင်ကိုပယ်ဖျောက်တတ်သော ဉာဏ်တော်တည်းဟူသောအလင်းသည်။
ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ။ဘိက္ခဝေ၊ တို့။ တံခေါပနိဒံ၊ ထိုနိရောဓသစ္စာ
နိဗ္ဗာန်ကိုအာရုံပြု၍သစ္စာလေးပါးတရားတို့ကိုတပြိုင်နက်ထိုးထွင်း၍သိမြင်
တတ်သော သမ္မာဒိဋ္ဌိအမှူးရှိသော အရိယမဂ္ဂင်ရှစ်ပါးတရားတော်တည်း
ဟူသော။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဝဋ်ဒုက္ခတရားတို့၏ နောင်အဆက်
ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းဖြစ်သောအသင်္ခတဓာတ်နိရောဓသစ္စာ
နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယာ၏အဖြစ်
ကိုပြုတတ်သော။ ဝါ။ အရိယာဖြစ်တော်မူသော ဘုရားအစရှိသောသူတော်
ကောင်းတို့သည်။ ထိုးထွင်းသိမြင်အပ်သော အရိယသစ္စာတရားကို။ ဘာဝိ
တန္တိ၊ ပွားအပ်၏။ ဣတိ၊ ဤသို့။ မေ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဗောဓိပင်
ရင်း၌ထိုတရားကိုထိုးထွင်း၍သိသည်မှရှေးကာလဉ္စ။ အနနုဿုတေသု၊ အာ
ဠာရဥဒကစသော တစုံတယောက်သော သူတို့၏ထံမှ မကြားစဖူး သေး
ကုန်သော။ ဓမ္မေသု၊ သစ္စာဝါအသက်၊ အကောင်၊ စသည်မဟုတ်သော ပွား
အပ်သော ဒုက္ခနိရောဓဂါမိနီပဋိပဒါတည်းဟူသော အရိယသစ္စာတရားတို့
၌။ စက္ခုံ၊ ဟုတ်တိုင်းမှန်စွာမြင်တတ်သောပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်
ရှားဖြစ်ပြီ။ ဉာဏံ၊ မချွတ်မယွင်း ဟုတ်မှန်စွာ သိတတ်သော ဉာဏ်တော်
သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ အပြားအားဖြင့်သိတတ်သောပညာ
တော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ မသိတတ်သော အဝိဇ္ဇာတရား
ကိုဖောက်ခွဲ၍ ထိုးထွင်းသိတတ်သော ဝိဇ္ဇာဉာဏ်တော်သည်။ ဥဒပါဒိ၊
ထင်ရှားဖြစ်ပြီ။ အာလောကော၊ ရင်းသစ္စာကိုဖုံးလွှမ်းတတ်သော မောဟ
အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော ဉာဏ်တော်တည်းဟူသောအလင်း
သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ။ဘိက္ခဝေ၊ တို့။ တံခေါပနိဒံ၊ ထိုနိရောဓ

သစ္စာနိဗ္ဗာန်ကို အာရုံပြု၍သစ္စာလေးပါးတရားတို့ကို တပြိုင်နက်ထိုးထွင်း၍သိမြင်တတ်သောသမ္မာဒိဋ္ဌိအမှူးရှိသော အရိယမဂ္ဂင်ရှစ်ပါးတရားတော်တည်းဟူသော။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဝဋ်ဒုက္ခတရားတို့၏နောင် အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းဖြစ်သောအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော။ အရိယသစ္စံ၊အရိယာ၏အဖြစ်ကိုပြုတတ်သော။ ဝါ။ အရိယာဖြစ်သော ဘုရားအစရှိသောသူတော်ကောင်းတို့သည် ထိုးထွင်းသိမြင်အပ်သောမချွတ်မယွင်းမှန်ကန်သောတရားကို။ ဘာဝိတံ၊ အရဟတ္တဖိုလ်သို့ရောက်သဖြင့်ပွားအပ်ပြီ။ ဉာတိ၊ ဤသို့။မေမယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဗောဓိပင်ရင်း၌ ထိုတရားကို ထိုးထွင်း၍သိသည့်မှရှေးကာလ၌။အနနုဿုတေသု၊ အာဠာရဥဒကစသောတစုံတယောက်သောသူတို့၏ထံမှမကြားစဘူးသေးကုန်သော။ ဓမ္မေသု၊သဗ္ဗာဝါအသက်၊ အကောင်၊ စသည်မဟုတ်သောပွားအပ်ပြီးသော ဒုက္ခနိရောဓဂါမိနီပဋိပဒါတည်းဟူသော အရိယသစ္စာ တရားတို့၌။ စက္ခုံ၊ ဟုတ်တိုင်းမှန်စွာ မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပြီ။ ဉာဏံ၊ မချွတ်မယွင်းဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ်တော်သည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ' အပြားအားဖြင့် သိတတ်သော ပညာတော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ မသိတတ်သော အဝိဇ္ဇာတရားကို ဘောက်ခွဲ၍ထိုးထွင်းသိတတ်သော ဝိဇ္ဇာညာဏ်တော်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။အာလောကော၊ဝှင်းသစ္စာကိုဖုံးလွှမ်းတတ်သောမောဟအမိုက်မှောင်ကိုပယ်ဖျောက်တတ်သော ညာဏ်တော် တည်းဟူသော အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ။ဤကား။ ပါဠိတော်ပါဠ်၏မြန်မာပြန်တည်း။

{မေး} ထိုဟောတော်မူအပ်သောပါဠိတော်စကားရပ်တို့တွင်၊ ဉာဒံ၊ ဒုက္ခံ၊ အရိယသစ္စံ၊ ဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည်အဘယ်သို့သော အနက်အဓိပ္ပါယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} ဉာဒံ၊ ဒုက္ခံ၊ အရိယသစ္စံဟူသော ပုဒ်တို့ဖြင့်၊ ဒုက္ခသစ္စာအရာ၌ဟောတော်မူအပ်ခဲ့သောဇာတိပိဒုက္ခာအစ၊ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာအဆုံးရှိသော ဘုံသုံးပါး၌ဖြစ်သောတရားဟူသမျှသည်၊ဒုက္ခတရားသာလျှင်ဧကန်မချွတ်မယွင်းအမှန်ဖြစ်ကြောင်းအနက်အဓိပ္ပါယ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာတိသဒ္ဒါဖြင့်ဘုရားရှင်သည်၊ အဘယ်ကိုညွှန်ပြ သိစေအပ်ပါသနည်း။

{ဖြေ} ဉာတိသဒ္ဒါသည်၊နိဒဿနအနက်ဖြစ်၍ထိုပြဆိုအပ်ပြီးသောဒုက္ခတရားအမှန်ဖြစ်သည်ကိုပင် ညွှန်ပြတော်မူအပ်ပါသည်။

{မေး} မေဟူသောပုဒ်ဖြင့်၊ အဘယ်ကိုဘုရားရှင်သည်ညွှန်ပြတော်မူအပ်ပါသနည်း။

{ဖြေ} မေဟူသောပုဒ်ဖြင့်၊ဘုရားသမုန်အပ်သော ပရမတ္ထအားဖြင့်ထင်ရှားရှိသောခန္ဓာတော်ငါးပါးအပေါင်းကိုသာလျှင်၊လောကဝေါဟာရအားဖြင့် ခေါ်ဝေါ်အပ်သော ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ငါဟူသောအမည်မျှဖြင့် ညွှန်ပြအပ်ပါသည်။

{မေး} ဘိက္ခဝေဟူသော ပုဒ်ဖြင့်၊ အဘယ်ကိုဘုရားရှင်သည် ညွှန်ပြတော်မူအပ်ပါသနည်း။

{ဖြေ} ဘိက္ခဝေဟူသောပုဒ်ဖြင့်၊တရားနာနေသောပဉ္စဝဂ္ဂီငါးယောက်တို့ကိုပင်ခေါ်ဝေါ်တော်မူအပ်မှုကို ညွှန်ပြအပ်ပါသည်။

{မေး} ပုဗ္ဗေဟူသောပါဠ်ဖြင့်၊ ဘုရားရှင်သည် အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ပုဗ္ဗေဟူသောပါဠ်ဖြင့်၊ ဗောဓိပင်ရင်း၌ ထိုဇာတိပိဒုက္ခာအစ၊ ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာအဆုံးရှိသော ဘုံသုံးပါး၌ဖြစ်သော ဒုက္ခတရားတို့သည် ကောန်မချွတ်မယွင်း မှန်သည်ဟူ၍ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်တို့ဖြင့် ထိုးထွင်း၍သိသည်မှ၊ ရှေးအဘို့ဖြစ်သော အခါသမယတို့ကို ပြဆိုတော်မူအပ်ပါသည်။

{မေး} အနနုဿုတေသုဟူသောပုဒ်ဖြင့်၊ ဘုရားရှင်သည် အဘယ်ကိုပြဆိုတော်မူသနည်း။

{ဖြေ} အနနုဿုတေသုဟူသောပုဒ်ဖြင့်၊ ထိုဒုက္ခတရားအမှန်ကို အာဠာရဥဒကစသော တစုံတယောက်သောသူ၏အထံမှ မကြားစဖူးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဓမ္မေသုဟူသောပုဒ်ဖြင့်၊ ဘုရားရှင်သည် အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ဓမ္မေသုဟူသောပုဒ်ဖြင့်၊ ထိုဘုံသုံးပါး၌ဖြစ်သော ဇာတိပိဒုက္ခာအစ၊ ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာအဆုံးရှိသော ပရမတ္ထတရားအပေါင်းသည် စင်စစ်၊သတ္တဝါအသက်စသည်မဟုတ်သော အနတ္တတရားသာဖြစ်၍ခရပ်မစဲဖြစ်ပျက်နေသောမသက်သာသောဒုက္ခသာလျှင်အမှန်ဖြစ်သည်ဟူ၍ဒုက္ခသစ္စာတရားတို့ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} စက္ခုံ၊ဉာဏံ၊ပညာ၊ဝိဇ္ဇာ၊အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊အဘယ်ကိုဘုရားရှင်သည်ပြဆိုအပ်ပါသနည်း။

{ဖြေ} စက္ခုံ၊ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ထိုပြဆိုအပ်ပြီးသော ဒုက္ခသစ္စာတရားတို့၌ ဒုက္ခသာလျှင်ကေန်အမှန်ဖြစ်သည်ဟူ၍ဟုတ်တိုင်းမှန်စွာ မြင်တတ်သောအရဟတ္တမဂ်ဉာဏ်၊သဗ္ဗညုတဉာဏ်တော်တည်းဟူသော ပညာမျက်စိ၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာဏံ၊ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုအပ်ပါသနည်း။

{ဖြေ} ထိုပြဆိုအင်ပြီးသောဒုက္ခသစ္စာတရားတို့၌၊ ဒုက္ခတရားသာလျှင် ကေန်အမှန်ဖြစ်သည်ဟူ၍ ဟုတ်တိုင်းမှန်စွာ သိတတ်သော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ပညာ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ပညာဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ထိုပြဆိုအပ်ပြီးသောသတ္တဝါ၊ အသက်၊နိစ္စ၊သုခစသည်နှင့်မရောသောဆင်းရဲအတိသာလျှင်အမှန်ဖြစ်သော တရားသည်၊ မိမိခန္ဓာ၌လည်းဖြစ်၏၊ သူတပါးခန္ဓာ၌လည်း။ ထိုသတ္တဝါအသက်၊နိစ္စ၊ သုခစသည်နှင့်မရောသော ဆင်းရဲအတိသာလျှင်အမှန်ဖြစ်သော ဒုက္ခသစ္စာတရားသာလျှင်ဖြစ်၏။ ရှေးရှေးသံသရာအဆက်ဆက်တို့၌လည်း။ ထိုဒုက္ခသစ္စာ တရားသာလျှင် ကေန်ဖြစ်ဘူးသေပြီ၊ နောင်၌ဖြစ်လျှင်လည်း။ ထိုဒုက္ခသစ္စာတရားသာလျှင် ကေန်ဖြစ်လတ္တံ့ဟူ၍။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊အဇ္ဈတ္တ၊ ဗဟိဒ္ဓ ဟူသမျှတို့၌ဖြစ်လေသမျှသော။ သတ္တဝါအသက်၊ နိစ္စ၊ သုခစသည်တို့နှင့်မရောသော။ ဆင်းရဲတရားသာလျှင်ကေန်အမှန်ဖြစ်နေသည်၏အဖြစ်ကို။ အပြားအားဖြင့်ထိုးထွင်း၍သိတတ်သော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်တည်းဟူသော ပညာတော်၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဝိဇ္ဇာ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုအပ်ပါသနည်း။

{ဖြေ} အတိတ်၊အနာဂတ်၊ပစ္စုပ္ပန်၊အဇ္ဈတ္တ၊ဗဟိဒ္ဓဟူသမျှတို့၌သတ္တဝါ အသက်၊ နိစ္စ၊သုခတို့နှင့်မရောသော ဆင်းရဲဒုက္ခတရားသာလျှင်ကေန်အမှန်ဖြစ်နေသည်၏အဖြစ်ကို မသိတတ်သော အဝိဇ္ဇာတရားတို့ကို ဖောက်ခွဲ၍ ထိုးထွင်းသိမြင်တတ်သောအရဟတ္တမဂ်၊ဝိဇ္ဇာဉာဏ်တော်၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်သည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည်အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} အာလောကောဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓဟူသမျှတို့၌သတ္တဝါအသက်၊ နိစ္စ၊ သုခနှင့်မရောသော သက်သက် ဆင်းရဲဒုက္ခတရားသာလျှင်ဧကန်အမှန်ဖြစ်နေသည်ကိုမမြင်နိုင်အောင်မှောင်နေသောမောဟတရားကိုပယ်ဖျောက်၍ ဤဘုံသုံးပါး၌ဖြစ်နေသောတရားကား။ စင်စစ်၊ သတ္တဝါအသက်၊ နိစ္စ၊ သုခမရှိသော ဆင်းရဲဒုက္ခတရားသာလျှင်ဧကန်ဖြစ်၏ဟုထွန်းလင်းပြတတ်သောအရဟတ္တမဂ်ဉာဏ်သဗ္ဗညုတ ဉာဏ်တော်တည်းဟူသောအလင်း၏ မိမိခန္ဓာတော်၌ထင်ရှားဖြစ်သည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။ ။ဤမျှဖြင့် ဒုက္ခသစ္စာအမှန်ကိုမြင်မှုသိမှုအပြားအားဖြင့်သိမှု၊ ဘောက်ခွဲ၍ထိုးထွင်းသိမှု၊ ထွန်းလင်းပြမှုတည်းဟူသော(သစ္စဉာဏ် ငါးချက်) ဖြစ်မှုကိုပြဆိုချက်ပြီး၏။

{မေး} တံခါပနိဒံဒုက္ခံအရိယသစ္စံဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည်အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} တံခါပနိဒံ ဒုက္ခံအရိယသစ္စံဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည်ထိုဇာတိပိဒုက္ခာအစ၊ ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာအဆုံးရှိသော ဘုံသုံးပါး၌ဖြစ်သော ဒုက္ခတည်းဟူသောအရိယသစ္စာတရားတို့ကိုသာလျှင် ထပ်မံ၍ပြဆိုတော်မူအပ်ပါသည်။

{မေး} ပရိညေယျံဟူသောပုဒ်ဖြင့်၊ ဘုရားရှင်သည် အဘယ်တရားကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ပရိညေယျံဟူသောပုဒ်ဖြင့်၊ ထိုပြဆိုအပ်ပြီးသော ဒုက္ခတည်းဟူသောအရိယသစ္စာတရားတို့ကို။ဤတရားကား စင်စစ်၊ သတ္တဝါအသက်နိစ္စ၊ သုခမဟုတ်သော ဆင်းရဲအတိသာလျှင် အမှန်ဖြစ်သောတရားတည်းဟု ဝိပဿနာဉာဏ်ဖြင့်ပိုင်းခြား၍မပြတ်သိနေအပ်သော ကိစ္စ၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာတိသဒ္ဒါဖြင့်၊ ဘုရားရှင်သည် အဘယ်တရားကို ညွှန်ပြအပ်ပါသနည်း။

{ဖြေ} ဉာတိသဒ္ဒါသည်၊ နိဒဿနအနက်ဖြစ်၍ ထိုပြဆိုအပ်ပြီးသော ဒုက္ခသစ္စာကိုသတ္တဝါအသက်၊ နိစ္စ၊ သုခမဟုတ်သော ဆင်းရဲအတိသာလျှင်အမှန်ဖြစ်သောတရားတည်းဟု ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြား၍မပြတ်သိအပ်မှု ကိစ္စကိုသာလျှင် ညွှန်ပြအပ်ပါသည်။

{မေး} အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ဘုရားရှင်သည်အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} အာလောကောဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊အတိတ်၊အနာဂတ်၊ပစ္စုပ္ပန်၊အဇ္ဈတ္တ၊ဗဟိဒ္ဓဟူသမျှတို့၌သက္ကာဝါအသက်၊နိစ္စ၊သုခနှင့်မရောသောသက်သက် ဆင်းရဲဒုက္ခတရားသာလျှင်ကောန်အမှန်ဖြစ်နေသည်ကိုမမြင်နိုင်အောင်မှောင်နေသောမောဟတရားကိုပယ်ဖျောက်၍ ဤဘုံသုံးပါး၌ဖြစ်နေသောတရားကား။ စင်စစ်၊သက္ကာဝါအသက်၊နိစ္စ၊သုခမရှိသော ဆင်းရဲဒုက္ခတရားသာလျှင်ကောန်ဖြစ်၏ဟုထွန်းလင်းပြတတ်သောအရဟတ္တမဂ်ဉာဏ်သဗ္ဗညုတ ဉာဏ်တော်တည်းဟူသောအလင်း၏ မိမိခန္ဓာတော်၌ထင်ရှားဖြစ်သည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။ ။ဤမျှဖြင့် ဒုက္ခသစ္စာအမှန်ကိုမြင်မှုသိမှုအပြားအားဖြင့်သိမှု၊ဘောက်ခွဲ၍ထိုးထွင်းသိမှု၊ထွန်းလင်းပြမှုတည်းဟူသော(သစ္စဉာဏ် ငါးချက်) ဖြစ်မှုကိုပြဆိုချက်ပြီး၏။

{မေး} တံခါပနိဒံဒုက္ခံအရိယသစ္စံဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည်အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} တံခါပနိဒံ ဒုက္ခံအရိယသစ္စံဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည်ထိုဇာတိပိဒုက္ခာအစ၊ ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာအဆုံးရှိသော ဘုံသုံးပါး၌ဖြစ်သော ဒုက္ခတည်းဟူသောအရိယသစ္စာတရားတို့ကိုသာလျှင် ထပ်မံ၍ပြဆိုတော်မူအပ်ပါသည်။

{မေး} ပရိညေယျံဟူသောပုဒ်ဖြင့်၊ ဘုရားရှင်သည် အဘယ်တရားကိုပြဆိုတော်မူအပ်ပါသနည်း။

·{ဖြေ} ပရိညေယျံဟူသောပုဒ်ဖြင့်၊ ထိုပြဆိုအပ်ပြီးသော ဒုက္ခတည်းဟူသောအရိယသစ္စာတရားတို့ကို။ဤတရားကား စင်စစ်၊သက္ကာဝါအသက်နိစ္စ၊သုခမဟုတ်သော ဆင်းရဲအတိသာလျှင် အမှန်ဖြစ်သောတရားတည်းဟု ဝိပဿနာဉာဏ်ဖြင့်ပိုင်းခြား၍မပြတ်သိနေအပ်သော ကိစ္စ၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာတိသဒ္ဒါဖြင့်၊ ဘုရားရှင်သည် အဘယ်တရားကို ညွှန်ပြအပ်ပါသနည်း။

{ဖြေ} ဉာတိသဒ္ဒါသည်၊ နိဒဿနအနက်ဖြစ်၍ ထိုပြဆိုအင်ပြီးသောဒုက္ခသစ္စာကိုသက္ကာဝါအသက်၊နိစ္စ၊သုခမဟုတ်သော ဆင်းရဲအတိသာလျှင်အမှန်ဖြစ်သောတရားတည်းဟု ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြား၍မပြတ်သိအင်မှု ကိစ္စကိုသာလျှင် ညွှန်ပြအပ်ပါသည်။

{မေး} ဉာဏံ၊ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည်အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ဉာဏံ၊ ဥဒပါဒိဟူသော ပုဒ်တို့ဖြင့်၊ ထိုပြဆိုအပ်ပြီးသော ဒုက္ခသစ္စာတရားတို့၌။ ဤတရားကား၊ သတ္တဝါအသက်၊ နိစ္စ၊ သုခစသည်မရှိသော ဒုက္ခတရားသာလျှင်ကေန်အမှန်ဖြစ်သည်ဟု မပြတ်ပိုင်းခြား၍သိအပ်မှုကိစ္စတရား၌ဟုတ်တိုင်းမှန်စွာသိတတ်သော သဗ္ဗညုတဉာဏ်တော်၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကို ပြဆိုတော်မူအပ်ပါသည်။

{မေး} ပညာ၊ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည် အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ပညာ၊ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ရှေးသံသရာ အဆက်ဆက်တို့၌လည်း၊ ထိုသတ္တဝါအသက်၊ နိစ္စ၊သုခစသည်မရှိသော ထိုပြဆိုအပ်ပြီးသော ဒုက္ခတရားသာလျှင် ကေန်အမှန်ဖြစ်ခဲ့လေပြီဟူ၍ ပိုင်းခြား၍သိအပ်သောကိစ္စတရား၊ ယခုဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်ကာလ၌လည်း၊ မိမိခန္ဓာ သူတပါးခန္ဓာတို့၌ သတ္တဝါအသက်၊ နိစ္စ၊သုခစသည်မရှိသော ထိုပြဆိုအပ်ပြီးသောဒုက္ခတရားသာလျှင် ကေန်အမှန်ဖြစ်နေသည်ဟူ၍ ပိုင်းခြား၍သိအပ်သောကိစ္စတရား၊ နောင်အနာဂတ်၌ဖြစ်လျှင်လည်း။ သတ္တဝါအသက်၊ နိစ္စ၊ သုခစသည်မရှိသော ထိုပြဆိုအပ်ပြီးသောဒုက္ခတရားသာလျှင်ကေန်အမှန်ဖြစ်လတံ့ဟူ၍ပိုင်းခြား၍သိအပ်သောကိစ္စတရား၊ ဤပြဆိုအပ်ပြီးသောကိစ္စတရားတို့၌မတွေမဝေအပြားအားဖြင့်သိတတ်သောသဗ္ဗညုတဉာဏ်တော်တည်းဟူသော ပညာတော်၏မိမိခန္ဓာ၌ထင်ရှားဖြစ်စေသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်၊

{မေး} ဝိဇ္ဇာ၊ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည် အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း၊

{ဖြေ} ဝိဇ္ဇာ၊ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ရှေးသံသရာအဆက်ဆက်တို့၌လည်း၊ သတ္တဝါအသက်၊ နိစ္စ၊သုခစသည်မရှိသော ထိုပြဆိုအပ်ပြီးသော ဒုက္ခတရားသာလျှင် ကေန်အမှန်ဖြစ်ခဲ့လေပြီဟူ၍ ပိုင်းခြား၍သိအပ်သောကိစ္စတရား၊ ယခုဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်ကာလ၌လည်း၊ မိမိခန္ဓာ၊ သူတပါးခန္ဓာတို့၌သတ္တဝါအသက်၊နိစ္စ၊သုခစသည်မရှိသော ထိုပြဆိုအပ်ပြီးသော ဒုက္ခတရားသာလျှင် ကေန်အမှန်ဖြစ်နေသည်ဟူ၍ ပိုင်းခြား၍သိအပ်သောကိစ္စတရား၊ နောင်အနာဂတ်၌ဖြစ်လျှင်လည်း၊ သတ္တဝါအသက်၊နိစ္စ၊သုခစသည်မရှိသောထိုပြဆိုအပ်ပြီးသောဒုက္ခတရားသာလျှင်ကေန်အမှန်ဖြစ်လတံ့ဟူ၍ ပိုင်းခြား၍သိအပ်သောကိစ္စတရား၊ဤပြဆိုအပ်ပြီးသောကိစ္စတရားတို့

၌ထိုးထွင်း၍သိတတ်သော ဝိဇ္ဇာဉာဏ်တော်၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ဘုရားရှင်သည်အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း၊

{ဖြေ} အာလောကောဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ရှေးသံသရာအဆက်ဆက်တို့၌လည်း။ သတ္တဝါအသက်၊နိစ္စ၊သုခစသည်မရှိသော ထိုပြဆိုအပ်ပြီးသောဒုက္ခတရားသာလျှင်ကေန်အမှန်ဖြစ်ခဲ့လေပြီဟူ၍ပိုင်းခြား၍သိအပ်သောကိစ္စတရား။ယခုဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်ကာလ၌လည်း၊ မိမိခန္ဓာသူတပါးခန္ဓာတို့၌သတ္တဝါအသက်၊နိစ္စ၊သုခစသည်မရှိသော ထိုပြဆိုအပ်ပြီးသောဒုက္ခတရားသာလျှင် ဧကန်အမှန်ဖြစ်နေသည်ဟူ၍ ပိုင်းခြား၍သိအပ်သောကိစ္စတရား။ နောင်အနာဂတ်၌ဖြစ်လျှင်လည်း၊ သတ္တဝါအသက်၊ နိစ္စ၊ သုခစသည်မရှိသော ထိုပြဆိုအပ်ပြီးသော ဒုက္ခတရားသာလျှင်ဧကန်အမှန်ဖြစ်လတ္တံ့ဟူ၍ပိုင်းခြား၍သိအပ်သောကိစ္စတရား။ဤပြဆိုအပ်ပြီးသောကိစ္စတရားတို့၌ ထွန်းလင်းတတ်သောသဗ္ဗညုတဉာဏ်တော်တည်းဟူသောအလင်း၏ မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်၏။ (ဤမှဖြင့်ဒုက္ခသစ္စာကိုပိုင်းခြား၍သိအပ်သောကိစ္စတရား၌ မြင်မှု၊ သိမှု၊ အပြားအားဖြင့်သိမှု။ ထိုးထွင်း၍သိမှု၊ ထွန်းလင်းပြမှု တည်းဟူသော (ကိစ္စဉာဏ်ငါးချက်)ကိုပြဆိုမှုပြီး၏။)

{မေး} တံခေါပနိန္နံ ဒုက္ခံအရိယသစ္စံဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည်အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} တံခေါပနိဒံ ဒုက္ခံအရိယသစ္စံဟူသောပုဒ်တို့ဖြင့်၊ဘုရားရှင်သည်ထိုဇာတိပိ ဒုက္ခာအစ၊ ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာအဆုံးရှိသော ဘုံသုံးပါး၌ဖြစ်သောဒုက္ခတည်းဟူသောအရိယသစ္စာတရားတို့ကိုသာလျှင်။ထပ်မံ၍ပြဆိုတော်မူအပ်ပါသည်၊

{မေး} ပရိညာတံဟူသောပုဒ်ဖြင့်၊ ဘုရားရှင်သည် အဘယ်တရားကိုပြဆိုအပ်ပါသနည်း။

{ဖြေ} ပရိညာတံဟူသောပုဒ်ဖြင့်ဘုရားရှင်သည်၊ထိုပိုင်းခြား၍သိအပ်သောဒုက္ခတည်းဟူသော အရိယသစ္စာတရားတို့ကို။ အရဟတ္တမဂ်အခိုက်၊ ပိုင်းခြား၍သိဆဲဖြစ်၍အရဟတ္တဖိုလ်သို့ရောက်သောအခါပိုင်းခြား၍သိအပ်ပြီးဖြစ်လေ၏။ထိုသို့ပိုင်းခြား၍သိပြီးဖြစ်သည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်၊

{မေး} ဇာတိသဒ္ဒါဖြင့်၊ ဘုရားရှင်သည် အဘယ်တရားကိုပြဆိုတော်မူ အပ်ပါသနည်း။

{ဖြေ} ဇာတိ သဒ္ဒါသည်၊ နိဗ္ဗာနအနက်ဖြစ်၍ ထိုပြဆိုအပ်ပြီးသော ပိုင်းခြား၍သိအပ်ပြီးသော ဒုက္ခသစ္စာတရားတော်ကိုပင်ညွှန်ပြအပ်ပါသည်။

{မေး} မေဟုသောပုဒ်ဖြင့်၊ ဘုရားရှင်သည်အဘယ်ကို ပြဆိုတော်မူ အပ်ပါသနည်း။

{ဖြေ}. မေဟုသောပုဒ်ဖြင့်၊ ပရမတ္ထအားဖြင့်ထင်ရှားရှိသော ဘုရားဟု သမုတ်အပ်သော ခန္ဓာပဉ္စကတရားကိုသာလျှင်၊ လောကဝေါဟာရ အား ဖြင့်ခေါ်ဝေါ်အပ်သောပရမတ္ထအားဖြင့်ထင်ရှားမရှိသောငါဟူသောအမည် ဖြင့်ပြဆိုအပ်ပါသည်။

{မေး} ပဋ္ဌေဟူသောပုဒ်ဖြင့်၊ဘုရားရှင်သည်အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} ပဋ္ဌေဟူသောပုဒ်ဖြင့်။ ဘုရားရှင်သည် ဗောဓိပင်ရင်း၌၊ ထိုဇာ တိပိဒုက္ခာအစ။ပဋ္ဌ ပါဒါနက္ခန္ဓာပိဒုက္ခာအဆုံးရှိသော၊တုံသုံးပါး၌ဖြစ်သော သတ္တဝါအသက်၊ နိစ္စ သုခစသည်မဟုတ်သော၊ ဒုက္ခသာလျှင်အမှန်ဖြစ်သော တရားကို၊ ပိုင်းခြား၍သိပြီးသည်မှရှေးအတိုင်း၌ဖြစ်သော၊ အခါသမယတို့ကို ပြဆိုတော်မူအပ်ပါသည်။

{မေး} အနနုသုတေသု။ ဓမ္မေသုဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} အနနုသုတေသု ဓမ္မေသုဟူသောပုဒ်တို့ဖြင့်။ဗောဓိပင်ရင်း၌၊ထို ပြဆိုအပ်ပြီးသောဒုက္ခသစ္စာတရားတို့ကို။ အရဟတ္တမဂ်သို့ရောက်သဖြင့်။ ပိုင်းခြား၍သိအပ်ပြီးသည်မှရှေးအတိုင်း၌။ အာဠာရ ဥဒကစသော တစုံတ ယောက်သောသူတို့၏အထံမှ။ဤတရားကိုပိုင်းခြား၍သိအပ်ပြီဟူ၍ မကြား စဘူးသောတရားသဘော၏အဖြစ်ကို ပြဆိုတော်မူအပ်ပါသည်။

{မေး} စက္ခုံ၊ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} စက္ခုံ၊ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ထိုပြဆိုအပ်ပြီးသောဒုက္ခသစ္စာ ကို။ ဤတရားကား၊ သတ္တဝါအသက်၊နိစ္စ၊သုခစသည်မရှိသော ဒုက္ခတရား သာလျှင်ကောန်အမှန်ဖြစ်သည်ဟုပိုင်းခြား၍သိအပ်ပြီးသောတရားတို့၌။ဟုတ် တိုင်းမှန်စွာ မြင်တတ်သော ပညာမျက်စိ၏ မိမိခန္ဓာတော်၌ ထင်ရှားဖြစ်ပြီး သည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာဏံ၊ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ဉာဏံ၊ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ထိုပြဆိုအပ်ပြီးသော ဒုက္ခသစ္စာကို။ဤတရားကား သတ္တဝါအသက်၊နိစ္စ၊သုခစသည်မရှိသော၊ ဒုက္ခတရားသာလျှင်ကေန်အမှန်ဖြစ်သည်ဟုပိုင်းခြား၍သိအပ်ပြီးသောတရားတို့၌။ဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ်တော်၏ မိမိခန္ဓာတော်၌ ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်၏။

{မေး} ပညာ၊ ဥဒပါဒိ ဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်တရားကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ပညာ၊ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ထိုပြဆိုအပ်ပြီးသော ဒုက္ခသစ္စာတရားတို့ကို။ ဤတရားကား သတ္တဝါအသက်၊ နိစ္စ၊ သုခစသည်မရှိသောဒုက္ခတရားသာလျှင်ကေန်အမှန်ဖြစ်သည်ဟုပိုင်းခြား၍သိအပ်ပြီးသောတရားတို့၌။မတွေမဝေ၊ ဒ‌ပြားအားဖြင့်သိတတ်သောပညာတော်၏။ မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဝိဇ္ဇာ၊ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ဘုရားရှင်သည်အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ဝိဇ္ဇာ၊ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ထိုပြဆိုအပ်ပြီးသောဒုက္ခသစ္စာတရားတော်ကို။ဤတရားကား သတ္တဝါအသက်၊နိစ္စ၊သုခစသည်မရှိသောဒုက္ခတရားသာလျှင် ကေန်အမှန်ဖြစ်သည်ဟု ပိုင်းခြား၍သိအပ်ပြီးသောတရားတို့၌။ထိုးထွင်း၍သိတတ်သော ဝိဇ္ဇာဉာဏ်တော်၏။ မိမိခန္ဓာ၌ ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြတော်မူအပ်ပါသည်။

(မေး) အာလောကော၊ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ဘုရားရှင်သည် အဘယ်ကိုပြဆိုအပ်ပါသနည်း။

(ဖြေ) အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ထိုပြဆိုအပ်ပြီးသောဒုက္ခသစ္စာတရားတို့ကို။ဤတရားကား၊ သတ္တဝါအသက်၊နိစ္စ၊သုခမရှိသောဒုက္ခတရားသာလျှင် ကေန်အမှန်ဖြစ်သည်ဟု ပိုင်းခြား၍သိအပ်ပြီးသောတရားတို့၌။ဉာဏ်တော်တည်းဟူသောအလင်း၏။မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။ (ဤမျှဖြင့်ဒုက္ခသစ္စာတရားတို့ကို ပိုင်းခြား၍သိအပ်ပြီးသော ကတ တရား၌ မြင်မှု စက္ခု၊ သိမှု ဉာဏ၊ဒ‌ပြားအားဖြင့်သိမှုပညာ၊ထိုးထွင်း၍သိမှု ဝိဇ္ဇာ၊ထွန်းလင်းပြမှု အာလောကတည်းဟူသော(ဉာဏ်တော်ငါးချက်)ဖြစ်မှုကိုပြဆိုချက်ပြီး၏။)

(မေး) ဣဒံ၊ ဒုက္ခ သမုဒယံအရိယသစ္စံဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည်အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စံဟူသောပုဒ်တို့ဖြင့်၊ ကာမတဏှာ ဘဝတဏှာ၊ ဝိဘဝတဏှာတည်းဟူသော တဏှာသုံးပါးသည်၊ ထိုသုံးပါး၌ဖြစ်သော ဇာတိဒုက္ခအစရှိသော၊ အလုံးစုံသော ဝဋ်ဒုက္ခတရားဟူသမျှတို့၏ ဖြစ်ကြောင်း တရားအမှန်တည်းဟူ၍ အရိယာတို့သိအပ်သော၊ သမုဒယသစ္စာတရားကို ပြဆိုအပ်ပါသည်။

{မေး} ဣတိသဒ္ဒါဖြင့်၊ ဘုရားရှင်သည် အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ဣတိသဒ္ဒါသည်၊ နိဒဿနအနက်ဖြစ်၍ ထိုပြဆိုအပ်ပြီးသောဝဋ်ဒုက္ခတရားဟူသမျှတို့၏ဖြစ်ကြောင်းတရားအမှန်တည်းဟူ၍သိအပ်သော သမုဒယသစ္စာတရားကိုသာလျှင် ညွှန်ပြအပ်သည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။( မေဟူသော အမေးအဖြေ၊ဘိက္ခဝေဟူသော အမေးအဖြေတို့ကို ရှေးနည်းအတိုင်းပင်သိကြလေ နောင်ကိုမပြဆိုတော့ပြီ။

{မေး} ပုဗ္ဗေ၊ အနနုဿုတေသု ဓမ္မေသုဟူသော ပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ပုဗ္ဗေ၊ အနနုဿုတေသု ဓမ္မေသုဟူသော ပုဒ်တို့ဖြင့်၊ ဗောဓိပင်ရင်း၌ ထိုကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ သုံးပါးတရားသည်။ အလုံးစုံသော ဝဋ်ဒုက္ခတရားတို့၏ဖြစ်ကြောင်းတရားဧကန်အမှန်ဖြစ်သည်ဟုအရဟတ္တမဂ်ဉာဏ်၊သဗ္ဗညုတဉာဏ်တော်တို့ဖြင့်ထိုးထွင်း၍သိပြီးသည်မှ ရှေးအခါဖြစ်သောကာလ၌။ အာဠာရ ဥဒကစသော တစုံတယောက်သော သူတို့ထံမှ မကြားစဖူးသောသစ္စာတရားတို့ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} စက္ခုံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} စက္ခုံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ထိုကာမတဏှာ၊ဘဝတဏှာ ဝိဘဝတဏှာတည်းဟူသော တဏှာသုံးပါးတရားသည်သာလျှင်။ ထိုသုံးပါး၌ဖြစ်သော ဝဋ်ဒုက္ခတရားတို့၏ ဖြစ်ကြောင်းတရား အမှန်တည်းဟု ဟုတ်တိုင်းမှန်စွာမြင်တတ်သော ပညာမျက်စိ၏ မိမိသန္တာန်တော်၌ ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကို ပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာဏံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ဉာဏံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ထိုကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတည်းဟူသော တဏှာသုံးပါးတရားသည်သာလျှင်။ ထိုသုံးပါး၌ဖြစ်သော ဝဋ်ဒုက္ခတရားတို့၏ ဖြစ်ကြောင်းတရားအမှန်တည်းဟု ဟုတ်

တိုင်းမှန်စွာသိတတ်သော ဉာဏ်တော်၏ မိမိခန္ဓာတော်၌ ထင်ရှားဖြစ်ပြီး သည်၏အဖြစ်ကို ပြဆိုတော်မူအပ်ပါသည်။

{မေး} ပညာ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည် အဘယ်ကို ပြဆိုအပ်ပါသနည်း။

{ဖြေ} ပညာ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ထိုကာမတဏှာ၊ဘဝတဏှာ ဝိဘဝတဏှာ တည်းဟူသော သုံးပါးသောတရားသည်သာလျှင်၊ ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဒုက္ခတရားတို့၏ဖြစ်ကြောင်းတရားအမှန်တဲဟု မတွေမ ဝေအပြားအားဖြင့် သိတတ်သောပညာတော်၏ မိမိခန္ဓာတော်၌ ထင်ရှား ဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဝိဇ္ဇာ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ဘုရားရှင်သည်အဘယ်ကိုပြ ဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ထိုကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတည်းဟူသော သုံးပါးသော တဏှာတရားသည်သာလျှင်၊ ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဒုက္ခ တရားတို့၏ဖြစ်ကြောင်းတရားအမှန်တဲဟု ထိုးထွင်း၍သိတတ်သောဝိဇ္ဇာ ဉာဏ်တော်၏ မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော် မူအပ်ပါသည်။

{မေး} အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည်အ ဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည် ထို ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတည်းဟူသော တဏှာသုံးပါး တရားသည်သာလျှင်၊ဘုံသုံးပါး၌ဖြစ်သောဝဋ်ဒုက္ခတရားတို့၏ဖြစ်ကြောင်း တရားကောင်မှန်သည်၏အဖြစ်ကို ထွန်းလင်းပြတတ်သော ဉာဏ်တော်အ လင်း၏၊ မိမိခန္ဓာတော်၌ ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကို ပြဆိုတော်မူအပ် ပါသည်။(ဤမျှသောစကားအစဉ်ဖြင့်။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘ ဝတဏှာတည်းဟူသောတဏှာသုံးပါးသည်သာလျှင်၊ ဝဋ်ဒုက္ခတို့၏ ဖြစ် ကြောင်းတရားအမှန်ဖြစ်သော၊သမုဒယတည်းဟူသောအရိယသစ္စာတရား တို့၌။ သစ္စာ၏အစွမ်းဖြင့်သိသော (ဉာဏ်တော်ငါးချက်)၏ ဖြစ်ပြီးသည်၏ အဖြစ်ကိုပြဆိုချက်ပြီး၏။)

{မေး} တံခေါ ပနိဒံ၊ ဒုက္ခသမုဒယံ၊ အရိယသစ္စံ ဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည်အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} တံခေါ ပနိဒံ၊ ဒုက္ခသမုဒယံ၊ အရိယသစ္စံဟူသောပုဒ်တို့ဖြင့်၊ထို ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတည်းဟူသော တဏှာသုံးပါး

တရားသည်သာလျှင်။အလုံးစုံသောဝဋ်ဒုက္ခတရားတို့၏ ဖြစ်ကြောင်းတရား
အမှန်ဖြစ်သည်၏အဖြစ်ကိုပြဆိုအပ်ပါသည်။

{မေး} ပဟာတဗ္ဗံ ဟူသောပုဒ်ဖြင့်။ ဘုရားရှင်သည်အဘယ်ကို ပြဆို
အပ်ပါသနည်း။

{ဖြေ} ပဟာတဗ္ဗံဟူသောပုဒ်ဖြင့်။ထိုဝဋ်ဒုက္ခတို့၏ဖြစ်ကြောင်းအမှန်
ဖြစ်သော၊တဏှာသုံးပါးတည်းဟူသော၊သမုဒယသစ္စာကို၊ဝဋ်ဒုက္ခမှထွက်
မြောက်လိုသော အရိယာဖြစ်လိုသော သူတော်ကောင်းတို့သည်။ ကောင်း
ပယ်စွန့်အပ်သည်ဟူ၍ပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာတိသဒ္ဒါဖြင့်။ဘုရားရှင်သည်အဘယ်တရားကိုညွှန်ပြတော်
မူအပ်ပါသနည်း။

{ဖြေ} ဉာတိသဒ္ဒါသည်၊နိဒဿနအနက်ဖြစ်၍ထိုပယ်စွန့်အပ်သောတဏှာ
သုံးပါးတည်းဟူသောသမုဒယသစ္စာတရားတို့ကိုပင် ညွှန်ပြအပ်ပါသည်။

{မေး} ပုဗ္ဗေ၊ အနနုဿုတေသု၊ဓမ္မေသုဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်
သည်အဘယ်ကိုပြဆို တော်မူအပ်ပါသနည်း။

{ဖြေ} ပုဗ္ဗေ၊ အနနုဿုတေသု၊ ဓမ္မေသု ဟူသောပုဒ်တို့ဖြင့်။ ဝဋ်ဒုက္ခ
တရားတို့၏ဖြစ်ကြောင်းအမှန်ဖြစ်သောကြောင့်။ ရင်းကာမတဏှာ၊ ဘဝ
တဏှာ၊ဝိဘဝတဏှာ သုံးပါးတရားတော်ကို။ ကောင်းပယ်စွန့်ထိုက်၏ဟု
ဗောဓိပင်ရင်း၌သိပြီးသည်မှရှေးအတိတ်ကာလ၌။ အာဠာရ ဥဒကစသောတ
ရံတယောက်သောသူတို့၏အထံမှ။ဤသမုဒယသစ္စာတရားကိုပယ်စွန့်အပ်
၏ဟူ၍ပြောဆိုသံကို တရံတဆစ်မျှမကြားစဘူးသော ပယ်စွန့်အပ်သော
သမုဒယတည်းဟူသော အရိယသစ္စာတရားတို့ကိုပြဆိုအပ်ပါသည်။

{မေး} စက္ခုံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည်အဘယ်ကို
ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} စက္ခုံဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ထိုပယ်စွန့်အပ်သောသမုဒယ
တည်းဟူသော အရိယ သစ္စာ တရားတို့၌။ ဤတရားကို ပယ်စွန့်အပ်၏ဟု
ဟုတ်တိုင်းမှန်စွာမြင်တတ်သော ပညာမျက်စိ၏ မိမိသန္တာနတော်၌ထင်ရှား
ဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာဏံ ဥဒပါဒိဟူသော ပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်
တရားကိုပြဆိုအပ်ပါသနည်း။

{ဖြေ} ဉာဏံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ထိုပယ်စွန့်အပ်သောသမုဒ
ယတည်းဟူသော အရိယသစ္စာတရားတို့၌။ ဤတရားကိုပယ်စွန့်အပ်၏ဟု

ဟုတ်တိုင်းမှန်စွာသိတတ်သော ဉာဏ်တော်၏၊ မိမိခန္ဓာတော်၌ ထင်ရှားဖြစ်ပြီးသည့်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ပညာ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

(ဖြေ) ပညာဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ထိုပယ်စွန့်အပ်သော သမုဒယတည်းဟူသော အရိယသစ္စာတရားတို့၌။ ဤတရားကိုပယ်စွန့်အပ်၏ဟု မတွေမဝေအပြားအားဖြင့်သိတတ်သောပညာတော်၏မိမိခန္ဓါတော်၌ထင်ရှားဖြစ်ပြီးသည့်၏အဖြစ်ကိုပြဆို တော်မူအပ်ပါသည်၊

(မေး) ဝိဇ္ဇာ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ဘုရားရှင်သည်အဘယ်ကိုပြဆို တော်မူအပ်ပါသနည်း။

(ဖြေ) ဝိဇ္ဇာ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ထိုပယ်စွန့်အပ်သောသမုဒယတည်းဟူသောအရိယသစ္စာတရားတို့၌၊ဤတရားကိုပယ်စွန့်အပ်၏ဟုထိုးထွင်း၍သိတတ်သော ဝိဇ္ဇာဉာဏ်တော်၏ မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည့်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

(မေး) အာလောကောဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ထိုပယ်စွန့်အပ်သော သမုဒယတည်းဟူသောအရိယသစ္စာတရားတို့၌၊ဤတဏှာသုံးပါးတရားသည် ဝဋ်ဒုက္ခတို့၏ဖြစ်ကြောင်းအမှန်ဖြစ်သောကြောင့်။ ဧကန်စွန့်အပ်နှင့်ထိုက်သောတရားအမှန်ပေတည်းဟု ထွန်းလင်းပြတတ်သောဉာဏ်တော်အလင်း၏ မိမိခန္ဓာတော်၌ထင်ရှား ဖြစ်ပြီးသည့်၏ အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်၊ ။(ဤမျှဖြင့် ပယ်အပ်သောသမုဒယသစ္စာတရား၌။ ဤတရားကိုပယ်အပ်၏ဟု "အသိဉာဏ်ငါးချက်"ဖြစ်သည့်ကိုပြခန်းချက်ပြီး၏။)

(မေး) တံခေါပနိဒံဒုက္ခသမုဒယံအရိယသစ္စံပဟီနံဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည် အဘယ်ကို သိစေအပ်ပါသနည်း။

(ဖြေ) တံခေါပနိဒံဒုက္ခသမုဒယံအရိယသစ္စံပဟီနံဟူသောပုဒ်တို့ဖြင့်၊ ထိုကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတည်းဟူသော တဏှာသုံးပါးတရားတို့သည်သာလျှင်။ အလုံးစုံသောဝဋ်ဒုက္ခတရားတို့၏ဖြစ်ကြောင်းတရားမှန်သည့်၏ အဖြစ်ကြောင့်စွန့်အပ်၏။ ထိုစွန့်အပ်သော တရားကိုငါဘုရားသည် ဗောဓိပင်ရင်း၌ အရဟတ္တမဂ်ဉာဏ်တော်ဖြင့် အကြွင်းမရှိပယ်စွန့်တော်မူအပ်ပြီးပြီဟူသောအဓိပ္ပါယ်ကိုပြဆိုတော်မူအပ်ပါသည်၊

(မေး) ဇာတိသဒ္ဒါဖြင့်၊ ဘုရားရှင်သည် အဘယ်ကိုပြဆိုတော်မူသနည်း။

(ဖြေ) ဇာတိသဒ္ဒါသည်၊ နိဒဿနအနက်ဖြစ်၍ ထိုပယ်အပ်ပြီးသောသမုဒယသစ္စာတရားကိုသာလျှင် ညွှန်ပြတော်မူအပ်ပါသည်။

{မေး} ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသုဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်တရားကို ပြဆိုအပ်ပါသနည်း။

{ဖြေ} ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသုဟူသောပုဒ်တို့ဖြင့်၊ဗောဓိပင်ရင်း၌ ထိုတဈာသုံးပါးကို အရဟတ္တမဂ်ဖြင့် ပယ်ဆဲဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်သောအခါ ပယ်ပြီးဖြစ်လေသည်၊ထိုသို့သမုဒယသစ္စာတရားတို့ကို သိသည်မှရှေးအတ္တိကာလ၌ အာဠာရ ဥဒကစသောတပုံတယောက်သော သူ၏အထံမှ။ ပယ်အပ်ပြီးမှုကိုမကြားစဘူးသော ပယ်စွန့်အပ်ပြီးသော သမုဒယသစ္စာတရားတို့ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} စက္ခုံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည် အဘယ်ကို ပြဆိုအပ်ပါသနည်း။

{ဖြေ} စက္ခုံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဗောဓိပင်ရင်း၌အရဟတ္တမဂ်ဖြင့်အကြွင်းမရှိပယ်စွန့်အပ်ပြီးသော သမုဒယတည်းဟူသောအရိယသစ္စာတရားတို့၌။ ဤတရားကိုအကြွင်းမရှိပယ်စွန့်အပ်ပြီဟူ၍ ဟုတ်တိုင်းမှန်စွာ မြင်တတ်သောပညာမျက်စိ၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည့်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာဏံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ဉာဏံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဗောဓိပင်ရင်း၌ အရဟတ္တမဂ်ဖြင့်အကြွင်းမရှိပယ်စွန့်အပ်ပြီးသောသမုဒယတည်းဟူသောအရိယသစ္စာတရားတို့၌၊ ဤတရားကိုအကြွင်းမရှိပယ်စွန့်အပ်ပြီဟူ၍ ဟုတ်တိုင်းမှန်စွာ သိတတ်သောဉာဏ်တော်၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ပညာ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည်အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ပညာ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ဗောဓိပင်ရင်း၌အရဟတ္တမဂ်ဖြင့်အကြွင်းမရှိပယ်စွန့်အပ်ပြီးသောသမုဒယတည်းဟူသောအရိယသစ္စာတရားတို့၌၊ ဤတရားကိုအကြွင်းမရှိပယ်စွန့်အပ်ပြီဟူ၍ ဟုတ်တိုင်းမှန်စွာ မတွေမဝေအပြားအားဖြင့်သိတတ်သော ပညာတော်၏ မိမိခန္ဓာတော်၌ ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဝိဇ္ဇာ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည်အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ဝိဇ္ဇာဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဗောဓိပင်ရင်း၌ အရဟတ္တမဂ်ဖြင့်အကြွင်းမရှိပယ်စွန့်အပ်ပြီးသော သမုဒယတည်းဟူသော အရိယသစ္စာတရားတို့၌။ ဤတရားကိုအကြွင်းမရှိပယ်စွန့်အပ်ပြီဟူ၍ ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိတတ်သော ဝိဇ္ဇာဉာဏ်တော်၏ မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည့်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} အာလောကော ဥဒပါဒိဟူသော ပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဗောဓိပင်ရင်း၌ အရဟတ္တမဂ်ဖြင့်အကြွင်းမရှိပယ်အပ်ပြီးသော သမုဒယတည်းဟူသောအရိယသစ္စာတရားတို့၌။ ဤတရားကိုအကြွင်းမရှိပယ်အပ်ပြီဟူ၍ ထွန်းလင်းပြတတ်သောဉာဏ်တော်အလင်း၏ မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည့်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။ ။(ဤမျှသောစကားအစဉ်ဖြင့်၊ပယ်အပ်ပြီးသော သမုဒယတည်းဟူသောအရိယသစ္စာတရားတို့၌။ ဟုတ်တိုင်းမှန်စွာမြင်တတ်သော ပညာစက္ခု။ ဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ်။ မတွေမဝေအပြားအားဖြင့်သိတတ်သော ပညာ၊ ဟုတ်တိုင်းမှန်စွာထိုးထွင်း၍သိတတ်သောဝိဇ္ဇာ။ ထွန်းလင်း၍ပြတတ်သောဉာဏ်တော်အလင်းတည်းဟူသော''ငါးပါးသော ဉာဏ်တော်''တို့ကို။ ကာတ၏အစွမ်းအားဖြင့် ဖြစ်သည့်ကိုဖော်ပြချက်ပြီး၏။)

{မေး} ဣဒံ ဒုက္ခနိရောဓံ၊အရိယသစ္စံဟူသောပုဒ်တို့ဖြင့်။ဘုရားရှင်သည် အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ဣဒံ ဒုက္ခနိရောဓံ၊အရိယသစ္စံဟူသောပုဒ်တို့ဖြင့်။ မပြတ်ဖြစ်ပျက်လျက်နေသော ဒုက္ခသစ္စာတည်းဟူသော သင်္ခတ တရား။ တဏှာ သုံးပါးတည်းဟူသောဖြစ်ပျက်နေသောသမုဒယသစ္စာတည်းဟူသောသင်္ခတတရား မဂ္ဂင်ရှစ်ပါးတည်းဟူသောဖြစ်ပျက်နေသော မဂ္ဂသစ္စာတည်းဟူသောသင်္ခတတရားတို့နှင့် မရောမယှက်ဆန့်ကျင်ဘက်ဖြစ်လျက်၊ ဓမ္မနိယာမအားဖြင့် မဖြစ်သောလက္ခဏာ၊ မပျက်သောလက္ခဏာအားဖြင့် အမြဲတည်ရှိနေသော အသင်္ခတဓာတ်နိဗ္ဗာန်တရားတော်သည်သာလျှင်၊ သံသရာ၌ မပြတ်ဖြစ်နေသော ဝဋ်ဒုက္ခတရားတို့၏ နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံတရားသည်ဧကန်အမှန်ဖြစ်၏ဟူ၍ အရိယာတို့သည်ထိုးထွင်း၍သိမြင်အပ်သောဒုက္ခနိရောဓအရိယသစ္စာတရားတော်ကိုပြဆိုအပ်ပါသည်။

{မေး} ဉာတိသဒ္ဒါဖြင့်၊ ဘုရားရှင်သည် အဘယ်တရားကို ညွှန်ပြအပ်ပါသနည်း။

{ဖြေ} ဇာတိသဒ္ဒါသည်၊ နိဒဿနအနက်ဖြစ်၍။ ထိုအသခ်တဓာတ် နိရောဓသစ္စာ တရားတော်သည်သာလျှင်။ ထံသရာအဆက်ဆက်၌ မပြတ်မလပ်ဖြစ်နေသောဝဋ္ဋဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံတရားအမှန်ဖြစ်၏။ထိုအကြောင်းခံအမှန်ဖြစ်သောတရားကိုသာလျှင်ညွှန်ပြအပ်ပါသည်။

{မေး} ပဋ္ဌမွေ အနနုဿုတေသု ဓမ္မေသုဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည်အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} ပဋ္ဌမွေ အနနုဿုတေသု ဓမ္မေသုဟူသော ပုဒ်တို့ဖြင့်။ ထိုသံသရာအဆက်ဆက်၌မပြတ်မလပ်ဖြစ်နေသောဝဋ္ဋဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းဖြစ်သော မဖြစ်မပျက်သောသဘောလက္ခဏာဖြင့်အမြဲတည်ရှိသောနိရောဓသစ္စာနိဗ္ဗာန်တရားတော်ကို။၎င်းတရားကား၀ဋ္ဋဒုက္ခတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိအောင်အကြောင်းခံနေသောတရားအမှန်ဘဲဟု ဗောဓိပင်ရင်း၌ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်တို့ဖြင့် ထိုးထွင်း၍သိပြီးသည်မှရှေးအခါကာလတို့၌ အာဠာရဥဒကစသောတရုံတယောက်သောသူတို့၏အထံမှ မကြားစဘူးသောအရိယာတို့သည် ထိုးထွင်း၍သိမြင်အပ်သော ဒုက္ခနိရောဓတည်းဟူသောအရိယသစ္စာတရားတို့ကိုသာလျှင် ညွှန်ပြအပ်ပါသည်။

{မေး} စက္ခုံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ဘုရားရှင်သည်အဘယ်တရားကိုပြဆိုအပ်ပါသနည်း။

{ဖြေ} စက္ခုံဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ထိုမဖြစ်မပျက်သောသဘောလက္ခဏာဖြင့်အမြဲတည်ရှိသော အသခ်တဓာတ်နိရောဓသစ္စာ တရားသာလျှင်။ သံသရာအဆက်ဆက်၌မပြတ်မလပ်ဖြစ်နေသော သခ်တဖြစ်သော ဝဋ္ဋဒုက္ခ တရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိအောင်။ အကြောင်းခံနေသော တရားအမှန်ဖြစ်၏ဟု ဟုတ်တိုင်းမှန်စွာမြင်တော်မူတတ်သော ပညာမျက်စိ၏မိမိခန္ဓာတော်အစဉ်၌ ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာဏံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည်အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} ဉာဏံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ထိုမဖြစ်မပျက်မသောသဘောလက္ခဏာဖြင့် အမြဲတည်ရှိသော အသခ်တဓာတ်နိရောဓသစ္စာတရားသာလျှင်၊သံသရာအဆက်ဆက်၌မပြတ်မလပ်ဖြစ်နေသောသခ်တဖြစ်သောဝဋ္ဋဒုက္ခတရားတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိအောင်၊ အကြောင်းခံနေ

သောတရားအမှန်ဖြစ်၏ဟု ဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ်တော်၏ မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏ အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ပညာ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ပညာဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ထိုမဖြစ်မပျက်သောသဘော လက္ခဏာဖြင့်အမြဲတည်ရှိနေသောအသင်္ခတဓာတ်နိရောဓသစ္စာတရားသာ လျှင်။ သံသရာအဆက်ဆက်၌မပြတ်ဖြစ်နေသော သင်္ခတဖြစ်သောဝဋ်ဒုက္ခ တရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိအောင်၊အကြောင်းခံနေသော တရားအမှန်ဖြစ်၏ဟု မတွေမဝေအပြားအားဖြင့်သိတတ်သောပညာတော် ၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဝိဇ္ဇာဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည်အဘယ်ကိုပြ ဆိုအပ်ပါသနည်း။

{ဖြေ} ဝိဇ္ဇာဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ထိုမဖြစ်မပျက်သောသဘော လက္ခဏာဖြင့်အမြဲတည်ရှိနေသောအသင်္ခတဓာတ်နိရောဓသစ္စာတရားသည် သာလျှင်၊သံသရာအဆက်ဆက်၌မပြတ်မလပ်ဖြစ်နေသောသင်္ခတဖြစ်သော ဝဋ်ဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိအောင်၊အကြောင်းခံ နေသောတရားအမှန်ဖြစ်၏ဟု ထွန်းလင်းပြတတ်သောဉာဏ်တော်အလင်း ၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။ (ဤမျှသောစကားအစဉ်ဖြင့်၊ပြတ်မပျက်သောလက္ခဏာဖြင့် အမြဲတည် ရှိနေသော အသင်္ခတဓာတ်နိရောဓသစ္စာတရား၌၊)ဤတရားသည်၊ဝဋ်ဒုက္ခ တရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိအောင်၊အကြောင်းခံနေသော အရိယာတို့သိအပ်သော အမှန်တရားတည်းဟု၊ သစ္စာ၏အစွမ်းဖြင့် ဟုတ် တိုင်းမှန်စွာမြင်တတ်သော ပညာစက္ခု။ ဟုတ်တိုင်းမှန်စွာ သိတတ်သော ဉာဏ၊အပြားအားဖြင့်သိတတ်သောပညာ။ထိုးထွင်း၍သိတတ်သောဝိဇ္ဇာ၊ ထွန်းလင်းပြတတ်သောဉာဏ်တော်၊ အာလောကတည်းဟူသော (ဉာဏ် တော်ငါးချက်)တို့၏ဖြစ်မှုကိုပြဆိုချက်ပြီး၏။

{မေး} တံခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊သန္တိ ကာတဗ္ဗံ ဟူသော ပုဒ်တို့ဖြင့်၊ ဘုရားရှင်သည် အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} တံခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ သစ္ဆိကာတဗ္ဗံဟူသော ပုဒ်တို့ဖြင့်၊မပြတ်ဖြစ်ပျက်နေသော ဒုက္ခသစ္စာတည်းဟူသောသင်္ခတတရား၊ တဏှာသုံးပါးတည်းဟူသော ဖြစ်ပျက်နေသော သမုဒယသစ္စာတည်းဟူ သောသင်္ခတတရား။ မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖြစ်ပျက်နေသောမဂ္ဂသစ္စာ

တည်းဟူသောသစ်္စာတရားတို့နှင့်မရောမယှက်ဆန့်ကျင်ဘက်ဖြစ်လျက် ဓမ္မနိယာမအားဖြင့် မဖြစ်သောသဘောလက္ခဏာ၊ မပျက်သောသဘော လက္ခဏာအားဖြင့် အမြဲတည်ရှိနေသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားကိုသာလျှင်။၎င်းတရားသည်သံသရာ၌မပြတ်ဖြစ်နေသောဝဋ်ဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိအောင်။အကြောင်းခံနေသော တရားဧကန်အမှန်ဖြစ်သည်ဟူ၍အရိယာပုဂ္ဂိုလ်တို့သည်မျက်မှောက်ပြုအပ်၏။ဝါ။ မျက်မှောက်ပြု၍သိအပ်၏။ ထိုသို့မျက်မှောက်ပြုအပ်။ဝါ။ အရိယာတို့သည် မျက်မှောက်ပြု၍သိအပ်သော ဒုက္ခနိရောဓအရိယသစ္စာတရားကိုသာလျှင် ပြဆိုအပ်ပါသည်။

(မေး) ဉာတိသဒ္ဒါဖြင့်၊ ဘုရားရှင်သည် အဘယ်ကိုပြဆိုအပ်ပါသနည်း။

(ဖြေ) ဉာတိသဒ္ဒါဖြင့်၊မျက်မှောက်ပြုအပ်သော။ဝါ။ မျက်မှောက်ပြု၍သိအပ်သော ဝဋ်ဒုက္ခတို့၏နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော မဖြစ်မပျက်ဘဲအမြဲတည်ရှိနေသော ဒုက္ခနိရောဓအရိယသစ္စာတရားကိုသာလျှင်ညွှန်ပြအပ်ပါသည်။

{မေး} ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသုဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည်အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသုဟူသောပုဒ်တို့ဖြင့်။ သံသရာ၌မပြတ်မလပ်ဖြစ်နေသောဝဋ်ဒုက္ခတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သော မဖြစ်မပျက်ဘဲအမြဲတည်ရှိသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားကို၊ ၎င်းကားမဂ်လေးပါးဖြင့် မျက်မှောက်ပြု၍သိအပ်သော အရိယသစ္စာတရားတည်းဟူ၍ ဗောဓိပင်ရင်း၌သဗ္ဗညုတဉာဏ်တော်ဖြင့်သိအပ်ပြီးသည်မှရှေးအတိတ်ကာလ၌။ အာဠာရ ဥဒကစသောတစုံတယောက်သောသူ၏ထံမှ မကြားစဘူးသော ထိုမျက်မှောက်ပြုအပ်သော ဒုက္ခနိရောဓအရိယသစ္စာတရားကိုသာလျှင် ပြဆိုအပ်ပါသည်၊

{မေး} စက္ခုံ၊ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုအပ်ပါသနည်း။

{ဖြေ} စက္ခုံ၊ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ သံသရာ၌မပြတ်ဖြစ်ပျက်နေသောဝဋ်ဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်းအကြောင်းခံဖြစ်သော မဖြစ်မပျက်ဘဲ အမြဲတည်ရှိနေသော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားကို၊ ၎င်းတရားကား မဂ်လေးပါးဖြင့်၊ မျက်မှောက်ပြုအပ်သော။ ဝါ၊ မျက်မှောက်ပြု၍သိအပ်သော အရိယသစ္စာတရားဟူ၍၊ ဟုတ်

တိုင်းမှန်စွာမြင်တတ်သော ပညာမျက်စိ၏ မိမိသန္တာန်တော်၌ ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကို ပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာဏံ ဥဒပါဒိဟူသော ပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုအပ်ပါသနည်း။

{ဖြေ} ဉာဏံ ဥဒပါဒိဟူသော ပုဒ်တို့ဖြင့်။ သံသရာ၌ မပြတ်မလပ်ဖြစ်ပျက်နေသော ဝဋ္ဋဒုက္ခတရားတို့၏ နှောင်အဆက်ဆက် ဖြစ်ပေါ်မှု မရှိခြင်း၏ အကြောင်းခံဖြစ်သော မဖြစ်မပျက်ဘဲအမြဲတည်ရှိနေသော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်တရားတော်ကို။ ၎င်းကား မဂ်လေးပါးဖြင့် မျက်မှောက်ပြုအပ်သော၊ ဝါ။ မျက်မှောက်ပြု၍ သိအပ်သော အရိယသစ္စာတရားဟူ၍ ဟုတ်တိုင်းမှန်စွာ သိတတ်သော ဉာဏ်တော်၏ မိမိသန္တာန်တော်၌ ထင်ရှားဖြစ်ပြီးသည်၏ အဖြစ်ကို ပြဆိုတော်မူအပ်ပါသည်။

{မေး} ပညာ ဥဒပါဒိဟူသော ပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်တရားကို ပြဆိုအပ်ပါသနည်း။

{ဖြေ} ပညာ ဥဒပါဒိဟူသော ပုဒ်တို့ဖြင့်။ သံသရာ၌ မပြတ်မလပ်ဖြစ်နေသော ဝဋ္ဋဒုက္ခတရားတို့၏ နှောင်အဆက်ဆက်ဖြစ်ပေါ်မှု မရှိခြင်း အကြောင်းခံဖြစ်သော မဖြစ်မပျက်ဘဲ အမြဲတည်ရှိနေသော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်တရားတော်ကို။ ၎င်းတရားကား မဂ်လေးပါးဖြင့် မျက်မှောက်ပြုအပ်သော ဝါ။ မျက်မှောက်ပြု၍ သိအပ်သော အရိယသစ္စာတရားဟူ၍ မတွေဝေအပြားအားဖြင့် သိတတ်သော ပညာတော်၏ မိမိသန္တာန်တော်၌ ထင်ရှားဖြစ်ပြီးသည်၏ အဖြစ်ကို ပြဆိုတော်မူအပ်ပါသည်။

{မေး} ဝိဇ္ဇာ ဥဒပါဒိဟူသော ပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ဝိဇ္ဇာ ဥဒပါဒိဟူသော ပုဒ်တို့ဖြင့်။ သံသရာ၌ မပြတ်မလပ်ဖြစ်နေသော ဝဋ္ဋဒုက္ခတရားတို့၏ နှောင်အဆက်ဆက်ဖြစ်ပေါ်မှု မရှိခြင်းအကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို။ ၎င်းတရားကား မဂ်လေးပါးဖြင့် မျက်မှောက်ပြုအပ်သော။ ဝါ။ မဂ်လေးပါးဖြင့် မျက်မှောက်ပြု၍ သိအပ်သော အရိယသစ္စာတရားဟူ၍ ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိတတ်သော ဝိဇ္ဇာဉာဏ်တော်၏ မိမိသန္တာန်တော်၌ ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကို ပြဆိုတော်မူအပ်ပါသည်။

{မေး} အာလောကော ဥဒပါဒိဟူသော ပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} အာလောကော ဥဒပါဒိ ဟူသောပုဒ်တို့ဖြင့်။ သံသရာ၌ ပြတ်မလင်ဖြစ်နေသော ဝဋ်ဒုက္ခတရားတို့၏ နှောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာတရားတော်ကို။ ဤတရားကား မဂ်လေးပါးဖြင့်မျက်မှောက်ပြုအပ်သော၊ ဝါ။ မဂ်လေးပါးဖြင့်မျက်မှောက်ပြုအပ်သော အရိယသစ္စာတရားဟူ၍ ထွန်းလင်း၍ပြတတ်သော ဉာဏ်တော်အလင်း၏ မိမိသန္တာန်တော်၌ထင်ရှားဖြစ်ပြီးသည်၏ အဖြစ်ကိုပြတော်မူအပ်ပါသည်။ (ဤမျှသောစကားအစဉ်ဖြင့်၊ သံသရာ၌မပြတ်မလင်ဖြစ်နေသော ဝဋ်ဒုက္ခတရားတို့၏ နှောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကို၊ ဤတရားကား မဂ်လေးပါးဖြင့် မျက်မှောက်ပြုအပ်သောတရားတည်းဟု ကိစ္စ၏အစွမ်းအားဖြင့် ဟုတ်တိုင်းမှန်စွာမြင်တတ်သော ပညာစက္ခု၊ ဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ၊ ဟုတ်တိုင်းမှန်စွာအပြားအားဖြင့်သိတတ်သောပညာ၊ ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိတတ်သောဝိဇ္ဇာ၊ ဟုတ်တိုင်းမှန်စွာ ထွန်းလင်းပြတတ်သော အာလောကအလင်းဟု ဆိုအပ်သော(ဉာဏ်တော်ငါးပါး)ဖြစ်သည်၏အဖြစ်ကိုပြဆိုချက်ပြီး၏။

{မေး} တံခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ သစ္ဆိကတံ ဟူသောပုဒ်တို့ဖြင့်။ အဘယ်တရားကိုပြဆိုအပ်ပါသနည်း။

{ဖြေ} တံခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ သစ္ဆိကတံဟူသောပုဒ်တို့ဖြင့်၊ မပြတ်ဖြစ်ပျက်နေသော ဒုက္ခသစ္စာတည်း ဟူသော သင်္ခတတရား၊ တဏှာသုံးပါးတည်းဟူသောဖြစ်ပျက်နေသောသမုဒယသစ္စာတည်းဟူသော သင်္ခတတရား၊ ဖြစ်ပျက်နေသော မဂ္ဂသစ္စာတည်းဟူသော သင်္ခတတရားတို့နှင့်မရောမယှက် သန့်ရှင်းသက်ဖြင့်လျက်။ မွေ့နယ်ဖွယ်အားဖြင့် မဖြစ်သော သဘောသဘာဝ၊ မပျက်သော သဘောလက္ခဏာအားဖြင့် အမြဲတည်ရှိသောအသင်္ခတဓာတ်နိရောဓသစ္စာတရားကို၊ ဤတရားကား သံသရာ၌မပြတ်ဖြစ်နေသော ဝဋ်ဒုက္ခတရားတို့၏ နှောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏ ဧကန်အကြောင်းခံတရားပေတည်းဟု မဂ်လေးတန်ဖြင့်မျက်မှောက်ပြုပြီးသည်ကို ပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာတိသဒ္ဒါဖြင့် ဘုရားရှင်သည် အဘယ်ကိုပြတော်မူပါသနည်း။

{ဖြေ} ဉာတိသဒ္ဒါသည်၊ နိဗ္ဗာနအနက်ဖြစ်၍။ ထိုမျက်မှောက်ပြုအပ်ပြီးသော သံသရာ၌ ပြတ်မပြတ်ဖြစ်တတ်သော ဝဋ်ဒုက္ခတရားတို့၏နှောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းဖြစ်သော ဒုက္ခနိရောဓ အရိယသစ္စာတရားကိုသာလျှင် ဖွင့်ပြအပ်ပါသည်။

{မေး} ပဋိဝေဓ အနန္တသုတေသုခမ္မသုဟူသောပုဒ်တို့ဖြင့်၊အဘယ်တရားကိုပြဆိုအပ်ပါသနည်း။

{ဖြေ} ပဋိဝေဓ အနန္တသုတေသု ခမ္မေသုဟူသောပုဒ်တို့ဖြင့်၊ သံသရာ၌မပြတ်ဖြစ်နေသောဝဋ်ဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သောမဖြစ်မပျက်ဘဲအမြဲတည်ရှိနေသောအသင်္ခတဓါတ်နိရောဓသစ္စာတရားတော်ကို၊ဗောဓိပင်ရင်း၌မဂ်လေးတန်ဖြင့်မျက်မှောက်ပြု၍သိအပ်ပြီးသည်မှ ရှေးအတိုက်ကာလ၌ အာဠာရ ဥဒကစသော တစုံတယောက်သောသူ၏အထံမှ မကြားစဖူးသော မျက်မှောက်ပြု၍သိအပ်ပြီးသော ဒုက္ခနိရောဓအရိယသစ္စာတရားတော်ကိုသာလျှင်ပြဆိုအပ်ပါသည်၊

{မေး} စက္ခုံဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ဘုရားရှင်သည်အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} စက္ခုံဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ သံသရာ၌မပြတ်ဖြစ်နေသောဝဋ်ဒုက္ခတရားတို့၏နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သောမဖြစ်မပျက်ဘဲအမြဲတည်ရှိနေသောအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကို၊ အရဟတ္တမဂ်သို့ရောက်သဖြင့် မျက်မှောက်ပြုအပ်ပြီးပြီဟူ၍ ဟုတ်တိုင်းမှန်စွာမြင်တတ်သောပညာမျက်စိ၏မိမိခန္ဓာတော်၌ ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာဏံဥဒပါဒိဟူသောပုဒ်တို့ဖြင့်။အဘယ်ကိုပြဆိုတော်မူပါသနည်း။

{ဖြေ} ဉာဏံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ သံသရာ၌မပြတ်ဖြစ်နေသောဝဋ်ဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သောမဖြစ်မပျက်ဘဲအမြဲတည်ရှိနေသော အသင်္ခတဓာတ်နိရောဓသစ္စာတရားတော်ကို၊အရဟတ္တမဂ်သို့ရောက်သဖြင့်မျက်မှောက်ပြုအပ်ပြီးပြီဟူ၍ဟုတ်တိုင်းမှန်စွာသိတတ်သော ဉာဏ်တော်၏မိမိခန္ဓာတော်၌ ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်၊

{မေး} ပညာဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ပညာဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊သံသရာ၌မပြတ်ဖြစ်နေသောဝဋ်ဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သောမဖြစ်မပျက်ဘဲအမြဲတည်ရှိနေသောအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကို။ အရဟတ္တမဂ်သို့ရောက်သဖြင့် မျက်မှောက်ပြုအပ်ပြီးပြီဟူ၍မတွေမဝေအပြားအားဖြင့်သိတတ်သောပညာတော်၏မိမိခန္ဓာတော်၌ ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဝိဇ္ဇာဥပ္ပါဒိဟူသောပုဒ်တို့ဖြင့်၊ဘုရားရှင်သည် အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} ဝိဇ္ဇာဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ သံသရာ၌မပြတ်ဖြစ်နေသော ဝဋ်ဒုက္ခတရားတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော မဖြစ်မပျက်ဘဲအမြဲတည်ရှိနေသောအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို၊ အရဟတ္တဖိုလ်သို့ရောက်သဖြင့် မျက်မှောက်ပြုအပ်ပြီးပြီဟူ၍ ဟုတ်တိုင်းမှန်စွာထိုးထွင်း၍သိတတ်သောဝိဇ္ဇာဉာဏ်တော်၏ မိမိ၏ခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကို ပြဆိုတော်မူအပ်ပါသည်၊

{မေး} အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည်အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ သံသရာ၌ မပြတ်ဖြစ်နေသောဝဋ်ဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သော မဖြစ်မပျက်ဘဲအမြဲတည်ရှိနေသော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကိုအရဟတ္တဖိုလ်သို့ရောက်သဖြင့်မျက်မှောက်ပြုအပ်ပြီးပြီဟူ၍ဟုတ်တိုင်းမှန်စွာထွန်းလင်းပြတတ်သောဉာဏ်တော်အလင်းတည်းဟူသော အာလောက၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်၊ (ဤမျှသောစကားအစဉ်ဖြင့်၊ မျက်မှောက်ပြုအပ်ပြီးသော နိရောဓသစ္စာနိဗ္ဗာန်၌ ကတ၏အစွမ်းအားဖြင့်၊ )ဟုတ်တိုင်းမှန်စွာမြင်တော်မူတတ်သောပညာစက္ခု၊ ဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ၊ မတွေမဝေအပြားအားဖြင့်သိတတ်သောပညာ၊ ထိုးထွင်း၍သိတတ်သော ဝိဇ္ဇာ၊ထွန်းလင်းပြတတ်သောအာလောကတည်းဟူသော(ဉာဏ်တော်ငါးချက်)တို့ဖြစ်ပြီးသည်ကိုပြဆိုချက်ပြီး၏၊

{မေး} ဣဒံဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည် အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ဣဒံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံဟူသော ပုဒ်တို့ဖြင့်၊ သမ္မာဒိဋ္ဌိအမှူးရှိသော အရိယမဂ္ဂင်ရှစ်ပါးတရားတော်သည်သာလျှင်၊ ဝဋ်ဒုက္ခတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်တရားအမှန်ဟုတ်၏ဟူ၍ အရိယာတို့သည် ထိုးထွင်းသိအပ်သော သစ္စာတရားကိုပြဆိုတော်မူအပ်ပါသည်၊

{မေး} ဓာတိသဒ္ဒါဖြင့် အဘယ်ကို ဘုရားရှင်သည်ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ဣတိသဒ္ဒါသည် နိဒဿနအနက်ဖြစ်၍ထိုမဂ္ဂင်ရှစ်ပါးတရားသည်သာလျှင်။ ဝဋ်ဒုက္ခတရားတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်တရားအမှန်ဟုတ်၏ဟု အရိယာတို့သည် ထိုးထွင်း၍သိအပ်သော မဂ္ဂသစ္စာတရားတော်ကိုသာ ညွှန်ပြအပ်ပါသည်။

{မေး} ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသုဟူသောပုဒ်တို့ဖြင့်။ အဘယ်ကို ညွှန်ပြအပ်ပါသနည်း။

{ဖြေ} ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသုဟူသောပုဒ်တို့ဖြင့်။ သမ္မာဒိဋ္ဌိအမှူးရှိသော မဂ္ဂင်ရှစ်ပါးတရားတော်သည်သာလျှင်။ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်တရားအမှန်ဟုတ်သည်၏အဖြစ်ကို။ ဗောဓိပင်ရင်း၌သဗ္ဗညုတဉာဏ်တော်ဖြင့် ထိုးထွင်း၍သိမြင်ပြီးသည်မှရှေး အတ္တိုကာလ၌။ အာဠာရ ဥဒ္ဒကစသော တစုံတယောက်သောသူ၏အထံမှ မကြားစဘူးသော ဒုက္ခနိရောဓဂါမိနီပဋိပဒါတည်းဟူသော အရိယသစ္စာတရားကိုပြဆိုတော်မူအပ်ပါသည်။

{မေး} စက္ခုံဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ဘုရားရှင်သည် အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} စက္ခုံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ထိုသမ္မာဒိဋ္ဌိအမှူးရှိသောမဂ္ဂင်ရှစ်ပါးတရားတော်၏အသင်္ခတဓါတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်တရားအမှန်ဟုဆိုအပ်သောဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာတရားဟုတ်မှန်သည်၏အဖြစ်ကို။ ဟုတ်တိုင်းမှန်စွာမြင်တတ်သော ပညာစက္ခု၏မိမိခန္ဓာတော်၌ ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကို ပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာဏံဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆို တော်မူအပ်ပါသနည်း။

{ဖြေ} ဉာဏံဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ထိုသမ္မာဒိဋ္ဌိအမှူးရှိသောမဂ္ဂင်ရှစ်ပါးတရားတော်၏အသင်္ခတဓါတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်တရားဟုဆိုအပ်သော ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာတရားဟုတ်မှန်သည်၏အဖြစ်ကို။ဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ်တော်၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ပညာဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ပညာဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ထိုသမ္မာဒိဋ္ဌိအမျိုးရှိသောမဂ္ဂင်ရှစ်ပါးတရားတော်၏အသင်္ခတဓါတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်တရားဟုဆိုအပ်သော ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာတရားဟုတ်မှန်သည်၏အဖြစ်ကို။ မတွေ့မဝေအပြားအားဖြင့် သိတတ်သောပညာတော်၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကို ပြဆိုတော်မူအပ်ပါသည်။

(မေး) ဝိဇ္ဇာဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကိုပြဆိုအပ်ပါသနည်း။

(ဖြေ) ဝိဇ္ဇာဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ထိုသမ္မာဒိဋ္ဌိအမျိုးရှိသောမဂ္ဂင်ရှစ်ပါးတရားတော်၏အသင်္ခတဓါတ် နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်တရားဟုဆိုအပ်သောဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာတရားဟုတ်မှန်သည်၏အဖြစ်ကို။ ထိုးထွင်း၍သိတတ်သော ဝိဇ္ဇာဉာဏ်တော်၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည်အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ထိုသမ္မာဒိဋ္ဌိအမျိုးရှိသော မဂ္ဂင်ရှစ်ပါးတရားတော်၏ အသင်္ခတဓါတ် နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်တရားဟုဆိုအပ်သော ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာတရား ဟုတ်မှန်သည်၏အဖြစ်ကို။ ထွန်းလင်းပြတတ်သော ဉာဏ်တော်အလင်းတည်းဟူသော အာလောက၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။(ဤမျှသောစကားအစဉ်ဖြင့်၊သမ္မာဒိဋ္ဌိအမျိုးရှိသောမဂ္ဂင်ရှစ်ပါးတရားတော်၏အသင်္ခတဓါတ်နိရောဓသစ္စာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်တရား ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာတရားဟုတ်မှန်သည်၏အဖြစ်ကို။သစ္စာ၏အစွမ်းအားဖြင့်ဟုတ်တိုင်းမှန်စွာမြင်တတ်သော ပညာစက္ခု။ ဟုတ်တိုင်းမှန်စွာ သိတတ်သော ဉာဏ်တော် မတွေ့မဝေအပြားအားဖြင့် သိတတ်သောပညာ။ ထိုးထွင်း၍ သိတတ်သောဝိဇ္ဇာ၊ ဟုတ်တိုင်းမှန်စွာထွန်းလင်းပြတတ်သော အာလောကတည်းဟူသော ဉာဏ်တော်(ငါးချက်)ဖြစ်ပြီးသည်ကိုပြချက်ပြီး၏၊

{မေး} တံခေါပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ဘာဝိတန္တိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} တံခေါပနိဒံဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ ဘာဝိတန္တိဟူသောပုဒ်တို့ဖြင့်၊ ထိုသမ္မာဒိဋ္ဌိအမျိုးရှိသောမဂ္ဂင်ရှစ်ပါးတရားတော်၏ဝန်

ဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သောအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဟုဆိုအပ်သော ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာတရားဟုတ်မှန်သည်၏အဖြစ်ကြောင့်။ ထိုသမ္မာဒိဋ္ဌိအမျိုးရှိသော မဂ္ဂင်ရှစ်ပါးတည်းဟူသော ဒုက္ခနိရောဓဂါမိနီပဋိပဒါအကျင့်တရားကို အရိယာဖြစ်ကုန်သောသူတို့သည်၊ ကောင်းမြတ်အပ်၏ဟူ၍ ပြဆိုတော်မူအပ်ပါသည်၊

{မေး} ဗုဒ္ဓါတိသန္တါဖြင့်၊ ဘုရားရှင်သည်အဘယ်ကိုပြဆိုအပ်ပါသနည်း၊

{ဖြေ} ဗုဒ္ဓါတိသန္တါသည်၊ နိဒဿနအနက်ဖြစ်၍ ထိုမြတ်အပ်သောဒုက္ခနိရောဓဂါမိနီပဋိပဒါအကျင့်တည်းဟူသောအရိယသစ္စာတရားကိုသာညွှန်ပြအပ်ပါသည်၊

{မေး} ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသုဟူသော ပုဒ်တို့ဖြင့်။ ဘုရားရှင်သည်အဘယ်ကိုညွှန်ပြအပ်ပါသနည်း၊

{ဖြေ} ပုဗ္ဗေ အနနုဿုတေသုဓမ္မေသုဟူသောပုဒ်တို့ဖြင့်။ ထိုသမ္မာဒိဋ္ဌိအမျိုးရှိသောမဂ္ဂင်ရှစ်ပါးတရားတော်၏ဝင်ဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သော မဖြစ်မပျက်ဘဲအမြဲတည်ရှိနေသော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်တည်းဟူသော ဒုက္ခနိရောဓဂါမိနီပဋိပဒါအကျင့်တရားကို၊ အရိယာဖြစ်လိုသောသူတို့သည်ကောင်းမြတ်အပ်၏ဟူ၍ဗောဓိပင်ရင်း၌သဗ္ဗညုတဉာဏ်တော်ဖြင့်။ ထိုးထွင်း၍သိမြင်ပြီးသည်မှ ရှေးအတိတ်ကာလ၌ အာဠာရ ဥဒကစသောတပုံတယောင်သောသူတို့၏အထံမှမကြားစဖူးသော အရိယာဖြစ်လိုသောသူတို့သည် ကောင်းမြတ်အပ်သော ဒုက္ခနိရောဓဂါမိနီပဋိပဒါတည်းဟူသော အရိယသစ္စာတရားတော်ကိုသာပြဆိုအပ်ပါသည်၊

{မေး} စက္ခုံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ဘုရားရှင်သည်အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} စက္ခုံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သောကြောင့်၊ အရိယာဖြစ်လိုသောသူတို့သည်ကောင်းမြတ်အပ်သော ဒုက္ခနိရောဓဂါမိနီပဋိပဒါတည်းဟူသောအရိယသစ္စာတရားကို၊ ဤတရားကား ကောင်းမြတ်အပ်သောတရားပေတည်းဟူ၍ဟုတ်တိုင်းမှန်စွာမြင်တတ်သော ပညာစက္ခု၏ မိမိခန္ဓာတော်၌ဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်၊

{မေး} ဉာဏံ ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} ဉာဏံဥဒပါဒိဟူသောပုဒ်တို့ဖြင့်။အသစ်တခါတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သောကြောင့်။ အရိယာဖြစ်လိုသောသူတို့သည်၊ကောန်ပွားအပ်သော ဒုက္ခနိရောဓဂါမိနိပဋိပဒါတည်းဟူသောအရိယသစ္စာတရားတော်ကို။ ဤတရားကား ကောန်ပွားအပ်သောတရားပေတည်းဟူ၍ ဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ်တော်၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

(မေး) ပညာဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ဘုရားရှင်သည်အဘယ်ကိုပြဆိုအပ်ပါသနည်း။

(ဖြေ) ပညာဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ အသစ်တခါတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သောကြောင့်။အရိယာဖြစ်လိုသောသူတို့သည်ကောန်ပွားအပ်သောဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာတရားတော်ကို၊ဤတရားကား၊ကောန်ပွားအပ်သောတရားပေတည်းဟူ၍။မတွေမဝေအပြားအားဖြင့်သိတတ်သော ပညာတော်၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဝိဇ္ဇာဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည်အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} ဝိဇ္ဇာဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ အသစ်တခါတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သောကြောင့်။အရိယာဖြစ်လိုသောသူတို့သည်ကောန်ပွားအပ်သော ဒုက္ခနိရောဓဂါမိနိပဋိပဒါတည်းဟူသောအရိယသစ္စာတရားတော်ကို။ ဤတရားကား၊ ကောန်ပွားအပ်သော တရားပေတည်းဟူ၍ ဟုတ်တိုင်းမှန်စွာထိုးထွင်း၍သိတတ်သောဝိဇ္ဇာဉာဏ်တော်၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည်အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ အသစ်တခါတ် နိရောဓသစ္စာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သောကြောင့်။ အရိယာဖြစ်လိုသောသူတို့သည်ကောန်ပွားအပ်သောဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာတရားတော်ကို။ ဤတရားကား ကောန်ပွားအပ်သောတရားပေတည်းဟူ၍ ဟုတ်တိုင်းမှန်စွာထွန်းလင်းပြတတ်သော ဉာဏ်တော်အလင်းတည်းဟူသော အာလောက၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။ ။(ဤမျှသော စကားအစဉ်ဖြင့်၊ အသစ်တခါတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်သို့ရောက်ကြောင်းအကျင့်ဖြစ်သော

ဒုက္ခနိရောဓဂါမိနီပဋိပဒါတည်းဟူသော အရိယာသစ္စာတရားတော်၌ ကိစ္စ၏အစွမ်းအားဖြင့်ဖြစ်သော ဟုတ်တိုင်းမှန်စွာမြင်တတ်သော ပညာစက္ခု၊ ဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ။ ဟုတ်တိုင်းမှန်စွာအပြားအားဖြင့်သိတတ်သောပညာ၊ ဟုတ်တိုင်းမှန်စွာထိုးထွင်း၍သိတတ်သောဝိဇ္ဇာ။ ဟုတ်တိုင်းမှန်စွာ ထွန်းလင်းပြတတ်သောဉာဏ်တော် အလင်းတည်းဟူသော အာလောကဟုဆိုအပ်သော(ဉာဏ်တော်ငါးချက်)ကိုပြဆိုချက်ပြီး၏။)

{မေး} တံခေါပနိဒံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ၊ ဘာဝိတံ ဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကိုပြဆိုအပ်ပါသနည်း။

{ဖြေ} တံခေါပနိဒံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ၊ ဘာဝိတံဟူသောပုဒ်တို့ဖြင့်၊ ထိုသမ္မာဒိဋ္ဌိအမှူးရှိသော မဂ္ဂင်ရှစ်ပါးတည်းဟူသော ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာတရားတော်၏ဝဋ်ဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော မဖြစ်မပျက်ဘဲ အမြဲတည်ရှိသော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်သို့ရောက်ကြောင်းအကျင့်တရားကိုဟုတ်မှန်သည်၏အဖြစ်ကြောင့်။အရိယာတို့သည်ပွားအပ်သော ထိုသမ္မာဒိဋ္ဌိအမှူးရှိသော မဂ္ဂင်ရှစ်ပါးတည်းဟူသော ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာတရားတော်ကို၊ အရဟတ္တမဂ်သို့ရောက်သဖြင့် ပွားအပ်ပြီးပြီဟူ၍ပြဆိုတော်မူအပ်ပါသည်၊

{မေး} ဉာတိသဒ္ဒါဖြင့်၊ဘုရားရှင်သည်အဘယ်ကိုညွှန်ပြအပ်ပါသနည်း၊

{ဖြေ} ဉာတိသဒ္ဒါသည်။နိဒဿနအနက်ဖြစ်၍ ထိုပွားအပ်ပြီးသောဒုက္ခနိရောဓဂါမိနီပဋိပဒါတည်းဟူသောအရိယသစ္စာတရားတော်ကိုသာညွှန်ပြအပ်ပါသည်။

{မေး} ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသုဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည်အဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသုဟူသောပုဒ်တို့ဖြင့်၊ ထိုသမ္မာဒိဋ္ဌိအမှူးရှိသော မဂ္ဂင်ရှစ်ပါးတည်းဟူသော ဒုက္ခနိရောဓဂါမိနီပဋိပဒါတည်းဟူသော အရိယသစ္စာတရားတော်၏၊ ဝဋ်ဒုက္ခတရားတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်တရားဟုတ်မှန်သည်၏အဖြစ်ကြောင့် ထိုသမ္မာဒိဋ္ဌိ အမှူးရှိသော ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာတရားတော်ကိုပွားအပ်၏၊ထိုသို့ပွားခြင်းငှါထိုက်သော ဒုက္ခနိရောဓဂါမိနီပဋိပဒါတည်းဟူသောအရိယသစ္စာတရားတော်ကို။ဗောဓိပင်ရင်း၌ပွားအပ်ပြီးပြီဟုသဗ္ဗညုတဉာဏ်တော်ဖြင့်။ ထိုးထွင်း၍သိပြီးသည့်မှရှေးအတိုက်ကာလ၌

အာဠာရဥဒ္ဒကစသော တစုံတယောက်သောသူတို့၏အထံမှ မကြားစဘူး သောပွါးအပ်ပြီးသောဒုက္ခနိရောဓဂါမိနီပဋိပဒါတည်းဟူသောအရိယသစ္စာ တရားတော်ကိုသာလျှင် ပြဆိုအပ်ပါသည်။

{မေး} စက္ခုံဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဘုရားရှင်သည် အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} စက္ခုံဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဝဋ်ဒုက္ခတို့၏ နောင်အဆက် ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓ သစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သောဒုက္ခနိရောဓဂါမိနီပဋိပဒါ တည်းဟူသော အရိယသစ္စာတရားတော်ကို၊ အရဟတ္တဖိုလ်သို့ ရောက်သ ဖြင့် ပွားအင်ပြီးပြီဟူ၍ ဟုတ်တိုင်းမှန်စွာမြင်တတ်သောပညာစက္ခု၏။ မိမိ ခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဉာဏံဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကို ပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ဉာဏံဥဒပါဒိဟူသောပုဒ်တို့ဖြင့်၊ ဝဋ်ဒုက္ခတို့၏ နောင်အဆက် ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓ သစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော ဒုက္ခနိရောဓဂါမိနီပဋိပဒါ တည်းဟူသောအရိယသစ္စာတရားတော်ကို။အရဟတ္တဖိုလ်သို့ရောက်သဖြင့် ပွားအပ်ပြီးပြီဟူ၍ ဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ်တော်၏ မိမိခန္ဓာ တော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ပညာဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ဘုရားရှင်သည် အဘယ်ကိုပြ ဆိုအပ်ပါသနည်း။

{ဖြေ} ပညာဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဝဋ်ဒုက္ခတို့၏ နောင်အဆက် ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ်နိရောဓ သစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သောဒုက္ခနိရောဓဂါမိနီပဋိပဒါ တည်းဟူသော အရိယသစ္စာတရားတော်ကို။ အရဟတ္တဖိုလ်သို့ ရောက်သ ဖြင့်ပွါးအပ်ပြီးပြီဟူ၍မတွေမဝေအပြားအားဖြင့်သိတတ်သောပညာတော် ၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။

{မေး} ဝိဇ္ဇာဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အဘယ်ကိုပြ ဆိုတော်မူအပ်ပါသနည်း။

{ဖြေ} ဝိဇ္ဇာဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဝဋ်ဒုက္ခတို့၏ နောင်အဆက် ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓ သစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော ဒုက္ခနိရောဓဂါမိနီပဋိပဒါ

တည်းဟူသော အရိယာသစ္စာတရားတော်ကို၊ အရဟတ္တမဂ်သို့ရောက်သ ဖြင့်ပွါးအပ်ပြီးပြီဟူ၍ဟုတ်တိုင်းမှန်စွာထိုးထွင်း၍သိတတ်သောပိဋ္ဌာဉာဏ် တော်၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီးသည့်၏ အဖြစ်ကိုပြဆိုတော်မူအပ် ပါသည်။

{မေး} အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဘုရားရှင်သည် အ ဘယ်ကိုပြဆိုတော်မူအပ်ပါသနည်း။

{ဖြေ} အာလောကော ဥဒပါဒိဟူသောပုဒ်တို့ဖြင့်။ ဝဋ်ဒုက္ခတို့၏နောင် အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သော အသင်္ခတဓာတ်နိ ရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သောဒုက္ခနိရောဓဂါမိနီပ ဋိပဒါတည်းဟူသောအရိယာသစ္စာတရားတော်ကို၊အရဟတ္တမဂ်သို့ရောက် သဖြင့်ပွါးအပ်ပြီးပြီဟူ၍ ဟုတ်တိုင်းမှန်စွာ ထွန်းလင်းပြတတ်သောဉာဏ် တော်အလင်းတည်းဟူသောအာလောက၏မိမိခန္ဓာတော်၌ထင်ရှားဖြစ်ပြီး သည့်၏အဖြစ်ကိုပြဆိုတော်မူအပ်ပါသည်။ ။(ဤမျှသောစကားအစဉ်ဖြင့်၊ ပွါးအပ်ပြီးသော ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတည်းဟူသော အရိယသစ္စာ တရားတော်၌ ကတ၏အစွမ်းအားဖြင့်။ ဟုတ်တိုင်းမှန်စွာ မြင်တတ်သော ပညာစက္ခု။ ဟုတ်တိုင်းမှန်စွာ သိတတ်သောဉာဏ။ ဟုတ်တိုင်းမှန်စွာ မ တွေမဝေသိတတ်သောပညာ၊ ဟုတ်တိုင်းမှန်စွာထိုးထွင်း၍သိတတ်သော ဝိဇ္ဇာ၊ဟုတ်တိုင်းမှန်စွာထွန်းလင်းပြတတ်သော အာလောကတည်းဟူသော (ဉာဏ်တော်ငါးချက်)ဖြစ်ပြီးသည်ကိုပြချက်ပြီး၏။)

{မေး} ဒုက္ခသစ္စာ၌၊သစ္စ၊ကိစ္စ၊ကတတို့ကို။မြင်တတ်သိတတ်၊အပြား အားဖြင့်သိတတ်။ထိုးထွင်း၍သိတတ်၊ထွန်းလင်းပြတတ်သောဉာဏ်တော် ငါးချက် ဖြစ်ရာ၌။ ပဋိသမ္ဘိဒါအားဖြင့် ဝေဘန်သော်၊ အဘယ်မျှလောက် သော ပဋိသမ္ဘိဒါဉာဏ်တို့ဖြစ်ပါသနည်း။

{ဖြေ} ဒုက္ခသစ္စာ၌၊ သစ္စ၊ကိစ္စ၊ကတတို့ကို။ မြင်တတ် သိတတ်သော အပြားအားဖြင့် သိတတ်။ ထိုးထွင်း၍သိတတ်၊ ထွန်းလင်း ပြတတ်သော ဉာဏ်တော်ငါးချက်ဖြစ်ရာ၌။အတ္ထကိုသိသော အတ္ထပဋိသမ္ဘိဒါဉာဏ်သည် သစ္စ၏ အစွမ်းအားဖြင့်ငါးပါး။ ဓမ္မကိုသိတတ်သော ဓမ္မပဋိသမ္ဘိဒါဉာဏ် သည်ငါးပါး။ နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်သည်ဆယ်ပါး။ ပဋိဘာန ပဋိသမ္ဘိ ဒါဉာဏ်သည် နှစ်ဆယ်ဖြစ်ပါသည်။ ကိစ္စ၏အစွမ်းအားဖြင့်လည်း၊ အတ္ထ ပဋိသမ္ဘိဒါဉာဏ်ငါးပါး၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး။ နိရုတ္တိ ပဋိသမ္ဘိဒါ ဉာဏ်တဆယ်။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်ပါသည်။ ကတ၏ အစွမ်းအားဖြင့်လည်း၊အတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါး။ ဓမ္မပဋိသမ္ဘိဒါဉာဏ်

ငါးပါး။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်ပါသည်၊ ဤသို့လျှင် ဒုက္ခသစ္စာ၌၊ သစ္စ၊ ကိစ္စ၊ ကတ၏အစွမ်းအားဖြင့်။အတ္ထပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါး၊ဓမ္မပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါး။နိရုတ္တိပဋိသမ္ဘိဒါဉာဏ်သုံးဆယ်။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ် ခြောက်ဆယ်ဖြစ်ပါသည်။ ဖြစ်ပုံကိုထင်ရှားပြဦးအံ့။ ။မြတ်စွာဘုရားခန္ဓာတော်၌ဖြစ်သော၊ ဒုက္ခတရားအမှန်ဟု မြင်တော်မူသောဉာဏ်တော်သည် အနက်မည်၏။ထိုအနက်ကို ပါဠိဘာသာဖြင့်၊ အတ္ထဟုခေါ်ဆိုအပ်သည်။ ထိုမြင်တတ်သောဉာဏ်တော် အနက်ကို၊ အာရုံပြု၍သိသောဉာဏ်ကို အတ္ထပဋိသမ္ဘိဒါဟုခေါ်ဆိုအပ်သည်၊အတ္ထေဉာဏံအတ္ထပဋိသမ္ဘိဒါဟူ၍ဟောတော်မူအပ်သည်ကိုထောက်လေ။ ။ထို့ကြောင့်၊ဘုရားခန္ဓာတော်၌ဖြစ်သော ဒုက္ခသစ္စာကိုဟုတ်တိုင်းမှန်စွာမြင်တတ်သော ဉာဏ်တော်ကိုအာရုံပြု၍သိလေသမျှသောသူတို့၏ဉာဏ်သည်အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ထိုဘုရားခန္ဓာတော်၌ဖြစ်သောဟုတ်တိုင်းမှန်စွာမြင်တတ်သောဉာဏ်တော်ကိုဟောတတ်။ထိုအနက်ကိုဖြစ်စေတတ်သောစက္ခုသဒ္ဒါသည် ဓမ္မမည်၏။ ထိုစက္ခုသဒ္ဒါဓမ္မကိုအာရုံပြု၍ သိလေသမျှသောသူတို့၏ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။မြတ်စွာဘုရားခန္ဓာတော်၌ဖြစ်သောဒုက္ခသစ္စာကိုဟုတ်တိုင်းမှန်စွာသိမြင်တတ်သောဉာဏ်တော်ကို အဘယ်ကြောင့်၊ အတ္ထဟု ဆိုအပ်ပါသနည်းဟုမေးခဲ့သော်။ ၎င်းမြင်တတ်သော ဉာဏ်တော်ကို၊ ကြည့်ရှုသောသူတို့၏ဉာဏ်ဖြင့်သာအာရုံပြု၍သိအပ်သောကြောင့်လည်းကောင်း။ကြည့်ရှုသောသူတို့၏ဉာဏ်သို့ ရှေးရှုဖြစ်တတ်သောကြောင့် လည်းကောင်း အတ္ထမည်၏။ထိုအနက်အတ္ထကိုထုတ်ဆောင်၍ သဒ္ဒါနည်းအားဖြင့်ပြောဆိုရာ၌ဖြစ်သောဉာဏ်သည်၊ အတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။ အဘယ်ကြောင့်၊ စက္ခုသဒ္ဒါကို ဓမ္မဟုခေါ်ဆိုအပ်လေသနည်းဟုမေးလျှင်။ ဘုရားခန္ဓာတော်၌မြင်တော်မူတတ်သောဉာဏ်တော်အနက်ကိုဖြစ်စေတတ်သောကြောင့်။ စက္ခုသဒ္ဒါကို ဓမ္မဟုခေါ်ဆိုအပ်သည်။ ထိုဓမ္မကိုထုတ်ဆောင်၍သဒ္ဒါနည်းအားဖြင့်ပြောဆိုရာ၌ ဖြစ်သောဉာဏ်သည်၊ ဓမ္မနိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်မည်၏။ ။ဤဉာဏ်ကား၊ အနက်အတ္ထကိုသိသော အတ္ထပဋိသမ္ဘိဒါဉာဏ်တည်း။ ဤဉာဏ်ကား၊ စက္ခု ဓမ္မကိုသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်တည်း။ ဤဉာဏ်ကား၊မြင်တော်မူတတ်သောဉာဏ်တော်အတ္ထကို၊ သဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ ပြောဆိုရာ၌ဖြစ်သော အတ္ထနိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်တည်း၊ ဤဉာဏ်ကား၊စက္ခုဓမ္မကို သဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောရာ၌ဖြစ်သော ဓမ္မနိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်တည်းဟူ၍ လေးပါးသော ဉာဏ်

တော်တို့ကိုအာရုံပြု၍ ထပ်မံ၍သိသောဉာဏ်လေးပါးသည် ပဋိဘာနပဋိသမ္ဘိဒါမည်၏။ ။ဤသို့လျှင်၊ဒုက္ခသစ္စာကို ဟုတ်မှန်သည်အတိုင်းသိမြင်ရာ၌။အတ္ထပဋိသမ္ဘိဒါဉာဏ်(၁)၊ဓမ္မပဋိသမ္ဘိဒါဉာဏ်(၁)၊နိရုတ္တိပဋိသမ္ဘိဒါဉာဏ်(၂)ပဋိဘာနပဋိသမ္ဘိဒါ(၄)ပေါင်း၄စ်ပါးသော ပဋိသမ္ဘိဒါဉာဏ်တို့သည်ဖြစ်ကုန်၏။

ထိုနည်းအတူ၊မြတ်စွာဘုရားခန္ဓာတော်၌ဖြစ်သော ဒုက္ခသစ္စာကိုဟုတ်တိုင်းမှန်စွာ သိတတ်သော ဉာဏ်တော်သည်ဖြစ်၏။ ထိုဉာဏ်တော်သည် အနက်အတ္ထမည်၏။ထိုဉာဏ်တော်အနက်အတ္ထကိုအာရုံပြု၍သိတတ်သောသူတို့၏ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ ထိုဘုရားခန္ဓာတော်၌ဖြစ်သောဒုက္ခသစ္စာတရားကို ဟုတ်တိုင်းမှန်စွာသိတတ်သော ဉာဏ်တော်တည်းဟူသောအတ္ထကိုဟောတတ်၊ဖြစ်စေတတ်သောဉာဏ်သဒ္ဒါသည်ဓမ္မမည်၏။ ထိုဉာဏ ဓမ္မကိုအာရုံပြု၍သိတတ်သောသူတို့၏ဉာဏ်သည်ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။ ဉာဏ်တော်အတ္ထကို၊ဈေးနည်းအတိုင်းထုတ်ဆောင်၍သဒ္ဒါနည်းအားဖြင့်ပြောရာ၌ဖြစ်သော ဉာဏ်သည်၊ အတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။ ဉာဏတည်းဟူသော သဒ္ဒါဓမ္မကို၊ဈေးနည်းအတိုင်းထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သောဉာဏ်သည် ဓမ္မနိရုတ္တိပဋိသမ္ဘိဒါ မည်၏။ ဤဉာဏ်ကား၊ အနက်အတ္ထကိုသိသော အတ္ထပဋိသမ္ဘိဒါဉာဏ်တည်း။ ဤဉာဏ်ကား၊ဉာဏဓမ္မကိုသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်တည်း။ ဤဉာဏ်ကား၊သိတတ်သော ဉာဏ်တော်အတ္ထကို၊ သဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောရာ၌ဖြစ်သော အတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်တည်း။ ဤဉာဏ်ကား ဉာဏဓမ္မကို သဒ္ဒါနည်းအားဖြင့် ထုတ်ဆောင်၍ပြောရာ၌ဖြစ်သော ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ်တည်းဟူ၍ လေးပါးသောဉာဏ်တို့ကိုအာရုံပြု၍ထပ်မံ၍သိသောဉာဏ်လေးပါးသည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏။ဤသို့လျှင်၊ဒုက္ခသစ္စာကိုဟုတ်မှန်သည်အတိုင်းသိသောဉာဏ်ဖြစ်ရာ၌။ အတ္ထပဋိသမ္ဘိဒါဉာဏ်(၁)။ ဓမ္မပဋိသမ္ဘိဒါဉာဏ်(၁)။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်(၂)။ပဋိဘာနပဋိသမ္ဘိဒါဉာဏ်(၄)၊ပေါင်း၈စ်ပါးသောပဋိသမ္ဘိဒါဉာဏ်တို့သည်ဖြစ်ကုန်၏။

ထိုနည်းအတူ၊ မြတ်စွာဘုရားခန္ဓာတော်၌ဖြစ်သောဒုက္ခသစ္စာကိုဟုတ်တိုင်းမှန်စွာ အပြားအားဖြင့် သိတတ်သောဉာဏ်တော်သည်ဖြစ်၏။ ထိုအပြားအားဖြင့်သိတတ်သောဉာဏ်တော်သည်အနက်အတ္ထမည်၏။ ထိုဉာဏ်တော်အနက်အတ္ထကိုအာရုံပြု၍သိသောသူတို့၏ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ ထိုဘုရားခန္ဓာတော်၌ဖြစ်သော အပြားအားဖြင့် သိတတ်

သောဉာဏ်တော်တည်းဟူသော အတ္ထကိုဟောတတ်,အသိဉာဏ်ကိုဖြစ်စေတတ်သော ပညာသဒ္ဒါသည် ဓမ္မမည်၏။ ထိုပညာဓမ္မကို အာရုံပြု၍သိသောသူတို့၏ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။အပြားအားဖြင့်သိတတ်သော ဘုရားခန္ဓာတော်၌ဖြစ်သော ဉာဏ်တော်အတ္ထကို၊ ရှေးနည်းအတိုင်းထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သောဉာဏ်သည် အတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။ ပညာတည်းဟူသောသဒ္ဒါဓမ္မကို၊ ရှေးနည်းအတိုင်းထုတ်ဆောင်၍ ပြောဆိုရာ၌ဖြစ်သော ဉာဏ်သည် ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။ ဤဉာဏ်ကား၊ အနက် အတ္ထကိုသိသော အတ္ထပဋိသမ္ဘိဒါဉာဏ်တည်း။ ဤဉာဏ်ကား၊ပညာဓမ္မကိုသိသောဓမ္မပဋိသမ္ဘိဒါဉာဏ်တည်း။ ဤဉာဏ်ကား၊ အပြားအားဖြင့်သိတတ်သောဉာဏ်တော်အတ္ထကို၊ သဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သော အတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်တည်း။ ဤဉာဏ်ကား၊ ပညာဓမ္မကိုသဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောရာ၌ဖြစ်သော ဓမ္မနိရုတ္တိပဋိသမ္ဘိဒါ ဉာဏ်တည်းဟူ၍လေးပါးသောဉာဏ်တို့ကိုအာရုံပြု၍ ထပ်မံ၍သိသောဉာဏ်လေးပါးသည် ပဋိဘာနပဋိသမ္ဘိဒါမည်၏။ ဤသို့လျှင်ဒုက္ခသစ္စာကို အပြားအားဖြင့် သိသောဉာဏ်တော်ဖြစ်ရာ၌၊ အတ္ထ ပဋိသမ္ဘိဒါဉာဏ်(၁)။ ဓမ္မ ပဋိသမ္ဘိဒါဉာဏ်(၁)။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်(၂)။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်(၄)။ ပေါင်း၈စ်ပါးသော ပဋိသမ္ဘိဒါဉာဏ် တို့သည်ဖြစ်ကုန်၏။

ထိုနည်းအတူ၊ မြတ်စွာဘုရားခန္ဓာတော်၌ဖြစ်သော ဒုက္ခသစ္စာကိုဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိတတ်သော ဉာဏ်တော်သည်ဖြစ်၏။ ထိုဉာဏ်တော်သည် အနက် အတ္ထမည်၏။ ထိုထိုးထွင်း၍သိတတ်သော ဉာဏ်တော်အနက်အတ္ထကို အာရုံပြု၍သိသောသူတို့၏ဉာဏ်တော်သည်အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ ထိုဘုရားခန္ဓာ၌ဖြစ်သောဒုက္ခသစ္စာကိုထိုးထွင်း၍သိတတ်သော ဉာဏ်တော်တည်းဟူသော အတ္ထကို ဟောတတ်,အသိဉာဏ်ကိုဖြစ်စေတတ်သော ဝိဇ္ဇာသဒ္ဒါသည်ဓမ္မမည်၏။ ထိုဝိဇ္ဇာဓမ္မကိုအာရုံပြု၍သိသောသူတို့၏ ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။ ထိုးထွင်း၍သိတတ်သောဉာဏ်တော်အတ္ထကို။ ရှေးနည်းအတိုင်းထုတ်ဆောင်၍သဒ္ဒါနည်းအားဖြင့်ပြောဆိုရာ၌ဖြစ်သောဉာဏ်သည် အတ္ထနိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်မည်၏။ ဝိဇ္ဇာတည်းဟူသောသဒ္ဒါဓမ္မကို ရှေးနည်းအတိုင်းထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သောဉာဏ်သည်ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။ ဤဉာဏ်ကား၊အနက်အတ္ထကိုသိသောအတ္ထပဋိသမ္ဘိဒါဉာဏ်တည်း။ဤဉာဏ်ကား၊ ဝိဇ္ဇာဓမ္မကိုသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်တည်း။ ဤဉာဏ်ကား၊ထိုးထွင်း

၍သိတတ်သောဉာဏ်တော်အတ္ထကိုသဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောရာ၌ဖြစ်သော အတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်တည်း။ ၌ဉာဏ်ကား၊ပိဋကဓမ္မကိုသဒ္ဒါနည်းအားဖြင့် ထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သော ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ်တည်းဟူ၍လေးပါးသောဉာဏ်တို့ကိုအာရုံပြု၍ထပ်မံ၍သိသောဉာဏ်လေးပါးသည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏။၌သို့လျှင်၊ အတ္ထပဋိသမ္ဘိဒါဉာဏ်(၁)၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်(၁)၊နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်(၂)၊ပဋိဘာနပဋိသမ္ဘိဒါဉာဏ်(၄ပါး)။ပေါင်း၈စ်ပါးသောပဋိသမ္ဘိဒါဉာဏ်တို့သည်ဖြစ်ကုန်၏။

ထိုနည်းအတူ၊မြတ်စွာဘုရားခန္ဓာတော်၌ဖြစ်သော ဒုက္ခသစ္စာကိုဟုတ်တိုင်းမှန်စွာ ထွန်းလင်းပြတတ်သောဉာဏ်တော်သည်ဖြစ်၏။ထိုထွန်းလင်းပြတတ်သောဉာဏ်တော်တည်းဟူသောအလင်းသည်အနက်အတ္ထမည်၏။ ထိုထွန်းလင်းပြတတ်သောဉာဏ်တော်တည်းဟူသောအလင်း၊ အနက်အတ္ထကိုအာရုံပြု၍သိသော သူတို့၏ဉာဏ်သည်၊အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ ထိုဘုရားခန္ဓာတော်၌ဖြစ်သော ဒုက္ခသစ္စာကိုဟုတ်တိုင်းမှန်စွာ ထွန်းလင်းပြတတ်သော ဉာဏ်တော်တည်းဟူသောအလင်း အတ္ထကိုဖြစ်တတ်၊ဖြစ်စေတတ်သော အာလောကသဒ္ဒါသည်ဓမ္မမည်၏။ ထိုအာလောက ဓမ္မကိုအာရုံပြု၍သိသောသူတို့၏ဉာဏ်သည်ဓမ္မပဋိသမ္ဘိဒါမည်၏။ဉာဏ်တော်တည်းဟူသောအလင်းအတ္ထကို၊ရှေးနည်းအတိုင်းထုတ်ဆောင်၍သဒ္ဒါနည်းအားဖြင့်ပြောဆိုရာ၌ဖြစ်သောဉာဏ်သည် အတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။ အာလောကောဟူသော သဒ္ဒါဓမ္မကို၊ရှေးနည်းအတိုင်း ထုတ်ဆောင်၍ သဒ္ဒါနည်းအားဖြင့် ပြောဆိုရာ၌ဖြစ်သောဉာဏ်သည်ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏၊၌ဉာဏ်ကား၊အနက်အတ္ထကိုသိသောအတ္ထပဋိသမ္ဘိဒါဉာဏ်တည်း၊ ၌ဉာဏ်ကား၊ အာလောကတည်းဟူသော ဓမ္မကိုသိသောဓမ္မပဋိသမ္ဘိဒါဉာဏ်တည်း။၌ဉာဏ်ကား၊အလင်းတည်းဟူသောဉာဏ်တော်အနက်ကို သဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်ပြောဆိုရာ၌ဖြစ်သော အတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်တည်း၊ ၌ဉာဏ်ကား၊အာလောကတည်းဟူသောဓမ္မကိုသဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောရာ၌ဖြစ်သောဉာဏ်တည်းဟူ၍လေးပါးသောဉာဏ်တို့ကို အာရုံပြု၍ထပ်မံ၍သိသော ဉာဏ်လေးပါးသည်ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်မည်၏။ ၌သို့လျှင်၊ ဒုက္ခသစ္စာကိုဟုတ်မှန်သည်အတိုင်းသိသောဉာဏ်တော်ဖြစ်ရာ၌၊အတ္ထပဋိသမ္ဘိဒါဉာဏ်(၁)၊ဓမ္မပဋိသမ္ဘိဒါဉာဏ်(၁)၊နိရုတ္တိပဋိသမ္ဘိဒါဉာဏ်(၂)ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၄ပါး၊ ပေါင်း၈စ်ပါးသော ပဋိသမ္ဘိဒါဉာဏ်တို့သည်ဖြစ်ကုန်၏။

ဤသို့အင်ပြီးသောနည်းဖြင့်၊ ဒုက္ခသစ္စာကို ဟုတ်မှန်သည့်အတိုင်းသိရာ၌။ သစ္စာ၏ အစွမ်းအားဖြင့် အတ္ထုပဋိသမ္ဘိဒါဉာဏ်ငါးပါး၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ် ၁၀ ပါး၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ် နှစ်ဆယ်ဖြစ်ကုန်၏။ ။ဤဒုက္ခသစ္စာကိုဟုတ်တိုင်းမှန်စွာသစ္စာ၏အစွမ်းအားဖြင့်သိရာ၌ ပဋိသမ္ဘိဒါဉာဏ်တို့ကို အကျယ်ပြဆိုအပ်သောနည်းကိုမှီ၍။ ကိစ္စ၊ ကတတို့၏အစွမ်းအားဖြင့်ပြဆိုရာ၌လည်း။ ဤနည်းကိုမှီ၍အကျယ်ကိုသိကြလေ။ (နောက်ကိုအကျဉ်းချုံး၍ပြဆိုတော့အံ့။)

ထိုနည်းအတူ၊ ဒုက္ခသစ္စာတရားတို့ကို။ ဤတရားကား၊ ဒုက္ခတရားအမှန်ဘဲဟု ပိုင်းခြား၍ သိအပ်၏။ ထိုသို့ပိုင်းခြား၍သိအပ်သော ပရိညေယျ ကိစ္စတရားကို၊ ဟုတ်တိုင်းမှန်စွာ မြင်တတ်သောဉာဏ်။ ဟုတ်တိုင်းမှန်စွာ သိတတ်သောဉာဏ်။ အပြားအားဖြင့်သိတတ်သောဉာဏ်။ ထိုးထွင်း၍သိတတ်သောဉာဏ်။ ထွန်းလင်း၍ပြတတ်သောဉာဏ်တော်တည်းဟူသောအတ္ထငါးပါးကိုအာရုံပြု၍သိသောသူတို့၏ဉာဏ်ငါးပါးသည်၊ အတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါးမည်၏။ ထိုအနက်အတ္ထငါးပါးတို့ကိုဖြစ်စေတတ်သော စက္ခုတည်းဟူသောသဒ္ဒါဓမ္မ၊ ဉာဏတည်းဟူသောသဒ္ဒါဓမ္မ၊ ပညာတည်းဟူသောသဒ္ဒါဓမ္မ။ ဝိဇ္ဇာတည်းဟူသောသဒ္ဒါဓမ္မ။ အာလောကတည်းဟူသောသဒ္ဒါဓမ္မ တည်းဟူသောဓမ္မငါးပါးတို့ကို အာရုံပြု၍သိသောသူတို့၏ဉာဏ်ငါးပါးသည် ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါးမည်၏။ အနက်အတ္ထငါးပါးကိုရှေး၌ပြဆိုခဲ့သောနည်းအတိုင်း။ သဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောရာ၌ဖြစ်သောဉာဏ်ငါးပါးသည် အတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်ငါးပါးမည်၏။ ဓမ္မကိုရှေး၌ပြဆိုခဲ့ပြီးသောနည်းအတိုင်း။ သဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သောဉာဏ်ငါးပါးသည်ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ်ငါးပါးမည်၏။ ဤဉာဏ်ငါးပါးကား၊ အတ္ထငါးပါးကိုသိသောအတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါးတည်း။ ဤဉာဏ်ငါးပါးကား၊ ဓမ္မငါးပါးကိုသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါးတည်း။ ဤဉာဏ်ငါးပါးကား၊ အတ္ထငါးပါးကို ထုတ်ဆောင်၍သဒ္ဒါနည်းအားဖြင့်ပြောဆိုရာ၌ဖြစ်သောအတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်ငါးပါးတည်း။ ဤဉာဏ်ငါးပါးကား၊ ဓမ္မငါးပါးကိုထုတ်ဆောင်၍သဒ္ဒါနည်းအားဖြင့်ပြောဆိုရာ၌ဖြစ်သော ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ်ငါးပါးတည်းဟူ၍(၂၀) သောဉာဏ်တို့ကိုအာရုံပြု၍သိသော ဉာဏ်နှစ်ဆယ်သည်ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏၊ ဤသို့လျှင်၊ ဒုက္ခသစ္စာကိုပိုင်းခြား၍သိအပ်၏ဟူ၍ ကိစ္စ၏ အစွမ်းအားဖြင့်အသိဉာဏ်ဖြစ်ရာ၌။ အတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါး၊ ဓမ္မပဋိ

သမ္ဘိဒါဉာဏ်ငါးပါး၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်ကုန်၏။

ထိုနည်းအတူ၊ ဒုက္ခသစ္စာတရားကို အရဟတ္တဖိုလ်သို့ရောက်၍ပိုင်းခြား၍သိအပ်ပြီးပြီ၊ ထိုသို့ပိုင်းခြား၍သိအပ်ပြီးသည်ကို ဟုတ်တိုင်းမှန်စွာ ဒုက္ခသစ္စာကိုပိုင်းခြား၍သိအပ်ပြီးပြီဟူ၍မြင်တတ်သောဉာဏ်၊ ဟုတ်တိုင်းမှန်စွာသိတတ်သောဉာဏ်။ အပြားအားဖြင့်သိတတ်သောဉာဏ်၊ ထိုးထွင်း၍သိတတ်သောဉာဏ်။ ထွန်းလင်း၍ပြတတ်သောဉာဏ်တည်းဟူသောအတ္ထငါးပါးတို့ကိုအာရုံပြု၍သိတတ်သောသူတို့၏ဉာဏ်ငါးပါးသည်။ အတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါးမည်၏။ ထိုအနက် အတ္ထငါးပါးတို့ကိုဟောတတ်၊ ဖြစ်စေတတ်သော စက္ခုဓမ္မ၊ ဉာဏဓမ္မ၊ ပညာဓမ္မ၊ ဝိဇ္ဇာဓမ္မ၊ အာလောကဓမ္မတည်းဟူသော ဓမ္မငါးပါးတို့ကိုအာရုံပြု၍သိတတ်သောသူတို့၏ဉာဏ်ငါးပါးသည် ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါးမည်၏။ အနက်အတ္ထငါးပါးကို၊ ဇရေးနည်းအတိုင်း သဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောရာ၌ဖြစ်သောဉာဏ်ငါးပါးသည် အတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်ငါးပါးမည်၏။ စက္ခုဓမ္မ၊ ဉာဏဓမ္မ၊ ပညာဓမ္မ၊ ဝိဇ္ဇာဓမ္မ၊ အာလောကဓမ္မတည်းဟူသောဓမ္မငါးပါးကို။ ဇရေးနည်းအတိုင်းသဒ္ဒါနည်းအားဖြင့် ထုတ်ဆောင်၍ပြောရာ၌ဖြစ်သောဉာဏ်ငါးပါးသည်ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ်ငါးပါးမည်၏။ ဤဉာဏ်ငါးပါးကား အတ္ထငါးပါးကိုသိသော အတ္ထပဋိသမ္ဘိဒါဉာဏ် ငါးပါးတည်း။ ဤဉာဏ်ငါးပါးကား ဓမ္မငါးပါးကိုသိတတ်သော ဓမ္မပဋိသမ္ဘိဒါဉာဏ် ငါးပါးတည်း။ ဤဉာဏ်ငါးပါးကား အတ္ထငါးပါးကိုထုတ်ဆောင်၍ သဒ္ဒါနည်းအားဖြင့်ပြောဆိုရာ၌ဖြစ်သော အတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်ငါးပါးတည်း။ ဤဉာဏ်ငါးပါးကား ဓမ္မငါးပါးကိုထုတ်ဆောင်၍ သဒ္ဒါနည်းအားဖြင့် ပြောဆိုရာ၌ဖြစ်သော ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ် ငါးပါးဟူ၍ နှစ်ဆယ်သောဉာဏ်တို့ကို အာရုံပြု၍သိသောဉာဏ်နှစ်ဆယ်သည်ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏။ ဤသို့လျှင်၊ ဒုက္ခသစ္စာကိုပိုင်းခြား၍သိပြီးပြီဟူ၍ ကတ၏အစွမ်းအားဖြင့်သိသောဉာဏ်ဖြစ်ရာ၌ အတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါး၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး။ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ် ဖြစ်ကုန်၏။ ။ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်၊ သစ္စာ၏ အစွမ်းအားဖြင့်ဖြစ်သော ပဋိသမ္ဘိဒါဉာဏ်၊ ကိစ္စ၏အစွမ်းအားဖြင့်ဖြစ်သော ပဋိသမ္ဘိဒါဉာဏ်။ ကတ၏အစွမ်းအားဖြင့်ဖြစ်သောပဋိသမ္ဘိဒါဉာဏ်တို့ကို ပေါင်းလျှင်။ ဒုက္ခသစ္စာ၌ အတ္ထပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး။ ဓမ္မပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်သုံးဆယ်၊ ပဋိဘာနပဋိသမ္ဘိ

ဒါဉာဏ် ခြောက်ဆယ်ဖြစ်ကုန်၏။ ထိုသို့ဖြစ်သည်ကို ထင်ရှားသိကြလေ၊ (ဒုက္ခသစ္စာ၌ ပဋိသမ္ဘိဒါဉာဏ်ဖြစ်ပုံကိုပြဆိုချက်ပြီး၏။)

{မေး} ဒုက္ခသစ္စာ၌ပြဆိုအပ်ပြီးသော နည်းအတိုင်း။ သစ္စ၊ကိစ္စ၊ကတတို့၏ အစွမ်းအားဖြင့်။ ပဋိသမ္ဘိဒါဉာဏ်တို့ ဖြစ်ပုံကိုသိရပါပြီ။ သမုဒယသစ္စာ၌၊သစ္စ,ကိစ္စ၊ကတ၏အစွမ်းအားဖြင့်။ ပဋိသမ္ဘိဒါဉာဏ်တို့သည်အဘယ်မျှဖြစ်သည်ကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} သမုဒယသစ္စာ၌ သစ္စာ၏အစွမ်းအားဖြင့်။မြင်တတ် သိတတ်အပြားအားဖြင့်သိတတ်၊ထိုးထွင်း၍သိတတ်။ ထွန်းလင်းပြတတ်သောဉာဏ်တော်ငါးပါးဖြစ်ရာ၌။အတ္ထကိုသိသောအတ္ထပဋိသမ္ဘိဒါဉာဏ်သည်ငါးပါး ဓမ္မကိုသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်သည်ငါးပါး၊ အတ္ထဓမ္မကို သဒ္ဒါနည်းအားဖြင့် ထုတ်ဆောင်ရာ၌ဖြစ်သော နိရုတ္တိပဋိသမ္ဘိဒါ ဉာဏ်ဆယ်ပါး။ ဉာဏ်တို့ကိုချုံ၍သိသောပဋိဘာနပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်ပါသည်၊ ကိစ္စ၏အစွမ်းအားဖြင့်လည်း၊ထိုနည်းအတူ၊အတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါး။ ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး။နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး။ပဋိဘာနပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်ပါသည်။ကတ၏အစွမ်းအားဖြင့်လည်း၊ထိုနည်းအတူ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါး၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး၊ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်နှစ်ဖြစ်ပါသည်၊ ဤသို့လျှင်၊သမုဒယသစ္စာ၌ သစ္စ ကိစ္စ ကတ၏အစွမ်းအားဖြင့်၊အတ္ထပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး၊ဓမ္မပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်သုံးဆယ်၊ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ခြောက်ဆယ်ဖြစ်ပါသည်၊ဖြစ်ပုံအကျယ်ကိုဒုက္ခသစ္စာ၌ပြဆိုအပ်သောနည်းအတိုင်းပင်။ပညာဉာဏ်ကြီးသော ပုဂ္ဂိုလ်တို့သိလောက်ပါပြီ။ ပညာနုန့်သော မန္ဒပုဂ္ဂိုလ်တို့သိရန်အနည်းငယ်ထပ်မံ၍ဖေါ်ထုတ်ပြဆိုဦးအံ့။ ။ဘုရားရှင်၏ခန္ဓာတော်၌ဖြစ်သော တဏှာသုံးပါးသည်ဒုက္ခကိုဖြစ်စေတတ်သောအကြောင်းတရားကြောင်အမှန်ဖြစ်သည်ဟု မြင်တော်မူသော ဉာဏ်တော်၊ သိတော်မူသောဉာဏ်တော်။ အပြားအားဖြင့်သိတော်မူသောဉာဏ်တော်၊ ထိုးထွင်း၍သိတော်မူသောဉာဏ်တော်၊ ထွန်းလင်း၍ပြတော်မူသောဉာဏ်တော်ငါးပါးသည် အနက်အတ္ထမည်၏။ ထိုအနက်အတ္ထဖြစ်သောဉာဏ်တော်ငါးပါးကို၊ အသီးအသီးအာရုံပြု၍သိသော ဉာဏ်ငါးပါးကိုအတ္ထပဋိသမ္ဘိဒါဉာဏ်ဟုခေါ်ဆိုအပ်သည်၊ (အတ္ထေဉာဏံ အတ္ထပဋိသမ္ဘိဒါ ဟူ၍ ဟောတော်မူအပ်သည်ကိုထောက်လေ။)ထို့ကြောင့်၊ဘုရားခန္ဓါတော်၌ဖြစ်သောဉာဏ်တော်ငါးပါးကို၊ အသီးအသီးအာရုံပြု၍သိလေသမျှသောသူတို့၏ဉာဏ်ငါးပါးသည်

အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ ထိုဘုရားခန္ဓာတော်၌ဖြစ်သောဉာဏ်တော်
ငါးပါးတို့ကို ဆိုင်ရာဆိုင်ရာဟောတတ်, ထိုအနက်တို့ကို ဆိုင်ရာဆိုင်ရာဖြစ်
စေတတ်သော စက္ခုသဒ္ဒါ၊ ဉာဏသဒ္ဒါ၊ ပညာသဒ္ဒါ၊ ဝိဇ္ဇာသဒ္ဒါ၊ အာလောက
သဒ္ဒါ။ ဤဆိုအပ်ပြီးသော သဒ္ဒါငါးပါးသည် ဓမ္မမည်၏။ ထိုဓမ္မ ငါးပါးကို၊
အသီးအသီးအာရုံပြု၍သိလေသမျှသောသူတို့၏ဉာဏ်ငါးပါးသည်ဓမ္မပဋိ
သမ္ဘိဒါဉာဏ်ငါးပါးမည်၏။ (ဓမ္မေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ ဟူ၍ဟောတော်
မူအပ်သည်ကိုထောက်လေ။) ထိုပြဆိုအပ်ပြီးသောဉာဏ်တော်ငါးပါးတည်း
ဟူသော အတ္ထငါးပါးကို၊ အဘယ်ကြောင့်၊ အတ္ထဟုခေါ်ဆိုအပ်သနည်းဟူ
မူ။ ၎င်းဉာဏ်တော်ငါးပါးတည်းဟူသော အနက်အတ္ထကိုကြည့်ရှုသောသူ
တို့၏ဉာဏ်ဖြင့်သာသိအပ်သောကြောင့်လည်းကောင်း၊ ကြည့်ရှုသောသူ
တို့၏ဉာဏ်အား ရှေ့ရှုဖြစ်စေတတ်သောကြောင့်လည်းကောင်း အတ္ထမည်
၏ ဟူ၍ခေါ်ဆိုအပ်လေသည်။ ထိုအတ္ထကိုသဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်
၍ပြောဆိုရာ၌ဖြစ်သောဉာဏ်သည် အတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။
အဘယ်ကြောင့်၊ စက္ခု၊ ဉာဏ၊ ပညာ၊ ဝိဇ္ဇာ၊ အာလောက သဒ္ဒါတို့ကိုဓမ္မဟု
ခေါ်ဆိုအပ်သနည်းဟူမူ။ ဘုရားခန္ဓာတော်၌ဖြစ်သောဉာဏ်တော်တည်းဟူ
သောငါးပါးသော အနက် အတ္ထတို့ကို။ ဆိုင်ရာဆိုင်ရာ ဖြစ်စေတတ်သော
ကြောင့်။ စက္ခု၊ ဉာဏ၊ ပညာ၊ ဝိဇ္ဇာ၊ အာလောကတည်းဟူသောသဒ္ဒါငါးပါး
ကိုဓမ္မဟုခေါ်ဆိုအပ်လေသည်၊ ထိုဓမ္မကိုသဒ္ဒါနည်းအားဖြင့် ထုတ်ဆောင်
၍ပြောဆိုရာ၌ဖြစ်သောဉာဏ်ငါးပါးသည်ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်
၏။ (တတြ ဓမ္မနိရုတ္တာဘိလာပေ ဉာဏံ နိရုတ္တိပဋိသမ္ဘိဒါ ဟူ၍ဟောတော်
မူအပ်သည်ကိုထောက်လေ။) ဤဉာဏ်ငါးပါးတို့ကား၊ အနက်အတ္ထငါးပါး
ကိုဆိုင်ရာဆိုင်ရာသိသောအတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါးတို့တည်း။ ဤဉာဏ်
ငါးပါးတို့ကား၊ ဓမ္မငါးပါးကိုဆိုင်ရာဆိုင်ရာသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်
ငါးပါးတို့တည်း။ ဤဉာဏ်ငါးပါးတို့ကား၊ အတ္ထငါးပါးကိုသဒ္ဒါနည်းအား
ဖြင့်ထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သောအတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်ငါး
ပါးတို့တည်း။ ဤဉာဏ်ငါးပါးတို့ကား၊ ဓမ္မငါးပါးကိုသဒ္ဒါနည်းအားဖြင့်ထုတ်
ဆောင်၍ပြောဆိုရာ၌ဖြစ်သော ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ်ငါးပါးတို့တည်း
ဟူ၍နှစ်ဆယ်သော ပဋိသမ္ဘိဒါဉာဏ်တို့ကိုအာရုံပြုသိသော ဉာဏ်(၂၀)
တို့သည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ် နှစ်ဆယ်မည်၏။ (ဉာဏေသု ဉာဏံ
ပဋိဘာနပဋိသမ္ဘိဒါ ဟူ၍ဟောတော်မူအပ်သည်ကိုထောက်လေ။) ဤနည်း
ကိုအမှတ်ပြု၍သမုဒယသစ္စါတရားကို၊ ဤတရားကားပယ်အပ်သောတရား
တည်းဟူ၍ ကိစ္စ၏အစွမ်းအားဖြင့် သိရာ၌လည်း၊ အတ္ထ ပဋိသမ္ဘိဒါဉာဏ်

ငါးပါး၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်သည်ကိုလည်းသိကြလေ။ သမုဒယသစ္စာကို အရဟတ္တဖိုလ်သို့ ရောက်ပြီး၍ပယ်အပ်ပြီးပြီဟူ၍ ဟုတ်တိုင်းမှန်စွာ ကတ၏အစွမ်းအားဖြင့်သိရာ၌လည်း၊ အတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါး၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး၊ပဋိဘာနပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်သည်ကိုလည်းသိကြလေ။ ဤသို့လျှင်၊ သမုဒယသစ္စာ၌၊သစ္စ၊ကိစ္စ၊ကတ၏အစွမ်းအားဖြင့်၊အတ္ထပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး၊ဓမ္မပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး၊နိရုတ္တိပဋိသမ္ဘိဒါဉာဏ်သုံးဆယ်၊ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ခြောက်ဆယ်ဖြစ်သည့်တို့ကိုထင်ရှားသိကြလေ။ ( သမုဒယသစ္စာ၌၊ပဋိသမ္ဘိဒါဉာဏ်ဖြစ်ပုံကိုပြဆိုချက်ပြီး၏။)

{မေး} သမုဒယသစ္စာ၌၊ သစ္စ၊ကိစ္စ၊ကတ၏ အစွမ်းအားဖြင့်၊ အတ္ထပဋိသမ္ဘိဒါဉာဏ် တဆဲ့ငါးပါး၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်သည်ကိုပြအပ်ပြီးသော နည်းအတိုင်းသိရပါပြီ။ နိရောဓသစ္စာ၌၊သစ္စ၊ကိစ္စ၊ကတတို့၏အစွမ်းအားဖြင့်၊ ပဋိသမ္ဘိဒါဉာဏ်ဘယ်မျှဖြစ်သည်ကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} နိရောဓသစ္စာ၌၊သစ္စာ၏အစွမ်းအားဖြင့်မြင်တတ်, သိတတ်အပြားအားဖြင့်သိတတ်။ထိုးထွင်း၍သိတတ်၊ ထွန်းလင်းပြတတ်သောဉာဏ်တော်ငါးပါးဖြစ်ရာ၌၊ အနက်အတ္ထကိုသိသော အတ္ထပဋိသမ္ဘိဒါဉာဏ် ငါးပါး၊ ဓမ္မကိုသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး၊ အတ္ထဓမ္မကို သဒ္ဒါနည်းအားဖြင့် ထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး၊ ၎င်းအတ္ထ၊ဓမ္မ၊နိရုတ္တိဉာဏ်တို့ကိုထင်မံ၍သိသော ပဋိဘာနပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်ပါသည်။ ကိစ္စ၏အစွမ်းအားဖြင့်လည်း။ထိုနည်းအတူ၊အတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါး။ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ် နှစ်ဆယ်ဖြစ်ပါသည်၊ကတ၏အစွမ်းအားဖြင့်လည်း။ထိုနည်းအတူ၊အတ္ထပသမ္ဘိဒါဉာဏ်ငါးပါး၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး၊ နိရုတ္တိပဋိသမ္ဘိဒါဏ်ဆယ်ပါး၊ပဋိဘာနပဋိသမ္ဘိဒါဉာဏ် နှစ်ဆယ်ဖြစ်ပါသည်၊ ဤသို့လျှင်၊နိရောဓသစ္စာ၌၊ သစ္စ၊ကိစ္စ၊ကတ၏ အစွမ်းအားဖြင့်၊ အတ္ထပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်သုံးဆယ်၊ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ခြောက်ဖြစ်ပါသည်၊ဖြစ်ပုံအကျယ်ကိုဒုက္ခသစ္စာ၌ပြဆိုအပ်ပြီးသောနည်းအတိုင်းပင်၊ ပညာဉာဏ်ကြီးသော ပုဂ္ဂိုလ်တို့သိ

လောကပ်ပါပြီ။ ပညာနုန့်သောမန္ဒပုဂ္ဂိုလ်တို့သိရန်၊ အနည်းငယ်ထင်မံ၍ဖေါ် ထုတ်ပြဆိုဦးအံ့၊ ။သံသရာ၌အဆက်မပြတ်ဖြစ်နေသော ဝဋ်ဒုက္ခတရားတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သော၊ မဖြစ်မပျက်သော သဘော လက္ခဏာ အားဖြင့်၊ အမြဲတည်ရှိ နေသော သင်္ခတ သစ္စာတရားတို့၏တဘက်ဖြစ်သောအသင်္ခတဓါတ်နိဗ္ဗာန်ဟုခေါ်သည့် ဝဋ်ဒုက္ခတို့၏နောင်အဆက်ဆက် ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံတရားသည်ကေန်မှန်သည်ဟု။ သစ္စာ၏အစွမ်းအားဖြင့်မြင်တတ်သောဉာဏ်တော် သိတော်မူတတ်သောဉာဏ်တော်၊ အပြားအားဖြင့် သိတော်မူတတ်သော ဉာဏ်တော်၊ ထိုးထွင်း၍သိတော်မူတတ်သောဉာဏ်တော်။ ထွန်းလင်း၍ ပြတတ်သောဉာဏ်တော်ငါးပါးသည် အနက်အဖွဲ့မည်၏၊ ထိုအနက်အဖွဲ့ ဖြစ်သောဉာဏ်တော်ငါးပါးတို့ကို။ အသီးအသီးအာရုံပြု၍ သိတတ်သော ဉာဏ်တော်ငါးပါးကို၊ အတ္ထပဋိသမ္ဘိဒါဉာဏ်ဟုခေါ်ဆိုအပ်သည်။ (အတ္ထေ ဉာဏံ အတ္ထပဋိသမ္ဘိဒါဟုဟောတော်မူအပ်သည်ကိုထောက်လေ။) ထို့ ကြောင့်၊ ဘုရားရှင်တော်၌ဖြစ်သော ဉာဏ်တော်ငါးပါးကို၊ အသီးအသီး အာရုံပြု၍ သိလေ့ရှိသောသူတို့၏ ဉာဏ်ငါးပါးသည်၊ အတ္ထပဋိသမ္ဘိဒါ ဉာဏ်မည်၏၊ ထိုဘုရား ရှင်တော်၌ဖြစ်သော ဉာဏ်တော်ငါးပါးတို့ကို။ ဆိုင်ရာဆိုင်ရာဟောတတ်ထိုအနက်တို့ကို ဆိုင်ရာဆိုင်ရာဖြစ်စေတတ်သော စက္ခုသဒ္ဒါ၊ ဉာဏသဒ္ဒါ၊ ပညာသဒ္ဒါ၊ ဝိဇ္ဇာသဒ္ဒါ၊ အာလောကသဒ္ဒါ၊ ဤဆိုအပ်ပြီးသော သဒ္ဒါငါးပါးသည်ဓမ္မမည်၏၊ ထိုဓမ္မငါးပါးကို အသီးအသီးအာရုံ ပြု၍ သိလေ့ရှိသော သူတို့၏ဉာဏ်ငါးပါးသည် ဓမ္မပဋိသမ္ဘိဒါ မည်၏။ (ဓမ္မေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါဟူ၍ဟောတော်မူအပ်သည်ကိုထောက်လေ။) ထိုပြဆိုအပ်ပြီးသော ဉာဏ်တော်ငါးပါးတည်းဟူသော အတ္ထငါးပါးကို၊ အဘယ်ကြောင့်၊ အတ္ထဟုခေါ်ဆိုအပ်သနည်းဟူမူ။ ၎င်းဉာဏ်တော်ငါးပါး တည်းဟူသောအနက်အဖွဲ့ကို၊ ကြည့်ရှုသောသူတို့၏ဉာဏ်ဖြင့်သာသိအပ် သောကြောင့်သည်းကောင်း၊ ကြည့်ရှုသောသူတို့၏ဉာဏ်အားရှေ့ရှုဖြစ်စေ တတ်သောကြောင့်လည်းကောင်း အတ္ထဟု ခေါ်ဆိုအပ်သည်။ ထိုအတ္ထကို သဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သောဉာဏ်သည်။ အတ္ထ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။ အဘယ်ကြောင့်၊ စက္ခု၊ ဉာဏ၊ ပညာ၊ ဝိဇ္ဇာ အာလောကသဒ္ဒါတို့ကိုဓမ္မဟုခေါ်ဆိုအပ်လေသနည်းဟူမူ။ ဘုရားရှင်တော် ၌ဖြစ်သောဉာဏ်တော်တည်းဟူသော ငါးပါးသောအနက်အဖွဲ့တို့ကို၊ ဆိုင် ရာဆိုင်ရာဖြစ်စေတတ်သောကြောင့်၊ စက္ခု၊ ဉာဏ၊ ပညာ၊ ဝိဇ္ဇာ၊ အာလော ကတည်းဟူသောသဒ္ဒါငါးပါးတို့ကိုဓမ္မဟုခေါ်ဆိုအပ်လေသည်။ ထိုဓမ္မ ကို

သဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သော ဉာဏ်ငါးပါးသည် ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ် မည်၏။ (တတြ ဓမ္မနိရုတ္တာဘိလာပေ ဉာဏံ နိရုတ္တိပဋိသမ္ဘိဒါဟူ၍ ဟောတော်မူအပ်သည်ကိုထောက်လေ။) ဤဉာဏ်ငါးပါးတို့ကား၊ အတ္ထအနက်ငါးပါးကိုဆိုင်ရာဆိုင်ရာသိသောအတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါးတို့တည်း။ ဤဉာဏ်ငါးပါးတို့ကား၊ ဓမ္မငါးပါးကိုဆိုင်ရာဆိုင်ရာသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါးတို့တည်း၊ ဤဉာဏ်ငါးပါးတို့ကား။ အတ္ထငါးပါးတို့ကိုသဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သောအတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်ငါးပါးတို့တည်း၊ ဤဉာဏ်ငါးပါးတို့ကား ဓမ္မငါးပါးကိုသဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သော ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ်ငါးပါးတို့တည်းဟူ၍။ အသီးအသီးပဋိသမ္ဘိဒါဉာဏ်တို့ကိုအာရုံပြု၍သိသော ဉာဏ်(၂၀)တို့သည်၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏။ (ဉာဏေသု ဉာဏံ ပဋိဘာနပဋိသမ္ဘိဒါဟူ၍ဟောတော်မူအပ်သည်ကိုထောက်လေ။) ဤနည်းကိုအမှီပြု၍ အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကို၊ ဤတရားကားမျက်မှောက်ပြုအပ်သောတရားတည်း။ ဝါ။ မျက်မှောက်ပြု၍သိအပ်သော တရားတည်းဟူ၍။ ကိစ္စ၏အစွမ်းအားဖြင့်သိရာ၌လည်း။ အတ္ထ ပဋိသမ္ဘိဒါဉာဏ်ငါးပါး။ ဓမ္မ ပဋိသမ္ဘိဒါဉာဏ်ငါးပါး။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်ကုန်သည်ကိုလည်းသိကြလေ။ ။အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်ကို အရဟတ္တဖိုလ်သို့ရောက်၍ မျက်မှောက်ပြုအပ်ပြီးပြီဟူ၍ ဟုတ်တိုင်းမှန်စွာကတ၏ အစွမ်းအားဖြင့်သိရာ၌လည်း။ အတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါး။ ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး။ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်ကုန်သည်တို့ကိုလည်းသိကြလေ။ ။ဤသို့လျှင်၊ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်၌။ သစ္စ၊ ကိစ္စ၊ ကတတို့၏ အစွမ်းအားဖြင့်။ အတ္ထပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး။ ဓမ္မပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်သုံးဆယ်။ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်ခြောက်ဆယ်ဖြစ်သည်တို့ကို ထင်ရှားသိကြလေ။ ။(နိရောဓသစ္စာ၌၊ ပဋိသမ္ဘိဒါဉာဏ်ဖြစ်ပုံကို ပြဆိုချက်ပြီး၏။)

{မေး} နိရောဓသစ္စာ၌၊ သစ္စ၊ ကိစ္စ၊ ကတတို့၏အစွမ်းအားဖြင့်။ အတ္ထပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်သုံးဆယ်။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ် ခြောက်ဆယ်ဖြစ်သည်တို့ကိုပြဆိုအပ်သောနည်းဖြင့်သိခဲ့ပါပြီ။ ဒုက္ခနိရောဓဂါမိနီပဋိပဒါဟု

ဆိုအပ်သော မဂ္ဂသစ္စာ၌ကား။ သစ္စ၊ ကိစ္စ၊ ကတတို့၏ အစွမ်းအားဖြင့်။ပဋိသမ္ဘိဒါဉာဏ်အဘယ်မျှဖြစ်သည်ကို ဘယ်လိုသိအပ်ပါမည်နည်း။

{ဖြေ} ဒုက္ခနိရောဓဂါမိနီပဋိပဒါတည်းဟူသော မဂ္ဂသစ္စာ၌၊ သစ္စာ၏ အစွမ်းအားဖြင့်မြင်တတ်၊ သိတတ်၊ အပြားအားဖြင့် သိတတ်။ ထိုးထွင်း၍ သိတတ်။ထွန်းလင်း၍ပြတတ်သောဉာဏ်တော်ငါးပါးဖြစ်ရာ၌။အနက်အဓိပ္ပာယ်ကိုသိသောအတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါး။ စက္ခု၊ဉာဏ၊ပညာ၊ ဝိဇ္ဇာ၊ အာလောကတည်းဟူသော ဓမ္မကိုသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး၊ အတ္ထဓမ္မကိုသဒ္ဒါနည်းအားဖြင့် ထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သော၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး။ ၎င်းအတ္ထဓမ္မ နိရုတ္တိဉာဏ်တို့ကိုထပ်မံ၍သိသော ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ် ဖြစ်ပါသည်။ ကိစ္စ၏အစွမ်းအားဖြင့်လည်း။ထိုနည်းအတူ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါး။ ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး။ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်ပါသည်။ ကတ၏အစွမ်းအားဖြင့်လည်း။ ထိုနည်းအတူ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါး။ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး။နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်ပါသည်၊ ။၍သို့လျှင်၊ နိရောဓဂါမိနီပဋိပဒါတည်းဟူသော မဂ္ဂသစ္စာ၌၊ သစ္စ၊ကိစ္စ၊ကတတို့၏အစွမ်းအားဖြင့်။အတ္ထပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး။ဓမ္မပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်သုံးဆယ်၊ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်ခြောက်ဆယ်ဖြစ်ပါသည်။ ဖြစ်ပုံအကျယ်ကို ဒုက္ခသစ္စာ၌ပြဆိုအပ်ပြီးသောနည်းအတိုင်း၊ပညာဉာဏ်ကြီးသောပုဂ္ဂိုလ်တို့သိလေဘိပါပြီ။ ပညာနုံ့သော မန္ဒပုဂ္ဂိုလ်တို့သိရန်၊အနည်းငယ်ထပ်မံ၍ပေါ်ထုတ်ပြဆိုဦးအံ့၊ ။သမ္ဘာဒိဋ္ဌိ အမှူးရှိသော မဂ္ဂင်ရှစ်ပါးတရားသည်။ အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့အာရုံပြု၍ရောက်ကြောင်းအကျင့်တရားဧကန်မှန်သည်ဟုသစ္စာ၏အစွမ်းအားဖြင့်။ ဟုတ်တိုင်းမှန်စွာ၊မြင်တတ်သော ဉာဏ်တော်။ ဟုတ်တိုင်းမှန်စွာ သိတတ်သော ဉာဏ်တော်။ အပြားအားဖြင့် သိတော်မူတတ်သောဉာဏ်တော်၊ထိုးထွင်း၍သိတော်မူတတ်သောဉာဏ်တော်။ ထွန်းလင်း၍ပြတော်မူတတ်သောဉာဏ်တော်ငါးပါးသည် အနက်အဓိပ္ပာယ်မည်၏။ ထိုအနက်အဓိပ္ပာယ်ဖြစ်သော ဉာဏ်တော်ငါးပါးတို့ကို။ အသီးအသီးအာရုံပြု၍သိတတ်သော ဉာဏ်တော်ငါးပါးကိုအတ္ထပဋိသမ္ဘိဒါဟုခေါ်ဆိုအပ်သည်။(အတ္ထေ ဉာဏံ အတ္ထပဋိသမ္ဘိဒါဟူ၍ဟောတော်မူအပ်သည်ကိုထောက်လေ။)ထို့ကြောင့် ဘုရားရှင်တော်၌ဖြစ်သော ဉာဏ်တော်ငါးပါးကို၊ အသီးအသီးအာရုံပြု၍ သိလေသမျှသောသူတို့၏ဉာဏ်ငါးပါးသည် အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။

ထိုဘုရား ခန္ဓာတော်၌ဖြစ်သော ဉာဏ်တော်ငါးပါးတို့ကို။ ဆိုင်ရာဆိုင်ရာ ဟောတတ်,ထိုအနက်တို့ကိုဆိုင်ရာဆိုင်ရာ ဖြစ်စေတတ်သော စက္ခုသဒ္ဒါ၊ ဉာဏသဒ္ဒါ၊ပညာသဒ္ဒါ၊ဝိဇ္ဇာသဒ္ဒါ၊အာလောကသဒ္ဒါ။ ဤပြဆိုအပ်ပြီးသော သဒ္ဒါငါးပါးသည်ဓမ္မမည်၏။ ထိုဓမ္မငါးပါးကိုအသီးအသီး အာရုံပြု၍သိလေသမျှသောသူတို့၏ ဉာဏ်ငါးပါးသည် ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။ (ဓမ္မေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍သိလေ။) ထိုပြဆိုအပ်ပြီးသောဉာဏ်တော်ငါးပါးတည်းဟူသော အတ္ထငါးပါးကိုအဘယ်ကြောင့်အတ္ထဟုခေါ်ဆိုအပ်လေသနည်းဟူမူ၊ရင်းဉာဏ်တော်ငါးပါးတည်းဟူသောအနက်အတ္ထကိုကြည့်ရှုသောသူတို့၏ဉာဏ်ဖြင့်သာလျှင်သိအပ်သောကြောင့်လည်းကောင်း၊ ကြည့်ရှုသောသူတို့၏ဉာဏ်အားရှေးရှုဖြစ်စေတတ်သောကြောင့်လည်းကောင်း၊အတ္ထမည်၏ဟူ၍ခေါ်ဆိုအပ်လေသည်၊ ထိုအတ္ထကိုသဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သော ဉာဏ်သည် အတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏၊ အဘယ်ကြောင့်၊စက္ခု၊ ဉာဏ၊ပညာ၊ဝိဇ္ဇာ၊ အာလောကသဒ္ဒါတို့ကို ဓမ္မဟုခေါ်ဆိုအပ်လေသနည်းဟူမူ၊ဘုရားခန္ဓာတော်၌ဖြစ်သော ဉာဏ်တော်တည်းဟူသောငါးပါးသော အနက်အတ္ထတို့ကို၊ ဆိုင်ရာဆိုင်ရာ ဖြစ်စေတတ်သောကြောင့်၊ စက္ခု၊ဉာဏ ပညာ၊ဝိဇ္ဇာ၊အာလောကတည်းဟူသောသဒ္ဒါငါးပါးကို ဓမ္မဟုခေါ်ဆိုအပ်လေသည်။ထိုဓမ္မကိုသဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သော ဉာဏ်ငါးပါးသည် ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။ (တတြ ဓမ္မနိရုတ္တာဘိလာပေ နိရုတ္တိပဋိသမ္ဘိဒါဟူ၍ဟောတော်မူအပ်သည်ကိုထောက်လေ) ဤဉာဏ်ငါးပါးတို့ကား၊ အနက်ငါးပါးတို့ကို ဆိုင်ရာဆိုင်ရာသိသောအတ္ထပဋိသမ္ဘိဒါဉာဏ်ငါးပါးတို့တည်း၊ ဤဉာဏ်ငါးပါးတို့ကား၊ဓမ္မငါးပါးတို့ကိုဆိုင်ရာဆိုင်ရာသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ် ငါးပါးတို့တည်း၊ ဤဉာဏ်ငါးပါးတို့ကား၊အတ္ထငါးပါးတို့ကို သဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သော အတ္ထနိရုတ္တိပဋိသမ္ဘိဒါဉာဏ်ငါးပါးတို့တည်း။ ဤဉာဏ်ငါးပါးတို့ကား၊ဓမ္မငါးပါးတို့ကိုသဒ္ဒါနည်းအားဖြင့်ထုတ်ဆောင်၍ပြောဆိုရာ၌ဖြစ်သော ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဉာဏ် ငါးပါးတို့တည်းဟူ၍ အသီးအသီးပဋိသမ္ဘိဒါဉာဏ်တို့ကိုအာရုံပြု၍သိသောဉာဏ်နှစ်ဆယ်တို့သည်၊ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏၊(ဉာဏေသု ဉာဏံပဋိဘာနပဋိသမ္ဘိဒါဟူ၍ ပဋိသမ္ဘိဒါဝိဘင်းပါဠိတော်၌ဟောတော်မူအပ်သည်ကိုထောက်လေ။)ဤနည်းကိုအမှီပြု၍ဒုက္ခနိရောဓဂါမိနီပဋိပဒါဟုဆိုအပ်သောမဂ္ဂသစ္စာတရားတော်ကို၊ ပွားအပ်၏ဟူ၍ ဟုတ်တိုင်းမှန်စွာကိစ္စ၏ အစွမ်းအားဖြင့်သိရာ၌

လည်း။ အတ္တပဋိသမ္ဘိဒါဉာဏ်ငါးပါး။ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး၊နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်သည်ကိုလည်းသိကြလေ၊ထိုနည်းအတူ၊ဒုက္ခနိရောဓဂါမိနီပဋိပဒါဟုဆိုအပ်သော မဂ္ဂင်ရှစ်ပါးတရားတော်ကို။ အရဟတ္တဖိုလ်သို့ရောက်သဖြင့် ပွားအပ်ပြီးပြီ ဟုဟုတ်တိုင်းမှန်စွာကတ၏အစွမ်းအားဖြင့်သိရာ၌လည်း၊အတ္တပဋိသမ္ဘိဒါဉာဏ်ငါးပါး၊ဓမ္မပဋိသမ္ဘိဒါဉာဏ်ငါးပါး၊နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆယ်ပါး၊ပဋိဘာနပဋိသမ္ဘိဒါဉာဏ်နှစ်ဆယ်ဖြစ်သည်ကိုလည်းသိကြလေ။ ဤသို့သျှင်၊ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊အရိယသစ္စာ၌၊သစ္စ၊ကိစ္စ၊ကတ၏အစွမ်းအားဖြင့်။အတ္တပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး။ ဓမ္မပဋိသမ္ဘိဒါဉာဏ်တဆဲ့ငါးပါး၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ် သုံးဆယ်။ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ် ခြောက်ဆယ်ဖြစ်သည်ကိုထင်ရှားသိကြလေ၊ ။ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊အရိယသစ္စာ၌ပဋိသမ္ဘိဒါဉာဏ်ဖြစ်မှုကိုပြဆိုချက်ပြီး၏။ ။ဤပြဆိုအပ် ပြီးသောသစ္စာလေးပါးတရားတို့၌ဖြစ်သော ပဋိသမ္ဘိဒါဉာဏ်တို့ကိုပေါင်း သော်၊ အတ္တပဋိသမ္ဘိဒါဉာဏ်ခြောက်ဆယ်။ ဓမ္မပဋိသမ္ဘိဒါဉာဏ်ခြောက် ဆယ်။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တရာ့နှစ်ဆယ်။ပဋိဘာနပဋိသမ္ဘိဒါဉာဏ် နှစ်ရာ့လေးဆယ်ဖြစ်သည်ကိုလည်း ထင်ရှားသိကြလေ၊

{မေး} ထိုပြဆိုအပ်ပြီးသော ပဋိသမ္ဘိဒါဉာဏ် တို့ဖြစ်သည်ကို အ ဘယ်ပါဠိကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} ဒုက္ခေ အရိယသစ္စေ ပဉ္စဓမ္မာ၊ပဉ္စအတ္ထာ၊ ဒသနိရုတ္တိယော၊ ဝီသတိဉာဏာနိ။ ဒုက္ခသမုဒယေ အရိယသစ္စေ ပဉ္စဓမ္မာ၊ ပဉ္စအတ္ထာ။ ဒသ နိရုတ္တိယော၊ ဝီသတိဉာဏာနိ။ ဒုက္ခနိရောဓေ အရိယသစ္စေ ပဉ္စဓမ္မာ၊ ပဉ္စအတ္ထာ၊ ဒသ နိရုတ္တိယော၊ဝီသတိဉာဏာနိ။ ဒုက္ခနိရောဓဂါမိနီပဋိပဒါယ အရိယသစ္စေ ပဉ္စဓမ္မာ၊ပဉ္စအတ္ထာ၊ဒသ နိရုတ္တိယော၊ ဝီသတိ ဉာဏာနိ။ စတူသု အရိယ သစ္စေသု ဝီသတိဓမ္မာ၊ ဝီသတိ အတ္ထာ၊ စတ္တာလီသတိ နိရုတ္တိယော၊ အသီတိ ဉာဏာနိ ဟု ၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ပဋိသမ္ဘိဒါကထာ(၂၈၇)က၊(၂၈၈)မျက်နှာ ထိန်ပြဆိုအပ်သည်ကိုထောက်၍သိအပ်ပါသည်။ အကျယ်ကို၊ထိုပါဠိတော် ၌ကြည့်ရှုယူကြလေ။ ။အနက်သိကြောင်းမြန်မာပြန်ကား၊ ။ဒုက္ခေ၊ဒုက္ခ ဖြစ်သော၊ အရိယသစ္စေ၊ အရိယသစ္စာ၌။ ပဉ္စ၊ တဆဲ့ငါးပါးကုန်သော။ ဓမ္မာ၊ ဓမ္မပဋိသမ္ဘိဒါ တို့သည်လည်းကောင်း၊ ပဉ္စ၊ တဆဲ့ငါးပါး ကုန် သော၊ အတ္ထာ၊ အတ္ထပဋိသမ္ဘိဒါတို့သည်လည်းကောင်း၊ ဒသ၊ သုံးဆယ် ကုန်သော၊ နိရုတ္တိယော၊ နိရုတ္တိပဋိသမ္ဘိဒါတို့သည်လည်းကောင်း။ ဝီသတိ၊

ခြောက်ဆယ် ကုန်သော၊ ဉာဏာနိ၊ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်တို့သည်လည်းကောင်း၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒုက္ခသမုဒယေ၊ ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော။ အရိယသစ္စေ၊ အရိယာသစ္စာ၌။ ပန္နရသ၊ တဆဲ့ငါးပါးကုန်သော၊ ဓမ္မာ၊ ဓမ္မပဋိသမ္ဘိဒါ တို့သည်လည်းကောင်း၊ ပန္နရသ၊ တဆဲ့ငါးပါးကုန်သော၊ အတ္ထာ၊ အတ္ထပဋိသမ္ဘိဒါ တို့သည်လည်းကောင်း။ တိံသ၊ သုံးဆယ်ကုန်သော။ နိရုတ္တိယော၊ နိရုတ္တိပဋိသမ္ဘိဒါ တို့သည်လည်းကောင်း။ သဋ္ဌိ၊ ခြောက်ဆယ်ကုန်သော၊ ဉာဏာနိ၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒုက္ခနိရောဓေ၊ ဝဋ်ဒုက္ခတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းခံဖြစ်သော။ အရိယသစ္စေ၊ အရိယာတို့သိအပ်သော နိရောဓသစ္စာ၌။ ပန္နရသ၊ တဆဲ့ငါးပါးကုန်သော၊ ဓမ္မာ၊ ဓမ္မပဋိသမ္ဘိဒါတို့သည်လည်းကောင်း။ ပန္နရသ၊ တဆဲ့ငါးပါးကုန်သော၊ အတ္ထာ၊ အတ္ထပဋိသမ္ဘိဒါတို့သည်လည်းကောင်း။ တိံသ၊ သုံးဆယ်ကုန်သော။ နိရုတ္တိယော၊ နိရုတ္တိပဋိသမ္ဘိဒါတို့သည်လည်းကောင်း။ သဋ္ဌိ၊ ခြောက်ဆယ်ကုန်သော၊ ဉာဏာနိ၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ၊ ဝဋ်ဒုက္ခတို့၏နောင်အဆက်ဆက်ဖြစ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သောအသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်သို့အာရုံပြု၍ရောက်ကြောင်းအကျင့်ဖြစ်သော။ အရိယသစ္စေ၊ အရိယာတို့သိအပ်သော မဂ္ဂသစ္စာတရား၌။ ပန္နရသ၊ တဆဲ့ငါးပါးကုန်သော။ ဓမ္မာ၊ ဓမ္မပဋိသမ္ဘိဒါတို့သည်လည်းကောင်း။ ပန္နရသ၊ တဆဲ့ငါးပါးကုန်သော။ အတ္ထာ၊ အတ္ထပဋိသမ္ဘိဒါတို့သည်လည်းကောင်း။ တိံသ၊ သုံးဆယ်ကုန်သော။ နိရုတ္တိယော၊ နိရုတ္တိပဋိသမ္ဘိဒါတို့သည်လည်းကောင်း။ သဋ္ဌိ၊ ခြောက်ဆယ်ကုန်သော။ ဉာဏာနိ၊ ပဋိဘာနပဋိသမ္ဘိဒါ ဉာဏ်တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ စတူသု၊ လေးပါးကုန်သော။ အရိယသစ္စေသု၊ ဒုက္ခသမုဒယ၊ နိရောဓ၊ မဂ္ဂဟုဆိုအပ်သော အရိယသစ္စာတရားတို့၌။ သဋ္ဌိ၊ ခြောက်ဆယ်ကုန်သော။ ဓမ္မာ၊ ဓမ္မပဋိသမ္ဘိဒါတို့သည်လည်းကောင်း။ သဋ္ဌိ၊ ခြောက်ဆယ်ကုန်သော။ အတ္ထာ၊ အတ္ထပဋိသမ္ဘိဒါတို့သည်လည်းကောင်း။ ဝီသတိသတံ နိရုတ္တိယော၊ တရာ့နှစ်ဆယ်သော နိရုတ္တိပဋိသမ္ဘိဒါတို့သည်လည်းကောင်း။ စတ္တာလီသဉ္စ၊ သေးဆယ်အလွန်လည်းရှိကုန်သော။ ဒွေစဉာဏသတာနိ၊ နှစ်ရာသော ပဋိဘာန ပဋိသမ္ဘိဒါ ဉာဏ်တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ဤသို့ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ပဋိသမ္ဘိဒါကထာ၌ပြဆိုအပ်သည်ကိုထောက်၍။ သစ္စာလေးပါးတရား၌ အတ္ထပဋိသမ္ဘိဒါ ခြောက်ဆယ်၊ ဓမ္မပဋိသမ္ဘိဒါ ခြောက်ဆယ်၊

နိရုတ္တိပဋိသမ္ဘိဒါတရားနှစ်ဆယ်၊ ပဋိဘာနပဋိသမ္ဘိဒါနှစ်ရာ့လေးဆယ်၊ ပေါင်းလေးရာ့ရှစ်ဆယ်ဖြစ်သည်ကို ထင်ရှားသိကြလေကုန်၊

{မေး} သစ္စာလေးပါး တရားတော်တို့တွင်၊ တပါးတပါးသော သစ္စာတရား၌၊ သစ္စာ၏အစွမ်းအားဖြင့် သိမြင်တော်မူသောဉာဏ်တော်ငါးပါး၊ ကိစ္စ၏အစွမ်းအားဖြင့်သိမြင်တော်မူသောဉာဏ်တော်ငါးပါး၊ ကတ၏အစွမ်းအားဖြင့်သိမြင်တော်မူသောဉာဏ်တော်ငါးပါး တို့ကိုဟောတော်မူပြီးသောအဆုံး၌အဘယ်တရားကိုဆက်သွယ်၍ဟောတော်မူအပ်ပါသနည်း။ ဟောတော်မူအပ်သောဒေသနာတော်ကိုဘယ်လိုဆက်သွယ်အပ်သနည်း။

{ဖြေ} ပြဆိုအပ်ပြီးသော သစ္စာလေးပါးတရားတို့တွင်၊ တပါးတပါးသောသစ္စာတရား၌သစ္စာ၏အစွမ်းအားဖြင့်သိမြင်တော်မူသောဉာဏ်တော်ငါးပါး၊ ကိစ္စ၏အစွမ်းအားဖြင့်သိမြင်တော်မူသောဉာဏ်တော်ငါးပါး။ ကတ၏အစွမ်းအားဖြင့် သိမြင်တော်မူသောဉာဏ်တော်ငါးပါး တရားတော်တို့ကိုဟောတော်မူပြီးသောအဆုံး၌။ ယာဝ ကီဝဉ္စမေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံတိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ နသုဝိသုဒ္ဓံ အဟောသိ၊ နေဝတာဝါဟံဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။ ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသုစတူသု အရိယသစ္စေသု ဧဝံတိ ပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ၊ ဟူသောဒေသနာတော်တရားကို ဟောတော်မူအပ်သည်ကိုသိအပ်ပါသည်၊ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဘိက္ခဝေ၊ ပဉ္စဝဂ္ဂီ ရဟန်းတို့၊ ယာဝကီဝဉ္စ ယတ္တကံကာလံ၊ အကြင်မျှလောက်သောကာလပတ်လုံး။ ဣမေသု၊ ဤဆိုအပ်ကုန်ပြီးသော။ စတူသု၊ လေးပါးကုန်သော။ အရိယသစ္စေသု၊အရိယာသစ္စာတရားတို့၌၊မေ၊ငါ၏။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သစ္စ၊ကိစ္စ၊ကတ၏အစွမ်းအားဖြင့် သုံးပါးသောအပြန်ရှိသော။ ဒွါဒသာကာရံ၊ သုံးပါးလေးလီဖြစ်၍ တဆဲ့နှစ်ပါးသောအခြင်းအရာရှိသော၊ ယထာဘူတံ၊ ဟုတ်တိုင်း မှန်စွာဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်၊ မေ။ ငါဘုရားအား။ သုဝိသုဒ္ဓံ၊ အလွန်အထူးသဖြင့် သန့်ရှင်းစင်ကြယ်သည်။ န အဟောသိ၊ဖြစ်မှုမရှိသေး။ ဘိက္ခဝေ၊ ပဉ္စဝဂ္ဂီရဟန်းတို့၊ တာဝ တတ္တကံကာလံ၊ ထိုဉာဏ်အမြင် စင်ကြယ်ခြင်းမရှိသေးသရွေ့ကာလပတ်လုံး၊ အဟံ၊

ငါဘုရားသည်၊ သဒေဝကော၊ ကာမာဝစရနတ်ပြည်ငါးထပ်နှင့်တကွသော၊ သမာရကော၊ ဝသဝတ္တီနတ်ပြည်နှင့်တကွသော၊ သဗြဟ္မကော၊ ဗြဟ္မာနှစ်ဆယ်နှင့်တကွသော၊ လောကော၊ ဤမနုဿလောက၌၊ သဿမဏဗြာဟ္မဏိယာ၊ ရဟန်း,ပုဏ္ဏားနှင့်တကွသော၊ သဒေဝမနုဿာယ၊ သမုတိနတ် တည်းဟူသော မင်း ကြွင်းသောလူနှင့်တကွသော၊ ပဇာယ၊ သတ္တဝါအပေါင်း၌၊ အနုတ္တရံ၊ အတုမရှိသော၊ သမ္မာသမ္ဗောဓိံ၊ သစ္စာလေးပါးတရားတော်ကို အကြွင်းမရှိ ထိုးထွင်း၍သိတော်မူတတ်သော အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်တော်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ထိုးထွင်း၍သိမြင်သည်ဟူ၍၊ နေဝပစ္စညာသိံ၊ ဝန်ခံတော်မမူသေး။ ဘိက္ခဝေ၊ ပဉ္စဝဂ္ဂိရဟန်းတို့။ ယတောစခေါ ယဒါ ကာလေ၊ အကြင်အခါ ကာလ၌ကား၊ ဣမေသု၊ ဤဆိုအပ်ခဲ့ ပြီးကုန်သော၊ စတူသု၊ လေးပါးကုန်သော၊ အရိယသစ္စေသု၊ အရိယာတို့သည်ထိုးထွင်း၍သိအပ်သော အရိယသစ္စာတရားတို့၌၊ ဧဝံ၊ ဤသို့၊ တိပရိဝဋ္ဋံ၊ သစ္စ၊ ကိစ္စ၊ ကတ၏အစွမ်းအားဖြင့်သုံးပါးသောအပြန်ရှိသော၊ ဒွါဒသာကာရံ၊ သုံးပါး ၄-လီဖြစ်၍တဆဲ့နှစ်ပါးသောအခြင်းအရာရှိသော။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်းဖြစ်သော၊ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ငါဘုရားအား။ သုဝိသုဒ္ဓံ၊ အလွန်အထူးသဖြင့် သန့်ရှင်းစင်ကြယ်သည်။ အဟောသိ၊ ဖြစ်၏၊ အထ တသ္မိံ ကာလေ၊ ထိုသို့ဉာဏ်အမြင်စင်ကြယ်စွာဖြစ်သောအခါ၌၊ အယံ၊ ငါဘုရားသည်၊ သဒေဝကော၊ ကာမာဝစရနတ်ပြည်ငါးထပ်နှင့်တကွသော၊ သမာရကော၊ ဝသဝတ္တီနတ်ပြည်နှင့်တကွသော၊ သဗြဟ္မကော၊ ဗြဟ္မာနှစ်ဆယ်နှင့်တကွသော။ လောကော၊ ဤမနုဿလောက၌၊ သဿမဏဗြာဟ္မဏိယာ၊ ရဟန်း,ပုဏ္ဏားနှင့်တကွသော။ သဒေဝမနုဿာယ၊ သမုတိနတ်တည်းဟူသောမင်း ကြွင်းသောလူနှင့် တကွသော၊ ပဇာယ၊ သတ္တဝါအပေါင်း၌၊ အနုတ္တရံ၊ အတုမရှိသော၊ သမ္မာသမ္ဗောဓိံ၊ သစ္စာလေးပါးတရားတို့ကို အကြွင်းမရှိထိုးထွင်း၍သိတော်မူတတ်သော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ထိုးထွင်း၍သိပြီဟူ၍။ ပစ္စညာသိံ၊ ဝန်ခံတော်မူပြီ။ ။ဤကားပါဠိတော်ပါဌ်၏ မြန်မာပြန်တည်း။ ။အဓိပ္ပါယ်အကျဉ်းကား၊ အကြင်မျှလောက်သောကာလပတ်လုံး၊ ဤပြဆိုအပ်ပြီးသောဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတရားလေးပါးတို့၌။ ဒုက္ခသစ္စာကိုပိုင်းခြား၍သိသော သစ္စဉာဏ်၊ သမုဒယသစ္စာကို ဒုက္ခဖြစ်ကြောင်းတရားအမှန်ဟုသိသောသစ္စဉာဏ်။ နိရောဓသစ္စာကို ဒုက္ခတို့၏ဖြစ်မှုမရှိခြင်း၏အကြောင်းခံတရားအမှန်ဟုသိသောသစ္စဉာဏ်၊ နိရောဓဂါမိနီပဋိပဒါ အရိယာသစ္စာကို၊ ဝဋ်ဒုက္ခတို့၏ နောင်အဆက်ဆက်ဖြစ်ပေါ်မှု

မရှိခြင်း၏အကြောင်းခံဖြစ်သော နိရောဓသစ္စာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်အမှန်ဟု သိသောသစ္စဉာဏ်။ ဒုက္ခသစ္စာကိုပိုင်းခြား၍ သိအပ်၏ဟူ၍ ကိစ္စအားဖြင့်သိသောကိစ္စဉာဏ်၊ သမုဒယသစ္စာကိုပယ်အပ်၏ဟူ၍ ကိစ္စအားဖြင့်သိသောကိစ္စဉာဏ်၊ နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြုအပ်၏ဟူ၍ကိစ္စအားဖြင့်သိသောကိစ္စဉာဏ်၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါတည်းဟူသော မဂ္ဂင်ရှစ်ပါးတရားတော်ကို ပွားအပ်၏ဟူ၍ ကိစ္စအားဖြင့် သိသောကိစ္စဉာဏ်။ ။အရဟတ္တဖိုလ်သို့ရောက်သောအခါ။ ကိလေသာကိုပယ်ရန်တဘန်မရှိခြင်းကြောင့်ပိုင်းခြား၍သိရန်မလိုတော့ပြီ၊ ထို့ကြောင့်ဒုက္ခသစ္စာကိုပိုင်းခြား၍သိပြီဟူ၍ ကတ၏အစွမ်းအားဖြင့်သိသောကတဉာဏ်။ သမုဒယသစ္စာကိုပယ်ပြီးပြီဟူ၍ကတ၏အစွမ်းအားဖြင့်သိသောကတဉာဏ်။ ဒုက္ခနိရောဓဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာကို၊ မျက်မှောက်ပြုပြီးပြီဟူ၍ကတ၏အစွမ်းအားဖြင့်သိသောတကဉာဏ်။ ဤသို့လျှင်၊ သစ္စာတပါးတပါး၌၊ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တို့၏အစွမ်းအားဖြင့်၊ သုံးပါးစီရှိကား၊ သစ္စာလေးပါး၌သုံးခုလေးလီ၊ တဆဲ့နှစ်ဖြစ်၍တဆဲ့နှစ်ပါးသောအခြင်းအရာရှိသောဟုတ်မှန်သည့်အတိုင်းဖြစ်သောဉာဏ်တော်အမြင်သည်ငါဘုရားအားမသန့်မရှင်းမစင်ကြယ်ခဲ့သည့်ဖြစ်ခဲ့အံ့၊ ထိုမျှလောက်နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာနှစ်ဆယ်၊ လူပြည်တည်းဟူသော ဩကာသလောကဟူသမျှတို့၌လည်းကောင်းရဟန်း ပုဏ္ဏားနှင့်တကွ၊ သမုတိနတ်ဟုဆိုအပ်သော လူမင်း ကြွင်းသောလူဟုဆိုအပ်သော သတ္တဝါ အပေါင်းတည်းဟူသော သတ္တလောက၌လည်းကောင်း၊ သစ္စာလေးပါးတရားတို့ကို အကြွင်းမရှိထိုးထွင်း၍သိတတ်သော အတုမရှိသောအရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်တို့ကို၊ မိမိခန္ဓာတော်၌ရအပ်ပြီးရှိသည်ကို၊ ထိုးထွင်း၍သိပြီဟူ၍ဝန်မခံနိုင်။ ထိုပြဆိုအပ်ပြီးသော သစ္စာလေးပါးတရားတို့၌။ သစ္စဉာဏ်ကိစ္စဉာဏ်၊ ကတဉာဏ်၏အစွမ်းအားဖြင့် တဆဲ့နှစ်ပါးသောအခြင်းအရာရှိသော ဉာဏ်တော်အမြင်သည်။ သန့်ရှင်းစင်ကြယ်ခြင်းသို့ရောက်၏။ ထိုသို့ရောက်သောအခါ၌သာလျှင်၊ အလုံးစုံသောနတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာနှစ်ဆယ်၊ လူပြည်တည်းဟူသောဩကာသလောကဟူသမျှ၌လည်းကောင်း။ ရဟန်း,ပုဏ္ဏားနှင့်တကွ၊ သမုတိနတ်ဟုဆိုအပ်သောလူမင်းကြွင်းသောလူဟုဆိုအပ်သော။ သတ္တဝါအပေါင်းတည်းဟူသော သတ္တလောက၌ လည်းကောင်း။ သစ္စာလေးပါးတရားတော်ကိုအကြွင်းမရှိသိမြင်တတ်သောအတုမရှိသောအရဟတ္တမဂ်ဉာဏ်။ သဗ္ဗညုတဉာဏ်တော်၏မိမိခန္ဓာတော်၌ဖြစ်ပြီးသည်ကို၊ ထိုးထွင်း၍သိပြီဟု ငါဘုရားဝန်ခံတော်မူသည်ဟုဆိုလိုသည်။

ဤကားအဓိပ္ပါယ်အကျဉ်းတည်း။ ။ဤသို့ဟောတော်မူအပ်သောဒေသနာ တရားတို့ကိုထောက်၍ ဘုရားရှင်ဉာဏ်တော်၏ အလွန်သန့်ရှင်းစင်ကြယ် တော်မူသည့်၏အဖြစ်ကိုလည်းကောင်း၊ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ရောက်တော် မူပြီးသည့်၏အဖြစ်ကိုလည်းကောင်း ထင်ရှားသိကြလေ။

{မေး} ဘုရားရှင်သည်သစ္စာလေးပါးတရားတို့၌၊သစ္စဉာဏ်၊ ကိစ္စဉာဏ် ကတဉာဏ်တို့၏အစွမ်းအားဖြင့်၊ သုံးပါးသောအပြန်တဆဲ့နှစ်ပါးသောအ ခြင်းအရာရှိသောဉာဏ်အမြင်တော်၏စင်ကြယ်ခြင်းသို့ရောက်၍သစ္စာလေး ပါးတရားတို့ကိုအကြွင်းမရှိ ထိုးထွင်း၍သိမြင်တတ်သော အတုမရှိသော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်တို့၏ မိမိခန္ဓာတော်၌ဖြစ်ပြီး သည်ကိုထိုးထွင်း၍သိပြီဟု ဝန်ခံတော်မူပြီးနောက်၊ အဘယ်တရားတော် ကိုဟောတော်မူအပ်ပါသနည်း။

{ဖြေ} ဘုရားရှင်သည် သစ္စာလေးပါးတရားတော်တို့၌ သစ္စဉာဏ်။ ကိစ္စ ဉာဏ်၊ ကတဉာဏ်တို့၏အစွမ်းအားဖြင့်၊သုံးပါးသောအပြန် တဆဲ့နှစ်ပါး သောအခြင်းအရာရှိသောဉာဏ်တော်အမြင်၏အလွန်စင်ကြယ်ခြင်းသို့ရော ၍သစ္စာလေးပါးတရားတို့ကိုအကြွင်းမရှိ ထိုးထွင်း၍သိမြင်တတ်သော အ တုမရှိသော အရဟတ္တ မဂ်ဉာဏ်။ သဗ္ဗညုတ ဉာဏ်တော်တို့၏ မိမိခန္ဓာ တော်၌ဖြစ်ပြီးသည်ကို၊ ထိုးထွင်း၍သိမြင်ပြီဟူ၍ ဝန်ခံတော်မူပြီးနောက်။ ဉာဏဉ္စပန မေ ဒဿနံ ဥဒပါဒိဟူသော ဒေသနာတော်ကို၊ ပစ္စ ဝေက္ခဏာ ဉာဏ်တော်၏ ထင်ရှားဖြစ်မှုကိုဟောတော်မူအပ်ပါသည်၊ ။အနက်သိ ကြောင်းမြန်မာပြန်ကား။ ။မေ၊ငါဘုရားအား၊ဒဿနံ၊ဟုတ်တိုင်းမှန်စွာမြင် တတ်သော၊ ဉာဏဉ္စပန ပစ္စဝေက္ခဏာ ဉာဏ်တော်သည်လည်း၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ။အဓိပ္ပါယ်ကား၊ ဟုတ်တိုင်းမှန်စွာမြင်တတ်သော၊ ပစ္စ ဝေက္ခဏာဉာဏ်တော်သည်၊ ငါဘုရားအားထင်ရှား ဖြစ်ပြီဟုဆိုလိုသည်။

{မေး} ဉာဏဉ္စပန မေဒဿနံ ဥဒပါဒိဟူသော ပုဒ်တို့ဖြင့်၊ ဘုရားရှင် အား၊ ပစ္စဝေက္ခဏာဉာဏ်တော်ဖြစ်မှုကို ဟောတော်မူသည်ဟုဆိုတော် မူ၏၊ ထိုပစ္စဝေက္ခဏာဉာဏ်တော်သည် အဘယ်တရားကိုဆင်ခြင်တော် မူ၍ ပစ္စဝေက္ခဏာဉာဏ်တော်တို့ဖြစ်ပါသနည်း။

{ဖြေ} ဘုရားရှင်၏ခန္ဓာတော်၌ဖြစ်သော ကိလေသာတို့မှ အကြွင်းမရှိ လွတ်ပြီးသော အရဟတ္တဖိုလ်တရားတော်ကို၊ ဆန့်ကျင်ဘက်ဖြစ်သောကိ လေသာတို့သည်၊အခါခပ်သိမ်းမဖျက်ဆီးနိုင်ပြီဟူ၍ဟုတ်တိုင်းမှန်စွာဆင် ခြင်တော်မူသော ပစ္စဝေက္ခဏာဉာဏ်တော်။ ဤယခုဖြစ်သော ခန္ဓာတော် ၏ဖြစ်မှုသည်အဆုံးစွန်ဖြစ်မှုဘဲဟူ၍ ဟုတ်တိုင်းမှန်စွာဆင်ခြင်တော်မူသော

ပစ္စဝေက္ခဏာဉာဏ်တော်၊ ဤဘဝစုတိစိတ်နောင်ထပ်၍ တဘန်ခန္ဓာဖြစ်မှုမရှိပြီဟုဟုတ်တိုင်းမှန်စွာ ဆင်ခြင်တတ်သောပစ္စဝေက္ခဏာဉာဏ်တော် ဤသို့ဆိုအပ်ပြီးသောတရားတို့ကို ဟုတ်တိုင်းမှန်စွာသိမြင်၊ ဆင်ခြင်တော်မူတတ်သော ပစ္စဝေက္ခဏာဉာဏ်တော်တို့ဖြစ်သည်ဟု သိအပ်ပါသည်၊

{မေး} အဘယ်ပါဠိကိုထောက်၍ ၎င်းပစ္စဝေက္ခဏာဉာဏ်တို့ဖြစ်မှုကို သိအပ်ပါသနည်း။

{ဖြေ} အကုပ္ပါ မေ စေတောဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိဒါနိပုနဗ္ဘဝေါတိဟူ၍ဓမ္မစက္ကပါဠိတော်၌ဘုရားရှင်ဟောအပ်သောပါဠိကိုထောက်၍သိအင်ပါသည်၊ ။အနက်သိကြောင်းမြန်မာပြန်ကား၊ ။မေ၊ ငါဘုရား၏။ စေတော၊ စိတ်၏။ဝိမုတ္တိ၊ ကိလေသာတို့မှလွတ်ရာဖြစ်သောအရဟတ္တဖိုလ်ကို၊ အကုပ္ပါ၊ ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတရားတို့သည်၊ ဖျက်ဆီးအပ်နိုင်။ဝါ။ ဖျက်ဆီးနိုင်။အယံ၊ ဤခန္ဓာကိုယ်၏အဖြစ်သည်၊အန္တိမာ၊ အဆုံးစွန်ဖြစ်သော၊ဇာတိ၊ဖြစ်မှုပေတည်း။ဣဒါနိ၊ယခုအခါ၌၊ ပုနဗ္ဘဝေါ၊ တဘန်ဘဝသစ်၌ထပ်မံ၍ခန္ဓာဖြစ်မှုသည်၊ နတ္ထိ၊ မရှိပြီ။ဣတိ၊ဤသို့။ ဉာဏဒဿနံ၊ ဟုတ်တိုင်းမှန်စွာမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်တော်သည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ၊ ။ဤသို့ဟောတော်မူအပ်သည်ကိုထောက်၍ရှေး၌ပြဆိုအပ်ပြီးသောတရားတော်ကိုဆင်ခြင်၍ ပစ္စဝေက္ခဏာဉာဏ်တော်တို့ထင်ရှားဖြင်မှုကိုသိကြလေ၊

{မေး} ဤဓမ္မစက္ကပဝတ္တနသုတ်ကို ဟောတော်မူသောအခါ၊ ပဉ္စဝဂ္ဂီရဟန်းတို့ ဘယ်လိုသဘောဖြစ်ကြကုန်ပါသနည်း၊

{ဖြေ} ဤဓမ္မစက္ကပဝတ္တနသုတ်ကို ဟောတော်မူသောအခါ၊ ပဉ္စဝဂ္ဂီရဟန်းတို့သည် ဝမ်းမြောက်ကြကုန်၍ အလွန်နှစ်သက်ကြသောသဘောရှိကြပါကုန်သည်။

{မေး} အဘယ်ပါဠိကိုထောက်၍ နှစ်သက်ကြကုန်သည်၏ အဖြစ်ကို သိအင်ပါမည်နည်း။

{ဖြေ} ဣဒမဝေါစ ဘဂဝါ။အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ။ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ ဟူသောဓမ္မစက္ကပါဠိတော်ပါဠိဖြင့်သာလျှင်သိအပ်ပါသည်၊ ။အနက်သိကြောင်းမြန်မာပြန်ကား၊ ။ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးရှိတော်မူသောဘုရားရှင်သည်၊ ဣဒံ ဝစနံ၊ ဤဒွေမေဘိက္ခဝေ အန္တာပဗ္ဗဇိတေန နသေဝိတဗ္ဗာ အစရှိသောစကားတော်ကို၊ အဝေါစ၊မိန့်ဆိုတော်မူပြီ၊ ပဉ္စဝဂ္ဂိယာ၊ ပဉ္စဝဂ္ဂီအမည်ရှိကုန်သော၊ဘိက္ခူ၊ရဟန်းတို့သည်၊ အတ္တမနာ၊ ဝမ်းမြောက်သောစိတ်ရှိကြကုန်သည်ဖြစ်၍၊ ဘဂဝတော၊ မြတ်စွာ

ဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော ဓမ္မစက္ကပဝတ္တန သုတ်တော်ကို။ အဘိနန္ဒုံ၊ အလွန်နှစ်သက်ကြကုန်၏။ ဝါ။ သာဓုသာဓုဟူ၍နှစ်သက်သောအားဖြင့်ခံယူကြကုန်၏။ ။ဤသို့ဟောတော်မူအပ်သော ဓမ္မစက္ကပါဠိတော်ပါဌ်ကိုထောက်၍ ပဉ္စဝဂ္ဂီရဟန်းတို့သည်၊ ဝမ်းမြောက်ဝမ်းသာအလွန်နှစ်သက်ကြကုန်သည်၏အဖြစ်ကိုထင်ရှားသိကြလေ။

{မေး} ဤဓမ္မစက္ကပဝတ္တနသုတ်ကိုဟောတော်မူသောအခါ။ ပဉ္စဝဂ္ဂီရဟန်းတို့တွင် အဘယ်ရဟန်းသည် သောတာပတ္တိမဂ်သို့ရောက်ပါသနည်း။

{ဖြေ} ဤဓမ္မစက္ကပဝတ္တနသုတ်ကို ဟောတော်မူသောအခါ။ ပဉ္စဝဂ္ဂီငါးယောက်တို့တွင်၊ အရှင်ကောဏ္ဍည ရဟန်းသည်သာလျှင်။ ရှေးဦးစွာသောတာပတ္တိမဂ်သို့ရောက်ပါသည်။

{မေး} အဘယ်ပါဌ်ကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} ဣမသ္မိံ စပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိဟူ၍ ဟောတော်မူအပ်သော ဓမ္မစက္ကပဝတ္တနသုတ်ပါဠိတော်ကိုမှီ၍ သိအပ်ပါသည်။ ။အနက်သိကြောင်းမြန်မာပြန်ကား။ ။ဣမသ္မိံ စပန ဝေယျာကရဏသ္မိံ။ ဤဂါထာမဘက် သက်သက်သောအမေးအဖြေဖြစ်သောဝေယျာကရဏကို၊ ဘညမာနေ၊ ဟောတော်မူသည်ရှိသော်။ အာယသ္မတော၊ ရှည်သောအသက်ရှိသော။ ကောဏ္ဍညဿ၊ ကောဏ္ဍညမထေရ်အား။ ဝိရဇံ၊ အပါယ်သို့ ရောက်စေတတ်သော ရာဂ၊ ဒေါသ၊ စသော ကိလေသာမြူတို့မှကင်းသော။ ဝီတမလံ၊ ကင်းပြီးသောဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသစသော အညစ်အကြေးလည်းရှိထသော။ ဝါ။ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသစသောအညစ်အကြေးတို့မှလည်းကင်းပြီးသော။ ဓမ္မစက္ခုံ၊ သစ္စာဝါအသက်၊ အကောင် စသည်မဟုတ်သော ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂတည်းဟူသော သဘော တရား သက်သက်ကိုသာလျှင် မြင်တတ်သော သောတာပတ္တိမဂ်ဉာဏ်တော်တည်းဟူသောမျက်စိသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ။ဤသို့ဟောတော်မူအပ်သည့်ကိုထောက်၍ အရှင်ကောဏ္ဍညမထေရ်တပါးအားသာလျှင်၊ သောတာပတ္တိမဂ်ဉာဏ်တော်ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ၊

{မေး} ထိုသောတာပတ္တိမဂ်ကို အဘယ်ကြောင့်။ ဓမ္မစက္ခုဟူ၍ခေါ်ဆိုအပ်ပါသနည်း။

{ဖြေ} ထိုသောတာပတ္တိမဂ်ကို၊ သတ္တဝါအသက် စသည်အားဖြင့်မမြင်မူ၍၊ သတ္တဝါအသက်စသည်နှင့်မရောမနှော၊ သက်သက်သော ပရမတ္ထ

တရားသဘော၏ အဖြစ်ကိုသာမြင်တတ်သောဉာဏ်ဖြစ်သောကြောင့်၊ ဓမ္မစက္ခု ဟုခေါ်ဆိုအပ်ပါသည်။

{မေး} အဘယ်ပါဠိကိုထောက်၍ပရမတ္ထသဘောတရားသက်သက်ကို မြင်သောကြောင့်။ ဓမ္မစက္ခုဟုခေါ်ဆိုအပ်သည်ကိုသိအပ်ပါသနည်း။

{ဖြေ} ဓမ္မစက္ခုန္တိ ဓမ္မမတ္တဒဿနံ၊နတ္တ သတ္တောဝါ ဇီဝေါဝါ ကာရကောဝါ ဝေဒကောဝါတိဟူ၍ ဝဇိရဗုဒ္ဓိဋီကာ၊မဟာခန္ဓကအဖွင့်(၈၉) မျက်နှာ၌ဖွင့်ဆိုအပ်သည်ကိုထောက်၍သိအပ်ပါသည်။ ။မြန်မာပြန်ကား။ ဓမ္မစက္ခု န္တိ ဓမ္မစက္ခုံ ဟူသည်ကား။ ဓမ္မမတ္တဒဿနံ၊ မိမိ,မိမိလက္ခဏာကို ဆောင်သော ပရမတ္ထ သဘောမျှသာလျှင်ဖြစ်သော သစ္စာတရားတို့ကိုသာ လျှင်မြင်ခြင်းတည်း၊ တတ္တ၊ ထိုပရမတ္ထသဘောမျှသာလျှင်ဖြစ်သော သစ္စာ တရား၌။ သတ္တောဝါ၊ လူ,နတ်ဗြဟ္မာသတ္တဝါသည်လည်း၊ နအတ္ထိ၊ ရှိသည် မဟုတ်။ ဇီဝေါဝါ၊ ရှင်နေသောအသက်သည်လည်း၊ နတ္ထိ၊ ရှိသည်မဟုတ်။ ကာရကောဝါ၊မကောင်းမှု၊ကောင်းမှုကိုပြုလုပ်တတ်သောကာရကသတ္တ ဝါသည်လည်း။ နတ္ထိ၊ ရှိသည်မဟုတ်၊ ဝေဒကောဝါ၊ချမ်းသာဆင်းရဲကိုခံ စားတတ်သော ဝေဒကသတ္တဝါသည်လည်း၊ နအတ္ထိ၊ရှိသည်မဟုတ်၊ဓမ္မ မတ္တမေဝ၊တရားသဘောသာလျှင်၊အတ္ထီတိ၊ရှိ၏ဟူ၍၊ဒဿနံ၊မြင်ခြင်းသည် ဟောတိ၊ ဖြစ်၏။ ။ဤသို့ပြဆိုအပ်သော ဋီကာရှင်၏စကားကို ထောက်၍ **တရားသဘောသက်သက်မျှကိုသာမြင်သောသောတာပတ္တိမဂ်ဉာဏ်တော် ၏ဓမ္မစက္ခု မည်သည်၏အဖြစ်ကို ထင်ရှားသိကြလေ၊**

{မေး} ထိုသောတာပတ္တိမဂ်ဉာဏ်သည်၊အစဉ်တခေတ်နိရောဓသစ္စာ နိဗ္ဗာန်ကိုမြင်ခိုက်၊ အသခ်တနှင့် ဆန့်ကျင်ဘက်ဖြစ်သော သခ်တပရမတ္ထ တရားတို့ကို၊ ဘယ်လိုသိမြင်ပါသနည်း၊

{ဖြေ} ၎င်းသောတာပတ္တိမဂ်ဉာဏ်တော်သည်၊ မဖြစ်မပျက်ဘဲအမြဲ ရှိနေသောအသခ်တခေတ်နိရောဓသစ္စာနိဗ္ဗာန်ကိုထိုးထွင်း၍သိမြင်ခိုက်၊ထို အသခ်တခေတ်နိရောဓသစ္စာနိဗ္ဗာန်နှင့်ဆန့်ကျင်ဘက်ဖြစ်သော သခ်တဖြစ် သော ဘုံသုံးပါး၌ဖြစ်သမျှတရားတို့၏ စင်စစ်၊အမြဲမရှိချုပ်ကွယ်ပျောက် တတ်သော သဘောရှိသည်၏အဖြစ်ကို။ အသမ္မောဟကိစ္စဖြင့်ထင်ရှားသိ မြင်ပါသည်။

{မေး}. သောတာပတ္တိမဂ်ဉာဏ်တော်သည်၊ အသခ်တခေတ်နိရောဓ သစ္စာနိဗ္ဗာန်ကိုအာရုံပြုခိုက်။၎င်းအသခ်တခေတ်နှင့်ဆန့်ကျင်ဘက်ဖြစ်သော သခ်တတရားဖြစ်သော ဘုံသုံးပါး၌ဖြစ်သမျှတရားတို့၏ စင်စစ်၊ အမြဲမရှိ၊

ချုပ်ကွယ်ပျောက်တတ်သောသဘောရှိသည်၏အဖြစ်ကို၊အဘယ်ပါဠိကို ထောက်၍သိအပ်ပါမည်နည်း၊

{ဖြေ} ယံကိဉ္စိ သမုဒယဓမ္မံ၊သဗ္ဗန္တံ နိရောဓ ဓမ္မံ ဟူ၍၊ဓမ္မစက္ကပဝတ္တနသုတ်၌ဟောတော်မူအပ်သည်ကိုထောက်၍လည်းကောင်း၊တဿဥဒ္ဒါနဿ၊ အာကာရဒသနတ္တံ ယံကိဉ္စိ သမုဒယဓမ္မံ၊သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ အာဟ၊နနုစ မဂ္ဂဉာဏံ အသင်္ခတ မာရမ္မဏံ၊ နအသင်္ခတ မာရမ္မဏန္တိ၊ သစ္စမေတံ၊ ယသ္မာ တံနိရောဓံ အာရမ္မဏံ ကတွာ ကိစ္စဝသေန သဗ္ဗသင်္ခတံ အသမ္မောဟပဋိဝေဓဝသေန ပဋိဝိဇ္ဈန္တံ ဥပ္ပဇ္ဇတိ၊ တသ္မာ တထာဝုတ္တံဟူ၍ ဝေရဉ္စကဏ္ဍဋီကာ၊မဟာခန္ဓကအဖွင့်(၄၇)မျက်နှာ၌ဖွင့်ဆိုအပ်သည်ကိုထောက်၍လည်းကောင်း သိအပ်ပါသည်၊ ။အနက်သိကြောင်းမြန်မာပြန်ကား၊ ။ ယံကိဉ္စိ၊အကြင်အလုံးစုံသော။သမုဒယဓမ္မံ၊ အကြောင်းတရားကြောင့်ဖြစ်သော သင်္ခတတရားသည်၊အတ္ထိ၊ရှိ၏၊ တံသဗ္ဗံ၊ထိုအလုံးစုံသောအကြောင်းတရားကြောင့်ဖြစ်သော သင်္ခတတရားဟူသမျှသည်၊ နိရောဓဓမ္မံ၊ချုပ်ကွယ်ပျက်စီးတတ်သောသဘောရှိ၏၊ ဣတိ၊ဤသို့၊ ဓမ္မစက္ခုံ၊ တရားသဘောကိုမြင်တတ်သောစက္ခုသည်၊ဥဒပါဒိ၊ထင်ရှားဖြစ်၏။ ။ဤကားဓမ္မစက္ကပဝတ္တနသုတ်၏မြန်မာပြန်တည်း၊ ။တဿ၊ထိုဓမ္မစက္ခု၏၊ဥဒ္ဒါနဿ၊ဖြစ်သောအခြင်းအရာကိုပြခြင်းငှာ၊ ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မန္တိ၊ယံကိဉ္စိ သမုဒယဓမ္မံ၊သဗ္ဗန္တံ နိရောဓဓမ္မံ ဟူသောစကားတော်ကို၊ ဘဂဝါ၊မြတ်စွာဘုရားသည်၊အာဟ၊ဟောတော်မူပြီ၊ နနုစ စောဒေမိ၊ စောဒနာဦးအံ့၊ မဂ္ဂဉာဏံ၊ သောတာပတ္တိမဂ်ဉာဏ်တော်သည်၊ အသင်္ခတမာရမ္မဏံ၊ သင်္ခတတရားနှင့်ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်မပျက်ဘဲအမြဲတည်ရှိသော အသင်္ခတဓာတ်နိရောဓသစ္စာ နိဗ္ဗာန်တော်ကိုသာလျှင်အာရုံပြု၍ရှိသည်၊ ဟောတိ၊ ဖြစ်၏၊ သင်္ခတ မာရမ္မဏံ၊ အသင်္ခတနှင့် ဆန့်ကျင်ဘက်ဖြစ်သောသင်္ခတတရားအာရုံရှိသည်၊ နဟောတိ၊ဖြစ်မှုမရှိသည်မဟုတ်လော၊ဣတိအယံ၊ဤသည်ကား၊စောဒနာ၊အမေးတည်း၊ ဧတံ၊ထိုသင်စောဒကဆိုအပ်သောစကားသည်၊ သစ္စံ၊ မှန်၏၊ ယသ္မာ၊ အကြင်ကြောင့်၊ တံ မဂ္ဂဉာဏံ၊ ထိုသောတာပတ္တိမဂ်ဉာဏ်သည်၊ နိရောဓံ၊ ဝဋ္ဋဒုက္ခတို့၏နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာနိဗ္ဗာန်တရားတော်ကို၊ အာရမ္မဏံ၊အာရုံကို၊ ကတွာ၊ပြုဆဲဖြစ်၍၊ ကိစ္စဝသေန၊ကိစ္စ၏အစွမ်းအားဖြင့်၊ သဗ္ဗသင်္ခတံ၊အလုံးစုံသော သင်္ခတတရားကို၊အသမ္မောဟ ပဋိဝေဓဝသေန၊တွေဝေခြင်းမရှိသောထိုးထွင်း၍သိခြင်း၏အစွမ်းအားဖြင့်၊ပဋိဝိဇ္ဈန္တံ၊ထိုးထွင်း၍သိခြင်းသည်၊ ဥပ္ပဇ္ဇတိ၊ဖြစ်

၏။ တသ္မာ၊ ထိုသို့အလုံးစုံသော သိပ်တတရားတို့ကိုတွေ့ဝေခြင်းမရှိသော အသမ္မောဟကိစ္စ၏အစွမ်းအားဖြင့် ထိုးထွင်း၍သိသည့်၏ အဖြစ်ကြောင့်။ တထာ၊ ထိုထိုးထွင်း၍သိသောအခြင်းအရာဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။ ဤကား တေရသကဏ္ဍိကာပါဠ်၏ မြန်မာပြန်တည်း။ ။ဤသို့ပြဆိုအပ်သော ပါဠိတော်ဋီကာစကားတို့ကိုထောက်၍သော တာပတ္တိမဂ်ဉာဏ်သည်။ အသိပ်တဓာတ်နိရောဓသစ္စာတရားကိုအာရုံပြု၍သိခိုက်၊ အလုံးစုံသောသိပ်တ တရားတို့၏အမြဲမရှိသည့်၏အဖြစ်။ ချုပ်ကွယ်ပျက်စီးတတ်သည့်၏အဖြစ်ကို၊ ထိုးထွင်း၍သိမှုရှိသည့်၏အဖြစ်ကိုထင်ရှား;သိကြလေ။

{မေး} ထိုမေဃွဲစဏ္ဍပဝတ္တနသုတ်ကို ဟောတော်မူသောအခါ၌။အဘယ် မျှလောက်သော နတ်,လူတို့သည်သောတာပတ္တိဖိုလ်၌တည်ကြပါသနည်း။

{ဖြေ} တဆဲ့ရှစ်ကုဋေသော ဗြဟ္မာတို့နှင့်တကွ။ ကောဋ္ဌာညမထေရ် သည်။သောတာပတ္တိဖိုလ်၌တည်ပါသည်။

{မေး} အဘယ်ပါဠ်ကိုထောက်၍သိအပ်ပါသနည်း။

{ဖြေ} တံပနေတံ ဓမ္မစက္ကံ ယာဝ အညာသိကောဏ္ဍညတ္ထေရော အဋ္ဌာ ရသဟိ ဗြဟ္မကောဋီဟိသဒ္ဓိံ သောတာပတ္တိဖလေ နပတိဋ္ဌာတိ။တာဝနံ ဘ ဂဝါ ပဝတ္တေတိနာမ။ ပတိဋ္ဌိတေသတိ ပဝတ္တိတံနာမ ဟူ၍ မဟာဝဂ္ဂ သံ ယုတ်အဋ္ဌကထာ၊ ဓမ္မစက္ကသုတ်အဖွင့်၌ပြဆိုအပ်သည့်ကိုထောက်၍သိအပ် ပါသည်။ ။မြန်မာပြန်ကား။ ။တံပနေတံ ဓမ္မစက္ကံ၊ ထိုဓမ္မစကြာသုတ်ကို။ ယာဝ၊ အကြင်မျှလောက်။ အညာသိကောဏ္ဍညတ္ထေရော၊ အညာသိ ကော ဏ္ဍညမထေရ်သည်။ အဋ္ဌာရသဟိ၊ ဗြဟ္မကောဋီဟိ၊ တဆဲ့ရှစ်ကုဋေသော ဗြဟ္မာတို့နှင့်။ သဒ္ဓိံ၊တကွ။ သောတာပတ္တိဖလေ၊သောတာပတ္တိဖိုလ်၌။နပ တိဋ္ဌာတိ၊ မတည်သေး။ တာဝ၊ ထိုရွေ့လောက်။ နံ၊ ထိုဓမ္မစက္ကသုတ်ကို။ ပ ဝတ္တေတိနာမ၊ဖြစ်စေသည်မည်၏။ ပတိဋ္ဌိတေ၊သောတာပတ္တိဖိုလ်၌တည် သည်။သတိ၊ ရှိသော်။ပဝတ္တိတံနာမ၊ ဖြစ်ပြီးသည်မည်၏။ ။ဤသို့ပြဆိုအပ် သော အဋ္ဌကထာချင်၏စကားတော်တို့တွင်။ အညာသိ ကောဏ္ဍညတ္ထေရော၊ အဋ္ဌာရသဟိ ဗြဟ္မကောဋီဟိသဒ္ဓိံ သောတာပတ္တိဖလေ။လ။ ပတိဋ္ဌိတေသ တိ ဟူ၍ပြဆိုအပ်သော ပါဠ်တို့ကိုထောက်၍၊ ဗြဟ္မာတဆဲ့ရှစ်ကုဋေနှင့်တ ကွ။အရှင်ကောဏ္ဍညမထေရ်သောတာပတ္တိဖိုလ်၌တည်သည်ကိုထင်ရှား သိကြလေ။ထိုသို့သောတာပတ္တိဖိုလ်သို့ရောက်စေတတ်သောဓမ္မစက္ကသုတ် ဒေသနာကို။ ပြဆိုအပ်ပြီးသော ဓမ္မစက္ကအမေးအဖြေကျမ်း၌သာရှိသည်အ တိုင်း။ဒုက္ခသစ္စာကိုပိုင်းခြားသိကြ၍။နိရောဓသစ္စာကိုမျက်မှောက်ပြု၍၊မဂ္ဂ သစ္စာကို ပွားများ၍။ သမုဒယသစ္စာကို ပယ်စွန့်ကြလျှင်။ စင်စစ်၊ဝဋ်ဒုက္ခ

တရားတ်ုသည်၊ နောင်အဆက်ဆက်ဖြစ်ပေါ်မှုမရှိကြဘဲ၊ ဒုက္ခဟူသမျှအဆုံး သတ်ကြကုန်လတ့ံသည်သာတည်း၊ ၊ထိုကြောင့်၊ဤမေ့ွစက္ကအမေးအဖြေ ကျမ်းကို၊ ဝန်မှလွတ်လိုသောသူတော်ကောင်းတို့သည်၊ လက်ကိုင်ထား၍ အမြဲကြည့်ရှုပြီးလျှင်၊ မဇ္ဈိမာပဋိပဒါ အကျင့်ကိုကျင့်ကြကုန်၍ ဝန်မှလွတ် မြောက်နိုင်ကြစေကုန်သတည်း၊ ၊

ဤမျှသောစကားအစဉ်ဖြင့်၊{မေ့ွစက္ကအမေးအဖြေ}ကျမ်းသည်၊

ကောဇာသက္ကရာဇ် ၁၃၀၂ ခု၊ တပေါင်းလပြည့်ကျော်(၆)ရက်နေ့ အပြီးသတ်သတည်း။

ဤတွင်ဓမ္မစက္ကအမေးအဖြေကျမ်း၊
နိဋ္ဌိတံ၊

နတ်,လူ သားရ ခေါ်စေသောဝ်။ ၊